ပခုက္ကူမြို့ မဟာဝိသုတာရုံမ နိကာယတက္ကသိုလ်

ဗဟိုစာချုပ်ကျောင်းတိုက်ကြီး၏ အဓိပတိ

မဟာဝိသုတာရုံမိက ဂဏဝါစက နိကာယကြီး၏

ဂဏမဟာဝိနာယက အဂ္ဂမဟာပဏ္ဍိတ

အရှင်ပညာဆရာတော်ဘုရားကြီး၏

မဟာဇာတ်ရလိပ်တ

နှင့်

ဘုန်းတော်ဘွဲ့ ဂါထာကိုးဆယ်

ပါဠိနိဿယ

အရှင်ကေလာသ ဓမ္မာစရိယ, ဂဏဝါစက

B.A. Hons ဝိဇ္ဇာဂုဏ်ထူး (သီရိလင်္ကာ)

ရေးသားပူဇော်သည်။




ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၁ ကောဇာ ၁၃၇၉ ဖြေလ ၁၉၇၇



ပဒုက္ကာ။ ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ
အရှင်ပညာဆရာတော်ဘုရားကြီး

ဒုတိယ ကမ္ဘာ့စစ်ကြီးအတွင်း ဗြိတိသျှတို့ ဘုရားပုထိုးများကို ဗုံးကြဲခဲ့ပုံ



ပခုက္ကူမြို့ မဟာဝိသုတာရုံမ နိကာယတက္ကသိုလ်

ဗဟိုစာချုပ်ကျောင်းတိုက်ကြီး၏ အဓိပတိ

မဟာဝိသုတာရုံဓမ္မာစရိယ ဂဏဝါစက နိကာယကြီး၏

ဂဏမဟာဝိနာယက အဂ္ဂမဟာပဏ္ဍိတ

အရှင်ပညာဆရာဇေယျာဘိဝံသကြီးအား

ဗုဒ္ဓဝေရုလိတ

၌

ဘုရားရှင်၏ဂါရဝတရိုးဆယ်ပါး

ပါဠိတွဲနှစ်သင်ယာ

အရှင်ကေဝဋ္ဋသာမ ဓမ္မာစရိယ, ဂဏဝါစက

B.A. Hons ဝိဇ္ဇာဂုဏ်ထူး (သိရိလင်္ကာ)

ဓရုံသာဖူဇော်သည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ... ခု ... ကောဇာ ၁၃၃၃ ဖြူလ ၁၉၇၂

ပထမအကြိမ် ရိုက်နှိပ်ခြင်း

ကင်းလွတ်ခွင့်အမှတ် (၀၃၉၅၈)

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် .(၉၉၂၃)

ရန်ကုန်မြို့၊ ကမ္ဘာအေး သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
ဒု-ညွှန်ကြားရေးမှူး ဦးချစ်တင် (မှတ်ပုံတင်အမှတ် ၀၂၂၆၂)က
ပုံနှိပ်သည်။

ပြင်ဆင်ဖတ်ရှုရန်

စာမျက်နှာ	ကြောင်းရေ	အမှား	အမှန်
၃	၉	မြောက်ဖက်	တောင်ဖက်
၁၅	၂၃	ဂူရှာ	ကူရှာ
၄၆	၂၁	မမယ်ကြီးမ	မယ်မင်းကြီးမ
၄၉	၂၉	မွေးဖွားရှင် မမ်ိင်းဂုဏ်	မွေးဖွားရှင်မ မမင်းဂုဏ်
၅၃	၂၂	မကွေး	မပေး
၆၃	၂၃	ပမာဏနှင့်တကွ	ပဏာမနှင့်တကွ
၁၀၁	၁၀	ပိဋကတ်တို့	ပိဋကတ်တိုက်
၁၀၉	၅	ဝပ်ပန်းမြို့	လမ်းပန်းမြို့
၁၂၃	၆	အနှယဝါကျ	အနှယ်ဝါကျ
၁၂၅	၁၁	စာမတတ်သူဟူ၍	စာတတ်သူဟူ၍
၁၅၃	၂၀	ပျော်ကျ	ပျော်ကြ
၁၅၈	၂၃	ကဝိစက္က အရှင် အာနန္ဒာမထေရ်	ကဝိစက္ကဝတ္တိ အရှင်အာနန္ဒာမထေရ်
၁၆၆	၁၆	လံကာရာမစေတီယမှ	လံကာရာမစေတီယမှိ
၁၉၄	၅	ရစယ	ရစယိ
၂၃၄	၂၃	(၁၂၀၄-ခု)	(၁၂၀၂-ခု)
၂၄၁	၂၄	တရသွတိပရိဝေဏ	သရသွတိ ပရိဝေဏ
၂၄၃	၂၆	သည်သည်ရှာ	ဆည်သည်ရှာ
၂၉၁	၁၄	ယတော ဘဝေ	ရဝေါ ဘဝေ
၂၉၃	၁၄	သည်။ အာသ=ဖြစ်ရာ၏။	သည်။ သာဓု = ကောင်းသည်။ အာသ=ဖြစ်ရာ၏။
၃၁၀	၁၀	အာယုကပ်သတ်	အာယုကပ်သက်
၃၃၀	၁၉	အရှင်ပရမ	အရှင်ပဒုမ
၃၆၉	၁၀	စွယ်စုံလှအာဂင်	စွယ်စုံလှက

ပြင်ဆင်ဖတ်ရှုရန်

စာမျက်နှာ	ကြောင်းရေ	အမှား	အမှန်
၄၀၇	၂၄	ကြီး၏။	ကြီးဘုရား။ တဝ = အရှင်သူ မြတ်ကြီး၏။
၄၁၃	၁၈	ရှင်ပျော်ပြို့.ရ	ရှင်ပျော်ပြို့.ဂု
၄၁၄	၁၇	ရှင်ပျော်ပြို့.ရ	ရှင်ပျော်ပြို့.ဂု
၄၂၁	၃	ပရိဘုဥ္ဇံမဟာသုဓိ။	ပရိဘုဥ္ဇီ မဟာသုဓိ။

စာမျက်နှာ ၂၄၅-၌ ကြောင်းရေ ၅-ကြောင်းမှ နောက်ထပ်ဖြည့်ခြင်း

၁၉၈။ ဆရာတော် အရှင်သာဂရ၊ မဟာမြို့ငိုင်ကျောင်းတိုက် မော်လမြိုင်မြို့။ (၁၂၉၁-ခု)

၁၉၉။ ကန်ဦးတိုက်ဆရာတော်၊ ပြည်မြို့။ (မ)

၂၀၀။ ဆရာဂကော် အရှင်ကုမာရ၊ မဟာသိဝချောင်၊ စစ်ကိုင်းတောင်ရိုး။ (၁၃၀၀-ပြည့်)

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ပုဂ္ဂိုလ်များအခန်း စာမျက်နှာ ၂၃၅၊ ၂၃၆၊ ၂၃၇-တို့၌ လာရှိသည့် (၊)-တို့ကို (မ)-ဟု ပြင်ဆင်ဖတ်ရှုရာ၏။ ၎င်း ဆရာတော်များ၏ အဂ္ဂမဟာပဏ္ဍိတရသော နှစ်ကို အတိအကျ မသိသည့် လက္ခဏာဖြစ်၏။

အမှာ

"မဟာထေရလလိတ"သည် ကျွန်ုပ်တို့၏ ကျေးဇူးတော်ရှင် ဖြစ်တော်မူသော မဟာဝိသုတာရုမ ဂဏဝါစက နိကာယကြီး၏ ဂဏမဟာဝိနာယက ဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာ မဟာဇဏရ ဆရာတော်ဘုရားကြီး၏ ထေရပွတ္တိ ဖြစ်ပါသည်။

ဤထေရပွတ္တိကို ရေးသားတော်မူရန် ပခုက္ကူမြို့ မဟာဝိသုတာရုမ ဂေါပကအဖွဲ့ဥက္ကဋ္ဌ (အငြိမ်းစာ တိုင်းပညာဝန်) ဦးတင်ဦးက တောင်းပန်၍ ဂန္ဓဝင်မြောက်ကျမ်းဂန်ပေါင်း (၅၄)ကျမ်းကို ရေးသားတော်မူခဲ့သော မဟာဝိသုတာရုမ ဂဏဝါစက ဓမ္မာစရိယ (ဘဒ္ဒန္တ) ဂုဏ်ထူး ဆရာတော် အရှင်ကေလာသ က ရေးသား ပူဇော်တော် မူခဲ့ပါသည်။ ဤကျမ်းကို မဟာဝိသုတာရုမ ဂေါပကအဖွဲ့ စာအုပ်ဆပ်ကော်မီတီက အရပ်ရပ် ကုန်ကျစရိတ်ကို တာဝန်ယူကာ ဓမ္မဒါနပြုရန် တာဝန်ယူခဲ့လေသည်။

ကျွန်ုပ်တို့သည် ကျေးဇူးရှင် ဆရာတော် ဘုရားကြီး၏ ဓါတုတော်ရင်းခြွေ ဘုန်းသာဝေးအရှယ်ကစ၍ နှစ်ပေါင်းများစွာပင် ပိဋကတ်အခြေခံမှ အစပြုပြီးလျှင် ပိဋကတ်ကျမ်းဂန်တို့ကို လိုက်စာဖြင့်တမျှ၊ ဆိုဝါဖြင့်တဖုံ သင်ကြားခဲ့ရသော ကြောင့် ဆရာတော်ဘုရားကြီး၏ ကျေးဇူးတော် ဂုဏ်တော်တို့ကို တအောက်မေ့မေ့ သတိရတိုင်း ကုသိုလ်ကောင်းမှုတို့ကို ပြုကာ အမျှပေးဝေခဲ့ပါသည်။

ယခုတဖန် ဆရာတော်ဘုရားကြီး၏ ထေရပွတ္တိဖြစ်သော မဟာထေရလလိတ ကျမ်းကြီးကို စာအုပ်အဖြစ်သို့ ရောက်ပေါင် ဆောင်ရွက်ခွင့် ပေးလာသော ကြောင့် ရန်ကုန်မြို့ ကမ္ဘာအေး ဗုဒ္ဓသာသနာအဖွဲ့ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွှန့်၏ ခွင့်ပြုချက်အရ ဝမ်းမြောက်စွာပင် ပုံနှိပ် ပြီးစီးသည်အထိ ဆောင်ရွက်ပါသည်။

မဂ်လာပါခင်ဗျား

မဂ်လာ အောင်မြင့်

ရန်ကုန်မြို့

၁၃၇၀-ခု တပို့တွဲလဆန်း (၈)ရက်

(၂-၂-၂၀၀၉)

မဟာဌေရလိတ နိဒါန်း

ဘုရားမြတ်စွာ သာသနာတော်၌ သာသနာဝင်ကျမ်းများ, သာသနာ့သမိုင်းကျမ်းများ, သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်ကျော်များ၏ အဋ္ဌုပ္ပတ္တိကျမ်း စသည်တို့မှာ ပိုသည်မရှိ လိုလျက်ပင် ရှိနေသည့်အလျောက် ဆရာတော် အရှင်ပညာမထေရ်မြတ်၏ ပြည့်စုံသည့် အဋ္ဌုပ္ပတ္တိကျမ်းကြီး တကျမ်းမှာ မှန်စွာပင် လိုအပ်လျက်ရှိ၏။

ကိုယ်တိုင်ဟော အဋ္ဌုပ္ပတ္တိများ

ဗုဒ္ဓဝင်ပါဠိတော်, စရိယာ ပိဋကပါဠိတော်တို့နှင့်တကွ အပဒါန်ပါဠိတော်ကြီးများ, ထေရဂါထာ, ထေရီဂါထာ ပါဠိတော်ကြီးများ စသည်တို့သည် ဘုရားရှင်နှင့် ပစ္စေကဗုဒ္ဓါ, သာဝက, သာဝိကာတို့၏ ဖြစ်စဉ်ဖြစ်ရပ်ကို ကိုယ်တိုင် မိန့်ကြားဟောပြရာ အဋ္ဌုပ္ပတ္တိကျမ်းများ ဖြစ်ကုန်၏။ တနည်းသော် ကိုယ်တိုင်ရေး အဋ္ဌုပ္ပတ္တိတို့ ဖြစ်ကုန်၏။

အဋ္ဌုပ္ပတ္တိသိခွင့်မရသော ရဟန္တာပုဂ္ဂိုလ်များ

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ၌ B.E ၃၀၀-ကျော်လောက်တွင် ပေါ်ထွန်းခဲ့သော ရဟန္တာပုဂ္ဂိုလ်များ, သီဟိုဠ်သာသနာ ပင်လုံကျတ်ပုဋ်စဉ် ပေါ်ထွန်းခဲ့သော ရဟန္တာပုဂ္ဂိုလ်ထူး များစွာတို့၏ အဋ္ဌုပ္ပတ္တိများ မှတ်တမ်းများ မရှိသဖြင့် အကြောင်းအရာများ ကွယ်ပျောက်ကုန်လေရာ ယင်း ရဟန္တာပုဂ္ဂိုလ် အများအပြားတို့၏ အဋ္ဌုပ္ပတ္တိကို သိခွင့် မရရှိကြကုန်။

ပြည့်ပြည့်စုံစုံ သိခွင့်မရသော ပရိယတ္တိဝန်ဆောင်များ အကြောင်းအရာ

ၛင်းပြင် အရှင်မဟာဗုဒ္ဓဃောသ, အရှင်ဓမ္မပါလ, အရှင်အာနန္ဒာ, အရှင်သာရိပုတ္တရာ အစရှိသော ပရိယတ္တိဝန်ဆောင် ထိပ်တန်း ပုဂ္ဂိုလ်ကြီးများ၏ အကြောင်းအရာတို့ကိုလည်း ပြည့်ပြည့်စုံစုံ သိခွင့် မရကြကုန်။ယင်းသို့ ပြည့်ပြည့်စုံစုံ သိခွင့် မရခဲ့ခြင်းမှာ သမိုင်းပညာရှင်တို့ လက်နှေးခဲ့ခြင်းကြောင့် ဖြစ်ပေသည်။

ကျေးဇူးများလှသော သာသနာ့သမိုင်းကျမ်းကြီးနှစ်ကျမ်း

သာသနာတော်၌ လွန်စွာကျေးဇူးများသော သာသနာ့ သမိုင်းကျမ်းကြီးနှစ်ကျမ်း ပြောစမ်းပါဆိုလျှင် သီဟိုဠ်ဖြစ် ဒီပဝံသကျမ်းကြီးနှင့် မဟာဝံသကျမ်းကြီးများကို ပြောပြဖြေဆိုပါလေ။ ယင်း ကျမ်းကြီး ၂-ကျမ်းမှာ သာသနာ

တော်၌ လွန်စွာ ကျေးဇူးများလှ၏။ အဌကထာ ဆရာကြီးများ ဋီကာဆရာကြီးများပင် များစွာ အကိုးအကားပြုရာ ကျမ်းကြီးများဖြစ်ကုန်၏။

မြန်မာ့သာသနာဝင်, သာသနာ့သမိုင်း ကျမ်းများ

ကမ္ဘာ့ သာသနာဝင် ကျမ်းများ အကြောင်းအရာ အကျဉ်းကို ပခုက္ကူ သာသနာဝင် ကျမ်းဦးမှတ်ဖွယ်၌ ဖော်ပြထား၏။ မြန်မာနိုင်ငံ၌လည်း သာသနာဝင် ကျမ်းများနှင့် သာသနာ့သမိုင်း ကျမ်းများ သာသနာပြု ပုဂ္ဂိုလ်များ အဌုပ္ပတ္တိတို့ များစွာ ပေါ်ထွန်း ခဲ့ကုန်၏။

သာသနာဝင်, သာသနာ့သမိုင်းကျမ်းတို့ကား—

မောင်းကောင် သာသနာပိုင်ဆရာတော် အရှင်ဉာဏာဘိဝံသ၏ သာသနဝံသဒီပနီ၊

ဒုတိယ ကျော်အောင်စံထား ဆရာတော်၏ ဝံသဒီပနီ၊

ညောင်ကန်ဆရာခံတော် အရှင်ကဝိန္ဒ၏ ဝံသမာလာ၊

မုံရွေးဆရာတော်၏ သာသနဝံသဒီပနီ၊

ရမ္မသီရိကျော်ထင်၏ သာသနဝံသကျမ်း၊

မောင်းထောင် ဆရာတော် အရှင်ပညာဝရာမိ၏ သာသနဝံသဒီပိကာ၊

မဲထည်းဆရာတော်၏ ဝံသဒီပနီ၊

မဟာမြသကြဲန်၏ သာသနာလင်္ကာရစာတမ်း၊

ရွှေကျင် ဆရာတော်ဘုရားကြီး၏ လံကာသာသနဝံသုဒ္ဒိကထာ၊

ဘုရားဖြူဆရာတော် အရှင်ရာဇိန္ဒ၏ သာသနဗဟုသုတပကာသနီကျမ်း၊

သပြေပင် ဆရာတော်၏ ဒဋ္ဌိရနိကာယ သာသနာဝင်ကျမ်း၊

အရှင်အာလောက၏ သာသနာဝင်ကျမ်း၊

ရွှေဟင်္သာ ဆရာတော်၏ ရွှေကျင် သာသနာဝင်ကျမ်း၊

အရှင်သုဒဿန၏ ညောင်ကန်သာသနာဝင်ကျမ်း၊

ဤစာပြုသူ၏ ပခုက္ကူသာသနာဝင်ကျမ်း၊

မဟာဝိသုတာရုံမ နိကာယ သာသနာဝင်ကျမ်း၊

မန္တလေး သာသနာဝင်ကျမ်း၊

ပုဂံ သာသနာဝင်ကျမ်း၊

ပင်းယ သာသနာဝင်ကျမ်း၊

အင်းဝ သာသနာဝင်ကျမ်း၊

စစ်ကိုင်းသာသနာဝင်ကျမ်း၊

အမရပူရ သာသနာဝင်ကျမ်း၊
စွန်းလွန်း ပဋိပတ္တိသာသနာဝင်ကျမ်း
မျှားနှင့် မဟာစည် သာသနာဝင် ကျမ်း စသည်တို့ ဖြစ်ကုန်၏။

ဖော်ပြပါ ကျမ်းများမှာ တချို့ ပုံမနှိပ်ရသေးချေ။ သာသနာ့ ဝန်ဆောင်အဋ္ဌပ္ပတ္တိကျမ်းတို့ကား လွန်စွာ များပြားလှကုန်၏။

ဆရာတော် အရှင်ပညာ မဟာထေရ်

ဤ အဋ္ဌပ္ပတ္တိသခင် အရှင်ပညာမဟာထေရ်သည် မြင်းခြံခရိုင် တောင်ဆင်းနယ် ခွေးပြုတ်ရွာ၌ အဖ ဦးပျော့ အမိဒေါ်မင်းဂုဏ်တို့မှ ၁၂၄၀-ပြည့်နှစ် ကဆုန်လဆန်း ၂-ရက်နေ့တွင် ဖွားမြင်တော်မူ၍ ၁၃၁၈-ခုနှစ် တော်သလင်းလဆုတ် ၆-ရက်နေ့တွင် ပြန်လွန်တော်မူခဲ့လေသည်။

မဟာထေရလင်္ကာကျမ်း ရေးသားပြုစုရန် တောင်းပန်ခံရခြင်း

ဤစာပြုသူသည် သာသနာဝင် ကျမ်းဂန်များစွာနှင့် ထေရပွတို့ ကျမ်းဂန်များစွာတို့ကို ပြုစုသူ ဖြစ်ရာ မိမိ၏ ကျမ်းစာများကို ဖတ်ရှုရသော ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဂေါပကအဖွဲ့ဥက္ကဋ္ဌ, သီဟိုဠ်ရှင် မြတ်စွာဘုရား ဂေါပကအဖွဲ့ ဥက္ကဋ္ဌကြီး ဖြစ်သော အငြိမ်းစား ပညာဝန် ဦးတင်ဦးသည် ဆရာတော် အရှင်ပညာ မဟာဃထရ်၏ အဋ္ဌပ္ပတ္တိ ရေးသားပြုစု ချီးမြှင့်ပါရန် အောက်ဖော်ပြပါ လျှောက်လွှာဖြင့် မိမိအား ၁၃၁၈-ခု ဝါဆိုလဆုတ် ၁-ရက်နေ့ နေ့လယ်၊ သံဃာတော် ၄၈၀-ပါးတို့အား ဝါဆိုသင်္ကန်းကပ်ပွဲတွင် မဟာဝိနာယက ဆရာတော် ဘုရားကြီး အရှင် ဂန္ဓမာမဟာထေရ် အမှူးရှိသော သံဃာတော် ၄၈၀-ပါးနှင့် လူပရိသတ်များစွာတို့၏ ရှေ့မှောက်တွင် အောက်ပါ ဖော်ပြပါ လျှောက်လွှာဖြင့် လျှောက်ထား တောင်းပန်ခဲ့လေသည်။

ဥက္ကဋ္ဌကြီး ဦးတင်ဦး၏ လျှောက်လွှာမူရင်း

ဆက်ကပ်ပါရန်—
ဆရာတော် အရှင်ကေလာသ
ဂန္ဆကာရက, ဓမ္မာစရိယ,ဂဏဝါစက, ဘီ-အေ(ဂုဏ်ထူး)
သာသနဇောတိပါလကျော်ဝင်း
မဟာဝိသုတာရာမတိုက်
ပခုက္ကူမြို့။

နေ့စွဲ။ ၁၃၁၈-ခု၊ ဝါဆိုလဆုတ် (၁) ရက်နေ့။

လေးမြတ်စွာလျှောက်ထား အပ်ပါသည် ဆရာတော် အရှင် သူမြတ်ဘုရား။

ဆရာတော် ရေးသားပြုစုတော်မူသော မဟာထေရဝတ္ထုနှင့်ပဒီပိကာ, ထေရဝတ္ထုနှင့်ဒီပနီ, မဟာထေရစရိုက်စသော ကျမ်းဂန်များကို ဖတ်ရှုကြရကုန်သော ရဟန်းရှင်လူတို့မှာ အတိုင်းမသိ များလှစွာသော သာသနာနှင့်စပ်သည့် ဗဟုသုတ, ကျေးဇူးတော် အရှင်ဒရစကြို ဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရ, အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ ဆရာတော်ဘုရားကြီး, အဘိဓဇမဟာရဋ္ဌဂုရု အရှင်သုန္ဒရဆရာတော်ဘုရားကြီး စသော ဆရာတော်ဘုရားကြီးများ၏ သာသနာပြုစုပုံ ပြုစုနည်းစသည်တို့ကို သိရှိခွင့်ရလေရာ လွန်စွာမှ ကျေးဇူးများလှပါသည်။ ၎င်းပြင် အလွန်လိုအပ်သော ပခုက္ကူမြို့ မဟာဝိသုတာရုံတိုက်ကြီးကို ဒုတိယမြောက် ဆက်ခံတော်မူ၍ ရှုပ်ရှုပ်ခွဲခွဲ သာသနာပြုတော်မူခဲ့သော ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာဆရာတော်ဘုရားကြီး၏ အဖြစ်တော်စဉ် ထေရပွတို့ကျမ်းကြီး တကျမ်းကိုလည်း အရှင်ဘုရား၏ ကျမ်းကျင်ကြွယ်ဝလှသော သမိုင်းဗဟုသုတ, စာပေဗဟုသုတတို့ကို အစွမ်းကုန် အသုံးပြု ရေးသား ချီးမြှင့်တော်မူပါရန် လျှောက်ထားအပ်ပါသည်ဘုရား။

ဆရာတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာစွာဖြင့် သာသနာပြုနိုင်ပါစေ။

ခြေတော်ဦးခိုက်လျက်
ဦးတင်ဦး (ဥက္ကဋ္ဌ)
အငြိမ်းစား တိုင်းပညာဝန်
မဟာဝိသုတာရုံမ ဂေါပကအဖွဲ့
ပခုက္ကူမြို့။

မဟာထေရလိတက္ကျမ်း ဧရုးသားပြုစုခြင်း

မိမိသည် ဖေဘြပါ ဘုရားမြတ်စွာ သာသနာ၌ သက်ဝင် ယုံဖိတ် ကြည်ညို စိတ်ပြည့်ဝသော, ဥပါသကာဂုဏ်တို့နှင့်လည်း ကုံလုံလောက်ငှသော ဥက္ကဋ္ဌကြီး ဦးတင်ဦး၏ လျှောက်ထားချက်ကို နှစ်သက်ကြည်ဖြူလက်ခံယူ၍ မိမိ၏ကျေးဇူး ရှင် တိုက်အုပ်ဆရာတော် အရှင်နန္ဒိယ မဟာထေရ်ပြုစုတော်မူခဲ့သော မဟာဝိသု တာရာမထေရာပဒါန်ခေါ်ထေရုပ္ပတ္တိဒီပနီကျမ်း, မိမိပင်ပြုစုခဲ့သော ပုဂံသာသနာ ဝင်ကျမ်း, မဟာဝိသုတာရုမ သာသနာဝင်ကျမ်း, ပခုက္ကူသာသနာဝင်ကျမ်း, မန္တလေးသာသနာဝင်ကျမ်း, ဆရာတော်ဘုရားကြီး၏ နိဿယကျမ်းဂန်များနှင့် ဝိနိစ္ဆယများ, လက်ရေးမှတ်စုများ, ဧကျေးဇူးရှင် အဘိဓဇမဟာရဋ္ဌဂုရုဆရာ တော်ဘုရားကြီး မိန့်ကြားတော် မူချက်များ, သီဟိုဠ်ဘာသာရေး သမိုင်း မှတ်ဘမ်းများ, မိမိနှစ်ပေါင်းများစွာက စုဆောင်းခဲ့သော မှတ်တမ်းများစသည် တို့ကို မှီငြမ်းပြု၍ အလွန်လျင် လိုအပ်နေသော ဆရာတော်ဘုရားကြီး၏ အဖြစ် တော်စဉ်, သာသနာတော်တွင် ကွန့်မြူး စမွယ်တော်မူပုံ တို့ကို ဖေဘြရာ ဖြစ်သော မဟာထေရလိတကျမ်းကို မဇ္ဈိမနိကာယ် အပါအဝင် မူလပဏ္ဏာသ ပါဠိတော်ကို အဌကထာတဲ့ဖက်၍ ချပို့ခြင်း, တ-ဝက် တိပိဋကပါဠိမြန်မာအဘိ ဓာန်ကျမ်း, တိပိဋကပါဠိပဒကျမ်းညွှန်ကျမ်းကြီးများကို ဦးဇဆောင်ရွေးသားခြင်း စသည်များလှထွေပြားစာပေ အလုပ်ကိစ္စကြားတွင် ရေးသားပြုစုရာ ရက်ပေါင်း ၅၅ ခန့်အကြာတွင် ဤ ကျမ်းစာပြီးဆုံးပါသည်။

အဘိဓာန်နှင့် ပါဠိပဒ ကျမ်းပြုအဖွဲ့ဝင် အရှင်တိလောက များစွာကူညီ

ဤ မဟာထေရလိတကျမ်းကြီးကို ပြုစုကြိုးပမ်းရာ၌ မဟာဝိသုတာရုမ ဂဏဝါစက တိပိဋက ပါဠိမြန်မာ အဘိဓာန်ကျမ်းပြုအဖွဲ့နှင့် မဟာဝိသုတာရုမ ဂဏဝါစကတိပိဋကပါဠိပဒကျမ်းညွှန်းပြု အဖွဲ့ဝင် အစိုးရဓမ္မာစရိယ အရှင် တိလောက(ချောင်းပေါက်)က လက်နှိပ်စက်ရိုက်ပေးခြင်း စာမူတိုက်ပေးခြင်း စသည်ဖြင့် များစွာ ကူညီကြောင်း မှတ်တမ်းတင်အပ်ပါသည်။

တိလောကော တီသု ဥတ္တိသု၊ ကောဝိဒေါ ဓကောသမဏ္ဍလေ။
သာမာဇိကော သဂန္ဆဿ၊ လေခနေ ကိစ္စကာရကော။

ဖက်စုံ ကျေးဇူးပြုလိမ့်

ဤ မဟာထေရလိတကျမ်းကြီးသည် သမိုင်းရာဇဝင် လိုက်စားသူများ, အဌုပ္ပတ္တိရေးသူများ, ဂါထာအဖွဲ့ ပြောင်မြောက်စွာ ရေးသားလိုသူများ,

စာသင်သား ရဟန်းတော်များ, စာချရဟန်းတော်များ, တိုက်တာအကြီး အချုပ်ပြုလုပ်၍ သာသနာပြုသူများ, စာပေသမိုင်း ဂန္ထဝင် ရေးသားပြုစု ရေးသားသူများစသည့် ပုဂ္ဂိုလ်တို့အား အမျိုးမျိုးဒုဖုံဖုံ ဖက်စုံကျေးဇူး ပြုလိမ့်မည်ဖြစ်ရာ ထက်သန်သော ဝီရိယ, ပြည့်လျှံသော သဒ္ဓါတရား, နှိုင်းချိန်သိမြင်နိုင်သော ပညာရွှေထား၍ ဖတ်ရှု လေ့လာတော်မူကြပါရန် တိုက်တွန်းရင်း အာကျွန်ုပ်၏ မဟာထေရလလီတ နိဒါန်းကို လက်စသတ်လိုက်ပါပြီ။

သုဇနာနံ ပသာဒါယ၊ သံဝေဂတ္ထာယ ဂန္ထိတော။
ဒဏရလလီတဂန္ထော ယော၊ တံ မေ ပဿန္တု သာဓဝေါ။

အရှင်ကေလာသ

မမ္မာစရိယ, ဂဏဝါစက, ဘီ-အေ(ဂုဏ်ထူး)
သာသနဇောတိပါလကျောင်း
မဟာဝိသုတာရာမစိုက်
ပခုက္ကူမြို့
၁၃၇၀-ခု၊ တော်သလင်းလဆုတ် ၄-ရက်။

မဟာဝိသုတာရာမ ဂေါပကအဖွဲ့ စာအုပ်ဆပ်ကော်မီတီ၏ ကျမ်းဦးဖေဂ်ပြချက်

ကမ္ဘာအသစ်၌ လွန်လေငြားသော်လည်း ကြုံကြိုက်ရန် အလွန်တရာ ခဲယဉ်းသည့် ဘုရားမြတ်စွာ သာသနာနှင့် ကြုံကြိုက်ရခိုက် မဟာဝိသုတာရာမ နိကာယ် စာသင်တိုက်ကြီး၏ ဂေါပက ဒါယကာများဖြစ်ကြကာ သာသနာစည်ပင်ရန် စည်ပင်ကြောင်း ကောင်းမွန်သည့် သာသနာပြုကုသိုလ်ကောင်းမှုများကို ပြုကြရသဖြင့် ကျွန်တော်များ မဟာဝိသုတာရာမ ဂေါပကအဖွဲ့က နှစ်တောင်းဝမ်းသာရှိလှပါကြောင်း။

အရေးပါသည့် စာအုပ်ဆပ်ကော်မီတီ

ယင်း မဟာဝိသုတာရာမ ဂေါပကအဖွဲ့ကြီး၏ အဖွဲ့ခွဲတခုဖြစ်သော စာအုပ်ဆပ်ကော်မီတီသည် မဟာဝိသုတာရာမကျမ်းပြု ပညာရှင် ဆရာတော်ဘုရားကြီးတို့၏ စာအုပ်များဖြစ်မြောက်အောင် ငွေအား လူအား ထောက်ပံ့ကူညီခဲ့ရာ ယခုဆိုလျှင် စာအုပ်ပေါင်း မြားမြောင်စွာ ဧက်တင်ပုံနှိပ်ထုတ်ဝေပြီးဖြင်ရာ မဟာဝိသုတာရာမ ဂေါပကအဖွဲ့ စာအုပ်ဆပ်ကော်မီတီသည် အရေးပါသည့် ဧကော်မီတီဖြစ်လေသည်။

မဟာဌေရလိတ ကျမ်းစာကြီး

ကျွန်တော်များ စာအုပ်ဆပ်ကော်မီတီသည် ၁၃၇၀-ခုနှစ်လောက်မှ စ၍ ဂန္ဓကာရက, ဓမ္မာစရိယ, ဂဏဝါစက, ဘီ-အေ (ဂုဏ်ထူး) ဆရာတော် အရှင်ကေလာသအား သာသနာဝင် ကျမ်းဂန်များ, အဋ္ဌကထာတို့ကျမ်းဂန် စသည်များ ပြုစုရန် လျှောက်ထားပြီး ရေးသားပြုစုပြီးတိုင်း ကျမ်းစာများကို ရိုက်နှိပ်ထုတ်ဝေ သာသနာပြုခဲ့ကြပါသည်။ ယခုတဖန် လွန်စွာလိုအပ်သော ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီး၏ မဟာနာယက, အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာဆရာတော်ဘုရားကြီး၏ သာသနာတွင် စံပယ်ပုံ အဖြစ်တော်စဉ်ပြ မဟာဌေရလိတကျမ်းကြီး ရေးသားပြုစုရန် ဆရာတော် အရှင်ကေလာသ ဓမ္မာစရိယ, ဂဏဝါစက, ဘီ-အေ(ဂုဏ်ထူး)အားပင် လျှောက်ထားပြန်ရာ ဆရာတော် အရှင်ကေလာသက လွယ်ကူစွာ ရေးသားချီးမြှင့်တော်မူရာ ကျွန်တော်များ မဟာ

ဝိသုတရာမ စာအုပ်ဆပ်ကော်မီတီက ဝမ်းမြောက်ဝမ်းသာစုဖြင့် ငွေကြေး ၁၅၀၀၀ (၁·သောင်း ၅·ထောင်)ခန့် အကုန်အကျခံ၍ ဓမ္မဒါန ပြုအပ်ပါသည်။

ကုဒ္ဓမြတ်စွာ သာသနာ ရောင်ဝါနေသို့ ထွန်းစေသော်။

ဦးအောင်ကြီး အတွင်းရေးမှူး

စာအုပ်ဆပ်ကော်မီတီ

မဟာဝိသုတာရာမ ဂေါပကအဖွဲ့

ပခုက္ကူမြို့

၁၁၁၈-ခု၊ နတ်တော်လဆန်း ၇-ရက်နေ့။

မဟာထေရလီတ

မာတိကာ

အကြောင်းအရာ				စာမျက်နှာ
ဗုဒ္ဓပူမာဏ	....	....	....	၁
ဓမ္မပူမာဏ	....	....	....	၁
သံဃပူမာဏ	....	....	....	၂
မဟာထေရပူမာဏ	....	....	....	၂
အဘိယာစကနှင့် ပဋိညာဉ်	....	....	....	၃
ပဌမပိုင်း	....	....	....	၅
မြန်မာဝေါဟာရနှင့် မြန်မာတို့ စတင်ခြင်း	....	....		၅
မြန်မာပြည် တည်ရာနှင့် အကျယ် အဝန်း	....	....		၈
နိုင်ငံထွက်ကုန်များ	....	....	....	၉
ဒုတိယပိုင်း	....	....	....	၇
သာစုပုဂံပြည်	....	....	....	၇
ပုဂံမြို့ အမည် အမျိုးမျိုး	....	....	....	၈
လိုဏ်ဂူနှင့် ဘုရားပုထိုးများ	....	....	....	၈
အများသီ တန်းခိုးကြီး ဘုရားပုထိုးများ	....	....		၉
သံဃာ့ဂိုဏ်းကို ဦးစီးမည့်လက္ခဏာ	....	....		၁၀
ပညာရှင်တို့ ပေါ်ထွန်း သီတင်းသုံးရာ	....	....		၁၁
တတိယပိုင်း	....	....	....	၂၀
တောင်တော်ရွှေပုပ္ပါး	....	....	....	၂၀
နာမည်အမျိုးမျိုး	....	....	....	၂၁
အမင်းမင်းရာဇာတို့ ကွန်းခိုရာ	....	....	....	၂၂
တောင်ဆင်း တဆယ့်နှစ်ရွာ	....	....	....	၂၂
ခွေးပြုတ်ရွာ	....	....	....	၂၃

	စာမျက်နှာ
အကြောင်းအရာ	
ခွေးတောက်ပြုတ် ခွေးပြုတ်ဖြစ်ခဲ့	၂၄
ပုဂံမြို့တော်နှင့် ပုပ္ပါးအကြားရှိ ခွေးပြုတ်ရွာကိုမှ ရွေးချယ်၍ သန္ဓေတွယ်	၂၅
စတုတ္ထပိုင်း	၂၅
ဦးပျော့ ဒေါ် မင်းဂုဏ်	၂၅
သူတို့နှစ်ဦး နှစ်ကိုယ်တစိတ်	၂၀
ရုံခါ ပုပ္ပါးတောင် ခရီးထွက်ကြ	၂၀
ရုံခါ ပုဂံမြို့တော် ခရီးသွားကြ	၂၀
လမြတ်ဝါခေါင်	၂၉
ပဉ္စမပိုင်း	၃၂
ဆရာတော်လောင်းလျာ သန္ဓေတည်	၃၂
စာပေပို့ချ သာသနာပြုမည့် လက္ခဏာ	၃၃
ဒေါ် မင်းဂုဏ်၏ အိပ်မက်ဆန်း	၃၃
မမင်းဂုဏ် ကိုယ်ဝန်တည်ပြီ	၃၃
ထူးထူးခြားခြား မိုးကောင်းခြင်း	၃၄
သာသနာ့ဝန်ထမ်းတွေ ပိဋကမိုးရေ ကိုက်ကျေးမည့် လက္ခဏာ	၃၅
မမင်းဂုဏ် ကိုယ်ဝန်စောင့်ရှောက်ပါ	၃၅
မမင်းဂုဏ် ကိုယ်ဝန်ကို စောင့်ရှောက်ခြင်း	၃၅
ခွေးပြုတ်ရွာထိပ် ညောင်ပင်ကြီး	၃၆
ဒေါ် မင်းဂုဏ် ညောင်ပင်စောင့်နတ် ပူဇော်ပသ တောင်းဆုခွေ ...	၃၇
ဥပုသ်စောင့်တရားနာ	၃၇
်မ်းမြောက်ပေးတဲ့ သားထူး သားမြတ် ကောန်ဖွားမြင်ပါမည်	၃၇
ဆဋ္ဌမပိုင်း	၃၈
ပဉ္စမသံဂါယနာတင် မင်းတုန်းမင်းတရား နုန်းတက်ခြင်း	၃၈
မင်းတုန်းမင်းတရား သာသနာကို မျှားစွာ ချီးမြှောက်ခြင်း	၃၉
သတ္တမပိုင်း	၄၀
ဆရာတော် အရှင်ပညာလောင်းလျာ ဖွားမြင်ပြီ	၄၀
လွန်ထူးခြားလှ ကဆုန်လ	၄၁

အကြောင်းအရာ				စာမျက်နှာ
အဌမပိုင်း	....	....	....	၄၅
မဟာပထဝီမြေကြီး တုန်လှုပ်ခြင်း		....	....	၄၅
ဒေါ်မင်းဂုဏ် ထိတ်လန့်သဖြင့် ဦးပျော့ကို မေးခြင်း				၄၆
ဆက်လက်နားထောင်ပါ	....	....	....	၄၇
လျှပ်စည်းလက် သီချင်းသံတွေကြား		....	....	၄၈
ကိုပျော့ လုပ်ပါအုံး ဘာသံတွေတုံး တမိုးလုံးလဲ ဝင်းထိန်လို့			....	၄၈
အချိန်မဲ့ မိုးကြီးရွာချခြင်း	....	....	....	၄၉
တရားစာပေမိုးရွာမည့် အထိမ်းအမှတ်ပါ			....	၄၉
ဆရာတော်လောင်းလျာ ဖွားမြင် များစွာ အကျိုးရှိ			....	၅၀
နဝမပိုင်း	....	....	....	၅၀
ဆရာတော် ငယ်နာမည် မောင်ပေါ်ဘာဏ်		....	....	၅၀
ခွေးပြုတ်တရွာလုံးလို အမျိုးသို့မဟုတ် လာကြည့်ကြ ဝမ်းမြောက် ဝမ်းသာ ပြောဆိုကြ		....	....	၅၀
လွန်ထူးခြားသည့် ဇနီးမောင်နှံ	....	....	....	၅၁
ဒေါ်မင်းဂုဏ် ထေရလောင်းလျာအား လွန်စွာစောင့်ရှောက်ခြင်း				၅၁
သားငယ်ဖြင့် ပျော်ပွဲခံခဲ့	....	....	....	၅၂
ဒသမပိုင်း	....	....	....	၅၃
ထူးခြားသည့် ဆံးဖြူသီးခန့်လောက်ခဲ		....	....	၅၃
နီမိတ်အမျိုးမျိုး ဖတ်ကြ ဟောကြ ပြောဆိုကြ		....	....	၅၄
ဦးပျော့ ဟောချက်	....	....	....	၅၄
အဘိုး၏ ဟောကိန်း	....	....	....	၅၅
ကောဒသမပိုင်း	....	....	....	၅၆
ဆရာတော် လောင်းလျာ၏ ရုပ်ရည်		....	....	၅၆
နဖူးတော်လက္ခဏာ	....	....	....	၅၇
ဦးခေါင်းတော် လက္ခဏာ	....	....	....	၅၉
နားရွက်တော်လက္ခဏာ		....	....	၆၀
ပါးစပ်တော်လက္ခဏာ		....	....	၆၁

အခန်းကြောင်းအရာ			စာမျက်နှာ
မျက်လုံးတော်ဖွင့်အစုံ	....	....	၆၁
ကြည့်လင်သောမျက်နှာတော်	....	....	၆၂
လက်မောင်းတော်မျိုး ပျော့ပြောင်းရှည်လျားခြင်း		....	၆၃
ဖဏောင့်နှင့်လက်ချောင်း ခြေ ချောင်းရှည်သွယ်ခြင်း		....	၆၄
အသံတော် မြည်ဟိန်းခြင်း	....	....	၆၄
ဒွါဒသမပိုင်း	....	....	၆၅
ဦးပျော့ ဒေါ်မင်းဂုဏ်တို့ ဝမ်းနမြောက်ကြ	....	....	၆၅
ဘုန်းကြီ လုပ်မယ်ဘိုလို့ ဝမ်းသာမဆုံး	....	....	၆၆
နယ်ပယ် သာယာပြောခြင်း, ရဲရင့်ခြင်း, စွန့်ကြဲလိုခြင်းစသည့် ဂုဏ်မျှားနှင့်ပြည့်စုံ	..	....	၆၆
တေရသမပိုင်း	...	....	၆၇
လက်မှန်မဟုတ် စာပေနှင့် ထိပေါ့ခြင်း, ဆက်လက်၍ အတိုးထံ၌ သင် ပုန်းကြိုး သင်ယူခြင်း	....	....	၆၈
အဖြစ်ဆန်းများ	....	....	၆၈
ကမ်းပါးပိ မယ်သဲကျန်ခဲ့	....	....	၆၈
မန်ကျည်းပင်ခေါ်တက် မန်ကျည်းသီးဆွတ် မြွေဟောက်ကပက်.... လိမ်ကျမဇာသ	....	....	၆၉
စုဒ္ဒသမပိုင်း	....	....	၆၉
ကျောင်းမနေ ပညာသင်ချန် စိတ်ညှာတ်ခြင်း	....	....	၆၉
ဆရာဒေဝဒတ် ဒုစရိုက်နွှမ်းပါးလေသံ ရောက်ရှိပုံညာသင်		....	၇၀
ဆုံးမစာများ သင်ကြားပေး, မောင်ပေါ်ဘုရား ဒုစရိုက်ကျနေ		....	၇၀
နှဂါးရောင်ကျောင်းဆရာတော် ဦးဘုရားထံ ဆက်လက်ပညာသင်		....	၇၁
ဆရာဒတ် ဦးဘုရား မောင်ပေါ်ဘုရားအား သြဝါဒပေး		....	၇၂
သာမဏေဝတ်ရန် ပရိုက်မ်စာပေများ စုဆောင်းကျက်မှတ်		....	၇၃
ပန္နရသမပိုင်း		....	၇၃
သာမဏေဝတ် သာသနာ့ဝန်ထမ်းဆောင်	....	....	၇၃
ဆရာတော် အရှင်ပညာ၏ မူလဘဲတော် ရှင်မေဓာ		....	၇၄

အကြောင်းအရာ			စာမျက်နှာ
အဘိုးနှင့်မိဘ ၂-ဦး ကြည်နူးရွှင်ပျ ရှိခိုးကြ	....	....	၂၅
အတိဇာတ လွန်ထူးမြတ်သည့်သားလှ	....	....	၂၅
သင်္ကန်းဝတ်နှင့် ဖူးမြော်ရန် မျော်လင့်ချက်ပြည့်ပြီ	....		၂၆
မင်းသားစစဗုလတမျှ လွန်လှပ	....	....	၂၇
သာမဏေသီလ လုံခြုံစွာ စောင့်ထိန်းခြင်း	....	....	၂၇
သောဋ္ဌသမပိုင်း	....	....	၂၇
ဆရာတော် ဦးအာစာရထံ နည်းနာခံခြင်း	....	....	၂၇
ဆရာတော် ဦးဉာဏက မကြာခဏ သြဝါဒပေး	....	....	၂၈
သတ္တရသမပိုင်း	....	....	၈၀
ဆင်ဖြူကျွန်း စေတီလှကျောင်းတိုက် အရှင်သီရိဓမ္မထံသို့	....		၈၀
ဆရာတော်လောင်းလျှာ ကျောက်ရောဂါကူးစက်	....		၈၀
ငမြာကြီး စာသင်တိုက်သို့ ပညာသင်ကြခြင်း	....	....	၈၁
ရှင်မေဓာမှ ရှင်ပညာသို့	....	....	၈၁
ငမြာရွာ စာသင်ဖက်များ	....	....	၈၂
ကျမ်းစာအချို့ သင်ယူခဲ့	....	....	၈၂
အဋ္ဌာရသမပိုင်း	....	....	၈၃
တိပိဋကသာဂရ ပါရဂူမိ ဒီဃဒဿီ ရေစကြို့ဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရ....	....	....	၈၃
ရေစကြို့ဆရာတော်ဘုရားကြီးထံ တပည့်ခံရန်ကြံစည်ခြင်း	....		၈၅
ပန်းစ်ဘုတိုက်ရောက်၍ ဆရာတော်ကြီးနှင့်တွေ့ရသည်ဟုအိပ်မက်မက်			၈၆
ရေစကြို့ ဆရာတော်ဘုရားကြီး၏ အိပ်မက်ထူး	....	....	၈၇
ဆရာတော် အရှင်ပညာလောင်းလျှာ ရေစကြို့ဆရာတော်ကြီးထံ.... ရောက်ရှိ	....	....	၈၈
သြဝါဒပေး, နေရာအချခိုင်း	....	....	၈၉
ဆရာတော်လောင်းလျှာ ဇာကျောင်းနေ	....	....	၉၀
ကျွန်ုဝိသတိမပိုင်း	....	....	၉၀
ရေစကြို့ ဆရာတော်ဘုရားကြီး၏ စာချလုပ်ငန်း	....		၉၀
ဦးကာကျော် ဆိုဝါရရှိခြင်း	....	....	၉၁

အကြောင်းအရာ			စာမျက်နှာ
သည်လူလေးကဲ့ စာဆိုမည့်သူ	....	....	၉၂
ဆရာတော်လောင်းလျာ၏စွမ်းရည်	....	....	၉၂
ရေစကြိုဆရာတော်ဘုရားကြီးက ပိုးသင်္ကန်းတစုံ ချီးမြှင့်		....	၉၄
ဆရာတော်လောင်းလျာက စိတ်နေမမြင့် ဘဝင်မကိုင်		....	၉၅
ကျမ်းဂန်များစွာတို့ကို ဆိုဝါဖြင့် သင်ယူပုံ	...	....	၉၅
အစွမ်းကုန် ကြိုးစားသင်ယူခဲ့	....	....	၉၅
သင်္ကတော်နှစ်ဆယ်ထည်းရောက် ပိဋကတ်တတ်မြောက်		....	၉၇
ဝိသတိမပိုင်း	..	....	၉၇
ရဟန်းဘဝ ဒုလ္လဘကို ရောက်ရှိခြင်း	....	....	၉၇
ဒေါ်မင်းဂုဏ် ဝမ်းမြောက်, ဦးပျော့ ရွှင်လန်း, ဆရာတော် ဦးဉာဏာဘိတို့ဖြစ်	....	....	၉၈
နဂါးရောင်ကျောင်း ခေတ္တသီတင်းသုံး	....	....	၉၉
ပခုက္ကူပြန်ကြွ ဆက်လက်ပညာသင်	....	....	၉၉
ဂဏဝါစက, စာချဖြစ်ခြင်း	....	....	၉၉
ဝိရိယဖြင့် တည်ထောင်မှု ကောင်းကျိုးရ	....	....	၁၀၀
တပည့်တပန်းတွေ ဝမ်းမြောက်ကြ ကြိုဆိုကြ	....	....	၁၀၀
ဧကဝီသတိမပိုင်း	....	....	**၁၀၀**
မန္တလေးမြို့တော်တည်	....	....	၁၀၀
သာသနာ စည်ပင်ပွင့်လင်းရာ	....	....	၁၀၁
မန္တလေးသာသနာဘွဲ့	....	....	၁၀၁
မန္တလေးမြို့ ကုသိုလ်တော်လှမ်းချင်း	....	....	၁၀၂
မန္တလေး သာသနာတခန်း မြင်ကွင်း သုဓမ္မာဘွဲ့	....	....	၁၀၂
ဒွါဝီသတိမပိုင်း	....	....	၁၀၃
မန္တလေးမြို့ အရှေ့ပြင် ခင်မကန်တိုက်ကြီး	....	....	၁၀၃
အရှင်အရိယဝံသ မဟာထေရ်	....	....	၁၀၄
ဆရာတော်အရှင်လောင်းလျာ အရှင်အရိယဝံသထံ ပညာသင်		....	၁၀၅
ညဝါများ လှယ်ကူစွာ သင်ယူခဲ့	....	....	၁၀၅
နံနက် နေ့လယ် နေ့ခင်း အဘိဓမ္မာပါဠိ အဋ္ဌကထာကျည့်		....	၁၀၆
ပဋ္ဌာန်းကျမ်း၏ ပရိကမ်	....	....	၁၀၆

အကြောင်းအရာ			စာမျက်နှာ
ကြိုတင်၍ သဘောပေါက် နိုးကြားခဲ့	....	....	၁၀၇
တန္ခစ်တင်းတင်းဖြင့် ညဝါသရဖူဆောင်း တတ်မြောက်ခဲ့		....	၁၀၇
တေဝိသတိမပိုင်း	....	....	၁၀၇
ရွှေရေးဆောင် ကျောင်းတိုက်	....	....	၁၀၇
ရွှေရေးဆောင်ဆရာတော် ဦးကြည်	....	....	၁၀၉
ဆရာဇတော် လောင်းလျာ ဆရာဘော်ဦးကြည်ထံ ဆက်လက်ပညာသင်	....	....	၁၁၀
စတုဝိသထိမပိုင်း	....	....	၁၁၂
ဖက်ပင်အိုင့် ဆရာတော် ဦးဒီပ	....	...	၁၁၂
ဆရာတော် အရှင်ပညာလောင်းလျာ ဖက်ပင်အိုင့်ဆရာတော်ထံ ပညာသင်	....	....	၁၁၃
ပရိယတ်အတွက် လုံလောက်ပြီ	....	....	၁၁၄
အကျိုး ဖလဒပါ တော့်မည်, နတ် ကူတော့်မည်	....	....	၁၁၄
အကြီးအကျယ် ပဲ့လယ်တင့်တော့်မည်	....	....	၁၁၄
ပဉ္စဝိသတိမပိုင်း	....	....	၁၁၄
အမိ ပခုက္ကူသို့	....	....	၁၁၄
ရေစကြို ဆရာတော်ဘုရားကြီး လွန်စ့ဝဝမ်းမြောက်		....	၁၁၅
စာပေကြိုးစားချုပ်တော်မူခဲ့	....	....	၁၁၅
တိုက်ကြပ် ဆရာတော် မြောက်ခြင်း	....	....	၁၁၅
တိုက်အုပ် အလှဲခံ ၄-ပါး	....	....	၁၁၆
မဟာဝိသုတာရုံမတိုက်ကြီး၏ ဒုတိယနာယက တာဝန်		....	၁၁၆
မဟာဝိသုတာရုံမတိုက်ကြီး၏ မဟာနာယက အဖြစ်		....	၁၁၇
ကြိုးစားသူ ကျက်သရေတိုက် ဆိုက်ခြင်း	....	....	၁၁၇
ရွှေတောင်ကြီး ပြုခဲ့ရသဖြင့် များစွာ သံဝေဂဖြစ်		....	၁၁၇
ထပ်မံသံဝေဂဖြစ်ပြန်	....	....	၁၁၈
ထပ်၍ထပ်၍ သံဝေဂဖြစ်	....	....	၁၁၈
အစ့ဝမ်းကုန် သာသနာဝန် အားသွန်ကြိုးပမ်း ထမ်းဆောင်မည်		....	၁၁၉

အကြောင်းအရာ			စာမျက်နှာ
ရေစကြိုဆရာတော်ဘုရားကြီး၏ အလောင်းတော်ကို သင်္ဂြိုဟ် ပူဇော်ခြင်း	....	....	၁၁၉
နှစ်စဉ် ရေစကြိုဆရာတော်ကြီး အရိုးကို ပူဇော်	....	....	၁၂၀
ပါရမီဖြည့်ဖက် အကူအညီဆရာတော်များ	....	....	၁၂၀
ဆဗ္ဗိသတိမပိုင်း	....	....	၁၂၁
ကျမ်းစာအမျိုးမျိုး ချပို့တော်မူခဲ့	....	....	၁၂၁
အရှင်ဆွကသာရပုံသဏ္ဌာန် ဖန်လာလေသလား ဟု ထင်မိ	....	....	၁၂၁
အရှင်အာဒိစ္စရံသီ (ဦးကြည်) ပုံသဏ္ဌာန် ပေါ်ပြန်ရောဲ့သလား ထင်မိ	....	....	၁၂၃
အဘိဓမ္မာညဝါများ ချစဉ် အရှင်အရိယဝံသဟုပင် ယုံမှားလောက်	....	....	၁၂၃
သဗ္ဗဝိသမပိုင်း	....	....	၁၂၃
ဋီကာကျော်ကျမ်းကို လွန်စွာနိုင်နင်းစွာ ချပို့ခဲ့	....	....	၁၂၃
အရှင်သုမင်္ဂလသာမိလေလား, အရှင်ပညာလေလား ယုံမှား	....	....	၁၂၄
ပဒရူပသိဒ္ဓိကျမ်းကိုလည်း နိုင်နင်းစွာချပို့	....	....	၁၂၅
အရှင်ဗုဒ္ဓပိုယထေရ်ကိုယ်စားလေလော	....	....	၁၂၆
ကခ်ီဝိတရဏီ အဋ္ဌကထာ အခါခါအခေါက်ခေါက် ချပို့	....	....	၁၂၆
အရှင်ဗုဒ္ဓဃောသ ပညာကဲ့သို့ အံ့စရာ	....	....	၁၂၆
ဝိနည်းငါးကျမ်း ထာဝစဉ်ပို့ချခဲ့	....	....	၁၂၇
အရှင်ဘုရား၏တံကဲ့, ပလွင့်, ကျက်စားရာ, ကိုးကွယ်ရာဒေသနာ	....	....	၁၂၇
ဒီဃနိကာယ်ကို နိုင်နင်းစွာ ချပို့တော်မူခဲ့	....	....	၁၂၈
အရှင်အာနန္ဒာ ဖြစ်လေသလားဘုရား	....	....	၁၂၈
မဇ္ဈိမနိကာယ်ကိုလည်း နိုင်နင်းစွာချပို့ခြင်း	....	....	၁၂၉
အရှင်သာရိပုတ္တရာ ဖြစ်လေရောဲ့သလား	....	....	၁၂၉
သံယုတ္တနိကာယ်ကို နိုင်နင်းစွာ ချပို့ခြင်း	....	....	၁၃၀
အရှင်မဟာကဿပ ဖြစ်လေရောဲ့သလား	....	....	၁၃၀
အင်္ဂုတ္တရနိကာယ်ကို နိုင်နင်းဌာချပို့ခြင်း	....	....	၁၃၁
အရှင်အနုရုဒ္ဓါ ဖြစ်လေရောဲ့သလား	....	....	၁၃၂
ခုဒ္ဒကနိကာယ်ကျမ်းများကိုလည်း လွန်စွာနိုင်နင်းတော်မူခြင်း	....	....	၁၃၂

အကြောင်းအရာ			စာမျက်နှာ
ဝိသုဒ္ဓိမဂ်ကျမ်း နိုင်နင်းစွာချပို့တော်မူခဲ့	....	....	၁၃၂
သခ်ေပဝဏ္ဏနာဋ္ဌကာကို ချပို့တော်မူခြင်း	....	....	၁၃၃
စာပေကျမ်းဂန် ကြည့်ရှု ပို့ချခြင်းဖြင့် အချိန်ကုန်စေသူ	....	....	၁၃၄
အဋ္ဌဝိသတိမပိုင်း	....	....	၁၃၄
ဥပဒေရေးဆွဲတော်မူခြင်း	....	....	၁၃၄
ကျေနပ်သတိမပိုင်း	....	....	၁၃၅
မဟာဝိသုတာရာမ စာသင်တိုက်ခဲ့မျှား အနှံ့ အပြား တည်ထောင်ခြင်း	....	....	၁၃၅
ရွှေဘိုမြို့ တတိယ မဟာဝိသုတာရာမတိုက်	....	....	၁၃၅
စတုတ္ထ မဟာဝိသုတာရာမတိုက်	....	....	၁၃၆
မြင်းခြံမြို့ မဟာဝိသုတာရာမတိုက်	....	....	၁၃၆
ဆီမီးခုံမြို့ မဟာဝိသုတာရာမတိုက်	....	....	၁၃၇
မကွေးမြို့ မဟာဝိသုတာရာမတိုက်	....	....	၁၃၇
ညောင်ဦးမြို့ မဟာဝိသုတာရာမတိုက်	....	....	၁၃၈
ညောင်တုန်းမြို့ မဟာဝိသုတာရာမတိုက်	....	....	၁၃၈
စဉ့်ကူမြို့ မဟာဝိသုတာရာမတိုက်	....	....	၁၃၉
ဆင်ဖြူကျွန်းမြို့ မဟာဝိသုတာရာမတိုက်	....	....	၁၃၉
ကျောက်ဆည်မြို့ မဟာဝိသုတာရာမတိုက်	....	....	၁၃၉
ငမြောကြီး မဟာဝိသုတာရာမတိုက်	....	....	၁၄၀
သရက်မြို့ မဟာဝိသုတာရာမတိုက်	....	....	၁၄၀
စလင်းမြို့ မဟာဝိသုတာရာမတိုက်	....	....	၁၄၁
ပခုက္ကူ၌ ပညာသင်ကြားခြင်း	....	....	၁၄၁
စလင်းမြို့၌ မဟာဝိသုတာရာမတိုက် တည်ထောင်ဖွင့်လှစ်ခြင်း	....		၁၄၂
စကူမြို့ မဟာဝိသုတာရာမစာသင်တိုက်	....	....	၁၄၂
မဟာဝိသုတာရာမ စာသင်တိုက်ခဲ့တွေ	....	....	၁၄၂
သံဃာဦးရေ	....	....	၁၄၃

အကြောင်းအရာ			စာမျက်နှာ
တိ ံသတိမပိုင်း	....	....	**၁၄၃**
ကျေးဇူးရှင် ဆရာတော်များ ပြန်လွန် ကိုယ်တိုင် သင်ကြိုဟ်		....	၁၄၃
ဆရာတော်ဦးအာစာရ ပြန်လွန်ရာ ဆရာတော်များစွာ ကူညီသင်ကြိုဟ်ခဲ့			၁၄၄
ဦးပျော့ ကွယ်လွန်ခြင်း	....	....	၁၄၄
မိခင် ကွယ်လွန်ခြင်း	....	....	၁၄၄
မိတ်ဆွေစစ် ပီသသူ	....	....	၁၄၅
ဦးပျော့ ဒေါ်မင်းဂုဏ်တို့ အိမ် ကျောင်း ဆောက်	....	....	၁၄၆
ကေတိ ံသတိမပိုင်း	....	....	**၁၄၆**
အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသသို့ ဘုရားဖူး ကြွတော်မူခြင်း		....	၁၄၆
ကာလကတ္တားမြို့ လှည့်လည်ကြည့်ရှု တရား သံဝေဂရခဲ့		....	၁၄၆
ဗုဒ္ဓဂယာ ကြွရောက်ဘော်မူခြင်း	....	....	၁၄၇
ဗာရာဏသီမြို့ မိဂဒါဝုန်တောကြွ သံဝေဂယူ	....	....	၁၄၈
သလိပ်ရောဂါထ ကာလကတ္တားပြန် နောက်ဆက်လက်ကြွ		....	၁၄၈
နာလန္ဒသို့ ကြွရောက်ခြင်း	....	....	၁၄၉
ကုသိနာရုံ ရဂုံသာမော အင်ကြင်းတောသို့	....	....	၁၄၉
လုမ္ဗိနီဥယျာဉ်တော် ဖူးမြင် သံဝေဂယူ	....	....	၁၅၀
သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်ထု ဖူးမြော်	....	....	၁၅၁
လပ်ခနောင်မြို့သို့ ကြွတော်မူခြင်း	....	....	၁၅၂
မဒရပ်မြို့သို့ ကြွတော်မူခြင်း	....	....	၁၅၂
မဓုရာဇ်မြို့သို့ ဆက်လက် ကြွခြင်း	....	....	၁၅၃
ဒုတို ံသတိမပိုင်း	....	....	**၁၅၃**
တင့်တယ်စိုပျို ကျန်းသီဟိုဠ်	....	....	၁၅၃
သီဟိုဠ်ကျန်းစု၌ လူနေအိမ်ခြေစဟာင်ခြင်း	....	....	၁၅၄
နိုင်ငံခြားသားများ သမ်းပိုက် လွှတ်လပ်ရေးရ	....	....	၁၅၅
တေတို ံသတိမပိုင်း	....	....	**၁၅၅**
သီဟိုဠ်သာသနာရောင်	....	...	၁၅၅
သီဟိုဠ်၌ ထင်ရှားသော စေတီပုထိုးများ	....	....	၁၅၇
ထင်ရှားခဲ့သော ကျောင်းတိုက်ကြီးများ	....	....	၁၅၈

အကြောင်းအရာ			စာမျက်နှာ
အဋ္ဌကထာ, ဋီကာကျမ်းတို့ ပေါ်ထွန်းရာ	....	....	၁၅၈
အဘယဂိရိ ကျောင်းတိုက်ထွက် ကျမ်းများ	....	....	၁၅၈
စတုတ္ထံ သတိမပိုင်း	....	....	၁၅၉
သီဟိုဠ်ကျွန်းသို့ ကြွတော်မူခြင်း	....	....	၁၅၉
အနုရာဓ မြို့ဟောင်းသို့ ရောက်ပြီ	....	....	၁၅၉
သံဝေဂဖြစ်ခဲ့	....	....	၁၆၀
သုဝဏ္ဏမာလိမဟာစေတီ	....	....	၁၆၀
ဆရာတော်ဘုရားကြီး မဟာစေတီတော် ဖူးမြော်....		....	၁၆၂
ထူပါရာမစေတီတော်	....	....	၁၆၂
ဆရာတော် ထူပါရာမစေတီတော်ဖူးမြော်	....	....	၁၆၂
အဘယဂိရိစေတီ	....	....	၁၆၃
ဆရာတော် အဘယဂိရိ စေတီတော်ကြီးဖူးမြော်		....	၁၆၄
ဇေတဝနစေတီတော်	....	....	၁၆၄
ဆရာတော် ဇေတဝန စေတီတော် ဖူးမြော်	....	....	၁၆၅
လံကာရာမစေတီ	....	....	၁၆၅
ဆရာတော် လံကာရာမ စေတီတော်ဖူးမြော်	....	....	၁၆၆
မရိစဝဋ္ဋိစေတီတော်	....	....	၁၆၆
ဆရာတော် မရိစဝဋ္ဋိစေတီတော် ဖူးမြော်	....	....	၁၆၇
ဒက္ခိဏာသံခါ မဟာဗောဓိပင်	....	....	၁၆၇
သီဟိုဠ် ရဟန်းတော်များ ခဲယဉ်းစွာ စောင့်ရှောက်ခဲ့	....		၁၆၈
ဆရာတော် ဗောဓိပင်ဖူးမြော်	....	....	၁၆၉
လောဟပါသာဒ ကြေးပြာသာဒ်ကြီး	....	....	၁၆၉
ဆရာတော် လောဟပါသာဒ ကြေးပြာသာဒ် ကြည့်ရှုလေ့လာ			၁၇၁
ဣသရမုနိစေတီ	....	....	၁၇၁
ဆရာတော် ဣသရမုနိ စေတီတော် ရှိခိုးဖူးမြော်....		....	၁၇၂
ပဉ္စမံ သတိမပိုင်း	....	....	၁၇၂
စေတိယတောင်	....	....	၁၇၂
ဆရာတော် စေတိယတောင်ပေါ် စေတီများဖူးမြော်	....		၁၇၄

အကြောင်းအရာ			စာမျက်နှာ
ဆတ္တံ သတိမပိုင်း	....	....	၁၇၄
ပုလတ္ထိမြို့	....	....	၁၇၄
ပဝါလစေတီ	....	....	၁၇၅
မင်္ကစေတီ	....	....	၁၇၅
ရတနကုပ်စေတီ	....	....	၁၇၅
ခီရိစေတီ	....	....	၁၇၆
ဒမိလစေတီ	....	....	၁၇၆
ဆရာတော် ပုလတ္ထိမြို့ လေ့လာဖူးမြော်ခဲ့	....	....	၁၇၆
သတ္တတိ သတိမပိုင်း	....	....	၁၇၆
ဒမ္မလေတောင် ဘုရားကျောင်းတော်များ	....	....	၁၇၆
ဆရာတော် ဒမ္မလေတောင် ဘုရားများ ဖူးမြော်	....	....	၁၇၈
စတုတ္ထသံဂါယနာဂင်ရာ အာလောကလိုဏ်	....	....	၁၇၈
ဆရာတော် အာလောကလိုဏ် ကြည့်ရှုဖူးမြော်....		....	၁၈၀
ကန္ဒီမြို့ ဗုဒ္ဓမြတ်စွယ်တော်	....	....	၁၈၁
ပခုက္ကူဇာတိ ဦးသာထက် ကောင်းမှု စွယ်တော်တိုက်ကြီး	....		၁၈၁
ဆရာတော် စွယ်တော်ဖူးမြော်	....	....	၁၈၁
အဋ္ဌတိ သတိမပိုင်း	....	....	.... ၁၈၂
ကလျာဏီစေတီတော်	....	....	.... ၁၈၂
ဆရာတော် ကလျာဏီစေတီတော် ဖူးမြော်	....	....	၁၈၃
ကျိုက္ခနစတ္တာလီသတိမပိုင်း	....	....	.... ၁၈၃
နာဂဒီပကျွန်း နာဂဒီပစေတီ	....	....	.... ၁၈၃
သေရုဝါဝိလ မင်္ဂလာ မဟာစေတီ	....	....	... ၁၈၅
သောမာဝတီစေတီ	....	....	.... ၁၈၅
မုတိယင်္ဂဏစေတီ	....	....	.... ၁၈၅
မဟိယင်္ဂဏစေတီ	....	....	.... ၁၈၆
ဒီဃဝါပိစေတီ	....	....	.... ၁၈၇
တိဿမဟာရာမစေတီ	....	....	.... ၁၈၇
စိတ္တလတောင်	....	....	.... ၁၈၈

အကြောင်းအရာ				စာမျက်နှာ
ကတ္တရဂါမစေတီ	....	....	....	၁၈၉
သမန္တကူဋတောင်မှ ဘုရားရှင် ခြေတော်ရာ	....	....		၁၈၉
သီဓေလိုသော စေတနာတော့ ပိုလွန်း၍ ဖော်ပြခဲ့	....	....		၁၉၀
ကိုလံဘို ဝိသုဒ္ဓါရုံတိုက် တည်ကျိန်း	....	....	....	၁၉၀
အမိ မြန်မာပြည်သို့	....	....	....	၁၉၁
စာပေပို့ချရင်း အိန္ဒိယ, သီဟိုဠ် အတွေ့အကြုံများ မိန့်ကြား	....			၁၉၁
စတ္တာလီသမပိုင်း	....	....	....	၁၉၂
တန်းဆာအမျိုးမျိုး ပြုကြမြဲ	....	....	....	၁၉၂
ကျမ်းဂန်များ ပြုစုခြင်း	....	....	....	၁၉၂
သီမာဝိနိစ္ဆယကျမ်း	....	....	....	၁၉၃
မဂ်လသုတ္တနိဿယသစ်, မဂ်လာဒိ ဝိနိစ္ဆယကျမ်း	....		....	၁၉၄
ဆရာတော်အရှင်ပညာ၏ ဇဝံ မေ သုတံ စသောပုဒ် ဝါကျများ၏ အနက်	....	....		၁၉၅
ဝိဟာရတိ-ပုဒ် အနက်ပေးပုံ	....	....		၁၉၆
အဘိက္ကန္တာယ ရတ္တိယာ-ပုဒ် အနက်ပေးပုံ	....	....		၁၉၆
ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ-ပုဒ် အနက်ပေးပုံ	....			၁၉၆
ကေမန္တံ အဒ္ဒါသိ-ပုဒ် အနက်ပေးပုံ	....	....		၁၉၇
ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ ပုဒ် အနက်ပေးပုံ	....	....		၁၉၇
မဂ်လာနိ အဘိန္ဒယုံ-ပုဒ် အနက်ပေးပုံ	....	....		၁၉၇
ဥတ္တမံ မင်္ဂလံ ဗြူဟိ-ပုဒ် အနက်ပေးပုံ	....	....		၁၉၇
ဗာလာနံ ပဏ္ဍိတာနံ-ပုဒ် အနက်ပေးပုံ	....	....		၁၉၈
လောကဓမ္မေဟိ ဖုဋ္ဌဿ-ပုဒ် အနက်ပေးပုံ	....	....		၁၉၈
အသောကံ ဝိရဇံ ခေမံ-ပုဒ် အနက်ပေးပုံ	....	....		၁၉၈
ကေစတ္တာလီသတိမပိုင်း	....	....		၁၉၈
မင်္ဂလာဒိဝိနိစ္ဆယကျမ်း	....	....		၁၉၈
ဝါကျ ၄-မျိုး	....	....		၁၉၉
လိင်မတူသော ယ-တဿဒ္ဓါ	....	....	....	၁၉၉
တ-သုံးမျိုး အဆုံးအဖြတ်	....	....	....	၂၀၀
ပက္ကန္တဝိသယ တ-မည်ပုံ	....	....	....	၂၀၀

အကြောင်းအရာ				စာမျက်နှာ
ပသိဒ္ဓဝိသယ တ·မည်ပုံ	....	....	....	၂၀၁
အနုဘူတဝိသယ တ·မည်ပုံ	....	....	....	၂၀၁
မူလသံဝဏ္ဏနာ, အနုသံဝဏ္ဏနာ, အာဒါသသံဝဏ္ဏနာ အာဒါသိကသံဝဏ္ဏနာ ၄-မျိုး		....	....	၂၀၂
ဝိနာသယတိ·ဂါထာ အနက်ပေးပုံ နည်းယူရန်		...	....	၂၀၂
ယံ ဗုဒ္ဓါ ဘာသတိ ဝါစံ ဂါထာအနက်ပေးပုံ နည်းယူရန်			....	၂၀၃
သိကြားမင်း၏ ဂဟဋ္ဌဝန္ဒနာ ဂါထာအနက်ပေးပုံ			....	၂၀၃
ပါထိကပဝ် သိဂ်ါလသုတ် နှစ်ဂါထာ အနက်ပေးပုံ			....	၂၀၃
ဓမ္မပဒ သက္ကပဉ္ဉဝတ္ထုဂါထာ အနက်ပေးပုံ		....	....	၂၀၄
ကာယဿ ဘေဒါ.. ဥပပဇ္ဇန္တိ-အနက်ပေးပုံ		....	....	၂၀၅
စကားပျိုး (ကျမ်းတက်) ပုံ နည်းယူရန်		....	....	၂၀၅
လက်ဘက်ဗျာ နိုင်နှင်းသောဆရာတော်		....	....	၂၀၆
ကောလာဟလငါးပါး ဆောင်ပုဒ်....		....	....	၂၀၆
ကျမ်း၏အဆုံး နိဂုံးဂါထာ အနက်ပေးပုံ		....	....	၂၀၇
ဒုါစတ္တာလီသမပိုင်း		....	....	၂၀၈
ဋီကာကျော်နိဿယသစ်		....	....	၂၀၈
ဆရာတော်ကိုယ်စား အဘိုးတန်နည်းပြကျမ်းကြီး			....	၂၁၁
ကတ္တားငါးတန် ထုတ်နည်း		....	....	၂၁၁
ပါဠိဘာသာအားဖြင့် ထုတ်ပြဟန်			....	၂၁၂
ဟောတ် စေတ္ထ-ပုဒ် အနက်ပေးပုံ	....	....	....	၂၁၂
နနုစ....ဝိရောဓောတိ-ပုဒ် အနက်ပေးပုံ			....	၂၁၃
ကေစိ ပန ဣမမတ္ထံ....ကာရဏံ-ပုဒ် အနက်ပေးပုံ....			....	၂၁၄
ပါဝင်သည့် အချက်အလက်များ	....	....	....	၂၁၄
ခဲယဉ်းစွာ ရိုက်နှိပ်ခဲ့ရသော ဋီကာကျော် နိဿယကျမ်း			....	၂၁၅
ဒုတိစတ္တာလီသမပိုင်း	....	....	....	၂၁၆
သမ္မောဟဝိနောဒနီ အဋ္ဌကထာ နိဿယသစ်		....	....	၂၁၆
စတုစတ္တာလီသမပိုင်း	....	....	....	၂၁၉
ကခ်ီဋီကာသစ်ပါဠ်	....	....	....	၂၁၆

အကြောင်းအရာ				စာမျက်နှာ
ဆရာတော်၏ ကခ်ီဋ္ဌိကာသစ် နိဿယသစ်	....	....		၂၁၇
ဆရာတော် အရှင်ပညာ ကခ်ီဋ္ဌိကာသစ်ချစဉ်က နမော တဿအနက် ပေးပုံ	....	....		၂၁၇
ကိုဠေတ္ထဝါကျ ထားပုံ အဆုံးအဖြတ်	....	....		၂၁၉
ဆရာတော် အရှင်ပညာ၏ ကိုဠေတ္ထဝါကျ အနက်ယောဇနာပုံ	....	....		၂၂၀
ပဥ္စစတ္ထာလီသမပိုင်း	....	....	....	၂၂၂
ဝိနိစ္ဆယမျိုးစုံ	....	....	....	၂၂၂
(၁) ပါဒဝိနိစ္ဆယ		....	....	၂၂၂
(၂) သတ္တာဟကရဏီယဝိနိစ္ဆယ		....	....	၂၂၂
(၃) သာမဏေဖြစ်၍ကထိန်အာနိသင်လည်းရကြောင်း အဆုံးအဖြတ်				၂၂၂
(၄) ပဝါရဏာဝိဝါဒ ဝိနိစ္ဆယစာတမ်း		....	....	၂၂၃
(၅) ဝိသုံဂါမဝိနိစ္ဆယ		....	....	၂၂၃
(၆) ဂါမသီမာဝိနိစ္ဆယ		....	....	၂၂၃
(၇) ဒေသနာကြားပုံ ဝိနိစ္ဆယ		....	....	၂၂၄
(၈) ပဋိညာယ ကာရေတဗ္ဗော ဝိနိစ္ဆယ		....	....	၂၂၄
(၉) ကောဘာဇန ဝိနိစ္ဆယ		....	....	၂၂၃
(၁၀) နိဿယ နိဿိတသိမ်များသမ္ဗေဒ အဇ္ဈောတ္ထရဏာ ဖြစ်မဖြစ် ဝိနိစ္ဆယ	....	....	....	၂၂၄
(၁၁) သိမ်းကူးနည်း ဝိနိစ္ဆယ		....	....	၂၂၄
(၁၂) ဆောင်းနွေ ရေနိမိတ်ကြားလျှင် အပ်,မအပ် ဝိနိစ္ဆယ		....		၂၂၄
(၁၃) မင်းပြောင်း နယ်ပြောင်းလျှင် ဝိသုဂါမ မပျက်ကြောင်း ဝိနိစ္ဆယ				၂၂၄
(၁၄) သူကြီးက ဝိသုံဂါမပေးလျှင် မအပ်ကြောင်း ဝိနိစ္ဆယ		....		၂၂၄
(၁၅) အခွန်မကောက်ရသေးသောမြေဂါမခေတ် မည်မမည်အဆုံးအဖြတ်				၂၂၄
(၁၆) ကျောင်းတိုက်အလယ်၌ သိမ်သမုတ်ထိုက်, မထိုက်, အဆုံးအဖြတ်				၂၂၄
(၁၇) မဟာသိမ်,ခဏ္ဍသိမ် သမုတ်ပုံ အဆုံးအဖြတ်		....		၂၂၅
(၁၈) သီမာသမ္ဗေဒ ဝိနိစ္ဆယ		....	....	၂၂၅
(၁၉) သမာနသံဝါသက ကမ္မဝါစာနိဂုံး၌ သာ-ပါသင့်, မပါသင့်, ဝိနိစ္ဆယ				၂၂၅
(၂၀) ရေနိမိတ် ဝိနိစ္ဆယ်		....	....	၂၂၆
(၂၁) ပိုအဆုံးအဖြတ်		....	....	၂၂၆
(၂၂) ပခုက္ကူဆင်လမ်း မြောက်ကျောင်းအရံနှင့်စပ် ဝိဝါဒါဓိကရဏ်း အဆုံးအဖြတ်		....	....	၂၂၇

အကြောင်းအရာ စာမျက်နှာ

ဆစတ္တာလီသမပိုင်း ၂၂၃

ရွှေစက်တော် ဘုရားဖူးကြွခြင်း.... .... ၂၂၃

ပခုက္ကူ ပခန်းကြီးနယ် ဒုတိယဂိုဏ်းချုပ် ၂၂၈

မဟာသံဃရာဇာ သာသနာပိုင်ဆရာတော်အမိန့် ၂၂၈

ဝိသုဒ္ဓသီလာစာရ သီရိပဝရ ဓမ္မာသေနာပတိ မဟာသံဃရာဇာ
သာသနာပိုင်အမိန့်တော် ၂၂၈

ဒုတိယ ဂိုဏ်းချုပ်တံဆိပ်အပ်နှင်း စာချွန်တော် ၂၃၀

ဝိသုဒ္ဓသီလာစာရ သီရိပဝရ ဓမ္မာသေနာပတိ မဟာသံဃရာဇာ
သာသနာပိုင် ဆရာတော်ကြီး အမိန့်တော် ၂၃၀

သတ္တစတ္တာလီသမပိုင်း ၂၃၁

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းသမိုင်း ၂၃၁

အဂ္ဂမဟာပဏ္ဍိတ ကပ်လျှုထိုက်သော အရည်အချင်းများ ၂၃၂

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ပုဂ္ဂိုလ်များ ၂၃၃

အဋ္ဌစတ္တာလီသမပိုင်း ၂၄၅

ဆရာတော် အရှင်ပညာ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို
အလှူခံ ရရှိတော်မူခြင်း ၂၄၅

တံဆိပ်တော် ဆက်ကပ်ပွဲ အစီအစဉ် ၂၄၅

မဟာသံဃရာဇာ သာသနာပိုင် ဆရာတော်ဘုရားကြီးထံ
ဘတ်လျှောက်ဆက်ကပ်အပ်သော ထောပနာစာတမ်းဘုရား ၂၄၉

မဟာမုနိဘုရား ဘဏ္ဍာတော်ထိန်း လူကြီးများ ၂၅၄

မဟာသံဃရာဇာ သာသနာပိုင် ဆရာတော် အမိန့်တော် ၂၅၄

တန္ခစ် နှစ်ကြိမ်ကျ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်လှူဒါန်းပုံ ၂၅၆

ကိုးနပညာသမပိုင်း ၂၅၉

မကွေးခရိုင် ဒုတိယသုဓမ္မာဝင် ၂၅၉

မဟာသံဃရာဇာ သာသနာပိုင် ဆရာတော်အမိန့်တော် ၂၅၉

မဟာသံဃရာဇာ သာသနာပိုင်ဆရာတော် ၂၆၀

ပညာသမပိုင်း ၂၆၀

မဟာဝိသုတာရာမိက ဂဏဝါစကနိကာယကြီး ပေါ်လာပြီ ၂၆၀

ကြိုးပမ်းသော်လည်း မအောင်မြင် ၂၆၃

ရည်ရွယ်ချက် ၃-ခု ၂၆၃

	စာမျက်နှာ
အကြောင်းအရာ	
နိကာယသို့ ဝင်နိုင်ရန် စည်းကမ်းချက် ၂-ခု	၂၆၀
မဟာဝိသုတာရာမိက ဂဏဝါစကနိကာယကြီး စတင်စည်းဝေခြင်း....	၂၆၁
အလယ်သိမ်ကျောင်းတော်ကြီး အောက်ထပ်မြင်ကွင်း	၂၆၂
ဆရာတော်ကြီး ၃-ပါးအား သံဃာ့အဖွဲ့အစီးကို ဦးဆောင်ရန် လျှောက်ထားခြင်း	၂၆၃
မင်္ကေးဆရာတော် ဦးနာရဒ၏ လျှောက်လွှာစာတမ်း ...	၂၆၃
ဒုတိယနေ့ ဆက်လက်စည်းဝေး မဟာဝိနာယက ဆရာတော်ကြီးသုံးပါး	၂၆၄
မဟာဝိသုတာရာမိက ဂဏဝါစက နိကာယာ ဓိပတိဖြစ်ခြင်း	၂၆၆
မိန့်ခွန်းတော်အကျဉ်း	၂၆၆
ပဌမအကြိမ် နိကာယ် အစည်းအဝေး ညှိုဝတ်ကျေပုံ ဆရာတော် ဦးနာရဒမှတ်တမ်း	၂၆၈
မဟာဝိသုတာရာမိက ဂဏဝါစကနိကာယ အစည်းအဝေးအပြီး ဦးမြမောင် ဖတ်လျှောက်အပ်သော သြဘာစာတမ်း	၂၇၀
စာသင်တိုက်ခဲ့ ၁၅၀-ကျော် ကျောင်းခဲ့ပေါင်း ၃၀၀၀-ကျော်	၂၇၂
ကေပညာသမပိုင်း	၂၇၃
ပဌမပြန် စုံစမ်းရေး အဖွဲ့ဝင်ဖြစ်၍ ဆောင်ရွက်ခြင်း	၂၇၃
တောင်တန်းဒေသ သာသနာပြန့်ပွါးအောင်ပြုတော်မူကြ	၂၇၃
တောင်တန်းသာသနာပြု ဘုရားရှင်....	၂၇၃
တောင်တန်းသာသနာပြု အရှင်မင္ဂလဇ္ဈိကထေရ်....	၂၇၄
တောင်တန်းသာသနာပြု အရှင်မဇ္ဈိမထေရ်....	၂၇၄
မြန်မာ့ တောင်တန်းသာသနာပြု အာဇာနည်များ	၂၇၅
အင်္ဂလိပ်ခေတ် တောင်တန်းသာသနာပြု ဆရာတော်များ	၂၇၅
လဝဦးစိန္တာမဏိနှင့် ဦးဥက္ကံသမာလာ....	၂၇၅
ဆရာတော် ဦးဥတ္တမသာရ....	၂၇၆
ပခုက္ကူမဟာဝိသုတာရာမတိုက် ချင်း ၃-ဦး ရှင်ပြုပွဲကြီး	၂၇၆
ဆရာတော်ဦးပညာကြောင့် တောင်တန်းသာသနာပြု အဖွဲ့ကြီးပေါ်ခဲ့	၂၇၇
တပည့်များ ချင်းဇူတောင် သိမ်သမုတ်စေလွှတ်ခြင်း....	၂၇၇

		စာမျက်နှာ
အကြောင်းအရာ		
ဒွိပညာသမပိုင်း	....	၂၇၀
နေတ္တိပါဠိတော်နှင့်အခြံအရံကျမ်းများ....	....	၂၇၀
တိပညာသမပိုင်း	....	၂၇၉
ဆရာတော် အရှင်ပညာဏရ နေတ္တိကျမ်း ချပို့တော်မူခြင်း	....	၂၇၉
တထာ ဟိ-ပုဒ် အနက်ပေးပုံ	....	၂၈၄
နနုစ-ပုဒ် အနက်ပေးပုံ	....	၂၈၇
ဧတ္ထာဟ-ပုဒ် အနက်ပေးပုံ	....	၂၁၀
သေသံ သုဝိညေယျန္တိ နှ ဟပဋိတံ-ပုဒ် အနက်ပေးပုံ	....	၂၈၉
ဣတိအတ္ထော-ပုဒ် အနက်ပေးပုံ	....	၂၈၉
ကိဉ္စာပိ-ပုဒ် အနက်ပေးပုံ....	....	၂၉၀
ဌပနာပဋ္ဌက ပုဒ် ထုတ်ပုံ....	....	၂၉၁
ယထာဟ-ပုဒ် အနက်ပေးပုံ....	....	၂၉၁
ယန္နူနာဟ-ပုဒ်အနက်ပေးပုံ....	....	၂၉၃
သြဝါဒပါတိမောက်ဝေါ ဂါထာအနက်	....	၂၉၃
ဂဏနပရိစ္ဆေဒေါ ပုဒ် အနက်ပေးပုံ....	....	၂၉၄
ဝုတ္တဉ္ဉေတံ သင်္ဂဟသု-ပုဒ် အနက်ပေးပုံ	....	၂၉၄
ဧသေဝ နယော-ပုဒ် အနက်ပေးပုံ....	....	၂၉၅
သာမညဝိဓိ ,ဝိသေသဝိဓိခဲ့ပုံ....	....	၂၉၅
နေတ္တိပါဠိတော်လာ ဂါထာနက်....	....	၂၉၆
မဇ္ဈိမပဏ္ဏာသ ရဋ္ဌပါလသုတ်လာ ဂါထာနက်	....	၂၉၆
ဥဒါန်းပါဠိ ကုမာရကသုတ်လာ ဂါထာနက်	....	၂၉၇
ကိဉ္စာဘိယျောပုဒ် အနက်ယောဇနာပုံ	....	၂၉၇
သိစေလိုသည့်စေတနာပို့၍ ဖော်ပြခဲ့....	....	၂၉၇
စတုပညာသမပိုင်း		၂၉၈
ပါရာဇိကဏ်ပါဠိ, အဋ္ဌကထာ, ဋီကာကို ချပို့တော်မူခြင်း	....	၂၉၈
နမော တဿအနက်	....	၂၉၈
ဆရာတော်၏ ဘုရားဂုဏ်တော် ၉-ပါးအနက်	....	၂၉၉
အရဟံဂုဏ်တော်	....	၂၉၉

အကြောင်းအရာ				စာမျက်နှာ
သမ္မာသမ္ဗုဒ္ဓဂုဏ်တော်	....	....	....	၃၀၁
ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်	....	....	....	၃၀၁
သုဂတဂုဏ်တော်	....	....	....	၃၀၁
လောကဝိဒူဂုဏ်တော်	....	....	....	၃၀၃
အနုတ္တရဂုဏ်တော်	....	....	....	၃၀၄
ပုရိသဒမ္မသာရထိဂုဏ်တော်	....	....	....	၃၀၄
အနုတ္တရော ပုရိသဲ ဒမ္မသာရထိ ဂုဏ်တော်		....	....	၃၀၅
သတ္ထာဒေဝမနုဿာနံဂုဏ်တော်	....	....	....	၃၀၅
ဗုဒ္ဓေါဂုဏ်တော်	....	....	....	၃၀၆
ဘဂဝါဂုဏ်တော်	....	....	....	၃၀၆
ဘုရားဂုဏ်တော်အကျဉ်း	....	....	....	၃၀၇
ပါရာဇိကဏ်ခဏ္ဍ အနက်တန္ဒါ	....	....	....	၃၀၉
ဘဂဝါ-အနက်	....	....	....	၃၀၉
ဗုဒ္ဓေါ-အနက်	....	....	....	၃၀၉
ဘော-အနက်	....	....	....	၃၀၉
ဂေါတမော-အနက်		....	....	၃၀၉
ကိတ္တိသဒ္ဒေါ-အနက်		....	....	၃၁၀
ကေမန္တံ-အနက်	....	....	....	၃၁၀
ဇိဏ္ဏော-အနက်	....	....	....	၃၁၀
ဝေယျာ အနုပုတ္တော-အနက်		....	....	၃၁၀
တထေဝ-အနက်	....	....	....	၃၁၀
ပါပကာနံ-အနက်		....	....	၃၁၀
ဘဂဝါ-အနက်	...	....	....	၃၁၀
ပါဏုပေတံ-အနက်		....	....	၃၁၀
ဒုဿီလျကွော-အနက်	....	....	....	၃၁၀
ဒုဿီလိတိကာ-အနက်		....	....	၃၁၀
သေတဋ္ဌိကာ-အနက်		....	....	၃၁၀
သေတဋ္ဌိကာ-အနက်		....	....	၃၁၀
သလာကာ ဝုတ္တာ-အနက်		....	....	၃၁၀
နသုကရာ ဥဇ္ဇုနပဂ္ဂဟေန ယာပေတုံ အနက်ယောဇနာပုံ			....	၃၁၀

အကြောင်းအရာ			စာမျက်နှာ
ကိ ံ နုခေါ....ဥဒုက္ခလသဒ္ဒါတိ အနက်ယောဇနာပုံ....		....	၃၁၀
ပစ္ဆိမာ အတိမညိဿတီတိ အနက် ယောဇနာပုံ		....	၃၁၁
ကေမန္တံ နိသိဒိ အနက်ယောဇနာပုံ		....	၃၁၁
ပဋ္ဌပညာသမပိုင်း (က)		....	၃၁၂
အဘိဓမ္မာပိဋကကို ထပ်မံ၍ နောက်ဆုံး ပို့ချတော်မူခြင်း		...	၃၁၂
အဋ္ဌသာလိနီချပို့စဉ် အနက်ပေးပုံ နည်းအမြွက်		....	၃၁၂
ယဒါ ဟဝေ သုံးဂါထာ ပါဠိတော်နိဿယ		....	၃၁၃
အနေကဇာတိသံးသာရံ ဥဒါန်းပါဠိဂါထာနိဿယ		....	၃၁၆
ပစ္ဆိမဗုဒ္ဓဝစနအနက်		....	၃၁၉
ဆရာတော် အရှင်ပညာ၏ ဘာသာဝိလာသသာကာရ....		....	၃၂၀
ဒုက္ခာ သရီရဿ စ ဘေဒနံ အနက်ပေးပုံ		....	၃၂၀
ယံနူနိမံ ပုတိကာယံ....အနုတ္ထိကော အနက်ပေးပုံ		....	၃၂၀
ယထာပိ ပါပေ....အဇာတိပိစ္ဆိတဗ္ဗကံ အနက်ပေးပုံ....		....	၃၂၀
ယထာပိ ကုဏပံ ပုရိသော....သယံဝသီအနက်ပေးပုံ....		....	၃၂၁
ယထာပိ ဇုဏ္ဏံ နာဝံ....သာမိကာ ဂါထာ အနက်ပေးပုံ		....	၃၂၁
သင်္ကော ဒေဝါနမိန္ဒော ပုဒ် အနုက်ပေးပုံ		....	၃၂၁
ကိ ံ မေ အညာတဝေသေန ဂါထာနှင့် အနက်ယောဇနာ		....	၃၂၂
ပဿထ ဣမံ တာပသံ ဂါထာနှင့် အနက်ယောဇနာ....		....	၃၂၂
န ဟိ ဓမ္မော အဓမ္မော စ ဂါထာနှင့် အနက်ယောဇနာ		....	၃၂၃
အရှင်မဟာဗုဒ္ဓဃောသဆုတောင်း ၄-ဂါထာနှင့် အနက်ယောဇနာ....		....	၃၂၃
ပဋ္ဌပညာသမပိုင်း (ခ)		....	၃၂၅
မူလဋီကာကို နိုင်နင်းစွာချပို့ခြင်း		....	၃၂၅
သန္နိဝေသ ၅-ဂါထာ ပါဠိနိဿယ		....	၃၂၅
ဆပညာသမပိုင်း		....	၃၂၈
နမော တဿ အနက်များ		....	၃၂၈
တနည်း ဆရာတော်ဘုရားကြီး၏ နမော တဿ အနက်		....	၃၂၈
တနည်း ဆရာတော်ဘုရားကြီး၏ နမော တဿအနက်		....	၃၂၈
တနည်း ဆရာတော်ဘုရားကြီး၏ နမော တဿအနက်		....	၃၂၉
တနည်း ဆရာတော်ဘုရားကြီး၏ နမော တဿအနက်		....	၃၃၀

အကြောင်းအရာ			စာမျက်နှာ
သတ္တပညာသမပိုင်း	....	....	၃၃၁
ရေကန်ကြီး ဦးစီးဆည်ဖို့တော်မူခြင်း	....	....	၃၃၁
နွားသားရှောင်ကြဉ်ရေး တရား ဟောတော်မူခြင်း....		....	၃၃၁
နွားသား မစားထိုက်ကြောင်း လက်ံ	....	....	၃၃၂
နွားသား မစားထိုက်ကြောင်း ဆေ၁င်ပုဒ်များ	....	....	၃၃၃
အဋ္ဌပညာသမပိုင်း	....	....	၃၃၄
ဦးတေဇိန္ဒကို ခွေးပြုတ်ရှာဌ် ကျောင်းထိုင်သာသနာပြုစေခြင်း		....	၃၃၄
ကျေနသဋ္ဌိမပိုင်း	....	....	၃၃၅
အနယ်နယ်အစုံစုံ အမြိုမြိုအရှာရှာတို့ဌ် သိမ်သမုတ်ခြင်း		....	၃၃၅
သဋ္ဌိမပိုင်း	....	....	၃၃၆
ထောင်ပေါင်းများစွာသော ပညာရှိတပည့်တွေ	....	....	၃၃၆
ကသဋ္ဌိမပိုင်း	....	....	၃၄၀
ဂိုဏ်းပေါင်းစုံ မဟာသံဃအစည်းအဝေးကြီး	....	....	၃၄၀
အစည်းအဝေးအတွက် ဝတ္ထုငွေ အလှူ။ ရှင်များ	....	....	၃၄၂
အစည်းအဝေးတွင် ပါဝင်သော ဆရာတော်များ	....	....	၃၄၂
အာထူးအမှုဆောင် ဆရာတော်များ	....	....	၃၄၄
ဆရာတော်ဘုရားကြီး သာသနာစည်ပင်အောင်ပြု အကြံပေးစကား မြွက်ခြင်း	....	....	၃၄၅
နှုတ်ဆက်စကားနှင့်တူ	...	....	၃၄၆
ဒွါဒသဋ္ဌိမပိုင်း	....	....	၃၄၇
မြတ်ဘုရားရှေတိုကို ဆရာတော်များ ဖူးမြော်ခြင်း....		....	၃၄၇
ရွှေရောင်အောက်က သက်ံန်းရောင်ဖြင့် လွန်စွာကျက်သရေရှိ		....	၃၄၇
ဆရာတော်ဘုရားကြီး မြတ်ဘုရားရှေတိုကို နောက်ဆုံးဖူးမြော်		....	၃၄၇
ဗိုလ်ချုပ်အောင်ဆန်းအား သြဝါဒပေးတော်မူခြင်း		....	၃၄၈
ပခုက္ကူပြန်ကြွတော်မူခြင်း	....	....	၃၄၉

အကြောင်းအရာ			စာမျက်နှာ
တိသင်္ဒိမပိုင်း	....	....	၃၄၉
ထင်ရှားသောဆရာတော်များနှင့် သာသနာရေးကိစ္စ ဆွေးနွေးခြင်း			၃၄၉
ဖက်ပင်အိုင့်ဆရာတော်နှင့် သာသနာရေးကိစ္စ ဆွေးနွေး	....		၃၄၉
အရှင်ပညာထေရ်နှင့် အရှင်နာရဒ	....	....	၃၅၀
အရှင်ပညာနှင့် အရှင်အဂ္ဂမမ္မာဘိဝံသ	....	....	၃၅၁
အရှင်ပညာ နှင့်အရှင်နန္ဒဝံသ	....	....	၃၅၁
အရှင်ပညာနှင့် အရှင်စက္ကပါလ	....	....	၃၅၂
အရှင်ပညာနှင့် အရှင်သုန္ဒရမဟာထေရ်	....	....	၃၅၂
အရှင်ပညာနှင့် ရတနာဘုံပျံဆရာတော် အရှင်ကေတုမာလာ	....		၃၅၂
အရှင်ပညာနှင့် အရှင်စက္ကိန္ဒ	....	....	၃၅၃
အရှင်ပညာနှင့် ပေါင်လောင်ဆရာတော် ဦးကေသရ	....		၃၅၃
အရှင်ပညာနှင့် အရှင်အာလောက	....	....	၃၅၄
မာန်မာနနှိမ့်ချသော ဆရာတော်	....	....	၃၅၄
စတုသင်္ဒိမပိုင်း	....	....	၃၅၄
နောက်ဆုံးစာဝါများ ချပို့တော်မူခြင်း	....	....	၃၅၄
စာဝါများ ရပ်ရပြီ	....	....	၃၅၅
ပဉ္စသင်္ဒိမပိုင်း	....	....	၃၅၆
သီဟိုဠ်ဒေရှင်ဘုရားကြီး ကောလာဟလဖြစ်	....	....	၃၅၆
သက်ကြီးရွယ်အိုတို့ပြောကြ	....	....	၃၅၆
မြို့ပေါ်ဒကာ, ဒကာမတွေ နားစွင့်နေကြ	....	....	၃၅၆
တော်သလင်းလဆုတ် ၂-ရက်နေ့ ငလျင်လှုပ်	....	....	၃၅၇
ဆဋ္ဌသင်္ဒိမပိုင်း	....	....	၃၅၆
ပြန်လွန်တော်မူကာနီး ပဋ္ဌိစ္စသမုပ္ပါဒ်ကို ကိုယ်တိုင်ရွတ်	....		၃၅၇
နတ်သားနတ်သမီးတို့ ကြိုဆိုမြွှောလင့်ကြ	....	....	၃၅၈
ဘုရားသဗ္ဗညုကျေးဇူးဆပ်ရစ်ကြ	....	....	၃၅၈
ကိုရင်တွေ စိတ်ရှည်ရှည်မွေးကြ	....	....	၃၅၉
သံဃာကိစ္စမမွေ့ကြနဲ့ စာဝါတွေလွယ်လွယ်နဲ့ မဖျက်ကြနဲ့	....		၃၅၉

အကြောင်းအရာ			စာမျက်နှာ
မိမိလုပ်နေကျကျင့်ဝတ်တွေအတိုင်း မြူလုပ်ကြ	....	....	၃၅၉
မမေ့မလျော့ကြနဲ့	....	....	၃၆၀
သတ္တသဋ္ဌမပိုင်း	....	....	၃၆၀
မဟာဝိသုတာရုမ နေတဆူ လတစင်း ကုယ်ဝင်ခဲ့ပြီ		....	၃၆၀
ခေါင်လောင်းသံ, ထိုးစည်သံ, ကြေးစည်သံ, တုန်းသံတွေ		....	၃၆၁
ငိုပဲ့ ယိုပဲ့ ပြိုလဲဆူညံ	....	....	၃၆၁
ရဟန်း သံဃာတော်တို့ သံဝေဂဖြစ်ကြ	....	....	၃၆၂
ပထဝီမြေကြီး တုန်လှုပ်ခဲ့	....	....	၃၆၂
ရင်သပ်ရှုမော အံ့သြကြ	....	....	၃၆၂
အဋ္ဌသဋ္ဌမပိုင်း	....	....	၃၆၃
သံဝေဂ ယူရန်	....	....	၃၆၃
တနည်း သံဝေဂယူရန်	....	....	၃၆၃
တနည်း သံဝေဂယူရန်	....	....	၃၆၄
ကေသတ္တတိမပိုင်း	....	....	၃၆၄
ဝမ်းနည်းကြောင်း သဝဏ်လွှာတွေ	....	....	၃၆၄
ကိုဏ်းပေါင်းစုံ မဟာသံဃအဖွဲ့ချုပ်ကြီး၏ တာဝန်ခံ အထူးအမှုဆောင် အဖွဲ့မှ ဝမ်းနည်းကြေကွဲကြောင်း ဆက်ကပ်လွှာ		....	၃၆၄
သတ္တတိမပိုင်း	....	....	၃၆၇
သာဓုကီဠနသဘင် ဆင်ယင်ကျင်းပ, အရိုးဌာပနာ		....	၃၆၇
ကေသတ္တတိမပိုင်း	....	....	၃၆၈
ဆရာတော်ဘုရားကြီးများ၏ သြဝါဒများ	....	....	၃၆၈
သီလ,သုတစွယ်စုံ လှုအောင်နေကြ	....	....	၃၆၈
ပရိယတ်, ပဋိပတ် နှစ်ရပ်ဓုရ မယွင်းကြနဲ့	....	....	၃၆၉
လမင်း အသွင် ကျင့်ကြ,ထာဝစဉ် လူသစ်ဖြစ်အောင် နေကြ		....	၃၆၉
ရန် ရန်ချင်း မတုံ့လျှင်းနဲ့	....	....	၃၇၀
သီကြားမင်း ဖြစ်ကြောင်း ၇-ပါး	....	....	၃၇၁
လူမိုက် ကဲ့ရဲ့မှာလဲမကြောက်နဲ့ လူမိုက်ချီးမွမ်းမှာလို့လဲ ဝမ်းမမြောက်နဲ့			၃၇၂

အကြောင်းအရာ				စာမျက်နှာ
သဒ္ဓမ္မ, အသဒ္ဓမ္မ သြဝါဒတော်	....	....	....	၃၂၂
အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်ပညာ မဟာထေရ်၏ (ပခုက္ကူစာသင်နည်း နိဿယည်း) သြဝါဒမိန့်ခွန်း			....	၃၂၄
ဒုဒါသတ္တတိမပိုင်း	....	....	....	၃၂၂
ဆရာတော်ဘုရားကြီး၏ ရှုပ်တုတော်		....	....	၃၂၂
တိသတ္တတိမပိုင်း	....	....	....	၃၂၈
မဟာထေရလိတကျမ်း အပြီးသတ်ခြင်း		....	....	၃၂၈
ဗဟုသုတ ဖြစ်စရာတွေနှင့် အတုယူစရာတွေ		....	....	၃၂၈
မဟာထေရလိတ နိဂုံး	....	....	....	၃၂၉

မဟာထေရလိတကျမ်း မာတိကာ ပြီး၏။

ဘုန်းတော်ဘွဲ့ ဂါထာကိုးဆယ် ပါဠိနိဿယ နိဒါန်း

မာတိကာ

အကြောင်းအရာ စာမျက်နှာ

ထူးမြတ်သော ဆရာတော်ကြီး ၃၀၄

ပခုက္ကူဆရာတော် ၃၀၄

ဆရာတော် အရှင်ပညာထံ ၃-လခန့် မှီခိုရ ၃၀၅

ဆရာတော် သီတင်းသုံးသည့်ကျောင်း နေထိုင်၍
သာသနာပြုခွင့်ရ ၃၀၅

ဘုန်းတော်ဘွဲ့ ဂါထာကိုးဆယ်ပါဠိနိဿယ ရေးသားခြင်း ၃၀၅

ပခုက္ကူမြို့ မဟာဝိသုတာရုံတိုက် ဆရာတော်ဘုရားကြီး၏
ဘုန်းတော်ဘွဲ့ ဂါထာကိုးဆယ်ပါဠိ နိဿယ ၃၀၇

အရှင်ပညာမဟာထေရ် သာသနာ့ဝန် ဆောင်ရွက်ခြင်း ၃၀၇

ပညာဖြင့် လမ်းကောင်းညွှန်ခဲ့ ၃၀၇

ပုဂံမြို့တော်နှင့် ပုပ္ပါးတောင် အကြား ခွေးပြုတ်ရွာကြီး ၃၀၈

ဆရာတော် အလောင်းအလျာ သန္ဓေတည် ၃၀၈

ဖွားမြင်တော်မူခြင်း ၃၀၉

မြေငလျင်လှုပ်,လျှပ်စီးလက်,မိုးတွန်ရာ ၃၀၉

ကျက်သရေမင်္ဂလာနှင့်ပြည့်စုံ သာသနာ့ဝန်ဆောင် ဖြစ်မည် ၃၀၉

မိဖများ ဖြစ်ကြသော ဦးပျော့, ဒေါ်မင်းဂုဏ်တို့ ဝမ်းမြောက်ကြ ၃၁၁

မောင်ပေါ် ဉာဏ်ဟု နာမည်မှည့်ခေါ်ကြ ၃၁၁

ဆရာတော် ဦးနန္ဒမာလာ နှင့် ဦးဉာဏထံ ပညာသင် ၃၁၁

သာမဏေဝတ်ခြင်း ၃၁၁

ဆရာတော် ဦးဉာဏထံ ပညာသင် ၃၁၂

ဆရာတော် ဦးအာစာရထံ ပညာသင်ခဲ့ခြင်း ၃၁၂

ဆင်ဖြူကျွန်း စေတီလှကျောင်းတိုက် ဦးသီရိမင်္ဂလထံ ပညာသင် ၃၁၃

မြောက်ကြီး ရွာဝန်စာရေးတိုက် ဦးမေဓာထံ ပညာသင် ၃၁၃

အကြောင်းအရာ		စာမျက်နှာ
ရှင်မေခမှ ရှင်ပညာ ပြောင်းလဲ မှည့်ခေါ်ခြင်း	....	၃၉၃
ရေစကြိုဆရာတော် ဘုရားကြီး ပခုက္ကူ၌ စာချ	....	၃၉၄
ရှင်ပညာ ရေစကြိုဆရာတော်ဘုရားကြီးထံ ရောက်ပြီ	....	၃၉၄
အရှင်ဂန္ဆသာရထံ ကျမ်းဂန်များစွာ ပညာသင်ယူ	....	၃၉၄
ရဟန်းဘဝ ဒုလ္လဘသို့ ရောက်ခြင်း	....	၃၉၅
ဥပဇ္ဈာယ်ဆရာတော် အရှင်ဉာဏထေရ်	....	....	၃၉၅
ရဟန်း ဒါယကာနှင့် ဒါယိကာမ	....	....	၃၉၆
သာသနာပြုပုဂ္ဂိုလ်ထူး ပြုလုပ်ရန်ကြံစည်	....	....	၃၉၆
အရှင်ဂန္ဆသာရထံ ဆက်လက်ပညာသင်	....	....	၃၉၆
တိပိဋကာ ကျမ်းတတ် ပညာရှင်ကြီး ဖြစ်ပြီ	....	....	၃၉၇
အရှင်ဂန္ဆသာရ၏ သတ္တိနှင့် ဗျတ္တိ အရှင်ပညာနှလုံးအိမ်ရောက်	....	၃၉၇
အရှင်ဂန္ဆသာရ ထေရ် လေလား	....	....	၃၉၈
ဂဏဝါစက စာချဉာနန္တရသို့ ရောက်ပြီ	....	....	၃၉၈
မန္တလေးရွှေမြို့တော်	....	....	....	၃၉၉
မန္တလေး အရွှေပြင် ခင်မကန်တိုက်၌ အဘိဓမ္မာညဝါသင်ယူ	....	၃၉၉
မဟာမြတ်မုနိဘုရားအနီး ရွှေရေးဆောင်ကျောင်းတိုက်ကြီး	....	၃၉၉
ရွှေရေးဆောင် ဆရာတော်ဦးကြည်ထံ ပညာသင်	....	၄၀၀
ဖက်ပင်အိုင့် ဆရာတော်ထံ ရောက်ရှိ ဝိနိစ္ဆယစုဆောင်း	....	၄၀၀
ထိပ်တန်းပညာရှိအဖြစ်သို့ ရောက်ခြင်း	....	....	၄၀၀
မဟာဝိသုတာရုမ နိကာယတက္ကသိုလ်၌ သီတင်းသုံးစာချ	....	၄၀၁
ကျော်စောသံ တနိုင်ငံလုံးနှံ့	....	....	၄၀၂
မဟာဝိသုတာရုမတိုက်ကြီး၏ အဓိပတိဖြစ်	....	....	၄၀၂
နေ့ညမပြတ် ဇွဲလုံ့လဖြင့် စာပေချပို့	....	....	၄၀၂
ရဟန်းသာမဏေများစွာတို့ တပည့်ခံလာ ပညာသင်ကြ	....	၄၀၃
ပျော်ရွှင်ကြ, နှစ်သက်ကြ, အေးချမ်းကြ, ချမ်းသာကြ	....	၄၀၃
တိုက်တာဦးစီး, ကျမ်းဂန်ပြု စာချပညာရှင် များစွာတို့ပါရှိ	....	၄၀၄
ဝိနည်း, ပိဋကမိုး ရွာသွန်းပေးခဲ့	....	....	၄၀၄
သူတွန်ပိဋကမိုးရေဖြင့် အေးမြချမ်းကြည်စေခဲ့	....	....	၄၀၅
အာဘိဓမ္မာမိုးရေ တိုက်ကျွေးနှစ်သက်စေခဲ့	....	....	၄၀၅
ပိဋကတ်သုံးပုံ တတ်မြောက်လွန်းလှပါ၏	....	....	၄၀၅
ဒီဃနိကာယ် နတ်သုဓာကျွေးတော်မူခဲ့	....	....	၄၀၆
မဇ္ဈိမနိကာယ် နတ်သြဇာ ကျွေးတော်မူခဲ့	....	....	၄၀၆
သံယုတ္တနိကာယ် နတ်သြဇာကျွေးမွေးခဲ့	....	....	၄၀၆

အကြောင်းအရာ				စာမျက်နှာ
အင်္ဂုတ္တရနိကာယ် သြဇာဖြင့် ရွှင်လန်းစေခဲ့	....	....		၄၀၇
ခုဒ္ဒကနိကာယ်အပါအဝင် ကျမ်းစာများ ချပို့ သာသနာပြု	....			၄၀၇
အုံသြဘွယ်ရာ ကြက်သီးကောင်းလှပါဘိ အရှင်ဘုရှပညာတော်....				၄၀၇
သီမာဝိနိစ္ဆယကျမ်းပြုစု	....	....	....	၄၀၈
မင်္ဂလသုတ္တနိဿယသစ် ပြုစုတော်မူခြင်း	....	....		၄၀၈
မင်္ဂလာဒိဝိနိစ္ဆယကျမ်း ကြိုးပမ်းစီရင်တော်မူခြင်း			....	၄၀၈
ဋီကာကျော်နိဿယကျမ်း ကြိုးပမ်းစီရင်တော်မူခြင်း			....	၄၀၉
သမ္မောဟဝိနောဒနီအဋ္ဌကထာနိဿယ ပြုစီရင်ခြင်း			....	၄၀၉
ကခ်ီဋီကာသစ် နိဿယ ပြုစုတော်မူခြင်း	....	....		၄၀၉
ဝိနိစ္ဆယမျိုးစုံပြုစီရင်ခြင်း	....	....	....	၄၁၀
ပခုက္ကူ, ပခန်းကြီးဂိုဏ်းချုပ်	....	....	....	၄၁၀
သုဓမ္မာဆရာတော် တာဝန်ကိုထမ်းဆောင်	....	....		၄၁၀
အဂ္ဂမဟာပဏ္ဍိတဘွဲတံဆိပ်တော် အလှူခံရရှိခြင်း	....		....	၄၁၁
ဂဏမဟာဝိနာယကဖြစ်၍ သာသနာပြုခြင်း	....	....		၄၁၁
ပေဘဲမဏ္ဍိုင်, ရာဇဂြိုဟ်, ကုသိနာရုံစသည်ကြွ ကုသိုလ်ဆည်းပူး	....			၄၁၁
လူမိုနဉ္ဇယျဥဉ်သို့လည်း ကြွရောက်သံဃဂယူခဲ့	....	....		၄၁၂
သီဟိုဠ်ကျန်းသို့ ကြွတော်မူခြင်း	....	....		၄၁၂
အနုရာဓမြို့တော်ဟောင်းကြွ စေတီပုထိုးများဖူးမြော်	....			၄၁၃
ပုလတ္ထိမြို့ကြွ စေတီပုထိုးများဖူးမြော်	....	....		၄၁၃
စတုတ္ထသံဂါယနာတင်ရာ အာလောကလိုဏ်ဖူးမြော်ပူဇော် သံဃဂဖြစ်	....	....	....	၄၁၃
ကန္ဒီမြို့ ဘုရားစွယ်တော်ဖူးမြော်	....	....	....	၄၁၄
ရွှေစက်တော်ဘုရားဖူး ကြွတော်မူခြင်း	....		....	၄၁၄
နိကာယ်စာသင်တိုက်ကြီးများ တည်ထောင်ခြင်း			....	၄၁၅
အနယ်နယ်အစိုးစို အမြို့မြို့ အရွာရွာ သိမ်များသမုတ်ခြင်း			....	၄၁၅
ပဌမပြန် စာမေးပွဲ စိစစ်ရေးအဖွဲ့၌ ပါဝင်ဥပဒေရေးဆွဲခြင်း			....	၄၁၅
နှားသား မစားရေး တရားဟောတော်မူခြင်း	....	....		၄၁၆
ရန်ကုန်မြို့ မဟာသံဃာ့သာမဂ္ဂီ အစည်းအဝေးကြွ သြဝါဒပေး			....	၄၁၆
တောင်တန်းသာသနာပြု ရွှေဆောင်ခရီးညွှန်ပုဂ္ဂိုလ်	....			၄၁၆
ဘုရားရှင်တမန်တော်ဖြစ်၍ ပရိယတ္တိသာသနာပြု	....	....		၄၁၇
ရဟန်းရှင်လူတို့၏အကျိုး သည်ပိုး ကျင့်ဆောင်တော်မူခဲ့	....	....		၄၁၇
ဝိသုတစိန္တာမဏိ, ဝိသုတမြင်းမိုရ်	....	....		၄၁၈

အကြောင်းအရာ				စာမျက်နှာ
မြန်မာ့သာသနာ့ကောင်းကင်တွင် လမင်းအသွင် ထင်ရှားခဲ့	....			၄၁၈
မြန်မာ့သာသနာ့ကောင်းကင်တွင် နေမင်းအသွင် ထင်ရှားခဲ့	....			၄၁၈
တိပိဋကစူဠဘယထေရ်အသွင် ထင်ရှားခဲ့	....	....		၄၁၈
ဣန္ဒြိယသံဝရသီလနှင့် ပြည့်စုံ	....	....	....	၄၂၀
အာဇီဝပါရိသုဒ္ဓိသီလနှင့်ပြည့်စုံ	....	....	....	၄၂၀
ပစ္စယသန္နိဿိတသီလနှင့်လည်းပြည့်စုံ	....	....		၄၁၂
သမာဓိဂုဏ်နှင့်လည်းပြည့်စုံ	....	....	....	၄၁၂
ပညာဂုဏ်နှင့်လည်းပြည့်စုံ	....	....	....	၄၁၂
ပြန်လွန်တော်မူပြီ, လောကဓမ္မတာမမြဲ		....	....	၄၂၂
ကြည်ညိုဖို့ သံဝေဂရဖို့ ဤကျမ်းဖွဲ့ဆိုရေးသား	....	....		၄၂၂
ဘုန်းတော်ဘွဲ့ဂါထာကိုးဆယ် ပါဠိနိဿယကျမ်း အရှင်ကေလာသပြုစုသောကျမ်းများ	....	....		၄၂၅

မာတိကာ ပြီးပြီ။

ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက်ကြီး၏မဟာနာယကအဂ္ဂမဟာပဏ္ဍိတ အရှင်ပညာ ဆရာတော်ဘုရားကြီး၏

မဟာထေရလင်္ကာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဗုဒ္ဓပဏာမ

မဟာပညော မဟာဉာဏီ၊ ဘဝပင်္ဂ် ပမောစယီ။
ဝေနေယျေ မဟာပညာယ၊ ဝန္ဒေ တံ သိရသာဒရံ။

မဟာဉာဏီ=မဟာသမုဒ္ဒရာ ထက်အာကာ ကောင်းကင်သဖွယ် ကြီးကျယ်သော ပညာရှိတော်မူသော။ ယော မဟာပညော=သုံးလောကတွင် အတုမဲ့ပညာရှင်ကြီး ဖြစ်တော်မူသော အကြင်မြတ်စွာဘုရားသည်။ ဝေနေယျေ=နှစ်ဆယ့်လေးသခေါ် ကုဋေခြောက်ဆယ် စွန်းကယ်တသိန်း တွက်ကိန်းများလှ ဝေနေယျတို့ကို။ မဟာပညာယ=ထူးမြတ်လှစွာ ဒေသနာပညာဖြင့်။ ဘဝပင်္ဂ်=လွန်စွာနစ်ကျွံ ဘဝသံသရာ ညွှန့်ပင်္ဂက်မှ။ ပမောစယီ=ဆဲ့ယူထုတ်ဖော်လွတ်စေတော်မူခဲ့လေပြီ။ တံ မဟာပညံ=သုံးလောက မဏ္ဍိုင်ဝယ် ပြိုင်ဖက်မပေါ်ထူးမြတ်သော ပညာရှင်ကြီး ဖြစ်တော်မူသော ထိုမြတ်စွာဘုရားကို။ အဟံ=အရှင်ကလောသ နာမသမုတ် အကျွန်ုပ်သည်။ သိရသာ= ဦးခေါင်းရတနာမြတ်အင်္ဂါဖြင့်။ အာဒရံ=လေးမြတ်ကြည်ညို ရှိသေလှစွာ။ ဝန္ဒေ=ရှိသေမြတ်နိုးရှိခိုးဦးချပါ၏။ ဝါ=ချီးမွမ်းသြဘာ ထောမနာပါ၏။

ဓမ္မပဏာမ

မဟာပညောပိ ဘာဝေတ္ဝာ၊ သစ္ဆိကတ္ဝာ နိရန္တရံ။
မဟာပညတ္တာ သမ္မဒတ္တာ၊ နမော တံ ဓမ္မမုတ္တမံ။

မဟာပညောပိ= ကြီးကျယ်များမြတ် ပူဇော်အပ်သော ဘုရားရှင်သည်သော်လည်း။ ယံ ဓမ္မံ=အကြင် မဂ် ဖိုလ် နိဗ္ဗာန် ဓမ္မကျန်ဟု ဆယ်တန်ထင်ပေါ်တရားတော်မြတ်ကို။ နိရန္တရံ=အစဉ်မပြတ် ကြားမလပ်အောင်။ ဘာဝေတ္ဝာ=ဖြစ်စေတော်မူ၍ပင်း။ ဝါ= ပွါးများတော်မူ၍ပင်း။ သစ္ဆိကတ္ဝာ= ကိုယ်ထိ

လက်ရောက် မျက်မှောက်ပြုတော်မူ၍၎င်း။ မဟာပညတ္တံ၁= သုံးလောကတွင် အတုမဲ့ပညာရှိ ဘုရားရှင်၏အဖြစ်သို့။ ဝါ=သုံးလောကတွင် အတုမဲ့ ပညာရှိ ပညာရှင်၏ ဖြစ်ကြောင်း ဖြစ်ရာ သဗ္ဗညုတဉာဏ်တော်သို့။ သမွတ္တော= ကိလေသာအလုံး ခေျမှုန်း ဖျက်ဖျောက် ရောက်တော်မူခဲ့လေပြီ။ ဥတ္တမံ= မြတ်သော။ တံ ဓမ္မံ=ထိုမဂ် ဖိုလ် နိဗ္ဗာန် ဓမ္မကျန်ဟု ဆယ်တန်ထင်ပေါ် တရား တော်မြတ်ကိုလည်း။ နဒမော=ညွတ်ခကိုင်းရှိုင်းပါ၏။ ဝါ=ရှိသေမြတ်နိုး ရှိခိုး ဦးချပါ၏။

သံဃပဏာမ

ပညဝတံ ပညဝတော၊ မာရာရိသုဝိဃာတိနံ။
ပုတ္တာနံ အရိယသံဃံပိ၊ ဂဏံ ဝန္ဒာမိ အာဒရံ။

ပညဝတော=အတုမမြင် သဗ္ဗညုတ ပညာရှင်ကြီး ဖြစ်တော်မူသော မြတ်စွာ ဘုရား၏။ ပညဝတံ=မဂ်ပညာ, ဖိုလ်ပညာ ရှိတော်မူကြကုန်သော။ မာရာရိ-သုဝိဃာတိနံ=မာရ်ဒေဝရာဇ်နှင့် မာရ်ဒေဝရာဇ်၏နတ်မင်းစစ်ကို မြစ်ရင်းမကျန် အပြီးတိုင် တွန်းလှန်ခေျမှုန်း ဖျောက်ဖျက်တော်မူကြကုန်သော။ ပုတ္တာနံ= လွန်မြတ်ထူးခြား သားတော်တို့၏။ ဂဏံ=သခ်္ဃာတွက်စစ် ရှစ်ယောက်အပေါင်း ဖြစ်သော။ အရိယသံဃံအပိ=အရိယာသံဃာတော်မြတ်ကိုလည်း။ အာဒရံ= မြတ်လေးကြည်ညို ရှိသေလှစွာ။ ဝန္ဒာမိ=လက်ဖူးပဒုမ် ထိပ်ဝယ်ပုံ၍ ယုံကြည် ရှိကျိုး ရှိခိုးပါ၏။

မဟာဃေရပဏာမ

မဟာပညံ သုပညာတံ၊ ပညာတပညသာသနေ။
ပညာယ နိစ္စသံယုတ္တံ၊ ပညံ ဝန္ဒာမိ အာဒရံ။

မဟာပညံ=ကောင်းကင်သမုဒ္ဒရာ ပမာဏိုင်းဘုယ် ကြီးကျယ်သောပညာ ရှိတော်မူသော။ ပညာတပညသာသနေ= ကျော်စောလှစွာ. ပညာရှင်ကြီး ဖြစ်တော်မူသော ဘုရားသဗ္ဗညု သာသနာတော်၌။ သုပညာတံ=နိုင်ငံလွှမ်းပေါ် လွန်စွာကျော်စောတော်မူသော။ ပညာယ=အရာရာတွင် ဆင်ခြင်နိုင်းညို အသိ

၁။ မဟာပညတ္တံ၌ ဆန်းကြောင့် နိဂ္ဂဟိတ် ချေထားရာ ဆောင်၍ ယောဇနာသည်။ ဆန်းကြောင့်မသွေ ယွင်းပျက်ကြေ ဆောင်လေ နက်ပေးခါ။ ဆန်းကြောင့်မသွေ ပိုလျှံပေ ပယ်လေ နက်ပေးခါ- ဟူသော ပရိဘာသာနှင့် အညီတည်း။

၂။ တံ ဓမ္မံ၌ စ,အပိ,ပိ—တို့ ဂမျမန်။

ပညာနှင့်။ နိစ္စသံယုတ္တံ=မကွာအစဉ် အမြဲထာဝရယှဉ်တွဲမူသော။ ပညံ= မဟာဝိသုတာရုမ နိကာယဂိုဏ်း သမိုင်းထင်ပေါ် အရှင်ပညာဆရာတော် ဘုရားကြီးကို။ အာဒရံ=လေးမြတ်ကြည်ညိုရိုသေလှစွာ။ ဝန္ဒာမ်=ဆယ်လက် မြောက်မိုး ရှိခိုးဦးချပါ၏။

အဘိယာစကနှင့် ပဋိညာဉ်

ယာစိတောဟံ ကရိဿာမိ၊ ပညာတေန သုဓီမတာ။
ဥပါသကေန ပညဿ၊ ဥပ္ပတ္တိဒီပကံ သုဘံ။

အဟံ=အရှင်ကေလာသ ခေါ်ဝေါ်ကြသား နှစ်ပါးနာမ်ရုပ် အကျွန်ုပ်သည်။ သုဓီမတာ=များဖြင့်လောက်ငံ ပညာဉာဏ်နှင့် ပြည့်စုံသော။ပညာတေန= သာသနာ့အကျိုး,လောကအကျိုးကို သည်ဦးဆော်အော ကျော်စောထင်ရှား သော။ဥပါသကေန=ပခုက္ကူမြို့ မဟာဝိသုတာရုမ ဂေါပကအဖွဲ့, သီဟိုဠ်ရှင် ဘုရားကြီး ဂေါပကအဖွဲ့ စသည့်သီးခံ အဖွဲ့အစည်းတို့၏ အကြီးအချုပ် ဥက္ကဋ္ဌ ဖြစ်သော တိုင်းပညာဝန် အငြိမ်းစား ဥပါသကာကြီး ဦးတင်ဦးသည်။ ယာစိ-တောဟံ=ရိုသေညွတ်ခ တောင်းပန်အပ်သည်ဖြစ်၍။ ပညဿ=အဂ္ဂမဟာပဏ္ဍိတ မဟာဝိသုဘာရုမ သံဃနာယက အရှင်ပညာဆရာတော်ဘုရားကြီး၏။သုဘံ=စု, လယ်,အဆုံး အလုံးစုံ တင့်တယ်သော။ဥပ္ပတ္တိဒီပကံ=ထူးခြားကဲ့လုံ အဖြစ်တော် မျိုးစုံကိုပြ ထုဆစ်ပုတ်ခြင်းပကာသနည်းသော မဟာဟေရလိသာကျမ်းကို။ ကရိဿာ-မိ=ဂန္ထဓုရ ကိစ္စလပ်လျှား ခွါနှင်အကြားဒ္ဒ အားသစ်ကြိုးပမ်းပြုစုပါအံ့။

ပဏာမ အဘိယာစက ပဋိညာဉ်ပြီး၏။

၁။ ဆရာတော် အရှင်ပညာ အနုပုဗ္ဗီကို ရေးရန်ဖြစ်၍ ပဋိညာဉ်ကို များစွာသုံး၍ ပဏာမပြုသည်။

ပဌမပိုင်း

မြန်မာဝေါဟာရနှင့် မြန်မာတို့စတင်ခြင်း

မြန်သည်၊ မာသည်-ဟူသော အကြောင်းကို စဲ့၍ "မြန်မာ"ဟု ခေါ်ဝေါ်ကြောင်း ဝေါဟာရတ္ထပကာသနီကျမ်း[၁] ဆို၏။ မြန်-သဒ္ဒါ စစ်ချီတက် တိုက်ခိုက်ခြင်းမှစ၍ ခက်ခဲသော အကြောင်းအရာ အချက်အလက်နှင့် တွေ့ဆုံကြုံကြိုက်သည့်အခါ၊ ယင်းအရေးအခင်းကို ပြီးစီးအောင်မြင်ရန် ဇဝနဉာဏ်, တခ်ဏုပ္ပတ္တိဉာဏ်တို့ဖြင့် လျင်မြန်ပါးနပ်သော စွမ်းရည်သတ္တိဂုဏ်နှင့် ပြည့်စုံခြင်းတရပ်, မာ-သဒ္ဒါမှာ မည်သည့်အမှုကိစ္စကိုမဆို လိုရာဆန္ဒ အာသီသ နှလုံးသွင်းအတိုင်း ပေါက်မြောက်အောင် မလျော့သော ဇွဲလုံ့လဖြင့် ဇာတိသေ့း ဇာတိမာန် ခက်ထန် တင်းမာသော သတ္တိဂုဏ်နှင့် ပြည့်စုံခြင်းတရပ်၊ ဤနှစ်ရပ်သော မြန်-သဒ္ဒါ, မာ-သဒ္ဒါတို့ကို တွဲစပ်၍ ခေါ်ဝေါ်ခြင်းဖြစ်သည်။ ရှင်းရှင်းဆိုရသော် လျင်မြန်သော ဉာဏ်ပညာလည်းရှိ, သတ္တိဂုဏ်နှင့်လည်း ပြည့်စုံသော လူမျိုးဟူလိုသော်။

ထို့ကြောင့် ဂေါတမမြတ်စွာ ပုဂ္ဂံတော် မမူခင်ကပင် တကောင်းပြည် အဘိရာဇာမင်းကြီး လက်ထက်က စတင်၍ မြန်မာ့ဦးစွန်း ထွန်းခဲ့ရကား မြန်မာပြည် မြန်မာဘုရင် မြန်မာ့အမျိုးသား, မြန်မာ့အမျိုးသို့ဟူ၍ ထင်ရှားပေါ်လွင်ကာ ကမ္ဘာတွင် ကျော်ကြားခဲ့လေသည်၂။

သမ္မာသမ္ဗုဒ္ဓတော ပုဗ္ဗေ၊ မြန်မာ့ဇာတိ ပဝတ္တတိ။
မြန်မာ့ရာ့ဇာမြန်မာ့မစ္စာ၊ ပသိဒ္ဓါ ဇဂတီတလေ။

မြန်မာပြည်တည်ရာနှင့်အကျယ်အဝန်း

ဖော်ပြပါ မြန်မာ့အမျိုးသား အမျိုးသို့ဟူသော မြန်မာလူမျိုးတို့နေထိုင်ရာ မြန်မာနိုင်ငံသည် အိန္ဒိယကျွန်းဆွယ် အရှေ့ဖက်၌ တည်ရှိလေသည်။ အရှေ့ဖက်၌ ယိုးဒယားနိုင်ငံ, အနောက်ဖက်၌ အိန္ဒိယနိုင်ငံ တည်ရှိလေသည်။ တောင်ဖက်၌ မုတ္တမပင်လယ်ကွေ့နှင့် မလေးရှားနိုင်ငံ တည်ရှိ၍ မြောက်ဖက်၌ တရုပ်နိုင်ငံ တည်ရှိလေသည်။ စတုရန်းမိုင် ၂၆၁,၀၉-ကျယ်ဝန်း၍ အလျားမိုင် ၁,၂၀၀-နှင့် အနံမိုင် ၅၇၅-မိုင် ရှိလေသည်။တော ဧတောင်ဂနိုင် မြို့ငိစိမ့်စမ်း မြစ်ချောင်းစသည်တို့ဖြင့် ပျော်ရွှင်စရာလည်း ကောင်းလှ၏။

စတုန္နံ ရဋ္ဌသေဋ္ဌာနံ၊ ဝေမဇ္ဈေ သုပုဒ္ဓံ ဘဝိ။
ဝိသာလံ ဝိတ္ထိန္နံစေဝ၊ အတိဝ ရာမဏီယကံ။

၁။ ဝေါဟာရတ္ထပကာသနီ-၅၅၀။ ၂။ ရွှေနန်းသုံး ဝေါဟာရအဘိဓာန်-၂၅၇-လည်းကြည့်။

နိုင်ငံထွက်ကုန်များ

ဖော်ပြပါ ငါတို့ပျော်ရာ မြန်မာနိုင်ငံကား သဘာဝပစ္စည်း ပေါများကြွယ်ဝသောနိုင်ငံဖြစ်လေသည်၊ ဆန်စပါး, ရေနံ, ကျွန်းသစ်, နှမ်း, မြေပဲ, အခြားပဲမျိုးစုံ, ချည်မျှင်ရှည်ဝါ, သံဖြူ, သံ, ခဲ, ဘော်, ခဲမဖြူ, အဖြိုက်နက်, ကြေးနီ, တန်စတင်, ကျောက်မီးသွေး, ဘရိုက်တီး, ကျောက်သတ္တု, ကျောက်စိမ်းကျောက်မျက်ရတနာအမျိုးမျိုး, ထုံးကျောက်, ဘယဆေး, ဗဟျိုးနီးယားဆေး, ကြက်ပေါင်စေး, ကုံလျှော်, အာလူး, ပြောင်းဖူးစေ့, သကြား, ဆား, ဘိလပ်မြေ, ဆပ်ပြာ, မီးခြစ်ဖယောင်း, ဓာတ်ဆီ, ဒန်အိုး ဒန်ခွက်, အိမ်ရိုက်သံ, အထည်အလိပ်, စီးကရက်, ပုလဲ, ပယင်း, ယွန်းထည်, စက္ကူ, မြေဩဇာစသည်တို့ အမိမြန်မာ မြေကမ္ဘလာမှ ထွက်ကုန်၏။

မရမ္မသုပုရံ နာမ၊ မဟာရဋ္ဌရတနာလယံ။
အာလယံ နေကဝတ္ထူနံ၊ နာနာဇနေဟိ မာနိတံ။

ယင်း မြန်မာနိုင်ငံတော်၌ ဘုရားရှင်လက်ထက်မှစ၍ ဘုရားမြတ်စွာ သာသနာရောက်ရှိခဲ့ပြီး သာသနာ သက္ကရာဇ် ၂၃၆-ခုနှစ်မှစ၍ ဆက်တိုက် ယနေ့တိုင် သာသနာထွန်းကားရာ နိုင်ငံတော်အဖြစ် ကမ္ဘာတွင်အထင်ရှားဆုံးဖြစ်လေသည်။ သံဂါယနာခြောက်ကြိမ်အနက် မြန်မာနိုင်ငံသည် ပဉ္စမ သံဂါယနာသဘင်နှင့် ဆဋ္ဌသံဂါယနာသဘင်တို့ ဆင်ယင်ကျင်းပရာ နိုင်ငံတော်လည်းဖြစ်လေသည်။ မြန်မာနိုင်ငံနှင့်စပ်၍ သက္ကရာဇ် ၁၂၇၆-ခုနှစ်က သီဟိုဠ်ကျွန်း ပါနာဒူရမြို့ အဘယကရုဏာရတနာမုဒ္ဒိန္ဒရာရာမကျောင်းတိုက် အဓိပတိ မဟာကဝိ အရှင်မေဓာနန္ဒက—

မြမ္မဝှယံ ပရမရမ္မမုဒ္ဓရဇဘာဂ-
ဘာရဝတိဏ္ဏတိဒသာလယဘာဂသောဘံ။
ဘော သာသနဝစရ သာဝက စိဝရေဟိ၊
ပဇ္ဇောတတ္ထိ ဝိဇိတံ သိရိမဇ္ဈဒီပေ။
သမ္မဒ္ဓသာသနစိရဋ္ဌိတိယာ ဝသီဟိ၊
သဂိတိ ပဉ္စမိယဟိံ ပရိနိဋ္ဌိတာသိ။
လက္ခိ ပုရိ ရတနပုဉ္ဇပုရိပုရေဝ၊
သတ္တာဿဒါ လသတိ ဒါနိပိ ကာမဒါသာ[၁]—

ဟု ဖွဲ့တော်မူခဲ့လေသည်—

၁။ အစ္ဆရိယာပဒါန စမ္မူ- ၂။

ဒုတိယပိုင်း

သာစ္ဒ ပုဂံရွှေပြည်

ပုဂံရွှေပြည်သည် လွန်စ္ဓာသာယာ ပြောစည်လှ၏၊ ရောက်ရှိသူတိုင်း၏စိတ်နှလုံးကို ယူကြုံးဆွဲဆောင်နိုင်၏၊ မိုးနိုးပါး မြင့်မားပြီး, အနုပညာ လက်ရာ ပြောင်မြောက်လှသော စေတီပုထိုးများ, ကျောင်းတိုက်, ပိဋကတ်တိုက် အဆောက်အဦးကြီးများ စသည်တို့ဖြင့် တင့်တယ်မဆုံး, လေလာရှုမှတ် သုတေသနပြု၍ မကုန်နိုင်အောင်ရှိလေသည်။ ယင်း သာစ္ဒ ပုဂံရွှေပြည် ပုဂံမြို့တော်သည် မြင်းခြံခရိုင် အတွင်းပါဝင်ပြီး ရောဝတီ မြစ်နဒီ၏ အရှေ့ဖက်ကမ်း, ညောင်ဦးမြို့ မြောက်ဖက် ၄-မိုင်ခန့် အကွာတွင် တည်ရှိလေသည်။

ယင်း သာစ္ဒ ပုဂံရွှေပြည်နှင့် စပ်၍—

အရိမဒ္ဒနံ ပြည်ပေါက္ကံ×ကျုံးသုံးတန်ရံ၊ နော်ရထာမင်းမြတ် ပျော်စံ၊ နတ်နန်းဝေယန်–ထိန်လျှံဓာတ်မွေပေါင်း ×ကိန်းအောင်းရယ်ကြေညာ[၁]-စသည်ဖြင့် ကဝိစာဆိုတို့ ဖွဲ့ဆိုခဲ့ကြကုန်၏။

တမ္မဒီလယ် နက်သံဝယ် တဆယ်ကိုး ဂါမံ၊
ပေါက္ကာရာမ ဘွဲ့ပုံသ နာမ အမည်ခံ[၂]။

ဟူသည်နှင့်အညီ တမ္မဒီပတိုင်းဟူ၍ သမုတ်ပညတ် ခေါ်ဝှေါ်အပ်သော မြန်မာလူမျိုးတို့ဌာနီ မြန်မာပြည်တွင် အောင်မြေဘူမိ စစ်မှန်သော ယုံလွှတ်ကျန်းအရပ်၌ (၁) ညောင်ဦး (၂) နဂါးဗိုလ် (၃) နဂါးကြီး (၄) မန်ကျည်ကြီး (၅) ထူတည် (၆) ကျောက်စကား (၇) ကုတ်ကဲသိမ် (၈) ညောင်ဝန်း (၉) အနုရာဓ (၁၀) တန်ဆောင်းကွန်း (၁၁) ရွာမုံး (၁၂) ကြင်လို (၁၃) ကုက္ကို (၁၄) တောင်ပ (၁၅) မြေခဲတွင်း (၁၆) သရက်ရ (၁၇) အုံများ (၁၈) ရွာစိုက် (၁၉) ယုန်လွှတ်ကျန်း-ဟူသော ၁၉-ရွာတို့ကို သုပညာနဂရဆိန္နမင်း၏ တူအရင်းဖြစ်သော သမုတိရာဇ် (သမုဒ္ဒရာဇ်) မင်းသည် အုပ်ချုပ်ပြီးလျှင် ယုန်လွှတ်ကျန်းအရပ်ကို ပေါက္ကာရာမအမည်ဖြင့် သမုတ်၍ စိုးစံတော်မူခဲ့လေသည်။ ယင်းပုဂံမြို့တော်၌ သမုတိရာဇ်မင်း အစ, စောမွန်နစ်အဆုံး မင်းဆက်ပေါင်း ၅၇-ဆက် စိုးစံတော်မူခဲ့ကြကုန်၏။

မင်းစဉ်စိုစို ပုဂံမြို့ မချို သတ်ပဋ္ဌာ[၃]။

။ မဟာ ဂီတပေါင်းချုပ်- ၂၀၀။ ၂။ ပုဂံမင်းဆက်ရာဇဝင်သံခိပ် -၁၊ ၂။
၃။ ပုဂံမင်းဆက် ရာဇဝင်သံခိပ်-၆၃။

ပုဂံမြို့ အမည် အမျိုးမျိုး

ယင်း သာဝစ္ဆ ပုဂံရွှေပြည်သည်—

၁။ ပေါက္ကာရာမ၊
၂။ အရိမဒ္ဒန၊
၃။ ပုဏ္ဏကာမ၊
၄။ ပုဏ္ဏဂါမ၊
၅။ ပြုဂါမ၊
၆။ တမ္ဗဝတီ၊
၇။ သီရိပစ္ဆယာ၊
၈။ သမ္ပုဏ္ဏဂါမ၊
၉။ ပဿုပလာသ၊
၁၀။ နဂရုတ္တမ၊
၁၁။ ပရမပုရ၊
၁၂။ သမာဓိနဂရ၊
၁၃။ တမ္ဗဒေသ၊
၁၄။ ဝေလုဏရာမ၊
၁၅။ ပုဂံ-ဟူသော အမည် ၁၅-မျိုးတို့ဖြင့်လည်း ခေတ်အဆက်ဆက်တွင် ထင်ရှားခဲ့လေသည်။

ပေါက္ကာရာမာဒိနာမေဟိ၊ ပသိဒ္ဓံ မြန်မာ့ဘူတလေ။
ပုဂံ ပုရံ သုရဋ္ဌံ တံ၊ အတီဝ ရာမဏီယကံ။

လိုဏ်ဂူနှင့် ဘုရားပုထိုးများ

ဖော်ပြပါ နာမည် ၁၅-မျိုးတို့ဖြင့် ကမ္ဘာတရိုး၌ ထင်ရှားခဲ့သော ပုဂံရွှေပြည်၌ များလှစွာသော လိုဏ်ဂူ ဘုရားပုထိုးတို့ တည်ရှိကုန်၏။ ဤမျှလောက် ဘုရား ပုထိုး ပေါများသော မြို့ပြဒေသဟူ၍ ကမ္ဘာ၌ မရှိနိုင်ချေ။

ပုဂံရွှေပြည် ပုဂုံမြို့တော်၌ ဘုရားဆူရေပေါင်း ၄-သန်း ၄-သိန်း ၈-သောင်း ၆-ထောင် ၇-ရာ ၃-ဆဲ့ ၃-ဆူ(၄၄၈၆၇၃၃)ရှိကြောင်း "လှည်းဝင်ရိုးသံ တည့်သည် ပုဂုံဘုရားပေါင်း"ဟူသော ဆောင်ပုဒ်ဖြင့် ရှေးသူဟောင်းတို့ မှတ်တမ်းတင်ခဲ့ကြကုန်၏။ ၎င်းဘုရား ပုထိုးများအနက် ဂ-သိန်း ၄-သောင်း ၆-ထောင် ၄-ရာ ၄-ဆဲ့ ၄-ဆူ (ဂ၄၆၄၄၄)တို့ ကမ်းပါးပြိုသဖြင့် ရေတွင်းကျ၍ ပျက်စီးကုန်ပြီ

ဖြစ်ကြောင်းကိုလည်း "ရှေလသာ ဝါဝါဝင်း မြတ်ဇနော်တို့ ရေချိုးဆင်း"ဟူ
ဇသာ ဆောင်ပုဒ်ဖြင့် မှတ်တမ်းပြုခဲ့ကြကုန်၏။

စတုတ္တာလီသလက္ခဉ္ဆ၊ အဋ္ဌနဟုတိကမ္ပိ စ။
ပုန ဆသဟာဿဉ္ဆေဝ၊ စေတိယံ သတ္တသတမ္ပိ ။
ပုန တေတ္တိံသကဉ္ဆေဝ၊ ပုဂါမေ စေတိယံ ဘဝေ။

အများသိ တန်းခိုးကြီး ဘုရား ပုထိုးများ

ဖေဘ်ပြပါ ၄၄၈၆၇၃၃-ဆူတို့အနက်

၁။ ငှက်ပစ်တောင်ဘုရား
၂။ ရှေစည်းခုံဘုရား
၃။ ကျန်စစ်သား ဥမင်ဘုရား
၄။ ဂူပြောက်ကြီးဘုရား
၅။ တရုပ်ပြေး ဥမင်
၆။ ထီးလိုမင်းလိုဘုရား
၇။ ဥပါလိသိမ်
၈။ မင်းအိုချမ်းသာဘုရား
၉။ အာနန္ဒာဘုရား
၁၀။ ရှေဆံတော်ဘုရား
၁၁။ ဓမ္မရုံကြီးဘုရား
၁၂။ စူဠာမုနိဘုရား
၁၃။ သမ္ဗဉ္ဇုဘုရား
၁၄။ ရှေဂူကြီးဘုရား
၁၅။ မဟာဗောဓိဘုရား
၁၆။ ပူးဘုရား
၁၇။ အတွင်းစည်းခုံဘုရား
၁၈။ ကန့်တော်ပလ္လင် (ဂေါဓောပလ္လင်)ဘုရား
၁၉။ မင်္ဂလာစေတီဘုရား
၂၀။ မြစေတီဘုရား
၂၁။ မန္တဟာဘုရား
၂၂။ နန်းဘုရား

၂၃။ နဂါးရုံဘုရား

၂၄။ လောကနန္ဒာဘုရား

၂၅။ ဆပဒ္မဘုရား

၂၆။ တုပ်ဝပ်တောင် စွယ်တော်ရှင်ဘုရား- စသည်တို့ကား ယခု တိုင် တည်ရှိတော်မူကုန်သည့် အမျှားသိ တန်ခိုးကြီးဘုရားတို့ ဖြစ်ကုန်၏[1]။

အဓုနာပိ စေတိယာနိ၊ ပုဂါမေ ပုရဝရေ သုဘေ။

ဗဟုလေဟိ မနုဿေဟိ၊ သက္ကတဂရုကတာနိ ဝေ။

ရွေးချယ်၍ ဘာန္ဒေတွယ်ခဲ့

ပခုက္ကူမြို့ မဟာဝိသုတာရာမ ကျောင်းတိုက်ကြီး၏ အဓိပတိ မဟာနာယက အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာ လောင်းလျှာသည် ဘုရားရှင် သာသနာကို ထူးထူးခြားခြား စွမ်းစွမ်းတမံ ပြုလုပ် ကျင့်ဆောင်မည်ဖြစ်သဖြင့် ဘုရားရှင်၏ ဓာတ်တော် မွေတော်များ ကိန်းဝပ်စမြာယ်ရာ စေတီပုထိုးတို့ အတုမဲ့ပေါများသော ပုဂံမြို့၏ အနီးဒေသ၌ ပုဗ္ဗကတ ပုညန္ဒိုးနွယ် သန္ဓေတွယ်တော်မူခဲ့ခြင်း ဖြစ်လေသည်။

ပုဂါမပုရသေဋ္ဌဿ၊ အာသန္နေ နိဗ္ဗတ္တောာ ဘဝိ။

ကွဒံ ဟိ ဗုဒ္ဓစက္ကဿ၊ ဇုတိကံရဏလက္ခဏံ။

သံဃာ့ဂိုဏ်းကြီးများ

အနောရထာမင်းသည် အရှင်အရဟံကို ဆရာပြု၍ သာသနာတော်ကို များစွာ ချီးမြှောက်သည်သာမက သထုံမှ ပင့်ဆောင်တော်မူခဲ့သော သံဃာတော် ၃၀၀၀-တို့အနက် သံဃာတော် ၁၅၀၀-တို့ကို ဌက်ပစ်တောင်ကြီးဂိုဏ်း, သံဃာတော် ၅၀၀-တို့ကို မြင်းကပါကြီးဂိုဏ်း, တဖန် သံဃာတော် ၅၀၀-တို့ကို တူရင်းတောင်ကြီးဂိုဏ်း, ထပ်မံ၍ သံဃာတော် ၅၀၀-တို့ကို တာမဏ်ကြီးဂိုဏ်း ဟူ၍ သံဃာ့ဂိုဏ်းကြီး ၄-ဂိုဏ်းဟု အသိအမှတ် ပြုတော်မူ၍ တံဆိပ်လေးစင်း မှန်ကင်းလေးရပ် ပစ္စည်းလေးပါးဖြင့် ချီးမြှောက်တော်မူခဲ့လေသည်။

သံဃာ့ဂိုဏ်းကို ဦးစီးမည့် အမှတ်လက္ခဏာ

ဖော်ပြပါ သံဃာ့ဂိုဏ်းကြီးများအပြင် နောက်ထပ်၍ နတ်ထောင့်ဂိုဏ်း, ကံစွယ်ဂိုဏ်း, ရေကြည်ဂိုဏ်း စသည့် သံဃာ့ဂိုဏ်းဂဏကြီးတို့၏ ကြီးပွါးစည်ပင်

၁။ ယင်း ပုဂံဘုရား ပုထိုးများမှာ ၁၃၃၇-ခု ဝါဆိုလဆန်း ၁-ရက် အင်္ဂါနေ့ ညနေ ၆-နာရီ မိနစ် ၃၀-ခန့်တွင် လှုပ်သော ငလျင်ဒဏ်ကြောင့် များစွာပျက်စီးရာ ထပ်မံ၍ ပြင်ဆင်ရန် ကြိုးပမ်းဆဲ ရှိကြကုန်၏။

ရာ ပုဂံမြို့တော်အနီး၌ သန္ဓေဆက်သွယ်ခဲ့ခြင်းသည် မဟာဝိသုတာရုမ ဂဏ် ဝါစက နိကာယကြီး၏ ဦးစီးဦးကိုင်ပြုမည့် အတိတ်နိမိတ်ပင် ဖြစ်လေသည်။

နေကေသံ ဘိက္ခုဂဏာနံ၊ ဥပဂတ္တိသေဌဘူတလေ။
ဥပဂူနမို ထေရဿ၊ သုစာရုလက္ခဏံ ဘဂေ။

ပညာရှင်တို့ ပေါ်ထွန်း သီတင်းသုံးရာ

ပုဂံမြို့တော်သည် ဘုန်းမီး နေ လ တောက်ပသော ဘုရင်မင်းအပေါင်းတို့၏ သိရိကျက်သရေ တက်ဖြိုးဝေသည့် အောင်မြေ ဖြစ်သကဲ့သို့ ဘုရားသားကျော် သံဃာတော်တို့ သာသနာပြုရာ ဒေသမဇ္ဈန်လည်း ဖြစ်ပေသည်။ ဘုရားရှင် လက်ထက်က ပါရမီရှင် ပုဂ္ဂိုလ်ထူးတို့ ပေါ်ထွန်းရာ မဇ္ဈိမဒေသကဲ့သို့ ယင်း ပုဂံရွှေပြည်၌ သီလ သမာဓိ ပညာဂုဏ်ရည် ပေါစည်ပြည့်ဝသော သာသနာ ဝန်ထမ်းတို့ ပေါ်ထွန်း သီတင်းသုံးခဲ့ကြကုန်၏။

ပုဂါမ မဏ္ဍလံ နာမ၊ ပဏ္ဍိတာနံ သုဝိညူနံ။
ဥပဂတ္တိ နိဝါသဋ္ဌာန- ဘာဂေန ပါကဋံ ဘဂေ။

ရွှေစည်းခုံဘုရား, ဟန်ကြည့်စွယ်တော်ဘုရား, တူရွန်းတောင်ထိပ်ဘုရား စသည့် စေတီပုထိုး များစုတို့၏ ဒါယကာ သာသနာပြုဘုရင် အနောရထာမင်း ဆရာ အရှင် အရဟံထေရ်သည် ဤ ပုဂံမြို့တော်၌ အရည်းကြီး ခြောက်သောင်း တို့၏ ဝိပရိ ဖောက်ပြား အယူမှားကို ပယ်ရှား ဖျက်ဆီးတော်မူ၍ သမ္မာသမ္မုဒ္ဓ မြတ်စွာဘုရား၏ ထေရဝါဒ သာသနာကို ပရိနိဗ္ဗာန် စံသည့်တိုင်အောင် ပြုလုပ် ကျင့်ဆောင်တော် မူခဲ့သည်[၁]။

ပုဂံသာသနာဝင်တွင် ထင်ရှားသော အရှင်ဂုဏသာရသည် အရှင်အရဟံ၏ တပည့်ဖြစ်၍ ပုဂံမြို့တော်၌ သက်ဆုံးတိုင် သီတင်းသုံးတော်မူ၍ သာသနာ ပြုတော်မူခဲ့သည့် ပုဂ္ဂိုလ်ထူး ဖြစ်သည်[၂]။

သာသနာဝင်တွင် ထင်ရှားသော ပဌမအဂ္ဂပဏ္ဍိတ, လောကုပ္ပတ္တိ ပကာသနီ ကျမ်းပြု ဒုတိယအဂ္ဂပဏ္ဍိတ မထေရ်မြတ်တို့သည်လည်း ပုဂံ၌ ဖြစ်ထွန်းပေါက်ဖွား ကြီးပျိုးသူတို့ ဖြစ်ကုန်၏။

၁။ ပုဂံ သာသနာဝင်၊ မဟာဝိသုတာရုမ သာသနာဝင်-၁၄၁၊၁၄၈။
၂။ ပုဂံသာသနာဝင်ကြည့်။ မဟာဝိသုတာရုမ နိကာယသာသနာဝင်-၁၄၉—လည်း ကြည့်။

သက္ကရာဇ် ၄၅၄၊၅၂၉-လောက်တွင် ပေါ်ထွန်းသော သဒ္ဒနီတိပဒမာလာကျမ်းကြီး, သဒ္ဒနီတိဓာတုမာလာကျမ်းကြီး, သဒ္ဒနီတိသုတ္တမာလာ ကျမ်းကြီးတို့ကို ပြုစု ဆင်ယင်တော်မူခဲ့သော အရှင်အဂ္ဂဝံသသည် ပုဂံပြည်၌ ဖြစ်ထွန်းပေါက်ဖွား ကြီးပွါး၍ သာသနာပြုတော်မူခဲ့လေသည်[၁]။ ယင်း မထေရ်သည် ဘုရားဆုပန် ပုဂ္ဂိုလ်ထူးဖြစ်၏။ ယင်းသို့ဖြစ်ကြောင်း—

အဟံ တုပရမံ ဗောဓိ၊ ပါပုဏေယျမနာဂတေ။
တံ ပတ္ထာ သကလေ သတ္တေ၊ မောစေယျံ ဘဝဗန္ဓနာ[၂]။
ဟူသော ဂါထာဖြင့် သိသာသည်[၃]။

အရှင် ဥတ္တရာဇီဝသည် သထုံ အရှင်ပြာဏဒဿီ၏ တပည့်ဖြစ်သော အရှင် အရိယဝံသ၏ တပည့်ဖြစ်၏။ သက္ကရာဇ် ၅၃၂-ခုနှစ်တွင် သီဟိုဠ်ကျန်းသို့ကြွရောက်ပြီး ပုဂံ၌ သက်ဆုံးတိုင် သီတင်းသုံး သာသနာပြုတော်မူခဲ့သည်[၄]။

သခေ်ပဝဏ္ဏနာဋီကာကျမ်း, သုတ္တနိဒ္ဒသပါဋ်, နာမစာရဒီပကပါဋ်, သီမာ-လင်္ကာရဋီကာပါဋ်, ဝိနယဂဠုတ္ထဒီပနီ စသည် ကျမ်းဂန်မျိုးစုံတို့ကို ပြုစုတော်မူခဲ့သော သီဟိုဠ်ပြန် အရှင်သဒ္ဓမ္မဇောတိပါလမထေရ်သည် ပုဂံပြည်၌ သက်ဆုံးတိုင် သာသနာ ပြုတော်မူသည်[၅]။

အေဒီ ၁၂-ရာစုနှစ်လောက်တွင် ထင်ရှားသော သဒ္ဒတ္ထဘေဒစိန္တာကျမ်းပြု သမ္မာသမ္ဗုဒ္ဓ ဘုရားဆုပန် အရှင်သဒ္ဓမ္မသိရိသည် ပုဂံမြို့တော်၌ သီတင်းသုံးတော်မူ၍ ကျမ်းပြု စာချသာသနာပြုတော်မူခဲ့လေသည်[၆]။

ဝစနတ္ထဇောတိကာဋီကာ ကျမ်းပြု အရှင်ဝေပုလ္လဗုဒ္ဓိထေရ်သည် သက္ကရာဇ် ၄၅၀-ကျော်လောက်တွင် ပုဂံမြို့တော် ဒက္ခိဏာဝါသကျောင်းတိုက်၌ သီတင်းသုံးတော်မူ၍ သာသနာ ပြုတော်မူခဲ့သည်[၇]။

သိဒ္ဓသဒ္ဒတ္ထသမ္ဗန္ဓ-ဒေသကံ ဇိနပုင်္ဂဝံ။
တပ္ပကာသိတဓမ္မဉ္စ၊ ဂဏဉ္စ ဂုဏသာဂရံ။
အစရိသည့် ကာရိကာပါဋ်နှင့်
ဂုဏမုတ္တမသမ္ဗုဒ္ဓံ၊ ဓမ္မံ သံဃဉ္စ သာဓုကံ။
နမဿိတ္ဝာ ကရိဿာမိ၊ ကာရိကာယတ္ထဝဏ္ဏနံ။

၁။ အကျယ် ပုဂံသာသနာဝင်ကြည့်။ ၂။ နီတိသုတ္တ-၄၃၂။
၃။ ပုဂံသာသနာဝင်ကြည့်။ ၄။ မဟာဝိသုတာရာမ နိကာယသာသနာဝင် ၁၄၉-ကြည့်။
၅။ ပုဂံသာသနာဝင်ကြည့်။ မဟာဝိသုတာရာမနိကာယသာသနာဝင်-
၁၅၂-၁၅၅-လည်းကြည့်။ ၆။ ပုဂံသာသနာဝင် ကြည့်။

အစချီသော ကာရိကာဋ္ဌီကာ ကျမ်းကို ပြုစုတော်မူခဲ့သော အရှင်ဓမ္မသေနာပတိထေရ်သည် ပုဂံမြို့တော်၌ သက္ကရာဇ် ၄၂၆–ခုနှစ် နန်းတက်သော ကျန်စစ်သားမင်းလက်ထက်၌ ပေါ်ထွန်ခဲ့သည်ဟု။

မုနိန္ဒက္ကော တမံမောဟံ၊ ဟန္ဒာ ဗောဓေသိ ပက်ံ။
ဇနံ သဒ္ဓမ္မရံသိဟိ၊ သော သမွာလေတု မံဇိနော။

အစချီသည့် ကစ္စာယနသာရပါဋ္ဌ ကျမ်းပြု အရှင်ယသ မထေရ်သည် အေ-ဒီ ၁၂-ရာစုခန့်တွင် ပုဂံ၌ပေါ်ထွန်းသည့် ပညာရှင်မထေရ်မြတ် ဖြစ်လေသည်ဟု။

ဥတ္တရဝိနိစ္ဆယဋ္ဌီကာ ကျမ်းပေမူကို သီဟိုဠ်ကျွန်းမှ မြန်မာနိုင်ငံ ပုဂံမြို့သို့ ယူဆောင်တော်မူခဲ့သော သီဟိုဠ်ကျွန်းနှင့် ပုဂံပြည်တို့၌ နေ-အာသင် လ-အလား ထင်ရှားတော်မူသော အရှင်သီဝလိသည် ပုဂံမြို့၌ သီတင်းသုံးတော်မူ၍ စာပေ ချပို့သည့် ပုဂံသာသနာပြု ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်ဟု။

ထေရေန ထိရစိတ္တေန၊ သာသနဇောတနတ္ထိနာ။
ပုညဝါ ဉာဏဝါ သီလီ၊ သုဟဇ္ဇော မုဒုကော တထာ။
ယော သီဟဠာရိမဒ္ဒနေသု၊ စန္ဒိမာသူရိယော ဝိယ။
ပါကဋော သီဝလိတ္ထေရော၊ မဟာတေဇော မဟာယသော။
တေန နီတာ သီဟဠာယာ၊ ဣဓ ပတ္တာ သုခိမတာ။
သော သံဝဏ္ဏနာ သီဟ–ဠက္ခရေန သုလိက္ခိတာ[1]။

ဥတ္တရဝိနိစ္ဆယဋ္ဌီကာပါဋ္ဌကို သီဟိုဠ်အက္ခရာမှ မြန်မာအက္ခရာသို့ ပြန်ဆို ရေးသား စေတော်မူသော အရှင်ရေဝတ မထေရ်သည်လည်း ပုဂံသာသနာ့ဝန်ဆောင် တပါး ဖြစ်သည်ဟု။

ရေဝတော ဣတိ နာမေန၊ ထေရေန ထိရစေတသာ။
အရိမဒ္ဒိကေ ရက္ခန္တေန၊ ပရိဝတ္တေန သာဓုကံ။
လိခါပိတာ ဟိတတ္ထာယ၊ ဘိက္ခူနံ အရိမဒ္ဒိကေ[2]။

အရှင်သုမေဓာသည် စျာန်ရရဟန္တာ ပုဂ္ဂိုလ်ဟု ထင်ရှားသော မထေရ်မြတ် ဖြစ်သည်။ ပုဂံခေတ်ဦးပိုင်း ပဋိပတ်ဝန်ဆောင် ပုဂ္ဂိုလ်မြတ်ဖြစ်သည်။

မဟာဗောဓိဝံသဋ္ဌီကာပါဋ္ဌ, ပရမတ္ထဗိန္ဒုဋ္ဌီကာ, ခုဒ္ဒသိက္ခာနိဿယဟောင်း စသည့် ကျမ်းပြု ပေါင်လောင် အရှင်ကဿပသည်လည်း ပုဂံသာသနာပြု ပုဂံ

၁။ ပုဂံသာသနာဝင်ကြည့်။
၂။ ဥတ္တရနိဝိစ္ဆယဋ္ဌီကံ၁- ၅၃၀(ပစ္ဆာ ၄ပိတာ ဂါထာယော)။

ပုဂ္ဂိုလ်မြတ်ဖြစ်သည်။ မဟာဗောဓိဝံသဋီကာ နိဂုံး၌ ဂါထာပေါင်း ၃၀-ဖြင့် ပုဂံမြို့တော်ကို စာဖွဲ့ခဲ့၏။

မုခမတ္တသာရကျမ်း မုခမတ္တသာရဋီကာကျမ်း စသည်တို့ကို ပြုစီရင်တော်မူခဲ့သော အရှင်ဂုဏသာဂရမထေရ်သည် သက္ကရာဇ် ၅၀၀-ကျော် ၆၀၀-ခန့် အတွင်း၌ ပုဂံ၌ ပေါ်ထွန်းသည့် ပညာရှိ မထေရ်မြတ် ဖြစ်သည်။ မထေရ်မြတ်သည် ဂါထာ အရေးအသား နိုင်နင်းသည့်ပုဂ္ဂိုလ် ဖြစ်၏။

ဃတေ စာတိ စ-သဒ္ဒေန၊ ပတော စေတ္တံ သမုစ္စယေ။
တေန သိဒ္ဓံ ရာဇဓိတော၊ သေဋ္ဌိဓိတေတိ အာဒိကော။

ဟူသော ဂါထာကား အရှင်ဂုဏသာဂရထေရ်၏ ဂါထာ ဖြစ်သည်။ ပုံစံအဖြစ် ဖော်ပြသည်[၁]။

သမ္မန္ဒိစိန္တာဋီကာ သဒ္ဒတ္ထပေဒဒီပနီစိန္တာဋီကာဟောင်း စသည့် ကျမ်းဂန်များစွာတို့ကို ပြုစီရေးတော်မူခဲ့သော အရှင် တိပိဋကဓရ စူဠဗောဓိယမထေရ်သည် ပုဂံမြို့ ရွှေဂူကျောင်း၌ သီတင်းသုံးတော်မူ၍ သာသနာပြုခဲ့သည့် သာသနာ့အာဇာနည် ပုဂ္ဂိုလ်ထူး ဖြစ်သည်[၁]။

သဒ္ဒါကျမ်း နက်ပါဋ္ဌ, သင်ပုန်းကြီး စာကိုယ်ပါဋ္ဌ, သင်ပုန်းကြီး ဋီကာပါဋ္ဌ စသည့် ကျမ်းဂန်များ ပြုစုခဲ့သော ဒီသာပါမောက္ခဘွဲ့ရ ဆရာတော်ဦးကျည်ပွေဟု ကျော်ကြားသော ဆရာတော် အရှင်သဒ္ဓမ္မနန္ဒီသည် ကျစ္စာမင်းကြီး လက်ထက်တွင် ပုဂံ၌ ထင်ရှားသော ပညာတတ် သက်ကြီးရဟန်း ဖြစ်သည်[၁]။

အနန္တဂုဏသမ္ပန္နံ၊ သဒ္ဒဝုတ္တိပကာသကံ။
သဒ္ဓမ္မာရိယသံဃဋ္ဌ၊ သက္ကစ္စံ အဘိဝါဒိယ။

ဟူသော ဂန္ဆာရမ္ဘ အစချီသော သဒ္ဒဝုတ္တိပါဋ္ဌကျမ်းကို ပြုစုသူ အရှင် သဒ္ဓမ္မဂုရု မထေရ်သည် သက္ကရာဇ် ၆၀၀-ခန့်တွင် ပုဂံ၌ ပေါ်ထွန်းသည့် မထေရ်မြတ် ဖြစ်သည်[၁]။

အနန္တညာဏံ သမ္ပန္နံ၊ သဒ္ဒဝုတ္တိ ဝိဇာနနံ။
မောဟဿ ဓံသကံ ဓမ္မံ၊ သံဃဋ္ဌာပိ နိရင်္ဂဏံ။
သက္ကစ္စံ အဘိဝါဒိယ၊ သိဿာနံ ဆေကပါပကံ။
သဒ္ဒဝုတ္တိပကာသဿ၊ ကရိဿာမတ္ထဝဏ္ဏနံ။

၁။ အကျယ် ပုဂံသာသနာဝင်ကြည့်။

ဟူသော ဂန္ဆာရမ္ဘပါရှိသော သဒ္ဒဝုတ္တိ ဋီကာကျမ်းပြု အရှင်သာရိပုတ္တရော မထေရ်သည် ပုဂံမြို့တောင် မြင်းကပါအရပ် မြင်းကပါဥယျာဉ်ကျောင်း၌ သီတင်းသုံး သာသနာပြုတော်မူခဲ့သည့် ပုဂ္ဂိုလ်မြတ် ဖြစ်သည်[၁]။

သီလဝန္တသိက္ခာကာမ-ဂုဏ်တို့နှင့် လွန်စွာ ပြည့်စုံတော်မူသော ပဋိပတ် အရာ၌လည်း လွန်စွာ ကျော်ဇောကိတ္တိရှိတော်မူသော အရှင်သီလဗုဒ္ဓိ မဟာ ထေရ် (ငစွယ်ရှင် ပံသုကူ မဟာထေရ်) သည် သက္ကရာဇ် ၄၅၄-ခုနှစ် နန်း တက်လာသော အလောင်းစည်သူမင်း လက်ထက် နောက်ပိုင်း၌ ပုဂံသာသနာပြု ပုဂ္ဂိုလ်အဖြစ် ထင်ရှားသည်[၂]။

ကဝိသာရဋ္ဌီကာနိဿယဟောင်း သုတ်သီလက္ခန်ပါဠိတော် နိဿယ သုတ်မဟာ ဝါပါဠိတော်နိဿယ သုတ်ပါထေယျပါဠိတော်နိဿယ သုတ်သီလက္ခန်အဋ္ဌကထာ နိဿယ သုတ်မဟာဝါအဋ္ဌကထာနိဿယ သုတ်ပါထေယျ အဋ္ဌကထာနိဿယ နှာသနိဿယဟောင်းကျမ်း စသည်တို့ကို ပြုစီရင်တော် မူခဲ့သော ရွှေကျောင်း ဆရာတော်အရှင် ဂုဏာဘိဝံသကမထေရ်သည် သက္ကရာဇ် ၁၀၉၀–ပတ်ဝန်းကျင်တွင် ပုဂံမြို့တော်၌ သီတင်းသုံး၍ စာပေပို့ချ ကျမ်းဂန်ပြု၍ သာသနာကို လွန်စွာ ချီးမြှောက်ခဲ့သည့် ပုဂ္ဂိုလ်ထူး ဖြစ်သည်[၃]။

ပရမတ္ထမဉ္ဇူသာ ကျမ်းပြု အရှင်သာရဒဿီသည် ပုဂံမြို့မြောက်လက် မြစ် မြောက်ဖက် ရေကြည်ရွာတွင် သက္ကရာဇ် ၁၁၀၀-ခန့် ဖွားမြင်၏။ ပရမတ္ထမဉ္ဇူ သာ ကျမ်းဦး၌—

တိလောကမဟိတံ ဗုဒ္ဓံ၊ သဗ္ဗညူ မဘိဝန္ဒိယ။
ဓမ္မံ သံဃဉ္စ ဘာသိဿံ၊ ပရမတ္ထာဒိ မဉ္ဇူသံ။

ဟု လာရှိ၏။ နိဂုံး၌ အရိမဒ္ဒန မည်သော ပုဂံမြို့ မြောက်ဖက် တောင်ပုံ မြစ်ခြေအရပ်၌ သီတင်းသုံးသော ရေကြည်ရွာ ဇာတိဖြစ်သော ဂဏာစရိယ ဂဏပါမောက္ခ တိပိဋကဓရ ဗဟုဿုတ လင်္ကာပေသလ ဖြစ်သော သာရဒဿီ မထေရ်သည် စသည်ဖြင့် လာရှိ၏[၄]။ "ဂုဏာဘိပရမဓဇ မဟာဓမ္မရာဇာဓိရာဇ ဂုရု" ဘွဲ့တံဆိပ်တော်ရ နတ်ထောင့်ဂိုဏ်း သံဃနာယက သက္ကရာဇ် ၁၁၁၄-ခု ဖွား ဆရာတော် အရှင်ဂုဏမထေရ်သည် ပုဂံမြို့နယ် မြစ်မြောက်ဖက် ဂုရွာ ဇာတိ ဖြစ်သည်။

၁။ အကျယ် ပုဂံသာသနာဝင် ကြည့်။

နိဿယော‌ယံ ကတော သုဋ္ဌု၊ ဘိဓမ္မတ္ထဝိဘာဝိနီ။
ဋီကာယ သင်္ကရာဒေ တု၊ အဋ္ဌတိံသသတာဓိကံ။

သဟဿကဏ္ဏံ ပတ္တော၊ မာဃမာသဿ ဇုဏှကေ။
ပက္ခေ သတ္တမိယံ နိဋ္ဌံ၊ နာယာသေန သမာဂတော။

စသည်ဖြင့် နိဂုံးစကားပါရှိသော ဋီကာကျော်နိဿယကျမ်းပြု လက်ဝဘိဝံသ ဓဇ မဟာရာဇဂုရု ဘွဲ့တံဆိပ်တော်ရ အရှင်လက်ဝဒီပထေရ်သည် သင်္ကရာဇ် ၁၁၃၀-၁၁၅၀-ကျော်ခန့်တွင် ပုဂံမြို့တော် အရှေ့မြောက်ဘက် ကျောင်းတိုက်ကြီး၌ သီတင်းသုံး စာပေပို့ချ သာသနာပြုတော်မူခဲ့သည်။ ယင်း မထေရ်သည် ဌက်ပစ်တောင်ထေရ်စဉ် ၁၁၇-ပါးတွင် ၃၁-ပါးမြောက် အရှင်လက်ဝဒီပ ဖြစ်မူလည်း ဖြစ်တန်ရာသည်[၁]။

ကဝိန္ဒာဘိသီရိပရမဓဇ မဟာဓမ္မရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော်ရ အရှင်ဂုဏာလင်္ကာရသည် ပုဂံနယ်၌ ဖြစ်ထွန်းပေါက်ဖွားကြီးပွါး၍ သက်ဆုံးတိုင် သာသနာပြုတော် မူခဲ့လေသည်။ သင်္ကရာဇ် ၁၁၈၀-ပတ်ဝန်းကျင်တွင် ပုဂံဆရာတော်ဟု ထင်ရှားသည်၊ ရတနာပူရ စတုတ္ထမြို့တည် နန်းတည် မင်းတရား၏ ကြည်ညိုလေးမြတ်ခြင်းကို ခံယူရသည့် မထေရ်မြတ်ဖြစ်၏[၂]။

“နန္ဒာဘိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု” ဘွဲ့တံဆိပ်တော်ရ အရှင်ဓမ္မရံသီသည်လည်း ပုဂံမြို့၌ ဖြစ်ထွန်းပေါက်ဖွား ကြီးပွါးသည့် မထေရ်မြတ်ဖြစ်သည်၊ သင်္ကရာဇ် ၁၁၈၀-ပတ်ဝန်းကျင်တွင် ပုဂံဆရာတော်ဟု ထင်ရှားသည့် မထေရ်မြတ်ဖြစ်၏။ ရတနာပူရ စတုတ္ထမြို့တည် နန်းတည် မင်းတရား၏ ကြည်ညိုလေးမြတ်ခြင်းကို ခံရသည့် မထေရ်မြတ်ပင်တည်း[၃]။

ဝိဘတ္တိတ္ထဝိဘာဝိနီဋီကာ, မောဂ္ဂလ္လာန်သုတ်နက်, ပါရာဇိကဏ်ဂဏ္ဌိ စသော ကျမ်းများစုတို့ကို ပြုစီရင်တော်မူခဲ့သော အရှင်သုတဗုဒ္ဓိမထေရ်သည် ပုဂံပြည် ညောင်ဦးမြို့ ဆုံကုန်းရပ်၌ သင်္ကရာဇ် ၁၂၀၀-ပြည့်နှစ်တွင် ဖွားမြင်တော်မူသည်[၄]။

ဗာလာဝတာရစာကိုယ်နိဿယ, လိင်္ဂမာလာပါဋ္ဌ, လိင်္ဂမာလာနိဿယ, နာမ်ရူပမာလာကျမ်း, ပစ္စဝေက္ခဏာလေးပုဒ် စကားပြေကျမ်း, ရူပပကာသနီကျမ်း, အာချာတ်ပဒမာလာကျမ်း, ဂဏသံသဂ္ဂဓာတ်စဉ်ကျမ်း, ဝိပဿနာရှုဖွယ်ကျမ်း,

---

၁။ ပုဂံသာသနာဝင်ကြည့်။ အမေးတော်ဖြေကျမ်း ၃၂၇-လည်း ကြည့်။
၂။ ကုန်းဘောင်ဆက်-၂၊ ၂၄၈-ကြည့်။
၃။ ကုန်းဘောင်ဆက်-၂၊ ၂၄၉-ကြည့်။
၄။ အကျယ် ပုဂံသာသနာဝင်ကြည့်။ မန္တလေ သာသနာဝင် ဒက္ခိဏာဝမ သာသနာဝင် လည်း ကြည့်။

ဒုဂါသင်္ဃဒီဌိဆေဒနဂါထာကျမ်း, နိဗ္ဗာနဝိနိစ္ဆယကထာကျမ်း, လိင်္ဂဝိပလ္လာသဝိနိစ္ဆယကျမ်း, သမာသ်ပဒမာလာကျမ်း, တဒ္ဓိတပဒမာလာကျမ်း, နာမပစ္စယဒီပနီကျမ်းစသည်တို့ကို ပြုစီရင်တော်မူခဲ့သော "အာလောကာဘိဝရ သာသနရက္ခ-မဟာမမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်, "အာလောကာဘိဝရသာသနရက္ခမဟာမမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော် "အာလောကာဘိဝရ အတုလဓိပတိသိရိပဝရမဟာမမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော် ဟူသော ဘွဲ့တံဆိပ် သုံးထပ်ရ မြတောင်ဆရာတော်ဘုရားကြီး အရှင်အာလောကမထေရ်သည် ၁၁၈၃-ခု ဖွား ပုဂံမြို့နယ် ပြန်ရွာဇာတိ ဖြစ်သည်[1]။

ညဝါအခြေပြုကျမ်း, ပစ္စယုဒ္ဒေသဒီပနီကျမ်း, ပုဂံမြို့ ဘုရားတဆယ့်ခုနစ်ဆူ သမိုင်းကျမ်း, တောလေးဆယ်နိဿယကျမ်း, အာနာပါနရှုဖွယ်ကျမ်း, မဏိစလ-တ္ထရုပ္ပတ္တိကျမ်း စသည်တို့ကို ပြုစီရင်တော်မူခဲ့သော "ပရိယတ္တိသာသနဟိတ မမ္မာ စရိယ မူလစာချ" ဘွဲ့တံဆိပ်တော်ရ မန္တလေးမြို့ မြတောင်ဆရာတော်, နောက် စစ်ကိုင်း ရတနာဘုံ စမ်းကျောင်းချောင်ဆရာတော် အရှင်ဝိစာရသည် ၁၂၃၆-ခု ဖွား ပုဂံမြို့ ဖွားစောရွာ ဇာတိဖြစ်သည်[2]။

"ဉာဏိန္ဒြာဘိသိရိဓဇ မဟာမမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ပုဂံဆရာတော်ဘုရား သည် မင်းတုန်းလက်ထက်တွင် ပေါ်ထွန်းခဲ့သည့် ပုဂံနယ်သား ဆရာတော် ဖြစ်သည်။

မန္တလေးမြို့ ရတနာပုံ ပုဂံကျောင်းတိုက်တည်, စစ်ကိုင်းတောင်ရိုး သီတာမုခ ချောင်တည် ဆရာတော် ဦးဉာဏဂုတ္တရသည် သက္ကရာဇ် ၁၂၀၀-ခန့်တွင် ဖွားမြင်သော ပုဂံမြို့ ဝက်လူးအိုင်ရွာ ဇာတိဖြစ်သည်[3]။

ညောင်ဦးမြို့ ရွှေစေတီကျောင်းတိုက်တည် အရှင်သုမမွာလင်္ကာရသည် သက္ကရာဇ် ၁၂၀၀-ခန့်တွင် ပေါ်ထွန်းခဲ့သည့် ပုဂံသာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်မြတ် ဖြစ်သည်၊ ၁၂၄၈-ခုနှစ်ခန့်တွင် မြင်းကပါတောင် တောရကျောင်း၌ သီတင်းသုံး၍ ပဋိပတ်အလုပ်ကို အားထုတ်တော်မူသည်။ ပုဂံဇာတိဟု သိရ၏[4]။

ပဋိပတ်အရာ၌ လွန်စွာကျော်စောတော်မူသော ပခုက္ကူမြို့ သဲပုံစေတီတောရ ဆရာဘော်ဘုရားကြီး ဦးကြည်သည် ၁၂၀၄-ခုဖွား ပုဂံနယ်နိမိတ်အပါအဝင် ညောင်ဦးမြို့ ဇာတိ ဖြစ်သည်[5]။

၁။ ပုဂံသာသနာဝင်ကြည့်။ မန္တလေးသာသနာဝင်ကျမ်း မြတောင်သာသနာဝင်လည်း ကြည့်။
၂။ ပုဂံသာသနာဝင်, မန္တလေးသာသနာဝင်, စစ်ကိုင်း သာသနာဝင်တို့ ကြည့်။
၃။ ပုဂံသာသနာဝင်ကြည့်။ မန္တလေးသာသနာဝင်ကျမ်း ကြည့်။
၄။ ပုဂံသာသနာဝင်ကြည့်။　　၅။ ပခုက္ကူသာသနာဝင်ကျမ်း- ၁၀၅-၁၁၀-ကြည့်။

ရတနာဇောတကထာကျမ်း, ပဥ္စဝဿကရဏကထနကျမ်း, ပါရမီပကိဏ္ဏက ကထနကျမ်းတို့ကို ပြုစီရင်တော်မူခဲ့သော ၁၁၉၇-ခုဖွဲး အဂ္ဂမဟာဏ္ဍိတဘွဲတံဆိပ်တော်ရ ညောင်ဦးမြို့ ရွှေစေတီတိုက်ဆရာတော် ဦးဥယျသည် ပုဂံ(ညောင်ဦး) ဝက်ကြီးအင်းရွာ ဇာတိဖြစ်သည်။

အဂ္ဂမဟာပဏ္ဍိတ ဘွဲတံဆိပ်တော်ရ ဘုရားဖြူဆရာတော် ဦးရာဇိန္ဒသည် ပုဂံမြို့နယ်အပါ ငသယောက် နှောပင်ရွာ ဇာတိဖြစ်သည်။

အဂ္ဂမဟာပဏ္ဍိတ ဘွဲတံဆိပ်တော်ရ ဘုရားဖြူဆရာတော် ဦးပညာဝံသသည် ပုဂံနယ် ငသယောက် နှောပင်ရွာ ဇာတိဖြစ်သည်။

အာဘိဓမ္မာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘွဲတံဆိပ်တော်ရ ပခုက္ကူမြို့ မဟာဝိဇယာရာမဆရာတော်ဘုရားကြီး ဦးဇဝနသည် ပုဂံနယ် ငသယောက် ဆီးတော ရွာ ဇာတိဖြစ်သည်။

အဂ္ဂမဟာပဏ္ဍိတ ဘွဲတံဆိပ်တော်ရ ပခုက္ကူမြို့ မဟာဝိဇယာရာမတိုက် ဒုတိယမြောက်ဆရာတော် ဦးဇောတိကသည် ပုဂံနယ် ငသယောက် သိမ်တောင် ရွာ ဇာတိဖြစ်သည်။

၁၂၁၆-ခုဖွဲး အဂ္ဂမဟာပဏ္ဍိတ သုဓမ္မာဝင် မန္တလေးမြို့ အနောက်ပြင် ကူးကြီးတိုက်ဆရာတော် ဦးဝါယာမသည် ပုဂံမြို့နယ် ပန်းကုံးပင်ရွာ ဇာတိဖြစ် သည်[၂]။

ဒီဃနိကာယ်ပါဠိတော်နိဿယ ဒီဃနိကာယ်အဋ္ဌကထာနိဿယ အစရှိသော ကျမ်းပေါင်းများစွာတို့ကို ပြုစီရင်တော်မူခဲ့သော ပခုက္ကူမြို့ မဟာဝိသုတာရာမ ကျောင်းတိုက်ကြီး၏ သံဃနာယကမဟာဝိသုတာရာမဂဏဝါစကနိကာယာဓိပတိ ၁၂၄၄-ခုနှစ်ဖွဲး အဂ္ဂမဟာပဏ္ဍိတဆရာတော် အရှင်နန္ဒဝံသမထေရ်သည် ပုဂံနယ် နီမိတ်အပါအဝင်ဖြစ်ခဲ့သော ဆင်သားမွေးရွာ ဇာတိဖြစ်သည်[၃]။

အဂ္ဂမဟာပဏ္ဍိတ ဘွဲတံဆိပ်တော်ရ မြင်းခြံမြို့ ကိုးဆောင်တိုက် ပခုက္ကူ ကျောင်းသစ် စာသင်တိုက်နာယက ၁၂၇၁-ခုနှစ်ဖွဲး ဆရာတော် အရှင်သော-ဘိတသည် ပုဂံမြို့ သိရိပစ္စယာရွာ ဇာတိဖြစ်သည်[၄]။

၁။ ပုဂံသာသနာဝင်ကြည့်။ ထေရဝုတ္တန္တဒီပနီ-၉၀-လည်း ကြည့်။
၂။ မန္တလေးသာသနာဝင်ကျမ်း ကူးကြီးတိုက် သာသနာဝင်ကြည့်။
၃။ ပုဂံသာသနာဝင်။ ပခုက္ကူသာသနာဝင်- ၆၁-၆၃။
မဟာဝိသုတာရာမနိကာယသာသနာဝင်- ၂၆၄-၂၉၀။
ထေရဝုတ္တန္တဒီပနီ-၅၈-၂၆၈-တို့ကြည့်။
၄။ မဟာဝိသုတာရာမနိကာယသာသနာဝင်-၄၁၉-၄၂၂-ကြည့်။

နတ်ထောင့်ဂိုဏ်း မဟာနာယက ပဌမရွှေနတ်တောင် ဆရာတော်ဘုရားကြီး, ပုဂံမြို့ ဂိုဏ်းအုပ်ကျောင်းဆရာတော် အရှင်ပညာ,မြင်းကပါတောရ အရှင်ဝိစိတ္တ, လယ်ယားနတ်ထောင့်ကျောင်းဆရာတော် အရှင်သဒ္ဓမ္မနန္ဒီ, အရှင်ဝိလာသဘိ-ဓဇ, ပုဗ္ဗာရုံဆရာတော် အရှင်တိက္ခ, ပုဂံမြို့ နန္ဒာတိုက် မှန်ကျောင်းဆရာတော် အရှင်စိန္တာ,ဝက်ကြီးအင်း သေလန္တရာရာမဆရာတော် အရှင်ဉာဏဝါ,ဖွားစောရွာ ကန်စွန်းအိုတောရဆရာတော် အရှင်ကေလာသ, ပုဂံမြို့ ရွှေကျောင်းဆရာတော် အရှင်စန္ဒ အစရှိသော ဆရာတော်တို့သည်လည်း ပုဂံသာသနာဝင် အဆင့်ဆင့် လင်းလက်အောင် စောင့်ရှောက်တော်မူကြကုန်၏။

၎င်းပြင် ပုဂံမြေကမ္မလာ၌ လူပုဂ္ဂိုလ်အဆိုတော်တို့လည်း များစွာပေါ်ထွန်း နေထိုင်ခဲ့ကုန်၏။ ပရမတ္ထဗိန္ဒုပါဋ်, သဒ္ဒဗိန္ဒုပါဋ်တို့ကို ရေးသားပြုစုခဲ့သော "ကျစ္စာမှာ သောဒုပဏ္ဏော၊ သောဠသံဝစ္ဆရံ"[၁] ဟူသည်နှင့်အညီ သက္ကရာဇ် ၅၉၆-ခုနှစ်တွင် နန်းတက်တော်မူခဲ့သော ကျစ္စာမင်းသည် ပိဋကတ်စာပေကို ကိုးခေါက်တိုင်မြောက်အောင် ကျမ်းဂန်တတ် ဆရာတော်ကြီးများထံ သင်ယူပြီး စာပေချပို့၍ ပရိယတ္တိသာသနာကို များစွာ ချီးမြှောက်တော်မူခဲ့လေသည်။ မြန်မာနိုင်ငံ မင်းဆက်ပေါင်း ၁၇၅-ဆက် ပုဂံမင်းဆက် ၅၅ (၅၇) အနက် ထူးခြားသည့် သာသနာပြုမင်းဖြစ်သည်[၂]။

သံသာရဝန္တေ ဂမနန္တဂုဏာဓိဝါသံ၊
နိရန္တရူပဂတဥေ ယျမနာထနာထံ။
ဗုဒ္ဓဥ္စ ဓမ္မမဓိဋ္ဌာရမဂ္ဂသံဃံ၊
နျာသပ္ပဒီပ မဘိနမျ ကရောမိ သာရံ–

ဟူသော ဂန္ထာရမ္ဘ အစချီသော နျာသပ္ပဒီပိကာမည်သော သံပျင်ဒီကာကျမ်းပြု ကျစ္စာမင်းကြီး၏ သံပျင်အမတ်သည် ကျစ္စာမင်းလက်ထက်၌ ပုဂံမြို့တော်၌ ထင်ရှားသည့် ကျမ်းဂန်တတ် ပရိယတ္တိသာသနာပြု ပုဂ္ဂိုလ်ဖြစ်သည်။ ကျစ္စာမင်းကြီး၏ သို့တော် သံပျင်မင်းသို့သည်လည်း ပုဂံ၌ ထင်ရှားသည့် အမျိုးသို့ကဝိစာဆို စာချပုဂ္ဂိုလ် ဖြစ်သည်[၃]။

"ဒု စည်သူကြီး ဆတ္တိဗျည်း မညီး မုတိဏ္ဏံ" ဟူသည်နှင့် အညီ သက္ကရာဇ် ၅၃၆-ခုနှစ်တွင် နန်းတက်သော နရပတိစည်သူမင်းသည် အမျက်တော်ရှိ၍ ကွပ်မျက်ခံရရှာသော အနန္တသူရိယအမတ်ကြီးလည်း ထူးခြားသည့် ကဝိစာဆို

၁။ ပုဂံမင်းဆက် ရာဇဝင်သံခိပ်- ၅၆-ပိုဒ်။
၂။ အကျယ် ပုဂံသာသနာဝင်နှင့် ရာဇဝင်များကို ကြည့်ရှုရာ၏။
၃။ ပုဂံသာသနာဝင်-ကြည့်။

ပုဂ္ဂိုလ်ထူး ဖြစ်လေသည်။ မည်မျှ ထူးခြားသည့် စာဆိုပုဂ္ဂိုလ်ကြီးဖြစ်ကြောင်း သေအံ့မူးမူးတွင် မိမိကွပ်မျက်ရန် အမိန့်ပေးသော မင်းကောင်အား ဆက်သရန် ရွတ်တရက် ချက်တဖြုတ် ရေးစပ်သည့် အောက်ပါ အမျက်ပြေ ၄-ပုဒ်ကို ဖတ်ရှု ဆင်ခြင်ရာ၏။

၁။ သူတည်းတယောက် ကောင်းဖို့ရောက်မူ သူတယောက်မှာ ပျက်လင့် ကာသာ ဓမ္မတာတည်း။

၂။ ရွှေအိမ်နန်းနှင့် ကြင့်နန်းလည်းခံ မတ်ဗိုလ်ရံ၍ ပျော်စံရိပ်ငြိမ် စည်းစိမ်မကွာ မင်းချမ်းသာကား သမုဒ္ဒရာ ရေမျက်နှာထက် ခဏ တက်သည့် ရေပွက်ပမာ တသက်လျာတည်း။

၃။ ကြင်နာသနား ငါ့အားမသတ် ယခုလွှတ်လည်း ဝိပါက်ကြမှာ လူတကာတို့ ခန္ဓာခိုင်ကြည် အတည်မမြဲ ဖောက်လဲတတ်သည် မချွတ်စသာ သတ္တဝါတည်း။

၄။ ရှိခိုးကော်ရော် ပူဇော်အကျွန် ပန်ခဲ့တုံ့၏ ခိုက်ကြုံဝိပါက် သံသာ စက်၌ ကြိုက်လတ်တွင်မူ တုံ့မယူလို စိတ်မြဲသို့၍ ကြည်ညိုလွှတ်ပြန် သခင်မှန်ကို ချန်ဘိစိစစ် အပြစ်ဖယ်ရေး ခွင့်လျင်ပေး၏ သွေးသည် အနီစွာ ငါ့ခန္ဓာတည်း။

ဤသို့ စသည်ဖြင့် အရိမဒ္ဒနာ သာယာစွာလှ ပုဂံမြေကမ္ဘလာမှ မည်မျှလောက် ရဟန်းပညာရှိ လူပညာရှိတို့ ပေါ်ထွန်းကြောင်း မဟာထေရလိပိတ စာတော် ဖတ်တို့ ရိပ်မိလောက်ပေပြီ။ ဤကား အကျွန်ုပ် ဉာဏ်မှီသရွေ့ အမြွက်မျှ ထုတ်ပြချက်တည်း။

ပုဂါမေ ဒေသသေဋ္ဌမှိ၊ ပဏ္ဍိတာ ဂန္ထကာရကာ။
ဂီတာဗန္ဓာ ကဗျကာရာ၊ ဥပဗ္ဗဋ္ဌံသု အနုပဂကာ။
လလိတေ ဣဓ ဂန္ထဲမှိ၊ မုခမတ္တာနိဒဿနံ။

တတိယပိုင်း

တောင်တော်ရွှေပုပ္ပါး

ဝိဇ္ဇာဓရ၊ စျာနလာဘီ၊ တပသီတို့၊ ခိုမှီကိန်းအောင်း၊ သာဝ အပေါင်းလည်း၊ တောင်စောင်းမြိုင်ဦး၊ ရှင်ပျော်မြူးလျက်၊ ညှတ်ဖူး ခိုင်လန်း၊ ပင်နွယ်ငန်းက၊ စသည်တရိုး၊ ဆေးမျိုးပြည့်ညီ၊ ပွင့်ဝံစီတည့်၊

ဖြူနီဝါရွှေ၊ ပန်းထွေထွေလည်း၊ ပင်ခြေတလင်း၊ မွေ့ရာခင်းသို့၊ ပုံသင်းထုံထုံ၊ ရဂုံဖြိုးဖြိုး၊ မထိုးရောင်ခြည်၊ ပင်စည်ရိပ်ရိပ်၊ ရွက်စိတ်ဝေဝေ၊ သုတ်လေညှင်းညှင်း၊ ဆီးနှင်းမောက်မောက်၊ ကမ်းချောက်တင့်တယ်၊ ပျော်ဖွယ်မငြီး၊ သစ်သီးချိုချဉ်၊ ခါတိုင်းယှဉ်၍၊ ရေယဉ်ဆင်းသက်၊ ကျေးငှက်မျိုးစုံ၊ သံစုံသာလျက်၊ စိမ်းပြာနုနု၊ မိုးထိလုမျှ၊ ကြိုးထုနုဂို၊ ရွှန်းရွှန်းစိုသား၊ မြိုင်ညိုဟိမဝါ၊ ဂန္ဓမာသို့၊ မည်သာထင်ရှား၊ "တောင်ပဟိုး"မ ဒကိဏ္ဏဝယ်[1] —

ဟူသည်နှင့်အညီ ပုပ္ပါးတောင်သည် ရသေ့ ဇော်ဂျီ တပသီတို့ ပျော်ရွှင်ချမ်းမြေ့မွေ့လျော်နေထိုင်ရာ တောင်တော်မြတ်လည်း ဖြစ်၏။ သားကောင်မျိုးစုံ, ငှက်မျိုးစုံတို့၏ ခိုလှုံမှီခိုနေရာဌာနလည်း ဖြစ်၏။ ငှက်ပျော, ပိန္နဲ, သဘော်, ကာဖီ, သရဖီ, ဂန့်ဂေါ်, နော်ဇာ, စကား, သဇင်ပန်း အစရှိသော လန်းဆန်းစိုပြေသော သစ်ပင်ထွေထူးတို့၏ ပေါက်ရောက်စည်ပင်ရာလည်း ဖြစ်၏။ ယင်းပုပ္ပါးတောင်သည် ပင်လယ်ရေပြင်မှ ၄၉၀၁-ပေ မြင့်မားလေသည်၊ မြင်းခြံခရိုင် အရှေ့တောင်စွန်း ထီးထီးကြီး တည်ရှိလေသည်။ အိန္ဒိယနိုင်ငံ မြောက်ပိုင်းရှိ ဟိမဝန္တာတောင်ကို အိန္ဒိယနိုင်ငံ ရသေ့ ဇော်ဂျီ တပသီတို့ မြတ်နိုးကြသကဲ့သို့၊ ပုပ္ပါးတောင်ကိုလည်း မြန်မာပြည် ရသေ့ ဇော်ဂျီ တပသီတို့ မြတ်နိုးကြကုန်၏။ ဟိမဝန္တာတောင်ကို ကာလဒါသ အစရှိသော စာရေးဆရာတို့ စာဖွဲ့ကြသကဲ့သို့ မြန်မာ့ကဝိခိုရ် စာဆိုတော်တို့သည်လည်း ပုပ္ပါးတောင်ကို ပျော်ရွှင်မြူးကြွ ကဗျာချယ်သကြကုန်၏။

နာမည်အမျိုးမျိုး

ယင်းပုပ္ပါးတောင်သည် ပန်းမျိုးစုံဘင့် ပွင့်ရာဖြစ်သဖြင့်ပုပ္ပါစလ(ပန်းတောင်)ဟူ၍ရင်း, မယ်ဝဏ္ဏနေရာဖြစ်ရကား ဝဏ္ဏယက္ခာစလ(မယ်ဝဏ္ဏတောင်)ဟူ၍ရင်း, ဝိဇ္ဇာ ဇော်ဂျီတပသီတို့ ခိုလှုံနေထိုင်ရာဖြစ်သဖြင့် ဝိဇ္ဇာဓရပဗ္ဗတ, ဝိဇ္ဇာဓရဂိရိ, ဝိဇ္ဇာဓရာစလ (ဝိဇ္ဇာခိုရ်တောင်)ဟူ၍ရင်း, နဂါးရစ်နေသည့်အဟန် သဏ္ဌာန်တူသဖြင့် နာဂါဝဋ္ဋာစလ (နဂါးရစ်တောင်) ဟူ၍ရင်း, အလွန်လျှင်ကြီးမားသောတောင်ကြီးဖြစ်ရကား မဟာဂိရိ(တောင်ကြီး) ဟူ၍ရင်း, မြန်မာပြည်ရှိ တောင်များတို့အနက် အမြင့်ဆုံး ထုထယ် အကြီးကျယ်ဆုံးတောင်ဖြစ်သဖြင့် ပဗ္ဗတရာဇ (တောင်မင်း)ဟူ၍ရင်း စသည် ခေါ်ဝေါ်သုံးနှုန်းကြကုန်၏။

၁။ သဒ္ဒါနုသာရီသတ်ပုံ။ သိဟိုဠ်ရှင်သမိုင်း- ၂၀၇။

အမင်းမင်းရာဇာတို့ ကွန်းခိုရာ

ဖော်ပြပါ ပုပ္ပါးတောင်သည် မြန်မာပြည်သို့ အလည်အပတ် ရောက်ရှိကြသော နိုင်ငံခြား ည့ဉ်သည်တော်မင်းများနှင့်, မြန်မာနိုင်ငံ နန်းတက်သမျှ မင်းတိုင်း လိုလို ရောက်ရှိကြည်နူးရာ တောင်လည်းဖြစ်လည်။ အထူးအားဖြင့် ပုဂံရှေပြည် ကြီး၏ ထီးဆောင်းမင်းတို့၏ ခဏမကြာ ကွန်းခိုရာ ယာယီစံပျော်ရာ သာယာ စွာလှ အစလသနင်း တောင်မင်းဖြစ်လေသည်။ ယင်း ပုပ္ပါးတောင်သည် အရှေ့ ဖက် မိတ္ထိလာမြို့မှ ဂဖှ-မိုင်, အနောက်ဖက် ချောက်မြို့မှ ၃၅-မိုင်, တောင်ဖက် ရေနံချောင်းမြို့မှ ၄၅-မိုင် မြောက်ဖက် မြင်းခြံမြို့မှ ၄ဂ-မိုင် အသီးသီး ကားလမ်း မိုင် ကွာလှမ်းလေသည်။

ပုပ္ပါးဝှ ပဗ္ဗတော နာမ၊ နဂုခိပေဟိ မာနိတော။
တာဝကာလိကအာဝါသော၊ ရာဇူနံ ပုဂါမေ ပုရေ။

တောင်ဆင်း တဆယ့်နှစ်ရွာ

ညောင်ဦးမြို့ တောင်ဖက် ရွှစ်မိုင်ခန့်အကွာတွင် စွယ်တော်ပွဲးတဆူ ကိန်းဝပ် တော်မူရာ တူးရွန်းတောင် တည်ရှိ၏။ ယင်း တူးရွန်းတောင်သည် ရှည်လျားသော တောင်စဉ် တောင်တန်းရှည်ကြီးဖြစ်၏။ ယင်း တောင်စဉ် တောင်းတန်း ရှည်ကြီး၏ခြေရင်း အရှေ့တောင်ဖက် အရပ်ဒေသကို တောင်ဆင်းဟု ခေါ်ကြကုန်၏၊ ယင်း တောင်ဆင်းဟူသော ဝေါဟာရသည် တူးရွန်းတောင်စဉ် တောင်တန်းကြီးကို စွဲ၍ တောင်စဉ်မည်ခဲ့ရာမှ တောင်စင်းမည်ဟန်ရှိ၏၊ တောင်စင်းမှသည် တောင်ဆင်းအမည်သို့ ပြောင်းလဲကြောင်း ကြံဆနိုင်သည်။

တောင်စဉ်ဣတိ ပေါရာဏေဟိ၊ ဇနေဟိ အဘိသမ္မတော။
အဓုနာ တောင်ဆင်းဣတိပိ၊ ဒေသော သော သမ္မတော အဟု။

တနည်းတဖုံ ဖော်ပြလိုတုံသေး၏။ ရှေးယခင်က ယင်းဒေသသည် ယခုထက် ပိုမို၍ သစ်ပင်ကြီးငယ် မျိုးစုံတို့ဖြင့် တင့်တယ်စိုပြေလှပသော ပုပ္ပါးတောင်, တူးရွန်းတောင်တို့၌ ထာဝရနေကြကုန်သော ဥဒေါင်း ငှက်အပေါင်းတို့သည် သက်ဆင်းကြကုန်၍ ယခု တောင်ဆင်းတွင်မည့် ဒေသ၌ အုပ်နှင့်ခြံ၍ ကျက်စားလေ့ ရှိကြကုန်၏၊ ယင်းသို့ ဥဒေါင်းများ ဆင်းသည်ကိုစွဲ၍ ဒေါင်းဆင်းခေါ်ကြောင်း ဒေါင်းဆင်းမှသည် တောင်ဆင်းဖြစ်ကြောင်း ဆိုကြသေးသည်။ (မြကန်မှ ဒေါင်းများ ဆင်းလာ၍ ဒေါင်းဆင်း မည်ကြောင်းလည်း ပြောဆိုရိုး ရှိ၏။)

ဒေါင်းဆင်း ဣတိပိ ပုဗ္ဗေဟိ၊ သန္တေဟိ အဘိသမ္မတော။
သမ္ပတိ ပန တောဒ်ဆင်းတိ၊ သဗ္ဗတ္ထ အဘိပါကဋော။

ထင်မြင်ချက်တနည်း လှည့်လဲ၍ ပြောလိုသေး၏။

ယင်း တောဘ်ဆင်းအရပ်သည် များသောအားဖြင့် စည်မျက်နှာပြင် တရထည် ညီညာသော ဒေသမဟုတ်ချေ။ တောင်ခြေဒေသ ဖြစ်သည့်အလျောက် မြင့်နိမ့်အဟန် ဆင်ခြေလျော သဏ္ဌာန်ထင်၏၊ သို့ဖြစ်၍ တောင်ဆင်ခြေလျောမှ သည် ခြေလျောပုဒ် ကျပျောက်ပြီး ဝိသဇ္ဇနီနှစ်လုံး သုံးစွဲထပ်တိုး၍ တောင်ဆင်း ဟု ခေါ်ဝေါ်ကြကြောင်း တနည်း ကြံစည်ရ၏။

ယင်း တောင်ဆင်းအရပ်၌ ရွာပေါင်း တဆယ့်နှစ်ရွာရှိ၏၊ ယင်းတဆယ့်နှစ်ရွာတို့ကား—

၁။ ကောင်းပင်စည်ရွာ
၂။ ဖုန်းတော်ရွာ (ဘုန်းတော်ရွာ)
၃။ ကွန်းဖလားရွာ
၄။ ထနောင်းစုရွာ
၅။ ကုန်းရွာ
၆။ မန်ကျည်းစောက်ရွာ
၇။ ထရိုင်းတောရွာ
၈။ တောရွာ
၉။ ခွေးပြုတ်ရွာ
၁၀။ ပနီထွင်းရွာ
၁၁။ ကကဲ့ရွာ
၁၂။ စံပြရွာတို့ ဖြစ်ကုန်၏။

ဖော်ပြပါ တောင်ဆင်း၌ ပါဝင်သော ၁၂-ရွာနေသူ လူအပေါင်းတို့သည် မြေပဲ နှမ်း ထန်း မန်ကျည်း စသည်တို့ စိုက်ပျိုးကြကုန်၍ အသက်မွေးကြကုန်၏၊ ရိုးသားလည်း ရိုးသားကြကုန်၏၊ ရတနာ သုံးပါးကိုလည်း လွန်စွာ မြတ်နိုး ကိုးစား ကြည်ညိုကြကုန်၏။

အဘဝုံ တောင်ဆင်းဒေသမှိ၊ ဒုါဒသ ဂါမကာ သုဘာ။
တဒ္ဒေသိကာ မနုဿာ စ၊ ရတနတ္တယမာမကာ။

ခွေးပြုတ်ရွာ

ယခုအခါ ခွေးပြုတ်ရွာ၌ အိမ်ခြေ ၂၇၄-အိမ်ရှိ၏၊ ရွာ၏ လေးဖက်လေးတန်၌ နှစ်ပေါင်း ရာနှင့်ချီ၍ အသက်ရှည်ကုန်သော ညိုညိုမှိုင်းမှိုင်း မြရောင်

ဆိုင်းနေသော မန်ကျည်းပင်ကြီးတို့ဖြင့်ဝင်း ရွာဦးထိပ်၌ လွန်စွာကြီးမားသော ညောင်ပင်ကြီးတို့ဖြင့်ဝင်း ထန်းတောဥယျာဉ် အသွယ်သွယ်ဖြင့်ဝင်း တင့်တယ်သာမောလှပေ၏။ ၎င်းပြင် ရွာ၏တောင်ဖက်၌ ဒယ်ကြီးပမာ ညီညာလှပပြီး ကျယ်ပြောနက်စောက်လှသည့် ရေကန်ကြီးဖြင့်ဝင်း ရွာ၏မြောက်ဖက်၌ စေတီပုထိုး သိမ် တန်ဆောင်း ကျောင်းကြီး ကျောင်းငယ် အဖိုအရီဖြင့် ဗုဒ္ဓဘာသာဝင်တို့၏ နှလုံးဓာတ်ကို ပြုံးရွှင်စေတတ်သော ကျောင်းတိုက်ကြီးဖြင့်ဝင်း ဝာမျိုး အဆင်ပြေ အချိုးကျလှပေသည်။ ယင်းကျောင်းဘိုက်၌ ကျယ်ဝန်းသော တိုက်ကျောင်းကြီးပေါ်၌ ဘုရား ဆင်းတုတော်များ ကျေးဇူးရှင် ဤအတ္ထုပ္ပတ္တိသခင် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်ပညာ မဟာထေရ်မြတ်၏ ရုပ်ထုတော်ကိုလည်း ဖူးမြင်နိုင်လေသည်။

ယင်း ခွေးပြုတ်ရွာကား ညောင်ဦးမြို့မှ အရှေ့တောင်ယွန်း ၁၆-မိုင်ခန့် ကွာလှမ်းသော အရပ်၌တည်ရှိ၏၊ နာမည်ကျော် ဖော်ပြခဲ့ပြီး ပုပ္ပါးဘောင်၏ အနောက်ဖက်ကျ၍ ဂ-မိုင်ခန့် ကွာလှမ်းလေသည်။ ပုဂံမြို့တော် စည်ပင်စဉ်ကမင်းညီ မင်းသားများ[1]မြို့တော်မှ လူကုံထန်များ ပုပ္ပါးတောင်အသွား လမ်းအကြားတွင် ဤ ခွေးပြုတ်ရွာသည် ကွန်းခိုနားနေ စတဲချရာ ရပ်ထူး ရွာမြတ်ရွာမွန် ဖြစ်လေသည်။

ခွေးပြုတ်ဝှဂါမကော နာမ၊ နာနာဒုမေဟိ သောဘတိ။
ပုပ္ပါစလနာတိဒူရေ၊ ပတိဋ္ဌော ပသိဒ္ဓါ ဘဝေ။

ခွေးတောက်ပြုတ် ခွေးပြုတ်ဖြစ်ခဲ့

ပုဂံမင်းများ လက်ထက်က ပုဂံမင်းများသည် ပုဂံမြို့တော်မှ ပုပ္ပါးသို့ မကြာမကြာ အပန်းဖြေ အနားယူ ထွက်တော်မူလေ့ ရှိကြကုန်၏။ ရံခါ ယခု ခွေးပြုတ်ရွာတွင်မည့်ဒေသ လမ်းခုလပ်တွင် သစ်ခက်တဲနန်းထိုးစေ၍ အပန်းပျောက်ပြေ နားနေကြကုန်၏။ တခါတွင် မင်းတပါး[2] ယင်းကဲ့သို့ နားနေခဲ့စဉ် ဘုရင်၏ ခွေးကြီးတကောင်မှ တောက်ကြီး ပြုတ်ကျနေခဲ့သည်။ ယင်းယောယီစံနန်း တည်နေရာ ဘုရင့်ခွေးကြီး တောက်ပြုတ်ကျရာ၌ နရပတိစည်သူမင်းကြီး၏ သားတော် ငါးယောက်အနက် သားတော်ကြီး ဇေယျသူရသည် နောက်ပါ အိမ်ထောင်စု သုံးဆယ့်ရှစ်ဦးနှင့် တကွ စတင်၍ နေထိုင်ခဲ့လေသည်။ ရွာအမည်ကိုလည်း ခွေးတောက်ပြုတ်ဟုပင် တွင်စေလေသည်၊ ကာလကြာသော် ခွေးတောက်ပြုတ်မှသည် ခွေးပြုတ် ဖြစ်လေသည်။

ပဌမံ ခွေးတောက်ပြုတ် ဣတိ၊ သမညာ သမဇာယထ။
စိရဇာတေ တု ကာလသ္မိံ၊ ခွေးပြုတ်တိ အဝှယော ဘဝိ။

၁။ နရပတိစည်သူ ဖြစ်ဟန်တူ၏။

ကျေးငှူးရှင် တိုက်အုပ်ဆရာတော် အရှင်နန္ဒိယ မဟာထေရ်မြတ်၏ မဟာဝိသုတာရာမထေရာပဒါန်ကျမ်း၌ ခွေးတောက်ပင်စု (ခွေးတောက်ပြုတ်) ၏ အနီးဖြစ်သောကြောင့် ခွေးတောက်ပြုတ် ဟူသတတ် ဟု လာရှိသည်[၁]။

ပုဂံမြို့တော်နှင့် ပုပ္ပါး အကြားရှိ ခွေးပြုတ်ရွာကိုမှ ရွေးချယ်၍ သန္ဓေတွယ်

ပခုက္ကူမြို့ မဟာဝိသုတာရာမ တိပိဋကဓရ ဝိဇ္ဇာယတနကြီး၏ မဟာနာယက အဓိပတိ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ အရှင်ပညာ လောင်းလျှာသည် လွန်စွာထူးချွန်သည့်ပုဂ္ဂိုလ်ဖြစ်မည့်အလျောက် အမိမြန်မာမြေကမ္ဘလာ၌ အထူးခြွန်ဆုံး ပညာရှိပုဂ္ဂိုလ်တို့ အပေါ်ထွန်းဆုံး ဓာတ်မွေသရီတို့ကိန်းဝပ်ရာ ကမ္ဘာတွင် စေတီပုထိုးတို့ အပေါမျှားဆုံး သာစွပုဂံရွှေပြည် နယ်နိမိတ်အရပ် လွန်စွာမှ သာယာလှသည့် စိတ်ဝင်စားစရာ အလှပဂေး ဝေးမြင့်သီခေါင် တောင်တော်ရွှေပုပ္ပါးနှင့် မလှမ်းမကမ်း အောင်မြေ ဖြစ်သည့် ခွေးပြုတ်ရွာကိုမှ ရွေးချယ်၍ သန္ဓေတွယ်တော်မူခြင်း ဖြစ်လေသည်။

ဇယဘူမိ ဥစ္စိနိတ္ဘာ၊ မဟာထေရော သမုဇ္ဇဝိ။
လောကေ ဟိ ဇယကာမာနံ၊ ဝိသိဋ္ဌမမုတာ ဘဝေ။

စတုတ္ထဝိုင်း
ဦးပျော့ ဒေါ်မင်းဂုဏ်

ဖော်ပြပါ ခွေးပြုတ်ရွာ၌ ဦးမြတ်ပုံ၏ သားဖြစ်သူ ဦးဖိုးလယ်သည် ဖခင် ဦးမြတ်ပုံ၏ အရိုက်အရာ ရွာသူကြီး ရာထူးဖြင့် ရပ်ရွာကို စိုးအုပ်၍ နေ၏၊ ဦးဖိုးလယ်သည်—

ကုလသိလဂုဏောပေတော၊ သဗ္ဗမမ္မပရာယနော။
ပဝိဏော ပေသနာဓျက္ခော၊ ဓမ္မဓျက္ခော ဝိဓိယတေ[၂]။

ကုလသိလဂုဏောပေတော၊ အမျိုးအနွယ်၏ ကောင်းခြင်းဂုဏ် ဖြူစင်သော ဝါရိတ္တသီလ စာရိတ္တသီလဂုဏ်နှင့်လည်း ပြည့်စုံလုံလောက်သော။ သဗ္ဗဓမ္မပရာယနော၊ အလုံးစုံသော ကိုယ့်ကိစ္စ ကိုယ့်လုပ်ငန်းဆိုင်ရာ နီတိဓမ္မ၌လည်းလျောင်း မွေ့လျော်သော။ ပဝိဏော၊ ထင်ရှား ထက်မြက် သွက်လက်ချက်ချာသော။ ပေသနာဓျက္ခော၊ လက်အောက် ငယ်သားတို့ကို အမှုကိစ္စလုပ်ငန်း၌ ညွှန်ပြတတ်သော။ ဇနော၊ အကြီးအကဲ ပုဂ္ဂိုလ်ကို။ ရည်၊ တိုင်း

၁။ မဟာဝိသုတာရာမ ထေရာပဒါန်-၁၁။
၂။ စာဏက္ကနီတိ-၁၀၂။

ပြည့်သခင် ဘုရင်မင်းမြတ်သည်။ ဓမ္မဓျကွေ၁၊ တရားရေးရာကိစ္စတို့၌ သဘော ကို ဆုံးဖြတ်တတ်သူဟူ၍။ ဝိဓိယတေ၊ စီရင်အပ်၏။

"အမျိုးမြတ်ထ၊ သီလပြည့်စုံ၊ ကုံလုံပညာ၊ လေ့လာဆုံးဖြတ်၊ စေတတ်လက်ပါး၊ ထိုသူအားကို၊ တရားဆိုင်ရာ၊ ရပ်ရွာ အထွတ်၊ ပုဂ္ဂိုလ်မြတ်ဟု၊ သိမှတ်ရာ၎"[1] –

ဟူသည်နှင့်အညီ ဦးဖိုးလယ်သည် အမျိုးမြတ်ခြင်း ဝါရိတ္တသီလခေါ်သော ငါးပါးသီလ လောကအလိုက် အပြစ်မရှိ၍ ကျင့်သင့် ကျင့်ထိုက်သည့် စာရိတ္တ သီလနှင့် ပြည့်စုံခြင်း အသိပညာ အတတ်ပညာနှင့် ပုဂ္ဂိုလ်အလိုက် ထိုက်သည့် အားလျော်စွာ ပြည့်စုံခြင်း လိမ္မာပါးနပ် ထင်ရှား ထက်မြက် သွက်လက် ချက်ချာခြင်း မိမိအောက် ငယ်သား အမှုထမ်းများကို ညှာနှာကြား စေခိုင်း တတ်ခြင်း ဟူသော ဂုဏ်နှင့် ပြည့်စုံသည့် ရပ်ရေး ရွာရေး တရား တဘောင် တို့ကို ဆုံးဖြတ်နိုင် နှစ်ဦးနှစ်ဖက် ကျေနပ်အောင် ဆောင်စွမ်းနိုင်သည့် ရပ်ရွာ သူကြီးမင်းကောင်း ဖြစ်လေသည်။

ဦးဖိုးလယ်ဝှပုဂ္ဂလော ဟိ၊ ဂါမဇေဋ္ဌော ဝိရော သုဓီ။
ဓမ္မဇ္ဈကွေ၁ သော ဟုတ္ဝာန၊ ဂါမဿ ကိစ္စကာရကော။

ဦးဖိုးလယ်၏ ဇနီး သူကြီးကတော်သည်လည်း လိမ္မာပါးနပ်သူ ဖြစ်၏၊ သူတို့နှစ်ဦးမှာ ဦးပျော့ဟူသော အမည်ဖြင့် သားကြီးတယောက် ဖြစ်ထွန်းပေါ်ပေါက်၏၊ ဦးပျော့သည် အကျင့်စာရိတ္တ ကောင်းမွန်၏၊ အပေါင်းအသင်းလည်း ဆန့်သဖြင့် ရွာသူရွာသားတို့၏ ချစ်ခင်လေးမြတ်မှုကို ခံရသူ ကာလသားလူပျို တယောက်ဖြစ်လေသည်။ ၎င်းပြင်—

"အိပ်မှုချစ်ခင် သဘင်လိုက်စား ပေါ့ပါးထက် လုံ့လမရှိ ပျင်းရိကဲ့ လွန် တံခွန်အမျက် ကျိုင်းချက်သည် ပျက်စီးရကြောင်း အင်္ဂါတည်း" ဟူသော ပရာဘဝသုတ်[2] နှင့်အညီ စီကုံးညှာနှာကြား လက်ံလော ပျက်စီး ခြင်း ၅-ပါးကို ပယ်ခွါပြီး—

၁။ အအိပ်မမက် အအိပ်မခင်ခြင်း။

၂။ အပျော်အပါး ပဲ့လမ်းသဘင် မလိုက်စားတတ်ခြင်း။

၃။ ထထကြွကြွ ပေါ့ပေါ့ပါးပါး အိမ်မှုကိစ္စ စသည်များကို ပြုလုပ် တတ်ခြင်း။

၁။ စာဏက္ကနီတိ ရစနာလင်္ကာ။
၂။ သုတ္တနိပါတပါဠိ ပရာဘဝသုတ်-၂၉၅-ကြည့်၊

၄။ ပျင်းရိခြင်း မရှိခြင်း

၅။ အမျက်ထွက်လေ့ မရှိခြင်း—

ဟူသော ဂုဏ်အင်္ဂါ ၅-ပါးနှင့်ပြည့်စုံသည့် အမျိုးကောင်းသား ဖြစ်သည်။ သို့ဖြစ်၍ ခွေးပြုတ်ရွာရှိ အရွယ်ရှိ အမျိုးတချို၏ မိဖများနှင့် ခွေးပြုတ်ရွာအနီးရှိ ရွာများမှ အမျိုးသမီးပျို ပိုင်ရှင် မိဖတို့က မိမိတို့သမီးကညာကို ကိုပျော့နှင့် လက်ထပ်ဖို့ ကြောင်းလှမ်းကြသည်။

သို့ရာတွင် ကိုပျော့သည် ရှမ်းအမျိုးနွယ် ဒေါ်ဘော်မ၏[1] သမီး နှာရူ, မံသ, သရ, အဋ္ဌ, ပရိမဏ္ဍလ ငါးဝကလျာဏဂုဏ်နှင့် ကုံလုံသည့် ဒေါ်မင်းဂုဏ်ကို သဘောကျမိပါသဖြင့် မေတ္တာတံဆိပ် ပုံဝမ်းနှိပ်၍ မျက်ရိပ်မျက်ချည် တန်း မိသည်ကြောင့် လူကြီးမိဖ စုံလင်စွာဖြင့် ရပ်ရွာနယ် အသိပေးကာ စုလျားရစ်ပတ် လက်ထပ်ထိမ်းမြား ခဲ့လေသည်။

ဦးပျော့သည် ဒေါ်မင်းဂုဏ်နှင့် ရှေးဘဝများစွာ သံသရာ အကြာချည်းကြာက ပေါင်းသင်း ဆက်ဆံဘူး အတူတက္ခ နေထိုင်ခဲ့ဘူးသောကြောင့်ၵၢင်း, ဤဘဝတွင်လဲပဲ တဦးနှင့်တဦး ကူးလူးဆက်ဆံကာ များစွာသော အကျိုးစီးပွါးတို့ကို ဆောင်ရွက်ခြင်းကြောင့်ၵၢင်း ကြာသည် ရေဒ္ဓသာ ဖြစ်ထွန်း ပေါက်ပွါးကြီးပွါး စည်ကားသကဲ့သို့ ဦးပျော့သည် ဒေါ်မင်းဂုဏ်အား များစွာ ချစ်ခင်ခဲ့လေသည်။ များစွာ ကြောင်းလှမ်းလာသမျှ အမျိုးသမီးတို့ကို ပယ်မြစ်၍ ဒေါ်မင်းဂုဏ်ကိုမှ ချစ်ချင်သည်၊ ခင်ချင်သည်၊ မြတ်နိုးချင်သည်။

ပုပ္ပေ ဝါ သန္ဒိဝါသေန၊ ပစ္စုပ္ပန္နဟိတေန ဝါ။
ဧဝံ တံ ဇာယတေ ပေမံ၊ ဥပ္ပလံဝ ယထောဒကေ။

ဥဒကေ=ကာလကြာရှည် တည်နေသောရေ၌။ ဥပ္ပလံ=အဆင်း ရနံ့ သင်းပျံ့လှစွာကြာသည်။ ဇာယတေ ယထာဧဝ=ပေါက်ဖွားစည်ကား ကြီးပွါးဖြစ်ထွန်းသကဲ့သို့သာလျှင်။ တထာ=ရေဒ္ဓ ဖြစ်ပွါး ကြာနှင့်မခြား အလားတူစွာ။ ပေမံ=စုံမက်ချစ်ခင် မြတ်နိုးခင်မင်ခြင်းသည်။ ပုပ္ပေ=အာတီသမယ ရှေးဘဝ၌။ သန္ဒိဝါသေန ဝါ=တူကွပေါင်းဆုံ တွေ့ကြုံပျော်မွေ့ နေခဲ့ဘူးခြင်းကြောင့်ၵၢင်း။ ပစ္စုပ္ပန္နဟိတေန ဝါ=ပစ္စုပ္ပန်မျက်မြင် များဖြင်သီးသီး အစီးအပွါးကို ဆောင်ရွက်ဘူးခြင်းကြောင့်ၵၢင်း။ ဇာယတေ=မုချမှန်စွာ ဖြစ်ပေါ်လာ၏။

၁။ ဒေါ်ဘော်မ၏ခင်ပွန်းကို စုံစမ်း၍ မရတော့။

သူတို့နှစ်ဦး နှစ်ကိုယ်တစိတ်

ဦးပျော့ ဒေါ်မင်းဂုဏ် ဟူသော သူတို့ ဇနီးမောင်နှံ နှစ်ဦးတို့သည် လူ့လောကဇာတ်ခုံ၌ ပျော်ရွှင်စွာ ကကြကုန်၏။ ကိုယ့်အိုး ကိုယ့်အိမ်နှင့် ခွဲ၍ မနေကြရသေးပဲ မိဖတို့အိမ်၌ ရှိသေးရာ ဒုက္ခဟူသည် မြူမျှမတွေ့ရပဲ တာဝတိံသာ နတ်ပြည်က နတ်သား နတ်သမီးတို့အလား အနဲနဲအဖုံဖုံ အစွမ်းကုန် ပျော်ကြကုန်၏။ နှစ်ကိုယ်တစိတ် တအိပ်ထည်းငွေပမာ သင့်တင့်နှီးနှော ညီညွတ်ကြကုန်၏။

ဦးပျော့တိကုလပုတ္တော စ၊ ဒေါ်မင်းဂုဏ်ကုလဒုဟိတာ။
ဥဘောတေ သမ္မမောဒန္တိ၊ တိဒသေ ဒေဝတာ ယထာ။

ရံခါပုပ္ပါးတောင် ခရီးထွက်ကြ

သူတို့နှစ်ဦးတို့သည် သာယာလှသည့် ခွေးပြုတ်ရွာ၌ လူကုံထန် အမျိုးနှစ်ဦးမှ ဆက်သွယ် ပေါက်ဖွားသူများ ဖြစ်ကြရာ စိတ်သွားတိုင်း ကိုယ်ပါကြသည်။ ဘယ်မြို့ ဘယ်ဒေသကိုပဲ သွားသွား မိဖနှစ်ပါးတို့က အဆီးအတားမရှိ စရိတ်စက အဆင်သင့်ထုတ်ပေးကုန်၏။ သူတို့နှစ်ဦး ရံခါဝေးမြင့်သီးခေါင် တောင်တော်ရှေ ပုပ္ပါးသို့ သွားကြ၍ ပုပ္ပါးတောင်၏ အလှကျက်သရေကို ရှုစားကြကုန်၏၊ တောင်ကလပ်သို့ သူက အတက်မြန်သည် ငါက အတက်မြန်သည်နှင့် အပြိုင်တက်ကြသည်၊ ဆင်းတော့လဲ သူက အဆင်းမြန်သည် ငါက အဆင်းမြန်သည် အပြိုင်ဆင်းကြသည်။ ရံခါ တောင်ခြေရင်း ရေတံခွန်တွင် ရေချိုး၍ အပန်းဖြေကြသည်။ ကျိသို့စသည်ဖြင့် ဦးပျော့ ဒေါ်မင်းဂုဏ်တို့သည် တောင်တော် ရှေပုပ္ပါးသို့လည်း ရံဖန်ရံခါ သွားရောက်၍ ပုပ္ပါးတောင်၏ အလှကျက်သရေကို ခံစားကြကုန်၏။

သမ္မတိ ဒမ္မတိ ဥဘော၊ သုမနော ဘိရာမံ သုဘံ။
ပုပ္ဖါစလံပိ ဂန္ဓဝန၊ သမ္မမောဒိံသု နေကဓာ။

ရံခါ ပုဂံမြို့တော် ခရီသွားကြ

ရံခါ ယဉ်ကျေးမှု အမြုတေတို့၏ စုဝေးရာဟု ကမ္ဘာကပင် အာရုံစိုက်ရသည့် အရိမဒ္ဒနမည် သာစွဲပုဂံရှေပြည်သို့လည်း ခရီးထွက်ကြသည်။ ညောင်ဦးဖက် ရှေစည်းခုံစသည့် စေတီပုထိုးများ ရှိခိုးဖူးမြော် ဦးတော်တင်ပြီး ပုဂံဖက်ရှိ, အာနန္ဒာ, သဗ္ဗညုအစရှိသည့် လောကဓိပတိ စေတီပုထိုးကြီးများကိုလည်း ရိုကြိုး မာန်နှိမ် အကြိမ်ကြိမ် ဖူးမြော်ခဲ့သည်။ ရံခါဖူးမြော်၍ ကျိသို့ အရှင်ဘုရားအား ညွတ်တွား ဦးတင်ပါရ ကျိပုညကြောင့် တပည့်တော်တို့

မောင်နှံစုံ နိဗ္ဗာန်မရမီ ယခုလို အတူတကွ မကွေမကွာ ပေါင်းဆုံရပါလိုို၏ စသည်ဖြင့် ဦးပျော့ တောင်းဆုခွေ၏။

စိတ္ထိကတံ သုစေတိယံ၊ ဝန္ဒာမိ သိရသာဒရံ။
ဣမိနာ ပုညကမ္မေန၊ တာယ သဒ္ဒိံ သမာဘဝေ။
ဣတိ ဦးပျော့ဝုယော ပေါသော၊ အကာသိ ပတ္ထနံ သုဓီ။

ဒေါမင်းဂုဏ်ကလည်း ဤသို့ ဘုရားမြတ်စွာအား ဖူးမြော်ပါရ ဤပုည ဓကြောင့် ဦးပျော့နှင့် နိဗ္ဗာန်မရမီ စပ်ကြား ဆက်လက်၍ တူကွမကွေ ပေါင်းရပါလိုို၏ စသည်ဖြင့်ပင် တောင်းဆုခွေခဲ့လေသည်။

စိတ္ထိကတံ စေတိယံ ဟိ၊ ဝန္ဒာမိ သိရသာဒရံ။
ဣမိနာ ပုညကမ္မေန၊ တေန သဒ္ဒိံ သမာဘဝေ။
ဣတိ ဒေါမင်းဂုဏ် ဝန္ဒိတွာ၊ ပတ္ထနံ မနသာ အကာ။

လမြတ်ဝါခေါင်

ဝါခေါင်လ သိဟ်ရာသီကား ထူးခြားသည့် လပါတည်း၊ သရဝဏ်နက္ခတ်နှင့် စန်းယှဉ်၏၊ ယင်း ဝါခေါင်လ၌ ရှေးယခင် ဘကြီးတော်မင်းတရား လက်ထက် စသည်က ရဟန်းသံဃာတော်တို့အား ဆွမ်းခဲဖွယ် ဘောဇဉ်တို့ကိုဌင်း, ရဟန်း အသုံးအဆောင် ပရိဘောဂတို့ကိုဌင်း စာရေးတံမဲချ၍ လှူဒါန်းရသော စာရေး တံပွဲကို ကျင်းပလေ့ရှိ၏။ ယင်း ဝါခေါင်လကား ပန်းခတ္တာတို့လည်း ကားကား စွင့်စွင့် ပွင့်ရာလလည်းဖြစ်၏။ ရဟန်း သံဃာတော်တို့ ဝါဆိုပြီး နောက်တလ ဖြစ်သည့် ဝါတွင်းလဖြစ်ရာ သမာဓိရရှိစွာ ပိဋကအခြေပြု ကျမ်းများနှင့် ပိဋကသုံးသွယ် နိကာယ်ငါးရပ် ကျမ်းဂန်တို့ကို အပျက်အကွက် နည်းစွာဖြင့် သင်ယူချပို့ရာ လမြတ်ဖြစ်၏။ ဧရာဝတီ, ဒုဋ္ဌဝတီ, ချင်းတွင်းမြစ်စသည့် မြစ် ချောင်းအသွယ်သွယ်တို့ ကမ်းဦနားထောက်၍ ကျိုက်သောက် ရလောက်အောင် ရေလာပြည့်ကြွယ်ရာ လ ဖြစ်၏။

သာဝတ္ထော နာမ မာသော စ၊ ဝိသိဋ္ဌော ရမ္မကော ဘဝိ။
တသ္မိံ သလာကဒါနာနိ၊ အဒံသု သာဓဝေါ ဇနာ။

နဒီယောပိ သလိလေဟိ၊ ကာကပေယ္ယာ ပုဏ္ဏာ ဘဝူ။
ယတယော ဥယျုတ္တာ စေဝ၊ ဂန္ဆေသု ဝိဝိဓသုပိ။

ဖော်ပြပါ လမြတ်ဝါခေါင်နှင့် စပ်၍ စာဆိုတော်တို့ အမျိုးမျိုး အဖုံဖုံ စာဖွဲကြကုန်၏။ စာဆိုတော် ဦးယာသည်—

ဝေဇယန္တာ နတ်နန်းသာလျှင် တည်ရာဇာတိ ဂုဏ်ထူးရှိသား သိရိနဂိုရ် တောင်မြင်းမိုရ်မှ မြည့်ရစ်သန်း လက္ခဏာခန်းတွင် ကျယ်ဝန်း မြစ်ဆီး ကျွန်းနှယ်သီး၍ ငွေထီးဖြန့်မိုး စဉ်ရှင်မိုးသား နန်းရိုးဆင်းသက် ဆယ့်တစ်ထက်မှာ ထောက်လျက်ထွန်းစည် မင်းမြတ်တည်သည် သုံးပြည့် လုံးထီး စေတီကြီးကို မနီးထောင်ထွေ နတ်နန်းမြေက စိတ်နေမနှောင်း ပြည့်လယ်ကြောင်းလည်း ညွှတ်ပြောင်း ကြည်လင် ရှိစုံတင်သည် ရှေခြသေ့မင်း လဝယ်သော်။

ဟေမဝန္တာ မြို့ဝင်ခန်းဝါ၌ ဂန္ဓာလိုဏ်နန်း မဉ္ဇူပန်းလည်း နှုန်းနှုန်းမမျှ ဌဝီသတွင်ငါးပါးနောင်မြော် လေးဆူဖျော်သည် ငွေပေါ် ရောင်ရှန်း လက် ဖြစ်ပန်းနှင့် ရည်ညွှန်းလေးနက် လျှောက်မည်ချက်ကား မယ့်သက်နုနယ် ဂေါရီရွယ်က အကယ်ချစ်ယောင် ဆန်းသစ်မောင်လျှင် ပျက်ခေါင်တိုင် လှ နွှတ်ကြွေးချ၍ ကာလဟောင်းမြင်း နေနှတ်မင်းလျှင် ဆုတ်နှင်း မြုခုန် မြေဆီမှုန်ဟု ရှေယုန်မင်းနှင့် ငါးကြိမ်သင့်လည်း ချစ်ခင့်မမြင် လွှမ်းသာဖြင်သည် ထွေချင်နွေနှင့် ညနှယ်သော်ဟု၍ ရထုဖြင့် ဝါခေါင် လကို ဖွဲ့ဆိုခဲ့လေသည်။

ၚင်းပြင် ဟံသာဝတီမင်း၏ ခမည်းတော် တနင်္္ဂနွေမင်းလက်ထက်တွင် ထင် ရှားသော ဆည်သည်ရွာစား စာဆိုတော် ဦးအောင်ကြီးကလဲ—

> "သာစ္ဒလေ တိမ်ခြေမှိုင်းထန် လဗိမာန်နှင့် သရဝဏ်နက္ခတ် ပြည့် မှတ်တလီ သိဟ်ရာသီဟု ခတ္တရီခတ္တာ ပင်တိုင်းဖြာသား နံကာဆန်းစ ဝါခေါင်လကား ကျောင်းမှမက္ခာ ထေရ်သံဃာတို့ သဒ္ဓါရှင်လန်း ဆွမ်း ပန်းကျွေးဟန် စာရေးတန်ဟု ကောင်းမှန်စီရင် သဘင်ဒါန လှူဒါန်း ကြလျက် ရှေးကထိမ်းမှတ် ညီနောင်နတ်အား ရှိညွတ်သောင်းဘဲ တက်စမြဲနှင့် လှေပွဲမျှားစ္ဒာ မြစ်ရောဝယ် ကြည်ဘသန်းကူး ပြိုင်ကြမှူး သည် ကျွန်းဦးရေမြောက် ယှဉ်းတည့်လေး၊ ပင့်လင်းစည်သည် ရှေပြည် ရှေဝနန်းတည့်လေး[၂]။

ဟူသော လူးတားကဗျာဖြင့် အင်းဝခေတ်ခလေ့ကို ဖော်ပြ၍ ဖွဲ့ဆိုခဲ့လေသည်။

ၚင်းပြင် မဟာအတုလမင်းကြီးကလဲ—

> မျော်ယောင်ဆာပန်းတော့ သောင်ကမ်းငယ်ပြည့်လှဲ့ နဒီငယ်ခြံသည် ပြည်မင်းစံရှေဘုံက အကုန်ထူးတဲ့ လကိုလေး။

၁။ ဆယ့်နှစ်ရာသီဖွဲ့ ပေါင်းချုပ်- ၅။

၂။ ဆယ့်နှစ်ရာသီဖွဲ့ပေါင်းချုပ်- ၁၂။

သိဟ်ရာသီငယ် နေမိန္ဒရ ဝါခေါင်လမို့ တောင်များထုတ်စုန် သရဝဏ်လဲ ရောင်ဝှန်တောဇာ ပန်းခတ္တာနှင့် ခိုင်ညှာပွင့်ကြွ တိုင်းပြည်သူတို့ လှူစာရေးတံ သဘင်စုံခံဆဲမို့ လွှမ်းရန်ဖွယ် သည်အချိန်ကို ဒေဝရိန် ပဇူန်မှူးရယ်က မြူးလှတယ်လေး[1]။

ဟူသော လွှမ်းချင်းဖြင့် အပိုမသွင်းပဲ လိုရင်းကိုဖော်ပြ ဖွဲ့ဆိုခဲ့လေသည်။ ၎င်းပြင် စာဆိုတော် နဝဒေးကလဲ–

"မရမ်းချိပ်ရောင် ခိုးမှောင်ဝေလှဲ့ မိုးသံခြိမ်းခြိမ်း သုံးသိန်းစက်နေ ရွှေသိဟ်ရာသီ ခါမှိုဆန်းစ လွှမ်းလှလေ၊ တေဇာဓာတ်ခါ လမှာဝါခေါင် ခိုးမှောင်လျှပ်ဆို့ သက်တန့်ညို့သား မှိုမှိုမှိုင်းမှိုင်း ပင်တိုင်းယိမ်းနွဲ့ တောင်လေသွဲ့၍ ရွာတဲ့မလို့ လျှပ်ရောင်စိုလို့ ရေညိုနဒီ လျှမ်းလျှမ်းချိ၍ ရာသီတိန သည်မာသတွင် ငယတြို့ နေ့ရှိနာရီ မမှိုညဉ့်ရောက် နှစ်ဆယ့် ခြောက်တည့် လှဲ့တောက်ထိန်ဝင်း အတွင်းပတ္တမြား အပကားငွေ့ မြူတေအရောင် ဘုံဆောင်ရထား လှည့်သွားမိုးစုန် သရဝဏ်လည်း မြွားဟန်တူစွာ ဗျိုင်းတာရာနှင့် ယှဉ်လဲ့ထွန်းပ ပြည့်ကြအညီ သည်ရာသီတွင် ရိုးနိခတ္တာ ပဒေသာသို့ စကြာမကို့ လှည့်ခဲ့တုံသော် ဝန်းရုံတူကွ ကြယ်မာဃနှင့် ကျွန်းမြလယ်ချာ ရောက်သောခါကား ဘဝါးတခု ရတုဝါခေါင် တိမ်တောင်ပတ်ယှက် သည်ရက်အခါ မြတ်စွာထွတ်ထား ရွှေစံကားတွင် ပဲ့များငြိမ့်ခံ စာရေးတံဟု စီမံခင်းကျင်း မင်းသားတသိး မင်းသမီးတို့ မှူးကြီးမတ်ရာ မြတ်သံဃာကို ရသာထွေပြား အပါးပါးနှင့် သကြားကြံချို့ ဆိမ့်ယိုအုန်းသီး ပျောဘီးရွှေရောင် မြဒေါင်းပေါင်တွင် အသာတင်၍ သဘင်ခံပဲ့ ပုလဲရွှေမြင် ငါးအင်ကလျာ မိုးသူဇာသို့ ဖလ်ပြာတကောင်း ရှိတုံပေါင်း၍ ဝတ်ညောင်းပန်ကြား လျှောက်ဆိုထားသည်၊ ရွှေသားဝင်းနုနယ်သို့လေး။ ကြည်ဖွယ်သည့်နတ်ကား ရိုးမမှား၊ သနားငယ်မူရာ ကေသာတည့်လျှော့လျည်း ပန်းကြိုးစည်း။ အူသည်း ပြတ်မလို သံချိုတည့်မှန်း အကုန်ဆန်း၂။"

ဟူသော လူးတားသံချိုဖြင့် ပေါ်လွင်စွာ ဖွဲ့ဆိုခဲ့လေသည်။

ကျိုက်လတ်ဆရာ ဦးပြုံးချိုကလည်း–

"လစန်းရယ်တဲ့ ငွေဘုံဆောင် ပြည့်ဝန်းကြယ်သရဝဏ်နှင့် နယ်တဝှန် ရှစ်ခွင်တိုင်းမှာ မှိုင်းရီလို့မှောင်။ ငွေတာရာ သိန္ဓဝငယ်တို့ ဝေဟာမှာ

၁။ မဟာဂီတပေါင်းချုပ်-၂၂၃။

၂။ ကဗျာ့သင်္ဂဟမေဒနီ-၆၈။

အခါနိန်ပြပါတဲ့ ခါနိန်သမယ လဝါခေါင်မှာ ငွေသောင်မြစ်ပြည့်လျှမ်း ခတ္တာငုံ ချပ်လှာမှုံတကြူကြူနှင့် ပြည်နိဗ္ဗု။ပတ္ထနာသန်လို့ စာရေးတံလှု။ တော်ပဲ့ကို (အိုက္ခယ်) နဲ့ပျော်ဖို့လှမ်း"" –

ဟူ၍ တေးထပ်ဖြင့် ရေးစပ်ဖွဲ့ဆိုခဲ့လေသည်။

သူတော်ဦးမင်းကလဲ–

ထက်အာကာဘုံစွန်းက တောက်ထွန်းလို့ထိန်ဝါ၊ သရဝဏ်ရှေကြယ် မင်းရယ် လင်းတဲ့ခါနိန်ခါ။

လေညှင်းငယ်လာ သိဟ်ရာသီမှု၊ ရှုတိုင်းငယ် ဘယ်ညာက ပန်းခတ္တာ ဝတ်မှုံကျင်းတယ် သင်းပျံ့လိုင်လို့"

ဟူသော လေးချိုးကဗျာဖြင့် ဖွဲ့ဆိုခဲ့လေသည်။

ပဉ္စမပိုင်း

ဆရာတော်လောင်းလျာ ပဋိသန္ဓေတည်

ယင်းသို့ဖြင့် ကဝိမိုရ် စာဆို အကျော်အမော်တို့ ဖွဲ့ဆိုချီးမွမ်း၍ မကုန်နိုင်အောင် ထူးမြတ်သော သက္ကရာဇ် ၁၂၃၉-ခုနှစ် သာသနာ့ဝန်ထမ်း ရဟန်း သာမဏေတို့ သမာဓိရရှိနှင့် ပိဋကကျမ်းဂန်တို့ကို သင်အံပို့ချရာ ခါသမယ ဝါခေါင်လလောက်တွင် ဘုရားရှင့် သာသနာတော်ကို ရွတ်ရွတ်ချ ချ စွမ်းစွမ်း တမံ ထမ်းရွက်မည့် ပိဋကသုံးသွယ် နိကာယ်ငါးရပ် ပါဠိ အဋ္ဌကထာ ဋီကာ ကျမ်းတို့ကို နေ့ညဉ့်မအား ချပို့နည်းပေးမည့် ပခုက္ကူမြို့ မဟာဝိသုတာရုမ နိကာယ တက္ကသိုလ် ဗဟိုစာချ ကျောင်းတိုက်ကြီး၏ အဓိပတိ သံဃနာယက မဟာဝိသုတာရုမိက ဂဏဝါစက နိကာယာဓိပတိ အဂ္ဂမဟာပဏ္ဍိတ အရှင် ပညာ မဟာထေရ် လောင်းလျာသည် ဘဝဟောင်းမှ စုဝေချဦးပျော့၏ ဇနီး ကလျာဂုဏ်လောက်၌ ကုံလုံသည့် ဒေါ်မင်းဂုဏ်၏ ဝမ်းကြာတိုက်၌ စံပိုက် သန္ဓေ တည်နေခဲ့လေသည်။

မဟာပုညော မဟာပညော၊ ပညော ပညာယ မာတုယာ။
ဥပဋ္ဌိတော သကုစ္ဆိမှိ၊ သာသနေ သုဟိတာဝဟော။

၁။ မဟာဂီတပေါင်းချုပ်- ၂၃၄။
၂။ သူတော်ဦးမင်း ဆယ့်နှစ်ရာသီဘွဲ့မှု။

စာပေပို့ချ သာသနာပြုမည့် လက္ခဏာ

ယင်းသို့ သာသနာဝန်ထမ်း ရဟန်း သာမဏေတို့ သမာဓိရရှိနှင့် စာပေသင်ကြား ပို့ချနေချိန် ဝါတွင်း အချိန်အခါ သမယ ဖြစ်သော ဝါခေါင်လလောက်တွင် စဲ့လာသန္ဓေ တည်နေခြင်းသည် နောင်တခေတ် ဖွားမြင်ကြီးမြောက် အရွယ်ရောက်ချိန်တွင် ပိဋကသုံးသွယ် နိကာယ်ငါးရပ်ကို မဟုဿာဟဲ့လုံလဖြင့် သင်ကြားပို့ချမည့် အမှတ်လက္ခဏာ ဖြစ်လေသည်။

သန္ဓိဂ္ဂဟဏမာသောပိ၊ သုဒ္ဓရော လက္ခဉော ဟိ ခေါ။
သုဒ္ဓရေ ပိဋကေ ဝါစေတွာ၊ သာသနာနုဂ္ဂဟလက္ခဏံ။

ဒေါမင်းဂုဏ်၏ အိပ်မက်ဆန်း

ဦးပျော့နှင့် ဇနီးမောင်နှံတို့သည် မိဖဘို့မှ ခွဲကာ အိမ်သီးခြားနေ၍ ဃရာဝါသ ကိစ္စများမြောင် လူ့ဘောင်၌ ယာလုပ်ကုန်သွယ် ကြွေးဆယ်မြို့ချ ကိစ္စအဝဝကို လုပ်ရ၏။ တညတာ ရေမိုးချိုး ကိုယ်လက် သန့်စင်စေ၍ အိပ်စက်နေလေရာ မမျော်လင့်ပဲ ဒေါမင်းဂုဏ်မှာ အိပ်မက်ဆန်းတခု မြင်မက်လေ၏။ အိပ်မက်မှာ ပိဋကသုံးပုံ ကျမ်းစာတွေကို ဦးခေါင်းပေါ်ရွက်၍ လှည့်လည်ရသည်ဟု ဖြစ်၏။

သန္ဓိဂ္ဂဟဏော မာတာ ဟိ၊ အဒက္ခိ သုပိနံ သုတံ။
ပေဋကံ ပေါတ္ထကရာသိံ၊ သိသေ ကတ္ဝာန ဝိစရိ။

မမင်းဂုဏ် ကိုယ်ဝန်တည်ပြီ

မနက်စောစော ဒေါမင်းဂုဏ်က ကိုပျော့ ခဏလာပါ၊ ကျုပ် ပြောစရာတခု ရှိတယ်ဟု ဆိုသဖြင့် ဦးပျော့သည် ဒေါမင်းဂုဏ်၏ အိပ်ရာဘေးနားရောက်လာ၏။ ထိုအခါ ဒေါမင်းဂုဏ်က ကိုပျော့ ကျမ ညက အိပ်မက်မက်တယ်၊ ဘယ်လို မက်တုန်းဟု ဦးပျော့က မေးလေရာ ဒေါမင်းဂုဏ်က ပိဋကပေစာတို့ ခေါင်းပေါ်ရွက်ရသည်ဟု မက်ပါတယ်ဟု ဒေါမင်းဂုဏ်က ပြောလေရာ ဦးပျော့က မမင်းဂုဏ် မမင်းဂုဏ်မှာ ကိုယ်ဝန် တည်ပြီလေ၊ အဲဒီကိုယ်ဝန်က ဦးဦးဖျားဖျား သားဦး ကိုယ်ဝန် ဖြစ်မယ်၊ အဲဒီ သားဦးလေဘုန်းကြီး ဖြစ်မယ်၊ အဲဒီ ဘုန်းကြီးဟာ မမင်းဂုဏ် ရွက်ရတဲ့ ပေစာတွေကို ကျမ်းကျင်နိုင်နင်းစွာ တတ်မြောက်တဲ့ သာသနာ့ဝန်ဆောင် ဖြစ်မယ်ဟု ပြောလေရာ မမင်းဂုဏ်က သြော် ကိုပျော့ ကျမက အထင်လွဲမိတယ်၊ ကိုပျော့ဟာ ဗေဒင်တွေ ဘာတွေ မတတ်ဘူး ထင်ဒါ၊ ယခုတော့ ဗေဒင်ဆရာကြီးပါလားဟု ပြောလေရာ ကိုပျော့က မမင်းဂုဏ် ဗေဒင်ပညာ မသင်ခဲ့ရပေမဲ့

သာလောက်တော့ သိပါတယ်၊ မမင်းဂုဏ် သေသေချာချာ မှတ်ထား၊ ကိုယ်ဝန်တည်ပြီ၊ အဲဒီ ကိုယ်ဝန်ဟာ သားယောကျ်ား၊ နောက်ပြီး အဲဒီ သားယောကျ်ား ဘုန်းကြီး ဖြစ်မယ်၊ နောက် ကျမ်းဂန်တွေ တတ်ပြီး စာချုပ်ဂိုလ်ကြီး ဖြစ်မယ်၊ ဝမ်းမြောက် ဝမ်းသာရှိပေတော့ မမင်းဂုဏ် ဟု ပြောပြလေ၏။

အဟေ ဘဒ္ဒေ တေ ကုစ္ဆိမှိ၊ ဂဗ္ဘော ဝါ သုပတိဋ္ဌိတော။
ဂဗ္ဘဿ နိမိတ္တံ ဇေတံ၊ သောဘနလက္ခဏံ ဘဝေ။

အဟေ ဘဒ္ဒေ၊ ကောင်းခြင်းဂုဏ်နှင့် လောက်ငှကုံလုံ အို မမင်းဂုဏ်။ တေ၊ ရှင်မ၏။ ကုစ္ဆိမှိ၊ ဝမ်းကြောတိုက်၌။ ဂဗ္ဘော ဝါ၊ ကိုယ်ဝန်သည်ကား။ သုပတိဋ္ဌိတော၊ အကြောင်းသုံးဖြာ အင်္ဂါစုံညီ တည်ပါပြီ။ ဇေတံ၊ ဤပိဋ္ဌက ပေစာတွေကို ရွက်၍ လှည့်လည်ရ၏ ဟူ၍ အိပ်မက် မက်ခြင်းသည်။ ဂဗ္ဘဿ၊ ကိုယ်ဝန်တည်ခြင်း၏။ နိမိတ္တံ၊ အမှတ်အသားပါတည်း။ ဝါ၊ ကိုယ်ဝန်တည်ပြီ ဟူ၍ သိရသည့် အမှတ်အသား ပါတည်း။ သောဘနလက္ခဏံ၊ တင့်တယ်ဖွယ်ရာ ကောင်းမြတ်သည့် လက္ခဏာသည်။ ဘဝေ၊ ဖြစ်ပါ၏။

ပမုဒိတာ ဥဒဂ္ဂါ စ၊ ဘဒ္ဒေ နိရန္တရံ ဘဝေ။
ဝိဇာယိဿတိ ဝိသိဋ္ဌံ၊ အတြဇံ စက္ကဘာရမံ။

ဘဒ္ဒေ၊ အရတော်လှ အို ရှင်မ မမင်းဂုဏ်။ တုံ၊ ရှင်မ မမင်းဂုဏ်သည်။ ပမုဒိတာ၊ ငါ့မှာဖြင့် အရတော်လှပြီဟု ဝမ်းမြောက်ရှင်ကြည် ပီတိလျှမ်းဖြာသည်ဖြစ်၍။ ဥဒဂ္ဂါ စ၊ အားရပါးရ စိတ်ဓာတ်တက်ကြွသူသည်လည်း။ ဘဝ၊ ဖြစ်လိုက်စမ်းပါ။ ဝိသိဋ္ဌံ၊ မြန်မာမြေ ပထဗျာတွင် လွန်စွာ ထူးချွန်သော။ စက္ကဘာရမံ၊ သုံးလူ့ရှင်ပင် ဘုရားသခင် သာသနာတော်စက် တာဝန်ကို စည်ပင်အောင် ထမ်းဆောင် သည်ပိုးမည် ဖြစ်သော။ အတြဇံ၊ ကျောက်ကောင်းသဖွယ် သားမျက်ချယ်ကို။ ဝိဇာယိဿတိ၊ မီးရှူးသန့်စင် ဖွားမြင်ပါလိမ့်မည်။

ထူးထူးခြားခြား မိုးကောင်းခြင်း

ဆရာတော်၏ ဘဝ တသက်တာမှာ မိုးနှင့် ထူးထူးခြားခြား တိုက်ဆိုင်သည်။ နောက်၌ တွေ့ရလိမ့်မည်။ ဆရာတော် လောင်းလျာ ပဋိသန္ဓေနေ ချိန်မှစ၍ ခွေးပြုတ်ရွာ ပတ်ဝန်းကျင်တွင်ဌင်း တောင်ဆင်းနယ်တဝိုက်တွင်ဌင်း လွန်စွာ မိုးကောင်းသည်။ ရံခါ အရပ်ရွှေ့ခွင်မှ မိုးမဆင်ပဲ ရုတ်တရက် ရွာချသည်လည်း ရှိ၏။ ရံခါ သဲသဲမဲမဲ ရွှေ့ခွင်ဒီသာမှ ဆင်ပြီး တအုံးအုံး တပြုန်းပြုန်း ရွာချသည်လည်း ရှိ၏။ ခွေးပြုတ် ရွာသူ ရွာသားများနှင့် တကွ

တောင်ဆင်း နယ်သူ နယ်သားတို့ လွန်စွာ ဝမ်းမြောက်ကြကုန်၏။ အဲသည် နှစ်က တောင်သူတွေ ပဲတွေ နှမ်းတွေလဲ များစွာ ရကြ၏။ ထန်းပင်တွေမှ ထန်းရည်တွေလည်း လွန်စွာ ယိုကုန်၏။ စင်စစ်တမူကား မိုးက ဆရာတော် လောင်းလျာကို ကြိုဆိုခြင်း ဖြစ်သည်။

သာသနာ့ဝန်ထမ်းတွေ ပိဋကမိုးရေ တိုက်ကျွေးမည့် လက္ခဏာ

ယင်းသို့ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်ပညာလောင်းလျာ မိခင် ဒေါ်မင်းဂုဏ်၏ ဝမ်းကြောတိုက်၌ ကိန်းအောင်း စံပိုက်စဉ် လွန်လွန် ကဲကဲ မိုးရွာခြင်း ထူးထူးခြားခြား မိုးကောင်းခြင်းသည် ဘုရားမြတ်စွာ သာသနာ့ဝန်ထမ်းတို့အား နိကာယ်ငါးရပ်, ပိဋကတ်မိုးရေ အမြိုက်ကို တိုက်ကျွေးမည့် သဘော လက္ခဏာ အမှတ်သင်္ကေတသာတည်း။

ဂင္ဘောက္ကမနကာလေ ဟိ၊ မဟာမေဃော ပဝဿတိ။
ဇိနစက္ကေ တိပေဋက-မေဃဝဿန လက္ခဏံ။

မမင်းဂုဏ် ကိုယ်ဝန်စောင့်ရှောက်ပါ

သားထူး သားမြတ်၏ ပိုင်ရှင်ဖြစ်ရမည်ကို တွေးပြီး ပီတိဖြစ်နေသော ဦးပျော့သည် ဒေါ်မင်းဂုဏ်အား မမင်းဂုဏ် ကိုယ်ဝန်ကို လိမ္မာပါးနပ်စွာ စောင့်ရှောက်ပါ၊ မသင့်တင့်တဲ့ အစာတွေလဲ မစားပါနဲ့ အထူးသဖြင့် ငရုပ်သီးတွေ, ချင်းတွေကို ရှောင်ပါ။ သွားလျှင်လဲ ဖြည်းဖြည်းသွားပါ။ အိပ်တဲ့အခါ အလိုက်သင့်တိုင်း အိပ်ပါ။ စောင်းလျှင် သာသာ ယာယာ စောင်းပါ။ မှောက်ယက်မျှား မအိပ်ပါနဲ့။ ရေမိုးချိုးလျှင်လဲ ဆင်ဆင် ချင်ချင် ချိုးပါ။ ညနေဖက် အချိန်လွန်လျှင် ရေမချိုးပါနဲ့။ လေးလေး ပင်ပင် ဝန်ကိုလဲ မရွက်မပွေ့နဲ့၊ လုပ်စရာရှိတာ ကျုပ်လုပ်မယ်။ မမင်းဂုဏ်က ငယ်ရွယ်သူဖြစ်တယ်၊ အတွေ့အကြုံရှိတဲ့ မိန်းမကြီးတွေရဲ့ စကား နာယူပြီး ကိုယ်ဝန်ကို စောင့်ရှောက်ပါ စသည်ဖြင့် ဦးပျော့သည် ဒေါ်မင်းဂုဏ်အား သားသန္ဓေ စောင့်ရှောက်ဖို့ သွန်သင်နည်းလမ်းပြခဲ့လေသည်။

ဂဗ္ဘဿ ရက္ခဏတ္ထာယ၊ နေကဓာ သမ္မကာသယိ။
ဓိတိမာ ပဂ္ဂလော ဥိးပျော့-ကုလပုတ္တာ ဝိစက္ခဏော။

မမင်းဂုဏ် ကိုယ်ဝန်ကို စောင့်ရှောက်ခြင်း

ဒေါ်မင်းဂုဏ်သည် မဟာဝိသုတာရုံမ နိကာယဝိဇ္ဇာပီဌာဓိပတိ ဆရာတော် အရှင်ပညာမဟာထေရ်လောင်းလျာ ကိုယ်ဝန်ကို လွန်စွာ စောင့်ရှောက်ပါ၏။

ကိုယ်ဝန်ကို ဆောင်လွယ်ချိပိုးရခြင်း အရင်းရှိသော ဂဗ္ဘပရိဟာရမူလဒုက္ခကို သည်းညီးခံ၍ အပြုံးမပျက် နေခဲ့သည်။ သန္ဓေသားငယ် နာကျင်မှု အလျှင်း မရှိအောင် နည်းမျိုးစုံ စောင့်ရှောက်ခဲ့လေသည်။ ထလျှင်လဲ ဖြည်းဖြည်း, သွားလျှင်လဲ နှေးနှေး သာသာ, အိပ်ပြန်လျှင်လဲ ဦးပျော့ ပြောသည့်အတိုင်း သိမ်သိမ် မွေ့မွေ့နဲ့ ကိုယ်ဝန်သား အန္တရာယ် ရန်စွယ်မြူမျှ မတင်အောင် စောင့် ရှောက်ခဲ့လေသည်။ ဒေါ်မင်းဂုဏ်၏ မိခင်ကြီးကလဲ သို့၏ ကိုယ်ဝန် စောင့် ရှောက်မှု နည်းနာနယမျှားကိုလည်း ပြောဆိုခဲ့လေသည်။

ဒေါ်မင်းဂုဏ်သည် ပူသောအစာ ခါးစပ်သော အစာတို့ကို မစားပဲ သင့်တော်သည့် အစာအာဟာရမျှားကိုသာ စားသုံးသည်။ ဖွားမြင်လျှင်လဲ ကိုယ်အင်္ဂါ တစုံတခု ချွတ်ယွင်းမှု မရှိပဲ ရှေ့ရှုပ်လို လှပြီး ထူးခြားသည့်သားကို သာ ဖွားမြင်ရပါစေဟု ထာဝစဉ် ပတ္ထနာပြုခဲ့လေသည်။ အထူးသဖြင့် ဘုရားရှင် ရှေတော်မှောက် ဆွမ်းတော်, ပန်းတော်, ရေချမ်းတော် ကပ်လှူရင်လဲ—

> "ဤသို့ ဆွမ်းတော် ပန်းတော် ရေချမ်းတော်ကို ကော်ရော် လေးမြတ် ဆက်ကပ် လှူဒါန်းပါရသော ပုညကုသိုလ်ကြောင့် တပည့်တော်မသည် အန္တရာယ် မြူမျှမတင်ပဲ ရှေဆင်းတုအသွင် အလှန် လှပသည့် သားပုတ္တ ရတနာကို ဖွားမြင်ရပါလို၏" စသည်ဖြင့် တောင်းဆု ချခဲ့လေသည်။

ဗုဒ္ဓဿ သန္တိကေ စာပိ၊ အကရိ သုဘပတ္ထနံ။
ဂဗ္ဘဿ သုခဘာဝါယ၊ ဒေါ်မင်းဂုဏ်ဝနိတာ သုဘာ။

ခွေးပြုတ်ရွာထိပ် ညောင်ပင်ကြီး

ခွေးပြုတ်ရွာထိပ်မှာ ညောင်ပင်ကြီး တပင်ရှိ၏၊ ယင်း ညောင်ပင်ကြီးကား လွန်စွာ ကြီးကျယ်စည်ပင်သည့် အထိကရ ညောင်ပင်ကြီးဖြစ်၏။ ဤ စာပြုသူသည် ယင်း ညောင်ပင်ကြီးကို ကိုယ်တွေ့ကြည့်ရှုပါသည်။ ဤ စာပြုသူ အိန္ဒိယ နိုင်ငံ ကာလကတ္တားမြို့ရောက်တော့ ဥယျာဉ်တခုမှာ အကြီးဆုံး ညောင်ပင်ကြီး တပင်ရှိသည် ဆိုသဖြင့် သွားရောက် ကြည့်ရှုခဲ့သည်။ သို့ရာတွင် ယခု ခွေးပြုတ် ရွာရှိ ညောင်ပင်ကြီးလောက် ကြီးမားသည် မထင်ပါ၊ သီဟိုဠ်ကျွန်း နေစဉ်ကလဲ ညောင်ပင် အကြီးကြီးတွေ တွေ့ခဲ့၏။ သို့ရာတွင် ဤခွေးပြုတ်ရွာထိပ်ရှိ ညောင်ပင် ကြီးလောက် ကြီးသည့် ညောင်ပင်ကို တွေ့ခဲ့သည်ဟု သတိမရပါ။

ဂါမဿ ဓုရဒေသမ်ဳိ၊ ဗောဓိရုက္ခော ပဝတ္တတိ။
ဧသော ဝိသာလော ဝိတ္ထိဏ္ဏော၊ ဝေပုလ္လော ဘိရုဇ္ဇော ဘာဝိ။

ဒေါမင်းဂုဏ် ညောင်ပင်စောင့်နတ် ပူဇော်ပသတောင်းဆုခွေ

တောင်ဆင်းနယ်ရှိ ရပ်ရွာအခွံ့ပြုမှ အိမ်ထောင်ရှင် အမျိုးသမီးတွေ သားသမီးမရလျှင် ဖေဖေပြပါ ညောင်ပင်ကြီးအား ပူဇော်ပသ၍ ညောင်ပင်စောင့်နတ်ထံမှာ သားဆုတောင်းကြ၏၊ ညောင်ပင်ရောက် ဆုတောင်းသူတိုင်း ဆုတောင်းပြည့်သည် ယူဆကြ၏။ ယင်း ညောင်ပင်အောက်၌ ဆုတောင်းပြည့် ရှစ်မျက်နှာစေတီတဆူလည်း တည်ရှိ၏။ ဒေါမင်းဂုဏ်သည် ညောင်ပင်ကြီးအောက် သွားရောက်ပူဇော်ပသပြီး—

"ဤသို့ ပူဇော် ပသရမါသော ကောင်းမှုပုညကြောင့် ကျွန်တော်မမင်းဂုဏ်သည် ဝိဇ္ဇာသအပုံကြီး ထူးခြားလှပါသော သားပုတ္တရွှေစင်ကို အန္တရာယ်ရန်စွယ် မြူမျှမတင်ပဲ ဖွားမြင်ရပါလို၏ အရှင်နတ်မင်း"—

ဟူ၍ တောင်းဆု ခွေခဲ့သေးသည်။

ပေဘမိဒုမအာရက္ခာယ၊ ဒေဝတာယာပိ သန္တိကေ။
သုန္ဒရီ ဒေါမင်းဂုဏ် နာမာ၊ အကာသိ ပတ္ထနံ သုဘံ။

ဥပုသ်စောင့်, တရားနာ

ဆရာတော် အရှင်ပညာလောင်းလျာ သန္ဓေလွယ်စဉ် မမင်းဂုဏ်သည် ကျောင်းသို့သွား၍ လဆန်း ဂ-ရက်, လဆုတ် ဂ-ရက်, လပြည့်, လကွယ်နေ့ များ၌ ရှစ်ပါးအင်္ဂါစုံညီစွာသည့် ဥပုသ်သီလကို စောင့်သုံးသည်။ တရားနာလေ့ရှိသည်။အိမ်ထောင်ကျစက, ကိုယ်ဝန်မရှိခင်ကနှင့် အပုံကြီး ကွာခြားနေသည်။ လက်ထပ်ပြီးစက ပျော်ပါးချင်သည်။ခင်ပွန်းသည်နှင့် နှစ်ယောက်ထဲ ခရီးသွားချင်သည်။ယခုတော့ သည်လို မဟုတ်တော့ချေ။ တဥပုသ်ပြီး တဥပုသ် စောင့်ဖို့ လက်ချိုးရေတွက်နေသည်။ လက်ဦးလက်ဖျားလှုပ်ဖို့ အမျိုးမျိုး စဉ်းစားသည်။ ဤသည်တို့ကား သန္ဓေသားထူး ဖွားမြင်မည့် အတိတ်နိမိတ်ထူးတို့သာတည်း။

ဥပေါသထရက္ခဏာယ၊ သဒ္ဓမ္မဿဝနာယ စ။
နမိ ဒေါမင်းဂုဏ်သုန္ဒရီ၊ ပုတ္တကာမီ တပသိနီ။

ဝမ်းမြောက်ပေတော့ သားထူးသားမြတ် ကောန်ဖွားမြင်ပါမည်

ဒေါမင်းဂုဏ်၏ ဘုရားသွားလိုပုံ, ကျောင်းဆွမ်းလိုပုံ, ဥပုသ်စောင့်လိုပုံ, လှူဒါန်းလိုပုံတွေကြည့်ပြီးဦးပျော့ သိပ်ဝမ်းမြောက်နေသည်။တနေ့တော့ ဦးပျော့က ဒေါမင်းဂုဏ်အား ဒေါမင်းဂုဏ် သိပ်မူပြောင်းနေတယ်၊ ကလေးစိတ်ပျောက်နေပြီ၊လူကြီးစိတ်ပေါက်ပြီး တကယ့် ဥပါသိကာမကြီး ဖြစ်နေပြီ၊ဘုရားသွားသွား

ကျောင်းသွားသွား စိတ်ထား အလွန်ကြည်နေတယ်၊ လှူဒါန်းမှုဌ် အမြဲတန်း စိတ်ညွှတ်နေတယ်၊ ကိုယ်ဝန်မရှိခင်က သည်လိုမဟုတ်ဘူး။ မမင်းဂုဏ် ဝမ်းသာ ရှင်လန်း အားတက်ပေတော့၊ သားထူးသားမြတ် ဖွားမြင်ပါလိမ့်မည်ဟု ပြော ဆိုလေ၏။

ဘောတိ အယျေ ဝိသေသိကာ၊ သပ္ပညံ ကုသလံ ဝိဒ္ဒံ။
ဝိဇာယိဿတိ ဓီမန္တံ၊ သုတံ သာသနဘာဂရဓံ။

ဘောတိ အယျေ=အလှသန်းစုံ အိုရှင်မ မမင်းဂုဏ်။ တုံ=ရှင်မ မမင်းဂုဏ် သည်။ဝိသေသိကာ=နဂိုရိုးနှင့်မတူ အပုံကြီး မူပြောင်းထူးခြားလှပါ၏။ တုံ= အလှသန်းစုံ ရှင်မ မမင်းဂုဏ်သည်။ သပ္ပညံ=တခေတ်တယောက် တစ်ခေါ် လောက်သည့် ပညာရှိဖြစ်သော။ ကုသလံ=အရာရာအရေး တွေးခေါ်ဆင်ခြင် ကျွမ်းကျင်လိမ္မာသော။ ဝိဒ္ဒံ=ရွေနောက်နှိုင်းညှိ အသိပညာ အရည်အချင်း ရှိသော။ ဓီမန္တံ=အလွန်လျင် ပညာရှိသော။ သုတံ=ကျော်စောကီတ္တိရှိသော။ သာသနဘာဂရဓံ=ဘုရားမြတ်စွာ သာသနာ့ဝန်ကို ထမ်းဆောင်မည်ဖြစ်သော။ သုတံ=သားကောင်းရတနာကို။ ဝိဇာယိဿတိ=ဖွားမြင်ပါလိမ့်မည်။

ဆဋ္ဌမပုဒ်း

ပဥ္စမ သံဂါယနာတင် မင်းတုန်းမင်းတရား နန်းတက်ခြင်း

အမရပူရ ဒုတိယမြို့တည် နန်းတည် သာယာဝတီမင်းနှင့် တောင်ဆောင် တော် ကျောက်မော်မြို့စား သီရိသုစန္ဒာမလွာမဟေတ္တိမှ သက္ကရာဇ် ၁၁၇၆-ခုနှစ် ဝါဆိုလဆုတ် ၄-ရက်နေ့တွင် ဖွားမြင်သော မြို့ဝန်းတိုက် မင်းတုန်းမြို့များကို ကံကျွးခံရသော မင်းတုန်းမင်းသားသည် နောင်တော်ပုဂံမင်း စီမံအုပ်ချုပ်မှု ညံ့ဖျင်းသဖြင့် ညီတော် ကနောင်မင်းသားနှင့်အတူ လူသူစုရုံး၍ ထီးနန်းကို လုပ်ကြံကာ အမရပူရမြို့တော်နှင့်တကွ ထီးနန်းကို ၁၂၁၄-ခု တပေါင်းလဆန်း ၁၁-ရက်နေ့တွင် သိမ်းပိုက်တော်မူသည်။ထိုနှစ် တပေါင်းလဆုတ် ၅-ရက်နေ့တွင် ထီးဆောင်းမင်္ဂလာ ဥကင်သ ဖွင့်တော်မူသည်။

အမရပူရမြို့တော်တွင် ၄-နှစ်ခန့် စံတော်မူပြီးနောက် ၁၂၁၈-ခုနှစ် တပို့တွဲလ မှစ၍ မန္တလေးမြို့တည်ရာ အရပ်တွင် ရတနာပုံ မန္တလေးမြို့တော်ကို တည်ထောင် တော်မူသည်။

၁၂၁၉-ခု ဝါခေါင်လဆန်း ၁၂-ရက်နေ့တွင် နန်းမြို့တော်သို့ ဝင်တော်မူ၍ ၁၂၂၀-ပြည့်နှစ် ဒုတိယဝါဆိုလဆန်း ၆-ရက်နေ့တွင် ရွှေနန်းတော်ကြီးကို တက် သိမ်းစံပယ်တော်မူသည်။ မြို့တော်တည် မော်ကွန်းစိုက် သက္ကရာဇ်ကား ၁၂၂၁-

ခု ဖြစ်လေသည်။ ယင်း မြို့တည် သက္ကရာဇ်ကို ရည်၍ "အုတ်ကျစ်ကျော်အေး မန္တလေး" ဟု ဆောင်ပုဒ်ပြုခဲ့ကြခြင်းဖြစ်၏။

ယင်း မင်းတရားကြီးသည် "ရတနာပုံ နေပြည်တော်ကြီး လက်မှန်မဆွ တည်တော်မူသဖြင့် မန္တလေး ရတနာပုံ ပဌမမြို့တည် နန်းတည်မင်း" ဟူ၍ရင်း "ပဋ္ဌမ သံဂါယနာ တင်တော်မူသည်ကို စဲ့၍ ပဋ္ဌမ သံဂါယနာတင်မင်း" ဟူ၍ ရင်း "စော်ဘွားများဆက်သသော ဆင်ဖြူတော်မျာ့းကို ခံယူသိမ်းပိုက်ရသဖြင့် ဆဒ္ဒန်ဆင်မင်းများသခင် ဘဝရှင်မင်းတရား" ဟူ၍ရင်း "ငယ်စဉ်က မင်းတုန်း မြို့ကို စားရသဖြင့် မင်းတုန်းမင်း" ဟူ၍ရင်း ထင်ရှားသည်၊ ငယ်မည်မှာ မောင်လှင်ဖြစ်သည်။

မင်းတုန်းမင်းတရား သာသနာကို များစွာ ချီးမြှောက်ခြင်း

ဖော်ပြပါ မင်းတုန်း မင်းတရားကြီးသည် ဘုရားမြတ်စွာ သာသနာတော်ကို များစွာချီးမြှောက်တော်မူသည်။ ဖခင် သာယာဝတီ မင်းလက်ထက် သာသနာပိုင် ဖြစ်တော်မူခဲ့သော "ဥေ္ဒ ယျဓမ္မာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇ ဂုရု" ဘွဲ့တံဆိပ်တော်နှင့် "ဥေ္ဒ ယျဓမ္မာဘိဝံသ သိရိပဝရာလင်္ကာရဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင် ဥေ္ဒ ယျဓမ္မကိုပင် သာသနာပိုင်အဖြစ် ကိုးကွယ်၍ သက္ကရာဇ် ၁၂၁၆-ခုနှစ် ဝါဆိုလဆန်း ၂-ရက်နေ့တွင် "ဥေ္ဒ ယျဓမ္မာဘိမုနိဝရဉာဏကိတ္တိ သိရိဓဇမဟာသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းမူသည်[၁]။

အခြား ဆရာတော် ၄၀-ကျော်တို့အားလည်း ရာဇာဓိရာဇဂုရုနှင့်ရာဇဂုရု ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းတော်မူခဲ့လေသည်[၂]။

နောက်ထပ် သင့်လျော်သောအခါ၌လည်း သင့်လျော်သော ဆရာတော်တို့အား ရာဇာဓိရာဇဂုရုနှင့် ရာဇဂုရုဘွဲ့တံဆိပ်များကို ဆက်ကပ်လှူဒါန်းတော်မူသည်။ယင်း ရာဇဂုရု ဘွဲ့ဘံဆိပ်တော်ရ ဆရာတော်တို့၏ နဝမ္မကအတွက် လစဉ် နဝကမ္မဝတ္ထုငွေ ၃၀-စီ လှူဒါန်းစေတော်မူသည်[၃]။

ထိုင်းပြင် အင်္ဂါငါးပါးနှင့် ပြည့်စုံစွာ ကျမ်းဂန်တတ်သည့် ပဌမစာချုပ်ဂိုဏ်းလိုတို့အား ဆုံမ်းဆန်တော်ငါးတင်း(သို့မဟုတ် ဝတ္ထုငွေ ၁၀-ကျပ်) အင်္ဂါလေးပါးနှင့် ပြည့်စုံသည့် ဒုတိယစာချုပ်ဂိုဏ်းလိုရဟန်း သံဃာတို့အား ဆန်လေးတင်း

၁။ မဟာဝိသုတာရုမ နိကာယသာသန ၁၀၈-၁၇၁-၁၉၇-ကြည့်။

၂။ ကုန်းဘောင်ဆက်-၃။ ၂၀၄-၂၀၇-ကြည့်။

၃။ ဓမ္မဝါစကူပဒေသ စာတမ်းကြည့်။ မဟာထေရဝုတ္တန္တပ္ပဒီပိကာ-၁၀၃-လ ညှ ကြည့်။

(သို့မဟုတ် ဆန်လေးတင်းတန်ဝတ္ထု ၈-ကျပ်၊)အင်္ဂါသုံးပါးနှင့်ပြည့်စုံစွာ ကျမ်းဂန်တတ်သည့် ရဟန်း သံဃာတော်တို့အား ဆန်သုံးတင်း (သို့မဟုတ် ဆန်သုံးတင်းတန် ဝတ္ထုငွေ ၆-ကျပ်)စသည်တို့ လစဉ် လှူဒါန်းလေသည်။

သာသနံ နေကမော ရာဇာ၊ ပဂ္ဂဟီ ပဂ္ဂဟာရဟံ။
သုနိယျာနသာသနဿ၊ သဘာဝံ သဒ္ဒဟံ သုဓီ။

ၚင်းပြင် စေတီ ပုထိုးများစ့ဉာကို တည်ထားကိုးကွယ်ခြင်း၊ ကျောင်း တိုက် ပေါင်းများစ့ဉာကို တည်ဆောက်လှူဒါန်းခြင်း၊ရွေတိုဂုံစသည့် စေတီ ပုထိုးတော် တို့အား ရွှေထီးတော်စသည် တင်လှူခြင်း, ရေကန်ဆည်ခြင်း, တံတားတည်ခြင်း အစရှိသော ကုသိုလ်ကောင်းမှုတို့ကိုပြုခြင်း, သာသနဒါယဇ္ဇ သာသနာ့ အမွေခံ လိုသဖြင့် ပရိက္ခရာစုံလင်စ့ဉာဖြင့် သာမဏေပေါင်း ၁၆၃၆(တထောင့်ခြောက် ရာ့သုံးဆဲ့ခြောက်) ပါး, ရဟန်းတော်ပေါင်း ၅၀၄ (ငါးရာ့လေး) ပါးတို့ကို ဘုရားမြတ်စ့ဉာ သာသနာတင်းသို့ သွတ်သွင်းခြင်းစသည့် သာသနာနုဂ္ဂဟ ကုသိုလ်နှင့် ဘုရားရှင်ဟောကြားတော်မူသည့် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေး ထောင်နှင့်တကွ အဋ္ဌကထာဋီကာတို့ကို ရွှေရေး,မင်ရေး,ကြာစ်ရေး သုံးရပ်တို့ဖြင့် ရေးသားပြုစုတော်မူခြင်း ပိဋကသုံးပုံ ဓမ္မက္ခန္ဓာပါဠိတို့ကို ရတနာကျောက် သလင်းအပြင်၌ ရေးတင်ထုလုပ်တော်မူ၍ လောကမာရဇိန်စေတီတော် မဟာရံ တံတိုင်းသုံးထပ်အတွင်း အုတ်ဂူပြာသာဒ်ရေ ၂၂၉-ဆူ တည်လုပ် သွင်းထားကိုး ကွယ်သည့် ကုသိုလ်ကောင်းမှုတို့ကို များစ့ဉာပြုတော်မူခဲ့လေသည်။ နှစ်စဉ် ကုန် ကျသည့် အလှူတော်ငွေ ပေါင်းမှာ ၂၂-ကုဋေ,၆-သန်းဖြစ်လေသည်[၂]။ ယင်းသို့ မြန်မာပြည်၏သီရိဓမ္မာသောကဟု ဆိုထိုက်သော မင်းတုန်းမင်း တရားကြီးကား သက္ကရာဇ် ၁၂၄၀-ပြည့်နှစ် သီတင်းကျွတ်လဆန်း ၆-ရက် အင်္ဂါနေ့တွင် နတ်ရွာစံတော်မူသည်။

မင်းတုန်းဝှ မဟာရာဇာဟိ၊ သာသနဒါယကော သုဓီ။
သာသနံ နုဂ္ဂဟံ ကတွာ၊ ဂတော ဒေဝသဟဗျတံ။

သတ္တမပိုင်း

ဆရာတော် အရှင်ပညာလောင်းလျာ ဖွားမြင်ပြီ

ယင်းသို့ဖြင့် သာသနာတော်ပြု ရဟန်းသံဃာတော်တို့ဖြင့် သာသနာတော် လွန်စ့ဉာစည်ပင် ပွင့်လင်းရာအခါ, သာသနာပြု မင်းကောင်း မင်းမြတ် ပဋမ

၁။ ဓမ္မဝါစကူပဒေ သစ္စာတမ်းကြည့်။ မဟာထေရဝုတ္တန္တပ္ပဒီပိကာ-၉၉-၁၀၁ လည်းကြည့်။
၂။ အကျယ် ကုန်းဘောင်ဆက် ရာဇဝင်။ ၃၊ ၄၄၄-၄၅၄-ကြည့်။

သံဂါယနာတင် မင်းတုန်းမင်းတရားကြီး အမိမြန်မာနိုင်ငံကို အုပ်စိုးရာ သမယ ဖြစ်သော အချိန်တွင် ပေါ်ပေါက်ဖြစ်ထွန်း ဖွားမြင်တော် မူခဲ့လေသည်။

ဝိနာယကသာသနဿ၊ ဝိရုဠ္ဍသမယေ ဝိဒ္ဓါ။
ထေရကုံရော သုဝိဇာတော၊ သာသနဝုဒ္ဓိကာရကော။

လွန်ထူးခြားလှ ကဆုန်လ

ကဆုန်လ ပြိဿရာသီကား အထူးခြားဆုံး လဖြစ်သည်။ နေသူရိန်မင်း ပူပြင်း၏၊ စကားပန်းတွေ ဝေဝေဆာဆာ ပွင့်ရာလဖြစ်၏။

ကဆုန်မာသ ပုဏ္ဏရက်တွင်၊
ငါတို့ဘုရား မွေးဖွားသန့်စင်။
ငါးပါးမာရ်ယုတ် ပယ်ဖြုတ်အောင်မြင်၊
ကိစ္စပြီး ပြည်ကြီး နိဗ္ဗာန်ဝင်။

ဟူသည်နှင့်အညီ ကဆုန်လသည် ဘုရားရှင်ပင် သုံးလောက မကိုင့် မယ်တော် မာယာဝမ်းကြောတိုက်မှ မီးရှူးသန့်စင် ဖွားမြင်ရာ လ-လည်းဖြစ်၏။ မာရ်ငါးပါးကို ထွားထွားညက်ညက် ချိုးဖျက်သုတ်သင် အောင်မြင် ဘုရားဖြစ်တော်မူရာ လ လည်းဖြစ်၏။ နောက်ဆုံးပိတ် ဗုဒ္ဓကိစ္စ ပြီးဆုံးသဖြင့် ဘဝနိဂုံး ချုပ်တော်မူကာ နိဗ္ဗုတာ စခန်း မြန်းကြွတော်မူရာ လ-လည်း ဖြစ်သည်။

ထင်းအပြင် ယင်း ကဆုန်လသည် ဒီပင်္ကရာ မြတ်စွာထံမှ နိယတဗျာဒိတ် ပန်းတံဆိပ်ကိုလည်း ရရှိတော်မူရာ လ-လည်းဖြစ်သည်။ ယသောဓရာအလှကညာ အထွတ် အမြတ်နှင့် စုလျားရစ်ပတ် လက်ထပ်ရာ လ-လည်း ဖြစ်သည်။ ဆွတော် ရှစ်သောင်း မျိုးတော်ပေါင်းတို့အား ဗုဒ္ဓဝင်ဒေသနာတော်ကို ဟောမြွက်ရာ လ-လည်းဖြစ်၏။ ယင်း ကဆုန်လပြည့် ပြိဿရာသီမှာ တကမ္ဘာလုံး ဗုဒ္ဓဘာသာဝင်တို့ ဘုရားရှင်ကို အာရုံပြုရည်ရော်၍ အာမိသပူဇော်ပွဲ, ဓမ္မပူဇော်ပွဲတို့ကို ပြုလုပ် ဆင်နွှဲကြကုန်၏။ ယင်း ကဆုန်လပြည့်နေ့တိုင်း၌ သီဟိုဠ်ကျွန်း နှစ်စဉ် ကျင်းပပြုလုပ်သည့် ဝေသာခ ပူဇော်ပွဲကြီးမှာ ကမ္ဘာက အံ့သြရသည်။ မြန်မာ ပြည်၌လည်း ညောင်ရေသွန်းပွဲသဘင်ကို ရွာတိုင်း, မြို့တိုင်းလိုလို ကျင်းပကြ ကုန်၏။ မြန်မာပြည်၌ လွန်ခဲ့သော ၁၃၆-ခုနှစ် ကဆုန်လပြည့်နေ့က ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ပွဲကြီးကို စတင်၍ ချိမ့်ချိမ့်သဲ နွဲခဲ့ကြကုန်၏။ တဖန် ၁၃၁၀-ခုနှစ် ကဆုန်လပြည့်နေ့တွင် ဆဋ္ဌသံဂါယနာ (ပါဠိတော်သံဂါယနာ) သဘင်သိမ်းပွဲကြီးကို ချိမ့်ချိမ့်သဲ ကျင်းပခဲ့ကြကုန်၏။ ဤသို့ စသည်ဖြင့် ဤ ကဆုန်လကား လအားလုံး၏ အမြတ်ဆုံး လွန်ထူးခြားလတ် လမြတ်ပါဟုတည်း။

အမှာကံ သမ္မာသမ္ဗုဒ္ဓေါ၊ ဝေသာခပုဏ္ဏမေ ဒိနေ။
ဝိဇာယနဥ္စ သမ္ဘူတော၊ ပတ္တော သဗ္ဗညုတမ္ပိ စ။
ပရိနိဗ္ဗုတော စ သော အာသိ၊ အတိဝ ဝိသိဋ္ဌော ဘဝိ။

ဤကဆုန်လနှင့်စပ်၍ ကဝိစာဆိုတို့ အမျိုးမျိုးဖွဲ့ဆို ကဗျာလက်ာ ချယ်သကြကုန်၏။

စာဆိုတော်ကြီး ဦးယာက—

"ပတ္တမြားညို လိုဏ်နဂိုရ် ထက် အဟိုကပ်လုံး စံမဆုံးသည် တော သုံးထောင်သျှင် နတ်မင်းရှင်။ သဘင်မြင်းခင်း ရာသီတွင်းဝယ် လမင်း စက်နှင့် ယှဉ်ပြိုင်တင့်သည် ကြယ်မင့်ပမာ ပန်းမလွှာကို ရိုးညှာမြနု သက်စေ့ပြု၍ ရှစ်ခုနှစ်ပြန် တိုင်လျှောက်ပန်အံ့ ငါးမာရ်ပျောက်ပျက် လတွင်ဆက်သည် ကိုးကွက်အင်းနှင့် ပြည်ကသော်။

နတ်သိကြားလို စည်းစိမ်ကိုတည့် နှိုင်းဆိုမယွင်း ရှင်နတ်မင်းသာ ဖန်ဆင်းဇာတ်မူ ကျွန်းဇမ္ဗူတွင် ရိပ်ဖြူချက်ထွတ် လင်္ကာဟ်နတ်လျှင် လေးမြတ်ဟန်နှင့် မယ့်လိုကျင့်၍ ရှေးနှင့်မတူ ဆယ်နှယ်မြူလျက် စိတ်ပူ ပင်ရေး ခိုနှယ်သွေးခဲ့ မြတ်လေးစေနာ သူမှာသာလျှင် ကြင်နာစုံမက် ဘုန်းချင်းယှက်သည် ပြိုးပြက်လင်းပင့် စည်လှသော်[1]။"

ဟူသော ရတုကဗျာ ၂-ပုဒ်ဖြင့် စာဖွဲ့ခဲ့လေသည်။

ဂင်းပြင် စာဆိုတော်ကြီး ဦးအောင်ကြီးကလဲ—

သာစုလေ ခါနေ့သဘင် နှစ်သစ်ဝင်၍ ကောင်းကင်သော်တာ ဝိသာခါနှင့် ပြည့်လာအညီ ရာသီပြိုဿ အလှကြိုင်မြူး ကွန့်ဖူးစကား လှိုင်ပုံ့ရှားသည် မိုးသားကျူးစ ကဆုန်လဝယ် လောကထွတ်ထား ဘုရားသခင် ရှေပလွင်ထက် ရှေပင်ရောင်တောက် ညောင်တော်အောက် ၌ ပေါက်သည်ကိုမူ အကြောင်းယူ၍ မဥ္ဇူလှရာ ပန်းတကာကို မြူတာ တကောင်း မသင်းတောင်းဝယ် သွန်းလောင်းရေပြည့် ဖြိုးမျဉ့်လျက် ပတ်လှည့်ညာကြေ ရှင်တော်မွေကို ရိုသေသဘင် ပွဲကြီးယင်၍ ကြည်လင် သဒ္ဓါငြိမ်းကြောင်းရှာသည်၊ အခါညောင်ရေ သွန်းတည့်လေး၊ ပင့်လင်း စည်သည်၊ ရှေပြည်ရှေဝ နန်းတည့်လေး[2]။

ဟူသော လူးတားကဗျာဖြင့် အင်းဝခေတ် ကဆုန်လ မြင်ကွင်းကို စာပန်းချီ ချယ်မှုန်းခဲ့သည်။

၁။ ဆယ့်နှစ်ရာသီဖွဲ့ပေါင်းချုပ်- ၃-၄။ ၂။ ဆယ့်နှစ်ရာသီဖွဲ့ပေါင်းချုပ်-၁၁။

၎င်းပြင် စာဆိုတော် မယ်ခေကလဲ—

ဖလ်နန်းမှ မျက်ဘုံလေ နေနှင့်ယှဉ်မို ရောဟဏီလည်း မှန်ဆီ
ဆောင်က ရွှေထီးရိပ်ပြပါလို့၊ လွမ်းစယ်ကသွယ်၊ မင်းမူဟန်ကျယ်လှ၊
မိုးလယ်ဘုံမှာတဲ့လေး။ ကဆုန်ငယ်မှရတု၊မြနီလစစ်၊ အပြာရစ်နှင့်၊ ရှစ်
မျက်နှာဆို၊ တောတခိုမှာ၊ ပျိုနုနှင့်၊ ကျီးဥမှလဲ့ပြာ၊ စကားထုံသင်း
ဂေါဇာချင်းတွင်၊ တုကင်းလွတ်ကွာ၊ ငှက်ပေါင်းသာလို့၊ ညှာခြေငယ်
စံသည်၊ ယုဂန်မှာတိမ်တပုံက၊ ဂဠုန်လိုဝဲ၊ အသဲမှာဆွတ်ကျင်၊ သောင်
သင်ဖြူးခင်း၊ မြစ်ကြီးတွင်းမှာ၊ ငကြောင်းဆန်ကူး၊ ငတန်မြူးသည်၊ ပိုက်ဦး
ငင်လို့၊ သဘင်ဖြိုးဝေ၊ စင်ရော်သောင်တင်း၊ ရွှေပိန်ညှင်းတို့၊ ချစ်တင်း
ပိုင်ပိုင်၊ အာလုပ်ကယ်လိုင်လို့၊ သံပြိုင်ငယ်ခြေသည်၊ ဂြိုဟ်စနေ ဖိလာပိုင်း
ဆီက၊ မုန်တိုင်းချီပြင်း၊ ပြည်ကမ္မောဇဲ၊ တိုင်းညီမြမှာ၊ တံငါတာရာ၊
ကြယ်ဥက္ကာနှင့်၊ အခါညောင်ရေ၊ ပဲစုံငယ်ထွေလို့၊ လွမ်းပေ့ဆိုင်ညီ၊
သေမင်းငယ်မို့ရော့ထင့်၊ စက်ရာသီ ပြိဿရေးဘဲ့၊ ငိုကြွေးခင်း[1]။

ဟူသော အဲချင်းကဗျာဖြင့် ကဆုန်လကို သရုပ်ဖော်ခဲ့လေသည်။

ဂင်းပြင် စာဆိုတော်ကြီး လူဦးမင်းကလဲ—

မြမြသာ လန်းတော့တယ်၊ ပြဆန်းငယ် ဆင်ဟန်မှာ၊ သွင်အဟန်
သိရ်ခြားပေ့၊ တိမ်သားမှုံရီလို့၊ ဒုန္ဒုဘီစည်ရွှမ်းတယ်နှင့် ကြည်လွမ်းပုံ။
ပန်းနုံစကားရွှေ၊ ပုံရှာငယ်ခြွေသည်၊ နွေသမယ၊ ချိန်ညောင်ရေလတွင်
မှ၊ သူငှဉ့်ချစ်နှံ၊ ကသစ်စံလဲ၊ ငြိုးမာန်တော်ဝင်၊ ရန်သူရာ ဆင်ဆဲထင့်၊
သောင်းခွင့်မြေမဟီမှာ၊ ခုနစ်လီကုန်ဆန်းလို့၊ ချိပ်ပန်းလှုပ်ခြည်ညွှန့်နှင့်၊
မိုးကွန်မှန်။

အာကာဌဝယ်၊ မှောင်မြူလင်းပွင့်၊ ကြည်ကြည်တင့်ပါတဲ့၊ စန်းမင့်
သရေ၊ နန်းမြင့်ငွေနှင့်၊ ကြယ်ဗေသာခီ၊ တည့်မှန်းညီလို့၊ ကြိုင်ဆီသင်းပျှ၊
ရဂုံကလဲ၊ ဘာသာ့အလို့၊ မယ်မောင်ဖို့တို့၊ နှစ်ကိုချင်းသာ၊ ခေါ်ခြင်း
သံသာ့တော့ပ၊ ခါကဆုန်ကို၊ မစုံဖော်လပ်သူ၊ ဆွေးရန်ဖို့။

ရာသီဝယ်စည်သင့်၊ ဆယ့်နှစ်ဆင့်ကို၊ မြန်းတင့်လကျွာ၊ စက်ရွှန်း
ဖြာတဲ့၊ ကဠနာဘုံ၊ လယ်လမ်းလှုံလို့၊ နှစ်စုံရေကြည်း၊ ထွေဆုံနည်းထွင်၊
စုလည်းရုံးဆင်၊ ရံသုံးရှင်လဲ၊ လှော်စင်ဇမ္ဗူ၊ ဆောင်ရိပ်ဖြူမှာ၊ နောင့်တု

၁။ ဆယ့်နှစ်ရာသီဖွဲ့ပေါင်းချုပ်-၂၇-၂၈။

ဝေယန်၊ ဖြေယောင်သာ ဖန်လိမ့်မယ်၊ ကွင်းဟန်ပြု သိရ်ပေ့သည်၊ မော်စိန်
မြေညာ ရှေ့မန်းဆီက၊ သန်းမှောင်ရီညို့ ၁။
ဟူ၍ လေးချိုးကဗျာဖြင့် တမျိုးတဖုံ ဖွဲ့ဆိုခဲ့လေသည်။

ဂင်းပြင် သာဓိနပျို့ ဦ့်လည်း—

"ကဆုန်တွင်လည်း၊
ပြာစင်ဉာဏ်ဖြူ၊ ရှေ့ပြည်သူတို့၊
သင်းမြူကြိုင်စွာ၊ ရေနုံသာဝယ်၊
ရင်းမာကွမ်းဘူး၊ စကားဦးနှင့်၊
ထွန်းမြူးလှိုက်မောင်း၊ မွေ့တော်ပေါင်းကို၊
ပုံ့လှောင်းကြိုင်ရှင်း၊ အဲသီချင်းနှင့်၊
ပြန်တင်းရည်စောင်၊ အဆောင်ဆောင်သည်၊
ခါညောင် မသွန်းလှည့်လေလော့။"

ဟူ၍ စပ်ဆိုခဲ့လေသည်။

ဂင်းပြင် သူတော် ဦးမင်းကလည်း—


စကားဝါနုံသင်းလို၊ ကြယ်မင်းတဲ့ ဝိသာခါ။
တိမ်ဗေ့မှာ ရောင်ခြည်ရှန်း ထွန်းတဲ့ချိန်ပါ။
စုံကန္တာ ဟမာမြို့ထဲ။
ရှေ့ကျေး ပျံသင်လို၊ စံပျော်ရှင် သည်ဟိုကူးတယ် မြူးကြစမြဲ ၂။

ဟူ၍လည်း စတားဖူးငုံတို့ ထုံသင်းတဲ့ လအဖြစ်ဖြင့်ဂင်း, ဝိသာခါနက္ခတ် ကြယ်မင်း ထိန်ထိန်လင်းရာလ အဖြစ်ဂင်း, ကြက်ဘူရှေး ကျေးဌက်တို့ အပျံသင်ရာ လအဖြစ်ဂင်း ဖွဲ့ဆိုခဲ့လေသည်။

ဂင်းပြင် မဟာ အတုလမင်းကြီးကလဲ—

မြူခြေငယ်သန်းပါလို့ နေနန်းငယ်စက်ရှိန် တောက်လောင်ငယ်ထိန်
ဖလ်သူရိန် တေဇာ့ကြောင့် ပူဗျာကဲတဲ့ လကိုလေး။
ရာသီငယ်ပြိဿ၊ မဟေသီလဲ၊ ရှေ့ညီခလို၊ ပန်းများစကားဝါ၊
ဝိသာခါနှင့် တာရာခြံရံ၊ စန်းငွေယုန် ဖန်သည့်နှယ်၊ ဆဒ္ဒန်ပိုင် ဘွဲ့ဘုံမှာ၊
နွေကဆုန် ညောင်ရေပွဲပေမို့၊ သဲလှတယ်လေး။
ဟူ၍ လွမ်းချင်းဖြင့် လွမ်းချင်စရာ ကောင်းအောင် ချယ်သခဲ့လေသည်။

၁။ ဆယ့်နှစ်ရာသီဖွဲ့ပေါင်းချုပ်။
၂။ သူတော် ဦးမင်း ဆယ့်နှစ်ရာသီဘွဲ့ (၁)။



ဆေးရုံ	ဆေးခန်း	ဆေးပေး	ဆေးဘက်	ဆရာဝန်	ဆရာမ	ဆေးသွင်း	ဆေးသောက်	ဆေးလိပ်	ဆေးရွက်
၁	၁	၁	၁	၁	၁	၁	၁	၁	၁
၂	၂	၂	၂	၂	၂	၂	၂	၂	၂
၃	၃	၃	၃	၃	၃	၃	၃	၃	၃
၄	၄	၄	၄	၄	၄	၄	၄	၄	၄
၅	၅	၅	၅	၅	၅	၅	၅	၅	၅
၆	၆	၆	၆	၆	၆	၆	၆	၆	၆
၇	၇	၇	၇	၇	၇	၇	၇	၇	၇
၈	၈	၈	၈	၈	၈	၈	၈	၈	၈
၉	၉	၉	၉	၉	၉	၉	၉	၉	၉
၀	၀	၀	၀	၀	၀	၀	၀	၀	၀
၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀
၁၁	၁၁	၁၁	၁၁	၁၁	၁၁	၁၁	၁၁	၁၁	၁၁
၁၂	၁၂	၁၂	၁၂	၁၂	၁၂	၁၂	၁၂	၁၂	၁၂
၁၃	၁၃	၁၃	၁၃	၁၃	၁၃	၁၃	၁၃	၁၃	၁၃
၁၄	၁၄	၁၄	၁၄	၁၄	၁၄	၁၄	၁၄	၁၄	၁၄
၁၅	၁၅	၁၅	၁၅	၁၅	၁၅	၁၅	၁၅	၁၅	၁၅

၁	၂	၃	၄	၅	၆	၇	၈	၉	၀
၁၆	၁၆	၁၆	၁၆	၁၆	၁၆	၁၆	၁၆	၁၆	၁၆
၁၇	၁၇	၁၇	၁၇	၁၇	၁၇	၁၇	၁၇	၁၇	၁၇
၁၈	၁၈	၁၈	၁၈	၁၈	၁၈	၁၈	၁၈	၁၈	၁၈
၁၉	၁၉	၁၉	၁၉	၁၉	၁၉	၁၉	၁၉	၁၉	၁၉
၂၀	၂၀	၂၀	၂၀	၂၀	၂၀	၂၀	၂၀	၂၀	၂၀
၂၁	၂၁	၂၁	၂၁	၂၁	၂၁	၂၁	၂၁	၂၁	၂၁
၂၂	၂၂	၂၂	၂၂	၂၂	၂၂	၂၂	၂၂	၂၂	၂၂
၂၃	၂၃	၂၃	၂၃	၂၃	၂၃	၂၃	၂၃	၂၃	၂၃
၂၄	၂၄	၂၄	၂၄	၂၄	၂၄	၂၄	၂၄	၂၄	၂၄
၂၅	၂၅	၂၅	၂၅	၂၅	၂၅	၂၅	၂၅	၂၅	၂၅

(၈) ၄၅ ဝါဝင်ဆောင်ခြင်းဆိုင်ရာ ဇယားများ

ဤသို့ စသည်ဖြင့် ကဗျာတတ်သိ ပညာရှိ ကြီးငယ်တို့စာပန်းချီချယ်မှုန်းရှိ မကုန်နိုင် မဆုံးနိုင်သော အာလုန်အမင်း ထူးခြားခြင်းဂုဏ်နှင့် ပြည့်စုံလှသည့် သက္ကရာဇ် ၁၂၄၀-ပြည့်နှစ် ကဆုန်လ လဆန်း ၂-ရက်နေ့ နေ့ ၂-ချက်တီး အချိန် နာရီ ပါဒ်ပြည့် ဗီဇနာပြည့် ပြန်ပြည့် ခရာပြည့် ကာရကဋ္ဌလဂ် မိဿစန်း တနင်္ဂနွေ ဟောရတ်, ကြာသာပတေး တြင်း, စနေ နဝင်း, နက္ခတ် ရှစ်လုံး, တပါဒ် ၁၀-ဃဋီ၊ အနုဃဋီ-၅၈၊ ပရမာဏုဃဋီ-၄၁၊ လဂ်စီးလျက်, ထိုနာရီ၏ သုညဘဝါး, ၄၆-မုယော, ၃၄-ဆံချည်ပြည့်တွင် ဖွားမြင်တော်မူခဲ့လေသည်။

ဗေဒင်ပညာတတ်တို့ အောက်ပါ ဇာတာတော်ကို လေ့လာ ကြည့်ရှုရာ သတည်း။

ဇေယတု၊ သာသနာ ၂၄၂၂၊ ကောဇာ ၁၂၄၀-ပြည့် ဒီဃ၊ ရဿ ၁၄၀၊ ကလိယုဂ် ၄၉၂၉။ ကောလိဓာတ်ဆန်း။ သူရိယ ရဝိဖုဋ္ဌ မိဿရာသီ၊ စန္ဒြဝေါဟာရ မာသ ကဆုန် လဆန်း ၂-ရက်၊ ခရစ် ၁၈၇၈၊မေလ ၂-ရက် ၅-တေး နေ့ စက် ၁၂-နာရီ မြန်မာမွန်းတည့် ၂-ချက်တီး နာရီပြည့် ပါဒ်ပြည့် ဗီဇနာ ပြည့် ပြန်ပြည့် ခရာပြည့် ကာရကဋ္ဌလဂ်၊ မိဿစန်း၊ ၁-နေ့ ဟောရတ်၊ ၅-တေး တြင်း၊ စနေ နဝင်း ၅-တေး ဒုဒိဒသင်း စနေ တိ သင်း၊ နက္ခတ် ဂ-လုံး ၁-ပါဒ် ၁၀-ဃဋီ၊ ဝိဃဋီ ၅၈၊ အနုဃဋီ ၄၁-ထက် လဂ်စီးလျက် ထိုနာရီ၏ ဣဋ္ဌဘဝါးကား သုညဘဝါး ၁၁-လက်သစ်၊ ၂-မုယော၊ ၃-နှမ်း၊ ၄-ဆံခြည်အချိန် ရတနာသုံးပါး ဦးထိပ်ထား၍ ဘုန်းပညာ လက္ခဏာနှင့် ပြည့်စုံသော သတ္တိသား၊လှ ရတနာကို မာတာမိခင် ဖွားသန့်စင်သည် မောင်မြတ်ကျော်ဇာတာ[1]။

အဋ္ဌမပိုင်း

မဟာပထဝီမြေကြီး တုန်လှုပ်ခြင်း

ဆရာတော် လောင်းလျာကား လွန်စွာထူးခြားသည့် ပုဂ္ဂလဝိသိဋ္ဌ ပုဂ္ဂိုလ် ထိပ်သီးသာတည်း။ မိခင်ဝမ်းကြာတိုက်မှ ဖွားလျှင် ဖွားခြင်း နှစ်သိန်းလေး သောင်း ထုပေါင်းယူဇနာ ဤမဟာပထဝီ မြေကြီးသည် လွန်စွာလေးလံလှစွာ သော မြင်းမိုရ်တောင်မင်းနှင့် သမုဒ္ဒရာလေးစင်း, ဟိမဝန္တာ တောင်သေလာနှင့် တပါးတခြားသော တော တောင် ရေ မြေ မြစ်ချောင်း အင်းအိုင်တို့ကို ထမ်း ဆောင် ရွက်ချီခြင်းငှါ စွမ်းနိုင်ပါသော်လည်း မဟာထေရ် အရှင်သူမြတ်ကြီး၏

၁။ နောက်ထပ် ဇာတာဖွဲ့သူ အရှင်သုမနက မောင်မြတ်ကျော်ဟု အမည်ပေးသည်။

ဂုဏ်တော် ကျေးဇူးတော်ကို ထမ်းဆောင်သည်ပိုးခြင်းငှါ မစွမ်းနိုင်သကဲ့သို့ ငဲ့-ယာ ရွှေ-နောက် ထက်-အောက်ခြောက်ထွေ တုန်လှုပ်ခဲ့လေသည်။

ဂရုံ ဘာရံ မေရုရာဇံ၊ သာဂရဠှ ဟိမာလယံ။
နဂညံ ပါဒပံ သဗ္ဗံ၊ သမတ္ထာ ဝဟိတုံ မဟီ။
ဇာတက္ခဏေ ဂုဏုဗ္ဗေဂံ၊ ဘာရုတိဘာရသမ္ဘတံ။
နေတု အာသယ္ဟမာနာဝ၊ သကမ္ပ ဥစ္စနာဒန ။

ဒေါမင်းဂုဏ် ထိတ်လန့်သဖြင့် ဦးပျော့ကို မေးခြင်း

ဒေါမင်းဂုဏ်မှာ နံနက်ပိုင်းကတည်းက မူးဝေဝေဖြစ်နေ၍ ဒေါမင်းဂုဏ်၏ မိခင် ဒေါ်ဘော်မနှင့် သားဖွားပေးမည့် အတွေ့အကြုံရှိ အမျိုးသမီးကြီးများ ဒေါမင်းဂုဏ်၏ အနီးမှာ အဆင်သင့် ရှိ၏။ မလှမ်းမကမ်းမှာ ဦးပျော့လဲ တည်ရှိ၏။ နေ့လယ် ထမင်း အနည်းငယ် သုံးဆောင်ပြီး အလိုက်သင့် လျောင်းနေစဉ် ရုတ်တရက် ကမ္ဘာလေ လှုပ်ရှားပြီး သက်တောင့်သက်သာ ဖွားမြင်ခြင်း ဖြစ်၏။ ဖွားမြင်ပြီးချင်း မြေပထဝီ မြည်ဟီးပြီး တုန်လှုပ်သည်ကို ရုတ်တရက် လန့်ပြီး ဒေါမင်းဂုဏ်က အို ကိုပျော့ အလို ဘာဖြစ်ပါလိမ့်၊ မြေကြီးလှုပ်လိုက်တာ ကြောက်စရာပါလား၊ ကျမနား လာစမ်းပါ၊ ဘာများဖြစ်ချင်လို့ပါလိမ့်မလဲ–ဟု ဇနီးသယ် ဒေါမင်းဂုဏ်က အပုံကြီး ကြောက်အားနှင့် မေးလေရာ ဦးပျော့က——

ဘောတိ အယျေ တုံ မာဘာယိ၊ မဟာပထဝီကမ္ပနေ။
တဝ ပုတ္တဿ ကာရဏာ၊ အယံ ပထဝီ ကမ္ပတိ။

ဘောတိအယျေ၊ သဘောဖြူအူစင်းလှပါတဲ့ အို မမယ်ကြီးမ မမင်းဂုဏ်။တုံ့၊ ရှင်မသည်။ ပထဝီကမ္ပနေ ၊မြေကြီးတုန်လှုပ်သည့်အတွက်။ မာ ဘာယိ၊ ကြောက်သွေး မတုန်ပါလင့်။ မကြောက်စမ်းပါနဲ့။ တဝ၊ ရှင်မ မမင်းဂုဏ်၏။ ပုတ္တဿ၊ ယခု မွေးဖွား သားကလေး၏။ ကာရဏာ၊ အကြောင်းကြောင့်။ အယံ ပထဝီ၊ ဤ မဟာပထဝီ မြေကြီးသည်။ ကမ္ပတိ၊ အိုးထိန်းစက်အသွင် အလွန်လျင် တုန်လှုပ်ပါ၏။

မမင်းဂုဏ် မြေကြီးလှုပ်သာနဲ့မျှား မကြောက်ပါနဲ့၊ နင့်ရဲ့သား အတွက်ကြောင့် သည်မြေကြီး လှုပ်သာပါဟု ပြောပြ၏။

၁။ ကျေးဇူးရှင် တိုက်အုပ်ဆရာတော် အရှင်နန္ဒိယဇေရ် ဖွဲ့ဆိုသည့်ဂါထာမျှား။

ဆက်လက် နားထောင်ပါ

မမင်းဂုဏ် ဆက်လက်ပြီး ကျုပ် ပြောပါဦးမယ်၊ သဘောကျအောင် နားထောင်ပါ၊ လောကမှာ ဘုန်းကံကြီးမားတဲ့ ပုဂ္ဂိုလ်များ မွေးဖွားတော့မယ်၊ သို့မဟုတ် မင်းလောင်း ပေါ်တော့မယ်ဆိုလျှင် မြေကြီးဟာ လှုပ်သာပဲ–ဟု ဦးပျော့က ပြောလေရာ ဒေါ်မင်းဂုဏ်က ကိုပျော့ ဒီလိုဆိုလျှင် ကျမသား မင်းလောင်းများ ဖြစ်နေမလားဟု ပြောလေရာ ဦးပျော့က အေးလေဖြစ်ချင် ဖြစ်မှာပေါ့၊ မမင်းဂုဏ် ဆက်လက် နားထောင်ပါ၊ ကျုပ် ပြောပါဦးမယ်။

ပါရမီ ဝိစိနန္တမ့ိ၊ အန္တိမေ ပဋိသန္ဓိယံ။
ဝိဇာယနေ ဗုဇ္ဈနေ စ၊ ဓမ္မစက္ကပဝတ္တနေ။
နိဗ္ဗုတေ ဆသု ဌာနေသု၊ အစ္ဆရာနိ ပဒိဿရေ။

ကျုပ်တို့ အမြဲ ထာဝရကိုးကွယ် ဆည်းကပ်နေကြတဲ့ ဘုရားရှင်ကိုယ်တော် မြတ်ကြီးဟာ အလောင်းတော် သုမေဓာ ဘဝက မိမိ ဆည်းပူး ဖြည့်ကျင့်မဲ့ ပါရမီတော်တွေကို ဆင်ခြင်တဲ့ အခါလဲ မြေလှုပ်ခြင်း, တော်လဲခြင်းစတဲ့ အံ့ဖွယ်သရဲတွေ ဖြစ်တယ်။ နောက်ဆုံး ပဋိသန္ဓေ နေတဲ့အခါ, ဖွားမြင်တော်မူတဲ့အခါ, သစ္စာလေးအင် ထိုးထွင်းသိမြင်တော်မူတဲ့အခါ, ဓမ္မစကြာတရား ဟောတဲ့အခါ, နိဗ္ဗာန်ပြည်ခုင် ဝင်တဲ့အခါတို့မှာလဲ မြေလှုပ်ခြင်း စတဲ့ အံ့သြဖွယ်တွေ ဖြစ်ပါတယ်။ ပေါင်းလိုရှိလျှင် အခါကာလ ၆-မျိုးတို့မှာ မြေလှုပ်ခြင်းစတဲ့ ထူးထူးဆန်းဆန်း အံ့ဘနန်းတွေ ဖြစ်တယ်။

ဒို့ ဒီမှာလဲ စာပေ ပိဋကတ် ကျမ်းဂန်တတ် ပုဂ္ဂိုလ်လောင်းလျာ ဖွားမြင်လို့ မြေတွေ လှုပ်တာပါ၊ မမင်းဂုဏ် မကြောက်ပါနဲ့၊ ပုဂ္ဂိုလ်ထူး ငါရပြီ၊ ပုဂ္ဂိုလ်ထူး ငါ ဖွားမြင်ရပြီဟု ဝမ်းမြောက်ပါလေ စသည်ဖြင့် မျက်နှာမြင်စဇနီးသယ် အလှအား ဦးပျော့သည် စကားဖြင့် ဖြေဖျော် ယုယခဲ့လေသည်။

ပီတိပုဏ္ဏာ သံတုဋ္ဌာ စ၊ ဘဒ္ဒေ နိရန္တရံ ဘဝ။
တယဲာ ဟိ ဝိသိဋ္ဌာဇညော၊ တနုဇော သုလဒ္ဓါ ဟိ ခေါ။

ဘဒ္ဒေ၊ အလှပဂေး အိုု ကလေးမကလေး မမင်းဂုဏ်။ တုံ၊ အကျွန်ုပ်နှင့် ပေါင်းဆုံခွင့်ကြုံ ရှင်မ မမင်းဂုဏ်သည်။ နိရန္တရံ၊ အမြဲ ထာဝစဉ်။ ပီတိပုဏ္ဏာ၊ ဖရဏာပီတိ ဂုမ်းဆီထည့်သို့ ပီတိအဟုန် ပြည့်စုံသူသည်ဌင်း။ သံတုဋ္ဌာ စ၊ ကျင် ခုန်ချင် ကခုန်ချင်လောက်အောင် ရွှင်ပြ ဝမ်းမြောက်သူသည်ဌင်း။ ဘဝ၊ ဖြစ်စမ်းပါလေ။ ဟိ၊ ဟုတ်တိုင်းမှန်ရာ ပြောလိုပါသေး၏။ တယာ၊ မည်ုးပန်းပုံ ရှင်မ မမုင်းဂုဏ်သည်။ ဝိသိဋ္ဌာဇညော တနုဇော၊ လွန်စွာ

ထူးလည် အာဇာနည် သားယောကျ်ားကို။ သုလဒ္ဓါ ဟိ ခေါ်၊ မ–တထောင် တယောက်, မ–တသောင်း တယောက်ပေါ်ပေါက်ရခဲစွာလှ ဩဇာ ယခုတေ့ အရတော်စွာ ရအပ်ပါပေပြီတကား။

လျှပ်စည်းလက်, သီချင်းသံတွေကြား

ဦးပျော့ ပြောဆိုဖျောင်းဖျသည့် စကားဆုံးသည်နှင့် တပြိုင်နက် မိုးသက်လေ မိုးတိမ်တိုက်တည်းဟူသော လုလင်ပျိုကာလသားတို့နှင့် ရှစ်ခွင်မျက်နှာရပ်ဒိသာတည်းဟူသော သို့မဟုတ် အပျိုကညာ အလှဘဒ္ဒါတို့သည် ရောင်ဝါပြိုးပြက်တဝင်းဝင်းလက်သော လျှပ်စစ် လျှပ်ပန်းနွယ်တို့ဖြင့် ဆန်းကြယ်စွာ တန်းဆာဆင်ကုန်လျက် ဘယ်ယိမ်းညာနွဲ့ စိမ်းလဲ့ညိုမှောင် တောင်တောင် မြောက်မြောက် ရွှေနောက်ပြေးလွှား ကစားမြူးခုန် လေကုန်၏။ မဟာထေရလောင်းလျှာ၏ ပေါ်ပေါက်လာခြင်းကို အရင်းမူလျက် ချီးကျူးသြဘာ ထောမနာ ပြုသည့် အနေဖြင့် အဖွဲဂါထာ ကဗျာသီချင်းတို့ကို ကြူးရင့်သီဆို အသံလွှင့် ကြိုဆို ကြကုန်၏။

မာလုတမ္မုဧရာ ယုဝါ၊ နစ္စယန္တော ဒိသဂ်္နာ။
ဂါယိ သု ထုတိဂီတာနိ၊ ဝိဘူသိတသတေ ရတာ။

ကိုပျော့ လုပ်ပါအုံး ဘာသံတွေတုံး တမိုးလုံးလဲ ဝင်းထိန်လို့

မမင်းဂုဏ်မှာ သားသယ်မိခင် ဖြစ်ရလင့်ကစား အသက် ၂၀-ကျော် ရှမ်းဗမာ ကဘယားမလေးဖြစ်၍ သိတ်သဘောမနက်လှချေ။ ဝမ်းသာစရာရှိလျှင် လွှန်စွာဝမ်းသာပြီး ကျောက်စရာရှိလျှင် လွှန်စွာကြေကွဲတတ်သည်။ သို့ဖြစ်၍ လျှပ်စည်းတွေ လက်သာမြင့်, မိုးချုံးသံကြား, သီချင်းသံ ကြားပြန်တော့ ကြောက်အားတွေ ပိုမိုသဖြင့် ကိုပျော့လုပ်ပါ ဘာသံတွေ ဘာလို့ တမိုးလုံးလဲ ဝင်းထိန်လို့ ဟု ဆိုပြန်ရာ၊ ကိုပျော့က မမင်းဂုဏ် ခပ်တည်တည်နေပါ၊ ရှင်မရဲ့ သားကြီးလာလျှင် သာသနာရောင် ထိန်လင်း ဝင်းပြောင်အောင် ပြုမဲ့ အထိမ်းအမှတ်အနေနဲ့ လျှပ်စည်းတွေ လက်သာပါ၊ ရှင်မ သားထူးသားမြတ် ဖွားမြင်သာ နတ်တွေက ဝမ်းသာလို့ ဂန္ဓဗ္ဗနတ်တွေ သီချင်းဆိုသာပါ။ မကြောက်ပါနဲ့ မမင်းဂုဏ် ဟု ဦးပျော့သည် ထပ်မံ၍ချော့ရပြန်လေသည်။

ပုတ္တံ ပဋိစ္စ ဘဒ္ဒေတေ၊ ဝိဇာလ္လတာ ပဝတ္တရေ။
ထုတိဂီတာနိ ဝတ္တန္တိ၊ ပီတာ ပမုဒိတာ ဘဝေ။

ဘဒ္ဒေ၊ အလှဆန်းစုံ မမင်းဂုဏ်။ တေ၊ ပြောရမပြီး ချီးရမကုန် လှမျိုးစုံလှ ရှင်မ မမင်းဂုဏ်၏။ပုတ္တံ၊ယခုဖွားလတ် သားလှမြတ်ကို။ ပဋိစ္စ၊ အကြောင်း

ပြု၍။ ဝိဇ္ဇုလ္လတာ၊ လှုပခါန်းကျယ် လျှပ်စစ် လျှပ်ပန်းနွယ်တို့သည်။ ပဝတ္တရော၊ လင်းလက်တုံလစ် ဖြစ်ပါကုန်၏။ ထုတိဂီတာနိ၊ အဖွဲအနွဲ တေးသီချင်းတို့သည်။ ဝတ္တန္တိ၊ ငြိမ့်ညောင်းသာကြည် မြည်ဟီးဖြစ်ပေါ်၍ နေပါကုန်၏။ တံ၊ သား ကောင်းအရှင် သင်မိခင် မမင်းဂုဏ်သည်။ ပိတာ၊ ပိတိပြည့်လျှမ်း ဝမ်းမြောက် သူသည်ဌင်း။ ပမုဒိတာ၊ စိတ်ဓာတ်တက်ကြွ အားရပါးရ ရှိသူသည်ဌင်း။ ဘဝ = ယခုမကြာ ဖြစ်လိုက်စမ်းပါ။

အချိန်မဲ့ မိုးကြီးရွာချခြင်း

မဟာထေရလောင်းလျှာ ဖွားမြင်စ ထိုခဏ၌ ရုတ်တရက် ပေါ်လာပြီး အခါမဲ့မိုးကြီး ရွာချလေ၏။ တရွဲရွဲဖြင့် မစဲအစဉ် မိုးကောင်းကင်မှ ရေယဉ် ယှက်သန်း ငွေရည်ဖြန်း သကဲ့သို့ ချိုင့်ဝှမ်း ကုန်းစောင်း မြစ်ချောင်း ထူးအိုင် အဆိုင်ဆိုင်တို့၌ ဖြိုင်ဖြိုင်မိုးမိုး ရေယဉ်စီးအောင် သည်းထန်စွာ ရွာချသွန်း ဖြိုးလေ၏။

ဝုဋ္ဌဓာရံ ပဝတ္တာန္တော၊ ဒေဝါ ပါဝဿိ တာဝဒေ။
ထလံ နိန္နဉ္စ ပူရေသိ၊ မဟောဃော တေန သန္ဒတိ။

တရားစာပေမိုး ရွာမည့် အထိမ်းအမှတ်ပါ

ယင်းသို့ မိုးကြီး သည်းထန်စွာရွာသောအခါ၌လဲ ဒေါ်မင်းဂုဏ်က အလိုကိုပျော့ မိုးကြီးကလဲ သဲလိုက်ထာ၊ အလို ကြောက်စရာပါလား ဟု ပြောဆိုရာ ဦးပျော့က မမင်းဂုဏ် မကြောက်ပါနဲ့၊ ဇမ္မူဒိပ် နိမိတ်ထွန်းဆိုသလို နိမိတ်ထွန်းတာပါ ဟု ပြောလေ၏၊ ထိုအခါ မမင်းဂုဏ်က ကိုပျော့ ဘာနိမိတ်တွေ ထွန်းပြန် တုံးဟု ပြောဆိုမေးမြန်းလေရာ ဦးပျော့က မမင်းဂုဏ် ယခု ရှင်မမွေးတဲ့ သားကလေးက နောက်ကြီးပြင်းလာ၍ လူလားမြောက်လျှင် သာသနာဝန် ဆောင် ပုဂ္ဂိုလ်ကြီး ဖြစ်ပြီး တရားစာပေ မိုးရေကို ဝဝလင်လင် တိုက်ကျွေး မှာမို့ ယခု ကြိုတင်ပြီး မိုးရွာချ နိမိတ်ထွန်းတာလေ စသည်ဖြင့် ဇနီးသယ်၏ အလိုအကြိုက်လိုက်ပြီး ဖြေဆို ဖျောင်းဖျ ရှာလေသည်။

ဓမ္မမေဃံ ပဝတ္တာန္တော၊ သောတုဇနေ ပါယေဿတိ။
ဧတံ ဟိ နိမိတ္တံ သုဘ-သုန္ဒရံ တီဝ သုန္ဒရံ။

ဘဒ္ဒေ၊ သား, ရိုး, ရွယ်, ဆံ, ရေ ငါးတန်ဖြင့် အလှကြန်စုံ အို မင်း ဂုဏ်။ သော၊ ထိုယခု မွေးဖွားရှင် မမင်းဂုဏ်၏ သားကလေးက။ ဓမ္မ-မေဃံ၊ တရား စာပေ မိုးရေ အမျိုမျိုးကို။ ပဝတ္တာန္တော၊ ဖြစ်စေလျက်။ ရွာချလျက်။ သောတုဇနေ၊ သင်လို နာလို စာသင်ပျိုတို့ကို။ ပါယေဿတိ၊

ဝဝလင်လင် အင်အောင် တိုက်ကျွေးပါလိမ့်မည်။ ဧတံ ဟိ၊ ဤအခါမဲ့ မိုး ရွာသွန်းဖြိုးခြင်းကား။ သုဘံ သုန္ဒရံ၊ တင့်တယ် ကောင်းမြတ်သော။ နိမိတ္တံ၊ အမှတ်အသား နိမိတ်ပါတည်း။ အတိဝ သုန္ဒရံ၊ အလွန်ကိုလဲ ကောင်းလှပါ၏။

ဆရာတော်လောင်းလျာ ဖွားမြင် မျှားစွာအကျိုးရှိ

ခွေးပြုတ်တဝိုက်မှာ သည်အခါ သည်သမယ ရေရှားနေကြဖြစ်၏။ သို့ဖြစ်၍ ကဆုန်နွေလ ရေကို တ·ဆိုသည့်အတိုင်း ရေ တ-နေတုန်း ဆရာတော်လောင်းလျာ မီးရှူးသန့်စင် ဖွားမြင်သည်ကို ကြိုဆိုသည့်မိုးကြောင့် ရေကန်ရေပြည့်ခြင်းဖြင့် ရေအတွက် မျှားစွာချမ်းသာကြကုန်၏။ ဆရာတော်လောင်းလျာ ဖွားမြင်ခြင်းသည် လောကသားတို့အား မျှားစွာအကျိုးရှိလေသတည်း။

ထေရကံ့ရဿ ဥပ္ပါဒေါ၊ လောကဿ သတ္ထကော ဘဝေ။
ကာလေနကာလံ ဧဒိသော၊ ပဂ္ဂလော ဟိ သမုဇ္ဇဝိ။

နဝမပိုင်း

ဆရာတော်ငယ်နာမည် မောင်ပေါ်ဉာဏ်

မိဖုန်စပါးနှင့် ဆွေမျိုးဉာတိတို့သည် ကျန်းကျန်းမာမာနှင့် လောကကို တုန်လှုပ်စေပြီး ထူးထူးခြားခြား ဖွားမြင်လာသော ဆရာတော်လောင်းလျာကို တွေ့မြင်ကြရသော ဦးပျော့, ဒေါ်မင်းဂုဏ်နှင့် နှစ်ဖက်ဆွေမျိုးတို့မှာ လွန်စွာဝမ်းမြောက်ကြကုန်၏။ အသပြာထောင်ထုပ် ကောက်ယူရရှိသော ပုဂ္ဂိုလ်တို့ပမာ ပီတိပန်းတွေ ပြည့်လျှမ်း ဝမ်းမြောက်ဝမ်းသာ ရှိကြကုန်၏။ တိုင်းနိုင်ငံ လုံးတက် အောင် ကျော်စောကီတ္တိရှိမည့် ဉာဏ်ရည်ဉာဏ်အား စုံမ်းပကား နိမိတ်ကို စဉ်ယူကြပြီး မောင်ပေါ်ဉာဏ်ဟု အမည်မှည့်ကြကုန်၏။

မောင်ပေါ်ဉာဏ်ဣတိ ကန္တမို၊ ကိတ္တေသုံ အဘိဓာနကံ။
ဘာဝမို တေ စ သန္ဓာယ၊ မာတာပိတာဒိ ဉာတယော။

ခွေးပြုတ်ရွာတရွာလုံးလို အမျိုးသမီးတွေ လာကြည့်ကြ
ဝမ်းမြောက်ဝမ်းသာ ပြောဆိုကြ

ဦးပျော့၏ဇနီး ဒေါ်မင်းဂုဏ် မျက်နှာမြင်သတဲ့ဆိုတဲ့ သတင်းသည် တရွာလုံးနှံ့ သွားသည်သာမက အနီးအနားရွာတွေအထိ သတင်းရောက်သွားလေ၏။ ထို့အခါ ခွေးပြုတ်ရွာ တရွာလုံးလောက် အမျိုးသမီးတွေလာ၍ ကြည့်ရှုကြသည်။

မင်္ဂလာစကားပြောကြသည်။ တချို့က မမင်းဂုဏ်တို့များ တော်ရန်ကော သားယောကျ်ားကလေး၊ သူတို့မွေး မွေးတတ်လွန်း၊ တို့များ တခါလောလည်း မိန်းမကလေး တခါလောလည်း မိန်းမကလေးပဲ၊ ပြီးတော့ ညီချောကလေး၊မျက်လုံးကလေးကလဲ ဝန်းစက်လို့ လှလိုက်တာ၊ နားကလေးက ကားလိုက်တာ၊ နဖူးကလဲ ဆင်ဦးကင်း ခြောက်ပစ်ကင်း၊ သူတို့များ တော်ရန်ကော စသည်ဖြင့် ချီးမွမ်းကြသည်။ မမင်းဂုဏ်အား ခနဲ့ကြသည်။ ထိုအခါ ဦးပျော့နှင့် ဒေါ်မင်းဂုဏ်က ပြုံးစိကြီး လုပ်နေတတ်ကြသည်။

ခွေးပြုတ်ဂါမေ ဝသန္တိယော၊ နာရိယော သမလက််တာ။
အာဂန္ဆာန ထောမေသုံ၊ သုဘံ ထေရက်ုံရံ ဝရံ။

လွန်ထူးခြားသည့် ဇနီးမောင်နှံ

ဦးပျော့နှင့် ဒေါ်မင်းဂုဏ်တို့ကား လွန်စွာ ထူးခြားလှသူတို့တည်း။ သူတို့မှာ သားရတနာချည်း ၇-ယောက် ထွန်းကားသည်။ သမီးတယောက်မှ မပါချေ။ ၎င်းတို့ကား–

၁။ ဦးပေါ်ညာဏ် (ဆရာတော်လောင်းလျာ)
၂။ ဦးကျော်ဇံ
၃။ ဦးပေါ်စော
၄။ ဦးထွန်းမွှေး
၅။ ဦးထွန်းအေး
၆။ ဦးကြာနု
၇။ ဦးကြာညတို့ ဖြစ်ကြကုန်၏။

၎င်း ၇-ယောက်အနက် ဦးထွန်းမွှေးသည်လည်း ဦးတေဇဝန္တဘွဲ့ မည်ဖြင့် ရဟန်းပြုသေးသည်။ ကျမ်းဂန်တတ် ပုဂ္ဂိုလ်ဖြစ်၏။ နောက်တွင် လူ့ဘောင်သို့ ရောက်သည်။ စာပြင်ဆရာ ဆရာထွန်းအဖြစ် ထင်ရှားခဲ့သည်။ ၎င်းပြင် ဦးကြာညလည်း ရဟန်းဖြစ်သေးသည်ဟု သိရ၏။

ဦးပျော့တိ ဂဟပတိ စ၊ ဒေါ်မင်းဂုဏ် ဃရသာမိနီ။
တေ ဥဘော ပုဂ္ဂလာ အာသုံ၊ ဓညာ ပုညဿ ဘာဂိနော။

ဒေါ်မင်းဂုဏ် ထေရလောင်းလျာအား လွန်စွာ စောင့်ရှောက်ခြင်း

ဒေါ်မင်းဂုဏ်သည် နို့ရည်မသန့် ဖြစ်မည်စိုး၍ အညှော်အနှံ့ အပုပ်အစပ် အစေးအစာများကို မိမိကိုယ်တိုင်လဲ ရှောင်ကြဉ်၏။ ထေရ-

လောင်းလျှာ သူငယ်အားလဲ မှက်ခရုရောဂါ သူငယ်နာအမျိုးမျိုးဖြစ်မည်စိုး၍ ဘုရားရှင် ရှေတော်မှောက်၌ အမျိုးမျိုး အဖုံဖုံ တောင်းဆုခွေခဲ့သည်။ ထေရလောင်းလျှာ သားငယ်အတွက် ပြုစုစောင့်ရှောက်ရသော ဒုက္ခအပူကို ငယိတဂူစန်းရတနာအသွင်, စန္ဒကူး နှင်းခဲအလား မှတ်ထင်ခဲ့လေသည်။

ထေရကုံရရက္ခဏောဟိ၊ ဒုက္ခံ နာနုပ္ပကာရကံ။
သုခန္တံ ဇနနံ မညေ၊ စန္ဒံ စန္ဒနသာဒိသံ။

ၛင်းပြင် မှက်ခြင်အမျိုးမျိုး သန်းကြမ်းပိုးမှစ၍ မထိုး မကိုက်ရလေအောင် ခြင်ထောင်နှင့် ပိတ်ပါး အဖုံဖုံ အုပ်လှေားလျက် အစောမဖြောင့် အနေ အချိုး မကျ တခဏကလေးမျှ မဖြစ်ရအောင် အလစ်မပေးပဲ ချစ်ခြင်းတည်းဟူသော ပီတိမောတ်ဖြင့် မပြတ်စောင့်ရှောက်လေ၏။

ရင်းသွေးဟူက ချစ်မဝတည့် မိဖတံထွာ သားတကာနှင့် တရာနှစ်ကဲ့လည်ချင်းနဲ့လည်း ရောင့်ရဲမထင် စုံမက်ကြင်လျက် ဖြုတ်ခြင်ကိုက်နာမြူရှိမှာမျှ ရံခါတရစ် မဖြစ်စေရက် အသက်ရှည့်ကြောင်း ဆုတောင်းဆုယူ အလှူကောင်းမှု ကိုယ်စားပြု၍ ဝတ်တုစားပ ဆောင်ရွက်စသားကုံငဖြည့်တင်း ဖြန့်ဖြူးခြင်းလည်း မကင်းရေမိုး ဥယျာဉ်ပျိုးသို့ မည်သို့မခေါင် ကြီးပြင်းအောင်လျှင် စောင်စောင် ပျပ်ပျပ် ကွပ်ညှပ်ဆုံးမသင်ပြသဟည် ငယ်က လက်ဦးဆရာတည်း[1]။

သားငယ်ဖြင့် ပျော်ပွဲခံခဲ့

ဒေါ်မင်းဂုဏ်သည် ထူးထူးခြားခြား ရရှိလာသော သားကလေး၏ ပိုင်ရှင်ဖြစ်ရကား လွန်စွာဝမ်းမြောက် ပျော်ရွှင်လျက် ရှိလေသည်။

"သားလှတဲ့ ရတနာ ချစ်စရာအလုံး၊
ဝတီ သာ နတ်သော် ရှုံးရမယ် သားလှ ရွှေတုံး"—

စသည်ဖြင့် တာဝတိံသာနတ်ပြည်က နတ်ထက်တောင် လှုပလေဟန် အလွန်အကဲ ချီးမြှောက်ဖွဲ့ဆို၍ ခွေးပြုတ်ရွာ တရွာလုံးကြားအောင် နတ်သံပြစ်သလို အော်ဟစ်သီဆိုခဲ့လေသည်။

၁။ သုတမဇ္ဈိဆုံးမစာ အပိုဒ်-၃၄။

ဂင်းပြင်—

"စက်ပါကွဲ့ ပျော်ပျော်၊ ကိုပေါ်ဉာဏ်ရှွေသား၊
ပျော်ကြောင်းရယ် မာယာနှင့် ဖွဲ့ဆိုကာ မွေးမေ လွဲလိုက်ပါမယ် အိပ်ပါ
တော့လား"—

စသည်ဖြင့်လဲ အေးယာဉ်ဒွေးချိုးသီချင်းဖြင့် မြောက်ပင့် ဖွဲ့ဆို၍ ချော့မြူ၍ သိပ်ခဲ့လေသည်။

ဒသမပိုင်း

ထူးခြားသည့် ဆီးဖြူသီးခန့် လောက်ခဲ

ယင်းသို့ဖြင့် ထေရလောင်းလျာသည် တဖြည်းဖြည်း ကြီးပွါးလာခဲ့ရာ သက်တော် ၅-လနှင့် ၁၃-ရက်သားရှိရာ ၁၂၄၀-ခုနှစ် သီတင်းကျွတ်လပြည့်နေ့တွင် မိခင်ကြီး ဒေါ်မင်းဂုဏ်သည် ထေရလောင်းလျာကို ရေချိုး၍ နံ့သာ အမွှေးအထုံတို့ဖြင့် လိမ်းကျံ မှုံးထုံပြီးလျှင် စင်ကြယ် ဖြူဆွတ်သော အဝတ်သစ်ဖြင့် ထွေး၍ စင်ကြယ်သန့်ရှင်းသော အိပ်ရာအခင်းထက်၌ ချမ်းသာစွာ သိပ်ထားရာ တစုံတရာ အန္တရာယ် နှိပ်စက်သည့်အဟန် မခံသာသည်ဖြစ်၍ ကော့ကာ, လိမ်ကာ လူးလွန့်ကာဖြင့် မကြာမကြာ ခါးကို ထိုမှ ဤမှ လှုပ်ရှားစေ၏။

ပဥ္စမာသာဓိကော ထေရော၊ ကတဂန္ဓဝိလေပနော။
သုန္ဒာတော သုစိသန္ထာရော၊ ဥတ္တာနသေယျကော တဒါ။
သုခံ စေပိ သယာပိတော၊ ဒုက္ခဋ္ဌိတော၀ ကမ္ပတိ။
မင္ဂျင်္ဂံ ဟတ္ထပါဒဉ္စ၊ ဥစ္စာလေသိ ဣတော စိတော။

ထိုအခါ မိခင်တို့ဓမ္မတာ သည်းချာမျက်ချယ် ပုလဲသွယ်ကို မျက်ကွယ်မကွေး စိတ်မအေးပဲ အလေးတမူ အရေးယူလျက်ရှိသော မိခင်ဒေါ်မင်းဂုဏ်သည် တုန်လှုပ်ချောက်ချားလျက် အကြောင်း ဘယ်သို့ပါနည်းဟု သက်ဝယ်မှုံးစိတ်ထွေပြားသဖြင့် အဆောတလျင် ကပ်ဝင် ချီမြှောက်လျက် စူးစမ်းလေ၏။

ပုတ္တဿေတံ ဝိပ္ပကာရံ၊ အဒက္ခိ ပုတ္တဂိဒ္ဓိနီ။
တရမာနာ ဥပဂ္ဂမ္မ၊ ကိမေတန္တိ ဝိစာရယိ။

ပက်လက် အိပ်စက်လျက်ရှိသော ထေရလောင်းလျာ၏ ကျောအောက် တည့်တည့်မှာ သင်းခွေပန်းငုံ ဝါဂွမ်းပုံ အစုကဲ့သို့ နုနုနယ်နယ် စင်ကြယ် ဖြူဖွေး

လုံးထွေးလျက်ရှိသော ဂုံညင်းခန့် ပမာဏ ပိုးလောက်အစု သဘာဝအလျောက် ပေါ်ပေါက်လျက် ရှိသည်ကို ချက်တွေ့ထင်တင် ဖော်ပြခဲ့လေ၏။

ဟေဋ္ဌာပီဌေ တဒါ ဇာတော၊ ကုန္ဒဿ မုကုလံ ယထာ။
ကပ္ပါသပိစုသင်္ကာသော၊ ဝိသုဒ္ဓါ ကိမိသဉ္ဇယော။
ဇေတံ အဒက္ခိ သာ မာတာ၊ အစ္ဆရိယဗ္ဘုတဗ္ဘကံ။

မိခင် ဒေါ်မင်းဂုဏ်သည် ထေရလောင်းလျာ သားငယ်ကို မြောက်ချီကြည့်ရှုရာတွင် မကြာမီ ခဏအတွင်းမှာပင် သို့စဉ်းလောက် ကြီးပွါးခြင်းသို့ ရောက်နိုင်သော ပိုးလောက် အစုအပုံအခဲကို မြင်ရလျှင် အလွန်လျှင် အံ့သြခြင်းဖြစ်ပြီး ထိုထို့ကြ့ကြ အလိမ်လိမ်ကို မြည်တမ်းပြောဆိုလျက် ကြံစည် စဉ်းစားပြီး အိမ်နားနီးချင်း မိတ်ဆွေတို့ကို အကျိုးအကြောင်း ပြောဆိုလေ၏။

နိမိတ်အမျိုးမျိုး ဖတ်ကြ ဟောကြ ပြောဆိုကြ

အိမ်နားနီးချင်းရှိ ဒေါ်မင်းဂုဏ်၏ သူငယ်ချင်းမတွေက မဂုဏ် မ့ပူနဲ့၊ မဂုဏ်တို့ ပိုပြီးတော့ လောက်လောက်ငင့ ပြည့်ပြည့်စုံစုံ ကုံကုံလုံလုံ ဖြစ်တော့မယ်၊ မပူနဲ့၊ မဂုဏ်တို့ သူဌေးမတွေဖြစ်မယ်၊ အဲသည်အခါကျတော့ ဒို့လဲ မေ့မနေနဲ့ စသည်ဖြင့် သူဟယ်ချင်း အမျိုးသို့မ်းတွေက နိမိတ်စကားပြောကြသည်။

မာ သောစာဟိ ဘဒ္ဒေ တုမ့ံ၊ ဓနဓညော ဝဓ့ိသတိ။
သမဂ်ီပုဏ္ဏဘာဝဿ၊ ဣဒံ ဟိ လက္ခဏံ ဘဝေ။
ဣတိ သဟာယိကာ ကန္တာ၊ ကထယန္တိ အနေကဓာ။

ဦးပျော့ ဟောချက်

ဦးပျော့ကလဲ မမင်းဂုဏ် မပူနဲ့ မပူနဲ့၊ တောင်တောင်ကြ့ကြ့ မကြံစည်ပါလင့်။ ဒို့သားကလေးကြီးလျှင် ဘုန်းကြီးဖြစ်မယ်၊ ဘုန်းကြီးဖြစ်လျှင် စာတတ်မယ်၊ စာတတ်လျှင် အကျော်ဓေယျပုဂ္ဂိုလ်ကြီးဖြစ်မယ်၊ အကျော်ဓေယျပုဂ္ဂိုလ်ကြီးဖြစ်တော့ ဆွမ်း,သင်္ကန်း,ကျောင်း,ဆေး လောက်လောက်ငင့ရှိပြီး သာသနာတော် ကြီးပွါးအောင် စောင့်ရှောက်နိုင်ပါလိမ့်မယ် စသည်ဖြင့် ကြိုတင်နိမိတ်ဖတ်လေ၏။

မာ စိန္တယိ အဟေ ဘဒ္ဒေ၊ သုသမိဒ္ဓါ ဘဝိဿတိ။
ဝိသိဋ္ဌော စက္ကဝါဟိ သော၊ လောကဂ္ဂသာသနေ သုဘေ။

အဟေ ဘဒ္ဒေ=ပေါင်းခွင့်ကြုံရ အိုနှမ မမင်းဂုဏ်။ မာ စိန္တယိ=တောင်တောင်ကြ့ကြ့ မကြံစည်စမ်းပါလင့်။ သော=ထို့သို့ ထူးခြား ငါတို့သားကလေး

မောင်ပေါ်ဉာဏ်သည်။ သုဘေ=ဗေဒဓိပက္ခိယအပြား ၃၇-ပါးတို့ဖြင့် သာယာတင့်တယ်လှပေသော။လောကဂ္ဂသာသနေ=သုံးလူ့ဥက္ကင့် ဘုရားမြတ်သာသနာတော်၌။ သုသမိဒ္ဓေါ=စာပေကစ, ပစ္စယနှင့် လောက်ငှကုံလုံ လွန်ပြည့်စုံသော။ ဝိသိဋ္ဌော စက္ကဝါဟီ=လွန်ထူးခြားလတ် သာသနာတော်မြတ်တာဝန်ကို ထမ်းရွက်သည်ပိုးမည့် ပုဂ္ဂိုလ်ထူးသည်။ဘဝိဿတိ=အမှန်စင်စစ် ဖြစ်ပါလိမ့်မယ်။

အဘိုး၏ဟောကိန်း

ဦးပျော့၏ဖခင် ဆရာတော်လောင်းလှ၏ အဘိုး ဦးလယ်သည် တွေးခေါ်မြော်မြင်တတ်သိတတ်သော ပညာရှိသူပေတည်း။ ရပ်ရွာ သူကြီးမင်းလည်းဖြစ်ရကား အတွေ့အကြုံရှိ လူကဲခတ်လည်း ကောင်း၏။ သို့ဖြစ်ရာ မိမိ၏ချွေးမဖြစ်သော ဒေါ်မင်းဂုဏ်ကို "အို ချစ်သမီး သားငယ်ကျောအောက် ရုတ်တရက် ရောက်လာသော ပိုးလောက်ဖြူနု ဤအစုကြောင့် တစုံတခု ကြုံစည်မှုမရှိလင့်၊ ဤဇမ္ဗူဒီပါ လက်ျာတောင်ကျန်းကား အခြားကျန်းများနှင့်မတူ ပုဗ္ဗနိမိတ် အတိတ်ရှေသွး ထွန်းကားရာကျန်းဟု ပညာရှိအများတို့ သိကြကုန်၏။

ပိုးလောက်ဖြူနု ကျောအောက်စုသော ဤသည့်ငါးမြေးတော်ကား သာမန်ယောကျ်ား အညံ့စားမဟုတ်၊ တလောကလုံး၏ ထောက်ရာ တည်ရာ မှီခိုရာအားထားရာအစစ် မခွတ်ဖြစ်ပါလိမ့်မည်။ ပြည့်စုံလုံလောက်သော လောကီဂုဏ်, လောကုတ္တရာဂုဏ်တို့၏တည်ရာ စင်စစ်ဖြစ်ပါလိမ့်မယ်။ချစ်သမီး ငါ၌ စကားအကြောင်းယုတ္တိ အလွန်တန်၏၊ ပိုးလောက်ဟူသည် ကြီးပွါး မြင့်မောက်လုံလောက်ပြည့်ဝခြင်းဟူသော ပုလအနက်သဘောအားဖြင့် ပြည့်စုံ လုံလောက်ခြင်း၏ဂုဏ်း, ဂုဏ်အားဖြင့် ကြီးထွား မြင့်မြတ်ခြင်း၏ဂုဏ်း အကြောင်းနိမိတ် ဉာပကဟိတ်ဟူ၍ ပညာရှိများ နှုတ်ဖျားတွင် သမုတ်ခဲ့လေပြီဟူ၍ ဉာဏ်မှီသမျှ ကြုံစည်တွေးဆ ပြောဆိုလေပြီ။

ကိဉ္စိ အမ္မ မာ စိန္တယိ၊ ကိဋ္ဌသဉ္ဆယဝါဟသာ။
အယံ မဟာ ဇမ္ဗုဒီပေါ၊ နိမိတ္တပုဗ္ဗကော မတော။

အဝဿံ မမ ပဟုတ္တော၊ ပရိပုဏ္ဏဂုဏာလယော။
ပတိဋ္ဌာ သဗ္ဗလောကဿ၊ ပရာယဏော ဘဝိဿတိ။
ပဋ္ဌဝေါ ဟိ ပုလဋ္ဌေန၊ ပုဏ္ဏာဘာဝဿ ကာရဏံ။
ဂုဏေနာပိ မဟန္တဿ၊ လောကေန အဘိသမ္မတံ။

တဖြည်းဖြည်းကြီးပြင်းလာရာ လေးနှစ်အရှယ်ရောက်ခဲ့

ဤသို့ စသည်ဖြင့် ဆရာတော်လောင်းလှသည် မိဖနှစ်ပါး အဘိုးအဘွားသားချင်းဆွေမျိုးတို့၏ အလယ်၌ ညှိုးငယ်ခြင်း အလျှင်းမရှိပဲ ပြည့်ပြည့် တင်း

တင်း ပြုစုခြင်းဖြင့် ဆင်းရဲခြင်း အလျှင်းပင်မရှိမူ၍ တယောက်သက်မှ တယောက်လက်သို့ အဆက်ဆက်အားဖြင့် ကူးပြောင်းခြိမ ယုယပိုက်ထွေး မွေးမြူခြင်းကိုမှီ၍ သုခအစဉ် မပြုံးပြင်ပဲလျက် ပြောင်စင်ကြီးမြောက် အရွယ်ရောက်၍ သက်တော်ပမာဏ လေးနှစ်မျှ ရှိလေ၏။

သုခံ သော ပရိဟာရိတော၊ ဉာတိမဇ္ဈေ သုခေမိတော။
ကမေန ဝုဗ္ဘိမန္ဒာယ၊ ဇာတိယာ စတုဝဿိကော။

ကောဒသမပိုင်း

ဆရာတော်လောင်းလျာ၏ရုပ်ရည်

လောကဌ် ရဟန်းပဲဖြစ်ဖြစ် လူပဲဖြစ်ဖြစ် ကျော်ကြားထင်ရှား ထူးခြားတဲ့ ပုဂ္ဂိုလ်များမှာ ကျော်ကြားထင်ရှား ထူးခြားထိုက်သည့် လက္ခဏာအမှတ်ပါသည်ချည်းဖြစ်ပါသည်။ ဘုရားရှင်မှာ လက္ခဏာတော်ကြီး ၃၂-ပါး, လက္ခဏာငယ်အပါး ၈၀-တို့ဖြင့် အခြားပုဂ္ဂိုလ်များနှင့် နှိုင်းမရအောင် ထူးခြားသည်။ အကျိုးပေးတော့လဲ နှိုင်းမရအောင် အကျိုးပေးသည်။ သမီ ပါတိတခေါ် မဝေးကွာလှသေးသော အတိတ်မှ ယခုတိုင် ကျော်စောသံ လျှံတက်နေသော မန်လည်ဆရာတော်ဘုရားကြီး, လယ်တီဆရာတော်ဘုရားကြီးတို့၏ရုပ်ပုံတော်များကိုကြည့်ပါ၊ နဖူးတော်, လက်မောင်းတော် ကျပုံ, ကိုယ်ပေါက် ကိုယ်ရောက်တို့ လွန်စွာထူးခြား၏။ သို့ဖြစ်၍ သတ္တိ, ဗျတ္တိ, ဝိရိယမှစ၍ လွန်စွာထူးခြားသည်။

သာသနာအကျိုး, လောကအကျိုးကို ထူးထူးခြားခြား ဆောင်ရွက်တော်မူနိုင်သဖြင့် ထူးထူးခြားခြား ကျော်စောကိတ္တိရှိလှပေ၏။

လူထည်းက ဓာတ်ပုံ, ရုပ်ပုံ အတွေ့မျှသော ပဥ္စမ သံဂါယနာတင်မင်းတုန်းမင်းတရားကြီး၏ဓာတ်ပုံ,ရုပ်ပုံကို ကြည့်ပါ၊ ပဥ္စမသံဂါယနာတင် ဘုရင်မင်းတရားဟု အမည်ခံနိုင်လောက်အောင် ရုပ်သွင်က ဖော်ပြနေသည်။

ဤ အင်္ဂါပုတ္တိသခင် အရှင်ပညာဆရာတော် ဘုရားကြီးသည်လည်း လွန်စွာထူးခြားသည်။ ဆရာတော်လက်ထက်က ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီးမှာ သံဃာတော် ဂ၀၀၊၉၀၀၊၁၀၀၀-ခန့်ရှိသည်၊ ယင်းသံဃာတော် ဂ၀၀၊ ၉၀၀၊ ၁၀၀၀-ခန့်ရှိ မဟာဝိသုတာရာမ စာသင်တိုက်ကြီးကို ဧကာဓိပတိ တပါးတည်း ကြီးမှူးကွပ်ကဲ အုပ်ချုပ်နိုင်အောင် ထူးခြားသည့် ပုဉ်းကံပါရမီကို မည်သူမျှ မအံ့သြနိုင်ပဲ ရှိမည်နည်း။

သည်မျှသာမကသေး ဤမည်သော မဟာဝိသုတာရုမကျောင်းတိုက်ကြီး၏ တိုက်ခဲ့ ကျောင်းခဲ့တို့သည်ကား မြန်မာပြည်,ရှမ်းပြည်, ရခိုင်ပြည်မကျန် အနှံ့အပြားတည်ရှိကုန်၏။ စာသင်တိုက်ခဲ့ ကျောင်းခဲ့ပေါင်း ၂၀၀၀-ကျော် သံဃာတော်ပေါင်း ၂၀၀၀၀ (၂-သောင်း) ကျော်, ၃၀၀၀၀ (၃-သောင်း)အတွင်း ရှိမည်ဖြစ်၏။ ယင်းကျောင်းတိုက်များနှင့် သံဃာတော်တို့၏ အပေါင်းအစည်းကို မဟာဝိသုတာရုမိက ဂဏဝါစက နိကာယဟုခေါ်၏။ ဆရာတော် အရှင်ပညာ မဟာထေရ်သည် ဖော်ပြပါ ယင်း မဟာဝိသုတာရုမိက ဂဏဝါစက နိကာယကြီး၏ ပဌမဆုံးဖြစ်တော မဟာဝိနာယက နိကာယာဓိပတိ ပုဂ္ဂိုလ်ဖြစ်တော်မူသည်။

ဤစာပြုသူသည် ဆရာတော်ဘုရားကြီး ပြန်လွန်တော်မမူမီ သုံးလအလို တွင် ဆရာတော်အုပ်ချုပ် သာသနာပြုရာ ပခုက္ကူမြို့ မဟာဝိသုတာရုမတိုက်ကြီးသို့ မိမိ၏ဖခင် ဒါယကာကြီး ဦးဘရှန်ကိုယ်တိုင် အပ်နှံသဖြင့် ရောက်ရှိပညာသင်ခွင့်ရပါသည်။အရက် ၉၀-ခန့် ဆရာတော်အား မကြာခဏ ဖူးမြင်ခွင့်ရလိုက်ရာ ယခုတိုင် ဆရာတော် ရုပ်သွင်တော်ကို မြင်ယောင်လျက်ရှိပါသည်။ သို့ဖြစ်၍ ဆရာတော်၏ရုပ်ပုံ ဧရှကြေးမုံနှင့်စပ်၍ ပြောပြလိုပါသေး၏။

ဘဒ္ဒန္တပညာထေရော ဟိ၊ ဝိသိဋ္ဌော အာဇညော ဝိဒ္ဒါ။
အဓုနာ မေ ဒဿီယတိ၊ တဿ ကာယဂ်သောဘနံ။
သာမုဒ္ဒိက လက္ခဏာကျမ်းဌ်-

ပဥ္စဒီဃံ စဘုရဿံ၊ ပဥ္စသုခုမဆဋ္ဌောန္နတံ။
သတ္တရတ္တံ တိဂမ္ဘီရံ၊ တိဝိတ္ထိဏ္ဍံ ပသံသတေ။

ဟူသော ဂါထာဖြင့်-

၁။ အရှည် အင်္ဂါ ၅-ပါး၊
၂။ အတိုအင်္ဂါ ၄-ပါး၊
၃။ နူးညံ့သိမ်မွေ့အင်္ဂါ ၅-ပါး၊
၄။ အမြင့်အင်္ဂါ ၆-ပါး၊
၅။ အနိအင်္ဂါ ၇-ပါး၊
၆။ အနက်အင်္ဂါ ၃-ပါး၊
၇။ ကျယ်ပြန့်အင်္ဂါ ၃-ပါး

၁။ ပခုက္ကူသာသနာဝင်,မဟာဝိသုတာရုမ နိကာယသာသနာဝင်,မဟာထေရဝုတ္တန္တပ္ပဒီပိကာတို့.ကြည့်။

အားဖြင့် ခရီးမှမ်းထိုက်သူ, ထူးချွန်မည့်သူ, အထက်တန်းကျမည့်သူ, အကြီးအကဲဖြစ်မည့်သူ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့၏ အင်္ဂါလက္ခဏာများ လာရှိကုန်၏။

သာမုဒ္ဒိကလက္ခဏာ လင်္ကာကျမ်းများ၌လည်း -

"အရှည်ငါးပါး၊ပိုင်းခြားပြဆို၊အတိုကား လေး၊အသေး စတု၊သိမ့မှတ် ချင့်၊ အမြင့် ခြောက်လီ၊ အနိ ခုနစ်၊တွက်စစ်သိုးသန့်၊ ကြီးပြန့်သုံးထွေ၊ နက်စေသုံးဖြာ"—

ဟူ၍ အထက်ဖော်ပြပါ ကျမ်းရင်းဂါထာ အတိုင်း မာတိကာ ၇-ချက် (ခေါင်း စဉ်-၇-ချက်) လာရှိလေသည်။

ယင်းမာတိကာ ၇-ချက်၏ အကျယ်နိဒ္ဒေသကိုလည်း—

"ရှည်ရာတွက်ကျုံး၊ မောင်းလက်ရုံးနှင့် ၊မျက်လုံးလျှာရှည်၊ တမည် မေးညောင်း၊ နှာခေါင်း နှာတံ၊ နက်စံဆုံးဖြတ်၊ သားမြတ်အကြား၊ မှတ်သားသိလို၊ အတိုလေးမည်၊ လည်နိမိတ်နှုန်း၊ ကျောက်ကုန်းမြင်း ခေါင်း၊ သေးသွယ်လျောင်းသား၊ ခြေချောင်းလက်တန်၊ ဆံအရိုးသွား အမြင့်အားမူ၊ နံပါးဝမ်းရင်၊ အပြင်ကုန်အောင်၊ နှာရောင်မြင့်ပြုံး၊ ပခုံးနဖူး၊ အထူးသိုးခြား၊ အနိပြားကား၊ ဖဝါးလက်ချေ၊ နိတ်ခွဲချင်းချင်း၊ မျက်တွင်းအစုံ၊ ပေါက်ငုံပွင့်နည်း၊ ခြေလက်သိုးနှင့်၊ လျှာလည်းငင်း၊ နီမောင်းစက်စက်၊ အောက်ထက်နှုတ်ခမ်း၊ ကျိုးအာရုံးသို့၊ နှုိင်းတမ်းထုံးတည်း၊ကြီးစေတင့်ခေါင်၊ ပေါင်ဥကွေ့ငင်းဦး၊ နဖူးကြီးပြက်၊ အနက်သုံးမည်၊ အတည်အစုံ၊ အသံအသွား၊ အသားချက်မှာ၊ နက်စေရာသည်၊ ကောင်းစွာ. အတု လွှတ်ကြူးတည်း"။

ဟူ၍ ယင်း သာမုဒ္ဒိကလက္ခဏာကျမ်း၌ပင် ဆက်လက် ဖော်ပြထား၏။ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် ဖော်ပြပါ လက္ခဏာများနှင့် ယေဘုယျအားဖြင့် ပြည့်စုံလေသည်၊ ဆရာတော်ဘုရားကြီး၏ ရုပ်ပုံတော်ကို ကြည့်ရှုရာ၏။

နဖူးတော်လက္ခဏာ

"သဗ္ဗဂ်တြ၊ မြတ်ဌာနဟု၊ သဗ္ဗကာယာ၊ ကိုယ်အင်္ဂါထက်၊ သီသာ ဥက္ခောင်း၊ မြတ်တုံရှောင်း၏"[၁]။

ဟူသည်နှင့်အညီ ခန္ဓာကိုယ်တခုလုံးတွင် ဦးခေါင်းအင်္ဂါ အမြတ်ဆုံးဖြစ်၏၊ ဆရာတော်ဘုရားကြီး၏ ဦးခေါင်းအင်္ဂါ အပါအဝင်ဖြစ်သော နဖူးတော်မှာ ကျယ်

၁။ သာမုဒ္ဒိကလက္ခဏာပျို့. -၂၆၃။

ပြန့်၏၊ချောမွတ်၏၊ ယင်းသို့ နဖူးတော် ကျယ်ပြန့် ချောညက်ခြင်းကြောင့် နိုင်ငံတွင်းရှိ သံဃာတော် မြောက်များစွာတို့၏ ထိပ်ဆောင်းဦးစီး ပညာရှိ ကဝိပုဂ္ဂိုလ်မှန်ကြီး ဖြစ်တော်မူသည်။

နလာဋ္ဌဉ္ဇာပိ ဘော ထေရ၊ ဝိသာလံ တီဝမဋ္ဌကံ။
တေနေဝ ဝိသာလပညော၊ သဗ္ဗတ္ထ အဘိပါကဋ္ဌော။

ဘော ထေရ=မဟာဝိသုတာရာမိက ဂဏဝါစက နိကာယ ကြိုးကိုင် စိုးပိုင် အာဏာတည်ရှိပါသော ဆရာတော် အရှင် သူမြတ်ကြီးဘုရား။ တဝ=အရှင် သူမြတ်ကြီး၏။ နလာဋ္ဌဉ္ဇာပိ=ကိုယ်ဒြပ်တွင် အမြတ်ထိပ်ဦး နဖူးတော်သည်လည်း။ ဝိသာလံ=လွန်စွာတင့်မော ကျယ်ပြောလှပါ၏။ အတီဝမဋ္ဌကံ=လွန်စွာလည်း ချောမွတ်လှပါ၏။ ဘော ထေရ=မဟာဝိသုတာရာမ နိကာယ တက္ကသိုလ်ဗဟိုစံပြ အာရာမ၏အဓိပတိခေါင်မှူး အိုမထေရ်ထူး။တေနေဝ=ထို့သို့ ရှေးနဖူးတော်၏ ပြန့်ပြူး ချောမွတ်သည်၏ အဖြစ်ကြောင့် သာလျှင်။ တံ့=ရဟန်း သံဃာ များစွာတို့၏ ဘုရင် ပြောင်မာတင် ဖြစ်တော်မူသော အရှင်မြတ်ကြီးသည် ဝိသာလပညော=အဇ္ဈာဝေဟင် ကောင်းကင်သဖွယ် ကျယ်ဝန်းသော ပညာရှိတော်မူပါ၊ပေ၏။ သဗ္ဗတ္ထ=အရပ်ဒေသ အားလုံးတို့၌။ အဘိပါကဋ္ဌော=အရှင်ပညာ မဟာထေရ်ကား သီလရှိသည် သမာဓိရှိသည် ပညာရှိသည် စသည်ဖြင့် ဂုဏ်ရည်ထုတ်ဖော် ကြွေးကြော်ချီးပ လွန်စွာ ကျော်စောလှပေ၏။

ဦးခေါင်းတော်လက္ခဏာ

"ဦးခေါင်းကြီးမှာ လူတကာထက် များစွာတက်၏"ဟု။

ဟူသည်နှင့်အညီ ဆရာတော် ဦးခေါင်းတော်မှာ ကြီးလဲကြီး လှလဲလှ၏။ ဆရာတော်၏ ဦးခေါင်းတော် ဖူးမြင်ရရုံနှင့် ဆရာတော်ထံ တပည့်ခံလိုစိတ် ပေါ်ပေါက် ကြကုန်၏။ ထို့ကြောင့် ဆရာတော်သည် ရဟန်းမြတ်ထွတ်မှူး ပုဂ္ဂိုလ် ထူးဖြစ်တော်မူ၏။ ပခုက္ကူ မဟာဝိသုတာရာမတိုက်ကြီး၌ နာယက ဆရာတော် အဆက်ဆက် အုပ်ချုပ်တော်မူကြရာ ဆရာတော် အရှင်ပညာ လက်ထက်တွင် သံဃာအများဆုံး ဖြစ်သည်။ မြန်မာ့စွယ်စုံ ကျမ်းကြီး၌ ဆရာတော်နှင့် စပ်၍ အောက်ပါအတိုင်း ဖော်ပြထား၏။

၁။ သာမုဒ္ဒိကလက္ခဏာပျို့။ -၂၆၄။

မြန်မာ့စွယ်စုံကျမ်း အဆို

....ထိုအခါမှစ၍ ပခုက္ကူဆရာတော် ဦးပညာဟု ကျော်စော ထင်ရှားလျက် မြန်မာနိုင်ငံတွင် ဆရာတော်ဦးပညာထံ နည်းမခံဘူးသော စာချပုဂ္ဂိုလ် ဟူ၍ မရှိသလောက်ပင် ဖြစ်သည်·စသည် ဖြစ်၏[1]။

မဟန္တံ ဓိရ သိသဉ္စ၊ မနုညသောဘနံ ဘဝိ။
တေန ဇနေသု သေဋ္ဌော၀၊ ယတဂ္ဂဏပုဗ္ဗင်္ဂမော။

ဓိရ=ဆောင်မှတ်နိုင်ဘိ ကဝိထွတ်ထိုး အိုပညာရှိ မထေရ်မြတ်ကြီးဘုရား။ တ၀= အရှင်ဓထေရ်မြတ်ကြီး၏။ သိသဉ္စ=ဦးခေါင်းတော်သည်လည်း။ မဟန္တံ =ဖူးသော်မ၀ ကြီးမြတ်လှပါ၏။ မနုညသောဘနံ ဘဝိ=စိတ်ဓာတ်ကြည်ပျော်မွေ့လျော်ဖွယ် တင့်တယ်သည် ဖြစ်ပါ၏။ တေန = ထိုသို့ ဦးခေါင်းတော်၏ ကြီးမြတ်ခြင်းကြောင့်။ တံ့=သံဃာဂိုဏ်းကြီးကို ဦးစီးအရှင် ဆရာတော်ဘုရား ကြီးသည်။ ဇနေသု=ရဟန်းရှင်လူ အပေါင်းတို့၌။ သေဋ္ဌော၀=အထူးသဖြင့် ချီးမွမ်းအပ်သည် ဖြစ်၍သာလျှင်။ ယတဂ္ဂဏပုဗ္ဗင်္ဂမော = ရဟန်းအပေါင်း များထောင်သောင်းတို့၏ ခေါင်းဆောင်ရှေ့သွား သမိုင်းထင်ရှားသည့် ပုဂ္ဂိုလ်ကြီးဖြစ်တော်မူပါ၏။

နားရွက်တော်လက္ခဏာ

"နားရွက်ပြန့်ကား ပညာများ၏" ဟူသည့်အတိုင်း ဆရာတော်၏ နားရွက်တော်မှာလည်း ဖူးချင်စဖွယ် ကားပြန့်ကျယ်၏။ ယင်းသို့ နားရွက်တော် ကားပြန့်သည် ကျယ်၏အဖြစ်ကြောင့် ငယ်စဉ်ကစ၍စာကြောင်းပြောလိုက်လျှင် ချက်ချင်းသဘောပေါက်လွယ်၏၊ ဆရာသမားက နည်းနည်းပြောရုံနှင့် များများသိ၏။ ပညာအရာ လွန်စွာချန်၏။

ကဏ္ဏဉ္စ သောဘနံ ဘန္တေ၊ ဝိသိဋ္ဌံ သုဒ္ဓရုံ ဘဝိ။
တေနေ၀ သုဒ္ဓရုပညော၊ အဟော ပုညဝိသိဋ္ဌတာ။

ဘန္တေ = သာသနာ့သမိုင်းတွင် ကျော်စောထင်သည့် အရှင်သူမြတ်ကြီးဘုရား။တ၀=အရှင်ဆရာတော်ဘုရားကြီး၏။ ကဏ္ဏဉ္စ =ဘယ်ညာ ၂-ပါး နားတော်သည်လည်း။ သောဘနံ=မော်ကာဦးတင် ဖူးမြင်မ၀အောင် တင့်တယ်လှပါ၏။ ဝိသိဋ္ဌံ သုဒ္ဓရုံ ဘဝိ=ထူးမြတ် ကောင်းမွန်လည်း ထူးမြတ်ကောင်းမွန်လှပါ၏။ တေနေ၀=ထိုသို့နားရွက်တော်များ၏ ထူးခြားသည်၏ အဖြစ်ကြောင့်

၁။ မြန်မာ့စွယ်စုံကျမ်း အတွဲ၊၄ - ၁၂၃။

သာလျှင်။ တုံ့=အရှင်ဆရာတော်ဘုရားကြီးသည်။ သုန္ဒရပညော=ကောင်းမြတ်ဆန်းကျယ် တင့်တယ်သောပညာနှင့် ပြည့်စုံတော်မူပါပေ၏။ ပုညဝိသိဋ္ဌတာ=ပညာသံဝတ္တနိုက ရှေးကောင်းမှု ပုညများ၏ လွန်ထူးခြားသူ၏ အဖြစ်သည်။ အဟော=ပြောရှုမပြီး ချီးပရ် မကုန်နိုင်တော့ပါဘုရား။

ပါးစပ်တော် လက္ခဏာ

ဆရာတော်ဘုရားကြီး၏ ပါးစပ်တော်လက္ခဏာမှာလည်း ကျယ်ဝန်းလှုပ၏။ ၎င်းပြင် အထက်နှုတ်ခမ်းတော်, အောက်နှုတ်ခမ်းတော်တို့မှာလည်း လယ်ခေါင်ရမ်းပုံင့် အသွေးအဆင်းကဲ့သို့ဌင်း, ချိပ်ရည်ကဲ့သို့ဌင်း စွေးစွေးနီကုန်၏။ ယင်းသို့ ပါးစပ်တော်လက္ခဏာ, နှုတ်ခမ်းတော် လက္ခဏာတို့၏ ကောင်းမြတ်ခြင်းကြောင့် အမြဲထာဝစဉ် တင့်တယ်သော စကားတို့ကို သက်ဆုံးတိုင် မိန့်မြွက် ပြောဆိုတော်မူလေ့ရှိသည်။ သက်တော် ၁၃-နှစ်သားကစ၍ ပြန်လွန်တော်မူရာ သက်တော် ၆၉-နှစ်ထိအောင် နိကာယ်ငါးရပ် ပိဋကတ်နှင့် စပ်သည့် အဖိုးတန်စကားတို့ကိုသာ မိန့်ကြားတော်မူလေသည်။

မုခဿဋ္ဌမိ ဘဒ္ဒန္တေ၊ သုန္ဒရံ သုရတ္တံ ဘဝိ။
တဿမာ ယာဝဇီဝံ တုံ၊ မနုညဝစနော ဟိ ခေါ။

ဘဒ္ဒန္တေ=ကောင်းခြင်းဂုဏ်နှင့် ကုံလုံပြည့်ဝတော် မူပါပေသော အရှင်သူမြတ်ကြီးဘုရား။ တဝ= အရှင်သူမြတ်ကြီး၏။ မုခဿဋ္ဌမိ=ပါးစပ်တော်နှင့် နှုတ်ခမ်းတော် အစုံသည်လည်း။ သုန္ဒရံ=ကျယ်ဝန်းဘိတောင်း ကောင်းမြတ် လှပါ၏။ သုရတ္တံ=ချိပ်ရည်ဆွတ်ဖြန်း လယ်ခေါင်ရန်းပုံင့် အသွေးနီတွေးလှပါ၏။ တဿမာ = ထိုသို့ ပါးစပ်တော်လက္ခဏာ, နှုတ်ခမ်းတော် လက္ခဏာ ၂-ပါးနှင့် ပြည့်စုံခြင်းကြောင့်။ တုံ = အရှင်ဆရာတော် ဘုရားကြီးသည်။ မနုညဝစနော ဟိ ခေါ=တပါးသူတို့ ကြည်ဖြူနှစ်လိုသည့် စကားကိုသာ မိန့်ဆိုတော် မူတတ်ပါပေ၏။

မျက်လုံးတော်အစုံ

ကျေးဇူးရှင် ဆရာတော် ဘုရားကြီးကား ခန္ဓာကိုယ် တကိုယ်လုံး လှုပချောမွတ် အဆင်ပြေ အချိုးကျအောင် ဘဝများစွာက ကုသိုလ်ကောင်းမှုမျိုးစုံကို ပြုတော်မူခဲ့သူပေတည်း။ ယင်းကံများကား သည်ဘဝတွင် အခွင့်သာလာကာ များစွာ အကျိုးပေးလေ၏။ မျက်လုံးတော် အစုံမှာလည်း မည်းနက် လှပ တင့်တယ်သည့်ပြင် မျက်တောင်မွေးတော် များမှာလည်း လွန်စွာလှပလေသည်။ ကွေးညွတ်နေသော မျက်ခုံးတော်မှာ ဖူးမြော်ရှုမဝအောင်

ရှိလှ၏။ မျက်မှောင်တော် ၂-ဖက်ကြားမှ အမွေးတချို့ ကောဲ့ရရဲ့ သဏ္ဌာန် ရှိလေ၏။ ဆရာတော် ဘဝများစွာ သံသရာက သတ္တဝါတွေကို ချစ်စရာ့ မျက်လုံးဖြင့်သာ ကြည့်ရှုတော်မူခဲ့သဖြင့် ဤသို့ မျက်လုံး, မျက်ခုံး, မျက်တောင် မွေးတို့၏ လှပတင့်တယ်ခြင်း ပြည့်စုံခြင်း ဖြစ်လေသည်။ ယင်းမျက်လုံးတော် လက္ခဏာ, မျက်ခုံးတော်လက္ခဏာနှင့် ပြည့်စုံခြင်းကြောင့် ရဟန်းရှင်လူ ပရိသတ်တို့၏ ကြည်ညို်လေးစားခြင်း ချစ်ခင်လေးမြတ်ခြင်း ဩဇာတိက္ကမကောင်း ခြင်းစသော အကျိုးထူးတို့ကို ရရှိစေတော် မူခဲ့လေသည်။

"မစ္စေဖြောင့်စွာ၊ ချစ်မေတ္တာဖြင့်၊ မျက်လွှာဖွင့်လျက်၊ ကြည့်ရှုတွက်ကြောင့်၊ မည်းနက်ရှင်ပြုံး၊ မျက်လုံးမျက်မွေး၊ ဒေါ့်လက္ခဏာ၊ များချစ်ကြ၏"

ဘမုကနေတ္တာဒ္ဒန္ဒမ်ိဳ၊ ဒေါ်သင်္ဃံ ရုစိရံ ဘဝိ။
တေန ဂရုကတော စေဝ၊ တေဇသီ ဝစောကရိပိ စ။

ဘန္တေ=မဟာဝ်သုတာရုမ စာချဗိမာန် တံခွန်တရထည် မဟာထည် (ထေရ်)မြတ်ကြီးဘုရား။ တဝ=အရှင်ဘုရား၏။ ဘမုကနေတ္တာဒ္ဒန္ဒမ်ိဳ=မျက်ခုံး တော်များနှင့် မျက်လုံးတော်အစုံသည်လည်း။ ဒေါ်သင်္ဃံ=ပြစ်မျိုးဒေါ်သ ကင်း စင်ပပါ၏။ ရုစိရံဘဝိ=အလွန်ကိုပဲ တင့်တယ်လှပါ၏။ တေန=ထိုမျက်ခုံး မျက် လုံးတို့၏ အံ့မဆုံးအောင် တင့်တယ်လှပတော်မူသည်၏ အဖြစ်ကြောင့်။ တံ့= အရှင်ဆရာတော်ဘုရားကြီးသည်။ ဂရုကတော စေဝ=အများ၏ လေးစားမှုကို ခံယူရသည်ထင်း။ တေဇသီ=ကြီးမားသော စွမ်းရည်သတ္တိ တန်းခိုးအာဏာ အရှိန်အဝါရှိသည်ထင်း။ ဝစောကရိပိ စ=တပည့်အများတို့ ကိုယ်တော်မြတ် စကားကို မိန့်ကြားသည့်အတိုင်း လိုက်နာပြုကျင့်တတ်သည်ထင်း။ အသိ=ဖြစ်ပါ ပေ၏။

ကြည်လင်သော မျက်နှာတော်

ဆရာတော် အသားအရေမှာ အဖြူဖက်ကို မပါတတ်။ အညိုဖက် အနည်းငယ် ပါ၏။ သို့ရာတွင် ကြည်လင်သည်၊ သန့်ရှင်းသည်၊ ချောမွတ်သည်၊ မျက်နှာ တော်မှာ ဆရာတော်နှင့်တွေ့ရလျှင် တပည့်ခံချင်လာအောင် ကြည်လင်သည်။ မင်္ဂလာကျက်သရေနှင့် တင့်လျှမ်းနေသည်။ ယင်းသို့ ကြည်လင်သော မျက်နှာ၊ ကျက်သရေလျှမ်းသော မျက်နှာရှိခြင်းကြောင့် "တဆင့်မျက်နှာ၊ ချစ်ဖွယ်သာ

၁။ ဒွတ္တိံသမဟာပုရိသ လက္ခဏဒီပနီ အပိုဒ်-၁၄။

မှာ၊ မင်္ဂလာအသရေ၊ ရှိပေတော့၊ သောဘာဂျတည်း[၁]" ဟူသည်နှင့်အညီ ပုဉ်းကံ ကြီးမားတော်မူ၏။ တန်ခိုးရှိန်ဝါ တေဇာထက်မြက်တော်မူခြင်းဖြစ်၏။

နိသာကရမဏ္ဍလံဝ၊ အာနနံ သောဘနံ ဘဝေ။
မဟာဇနေဟိ တေနေဝ၊ ပိယော မဟာပုညော ဘဝေ။

ဘန္တေ=မဟာဝိသုတာရုမ သံဃာ့ဂိုဏ်းကြီး ထုတ်ထိုးဥကင် အရှင်သူမြတ်ကြီးဘုရား။ တဝ=အရှင်ဘုရား၏။ အာနနံ=ပြစ်မျိုးကင်းကွာ မျက်နှာတော်သည်။ နိသာကရမဏ္ဍလံဝ=လပြည့်နေ့ထွန်း လဗိမာန်ဝန်းကဲ့သို့။ သောဘနံ ဘဝေ=ဖူးမြော်မဝ တင့်တယ်လှပါ၏။ တေနေဝ=ထိုသို့ မျက်နှာတော် ကြည်လင်သန့်ရှင်း လှပတင့်တယ်ခြင်းကြောင့်သာလျှင်။ မဟာဇနေဟိ=ရဟန်းရှင်လူ များစွာတို့သည်။ ပိယော=လေးမြတ်ချစ်ခင်အပ်သည်ရင်း။ မဟာပုညော=ကြီးမားသော ပုဉ်းကံရှိသည်ရင်း။ ဘဝေ=မုချစင်စစ်ဖြစ်ပါ၏။

လက်မောင်းတော်များ ပျော့ ပြောင်းရှည်လျားခြင်း

ဆရာတော်လောင်းလျာ၏ လက်မောင်းတော်တို့မှာ ပျော့ပြောင်းရှည်လျားကုန်၏။ ဆရာတော်ကြီးဖြစ်၍ သံဃာ့ပရိသတ်အား သြဝါဒပေးတော်မူစဉ် တင်ပလွင်ခွေ ထိုင်တော်မူရာအခါ ရံဖန် လက်တဖက်ထောက်၍ ထိုင်တော်မူရာ လက်မောင်းဆစ် အရိုးတော်ကြီးမှာ ငေါ့၍ထွက်နေသည်။ ဤသို့သော လက္ခဏာအမှတ်အသားကို တခြားပုဂ္ဂိုလ်မှာ ရှိသည်ကို စာပြုသူတို့ မတွေ့စဖူးပါ။ ဆရာတော်သည် ဘဝများစွာ သံသရာက လူ့ လောက အကြိမ်ကြိမ်ကျင်လည်ခဲ့စဉ်က ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကို သိတော်မူ၍ ယင်းပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကို ရှေးချယ်ချီးမြှောက် လှူဒါန်းပေးကမ်းခြင်းကို ပြုတော်မူခဲ့သဖြင့် ဤဘဝတွင် လက်မောင်းတော်များ ထူးထူးခြားခြား ပျော်ပျော့ ရှည်လျားတော်မူခြင်း ဖြစ်လေသည်[၂]။

ယင်းသို့ လက်မောင်းတော်များ၏ ပျော်ပျော့ ရှည်လျားခြင်းကြောင့် ဆရာတော်မှာ သင်္ကန်း, သပိတ်, ထီး, ဘိနပ် စသည့် အသုံးအဆောင်တို့မှာ လှူလို့မကုန် ပေးလို့မခန်း ပေါများကုန်၏။

ဗာဟူပိ ကဝိပုဂ်ဝ၊ ဒီဃသုမဒ္ဒမုဒုကာ။
ဗာဟုသောဘဂ္ဂသမ္ပတ္တိ၊ ပဿတံ တီဝ ဝိမ္ဗယာ။

ကဝိပုဂ်ဝ=ကဝိခေါင်မှူး အိုပုဂ္ဂိုလ်ထူးအရှင်ဘုရား။ တဝ=အရှင်ဘုရား၏။ ဗာဟူပိ=ညာဘယ်နှစ်ချောင်း လက်မောင်းတော်တို့သည်လည်း။ ဒီဃသုမဒ္ဒမု-

---

၁။　လက္ခဏာပျို့ - ၂၆၄ နှာ။
၂။　လက်တံရှည်လျား၊ ကိုယ်ဝန်းငြား၊ပေါများမြတ်ဥစ္စာ။ (လယ်တီဆရာတော်)

ဒုကာ=ရှည်သွယ်ချောပြေ နူးညံ့လှပါပေကုန်၏။ ဗာဟုသောဘဂ္ဂသမ္ဗတ္တိ= လက်မောင်းတော်အစုံ၏ တင့်တယ်ခြင်းဂုဏ်နှင့် ပြည့်စုံခြင်းသည်။ ပဿတံ= အရှင့်ရုပ်သွင် ဖူးမြင်ကြည်ညို မျှားပုဂ္ဂိုလ်တို့အား။ အတိဝ ဝိမှယာ=လက်ဖျစ် ရိုက်တီး ချီးမွမ်းစရာစင်စစ် ဖြစ်ပါပေ၏။

ဖကျောင့်နှင့် လက်ချောင်း ခြေချောင်း ရှည်သွယ်ခြင်း

ဆရာတော်ဘုရားကြီး၏ ဖကျောင့်တော်မျှားနှင့် လက်ချောင်းတော်တို့မှာ ချောမွတ်ရှည်သွယ်ကုန်၏။ ခန္ဓာကိုယ်မှာလည်း အလုံးအရပ် သင့်တင့်ရုံဖြစ်၏။

“သူသက်မသတ်၊ ကောင်းမှုမြတ်ကြောင့်၊ ရှည်လတ်ပကို၊
အင်္ဂုလိနှင့်၊ ဖြောင့်ဘိကိုယ်မှာ၊ မိုးဇြဟ္မာသို့၊ လက္ခဏာသုံးပါး၊
ပေါ်ထင်ရှား၍၊ ရှည်လျားအသက်”” —

ဟူသည်နှင့်အညီ ယင်း လက္ခဏာတော်မျှားကို ပါဏာတိပါတဝိရတိကြောင့် ရရှိတော်မူခြင်း ဖြစ်လေသည်။ ဓာတ်ပုံတော်ကို ကြည့်ရှု၍ ကြည်နူးနိုင်၍ အောက်ပါ ဂါထာ ပါဠိအနက်ဖြင့်လည်း ကြည်ညိုပါလေ။

ဒီဃင်္ဂုလီ မဟာဃေရ၊ အဃော အာယတပဏှိကော။
ဇေန ပဿတံ ဇနာနံ၊ မနသော သိတလံ ဘဝေ။

မဟာဃေရ=မဟာဃေရ်မြတ်ကြီးဘုရား။ တံ့=အရှင်မဃေရ်မြတ်ကြီးသည်။ ဒီဃင်္ဂုလီ=ရှည်သွယ်သော လက်ချောင်းတော်များလည်း ရှိပါ၏၊ အဃော= ထို့ပြင် တပါးကား။ အာယတပဏှိကော=ရှည်သောဖကျောင့်တော်များလည်း ရှိပါ၏။ ဇေန=ထိုသို့ခြေချောင်းများနှင့် ဖကျောင့်တော်များ ရှည်ခြင်း ကြောင့်လဲပဲ။ ပဿတံ=ဝတ်တွား ဦးတင် ဖူးမြင်ကြကုန်သော။ ဇနာနံ =ရှင်လူရဟန်းတို့၏။ မနသော သိတလံ=စိတ်၏အေးမြချမ်းကြည်ခြင်းသည်။ ဘဝေ=မုချစင်စစ်ဖြစ်ပါ၏။

အသံတော် မြည်ဟိန်းခြင်း

ဆရာတော်၏ အသံတော်မှာ မြည်ဟိန်းလှသည်။ သံဃာတော် ၁၀၀၀, ၉၀၀-ခန့်ရှိ သံဃာ့အစည်းအဝေးကြီးမှာ သြဝါဒမိန့်ခွန်းကို ရှင်းရှင်းနှင့် ပြီပြင်စွာ နားလည်အောင် မြည်ဟိန်း၏။ စာချတော်မူလျှင်လဲ ဆရာတော် စာဝါမှာ စာလိုက်သံဃာ ၄၀၀,၅၀၀-ခန့်ရှိ၏။ယင်းပရိသတ်ကြီး လှုမ်းကျော်တက်အောင် မြည်ဟိန်း၏။ ထိုခေတ်က ယခုလို အသံခွဲစက်များလည်း ရှိသည် မဟုတ်ခဲ့။

၁။ ဒဋ္ဌဗ္ဗံ သမဟာပုရိသလက္ခဏဒီပနီ၊ အပုဒ် -၃။

"ဆဲရေး ဆိုမြည်၊ ရှောင်ခဲ့သည်ကြောင့်၊ပါး ရှည် ပြန့်လျှ၊
သံဇြဟ္မာသို့၊ လက္ခဏာနှစ်ပါး၊ ဆိုစကားကို၊ အမျှားယူကြ"။

ဟူသည်နှင့်အညီ ဆဲရေးတိုင်းထွာခြင်း မြည်တွန်တောက်တီးခြင်းမှ ရှောင်ခဲ့ခြင်းကြောင့် ဤလက္ခဏာမျှားကိုလည်း ဆရာတော်ရရှိတော်မူခြင်းဖြစ်လေသည်။

နဒတော ပရိသာယံယေဝ၊ ဝါဒိတဗ္ဗပဟာရိနော။
ယေတေ ဒက္ခန္တိ ဝဒနံ၊ ဓညာ တေ ယတိပုဂ်ဝ။

ယတိပုဂ်ဝ=မဟာဝိသုတာရာမိက ဂဏဝါစက နိကာယဝင် ရဟန်းရှင် အမျှားတို့၏ ရှေသွားခေါင်းဆောင် သမိုင်းပြောင်သည့် သာသနာ့တန်ဆောင် ဆီမီး အရှင်မြတ်ကြီးဘုရား။ ပရိသာယံယေဝ=သံဃာပေါယယ် ပရိသတ် အလယ်၌သာလျှင်။ ဝါဒိတဗ္ဗပဟာရိနော = နတ်စည်ကို ဆော်ယှမ်းသည့်ပုံ နှုတ်ခမ်းတော်အစုံကို ထိတုံ့ဖွင့်တုံ တီးခတ်တော်မူလျက်။ နဒတော=စာပေကိုချဿဝါဒစကား မိန့်ကြားမြွက်ဆိုတော်မူဆဲဖြစ်တော်မူသော။ တေ=အရှင်ဆရာတော်ဘုရားကြီး၏။ ဝဒနံ=လစန်းငွေသော် မျက်နှာတော်ကို။ ယေ=အကြင် ပုဂ္ဂိုလ်တို့သည်။ ဒက္ခန္တိ=သဒ္ဓါဇောဝင် ဖူးမြင်ကြရကုန်၏။ တေ=ထိုပုဂ္ဂိုလ်တို့သည်။ ဓညာ=ပုဗ္ဗေကတ ပုညထက်သန်၍ ဘုန်းကံကြီးမားကြပါကုန်၏။

ဤသို့စသည်ဖြင့် ဆရာတော်လောင်းလျှာ၏ ရုပ်သွင်တော် ဇရကြေးမုံ၏ တင့်တယ်လှပ ပြည့်စုံပုံမှာ ကြည်ညိုဖွယ် မဝနိုင်အောင် ရှိလှတော့သည်။

ဒုဒိဒသမပိုင်း

ဦးပျော့ ဒေါ်မင်းဂုဏ်တို့ ဝမ်းမြောက်ကြ

ဦးပျော့, ဒေါ်မင်းဂုဏ်ဟူသော ဆရာတော်လောင်းလျှာ၏ မိဖ ၂-ဦးတို့သည် အမျှားနှင့်မတူ တမူထူးခြားနေသော သားရတနာပိုင်ရှင်တို့ ဖြစ်ရခြင်းအတွက် လွန်စွာဝမ်းမြောက်ကြကုန်၏။ သိဒ္ဓတ္ထ အလောင်းအလျှာ သတို့သားကို ရရှိသဖြင့် ဝမ်းမြောက်ရှင်လန်းသော သုဒ္ဓါဒနမင်းကြီးပမာ လွန်စွာလွန်စွဝမ်းမြောက်ကြကုန်၏။

ပိတရော တုဋ္ဌဟဋ္ဌာ စ၊ ဇာတေ ထေရကုံရေ ဝရေ။
သိဒ္ဓတ္ထံ လုမ္ဗိနီဇာတံ၊ ဆုဇော သုဒ္ဓေါဒနော ဝိယ။

ဘုန်းကြီး လုပ်မယ်ဆိုလို့ ဝမ်းသာမဆုံး

ဥပုသ်နေ့တနေ့တွင် ဒေါ်မင်းဂုဏ်သည် ဆရာတော်လောင်းလျာ မောင်ပေါ်ဉာဏ်ကို ကျောင်းခေါ်ဆောင်သွား၍ ဆရာတော် ဦးနန္ဒမာလာထံ ရှစ်ပါးသီလ တောင်းရာ မောင်ပေါ်ဉာဏ်လည်း မိခင်နှင့်အတူ သီလခံယူလေသည်။ သီလယူပြီး ဆရာတော်နှင့် မောင်ပေါ်ဉာဏ် အာလာပ, သလ္လာပ စကားပြောသည်ကို မြင်ရသော မိခင်ကြီးသည် လွန်စွာဝမ်းမြောက်နေ၏။ မောင်ပေါ်ဉာဏ်သည် ဆရာတော်နှင့် ကြောက်ရွံ့ခြင်းမရှိပဲ သွက်လက်ချက်ချာစွာ ပြောဆိုနေရာ မိခင်ကြီး ဒေါ်မင်းဂုဏ်သည် ပညာတေဒဂ် လက္ခဏာတော်ရုံ ဂုဏ်လှုံကဲ့ပို ဓမ္မသေနာပတိ သာရိပုတ္တရာထေရ်ပုဂ္ဂိုလ်နှင့် စကားပြောနေသော အရှင်သီဝလိလောင်းလျာ သီဝလိ သတို့သားကို မြင်ရ၍ ဝမ်းမြောက်နေသော သီဝလိ၏မိခင် သုပ္ပဝါသာပမာ ဝမ်းသာမဆုံးဖြစ်နေသည်။ နောက်ထပ် သည်လို သားမျိုး မျှားစွာ ဖွားမြင်လိုစိတ်တွေ့ ဖြစ်ခဲ့သည်။

ထေရေန မန္တနံ ဒိဿာ၊ ဇနနီ အဘိမောဒတိ။
ဧဒိသေ ပုတ္တကေနေကေ၊ သော ဝီဇာတုမိစ္ဆတိ။

နယ်ပယ်သာယာဝေပြာခြင်း, ရဲရင့်ခြင်း, စွန့်ကြဲလိုခြင်း
စသည့် ဂုဏ်မျှားနှင့် ပြည့်စုံ

ဆရာတော်လောင်းလျာ ဖွားမြင်ချိန်ကလည်း သိသိသာသာ မိုးတွေ့ရွာချသည်၊ နောက်တွင် မိုးရွာချိန် မိုးတောင့်တရသည် မရှိပဲ မိုးကောင်းသည်၊ မြေပဲနှမ်း ပြောင်းတို့ ရရှိကြသည်၊ ထန်းပင်မျှားမှ ထန်းရေတွေ့ မျှားစွာယိုသဖြင့် ထန်းလျက်တွေ့လည်း ထူးထူးခြားခြားထွက်သည်၊ မန်ကျည်းပင်တွေ့လဲ မျှားစွာသီးသဖြင့် မန်ကျည်းသီး အမျှားအပြားရကြသည်။ ဆရာတော်လောင်းလျာသည်လည်း သွက်လက်ချက်ချာ အသိပညာရှိသည်၊ ၄-နှစ်ဟူသော အရွယ်နှင့် မလိုက်အောင် မိုးဦးပေါက်သစ် မျစ်စိုပမာ ထွားကြိုင်းသန်မာနေသည်၊ အသံကလည်း သာယာဟိန်းမြည်သည်၊ မြဲမြံ မှန်ကန်သောစကားကိုသာ ဆိုတတ်၏၊ မလိမ်တတ် မညာတတ်၊ မခြောက်တတ်၊ ရဲရင့်တည်ကြည်၏၊ အိမ်မှာ ရသေ့, ရဟန်း, မယ်သီလ စသည့် အလှူခံပုဂ္ဂိုလ်မျှားလာလျှင် လှူဒါန်းချင်သည်၊ သတ္တဝါမျှား၏ အကျိုးစီးပွါးကို လိုလားသည်။ လှူဒါန်းမှု မရောင့်ရဲတတ်။

ဖုန်းတောင်းယာစကာမျှား ရောက်လာလျှင် ထန်းလျက်ရှိလျှင် ထန်းလျက်တွေ့ အမျှားချည်း လောင်းလှူလိုက်သည်။ မြေပဲရှိ မြေပဲကို မျှားစွာ လောင်းလိုက်သည်။ ရံခါ မိခင်ကြီး ဒေါ်မင်းဂုဏ်က လူလေး မျှားလွန်းလှချို၊ တခါနဲ့မပြီးဘူး နောက်လဲ လာဦးမှာပဲ၊ နဲနဲလောင်း တော်ရော့ပေါ့ စသည်ဖြင့်

ကာဆီး ကာဆီး ပြောတတ်သည်။ သို့ဖြစ်၍ ဦးပျော့ ဒေါ်မင်းဂုဏ်နှင့် ခွေးပြုတ် ရွာသူ ရွာသားများနှင့် တောင်ဆင်း နယ်သူနယ်သားတို့ ထူးထူးခြားခြား ဝမ်း မြောက်ဝမ်းသာ ပျော်ရွှင်ကြကုန်၏။

တံ သမယံ တောင်ဆင်းဒေသေ၊ မဟာမေဃော အဟောသိ စ။
သုဘိက္ခော တာသာ တေဇေန၊ မောဒန္တိ မာနုသာ တဒါ။
ထေရကုရော သုဒက္ခော စ၊ ဝသိက္ကလရဿန္နဘော။
ရူပဝါ မဠုဘာဏီ စ၊ သစ္စသန္ဓော ဝိသာရဒေါ။
အတိတ္တော အာသိ ဒါနေန၊ ပသန္နော သုဝတ္ထုတ္တယေ။
တသ္မာ တဒ္ဒေသဝါသိကာ၊ ဟဋ္ဌတုဋ္ဌာ ပမောဒိတာ။

တေရသမပိုင်း

လက်မှန်မဆွ စာပေနှင့် ထိတွေ့ခြင်း

ဖော်ပြပါ ၄-နှစ်သားအရွယ်လောက် ရောက်ရာ တချိန်တွင် ဆရာတော် လောင်းလျာ၏အဘိုး ဦးဖိုးလယ်သည် ရှေးဟောင်းစာပေများ မှတ်သားထားရာ ပုရပိုက်တခုကို ကြည့်ရှုရှုနေလေ၏။ ထိုအခါ ဆရာတော်လောင်းလျာ မောင် ပေါ်ဉာဏ်သည် အဘိုးနား ယုတ်တရက် ရောက်ရှိလာကာ ငုံကြည့်၍ တအောင့် ကြာမှ စဉ်းစားပြီးလျှင် အဘိုးအား (ဆရာတော်လောင်းလျာ)အဘ အဘ သည်စာအုပ်နက်ကြီးထဲမှာ ဝိုင်းဝိုင်းစက်စက်နဲ့ နှစ်သက်စဖွယ် တင့်တယ်လှပ သော အရေးအကြောင်းတွေဟာ ဘာတွေတုံးဟု မေးလေ၏။

(အဘိုး) ဘာပြောမယ်၊ ငါ့မြေးချော သဘောကျအောင် နားထောင်ပါ။

သည်စာအုပ်နက်ကြီးထဲက အရေးအကြောင်းတွေဟာ ငါ့မြေးချော ပြောသည့်အတိုင်း ဝိုင်းဝိုင်းစက်စက်နှင့် နှစ်သက်စဖွယ် တင့်တယ်လှပေတယ်၊ အဲဒီဟာတွေကို စာလို့ခေါ်တယ်ဟု အဖြေပေးလေ၏။

(ဆရာတော်လောင်းလျာ) ဘဘ အဲဒီစာကို ကျနော့် သင်မပေးချင်ဘူးလား၊ ဘဘ သင်ပေးလျှင် ကျနော် သင်ချင်ပါသည်ဟု ပြောလေ၏။

(အဘိုး) ဒီလိုဆို ကောင်းပြီ၊ ငါ့မြေး ဘဘ သင်ပေးမည်ဟု ဝန်ခံကာ—

နမော ဗုဒ္ဓါယ ပမာဏနှင့်တကွ ၁၀-လုံးမျှသော အက္ခရာတို့ကို ကောင်းစွာ သင်ကြားပေးလေ၏။ ထို့သို့ သင်ကြားပေးရာ ခဏ၌လျှင် သွက်လက်ထက်မြက်

သော ဉာဏ်ရည်ဉာဏ်စွမ်းရှိသော အမျိုးကောင်းသားမှာ အနည်းငယ် ၁၀-လုံးမျှသော အက္ခရာသည် ကာလမကြာ လွယ်ကာခဏ အနည်းငယ်မျှသော လုံလည်ဩာဟဖြင့် အာဂုံန္ဒတ်တက် ရွရွကျည်ခဲ့လေရာ ၂-ရက်, ၃-ရက် အတွင်း၌ ဗျည်းအက္ခရာအားလုံးကို အာဂုံန္ဒတ်တက် ဆောင်ရွက်မှတ်သားမိလေပြီ။

စတုဝဿ ပမာဏမှ၊ ပဌမံ သိက္ခာနံ ဘဝိ။
ကတိပါဟေန သဗ္ဗံ သော၊ အက္ခရံ မုခဂံ ကရီ။

ဆက်လက်၍ အဘိုးထံ၌ သင်ပုန်းကြီး သင်ယူခြင်း

ဆရာတော်လောင်းလျှာသည် ဆက်လက်၍ အဘိုးထံ၌ သင်ပုန်းကြီးနှင့် မင်္ဂလသုတ်များ သင်ယူခဲ့သည်၊ အဘိုးက နှုတ်တိုက်ချပေးသည်၊ မိဖများဖြစ်သော ဦးပျော့, ဒေါ်မင်းဂုဏ်တို့ကလဲ ပုဗ္ဗာစရိယာတို့ ပီပီ လောကအခေါ်အဝေါ်များ, သြကာသဘူရားရှိခိုး, ဣတိပိ သော ဘဂဝါစသော ဂုဏ်တော်များကို နှုတ်တိုက် သင်ပေးကြကုန်၏။

ပိတာမဟော ပိတရော စ၊ သိက္ခာပေန္တိ အနေကဓာ။
ထေရကုံရံ ထိရတ္ထိကံ၊ သိက္ခာပေါတ္ထကမာဒိကံ။

အဖြစ်ဆန်းများ

ဆရာတော်လောင်းလျှာသည် သေလောက်သည့် ဆင်းရဲဒုက္ခများနှင့် ထူးဆန်းစွာ ကြုံတွေ့ခဲ့သည်။ သို့ရာတွင် သေကံမရောက် သက်မပျောက် ဆိုသည့် အတိုင်း တိုက်တာဦးစီး, ဂိုဏ်းဂဏဦးစီးဖြစ်၍ သာသနာပြုရမည့် ဗလဝကံကတားမြစ်သဖြင့် ငယ်စဉ်က မသေပဲ ရှိခဲ့လေသည်။

ကမ်းပါးပိ မသေပဲ ကျန်ခဲ့

၁၀-နှစ်ကျော် ၁၁-နှစ် ရောက်ခါစ လောက်တွင် အခြားအဖော်တယောက်နှင့် ခွေးပြုတ်ရွာအနီးရှိ သဲချောင်းကမ်းပါးကို တွင်းလိုက်တူးဖောက်၍ ကစားရာ ကမ်းပါးပြို၍ ပိသဖြင့် အနီးအနား လူများ သဲတွေ့ ဖယ်ရှားကြပြီး အဘိုးနှင့် မိဖဘို့ထံ ပို့ကြကုန်၏။ ထိုအခါ အဘိုးနှင့်မိဖတို့က ပေါ်ဥာဏ် မင်းမိုက်လွန်းသည်၊ ကိုယ့်သေတွင်း ကိုယ်တူးသည် စသည်ဖြင့် ငေါက်ရာ ဆရာတော်လောင်းလျှာက—

> "အိုဗျာ မိုက်လျှင်လဲ သူများထက် လွန်ရတယ်၊ လိမ္မာလျှင်လဲ သူများထက် လွန်ရတယ်၊ သောဇမတင် ရေမကျ စကောစက မလုပ်ရဘူး" စသည်ဖြင့် ရယ်ရယ်မောမော ပြန်ပြောလေ၏။

သဲကမ်းပါးပိစဉ်က အဖော်ကလေးမှာ သေဆုံးပြီး ဆရာတော်လောင်းလျာ သာလျှင် သာသနာတော်ကြီးကို စည်ပင်အောင် ပြုရမည့်ကံက အားကောင်း သဖြင့် မသေပဲ ကျန်ခဲ့လေသည်။

ကေန ဒါရကော ကိုဋ္ဌိ၊ ခဏိတ္ထာ ပပါတံ တဒါ။
ပပါတော တဿ ဥပရိ၊ ဘိန္နိတ္ထာ ပဟတိ ဟိ ခေါ။
မရဏမတ္တံ ဒုက္ခံ သော၊ အဓိမတ္တံ အနုဘဝိ။

မန်ကျည်းပင်ပေါ်တက် မန်ကျည်းသီးဆွတ်
မြွေဟောက်ကပက် လိမ့်ကျမသေ

ဆရာတော်လောင်းလျာသည် သွက်လက်ချက်ချာသူဖြစ်ရာ အရာရာ သူပါ တတ်သည်ချည်း ဖြစ်သည်၊ ၁၀-နှစ်မှ ၁၁-နှစ်အရွယ် အကူးလောက်ဖြစ်ရာ လျှပ်ပေါ်သောအရွယ်, ကစားမြူးတူးပျော်ရွင်(ဆော့တတ်)သောအရွယ်လည်း ဖြစ်၏။ တနေ့တွင် မန်ကျည်းပင် တပင်ပေါ် တက်ပြီး မန်ကျည်းသီးဆွတ်လေ၏။ ထိုအခါ မန်ကျည်းပင်ပေါ်တွင် မြွေဟောက်ကြီးတကောင် ရောက်ရှိနေသည်ကို တွေ့သဖြင့် ချောက်လှန့်လိုက်လေရာ မြွေဟောက်က စိတ်ဆိုး မာန်ဆိုးနှင့် လိုက်ပြီး တံတွေးဖြင့် ပက်၍ ရှောင်လိုက်ရာ အောက်ကျလာပြီး မန်ကျည်းပင် ခွကြား အရှုပ်အထွေးတခုပေါ်တွင် တင်၍နေပြီး အသက်ဘေးမှ, ချမ်းသာခဲ့ လေသည်။ ဆရာတော်လောင်းလျာကား အထွတ်အထိပ် မရောက်ပဲ သေရမည့် ပုဂ္ဂိုလ် မဟုတ်ပါချေ။

အနေကဝါရမိစ္ဆေဝံ၊ မရဏတော ပမုစ္စတိ။
မတ္ထကံ ဃော အပတ္တာန၊ မရဏံ နာ ဘဝိဿတိ။

စုဒ္ဒသမပိုင်း
ကျောင်းနေပညာသင်ရန် စိတ်ညွှတ်ခြင်း

ခွေးပြုတ်ရွာ မြောက်ဖက် တံခါးပေါက်အနီးတွင် ဗုဒ္ဓဘာသာဝင်တို့ ကုသိုလ် ကောင်းမှုပြုရာ နိဗ္ဗာန်ဆိပ်ဦး နတ်ရွာဆိပ်ဦး ထူးခြားသည့် ဘုန်းကြီးကျောင်း ရှိသည်။ ယင်း ကျောင်းတိုက်ကား ထုံးသင်္ဃန်းလွှမ်းထားသော စေတီပုထိုးများ, ကျောင်း, သိမ်, တန်ဆောင်း, ကြီးမားစိုပြေသော မန်ကျည်းပင်ကြီးများ, ထန်းပင်ကြီးများဖြင့် ဝင်ရောက်ချင်စရာ ကောင်းလှသည်။ ၎င်းပြင် ကျောက် စည်ခေါင်းလောင်းသံ, နိဗ္ဗာန်တေးကို ချိုအေးသာကြည် ညည်းညူကြွေးကြော်

သော ရွှေကြေးစည်သံကလည်း တကျော်ကျော်ဖြင့် ဖိတ်ခေါ်နေသည်။ ဆရာတော်လောင်းလျာ မောင်ပေါ်ဉာဏ်သည် ကျောင်းနေလိုစိတ်တွေ ဖြစ်နေသည်။

ထေရက်ုရော သိက္ခနာယ၊ ဝိဟာရေ ဝသိတုံ သုဓီ။
ပုဗ္ဗပုညေန စောဒိတော၊ စိတ္တံ သော သတတံ နမိ။

ဆရာတော်အရှင်နန္ဒမာလာထံ ရောက်ရှိ ပဉ္ဉာသင်

ဆရာတော်လောင်းလျာ၏ အဘိုးဦးဖိုးလယ်နှင့်ဖခင် ဒါယကာကြီး ဦးပျော့ ဒေါ်မင်းဂုဏ်တို့သည်—

"ထုံးတီးနည်းနာ၊ အဖြာဖြာ၌၊ ပဉ္ဉာရှာမှီး၊ မကြီးသက်ရွယ်၊ အငယ်သော်က၊ ကြိုးလှံလလျက်၊ တုပ်ကွပုဆစ်၊ ဆရာစစ်၌၊ ကြောက်ချစ်ရှိသေ၊ လုပ်ကျွေးထွေဖြင့်၊ စာပေတတ်ခြောင်း၊ တချောင်းချောင်း လျှင်၊ ခြိမ်းမောင်းသည်းခံ၊ ဆရာ့ထံ၌၊ သင်အံကျက်လေ့၊ တနေ့တပါး၊ မှတ်သားလေလေ၊ ဝမ်းထဲခွေ၍၊ အထွေအထူး၊ ဂုဏ်ကျေးဇူးကို၊ ဆည်းပူးသိမြင် ကျယ်စေမင်း"[၁]—

ဟူသည်နှင့်အညီ ငယ်ငယ်ရွယ်ရွယ် ပဉ္ဉာတတ်မြောက်ပြီး ကြိုးကျခစလိုသည့် အတွက် ခွေပြုတ်ရှာ ကျောင်းထိုင်ဆရာတော် ဝမ်းကွဲနောင်တော် အရှင်နန္ဒမာလာထံတွင် အပ်နှံစေ၍ ပဉ္ဉာသင်ကြားစေကြကုန်၏။ ဆရာတော် အရှင်နန္ဒမာလာသည် သင်ပုန်းကြီးကို အဘိုး ဦးဖိုးလယ် သင်ကြားပေးပြီးလင့်ကစား ထပ်မံ၍ သင်ကြားစေပြီး ဆက်လက်၍ မင်္ဂလသုတ်, နမက္ကာရ, ပရိတ်ကြီးစသည့် စာများကို သင်ကြားပေးလေသည်၊ တန္ခုးလောက်အတွင်း ကျောင်းသား အားလုံးအနက် ထူးချွန်ထက်မြက် စာတော်ခဲသော ကျောင်းသားအဖြစ် ထင်ရှားလေ၏။

ကောဒသပမာဏမှိ၊ ဒါရကော နန္ဒသန္တိကေ။
သိက္ခိတဗ္ဗေ သိက္ခိတ္ဝာန၊ ပါကဋ္ဌော ဒါရကန္တရေ။

ဆုံးမစာများသင်ကြားပေး, မောင်ပေါ်ဉာဏ်အချိုးကျနေ

ဆရာတော်လောင်းလျာ မောင်ပေါ်ဉာဏ်သည် ကျောင်းမနေခင်က အလွန်ပျော်မြူးတတ်သူ ဆော့တတ်သူ ဖြစ်၏။ ယခုတော့ သူမဆော့နိုင်တော့ပြီ၊ အရှင်နန္ဒမာလာက မင်္ဂလသုတ်, နမက္ကာရ, ပရိတ်ကြီး စသည်တွင်မကပဲ—

၁။ လောကသာရဆုံးမစာ၊ အပိုဒ်-၁၃။

"ကရောက်ကရက်၊ ကျက်ကျက်ပျောက်ပျောက်၊ စားသောက်အိပ်နေ၊မရှိစေနှင့်၊ သေသေသတ်သတ်၊ စိတ်ယူစွဲ၍၊ အမြဲမှတ်။

ဆရာသမား၊ မိဖအား၊ နိုးကြားမပြတ်၊ မျက်သစ်တံပူ၊ လုံလကူသည်၊ ယူ၍မပြတ်၊ နေ့တိုင်းကပ်။

ဘုရားခြေရင်း၊ ကျောင်းတလင်းတွင်၊ မြက်သစ်ပင်ကို၊ မြင်လျှင်မဖွယ်၊ မတင့်တယ်သော်၊ လယ်၍မပြတ်၊ တံမြက်ခတ်။

သုံးဆောင်ရေနှင့်၊ သောက်ရေအိုးတွင်၊ ရေနည်းမြင်သော်၊ ခေါင်းညိုညှတ်၊ သွား၍ခတ်။

ရေခပ်သွားလည်း၊ ကစား၍သာ၊ မနေနှင့်။ ကစား၍သာ၊ ရေမှာကြာသော်၊ သဲဒဏ် ရေဒဏ်၊ ပေးရန်မှန်သည်၊ ခံမည်သာ ကြံတော့၊ မင်းတို့ကျော"—

စသည့် ဆုံးမစာကိုပါ သင်ပေးရာ မောင်ပေါ်ဉာဏ် တမူပြောင်းပြီး ထူးခြားသွားသည်၊ ဣန္ဒြေရသည်၊ မဆော့တော့ပြီ၊ သူဘာဝန်ကျ ဝတ္တရားကို ကျေကျေပန်ပန် ပြုလုပ်လေသည်။

ထေရက်ုရော သုသံဝုတော၊ နိပုဏော ကုသလော ဝိဒ္ဒါ။
ဝတ္တာဝတ္တံ ပူရယိတ္ဝာန၊ ဝိဟာရေ မောဒတိ သုဓီ။

နဂါးရာဇ်ကျောင်း ဆရာတော်ဦးဉာဏထံ ဆက်လက်ပညာသင်

ခွေးပြုတ်ရွာမှ မြောက်သို့ စဉ်းငယ်ယွန်း၍ အနောက်ကသောဒေသ၌ ထနောင်းစုရွာ ရှိသည်၊ ယင်းထနောင်းစုရွာ နဂါးရာဇ်ကျောင်း၌ သီတင်းသုံးတော်မူသော ဆရာတော်ဦးဉာဏ[1]သည် ဆရာတော်လောင်းလျှာနှင့် အဘိုးလည်းတော်စပ်သည်။ စာပေဝါသနာ ပါရှိသည်၊ မိမိထံ ရောက်ရှိလာသော တပည့်တပန်းတို့ကို သဒ္ဒါ, သင်္ဂိုဟ်စသော ကျမ်းဂန်အရပ်ရပ်ကို ချပို့၍ အခြေရရှိစေသည်၊ သို့ဖြစ်၍ အဘိုးဦးဖိုးလယ်နှင့် အဖဦးပျော့, အမိဒေါ်မင်းဂုဏ်တို့သည် ထနောင်းစုရွာ နဂါးရာဇ်ကျောင်း၌ ကိန်းအောင်းစံပျော် သီတင်းသုံးတော်မူသော ဆရာတော်ဦးဉာဏ၏ ထံတော်သို့ ဆရာတော်လောင်းလျှာ မောင်ပေါ်ဉာဏ်ကို အပ်နှံ၍ ပညာသင်ကြားစေကြကုန်၏။ ဆရာတော်လောင်းလျှာသည်လည်း—

၁။ ဦးဉာဏကား လူမည် ဦးဇံဝ ဖြစ်သည်။

ညီညာထက္ဟြ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ်ကျေး၊ သင်္ဘေးအံ့ရှတ်၊ တပည့်ဝတ်၊ မချွတ်ငါးခုသာ—

ဟူသည်နှင့်အညီ တပည့်ဝတ်ငါးပါးကို မချွတ်ယွင်းစေပဲ ဆရာတော်ဦးဉာဏထံ၌ သဒ္ဒါ, သင်္ဂြိဟ် အစရှိသော ပိဋကတ်အခြေခံ ကျမ်းဂန်တို့ကို သင်ယူတော်မူခဲ့လေသည်။

ဘဒန္တဉာဏထေရဿ၊ ဉာဏဿ ဉာဏကာမိနော။
ဉာဏော ထေရကုံရော မီရော၊ ဉာဏဿ ဝုဒ္ဓိယာ အကာ။

ရှင်းရှင်းဆိုရသော် မောင်ပေါ်ဉာဏ်သည် သဒ္ဒါကျမ်း, သင်္ဂြိဟ်ကျမ်း အစရှိသော ပုလဲကုံးပုလဲသွယ်တို့ကို မနောဒ္ဒါရန္နလုံးသား ပူတာတံတင်း၌ ထည့်သွင်းသိုမှီးပြီး ဖြစ်လေရာ ယင်းသဒ္ဒါ, သင်္ဂြိဟ်စသော ပုလဲသွယ်တို့သည် မပျောက်မပျက်ပဲ အရောင်တလက်လက် ထွက်နေကုန်၏။

ဂဟိတဗ္ဗာ ကုမာရေဟိ၊ ယာ သာ ဂန္ထမုတ္တာဝလိ။
သမုဂ္ဂဟဒယေ သဗ္ဗာ နိဟိတာ သမွ ဇောတယိ။

ဆရာတော်ဦးဉာဏက မောင်ပေါ်ဉာဏ်အား သြပါဒပေး

မောင်ပေါ်ဉာဏ် မင်း ဉာဏ်ကောင်းသူတယောက် ဖြစ်သည်၊ ကျက်လို့လဲ ရလွယ်သည်၊ရပြီးသားလဲ မမေ့မပျောက် မှတ်မိသည်၊စာရိတ္တလဲ ကောင်းသည်။ သည်အတိုင်း ဆက်လက် ကြိုးစားသွားလျှင် ထိပ်တန်း ပညာရှိ ဖြစ်မည်မှာ မလွဲချေ၊ အလုပ်လုပ်တဲ့ အခါမှာ—

အတိသိတံ အတိဉာဏံ၊ အတိသာယမိဒံ အဟု။
ဣတိ ဝိဿဋ္ဌကမ္မန္တော၊ ခဏာ အစ္စေန္တိ မာဏဝေါ။

ဣဒံ=ဤအချိန်အခါသမယသည်။ အတိသိတံ=အလွန် ချမ်းအေးသည်။ အေးလွန်းသည်။ အဟု=ဖြစ်ပြီ။ ဣဒံ=ဤ အချိန်အခါသမယသည်။ အတိဉာဏံ=အလွန်ပူသည်။ ပူလွန်းသည်။ အဟု=ဖြစ်ပြီ။ ဣဒံ=ဤအချိန်အခါသမယသည်။ အတိသာယံ=အလွန် မိုးချုပ်သည်။ မိုးချုပ်လွန်းသည်။ အဟု=ဖြစ်ပြီ။ ဣတိ=ဤသို့သော အခြင်း အရာအား ဖြင့်။ ဝိဿဋ္ဌကမ္မန္တော=ကိစ္စလုပ်ငန်း ဆောင်တာဘို့ကို စွန့်လွှတ်ကုန်သော။ မာဏဝေ=လူတို့ကို။ ခဏာ=စီးပွါးရမည့် အချိန်အခါ ကာလအထူးတို့သည်။ အစ္စေန္တိ=လွန်၍ သွားကုန်၏။

ဟူသည်နှင့် အညီ အေးလွန်းတယ်, ပူလွန်းတယ်, မိုးချုပ်လွန်းတယ် ဆိုပြီး အလုပ် မလုပ်လျှင် အလုပ်မပြီးတော့ဘူး၊ မအောင်မြင်တော့ဘူး။ သို့ဖြစ်၍

၁။ ပါထိကဝဂ္ဂပါဠိ၊သိဂ်ါလသုတ် (ဒီ၊၃။၁၅၀)

မောင်ပေါ်ဉာဏ် ကြိုးစားရမယ်၊ ချမ်းလဲ အလကားမနေနဲ့ စာတက်ရမယ်၊ စာပြန်ရမယ်။ ပူလျှင်လဲ အလကားမနေနဲ့၊ စာတက်မြဲ တက်ရမယ်၊ စာကျက်မြဲ ကျက်ရမယ်။ မိုးချုပ်မှောင်တယ်ဆိုလျှင်လဲ အခြားကျောင်းသားတွေနဲ့ အတူ ဘုရားဝတ်တက်ပြီး စာပြန်ရမယ် – စသည်ဖြင့် တသက်လုံး သုံးစွဲမကုန်သည့် သြဝါဒစကားကိုလည်း အဖန်ဖန် မြွက်ကြားတော်မူခဲ့လေသည်။ မောင်ပေါ်ဉာဏ်ကလည်း ရှေ့အိုး ဒွေ့အိုးကို ပြသူပမာ ဆရာတော် ဦးဉာဏအား ကျေးဇူးတင် ကျေနပ်ပြီး တပည့်တော် ဆရာတော် သြဝါဒအတိုင်း ကျင့်ဆောင်ပါမည်ဟု ပဋိညာဉ်ပေး၍ ကျင့်ဆောင်ခဲ့လေသည်။

သာမဏေဝတ်ရန် ပရိကမ်စာပေများ စုဆောင်းကျက်မှတ်

ဆရာတော် လောင်းလျာ ၁၄-နှစ်ရှိရာ ၁၂၅၄-ခုနှစ်တွင် ဆရာတော်လောင်းလျာ၏ အဘိုး ဦးလယ်သည် ထနောင်းစုရွာ နဂါးရုင်ကျောင်း ဆရာတော် ဦးဉာဏထံ ရောက်ရှိလာပြီး ဆရာတော် မောင်ပေါ်ဉာဏ်ကို တပည့်တော်က သာမဏေပရိက္ခရာ စသည်များ စိုက်ထုတ်အကုန်ကျခံပြီး ရှင်ပြုပါမည်၊ မောင်ပျော့တို့ မိရွှေဂုဏ်တို့လဲ ပြောပြီးပါပြီ။ တပည့်တော် မောင်ပေါ်ဉာဏ်ရဲ့ ရှင်ဒကာဟူ၍ ဆရာတော်သိမှတ်တော်မူပါ၊ ရှင်ပြုရန် နေ့ပေးပါ– စသည်ဖြင့်လည်း ဦးဖိုးလယ် လျှောက်ထားသဖြင့် နေ့ ခပ်ခွါခွါ ပေးလိုက်လေ၏။ ဆရာတော် ဦးဉာဏသည် ဆရာတော်လောင်းလျာ မောင်ပေါ်ဉာဏ်အား သာမဏေပြုရန် ပရိကမ်များဖြစ်သည့် တစပဉ္စကကမ္မဋ္ဌာန်း, သင်္ကန်းအပ်, သင်္ကန်းတောင်း, သရဏဂုံ, သီလ, ပစ္စဝေက္ခဏာ, လိင်ဆယ်ပါးပါဠိအနက်, ဒဏ်ဆယ်ပါးပါဠိအနက်, သေခိယပါဠိအနက်စသည်တို့ကို ကျေကျေညက်ညက် သင်ကြားပေးတော်မူလေသည်။

ပဌမံ သိက္ခိတဗ္ဗာနိ၊ အသိက္ခိ သိက္ခနေ ဝိဒူ။
ပစ္ဆာသီသံ သာမဏေရ–ဘာဝံ ဓမ္မညူ ကောဝိဒေါ။

ဘိုးတော်သူကြီးမင်း ဦးဖိုးလယ်သည်—

ဓမ္မဒါယာဒါ မေ ဘိက္ခဝေ ဘဝထ၊ မာ အာမိသဒါယာဒါ[၁]။

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ တုမှေ=သင်တို့သည်။ ဓမ္မ-ဒါယာဒါ=လောကုတ္တရာ တရားဟူသော ပေးအပ်သော အမွေကို ခံယူသူတို့

၁။ မူလပဏ္ဏာသပါဠိ၊ ဓမ္မဒါယာဒသုတ် (မ၊၁။၁၅။)

သည်။ ဘဝထ=မုချ စင်စစ် ဖြစ်ကြကုန်လော့။ အာမိသ ဒါယာဒါ=အာမိသ အမွေခံတို့သည်။ မာ ဘဝထ=မဖြစ်ကြကုန်လင့်။

ဓမ္မ အာမိသ ယင်းနှစ်ဝမှတ်ကြ အမွေပြား။
ဓမ္မအမွေ သာလွန်ပေ မှတ်လေ လွန်ထူးခြား။
ဓမ္မအမွေ ရစေရည်သန် အဖန်ဖန် အမှန်သင်ကြိုးစား။

ဟူသည်နှင့်အညီ ဓမ္မအမွေ, သာသနာ့အမွေ ရရန်ရည်သန်၍ ပဗ္ဗဇ္ဇမင်္ဂလာသဘင်ဆင်ယဉ်ကျင်းပ၍ ဘုရားမြတ်စွာ သာသနာတော်ဝင်းသို့ သွတ်သွင်း ချီးမြှင့်တော်မူလေသည်။ ဂဏပါမောက္ခ, နိကာယာဓိပတိ, အဂ္ဂမဟာပဏ္ဍိတ, နိကာယဏ္ဏဝပါရင်္ဂတ ဖြစ်တော်မူမည့် အညွန့်အညောက် တလွန့်လွန့် တလူလူ တံခွန်ထူလျက်ရှိသော အမျိုးကောင်းသား မောင်ပေါ်ဉာဏ်သည် အသက် ၁၄-နှစ် အရွယ်တော်ခေတ်တွင် နဂါးရောင်ဆရာတော် ဦးဉာဏထံတော်၌ ရှင်သာမဏေအဖြစ်ကို ရရှိလေသည်။

ဥပဇ္ဈာယံ ကရိတ္ဝာန၊ ဉာဏံ ဉာဏေန သံယုတံ။
အလတ္ထ သမ္မ ပဗ္ဗဇ္ဇံ၊ သမ္မာသမ္မုဒ္ဓသာသနေ။

ဆရာတော်အရှင်ပညာ၏ မူလဘဲ့တော်ရှင်မဓာ

ဆရာတော်လောင်းလျာ၏ ဘဲ့မည်နာမကို သိကြားစက်ချိန် ဝရဇိန် မိုးကြိုးစက်ကဲ့သို့ ခက်ခဲနက်နဲသိမ်မွေ့သည့် အနက်အဓိပ္ပါယ်ဟူသော ကျောက်တောင်ကျောက်ခဲတို့ကို ဖောက်ခဲ့ထိုးပစ်နိုင်သော ဉာဏ်ရည်ဉာဏ်သွား စွမ်းပကားသတ္တိဟူသော အကြောင်းနိမိတ် ဂုဏ်ဟိတ်အထူးကြောင့် ကျေးဇူးထွန်းသစ် နဂါးရောင် ဆရာတော်ဘုရားကြီးသည် ရှင်မဓာဟူ၍ ဘဲ့မည်နာမ ချီးမြှင့်တော်မူလေသည်။

ဝဇိရူပမဉာဏတ္တာ၊ ဥပဇ္ဈာယေန ကိတ္တိတော။
မေဓာတိ သညာကိရဏော၊ ဓိရာ စလေ ပဒီသတိ။

တနည်းကဖုံ ပြောလိုတုံသေး၏။

ဥပဇ္ဈာယ်ဆရာတော်ဘုရားကြီး ဦးဉာဏသည်—

ဤသာမဏေသည် သိမ်မွေ့ခဲခက်သော အနက်အဓိပ္ပါယ်, ပါဠိဓမ္မတို့ကို လျင်မြန် တောက်တပို ချိန်ဆတတ်, ဆောင်တတ်, မှတ်တတ်သော ပညာနှင့် ပြည့်စုံသူ ဖြစ်ပေသည်ဟု နှလုံးပြုတော်မူ၍ ရှင်မဓာဟု အမည်မှည့်တော်မူလေသည်။

သုခုမံ အတ္ထဓမ္မဉ္စ၊ ခိပ္ပံ မေတိ ဓာရေတိ စ။
တေန မေဓာတိ အဝုယော၊ ဥပစ္စာယေန ကိတ္တိတော။

တနည်းတဖုံ ပြောလိုတုံသေး၏။

ဥပစ္စယ်ဆရာတော်ဘုရားကြီး ဥဒ်းဥာဏသည်—

ဤသာမဏေကား သာမန်လူသားအညွှံစား မဟုတ်ပါချေ။ ဝိသေသပုဂ္ဂိုလ်ကဝိဓိုရ်ဖြစ်မည့် ပုဂ္ဂိုလ်တည်း။ သီလ သမာဓိ ပညာဟူသော တရားတို့နှင့်ငင်း ကျက်သရေအမျိုးမျိုးတို့နှင့်ငင်း ပေါင်းဆုံတူကွ ဖြစ်တတ်သူပေတည်းဟူ၍ နှလုံးပြုတော်မူကာ ရှင်မေဓာဟူ၍ အမည်မှည့်ခေါ်တော်မူလေသည်။

သီလသမာဓိအာဒီဟိ၊ သိရိယာ စ သင်္ဆတိ။
တေန မေဓာတိ ဝေါဟာရော၊ ဥပစ္စာယေန ကိတ္တိဒတာ။

အဘိုးနှင့်မိဖ ၂-ဦး ကြည်နူးရွှင်ပြ ရှိခိုးကြ

ရှင်ဒကာ အဘိုး ဦးဖိုးလယ်နှင့် မိဖ ၂-ပါးဖြစ်ကြသော ဦးပျော့, ဒေါ်မင်းဂုဏ်တို့ ရွှေမျောက်တွင် နဂါးရာဇ်ဆရာတော်ဘုရားကြီး ဥဒ်းဥာဏသည် သရဏကုံ, သီလပေးတော်မူ၍ ရှင်သာမဏေဝတ်ပြီးနောက် ဒကာကြီး ဦးဖိုးလယ်နှင့် မောင်ပျော့, မမင်းဂုဏ်တို့ မောင်ပေါ်ဥာဏ် သာမဏေဖြစ်သွားပြီ၊ သာမဏေဖြစ်တယ်ဆိုတော့ သရဏကုံ ၃-ပါးနှင့်တကွ ဆယ်ပါးသီလ ကိုယ်မှာဆင်မြန်းအထက်တန်းကျတဲ့ ပုဂ္ဂိုလ်ဖြစ်သွားပြီ၊ လေးကျန်းသနင်း စကြာမင်းကပင်လျှင် ရှိခိုးထိုက်ပေတယ်၊ ယခု ဦးဖိုးလယ်နှင့် ကိုပျော့ မမင်းဂုဏ်တို့ကိုရင်ကို ရှိခိုးကြလေဟု ဆို၍ ရှိခိုးစေလေသည်။ ဦးဖိုးလယ်နှင့် ဦးပျော့, ဒေါ်မင်းဂုဏ်တို့ ဦးသုံးကြိမ် ရှိခိုးကြကုန်၏။

ပပိုတာ မာတာပိတရော၊ ဝန္ဒန္တိ ဝန္ဒနာရဟံ။
ပဗ္ဗဇ္ဇုပဂတံ သေဋ္ဌံ၊ ဒဿသီလသမာယုတံ။

အတိဇာတ လွန်ထူးမြတ်သည့် သဒ္ဒးလှ

လောကဌ် သဒ္ဒး ၃-မျိုးရှိကြောင်း ဘုရားဇီနော် ဟောတော်မူသည်။ ၎င်းတို့မှာ—

၁။ အတိဇာတသဒ္ဒး၊

၁။ မေဓာဟူသောပုဒ်ကို မေ-ဓာတ်, ဓာ-ဓာတ် ၂-မျိုး ကြံရာ၏။ မေဓာဓာတ် ဟူ၍လည်း ဓာတ်တမျိုးတည်း ကြံရာ၏။ ပညာဟော မေဓာနောင် တဒ္ဓိတ်ကာပစ္စည်းဖြင့် ကြံရာ၏။

ဒ္ဒိဓာတုယေကဓာတုယာ၊ ဒ္ဒိရတ္တဝတိယာပိ စ။
မေဓာသဒ္ဒဿ နိပ္ဖတ္တိ၊ ဇညာ သုဂတသာသနေ။ (နိတိ၊ဓာ-၁၃၁။)

၂။ အနုဇာတသား၊

၃။ အဝဇာတသား အားဖြင့် ၃-မျိုးဖြစ်ကုန်၏။

ယင်း ၃-မျိုးတို့တွင် မိဘတို့ထက် သီလ, သမာဓိ, ပညာဂုဏ်သိရ် လွန်ကဲသည့်သားကို အတိဇာတသားဟု ခေါ်သည်။မိဖတို့နှင့် သီလ, သမာဓိ, ပညာဂုဏ်ရည်တူသော သားကို အနုဇာတသားဟု ခေါ်သည်။ မိဘတို့အောက် သီလ, သမာဓိ, ပညာ ညံ့ဖျင်းသော မိစ္ဆာဇီဝဖြင့် အသက်မွေးသော သားညံ့ သားဖျင်းကို အဝဇာတသားဟု ခေါ်သည်။

အတိဇာတံ အနုဇာတံ၊ ပုတ္တမိစ္ဆန္တိ ပဏ္ဍိတာ။
အဝဇာတံ န ဣစ္ဆန္တိ၊ ယော ဟောတိ ကုလဂန္ဓနော[1]။

ပဏ္ဍိတာ=ပညာရှိသော မိဖတို့သည်။ အတိဇာတံ ပုတ္တံ=မိမိထက် သီလ သမာဓိ,ပညာဂုဏ် လွန်ကဲသော သားကိုဂင်း။အနုဇာတံ ပုတ္တံ=မိမိတို့နှင့်လျော်သော တူသော သီလ,သမာဓိ,ပညာရှိသော သားကိုဂင်း။ ဣစ္ဆန္တိ=အလိုရှိကုန်၏။ ယော အဝဇာတပုတ္တော=အကြင်မိမိတို့အောက် သီလံ,သမာဓိ,ပညာယုတ်ညံ့သော သားသည်။ ကုလဂန္ဓနော=အမျိုးကို ဖျက်ဆီးတတ်၏။ တံ အဝဇာတပုတ္တံ=ထိုမိမိတို့အောက် သီလ,သမာဓိ,ပညာ ယုတ်ညံ့သော သားကို။ န ဣစ္ဆန္တိ=အလိုမရှိကြကုန်။

အဖကောင်းသား၊ ခံရများ၏၊ သားကောင်းအဖ၊ ဖြစ်ခဲစွဲရှင့်၊ သားလှမောင်သိ၊ အတိ အနု၊ ခေါ်ပြုအဝ၊ ဇာတသုံးဖြာ၊ ကျမ်းဦလာ သား၊ မာတာပိတ၊ မိနှင့်ဖထက်၊ သီလ သမာ၊ ပညာကျင့်မူ၊ လွန်တူယုတ်ထ၊ သား သုံးဝတည်း၊ ပါပသမုတ်၊ ကလိယုဂ်ဦ၊ ဆုတ်ကပ်ဖဲ့သည့်၊ နောက်သား တကာ၊ အဝဇာဖြင့်၊ အလိမ်မာကို၊ မလိုဆည်းပူး၊ လေလွင့်ရူး၍၊ အမူးအမော်၊ အပျော်သောက်ပြု၊ ကစားမှုဖြင့်၊ မိုက်တု မိုက်ထ၊ လိုက်များကြလိမ့်[2]။

သင်္ဘန်းဝတ်နှင့်ဖူးမြော်ရန် မျှော်လင့်ချက်ပြည့်ပြီ

မွေးလာကတည်းက မဟာပထဝီမြေကြီး တုန်လှုပ်,လျှပ်စစ်တွေ့ လင်းလက် မိုးစတ္တရာ စသည်ဖြင့် အတိတ်နိမိတ်နှင့် ပေါ်ထွန်းလာသည့် သားကိုမျှော်လင့်တကြီး စောင့်စားလာခဲ့ရာ ယခုမှ အစပေါ်ကာစ ရှိသေးသည်။ဘုန်းကြီးဖြစ်ပြီးနောက် ပညာရှိကြီးဖြစ်မယ်လို့ ဟောခဲ့ကြ, ကိုတင် နိမိတ်ဖတ်ကြ သာ

၁။ဣတိဝုတ္တကပါဠိ၊ ပုတ္တသုတ်-၂၃၉။ ၂။မဃဒေဝလင်္ဂသစ်၊

တွေ့ ဟုတ်လောက်စရာရှိ၏။ ဘယ်အချိန် ဘယ်အခါ သက်နှံးဝတ်နှင့် စတင် ဖူးမြင်ကြရပါမည်နည်းဟု မျှော်လင့်ချက်တို့ကား ယနေ့ပြည့်စုံကြကုန်၏။

ကဒါ ကုမာရံ ပဿေယျုံ၊ ပဗ္ဗဇ္ဇူပဂတံ သုဘံ။
ဣတိ စိရကာလဇာတော၊ သင်္ကပ္ပေါ အမ္ဘဳပူရိတော။

မင်းသား စစ်ဗိုလ်တမျှ လွှန်လှုပ

မိုးဦးပေါက် သစ်မျစ်စို့အလား ထွားကြိုင်း ပျော်ပျော့သော ခန္ဓာကိုယ်ကို ကိလေသာ သူပုန်သကန်နှင့် တိုက်ခိုက်ရန် ဖလ်ရည်စွန်းသည့် သက်နှံးဖြင့် ဆင်မြန်းထားသည်မှာ လွှန်စွာအချိုးကျ လှပလှပေသည်။ သူပုန်သကန်နှင့် တိုက်ပွဲဝင်သွားရမည်ဖြစ်၍ ချပ်ဝတ်တန်းဆာ စစ်ဝတ်စုံဝတ်ထားသော ရေမြေပိုင်ရှင် ဘုရင်မင်းမြတ်၏ သားတော် စစ်ဗိုလ်ကလေးနှင့်တူလှပေသည်။

မာရသေနဝိဃာတာယ၊ သုစိဝရဓရော သုခီ။
သန္နဒ္ဓကဝစော ယုဒ္ဓေ၊ ရာဇပုတ္တော ဝ သောဘတိ။

သာမဏေသီလ လုံခြုံစွာစောင့်ထိန်းခြင်း

ဆရာတော်လောင်းလျာ ရှင်မဓာသည်—

"ဒသသီလဆယ်ပါး၊ ဘုရားမုခပါဠ်၊ ရှင်ကျင့်ဝတ်ကို၊ စောင့်ကြပ်မြဲထွေ၊ ညီလှစေ" ဟူသော ဆုံးမစာအတိုင်း ရှေးရှေးဘဝ အနန္တက ဖြည့်ကျင့်ဆည်းပူးခဲ့သော ပါရမီသမ္ဘာရကြောင့်ရရှိခဲ့သော သာမဏေအဖြစ်ကို လွှန်စွာမှ ချစ်မြတ်နိုး တန်ဘိုးထားကာ ဆယ်ဖြာသော သီလကို လုံခြုံစွာ စောင့်ထိန်းနေထိုင်ခဲ့လေသည်။

ဘိက္ခာ သုပရိပူရေန္တော၊ ပစ္စဝေက္ခိ အနေကဓာ။
ပုဗ္ဗေ သုကတပုညတ္တာ၊ လဒ္ဓံ မေ ပဗ္ဗဇ္ဇံ ဝရံ။
ဣတိ ထေရကုံရော ဓီရော၊ စိန္တယိ ထိရစေတသာ။

သေဋ္ဌသမပိုင်း

ဆရာတော် ဦးအာစာရထံ နည်းနာခံခဲ့ခြင်း

ဆရာတော်လောင်းလျာသည် နဂါးရာဇ်ဆရာတော်ကြီး၏ လက်ထောက် ဆရာတော်ကလေး တပါးဖြစ်သည့် ဆရာတော် ဦးအာစာရ (လူအမည် ဦးဗြို) ထံ၌လည်း စာငယ်အချို့ သင်ယူနည်းခံတော်မူခဲ့လေသည်။

အာစာရထေရသေဋ္ဌဿ၊ သန္တိကေ ဒဟရော ယုဝါ။
ပေါတ္ထကေ ဗာလသိက္ခိတော၊ အသိက္ခိ သိက္ခနေ ပရော။

၁။ အမှံ ဟု ဆိုလို၏၊ နိဂ္ဂဟီတ်ကျ။

ဆရာတော် ဦးဉာဏက မကြာခဏသြဝါဒပေး

နဂါးရာဇ် ဆရာတော် ဦးဉာဏသည် ဆရာတော်လောင်းလျှာ တပည့်ရှင်မေဓာကို ဆင်ဖြူကျွန်း စေတီလှကျောင်းတိုက်သို့ ပို့ဖို့ ရည်ရွယ်ရင်းရှိသဖြင့် ကြိုတင်၍ ဆုံးမစကား ပြောကြားခဲ့သည်၊ ဆုံးမစကားမျှားမှာ—

"ရှင်မေဓာ အရာရာ ဝီရိယဦးဆောင်၍ ပြုလုပ်ပါ၊ ဝီရိယဝတော် နာမကမံ နသိဇ္ဈတိ=ဝီရိယလုံ့လရှိသူမှာ မပြီးနိုင်သည့်အရာ မည်သည် မရှိဘူး" ဟူ၍ဆင်း။

"နှံ့စပ်သိမြင် ပညာရှင်မှ လူတွင်တယောက် တစ်ခေါ်လောက်၏" ဟူသည်နှင့်အညီ "ပညာရှိမှ အထက်တန်းကျမယ်၊ စာတတ်မှ ထိထိရောက်ရောက် သာသနာပြုနိုင်မယ်၊ ပညာမရှိလျှင် ထိထိရောက်ရောက် သာသနာမပြုနိုင်ဘူး" ဟူ၍ဆင်း။

သတ္ထကာပိ ဗဟူ ဝါစာ၊
နာဒရာ ဗဟုဘာဏိနော။

ဗဟုဘာဏိနော=များများ စကားပြောသူ၏။ ဝါ=စကားများသူ၏။ ဗဟူဝါစာ=များစွာသော စကားတို့သည်။ သတ္ထကာပိ=အကျိုးရှိပါကုန်သော်လည်း။ နာဒရာ=လူမရိုသေကုန်-ဟူသည်နှင့်အညီ "ငါ့ရှင်မေဓာ စကားနဲနဲပြော၊ ပြောခဲစေ၊ ပြောတဲ့အခါ ပိုင်လောက်မှ ပြောပါ၊ မပိုင်လောက်လျှင် မပြောနဲ့၊ ဗလစ်ဗလစ် စကားများသာလဲ မကောင်းဘူး" ဟူ၍ဆင်း။

ပဏ္ဍိတဿ ပသံသာယ၊
ဒဏ္ဍော ဗာလေန ဒီယတေ။

ဗာလေန=ပညာမရှိသူ လူမိုက်သည်။ ပဏ္ဍိတဿ=ပညာရှိသူအား။ ပသံသာယ=ချီးမွမ်းစကား ပြောကြားသဖြင့်။ဒဏ္ဍော ဒီယတေ=ဒဏ်ခတ်၏၊ ဒဏ်ပေးအပ်၏၊ ဒဏ်ပေး၏။"လူမိုက်က ပညာရှင်ကို ချီးမွမ်းလျှင် ဒဏ်တပ်သည် မည်တယ်၊ ဒါ့ကြောင့် ငါ့ရှင်မေဓာ လူမိုက်တွေက ချီးမွမ်းတာကို ဝမ်းမမြောက်နဲ့" ဟူ၍ဆင်း

သတေသု ဇာယာတေ သူရော၊
သဟဿေသု စ ပဏ္ဍိတော။

သူရော=ရဲရင့်သူသည်။ သတ္တိကောင်းသူသည်။ သတေသု ဇာယတေ=တရာတို့၌ တယောက်လောက်သာဖြစ်တတ်၏။ ရှိတတ်၏။ ပဏ္ဍို

တော=ပညာရှိသူဆိုတာ။ ကျမ်းဂန်တတ် ပုဂ္ဂိုလ်ဆိုတာ။ သဟဿသု စ ဇာယတေ=တထောင်တို့ဥ်သာ တယောက်လောက် ဖြစ်တတ်၏။ ဟူသည်နှင့်အညီ "ပညာရှိ ပုဂ္ဂိုလ်ဆိုတာ တထောင် တယောက်, တသောင်း တယောက်လောက်သာ ရှိတတ်သည်၊ ငါ့ရှင် ပညာရှိဖြစ် အောင် ကြိုးစားဖြစ်အောင် ကြိုးစားပါလေ"ဟူ၍ဂုဏ်း။

ပညာကို ရှာလျှင် မာနကို နှိမ်ချထား။
သီလကိုရှာသော် ကိုယ်သာ လွန်ကြိုးစား။
သုတကိုရှာသော် ပမာ သူဖုန်းစား။

ဟူသကဲ့သို့"ပညာရှာတဲ့အခါ မာနမထားနဲ့၊ မာနဆိုတာ မကောင်းဘူး၊ မာန်သူဖို့တဲ့။ သီလရှာလျှင်လဲ အဆင်းရဲ အပင်ပန်းခံပြီး ကျင့်နိုင်မှ ဖြစ်တယ်။ သုတရှာတဲ့အခါ သူတောင်းစားလို ကျင့်ရတယ်၊ ရှက်နေလို့ မဖြစ်ဘူး"ဟူ၍ဂုဏ်း။

ဉာဏ်ရှိမှ ဟုတ်ရာမြင်သည်၊
ကံရှိမှ ဥစ္စာတင်သည် ဟူသကဲ့သို့

"အမှန်အတိုင်း သိဖို့အတွက် ဉာဏ်အလွန်အရေးကောင်းသည်၊ ဉာဏ်ရှိ အောင် ကြိုးစားပါလေ"ဟူ၍ဂုဏ်း။

စာမတတ် ကြပ်ကြပ်အံ့။

စာမှာ အအံ့၊ ဗေဒင်မှာ အကြုံဟူသည့်အတိုင်း "စာတတ်ဖို့ဆိုတာ စာများများအံ့မှ ဖြစ်တယ်၊ စာမအံ့လျှင် စာမတတ်ဘူး၊ စာဆိုတာ အံ့မှဖြစ်တယ်၊ ဗေဒင်ဆိုတာ ကြုံစည် တွက်ချက်နေရတယ်၊ ငါ့တပည့် ရှင်မေခာ ငါ့ရှင် စာအံ့ မပြင်းနဲ့"ဟူ၍ဂုဏ်း။

ဝါယာမေထော ပုရိသော၊
န နိဗ္ဗိန္ဒေယျ ပဏ္ဍိတော။

ဟူသည်နှင့်အညီ "ယောကျ်ားဆိုတာ ဝါယာမလုံ့လဥဿာဟ ရှိရမည်၊ ပညာရှိ မပျင်းမရိရာ၊ ငါ့ရှင်မေခာ မပျင်းမရိ ကြိုးစားပါလေ"ဟူ၍ဂုဏ်း အမျိုးမျိုးအဖုံဖုံ ဩဝါဒစကားများ ပြောကြား သွန်သင်ခဲ့လေသည်။

ဆရာတော်လောင်းလျာ ရှင်မေခာသည် ကျေးဇူးရှင်ဆရာရင်း သွန်သင်ညွှန်ကြားသမျှကို အာမ ဘန္တေဆို၍ ဝန်ခံခဲ့လေသည်။

ဥပဇ္ဈာယဝတော သုတ္တာ၊ တုဋ္ဌော ဟဋ္ဌော အနေကခာ။
သမွာ ဟဒယကောသမှိ၊ ဌပေသီ ဌပနေ ဝိဒူ။

သတ္တရသမပိုင်း

ဆင်ဖြူကျွန်း စေတီလှ ကျောင်းတိုက် အရှင်သီရိဓမ္မထံသို့

ဆရာတော် ဦးဉာဏသည်—

"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပံမချွန်၊ ဘေးရန်ဆီးကာ၊ သင့်ရာ အပ်ပို့၊ ဆရာတို့၊ ကျင့်ဖို့ ဝတ်ငါးဖြာ" ဟူသည်နှင့် အညီ ဆရာဝတ် ၅-ပါးတွင် တပါးအပါဝင်ဖြစ်သော သင့်ရာအပ်ပို့ ဟူသည့် စည်းကမ်း ဥပဒေသ အတိုင်း သံဃနာယက ထေရလောင်းလျှာ သာမဏေရွှင်မဓာကို ရွှင်ကေလာသ (လူမည် မောင်ခါး) ရွှင်ကွန္ဒ (လူမည် မောင်အောင်ဖြိုး) တို့နှင့်အတူ စလင်းမြို့မှ အရှေ့မြောက် ၆-မိုင်ခန့် ကွာလှမ်းသည့် ရောဝတီမြစ်နှင့် စလင်းမြစ်တို့ ဆုံမိရာ ဆိပ်ကမ်းအနီး တည်ရှိသော ဆင်ဖြူကျွန်းမြို့ စေတီလှ ကျောင်းတိုက် (ယခု မဟာဝိသုတာရာမတိုက်[၁]) အရှင်သီရိဓမ္မထံ ကိုယ်တိုင် ကြွရောက်တော်မူ၍ အတတ်ပညာသင်ပေးရန် အပ်နှံသဖြင့် ဆရာတော် လောင်းလျှာ ရွှင်မဓာသည် အရှင်သီရိဓမ္မထံ၌ ဆက်လက်၍ တနှစ်ခန့် ပညာသင်ကြားတော်မူခဲ့လေသည်။

ဆင်ဖြူကျွန်း နဂရေ စာပေ၊ စေတီလှအာရာမေ သုဘေ။
သန္တိကေ သီရိဓမ္မဿ၊ အသိက္ခိ သိက္ခိတဗ္ဗကံ။

ဆရာတော် လောင်းလျှာ ကျောက်ရောဂါကူးစက်

ထိုအခါ ဆင်ဖြူကျွန်းတမြို့လုံး ကျောက်ကြီးရောဂါနှိပ်စက်ရာတွင် ဆရာတော် လောင်းလျှာ ရွှင်မဓာကိုလည်း မည်သာမထောက် ကျောက်ကြီးရောဂါ စွဲကပ် ရောက်ရှိ နှိပ်စက်ခဲ့လေသည်။ ထိုအခါ အရှင်သီရိဓမ္မ၏ ကရုဏာကို အမှီပြု၍ သုံးစွဲ မှီဝဲအပ်သော ဆေးဝါးဓာတ်စာကြောင့် မကြာမီအတွင်း ကျောက်ရောဂါ ကင်းပျောက်ခဲ့လေသည်။ အနာမှ ထမြောက်၍ လမ်းလျှောက်နိုင်စဖြစ်ချိန်တွင် မိမိနေရပ် ဥပဇ္ဈာယ်ထံ ပြန်လာခဲ့ပြီး ကျောက်ရောဂါကြောင့်ဖြစ်သော အားအင် ဗလကို အစားထိုးကာ အနားယူတော်မူခဲ့လေသည်။

ဂေလညာ ဝုဋ္ဌမတ္တောဝ၊ ပစ္စာဂတော သဇာတိကံ။
ဥပဇ္ဈာယ ပါဒန္တိကေ၊ ဥပါသန္တော ဗလဂ္ဂဟီ။

၁။ ဤအဋ္ဌုပ္ပတ္တိသခင် ဆရာတော်အရှင်မြတ်ကြီးကိုယ်တိုင် စာချကျောင်းတိုက် ပြုလုပ်ပြီးလျှင် အရှင်ပညာသီဟအား စာပေချပို့ခဲ့တော်မူခဲ့လေသည်။ မဟာဝိသုတာရာမ နိကာယသာသနာဝင်—၄၄၂—၄၄၃-ကြည့်။

ငမြာကြီး စာသင်တိုက်သို့ ပညာသင်ကြခြင်း

ရောဝတီမြစ်ညာ ငမြာကြီးရွာ ဝန်စာရေး ကျောင်းတိုက်၌ ဆရာတော် ဦးမေဓာသည် စာချကောင်းသည်ဟု ကျော်ကြား၏။ ယင်းသို့ ကျော်ကြားသဖြင့် ချဉ်းကပ်ရောက်ရှိ ပညာသင်လိုသဖြင့် တဆယ့် ရှစ်နှစ်ခန့် ရှိပြီဖြစ်သော ဆရာတော် လောင်းလျာ ရှင်မေဓာသည်—

သိပ္ပသမံ ဓနံ နတ္ထိ၊ သိပ္ပံ စောရာ န ဂဏှရေ။
ကမ္မ လောကေ သိပ္ပံ မိတ္တံ၊ ပရလောကေ သုခါဝဟံ[1]။

သိပ္ပသမံ=အတတ်ပညာနှင့် တူသော။ ဓနံ=ဥစ္စာသည်။ နတ္ထိ=မရှိ။ သိပ္ပံ=အတတ်ပညာကို။ စောရာ=သူခိုး သူဝှက်တို့သည်။ န ဂဏှရေ=မခိုး မယူနိုင်ကုန်။ ကမ္မ လောကေ=ဤလောကဌာလဲပဲ။ သိပ္ပံ=အတတ်ပညာသည်။ မိတ္တံ=မိတ်ကောင်း ဆွေမျိုးမည်၏။ ပရလောကေ=တမလွန်လောက နောက်ဘဝဌာလဲ။ သုခါဝဟံ=ချမ်းသာသုခကို ဆောင်နိုင်၏။ ချမ်းသာသုခကို ရရှိနိုင်၏။

ဟူသည်နှင့် အညီ ပညာတည်းဟူသော ဥစ္စာစစ်၊ သူခိုး သူဝှက် မခိုးယူနိုင်သည့် ပညာ ဥစ္စာ, ဤဘဝ၏ မိတ်ဆွေကောင်းဖြစ်သော ပညာ, နောက်နောင် တမလွန်ဘဝ ကောင်းကျိုး ချမ်းသာရစေတတ်သော ပညာကို ရှာမှီးလိုရကား ဥပဇ္ဈာယ် ဆရာတော်ထံ ခွင့်ပန်ပြီး ငမြာကြီးရွာ ဆရာတော် ဦးမေဓာ၏ စာသင်တိုက်သို့ ရပ်ရွာသို့ ခေတ္တပြန်ကြွလာသော ဦးကုန္ဒနှင့်အတူ လိုက်သွားလေသည်။

ငမြာဂါမေ ဝသန္တဿ၊ မေဓာထေရ ယသဿိနော။
သန္တိကံ သော ဟိ ပတ္ထာန၊ သိက္ခိတဗ္ဗံ သုသိက္ခိတိ။

ရှင်မေဓာမှ ရှင်ပညာသို့

ငမြာကြီးရွာ ဝန်စာရေး ကျောင်းတိုက် ဆရာတော် ဦးမေဓာက ဦးကုန္ဒနှင့် အတူပါလာသော ဆရာတော်လောင်းလျာ ရှင်မေဓာကို မိမိထံမှောက် ရောက်မဆိုက် ကိုရင် မင်းဘွဲ့ ဘယ်နှယ် ခေါ်တုံးဟု မေးရာ ဆရာတော်လောင်းလျာက မေဓာလို့ ခေါ်ပါတယ်ဘုရားဟု အဖြေပေးရာ ငမြာဆရာတော် ဦးမေဓာ တုန်လှုပ်သွားသည်။ ဆရာတော် သက်ပြင်းချ၍ တအောင့်လောက် စဉ်းစားပြီး

၁။ ဓမ္မနီတိ၊ သိပ္ပကဏ္ဍ— ၁၉-ဂါထာ။
မဟာထေရ ဖ—ပ-မ-သ-ဝ

ကိုရင် မင့်နာမည်က ငါ့နာမည်နှင့် ထပ်တူကျနေတယ်၊အဲဒီတော့ မင်းနာမည်ကို ရှင်ပညာလို့ မှည့်ကြစို့ဟု မိန့်ကြားတော်မူကာ ရှင်မေဓာမှသည် ရှင်ပညာသို့ ပြောင်းလိုက်လေသည်။

ဟိတ္ဝာန မူလနာမံ သော၊ ပညာနာမံ သုကိတ္တယိ။
ယာဝဇီဝံ တံ နာမံဝ၊ ကိတ္တေသုံ ယတယော ဇနာ။

ငမြာရွာ စာသင်ဖက်များ

ငမြာကြီးရွာ ဝန်စာရေးကျောင်းတိုက် ဆရာတော် ဦးမေဓာထံ စာသင်စဉ်က ထနောင်းစု နဂါးရုင်ဆရာတော်၏ တပည့်များဖြစ်ကြသော အရှင်အာဒိစ္စ, အရှင်ဣန္ဒဟူသော ရဟန်းတို့သည် ရှင်ပညာဟု သုတိသာသည့် မဟာဝိသုတာရုမ နိကာယတက္ကသိုလ် ဗဟိုစာချတိုက်ကြီး၏ အဓိပတိ မဟာနာယကလောင်းလျာနှင့် စာသင်ဖက်များဖြစ်ကြ၍ ရှင်ပညာကို ကြီးစဉ်ငယ်လိုက် နည်းညွှန်ပြသ ဆုံးမစောင့်ရှောက်ကြကုန်၏။

အာဒိစ္စော စေဝ ဣန္ဒော စ၊ နဂါးရုင်ထေရသိဿကာ။
ထေရကုံရဿ သေဋ္ဌဿ၊ သဟာယာ စ အာရက္ခကာ။

ကျမ်းစာအချို့ သင်ယူခဲ့

ရှင်မေဓာမှ ရှင်ပညာ တဖြစ်လဲခဲ့သော ဆရာတော်လောင်းလျာသည်—

အဇရာမရံဝ ပညော၊ ဝိဇ္ဇာမတ္ထဉ္စ စိန္တယေ။
ဂဟိတော ဣဝ ကေသေသု၊ မစ္စုနာ ဓမ္မမာစရေ။

ဟူသော ဟိတောပဒေသ စကားအားလျော်စွာ အတတ်ပညာ သင်ကြားမှုကိစ္စလုပ်ငန်း၌ မိမိကိုယ်ကို ယုံငယိုမရှိ ပကတိကြံခိုင် မအိုနိုင် မသေနိုင်သူကဲ့သို့ သဘောထား၍ အားသွန်ခွန်စိုက် လိုက်နာဆိုမှတ် အပတ်တကုတ် အားထုတ်ကြိုးပမ်း သင်ယူတော်မူခဲ့လေသည်။

သန္တိကေ မေဓာထေရဿ၊ နာနာဂန္ထေ သမုဂ္ဂဏှိ။
နာနာဂန္ထေသု ကောသလ္လံ၊ ဣစ္ဆမာနော မဟာမတိ။

အဋ္ဌာသရမပိုင်း

တိပိဋကသာဂရ ပါရဂါမီ ဒီဃဒဿီ ရေစကြို ဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရ

ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရသည် ပရိယတ္တိ သာသနာဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်ရာ၌ လွန်စွာ ထူးထူးခြန်ခြန် ဆောင်ရွက်တော်မူသည်။ပရိတ်ရွတ်, ဆွမ်းစဉ်မလိုက်ပဲငင်း, သာရေး နာရေးကိစ္စ အဝဝသို့ မကြွမလိုက်ပဲငင်း, ဥပုသ်နေ့ သီတင်းနေ့ဟူ၍ ပိတ်ရက်မထားပဲငင်း နိကာယ် ၅-ရပ်ကို ပါဠိ, အဋ္ဌကထာတဲ့ဖက်၍ ရံခါ ဋီကာတဲ့ဖက်၍ မပြတ်ချပို့တော်မူ၍ ပရိယတ်ကန်ပေါင် ကန်သင်းကို ဆည်ဖို့တော်မူခဲ့သည်။

ရှေးက ပခန်းကြီးမြို့ အလယ်ကန်တိုက်နယ် အပါအဝင် ယခု ပခုက္ကူခရိုင် မြို့ငြိမ်နယ် ညောင်ပင်ရွာ[၁] ၌ အဖဦးလူပု[၂], အမိ ဒေါ်မင်းခဲတို့မှ သက္ကရာဇ် ၁၁၉၄-ခုနှစ်၊ တပေါင်းလဆုတ် ၁၃-ရက် တနင်းလာနေ့တွင် ဖွားမြင်တော်မူသည်။မွေးချင်း ၇-ယောက်အနက် အငယ်ဆုံး သတ္တမမြောက် သားရတနာဖြစ်၏။လူမည် မောင်ဖိုးထတ်[၃] ဖြစ်သည်။ ၁၁-နှစ်သား အရွယ်တွင် အလယ်ကန် မင်္ဂလာကျောင်းဆရာတော်ထံတွင် စတင်ပညာသင်ကြားခဲ့သည်။

၁၅-နှစ်သားအရွယ် ရှင်သာမဏေဝတ်ခဲ့သည်။ သက်တော် ၂၀-တွင် ရဟန်းဖြစ်တော်မူခဲ့သည်။ ဖျသီး ဇေယျာဘုံသာကျောင်း ဆရာတော်, ရေစကြိုဆရာတော် အရှင်ဝရသမ္မာဓိ, ဆင်တဲ့အရှင် ဣန္ဒာသဘ, မန္တလေးတောင်ပြင် အသောကာရုမတိုက် လေးထပ်ဆရာတော်,မန္တလေးမြို့အရှေ့ပြင် မဟာဝိသုတာရုမတိုက်တော် မောင်းထောင်သာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်ဥေ ယျမမွ စသည့် ကျမ်းဂန်တတ်ဆရာတော် ၁၃-ပါးတို့အထံ၌ ပရိယတ်ကို နည်းခံသင်ယူတော်မူခဲ့သည်။ ၁၂၂၇-ခုနှစ်တွင် သာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်ဥေ ယျမမွ ပြန်လွှန်တော်မူပြီးနောက် မန္တလေးမြို့ မြောက်ပြင် သစ်ဆိပ်တိုက်၌ စာပေချပို့တော်မူခဲ့သည်။

၁၂၄၁-ခုနှစ်တွင် ရေစကြိုမြို့သို့ကြွ၍ အောင်မြေသာယာ ကျောင်းတိုက်ကြီးကို ဦးစီးအုပ်ချုပ်တော်မူ၍ စာပေချပို့ သာသနာပြုတော်မူခဲ့သည်။

၁။ ယင်းညောင်ပင်ရွာကား မြို့ငြိမ်မြို့ အရှေ့မြောက်ယွန်း ၃-မိုင်ခန့်အကွာတွင် တည်ရှိသည်။

၂။ ဦးလူပုကား ယောမြို့ဝန် ဦးနိုး၏သားဖြစ်သည်။

၃။ ထတ်သည် နူးညံ့သည်ဟု အဓိပ္ပါယ်ရသည်၊နူးညံ့သူ ဟူသော အဓိပ္ပါယ်ကို စွဲယူ၍ မောင်ဖိုးထတ်ဟု မှည့်ကြသည်။

၁၂၅၈-ခုနှစ်တွင် ပခုက္ကူမြို့သို့ ကြွတော်မူ၍ ဟခုက္ကူမြို့ စေ့းအနောက်ဖက်ရှိ ပန်းစွာကျောင်းတိုက်၌ သီတင်းသုံးတော်မူ၍ စာပေပို့ချတော်မူသည်။

တဖန် ၁၂၆၅-ခုနှစ်တွင် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီးကို စတင် တည်ထောင်တော်မူ၍ ၁၂၆၆-ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၄-ရက်နေ့တွင် အရှေ့ ပန်းစွာတိုက်မှ သံဃာတော် ၁၆၀-ကျော်တို့နှင့်အတူ မဟာဝိသုတာရာမတိုက် သစ်သို့ ပြောင်းရွှေ့ သီတင်းသုံးတော်မူ၍ ပရိယတ်ကို သမ္မာဆန္ဒ,အစွာရဒွဝိရိယ ဖြင့် မပြတ် ပို့ချတော်မူသည်။

ကျမ်းဂန်များစွာတို့ကိုလည်း ပြုစုရင်တော်မူခဲ့လေသည်။ ၎င်းတို့မှာ—

၁။ ပကိဏ္ဏကစာစပ်
၂။ ကခ်ီဝိတရဏီ အဋ္ဌကထာ နိဒါန်းစာစပ်
၃။ ကခ်ီဝိတရဏီ အဋ္ဌကထာနိဿယ
၄။ သုတ်သီလက္ခန် ပါဠိတော် နိဿယ
၅။ သုတ်မဟာဝါ ပါဠိတော်နိဿယ
၆။ သုတ်ပါထေယျ ပါဠိတော်နိဿယ
၇။ မူလပဏ္ဏာသ ပါဠိတော်နိဿယ
၈။ မဇ္ဈိမပဏ္ဏာသ ပါဠိတော်နိဿယ
၉။ ဥပရိပဏ္ဏာသ ပါဠိတော် နိဿယ
၁၀။ မူလပဏ္ဏာသ အဋ္ဌကထာနိဿယ
၁၁။ မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာနိဿယ
၁၂။ ဥပရိပဏ္ဏာသ အဋ္ဌကထာနိဿယ
၁၃။ သဂါထဝဂ္ဂသံယုတ် ပါဠိတော်နိဿယ
၁၄။ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်နိဿယ
၁၅။ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်နိဿယ
၁၆။ သဠာယတနဝဂ္ဂသံယုတ် ပါဠိတော်နိဿယ
၁၇။ မဟာဝဂ္ဂသံယုတ် ပါဠိတော်နိဿယ
၁၈၊ အင်္ဂုတ္တိုရ် ဧကက,ဒုက,တိက,စတုက္က နိပါတ် ပါဠိတော်နိဿယ
၁၉။ အင်္ဂုတ္တိုရ် ပဉ္စက,ဆက္က,သတ္တက ပါဠိတော်နိဿယ
၂၀။ အင်္ဂုတ္တိုရ် အဋ္ဌက,နဝက,ဒသက,ကောဒသက ပါဠိတော်နိဿယ
၂၁။ ပါရာဇိကဏ် ပါဠိတော်နိဿယ

၂၂။ ပါစိတ် ပါဠိတော်နိဿယ
၂၃။ ဝိနည်းမဟာဝဂ် ပါဠိတော်နိဿယ
၂၄။ ပါရာဇိကဏ် အဋ္ဌကထာနိဿယ
၂၅။ ပါစိတ် အဋ္ဌကထာနိဿယ
၂၆။ ဝိနည်းမဟာဝဂ် အဋ္ဌကထာနိဿယ
၂၇။ ကေနိပါတ် အစ မဟာနိပါတ် အဆုံးရှိသောဇာတ် အဋ္ဌကထာနိဿယ
၂၈။ အန္တရာယသမုဋ္ဌါတကမ္မဝါစာ, အနန္တရာယိက ကမ္မဝါစာ, အနန္တရာယိက ကရဏကမ္မဝါစာဟူသော အန္တရာယ်ကင်း ကမ္မဝါစာများစသည်တို့ ဖြစ်ကုန်၏။

ကျေးဇူးရှင် ရေစကြိုဆရာတော်ကြီးကား ပိဋကသုံးပုံကို မပြတ်နိစ္စအမြဲထာဝရ ချပို့တော်မူနေခြင်းကြောင့် လွန်စွာနိုင်နင်းတော်မူသည်။ ပညာရှိတပည့်တို့ များစွာ ဆရာတော်ဘုရားကြီးထံရောက် ပညာသင်ကြားကြကုန်၏။ ပညာရှိတပည့်တွေ ဖော်ပြ၍ မတတ်စွမ်းနိုင်အောင် များပြားလှကုန်၏[1]။

၁၂၇၆-ခုနှစ် သီတင်းကျွတ်လဆုတ် ၂-ရက်နေ့ ၁၂-နာရီစာဝါချတော်မူ၍ ၁-နာရီ ခဲလုနီးခန့်တွင် စာဝါပြီးသည်။ စာချ၍အပြီး မိနစ် ၃၀-ခန့် အကြာတွင် ဘဝနတ်ထံ ပြန်လွန်တော်မူသည်[2]။

ဂန္ဆသာရော မဟာထေရော၊ ဂန္ဆသာရသု ကောဝိဒေါ။
ဂန္ဆသာရေ ဝါစယိတ္ဝာ၊ ဂတော သာရပုရံ သုဓိံ။

ရေစကြိုဆရာတော်ဘုရားကြီးထံ တပည့်ခံရန်ကြံစည်ခြင်း

ဆရာတော် လောင်းလျှာ ရှင်ပညာသည် ငမြာရွာဦးမောဆထံ ပညာသင်ကြားရင်း အထက်ဖော်ပြပါ ရေစကြို ဆရာတော်ဘုရားကြီး အရှင် ဂန္ဆသာရမဟာထေရ် ပခုက္ကူမြို့ ပန်းစွာတိုက်၌[3] စာပေပို့ချနေသော သတင်းကို ကြားရသဖြင့် ကြွရောက်တပည့်ခံလိုစိတ်တွေ့ ပေါက်နေသည်။ သို့ရာတွင် စာသင်တိုက် ခဏခဏ ပြောင်းနေရသည်ကိုလည်း သတိရမိနေသည်။ ခွေးပြုတ်ကျောင်းမှ

၁။ မဟာထေရဝုတ္ထန္တပ္ပဒီပိကာ—၁၈၈-၂၁၆-ကြည့်။
၂။ အကျယ် မဟာထေရ ဝုတ္ထန္တပ္ပဒီပိကာနှင့် မဟာဝိသုတာရာမနိကာယသာသနာဝင်- ၁၉၈-၂၂၀-ကြည့်။
၃။ မဟာဝိသုတာရာမတိုက် မတည်ခင်ဖြစ်၏။

ထနောင်းစုရွာ နဂါးရာဇ်ကျောင်း, ထနောင်းစုရွာ နဂါးရာဇ်ကျောင်းမှ ဆင်ဖြူကျွန်း စေတီလှကျောင်းတိုက်, တဖန် ၎င်းမှ ငမြှာရွာ ဆရာတော်ဦးမေဓာကျောင်းသို့ ပြောင်းခဲ့သည်၊ ပြောင်းလာသည်မှာလဲ မကြာသေး။

ဒိဋ္ဌိပတိ နာရီ စ၊ ဝိဟာရဒိဋ္ဌိဘိက္ခု။
သကုဏော ဒိဋ္ဌိပါသဒ္ဓ၊ ကတမာယာ ဗဟုတရံ[1]။

*နှစ်လင် သုံးလင် ကွာပြီးတွင် လေး ငါးလင်ကျ ထိုမိန်းမ။

နှစ်ကျောင်း သုံးကျောင်း ဧရိယာပြောင်း လေး ငါးကျောင်းကျ ရဟန်းပ။

နှစ်ကြိမ် သုံးကြိမ် ကျောက်ဆင်းအိမ် လေး ငါးကြိမ်ထက် ဌက်မျိုးပ။

နှစ်လိမ် သုံးလိမ် လေးငါးလိမ် အလိမ်တွေများလှ လွန်ကြောက်ရ။

ဟူသည့်အတိုင်းဆိုလျှင် ငါမာယာများတဲ့ ပုဂ္ဂိုလ်ထဲ ပါနေပါပြီကော၊ လူလိမ်ထဲ ပါနေပါပြီကော၊ လောကနီတိဆရာက ငါ့ကို စောင်းချိပ် ရိပ်သိပြီး ရေးခဲ့လေရော့သလား စသည်ဖြင့် အထွေထွေ အပြားပြား စဉ်းစားတော်မူခဲ့လေသည်။

သန္တိကံ ဂန္ဆသာရဿ၊ ဂမနာယ စိန္တာပရော။
ထေရကုံရော ထိရသတ္တော၊ ထိရေန အတ္ထိကော သုဓီ။

ပန်းစွာတိုက်ရောက်၍ ဆရာတော်ကြီးနှင့် တွေ့ရသည်ဟု အိပ်မက်မက်

ဘာပဲဖြစ်ဖြစ် ဆရာတော်လောင်းလျာသည် ရေစကြိုဆရာတော်ဘုရားကြီးထံ သွားရောက်ချဉ်းကပ်ဖို့ ဆန္ဒကား လွန်စွာပြင်းထန်နေသည်။ ရံခါ ပခုက္ကူရောက် ဆရာတော်ကြီးထံ စာလိုက် စာဆိုရပုံတွေ အိပ်မက်မက်နေသည်။ တခါမှလဲ ဆရာတော်ဘုရားကို မဖူးမမြင်ဘူးပဲ ဘာသဘောပါလိမ့် စသည်ဖြင့် တွေးတောခဲ့သည်။ ဆက်လက်၍ တွေးဘောပြန်သည်မှာ—

ဓာတုကွေဘာဒုဘူတော စ၊ ဒေဝေါပသံဟာရောပိ စ။
ပဗ္ဗနိမိတ္တ စတ္တာရိ၊ သုပိနာနိ သလ္လက္ခယေ။

ဟူသည်နှင့်အညီ အိပ်မက်မက်ခြင်းဟာ—

၁။ ဓာဘုကွေဘာဘ=ဓာတ်ချောက်ချားခြင်း ဓာတ်ချောက်ချား၍ အိပ်မက် မက်ခြင်း။

၁။ လောကနီတိပါဠိ ၁၀၀—ဂါထာ။

၂။ အနုဘူတပုဗ္ဗ=ရှေးယခင်က ခံစားဘူးခြင်း ရှေးယခင်က ခံစားဘူး၍ အိပ်မက်မက်ခြင်း။

၃။ ဒေဝတောပသံဟာရ = နတ်တို့ဆောင်ပြခြင်း နတ်တို့ဆောင်ပြသဖြင့် အိပ်မက်မက်ခြင်း။

၄။ ပုဗ္ဗနိမိတ္တ=မဖြစ်ခင် ကြိုတင်သိရှိစေခြင်း ကြိုတင်သိရှိစေလို၍ မက်ခြင်းအားဖြင့်—

၄-မျိုးရှိရာ ယင်း လေးမျိုးအနက် ငါ့ကို ရေစကြိုဆရာတော်ကြီးထံ မသွားပဲ နေမှာစိုး၍ သာသနာစောင့် နတ်ကောင်း နတ်မြတ်တွေ ဆောင်ပြတာ ဒေဝတောပသံဟာရလဲ ဖြစ်နိုင်တယ်။ သို့မဟုတ် ငါ့အဖို့ပုဗ္ဗေကတ ပုညဝိသေသကြောင့် ကောင်းသော အကျိုးစီးပွါးဖြစ်လုနီး မက်တဲ့ ပုဗ္ဗနိမိတ္တ ဖြစ်ကောင်း ဖြစ်မယ်။ ကဲလေ ဘာပဲဖြစ်ဖြစ် ရေစကြိုဆရာတော်ဘုရားထံ ငါသွားလို့တော့ ငါ့အဖို့ အကျိုးရှိဖို့သာ ရှိတယ်၊ သွားမည်ဟု၍ ခိုင်ခိုင်မြဲမြဲ ဆုံးဖြတ်ချက်ချပြီး ဆရာတော်လောင်းလျာသည် ရှေအိုးကို တွေ့မြင်သဖြင့် ကောက်ယူရန် အားထုတ်သော ယောကျ်ားအသွင် ရှင်လန်းဝမ်းမြောက်၍ နေလေသည်။ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေလေသည်။

သန္တိကံ ဂန္ဆထေရဿ၊ ဂန္တုံ သော ကတာနိစ္ဆယော။
ဒဋ္ဌစ္ဆန္ဒောဝ ဟုတ္ဝာန၊ ဟဋ္ဌော ပမုဒိတော အဟု။

ရေစကြိုဆရာတော်ဘုရားကြီး၏ အိပ်မက်ထူး

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးကား—

ဧကောယာမံ သယေ ရာဇာ၊ ဒ္ဝိယာမညေဝ ပဏ္ဍိတော။
ဃရာဝါသော တိယာမောဝ၊ စတုယာမော တု ယာစကော။

"ဘုရင်တယောမ် နှစ်ယာမ်ပညာရှိ သိလေအိမ်ထူ သုံးယာမ်ဟူ၏ စတုယာမ ယာစက"—

ဟူသော နီတိစည်းမျဉ်းအရဆိုလျှင် ပညာရှိစာရင်းတွင် ထိပ်တန်းမှ ပါဝင်သော ရေစကြိုဆရာတော်ဘုရားကြီးသည် ညဉ့်အခါ ၂-ယာမ် မအိပ်စက်၊ ၁-ယာမ်သာ အိပ်စက်တော်မူသည်။ ယင်း ၁-ယာမ်သာ အိပ်စက်တော်မူသော ရေစကြိုဆရာတော်ဘုရားကြီးမှာ သက္ကရာဇ် ၁၂၅၉-ခုနှစ် ညတည်တွင် မနက်ခင်း ပန်းစ္စာတိုက် မမင်းခင် ကျောင်းပေါ် ဆင်ဖြူတော်တကောင် တက်ပြီး မိမိထံလာသည်ဟု အိပ်မက်မက်တော်မူသည်။ အိပ်မက်မှာ လွန်စွာဆန်းကျယ်သည်။ ဆရာတော်ဘုရားကြီးသည် ဆင်ဖြူတော်ကို မြင်ဘူးသည်မဟုတ်၊ စာထဲမှာသာ

ခဏခဏ ဆင်ဖြူတော်အကြောင်း တွေဘူးသည်။ ငါသည် ပိဋကတ်စာပေ၌ စိတ်ဝင်စားမှုမှတပါး တခြားအာရုံမျှား လွန်စွာနည်းပါးသူဖြစ်၏။ ယင်း အိပ်မက်သည် ငါ့အတွက်ငင်း, ဘုရားမြတ်စွာ သာသနာအတွက်ငင်း အကျိုးရှိမည်သာဖြစ်သည်ဟု စဉ်းစားမိတော်မူလေသည်။

ကေဒါ ဂန္ဆဃေရော ဟိ၊ အဒက္ခိ သုပိနံ သုဘံ။
သဗ္ဗသေတောဝ မာတင်္ဂါ၊ အာဂစ္ဆတိ တဿန္တိကံ။
ဣဒံ မင်္ဂလသုပိနံ၊ သတ္ထကံ ဟိ ဘဝိဿတိ။
ဃေရော ဟိ စိန္တယိတ္ဝာန၊ ယထာကိစ္စံ အကာသိ သော။

ဆရာတော် အရှင်ပညာလောင်းလျာ ရေစကြို ဆရာတော်ကြီးထံ ရောက်ရှိ

သက်တော် ၁၈-နှစ်လုံး၍ ၁၉-နှစ်ိထဲ ရောက်ခါစဖြစ်သော မဟာဝိသုတာရာမိက ဂဏဝါစက နိကာယကြိုးကိုင် စိုးပိုင် အာဏာတည်ရှိမည့် ပုဂ္ဂလဝိသိဋ္ဌ အာဇာနည်လောင်းလျာ သာမဏေ ရှင်ပညာသည်—

"ရုပ်ဝါရူအိမကြီးမိက ဘယ်ဆီမချတ် ကြွင်းမလတ်အောင် အတတ်ပညာ သင်အပ်ရာ၏"[၂]—

ဟူသည်နှင့်အညီ အသက်မကြီးမီ ပိဋကတ်ပညာ ပြည့်စုံရုံမျှမည် ဟူသော ရည်ရွယ်ချက်ဖြင့် နဂါးရောင် ဆရာတော်ဘုရားကြီး၏ တပည့်ဖြစ်သော နေရေးထိုင်ရေး သွားလာရေး၌ အမြဲထာဝစဉ် အကူအညီ ပေးလေ့ရှိသော အရှင် အာဒိစ္စ ရဟန်းတော်နှင့် အတူ ငမြောကြီးမှ လှေစီးပြီး ထွက်ခဲ့ကြရာ ပခုက္ကူမြို့ ဆိပ်ကမ်းသို့ ရောက်ရှိလေသည်။ ဆရာတော် ဘုရားကြီးသည်လည်း မနက်ခင်း စာဝါပြီးသည်နှင့်တပြိုင်နက် တိုက်တွင်းပတ်ခြာလှည့် စကြံတပတ် လျှောက်ပြီး မိုးပေါက်မျှားလဲ ကျလာသဖြင့် သီတင်းသုံးမြဲ မမင်းခင် ကျောင်းပေါ်သို့ ကြွတော်မူ၍ ကြည့်နေကြ ရှေရောင်ဝင်းလက်နေသည့် ပေမျှားကို ကြည့်ရှုနေတော်မူသည်။

ဂန္ဆဝါရေ သမတ္တမ္ပိ၊ ဃေရော ထိရဂုဏောဒယော။
စက်မံ သော ကရိတ္ဝာန၊ ဝိဟာရိ မန္ဒိရေ သုဘေ။

ဆင်ဖြူတော် လာတယ်လို့ အိပ်မက် မက်ရောက်လာတော့ လူညို

ဆရာတော်လောင်းလျာ သာမဏေ ရှင်ပညာနှင့် အရှင်အာဒိစ္စဝံသ ရဟန်းတော်တို့သည် ဆွမ်းစားကျောင်း ဘုန်းကြီး(တိုက်ချုပ် ဘုန်းကြီး)ဦးဝိမလ[၃]နှင့်

၁။ မဟာဝိသုတာရာမ နိကာယသာသနာဝင်စသည်၌ ၁၆-နှစ် ပခုက္ကူ။ ရောက်သည်ဟု ပါရှိသည်။ ၁၉-နှစ်ဟု မှတ်ရာ၏။
၂။ ဩဝါဒထူးပျို့ ဆုံးမစာ - ၂၅-ပိုဒ်။
၃။ မဟာဃေရဝုတ္တန္တပဒီပိကာ - ၂၀၆-ကြည့်။

ခေတ္တစကားပြောပြီး မမင်းခင် ကျောင်းပေါ်ရှေရောင်တဖိတ်ဖိတ် လင်းလက်နေသော ကျေးငှူးရှင် ရေစကြို့ဆရာတော်ဘုရားထံ သွားရောက် လေရာရှေ့ဦ့် နေသော ကေသရာခြင်္သေ့မင်းသဖွယ် တင့်တယ် သပ္ပါယ်စွာ ဖူးမြင်ကြကုန်၏။ ရောက်မဆိုက် ဆရာတော်ကြီးက ဦးပဉ္စင်းတို့ ကိုရင်တို့ ဘယ်ကလဲဟု မေးသဖြင့် တပည့်တော်တို့ ထနောင်းစု နဂါးရာဇ်ကျောင်းဆရာတော် တပည့်များ ပါဘုရား၊ ငမြောကြီးရွာဆရာတော် ဦးမေဓာထံမှ ဆရာတော်ထံ ပညာရင်နှီးသောက်စို့ဖို့ ကိုရင်အအပ်လာပါသည် ဘုရားဟု အရှင်အာဒိစ္စက လျှောက်ရာ ရေစကြို့ ဆရာတော်ဘုရားကြီး ရုတ်တရက် မျိုသိပ်တော်မမူနိုင်ပဲ ငါကညတုန်းက ဆင်ဖြူတော် ကျောင်းပေါ်တက်ပြီး ငါ့ဆီလာတယ်လို့ အိပ်မက်မက်တယ်။ တကတဲမပဲ ရောက်လာတော့ လူညိုပါလားဟု စဉ်းငယ်ပြုံး၍ မိန့်တော်မူလေသည်။

ဂဇသေတော အာဂတောတိ၊ အဒကွို့ သုပိနံ သုဘံ။
တထာပိ နီလမာနုသော၊ အာဂစ္ဆတိ မမန္တိကံ။
ဣတိ ဟိ ဗျာကရီ ထေရော၊ သိတံ ကတ္ဝာန တခ်ဏေ။

သြဝါဒပေး, နေရာအချခိုင်း

ရောက်မဆိုက် ထေရလောင်းလျှ သာမဏေရှင်ပညာအား ကိုရင် ငါပြောပြမယ် သဘောကျအောင်နားထောင်—

"ဒို့တိုက်မှာနေရင် စာမှန်မှန် ဆိုရလိုက်ရတယ်၊ ညဉ့်, နံနက် ဘုရားဝတ်တက်ရတယ်၊ ပဲ့လမ်းသဘင် မကြည့်ရဘူး၊ အချင်းချင်း ခိုက်ရန်ဒေါသမဖြစ်ရဘူး"—

စသည်ဖြင့် သြဝါဒတိုကလေးများ မိန့်ကြားတော်မူပြီး အနီးတွင် ရှိသော ဆွမ်းစားကျောင်း ဘုန်းကြီး ဦးဝိမလအား မောင်ဝိလမ ကိုရင်ကို နေဖို့နေရာပေးလိုက်၊ အအပ်လာတဲ့ ဘုန်းကြီးကလေးကို ချမ်းသာစွာ ရှိအောင်ပြုစု စောင့်ရှောက်လိုက်၊ ကဲ မင်းတို့ သွားတော့ဟု မိန့်ကြားတော်မူ၍ ပြန်လွှတ်တော်မူလိုက်သည်။

ထေရကံ့ရဿ ပညဿ၊ ကထေတ္ဝာန မဟာသုဓီ။
ဂစ္ဆထာတိ ကထေတ္ဝာန၊ အပေသယိ ဧတေ တယော။

မင်္ဂလာဆင်ဖြူတော် ရောက်လျှင် မိုးရွာသလို ယနေ့ မိုးရွာသည်

မင်္ဂလာဆင်ဖြူတော်များ ရောက်လျှင် မိုးရွာတယ်လို့ ဝေဿန္တရာဇာတ် အဋ္ဌကထာ၌ တွေ့ဘူးတယ်။

တဿ ရညော=ထိုမင်းကြီးအား။ ဝါ=ထိုမင်းကြီးမှာ။ သဗ္ဗသေတော၊ တကိုယ်လုံးဖြူသော။ မင်္ဂလဟတ္ထီ=မင်္ဂလာ ကျက်သရေရှိသော ဆင်သည်။ အတ္ထိကိရ=ရှိသတတ်။ ဝါ=ရှိသတဲ့။ တဿ မင်္ဂလဟတ္ထိနော၊ ထို မင်္ဂလာဆင်ဖြူတော်၏။ ဂတဂတ ဌာနေ၊ သွားလေရာ သွားလေရာ အရပ်၌။ ဒေဝါ၊ မိုးသည်။ ဝဿိ၊ ရွာသွန်းပြီ။

စသည်ဖြင့် လာရှိသည်[၁]။ ယနေ့လဲ ထူးထူးခြားခြား မိုးရွာသည်၊ ယနေ့ရောက်တဲ့ကိုရင် မင်္ဂလာဆင်ဖြူတော်နှင့်တူတဲ့ သာသနာ့ဝန်ဆောင်ပုဂ္ဂိုလ် အဖိုးတန်ဖြစ်ကောင်း ဖြစ်လိမ့်မည်ဟု စဉ်းစားတော်မူသည်။ အဲဒီ တနေ့လုံးလိုလို မိုးရွာနေသည်။ ရေစကြိုဆရာတော်ဘုရားကြီး လွန်စွာဝမ်းမြောက်တော်မူသည်။

ဂဇသေတသဒိသော ဟိ၊ ပုဂ္ဂလော မမ သန္တိကံ။
အာဂတော သော ဟိ ဝိသိဋ္ဌော၊ အာဇညော၀ ဘဝိဿတိ။
ဣတိ ဟိ ပုန စိန္တေန္တော၊ မဟာဃရော ပမောဒတိ။

ဆရာတော်လောင်းလျာ ဇာကျောင်းနေ

ထိုစဉ်က ပန်းစွာကျောင်းတိုက်၌ မမင်းခင် ကျောင်းကြီး, သိမ်ကျောင်း ဇာကျောင်း, ဆွမ်းစားကျောင်းနှင့် အခြား ဝါးထရံကာ ကျောင်းငယ်များ ရှိ၏[၂]။ ဆွမ်းစားကျောင်း ဘုန်းကြီး ဦးဝိမလသည် ဆရာတော်လောင်းလျာ ရှင်ပညာကို ဇာကျောင်း၌ နေရာပေးလေ၏၊ ရှင်ပညာသည် နေရာရပြီးနောက် ဦးအာဒိစ္စနှင့်အတူ ဆွမ်းခံအိမ်များ ဖိတ်၍ ပြည့်စုံပြီးနောက် မိမိငယ်စဉ်က ကျက်ခဲ့ဘူးသည့် သဒ္ဒါ, သင်္ဂိုဟ်, ကခ်ါ, ဋီကာကျော်, ရူပသိဒ္ဓိစသည်တို့ကို ကျက်ခြင်းပြန်ခြင်း, ကြည့်ရှုခြင်းတို့ကို ပြုလုပ်ရင်း ဆရာတော်ဘုရားကြီးထံ စာဝါလိုက်ဖို့, ဆိုဖို့ စဉ်းစားကြံတွေး အားထုတ်လေတော့သည်။

ပုဗ္ဗကိစ္စာနိ ကရိတ္ဝာ၊ သိက္ခိတုံ သိက္ခိတာပရော။
သမာရဘတိ အာဇညော၊ ထေရကုံရော သုဓီတိမာ။

ကွေနဝိသတိမပိုင်း

ရေစကြိုဆရာတော်ဘုရားကြီး၏ စာချလုပ်ငန်း

ရေစကြိုဆရာတော်ဘုရားကြီးသည် ပန်းစွာတိုက်၌ သီတင်းသုံးတော်မူစဉ် အတွင်းလဲပဲ သိမ်သမုတ်, ရဟန်းခံကိစ္စမှအပ အခြား သာရေး, နာရေး,

---

၁။ ဝေဿန္တရဇာတ် အဋ္ဌကထာ (ဇာ၊ဋ္ဌ၂-၂၅၀-၂၅၁-ကြည့်။)
၂။ မဟာဃရဝတ္ထုနှင့်ပတ်သက်သော ဒီပိကာ-၁၁၇။

ပရိတ်ရွတ်, ဆွမ်းစဉ် အလှူခံ မလိုက်မူ၍ စာချလုပ်ငန်းကို လွန်လွန်ကဲကဲ ကြိုးပမ်း အားသစ်တော်မူခဲ့လေသည်။ နံနက်ခင်း အာရုံတက်စတွင် ဆန်ပြုတ် ဘုဉ်းပေးတော်မူပြီး စာမမြင်ခင်က စ၍ ပေများကို ဖွင့်ထားတော်မူသည်။ စာမြင်သည်နှင့် တပြိုင်နက် စာဝါစ၍ ချပို့တော်မူသည်။ ၎င်းပြင် ၉-နာရီ, ၁၂-နာရီ, ၁-နာရီ, ၃-နာရီခွဲ, ညနေ ၅-နာရီ အချိန်တို့၌လည်း နိကာယ်ကျမ်း ကြီးများကို ပို့ချတော်မူသည်။

ဌီကာကျော် ဆိုဝါရရှိခြင်း

ဆရာတော်လောင်းလျှာ ပန်းစွာတိုက်ရောက်ချိန် ၁၂၅၉-ခုနှစ်က ရေစကြို ဆရာတော်ဘုရားကြီးသည် မနက်စောစော အဘိဓမ္မတ္ထဝိဘာဝိနီမည်သော ဝါကျ အနေအထား စာသွားကျစ်လစ်လှပသဖြင့် ဌီကာလှုပ်၍လည်း ကျော်ကြားသော ဌီကာကျော်ကျမ်း[1]ကို နက္ခတ်တာရာ ကြယ်တကာတို့ ဝန်းရံခသည့် ရွှေလမင်းပမာ မြောက်မြားလှစွာသော စာလိုက်သံဃာတို့ ဝန်းရံလျက် ပုဗ္ဗာ ပရာနုသန္ဓေ ကျမ်းရှိုးတက်နည်း, ထွက်နည်း, ကျမ်းရိုးငါးတန် ပြန်လှန်ထုတ် ဖော်နည်း, ပုစ္ဆာဝါကျ, ဝိဿဇ္ဇနာဝါကျခင်းနည်း, ထုတ်နည်း, စောဒကာ ဘောဂ, ပရိဟာရဘောဂ ထုတ်နည်း, ဥပမာဂဗ္ဘ, ဥပမာပိဋ္ဌယောဇနာနည်း စသည်တို့ဖြင့် ချပို့တော်မူလေရာ တနေ့တွင် စာဆိုလစ်လပ်သဖြင့် ဆရာတော် ဘုရားကြီးက——

နာဂတော ပါဌကော ဒါနိ၊ ကော သင်္ကောတိ ပဌေတဝေါ။
ဝေဂေနေဝ ဟိ ကောစိပိ၊ ဗျတ္တော ဘဏတု ဒါနိ မေ။

ကိုယ်တော်တို့ ယနေ့ ဤ စာဝါတွင် စာဆိုသူ ခရီးသွားသဖြင့် စာဆိုသူ လစ်လပ်နေသည်၊ အဘယ်သူ စာဆိုဝံ့သနည်း၊ စာခံရှု၍ စာဆိုစွမ်းနိုင်သူ ထက်မြက်သူသည် မနှေးမြန်စွာ ငါ့စာဝါကို စာဆိုလှည့်လော့ဟု ဆင့်ခေါ် ကြွေးကြော်တော်မူလိုက်သောအခါ ပန်းစွာဝိဇ္ဇာယတနသို့ရောက်သစ်စဖြစ်သော သံဃနာဃ, သံဃနာယကလောင်းလျှာ ရှင်ပညာသည် ကောသရာဇာ ခြင်္သေ့ မင်းပမာ ရဲမာန်ပါပါ ထတ်ကာ——

အဟံ ဘန္တေ ဘဏိဿာမိ၊ အဘိဓမ္မတ္ထဝိဘာဝိနိ'။
အနုကမ္မံ ဥပါဒါယ၊ အနုဇာန ယတိဿရ။

ဘန္တေ၊ တိပိဋကဓရ ဘုရင်ဟု တိုင်းခွင်မဆန့် ပို့နှံ့ကျော်ကြား အို—
ရေစကြို ဘုန်းမော် ဆရာတော်ကြီး ဘုရား။ အဟံ၊ တနေ့ကမှ ဤပန်း

၁။ ဌီကာကျော်ကျမ်းနှင့်စပ်၍ သိမှတ်ဖွယ် မဟာဝိသုတာရာမနိကာယ သာသနာဝင်-၈၇၊၈၅-၉၇- တို့ ကြည့်။

စ္စာ ဝိဇ္ဇာယတနသို့ ရောက်ရှိလာပါသော ခွေးပြုတ် ရှာသား နဂါးရာဇ် ဆရာတော်၏တပည့် တပည့်တော် သာမဏေ ပညာသည်။ အာဘိဓမ္မတ္ထဝိဘာဝိနိံ=အာဘိဓမ္မတ္ထဝိဘာဝိနီ ဂုဏ်ရည်လျှမ်းဖြာ ဋီကာကျော် ကျမ်းစာဝါကို။ ဘဏိဿာမိ=သင်လို နာလို စာသင်ပျိုတို့ နားဝင်ချိုအောင် ဆိုပါမည်ဘုရား။ ယတိဿရ=ရဟန်းသံဃာ ပေါင်းများစ္စာတို့၏ ထိပ်ဆောင်ဦးစီး ရဟန်းမင်းကြီးဘုရား။ အနုကမ္မံ ဥပါဒါယ=တပည့်တော်ကို ငဲ့ညှာသနားထောက်ထားပါသဖြင့်။ အနုဇာန=ကရုဏာ ရေစင် ရေပေါက်အစုဖြင့် စာဆို ခွင့်ပြုတော်မူပါဘုရား ဟု- လျှောက်ထား၍ စာဆိုဖါမည် ဖြစ်ကြောင်း လျှောက်ထားလေသည်။

သည်လူလားကဲ့ စာဆိုမည်သူ

ထိုအခါ ကျေးဇူးရှင် ရေစကြိုဆရာတော် ဘုရားကြီးက ယခင်က ကျောက်ရောဂါကြောင့် ကိုယ်ခန္ဓာ မလန်းမဆန်းဖြစ်၍ ရုပ်ရေ ရုပကာယ မစိုပြေလှသေးသော စာဆိုမည့် ထေရလောင်းလျာ ရှင်ပညာကို သည်လူလားကဲ့ စာဆိုမည့်သူဟု ဂရုဟာ မကင်းသည့် စကားကို မြွက်ကြားတော်မူပြီး တလောကမှ ဆင်ဖြူတော် လာမယ်လို့ အိပ်မက်မက်ပြီး နောက်တနေ့ ရောက်လာတဲ့ ကိုရင်ညိုပဲဟု သတိရတော်မူကာ ဖြစ်ပ မလားကဲ့ စမ်းကြည့်သေးတာပေါ့ ဟု မိန့်တော်မူပြီး ဝါကျဖြောင့်ဖြောင့် မထောင့်မလိမ်ငြိမ်ငြိမ်သက်သက် အနက်ချိုချို တိုတိုတုတ်တုတ် စုဒ်, သုဓ် အဖွင့် သင့်တော်ရုံခတ်ဆဆဖြင့် ချပို့တော်မူလေသည်။

စောဒနာ သောဓနာဒီဟိ၊ အမဏ္ဍောတ္ဝာ မဟာယတိ။
ဥဇုကေန သုကရေန၊ ဝါစယီ သော မဟာသုဓိ။

ဆရာတော်လောင်းလျာ၏ စွမ်းရည်

သရုပ်မပေါ်ခင် အထင်မှားလျက် ရှိသော်လည်း စာဝါစ၍ ချလိုက်လျှင်ပင် ထင်ထင်လင်းလင်း သန့်ရှင်းချိုသာ သံဝါဟီးဟီး ပဲ့တင်တီးသကဲ့သို့ ကြီးမားခန့်ညားသော လေသံဖြင့် မှန်မှန်လေးလေး မှေးမှေး မပြတ်ပို့ချ အပ်တိုင်းသော စကားအစဉ်ကို ပရိသတ်အလယ်၌ အနည်းငယ်မျှ ရှုံ့ရှာခြင်းမရှိပဲ လိုက်၍ ဆိုနိုင်သည့်ပြင် ကျနသေသပ်စွာ ဉာဏ်ဖြင့် မှတ်ယူနိုင်သည်သာမက နောက်တခေါက်တွင်ကား ရေစကြိုဘုန်းမော် မထေရ်ကျော်အထံတော်မှ အထောက်အကူ မယူတော့ပဲ တယောက်ထီးတည်း အပြီးတိုင်ရောက်

တောက်လျှောက်မဆိုင်း မြင်းကောင်းစိုင်းသကဲ့သို့ မခွတ်မယွင်း လုံးကြွင်းလုံးကျ မရှိစေရပဲ ကျနစွာ ဆိုစွမ်းနိုင်သဖြင့် စာလိုက်သံဃာ များစွာတို့က—

အဟော အစ္ဆရိယော ဗုဓော၊ သုဗုဒ္ဓေါ သုဝိသာရဒေါ။
အစိရံ ဗုဒ္ဓိမန္တောနံ၊ ဝိသိဋ္ဌော ဟိ ဘဝဿတိ။

တကယ့် ရင်သတ်ရှုမော အံ့သြထိုက်သော အသိပညာ ကြွယ်ဝသူပါတည်း။ အချို့းတက္ကဿောကောင်းစွာ တတ်သိသူပါတည်း။ စာပေ၌ ကြောက်ရွံ့ခြင်းကင်း ရဲတင်းသူပါတည်း။ မကြာမီ ပညာများစွာ ကြွယ်ဝသူတို့တွင် ချီးမွမ်းအပ် မြတ်သော ပညာရှိကြီးဖြစ်ပါလိမ့်မည် ဟူ၍ဂုဏ်း။

အဟော ဝိဒ္ဒါ မဟာဉာဏီ၊ မဉ္ဇုဘာဏီ ဝိသာရဒေါ။
သမ္ပတိ မဟာဉာဏီနံ၊ သတ္ထာမော ဟိ ဘဝိဿတိ။

စာဆိုသူ ရှင်ပညာကား အံ့သြလောက်စွာ ပညာရှိသူပါတည်း၊ ကောင်းကင်သမုဒ္ဒရာအဟန် ဉာဏ်ကြီးသူပါတည်း၊ ကြားနာရသူများတို့ နားချမ်းသာအောင် ရွတ်ဆိုသံလဲ သာယာလှပေ၏။ ကြောက်ရွံ့ခြင်း အလျှင်းမရှိသူပါတည်း။ ယခုခေတ် ဉာဏ်ကြီးသူ ပညာရှိသူတို့ထက် ချီးမွမ်းအပ် မြတ်သော ပညာရှိကြီးဖြစ်လိမ့်မည်။

အဟော ဝိဘာဝိ သော ပညော၊ ပညော ပညာယ သံယုတော။
ပညာယ တုလယိတ္ဝာန၊ သာသနံ ဇောတယိဿတိ။

မကြာခင်ကမှ ရောက်စသာမဏေ ရှင်ပညာကား အံ့သြစရာ သိမ်မွေ့ခက်ခဲသော အနက်အဓိပ္ပါယ်ကို ထင်စွာပြုတတ်သူပါတည်း။ ပညာအသိ အဟုတ်ရှိသူပါတည်း၊ အရာရာ ပညာဖြင့် ယှဉ်သူပါတည်း။ သူကား ပညာဖြင့် ချိန်ဆ၍ ဘုရားမြတ်စွာ သာသနာကို ထွန်းလင်းတောက်ပ စေလိမ့်လတ္တံ့။

အဟော သန္တော အဟော သန္တော၊ အဟော သန္တော ဝိစက္ခဏော။
သန္တေန သကကမ္မေန၊ ပသိဒ္ဓေါ ဟိ ဘဝိဿတိ။

ရောက်သစ်စ သာမဏေ ရှင်ပညာကား အံ့သြစရာ ငြိမ်ငြိမ်သက်သက် ရှိပါပေစွတကား၊ အံ့သြဖွယ်ရာ ပညာရှိသူပါတည်း၊ အစကောင်းခဲ့သဖြင့်

၁။ သတ္တမ-ပုဒ်ကား ပသတ္ထ+တမပုဒ်ရင်းတည်း၊ ပသတ္ထဿ သော စ-စသဒ္ဒါဖြင့် တမပစ္စည်းကြောင့် ပသတ္ထ-ကို သ-ပြုရသည်။
(ဆောင်) ပသတ္ထမှာ စသဒ္ဒါဖြင့် ပစ္စယာတမ နှောင်းတုံက ပသတ္ထ သ-ပြု။ (ပခုက္ကူသဒ္ဒါဆုတ်နှက်)

သြော် အဆုံးလဲ ကောင်းမည့်သူပါတည်း၊ တွေးခေါ်မြော်မြင် ပညာရှင်ပါပေတည်း။ လောက်လက်လျပ်ပေါ်မှု မရှိ ပကတိတည်ငြိမ်သော ကိုယ့်အမှု ကိုယ့်ကိစ္စ ကိုယ်လုပ်ငန်းဖြင့် ထင်ရှားသူဖြစ်လတ္တံ့သူပါတည်း။

အဟော ပညော မဟာပညော၊ သပ္ပညော ဟိ သုကောဝိဒေါ။
အမုနာ ဟိ ကောဝိဒါနံ၊ သုဝိသိဋ္ဌော ဘဝိဿတိ။

သာမဏေ ရှင်ပညာကား အံ့သြစရာ ပညာကြွယ်ဝသူပါတည်း၊ ကျယ်ဝန်းသိမြင် ပညာရှင်ပါတည်း၊ ကောင်းမြတ် တင့်တယ်သော ပညာရှိသူပါတည်း၊ ကျမ်းဂန်စာပေ၌ လိမ္မာကျွမ်းကျင်သူပါတည်း။ ယခု ပေါက်ဖွား ပညာရှိမျှား တို့ထက် ထူးကဲသည့် ပညာရှင်ကြီး ဖြစ်လိမ့်မည်သာတည်း။

အဟော ဓီမာ မဟာသုဓီ၊ ကဝိဗျတ္တော သုမတိမာ။
မေဓာဝီ ဝိညူ ဝိဒူရော၊ အဟော ဒေါသညူ ဝိဒ္ဒသု။

ရှေ့ခွက်၌တည် ခြင်္သေ့ဆီပုံဟတ် သြော် ဆောင်မှတ်တတ်သော ပညာရှိသူပါတည်း၊ ကြီးမြတ်သော အသိပညာရှင်ပါတည်း၊ ကဗျာ့သံ ရင့်ကျေး ပညာရှိသံပေးရဲသူပေတည်း၊ မပေါ်လွင်သည်ကို ပေါ်လွင် ထင်ရှားအောင်ပြုတတ်သူပါတည်း၊ ထူးထူးခြန်ခြန် ပညာရှိသူပါတည်း၊ မေဓာဝီခေါင်မှူး ပုဂ္ဂိုလ်ထူးပါတည်း၊ အထူးအဆန်း တည်ထွင်သိတတ်သူပါတည်း၊ အခဲအကတ်ကို သိတတ်သူပါတည်း၊ အမှားအယွင်း အချော်အခြတ်ကို မှားယွင်းချော်ခြတ်သည့် အတိုင်း အံ့သြလောက်ဖွယ် သိတတ်သူပါတည်း၊ ကျမ်းဂန်လာ အဆိုမျှားကို ထူးခြားစွာ သိသူပါတည်း စသည်ဖြင့် ပြောဆိုကြကာ ရင်သပ်ရှုမော အံ့သြကြကုန်၏။

ရေစကြို ဆရာတော်ကြီးက ပိုးသက်နံးတစုံ ချီးမြှင့်

ရေစကြိုဆရာတော် ဘုရားကြီးကလဲ လူသာ ကုတ်တယ်၊ ဉာဏ်မကုတ်ဘူး၊ လူသာညိုတယ်၊ဉာဏ်မညိုဘူး၊ ဉာဏ်ကပိုတယ်၊ ကိုယ်တော်တပါး ငါ့အိပ်ရာ ဘေးမှာ တနေ့က ဒကာတဦး ငါဝတ်ဖို့ ပိုးသက်နံးတစုံ လှူသွားသည်၊ ငါမဝတ်ရသေးဘူး၊ သည်စာဆိုသည့် ကိုရင်ကို ငါဉာဏ်ပူဇော်မယ်ဟု ဆို၍ ယူလာသော ပိုးသက်နံးဒိုစုံကို အို– စာလိုက်သံဃာပေါင်းများတို့— ငါကား ဤရှင်ပညာကို ရောင်ဝါထိန်လျှမ်း ဤပိုးသက်နံးဖြင့် ဉာဏ်စွမ်းပူဇော် ငါမြှောက်တော်မူ၏၊ ဉာဏ်ကျော်ပညာ သင့်ပမာသို့ များစွာပေါ်မှု တောင့်တပြု၏၊ ရှင်ပင့်အာဂုမ် ကျမ်းသုံးပုံကို လုံးစုံမွေ့နှောက် ထက်အောက်မကျန် ဂန္ထန္တရ သုတထိုထို တတ်စေလို၏၊ သုတလောက်လွှ စွယ်စုံမွေ့လည်း မွေ့မွေ့လျော့လျော့ ဂုဏ်ကျော့ကျော့ဖြင့် မွေ့လျော့သသူ မကြည်ဖြူဘူး ဂရုကတ ကြိုးလုံ့လဖြင့် ဗုဒ္ဓမြတ်စွာ

သာသနာကို ရောင်ဝါရှိန်ရှိန် ထိန်စေနိုင်မှု ဘယ်သူမဆို ငါကြည်ညို၏ အလိုဆန္ဒစုံ ပြည့်ဝအောင် ငါမှဆင့်ကမ်း ဤသင်္ကန်းကို တင်လှမ်းမပြတ် ပိဋကတ်ကို ဆောင်မှတ် လေ့ လာ သင်လိုက်နာလေ့၊ နောက်နောင်အခါ ပမာဒနှယ် လှုံ့လကြွယ်၍ သုံးသွယ်သာသနာ ရောင်ဝါထွန်းသစ် မည်သူးညစ်အောင် စောင့်ရစ် လိမ့်မည် ငါယုံကြည်၏ ဟု အရှည်မြော်တွေး ကောင်းချီးကြွေးတော်မူလျက် ဆုပေးဆုနှင်းသဘင်ပွဲကြီး ကျင်းပတော်မူသတည်း။

ပူဇာ ညာဏသိဒ် မယ္ဘံ၊ ပရိဘုဥ္ဇ ယထာသုခံ။
သာသနံ အနုဂ္ဂဟေယျာသိ၊ ယာဝဇီဝံ အဟံ ယထာ။

ဆရာတော်လောင်းလျာက စိတ်နေမမြင့် ဘဝင်မကိုင်

ယင်းသို့သတင်းသုံးဖော် သဟဓမ္မိကသမဂ္ဂ သံဃာများနှင့် ရေစက်ကို ဆရာတော်ဘုရားကြီးက ချီးပသော်လည်း ဆရာတော်လောင်းလျာကား စိတ်ကြီးမဝင်ခဲ့, စိတ်နေမမြင့်ခဲ့, ဘဝင်မကိုင်ခဲ့, ကြီးသူကို ရိုသေ, ငယ်သူကို ချစ်ခင်ဂါရဝ, နိဝါတ တင်းပြည့်ကျပ်ပြည့် ရှိ၏။

နု ဟောတိ အဓိမာနီ စ၊ အထဒ္ဓေါ အဝကော်ဝ သုဓီ။
ဂါရဝေါ နိဝါတော စေဝ၊ အဟော တဿ နိဝါတတာ။

ကျမ်းဂန်များစွာတို့ကို ဆိုဝါဖြင့် သင်ယူပုံ

ဆရာတော်လောင်းလျာသည် ရေစက်ကြိုဆရာတော်ဘုရားကြီး အထံတော်၌ ဋီကာကျော်,အဋ္ဌသာလိနီ အဋ္ဌကထာ, ဒီဃနိကာယ်, မဇ္ဈိမနိကာယ်, သံယုတ္တနိကာယ်ပါဠိ အဋ္ဌကထာ, သဂါထာဝဂ္ဂသံယုတ် ကုန်သည်အထိ ဆိုဝါဖြင့် သင်ယူခဲ့သည်။

ဗဟုလေ ဂန္ထသေဒ္ဓေပိ၊ ဂန္ထေသု လဂ္ဂမာနသော။
အသိက္ခိ သိက္ခနေ ဆေကော၊ ထေရိန္ဒသော၀ သန္တိကေ။

အစွမ်းကုန်ကြိုးစားသင်ယူခဲ့

ဆရာတော်လောင်းလျာသည်—

အချိန်ရှိခိုက် လှုံ့လစိုက်၊ လသာတုန်း ပိုင်းငင် ဆိုသလို အချိန်အရွယ် ကောင်းတုန်း ဆရာသမားကောင်းနှင့် တွေ့ကြုံဆုံမိတုန်း အပြတ်အသတ် ကြိုးစား သင်ယူတော်မူခဲ့သည်။

ၛင်းပြင်—

ဂရူပဒေသဟီနော ဟိ၊ အတ္ထသာဂံ နု ဝိန္ဒတိ။
အတ္ထသာရဂိဟီနော သော၊ သဒ္ဓမ္မာ ပရိဟာယတိ။

ဆရာသခင် အရှင်မြတ်တို့၏ နည်းကောင်းလမ်းမှန်ကို မရပါက ထူးမြတ်သော အနက်အဓိပ္ပါယ် သဘောသကန် အကျိုးအမျိုးမျိုးကို ဘယ်နည်းနှင့်မှ မရနိုင်ပါချု၊ ယင်းသို့ အနက်အဓိပ္ပါယ် သဘောသကန် အကျိုးအမျိုးမျိုးကို မရရှိပါက သူတော်ကောင်းတရားမှ ဆုတ်ယုတ်မည်ဟူသော နီတိဆရာတို့၏ အဆိုအမိန့်ကို နှလုံးပိုက်၍ လွန်စွာအားခဲအားကုန်ကြဲ၍ သင်ယူတော်မူခဲ့သည်။

ၛင်းပြင်—

ယေ တပ္ပါဒရဇောကိဏ္ဏာ၊
တေဝ သာဓုဝိဝေကိနော။

ပညာတတ်မြောက် မုံသောက်မာတင် စွယ်စုံပညာရှင်တို့၏ ခြေစုံဥ် လိမ်းကျံကပ်ငြိ မြူမှုံတို့ဖြင့် ရောပြွမ်းပြည့်နှက်သော ဦးခေါင်းရှိသူ တပည့်တို့သည်သာလျှင် ဂုဏ်အပြစ်ကို စိစစ်ဝေဖန်နိုင်သည့် ထိပ်တန်းပုဂ္ဂိုလ်တို့ ဖြစ်နိုင်သည်ဟူသော သုဗောဓာလင်္ကာရကျမ်းဆရာ အရှင်သံဃရက္ခိတထေရ်၏ အမိန့်စကားကိုလည်း တရေးရေး တွေးထင်ပါသဖြင့် ဆရာတော်ဘုရားကြီး ခြေရင်းခံ အလောင်းတော် ဇနကကဲ့သို့ ကြီးမားသော လုံ့လ ဥဿာဟဖြင့် ကြိုးပမ်းသင်ယူတော်မူခဲ့လေသည်။

ထို့ပြင်တပါး—

ဂုဏဒေါသမသတ္ထညူ၊ ဇနော ဝိဘဇတေ ကထံ။
အဓိကာရော ကိမန္ဒဿ၊ ရူပဘေဒေါပလဒ္ဓိယံ[1]။

ကျမ်းဂန်အရပ်မျပ်ကို မနှံ့စပ် မတတ်သိသူသည် သကြားနှင့်သဲဖြူ မခွဲနိုင်သလို ဂုဏ်နှင့်အပြစ်ကို မဝေဖန် မစိစစ်နိုင်၊ ညှိရှုဖြူဝင်း စသော အဆင်းသဏ္ဌာန် ရူပါရုံအမျိုးမျိုးကို သိရခြင်းဌ သူကန်းမျက်မမြင်ကား အရာမဟုတ်သကဲ့သို့ ငါကား ကျမ်းစာမရွေး တတ်သိနှံ့စပ်အောင် သင်ယူမှု ဖြစ်ပေမည်ဟု သဘောပေါက်ကာ အစွမ်းကုန်သင်ယူခဲ့သည်။

၁။ ကာဗျဒါသ။ ၁- ဂ။ သုဗောဓာလင်္ကာရဋီကာ- ၁၃-၁၅။

သက်တော်နှစ်ဆယ်ထည်းရောက် ပိဋကတ်တတ်မြောက်

ဆရာတော်လောင်းလျာသည် ကျေးဇူးရှင် ရေစကြိုဆရာတော် ဘုရားကြီး၏ အထံတော်၌—

"မပျင်းမရိ လုံ့လရှိ၍ သတိအထဲ အရိုးစွဲအောင် တဖောင်ဖောင်လျှင် သန်းကောင်ညှဉ်နက် သင်ကျက်သမျှ စစကုန်စေ နေ့ကိုအလွတ် ရွတ်နိုင်စေ"ဘ — ဟူသည်နှင့်အညီ ပျင်းရိခြင်း အလျင်းမရှိပဲ မဟုဿာဟ ဇဲ့ လုံ့လဖြင့် သင်ယူတော်မူခဲ့ပြီး နေ့အချိန်မှာ သဒ္ဒါ, အဘိဓာန်, ဆန်း, အလင်္ကာ, ဘုရားကြီးနိယံစသည်တို့ကို ကျက်မှတ်ခြင်း၊ နိကာယ်ကျမ်းဂန်ကြီးများကို ဆိုခြင်း, လိုက်ခြင်း, လှည့်ခြင်းဖြင့် အချိန်ကို ကုန်လွန်စေခဲ့သည်။ ညအခါ သမယမှာလည်း အမြဲထာဝရ နှုတ်ရဆောင်ရမည့် သဒ္ဒါ, အဘိဓာန်, ဆန်း, အလင်္ကာ, ဘုရားကြီးနိယံစသည်တို့ကို ညဉ့်နက်သန်းကောင်တိုင် ရောက်အောင် ကရားရေလွှတ် တတွတ်တွတ် အလွတ်ပြန်ခဲ့လေသည်။ သို့ဖြစ်၍ သာမဏေဘဝဖြင့် နှုတ်ရဆောင်စရာ ကျမ်းစာများ ဆိုစရာ လိုက်စရာ ကျမ်းစာများ လုံလောက်သလောက် ရှိလေပြီ။ တောင်ဆင်းနယ်တဝိုက်၌လည်း ခွေးပြုတ်သား ကိုရင်တပါး စာပေပိဋကတ်တတ်မြောက်ကျမ်းကျင်လှကြောင်း သတင်းကောင်းတို့ ပျံ့နှံ့နေကုန်၏။ အရွယ်တော်မှာ သန္ဓေနှင့်တွက်စစ်ပါက ၁၉-နှစ်ပေါ် ၁၀-ကျော်၍ သက်တော် ၂၀-တွင်းရောက်, သန္ဓေနှင့်သော် ၂၀-လွန်မြောက်နေပြီ ဖြစ်ရကား ဝတ္ထုသမ္မတ္တိကုဏ် လောက်လုံလှခဲ့ပြီ။

ဥပသမ္မဒမာပေက္ခော၊ ဂဗ္ဘ ဝီသော ဟိ သော တဒါ။
ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂတော၊ပိဋ္ဌကေ ကောဝိဒေါ ဣတိ။

ဝီသတိမပိုင်း

ရဟန်းဘဝ ဒုလ္လဘကို ရောက်ရှိခြင်း

မဟာဝိသုတာဇာမိက ဂဏဝါစက နိကာယာဓိပတိ အဂ္ဂမဟာပဏ္ဍိတ လောင်းလျာ သာမဏေရှင်ပညာသည် သက်တော် ၂၀-ပြည့်မြောက်ရာ သက္ကရာဇ် ၁၂၅၉-ခုနှစ် တပေါင်းလဆုတ် ၅-ရက်နေ့တွင် ဆင်လူးအိုင်ရွာ ဒါယကာ ဦးချုပ်နှင့် ဒါယိကာမ ဒေါ်လှဖူးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ထနောင်းစုရွာ နဂါး

၁။ တိလောကဟု ဆုံ-မဒၵ- အပိုဒ် ၄၈။

ရာဇ်ကျောင်း ဆရာတော်ဘုရားကြီး ဦးဉာဏကို ဥပဇ္ဈာယ်ပြု၍ လောကိယသမ္ပ-ဒါတို့ထက် ဆထက်လွန်ကျူး ထူးမြတ်သော ရဟန်းဘဝ ဒုလ္လဘကို ရရှိတော်မူလေသည်။

ဥပဇ္ဈာယံ ကရိတ္ဝာန၊ ဉာဏံ ဉာဏေန သံယုတံ။
ဒုလ္လဘံ အလဘီ ဓီရော၊ ဝိသိဋ္ဌ ဓီရ သာသနေ။

ဒေါ်မင်းဂုဏ် ဝမ်းမြောက်, ဦးပျော့ ရွှင်လမ်း
ဆရာတော် ဦးဉာဏ ပီတိဖြစ်

ဆရာတော် လောင်းလျာ၏ မိခင်ကြီး ဒေါ်မင်းဂုဏ်သည် လေးကျွန်း သနင်း စကြာမင်း မယ်တော်ဖြစ်ရဖို့ထက် အဆ ရာထောင်မကအောင် ခက်ခဲသော ဘုန်းကြီး မယ်တော်ဖြစ်ရခြင်းအတွက် ခုန်တော့မလို ကတော့မလောက် ဝမ်းမြောက်နေ၏၊ ဖခင်ကြီး ဦးပျော့သည်လည်း ဘုန်းကြီး ဖခင်ဖြစ်ရခြင်းအတွက် လွန်စွာ ဝမ်းမြောက် ရွှင်လမ်းခဲ့လေသည်။ ဆရာတော် ဦးဉာဏသည်လည်း ပညာတတ် သာသနာ့အာဇာနည် တပည့်ကောင်း ဆရာဖြစ်ရခြင်းအတွက် ပီတိတွေ ထုပ်ကာ ထပ်ကာ ဖြစ်နေသည်။

မောဒိတာ ဝတ သာ မာတာ၊ မောဒိတော ဝတ သော ပိတာ။
မောဒိတော ဝတ သုဘာစေရော၊ သိဿကော ယဿ ဤဒိသော။

ယဿာ မာတုယာ=မြင်းမိုရ်ထွတ်ဦး ကျေးဇူးကြီးရှင် အကြင်မွေးမိခင်အား။ ဤဒိသော=တိကွ ဟာသ ဇဝန ဂမ္ဘီ ဉာဏ်ဝဇိန္ဒင့် စုံညီပြန့်ပြာ ဤသို့ သဘော ရှိသော။ ပုတ္တကော=မဟာဝိသုတာရာမ နိကာယတက္ကသိုလ် ဗဟိုရ်စာချ ကျောင်းတိုက်ကြီး၏ အဓိပတိ, အဂ္ဂမဟာပဏ္ဍိတ လောင်းလျာ သားကောင်း ရတနာသည်။ အတ္ထိ=ပုဗ္ဗေကတ ပုညပင့်ထောက် ပေါ်ပေါက် ရရှိပေ၏။ သာ မာတာ=သားကောင်းအရှင် ထို မွေးမိခင်သည်။ မောဒိတာ ဝတ=က-တော့ မည့်ပုံ ခုန်တော့မလောက် ဝမ်းမြောက်ရိုး ကေန် အမှန်သာတည်း။ ယဿ ပိတုနော=မေရုမြင်းမိုရ် ပိုမိုအထူး ကျေးဇူးကြီးရှင် အကြင် မွေးဖခင်အား။ ဤဒိသော=ခဲခက်တွန်းလှန် နက်နဲသော ပညာဉာဏ်နှင့် ပြည့်စုံသော သဘော ရှိသော။ ပုတ္တကော=မဟာဝိသုတာရာမိက ဂဏဝါစက နိကာယာဓိပတိ, အဂ္ဂ မဟာပဏ္ဍိတ လောင်းလျာ သားကောင်းရတနာသည်။ အတ္ထိ=ကံကောင်း ထောက်ပင့် အသင့်ရရှိပေ၏။ သော ပိတာ=သားကောင်းအရှင် ထိုဖခင်သည်။ မောဒိတော ဝတ=အတိုင်းမသိ ပီတိဆွတ်ဖျန်း စိတ်ရွှင်လမ်း၍ ဝမ်းမြောက် ကေန် မှန်လှပေသတည်း။ ယဿ အာစေရဿ=အကြင် ဆရာသခင်အား။

ဤဒိသော=တိကွ့, ဟာသ, ဇဝနွင့် ဒဋ္ဌ ဘူရိဂမ္ဘီ ပညာ ကောင်းစွာပြည့်စုံလောက်လုံ တတ်မြောက်သော သဘောရှိသော။ သိဿကော=မဟာဝိသုတာရုမ နာမသမိုက် စာချကျောင်းတိုက်ကြီး၏ အဓိပတိ တပည့်ကောင်းရတနာသည်။ အတ္ထိ=အမြင်အားဖြင့် ထင်ရှား ရှိပေ၏။ သော အာစေရော=ထို တပည့်ကောင်းအရှင် ဆရာသခင်သည်။ မောဒိတော ဝတ=စိတ်စက် ချမ်းသာဝမ်းသာရှိး မှန်လှပေသတည်း။

နဂါးရာဇ်ကျောင်း ခေတ္တသီတင်းသုံး

ဆရာတော် လောင်းလျာ ရဟန်းသစ် ရှင်ပညာသည် ရဟန်းဖြစ်ပြီးနောက် နဂါးရာဇ်ကျောင်း၌ ခေတ္တ သီတင်းသုံးတော်မူ၍ အဖိုးဦးလယ်နှင့် ဦးပျော့ ဒေါ်မင်းဂုဏ် မိဖ ၂-ဦးတို့ကိုဂုဏ်, ဆွမျိုး ဉာတကာတို့ကိုဂုဏ်, ရဟန်း ဒါယကာ, ရဟန်း ဒါယိကာမတို့ကိုဂုဏ် ချီးမြှောက်သည့် အနေဖြင့် နဂါးရာဇ်ကျောင်း၌ ခေတ္တ သီတင်းသုံးတော်မူသည်။

ကတိပါဟံ ဥပဇ္ဈာယ–ထေရဿ သန္တိကေ သုဓီ။
ဝသိတ္ဝာန မာတာပိတာ–ဒိကေပိ ဉာတကေ ဗဟူ။

ပခုက္ကူ။ ပြန်ကြွ ဆက်လက်ပညာသင်

ရဟန်းခံပြီးနောက် ရက်အနည်းငယ် ထနောင်းစုရွာ နဂါးရာဇ်ကျောင်း ဥပဇ္ဈာယ် ဆရာတော်ထံ သီတင်းသုံးတော်မူပြီး ပခုက္ကူမြို့ ပန်းစွာတိုက် ကျေးဇူးရှင် ရေစကြို ဆရာတော်ဘုရားကြီးထံ ပြန်ကြွတော်မူ၍ နိကာယ် ၅-ရပ်ကို အချေသတ် သင်ယူတော်မူသည်။ အောက်လက် ငယ်သား ရဟန်း သာမဏေတို့အား လည်း ပိဋကတ်အခြေခံ ကျမ်းဂန်များကို ချပို့တော်မူ၍ ပရိယတ္တိသာသနာကို ချီးမြှောက်တော်မူသည်။

ရေစကြိုထေရပါဒန္တေ၊ ဝသိတ္ဝာ ဂန္ထကောဝိဒေါ။
သယံပိ ဥဂ္ဂဏှိတ္ဝာန၊ အညေပိ ဝါစယိ တဒါ။

ဂဏဝါစက, စာချဖြစ်ခြင်း

ရဟန်းသိက္ခာ ၄-ဝါအရတွင် ပိဋကတ် ၃-သွယ် နိကာယ် ၅-ရပ် ချနည်းကို သေချာကျန ရရှိပြီးဖြစ်ရကား ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက ဂဏဝါစက စာချအဖြစ်ဖြင့် ချီးမြှောက်တော်မူခဲ့လေသည်။ ဂဏဝါစက စာချဖြစ်ပြီးနောက် ရဟန်းသမာဏေတို့အား မနက်ခင်းမှ ညနေ နေဝင်သည်အထိ

ခန္ဓာကိုယ် အပန်းဖြေချိန်ကို စာဝါအကြားဌ်သာ အနည်းငယ်ထား၍ စာပေကို ချပို့တော်မူလေသည်။

ဂဏာသ ဝါစကော ဟုတ္ဝာ၊ သိဿကေ ဂန္ဆမာမကော။
ဝါစယိတ္ဝာန သမ္မုဒ္ဓ–သာသနံ နုဂ္ဂဟံ အကာ။

ဝိရိယဖြင့်တည်ထောင်မှ ကောင်းကျိုးရ

ဥယျာမေန ဟိ သိဇ္ဈန္တိ၊ ကာရိယာနိ န မနောရထံ။
န ဟိ သုတ္တသ သိဟာသ၊ ပဝိသန္တိ မိဂါ မုခေ။

ကာရိယာနိ=ကောင်းကျိုးရရန် ကိစ္စအာတန်တန်တို့သည်။ ဥယျာမေန=လွန်စွာကြိုးကုတ် အားထုတ်ခြင်းဖြင့်။သိဇ္ဈန္တိ=ကြံတိုင်းပေါက်၍ ပြီးမြောက်ကုန်၏။ မနောရထံ=စိတ်ကမြော်မှန်း ရည်ရော်တမ်းတရုံမျှဖြင့်။န သိဇ္ဈန္တိ=ပြီးမြောက်ရိုးမရှိပါကုန်။ သုတ္တသ=လှံလမယှဉ် ထာဝစဉ် အိပ်၍သာနေသော။ သိဟသ=သားမျှားသနင်း ခြင်္သေ့မင်း၏။ မုခေ=ခံတွင်းပါးစပ်၌။ မိဂါ=အစာအသင့် သားသမင်တို့သည်။ န ပဝိသန္တိ ဟိ=ခြင်္သေ့သတ္တဝါ အစာပြတ်ကာ ငတ်၍ပင် သေသော်လည်း မဝင်ကြကုန်သည်သာ။

တပည့်တပန်းတွေ့ ဝမ်းမြောက်ကြ ကြိုဆိုကြ

ပန်းစွာစာသင်တိုက်၌ ဆရာတော်လောင်းလျှောထံ၌ စာဆိုစာလိုက်ရကုန်သော တပည့်တပန်း ရဟန်းသာမဏေတို့သည် လွန်စွာ ဝမ်းမြောက်ကြကုန်၏။ ဆရာတော်၏ စာပေချပို့မှု လုပ်ငန်းကို ကြိုဆိုကြကုန်၏။ ရေစကြို့ဆရာတော် ဘုရားကြီး နည်းနာ နယ လုံးဝညဏ် ရရှိသူဖြစ်ရကား ရေစကြို့ဆရာတော် ဘုရားကြီးကိုယ်တိုင် ချပို့ပေးသကဲ့သို့ ကျေနပ်လက်ခံကြကုန်၏။

ထေရဿ ကိစ္စမာဂမ္မ၊ သောတာရော သမ္ပမောဒရေ။
ဗဟူ တဿ ဥဂ္ဂဏှန္တိ၊ သန္တိကေ သန္တဝုတ္တိနော။

ကေဝိသတိမပိုင်း

မန္တလေးမြို့တော်တည်

"အင်္ဂါဠိုးလွန် ပဥ္စမသံဂါယနာတင်" ဟူသည်နှင့်အညီ သက္ကရာဇ် ၁၂၁၄-ခု နှစ် တပေါင်းလဆန်း ၁၁-ရက်နေ့တွင် ရန်မာန်ပြိုးမြောက် အထွတ်အထိပ်သို့ ရောက်တော်မူသော ပဥ္စမသံဂါယနာတင် ဘဝရှင် မင်းတုန်းမင်းတရားကြီးသည်

မြို့တော်, ကျုံးတော်, လောကမာရဇိန်စေတီတော်, သိမ်တော်ကြီး, သုဓမ္မာစရပ်တော်ကြီး, အတုလဝေယန်ကျောင်းတော်ကြီး, ပိဋကတ် တိုက်တော်အား ဖြင့် ၇-ဌာနကို မြို့တော်တည်သည်နှင့် တပြိုင်နက် တည်တော်မူခဲ့လေသည်။ ၁၂၁၉-ခုနှစ် ဝါခေါင်လဆန်း ၁၂-ရက်နေ့တွင် နန်းမြို့တော်ဝင်၍ ၁၂၂၀-ခု ပြည့်နှစ် ဒုတိယဝါဆိုလဆန်း ၆-ရက်နေ့တွင် ရွှေနန်းတော်ကြီး တက်သိမ်းစံပယ်တော်မူသည်။ မြို့တော်တည် မေဘာကွန်းစိုက် သက္ကရာဇ်ကား "အုတ်ကျစ်ကျော်ဇ မန္တလေး" ဟူသည်နှင့်အညီ ၁၂၂၁-ခုနှစ် ဖြစ်လေသည်။

*မြို့ကျုံးစေတီ သိဒ္ဓိလံ့ဃမောင်းသိမ်ကျောင်း သုဓမ္မာ ရွှေစာအမြတ် ပိဋကတ်တို့ သမိုက်မြဲမှန် ခုနစ်ဌာန်ကို ဆောဖန်အောင်စည် တပြိုင် တည်က-

သာသနာစည်ပင် ပွင့်လင်းရာ

မင်းတရား၏ လျှောက်ထားချက်အရ အမရပူရမြို့တော်မှ ကျမ်းတတ် ပေတတ် ဆရာတော် သံဃာတော် ၅၀၀-ကျော်တို့လည်း ၁၂၁၉-ခုနှစ် တန်ဆောင်မုန်းလမှစ၍ မန္တလေးမြို့သို့ ရွှေပြောင်းတော်မူကြ၍ ယာယီကျောင်းများ၌ စံနေတော်မူကြကုန်၏။ ကျောင်းတိုက်များပြီးမှ မိမိတို့ဆိုင်ရာကျောင်းတိုက်များ၌ သီတင်းသုံးတော်မူကြပြီး ဓုရန္ဒစပါး ပွါးများ အားသစ်တော်မူကြကုန်၏။

ထိုအခါနိုန်မှစ၍ ယခုတိုင် မန္တလေးမြို့သည် ဘုရားမြတ်စွာ သာသနာရောင်တောက်ပြောင်ထိန်ဝင်း လင်းလက်ရာ ဌာနမှန်ဖြစ်လေသည်။ ရှေးက မန္တလေးအမရပူရပါ ကျောင်းတိုက်ပေါင်း ၂၁၇-တိုက်ရှိလေသည်။ယခုမူ မန္တလေး တမြို့တည်း ကျောင်းတိုက်ပေါင်း ၂၅၀-ခန့်ရှိလေသည်။

"ဥဩတုန်သံသာ မန်းမြို့သံဃာ" လက်ာအရ သံဃာဦးရေ ၁၁၇၆၆-ပါး၊ သို့မဟုတ် ၁၁၀၆၆-ပါး ရှိခဲ့ဘူးသည်ဟု သိရ၏။ ရှေးက မန္တလေးမြို့ တောင်ပြင် ဘုရားကြီးတိုက်, မြောက်ပြင် သစ်ဆိမ့်တိုက်, အရှေ့ပြင် မောင်းထောင်တိုက်, အရှေ့ပြင် စလင်းတိုက်တို့သည် သံဃာတော် ၁၀၀၀-ကျော်စီ သီတင်းသုံးခဲ့ဘူးကုန်သတတ်။ယခုမူ မန္တလေးတမြို့လုံး ဂ-ထောင်ခန့်သာ ရှိလေတော့သည်။

မန္တလေးသာသနာဘဲ့

မန်းမတ္တလာ ရွှတိုင်းမှာတည့် သာယာကဲလှန် နတ်ရောကန်ဝယ်
ဖလ်ရည်ဆိုးတပ် လှန်တင့်အပ်သား သပ်သပ်ပယ်ပယ် ကြီးငယ်သံဃာ

၁။ မင်္ဂလာချောင်း။

ရှေဟသ်ာတို့ ကျာကျာညည်ံ ပျော်မြူးစံလျက် နိုင်ငံပြည်သူ ပြောထူများစွာ ဘမရာငှက်ဝင်ထွက်သွယ်သွယ် ပန်းဝတ်ရယ်သည် ကြည်ဖွယ်စုံပေါင်း မကြုံတောင်းရှင့် ပို့လျှောင်းကြူထုံ အမုံကြိုင်လှိုင် ဆိုင်ကာဆိုင်ကာ ခိုင်ညှာခက်ညွတ် ဝိမုတ်ရသ်ဟု သတပတ်ရှကြော ပွင့်စေ့ငါတည့် သာသနာအခြေ အာကာဗေဝယ် ရှောဘုန်းတော်မြတ် တုလွတ်ရဝိ ရဲရဲညိသည် ဒုတိယလှိုင် နေပြဘင်သျင် ထောင်ရှင် လင်းစည့် ထွန်းလာသည့်ကြောင့် နှိုင်းယှဉ်စရာ ဥပမာပင် ဖွဲ့ရှာ မမြင် စည်ပင်လှစွာ သာသနာနှင့်ပြည်ရှာနိုင်ငံ စံမရှိဖွယ် ကြီးကျယ် ပြော၀ တိုးတက်လှ၏[၁]။

မန္တလေးမြို့ ကုသိုလ်တော်လှမ်းချင်း

လာမေလှမ်းကြစို့၊ ညာမန်းမြို့ ပြည်ဘောင်၊ထူးမြတ်တဲ့ ရှေတောင်မှာ၊ မြတ်ဘုန်းခေါင် စေတိယငယ်နှင့်၊ စက်ပါဒနက်သံကို သက္ကစ္စံ ပဏာမိရယ်နှင့် သဒ္ဓါရှိအတူပေါ်အောင် အပူဇော်သွားကြစို့ မိုင်ယ်လေး။

တချောင်းရှေငယ်၊ မြောင်းရေငယ်မှ ပတ်သန်း၊ တောင်စဉ်ငယ် ထပ် စရပ်တန်းနှင့်၊ လမ်းမတော်သာ၊ သုဓမ္မာရောင်၀ါကညီး၊ ကျောက် တော်ကြီးရေမီးစုံခ ဗျာဒိတ်တော်သပါတဲ့ မြတ်သေလာင်္ဂ၊ ရပ်တော်မူနှင့် ရှေဂုအတွင်းပိဋကတ်ကို ရေးမှတ်သွင်းလို့ တလင်းငယ်မှညီညီ၊ ဖလ်အုတ် ကယ်စီပါတဲ့ စေတီတော်ပြင်၊ ဆုထူးတော်ဆင် ရအောင်၊ မောင်ကြင်တဲ့ ခိုင်စမွယ်ရယ်၊တသက်လှယ် ဘယ်မဆုတ်ပါနဲ့၊ တို့မခင် စိန်မှုန် အုပ်ကယ် နှင့်၊ သင်ပုတ်တော်ပြင်ဆင်၊ ဆွမ်းတော်တင် နေမလွဲစေနှင့်၊ မယ်နှင့် မောင် လက်စုံတွဲလို့၊ လှည်းမပါ ခြေလျှင်လှမ်းကြစို့၊ (အိုခင်ရဲ) ပန်းနှင့် ကွယ်လေး[၂]။

မန္တလေးသာသနာတခန်းမြင်ကွင်း သုဓမ္မာဘွဲ့

သည်မေထုန် နယုန်ရက်မှာ ကုန်ခက်ရသာကဲ ဘုံကနက် ဌာနိမှာ ခါအရှည်စံတုန်း သာလာယ နုမဟာမှာ သုဓမ္မာပွဲပလို့နှုန်း၊ ပိဋကတ် မြတ်ဓမ္မာကို ပြဿနာပြုတုန်း နတ်ရွာလို ရွှမဆုံးသာပ ခြိမ့်အုန်း၍ ကြေငြာ ပြည်တော်သူ ဘူမြေမန်းတွင်မှ လှူရှေဆွမ်း သာသည့်ချိန်ခါ အမတ ပြည်ခေမာကို ရည်ဝေကာ ကြည်ဇောနှင့် မြတ်ဘောဇဉ်

၁။ မြပုခက်ဘော် မင်္ဂလာချင်း။ (မဟာဓထရစရိတ-၅၂။ ထေရဝုတ္တန္တဒီပနီ-၁၀၇ လည်းကြည့်။)

၂။ မဟာဂီတပေါင်းချုပ်-၂၂၀။

အတည်တည် သွင်းဆက်ခဲ့သည် တွေးမိတိုင်း ဖိုဟိုက်ကြည်တယ် ငိုလိုက်မည်ကြံဆဲပလေး[၁]။

ဤသို့စသည်ဖြင့် မန္တလေးမြို့တော်နှင့် မန္တလေးသာသနာကား စာဖွဲ့၍ မကုန်နိုင်အောင် သာသနာစည်ပင်ခဲ့သည်[၂]။

ဒုတိယတိမပိုင်း

မန္တလေးမြို့ အရှေ့ပြင် ခင်မကန်တိုက်ကြီး

ဖော်ပြပါ ဘုရားမြတ်စွာ သာသနာစည်ပင်လှသော မန္တလေးမြို့အရှေ့ပြင် မင်္ဂလာရာမ မောင်းထောင်ကျောင်းတိုက်နှင့် ဣန္ဒြိယာရာမ ဇရုဂ္ဂကျောင်းတိုက် အကြားတွင် မဟာဝိဇယာရာမကျောင်းတိုက်ခေါ် ခင်မကန်ကျောင်းတိုက်ကြီး တည်ရှိလေသည်။ ၎င်းကျောင်းတိုက်ကြီးကို အနောက်ပြင်၌လည်း ခံင်မကန်ကျောင်းတိုက်တည်ရှိသဖြင့် အရှေ့ပြင် ခင်မကန်ကျောင်းတိုက်ဟု သမုတ်ပညတ်ကြကုန်၏။ ၎င်းအရှေ့ပြင် ခင်မကန်ကျောင်းတိုက်မှာ အနောက်ပြင်ခင်မကန်ကျောင်းတိုက်တည်ပြီးနောက်မှ တည်သောကျောင်းတိုက်ဖြစ်သည်။

ပဥ္စမ သံဂါယနာတင် ဘဝရှင်မင်းတရားကြီး၏ အနောက် နန်းမတော် မိဖုရားကြီး သီရိသုစန္ဒာဒေဝီသည် ကုသိုလ်တော်ပွါး ကျောင်းဦး ပြာသာဒ်နှင့်တကွ ဘုံအဆင့်ဆင့် တန်းဆာဆင်၍ ခမ်းနားလှစွာသော ကျောင်းတော်ကြီးကို တည်ဆောက်ပြီးလျှင် ကျောင်းကို ရတနာဗိမာန်ကျောင်းတော်ဟု အမည်နာမမှည့်ခေါ်စေပြီး တိုက်တော်ကို မဟာဝိဇယာရာမ ကဗျည်းတပ်စေ၍ မင်းတရားကြီးနှင့်တကွ ကျောင်းလှတ်ပဲ့သဘင် ဆင်ယင်ကျင်းပပြီးလျှင် "မဏိဇောတာဘိသီရိသဒ္ဓမ္မဇ မဟာဓမ္မရာဇာဓိရာဇဂုရု" ဟူသောတံဆိပ်တော်၊ "မဏိဇောတာသီရိသဒ္ဓမ္မဇ မဟာဓမ္မရာဇာဓိရာဇဂုရု" ဟူသော တံဆိပ်တော်နှင့် "မဏိဇောတာသဒ္ဓမ္မာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု" ဟူသော တံဆိပ်တော်ဟူသော ဘဲ့တံဆိပ် ၃-ထပ်ရ ခင်မကန်ဆရာတော်ဘုရားကြီး ဦးမဏိဇောတထံ စာတုဒ္ဒိသ သံဃိက အဖြစ် ရေစက်သွန်းချ လှူဒါန်း၍ ဆရာတော် ဦးမဏိဇောတအား အပ်နှင်းတော်မူလေသည်။ကျောင်းတိုက်အနောက်ဖက်အဝင်ဝ၌လည်း "မန္တလေး ရတနာပုံမြို့တည် နန်းတည် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် လက်နက်စကြာသခင် အရှင်ဘဝရှင်မင်းတရားကြီး ရွှေလက်ထက်တော် အနောက်နန်းမတော် မိဖုရား

၁။ စလေဦးပုည၏ တေးထပ်။ ဦးပုည လက်ရွေးစင်စာများ-၃၉၇။

၂။ မန္တလေးသာသနာဝင် ပဌမတွဲမှ ဒသမတွဲဆုံးသည့်အထိ ကြည့်ရှုလေ့လာရာ၏။

ကုသိုလ် ကောင်းမှုတော် မဟာဝိဇယာရာမတိုက်"ဟု ကဗျည်းကျောက်စာ ထိုး ထားသည်ကို တွေ့ခဲ့ရ၏။

ယင်း ခင်မကန်ကျောင်းတိုက်ကြီး၏ ပဌမဆုံး ဆရာတော်မှာ ရာဇဂုရု ဘွဲ့တံဆိပ် ၃-ထပ်ရ အရှင်မဏိဇောတာလင်္ကာရ, ဒုတိယဆရာတော်မှာ"မုနိန္ဒာဘိဓဇ· သီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဦးမုနိန္ဒ[1], တတိယဆရာတော်မှာ အဘိဓမ္မာညဝါအကျော် "ပဌာန်းအာဂုံပြန် ဆင်စွယ် တံဆိပ်တော်ရ" အရှင်အရိယဝံသ, စတုတ္ထမြောက် ဆရာတော်မှာ အဂ္ဂမဟာ ပဏ္ဍိတ သုဓမ္မာဝင် အရှင်ဝိလာသ, ပဉ္စမမြောက် နာယကဆရာတော်မှာ ဦးနရိန္ဒ, ဆဋ္ဌမမြောက် နာယကဆရာတော်မှာ ဦးစန္ဒိမာ, သတ္တမမြောက် နာယကဆရာတော်မှာ ဦးသုမန ဖြစ်လေသည်[2]။

အရှင်အရိယဝံသမဟာထေရ်

ဖော်ပြပါ ခင်မကန်တိုက် နာယကဆရာတော် ၇-ပါးအနက် ဆရာတော် အရှင်အရိယဝံသသည် မာတိကာ, ဓာတုကထာ, ယမိုက်, ပဌာန်းဟူသော အဘိဓမ္မာ ညဝါများကို လွန်စွာနိုင်နင်းတတ်မြောက် ကျွမ်းကျင်သည့် ပုဂ္ဂိုလ် ထူး ဖြစ်တော်မူသည်။ သက္ကရာဇ် ၁၁၉၀-ပတ်ဝန်းကျင်တွင် ပခုက္ကူခရိုင် နေရင်း ရွာအနီး မင်းရွာ၌ ဖွားမြင်တော်မူသည်။

ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့ရာ နေရင်း မင်းရွာ မဏိရတနာ ကျောင်းတိုက်ကြီးကိုလည်း လဲ့အပ်ခြင်းခံရ၍ ယင်း မဏိရတနာ တိုက်၌လည်း သီတင်းသုံးဘူးသည်။ နောက်တွင် မန္တလေးရောက်၍ စလင်း ဆရာတော် ဦးကေတု စသည်တို့အတူ ပဌာန်းကျမ်းကြီးကို ဝင်ရောက်ပြန်ဆို သဖြင့် ပဌာန်း အာဂုံပြန် ဆင်စွယ်တံဆိပ်တော်ကို အလှူခံရရှိတော် မူလေသည်။

ဒုတိယဆရာတော် ဦးမုနိန္ဒ မရှိသည့်နောက် အရှင်အရိယဝံသသည် မဟာ ဝိဇယာရာမ ခင်မကန်ကျောင်းတိုက်ကြီး၏ အဓိပတိ မဟာနာယက ဖြစ်တော် မူသည်။ အဘိဓမ္မာညဝါများကို နေ့ညဉ့်မရွေး တနေ့လျှင် ၁၁-ဝါခန့် ချပို့ သည်ဟု သိရသည်[3]။

၁။ လူမည် ဦးခါးဖြစ်သည်။

၂။ မန္တလေး သာသနာဝင်ကျမ်း· မဟာဝိဇယာရာမ ခင်မကန်သာသနာဝင်ကြည့်။ ထေရဝုတ္တန္တဒီပနီ ၁၀၈—၁၀၉။ မဟာဝိဇိတာရာမ ထေရာပဒါန်· ၂၀—၂၂။

၃။ ၎င်းဆရာတော်ဘုရားကြီး၏ တပည့်ရင်းပြန်လွန်တော်မူသော ကျန်းဦး ဆရာတော် ဘုရားကြီးအဲ့မိန့်ရှိသဖြင့်သိရသည်။

ဆရာတော် အရှင်ပညာလောင်းလျာ အရှင်အရိယဝံသထံ ပညာသင်

သံဃနာယက ဆရာတော်လောင်းလျာ အရှင်ပညာသည် ရဟန်းသိက္ခာ ၇-ဝါအရွတ်ဝင် "ပညာမရှာ၊ လျှပ်ပေါ်လှ၊ သူများ နောက်လိုက်သာ" ဟူသည့်နှင့်အညီ အဘိဓမ္မာ ညဝါပညာများ မတတ်လျှင် အဘိဓမ္မာအရာ သူများ နောက်လိုက် ဖြစ်မည်ကို ကြိုတင်သိမြင်သဖြင့် နောက်လိုက်ဖြစ်လိုစိတ် အလျင်း ပင်မရှိသော အာဇာနည်စိတ် အမြဲထာဝရ ရှိနေသည့်အားလျော်စွာ ကျေးဇူး ရှင် ရေစကြိုဆရာတော်ဘုရားကြီးကို လျှောက်ထားပြီး ရေစကြိုဆရာတော် ဘုရားကြီး၏ အုပ်စာဖြင့်ပင် ဖော်ပြပါ မန္တလေးမြို့ အရှေ့ပြင် မဟာဝိဇယာ ရာမ ခင်မကန်တိုက်ကြီး၏ တတိယမြောက် မဟာနာယက ညဝါအကျော် မင်းရွာဆရာတော် အရှင်အရိယဝံသထံတော်သို့ သွားရောက်ကာ မာတိကာ, ဓာတုကထာ, ယမိုက်, ပဋ္ဌာန်းညဝါကျမ်းများကို မဟုဿာဟ ဇဲလုံလဖြင့် သင်ယူ ကြိုးကုတ်တော် မူခဲ့လေသည်။

အရိယဝံသထေရဿ၊ အဘိဓမ္မ သုဝိညူနော။
ရဇနီအဘိဓမ္မေပိ၊ ဥဂ္ဂကို ဥဂ္ဂဟေ ဝိဒူ။

ညဝါများ လွယ်ကူစွာ သင်ယူခဲ့

ရေစကြိုဆရာတော်ဘုရားကြီးထံ၌ အဘိဓမ္မတ္ထဝိဘာဝိနီ မည်သော ဋီကာကျော် ကျမ်းနှင့် အဘိဓမ္မာပါဠိတော်ကြီးများ အဘိဓမ္မာအဋ္ဌကထာကြီးများကို ဆိုဝါ ဖြင့် ပိုမိုလွန်ကဲသော ဆန္ဒာဓိပတိ, စိတ္တာဓိပတိ, ဝီရိယာဓိပတိ, ဝီမံသာဓိပတိတို့ ရွှေသွားဖြင့် သင်ယူတော်မူခဲ့ပြီးသော ဆရာတော်လောင်းလျာအတွက် မာတိကာ ဓာတုကထာ အရကောက်များကို လအနည်းငယ်အတွင်း သင်ယူတတ်မြောက် တော်မူခဲ့လေသည်။

ၵင်းနောက် ယမိုက်ဆယ်ကျမ်း အရကဲ့ကောက် ညဝါကိုလည်း ဆက်လက်၍ အာစရိယမုဋ္ဌ အရကြီးရအောင် သင်ယူကြိုးကုတ်တော်မူခဲ့လေသည်။ဆရာတော် အရိယဝံသကလည်း ကျမ်းစွာကျေနပ်တော်မူသည်၊ ကျေနပ်လွန်း၍ ဦးပညာ တို့က ပင်ကိုယ်ဉာဏ်ကိုက လွန်စွာထက်မြက်ရုံမက, ဝီရိယလည်း လွန်သည့် ပုဂ္ဂိုလ် များဖြစ်ကြ၏။ ဆရာတော် ဦးဂန္ဆထံ မရောက်လဲ စာတတ်မည့် ပုဂ္ဂိုလ်တော့ပဲ ဟု အကြိမ်ကြိမ် ချီးမွမ်းစကား ပြောကြားတော် မူလေ့ရှိသည်[၁]။

ယမကပကရဏဉ္စ၊ ရဇနီ ဂန္ဆိမုတ္တမံ။
ဉဿာဟံ ကရိတ္ဝာယေဝ၊ ဥဂ္ဂကို သမဏော ရသော။

၁။ ယင်း အချက်အလက်ကို ကျေးဇူးရှင် အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော် ဘုရားကြီး အရှင်သုန္ဒရက မိမိအား မိန့်တော် မူသည်။

နံနက် နေ့လယ် နေ့ခင်း အဘိဓမ္မာ ပါဠိအဋ္ဌကထာများ ကြည့်

ဆရာတော်ကား "မောဃကာလံ နု ခေပယေ=ချည်းနှိုးကာလ သမယ မုချမသွေ မကုန်စေရာ" ဟူသည့် အတိုင်း အချိန်ကို အချည်းနှိုး ဖြုန်းလေ့ မရှိပဲ၊ ညဝါမဆိုခင် နံနက် နေ့လယ် နေ့ခင်း အချိန်တို့ပတ်လုံး အဘိဓမ္မာပါဠိ ဝေါဟာရကြီး အဘိဓမ္မာ အဋ္ဌကထာကြီးများကို အထပ်ထပ် အခါခါ လေ့လာ ကြည့်ရှုကြံစည် စိစစ်းတော်မူခဲ့လေသည်။ သို့ဖြစ်ရာ ညဝါဆို၍ အလွန် လွယ် သော ဟု၏။

အမောဃံ ကုရုမာနော၀၊ ဒိ၀သံ သမဏော ရသော။
ဗဟ၀ေါ ပေါတ္ထကေ စာပိ၊ အ၀ေက္ခတိ အနေကခေါ။

ယမိုက်ဆယ်ကျမ်း ညဝါကျမ်းကြီးကို ကမ်းတဖက်ရောက် သဘောပေါက် တတ်မြောက် နိုင်နင်းပြီးနောက် "ကျမ်းကြီးပဋ္ဌာန်း ကျမ်းငယ် ဆန်း ကျမ်းလတ် ဓာတုကထာ" ဟူသည်နှင့်အညီ ကျမ်းကြီးများ အနက် အခက်ဆုံးဟု နာမည် ကျော်သော အနန္တနယ သမန္တပဋ္ဌာန်းကျမ်းတော်ကြီးကို အကောက် ညဝါဆို ရိုးဖြင့် ပါရင်ကူးမြောက် ပေါက်ရောက်ကျမ်းကျင် လိမ္မာနိုင်နင်းအောင် သင်ယူတော်မူခဲ့လေသည်။

ပဋ္ဌာနဥ္စာတိဂမ္ဘီရံ၊ ဂမ္ဘီရနယမက္ကိတံ။
အန္တရေ သော ဌပယိတ္ဝာန၊ ပဋ္ဌာနေသု သုကော၀ိဒေါ။

ပဋ္ဌာန်ကျမ်း၏ ပရိကမ်

အသာဓာရဏ မဟာဝဇိရ သဗ္ဗညုတ ဉာဏတော်၏ ကုန်မြူးစမယ် တင့်တယ်တော်မူရာ ဖြစ်သော အနန္တနယ သမန္တ ပဋ္ဌာန်း ကျမ်းတော်ကြီးကို မဟောမီ မရွတ်မီ မဝင်မီ စေတီပုထိုးဦ ထီးတင်လိုလျှင် ဦးစွာပဌမငြမ်းပြင်ဆင် ပြီးမှ ထီးကိုဘင်နိုင်သကဲ့သို့ ရှေးဦးစွာ ၂-ချက်စု, သုံးချက်စု, ပစ္စည်းပြိုင်, ရာသီ စုတို့ကို ခက်ဆစ်ခက်ရာနှင့် တက္ခ ဒိုးကဲ့သို့ မေ့ အာဂုံကျေပြွန်မှ ဟောနိုင်သည် ဖြစ်ရာ ပဋ္ဌာန်းပါဠိတော်ကြီးနှင့်တက္ခ ကျန်အဘိဓမ္မာ ၆-ကျမ်းပါဠိတော်များကို အဋ္ဌကထာနှင့်တက္ခ ဆိုဝါဖြင့် သင်ယူခဲ့ပြီးရုံမ့က ပဋ္ဌာန်းကျမ်းကြီး ပရိကမ် ဖြစ်သော ၂-ချက်စု, ၃-ချက်စု, ပစ္စည်းပြိုင်, ရာသီစုတို့ကို နှလုံးအိမ်တွင်း ထည့် သွင်းပြီးဖြစ်သော တကယ့်ပါရမီရှင် အာဇာနည် အမျိုးကောင်းသား ဆရာတော် လောင်းလျာ အတွက် ပဋ္ဌာန်းအရကောက် အားလုံးသည် အပြုံး မပျက်ပဲ အလွယ်နှင့် ပါရင် ပေါက်ရောက် အောင်လံ စိုက်ဆောက်ကာ တတ်မြောက် ကျမ်းကျင်တော်မူခဲ့လေသည်။

ပဌမံ သိက္ခိတဗ္ဗာနိ၊ သိက္ခိတ္ဝာ သိက္ခိတာ ပရော။
ထေရော သော သုသုခေနေ၀၊ ပဋ္ဌာနဿ ပါရံ ဂမိ။

ကြိုတင်၍ သဘောပေါက်နိုးကြားခဲ့

ဆရာတော်လောင်းလျှာသည်—

"ပရမတ္ထ၊ သဘာဝ၏၊ အတ္ထအရာ၊ စိစစ်ဖြာသော်၊ ဝေဒနာငါးခု၊ ဟောတုခြောက်စုံ၊ အာရုံဒွါရ၊ ကိစ္စဝတ္ထု၊ ခြောက်ပါးစုန္ဒင့်၊ ရှစ်ခုမဂ္ဂင်၊ ဗောဇ္ဈင်ခုနစ်၊ စိစစ်ရေမှတ်၊ ဣဒ္ဓိပါဒ်လေးခု၊ လေးစုံသြဃ၊ ယောဂ လေးနေ၊ လေးထွေသစ္စာ၊ လေးဖြာပရမတ်၊ ဓာတ်နှင့်ခန္ဓာ၊ ပုဗ္ဗာပရ၊ ဗလဣန္ဒြေ၊ မှတ်ထွေရှေးနှောင်း၊ စုပေါင်းနာမ်ရုပ်၊ ဖြစ်ချုပ်ဝီထိ၊ စုတိပဋိသန္ဓေ၊ လည်ပြန်ဘဝင်၊ တဖျင်ဖျင်ကို၊ သိမြင်နွေဘိုင်း၊ ဉာဏ် ကသိုဏ်းဖြင့်၊ ဆစ်ပိုင်းနည်းနာ၊ ဘိဓမ္မာ၌၊ ဒီသာဆယ်ရပ်၊ ဆယ်ထပ် ကဲမျိုး၊ ထက်အောက်ကြိုး၍၊ နှံကျိုးသေချာ၊ မြတ်ဆရာဝယ်၊ သြဝါ ဆုံးမ၊ ခယမြဲမြံ၊ ကိုယ်ကိုန့်မှ၊ မာန်စောင့်ချ၍၊ ဘဝနိဿရဏ၊ ဝဋ်မှ လွတ်ကင်း၊ စာသင်ခြင်းဖြင့်၊ မပျင်းနိုင်စေကုန် သတည်း[၁]"။

ဟူသော အရှင်ဓမ္မသာမိ၏ အဆုံးအမကို ကြိုတင် သဘောပေါက် နားလည် နိုးကြားတော် မူခဲ့လေသည်။

တန္ခစ်တင်းတင်းဖြင့် ညဝါသရဖူဆောင်း တတ်မြောက်ခဲ့

ဆရာတော် လောင်းလျှာ ရှင်ပဉ္ဉာသည် မင်းရွာ ဆရာတော် အရှင် အရိယ-ဝံသထံတော်၌ တန္ခစ်တင်းတင်းဖြင့် အဘိဓမ္မာ ညဝါအားလုံးကို ထုံးကဲ့သို့ ချေရေကဲသို့ နှောက် ပါရဂူမြောက် တစ်ခေါ် လောက်အောင် သရဖူဆောင်း တတ် မြောက်ခဲ့လေသည်။ အဘိဓမ္မာ ညဝါမျှားအတွက် လုံလောက်ပြီဖြစ်သဖြင့် ကျေးဇူးတော်အနန္တ မျှားလှသော ဆရာတော် အရှင်အရိယဝံသအား ရိုသေ မြတ်နိုးစွာ ရှိခိုးဦးတော်တင်၍ အခွင့်ရယူပြီး ရွှေရေးဆောင်ဆရာတော် ဦးကြည် ထံသို့ ကြွရောက် သီတင်းသုံးတော်မူခဲ့လေသည်။

အာစရိယံ နမိတ္ဝာန၊ ရွှေရေးဆောင် ထေရသန္တိကံ။
ထေရကံ့ရော သုတတ္ထိကော၊ ဥပါဂမိ သုဓီတိမာ။

တေဝိဇ္ဇသတိမပိုင်း

ရွှေရေးဆောင် ကျောင်းတိုက်

မန္တလေးမြို့ တောင်ပြင် မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်ကြီး ကိန်းဝပ်တော်မူရာ ဂန္ဓကုဋီကျောင်းတော်ကြီးမှ အနောက်ဖက်သို့ သွားသော စောင်းတန်း

၁။ ရှင်ဓမ္မသာမိနိယံ ပိုဒ်ရေ -၆။

ခါးပြတ်မှနေ၍ မြောက်ဖက် ထွက်လိုက်လျှင် ဧရာရေးဆောင်ကျောင်းတိုက်ကြီးကို တွေ့ရသည်။ ဤကျောင်းတိုက်ကြီးကား သာသနာတော်၌ လွန်စွာကျော်စောကိတ္တိရှိသော ကျောင်းတိုက်ကြီး ဖြစ်သည်။ သာသနာတော်၌ လွန်စွာလွန်စွာ ကျော်စောလှသော ကျမ်းဂန်တတ် ပုဂ္ဂိုလ်များစွာတို့ သီတင်းသုံးတော်မူကြ၍ ပိဋကတ်သုံးလာနည်းစုံ သင်ယူရာ ဝိဇ္ဇာပီဋ, ဝိဇ္ဇာယတနပေတည်း။ ယင်း ကျောင်းတိုက်ကြီး၌—

၁။ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီး အဓိပတိ ဤ အဋ္ဌုပ္ပတ္တိသခင် အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်။

၂။ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီး အဓိပတိ အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ မဟာထေရ်။

၃။ တောင်သာမြို့ ကျန်းရွာတောရ အဂ္ဂမဟာပဏ္ဍိတ အရှင် အဂ္ဂဝံသ မဟာထေရ်။

၄။ မန္တလေးမြို့ အနောက်ပြင် ပတ္တမြားတိုက် အဂ္ဂမဟာပဏ္ဍိတ အရှင် ဇာဂရမဟာထေရ်။

၅။ မန္တလေးမြို့ အနောက်ပြင် ဝေယံဘုံသာတိုက် အဂ္ဂမဟာပဏ္ဍိတ အရှင်ကလျာဏ မဟာထေရ်။

၆။ မန္တလေးမြို့ မြောက်ပြင် မိုးထိတိုက် အဂ္ဂမဟာပဏ္ဍိတ အရှင် ဇာဂရမဟာထေရ်။

၇။ မန္တလေးမြို့ တောင်ပြင် ဘုရားကြီးတိုက် တောင်ပြင် ဒက္ခိဏာရာမတိုက် ရွှေဘုန်းရှိန်ကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးကြယ်။

၈။ ရန်ကုန်မြို့ ဘုရားကြီးတိုက် အဂ္ဂမဟာပဏ္ဍိတ အရှင် ကောဏ္ဍည မဟာထေရ်။

၉။ ရန်ကုန်မြို့ ဒေဝသာဂရသိမ်ကုန်းတိုက် အဂ္ဂမဟာပဏ္ဍိတ အရှင် ရေဝတမဟာထေရ်။

၁၀။ ခရမ်းမြို့ ကိုင်းကုန်းကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ အရှင် သုဒဿနမဟာထေရ်။

၁၁။ စစ်ကိုင်းတောင်ရိုး ဓမ္မာစရိယချောင် အဂ္ဂမဟာပဏ္ဍိတ အရှင် ဝိမလဗုဒ္ဓိ မဟာထေရ်။

၁၂။ သိန္နီမြို့ မင်္ဂလာရုံတိုက် အဂ္ဂမဟာပဏ္ဍိတ အရှင် အာလောက မဟာထေရ်။

၁၃။ ယိုးဒယားနိုင်ငံ ဝပ်ပန်းမြို့ ဝပ်တမအိုကျောင်း အဂ္ဂမဟာပဏ္ဍိတ အရှင်နေမိန္ဒမဟာထေရ်။

၁၄။ ရန်ကုန်မြို့ ကြည့်မြင်တိုင် ဇေယျဝတီကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ အရှင်ဥက္ကံသ မဟာထေရ်။

၁၅။ ရန်ကုန်မြို့ ပုဇွန်တောင် ဘုရားဖြူတိုက် အဂ္ဂမဟာပဏ္ဍိတ အရှင် ပညာဝံသမဟာထေရ်။

၁၆။ စစ်ကိုင်းတောင်ရိုး သာသနာ့ရိပ်သာ အဂ္ဂမဟာပဏ္ဍိတ အရှင် သုန္ဒရမဟာထေရ်။

၁၇။ မင်းကွန်း ဓမ္မနာဒချောင် အရှင်ပညာစက္ကမဟာထေရ် စသည့် အရာမက များစွာသော ပညာရှင်တို့ နေထိုင်ရောက်ရှိ ပညာသင်ခဲ့ကြကုန်၏။

ယင်း ရွှေရေးဆောင် ကျောင်းတိုက်ကြီးကို ၁၁၄၃-ခုနှစ်တွင် အမရပူရမြို့တော်၌ နန်းတက်သော ဘိုးတော်မင်းတရားကြီး၏ ကြင်ယာတော် တောင်ရွှေရေးဆောင် မိဖုရားကြီး သီရိမဟာမင်္ဂလာဒေဝီက သုံးထပ် ဇေတဝန် ရွှေကျောင်းတော်ကို ဝေယျစံလွှတ် အမှည်တပ်ဘော်မူ၍ သက္ကရာဇ် ၁၁၅၃-ခုနှစ် ပြာသိုလဆန်း ၁၁-ရက်နေ့တွင် အရှင်နှစ်ပါး ထုတ်တော်မူ၍ အရှင်ဩဘာသဓမ္မထေရ်အား တင်လှူတော်မူခဲ့သည်။ အရှင်ဩဘာသ နောက်တွင် ဒုတိယမြောက် ဆရာတော်မှာ "နရိန္ဒာဘိသိရိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ပုလဲဆရာတော် အရှင်နရိန္ဒ ဖြစ်လေသည်။ တတိယမြောက် ဆရာတော်မှာ "ဉာဏဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ အရှင်ဉာဏ မဟာထေရ် ဖြစ်လေသည်။ စတုတ္ထမြောက် ဆရာတော်မှာ "အာစယ (အာစာရ) ဝံသဓဇသီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ အရှင်အာစယ (အရှင်အာစာရ) မဟာထေရ် ဖြစ်လေသည်။ ပဉ္စမမြောက် ဆရာတော်မှာ "ပဏ္ဍိတဓဇသီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ မိုင်းခိုင်ဆရာတော် ဖြစ်လေသည်။

ရွှေရေးဆောင် ဆရာတော် ဦးကြည်

မိုင်းခိုင်ဆရာတော် ပြန်လွန်တော်မူပြီးနောက် ဆရာတော် ဦးကြည်သည် ရွှေရေးဆောင် ကျောင်းတိုက်ကြီး၏ အဓိပတိ ဖြစ်တော်မူသည်၊ စာပေတတ်မြောက်သည်ဟု လွန်စွာကျော်စောကီတ္တိ ရှိလှသည်။ "အနောက်ပြင် စိန်တလုံး, တောင်ပြင် ကြည်တလုံး" ဟူ၍ ဆိုရိုးစကားရှိရာ အနောက်ပြင် စိန်

တလုံးမှာ အနောက်ပြင် တောင်သမန်တိုက်မှ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးစိန္တာ ဖြစ်လေသည်။ တောင်ပြင် ကြည်တလုံးမှာ ဆရာတော် ဦးကြည် ဖြစ်သည်။ ဆရာတော်ဦးကြည်သည် ပြင်းခြံခရိုင် တောင်သာမြို့နယ် မန်ကျည်း ချိုရွာ၌ အဖ ဦးကြာဝင်း, အမိဒေါ်ကြယ်တို့မှ သက္ကရာဇ် ၁၂၁၉-ခု ဝါဆို လဆန်း ဂ-ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူသည်။ ရှင်ရဟန်းပြု သာသ နာ့ဝန်ကို ထမ်းဆောင်တော် မူခဲ့သည်။ ဉာဏ်လွန်စာ ထက်မြက်သည်။ ၁၃-နှစ် တွင် ပဌမငယ်, ၁၄-နှစ်တွင် ပဌမလတ်, ၁၅-နှစ်တွင် ပဌမကြီးတန်း စာမေးပဲ့တို့ ကိုအသီးသီးအောင်မြင်တော်မူသည်။ ၁၈-နှစ်တွင် ပဌမကျော်တန်း အောင်မြင် တော် မူခဲ့သည်။ စာချုလည်း အလွန်ကျော်သည်၊ စာလိုက်သံဃာ ၇၀၀-ကျော် အထိ များပြားကြောင်းသိရသည်။ ဆရာတော်သည်—

၁။ ဂမ္ဘီရတ္ထ နိယာမခေါ် ဋ္ဌရေးဆောင်နိယံ

၂။ ဂမ္ဘီရတ္ထနိယာမဝိဿဇ္ဇနာကျမ်း

၃။ သောတုဇနဟိတကာရိကျမ်း

၄။ သိမ်လင်္ကာ

၅။ သုဗောဓာလင်္ကာတက ဗေဒင်ကျမ်း

၆။ သဒ္ဒတ္ထ ဘေဒစိန္တာဒီကာဟောင်းနိဿယ

စသည့် ကျမ်းဂန်တို့ကိုလည်း ပြုစုတော်မူခဲ့သည်။

၁၂၉၇-ခုနှစ် တန်ခူးလဆုတ် ၄-ရက် တနင်္ဂနွေနေ့တွင် ပြန်လွန်တော် မူသည်[၁]။

ဆရာတော်လောင်းလျာ ဆရာတော်ဦးကြည်ထံ ဆက်လက် ပညာသင် အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာလောင်းလျာသည်—

ပဏ္ဍိတော သုတသမ္ပန္နော၊ ယတ္ထ အတ္ထိတိ စေ သုတော။
မဟုဿာဟေန တံ ဌာနံ၊ ဂန္တ္ဗ့ဝံ သုတေသိနာ။

သုတေသီပုဂ္ဂိုလ်တို့မည်သည် သုတကုံလုံ ပြည့်စုံလောက်၌ ကျော်ပေါက် ပြသည့် ကဝိဂိုဏ်းဝင် ပညာရှင် သုခမိန်ပုဂ္ဂိုလ်တို့ ရှိရာသို့ ကြီးမားသော လုံ့လဝီရိယဖြင့် သွားရောက် သင်ယူလေ့လာ ဆည်းပူးရမည်ဟူသော နိတိ ဆရာတို့၏ ဥပဒေသအတိုင်း—

"အာဘိုရွေးလာ သာသနဝံသ နိဿယမူ နှစ်ဆူနေလ ထွန်းတောက် ပသို့ ဉာဏခေါင်ထိ တရိဆေက ဂန္ဆပါရဂူ လင်းယဉ်ထူသော ဝိဒူပါမောက်

၁။ အကျယ် မန္တလေး သာသနာဝင်ကျမ်း ဋ္ဌရေးဆောင် သာသနာဝင်ကြည့်။

မုန်သောက်မာတင် နွယ်ဝင်ဇာတိ ရာဇာဓိရာဇ် မင်းဆရာဟု ရွှေဗျာခတ်နိုပ် တံဆိပ်တော်ရ သုံးလူ့ဘ၏ သုံးဝသာသနာ တန်းခိုးဖြာသော စန်, ဉ, ဂု, နန်၊ဆင့်ရန်တထွေ၊ သူ, ဥ, သု, ပဏ်၊ ရှစ်တန် ထေရ်မော် ကျွန်းလုံးကျော်တို့ ရွှေသော်ဆရာ နောက်မှာသိသာ ဆင့်ဆင့်ပြလော့ ဝံသစင်ကြယ် ငါတို့နွယ်တည်း"—ဟူသည်နှင့်အညီ[၁]–

"စန္ဒမဥ္ဇူသာလင်္ကာရ တိပိဋကရ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ အရှင်စန္ဒမဥ္ဇူသာထေရ်။ ၎င်း၏တပည့် "ဉာဏသာဂရ ကိတ္တိဇယဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ကျော်အောင်စံထား ဆရာတော် အရှင်ဉာဏ။ ၎င်း၏တပည့် "ဂုဏာလင်္ကာရသဒ္ဓမ္မ ဇောတက-မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ မင်းအိုဆရာတော် အရှင်ဂုဏ။ ၎င်း၏တပည့် "နန္ဒာဘိဓဇ သီရိသဒ္ဓမ္မဇောတက မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ပဌမ ဗားကရ ဆရာတော် အရှင်ဓမ္မာဘိနန္ဒ။ ၎င်း၏တပည့် "သူရိယာဘိဝံသ သီရိပဝရာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ သဲအင်း သာသနာပိုင်ဆရာတော် အရှင်သူရိယ။ ၎င်း၏တပည့် "ဥယျဓမ္မာလင်္ကာရဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဒုတိယမောင်းထောင်ဆရာတော် အရှင်ဥယျဓမ္မ။ ၎င်း၏တပည့် "သုဒဿနဓဇ ဓမ္မသာမိသီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ မဟာဇောတိကာရာမစံကျောင်း ဆရာတော် အရှင်သုဒဿန။ ၎င်း၏တပည့် "ပဏ္ဍိတဓဇ သီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ မိုင်းခိုင်ဆရာတော် အရှင်ပဏ္ဍိတ[၂]။ ၎င်း၏တပည့် တိပိဋကဝဇီရဟု သြကပပဟိတ် ဂုဏ်နိမိတ်ကြောင့် အရှင်အာဒိစ္စရံသီမည်သော ဆရာတော်ဦးကြည်ထံ၌လည်း ၂-နှစ်ခန့် သီတင်းသုံးတော်မူ၍ သိဟိုဠ်ကျွန်း အရှင်အာနန္ဒာ ရေးသားစီရင်တော်မူခဲ့သော ဝါကျအနေအထား ခက်ခဲသိုသိပ်သော ကျမ်းဟု နာမည်ကြီးသော မူလဋီကာကျမ်း ဆိုဝါဖြင့် သင်ယူတော်မူခဲ့လေသည်။

ယ်င်းသို့ မူလဋီကာကို ဆိုဝါဖြင့် သင်ယူတော်မူရင်း—

ဝါကျသွား ဝါကျလာ အမျိုးမျိုး၊ အနုသန္ဓေအထွေထွေ၊ ကျမ်းရိုးအသွယ်သွယ် အဓိပ္ပါယ်အဖြာဖြာ၊ ဌပနာပဋ္ဌာန၊ ဌပနာဆက္က-စသည့်, နည်းနာနယစုံကို အပြီးသတ် သင်ယူတော်မူခဲ့လေသည်။

အာဒိစ္စရံသိနာမဿ၊ ထေရဿာပိ ယသဿိနော။
နာနာနယေပိ ဥဂ္ဂဏှိ၊ ပိဋကေ ကောဝိဒါ ဝိဒူ။

၁။ ရွှေရေးဆောင်နိယံ နိဂုံး- ၅၄—နှာ။
၂ ဘွဲ့ထူးဂုဏ်ရည်မျှား နိယာမဝိဿဇ္ဇနာလာရှိသည့်အတိုင်း ရေးသည်။

စတုဝီသတိမပိုင်း

ဖက်ပင်အိုင့်ဆရာတော် ဦးဒီပ

ဖက်ပင်အိုင့်ဆရာတော် ဦးဒီပသည် မန္တလေးမြို့ အရှေ့ပြင် မဟာဓမ္မိကာရာမ စလင်းတိုက်၌ ကြာမြင့်စွာ စာပေပို့ချ၍ သီတင်းသုံးခဲ့သည့် ပရိယတ်အရာလွန်စွာကျော်ကြားသည့် ဆရာတော်တပါး ဖြစ်တော်မူသည်။ ဗေဒင်ကျမ်းဂန်များကိုလည်း တတ်ကျွမ်းတော်မူသည်။ မြင်းခြံခရိုင် ဖက်ပင်အိုင့်ရွာ၌ သက္ကရာဇ် ၁၂၁၇-ခုနှစ် ပြာသိုလဆန်း ၇-ရက် စနေနေ့တွင် ဖွားမြင်တော်မူသည်။

၁၂-နှစ်သား အရွယ်တွင် ရှင်သာမဏေဝတ် သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့သည်။ သက်တော် ၁၈-နှစ်ရှိရာ ၁၂၃၅-ခုနှစ်တွင် မန္တလေးမြို့ အရှေ့ပြင် မဟာဓမ္မိကာရာမ စလင်းတိုက်သို့ရောက်၍ ပဌမစာချ ဦးဥတ္တရ, ရေနံချောင်းဆရာတော် ဦးဇာဂရ, ပဌမစာချ ကင်းဝန်မင်းကြီးဆရာတော် ဦးလွဲတို့ထံ ပညာသင်ကြားခဲ့သည်။ သက်တော် ၂၀-တွင် "ကေတုဓဇာဘိသီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု" စသည့် ဘွဲ့တံဆိပ်တော် သုံးထပ်ရဆရာတော် ဦးကေတုမာလာကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။ ရဟန်း ၅-ဝါတွင် ပဌမစာချဖြစ်လေသည်။ ၁၂၅၀-ပြည့်နှစ်မှစ၍ ဖက်ပင်အိုင့်၌ စာပေချပို့ သီတင်းသုံးတော်မူခဲ့လေသည်။ ထိုအခါမှစ၍ ဖက်ပင်အိုင့်ဆရာတော်ဟု ကျော်ကြားထင်ရှားခဲ့လေသည်။

ဆရာတော်သည်—

၁။ လက္ခဏာတ္ထယဒီပနီကျမ်း

၂။ သမ္မောဟဝိနောဒနီ အဋ္ဌကထာနိဿယသစ်

၃။ မူလဋီကာဂဏ္ဌိ

၄။ ဝါကျသခ်ၤဟ်းစာ

၅။ သံဒိဋ္ဌမဟာဋီကာကျမ်းကြီး

၆။ သူရိယသိဒ္ဓန္တသင်္ကြံတွက်နည်းကျမ်း

၇။ သံဝစ္ဆရာဒိ စတုက္ကကျမ်း

၈။ ဝါထပ်ရက်ငင်ဆိုင်ရာ အဓိမသ်ဋီကာကျမ်း

စသည်တို့ကို ပြုစုတော်မူခဲ့သည်။ သက်တော် ၈၃-နှစ်၊ ဝါတော် ၆၃-ဝါရှိရာ ၁၃၀၀-ပြည့်နှစ် တော်သလင်းလဆုတ် ၁၁-ရက်နေ့တွင် ပြန်လွန်တော်မူသည်။

ဖက်ပင်အိုင့်ထေရသေဋ္ဌော ဟိ၊ ပိဋ္ဌကေသု သုကောဝိဒေါ။
ဝေဒသတ္ထေပိ ပါရဂေါ၊ ပသိဒ္ဓေါ ဝိသိဒ္ဓေဟ သုဓ်။

ဆရာတော်အရှင်ပညာလောင်းလျာ ဖက်ပင်အိုင့်ဆရာတော်ထံ ပညာသင်

မဟာဝိသုတာရုမ နိကာယတက္ကသိုလ်ကြီး၏ အဓိပတိလောင်းလျာ အရှင် ပညာသည်—

နိပုဏော သုတ မေသေယျ၊ ဝိစိနိတ္ဝာ သုတတ္ထိကော။
ဘတ္တံ ဥက္ခလိယံ ပက္ကံ၊ ဘာဇနေပိ တထာ ဘဝေ[1]။

သုတတ္ထိကော= သင်ယူ ကြားနာအပ်သော ပရိယတ္တိဓမ္မဖြင့် အလိုရှိသော အမျိုးကောင်းသားသည်။ ဝိစိနိတ္ဝာ=သင့် မသင့်ကို တွေးချင့်ထောက်လှမ်း စူးစမ်းဆင်ခြင်ပြီး၍။ နိပုဏော=ခက်ခဲသလောက် ဝင်ရောက်ဆုံးဖြတ်နိုင်သည် ဖြစ်၍ သိမ်မွေ့သော ဉာဏ်ရှိသော ဆရာသမား၏ အထံ၌။သုတံ=ကြားနာအပ် သင်ယူအပ်သော အတတ်ပညာမှုကို။ ဧသေယျ=ရှာမှီးဆည်းပူးရာ၏။ ဟိ= လောကအရာ ဥပမာဖြင့် ထင်စွာပြဦးအံ့။ ဘတ္တံ=ထမင်းသည်။ ဥက္ခလိယံ= ချက်ရန်ထမင်းအိုး၌။ ဌိတံ=တည်နေစဉ်က။ ပက္ကံ=ကျက်ခဲ့ပါမူ။ ဘာဇနေပိ= စားမည့်ခွက်၌လည်း။တထာ=ထိုအိုးတွင်းက ကျက်ခဲ့ပြီးသည့်အတိုင်း။ ဘဝေ= ဖြစ်၏။

ထမင်းသည် မူလအိုးတွင်းက မနပ်ခဲ့ပါမူ စားရာထမင်းခွက် ထမင်းပန်းကန် ရောက်ရာအခါကျမှ မနပ်နိုင်သည်သာ။ ထို့နည်းတူစွာ ဆရာသမားတို့ထံ နာခံ သင်ကြားစဉ်က နူးနူးနပ်နပ် မရှိခဲ့လျှင် နောင်အခါ ဘယ်မှာ နပ်လိမ့်မည်နည်း၊ ဆရာက မကျက်လျှင်ကား ဘယ်မှာ ဆိုဖွယ်ရာ ရှိအံ့နည်း။ ဆရာက မကျက် လျှင်ကား တပည့်လည်း မကျက်မည်မှာ သေချာသည်၊ မကျက်ပဲ အသုံး မဝင်သည့် တပည့်ဖြစ်တတ်သည် ဟူသော နီတိကို သဘောပေါက်တော်မူ သဖြင့် ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် ဖြစ်စိမ့်သောငှါ စောက်ချ၍ စာချလုပ်ငန်းမဝင်မီ အထက်ဖော်ပြပါ ဖက်ပင်အိုင့်ဆရာတော် ဦးဒီပအထံ၌လည်း လအနည်းငယ် စာပေဖြတ်ထုံးမျှားကို လေ့လာဆည်းပူးခဲ့လေသည်။

ဘဒန္တဒီပထေရဿ၊ ဒီပဿာပိ သုဝိညေ့နော။
ပညာဒီပံ သုဇောတေတုံ၊ သဋ္ဌိနိ နိစ္ဆယံ ဗဟုံ။

ပရိယတ်အတွက် လုံလောက်ပြီ

ဆရာတော်လောင်းလျာ အရှင်ပညာသည်—

တဆရာပြီး ဟဆရာ ပရိယတ္တိသာသနာ တည်ဆောက်ရေးအတွက် လွန်စွာကြိုးပမ်းတော်မူခဲ့သည်။

၁။ ဓမ္မနီတိ-၆၀ ဂါထာ။

မဟာထေရ　　ဂ–ပ·မ·သ·စ

သဗ္ဗသုတမဓိယတော၊ ဟိနမုက္ကဋ္ဌမစ္ဆိမေ။
သဗ္ဗဿ အတ္ထံ ဇာနေယ္ယ၊ နစ သိပ္ပံ ပယောဇယေ"။

ဟူသည်နှင့်အညီ ဆရာမျိုးစုံထံ သင်သင့်သမျှကို သင်ယူတော်မူခဲ့သည်။ စာပေချပ်မှုအလုပ် စောက်ချ၍ လုပ်လျှင်ကား စာသင်တပည့်, သာသနာနှင့် တော်လျှောက်ကိုက်ညီ အံဝင်ဂွင်ကျဖြစ်သည်ကို အသုံးပြုတော်မူရန်ဖြစ်လေသည်။

အကျိုးဖလပေါ်တော့မည်, နတ်ကူတော့မည်

"ယောကျ်ားတကာ၊ အားထုတ်ရာသည့်၊ ကြီးစွာလုံ့လ၊ ဝါယာမမူ၊ မချကောင်းချေ၊ မသေမချင်း ပြုအပ်လျှင်း၏၊ မယွင်းမှန်လှ၊ ဤလောကဌ်၊ လုံ့လမမူ၊ နတ်မကူဘူး၊ လူလည်း လုံ့လ၊ နတ်လည်း မ၏"[၂] ဟူသည်နှင့်အညီ ဆရာတော်သည် အလောင်းတော် ဇနက၏ ဝီရိယအဟန်ဖြင့်—

လွန်လွန်မင်းမင်း ကြိုးစားခဲ့သည်၊ ယင်းသို့ကြိုးစားရကား သာသနာတော် အတွက် အကျိုးဖလပေါ်တော့မည်၊ သမ္မာဒေဝ သာသနာတော်စောင့်နတ် တွေကူညီပေတော့မည်။

အကြီးအကျယ် ပဲ့လယ်တင့်တော့မည်

"ပဌမအရွယ်၊ ငယ်သော်ကတည့်၊ သိပ္ပဓေါင်အား၊ တတ်မြောက်မြားမူ၊ တောသားရန်အောင်၊ ခြသေ့ယောင်သို့၊ မရှောင်မည်ဟု၊ တင်းတင်းမာ၍၊ ပညာရဲရင့်၊ ပဲ့လယ်တင့်လိမ့်"[၃] ဟူသည်နှင့်အညီ ပဌမအရွယ်အတွင်း တတ်သင့်တတ်ရန် စာပေကျမ်းဂန်များကို အပြတ်အသတ် ပိုင်ပိုင်နိုင်နိုင် သင်ယူခဲ့သဖြင့် ဆရာတော်လောင်းလျာ အရှင်ပညာသည် အကြီးအကျယ် ပဲ့လယ်တင့်တော့မည်။

ပဉ္စဝီသတိမပိုင်း

အမိပဒုက္ကူသို့

ယင်းသို့ဖြင့် မန္တလေးမြို့ အရှေ့ပြင် ခင်မကန်တိုက်, တောင်ပြင် ရွှေရေးဆောင်တိုက်၊ ဖက်ပင်အိုင့် ဆရာတော် ဦးဒီပထံတို့၌ ညဝါ, နေ့ဝါများ ဖြတ်ထုံးများကို သင်ယူပြီး ပဒုက္ကူမြို့ တည်ထောင်ပြီးစ မိခင် မဟာဝိသုတာရာမတိုက်တော်ကြီးသို့ ပြန်ကြွတော်မူခဲ့လေသည်။

သိက္ခိတဗ္ဗေ သုသိက္ခိတ္ဝာ၊ နာနာဝိဒ္ဓနသန္တိကေ။
ဝန္ဒိတ္ဝာန သကာစရေ၊ ပစ္စာဂမိ နိဇံပုရံ။

၁။ ဓမ္မနီတိ-၂၅-ဂါထာ။ ၂။ မဃဒေဝ-၂၁၂-ပုဒ်။ ၃။ စတုဓမ္မာသာရကိုးခမ်းပျို့။

ရေစကြိုဆရာတော်ဘုရား လွန်စွာဝမ်းမြောက်

အရှင်ပညာသည် ရောက်မဆိုက် ကျေးဇူးရှင် ရေစကြိုဆရာတော်ဘုရား ကြီးထံသွား၍ ရှိခိုးကန်တော့လေ၏။ ကျန်းမာချမ်းသာစွာ အတတ်ပညာ လုံလုံလောက်လောက် ပါရဂူမြောက် တစ်ခေါ်လောက်အောင် တတ်မြောက် ထူးချွန်လာသော မိမိ၏ကာပည်ကို မိမိခြေရင်း ကန်တော့ ဦးတင်နေသည်ကို မြင်လျှင်မြင်ချင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်တော်မူ၍ မောင်ပညာ မင်း ငါယခုနေတဲ့ သာသနပါရဂူကျောင်းကြီး[1]အောက်ထပ်မှာ စာချရမည်။ ငါက အပေါ်ထပ် နေမြဲနေမည်၊ မောင်ပညာ နဂိုရိုက်လို မူမပြောင်းပဲ တရား မဟောနဲ့, ရဟန်းခံ သိမ်သမုတ်ကလဲလျှင် သာရေး နာရေးတွေ မလိုက်နဲ့၊ ကိုယ့် အနီးအနား ပစ္စည်းပစ္စယ အစားအသောက်တွေ မထားနဲ့၊ စာကိုကြိုးစားချ စသည်ဖြင့် မိန့်ကြားတော်မူလေသည်။

တုဋ္ဌဟဋ္ဌော မဟာထေရော၊ သြဝါဒမဒဒိ တဒါ။
သြဝါဒံ သော သမ္မဋိစ္ဆိ၊ သြဝါဒေ သာဒရော သုဓီ။

စာပေကြိုးစား ချပို့တော်မူခဲ့

ဆရာတော် အရှင်ပညာသည် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ သြဝါဒ အမိန့်တော်မြတ် သတပတ်ရှေကြာကို ဦးထိပ်ရွက် ပန်ဆင်ကာ သာသနပါရဂူ ကျောင်းကြီး အောက်ထပ်၌ သီတင်းသုံးတော်မူ၍ တုန်းချိန်တိုင်း ဝိနည်း, သုတ္တန်, အာဘိဓမ္မာ ပါဠိ, အဋ္ဌကထာ, ဋီကာတို့ကို ကျနသေသပ်စွာ ချပို့တော် မူလေသည်။ ညဉ့်အချိန်၌လည်း အာဘိဓမ္မာညဝါမျှားကို ချပို့တော်မူခဲ့လေသည်။

သာဋ္ဌကထံ သဋီကံ စ၊ ပိဋကတ္တယမုတ္တမံ။
ဝါစေန္တော ဇိနစက္ကဿ၊ ဝုဗိုယာ ဝါယာမံ အကာ။

တိုက်ကြပ်ဆရာတော် မြောက်ခြင်း

ရေစကြို ဆရာတော် ဘုရားကြီးသည် ပန်းစွာတိုက်မှ မဟာဝိသုတာရာမတိုက် သစ်သို့ ပြောင်းပြီး မကြာမီ ဆရာတော် အရှင်နန္ဒိယ[2]ကို တိုက်အုပ်ဆရာတော် အဖြစ် ချီးမြှောက်တော်မူသည်။ အရှင်အဂ္ဂမမှ အရှင်ပညာနှင့် အရှင်နန္ဒဝံသ တို့ကို တိုက်ကြပ်အဖြစ် ချီးမြှောက်တော်မူသည်။

၁။ မဟာဝိသုတာရာမကျောင်းတိုက်ကြီး၏ မြောက်ဖက် အပေါက်အဝင်အရှေ့ဖက်၌တည်ရှိသော ၁၃-ခန်း ၆-ခန်းရှိ သာသနဇောတိပါလ ကျောင်းကြီးဖြစ်သည်။ ၁၃၀၁-ခုနှစ်တွင် အလယ်တိုက်ကြီးနေရာမှ ရွှေဆောင်သည်။

၂။ မဟာဝိသုတာရာမ နိကာယသာသနာဝင်-၃၁၃-ကြည့်။

တိုက်အုပ်အလွဲခံ ၄-ပါး

ရေစကြို ဆရာတော်ဘုရားကြီးသည် သက်တော် ကြီးရင့်တော်မူသဖြင့် တနေ့တွင်—

၁။ အရှင်ပညာ(အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာ)

၂။ မူလတိုက်အုပ်ဆရာတော် အရှင်နန္ဒိယ(ဆရာတော်ကြီးရှိစဉ် ပြန်လွှန်)

၃။ အရှင်နန္ဒဝံသ(အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ)

၄။ အရှင်အဂ္ဂဓမ္မ (နောက်တွင် အဂ္ဂမဟာပဏ္ဍိတ ဧရှကျင်နိကာယ ဓမ္မသေနာပတိ အဘိဓာဇရာမဆရာတော်)-

ဟူသော ၄-ပါးတို့အား မိမိတည်ထောင်ထားခဲ့သော မဟာဝိသုတာရာမ စာချဖိမာန် တိုက်တာ အရံကြီးကို မိမိနည်းတူ ပရိယတ္တိသာသနာတော်ကြီးကို တိုးတက်စည်ကားအောင် ဆောင်ရွက်ကြရန် လွှဲအပ်တော်မူလေသည်။ ယင်းသို့ လွှဲအပ်ကြောင်း—

ပညာယ ပညပညာတော၊ နန္ဒိယော နန္ဒဗုဒ္ဓိကော။
ဝံသေဓော နန္ဒဝံသော၊ အဂ္ဂဓမ္မော ဓုရဂ္ဂဟော[1]။

ဟူသော ဂါထာဖြင့် ကျေးဇူးရှင် တိုက်အုပ်ဆရာတော်ဘုရားက မဟာဝိသုတာရာမထေရာပဒါန်၌ မှတ်တမ်းတင်တော်မူခဲ့လေသည်။

မဟာဝိသုတာရာမတိုက်ကြီး ဒုတိယ နာယကတာဝန်

ရေစကြို ဆရာတော်ဘုရားကြီးသည် အရှင်ပညာ ပခုက္ကူပြန်ရောက်သည်မှ စ၍ လုပ်ငန်းအချို့ကို အရှင်ပညာထေရ်အား လွှဲထားသည်။ ယင်းတို့မှာ တိုက်တာအုပ်ချုပ်ရေး, ဂဏဝါစကခန့်ရေး စသည့် လုပ်ငန်း စသည်တို့ဖြစ်ကုန်၏။ ဆရာတော်ကြီးသည် အရှင်ပညာထေရ်အား မျှားစွာ အားကိုးတော်မူသည်၊ မောင်ပညာက မလှူပ်တလှုပ်နဲ့ စာချဖိုပဲဖြစ်မယ်၊ ကျောင်းကြီး ရေနံနှာနှာသုတ် စသည်ဖြင့် မိန့်ကြားပြီး မိမိအောက်က နာယက (ဒုတိယ နာယက) လွှဲတော်မူခြင်း ဖြစ်လေသည်။ ဆရာတော် အရှင်ပညာသည် ဆရာတော်ပေးအပ်သမျှ တာဝန်, စာချတာဝန်ကို မခိုမကပ် ဆောင်ရွက်တော်မူလေသည်။

ဒုတိယနာယကတ္တေန၊ ဂန္ဆော ဂန္ဆသု ကောဝိဒေါ။
အပွယီ ပညထေရဿ၊ သပွညဿ မိတိမတော၊။

၁။ မဟာဝိသုတာရာမ ထေရာပဒါန်-၁၂၆။

မဟာဝိသုတာရုမတိုက်ကြီး၏ မဟာနာယကဖြစ်

သက္ကရာဇ် ၁၂၇၆-ခုနှစ် သီတင်းကျွတ်လဆုတ် ၂-ရက်နေ့တွင် မဟာဝိသုတာရုမတိုက်တည် အာရုမသမုဒ္ဒါပက ဒီဃဒဿီ နိကာယဏ္ဌဝပါရဂူ ဖြစ်တော်မူသော ကျေးဇူးတော်ရှင် ရေစကြိုဆရာတော်ဘုရားကြီး ဘဝနတ်ထံ ပြန်လွန်တော်မူသဖြင့် ရဟန်းသိက္ခာ ၁၇-ဝါရ အရှင်ပညာသည် ကောသလတိုင်း သာဝတ္ထိမြို့တော်၌ ရှိခဲ့ဘူးသော ဇေတဝန်ကျောင်းတိုက်ကြီးကဲ့သို့၎င်း, မဂဓတိုင်း ရာဇဂြိုဟ်မြို့တော်၌ ရှိခဲ့ဘူးသော ဝေဠုဝန်ကျောင်းတိုက်ကြီးကဲ့သို့၎င်း, ပါဠလိပုတ် နန်းမြို့တော်ရှိ အသောကာရုမတိုက်ကြီးကဲ့သို့၎င်း, သီဟိုဠ်ကျွန်း အနုရာဓမြို့တော်၌ ရှိခဲ့ဘူးသော မဟာဝိဟာရကျောင်းတိုက်ကြီးကဲ့သို့၎င်း, သီဟိုဠ်ကျွန်း ပုလတ္ထိမြို့၌ ရှိခဲ့ဘူးသော ဇေတဝန်ကျောင်းတိုက်ကြီးကဲ့သို့၎င်း ခမ်းနားလှသော မဟာဝိသုတာရုမ တိပိဋကတက္ကသိုလ်ကြီး၏ အဓိပတိမဟာနာယက ဖြစ်တော်မူသည်။

ပညော ဟိ နာယကော အာသိ၊ ဂန္ဆသာရေ ဒိဝင်္ဂတေ။
ဝိသုတာရုမနာမဿ၊ ဝိဿဝိဇ္ဇာလယဿ စ။

ကြိုးစားသူ ကျက်သရေတိုက်ဆိုက်ခြင်း

သာမဏေဘဝယ် ၁၃-နှစ်အရွယ်ခန့်ကစ၍ ရဟန်း ၁၇-ဝါတိုင် နှစ်ပေါင်း ၂၄-နှစ်တိုင်တိုင် မပြတ်ကြိုးပမ်းခဲ့သော လုံ့လဝီရိယကြောင့် မဟာဝိသုတာရုမကျောင်းတိုက်၏ အဓိပတိအရာတည်းဟူသော ကျက်သရေတိုက်သည် အရှင်ပညာထေရ်အား ခန့်ခန့်သိုက်မြိုက် ဆိုက်ရောက်ခဲ့လေသည်။

ဥယျောဂိနံ ပုရိသသိံဟာန မုပေတိ လက္ခဏံ။

လက္ခဏံ=ကျက်သရေတိုက်သည်။ ဥယျောဂိနံ=လုံးပမ်းကြိုးကုတ် အားထုတ်ခြင်းရှိကြကုန်သော။ ပုရိသသိံဟာနံ=ယောကျ်းမြတ် အာဇာနည်ပုဂ္ဂိုလ်တို့သို့။ ဥပေတိ=ခန့်ခန့်သိုက်မြိုက် ဆိုက်၏။

(ဟိတောပဒေသ၊ နိဒါနကထာ–၂၉-ဂါထာ။)

ရွှေတောင်ကြီးပြုခဲ့ရသဖြင့် မျှားစွာသံဝေဂဖြစ်

ဆရာတော် အရှင်ပညာသည် ကျေးဇူးတောင်ညို မက ပိုသည့် ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ဆသာရ ဘဝနတ်ထံ ပြန်လွန်တော်မူသည့်အတွက် အလွန်လျှင် တုန်လှုပ်ချောက်ချားတော်မူသည်၊ မိမိအတွက် ရွှေတောင်ကြီး ပြုခဲ့ပြီ, နို့စို့နွားငယ် မိခင်ကွယ်သလို ဖြစ်နေပါပြီကော၊ ယခုမှ ငါအသက် ၃၆-နှစ်၊ ရဟန်း သိက္ခာ ၁၇-ဝါမျှသာ ရှိသေးသည်၊ ဆရာတော်ဘုရားကြီး၏ ဝန်

ထုပ်ဝန်ပိုးကြီးကို ငါထမ်းဆောင်ရခဲ့ပြီ၊ တိုက်တာမှာ သံဃာတော်ကလဲ မျှားလှသည်၊ မိဖအမျိုးမျိုးက မေ့းတဲ့ ပုဂ္ဂိုလ်တော်ကို ငါဆုံးမအုပ်ချုပ်ရတော့မည် မ-ပေါင်း ရာ့ထောင်က မေ့းတဲ့ ပုဂ္ဂိုလ်တော်ကို ငါထိန်းသိမ်း ကြိုးကိုင်ရတော့မည်၊ မမှီတဲ့ပန်း တုန်းခုလိုလှမ်းသလို နေမည်လား မသိ စသည်ဖြင့် အမျိုးမျိုး အဖုံဖုံ ကြံစည်တွေးတောကာ သံဝေဖြစ်ခဲ့လေသည်။

နာနာကာရေန စိန္တေတွာ၊ သံဝေံ ဇနယိ သုဓိ။
သုဓိသုဓိ မဟာထေရော၊ ပယာတော မစ္စုနော မုခန္တိ။

ထပ်မံ သံဝေဂ ဖြစ်ပြန်

ငါ့အတွက် တကယ်ပင် ဧရွတောင်ပြို့, ငွေတောင်ကဲ့၍ စိန်တောင်ကြီး ဖရိုဖရဲ လဲကျခြင်းဖြစ်သည်၊ ငါ့ကို နဂိုရိက ဆရာတော်ကြီးက ပညာ ကိုရင်တွေ့ သိလပေးပါလား, သံဃာ့ပရိသတ် သြဝါဒ ပေးလိုက်ပါလား, ဘယ်သူ စာချဘုန်းကြီး ခန့်လိုက်ပါလား စသဖြင့် စေခိုင်းတော်မူခဲ့တယ်၊ ယခုတော့ စေခိုင်းမည့်ပုဂ္ဂိုလ် မရှိတော့ဘူး ငါက ခိုင်းရတော့မှာပါလား၊ ပညာ နှင် လုပ်ပုံတွေ့ အချိုးမတဲ့ဘူး, မင်း လုပ်လိုက်လျှင် သည်လိုချည်းပဲ စသည်ဖြင့် မန်မဲ့ ပုဂ္ဂိုလ်, မဲမဲ့ပုဂ္ဂိုလ်, ငေါက်မဲ့ ပုဂ္ဂိုလ်မရှိတော့ ပါလား, သခ်ါရတရား၏ ဓမ္မတာဟာ ကြောက်စရာလိလိပါတကား စသည်ဖြင့် ကြံတွေးခဲ့သည်။

ဒါနိ သောဏ္ဏာနဂေါ ဘိန္နော၊ ရဇတာစလော ပဘိဇ္ဇတိ၊
ဝဇိရာစလောပိ ပတိတော၊ အဟော သခ်ါရဓမ္မတာ။

ထပ်၍ ထပ်၍ သံဝေဂဖြစ်

ရှေးကြိုဆရာတော်ကြီးက ငါ့အား အမြဲတစေ ပညာအလင်းကြီးပေးတာပဲ၊ ယနေ့ဆို ပညာအလင်းကြီးပေးတဲ့ ပုဂ္ဂိုလ်ကြီး မရှိတော့ဘူး၊ အမှန် ငါ့အဖို့ နေ့, လ, ကျွတ်ကျတာပဲ၊ တကယ့်တကယ်တော့ ငါစာတတ်ဆိုတာ ဆရာတော်ကြီးနဲ့ စာတော့ ငါက နွားခြေရာကွက်ထဲက ရေ၊ ဆရာတော်ကြီးက ပင်လယ် သမုဒ္ဒရာပဲ၊ စင်စစ်တော့ ငါ့အဖို့ရာ သမုဒ္ဒရာပင်လယ် ခန်းခြောက်ခဲ့ပြီ။ဆရာတော်ကြီးက မကြာမကြာ အမရပူရခေတ် သာသနာ့ အတွေ့အကြုံတွေ, မန္တလေးရတနာပုံခေတ် သာသနာ့အတွေ့အကြုံတွေ, မောင်းထောင်သာသနာပိုင် ဆရာတော်ဘုရားကြီး ဦးဥေ ယျထံတွေ့ခဲ့တဲ့ အတွေ့အကြုံတွေ, သစ်ဆိမ့်တိုက် ဆရာတော် ဦးပညာသီဟထံက အတွေ့အကြုံတွေကို ငါ့အား မကြာမကြာ မိန့်ကြားတော်မူတယ်၊ ငါ မသိလို့ လျှောက်လိုက်လျှင် ဟဲ့ ပညာ သည်လိုကွဲ့ စသည်ဖြင့် တောက်တပို့ ဖြဆိုမိန့်ကြားတော်မူတယ်၊တကယ်တော့ ဆရာတော်ကြီးက ငါ့ရဲ့ ပဒေသာပင်ကြီးပဲ၊ ယခုတော့ ပဒေသာပင် လဲပါပေါ့လား။ သာပေမဲ့ တို့ ဆရာတော်ကြီး ဆရာ့ ဆရာတွေလဲ ပြန်လွန်တော် မူကြပြီ။ သုံးလောက

ဥသျှောင် ငါးမာရ်အောင် ဘုရားတောင် နိဗ္ဗာန်လားတော် မူရလျှင် တို့ ဆရာတော်ကြီးကော ဘာမို့ ခံနိုင်ရမည်လဲ၊ ငါလဲ တနေ့ သည်လမ်းလိုက်ရ မှာပါလား၊ သြော် သခ်ါရတရားတော့ ကြောက်စရာ ကောင်းလိုက်ပါဘိ စသည်ဖြင့် အမျိုးမျိုးတွေး၍ သံဝေဂ ဖြစ်တော် မူခဲ့လေသည်။

ပတိတော စန္ဒသူရော ဟိ၊ သုသုက္ခော သာဂရော မမ။
ကပ္ပတ္တရ အန္တရမာယံ၊ ဓိဓိသခ်ါရဓမ္မတာ။

အစ္စမ်းကုန် သာသနာဝန် အားသွန်ကြိုးပမ်းထမ်းဆောင်မည်

တဖန် ဆက်လက်၍ ငါ့ကို ကျေးဇူးရှင် ဆရာတော်ကြီးက အတတ်ပညာ နှင့် တိုက်တာ တပည့်တပန်း ရဟန်းသံဃာတို့ကို အုပ်ချုပ်ပုံ နည်းနာ နယတွေ့ ဆရာစား မချန် ပေးအပ်ခဲ့သည်၊ ကျယ်ကျယ် တမျိုး တိုးတိုးတဖုံ သွန်သင်စရာ ရှိသမျှ သွန်သင်လို့ ငါသိထားရပြီ၊ စာပေနှင့် ပတ်သက်၍ လိုလေသေး မရှိအောင် မွေနှောက်ပြီးပြီ၊ မင်းရွာဆရာတော်, ဆရာတော် ဦးကြည့်, ဆရာတော်ဦးဒီပ စသော ပုဂ္ဂိုလ်မြတ်တို့မှ ရလိုက်သည့် နည်းစုံတွေကို အိတ်သွန်ဖာမှောက် အသုံးချပြီး ငါသည် အရိုးကျေကျေ အရေခန်းခန်း သာသနာ့ အတွက် အစ္စမ်းကုန် ကြိုးပမ်းမည်ဟု ကြံစည်၍ ဆုံးဖြတ်ချက်ချလေပြီ။

ဒါနိ နမေ သောစနာယ၊ ဥဿာဟကရဏာယ ဝေ။
ဥဿာဟံ ကရိဿံယေဝ၊ သာသနဿ ဝိရုဠှိယာ။

ရေစကြိုဆရာတော်ဘုရားကြီး၏ အလောင်းတော်ကို သင်္ဂြိဟ်ပူဇော်ခြင်း

ကျေးဇူးရှင် ရေစကြို ဆရာတော်ဘုရားကြီး၏ အလောင်းတော်ကို ခန္ဓီး ဆရာတော်ဦးစန္ဒိမာ, ရွှေဘိုဆရာတော် ဦးဝိလာသဂ္ဂ, ဆရာတော်အရှင်နန္ဒဝံသ, ဆရာတော် အရှင်သုန္ဒရ အစရှိသော တပည့်ကြီးတို့နှင့် တိုင်ပင်၍ ၁၂၇၆-ခုနှစ် တန်ဆောင်မုန်းလဆန်း ဂ-ရက်နေ့တွင် အခမ်းအနားဖွင့်ပွဲ သဘင် ကျင်းပစေတော်မူ၍ ရွှေခေါင်း, ငွေခေါင်း, ကျောက်စီခေါင်း, စိန်ခေါင်း စသည်တို့ဖြင့် ၎င်း,ပြာသာဒ်ထည်ရေ ၁၀၀(တရာ)တို့ဖြင့်၎င်း ဂ-ရက်တိုင် ပူဇော်စေတော်မူပြီး ၁၂၇၆-ခု၊ တပေါင်းလဆုတ် ၁-ရက်နေ့တွင် ရိုးတော်မြေကျ စျာပန ကိစ္စကို ကျင်းပ သင်္ဂြိဟ်စေတော်မူခဲ့လေသည်။ အရိုးတော် ဓာတ်တော် များကိုလည်း ပခုက္ကူမြို့ မြောက်ဖက်ရှိ ကူတောင်၌ စေတီတည်၍ ဌာပနာ စေတော်မူခဲ့လေသည်[၁]။

၁။ ပခုက္ကူသာသနာဝင်- ၆၉-၇၁။ မဟာဝိသုတာရာမ နိကာယသာသနာဝင်- ၅၁၉-၅၂၁။မဟာဇေရဝုတ္တန္တပ္ပဒီပိကာ - ၂၄၅-၂၄၆တို့ကြည့်။

နှစ်စဉ် ရေစကြိုဆရာတော်ကြီး အရိုးကို ပူဇော်

ဆရာတော် အရှင်ပညာသည် နှစ်စဉ် သီဟင်းကျွတ်လဆုတ် ၁-ရက်နေ့တွင် ရေစကြို ဆရာတော်ဘုရားကြီး၏ အရိုး ဓာတ် ဌာပနာရာ ဂန္ဆသာရစေတီတော်ကို ဆီမီး, ဖယောင်းတိုင်, လျှပ်စစ်မီး စသည်တို့ဖြင့် ထွန်းညှိပူဇော်တော်မူလေ့ရှိသည်။ နောက် ဆရာတော်မျှားနှင့် ဂဏဝါစက ဆရာတော်တို့သည်လည်း နှစ်စဉ် သီတင်းကျွတ်လဆုတ် ၁-ရက်နေ့ ညနေတိုင်း သွားရောက် ဖူးမြော်လေ့ရှိကြကုန်၏။

ဘဒန္တပညာထေရော ဟိ၊ ဂန္ဆဓာတုနိဓာနကံ။
ဝန္ဒိတ္ဝာ ပူဇယိတ္ဝာန ၊ပတိဂ္ဂဏှံ အကာသိ သော။

ပါရမီဖြည့်ဖက် အကူအညီ ဆရာတော်များ

ဆရာတော် အရှင်ပညာ ဆရာတော်ဘုရားကြီး မဟာဝိသုတာရာမတိုက်ကြီးကို အဓိပတိ မဟာနာယက ပြုလုပ်၍ ပရိယတ္တိ သာသနာတော်ကို အစွမ်းကုန် ကြိုးပမ်းစဉ်—

၁။ ဆရာတော် အရှင်နန္ဒဝံသ (နောက် အဂ္ဂမဟာပဏ္ဍိတ, ညောင်ဦးဆရာတော်, ညောင်တုန်းဆရာတော်, မဟာဝိသုတာရာမ ပခုက္ကူဆရာတော်)[၁]

၂။ ဆရာတော် အရှင် ဇဝန (နောက် အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု, မဟာဒီဃယာရာမ သမုဋ္ဌာပက ဆရာတော်)

၃။ ဆရာတော် အရှင်သုန္ဒရ (နောက် အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု,မဟာဝိသုတာရာမ ပခုက္ကူဆရာတော်)

၄။ ဆရာတော် အရှင်ကောဏ္ဍည (နောက် အဂ္ဂမဟာပဏ္ဍိတ, ရန်ကုန်မြို့ခြောက်ထပ်ကြီးတိုက် အာရာမသမုဋ္ဌာပက ဆရာတော်)

စသည့်မထေရ်မြတ်တို့သည် ဆရာတော် ရှင်ပညာအား မျှားစွာ ကူညီကြကုန်၏။ စင်စစ်မူကား အရှင်နန္ဒဝံသစသော မထေရ်မြတ်တို့သည် အရှင်ပညာထေရ်၏ ပါရမီဖြည့်ဖက်, သာသနာပြုဖော် ရဲဘော်တို့ ဖြစ်ကြကုန်၏။

နန္ဒဝံသာဒယော ထေရာ၊ နန္ဒနကာရကာ ဝိဒ္ဒါ။
ပညာထေရဿ ထမ္ဘေသုံ၊ ဇိနစက္ကဿ ဧဇောတနေ။

၁။ ၎င်းဆရာတော်မှာ မဟာဝိသုတာရာမတိုက်ကြီးကို ၄-ပါး လွှဲစဉ်က ပါဝင်သည့် ဆရာတော် ဖြစ်သည်။

ဆဗ္ဗိသတိမပိုင်း

ကျမ်းစာအမျိုးမျိုးကို ချပို့တော်မူခဲ့

ဆရာတော်ဘုရားကြီးသည် ကခ်ီ,ဋ္ဌီကာကျော်, ရူပသိဒ္ဓိ-မှစ၍ ပိဋကအားဖြင့် ဝိနည်း ပိဋက, သုတ္တန်ပိဋက, အဘိဓမ္မာပိဋကဟူသော ပိဋကသုံးပုံ, နိကာယ်အားဖြင့် ဒီဃနိကာယ်, မဇ္ဈိမနိကာယ်, သံယုတ္တနိကာယ်, အင်္ဂုတ္တရနိကာယ်, ခုဒ္ဒကနိကာယ်-ဟူသော နိကာယ် ငါးရပ်, အင်္ဂါအားဖြင့် သုတ္တ, ဂေယျ, ဝေယျာကရဏ, ဂါထာ, ဥဒါန, ဣတိဝုတ္တက, ဇာတက, အဗ္ဘုတဓမ္မ, ဝေဒလ္လ ဟူသော အင်္ဂါ ၉-တန်, ဓမ္မက္ခန္ဓာ ပေါင်း ရှစ်သောင်း လေးထောင် (၈၄၀၀၀) ကျော်သော ပါဠိတော်နှင့် အဋ္ဌကထာ ဋ္ဌီကာတို့ကို ချပို့မှု၌ လွန်စွာနိုင်နင်းတော်မူသည်။ လွန်စွာနိုင်နင်းသော လေယျဉ်မောင်းသမားသည် လေယျဉ်ကို ပိုင်နိုင်စွာ အလိုရှိသလို မောင်းနှင်နိုင်သကဲ့သို့ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး အရှင်ပညာမဟာထေရ်သည်လည်း ပိဋကသုံး, နိကာယ် ၅-ရပ် ပါဠိကျမ်းဂန်, အဋ္ဌကထာကျမ်းဂန်, ဋ္ဌီကာကျမ်းဂန်တို့ကို လိုသလို ချပို့တော်မူနိုင်လေသည်။

စင်စစ်တမူကား ဆရာတော် အရှင်ပညာသည် နိကာယ် ၅-သွယ် တည်းဟူသော ပင်လယ်သမုဒ္ဒရာ၌ ကြောက်ရွံ့ခြင်းကင်း ရဲတင်းစွာ ကူးမြောက်သူပါတည်း၊ နိကာယ် ၅-ဖြာ ဒေသနာဟူသော တောနက်ဂနိုင် မဟာမြို့ငှ်ပိုင်နိုင်စွာ ချဉ်းနင်းနိုင်သူပေတည်း။ နိကာယ် ၅-ဖြာ ဒေသနာစစ်ပွဲ၌ ရဲရင့်ပိုင်နိုင်စွာ အောင်ပွဲရသူသာတည်း။ နိကာယ် ၅-အင် ကောင်းကင်ပြင်၌ ရထားယာဉ်သာ နေစကြာပမာ ထွန်းလင်းတောက်ပသူသာတည်း။

နိကာယေ ပါရမိ ပတ္တော၊ နိကာယာရညကေသရီ။
နိကာယသင်္ဂါမေ သူရော၊ နိကာယမ္ဗရဘာဏုမာ။

အရှင်ဂန္ဓသာရပုံသဏ္ဌာန် ဖန်လာလေသလား ဟု ထင်မိ

နိကာယ် ၅-ရပ် ပါဠိ, အဋ္ဌကထာ, ဋ္ဌီကာများကို ချပို့တော်မူရာ၌ လွန်စွာနိုင်နင်းလှသဖြင့် အခါခါများစွာ အသုံးပြု၍ ကြိုတင်ကြည့်ရှုမှု မလိုတော့ချေ။ ပုဒ်မြင်လိုက်လျှင် အနက်ထင်သည်။ အဓိပ္ပါယ်သဘောပေါက်သည်။ ဝါကျကို လည်း ဤကား ဒဋ္ဌိကရဏဝါကျ, ဤကား ဝိတ္ထာရဝါကျ, ဤကား သခ်ေပဝါကျစ သည်ဖြင့် ကွင်းကွင်းကွက်ကွက် ရှင်းရှင်းလင်းလင်း သိတော်မူသည်။

စာသင်တပည့်တို့ နည်းနာနယ ရစိမ့်သောငှါ ပုဗ္ဗာပရာနုသန္ဓေ, ကျမ်းရိုးတက်, ထွက်နည်း, ကျမ်းရိုးငါးတန် ပြန်လှန်ထုတ်ဖော်နည်း,ပုစ္ဆာဝါကျ ဝိဿဇ္ဇ-

နာ ဝါကျခင်းနည်း, ထုတ်နည်း, စောဒကာဘောဂ, ပရိဟာရဘောဂထုတ်နည်း, ဥပမာ ဂဗ္ဘ, ဥပမာ ပိဋ္ဌိယောဇနာနည်း, ဟေတုဂဗ္ဘ, ဟေတုပိဋ္ဌိယောဇနာနည်း, သမ္ဘာဝနာဝါကျ, ဂရဟာဝါကျခင်းနည်း, အနုယသာရှိရာဒ္ဓ ဗျတိရိက်ဝါကျ လှန်နည်း, နီတတ္ထ, နေယျတ္ထ, ဥဇုဝုတ်, ဝက်ဝုတ် အင်ုပ်အဖော်, ဖွင့်ဖော် ပြန်လှန်ခြင်း, စောဒကဆရာ၏ အပြစ်တင်စောဒနာပုံ, ပရိဟာရ်ဆရာ၏ ပယ်ရှားဖြေဆိုပုံ, ဟိ, စ, ပန, စပနနှင့် အပိစ, အပရော နယော, အထဝါ, နနုစ, ကာမဥ္ဇ, ယဒိစနှင့် ဝေဥ္ဇကတ္တာ, ယဒိပိ, သစေပိ, ကိဥ္ဇ, ကိဥ္စာပိ စရှိပေါ်ယယ် အသ္ဒယ်သ္ဒယ်သော နိပါတတ္ထတို့ကို ကျနစ္ဒာ ယောဇနာခြင်း, ဟောတိစေတ္ထ, ဟောန္တိစေတ္ထ, ယံ ပန ဝုတ္တံ, ဝုတ္တဉ္စေတံ, ဝုတ္တံ ဟေတံ, ဝုတ္တမ်ိစေတံ, ဝုတ္တဉ္ဇ, အယံ ပနေတ္ထ သင်္ဂဟော, တေနာဟ, တေနာဟု ပေါရာဏာ, ယောဇနာ, သမ္မန္နော, တထာဟိ, ယထာဟ, ကိဉ္စေတ္ထ, ကိံ ပနေတ္ထ စသည့် များစွာသော ဝါကျပုဒ်ပဒတို့၌ ပါဠိသေသ စစမကြွင်း ထည့်သွင်းယောဇနာပုံတို့ဖြင့် ဝေဝေဆာဆာ ချပြတော်မူခဲ့လေသည်။

ၵင်းပြင် အနုဝတ္တေတဗ္ဗ လိုက်သင့်လှ လိုက်သင့်ထိုက်သော ဝါကျပဒတို့ကို အလိုက်ခံ၍ စပ်ခြင်း, ဝိဘတ္တန္တမပျက် အနက်ထင်စွာ ဖွင့်ပြလာသော သံဝဏ္ဏနာပုဒ်ပဒတို့ကို မူလသံဝဏ္ဏေတဗ္ဗဝါကျသို့ ဝင်၍စပ်ခြင်း, ထိုထိုသို့သော သမာသ်ပုဒ်စသော ပုဒ်ပဒဝါကျအရပ်ရပ်တို့၌ ဆားလေးသောဟင်းကဲ့သို့ မယွင်းမလျော့မပေါ့မပျက် ဝိဘတ်နက်မကွာ လေးနက်စွာ အနက်ယောဇနာခြင်း ဖြစ်သင့်ဖြစ်ထိုက်သော ဝစနတ်ဝိကပ်နက်တို့ကို ပြက်ပြက်ထင်ထင် ကြွင်းမြင်အောင် ထင်လင်းစွာ ယောဇနာခြင်း "အတ္ထာဝသာ ဝိဘတ်တိဝိပရိဏာမော" ဟူသော ပရိဘာသာနှင့်အညီ ပါဠိသေသကတ္တားစသည်၏ ထူးခြားသော ဝိသေသအနက်, ဖြစ်သင့်သော ပါဠ်တို့၌ ဟိတ်စသည်၏ အန္တတ်ကိုသော်လည်း ဝိဘတ်ပြန်ကာ ကတ္တား စသည်၏ ဝိသေသနဖြစ်လာပုံ, ဘာဝသမ္ဗန်, တာသမ္ဗန်တို့ကို မကျန်စေငုံကြည့်ရှုထည့်သွင်းပုံ, အလိုက်ခံငြား ကတ္တားနှင့်ကံ သမ္ဗန်ကြိယာ ဟိတ်ပါဠ်လာတို့ကို စေ့ငှစုံလင်စွာ လိုက်စုက်လျက် အနက်ယောဇနာခြင်း, ဝါကျ အမျိုးအစားတို့ကို ပုံစံဥဒါဟရဏ်နှင့်တကွပြ၍ ချပြခြင်း, အတ္ထာဓိပ္ပါယ, အဆုံးအဖြတ်တို့နှင့်တကွ ချပြတော်မူခဲ့လေသည်။ တကယ်ပင် တိပိဋကဘုရင် ရေစကြိုဆရာတော်ဘုရားကြီး၏ နည်းနာနယနိသျည်းတို့ကို ရတော်မူသည့် ပုဂ္ဂိုလ်ထူးပါတည်း။ ရေစကြိုဆရာတော်ဘုရား၏ သတ္တိဗလ, လွန်ကဲသော ဗျတ္တိဗလတို့သည် အရှင်ပညာပုံသဏ္ဌာန် ပေါ်၍များလာလေရာ့ သလားဟု ထင်မိလောက်အောင်တည်း။

ဂန္ဆသာရမ္ပိ ယာ သတ္တိ၊ အတိသယဗျတ္တိပိ စ။
သာယံ သတ္တိ စ ဗျတ္တိ စ၊ မည္ပေ ပညာသရူပိနီ။

အရှင်အာဒိစ္စရံသီ (ဦးကြည်) ပုံသဏ္ဌာန်ပေါ်ပြန်ရေ့သလားထင်မိ

ၵင်းပြင် စာချခတင် ပလွင်ပေါ်ထိုင်ပြီး ပုဒ်နေ ပုဒ်ထား ပုဒ်သွား ပုဒ်လာ ပုဒ်မှာ ပုဒ်ထပ် ပုဒ်ဟောစပ်တို့ကို စိတ်ပါလက်ပါ ပြောနေပုံ, နေယျ, လီန, ဂုဇ္ဇတ္ထ နှင့်ဝက် ဥဇု နိတတ်စုမှာ ယုတ္တာယုတ္တိ ရှေနောက် ညီပြပုံ, မူလဝါကျ မူလီဝါကျ အစပ်ဝါကျ အန္ဒယဝါကျ စသည်များ ရှင်းလင်းပုံ, ဝိတ္ထာရဝါကျ, ဒဋ္ဌိကရဏ-ဝါကျ, တပ္ပါကဋ္ဌိကရဏဝါကျ, သခေ်ပဝါကျ, ကာရဏဝါကျ, ဖလဝါကျ, လဒ္ဓဂုဏဝါကျ, လဒ္ဓဒေါသဝါကျ, ဥပနှာသဝါကျ, ဝါကျာရမ္ဘဝါကျ, ဝိသေသဝါကျ, သာမညဝါကျ, ဗျတိရေကဝါကျ စသည့် ဝါကျတို့၏ အခိပွါယ် သဘော သကန်တို့ကို ပြောပြပုံတို့မှာ လွန်စွာပိုင်နိုင်လှသည်။ ဆရာတော် အရှင်ပညာ၏ ဆရာတပါးဖြစ်တော်မူသော ရွှေရေးဆောင် ဆရာတော်အရှင် အာဒိစ္စရံသီ ဘွဲ့ထူးခံသော ဆရာဟော် ဦးကြည်၏ သတ္တိဗလနှင့် လွန်ကဲထူးမြတ်သော ဗျတ္တိဗလတို့ အရှင်ပညာပုံသဏ္ဌာန် ဖန်လေရေ့သလားဟုတွေးတောရလောက်အောင်ဖြစ်၏။

အာဒိစ္စရံသီသတ္တိ စ၊ အတီသယဗျတ္တိပိစ။
သာယံ သတ္တိစ ဗျတ္တိ စ၊ မညေ ပညာသရူပိနီ။

အဘိမမ္မာညဝါများ ချစဉ် အရှင်အရိယဝံသဟုပင် ယုံမှားလောက်

ၵင်းပြင် မာတိကာ, ဓာတုကထာ, ယမိုက်, ပဋ္ဌာန်းညဝါကျမ်းတို့ကို ချပို့ရာဌ်ဒလည်း လွန်စွာနိုင်နင်းသည်။ သရုပ်သဘော ဇောဝိထိ, သန္ဒိဋ္ဌာန်, သံသယ, အနုလုံ, ပဋိလုံ, ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက် စသော အဘိဓမ္မာသဘောတို့ကို ပိုင်နိုင်စွာ ဝေဖန် ပြောဆိုကာ မာတိကာ, ဓာတုကထာ, ယမိုက်, ပဋ္ဌာန်းညဝါကျမ်းတို့ကို ချပို့တော်မူရာဌ်ဒလည်း ညဝါအကျော် ဆရာတော်၏ ဆရာတပါးဖြစ်သော ခင်မကန် မင်းရွာဆရာတော်ဟု ထင်မှားလောက်အောင် နိုင်နင်းတတ်မြောက်တော် မူပါပေသတည်း။

အရိယ ထေရမို့ ယာ သတ္တိ၊ အတီသယ ဗျတ္တိပိ စ။
သာယံ သတ္တိ စ ဗျတ္တိ စ၊ သင်္ကေ ပညာသရူပိနီ။

သတ္တဝသတိမပုံး

ဦကာကျော်ကျမ်းကို လွန်စွာနိုင်နင်းစွာ ချပို့ခဲ့

ဆရာတော်အရှင်ပညာသည် စာပေချပို့မှုဌ် ကျမ်းမျိုးစုံနိုင်၏။ ဦကာကျော်, ဦကာလှ ဟုကျော်ကြားသော "အာဘိဓမ္မတ္ထဝိဘာဝိနီဋီကာ" ကျမ်းကိုလည်း

ရုံခါ ချပို့တော်မူသည်။ ယင်းဋီကာကျော်ကျမ်းကို သာသနာသက္ကရာဇ် ၁၇၀၀-၁၈၀၀-အတွင်းတွင် သီဟိုဠ်ကျွန်း၌ ပေါ်ထွန်းသော ပညာရှိပုဂ္ဂိုလ်ကျော်တပါးဖြစ်သည့် ဝိနယသင်္ဂဟအဋ္ဌကထာ, သာရတ္ထဒီပနီဋီကာ, အင်္ဂုတ္တိုရ်ဋီကာ, မင်္ဂလသုတ်ဋီကာ, ပဋိကာလင်္ကာရဋီကာ, ဝိသုဒ္ဓိပထကျမ်း, ကမ္မဋ္ဌာနသင်္ဂဟကျမ်း, အဘိဓမ္မတ္ထသင်္ဂဟ (သီဟိုဠ်) နိဿယစသည်တို့ကို ပြုစီရင်တော်မူခဲ့သော အရှင်သာရိပုတ္တရာ၏ တပည့်ဖြစ်သော အရှင်သုမင်္ဂလသာမိသည် သူ့ဆရာ အရှင်သာရိပုတ္တရာ၏ အဘိဓမ္မတ္ထသင်္ဂဟ(သီဟိုဠ်)နိဿယကိုအမှီပြု၍ အဘိဓမ္မတ္ထဝိဘာဝိနီဋီကဲ့သ်ပါဠ်ကို ရေးသားစီရင်တော်မူခဲ့သည်[၁]။ အရှင်သုမင်္ဂလသာမိသည် အဘိဓမ္မဝတာရဘိနဝဋီကာပါဠ်ကိုလည်း ရေးသား စီရင်တော်မူခဲ့သေးသည်။ ယင်းဋီကာကို အဘိဓမ္မတ္ထဝိကာသိနီဋီကာဟုလည်း ခေါ်သည်။ အရှင်သုမင်္ဂလ၏ အဘိဓမ္မတ္ထဝိဘာဝိနီမည်သော ဋီကာကျော်တွင် ဝါကျများ တိုစိသုံးသဖြင့် ခက်သည်၊ မူလဋီကာနှင့် အသွားဆင်သည်၊ ဆဋ္ဌသံဂါယနာစာတော်မူမှာ သင်္ဂြိဟ်နှင့် တွဲရိုက်ထားသည်။ ၂၇၈-မျက်နှာ ရှိလေသည်။

ဆရာတော် အရှင်ပညာသည် ဖော်ပြပါ ဋီကာကျော်ကျမ်းကို ချပို့ရာ နိုင်နင်းတော်မူလှသည်၊ ဖြည်းဖြည်း အဓိပ္ပါယ်ပြောဆို၍ ချပို့တော်မူသည်၊ မဏိမဉ္ဇူသာဋီကာအဆို, မူလဋီကာအဆို, အဘိဓမ္မာအဋ္ဌကထာကြီးများအဆို, လယ်တီဆရာတော်၏ ပရမတ္ထဒီပနီဋီကာ, တလိုင်းကုန်း အင်္ဂုရဋီကာစသည့်အဆို မျိုးစုံတို့ကို သင့်သလိုပြော၍ ချပို့တော်မူသည်။ ယင်းဋီကာကျော်၏ နိဿယသစ်ကိုလည်း ရေးသားတော်မူခဲ့သည်။ ကျမ်းဂန်ပြုစုသည့် အခန်းကို ကြည့်ရှုရာ၏။ အရှင်သုမင်္ဂလသာမိ ဆရာတော်လေလားဟုပင် ယုံမှားလောက်အောင် နိုင်နင်းတော်မူလှပါပေသည်။

ဝိဘာဝိနိမ္မိ ဝါစေသိ၊ ဝိဘာဝိနီ ဝိသာရဒေါ။
သောတူနံ ဝိဘာဝနာယ၊ သဒါ ဒယာပရော သုဓီ။

အရှင်သုမင်္ဂလသာမိလေလား, အရှင်ပညာလေလား ယုံမှား

သုမင်္ဂလသာမိ ကိန္နု၊ ပညာထေရော ဥဒါဟု ဝါ။
နေသံ ဒေါလာယတေ စိတ္တံ၊ အဟော တဝ သုဗ္ဗတ္တတာ။

ဘန္တေ=မဟာဝိသုဘာရာမ သံဃဉ္စတ်ထိး အိုဋီကာကျော်စာချပုဂ္ဂိုလ်မြတ်ကြီး။ တုံ=စာချအကျော် အရှင်ဆရာတော်သည်။ သုမင်္ဂလသာမိ ကိန္နု=အဘိဓမ္မတ္ထဝိဘာဝိနီ ဋီကာကျော်ကျမ်းပြု သီဟိုဠ်ဆရာတော် အရှင် သုမင်္ဂလသာမိလေးလော။ ဥဒါဟု=ယင်းသို့ မဟုတ်ပါမူ။ ပညာထေရော ဝါ=အဂ္ဂမဟာ

၁။ မဟာဝိသုဘာရာမ နိကာယဲသာသနာဝင်- ၇၈—၈၅-၉၇—လည်းကြည့်။

ပက္ကိတ် တံဆိပ်သင်္ခ အရှင်ပညာထေရ်လေလော။ ဣတိ=ဤသို့ ဤပုံ အမျိုးမျိုး အဖုံဖုံ။ နေသံ=ထိုအရှင့်ထံတော် ဌီကာကျော်သင် တပည့် ရှင်ရဟန်းတို့၏။ စိတ္တံ=အတွင်းပိတ်ဖုံး စိတ်နှလုံးသည်။ ဒေါလာယတေ=ပုခက် အလား နှစ်ဖက်သွားကာ စဉ်းစား ယုံမှားခြင်း နေပါ၏ဘုရား။ တဝ=အရှင် ဆရာတော်ဘုရား၏။ သုဗ္ဘတ္တတာ=စာပေချိုး ပို့စဉ်၌ အလွန်လျင် ထက်မြက်သော ဉာဏ်ပညာ ရှိတော်မူသည်၏ အဖြစ်သည်။ အဟော=သည်တခေတ်တွင် အတူမမြင် အလွန်လျင် အံ့သြမိပါ၏။

ပဒရူပသိဒ္ဓိကျမ်းကိုလည်း နိုင်နင်းစွာ ချပို့

"သဒ္ဒတ္ထာမှ စတ္ထာ" ဟူသည်နှင့် အညီ သဒ္ဒတ္ထာ=သဒ္ဒါတတ်မှ၊ စတ္ထာ= စာတတ်ပါသည်၊ သဒ္ဒါမတတ်ပဲ စာမတတ်သူဟူ၍ မရှိ၊ သဒ္ဒါသည် လွန်စွာ အရေးကောင်း၏။ သို့ဖြစ်၍ ဆရာတော် အရှင်ပညာသည် ပဒရူပသိဒ္ဓိကိုလည်း စောစောက ချပို့တော်မူသည်၊ ပဒရူပသိဒ္ဓိကျမ်း ပေါ်ချိန်ကို အေ–ဒီ ၉၇၆–ခုနှစ်၏ ရှေပိုင်းလောက်ဖြစ်ကြောင်း သီဟိုဠ်မါဠိ ဘာသာရေး သမိုင်း၌ ပြဆိုထား၏။ သီဟိုဠ်ပဇ္ဇမဓုကျမ်း နိဒါန်း၌ကား ပုလတ္ထိပုရခေတ် သာသနာသက္ကရာဇ် ၁၆၀၈–၁၂၆၈–လောက် ဖြစ်ကြောင်း လာရှိသတတ်၁။ ကျမ်းပြုသူကား သီဟိုဠ်သာသနာ၌ လွန်စွာ ကျော်ကြားသည့် အရှင်အာနန္ဒာ၏ တပည့် အရှင် ဗုဒ္ဓပိယထေရ်ဖြစ်သည်။ ရူပသိဒ္ဓိဋီကာနှင့် ပဇ္ဇမဓုကျမ်းကိုလည်း ပြုစီရင်ခဲ့သည်။ ရုပ်နှင့် ကိုက်ညီအောင် သုတ်ကို တည်ထားသဖြင့် ရုပ်မြင်လွယ်သည်၊ နာမည်နှင့် လိုက်လျော ကိုက်ညီပေသည်။ ယင်း ရူပသိဒ္ဓိမှာ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်ရိုက် ရှိုင်ဆိုက် ၄၂၂–မျက်နှာရှိလေသည်။

ဆရာတော် အရှင်ပညာသည် ရူပသိဒ္ဓိကို ယေဘုယျအားဖြင့် သာမဏေ များနှင့် ရဟန်းငယ်များကို ဆိုစေ၍ ချပို့တော်မူခြင်း ဖြစ်သည်၊ သန္ဓိပိုင်း, နာမ်ပိုင်း, ကာရကပိုင်း, သမာသ်ပိုင်း, တဒ္ဓိတ်ပိုင်း, အာချာတ်ပိုင်း, ကိတ်ပိုင်း, ဥဏ်ဏာဒိပိုင်းဟူသော အပိုင်းတို့တွင် သူအပိုင်းနှင့်သူ နိုင်နင်းစွာ ပြောဆို၍ ချပို့တော်မူရာ အရှင် ဗုဒ္ဓပိယထေရ်က သူအစား ထားခဲ့လေရော့သလားဟု ထင်မှတ်စရာ ဖြစ်တော့သည်။

ရူပသိဒ္ဓိမို့ ဝါစေသိ၊ ရူပသိဒ္ဓိဝိသာရဒေါ။
သောတူနံ ရူပသိဒ္ဓိယာ၊ သဒါ ဒယာပရော သုဓီ။

၁။ အကျယ် မဟာဝိသုဒ္ဓါရုမ နိကာယသာသနာဝင်ကျမ်း- ၆၈-၇၀—ကြည့်။

အရှင်ဗုဒ္ဓပိယထေရ်ကိုယ်စား လေလော

မဟာထေရ မဟာပည၊ ရူပသိဒ္ဓိဝိသာရဒ။
ဗုဒ္ဓပိယော' ဝ သဒ္ဒည္၊ ထေရပ္ပဋိနိဓိ နနု။

မဟာပည=ပညာကြီးမားတော်မူပါပေသော။ ရူပသိဒ္ဓိဝိသာရဒ=ရူပသိဒ္ဓိကျမ်းဌ် ရဲရင့်လှစွာ တတ်မြောက်ပါသော။ မဟာထေရ=မဟာဝိသုတာရာမနန်းပလ္လင်ထက်က အိုဆရာတော်ဘုရား့ အရှင်ပညာ။ တုံ=အရှင်ဘုရားသည်။ ဗုဒ္ဓပိယော' ဝ သဒ္ဒည္၊=ဗုဒ္ဓပိယထေရ်ပမာ သဒ္ဒါအရာ တတ်မြောက်ကျမ်းကျင်တော်မူပါ၏ ဘုရား။ ထေရပ္ပဋိနိဓိ နနု=အရှင် ဗုဒ္ဓပိယထေရ်က ကိုယ်စားများ ထား့ခဲ့လေရော့သလားဘုရား။

ကခ်ဳံဝိတရဏီအဋ္ဌကထာ အခါခါ အခေါက်ခေါက် ချပို့

ကခ်ဳံဝိတရဏီအဋ္ဌကထာကျမ်းကို သာသနာသက္ကရာဇ် ၉၅၀–ကျော်တွင် ပေါ်ထွန်းသည့် အကျော် အမော် စာဆိုတော် အရှင် ဗုဒ္ဓဃောသထေရ်သည် ဝိနည်းအကျင့် အာစာရနှင့် ပြည့်စုံသော အရှင် သောဏထေရ် တောင်းပန်သဖြင့် ရေးသားစီရင်တော် မူခဲ့သည်။ သာသနာတော်၌ ခါ ၃-ကောင် တကောင်ကောင် မိအောင် ဖမ်းရမည်ဟု ဆိုရိုးရှိသည်၊ ယင်း ခါ ၃-ကောင်မှာ (၁) ကခ်ဳံဝိတရဏီအဋ္ဌကထာ, (၂) ခုဒ္ဒသိက္ခာ, (၃) မူလသိက္ခာဖြစ်၏။ ယင်း ခါ ၃-ကောင်တွင် ကခ်ဳံသည် ခါကြီးဖြစ်သည်။ အဆုံးအဖြတ်တွေ့ကျစ်ကျစ် လစ်လစ် တိုစိဖြစ်ရာ သာသနာ့ဝန်ထမ်းတို့ နှစ်သက်ကြသည်။ ယင်း ကခ်ဳံအဋ္ဌကထာမှာ ဆဋ္ဌသံဂါယနာစာတော်မူ ၃၅၇-မျက်နှာရှိလေသည်။ ဆရာတော် အရှင်ပညာသည် ယင်း ကခ်ဳံအဋ္ဌကထာကိုလည်း ကခ်ဳံဋီကာသစ်နှင့် တွဲဖက်၍ နိုင်နင်းစွာ အခေါက်ခေါက် အခါခါ ချပို့တော်မူခဲ့လေသည်။ ကျေးဇူးရှင် ရေစကြို ဆရာတော်ဘုရားကြီး၏ နိဿယရှိပြီးဖြစ်၍ သီးခြား နိဿယ ရေးသား ပြုစုတော်မမူခဲ့။

ကခ်ဳံဂန္ထမို ဝါစေသိ၊ ကခ်ဳံဂန္ထဝိသာရဒေါ။
ကခ်ဳန္တာနံ နိက္ကခ်ိယ၊ သတတံ ကရုဏာပရော။

အရှင်ဗုဒ္ဓဃောသပညာကဲ့သို့ အံ့စရာ

ဗုဒ္ဓဃောသဿ ပညာ'ဝ၊ ပညာထေရ ဝရဿပိ။
အဟော တဝ မဟာပညာ၊ အစ္ဆေရာ လောမဟံသနာ။

ဘန္တေ=ဝိသုတချက်ဗေ့ တက်နေထိန်ညီး အို အရှင်သူမြတ်ကြီးဘုရား။
ဗုဒ္ဓ ဃောသဿ=သာသနာ့လောက ကျော်ပေါက်ပြသည့် အရှင်မဟာဗုဒ္ဓ

ဃောသ၏။ ပညာ'ဝ=ပညာ ဣဝ=အသိပညာကဲ့သို့။ ထေရဝရဿပိ့=မဟာဝိသုတာရာမ တခေတ်ဆန်းစေခဲ့သော အရှင်ပညာမထေရ်၏လည်း။ ပညာ=ပညာသည်။ ဟောတိ=မုချစင်စစ်ဖြစ်ပါ၏။ တဝ=အရှင်မြတ်ဘုရားကြီး၏။ မဟာပညာ=အထူမျှားစွာ ကောင်းစွာ သိတတ် မြတ်သော ပညာသည်။ အဟော=အံ့သြဖွယ်ကောင်းလှပါ၏။ အစ္ဆရာ=လက်ဖျစ်တီး၍ ချီးမွမ်းထိုက်ပါ၏။ လောမဟံသနှာ=ကျက်သီး မွေးညှင်း တဖျင်းဖျင်း ထလောက်ပါ၏။

ဝိနည်းငါးကျမ်း ထာဝစဉ်ပို့ချခဲ့

ပါရာဇိကပါဠိ, ပါစိတ္တိယပါဠိ, မဟာဝဂ္ဂပါဠိ, စူဠဝဂ္ဂပါဠိ, ပရိဝါရပါဠိ ဟူသော ဝိနည်း ၅-ကျမ်းမှာ သာသနာတော်၌ မကွယ် မပဖို့ လွန်စွာအရေးကြီးသည်။ဝိနည်း ငါးကျမ်းကွယ်လျှင်ကား သာသနာ လုံးဝကွယ်သည်နှင့် မခြားတော့ပြီ။ သို့ဖြစ်၍ အရှင်ပညာမဟာထေရ်သည် ဝိနည်း ၅-ကျမ်း ပါဠိတော်ကို အဋ္ဌကထာ, သာရတ္ထဋီကာ (ရုံခါ ဝိမတိဋီကာ)တဲ့ဖက်၍ ချပို့တော်မူလေ့ရှိသည်။ ယင်း ဝိနည်း ၅-ကျမ်းအနက် ပါရာဇိကပါဠိမှာ ဆဋ္ဌသံဂါယနာ စာတော်မူ ၃၁၁၊ ပါစိတ္တိယပါဠိမှာ ၄၇၀၊ မဟာဝဂ္ဂပါဠိမှာ ၅၁၁-ရှိ၍ စူဠဝဂ္ဂပါဠိမှာ ၅၀၈, ပရိဝါရပါဠိမှာ ၃၉၀-အသီးသီး ရှိလေသည်။ ဆရာတော်ကား ဝိနည်းကို လွန်စွာအရေးယူတော်မူသည်ဒ။ သို့ဖြစ်၍ မပြတ်ချပို့တော်မူခြင်းဖြစ်သည်။ ဆရာတော်သည် ပါရာဇိက ပါဠိတော်၏ မှီရာနိဿယသစ်ကိုလည်း ရေးသား စီရင်တော်မူခဲ့သည်။ ကျမ်းပြုခန်း၌ ထင်ရှားလတ္တံ့။

ဝိနယမွိ စ ဝါစေသိ၊ ဝိနယဿ ဝိရုဇ္ဈိယာ။
ဝိနယေသု ကတာဒရော၊ သဒါ ဉယျုတ္တ မာနသော။

အရှင်ဘုရား၏ တံကဲ, ပလ္လင်, ကျက်စားရာ, ကိုးကွယ်ရာဒေသနှာ

ဝိနယော အာသယော တုယ့်၊ ဝိနယော ပလ္လင်္ကော မဟာ။
ဝိနယော ဂေါစရော တုယ့်၊ ဝိနယော ပဋိဿရဏော။

ဘန္တေ=မဟာဝိသုတာရာမဝေဟင် နေ-အသင့် လ-အလား ထူးခြားသည့် ပုဂ္ဂိုလ်မြတ်ကြီးဘုရား။ ဝိနယော=ဝိနည်း ပိဋကသည်။ တုယ့်=အရှင်ဆရာတော်ဘုရားကြီး၏။ အာသယော=ထာဝရ အမြဲမှီခိုရာ တံကဲတော်ကြီးပါဘုရား။

၁။ ၁၂၄၀-၁၃၃၄-အာဘိဓဇမဟာရဋ္ဌဂုရု အရှင်သုန္ဒရဆရာတော်ဘုရားကြီးသည်လည်း အရှင်ပညာနည်းတူ ဝိနည်းကို အသားပေးတော်မူသည်၊ ဝိနည်း ပါဠိတော် အဋ္ဌကထာမျှားကို စာချမျှား နေ့စဉ် တဝါချရမည်၊ တိုက်သံဃာကိုဏ်းသံဃာမျှား တဝါစီ အမြဲလိုက်နာ'သင်ယူရမည်ဟုပင် ထုတ်ဆင့်တော်မူသည်။

ဝိနယော=ဝိနည်းကျမ်းဂန်ဒေသနာသည်။ တုယ္ဟံ=အရှင်ဆရာတော်ဘုရားကြီး၏။ မဟာ ပလ္လင်္ကော=အမြဲထိုင်ရာ ရတနာရောင်လှဲ့ ပလ္လင်တော်ကြီးပါဘုရား။ ဝိနယော=ဝိနည်းငါးခန်း ကျမ်းတော်များသည်။ တုယ္ဟံ=အရှင်ဆရာတော်ဘုရား၏။ ဂေါစရော=အစဉ်လှည့်လည် ကျက်စားအပ်ရာ အရပ်တော်များပါဘုရား။ ဝိနယော=ဝိနည်းငါးအင် ဒေသနာအစဉ်သည်။ တုယ္ဟံ=အရှင်ဆရာတော်ဘုရား၏။ ပဋိသရဏော=မပြတ်ဖန်ခါ လည်းလျောင်း ကိုးကွယ်ရာ ဒေသနာတော်မြတ်ကြီးပါဘုရား။

ဒီဃနိကာယ်ကို နိုင်နင်းစွာ ချပို့တော်မူခဲ့

ဒီဃနိကာယ်သည် ရှည်လျားသော သုတ်တို့၏ စုဝေးရာဖြစ်၏။ ပဌမသံဂါယနာတင်စဉ်က သံဂီတိကာရက ရဟန္တာ ၅၀၀-တို့သည် ရှည်လျားသော သုတ်ပေါင်း ၃၄-သုတ်ကို သီလက္ခန္ဓဝဂ်, မဟာဝဂ်, ပါထိကဝဂ်ဟု ဝဂ် ၃-ဝဂ်၌ အသီးသီး ထည့်သွင်းတော်မူကြကုန်၍ ဒီဃနိကာယ်အမည်ဖြင့် သတ်မှတ်တော်မူခဲ့ကြကုန်၏[1]။ ယင်း ဒီဃနိကာယ်ပါဠိတော်များအနက် သီလက္ခန္ဓဝဂ္ဂပါဠိတော်မှာ ဆဋ္ဌသံဂါယနာစာတော်မူ ၂၃၆, မဟာဝဂ္ဂပါဠိတော်မှာ ၂၈၃, ပါထိကဝဂ္ဂပါဠိတော်မှာ ၂၆၀-အသီးသီး ရှိလေသည်။ဆရာတော်သည် ယင်းဒီဃနိကာယ်ပါဠိတော်များကို ဂဏဝါစက စာချဖြစ်စမှစ၍ အင်္ဂကထာတဲ့ဖက်၍ အခေါက်ပေါင်း မြားမြောက်စွာ ချပို့တော်မူခဲ့လေသည်။

ဒီဃနိကာယံ ဝါစေသိ၊ ဝဏ္ဏနာသဟိတံ သုဘံ။
ဒီဃနိကာယကောဝိဒေါ၊ ကုသလော ပဏ္ဍိတော ဝိဒ္ဒါ။

အရှင်အာနန္ဒာဖြစ်လေသလားဘုရား

အတ္ထေ ဓမ္မေ နိကာယဿ၊ အတီဝ ကုသလော ဝိဒ္ဒါ။
အာနန္ဒော နနု ဘောထေရ၊ သမ္မာသမ္ဗုဒ္ဓသာသနေ။

ဘော ထေရ=ဘုရားမြတ်စွာ့ သာသနာ့စံပြ မထေရ်မြတ်ကြီး ဘုရား။ တုံ=အရှင်သူမြတ်ကြီးသည်။ နိကာယဿ= ဒီဃနိကာယဿ= ဒီဃမည်ရှိကျမ်းနိကာယ်၏လည်း။ အတ္ထေ=သိမ်မွေ့ခဲခက် အနက်အဓိပ္ပါယ်၌ရင်း။ ဓမ္မေ=သိနိုင်ခဲဘိ ပါဠိ၌ရင်း။ အတီဝ ကုသလော ဝိဒ္ဒါ=အလွန်တရာ လိမ္မာကျမ်းကျင်မြင်သိတော်မူပါ၏။ ဘော ထေရ=သာသနာ့သမိုင်းတွင် လွန်လျှင် ကျော်ကြား

၁။ စတုတ္ထိံသေဝ သုတ္တန္တာ၊တိဝဂ္ဂါ ယဿ သင်္ဂဟော။
သေ ဒီဃနိကာယောတိ၊ပဌမော အနုလောမိကော။ ဝါ၌၊၁။ ၂၁။ဒီ၊၌၊၁။ ၂၃။

ဆရာတော် အရှင်သူမြတ်ကြီးဘုရား။ တုံ=အရှင်မြတ်ဘုရားကြီးသည်။ သမ္မာ-သမ္မဒ္ဓသာသနေ=ဘုရားမြတ်စွာ သာသနာတော်၌။ အာနန္ဒော နနု=တေဒဂ် ငါးတန် နာမံရေးဖွဲ့ ဧရှဘွဲ့သခင် အရှင်အာနန္ဒာမထေရ် ဖြစ်လေသလားဘုရား။

မဇ္ဈိမနိကာယ်ကိုလည်း နိုင်နင်းစွာပို့ချခြင်း

မဇ္ဈိမနိကာယ်သည် မကျဉ်းမကျယ် အလယ်အလတ်ဖြစ်သော သုတ် အပေါင်းတို့၏ စုပေါင်းရာဖြစ်၏[၁]။ သုတ်ပေါင်း ၁၅၂-သုတ်, ဝဂ်ပေါင်း ၁၅-ဝဂ် ရှိ၏။ မူလပဏ္ဏာသ၌ သုတ် ၅၀, မဇ္ဈိမပဏ္ဏာသ၌ သုတ်-၅၀, ဥပရိပဏ္ဏာသ၌ သုတ် ၅၂-ပေါင်း ၁၅၂-သုတ်ဖြစ်၏[၂]။ ယင်းနိကာယ်သည် ပရဝါဒီ ပြင်ဗာဟိတို့ အယူအဆ ဝါဒများကို မေ့နှောက်ချောက်ချား နှိမ်နင်းရာလည်းဖြစ်၏။ မူလ ပဏ္ဏာသပါဠိ စာမျက်နှာ ၄၁၅,မဇ္ဈိမပဏ္ဏာသပါဠိ ၄၃၉,ဥပရိပဏ္ဏာသပါဠိ ၃၅၂ မျက်နှာ အသီးအသီး ရှိလေသည်။

ပဌမ သံဂါယနာ တင်ပြီးနောက် ယင်း နိကာယ်ကြီးကို သံဃနာယက အရှင်မဟာကဿပ မဟာထေရ်မြတ်ကြီး၏ တာဝန်ပေးချက်ကြရ အရှင် သာရိ ပုတ္တရာ၏ တပည့်များ ချပို့တော်မူကြကာ မပျောက်မကွယ်အောင် ဆောင်ရွက် တော်မူခဲ့ကြကုန်၏။ဆရာတော် အရှင်ပညာမထေရ်မြတ်သည် ယင်းမဇ္ဈိမနိကာယ် ကြီးကိုလည်း အထပ်ထပ် ချပို့တော်မူ၍ ပရိယတ္တိ သာသနာ့ဝန်ကို အားသွန် ခွန်စိုက် ဆောင်ရွက်တော် မူခဲ့လေသည်၊ ဆရာတော်ချပို့စဉ် စာဆိုစာလိုက် တပည့်တို့ ရေးသားထားသည့် လက်ရေးမူ မဇ္ဈိမနိကာယ်နိဿယ ရှိဘူးသည်ဟု သိရ၏။ ၁၂၉၆-ခု နှစ်လောက်က နောက်ဆုံး မဇ္ဈိမနိကာယ်ချစဉ် အဋ္ဌကထာ စာဆိုမှာ မော်လမြိုင်ဇာတိ ဦးဓမ္မသာမိ ဖြစ်လေသည်။

မဇ္ဈိမာဂမံ ဝါစေသိ၊ ဝဏ္ဏနာသဟိတံ ဝရံ။
မဇ္ဈိမာဂမ ကောဝိဒေါ၊ ကုသလော ပဏ္ဍိတော ဝိဒ္ဒါ။

အရှင်သာရိပုတ္တရာ ဖြစ်လေရော့သလား

အတ္ထေ ဓမ္မေ နိကာယသ္မိ၊ အတိဝ ကုသလော ဝိဒ္ဒါ။
သာရိပုတ္တော နု သုဓီရ၊ လောကဇေဋ္ဌသ္မ သာသနေ။

သုဓီရ=ပညာရှင်ထိပ်သီး အရှင်သူမြတ်ကြီး ဘုရား။ တုံ=သာသနာ့ ကောင်းကင်တွင် နေ-အသွင် လ-အလား ထင်ရှားပေါ်လွင် အရှင် ဆရာတော်

၁။ မဇ္ဈိမ ပမာဏသုတ္တက်ံ တသ္မာ ဣမ မဇ္ဈိမာဂမဝရသ္မာ။ မာဋ္ဌ၊၁။၁-နှ၁။
၂။ ဒိယဖုသတံ သုတ္တန္တာ၊ ဒ္ဝေ စ သုတ္တာနိ ယတ္ထ သော။
နိကာယော မဇ္ဈိမော ပဉ္စ-ဒသဝဂ္ဂပရိဂ္ဂဟော။ ဝိဂ္ဂ၊၁။၂၀။ ဒီဂ္ဂ၊၁။၂၄။

ဘုရားကြီးသည်။ နိကာယသာ=မဇ္ဈိမနိကာယသာ=မဇ္ဈိမမည်ရှိ နိကာယ်ကြီး၏ လည်း။ အတ္ထေ=သိမ်မွေ့ခဲခက် အနက်အဓိပ္ပါယ်၌ဋ္ဌင်း။ ဓမ္မေ=သိနှိုင်ခဲဘိ ပါဠို ၌ဋ္ဌင်း။ အတီဝကုသလော ဝိဒ္ဒါ=အလွန်ဟရာ လိမ္မာ ကျွမ်းကျင် မြင်သိတတ် မြောက်တော်မူပါ၏။ သုဓိရ=ပညာရှင်ထိပ်သီး အရှင်သူမြတ်ကြီးဘုရား။ တုံ= အရှင် ဆရာတော်ဘုရားကြီးသည်။ လောကဇေဋ္ဌသာ=သုံးလောက ဓာတ်တွင် အကြီးမြတ်ဆုံးဖြစ်တော်မူသော မြတ်စွာဘုရား၏။ သာသနေ=သာသနာတော် ၌။ သာရိပုတ္တော နု=ပညာတေဇဂ် လက္ခဏာတော်ရံ ဂုဏ်လျှံကဲအင် အရှင်သာရိ ပုတ္တရာဖြစ်လေရော့သလားဘုရား။

သံယုတ္တနိကာယ်ကို နိုင်နင်းစွာချပို့ခြင်း

သံယုတ္တနိကာယ်၌ သဂါထာဝဂ္ဂသံယုတ်, နိဒါနဝဂ္ဂသံယုတ်, ခန္ဓဝဂ္ဂသံ ယုတ်, သဠာယတနဝဂ္ဂသံယုတ်, မဟာဝဂ္ဂသံယုတ်အားဖြင့် ၅-ကျမ်းရှိလေသည်။ ယင်းနိကာယ်ကြီး၌ သုတ်ပေါင်း ခုနစ်ထောင်ခုနစ်ရာခြောက်ဆယ့်နှစ် (၇၇၆၂) သုတ်ရှိလေသည်။ သဂါထာဝဂ္ဂသံယုတ်မှာ ဆဋ္ဌသံဂါယနာ စာတော်မူ ၂၄၂,နိ ဒါနဝဂ္ဂသံယုတ်မှာ ၂၃၀, ခန္ဓဝဂ္ဂသံယုတ်မှာ ၂၃၅, သဠာယတနဝဂ္ဂသံယုတ်မှာ ၃၀၈, မဟာဝဂ္ဂသံယုတ်မှာ ၄၁၅-ရှိလေသည်။

ယင်း နိကာယ်ကြီးကို အရှင်မဟာကဿပ၏ တပည့်စဉ်ဆက်တို့အဆက် မပြတ် ချပို့တော်မူခဲ့ကြကုန်၏။ ဆရာဘော် အရှင်ပညာ မဟာထေရ်သည် ယင်း သံယုတ္တနိကာယ်ကြီးကိုလည်း အဋ္ဌကထာတဲ့ဖက်၍ နိုင်နင်းစွာ ချပို့တော်မူခဲ့ လေသည်။ ၁၂၉၇-ခုနှစ် နောက်ဆုံးချစဉ်က ပါဠိတော်စာဆိုမှာ အရှင်သုမင်္ဂလ ဖြစ်သည်[၂]။ ဤအဋ္ဌကထာစာဆိုမှာ ဆိတ်ဖြူဇာတိ ဦးပဏ္ဍိတဖြစ်သည်။ သံယုတ္တ နိကာယ်အဆုံးတွင် ဦးကုမာရ (ကိုရင်ဌာ)က အပြီးတိုင်ဆိုသည်။

သံယုတ္တာဂမံ ဝါစေသိ၊ ဝဏ္ဏနာသဟိတံ ဝရံ။
သံယုတ္တာဂမကောဝိဒေါ၊ ကုသလော ပဏ္ဍိတော ဝိဒ္ဒါ။

အရှင်မဟာကဿပဖြစ်လေရော့သလား

အတ္ထေ ဓမ္မေ နိကာယသာ၊ အတီဝ ကုသလော ဝိဒ္ဒါ။
ကဿပေါ နုန ဘော မဓိရ၊ ဘူရိပညသာ သာသနေ။

ဘော မဓိရ=လွန်စွာမြင့်မား အို ပညာရှိ မထေရ်မြတ်ဘုရား။ တုံ=ထူးခြား ဉာက်၌ အရှင်မထေရ်မြတ်ကြီးသည်။ နိကာယသာ=သံယုတ္တနိကာယသာ=ခက်ခဲ

၁။ သတ္တသုတ္တသဟဿာနိ၊သတ္တသုတ္တသတာနိ စ။
ဒ္ဒါသဋ္ဌိ စေဝ သုတ္တန္တာ၊ ဇေသော သံယုတ္တသင်္ဂဟော။ ဝိ၊ဋ္ဌ၊၁၂၊၂၁။ ဒီ၊ဋ္ဌ၊၁၊၂၄။

၂။ ယခု ပခုက္ကာမြို့၌ အငြိမ်းစား သာသနာရေးအရာရှိအဖြစ် ထင်ရှားသည်။

ပြောကျယ် သံယုတ္တနိကာယ်၏။ အတ္ထေ=သိမ်မွေ့ခဲခက် အနက်အဓိပ္ပါယ်၌ဝင်း။ ဓမ္မေ=သိနိုင်ခဲဘိ ပါဠိရပ်၌ဝင်း။ အတိဝ ကုသလော ဝိဒ္ဓါ=အလွန်တရာ လိမ္မာကျွမ်းကျင် မြင်သိကတ်မြောက်တော်မူပါ၏။ ဘော ဓီရ=အို ပညာရှင် အရှင်သူမြတ်ကြီးဘုရား။ တုံ=အရှင်ဘုရားသည်။ ဘူရိပညဿ=မြေကြီးထုအလားကြီးမားသော ပညာရှိသော ဘုရားရှင်၏။ သာသနေ=သာသနာတော်၌။ ကဿပေါ နုန=သံယုတ္တနိကာယ် ကျယ်ဝန်းပုံကို အကုန်လုံး သဘောပေါက်တတ်သိတော်မူသော ဓုတင်ဇောဒဂ်ရ အရှင်မဟာကဿပ ဖြစ်လေရော့သလားဘုရား။

အင်္ဂုတ္တရနိကာယ်ကို နိုင်နင်းစွာ ချပုံခြင်း

အင်္ဂုတ္တရနိကာယ်သည် သုတ်ပေါင်း ကိုးထောင့် ငါးရာ ငါးဆယ့် ခုနစ် (၉၅၅၇)သုတ် ရှိ၍ ပဌမ သံဂါယနာ တင်ပြီးချိန်မှစ၍ အရှင်အနုရုဒ္ဓါ၏ တပည့်စဉ်ဆက်တို့ ချပုံထိန်းသိမ်းတော်မူခဲ့ကြကုန်၏။ ကေနိပါတ်အစ ဧကာဒသကနိပါတ်အဆုံး ၁၁-နိပါတ် ရှိလေသည်။ ယင်း ပါဠိတော်ကြီးမှာ ၃-တွဲ ရှိ၏။ ကေက,ဒုက,တိက,စတုက္ကနိပါတပါဠိ တတွဲ ပဌမတွဲ၊ ပဉ္စက,ဆက္က,သတ္တကနိပါတပါဠိ တတွဲ ဒုတိယတွဲ၊ အဋ္ဌက, နဝက, ဒသက, ဧကာဒသကပါဠိတတွဲ တတိယတွဲအားဖြင့် ၃-တွဲဖြစ်၏။ ပဌမတွဲမှာ ဆဋ္ဌသံဂါယနာ စာတော်မူ စာမျက်နှာ ၅၀၀,ဒုတိယတွဲမှာ ၅၁၃,တတိယတွဲမှာ ၅၅၀-တွဲ အသီးအသီး ရှိလေသည်။ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး အရှင်ပညာသည် ဖော်ပြပါ အင်္ဂုတ္တရနိကာယ်ကြီးကို အဋ္ဌကထာတွဲဖက်၍ နိုင်နင်းစွာ ချပုံတော်မူလေသည်။

အင်္ဂုတ္တရမိဝိ ဝါစေသိ၊ ဝဏ္ဏနာသဟိတံ သုဘံ။
အင်္ဂုတ္တရသံဂီတေပိ၊ ကောဝိဒေါ ကဝိသေခရော။

အရှင်အနုရုဒ္ဓါ ဖြစ်လေရော့သလား

အတ္ထေ ဓမ္မေ နိကာယဿ၊ အတိဝ ကုသလော ဝိဒ္ဓါ။
အနုရုဒ္ဓေါ နု သုဓီရ၊ နရသီဟဿ သာသနေ။

သုဓီရ=လွန်စွာပြောင်မြောက် မုံသောက်မာတင် ပညာရှင် ဖြစ်တော်မူသော အရှင်ဆရာတော်ဘုရားကြီးဘုရား။ တုံ=အရှင်ဆရာတော်ဘုရားကြီးသည်။ နိကာယဿ=အင်္ဂုတ္တရ နိကာယဿ=ခက်ခဲနက်ကျယ် အင်္ဂုတ္တရကျမ်း

၁။ နဝသုတ္တသဟဿာနိ၊ ပဉ္စသုတ္တသတာနိ စ။
သတ္တပညာသသုတ္တာနိ၊ သင်္ခေါ အင်္ဂုတ္တရေ အယံ။ ဝိဒ္ဓေါ။ ၂၂။ ဒီဒ္ဓေါ။ ၂၄။
နဝသုတ္တသဟဿာနိ၊ ပဉ္စသုတ္တသတာနိ စ။
သတ္တပညာသသုတ္တာနိ၊ ဟောန္တိ အင်္ဂုတ္တရာဂမေ။ အံဒ္ဓေါ။ ၃။

နီကာယ်၏။ အတ္ထေ=အနက်အဓိပ္ပါယ်၌ရင်း။ ဓမ္မေ=ပါဠိ၌ရင်း။ အတီဝ ကုသလော ဝိဒ္ဒါ= လွန်စွာ လိမ္မာတတ်မြောက် ကျမ်းကျင်တော်မူပါ၏။ သုဓိရ= တတ်မြောက်ကျမ်းကျင် ပညာရှင်ပုဂ္ဂိုလ်မြတ်ကြီးဘုရား။ တံ့=အရှင်ဘုရားသည်၊ နရသီဟဿ သာသနေ=လူမြတ်ထွတ်မှူး ပုဂ္ဂိုလ်ထူးဖြစ်တော်မူသော မြတ်စွာဘုရား၏သာသနာတော်၌။ အနုရုဒ္ဓါ နု=အရှင်အနုရုဒ္ဓါထေရ်ဖြစ်လေသလော။

ခုဒ္ဒကနိကာယ်ကျမ်းများကိုလည်း လွန်စွာနိုင်နင်းတော်မူခြင်း

ဖော်ပြခဲ့ပြီးသော နိကာယ် ၄-ရပ်မှ ကျန်သော ဝိနည်း ၅-ကျမ်း, အဘိဓမ္မာ ၇-ကျမ်း, ခုဒ္ဒကပါဌ, ဓမ္မပဒ, ဥဒါန်း, ဣတိဝုတ်, သုတ္တနိပါတ်, ဝိမာနဝတ္ထု, ပေတဝတ္ထု, ထေရဂါထာ, ထေရီဂါထာ, အပဒါန်, ဇာတ်, မဟာနိဒ္ဒေသ, စူဠနိဒ္ဒေသ, ပဋိသမ္ဘိဒါမဂ်, နေတ္တိ, ပေဋကောပဒေသ, မိလိန္ဒပဉ္ဉ-ဟူသော ကျမ်းတို့ကို ခုဒ္ဒကနိကာယ်ကျမ်းတို့ဟူ၍ ခေါ်ဝေါ်သတ်မှတ်တော် မူခဲ့ကြကုန်၏။

ဌပေတ္ဝာ စတုရောပေတေ၊ နိကာယေ ဒီဃအာဒိကေ။
တဒည် ဇုဒ္ဓဝစနံ၊ နိကာယော ခုဒ္ဒကော မတော[1]။

ဆရာတော်သည် ဖော်ပြပါ ကျမ်းတို့ကိုလည်း လွန်စွာနိုင်နင်းတော်မူသည်။ ခုဒ္ဒကနိကာယ်ဝင် ကျမ်းများအနက် ဝိနည်း ၅-ကျမ်း, အဘိဓမ္မာ ၇-ကျမ်း, နေတ္တိကျမ်းများကိုသာ ချပို့ကြောင်း သိရှိရလေသည်။

ဆရာတော်ကား နိကာယ် ၅-ရပ် ပိဋကတ် ကမ်းကူး လင်းယာဉ်မှူးကြီး စစ်မှန်လှပေသည်။ ဇုဒ္ဓမတည်ူ အဋ္ဌကထာကျမ်းပြု အရှင်ဇုဒ္ဓဃောသ, အရှင်ဓမ္မပါလတို့နှင့် ပမာပြုထိုက်သည့် နိကာယဏ္ဏဝပါရဂူ ပုဂ္ဂိုလ်ကြီး မှန်လှပါပေသတည်း။

ခုဒ္ဒကသုနိကာယေပိ၊ ဝိသာရဒေါ မဟာဝိဒူ။
ပါရဂူ ကုသလော ဇုဒ္ဓ-ဃောသ ဓမ္မပါလော ယထာ။

ဝိသုဒ္ဓိမဂ်ကျမ်း နိုင်နင်းစွာ ချပို့တော်မူခဲ့

အရှင်မဟာဇုဒ္ဓဃောသသည် သုစိသလ္လေခဝုတ္တိဂုဏ်, ဝိနယာစာရယုတ္တစသည့် ဂုဏ်တို့နှင့် ပြည့်စုံတော်မူသော သီဟိုဠ်ကျွန်း မဟာဝိဟာရကျောင်းတိုက်ကြီး၏ ကျက်သရေဆောင် တပါး ဖြစ်တော်မူသော အရှင်သံဃပါလထေရ်၏ တောင်းပန်ခြင်းကို အရင်းမူသဖြင့် သီလနိဒ္ဒေသအစ, ပညာဘာဝနာနိသံသ နိဒ္ဒေသ အဆုံးရှိသော အခန်းနိဒ္ဒေသပေါင်း ၂၃-တို့ဖြင့် တန်းဆာဆင်၍ စီရင်တော်

၁။ ဝိ၊ဋ္ဌ၊၁။ ၂၂။ ဒီ၊ဋ္ဌ၊၁။ ၂၄။

မူခဲ့သည်။ ယင်း ဝိသုဒ္ဓိမဂ်ကျမ်းကြီးမှာ ပဌမအုပ် ဆဋ္ဌသံဂါယနာ စာတော်မူ စာမျက်မှာ ၃၇၀, ဒုတိယအုပ် ၃၅၆. ရှိလေသည်။ ဆရာတော်ဘုရားကြီး အရှင် ပညာသည် ဖော်ပြပါ ဝိသုဒ္ဓိမဂ်ကျမ်းကြီးကိုသည်း နှိုင်နင်းစွာ ဋ္ဌီကာတဲ့ဖက်၍ အခေါက်ခေါက် အခါခါ ချပို့တော် မူခဲ့လေသည်။ ဤစာပြုသူသည် သာမဏေဘဝက ဆရာတော်၏ ဝိသုဒ္ဓိမဂ် ချနက် မှတ်စုတို့ကို ကြည့်ရှု လေ့လာခဲ့ဘူးသည်။

ဝိသုဒ္ဓိမဂ္ဂ ဂန္ထော့ပိ၊ ဂမ္ဘီရော သုဒ္ဒနိစ္ဆယော။
တမ္မိ ဋ္ဌီကာသဟိတံဝ၊ ဝါစေသိ ဝါစနေ ဝိဒူ။

သခေ်ပဝဏ္ဏနာဋ္ဌီကာကို ချပို့ တော်မူခြင်း

သခေ်ပဝဏ္ဏာနာဋ္ဌီကာကျမ်းမှာ သီဟိုဠ်, မြန်မာ စသည့် နိုင်ငံများစွာတို့၌ ထင်ရှားသော သဂ်ဂိုဟ်အဖွင့်ကျဉ်း ကျမ်းဖြစ်သည်၊ ဒုတိယ ဆပ္ပဌဆရာဟု ကျော်ကြားသော အရှင် သဒ္ဓမ္မဇောတိပါလ ထေရ်သည် သီဟိုဠ်ဘုရင် သီရိ ပရက္ကမဗာဟုမင်း တောင်းပန်သဖြင့် သီဟိုဠ်နေစဉ်က ရေးသားသော ကျမ်း ဖြစ်သည်။ ကျမ်းဦး၌—

တိက္ခတ္တုံ ပတ္တလက်ံဃော၊ ပတိဋ္ဌာပေသိ သာသနံ။
ဝန္ဒိတ္ဝာ လောကနာထံ တံ၊ ဓမ္မံ သံဃဉ္စ ပူဇိတံ။
အာဂတာဂမသတ္ထေန၊ စန္ဒေဝ သရဒမ္ဗရေ။
ပါကဋ္ဌေနိဓဒီပမ္မိ၊ မဟာဝိဇယဗာဟုနာ။
ဥက္ကုဋ္ဌိကံ နိသီဒိတ္ဝာ၊ သာသနတ္ထာဘိကခ်ိနာ။
ယာစိတောဟံ ကရိဿာမိ၊ သခေ်ပ ပဒဝဏ္ဏနံ။
ပေါရာဏေဟိ ကတာနေကာ–သန္တီ ယာ ပန ဝဏ္ဏနာ။
တော ဝေဠောဒိဂဗ္ဘေသု၊ အဇောတာစန္ဒရူပမာ။
တသ္မာ ခဇ္ဇောတနူပမံ၊ ကရိဿံ ကိဉ္စ ဝဏ္ဏနံ။
သာဓေါ တံ နိသာမေထ၊သာသနဿ သုဗုဒ္ဓိယာ။

ဟူသော ၅-ကဏာဖြင့် ရတနတ္တယပဏာမ, အဘိယာစက, ပဋိညာဉ်, ပကရဏဟေတု, ဥယျောဇဉ်, ပကရဏပယောဇဉ်တို့ကို ပြတော်မူခဲ့သည်။ ယင်း ကျမ်းမှာ ရှိုင်ဆိုက် စာမျက်နှာ ၁၆၀-ခန့် ရှိ၏။ ဆရာတော် ဘုရားကြီးသည် ယင်း သခေ်ပဝဏ္ဏနာဋ္ဌီကာကိုလည်း ၁၂၉၂- ခုနှစ်က ချပို့တော် မူခဲ့သည်။ ယခုခေတ်၌ ဆရာတော်လို စာစုံချပို့သည့် ပုဂ္ဂိုလ် တော်တော် ရှားချေပြီ။

သခေ်ပဝဏ္ဏနဉ္စာပိ၊ ဝဏ္ဏနာသု သုကောဝိဒေါ။
သောတူနံ ဉာဏဝုဒ္ဓိယာ၊ ဝါစယီ ယတိသေခရော။

စာပေကျမ်းဂန် ကြည့်ရှုပို့ချခြင်းဖြင့် အချိန်ကုန်စေသူ

ဆရာတော် ဘုရားကြီးကား အမြဲထာဝစဉ် စာပေကျမ်းဂန်တို့ကို ကြည့်ရှုလေ့လာ ချပို့ခြင်းဖြင့်သာ အချိန်သမယကို ကုန်လွန်စေတော်မူသည်။ လောကဌ အချို့လူမိုက် လူဖျင်းတို့သည် မူးယစ်သောက်စား ပျော်ပါးခြင်းဖြင့်ရင်း, လောင်းကစားခြင်း အာစရိယသော ပျက်စီးခြင်း မျိုးစုံဖြင့်ရင်း ဖျာဆုတ်ဆိပ် ကျောမှာနှိပ်အောင် တရှူးရှူး တလူးလူးဖြင့် အိပ်ခြင်းဖြင့်ရင်း, ခိုက်ရန်ပြု ငြင်းခုံခြင်းဖြင့်ရင်း, အချိန်ကို ဖြုန်းတတ်ကြကုန်၏။ အသင် စာရှုသူသည်လည်း ကျေးဇူးရှင် ဆရာတော်ဘုရားကြီးတို့လို ပရိယတ် စာပေဖြင့် အချိန်ကို သုံး၍ ဘုန်းဘုရား သာသနာကြီးကို ရောင်ဝါထိန်ဝင်း လင်းလက်အောင် ပြုပါလေ။

ကဗျာသတ္ထဝနောဒေန၊ ကာလော ဂစ္ဆတိ ဓမ္မတာ။
ဗျသနေန စ မူဠှာနံ၊ နိဒ္ဒါယကလဟေန ဝါ[1]။

အဌဝိသတိမပိုင်း

ဥပဒေ ရေးဆွဲတော်မူခြင်း

ကျေးဇူးရှင် ရေစကြိုဆရာတော်ဘုရားကြီးသည် မဟာဝိသုတာရာမတိုက်ကြီးကို အရှေ့ပန်းစွာတိုက်မှ ပါလာသော သံဃာတော် ၁၆၄-ပါးဖြင့် စတင် တည်ထောင်တော် မူခဲ့သည်။ နောင် တဖြည်းဖြည်း သံဃာတော် ၄၀၀ ကျော်၅၀၀ခန့် ရှိလာလေသည်။ ဆရာတော် အရှင်ပညာ လက်ထက်တွင်ကား သံဃာတော်များ လွန်စွာတိုးကက် များပြားခဲ့သည်။ ၆၀၀, ၇၀၀, ၈၀၀, ၉၀၀-ကျော် အောင် များပြားခဲ့သည်။ ၁၃၀၁-ခုနှစ်က ဆိုလျှင် ၉၇၃-ပါး အထိ ရှိသည်ဟု သိရ၏[2]။ တထောင်ပြည့်မှာ ၁-ပါးသာ လျော့သည်ဟုလည်း ကြားဘူး၏။ သို့ဖြစ်၍ တိုက်တာအုပ်ချုပ်ရန် စည်းမျဉ်းဥပဒေ ပြည့်ပြည့်စုံစုံ လိုလာလေသည်။ ယင်းသို့ လိုနေသည်ကို ဆရာတော်သည် ဟာကွက် ပေးတော် မမူပဲ ၁၂၈၁-ခုနှစ်တွင် ဆရာတော် အရှင်သုန္ဒရ မဟာထေရ်, အရှင်နန္ဒဝံသ မဟာထေရ် တို့နှင့်တိုင်ပင်တော်မူ၍ မူလရှိရင်းစွဲ ဥပဒေကို တိုးခဲ့ဖြည့်စွက်တော်မူကာ ပခုက္ကူ မဟာဝိသုတာရာမ မိခင်တိုက်မရှိ သံဃာတော်များနှင့် မဟာဝိသုတာရာမ

၁။ ဟိတောပဒေသ မိတ္တလာဘကထာ ၁-ဂါထာ။
၂။ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီး အရှင်သုန္ဒရထေရ်က ဤစာပြုသူအား မိန့်ကြား ဘူးသည်။

တိုက်ခွဲ သံဃာတော်များ လိုက်နာရန် ဥပဒေကို ရေးဆွဲ စီရင်ရိုက်နှိပ် ထုတ်ပြန်တော်မူခဲ့လေသည်။ ယင်းဥပဒေ၌—

၁။ အာရုမိဿရနှင့် ဂဏဝါစကတို့ လိုက်နာရန်ဥပဒေ၊

၂။ ဝိဟာရဇေဋ္ဌက ကျောင်းအုပ်ဘုန်းကြီးများ လိုက်နာရန် ဥပဒေ၊

၃။ ဓမ္မန္တေဝါသိက စာသင်သားများ လိုက်နာရန် ဥပဒေတို့ပါဝင်လေသည်[1]။

ယင်းဥပဒေသည် လွန်စွာထိရောက်လေသည်။

ဥပဒေသမို့ ဥဒ္ဒိပိ၊ မဟာဥပဒေသကော သုဓိ။
ယတီနံ သုခဘာဝါယ၊ ဥပဒေသ သုကောဝိဒေါ။

ကျေနတိ သတိမပိုင်း

မဟာဝိသုတာရုမ စာသင်တိုက်ခွဲများ အနှံ့ အပြား တည်ထောင်ခြင်း

ဆရာတော် အရှင်ပညာ မဟာထေရ်သည် ဘုရားမြတ်စွာ သာသနာစည်ပင်ရေးကို လွန်စွာရှေရှုတော်မူသည်၊ ဆရာတော်၌ အဓိကရည်ရွယ်ချက် လုပ်ငန်း ၃-ရပ်ရှိသည်။

၁။ နိကာယ်သာသနာ ထွန်းကားရေး လုပ်ငန်း၊

၂။ တောင်တန်း သာသနာပြုရေး လုပ်ငန်း၊

၃။ နွားသားစား ရှောင်ကြဉ်ရန် တရားဟောရေး လုပ်ငန်းတို့ဖြစ်ကုန်၏။

ယင်းလုပ်ငန်း ၃-ခုအနက် နိကာယ်သာသနာ ထွန်းကားရေးကို ရှေးဦးစွာ အာကောင်အထည်ဖေါ်အောင် ဖေဖော်တော်မူလေသည်။ နိကာယ် သာသနာ ထွန်းကားရေးမှာ နိကာယ်စာသင်တိုက်ကြီး အနှံ့အပြား တည်ထောင်မှု ဖြစ်မည်ဟု သဘောပေါက်တော်မူသည်။

ရွှေဘိုမြို့ တတိယ မဟာဝိသုတာရုမတိုက်

ယင်းသို့ သဘောပေါက်တော်မူသဖြင့် ရေစကြို့ ဆရာကော်ဘုရားကြီး၏ တပည့်ကြီး တပါးဖြစ်ဟော်မူသော ဆရာတော် ဦးဝိလာသဂ္ဂကို ရွှေဘိုမြို့၌

၁။ ပခုက္ကူ။ မဟာဝိသုတာရုမိက နိကာယဝင် သံဃာတော် အရှင်မြတ်တို့ လိုက်နာကျင့်ဆောင်ရန် ဥပဒေ-ကြည့်။မဟာဝိသုတာရုမ နိကာယ သာသနာဝင်—၆၃၇-၆၄၈-လည်း ကြည့်။

မဟာဝိသုဘာရာမတိုက်ခဲ့ နိကာယ်စာသင်တိုက် တည်ထောင်ရန် တိုက်တွန်းတော် မူခဲ့ဘူးလေသည်။

သို့ဖြစ်၍ ဆရာတော် ဦးဝိလာသဂ္ဂသည် ရေစကြို ဆရာတော် ဘုရားကြီး ပြန်လွန်တော်မမူမီ ၁၂၇၃-ခုနှစ် နယုန်လတွင် ရွှေဘိုမြို့၌ မဟာဝိသုတာရာမ စာသင်တိုက်ခဲ့တတိုက် တည်ထောင်တော်မူ၍ နိကာယ်ကျမ်းကြီးများကို ချပို့တော်မူသည်။ သံဃာတော် ၁၀၀-ကျော်အထိ တိုးတက်များပြားခဲ့လေသည်။ ယင်း ဆရာတော် ဦးဝိလာသဂ္ဂ တည်ထောင်သော မဟာဝိသုတာရာမသည် မန္တလေးမြို့ အရှေ့ပြင် ၁၂၁၉-ခုနှစ်တွင် တည်ထောင်သော သာသနာပိုင် ဆရာတော် ဦးဥေယျ တည်ထောင်တော်မူခဲ့သော ပဌမ မဟာဝိသုတာရာမ တိုက်တော်နှင့် ပခုက္ကူမြို့၌ ကျေးဇူးရှင် ရေစကြို ဆရာတော် ဘုရားကြီး ၁၂၆၅-ခုနှစ်က တည်ထောင်တော်မူခဲ့သော ဒုတိယ မဟာဝိသုတာရာမကို ထောက်၍ တတိယမဟာဝိသုတာရာမတိုက်ဟု တွင်သတည်း[1]။

တတိယမဟာဝိသုတ–အာရာမောပိ ပတိဋ္ဌဟိ။
နိကာယ သုဝိရုဠှာယ၊ သမ္မာသမ္မုဒ္ဓသာသနေ။

စတုတ္ထမဟာဝိသုတာရာမတိုက်

ရေစကြို ဆရာတော် ဘုရားကြီး၏ တပည့်ကြီးတပါး ဖြစ်တော်မူသော ၁၂၂၀-ပြည့်နှစ်ဖွား အင်းဝမြို့ ဇာတိ ဆရာတော် ဦးမာလာသည် ရဟန်း သိက္ခာ ၁၀-ဝါ အရွယ်တွင် ကိုရင်ရွာ၌ နိကာယ်စာသင်တိုက်ကို တည်ထောင်တော်မူခဲ့လေသည်။ ဆရာတော် အရှင်ပညာထေရ်က များစွာ အားပေး ကူညီတော်မူသည်။ သံဃာတော် ၂၀-ကျော်ထိ တိုးတက်များပြားခဲ့လေသည်။ ယင်း ကိုရင်ရွာ မဟာဝိသုတာရာမတိုက်သည် မန္တလေး, ပခုက္ကူ, ရွှေဘို မဟာဝိသုတာရာမတိုက်တို့ကို ထောက်၍ စတုတ္ထမဟာဝိသုတာရာမဟု တွင်လေသည်[2]။

စတုတ္ထမဟာဝိသုတ–အာရာမောပိ ပတိဋ္ဌဟိ။
နိကာယ သုဝိရုဠှာယ၊ သမ္မာသမ္မုဒ္ဓသာသနေ။

မြင်းခြံမြို့ မဟာဝိသုတာရာမတိုက်

ဆရာတော် အရှင်ပညာ မဟာထေရ်မြတ်သည် မြင်းခြံမြို့၌လည်း နိကာယ်စာသင်တိုက်ကြီး တတိုက် အနည်းဆုံး တည်ရှိသင့်သည်ဟု ယူဆတော်မူသဖြင့်

၁။ အာကျယ် မဟာထေရ ဝုတ္တန္တပ္ပဒီပိကာ-၂၀၅+၂၀၆-ကြည့်။
၂။ အာကျယ် မဟာဝိသုတာရာမ နိကာယသာသနာဝင်-၃၁၅-၃၁၆-ကြည့်။

ဆရာတော် အရှင်သုန္ဒရ မဟာထေရ်, ဆရာတော် အရှင်နန္ဒဝံသ မဟာထေရ် တို့နှင့်အတူ မြင်းခြံမြို့သို့ ကြွတော်မူ၍ သက္ကရာဇ် ၁၂၇၀-ခုနှစ်တွင် မြင်းခြံမြို့သံလမ်း အရှေ့ဖက် ကျယ်ပြန့်သော မြေကွက်လပ်၌ မဟာဝိသုတာရုံမတိုက်ဟူသော အမည်ဖြင့် နိကာယ်စာသင်တိုက်ကို တည်ထောင်တော်မူ၍ နိကာယ်ကျမ်းများနှင့် သက္ကတကျမ်းတို့၌ တတ်မြောက်တော်မူသော မြင်းခြံခရိုင် ငသယောက်တိုက်နယ် မြောက်ကုန်းရွာဇာတိ ဆရာတော်အရှင်တိလောကကို တိုက်တာ အကြီးအကဲအဖြစ် အသိအမှတ်ပြုတော်မူ၍ ကူညီအားပေးတော်မူသည်။ ယင်း မြင်းခြံ မဟာဝိသုတာရုံမတိုက်သစ်၌ သံဃာ ၃၀၀-ခန့်အထိ တိုးတက်များပြားဘူးသည်ဟု သိရ၏။ ယခု ယင်းတိုက်ကို ဆရာတော် ဦးကုမာရ ဦးစီးအုပ်ချုပ်လျက်ရှိ၏[1]။

မြင်းခြံပုရေပိ ဝိဿုတ-အာရုံမောပိ ပတိဋ္ဌဟိ။
နိကာယ သုဝရွဇ္ဇာယ၊ သမ္မာသမ္ဗုဒ္ဓဿသနေ။

ဆီမီးခုံမြို့ မဟာဝိသုတာရုံမတိုက်

ဆရာတော် အရှင်ပညာသည် အနာဂတ်သာသနာ တည်ရေးအတွက် အရှင်မဟာမေဃလိပုတ္တတိဿကဲ့သို့ စိတ်စောတော်မူခဲ့လေသည်။ နိကာယ်သာသနာထွန်းကားလျှင် သာသနာ ၅၀၀၀-အထိ ရောက်ရမည်ဟု အမြဲတစေ နှလုံးပြုတော်မူသည်။ သက္ကရာဇ် ၁၂၀၄-ခုနှစ်တွင် ဆီမီးခုံမြို့၌ နိကာယ်ကျမ်းတတ် ဆရာတော် ဦးနာရဒကို မဟာဝိသုတာရုံမ စာသင်တိုက်ကို တည်ထောင်စေတော်မူခဲ့လေသည်။ယင်း စာသင်တိုက်၌ သံဃာတော် ၁၃၀-ကျော်အထိ များပြား တိုးတက်ခဲ့လေသည်[2]။

ဆီမီးခုံနဂရေ စာပိ၊ ပတိဋ္ဌာပေတိ ဗုဒ္ဓိမာ။
ဝိသုတာဝုဝိဇ္ဇာပီဌံ၊ နိကာယဝုဏ္ဍိယာ ဝိဒုါ။

မကွေးမြို့ မဟာဝိသုတာရုံမတိုက်

မကွေးမြို့ မဟာဝိသုတာရုံမတိုက်၏ အာရုံမသမုဋ္ဌာပကမှာ ကျမ်းဂန်တတ်မြောက်လှသော အရှင်နာရဒ ဖြစ်တော်မူသည်။ ဆရာတော် ဦးနာရဒ၏ ကြိုးပမ်းမှုကြောင့် မဟာဝိသုတာရုံမ ဂဏဝါစကနိကာယကြီး ပေါ်ပေါက်ခဲ့လေသည်။ ဆရာတော် အရှင်ပညာသည် မိမိတပည့်ရင်းဖြစ်သော မင်းဘူးခရိုင် စိုင်ရှင်ရွာဇာတိ အရှင်နာရဒကို ၁၂၀၄-ခုနှစ်တွင် မကွေးမြို့၌ မဟာဝိသုတာရုံမ

၁။ အကျယ် မဟာဝိသုတာရုံမနိကာယသာသနာ၁၀၀-၄၁၄၊၄၁၈-ကြည့်။
၂။ အကျယ် မဟာဝိသုတာရုံမ နိကာယသာသနာ့၀င်-၃၅၂၊၃၅၅-ကြည့်။

နိကာယ်စာသင်တိုက်ကို တည်ထောင်ဖွင့်လှစ်စေတော်မူခဲ့လေသည်။ ယင်း တိုက်ကား ယခုတိုင် စည်ကားလျက်ရှိပေသည်ဘ။

မင်္ကဵးဂုနဂရေ စာပိ၊ ပတိဋ္ဌာပေတိ ဓိတိမာ။
ဝိသုတာဝုဝိဇ္ဇာပီဋ္ဌံ၊ နိကာယဝုဒ္ဓိယာ ဝိဒ္ဓါ။

ညောင်းမြို့ မဟာဝိသုတာရုမတိုက်

ဆရာတော် အရှင်ပညာ မဟာထေရ်သည် ညောင်ဦးမြို့၌လည်း သက္ကရာဇ် ၁၂၀၄-ခုနှစ်လောက်တွင် ကျောင်းအမြဲဒေါ ဒွဲးစု,ဒေါ ဒွဲးဥတို့ ဆောက်လုပ်လှူဒါန်းအပ်သော မဟာဝိသုတာရုမကျောင်းတိုက်အရံကို အလှူခံတော်မူ၍ ရှေးဦးစွာ ဆရာကော် အရှင်ဂန္ဓမာ မဟာထေရ်ကို နေစေတော်မူသည်။နောက်တွင် ဆရာကော် အရှင်နန္ဒဝံသ (အဂ္ဂမဟာပဏ္ဍိတ) ကို စေလွှတ်တော်မူသည်။ ဆရာတော် အရှင်နန္ဒဝံသ၏ ကြိုးပမ်းမှုကြောင့် ယင်း ညောင်ဦး မဟာဝိသုတာရုမတိုက်၌ သံဃာ ၃၀၀-ခန့်အထိ ရှိခဲ့ဘူးလေသည်၂။

ညောင်ဦးဝုနဂရေ စာပိ၊ ဝိသုတော သမ္မဝတ္တတိ။
မဟာဝိသုတံ နိဿာယ၊ သာသနံ သမ္မဝဒ္ဓတိ။

ညောင်တုန်းမြို့ မဟာဝိသုတာရုမတိုက်

ဆရာတော် အရှင်ပညာသည် မိမိ၏ တပည့်တော်ဘူးသော ၁၂၄၅-ခုနှစ် ဖွား ကျမ်းဂန်တတ်ဆရာတော် အရှင်ရေဝတကို မဟာဝိသုတာရုမစာသင်တိုက် တည်ရန် တိုက်တွန်းဘူးသည်။ သို့ဖြစ်၍ အရှင်ရေဝတသည် ၁၂၈၅-ခုနှစ်တွင် ညောင်တုန်းမြို့၌ မဟာဝိသုတာရုမနိကာယ် စာသင်တိုက်ကို တည်ထောင်တော်မူခဲ့လေသည်။သံဃာတော် ၁၀၀-ကျော်အထိ တိုးတက်ခဲ့ဘူးသည်ဒ။

ညောင်တုန်းဝုသုပုရေ စာပိ၊ ဝိသုတော သမ္မဝတ္တတိ။
ဝိသုတာရုမံ ပဋ္ဌိစ္စ၊ သာသနံ သမ္မဝဒ္ဓတိ။

၁။ အကျယ် မဟာဝိသုဘာဆုမနိကာယသာသနာဝင်-၄၂၉-၄၃၈-ကြည့်။
၂။ အကျယ် မဟာဝိသုတာရုမနိကာယသာသနာဝင်-၂၇၂-ကြည့်။
၃။ အကျယ် မဟာဝိသုတာရုမနိကာယသာသနာဝင်။ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်ရေဝတမဓမ္မ(၁၅၉-၁၆၃)ကြည့်။

စဉ့်ကူးမြို့ မဟာဝိသုတာရာမတိုက်

ဆရာတော် အရှင်ပညာသည်—

ဒီဃ မဇ္ဈိမ သံယုတ္တ-အင်္ဂုတ္တရိက ခုဒ္ဒကာ။
နိကာယာ ပဉ္စ ဂမ္ဘီရာ၊ ဓမ္မတော အတ္ထတော စိမေ၁။

ဟူသည်နှင့်အညီ ဓမ္မ, အတ္ထအားဖြင့် နက်နဲသော ဒီဃ, မဇ္ဈိမ, သံယုတ္တ, အင်္ဂုတ္တရ, ခုဒ္ဒက ဟူသော နိကာယ် ၅-ရပ်ကို ရှင်ရဟန်းတို့၏ နှလုံးအိမ်၌ ရောက်ရှိစေလိုသဖြင့် ၁၂၇၉-ခုနှစ်တွင် စဉ့်ကူမြို့၌လည်း နိကာယ်ကျမ်းဂန်တတ် ဆရာတော်ဦးဥယျကို မဟာဝိသုတာရုမ စာသင်တိုက်ကို တည်ထောင်စေတော်မူခဲ့လေသည်။ ဆရာတော်သည် မျှားစွာ ကူညီတော်မူသည်၂။

စဉ့်ကူဝုန၀ရေ စာပိ၊ ပတိဋ္ဌာပေတိ မိတိမာ။
ဝိသုတာဝု ဝိဇ္ဇာပီဋ္ဌ၊ နိကာယသ္မ ဝိရုဇ္ဈိယာ။

ဆင်ဖြူကျွန်းမြို့ မဟာဝိသုတာရာမတိုက်

ပဉ့်ဖြူမြို့နယ် ညောင်ပင်သာရွာ၌ ၁၂၆၆-ခုနှစ်တွင် ဖွားမြင်တော်မူ၍ ရှင်ရဟန်းအဖြစ်သို့ ရောက်တော်မူသော အရှင်ပညာသီဟသည် နိကာယ် ၅-ရပ်ကို တတ်မြောက်တော်မူသည်၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်၌ ကြာမြင့်စွာ ဂဏဝါစကအဖြစ်နှင့် စာပေပို့ချတော်မူခဲ့သည်။ ဆရာတော် အရှင်ပညာသည် ၁၃၀၁-ခုနှစ်တွင် မိမိငယ်စဉ်က နေထိုင်ခဲ့ဘူးသော ဆင်ဖြူကျွန်းမြို့ စေတီလှကျောင်းတိုက်ကို မဟာဝိသုတာရာမ စာသင်တိုက်အဖြစ် တည်ထောင်စေတော်မူ၍ ဂဏဝါစက အရှင်ပညာသီဟကို အာရာမာဓိပတိအဖြစ် အသိအမှတ်ပြုတော်မူခဲ့လေသည်။ ဆရာတော် အရှင်ပညာသီဟသည် ကြီးမားသော ဝိရိယဖြင့် စာပေပို့ချတော်မူ၍ ပရိယတ္တိသာသနာကို ပြုတော်မူခဲ့သည်။ ၁၈-ပါးမှ အစပျိုးခဲ့ရာ ၁၃၁၄-ခုနှစ်တွင် စာသင်သား ၁၀၀-ကျော်ခဲ့လေသည်၃။

ဆင်ဖြူကျွန်းဒေသ သေဇ္ဈပိ၊ ဝိသုတော သမ္ပဝတ္တတိ။
မဟာဝိသုတံ နိဿာယ၊ သာသနံ သမ္ပဝဒ္ဓတိ။

ကျောက်ဆည်မြို့ မဟာဝိသုတာရာမတိုက်

ကျောက်ဆည်မြို့၌လည်း မဟာဝိသုတာရာမ နိကာယ် စာသင်တိုက်ကို ဆရာတော်အရှင်ပညာသည် မိမိ၏တပည့် စစ်ကိုင်းခရိုင် ဇမြောင်မြို့နယ် ဂုန္ဒင်းကိုင်း

၁။ ခုဒ္ဒကပါဋဌအဋ္ဌကထာ-၂။
၂။ မဟာဝိသုကာရာမ နိကာယသာသနာဝင်-၄၂၇—၄၂၈-ကြည့်။
၃။ မဟာဝိသုတာရာမ နိကာယသာသနာဝင်-၄၄၂—၄၄၃-ကြည့်။

ရွာဇာတိ ကျမ်းဂန်တတ် အရှင်ဇောတကို တည်ထောင်စေတော်မူခဲ့လေသည်။ ဆရာတော် အရှင်ဇောတသည် မဟာဝိသုတာရာမိက ဂဏဝါစကကြီး စ တင် တည်ထောင်စဉ် အဖွဲ့သို့ ဝင်ပါသည့် လျှောက်ထားစာကို အဦးဆုံး ၁၂၉၇-ခုနှစ် သီတင်းကျွတ်လဆုတ် ၅-ရက်နေ့တွင် ဂိုဏ်းဝန်ဆောင် မကွေးဆရာတော်ဦးနာရဒ ထံသို့ ရောက်လေသည်။ သို့ဖြစ်၍ ဆရာတော် အရှင်ဇောတသည် အဦးဆုံး မဟာဝိသုတာရာမိက ဂဏဝါစက နိကာယဝင် ဖြစ်တော်မူသည်[၁]။

ကျောက်ဆည်ဝှ ဒေသသေဋ္ဌပိ၊ ဝိသုတော သမ္ပဝတ္တတိ။
မဟာဝိသုတံ နိဿာယ၊ သာသနံ သမ္ပဝတ္တိ။

ငမြောကြီး မဟာဝိသုတာရာမတိုက်

ဆရာတော် အရှင်ပညာသည် ကျမ်းဂန်တတ် တပည့် ဆရာတော်ဦးသာသနကို ငမြောကြီး၌ မဟာဝိသုတာရာမ နိကာယ်စာသင်တိုက် တည်ထောင်စေတော် မူခဲ့လေသည်။ စာချပုံ စာချနည်း, တပည့်မွေးပုံ မွေးနည်းနှင့်တကွ ကျန်စဉ် ညွှန်ပြတော်မူသည်။ ဦးသာသနသည် နိကာယ် အစည်းအဝေးမျှားသို့လည်း ကြွတော်မူဘူးသည်။

ငမြောကြီးဒေသသေဋ္ဌပိ၊ ဝိသုတော သမ္ပဝတ္တတိ။
မဟာဝိသုတံ နိဿာယ၊ သာသနံ သမ္ပဝတ္တိ။

သရက်မြို မဟာဝိသုတာရာမတိုက်

ဆရာတော် အရှင်ပညာသည် မြေလတ်ပိုင်း သဘော်ဆိပ်ကမ်းမြို့ဖြစ်သော သရက်မြို့၌လည်း နိကာယ်စာသင်တိုက်တတိုက်ရှိသင့်သည်ဟု ယူဆပါသဖြင့် မိမိ၏ ကျမ်းဂန်တတ်တပည့် ဦးကောဝိဒကို သရက်မြို့၌ မဟာဝိသုတာရာမ နိကာယ် စာသင်တိုက်ကို တည်ထောင်စေတော်မူသည်။ ဆရာတော် အရှင်ပညာကား လွန်စွာမှ အမြော်အမြင်ကြီးမားသည့် ပုဂ္ဂိုလ်မြတ်ပါတည်း။ သည်းခံ, နှိုးကြား, သနား, ထက်ဋ္ဌ, နိစ္စမသေ ခဲ့ဝေ, ရှုတတ် သူမြတ်တို့ဂုဏ်နှင့်လည်း ကုံလုံပြည့်ဝသည့် ဆရာတော်ပါတည်း။

သရက်ဝှနဂရေ စာပိ၊ ပတိဋ္ဌာပေသိ ဓီတိမာ။
ဝိသုတ ဝိဇ္ဇာယတနံ၊ နိကာယသာဘိဝုဒ္ဓိယာ။

၁။ မဟာဝိသုတာရာမ နိကာယသာသနာဝင်-၄၅၈။ နိကာယ ပဘဝါဒိပ္ပဒီပိကာ။ ၃-ကြည့်။

စလင်းမြို့ မဟာဝိသုတာရာမတိုက်

စလင်းမြို့ခံလည်း ဆရာတော် အရှင်ပညာမထေရ်၏ အမိန့်ရှိ တိုက်တွန်းချက်ကြောင့် ဆရာတော် ဦးကိတ္တိသာရသည် မဟာဝိသုတာရာမတိုက်ကို တည်ထောင်တော်မူခြင်း ဖြစ်လေသည်။ ဆရာတော် ဦးကိတ္တိကား စာချကောင်း, တရားဟောကောင်း, စကားပြောကောင်း, အသံသြဇာကောင်း, သာသနာစိတ် ရှိသည့် မထေရ်မြတ် ဖြစ်တော်မူသည်။

မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ပြည်လုံးကျော်အုပ်စု မန်ကျည်းပင်စုရွာ၌ ဦးဖိုးသန့် ဒေါ်သင်းဆိုင်တို့မှ သက္ကရာဇ် ၁၂၇၄-ခု ကဆုန်လဆန်း ၁၄-ရက် တနလ်ာနေ့တွင် ဖွားမြင်တော်မူသည်။ ဂ-နှစ်သားအရွယ်တွင် ကခ်ီဒိုကာသစ်နီသယကျမ်းပြု လွမ်းတောင် တောရဆရာတော်၏ ညီတော် တောရဆရာတော် အရှင်သံဝရထံ၌ ရောက်ရှိ ပညာသင်ကြားခဲ့သည်။ နောက်တွင် မူလတန်းပညာ, အလယ်တန်းပညာများကိုလည်း သင်ယူခဲ့သည်။

သက်တော် ၁၄-နှစ်သား အရွယ်တွင် သာမဏေဝတ်၍ သာသနာဝန်ကို ထမ်းဆောင်တော်မူခဲ့သည်။ ဘွဲ့မည် ရှင်ကိတ္တိသာရဖြစ်သည်။ သာမဏေပြုသော နှစ်၌ပင် စလင်းရွှေကျောင်းဆရာတော် အရှင်ကုမာရထံ ရောက်ရှိ ပညာသင်ကြားခဲ့သည်။ စလင်း ဦးပဏ္ဍိစ္စ (လုံပဏ် လင်းပဏ် ဤနှစ်တန် အဘယ်ပဏ်သာ၍ စာတတ်သနည်း အဆိုရှိသည့် ဦးပဏ္ဍိစ္စ)၏ တူအရင်းဖြစ်သော ရွာခိုင် အုတ်ကျောင်းဆရာတော် အရှင်ဝါယာမထံ၌ရင်း, အရှင်သီလာစာရထံ၌ရင်း ပညာဆည်းပူးခဲ့သည်။

သက်တော် ၂၀-ရှိရာ ၁၂၉၃-ခုနှစ် တန်ဆောင်မုန်းလဆန်း ဂ-ရက်နေ့တွင် စလင်းမြို့ လယ်ပြင်တိုက် ဂုဏ်းချုပ်ဆရာတော် ဦးတိလောကကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဖြစ်တော်မူသည်။ မုံရွာမြို့ လယ်တီတိုက် လယ်တီပဏ္ဍိတ, လယ်တီဦးကောဝိဒတို့၏ထံ၌လည်း ပညာသင်ကြားခဲ့သည်။ မုံရွာ လယ်တီတိုက်၌ စာချဘုန်းကြီးအဖြစ်ဖြင့်လည်း စာချခဲ့သည်။

ပခုက္ကူခြံ ပညာသင်ကြားခြင်း

၁၂၉၉-ခုနှစ်တွင် ပဌမကျော် လယ်တီဦးကောဝိဒကိုယ်တိုင် ပခုက္ကူ ဆရာတော်ကြီးများထံ လိုက်ပို့အပ်နှံသဖြင့် အရှင်ကိတ္တိသာရသည် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော်ဘုရားကြီး အရှင်ပညာနှင့် စာချဆရာတော်များထံ ပိဋကတ်ကျမ်းဂန်များကို သင်ယူတတ်မြောက်တော်မူခဲ့လေသည်။

စလင်းမြို့၌ မဟာဝိသုတာရာမတိုက် တည်ထောင်ဖွင့်လှစ်ခြင်း

၁၃၀၁-ခုနှစ် တပို့တွဲလဆန်း ဂ-ရက်နေ့တွင် ဆရာတော် အရှင်ပညာကိုယ်တိုင် ဆင်ဖြူကျွန်း စေတီလှကျောင်းတိုက်ကို မဟာဝိသုတာရာမ စာသင်တိုက်အဖြစ် ပြောင်းလဲတည်ထောင်ရန် ကြွအလာ စလင်းမြို့သို့လည်း ကိုယ်တိုင် ကြွရောက်တော်မူကာ အခြေအနေကို လေ့လာ သုံးသပ်တော်မူပြီးနောက် ၎င်း ၁၃၀၁-ခုနှစ်တွင် အရှင်ကိုတို်သာရကို ခေါ်တော်မူ၍ စလင်းမြို့၌ မဟာဝိသုတာရာမ နိကာယ်စာသင်တိုက် တည်ထောင်ရမည်၊ မောင်ကိုတို်သာရ–ဦးဆောင်ပြီး နိကာယ်ကျမ်းဂန်တော်ချပို့ရမည် စသည်ဖြင့် မိန့်ကြားတော်မူလေသည်။ သို့ရာတွင် ၁၃၁၀-ခုနှစ်ကျမှ ပခုက္ကူ နိကာယ်ဝင်ဖြစ်၍ နိကာယ်ကျမ်းဂန်များကို ချပို့တော်မူခဲ့သည်။ ၁၃၁၄-ခုနှစ်မှစ၍ မဟာဝိသုတာရာမတိုက်သစ်ကို တည်ထောင်တော်မူရာ ၁၃၁၅-ခုနှစ် ကဆုန်လပြည့်နေ့တွင် ပြီးစီးသဖြင့် ပခုက္ကူ မဟာဝိသုတာရာမ တိုက်ကြီး စည်းမျဉ်းအတိုင်း လိုက်နာ၍ စာပေချပို့တော်မူရာ သံဃာ ၄၀၊၅၀-ခန့် ရှိလေသည်။

စလင်းဝှ ပုရသေဋ္ဌေပိ၊ ဝိဿုတော ဝိသုတော ဘဝိ။
ဝိသုတာရာမံ နိဿာယ၊ သာသနံ ဝေပုလ္လံ ဘဝိ။

စကူမြို့ မဟာဝိသုတာရာမစာသင်တိုက်

စကူမြို့၌လည်း ၁၃၁၅-ခုနှစ်က "သာသနဓဇသီရိပဝရ ဓမ္မာစရိယ" ဘွဲ့တံဆိပ်ကို ရရှိတော်မူသော မန္တလေးစာချုနည်း, ပခုက္ကူစာချုနည်းနာနယ တို့၌ ကျမ်းကျင်တော်မူသော ဆရာတော် အရှင်စန္ဒဝံသသည် ပခုက္ကူ ဆရာတော် ဘုရားကြီးများဆန္ဒအရ မဟာဝိသုတာရာမိက (ရွှေပန်းရုံ) စာသင်တိုက်ကို တည်ထောင်တော်မူ၍ စာပေ ပို့ချတော်မူခဲ့လေသည်[၁]။

စကူတိဘူမိသေဋ္ဌေပိ၊ ဝိသုတော သမ္ပဝတ္တတိ။
ဝိသုတာရာမံ နိဿာယ၊ သမ္မုဒ္ဓစက္ကဇောတယိ။

မဟာဝိသုတာရာမ စာသင်တိုက်ခဲ့တွေ

ဤသို့ ထုတ်ပြခဲ့သည့်အတိုင်း ဆရာတော် အရှင်ပညာမဟာထေရ်မြတ်၏ ဆန္ဒတော်အရ မဟာဝိသုတာရာမတိုက်အမည်ဖြင့်ရင်း, အခြားသောအမည်ဖြင့် ရင်း ပခုက္ကူမဟာဝိသုတာရာမ မိခင်နိကာယ တက္ကသိုလ် ဗဟိုကျောင်းတိုက်ကြီးမှ ခွဲ၍တည်ထောင်ခဲ့သော စာသင်တိုက်တို့မှာ ရန်ကုန်,မန္တလေး,ပခုက္ကူ,မြင်းခြံ ရွှေဘို, မကွေး, ညောင်တုန်း, မိတ္ထိလာ,ပျဉ်းမနား,မင်းဘူး,မော်လမြိုင်,ပြည်

၁။ မဟာဝိသုတာရာမ နိကာယ သာသနာဝင်-၄၄၁-ကြည့်။

တောင်ငူ,ထန်းတပင်,သရက်,ဖျာပုံ,မြောင်းမြ,စစ်ကိုင်း,ကျောက်ဆည်, ဟသ်ာတ ကသာ, ရွှေတောင်, အောင်လံ, ဆပ်သွား, မြို့သစ်, ကျောက်ပန်းတောင်း, တောင်သာ,ရေနံချောင်း,တောင်တွင်းကြီး,နတ်မောက်,ပေါင်းတည်,ညောင်ဦး, ဆင်ဖြူကျွန်း,စလင်း,ချောက်,ပုဂံ,နွားထိုးကြီး, ဒီပဲရင်း,သုံးခွ,ထီးလင်း,ဂန့်ဂေါ, ဆော, ပေါက်,မြို့ဝှက်, ရေစကြို,မြစ်ခြေ, စကု, စလင်း, ခရမ်း, စဉ့်ကူ, သာစည်, ညောင်ရမ်း, ပျော်ဘွယ်, ဆီးမီးခုံ, ပုသိမ်,ကျိုက်လပ်,ဒေးဒရဲ,အင်းစိန်,စစ်ကိုင်း, သထုံ,ပဲခူး, ရေတာရွည်စသော မြို့တို့၌ စာသင်တိုက်ခဲ့ပေါင်း ၁၅၀-ကျော်ရှိပြီး ကျောင်းခဲ့ပေါင်း သုံးထောင် (၃၀၀၀) ခန့်ရှိလေသည်။ ဆရာတော် အရှင် ပညာ၏ နိကာယ် သာသနာပြု စီမံကိန်းကြီးကား လွန်စွာမှ အောင်မြင် လေသည်[1]။

ပညာ ထေရပဝတ္တိတ–သုမင်္ဂါ မတ္ထကံ ဘဝေ။
ပတ္တော လောကဂ္ဂဇ္ဈေဿ၊ တေဇေန သာသနေ ဝရေ။

သံဃာဦးရေ

ကိုဏ်းဝင် သံဃာဦးရေအားဖြင့်မူ ၂-သောင်း ခန့်ရှိ၏။ ယိုးဒယား နိုင်ငံ, သီဟိုဠ်နိုင်ငံ,မွန်ပြည်နယ်, ရခိုင်ပြည်နယ်, ရှမ်းပြည်နယ်,မြန်မာပြည် အထက်ပိုင်း အလယ်ပိုင်း, အောက်ပိုင်း ဒေသအနှံ့အပြားတို့၌ ပခုက္ကူ။ မဟာဝိသုတာရာမ ထွက် မဟာဝိသုတာရာမကိုဏ်းဝင် သီတင်းသုံး သာသနာပြုလျက်ရှိကုန်၏[2]။

ဘိက္ခုဂဏနဝသေန၊ တိံ သသဟဿမတ္ထကာ။
ဧဝံ ဟိ ဝိသုတာရာမ–နိကာယော သံဝဏ္ဏော ဟိ ခေါ။

တိံသတိမပိုင်း

ကျေးဇူးရှင် ဆရာတော်များ ပြန်လွန် ကိုယ်တိုင် သင်္ဂြိဟ်

ဆရာတော်၏ ကျေးဇူးရှင် ဆရာတော် ဖြစ်တော်မူသော ထနောင်းစုရွာ နဂါးရုင် ဆရာတော် ဘုရားကြီး ဦးဉာဏ(ဦးဇံဝ) ပြန်လွန်တော်မူသောအခါ ဆရာတော်သည် ကိုယ်တိုင် ကြွတော်မူ၍ သင်္ဂြိဟ်ခဲ့တော်မူလေသည်။

ဒိဝင်္ဂတေ ထေရသေဋ္ဌေ၊ဂန္ဆာန ထေရသေခရော။
အန္တိမံ ပူဇနံ ကတ္တာန၊ ဗဟုလံ သင်္ဂဟံ အကံဝ။

၁။ ပခုက္ကူမဟာနိကာယ မှတ်တမ်း-၅၇-၅၈။ အန္တရာယ်ကင်း ပခုက္ကူကမ္မဝါစာ။ ကမ္မဝါစာများ အုဋ္ဌပ်တို့နိဒါန်း-၁-နှာကြည့်။

ဆရာတော် ဦးအာစာရ ပြန်လွန်ရာ ဆရာတော်များစွာ ကူညီသင်္ဂြိဟ်ခဲ့

ဆရာတော်၏ ကျေးဇူးရှင် ဆရာတော်တပါး ဖြစ်တော်မူသော တောင်ဆင်း ထနောင်းစုရွာ ဌကဲပစ်တောင်ဂိုဏ်းကြီး၏ ဂဏပါမောက္ခ ဆရာတော် ဦးအာစာရ(ဦးပြို)သည် သက်တော် ဂဉ-နှစ်၊ ဝါတော် ဖဉ-ဝါရှိရာ ၁၂၉၂-ခုနှစ် ပြာသိုလဆန်း ၁၃-ရက်နေ့တွင် ပြန်လွန်တော်မူသဖြင့် ၁၂၉၂-ခု တပေါင်းလဆုတ် ၂-ရက်နေ့တွင် အန္တိမပူဇာ သာဓုကီဠနသဘင် ကျင်းပရာတွင် ဆရာတော်သည် ကိုယ်တိုင်ကြွတော်၍ ဆောင်ရွက်တော်မူသည့်ပြင် ဘုန်းကြီးပြန် အတွက် လိုအပ်သော အထည်ဝတ္ထု, ဘုန်းကြီးလှူရန် မှာစ၍ များစ္စာကူညီ လှူဒါန်းတော်မူခဲ့လေသည်။ များစ္စာလည်း သံဝဂ ဖြစ်တော်မူသည်။

အာစာရဒိဝင်္ဂတေပိ၊ ဓိတိမာ ထေရကုဉ္ဇရော။
ဒါတဗ္ဗံ သော ဗဟုံ ဒတ္ဝာ၊ သင်္ဂဟော အန္တိမေ သုဓီ။

ဦးပျော့ ကွယ်လွန်ခြင်း

ဆရာတော်၏ မွေးသဖခင် ကျေးဇူးရှင်ကြီး ဦးပျော့သည် သက္ကရာဇ် ၁၂၇၂-ခုနှစ်လောက်က ကွယ်လွန်ခဲ့သည်။ ဆရာတော်ဘုရားကြီးသည် ကိုယ်တိုင်ကြွရောက်တော်မူ၍ သံဃာတော်များအား သင်္ဃန်း, ထီး, ဘိနပ် စသည် လှူဒါန်း၍ မွေးဖသခင် ကျေးဇူးရှင်အား အမျှအတန်း ပေးဝေစေတော်မူခဲ့လေသည်။ သခ်ါရ တရားတို့၏ အနိစ္စအခြင်းအရာ, ဒုက္ခအခြင်းအရာ, အနတ္တအခြင်းအရာကိုလည်း များစ္စာ ရှုမှတ်ပွါးများတော် မူလေသည်။

ကာလင်္ဂတေ ပိတရမ္ပိ၊ နိဇဂါမံ မဟာသုဓီ။
ဂန္ဓာ ဒါနံ စ ဒတ္ဝာန၊ ပုညဘာဂံ အဒါ ယတီ။

မိခင်ကွယ်လွန်ခြင်း

မိခင်ကြီး ဒေါ်မင်းဂုဏ်မှာ အသက်ရှည်သည်၊ ဂဝ-တော်တော် ကျော် အောင်နေရသည်။ ၁၂၉၁-ခုနှစ်လောက်တွင် ကွယ်လွန်ခြင်း ဖြစ်သည်။ ဆရာတော်မှာ မကွယ်လွန်ခင်က ခွေးပြုတ်ရွာသို့ ရောက်ရှိ၍ မိခင်ကြီး၏ အနီးမှာနေ၍ တရား ဓမ္မဟောပြခြင်း, သတိပဋ္ဌာနသုတ်, ဓမ္မစကြာသုတ် များကို ရွတ်ဖတ်တော်မူခြင်း အာသန္နကံကုသိုလ်များ ပြုစေခြင်း စသည်ဖြင့် နှိုချို တိုက်ကျွေးမွေးခဲ့ဘူးသည့် ကျေးဇူးတော် အနန္တတို့ ဆပ်တော်မူခဲ့ လေသည်။ ဒေါ်မင်းဂုဏ်သည် ဆရာတော်၏ တရားသံကို နာခံရင်း စုတိကမ္မဇရုပ် ချုပ်ခဲ့လေသည်။ ဆရာတော်ကား ကတညုတ ကတဝေဒီ ပုဂ္ဂိုလ်ထူး မှန်လှပေ၏။ ဆရာတော်သည် မိခင်၏ အလောင်းကိုလည်း လှုပခမ်းနားစွာ သင်္ဂြိဟ်တော်

မူသည်။ သုသာန်၌ငှက်ပျော်ပင်စိုက်, ရာစမတ်ကာ, သဲဖြူခင်းစေပြီး သံဃာတော်များ ခေတ္တသီတင်းသုံးရန် နေရာများကို ကျန်စွာ စီမံ၍ သံဃာတော်များစွာတို့ကို ပင့်ဆောင်တော်မူပြီး သင်္ကန်းဒိဋ္ဌစီ စသည် လှူဒါန်း၍ မိခင်ကြီးအား အမျှအတန်းပေးဝေတော် မူခဲ့လေသည်။

ကိလေသ သတ္တုံ အဇီတ္ဝာ၊
အဇေယျော မစ္စုသတ္တုံကော။

၁၅၀၀-ကိလေသာ ရန်သူကို မအောင်မြင်သေးသရွေ့ သေမင်းရန်သူကို အောင်မြင်ရိုးထုံးစံ မရှိပါခြေ စသည်ဖြင့် မရဏာဿတိကို ဖြစ်စေတော်မူခဲ့လေသည်။ ပခုက္ကူမှ ရွှေကူတိုက်ဆရာတော် ဦးပဒုမ, မဟာဝိသုတာရုံမတိုက်မှ ဆွမ်းစားကျောင်းဆရာတော် ဦးပဏ္ဍိတ စသော သံဃာတော်များတို့လည်း လိုက်ပါကူညီ သင်္ဂြိဟ်ကြကုန်၏။ ကျောင်းအမ ဒေါ်နှင်းအေး, ကျောင်းအမ ဒေါ်သိုက်, ကျောင်းအမ ဒေါ်မြစ်တို့လည်း လိုက်ပါကြ၍ ကူညီ သင်္ဂြိဟ်ကြကုန်၏။ ခွေးပြုတ်ရွာ၌ မကြုံဘူးအောင် လွန်စွာစည်ကားသော အသုဘ စျာပန အခမ်းအနားကြီး ဖြစ်လေသည်။

မိတ်ဆွေစစ်ပီသသူ

ဉာဏဝေ ဗျသနေ စေဝ၊ ဒုဇ္ဈိကွေ့ ရဋ္ဌဝိလုပ်ပေ။
ရာဇဒ္ဓါရေ သုသာနေ စ၊ ယော တိဋ္ဌတိ သော ဗန္ဓဝေါ[၁]။

ယော ပုဂ္ဂလော=အကြင် ပုဂ္ဂိုလ်သည်။ ဉာဏဝေ စေဝ=အလှူပဲ့မင်္ဂလာပဲ့ စသည့် ပဲ့လမ်းသဘင် ကျင်းပရာ အခါ၌ဌင်း။ ဗျသနေ စေဝ=မီးဘေး, ရေဘေး စသော ဘေးဆိုးတို့ကြောင့် ပျက်စီးရာ အခါ၌ဌင်း။ ဒုဇ္ဈိကွေ့ စ=အစားအစာပြတ် အငတ်ဘေးကြုံရာအခါ၌ဌင်း။ ရဋ္ဌဝိလုပ်ပေ စ=တိုင်းရေးပြည်ရာ မသာချောက်ချား ဖောက်ပြားပျက်စီးရာအခါ၌ဌင်း။ ရာဇဒ္ဓါရေ စ=တရားတော့သဖြင့် မင်းထံစိုးနား ရောက်ရှိရာအခါ၌ဌင်း။ သုသာနေ စ=ခန္ဓာဝန်ထုပ်ကို မြှုပ်နှံပြာချသည့် သုသာန်ဌာန၌ဌင်း။ တိဋ္ဌတိ=လာရောက်ကူညီ ဝိုင်းဝန်းတည်၏။ သော ပုဂ္ဂလော= ထိုပုဂ္ဂိုလ်သည်။ ဗန္ဓဝေါ=ရင်းနှီးခင်မင်လွန်ချစ်ကြင်သည့် မိတ်ကောင်းဆွေစစ်မည်၏ – ဟူသည်နှင့်အညီ ဆရာတော် ဘုရားကြီးသည်ဌင်း, ပခုက္ကူရွှေကူဆရာခံဘင် ဦးပဒုမ, ပခုက္ကူမဟာဝိသုတာရုံမတိုက် ဆွမ်းစားကျောင်း ဆရာဘော် ဦးပဏ္ဍိတသည်ဌင်း, ဒေါ်နှင်းအေး, ဒေါ်သိုက်, ဒေါ်မြစ် စသည်ဘို့သည် အဖိုးတန် မိတ်ကောင်းဆွေမွန်တို့ မည်ကြကုန်၏။

၁။ ဟိတောပဒေသ, မိတ္တလာဘကဏ္ဍ-၂၄-ဂါထာ။စာဏက္ကနီတိ-၁၇-ဂါထာ။

ဦးပျော့ ဒေါ်မင်းဂုဏ်တို့အိမ် ကျောင်းဆောက်

ဆရာတော်ဘုရားကြီးသည် မွေးချင်းမျှား သဘောတူညီ လိုက်လျောသဖြင့် မိမိ၏ မိဖများဖြစ်ကြသော ဦးပျော့, ဒေါ်မင်းဂုဏ်တို့၏ နေထိုင်သော အိမ်ကို ခွေးပြုတ်ကျောင်းတိုက်အတွင်း ရဟန်း သာမဏေများ ဘီတင်းသုံး နေထိုင်ရန် မိမိ၏ ညီ ဦးပေါ်စောနှင့် ဒေါ်ရောတို့ကို နှစ်ထပ်ကျောင်းအဖြစ် ဆောက်လုပ် လှူဒါန်းစေခဲ့ရာ ယခုတိုင် ခိုင်ခိုင်ခန့်ခန့် ရှိသေးသည်ကို တွေ့ခဲ့ရ၏။

မာတာပိတူနံ နိဝုဋ္ဌ–နိကေတံ ရာမဏီယကံ။
ဝိဟာရံ သော ကာရာပေတ္ဝာ၊ ပုညံ သော သဋ္ဌိနိ ဗဟုံ။

ကေတိ ံသတိမဗိုင်း

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသသို့ ဘုရားဖူးကြွတော်မူခြင်း

ဆရာတော်ဘုရားကြီးသည် နိကာယ် ၅-ရပ် ပိဋကတ်တော်ပါဠိ, အဋ္ဌကထာ များကို နိစ္စထာဝစဉ် ချပို့တော်မူစဉ် မဇ္ဈိမဒေသရှိ ဗာရာဏသီ, သာဝတ္ထိ, ရာဇ ဂြိုဟ်, ဝေသာလီ–စသည့် ပြည်ကြီးတို့၏အကြောင်းကို၎င်း, ကုရုတိုင်း, သက္ကတိုင်း, ဘဂ္ဂတိုင်း, ကောသလတိုင်း, မဂဓတိုင်း အစရှိသည့် တိုင်းကြီးတို့၏ အကြောင်းကို၎င်း, ဗောဓိပင်နှင့် ရွှေပလ္လင်, ဇေတဝန်ကျောင်းတော်, ဝေဠု ဝန်ကျောင်းတော် အစရှိသည်တို့၏ အကြောင်းကို၎င်း, သီဟိုဠ်ကျွန်းရှိ မဟာ ဝိဟာရကျောင်းတိုက်ကြီး, မိသကတောင်စသည်တို့၏ အကြောင်းကို၎င်း အမြဲ တွေ့ရှိနေသဖြင့် သွားလိုစိတ်တွေ့ ဖြစ်တော်မူသည်။ ကြည်ညိုလိုစိတ်တွေ့ ယိုဖိတ် နေသည်။သို့ဖြစ်၍ အရှင်ပညာဆရာတော်ဘုရားကြီးသည် ဆရာတော် အရှင်နန္ဒ ဝံသမဟာထေရ်နှင့် အခြား သံဃာတော် ၁၅-ပါး, အလုပ်အကျေး လူပုဂ္ဂိုလ် ၅-ယောက်တို့ဖြင့် သက္ကရာဇ် ၁၂၉၁-ခုနှစ် တန်ဆောင်မုန်းလဆုတ် ၄-ရက်နေ့ နံနက် ၁၀-နာရီတွင် သဘော်ဖြင့် မိုင်ပေါင်း ၇၀၀ ကွာလှမ်းသော ကာလကတ္တား မြို့သို့ ကြွတော်မူရာ တန်ဆောင်မုန်းလဆုတ် ၆-ရက်နေ့ ညနေ ၄-နာရီအချိန် တွင် ကာလကတ္တားမြို့သို့ ရောက်တော်မူသည်။

ဗုဒ္ဓေန ပရိဘုတ္တောသု၊ တေသု တေသု မဟာသုဓီ။
ပဿိတုံ ဒဋ္ဌုနိစ္ဆယော၊ ဂန္တုံ အာရဘိ ဗုဒ္ဓိမာ။

ကာလကတ္တားမြို့ လှည့်လည်ကြည့်ရှု တရားသံဝေရခဲ့

ကာလကတ္တားမြို့ကား အလွန်ကျယ်ဝန်းသော မြို့တည်း။ အရှေ့ အနောက် မိုင်ပေါင်း ၂၀-ကျော် တောင်မြောက် ၇-မိုင်ခန့် ကျယ်ဝန်း၏။ ယင်း

ကာလတွင်းမြို့၌ ဗုဒ္ဓဘာသာနှင့်စပ်၍ လေ့လာစရာ မရှိသလောက်ဟု ဆိုရပေမည်။ ဘင်္ဂါလီဗုဒ္ဓဘာသာ ရဟန်းတော်များ သီတင်းသုံးရာကျောင်း, မဟာဗောဓိအသင်း စသည့် အနည်းအပါးမျှသာ လေ့လာစရာရှိသည်။ကာလကတွင်း တက္ကသိုလ်,ပြတိုက်,ဝိတိုရိယအဆောက်အဦး, အလှန်ကြီးကျယ်သော ညောင်ပင်ကြီးများရှိသော အိုတာနိကာဥယျာဉ် စသည့် လောကဓေးရာ လေ့လာစရာတို့ကား ရှိကုန်၏။

ဆရာတော်သည် ရောက်တောင့် ရောက်ခဲ့ဖြစ်ရာ အခြားအဖော် များဖြင့် ပြတိုက်နှင့် အိုတာနိကာဥယျာဉ် စသည်များကို လှည့်လည်၍ ကြည့်ရှုတော်မူခဲ့သည်။ဇင်းပြင် စန္ဒီနတ်သမီး၏ အင်္ဂါဇာတ်နှင့် မဟာဒေဝ (သီဝ)နတ်၏ အင်္ဂါဇာတ်တို့ အစုံပြု၍ ခမ်းနားစွာ ပြုလုပ်ထားသည့် ဟိန္ဒူဘုရားရှိခိုးကျောင်း, ဂျိန်းဘုရားရှိခိုးကျောင်း စသည်တို့ကိုလည်း တွေ့မြင်ခဲ့လေရာ များစွာ တုန်လှုပ်သံဝေဂ ဖြစ်တော်မူသည်။ ယခင်က ဘုရားရှင် သာသနာ ထွန်းလင်းရာ နိုင်ငံတော်ကြီးဖြစ်ပါလျက်နှင့် ယခုမူ မဟုတ်မတတ်တွေ့ဖြစ်နေပါပြီ။ လူ့ဘဝရကြပေမဲ့ ဗုဒ္ဓါပွါဒဒုလ္လဘနဲ့ ဤပုဂ္ဂိုလ်တွေ့ လဲ့ကြလေပြီ စသည်ဖြင့် သံဝေဂဖြစ်တော်မူခဲ့လေသည်။

ကာလကတ္တား ပဒေသေပိ၊ စရိ ပိဋ္ဌကပါရဂူ။
ဗဟူသု ဝိစရိတ္ဝာန၊ သံဝေဂံ ဇနယီ ဝိဒူ။

ဗုဒ္ဓဂယာ ကြွရောက်တော်မူခြင်း

သင်္ကာရုဇ် ၁၂၉၁-ခု တန်ဆောင်မုန်းလဆုတ် ၉-ရက်နေ့ ညဉ့် ၁၀-နာရီ ၆-မိနစ်အချိန်တွင် ကာလကတ္တားတဖက်ကမ်း ဟောင်ရာဘူတာမှ မီးရထားဖြင့် ၂၉၂-မိုင်ကွာလှမ်းသော ဂယာမြို့သွားရာ နောက်နေ့ (၁၂၉၁-ခု တန်ဆောင်မုန်းလဆုတ် ၁၀-ရက်နေ့) နံနက် ၁၁-နာရီခွဲအချိန်တွင် ဂယာဘူတာသို့ ဆိုက်ရောက်တော်မူသည်။ ဘုရားရှင် ပွင့်တော်မူရာ ဗောဓိပင်နှင့် ပလ္လင်တော်ရှိရာ ဂယာမြို့တောင် ၇-မိုင်ခန့်ကွာသော ဂယာ့ရွာသို့ ဆက်လက်၍ ကားဖြင့်ကြွတော်မူ၍ ဘုရားရှင်ပွင့်တော်မူရာ ဒေသ၌ တည်ရှိသည့် ဗောဓိပင်ကြီး, အလျား ၅၇-တောင် ၄-လက်မခန့်, အစောက် ဥဏ်တော် ၁၂၀-ခန့်ရှိ သီရိဓမ္မာသောကမင်းကြီး၏ ကုသိုလ်တော် မဟာဗောဓိစေတီတော်ကြီး, သတ္တဋ္ဌာနစေတီတော်များ, နေရဥ္ဇရာမြစ်, သုဇာတာန့ိဃနာဆွမ်းကပ်ရာဌာန, ဒုက္ကရစရိယာကျင့်တော်မူရာဌာန-စသည့် ဒဿနိယ, သံဝေဇနိယဌာနများကို ဖူးမြော်လေ့လာသံဝေဂဉာဏ် ဖြစ်စေတော်မူလေသည်။

ဗောဓိမဏ္ဍမို သော ဂန္ဒာ၊ မေဓာဝိ ဂဏနာယကော။
ပဿိတ္ဝာ ဒဿနိယေပိ၊ သံဝေဂံ ဇနယီ သုဓီ။

ဗာရာဏသိမ္မိုဲ မိဂဒါဝုန်တောကြွ သံဝေဂယူ

ဆရာတော်ဘုရားကြီးသည် မဟာဗောဓိပင်အနီးရှိ ဓမ္မသာလာအုတ်တိုက်၌ ၅-ညတိုင် ကျိန်းစက် သီတင်းသုံးတော်မူ၍ အေးအေးဆေးဆေး ဖူးမြော်ပြီး ၁၂၉၁-ခုနှစ် နတ်တော်လဆန်း ၁-ရက်နေ့ ညနေ ၅-နာရီခွဲအချိန်တွင် ဂယာဘူတာမှ မီးရထားဖြင့် ဂယာမှ ၁၃၈-မိုင် ကွာလှမ်းသော ဗာရာဏသီမ္မိုဲသို့ ဆက်လက်ကြွတော်မူသည်။ ညဉ့် ၁-နာရီခွဲအချိန်တွင် ဗာရာဏသီဘူတာ ရထားဆိုက်သည်။

နတ်တော်လဆန်း ၂-ရက်နေ့ နံနက် ၆-နာရီတွင် ဗာရာဏသီမ္မိုဲ မြောက်ဖက် ၅-မိုင်ကွာရှိ ဘုရားရှင် ဓမ္မစကြာတရားဦး ဟောတော်မူရာ မိဂဒါဝုန်တောသို့ ဆက်လက် ကြွတော်မူသည်။ ယင်း မိဂဒါဝုန်ဥယျာဉ်တော၌ ဘုရားရှင် ပဥ္စဝဂ္ဂီ ၅-ဦးတို့နှင့် စတင် တွေ့ဆုံရာ၌ တည်ထားသောစေတီ, ဓမ္မရာဇိကစေတီတော်, ဂန္ဓကုဋီတိုက်တော်, ကျောက်စာတိုင်ကြီး, ဓမ္မစက္ကဇိနဝိဟာရကျောင်းတော်, အခြားကျောင်းတော်ရာများ, ဓမ္မစက္ကစေတီ, ဘေသဇ္ဇကျောင်းတော် စသည့် ပူဇနီယ, သံဝေဇနီယဌာနများကို လေ့လာဖူးမြော်တော်မူခဲ့လေသည်။

မိဂဒါယမ္မိ ပတ္တာန၊ ပညော ပညာယ မာမကော။
ပညာယ ဝုဒ္ဓိဘာဝါယ၊ ပူဇနံ ဝန္ဒနံ အကာ။

သလိပ်ရောဂါထ ကာလကတ္တားပြန် နောက်ဆက်လက်ကြွ

နတ်တော်လဆန်း ၄-ရက်နေ့တွင် ဆရာတော် သလိပ်ရောဂါထသဖြင့် ဆက်လက်၍ ခရီးကြွရန် မဖြစ်နိုင်တော့သဖြင့် ကုသိနာရုံ, သာဝတ္ထိ, ရာဇဂြိုဟ်, လုမ္ဗိနီ ခရီးစဉ်ကို ဖျက်သိမ်းပြီး ဆရာတော် အရှင် နန္ဒဝံသ အစရှိသော အခြား ဆရာတော်များနှင့်အတူ ၁၂၉၁-ခု နတ်တော်လဆန်း ၅-ရက်နေ့တွင် ကာလကတ္တားသို့ ပြန်ကြွတော်မူလေသည်။ သို့ရာတွင် ဝေဒနာမှာ ချက်ချင်း သက်သာလာပြန်သဖြင့် ၁၂၉၁-ခု နတ်တော်လဆန်း ၇-ရက်နေ့ ည ၉-နာရီ မိနစ် ၅၀-အချိန်တွင် ကာလကတ္တားမှ အနောက်မြောက် မိုင်ပေါင်း ၃၇၀-ကွာလှမ်းသော ရာဇဂြိုဟ်မြို့ဟောင်းသို့ ဆက်လက်ကြွတော်မူသည်။ နတ်တော်လဆန်း ၈-ရက်နေ့ ညနေဖက် ရောက်၏။ နတ်တော်လဆန်း ၉-ရက်နေ့ နေ့ဆွမ်းဘုဉ်းပေးတော်မူပြီး ရာဇဂြိုဟ်မြို့ဟောင်းသို့ ကြွရောက်တော်မူရာ ပဌမ သံဂါယနာတင်ရာ သတ္တပဏ္ဏိလိုဏ်, ဇီဝက သရက်ဥယျာဉ်တည်ရာ, ဓာတ်တော်တိုက်, ဝေဠုဝန်ကျောင်းတော်ရာ, ဂိဇ္ဈကူဋ်စသည့် ပူဇနီယဌာနများကို ဖူးမြော် ဦးချသံဝေဂ ယူတော်မူခဲ့လေသည်။

ရာဇဂဟမ္ပိ သော ဂန္ဓာ၊ ပူဇဘာဇနမုတ္တမော။
ပူဇယိတ္ဝာ နမဿိတ္ဝာ၊ သံဝေဂဘာဝနံ အကာ။

နာလန္ဒသို့ ကြွရောက်ခြင်း

ဆရာတော်သည် ဆရာတော် အရှင် နန္ဒဝံသ စသော အခြား အဖော်များနှင့်အတူ ရာဇဂြိုဟ်၌ ၃-ည သီတင်း သုံးတော်မူပြီး နောက်တဖန် လာရောက်ရန် မလွယ်ကူသဖြင့် စိတ်ကျေနပ်လောက်အောင် ကြည့်ရှု ဖူးမြော်လေ့လာသံဝေဂယူတော်မူခဲ့သည်။ ၁၂၉၁-ခု နတ်တော်လဆန်း ၁၁-ရက် နံနက်တွင် နာလန္ဒသို့ ကြွတော်မူသည်။ နာလန္ဒ ဘူတာမှ အနောက်မြောက် ၁၀-ဖာလုံခန့် ကွာလှမ်းသော အရပ်၌ ကပ္ပတိုးယားရွာရှိသည်။ ယင်းရွာ၏ မြောက်ဖက် ၁-ဖာလုံခန့် အကွာရှိ နာလန္ဒာခေတ်ပေါ် ရှေးဟောင်း ဆင်းတုတော်စသည့် သာသနာ့ ယဉ်ကျေးမှုဆိုင်ရာ ပစ္စည်းများ ထိန်းသိမ်းထားရာ ပြတိုက်, အလှန်တရာ ကြီးကျယ်လှသော နာလန္ဒတက္ကသိုလ်ကျောင်းပျက်ကြီး, အရှင် သာရိပုတ္တရာ ဓာတ်တော်တိုက် စသည်တို့ကို ကြည့်ရှုလေ့လာ၍ ရှေးဖြစ်ဟောင်းကို အောက်မေ့တော်မူခဲ့လေသည်။

နာလန္ဒမိုဗိ စ သော ဂန္ဓော၊ ပေါရာဏဝတ္ထုအာဒယော။
ပဿိတ္ဝာန ဝိစာရေတ္ဝာ၊ ပေါရာဏံ နုသရီ သုဓီ။

ကုသိနာရုံ ရဂုံသာမော အင်ကြင်းတောသို့

ဆက်လက်၍ ၁၂၉၁-ခု နတ်တော်လဆန်း ၁၁-ရက်နေ့ ၅-နာရီ မိနစ် ၄၀-တွင် နာလန္ဒဘူတာမှ ဘက္ခတိယားပူရ ဘူတာသို့ ရထားစီးသွားရသည်။ ၎င်းမှ တဆင့် ၁၆၃-မိုင် ကွာလှမ်းသော မဂိုဆရိုင်ဘူတာသို့ ဆက်လက် စီးရသည်။ တဖန် မဂိုဆရိုင် ဘူတာမှ ဗာရာဏသီဘူတာဘို့ ဆက်လက်စီးရသည်။ ၎င်း ဗာရာဏသီမှ တဖန် ဘတ္တာနီဘူတာသို့ ဆက်လက် စီးရလေသည်။ တဖန် ဘတ္တာနီ ဘူတာမှ တက်ဆီဒေဝရီးယား ဘူတာသို့ ဆက်လက် စီးရသည်။ ၎င်းမှ ၂၄-မိုင် ခန့် ဆက်လက်၍ သွားလေသော် ကုသိနာရုံသို့ ရောက်တော်မူသည်။ ကုသိနာရုံ ရောက်ချိန်မှာ နတ်တော်လဆန်း ၁၂-ရက်နေ့ ညနေဖက်ဖြစ်၏။

ဆရာတော်သည် ကုသိနာရုံ ဥယျာဉ်တော်အတွင်းရှိ ပရိနိဗ္ဗာန စေတီတော်ကြီးနှင့် ကျောင်းတော်ရာများ, ကုသိနာရုံ အနီးရှိ တေဇောဓာတ် လောင်ရာဌာန, အာနန္ဒာ ရေကြည်ရှာရာဌာန စသည်များကို အကြိမ်ကြိမ် ဦးနှိမ်၍ သံဝေဂ ယူတော်မူခဲ့လေသည်။ ဤ ကုသိနာရုံ ဌာနမှ ရရှိသော ကြေးပုရပိုက် တခုဌ် "ဣဒံ ဗုဒ္ဓဿ ဘဂဝတော ပရိနိဗ္ဗာနစေတိယံ= ဤ စေတီတော်ကား ဘုန်းတော် ၆-ပါးနှင့် ပြည့်စုံတော်မူသော ဘုရားရှင်၏ ပရိနိဗ္ဗာန်စေတီတော် ပေတည်း"ဟူ၍ ၎င်း, ၎င်းပြင် ရွှေဒင်္ဂါး ငွေဒင်္ဂါး စာဌ် "ဤ မဟာပရိနိဗ္ဗာန ကျောင်းတော်သည် ဂုဏ်ကျက်သရေနှင့် ပြည့်စုံတော်မူသော ရဟန်း သံဃာ

တော်တို့ ကျောင်းတော်"ဟု အဓိပ္ပါယ် ပါရှိသော စာတမ်းကို တွေ့ရကြောင်း သိရ၏။

ဂန္ဓာဝန ကုသိနာရမ္မိ၊ သုဓိ ဂုဏာကရော ယတိ။
ပူဇိယေ ပူဇယိတ္ဝာန၊ ပုညံ အနပ္ပကံ အကာ။

လုမ္မိနီ ဥယျာဉ်တော် ဖူးမြင် သံဝေဂယူ

၁၂၉၁-ခု နတ်တော် လဆန်း ၁၃ ရက်နေ့ ၂-နာရီကျော်ကျော်တွင် ကားစီး၍ ဂေါရက္ခပူရမြို့သို့ ဆက်လက် ကြွတော်မူသည်။ တဖန် ဂေါရက္ခပူရ ဘူတာမှ ဂ-နာရီအချိန် ရထားစီး၍ ဆက်လက် ကြွတော်မူရာ ည ၁၂-နာရီအချိန်တွင် မီးရထား လမ်းဆုံးဖြစ်သော နောတန္နဝ ဘူတာသို့ ရောက်တော်မူသည်။ ယင်း ဘူတာ၌ ညကျိန်းတော်မူပြီး ၁၄-ရက်နေ့ ၁၀-နာရီခဲ့ အချိန်တွင် နောတန္နဝ ဘူတာမှ စဉ်းငယ် အနောက်တောင်ယွန်းသော ဂ-မိုင်ခန့် ကွာလှမ်းသော ဘုရားရှင် ဖွားမြင်တော်မူရာ လုမ္မိနီ ဥယျာဉ်သို့ ဆက်လက် ကြွတော်မူရာ ညနေ ၆-နာရီအချိန်တွင်မှ ရောက်ရှိတော်မူသည်။ ယင်း ဥယျာဉ်တော်၌ သီရိဓမ္မာသောကမင်းကြီး၏ ကောင်းမှုတော် ကျောက်တိုင်, ဓမ္မာရုံနှင့်ဆင်းတုတော်များ, နီပေါထေရဝါဒ ရဟန်းတော်များ သီတင်းသုံးရာကျောင်း, မယ်တော်မာယာ အလောင်းတော် ဖွားမြင်ပုံ ရုပ်တုရှိသော အုတ်ဂူတိုက်, သစ်ပင်များ ကြိုးကြိုး ကဲ့ကဲ့ကိုလည်း တွေ့မြင်နိုင်၏။ အောက်ပါ ဗုဒ္ဓဝင်ဆရာကြီး ဦးထွန်းစိန်၏ လုမ္မိနီဥယျာဉ်ဘွဲ့ တေးထပ်ကို ဖတ်၍ ကြည်နူးပါလေ။

ပါရမီအရှိန် ပြေ့ ပါတဲ့၊
ဣန္ဒြေ့ မြတ်ရှင်။
သီရိသရေ့ ဒြဗ်ထင်သည်၊
နတ်သဘင် ခြိမ့်သဲ။
မြတ်ဗုဒ္ဓ အလောင်းရှင်ကို၊
တသောင်းခွင် ဝတောင်းပန်သည့်ပဲ့။

နတ်သက်တမ်း ခုခွေရှာ၊
စုတေကာ ပြတ်စဲ့။
လူ့ ပြေ (ပြည်)ရွာ တသ်စွဲလို့၊
ဇာတ်တနဲဝင်ခို့။
လုမ္မိနီ မြို့ငှာင်ကြင်းမှာလ၊
ခိုင်ပင်မင်း မွေးပုံ့ရောင်စို့။

၁။ အိန္ဒိယ ကြေးမုံ- ၂၇၃-၂၇၅-ကည့်။

မွေးမိမြတ် နန်းကျော့ပျိုမှာ၊
ပန်းဖော့လို နွယ်တဆူကိုလ။
လွယ်တကူ ဘွားလတ်စင်စင်၊
သားမြတ်ရှင်ပင်။
လောကဓာတ် ကမ္ဘာတခွင်မှာ၊
မဟာငလျင် တော်လဲလို့လေး[1]။

ဆရာတော်ဘုရားကြီးသည် ဖော်ပြပါ လူမိုနီ ဥယျာဉ်၌လောင်းတော်သိဒ္ဓတ် ဖွားသန့်ရာအရပ်, "အဂ္ဂါဟမသို့ လောကဿ, ဇေဋ္ဌဟမသို့ လောကဿ, သေဋ္ဌဟမသို့ လောကဿ" ဟူသော စကား သုံးခွန်းကို ရင်တင်း မာန်ပါပါ မြွက်ဆိုတော်မူရာ အရပ်တို့ကို မှန်းဆ၍ ဦးချပူဇော် သံဝေဂ ယူတော်မူခဲ့လေသည်။

လုမ္ဗနိမဟုယျာနမ္ပါ မဟုယျာမော မဟာသုခံ။
မဟန္တတ္တံ သ ပတ္ထေတွာ၊ ဝန္ဒနံ ပူဇနံ အကာ။

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်ရာ ဖူးမြော်

၁၂၉၁-ခု နတ်တော်လဆန်း ၁၅-ရက်နေ့ ည ၃-နာရီခဲ့အချိန်တွင် နောတန္ဒဝဘူတာမှ ပရေန္ဒာဘူတာသို့ ဆက်လက် ရထားစီးသည်။ ၎င်းမှတဖန် လဆုတ် ၁-ရက်နေ့ ၁၀-နာရီကျမှ မီးရထားပြောင်း၍ ဖလလမ်ပူရ်သို့ ဆက်လက်ကြွတော်မူရာ ညနေ ၄-နာရီအချိန်တွင် ရောက်ရှိတော်မူသည်။ နတ်တော်လဆုတ် ၂-ရက်နေ့ နံနက်တွင် ဖလလမ်ပူရ်မှ ၁၀-မိုင်ခန့် ကွာလှမ်းသော သာဝတ္ထိမြို့တော်ဟောင်းနှင့် ဇေတဝန်ကျောင်းတော်ရာသို့ ကြွတော်မူ၍ ယင်းဇေတဝန်ကျောင်းတိုက်ဟောင်းအတွင်းရှိ ကရေရိကုဋီ, သင်္ဃလကုဋီ, ဇေတဝန်ကျောင်းဂန္ဓကုဋီတော်, ကောသမ္မကကုဋီ, အာနန္ဒာဗောဓိ စသည်တို့နှင့် ဇေတဝန်ကျောင်းတိုက်အနိုးရှိ ဒေဝဒတ်မြေမျိုရာ, တန်းခိုးပြာငှိဟာပြတော်မူရာ သရက်ဖြူကုန်း, ကောသလမင်းနန်းတော်, သာဝတ္ထိမြို့ဟောင်း အစရှိသည်တို့ကို ဖူးမြော်ကြည့်ရှုတော်မူ၍ မျှားစွာ သံဝေဂဖြစ်တော်မူသည်။

ငါတို့ ကျေးဇူးရှင် ရေစက်ဘိုဆရာတော်ဘုရားကြီး စတင် တည်ထောင်တော်မူပြီး ငါ ဆက်လက်၍ ဒုတိယမြောက် ဆက်လက်အုပ်ချုပ်၍ ပရိယတ္တိသာသနာပြုရာ မဟာဝိသုတာရာမတိုက်ကား ယခုခေတ်တွင် လျှမ်းလျှမ်းတောက် ကြီးပွါးခဲ့သည်၊ စည်ပင်ခဲ့သည်။ သို့ရာတွင် တချိန်တွင်ကား သခ်ါရတရားတို့၏

၁။ ဗုဒ္ဓဂယာ ကဗျာညွှန်ပေါင်း- ၃၃-နှာ။

ဓမ္မတာကို တော်လှန်ပုံကန်နိုင်မည်မဟုတ် စသည်ဖြင့် အတွေးတွေ ဝင်ကောင်း ဝင်ပါလိမ့်မည်။

ဇေတဝနမ္ပိ သော ဂန္ဓာဇေယျကာမော မဟာယတီ။
ဘာဝယီ ဓမ္မသံဝေဂံ၊ ပဿိတ္ဝာန မဟာသုမိ။

လပ်ခနောင်မြို့သို့ ကြွတော်မူခြင်း

ဆရာတော် အရှင်ပညာမဟာဃောရိကား တိပိဋကမဟာသုတေတိသာ မဟုတ်တော့ပဲ ဒေသန္တရမဟာသုတေသီ ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်တော်မူသည်။ ၁၂၉၁-ခု နတ်တော်လဆုတ် ၃-ရက်နေ့ နံနက်တွင် လပ်ခနောင်မြို့သို့ မီးရထားဖြင့် ဆက်လက်ကြွတော်ရာ ယင်းလဆုတ် ၃-ရက်နေ့ ညနေ ၄-နာရီတွင် ရောက်တော်မူလေသည်။ လပ်ခနောင်မြို့၌ ၂ ရက် သီတင်းသုံးတော်မူ၍ အပန်းဖြေရင်း လပ်ခနောင်ရှိ အသိအကျွမ်း မြန်မာရဟန်းတော်များနှင့် အိန္ဒိယ အကြောင်း အချင်းချင်း ပြောဆို ဆွေးနွေးတော် မူခဲ့လေသည်။ လပ်ခနောင် မြို့ကား ကောလိပ်ကြီးများ, တက္ကသိုလ်များ, ပြတိုက်ကြီးများ, ရှေးဟောင်း နန်းတော်များ စသည်ဖြင့် ထင်ရှားသော မြို့ပေတည်း။ ယင်း လပ်ခနောင်မြို့မှ ၁၂၉၁-ခု နတ်တော်လဆုတ် ၅-ရက်နေ့ နံနက် ၉-နာရီတွင် မီးရထားဖြင့် ကာလကတ္တားမြို့သို့ ပြန်ကြွတော်မူခဲ့သည်။

လပ်ခနောင်ဝှနဂရမ္ပိ၊ ပတ္ဝာန ထိရစေတသော။
ထောကံ ကာလံ သ ခေပေတ္ဝာ၊ သာကစ္ဆံ ဝိဝိဓံ အကာ။

မဒရပ်မြို့သို့ ကြွတော်မူခြင်း

သက္ကရာဇ် ၁၂၉၁-ခုနှစ် နတ်တော်လဆုတ် ဂ-ရက်နေ့ ညနေ ၄-နာရီ ၄၅-မိနစ်အချိန်တွင် ကာလကတ္တားမှ မိုင်ပေါင်းတထောင့်သုံးဆယ့်ခြောက် (၁၀၃၆) မိုင် ကွာလှမ်းသော မဒရပ်မြို့သို့ မီးရထားဖြင့် ကြွတော်မူရာ ၁၀-ရက်နေ့ နံနက် ဂ-နာရီအချိန်တွင် မဒရပ်မြို့သို့ ဆိုက်ရောက်တော်မူသည်။ယင်း မဒရပ်မြို့၌ တမီလ် လူမျိုးတို့ အများအပြား နေထိုင်ကြကုန်၏။ တက္ကသိုလ်များ, ကောလိပ်များ, မဒရပ်ပါလီမန်အဆောက်အဦ, သိဟိုဠ်မဟာဗောဓိအသင်းခွဲ စသည့် ထင်ရှားသော ဌာနေများ တည်ရှိ၏။ ဆရာတော်ကား သိဟိုဠ်ကျွန်း ကြွတော်မူရန် အတွက် မဒရပ်သို့ ကြွတော်မူခြင်းဖြစ်သည်။

မဒရပ်နဂရဠ္ဟာပိ၊ အဂဠ္ဆိ ဂမနေ သုဓီ။
ဒီပံ သော တမ္ဗပါဏိံ ပိ၊ ဂန္တုံ စိန္တာပရော ယတီ။

မဓုရာဇ်မြို့သို့ ဆက်လက်ကြွခြင်း

ဆရာတော်ဘုရားကြီးသည် ဆရာတော်အရှင်နန္ဒဝံသ- အစရှိသော ရဟန်းတော်များ,ကပ္ပိယကာရကများနှင့်အတူ မဒရပ်မြို့မှ ၁၂၉၁-ခု နတ်တော်လဆုတ် ၁၁-ရက်နေ့ ည ဂ-နာရီ ၂၅·မိနစ်တွင် မဒရပ်မှ ရထားဖြင့် သီဟိုဠ်ပင်လယ်ကူး သဘော်ဆိပ် မာရဘန်သို့ ဆက်လက်ကြွတော်မူသည်။ ယင်းသို့အကြွ ဒက္ခိဏာမဓုရ ခေါ်သော မဓုရာဇ်မြို့သို့လည်း ခေတ္တဆိုက်ရောက်တော်မူလေသည်။ ယင်း နတ်တော်လဆုတ် ၁၂-ရက်နေ့ ၄-နာရီခွဲတွင် မာရဘန်ဆိပ်ကမ်းဘူတာ သီဟိုဠ် ကျန်းကူး သဘော်ဆိပ်တံတားသို့ ဆိုက်ရောက်သည်။ ဤသို့ဖြင့် တန်ဆောင်မုန်း လဆုတ် ၄-ရက်နေ့ နံနက် ၁၀-နာရီကစ၍ အိန္ဒိယခရီးသည် နတ်တော်လဆုတ် ၁၂-ရက်နေ့ ၄-နာရီခွဲတွင် ပြီးဆုံးလေသည်။ သို့ဖြစ်ရာ ဆရာတော်ဘုရားကြီး၏ အိန္ဒိယခရီးစဉ်မှာ ၁-လ ဂ-ရက် ကြာညောင်းခဲ့လေသည်[၂]။

ဘာရတဒေသဂမိကော၊ မဟာထေရော ထိရေ ရတော။
နိဋ္ဌာပေသိ စ ဒိနေဟိ၊ အဋ္ဌဟေကမာသေန စ။

ဒုတိယပိုင်း

တင့်တယ်စိုပျို့ ကျန်းသီဟိုဠ်

သီဟိုဠ်နိုင်ငံသည် သမုဒ္ဒရာ အလယ် လွန်စွာ တင့်တယ် လှပသည့် ကျန်းဖြစ်လေသည်။ မြေအနေအထားလည်း ကောင်းမွန်၏။ ရာသီဥတုလည်း မပူလွန်း မအေးလွန်းပဲ အပူအအေး ညီမျှလျက်ရှိရာ ရောက်မိသူတိုင်း သီဟိုဠ်ကျန်း၌ ပျော်ကျသည်။ ဤကျမ်းစာကို ပြုစုသူလည်း သီဟိုဠ်၌ ၅-နှစ် ရာသီနေခဲ့ရာ အမိတိုင်းပြည်ပြန်အောင် ကိုယ့်စိတ်ကို တော်တော် တိုက်တွန်းခဲ့ရသည်။ ဒီပဝံသကျမ်း၌—

သုဒေသံ ဥတုသမ္ပန္နံ၊ သုဘိက္ခံ ရတနာကရံ။
ပုဗ္ဗပုဒ္ဓမနုစိဏ္ဏံ၊ အရိယဂဏသေဝိတံ။
လင်္ကာဒီပဝရံ ဒိသွာ၊ သုခေတ္တံ အရိယာလယံ[၁]။

အစရှိသော ဂါထာများ၌ သုဒေသ, ဥတုသမ္ပန္နစသော ဂုဏ်ပုဒ်တို့ဖြင့် သီဟိုဠ်ကျန်းကို အမှတ်းတင်ထားလေသည်။

၁။ အိန္ဒိယ၌ ဥတ္တရမဓုရ, ဒက္ခိဏာမဓုရ-ဟု ၂-မျိုးရှိသည်။
၂။ အရှင်ပညာဆရာတော်ဘုရားကြီး၏ မဇ္ဈိမဒေသခရီးကြွခန်းကို ထေရဝုတ္တန္တဒီပနီ ၁၂၂-၁၃၃၊နှင့် ယှဉ်ကြည့်။
၃။ ဒီပဝံသ။ ၁-၁၈၊ ၁၉။

ဖော်ပြပါ သီဟိုဠ်ကျန်းသည် အိန္ဒိယပြည်တောင်ဖက် ကွန္ဒိယပင်လယ် အတွင်း၌ တည်ရှိလေသည်။ အလျား ၂၇၀-မိုင်, အနံ ၁၄၀-မိုင်, အကျယ် စတုရန်း ၂ ၅၃၃ ၂-မိုင်ရှိ၏။ လူနေအိမ်ခြေမရှိခင်က ဘီလူးတို့၏နေရာဖြစ်သည်။ ဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးနောက် ၉-လ မြောက် တခါ, ၅-ဝါမြောက် တခေါက် ဂ-ဝါမြောက်တွင် တကြိမ်အားဖြင့် ၃-ကြိမ် ကြွတော်မူခဲ့လေသည်။

တတိယအခေါက် ဂ-ဝါ မြောက်တွင်ကား သမန္တကူဋတောင်ထိပ်၌ ခြေတော်ရာ ချတော်မူခြင်း, ထိုထိုနေရာ ဌာတို့၌ သမာပတ်ဝင်စားခြင်းများကို ပြုတော်မူခဲ့လေသည်။

သီဟိုဠ်ကျန်း၌ လူနေအိမ်ခြေစတင်ခြင်း

ဘုရားရှင် ရှေ့ပြည်နိဗ္ဗာန် ဝင်စံတော်မူရာနှစ်၌ပင် ဝိဇယမင်းသားသည် ခမည်းတော် သီဟဗာဟုမင်းက နှင်ထုတ်သဖြင့် အခြံအရံ ပရိသတ် ၇၀၀ နှင့်တကွ သီဟိုဠ်ကျန်းသို့ ဆိုက်ရောက်ခဲ့လေသည်။ ယင်းသို့ သီဟဗာဟုနှင့် သီဟသီဝလိဒေဝီတို့မှ ဖွားမြင်သောကြောင့် သီဟအမည်တွင်သည့် ဝိဇယဘုရင်သည် စတင်သိမ်းယူရာ ကျန်းဖြစ်၍ သီဟဠဒီပမည်ကြောင်း သိရာ၏။ တနည်းအားဖြင့် သီဟအနွယ် ဆက်သွယ်ကြီးပွါး မင်းအများတို့ ပိုင်းခြားအုပ်စိုး မင်းပြုလုပ်၍ နေထိုင်ရာကျန်းဖြစ်သဖြင့် သီဟဠဒီပမည်ကြောင်း သိလေဦး[၁]။ ယင်း သီဟိုဠ်ကျန်းသည် ကုမာရောက္ကန္တဒီပ, ဘရိယောက္ကန္တဒီပ, လင်္ကာဒီပ, ဩဇာဒီပ, ဝရဒီပ, မဏ္ဍဒီပမ, ဟိန္ဒဒီပ စသည့် အမည်များဖြင့်လည်း ထင်ရှားသည်။ ယင်း သီဟိုဠ်ကျန်း၌ နှစ်ပေါင်း ၂၃၀-တိုင်အောင် ဝိဇယအစ ဝိက္ကမရာဇသီဟအဆုံး မင်းပေါင်း ၁၂၇-ဆက်တို့ မင်းပြုခဲ့ကြကုန်၏[၂]။

ယင်းသို့ဖြစ်ကြောင်း—

သောဂတရဇ္ဇတန္တသ္သ၊ ကွမသ္သ ပရိပါလကာ။
ဘူဘုဇာ ကမတော'ဟသုံ၊ သတံ သတ္တတိ သတ္တ စ။

ဟူသော မဟာဝံသ[၃]၌ မှတ်တမ်းတင်ခဲ့လေသည်။

၁။ လာဠဝရဇ္ဇေ ပုရေ တသ္မိ၊သီဟဗာဟု နရာဓိပေါ။
ရဇ္ဇံ ကာရေသိ ကတ္တာန၊ မဟေသိ သီဟသီဝလိ။...မဟာဝံသ-၆။ ၃၆-စသည်ကြည့်။ မူလပဏ္ဏာသဋ္ဌီကာ ပဌမ (မ၊ ဋ္ဌီ၊ ၁။ ၁၆)လည်းကြည့်။
၂။ မဟာဝံသ-၉၉။ ၃၄-ဂါထာ။

နိုင်ငံခြားသားများ သိမ်းပိုက် လွတ်လပ်ရေးရ

ခရစ် ၁၅၀၅-ခုနှစ်တွင် ပေါ်တူဂီလူမျိုးများ သီဟိုဠ်ကျွန်းအခြို့ဒေသများကို သိမ်းပိုက်ခဲ့ကြသည်။ ၁၆၀၂-ခုနှစ်နှင့် ၁၆၅၈-ခုနှစ်အကြား ဒတ်ချ် (နယ်သာလင်) များ ပေါ်တူဂီတို့ကို တိုက်ထုတ်၍ သိမ်းပိုက်ခဲ့ကြကုန်၏။ ၁၇၉၆-ခုနှစ်တွင် ဒတ်ချ်တို့လက်မှ ဗြိတိသျှတို့က သိမ်းပိုက်ခဲ့ကြကုန်၏။ ခရစ်သက္ကရာဇ် ၁၉၄၈-ခုနှစ် ဖေဖော်ဝါရီလ ၄-ရက်နေ့တွင် ဒိုမီနီယံအဆင့်ဖြင့် လွတ်လပ်ရေး ရရှိခဲ့လေသည်။ ၁၉၇၂-ခု မေလ ၂၂-ရက်နေ့တွင် သီရိလံကာသမ္မတနိုင်ငံဖြစ်လာလေသည်။ သီဟိုဠ်နိုင်ငံနှင့် မြန်မာတို့သည် လွန်စွာရင်းနှီးကြကုန်၏။ ရှေးမင်းများလက်ထက်ကပင် ရွှေလမ်း ငွေလမ်း ဖောက်ကြကုန်၏။ သီရိလံကာဝန်ကြီးချုပ် မစ္စက်သီရိမာဗိုဘန္ဒာရနိုက်ကေးသည် ၁၉၇၆-ခုဇွန်ဝါရီလ ၂၀-ရက်နေ့မှ ဖေဖော်ဝါရီလ ၂-ရက်နေ့အထိ မြန်မာပြည်သို့ ရောက်ရှိလည်ပတ်ခဲ့သည်။

တေတ္တိံ သတိမပိုင်း

သီဟိုဠ် သာသနာရောင်

ဒေဝါနုံ ပိယတိဿ မင်းလက်ထက် သာသနာသက္ကရာဇ် ၂၃၆-ခုနှစ် နယုန်လပြည့်နေ့တွင် အရှင်မဟိန္ဒထေရ် ဦးဆောင်သော သာသနာပြုအဖွဲ့ ကြွရောက်တော်မူ၍ သာသနာ ပြုတော်မူခဲ့ရာ သာသနာရောင် လွန်စွာ ထွန်းပြောင်ခဲ့လေသည်။ ဆန်စပါးနေလှမ်း၍ ခက်ခဲအောင် ကောင်းကင်၌ စျာန်ပျံရဟန်းတို့ဖြင့် ပြည့်ခဲ့ဘူးသည်။ ၂၃၆-ခုနှစ် နယုန်လဆုတ် ၂-ရက်နေ့တွင် မဟာဝိဟာရကျောင်းတိုက်ကြီးကို အလှူခံတော်မူ၍ သာသနာပြုရာ လွန်စွာထိရောက်သည်။ အရှင်မဟိန္ဒနှင့်အတူ ပါလာတော်မူသော အရှင်ဣဋ္ဌိယ, အရှင်ဥတ္တိယ, အရှင်သမ္ဗလ, အရှင်ဘဒ္ဒသမ္မလတို့သည်လည်း ရဟန္တာပုဂ္ဂိုလ်ကြီးများ ဖြစ်ကြကုန်၍ ပိဋ္ဌက ၃-ပုံ, နိကာယ် ၅-ရပ်တို့ကို ချပို့တော်မူကြ၍ သက်ဆုံးတိုင် သာသနာပြုတော်မူကြကုန်၏။

ဂင်းနောက် အရှင်မဟိန္ဒ ထေရ်မှစ၍ အဆက်ဆက် ထွန်းပေါ်ခဲ့သော သီဟိုဠ်ထေရဝါဒ သာသနာ့ ခေါင်းဆောင်တို့ကား အရှင်အရိဋ္ဌထေရ်, အရှင်တိဿဒတ္တထေရ် (ဂင်းသည် ဘာသာ ၁၈-မျိုးတတ် မထေရ်တည်း), အရှင်ဒီဃနာမထေရ်, အရှင်ဒီဃသုမနထေရ်, အရှင်ကာဠသုမနထေရ်, အရှင်မဟာနာဂထေရ်, အရှင်ဗုဒ္ဓရက္ခိတထေရ်, အရှင်တိဿထေရ်, အရှင်ဒေဝထေရ်,

အရှင်သုမနထေရ်, အရှင်စူဠနာဂထေရ်, အရှင်ဓမ္မပါလိတထေရ်, အရှင် ခေမာထေရ်, အဂျင်ဥပတိဿထေရ်, အရှင်ဖုဿဒေဝထေရ်, အရှင်သုမန ထေရ်, အရှင်မဟာပဒုမထေရ်, အရှင်မဟာသိဝထေရ်, အရှင်ဥပါလိထေရ်, အရှင်မဟာနာဂထေရ်, အရှင်အဘယထေရ်, အရှင်တိဿထေရ်, အရှင် သုမနထေရ်, အရှင်စူဠဘယထေရ်, အရှင်တိဿထေရ်, အရှင်စူဠဒေဝထေရ်, အရှင်သိဝထေရ် စသည်တို့ကား သီဟိုဠ်ကျွန်း မဟာဝိဟာရ ကျောင်းတိုက် ကြီး၏ အကြီးအကဲအဖြစ် သီတင်းသုံးတော်မူကြကုန်၍ သီဟိုဠ်သာသနာကို ထွန်းပြောင်စေတော်မူခဲ့ကြကုန်၏။

ၔင်းပြင် အရှင်အာနန္ဒာထေရ်, အရှင်ဓမ္မပါလထေရ်, အရှင်ဗုဒ္ဓဒတ္တထေရ်, အရှင်ဥပတိဿထေရ်, အရှင်မဟာနာမထေရ်, အရှင်ဥပသေနထေရ်, အရှင် ဝဇီရဗုဒ္ဓိထေရ်, အရှင်အနုရုဒ္ဓါထေရ်, အရှင်ဓမ္မသိရိထေရ်, အရှင်ဗုဒ္ဓရက္ခိတ ထေရ်တို့သည်လည်း မဟာဝိဟာရအဆက်အနွယ်၌ ပါဝင်တော်မူကြသော သီဟိုဠ်သာသနာ့ဝန်ဆောင် မထေရ်တို့ဖြစ်ကြကုန်၏။ အရှင်တိပိဋကစူဠနာဂ ထေရ် အရှင်တိပိဋကစူဠဘယထေရ်, အရှင်တိပိဋကမဟာသိဝထေရ်, အရှင် ဝိနယဓရဉပတိဿထေရ်, အရှင်ဒီဃဘာဏကအဘယထေရ်, အရှင်အာဘိဓမ္မိက အဘယထေရ်, အရှင်မဇ္ဈိမဘာဏကဒေဝထေရ်, အရှင်စတုနိကာယိကတိဿ ထေရ်, အရှင်တိပိဋကစူဠသုမနထေရ်, အရှင်အာဘိဓမ္မိကဂေါဒတ္တထေရ်, အရှင်ဗုဒ္ဓမိတ္တထေရ် စသည်တို့ကား သီဟိုဠ်ကျွန်း၌ လွန်စွာထင်ရှားခဲ့သော သာသနာ့ဝန်ဆောင် သာသနာပြုပုဂ္ဂိုလ်ထူးတို့ဖြစ်ကုန်၏။ အရှင်မဟာသံဃ ရက္ခိတမဟာထေရ်သည် မဇ္ဈိမနိကာယ်လာ အခက်အခဲတို့ကို အဆုံးအဖြတ်ပေး တော်မူခဲ့သည့် မဟာဝိဟာရကျောင်းတိုက် ပညာရှင်တပါးဖြစ်တော်မူသည်[၁]။

အရှင်မဟာဗုဒ္ဓဃောသထေရ်သည် သီဟိုဠ်ကျွန်း မဟာဝိဟာရ ကျောင်း တိုက်၌ လျှမ်းလျှမ်းတောက် ကျမ်းပြု အကျော်အမော်ဆုံး မထေရ်မြတ် ဖြစ်တော်မူသည်။

အရှင်သံဃပါလထေရ်, အရှင်ဗုဒ္ဓသိရိထေရ်, အရှင်သောဏထေရ်, အရှင် စူဠဗုဒ္ဓဃောသထေရ်, သုမင်္ဂလပရိဝေဏဝါသီ အရှင်ဒါဋ္ဌာနာဂသံဃထေရ်, အရှင်ဗုဒ္ဓမိတ္တထေရ်, အရှင်ဇောတိပါလထေရ်, အရှင်ဗုဒ္ဓဒေဝထေရ် စသည် တို့သည် အဋ္ဌကထာသစ် ကျမ်းကြီးများ ရေးသားပြုစုရန် အရှင်မဟာဗုဒ္ဓ ဃောသထေရ်အား တောင်းပန်မှု အဘိယာစနပြုကြသည့် မထေရ်မြတ်တို့ ဖြစ်ကြကုန်၏။

ၔင်းပြင် ပုလတ္ထိပုရခေတ်၌ ထင်ရှားသော ဥဒုမ္ဗရဂိရိမဟာဝိဟာရဝါသီ အရှင်မဟာကဿပထေရ်, ၔင်း၏တပည့် သာရတ္ထဒီပနီစသည့် ကျမ်းပြု အရှင်

၁။ မ၊ဋ္ဌ၊၁။ ၂၉၉။ (သမ္မာဒိဋ္ဌိသုတ်အဖွင့်)

သာရိပုတ္တရာထေရ်, ၎င်း၏တပည့်များဖြစ်ကြသော သုဗောဓာလင်္ကာရ, ဝုတ္ထောဒယဆန်းကျမ်း စသည်ပြု အရှင်သံဃရက္ခိတထေရ်, ဋီကာကျော်ကျမ်း စသည်ပြု အရှင်သုမင်္ဂလထေရ်, ဒါဋ္ဌာဝံသကျမ်းပြု ရာဇဂုရုအရှင်ဓမ္မကိတ္တိထေရ်, ဝိနယဝိနိစ္ဆယဋီကာကျမ်းပြု အရှင်ဝါစိဿရထေရ်, ကခ်ဂ်ိဋီကာသစ်ကျမ်းပြု အရှင်ဗုဒ္ဓနာဂထေရ်စသည်တို့သည်လည်း မဟာဝိဟာရအနွယ်များ ဆိုနိုင်လေသည်။

၎င်းပြင် မောဟဝိစ္ဆေဒနီအဋ္ဌကထာ, ဝိမတိဝိနောဒနီဋီကာကျမ်းပြု အရှင်စောဋ္ဌိယကဿပထေရ်, အဘိဓာနပပ္ပဒီပိကာကျမ်းပြု အရှင်မောဂ္ဂလ္လာန်ထေရ်, သမန္တကူဋဝဏ္ဏနာကျမ်း စသည်ပြု အရှင်ဝေဒေဟထေရ်, ဇိနာလင်္ကာရစာကိုယ်နှင့် ဋီကာကျမ်းပြု အရှင်ဗုဒ္ဓရက္ခိတထေရ်, မောဂ္ဂလ္လာန်သဒ္ဒါကျမ်းပြု အရှင်မောဂ္ဂလ္လာန်ထေရ်, ပဒသာဓနကျမ်းပြု အရှင်ပိယဒဿီထေရ်, ပဒသာဓနဋီကာကျမ်းပြု အရှင်ရာဟုလာထေရ်, ဗာလာဝတာရဋီကာသစ်ကျမ်းပြု အရှင်သီရိသုမင်္ဂလထေရ်, အဘိဓာနပပ္ပဒီပိကာသုစိကျမ်းပြု အရှင်သုဘူတိထေရ်စသည်တို့သည်လည်း သီဟိုဠ်သာသနာပြု မထေရ်တို့ဖြစ်ကုန်၏[1]။

သီဟိုဠ်ဒီပ ထင်ရှားသော စေတီပုထိုးများ

သီဟိုဠ်ကျွန်းဌ ကိုးကွယ်ရာဗောဓိ, စေတီ, ပုထိုး စသည်တို့လည်း မည်သည့်သမိုင်းဆရာများ ကုန်စင်အောင် မဖော်ပြနိုင်အောင် များလှကုန်၏။ အနုရာဓပုရမြို့မှ ဇယသီရိသံဃမိတ္တာဗောဓိ, သုဝဏ္ဏမာလီ မဟာစေတီ, ထူပါရာမစေတီ, လံကာရာမစေတီ, အဘယဂိရိစေတီ, ဇေတဝနစေတီ, ဣဿရမုနိစေတီ, ဝေဿဂိရိစေတီ, မရိစဝဋ္ဋီစေတီ, စေတိယတောင် စေတီများ, နာဂဒီပကျွန်းမှ နာဂဒီပစေတီ, တရိန်ကောန်မာလီမြို့မှ မင်္ဂလာမဟာစေတီ, ပုလတ္ထိမြို့မှ ထူပါရာမစေတီ, ရတနကောဋ္ဌစေတီ, ကိရိဝေဟရစေတီ, မလယ (မာတလေ) ဒီစတြိတ်မြောက်ပိုင်းရှိ ဒမ္မဿလဘုရားကျောင်း, မလယ (မာတလေ) မြို့အနီးရှိ ပေါတ္ထကာရုဠ္ဍသံဂါယနာတင်ရာ အာလောကလိုဏ်, ကိုလံဘိုမြို့အနီးရှိ ကလျာဏီစေတီ, ကန္ဒီမြို့ရှိ လံကာတိလကဘုရားကျောင်း, ဘုရားရှင်စွယ်တော်တိုက်, ဘဒ္ဒုလမြို့ရှိ မုတိယင်္ဂဏစေတီ, မဟိယင်္ဂဏစေတီ, ဒီဃဝါပိအရပ်ရှိ ဒီဃဝါပိစေတီ, ရောဟဏတိုင်းရှိ တိဿမဟာရာမစေတီ, စိတ္တလတောင်စေတီပုထိုး စသည်တို့ကား သီဟိုဠ်ကျွန်းဌ ထင်ရှားသော ကိုးကွယ်ရာ စေတီပုထိုး ဘုရားကျောင်းတို့ ဖြစ်ကုန်၏။

၁။ အကျယ် သီဟိုဠ်သာသနာဝင်ကြည့်။ မဟာဝိသုတာရာမနိကာယ် သာသနာဝင်ကျမ်းဦးမှတ်ဖွယ်လည်းကြည့်။

ထင်ရှားခဲ့သော ကျောင်းတိုက်ကြီးများ

သာသနာသက္ကရာဇ် ၂၃၆-ခုနှစ်တွင် နန်းတက်သော ဒေဝါနံပိယတိဿမင်းကြီး၏ ကောင်းမှုတော် အနုရာဓမြို့တော်ရှိ မဟာဝိဟာရကျောင်းတိုက်ကြီး, သာသနာသက္ကရာဇ် ၄၅၅-တွင် ဒုတိယအကြိမ် နန်းတက်သော ဝဋ္ဋဂါမဏိ (ဝလဂမ္ဗာ)မင်း၏ ကောင်းမှုတော် အနုရာဓမြို့ အဘယဂိရိကျောင်းတိုက်ကြီး, သာသနာသက္ကရာဇ် ဂ၁၉-ခုနှစ်တွင် နန်းတက်သော မဟာသေနမင်း၏ ကောင်းမှုတော် အနုရာဓမြို့ ဇေတဝန်ကျောင်းတိုက်ကြီး, သာသနာသက္ကရာဇ် ၁၇၀၇-ခုနှစ်တွင် သီဟိုဠ်၌ နန်းတက်သော ပုလတ္ထိမြို့တော်ရှိ ဇေတဝန် ကျောင်းကြီးစသည်တို့ကား လွန်စွာ လေ့လာကြည့်ရှု သံဝေဂယူစရာ ကျောင်းတိုက်ကြီးတို့ဖြစ်ကုန်၏။

အဋ္ဌကထာ,ဋီကာကျမ်းတို့ ပေါ်ထွန်းရာ

ကမ္ဘာအာရပ်ရပ်၌ ထေရဝါဒ ဗုဒ္ဓဘာသာဝင်တို့ အမြတ်တနိုး ကျက်မှတ်သင်အံ လေ့လာ ကြည့်ရှုနေကြရသည့် အဋ္ဌကထာကျမ်းအားလုံးနှင့် ဋီကာကျမ်းအားလုံး လိုလိုတို့သည် ဖေဖေပြပါ သီဟိုဠ်ကျွန်းမှ သာသနာ့ဝန်ဆောင်တို့ ရေးသား စီရင်တော်မူခဲ့သော ကျမ်းတို့ ဖြစ်ကြကုန်၏[၁]။

အဘယဂိရိကျောင်းတိုက်ထွက် ကျမ်းများ

သာသနာသက္ကရာဇ် ၂၅၃-၂၇၉-တွင် နန်းတက်သော ဝေါဟာရတိဿမင်းသည် တရားဆုံးဖြတ်မှု၌ လိမ္မာကျွမ်းကျင်သော ကပိလအမတ်ကို အဘယဂိရိကျမ်းစာများကို စိစစ်စေရာ ထေရဝါဒနှင့် ဖြောင့်ဖြောင့် ဆန့်ကျင်သဖြင့် သာသနာကျေးဇူးမပြုဟု ယူဆကာ အဘယဂိရိကျောင်းတိုက်နှင့် အဘယဂိရိဂိုဏ်းသုံး ကျမ်းစာများ မီးရှို့ဖျက်စေလေ၏။

ဝေတုလ္လဝါဒံ မဒ္ဒိတ္ဝာ၊ ကာရေတ္ဝာ ပါပနိဂ္ဂဟံ။
ကပိလေန အမစ္စေန၊ သာသနံ ဇောတယိ စ သော[၂]။

သို့ဖြစ်၍ အဘယဂိရိဂိုဏ်းသုံး ကျမ်းများ သီဟိုဠ်(သီရိလင်္ကာ)၌ ယခုရှာမရတော့။ သို့ရာတွင် ဥတ္တရဝိဟာရဝံသ အဋ္ဌကထာကျမ်း(အဘယဂိရိသမိုင်း)ကျမ်း ရှိခဲ့သည်ဟု သိရ၏[၃]။ ၎င်းပြင် ကဝိစက္က အရှင်အာနန္ဒာမထေရ် ရေးသားစီရင်သော သဒ္ဓမ္မောပါယနကျမ်းကိုကား တွေ့ရှိနိုင်လေသည်။ ယင်း သဒ္ဓမ္မောပါယနကျမ်းကား အားလုံး ဂါထာချည်းဖြင့် ပြီးသော ပဇ္ဇမယကျမ်းတည်း။

၁။ မဟာဝိသုတာရာမ နိကာယ သာသနာဝင် ကျမ်းဦးမှတ်ဖွယ်ကြည့်။
၂။ မဟာဝံသ- ၃၆။၄၁။ ၃။ ပခုက္ကူသာသနာဝင် ကျမ်းဦးမှတ်ဖွယ် ၃-ကြည့်။

ဂါထာပေါင်း နိုဂုံးအလွတ် ၆၂၁-ဂါထာရှိ၏။ နိုဂုံးဂါထာ ဂ-ဂါထာရှိ၏။ ၂-ရပ် ပေါင်းသော် ၆၂၉-ဂါထာရှိ၏။ ကျမ်းဦးဌ—

ဝဝ　　　

တွင် ဆိုက်ရောက်လေသည်။အခါနှစ်မဲ့ အခါမဲ့ဖြစ်၍ ဆရာတော်ဘုရားကြီးသည် ဆရာတော် အရှင်နန္ဒဝံသ စသည်တို့နှင့်အတူ ဘူတာ၌ မနက်လင်းသည်အထိ ဖြစ်သလို သီတင်းသုံးတော်မူ၍ နံနက် (နတ်တော်လဆုတ် ၁၃-ရက်နေ့ နံနက်) ၇-နာရီတွင်မှ မဟာစေတီရှေ့ ဓမ္မသာလာ(တည်းခိုရာ အုတ်စရပ်)သို့ ကြွ၍ တည်းခို သီတင်းသုံးတော်မူသည်။

သံဝေဂဖြစ်ခဲ့

အနုရာဓမြို့ကား ရှေးယခင်က သီဟိုဠ်မင်းဆက်ပေါင်း ၉၀-ကျော် နန်းစိုက်ထူ မြို့တော်ဖြစ်၏။ ယခင်က အလွန်လျှင် စည်ကားလှ၏။ အိမ်ခြေပေါင်း သောင်း သိန်းမျှားစွာ တည်ရှိခဲ့ရာ မြို့ကြီးတည်း။ဆရာတော်မျှားရောက်ချိန်က အိမ်ခြေ ၅၀၀-ခန့်သာရှိသတတ်။ မြန်မာပြည် ပုဂံနှင့် ဖြစ်ပုံပျက်ပုံချင်း တူလှ၏။သို့ဖြစ်၍ ဆရာတော်ဘုရားကြီးမှာ မျှားစွာ သံဝေဂဖြစ်တော်မူလေသည်။

အနုရာဓံ သမ္ပတ္တာန၊ မဟာပရက္ကမော ဝိဒ္ဒါ။
သံဝေဂံ သော ဇနယိတ္ထာ၊ ဘဂ်ဉ္ဇာဏံ သမုဇ္ဇဝိ။

၁၂၉၁-ခုနှစ် နတ်တော်လဆုတ် ၁၃-ရက် ၁၄-ရက်နေ့မျှားတွင် အနုရာဓ မြို့ရှိ စေတီပုထိုးမျှားကို ဖူးမြင်တော်မူခဲ့ရာ ဖူးမြော်တော်မူခဲ့သော စေတီ မျှားကို သမိုင်းအကျဉ်းနှင့်တကွ ဖော်ပြပါအံ့။

သုဝဏ္ဏမာလိမဟာစေတီ

သုဝဏ္ဏမာလိမည်သော မဟာစေတီကြီးကို သာသနာသက္ကရာဇ် ၃၈၃-၄၀၇-ခု တွင် သီဟိုဠ်ကျွန်း၌ နန်းတက်သော ဒုဋ္ဌဂါမဏိမင်းသည် ရာမရွာစေတီမှ ဓာတ်တော် တစိတ်သားကို ပူဇော်ပရိဝေဏဝါသီ အရှင်သောဏုတ္တရထေရ်၏ တန်းခိုး အာနုဘော်ကြောင့် မဠေရိက နဂါးဘုံ နဂါးမျှားထံမှ ရရှိတော်မူခဲ့လေသည်။ ယင်းဓာတ်တော်မျှားကို ဌာပနာတော်မူ၍ တည်ထား ကိုးကွယ်တော်မူခဲ့ရာ မပြီးမြောက်ပဲရှိ၍ ဒုဋ္ဌဂါမဏိမင်း၏ညီ သဒ္ဓါတိဿမင်း ဆက်လက်၍ တည်မှပြီးသည်။ယင်း စေတီကြီးမှာ ကာလကြာညောင်း၍ ပျက်စီးခဲ့လေရာ မဟာစေတိယဝဟုနအသင်းက ဦးဆောင် ပြင်ဆင် တည်ဆောက်ရာ ၁၃၀၀-ပြည့် နှစ်တွင် စိန်ဖူးတင်နိုင်ခဲ့လေသည်[1]။

ယင်း မဟာစေတီမှာ အမြင့် သံတောင် ၁၂၀၊ ဘိနပ် အကျယ်အဝန်း သံတောင် ၆၆၆,၂·မိုက်၊ အချင်းသံတောင် ၂၂၂-တောင်,၄-လက်မ၊ ထီးတော်

၁။ ယင်းစိန်ဖူးကား မြန်မာတို့ ကောင်းမှုတည်း။

အသစ် သံတောင် ၁၆-တောင်၊ ထီးဝ အကျယ်အဝန်း သံတောင် ၁၀-တောင်၊ ထီးတော်အချင်း သံတောင် ၂-တောင် ဂ-လက်မ၊ စိန်ဖူးတော်အမြင့် သံတောင် ၁-တောင်၊ လုံးပတ်သံတောင် ၁-တောင်, ၂-မိုက်, ၉-လက်သစ်၊ ကလပ်တော်အမြင့် ၁-ပေ, ၁-လက်မ၊ စေတီ, ထီး, စိန်ဖူးအားလုံး တိုင်းတာလျှင် ၁၃၇-ရှိ၏[1]။

မြန်မာပြည် စစ်ကိုင်းမြို့ရှိ သာလွန်မင်းတရား ကောင်းမှုတော်ကြီးစေတီနှင့် နှိုင်းယှဉ်ကြည့်နိုင်ရန် ညောင်ပင်သာ ဦးပုည၏ ကောင်းမှုတော် အတိုင်းအတာပြ ထူပဝင်တေးထပ်ကို ဤ၌ ဖော်ပြအပ်ပါသည်။

ကိုးရာကိုးဆယ် ရှစ်ခုအစွန်းမှာ၊
ပွင့်ထွန်းလျှံပ ခြောက်ရောင်ဖြာ။
ရာဇာမဏီ မြတ်စူဋ္ဌာရယ်၊
ဘွဲ့တော်သာယာ ကျောက်စာထိုး။
ကောင်းမှုတော်ကြီး မြင့်သခ်္ဂါမှာ၊
တောင်ပေါင်း တရာနှစ်ဆယ် စွန်းလို့ဖြိုး။
လုံးဝန်းမကွာလ လေးရာကျယ်တယ်၊
ရှစ်ဆယ့်နှစ်တောင် ကယ်တန်းခိုး။
ဒါယကာတော် အင်းဝစိုးတယ်၊
မြတ်မျိုးသာကီ နေနတ်နွယ်။
သာလွန်ရန်နိမ် တည်ခဲ့ထား၊
လူနတ်အများ ဆပ္ပါးကြည်ညိုဖွယ်။
စွယ်တော်သပိတ် မြလှုံခြယ်တယ်၊
အုံ့ဩစဖွယ် မေ့တော်မြတ်တို့။
ကိန်းဝပ်စံပ သွင်းဌာပနာ၊
ခိုင်ခန့်လွန်သေချာ။
မြေပြင်ညွတ်ခ စံလွတ်ကွာတယ်၊
ငါးထောင်သာသနာ တည်ထွန်းပါလိမ့်လေး၎။

သီဟိုဠ်ကျန်းသူ ကျန်းသားတို့သည်—

အဋ္ဌသု ယသ္မိ သုဂတာသ ဓာတု–နိမ္မာယ ရံသုဇ္ဇလ ပုဒ္ဓရူပံ။
တံ ဂါမဏိရာဇကတံ နမာမိ၊ သုဝဏ္ဏမာလိဝရထူပရာဇံ။

ဟူသော ဂါထာဖြင့် မဟာစေတီတော်ကို ရှိခိုးကြကုန်၏။

၁။ သီဟိုဠ်လင်းရောင်ခြည်။
၂။ သီဟိုဠ် လင်းရောင်ခြည်-ဂ၁-ဂ၂။

ဆရာတော်ဘုရားကြီး မဟာစေတီတော်ဖူးမြော်

ဆရာတော်ဘုရားကြီးတို့ ရောက်စဉ်က စေတီကြီးမှာ ပြင်ဆင်တည့်ဆောက်ဆဲဖြစ်ရာ သုံးပုံနှစ်ပုံခန့်သာ ပြီးသေးသည်။ တန္ခစ် အုတ်တရစ်, နှစ်ရစ်သာ ပြီးသတတ်။ ဆရာတော် ဘုရားကြီးသည် ဖော်ပြပါ မဟာစေတီကြီးကို လေးမြတ်ကော်ရော် အကြိမ်ကြိမ် ဖူးမြော်တော်မူခဲ့လေသည်။

မဟာထူပမိ ပူဇေသိ၊ ပူဇာယ နိန္ဒမာနသော။
ဒေါဏခေတု သုနိခေန-ဝန္တံ သဗ္ဗမနောရမံ။

ထူပါရာမစေတီတော်

ထူပါရာမ စေတီတော်သည်ကား မဟာစေတီတော်ကြီး၏ အရှေ့ဖက် စဉ်းငယ်ယွန်းသော မြောက်ဖက် ၂-ဖာလုံကျော်လောက်အကွာ မဟာဝိဟာရနှင့်စပ်လျက်တည်ရှိသော ထူပါရုံကျောင်းတိုက်အရံတွင်းတွင် တည်ရှိလေသည်။ ဘုရားရှင်၏ ခေတ်တော် တသပိတ်ပြည့်နှင့် လက်ျာညှပ်ရိုးတော်ခေတ် ဌာပနာရာဖြစ်၏။ သာသနာသက္ကရာဇ် ၂၃၆-ခုနှစ်တွင် နန်းတက်သော ဒေဝါနံ ပိယတိဿမင်းကြီး၏ ကောင်းမှုတော်ဖြစ်၏။ စတုရန်းပတ်လည် လုံးပတ် ၁၂၁-တောင် ၁-မိုက်ရှိ၏။ အမြင့်ဉာဏ်တော် သံတောင် ၃၀-ခန့်ရှိ၏။

ထူပါရာမေ ထူပဝရံ၊ နိဋ္ဌာပေတွာ မဟီပတိ။
ရတနာဒီဟိနေကေဟိ၊ သဒါ ပူဇမကာရယိ[1]။

သီဟိုဠ်ကျွန်းသူ ကျွန်းသားတို့သည် ဖော်ပြပါ ထူပါရာမ စေတီတော်ကို-

ပတ္တပမာဏံ မုနိရာဇခေတုယော၊
နိခေယ ခေတုမိ စ ဒက္ခိဏာက္ခကံ။
ဒေဝါဒိတိဿေန ကတံ ဟိ ထူပါ-
ရာမာဘိခေနံ ပနမာမိ ဘာကတျာ[2]။

ဟူသော ဂါထာဖြင့် ရှိခိုးဖူးမြော်လေ့ရှိကြကုန်၏။

ဆရာတော် ထူပါရာမစေတီတော်ဖူးမြော်

ကျေးဇူးရှင် ဆရာတော် ဘုရားကြီးသည် ဖော်ပြပါ ထူပါရာမ စေတီတော်ကိုလည်း ရှိသေမြတ်နိုး ရှိခိုးပူဇော် ဖူးမြော်တော်မူခဲ့လေသည်။

နမဿန္တော နမဿန္တော၊ ကရိတ္ဝာတိ ပဒက္ခိဏံ။
ထူပါရာမမိ ပူဇေသိ၊ ပူဇာယ သတတာဒရော။

၁။ မဟာဝံသ—၁၇-၆၂။
၂။ သီဟိုဠ်ဘာသာရေး သီရိလံကာ ဗုဒ္ဓသိဒ္ဓဉ္စနသမိုင်း-၁၈။

အဘယဂိရိစေတီ

အဘယဂိရိ စေတီတော်ကြီးကား အနုရာဓမြို့တော် မဟာဝိဟာရ ကျောင်းတိုက်ကြီး၏ အရှေ့မြောက်ဖက် တမိုင်ခန့် အကွာ အဘယဂိရိ ကျောင်း တိုက်ဟောင်းကြီးအတွင်း၌ တည်ရှိလေသည်။ စာပေ၌ အဘယဂိရိဝိဟာရဟူ၍ ၎င်း, အဘယုတ္တရ ဝိဟာရဟူ၍ ၎င်း သုံးသည်။ ကေစိ=အချို့ကုန်သော မြောက် ကျောင်းနေ ဆရာတို့သည်။ ကေစိ=အချို့ကုန်သော အဘယဂိရိကျောင်းတိုက် နေ ဆရာတို့သည် စသည်ဖြင့် အနက်ဆိုကြသည်မှာ ဖော်ပြပါ အဘယဂိရိ ကျောင်းတိုက်ကြီးနေ ရဟန်းတို့ကို ဆိုကြခြင်းဖြစ်သည်။ ယင်းစေတီကြီးကား လုံးပတ်ပေ ၉၀၀-ခန့်ရှိပြီး အမြင့်ပေ ၂၃၅-ပေရှိကြောင်း သိရ၏။

သာသနာသက္ကရာဇ်. ၄၅၅-တွင် ဒုတိယအကြိမ် သီဟိုဠ်၌ မင်းပြုသော ဝဋ္ဋဂါမဏိ (ဝဋ္ဋဂမ္ဗာ) မင်းသည် ဂိရိတက္ကတ္ထန်း၏ ကျောင်းကို ဖျက်ဆီးစေပြီး စေတီကြီးနှင့်တကွ ကျောင်းတိုက်ကြီး တည်ဆောက်၍ မိမိစစ်ရုံး၌ တိမ်းရှောင် စဉ် ဆွမ်းခံကျွေးကာ ကျေးဇူးပြုခဲ့ဘူးသော အရှင်မဟာတိဿထေရ်အား တင် လှူလေသည်။ အဘယဂိရိကျောင်းတိုက်ကြီးပေါ်ခြိန်ကို မဟာဝံသ၌——

မဟာဝိဟာရပဌာနာ၊ ဒ္ဒိသု ဝဿသတေသု စ ။
သတ္တရသသု ဝယေသု၊ ဒသမာသာဓိကေသု စ။
တထာ ဒိနေသု ဒသသု၊ အတိက္ကန္တေသု သာဒရော။
အဘယဂိရိဝိဟာရံ သော၊ ပတိဋ္ဌာပေသိ ဘူပတိ။
ပက္ကောသိတ္ဝာန တေ ထေရော၊ တေသု ပုဗ္ဗုပကာရိနော။
တံ မဟာတိဿတ္ထေရဿ၊ ဝိဟာရံ မာနဒေါ အဒါ။
ဂိရိဿ ယသ္မာ အာရာမေ၊ ထူဇာ ကာရေသိ သော'ဘယော။
တသ္မာ'ဘယဂိရိတ္တေဝ၊ ဝိဟာရော နာမတော အဟု'။

ဟူသော ဂါထာများဖြင့် မှတ်တမ်းတင်ခဲ့လေသည်။

မူလတွင် ယင်း အဘယဂိရိကျောင်းတိုက်နေ ရဟန်းသာမဏေတို့သည် မဟာဝိဟာရဂိုဏ်းဝင်များ ဖြစ်ကြကုန်၏။ နောက်တွင် ဒကာ,ဒကာမတို့နှင့် ရောထွေး ယှက်တင်များသဖြင့် မဟာဝိဟာရဂိုဏ်းမှ ထုတ်ပစ်ကြကုန်၏။ ၎င်းနောက်တွင်မှ အဘယဂိရိဂိုဏ်းဟု ထင်ရှားလာသည်။

ထေရံ ကုလေဟိ သံသဋ္ဌံ၊ မဟာတိဿောတိ ဝိဿုတံ။
ကုလသံသဋ္ဌ ဒေါသေန၊ သံဃော တံ နိဟရိ ဣတော[၂]။

၁။ မဟာဝံသ-၃၃။ ဂ၁၊ ဂ၂၊ ဂ၃၊ ဂ၄။
၂။ မဟာဝံသ-၃၃။၉၆။

ယင်း အာဘယဂိရိစေတိကြီး၌ ရွှေဖြင့်ပြီးသော နွားလားညသဘရုပ်အတွင်း ခေတ်တော်များ သွင်းထည့် ဌာပနာထားသည့်ပြင် ပေါတ္ထကာရုဠ္ဟ စတုတ္ထသံဂါယနာတင် ပေတွေပါ ဌာပနာထားသည်ဟု အဆိုရှိသည်။ သီဟိုဠ်ကျွန်းကို အင်္ဂလိပ်တို့ သိမ်းပိုက်စဉ် ယင်း အာဘယဂိရိစေတီကြီးကို ဖျက်ဆီး၍ နွားလားညသဘ ရွှေရုပ်ယူဖို့ စီစဉ်ရာ အများလူထုက ဆန့်ကျင်၍ မအောင်မြင် ဟူကြ၍ စာပြုသူ သီဟိုဠ် နေစဉ် သိခဲ့ရ၏။ သီဟိုဠ်ကျွန်းသူ ကျွန်းသားတို့ကား ယင်းအာဘယဂိရိစေတီတော်ကြီးကို—

ကတ နဝ မဏိကမ္မေ ဓာတုဂဗ္ဘေ သုရမ္မေ၊
ကနက ဝသဘကုစ္ဆိံ ဓာတုယာ ပူရယိတ္ဝာ။
ဝိဟိတ မဘယရညာ ဓမ္မလေခံ ဌပေတ္ဝာ၊
အာဘယဂိရိဝိဟာရေ စာရုထူပံ နမာမိ။

ဟူသော ဂါထာဖြင့် ရှိခိုး ဖူးမြော်ကြကုန်၏။

ဆရာတော် အာဘယဂိရိစေတီတော်ကြီးဖူးပြော်

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် ဖော်ပြပါ အာဘယဂိရိ ကျောင်းတိုက်ကြီးအတွင်းရှိ အာဘယဂိရိစေတီတော်ကြီးကိုလည်း လေးမြတ် ကော်ရော် ဖူးမြော် ပူဇော်တော်မူခဲ့လေသည်။

အာဘယုတ္တရဝိဟာရေဟိ၊ စေတိယံ အာဘယာဝှယံ။
ဝန္ဒိတ္ဝာ ပူဇယိတ္ဝာန၊ ပုညရာသိံ အကာ သုခိ။

ဇေတဝနစေတီတော်

ဇေတဝန စေတီတော်ကြီးသည် မဟာဝိဟာရ ကျောင်းတိုက်ကြီး အရှေ့မြောက်ယွန်း အရပ် အာဘယဂိရိကျောင်းတိုက်ကြီး၏ မြောက်ဖက် ၁·မိုင်ကျော် ခန့် အကွာတွင် တည်ရှိသည်။ စေတီတော်ကြီးမှာ လုံးပတ် ပေ ၁၁၀၀-ခြို့ အမြင့်ဉာဏ်တော် ၂၃၁-ပေ မြင့်ကြောင်း သီဟိုဠ်သမိုင်း၌ ဆို၏။ သာသနာသက္ကရာဇ် ဂ၁၉-ဂ၄၇-တွင် သီဟိုဠ်၌ နန်းတက်သော မဟာသေနမင်းသည် မဟာဝိဟာရနယ်ပယ် အဝင်အပါ ဇောတိဉယျဉ်တွင် စေတီတော်ကြီးနှင့် တကွ ဇေတဝနကျောင်းတိုက်ကြီးကို တည်ဆောက်၍ ဒက္ခိဏာရာမဝါသီ တိဿထေရ်အား လှူဒါန်းလေသည်။ ယင်းသို့ဖြစ်ကြောင်း—

ဒက္ခိဏာရာမဝါသိမ္ပိ၊ ကုဟကေ ဇိမ္ပမာနသေ။
ပသီဒိတ္ဝာ ပါပမိတ္တော၊ တိဿတ္ထေရေ အသညတေ။

မဟာဝိဟာရသီမန္တေ၊ ဥယျာနေ ဇောတိနာမကေ။
ဇေတဝနဝိဟာရံ သော၊ ဝါရယန္တောပိ ကာရယိ"။

ဟူသော ဂါထာများဖြင့် ဖော်ပြခဲ့သည်။

ဇေတဝနကျောင်းတိုက်နေ ရဟန်းတို့ကို ဇေတဝနဝါသီဟု စာပေ၌ သုံးနှုန်းသည်။ ယင်း ဇေတဝနစေတီတော်ကြီး၌ ဘုရားရှင် ခါးပမ်းကြိုးတော်နှင့် မာတ်တော်များ ဌာပနာထာ့းသည် ဆိုကြသည်။ သီဟိုဠ်တို့ကား –

ပတိဋ္ဌာပေတ္ဝာ ဇိနကာယဗန္ဓနံ၊
တထေဝ သမ္မုဒ္ဒ သရီရဓာတုယော။
မဟာသေန နရိန္ဒကာရိတံ၊
သုစေတိယံ ဇေတဝနံ နမာမိ။

ဟူသော ဂါထာဖြင့် ရှိခိုးကြကုန်၏။

ဆရာတော်ဇေတဝန စေတီတော်ဖူးမြော်

ဆရာတော်ဘုရားကြီးသည် ယင်း ဇေတဝန်ကျောင်းတိုက်ဟောင်း၌ ရောက်ရှိစဉ် ပရသမယ=တပါးသော ဇေတဝနဝါသီဂိုဏ်းသား ရဟန်းတို့၏ အယူဟူသော စကားကို လွှန်စွာသဘောပေါက်တော်မူသည်။ ဇေတာနစေတီတော်ကြီးကိုလည်း အားရပါးရ ဖူးမြော်တော် မူခဲ့လေသည်။

ဇေတဝနစေတိယမ္ပိ၊ ဇေယျကာမော မဟာယတိ။
နမဿိတ္ဝာ ပုနပ္ပုနံ၊ ပုညံ အနပ္ပကံ အကာ။

လံကာရာမစေတီ

မဟာစေတီ မြောက်တည့်တည့် ဇေတဝနကျောင်းတိုက်ကြီးမှ အနောက်မြောက် တာ ၂၀၀-ခန့် သွားလိုက်လျှင် လံကာရာမစေတီကို တွေ့ရသည်။ ယင်း စေတီကား မြန်မာပြည် အသိများနေကြသော မူလသောမာရာမကျောင်းနေရာဖြစ်ကြောင်း အများစု ယုံကြည်ကြကုန်၏။ သာသနာ သက္ကရာဇ် ၄၅၅-၄၆၇-တွင် သီဟိုဠ်၌ ဒုတိယအကြိမ် မင်းပြုသော ဝဋ္ဋဂါမဏိ မင်းကြီးသည် စစ်ရေးနိမ့်ခဲ့စဉ် သိလာသောဘကတ္ထကရွာ၌ ခိုလှုံခဲ့ရဘူး၏။ ယင်း ရွာ၌ သိလာသောဘကတ္ထက အမည် သမုတ်တော်မူ၍ စေတီတည်ခဲ့သည်။ ယင်း

၁။ မဟာဝံသ-၃၅၊၃၂၊၁၃၃။

စေတီသည် နောင်တွင် လံကာရာမစေတီဟု တွင်သည်။ လုံးပတ်ပေ ၁၅၀, အမြင့်ပေ ၅၀-ခန့်ရှိ၏။

မဟာထူပဿုတ္တရတော၊ စေတိယံ ဥစ္စဝတ္ထုကံ။
သိလာသောဘကဏ္ဍကံနာမ၊ ရာဇာ သောယေဝ ကာရယိ။

ယင်းစေတီကို သီဟိုဠ်တို့ကား—

သိလာသောဘကဏ္ဍကေ ပုရာနိဝါသိတေ။
ဝဠဂါမဏိသမည ဘူမိသာမိနာ။
ဗုဒ္ဓရာဇဓာတုပဋ္ဌပေတ္ဝကာရိတံ၊
လံကာရာမနာမဓေယျစေတိယံ နမေ။

ဟူသော ဂါထာဖြင့် ရှိခိုးဖူးမြော်ကြကုန်၏။

ဆရာတော် လံကာရာမ စေတီတော် ဖူးမြော်

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် ဖော်ပြပါ လံကာရာမ စေတီတော်ကိုလည်း လေးမြတ်ကော်ရော် ဖူးမြော်တော်မူခဲ့လေသည်။ ရှေးက ဖြစ်စဉ် ဖြစ်ရပ်တို့ကိုလည်း တွေးထင်အောက်မေ့ သံဝေဂ ယူတော်မူခဲ့လေသည်။

လံကာရာမစေတိယမ္မ၊စေတေတ္တာ မနသာ သုဓိ။
သက္ကစ္စံ ပဏမိတ္တာန၊ ပုညံ သဉ္ဇိနိ ယတိ။

မရိစဝဋ္ဋိစေတီတော်

မရိစဝဋ္ဋိစေတီကြီးကား မဟာစေတီတော်ကြီး၏ အနောက် တောင်ဖက်တွင် တည်ရှိလေသည်။ မဟာစေတီဖူးပြီး လမ်းလျှောက်ရင်း ခဏသွားလျှင် ရောက်တော့၏။ ယင်း စေတီကြီးကား ငရုပ်သီးပုံ ဟုသိရ၏။ လုံးပတ် ၅၆၀-ပေရှိ၍ အမြင့်ပေ ၆၀-ရှိခြောင်း သီဟိုဠ် ဘုရားသမိုင်းကျမ်း အဆိုကိုသိရ၏။

သာသနာသက္ကရာဇ် ၃၀၃-၄၀၇-တွင် နန်းတက်သော ဒုဋ္ဌဂါမဏိ မင်းကြီးသည် စစ်တိုက်စဉ်အခါက သံဃာတော်အား မလျှဒါန်းပဲ ငရုပ်သီး တတောင့်ကောက်စားမိသည့်အတွက် မိမိကိုယ်ကို ဒဏ်ထားသည့် အနေဖြင့် တည်ထားကိုးကွယ်ခဲ့သည်။ ပတ်ပတ်လည် ကျောင်းတိုက်နှင့်တကွ ၁၉-ကုဋေ ကုန်ကျသော ဟူ၏။ ကောက်စားမိသော ငရုပ်သီးကို စဲ့၍ မရိစဝဋ္ဋိစေတီဟု တွင်သည်။

မင်းတရားသည် တိဿ ရေကန်ကြီးအတွင်း ရေကစားတော်မူခိုက် ယာယီတဲနန်းဦး၌ ဓာတ်တော်ဌာပနာထားသော လှံကို စိုက်ထူးရာ ပြန်လည်နှုတ်ရာ

၁။ မဟာဝံသ-၃၃-၈၈-ဂါထာ။

မရတော့သဖြင့် ၎င်းခေတ်တော်နှင့်တကွ ဖြစ်သော လုံကို ဌာပနာ၍ စေတီတည်ထားခြင်း ဖြစ်သဖြင့် ကုန်တစေတီဟုလည်း တွင်သည်။ စေတီတော်နှင့် ကျောင်းလွတ်သဘင်တွင် မင်းမြတ် လျှောက်ထားသည့် စကားများကို အောက်ပါ မဟာဝံသဂါထာများဖြင့် သိရှု၏။

တသ္မိံ သမာဂမေ သံဃံ၊ ဣဒမာဟ မဟီပတိ။
သံဃံ ဘန္တေ ဝိသရိတ္ဝာ၊ ဘုဉ္ဇိံ မရိစဝဋ္ဋိကံ။
တဿေတံ ဒဏ္ဍကမ္မံ မေ၊ ဘဝတူတိ အကာရယိံ။
သစေတိယံ မရိစဝဋ္ဋိ-ဝိဟာရံ သုမနောဟရံ။
ပဋိဂ္ဂဏှာတု တံ သံဃော၊ ဣတိ သော ဒက္ခိဏောဒကံ။
ပါတေတ္ဝာ ဘိက္ခုသံဃဿ၊ ဝိဟာရံ သုမနော အဒါ။

သိဟိုဠ်တို့ကား ယင်း စေတီတော်ကြီးကို–

အဘယရာဇဝရေန သခေါတုကံ၊ သုနိမဟိတ္ဝာ ကတံ သကုန္တကံ။
သကလသတ္တဟိတံ ပဏ္ဏမေ သဒါ၊ မရိစဝဋ္ဋိကစေတိယမုတ္တမံ။

ဟူသော ဂါထာဖြင့် ရှိခိုးဖူးမြော်ကြကုန်၏။

ဆရာတော် မရိစဝဋ္ဋိစေတီတော် ဖူးမြော်

ဆရာတော်ဘုရားကြီးသည် ဖော်ပြပါ မရိစဝဋ္ဋိစေတီတော်ကိုလည်း မြတ်နိုးကော်ရော် ဖူးမြော်တော် မူခဲ့လေသည်။ ဆရာတော်ကား ဘုရားဖူးခြင်း, စာပေလေ့ကျက်ခြင်း စသည့်ကောင်းမှု လုပ်ငန်း၌ တင်းတိမ် ရောင့်ရဲခြင်း အလျှင်းမရှိပါချေ။

မရိစဝဋ္ဋိ သုထူပမ္ပိ၊ ထူပေသု နိန္ဒမာနသော။
နမဿိတ္ဝာန အဂ္ဂည-ပုဉ္ဇံ အနပ္ပကံ အကာ။

ဒက္ခိဏာသာခါ မဟာဗောဓိပင်

ဣဟိုဠ်ကျန်း ဒက္ခိဏာသာခါ မဟာဗောဓိကား——

ကတံ မဟာအဓိဋ္ဌာန–ပဋ္ဌကံ ပဋ္ဌစက္ခုနာ။
အဘာသိ ရညော တံ သုတ္ဝာ၊ တုဿိတ္ဝာ ဓရဏိပတိ[၂]။

ဟူသည်နှင့်အညီ ဘုရားရှင် ကိုယ်တော်တိုင်ပင် သဗ္ဗညုတ ဉာဏ်တော်မြတ်

၁။ မဟာဝံသ-၂၆၊၁၆၇၊၁၇၊၁၈။ ၂။ မဟာဝံသ-၁၈၊၂၂။

ဖြင့် သီဟိုဠ်ကျွန်း၌ သာသနာ ထွန်းတည်မည်ကို သိတော်မူသဖြင့် မဟာအဓိဋ္ဌာန် ၅-ချက်ကို အဓိဋ္ဌာန်တော် မူခဲ့လေသည်။ ယင်း အဓိဋ္ဌာန် ၅-ချက်ကား—

၁။ သီဟိုဠ်ကျွန်း ဗောဓိပင် ကြွဖို့ သီရိမဟာသောက မင်းတရား ဗောဓိပင်တောင်ကိုင်း ပင့်လိုလျှင် အလိုလိုပြတ်၍ ရွှေဖျဉ်းအိုး၌ တည်စေသတည်း။

၂။ ရွှေဖျဉ်းအိုးမှာ တည်သောအခါလဲ မဟာဗောဓိကိုင်းသည် တိမ်တိုက်ကြား တန်းခိုးဖြင့် တက်ကြွပြီး တန်းခိုးပြ၍ တည်စေသတည်း။

၃။ ၇-ရက်မြောက်တွင် တိမ်တိုက်မှ ဆင်းသက်ပြီး ရွှေဖျဉ်းအိုး၌ တည်တော်မူလျက် အရှက်, အသီးတို့မှ "ညို, ဝါ, နီ, ဖြူ၊ ရောင်မောင်းဟူ ခြောက်ဆူ ပြိုးပြိုးပျက်" ရောင်ခြည်တော်များ လွှတ်စေသတည်း။

၄။ သီဟိုဠ်ကျွန်း ထူပါရုံ စေတီတော်၌ လက်ျာညွှတ်ရိုးတော်ဓာတ် တည်သည့်နေ့၌ တန်းခိုးပြာဋိဟာ ပြစေသတည်း။

၅။ သီဟိုဠ်ကျွန်း မဟာစေတီတည်ရာနေ့မှာ တစိတ်သားမျှသော ဓာတ်တော်တို့ ဘုရားအသွင်ဖြစ်၍ ကောင်းကင်တက်ကြွ တန်းခိုးပြစေသတည်း ဟူ၍ ဖြစ်သည်[၁]။

ဖော်ပြပါ အဓိဋ္ဌာန် ၅-ချက်အနက် ဗောဓိပင်နှင့် စပ်၍ ၃-ချက်လုံး ပြည့်စုံစွာ အဓိဋ္ဌာန်တော် မူသည့်အတိုင်း ဖြစ်လေသည်။ သာသနာသက္ကရာဇ် ၂၃၆-ခုနှစ်တွင် ဒက္ခိဏသာခါ ဗောဓိပင်ကို အုံ့မခန်းနိုင်သော ပြာဋိဟာတို့ဖြင့် သီဟိုဠ်ကျွန်း မဟာဝိဟာရကျောင်းတိုက်ကြီး၌ အရှင်မဟိန္ဒထေရ်၏ နှမ သံဃမိတ္တာထေရီ ပင့်ဆောင် ရောက်ရှိစိုက်ပျိုးစေခဲ့လေသည်။ ယင်းဗောဓိပင်ကား ယခုတိုင်တည်ရှိရာ လွန်စွာမှ အံ့သြစရာ ကောင်းပါသတည်း။

သီဟိုဠ်ရဟန်းတော်များ ခဲယဉ်းစွာ စောင့်ရှောက်ခဲ့

တချိန်က အနုရာဓပြို့သည် ယခုလိုပင် မဟုတ်ပဲ လူနေအိမ်ခြေ သုဉ်းခဲ့ဘူးသည်၊ ထိုစဉ်က ယခုဗောဓိပင်အနီးတဝိုက်မှာ တောအတိဖြစ်နေ၏၊ တောဆင်များလည်း ရောက်လာကြပြီး ဗောဓိပင်နှင့်တကွ ညောင်ပင်အားလုံးကို ချိုးဖဲ့ဖျက်ဆီး စားသုံးဖို့ အကြိမ်ကြိမ် ကြိုးစားကြကုန်၏။ ထိုစဉ်က ရဟန်းတော်တပါး ဗောဓိပင်အနီး ရောမ ညောင်ပင်ကြီး တပင်ပေါ် လင့်စင်ထိုး၍ နေ

၁။ ပါရာဇိကဏ်အဋ္ဌကထာ (ဝိ၊ဋ္ဌ၊၁။၆၉) ကြည့်။

ထိုင်ပြီး ဆင်များမလာနိုင်အောင် ကြောက်လောက်သော အသံဖြင့် ချောက်လှန့်ခြင်း ပြုခဲ့သည်။ နံနက်ခင်းအန္တရာယ် ကင်းလောက်သော အချိန်တွင် သက်ဆိုင်ရာ ဒကာများ ခဲယဉ်းစွာ ညောင်ပင်ပေါ်တက်ရောက် ဆွမ်းပို့ရလေသည်။ ဤသို့စသည်ဖြင့် ဒကို့ဏသာခါ မဟာဗောဓိပင်ကို ခဲယဉ်းစွာ စောင့်ရှောက်ခဲ့ကြကုန်၏။ နောက် အနုရာဓ လူနေအိမ်ခြေ ပြန်လည်စည်ကားမှ ဆင်ရိုင်းစသော တောကောင်များ အန္တရာယ်မှ ဝေးလေတော့၏။

ယင်း ဗောဓိပင်ကို—

ယဿ မူလေ နိသိန္နော၀၊ သဗ္ဗာရိဝိဇယံ အကာ။
ပတ္တော သဗ္ဗညုတံ သတ္ထာ၊ ၀န္ဒေ တံ ဗောဓိပါဒမံ။
ဣမေ ဇတေ မဟာဗောဓိ–လောကနာထေန ပူဇိတာ။
အဟမ္ပိ တေ နမဿာမိ၊ ဗောဓိရာဇ နမတ္ထု တေ။
ဟူသော ၂-ဂါထာဖြင့် သီဟိုဠ်တို့ ရှိခိုးပူဇော်ကြကုန်၏။

ဆရာတော်ဗောဓိပင်ဖူးမြော်

ဆရာတော်ဘုရားကြီးသည် ဖော်ပြပါ ဗောဓိပင်ကိုလည်း ဖူးမြော်တော်မူပြီး ဘုရားရှင်၏ ဂုဏ်တော်အနန္တကို ရှုမှတ်ပွါးများတော် မူခဲ့လေသည်။ ဆရာတော်ကား လွန်စွာမှ သာသနာစိတ် ပြည့်ဝသည့် ပုဂ္ဂိုလ်မြတ်ကြီးသာတည်း။

မဟာ ဗောဓိမ္ပို ပူဇေသိ၊ ဗောဓိယာ လဂ္ဂမာနသော။
ဗုဒ္ဓဿ ဂုဏရာသိမ္ပို၊ ပစ္စဝေက္ခိ အနေကဓာ။

လောဟပါသာဒ ကြေးပြာသာဒ်ကြီး

လောဟပါသာဒခေါ် ကြေးပြာသာဒ်သည် သီဟိုဠ်ကျွန်း အနုရာဓမြို့မဟာဝိဟာရ ကျောင်းတိုက်ကြီးအတွင်း၌ တည်ရှိ၏။ သံဃမိတ္တာ ဗောဓိပင်၏ အနီးတွင် ဖြစ်၏။ ၁၂-ပေခန့်မြင့်သော ကျောက်တိုင် အတန်းပေါင်း ၄၀–အတိအကျ ရှိလေသည်။ တတန်းလျှင် တိုင်ပေါင်း ၄၀-စီ ရှိပြန်ရာ တိုင်ပေါင်း ၁၆၀၀-ရှိသည်။ အလယ်၌ သံဃာများ ကံကြီး ကံငယ်ပြုနိုင်ရန် အုတ်ကျွတ်မိုး အဆောင်ကလေး ပြုလုပ်ထားသည်ကို ယခုတိုင် တွေ့မြင်နိုင်သေး၏။

တတော ရာဇာ ဝိစိန္တေသိ၊ ဝိဿုတံ သုဿုတံ သုတံ။
မဟာပညော မဟာပုညော၊ ပညာယ ကတနိစ္ဆယော။
ဒီပပ္ပသာဒကော ထေရော၊ ရာဇိနော အယျကဿ မေ။
ဧဝံ ကိရာဟနတ္ထာ တေ၊ ဒုဋ္ဌဂါမဏိ ဘူပတိ။

မဟာပုညော မဟာထူပံ၊ သောဏ္ဏမာလိ မနောရမံ။
ဓိသံ ဟတ္ထသတံ ဥစ္စံ၊ ကာရေဿတိ အနာဂတေ။
ပုနော ဥပေါသထာဂါရံ၊ နာနာရတနမဏ္ဍိတံ။
နဝဘူမံ ကရိတ္ဝာန၊ လောဟပါသာဒမေဝ စ။
ဣတိ စိန္တိယ ဘူမိန္ဒော၊ လိခိတ္ဝေဝံ ဌပါပိတံ။
ပေက္ခာပေန္တော ရာဇဂေဟေ၊ ဌိတံ ဧဝ ကရဏ္ဍကေ။

ဟူသည်နှင့်အညီ ဒုဋ္ဌဂါမဏိမင်းတရားသည်[၂] မရိစဝဋ္ဋိစေတီကြီး တည်ပြီးနောက် ဒီပပ္ပသာဒက အမည်တော်ရသည့် အရှင်မဟိန္ဒထေရ်က ငါ့ရဲ့ ဘေးလောင်းတော် ဘိုးလောင်းတော်ဖြစ်သော ဒေဝါနံပိယတိဿ မင်းကြီးအား သင်မင်းကြီးရဲ့ မြေးဖြစ်သူ ဒုဋ္ဌဂါမဏိသည် "အတောင် ၁၂၀-ဉာဏ်တော်မြင့်သည့် မဟာစေတီကြီး တည်လိမ့်မည်၊ ဘုံကိုးဆင့်ရှိ လောဟပါသာဒပြာသာဒ်ကြီး တည်ဆောက် လှူဒါန်းလိမ့်မည်" ဟူသော မိန့်ကြားချက်ကို နှန်းစဉ်သေတ္တာ၌ ရေးထားစေခဲ့သည်ဟု ကြားဘူးသည်ကို ကြံစည် တွေးဆ အမှတ်ရသဖြင့် နှန်းစဉ်သေတ္တာကို ဖွင့်စေရာ တကယ်ပင် တွေ့ရှိလေရာ လွန်စွာမှ ဝမ်းမြောက်ခြင်းဖြစ်တော်မူ၍ မဟာဝိဟာရကျောင်းတိုက်မှ တန်းခိုးရှင် ရဟန်းတော်ရှစ်ပါး တာဝတိ သာနတ်ပြည်ကြွ ပုံတူယူစေ၍ တည်ဆောက်တော်မူစေခဲ့လေသည်။ ယင်း လောဟပါသာဒ ကြေးပြာသာဒ်၏ ခမ်းနားပုံကို မဟာဝံသ၌—

တသ္မိ ပါသာဒသေဋ္ဌသ္မိ၊ အဟေသုံ နဝဘူမိယော။
ဧကေကိဿာ ဘူမိယာ စ၊ ကူဋာဂါရသတာနိ စ၊
ကူဋာဂါရာနိ သဗ္ဗာနိ၊ သဇ္ဈုနာ ခစိတာန'ဟုံ။
ပဝါလဝေဒိကာ တေသံ၊ နာနာရတနဘူသိတာ။
နာနာရတနစိတ္တာနိ၊ တာသံ ပဒုမကာနိ စ။
သဇ္ဈု ကိံကိဏိကာ ပန္တိ–ပရိက္ခိတ္တာ စ တာ အဟု။
သဟဿံ တတ္ထ ပါသာဒေ၊ ဂဗ္ဘာ အာသုံ သုသဇ်ိတာ။
နာနာရတန ခစိတာ၊ သီဟပဉ္ဇရနေတ္တဝါ[၃]။

စသော ဂါထာတို့ဖြင့် ဖွဲ့ဆိုထားလေသည်။ ယင်း ဘုံ ၉-ဆင့် ၉-ထပ်ရှိသော လောဟပါသာဒကြေးပြာသာဒ်တွင် ပထမထပ်၌ ပုထုဇဉ်ရဟန်းများ

၁။ မဟာဝံသ-၂၇။၁၊ ၂၊၃၊၄၊၅။
၂။ ဒုဋ္ဌဂါမဏိကား သီဟိုဠ်၌ ခဂခ-၄၀၇-တွင် နှန်းတက်သည်။
၃။ မဟာဝံသ-၂၇။၂၅၊ ၂၆၊ ၂၇၊ ၂၈။

ဒုတိယထပ်၌ ပိဋကသုံးပုံဆောင် ရဟန်းများ, တတိယထပ်၌ သောတာပန်, စတုတ္ထထပ်၌ သကဒါဂါမ်, ပဉ္စမထပ်၌ အနာဂါမ်ရဟန်းများ သီတင်းသုံးတော်မူကြရကုန်၏။ ဆဋ္ဌမထပ်, သတ္တမထပ်, အဋ္ဌမထပ်, နဝမထပ်တို့၌ ရဟန္တာပုဂ္ဂိုလ်များ သီတင်းသုံးတော်မူကြကုန်၏။ ယင်းသို့ဖြစ်ကြောင်း—

ပုထုဇ္ဇနာဝ အဋ္ဌံသု၊ ဘိက္ခူ။ ပဌမဘူမိယံ။
တေပိဋကာ ဒုတိယာယ၊ သောတာပန္နာဒယော ပန။
ဧကေကာယေဝ အဋ္ဌံသု၊ တတိယာဒီသု ဘူမိသု။
အရဟန္တော်ဝ အဋ္ဌံသု၊ ဥဒ္ဓံ စတူသု ဘူမိသု။

ဟူသော ဂါထာများဖြင့် မဟာဝံသ[1]၌ မှတ်တမ်း တင်ထား၏။ ယင်း ပြာသာဒ်ကြီး၏ အရှေ့ဖက်၌ အမွှလဋ္ဌိကအဆောင် ပူးတွဲပါရှိပြီး အနောက်ဖက်က ပဉ္စနိကာယမဏ္ဍပအဆောင် ပါရှိသည်[2]။

ယင်း ပြာသာဒ်ကြီးမှာ ကာလကြာမြင့်စွာ မတည်ပဲ မီးလောင်ပျက်စီးသဖြင့် ဒုဋ္ဌဂါမဏိမင်းကြီး၏ညီ သဒ္ဓါတိဿသည် ဘုံ ၇-ထပ်ကျုံ့၍ တည်ဆောက်ခဲ့ပြန်သည်။

ဆရာတော် လောဟပါဒပြာသာဒ် ကြည့်ရှုလေ့လာ

ဆရာတော်ဘုရားကြီးသည် ဖော်ပြပါ လောဟပါသာဒ ကြေးပြာသာဒ်ကြီးကိုလည်း လေ့လာကြည့်ရှု သံဝေဂ ယူတော်မူခဲ့လေသည်။ ငါကား အဋ္ဌကထာ ဋီကာတွေ့ အခေါက်ခေါက် အခါခါ ချဉ်းနင်းစဉ် မကြာခဏ တွေ့ရသော လောဟပါသာဒ ပြာသာဒ်ကြီးကား ဤသည်ပင်တည်း။ ပကတိအတိုင်း မရှိတော့ပြီတကား။ "သဗ္ဗေ သင်္ခါရာ အနိစ္စာ" ပါတကား စသည်ဖြင့် ထပ်ကာထပ်ကာ သံဝေဂ ဖြစ်တော်မူခဲ့လေသည်။

လောဟပါသာဒအာဝါသံ၊ သုဝိသာလံ မနောရမံ။
ပဿိတ္ဝာန မဟာထေရော၊ သံဝေဂါ အဘဝိ တဒါ။

ဣသရမုနိစေတီ

ဣသရမုနိစေတီသည် တိဿဝါပီ (တိဿရေကန်)၏ အရှေ့ဘက်၌ ကပ်လျက် တည်ရှိသည်။ ယင်း စေတီအနီး ဗောဓိပင်ပွါး တပင်လည်း တည်ရှိသည်။ အရှင်

၁။ မဟာဝံသ-၂၃။၄၄၊၄၅။
၂။ အကျယ် ထိုထိုအဋ္ဌကထာများ ကြည့်။

မဖိန္ဒဃေရ်အထံ မင်းမျိုးမှ အမျိုးသား ၅၀၀-တို့ ရဟန်းပြုရာ ဌာနဌ် အထိမ်း အမှတ် အဖြစ်ဖြင့် ဒေဝါနံ ပိယတိဿ တည်ထားကိုးကွယ်ခဲ့သည်။ ယင်းသို့ဖြစ်ကြောင်း—

ပဉ္စသတေဟိဿရေဟိ၊ မဟာဃေရဿ သန္တိကေ။
ပဗ္ဗဇ္ဇဝသိတဌာနေ၊ ဣဿရသမဏကော အဟု ံ။

ဟူသော ဂါထာဖြင့် မဟာဝံသ၌ မှတ်တမ်းပြုသည်။ ယင်း ဣဿရမုနိစေတီ တည်ရှိရာကျောင်းတိုက်ကို ပါရာဇိကဏ် အဋ္ဌကထာ နိဒါန်း ၇၄-၌ ကေံ ဣဿရနိမ္မာနဝိဟာရေ ဟု လာရှိ၏၂။ ယင်း ဣဿရမုနိစေတီကို သီဟိုဠ်တို့က—

ဒေဝါနံ ပိယတိဿေန၊ မဟာရာဇေန သာဓုကံ။
ဓာတုယော နိဒဟိတ္ဝာန၊ သိလာယ ပဋိမာ သုဘာ။
ယဟိ ကာရာပိတာ သတ္တာ- နေတ္တ စတ္တ ပယိကရာ။
ဣဿရသမဏာရာမေ၊ ဘာသုရံ တံ နမေ ဝရံ ံ။

ဟူသော ၂-ဂါထာဖြင့် ရှိခိုးကြကုန်၏။

ဆရာတော် ဣဿရမုနိစေတီတော် ရှိခိုးဖူးခြင်း

ဆရာတော်ဘုရားကြီးသည် ဖော်ပြပါ အနုရာဓမြို့ရှိ ဣဿရမုနိစေတီတော် မြတ်ကြီးကိုလည်း အကြိမ်ကြိမ် ဦးနှိမ်တော်မူခဲ့လေသည်။ မိမိသည် အရောက် နောက်ကျ၏။ စောစောက ရောက်ထိုက်သည့် နေရာပေတည်းဟူ၍လည်း အကြံ ဖြစ်တော်မူလိမ့်မည်ဟု မှန်းဆမိပေ၏။

မဟာဣဿရမုနိမို၊ မုနိဓမ္မသုကောဝိဒေါ။
အဘိဝန္ဒိယ သဗ္ဗညူ- ဂုဏံ အနုဿရံ အကာ။

ပဉ္စတိ ံသတိမပိုင်း

စေတိယတောင်

စေတိယတောင်၏ မူလအမည်ကား သဲ ကျောက် ၂-မျိုး ရောစပ်၍ တည်ရှိရကား မိဿကတောင်ဖြစ်သည်။ ထူပါရာမ စေတီတော်၌ ဌာပနာရန် သုမနသာ-

---

၁။ မဟာဝံသ- ၂၀၊၁၄။
၂။ ဝိ၊ဋ္ဌ၊၁။၇၄။
၃။ သီရိလံကာ ဗုဒ္ဓသိဒ္ဓဌာန ဣတိဟာသယ-၄၈။

မဏ္ဍောဘိုးတော် သီရိဓမ္မာသောကမင်းထံမှ ရရှိပင့်ဆောင်ခဲ့သော တသပိတ်ပြည့် ဓာတ်တော်များ, သီကြားမင်းထံမှ ပင့်ဆောင်ရရှိခဲ့သော လက္ခဏာရုပ်ရိုးတော် ဓာတ်တို့ကို ထူပါရာမ စေတီတော်၌ ဌာပနာခြင်းမပြုမီ မိသကတောင်၌ ခေတ္တ ထားရှိ၍ တိုင်းသူပြည်သားတို့ကို အပူဇော် ခံစေတော်မူသည်။ သို့ဖြစ်ရာ ထို အခါမှစ၍ ယင်းမိသကတောင်သည် စေတီထိုက်ရကား စေတီယတောင်ဟု တွင်လေသည်။

ဌပေသိ ဓာတုယော သဗ္ဗာ၊ ထေရော တတ္ထဝ် ပဗ္ဗတေ။
မိသကံ ပဗ္ဗတံ် တသ္မာ၊ အဟု စေတိယပဗ္ဗတံ်[1]။

ယင်း တောင်ကို အဋ္ဌကထာ ဋီကာများ၌ စေတိယဂိရိ, စေတိယပဗ္ဗတဟု သုံးနှုန်းသည်ကို များစွာတွေ့နိုင်၏[2]။ သီဟိုဠ်အခေါ် မဟိန္ဒတ္ထလမှ ဆင်းသက်ပြီး မဟိန္ဒလေ့ဖြစ်၏။ ယင်း တောင်သည် အနုရာဓမြို့ အရှေ့ဖက် ဂ-မိုင်အကွာတွင် တည်ရှိ၏။ ယင်းတောင်ကို တက်ရန် ကျောက်လှေကား ရှိ၏။ ကျောက်လှေကား မှာ လှေကားထစ်ပေါင်း နှစ်ထောင် (၂၀၀၀) ရှိ၏။ ဘေးမှ တရုတ်စကားပန်းပင် စသည်တို့ စီရရီ စိုက်ပျိုးပေါက်ရောက်လျက်ရှိရာ သာယာစိုပြေလှပေ၏။

ယင်းစေတိယတောင်ပေါ်၌ မဟိန္ဒထေရ် ဓာတ်တော် ဌာပနာထားသည့် အမြင့် ဉာဏ်တော် ၁၅-တောင်, လုံးပတ် အတောင် ၆၀-ခန့်ရှိ ဥတ္တိယမင်း၏ ကောင်းမှုတော် အမွတ္ထလစေတီ, ဗောဓိပင်, သုမနသာမဏေ တရားကြွေးကျော် ရာ ကျောက်တောင်ထွတ်, အရှင်မဟိန္ဒ နေ့သန့်ရာလိုဏ်ဂူ, ကဏ္ဏကစေတီ စသည် တို့ တည်ရှိကုန်၏။

သီဟိုဠ်တို့သည် ယင်းစေတိယတောင်ပေါ်ရှိ အမွတ္ထလစေတီတော်ကို—

ဒီပပ္ပသာဒကမဟိန္ဒမဟာရဟန္တာ-
ထေရုတ္တမဿ ဝိနိဓာယ သရီရဓာတု။
ကာရာပိတံ နရဝရေန ပနုတ္တိယေန၊
အမွတ္ထလချာပဝရံ ပဏမာမိ ထူပံ။

ဟူသော ဂါထာဖြင့် ရှိခိုးဖူးမြော်ကြကုန်၏။

ယင်းပြင် ဤတောင်ပေါ်၌ ဘုရားရှင် တပည့်သာဝကများနှင့်အတူ သမာ ပတ် ဝင်စားတော်မူခဲ့သည်။ ယင်း ဘုရားရှင် သမာပတ်ဝင်စားတော်မူရာ မြေမှန်မြေမြတ်၌ ဓာတ်တော်များနှင့် ဥဏ္ဍလုံ မွေရှင်တော်တို့ ကိန်းဝပ်ရာ

၁။ မဟာဝံသ-၁၇၊ ၂၃။
၂။ ဝိ၊ဋ္ဌ၊၁၈၊ဖ၁၊ဖ၃၊ဖ၄၊ဖ၆၊၁၇၊၂၄၊၂၆ဖ။ ဝိသုဒ္ဓိ၊၁။ ၂၀၊၅၉၊၁၁၇။ (ဋ္ဌ ဋီ-တို့၌ အလွန် များ၏။)

သေလစေတီ (ကျောက်စေတီ) တဆူလည်း ထူးခြားစွာ ကည်ရှိလေသည်။ သီဟိုဠ်တို့သည် ယင်း သေလစေတီ(သိလစေတီ=ကျောက်စေတီ)ကို—

သသာဝကော ယတ္ထ နိသဇ္ဇ သတ္ထာ၊
ဝရံ သမာပတ္တိသုခံ ပဝိန္ဒိ။
ဓာတုံ ပတိဋ္ဌာပိ တမုဏ္ဏရောမံ၊
သိလာ မဟာထူပမဟံ နမာမိ။

ဟူသော ဂါထာဖြင့် ရှိခိုးဖူးမြော်ကြကုန်၏။

ဆရာတော် စေတိယတောင်ပေါ်စေတီများ ဖူးမြော်

ဆရာတော်ဘုရားကြီးသည် ဆရာတော် အရှင်နန္ဒဝံသ စသည်တို့နှင့်အတူ သက္ကရာဇ် ၁၂၉၁-ခု၊ နတ်တော်လဆုတ် ၁၃-ရက်နေ့ ၁၄-ရက်နေ့ညများမှာ အနုရာဓမြို့ မဟာစေတီအနီးရှိ စရပ်၌ ကျိန်းစက်တော်မူပြီး ပြာသိုလဆုတ် ၁-ရက်နေ့ ၁-နာရီခန့်လောက်တွင် စေတိယတောင်သို့ ကြွတော်မူ၍ အထက် ဖော်ပြပါ အမွတ္ထလစေတီ, ဗောဓိပင်, သုမနသာမဏေ တရားကြွေးကြော်ရာ ကျောက်တောင်ထွတ်, အရှင်မဟိန္ဒထေရ် နေ့သန့်စင်ရာ လိုဏ်ဂူ, ကဏ္ဏကစေတီ အာကာသစေတီ စသည်တို့ကိုလည်း သဒ္ဓါရှန်းစို ကြည်ညိုစွာ ဖူးမြော်တော်မူခဲ့လေသည်။

စေတိယပဗ္ဗတုတ္တမေပိ၊ မိတိမာ သံဃနာယကော။
နမော ကတ္တာ စေတိယာနံ၊ သံဝေဂနယိ သုဗိ။

ဆတ္တိ ံသတိမပိုင်း

ပုလတ္ထိမြို့

ပုလတ္ထိမြို့သည် သီဟိုဠ်နိုင်ငံ(သီရိလင်္ကာ)၏ မြို့တော် ကိုလံဘိုမှ ၁၃၄-မိုင် ကွာလှမ်း၏။ အနုရာဓမြို့မှသော် ၆၄-မိုင် ကွာလှမ်းသည်ဟု သိရ၏။ အလယ်ကျော အရှေ့ဖက်ကျ မဟာဝေဂီဂင်္ဂါမြစ်၏ အရှေ့ဖက်၌ တည်ရှိလေသည်။ ယင်း မြို့ကား ဝိနယသင်္ဂဟအဋ္ဌကထာ, သာရတ္ထဒီပနီဋီကာ, အင်္ဂုတ္တိုရ်ဋီကာ စသည်တို့ကို ပြုစုတော်မူခဲ့သော အရှင်သာရိပုတ္တရာ, ဋီကာကျော်ကျမ်းပြု အရှင် သုမင်္ဂလသာမိ, အဘိဓာနပ္ပဒီပိကာကျမ်းပြု အရှင်မောဂ္ဂလ္လာန် အစရှိသော ကျမ်းပြုစာဆိုတော်တို့ ပေါ်ထွန်းရာ မြို့လည်း ဖြစ်၏။

ယင်း ပုလတ္ထိမြို့၌ စွယ်တော်တိုက်, ထူပါရာမဘုရားကျောင်းတော်, သာသနာတော် သုတ်သင်စဉ် (ဂိုဏ်းကြီးသုံးဂိုဏ်း ညီညွတ်အောင်ပြုစဉ်)က အသုံးပြု

သည့် လတာမဏ္ဍပ, ဗဒ္ဓသိမ်ပြာသာဒ်, လံကာတိလကဝိဟာရ, အလျားပေ ၁၇၀, အနံပေ ၆၆-ရှိ အုတ်ကျောင်းတိုက်အတွင်းရှိ ဦးခေါင်းတော်မရှိတော့သည့် ဆင်းတုတော်ကြီး, အလျား ၄၄-တောင်ရှိ လျောင်းတော်မူ, ပရိက္ကမသမုဒ္ဒမည်သော ကန်တော်ကြီး, ကျယ်ဝန်းလှသည့် ဇေတဝန်ကျောင်းတိုက်ဟောင်းကြီး, ပရိက္ကမဗာဟုမင်းကြီး၏ ရူပဝတီမိဖုရားကြီး၏ ကောင်းမှုတော် ပဝါလစေတီ(ပဗ္ဘလုစဲယ), ပဌမဝီဇယဗာဟုမင်းကြီး၏ ကောင်းမှုတော် မဏိစေတီ(မယ်ဏိုက်ဝေဟေရ), နိဿင်္ကမလ္လမင်း၏ ကောင်းမှုတော် ရတနထုပိကစေတီ (ရန်ကောက်ဝေဟေရ), ပရိက္ကမမင်းကြီး၏ သုဘဒ္ဒါမိဖုရား ကောင်းမှုတော် ခီရိစေတီ (ကီရိဝေဟေရ), လုံးပတ်ပေ ၁၉၅၀, အမြင့်ပေ ၄၅၀-ရှိ ပရိက္ကမဗာဟုမင်းကြီး သုံ့ပန်းတမိလ်လူမျိုးတို့ကို တည်စေသော ဒမိဋ္ဌစေတီစသည်ဖြင့် ကြည့်ရှုလေ့လာ ဖူးမြော်စရာ လွန်စွာပေါများကုန်၏။

သီဟိုဠ်တို့သည် ပရိက္ကမမင်းကြီး၏ ရူပဝတီမိဖုရား၏ ကောင်းမှုတော် ပဝါလစေတီကို—

မဟာပရိက္ကန္တိ ဇယဿ ရာဇိနော၊
မဟေသီ ယာ ရူပဝတီ သမညိတာ။
ပဝါလမဇ္ဈေ ဇိနရာဇမာတုယော၊
နိဓာယ ကာရာပိတ စေတိယံ နမေ။

ဟူသော ဂါထာဖြင့် ရှိခိုးဖူးမြော်ကြကုန်၏။

ပဌမဝီဇယဗာဟုမင်းကြီး၏ ကောင်းမှုတော် မဏိစေတီကိုမူ—

ပဌမဝီဇယဗာဟုနာမေန ရညာ၊
ဝိဝိဓ မဏိဂဏေဟိ ဘူသယိတ္ဝာ။
ကတမိဟ ဇိနဓာတုယော ဌပေတ္ဝာ၊
သုဝိဒိတ မဏိစေတိယံ နမာမိ။

ဟူသော ဂါထာဖြင့် ရှိခိုးဖူးမြော်ကြကုန်၏။

နိဿင်္ကမလ္လမင်း၏ ကောင်းမှုတော် ရတနထုပိက စေတီကိုကား—

နိဿင်္က မလ္လဝိဒိတေန နရာဓိပေန၊
သဗ္ဗညုဓာတုသဟိတံ အရဟန္တဓာတု။
သမွာ နိဓာယ ကတ သောဏ္ဏဝိစိတ္တကမ္မံ၊
ဝန္ဒာမဟံ ရတနထုပိက နာမ စေတိယံ။

ဟူသော ဂါထာဖြင့် ရှိခိုးကြကုန်၏။

ပရက္ကမဗာဟု မင်းကြီး၏ သုဘဒ္ဒါ မိဖုရား၏ ကောင်းမှုတော် ခိရိစေတီကို လည်း—

မဟာပရက္ကန္တိ ဘုဇဿ ရညော၊
ဒေဝီ သုဘဒ္ဒါယ ကတံ ဝိစိတ္တံ။
သမ္မဒ္ဒဿာရိရိက ဓာတုယုတ္တံ၊
နမာမိ ခိရဂှယထူပရာဇံ။

ဟူသော ဂါထာဖြင့် ရှိခိုးကြကုန်၏။

ပရက္ကမမင်းကြီးသည် ပဏ္ဍုတိုင်းမှ ဖမ်းယူလာခဲ့သော တမိလ်သုံ့ပန်းတို့ကို တည်ဆောက်စေသော ဒမိဋ္ဌစေတီကြီးကား မြန်မာပြည် မန္တလေး အနောက် ဖက် မင်းကွန်းရှိ ဘိုးတော်မင်းတရား တည်ခဲ့သော စေတီကြီးကဲ့သို့ မပြီးခဲ့၊ ပြီးလျှင် အမြင့် သံတောင် တထောင်သုံးရာ (၁၃၀၀) ရှိမည်ဟု သိဟိုဠ်၌ အဆို ရှိသည်။ ယင်းစေတီကြီးကို သိဟိုဠ်တို့သည်—

ရညာ ပရက္ကမဘုဇေန ဟိ ပဏ္ဍုရဋ္ဌာ၊
အာနိတဒါမိဋ္ဌဇနံ ဝိနိယောဇိတ္ထာ။
ဗန္ဓာပိတံ သုဂတဓာတုနိဓာပိတံဝ၊
ဝန္ဒာမဟံ ဒမိဋ္ဌစေတိမိဒံ မဟန္တံ။

ဟူသော ဂါထာဖြင့် ရှိခိုးဖူးမြော်ကြကုန်၏။

ဆရာတော် ပုလတ္ထိမြို့ လေ့လာ ဖူးမြော်ခဲ့

ဆရာတော်သည် အခြားဆရာတော်များ, လူပုဂ္ဂိုလ်များနှင့်အတူ ၁၂၉၁-ခုနှစ် ပြာသိုလဆန်း ၁ ရက်နေ့တွင် ပုလတ္ထိမြို့သို့ ကြွတော်မူ၍ ပုလတ္ထိမြို့ တည်းခိုရာ ဓမ္မသာလာ၌ ၁-ည ကျိန်းတော်မူခဲ့ပြီး ကျောင်းတိုက်ဟောင်းများ, သိမ်များ စသည်တို့ကို လေ့လာ ကြည့်ရှုတော်မူ၍ စေတီပုထိုးများကို ရှိခိုးဦးချ ဖူးမြော် တော်မူခဲ့လေသည်။

ပုလတ္ထနဂရေ စာပိ၊ ဝိပုလဉ္စကိကော ဝိဒ္ဒါ။
ဝိဟာရထူပ သေဋ္ဌေပိ၊ ဂ္ဂက္ခနံ ဝန္ဒနံ အကာ။

သတ္တတိ•သတိမပိုင်း

ဒမ္မုလတောင် ဘုရားကျောင်းတော်များ

ဒမ္မုလတောင်သည် အစ္ဆပဗ္ဗတ ဟူ၍လည်း တွင်သည်၊ စတုတ္ထ သံဂါယနာ တင်ရာ အာလောကလိုဏ်မှ တောင်ဖက် မိုင် ၃၀-အကွာ ကန့်ဒီ အနုရာဓသွား

ကားလမ်းဘေးတွင် တည်ရှိလေသည်။ ပေပေါင်း တထောင် တရာ့ တဆယ့်ရှစ် (၁၁၁၈)ပေ မြင့်သည်ဟု သိရ၏။ သာသနာသက္ကရာဇ် ၄၅၅–၄၆၇ နှန်းတက် သော ဝဠဂါမဏိမင်းကြီးသည် စစ်ရေးနိမ့်စဉ်က ဤတောင်၌ ကြာမြင့်စွာ ခိုအောင်းခဲ့သည်။

စစ်ရေးစစ်ရာပြီးမြောက် မင်းအဖြစ်သို့ ရောက်ပြီးနောက် မူလက ရည်ရွယ် ရင်းအတိုင်း တောင်၏ တဖက်မျက်နှာတွင် ၃ ခန်း ထွင်းဖောက်၍ ဘုရား ကျောင်းတော်များ ပြုလုပ်လှူဒါန်းခဲ့လေသည်။ ယင်းကျောင်းတော်များမှာ (၁) ဒေဝရာဇဝိဟာရ (၂) မဟာရာဇဝိဟာရ (၃) ပစ္စိမဝိဟာရအားဖြင့် ၃-ကျောင်းဖြစ်သည်။ ယင်း ၃-ကျောင်းအနက်—

(၁) နံပါတ် ဒေဝရာဇဝိဟာရမှာ အလျား ၂၅-ပေ, အနံ ၂၁-ပေ ကျယ် ဝန်း၏။ ယင်းကျောင်းတော်၌ ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူပုံ, အရှင်အာနန္ဒာ ရုပ်တုတော်နှင့် အခြားဆင်းတုတော်များ ကိန်းဝပ်တော်မူလျက် ရှိ၏။ အခန်း ၅-ခန်း ရှိလေသည်။ အလွန်လျင် စိတ်ဝင်စားစရာ ကောင်း၏။ နှစ်ပေါင်း ၂၀၀၀-ကျော် ကြာသော်လည်း ပုံတော်များမှာ သစ်လွင် သပ္ပါယ်တော်မူလျက် ရှိ၏။ သိကြားမင်း၏ အကူအညီဖြင့် ထွင်းထုသောကြောင့် ဒေဝရာဇဝိဟာရ မည်ကြောင်း သိဒ္ဓိတင်၍ ပြောရိုးရှိသည်။

(၂) နံပါတ် မဟာရာဇဝိဟာရမှာ အလျား အတောင် ၃၀, အနံ ၃၃-တောင် ကျယ်ဝန်း၏။ ကျောင်းတော်တွင်း၌ လွန်စွာပင် ခမ်းနားလှပေ၏။ အလယ်တန့်တွင် ပဒုမ္မာကြာပွင့်ခံလျက် ဉာဏ်တော် ၄-တောင်ခန့်ရှိ ဘုရား ဆင်းတုတော်တဆူ, အရိမေတ္တေယျဘုရားလောင်းရုပ်, ရုပ်ပွါးတော် ၄၅-ဆူ, ဗိဿနိုးနတ်ရုပ်များ, ဝဠဂါမဏိရုပ်တု စသည်တို့ ရှိကုန်၏။

(၃) နံပါတ် ပစ္စိမဝိဟာရကား အလျား ၁၈-တောင်, အနံ ၉-တောင် ကျယ်ဝန်း၏။ ဆင်းတုတော်များကို ကြည်ညိုဖွယ်ရာ ဖူးတွေ့နိုင်၏။ မျက်နှာ ကျက်တွင် ဘုရားရှင် မယ်တော်နတ်သား အမှူးထားသည့် သောင်းတိုက် စကြဝဠာမှ ညီညာတသွေး စည်းဝေးညီမူကြသော နတ်ဗြဟ္မာတို့အား အဘိဓမ္မာ တရားဟောပုံ ပန်းချီမှာ လွန်စွာ အသက်ဝင် လှုပ်ရှားနေ၏၊ ဝဠဂါမဏိမင်း တရားသည် ယင်းဘုရားကျောင်းတော်များ ပြင်ဆင်ရန် တောင်ပေါ်များ မျက်စိတဆုံး မြင်နိုင်သမျှမြေများကို သီဟိုဠ်ကျွန်း၌ ပဌမဆုံး ဝတ္ထုကံ လှူသူ ဖြစ်၍ ဘုရားကျောင်းတော်များ၏ ဝတ္ထုကံအဖြစ် လှူဒါန်းခဲ့လေသည်။

ၚင်းပြင် စတုတ္ထမြောက် ကျောက်လိုဏ်ဂူ, ကျောင်းတော်သစ်လည်း ရှိသေး သည်။ ယင်းကျောင်းတော်သစ်မှာ အလျား ၃၅-တောင်, အနံ ၂၄-တောင် ကျယ်ဝန်း၏။ ၚင်း ကျောင်းတော်ကား သာသနာသက္ကရာဇ် ၂၂၈၉-၂၃၂၂-

သီဟိုဠ်ဘုရင် ကိတ္တိသီဂိရာဇသီ•ဟ၏ ကောင်းမှုတော် ဖြစ်၏။ အတွင်း၌ ဤတော် ၁၂•တောင်ရှိ လျှောင်းတော်မူပုံ, ထိုင်တော်မူပုံ, သမာပတ် ဝင်စားတော်မူပုံ ချပ်တုတော် ၉•ဆူ, မတ်ရပ်တော် ကျောက်သားဆင်းတုတော်များ ဖြစ်သည်တို့ ကိန်းဝပ်တော်မူလျက် ရှိကုန်၏။

ဌင်းပြင် ပဉ္စမမြောက် ကျောက်လိုဏ်ဂူတော် ဘုရားကျောင်းတော်လည်း ရှိသေး၏။ ဌင်းမှာ အလျား ၁၅•တောင် အနံ ၁၀-တောင် ကျယ်ဝန်း၏။ အမြင့် ၇-တောင် ရှိ၏။ ယင်းကား ကောဗ္ဗယ်ကဋ္ဌဝေ-မည်သော အမတ်ကြီးတဦး၏ ကောင်းမှု ဖြစ်သတတ်။ ယင်း ဒမ္မိုလတောင်၌ ဒေဝရာဇဝိဟာရ, မဟာရာဇဝိဟာရ, ပစ္ဆိမဝိဟာရ, နဝမဟာဝိဟာရ, နဝခုဒ္ဒကဝိဟာရဟူသော ဘုရားကျောင်းတို့ကို အစဉ်အတိုင်း ဖူးမြော်နိုင်လေသည်။ သီဟိုဠ်တို့သည် ဖော်ပြပါ ဘုရားကျောင်းတော်များကို—

ဝန္ဒာဒိ ဂါမဏိ ဘယေန ရာဇိနာ၊
ကာရာပိတံ ပါကဋ္ဌ အစ္ဆပဗ္ဗတော။
သမ္မုဒ္ဒ ဓာတုပ္ပဋိမာဒိ ရာဇိတံ၊
ဝန္ဒါမဟံ လေဏဝိဟာရပဉ္စကံ။

ဟူသော ဂါထာဖြင့် ရှိခိုး ဦးတင် ဖူးမြင်ကြကုန်၏။

ဆရာတော် ဒမ္မိုလတောင် ဘုရားများ ဖူးမြော်

ဆရာတော်ဘုရားကြီးသည် ၁၂၉၁-ခုနှစ် ပြာသိုလဆန်း ၂-ရက်နေ့တွင် ပုလတ္ထိပြိုမှအပြန် ဖော်ပြပါ ဒမ္မိုလတောင်ရှိ ဘုရားကျောင်းတော်များ ဘုရားဆင်းတုတော်များကိုလည်း ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးဦးတင် ဖူးမြင်တော်မူခဲ့လေသည်။

နိမုဂ္ဂမာနသော ဗုဒ္ဓ–ဂုဏ္ဏေသု ဝိဒုရော သုဓီ။
ဒမ္မိုလေ ပဋိမာ ယောပိ၊ ပူဇယိတ္ထ မဟာယတီ။

စတုတ္ထသံဂါယနာတင်ရာ အာလောကလိုဏ်

ပိဋကတ်တော်များကို ပေထက်အက္ခရာ ရေးတင်ရာ အာလောကလိုဏ်သည် ရှေးကအခေါ် မလယ, ယခုအခေါ် မာတလေမြို့အနီး ကန္ဒီ အနုရာဓပုဿ ကားလမ်းဘေးတွင် တည်ရှိလေသည်။ ကန္ဒီမြို့မှ ၁၅-မိုင် ဝေးသည်ဟု သိရ၏။ ယင်း အာလောကလိုဏ်ကို သီဟိုဠ်တို့က အလုဝိဟာရဟု ခေါ်ကြ၏။ ဆိတ်ငြိမ်၍ အေးမြစိမ်းစို နုပျိုသော သစ်ပင်များဖြင့် အလွန်လျင် မွေ့လျော်ဖွယ် ကောင်းလှ၏။ ဖိုခနောက်ဆိုင်သဖွယ် ကျောက်တောင်များ တည်ရှိလေရာ

တောင်နှစ်လုံး နံပါးတွင် တောင်ဖက် မြောက်ဖက် လိုဏ်နှစ်ခုရှိ၍ မြောက်ဖက် လိုဏ်သည် အာလောကလိုဏ် ဖြစ်သည်။ ယင်းလိုဏ်၏ အထက်၌ စတုတ္ထသံဂါယနာ (ပေထက်အကွရာ) တင်စဉ် အသုံးပြုသည့် ကညစ်များ ဌာပနာထားသည့် စေတီငယ်တဆူရှိသည်။ လိုဏ်ဂူ၏ အတွင်း၌ ဝဠဂါမဏိ(ဝဋ္ဋဂါမဏိအဘယ) မင်း၏ ကောင်းမှုတော် လျှောင်းတော်မူ ဆင်းတုတော်, တင်ပလ္လင်ခွေ ဆင်းတုတော်တို့ကို ကြည်ညိုဖွယ်ရာ ဖူးတွေ့နိုင်လေသည်။ ဒိတ်ဝင်စား စရာကောင်းသော ပန်းချီဆေးရေးရုပ်များလည်း ရှိ၏။ ယင်း လိုဏ်အနီး ဗောဓိပင်များလည်း ရှိကုန်၏။

သာသနာသက္ကရာဇ် ၄၅၀-ကျော်လောက်က သီဟိုဠ်ကျွန်း၌ မိုးအကြီး အကျယ် ခေါင်သဖြင့် အစာငတ်၍ များစွာသော သတ္တဝါတို့ သေကျေပျက်စီး ကြကုန်၏။ ၎င်းပြင် ဗြာဟ္မဏတိဿ(ဗြာဟ္မဏဟဒိယ)သူပုန်ဘေးနှင့် စောဠတိုင်း သား ကျေးကုလားတို့၏ စစ်ရေး စစ်ရာကြောင့် ထိုစဉ်က သီဟိုဠ်ကျွန်းသည် တိုင်းပျက် ပြည်ပျက်သဖွယ် ဖြစ်ခဲ့သည်။ ရဟန္တာသခင် အရှင်မြတ်ပေါင်း တသောင်းနှစ်ထောင် (၁၂၀၀၀)တို့ ဆုမ်း မဘုဉ်းပေးကြရသဖြင့် ပရိနိဗ္ဗာန် စံတော်မူကြကုန်၏။

ရဟန္တာ ရဟန်း ၄၄၀-တို့သည် မိုးကောင်းရာ အိန္ဒိယနိုင်ငံသို့ ခေတ္တကြွတော်မူကြကုန်၍ သီတင်းသုံးတော် မူကြကုန်၏။ ရဟန္တာ ရဟန်း ၆၀-တို့မှာ မလယဇနပုဒ်၌ပင် သီတင်းသုံးတော်မူကြရာ ဆုမ်းမဘုဉ်းပေးကြရသဖြင့် ပူလောင်နေသော ရင်ကို အေးစိမ့်သောဥ၀ါ သဲများကို ရင်အောက်ခုံ၍ ပိဋကတ်တော် များကို စိတ်ဖြင့် မှတ်သား ဆင်ခြင်တော်မူကြကာ မကွယ် မပအောင် ထိန်းသိမ်း စောင့်ရှောက်တော် မူကြကုန်၏။ နောက်တွင် မိုးကောင်း၍ အိန္ဒိယမှ ပြန်ကြွလာသော ရဟန္တာ ရဟန်း ၄၄၀-တို့နှင့် မလယဇနပုဒ်၌ နေရစ်ကြသော ရဟန္တာ ၆၀-၂-ရပ်ပေါင်း ရဟန္တာ ၅၀၀-တို့ စုပေါင်း၍ သာသနာသက္ကရာဇ် ၄၅၅-ခုနှစ်တွင် ဖေဖြူပါ သီဟိုဠ်ကျွန်း အာလောကလိုဏ်၌ ပေထက်တွင် ရေးတင်တော်မူခဲ့ကြကုန်၏။ ယင်းကို ပေါတ္ထကာရုဠှသံဂါယနာဟု ခေါ်ကြကုန်၏။ ယင်း စတုတ္ထသံဂါယနာနှင့်စပ်၍ ဒီပဝံသနှင့် မဟာဝံသတို့၌—

ပိဋကတ္တယပါဠိ စ၊ တဿ အဋ္ဌကထာမို စ။
မုခပါဌေန အာနေသုံ၊ ပုတ္ထေ ဘိက္ခူ။ မဟာမတိ။
ဟာနိ ဒိသ္ဝာန သတ္တာနံ၊ တဒါ ဘိက္ခူ။ သမာဂတာ။
စိရဋ္ဌိတတ္ထံ ဓမ္မဿ၊ ပေါတ္ထကေသု လိခါပယုံ[၁]။

ဟူသော ၂-ဂါထာဖြင့် မှတ်တမ်းတင်ခဲ့ကြကုန်၏။

၁။ ဒီပဝံသ-၂၀။၂၀။၂၁။ မဟာဝံသ-၃၃။၁၀၂။၁၀၃။

စေတီထိုက်နေသော ဤ အာလောကလိုဏ်ကို သီဟိုဠ်တို့သည်—

မုနိဓမ္မသံဂီတိ ပဝတ္တိတာ ယဟိ•၊
ဝိဘဝါဒိဒါနေန ဘယာဒိရာဇူဟိ။
ဇိနရူပဗောဓိဒ္ဓမစေတိယကာရိတံ၊
ပဏမာမိ အာလောက ဝိဟာရမုတ္တမံ•။

ဟူသော ဂါထာဖြင့် ရှိခိုးဖူးမြော်ကြကုန်၏။

ဆရာတော် အာလောကလိုဏ် ကြည့်ရှုဖူးမြော်

ဆရာတော် ဘုရားကြီးသည်လည်း ဖော်ပြပါ စတုတ္ထသံဂါယနာတင်ရာ အာလောကလိုဏ်ကိုလည်း ၁၂၉၁-ခု၊ ပြာသိုလဆန်း ၂-ရက်နေ့ ဒမ္မ။လလိုဏ်မှ ကန္ဒီမြို့အကြွတွင် ဝင်ရောက်ကြည့်ရှု လေ့လာဖူးမြော်တော်မူခဲ့လေသည်။

ဂန္ဓာ အာလောကလေဏမ္ပိ၊ ပညော ပညာသနာမကော။
နဒမာ ကတ္တာ ကတံ ဥလိ၊ သံဝေဂနယိ သုဓိ။

ကန္ဒီမြို့ ဗုဒ္ဓမြတ်စွယ်တော်

သီဟိုဠ်ကျွန်း (သီရိလံကာနိုင်ငံ) ကန္ဒီမြို့ကား ကိုလံဘိုမြို့တော်မှ ၇၅-မိုင်ခန့် ကွာလှမ်းသည်၊ တောင်တန်း တောင်စွယ်တို့ဖြင့် သာယာလှပသော မြို့ဖြစ်သည်။ ယင်းကန္ဒီမြို့၌ အဿဂိရိကျောင်းတိုက်, မာလဝတုကျောင်းတိုက် အစရှိသော ကျောင်းတိုက်ကြီးများ တည်ရှိ၏။ ကျော်စောသည့် တက္ကသိုလ်ကြီးလည်း ရှိ၏။ ယင်းတက္ကသိုလ်ကို ပေရာဒနိယတက္ကသိုလ်ဟူ၍ဖြင့်, ကန္ဒီတက္ကသိုလ်ဟူ၍ဖြင့် ခေါ်သည်။

အထူးဆန်းဆုံးမှာ ဘုရားရှင်၏ စွယ်တော်တိုက်ပင် ဖြစ်၏။ ယင်းစွယ်တော်မှာ လက်ဝဲအောက်စွယ်တော်ဖြစ်သည်။ ကာလင်္ဂတိုင်း ဒန္တပုရမြို့မှ သီဟိုဠ်ကျွန်းသို့ သာသနာသက္ကရာဇ် ၈၄၇-ခုနှစ်တွင် နန်းတက်သော ကိတ္တိသိရိမေဃဝဏ္ဏမင်းလက်ထက် ကိတ္တိသိရိမေဃဝဏ္ဏမင်း နန်းစံ ၉-နှစ်မြောက်တွင် ရောက်ရှိခဲ့လေသည်။

နဝမေ တဿ ဒိဝသမ္ပိ၊ ဒါဠာဓာတုံ မဟေသိနော။
ဗြာဟ္မဏီ ကာစိမာဒါယ၊ ကာလင်္ဂမှာ ဣဓာနယိ[၂]။

၁။ သီရိလံကာ ဗောဓိသိဒ္ဓဘာနသမိုင်း-၁၄၀။

၂။ မဟာဝံသ-၃၇၊၉၂။

ကော ဒါဠာ တိဒသာပုဒရ၊ ကော နာဂပုရေ အဟု။
ကော ဂန္ဓာရဝိသယေ၊ ကောသိ ပုန သီဟဠေါ်။

ယင်း စွယ်တော်တို့ သီဟိုဠ်ကျွန်း၌ မင်းအဆက်ဆက် ကိုးကွယ်ခဲ့ကြရာ ယခု တိုင် ကန်ဒီမြို့၌ လောကသားတို့၏ အကိုးကွယ်ကို ခံယူတော်မူလျက် ရှိပေသည်။

ပခုက္ကူဇာတိ ဦးသာထက်ကောင်းမှူ စွယ်တော်တိုက်ကြီး

ယင်း စွယ်တော်မှာ ခမ်းနားလှသော စွယ်တော်တိုက်ကြီးအတွင်း ကြွတ် အထပ်ထပ်ဖြင့် ကိန်းဝပ်လျက်ရှိ၏။ ယင်း စွယ်တော်တိုက်ကြီးကို ပခုက္ကူမြို့ မြင်သာရပ်ဇာတိ ဦးသာထက်သည် နောက်တွင် ပုသိမ်ခရိုင် ကျောင်းကုန်းမြို့၌ ရောက်ရှိနေထိုင်ရာ ဥစ္စာဓန ပေါမျှားလေသည်။ လောကီဥစ္စာဓန ပေါမျှား သလို လောကုတ္တရာဥစ္စာသဒ္ဓါလည်း ငွေးကြွယ်သူဖြစ်သည်။ သီဟိုဠ်ကျွန်း စွယ်တော်မြတ် ကိန်းဝပ်ရန် အလျား အပင် ၂၀, အနံ ၄-ပင် (အရှေ့အနောက် ဘဲလပ်မြေတိုင်ပေါင်း ၂၀, တောင်မြောက် ၄-တိုင်)ရှိ လေးထပ်တိုက်ကြီးကို ငွေ တသိန်း (၁၀၀၀၀၀) အကုန်အကျခံ၍ ၁၂၉၀-ပြည့်နှစ်လောက်တွင် အပြီး သတ် ဆောက်လုပ်လှူဒါန်းခဲ့လေသည်။ ရန်ကုန်မြို့ ကြည့်မြင်တိုင် ကျောင်း ဒါယကာ ဦးညွန့်ကလည်း စွယ်တော်တိုက်သစ်အတွက် ငွေ ၁-သောင်း ပါဝင် လှူဒါန်းသည်ဟု သိရ၏။

ဆရာတော် စွယ်တော်ဖူးမြော်

ဆရာတော်တို့ ရောက်သောနှစ်မှာ တိုက်တိုက်ဆိုင်ဆိုင် စွယ်တော်ကို နှတ် တော်လဆန်း ၁၂-ရက်နေ့မှစ၍ ပြာသိုလဆန်း ၁၂-ရက်နေ့အထိ ၁-လတိတိ အမျှားလူထု ဖူးမြော်ရန် ဖွင့်သောလဖြစ်သည်။ သို့ဖြစ်၍ ဆရာတော်ဘုရား ကြီးသည် ၁၂၉၁-ခု၊ ပြာသိုလဆန်း ၃-ရက်နေ့မှစ၍ ၆-ရက်နေ့တိုင် ၄-ရက်ကြာ မျှ အေးအေး ဆေးဆေး ဖူးမြော်တော်မူခဲ့လေသည်။

သီဟိုဠ်တို့ကား—

လောကေကနာထ ဝဒနမ္ဗုဇ ရာဇဟံသံ၊
ဝေနေယျကောမုဒဝနံ ဝိကာသယန္တံ။
အဒ္ဓိန္ဒုကာရဝရဂုဏပဝိရာဇမာနံ၊
ဝန္ဒာမိ သာဓု မမလံ ဇိနဒါဋ္ဌာဓာတုံ[၂]။

ဟူသော ဂါထာဖြင့် ရှိခိုးဖူးမြော်ကြကုန်၏။

၁။ ဒါဋ္ဌာဝံသ သီဟိုဠ်နိသျ-၁၀။ ၂။ သီရိလံကာဇောဒ္ဓသိဒ္ဓဋ္ဌာနသမိုင်း-၁၇၈။

စွယ်တော် ၄-ဆူလုံးကိုမူကား -

ကော ဒါဠာ တိဒသာပုရော၊ ကော နာဂပုရေ အဟု။
ကော ဂန္ဓာရဝိသယော၊ ကောသိ ပုန သီဟဠေ။
စတသော တာ မဟာ ဒါဠာ၊ နိဗ္ဗာနရသဒီပိကာ။
ပူဇိတာ နရဒေဝေဟိ၊ တာပိ ဝန္ဒာမိ ဓာတုယော ။

ဟူသော နှစ်ဂါထာဖြင့် ရှိခိုးကြကုန်၏၂။

အဋ္ဌတိ်သတိမပိုင်း

ကလျာဏီစေတီတော်

ကလျာဏီစေတီတော်သည် ကိုလံဘိုမြို့ အရှေ့မြောက်ဖက် ၆-မိုင်ခွဲအကွာ တွင် တည်ရှိလေသည်။ စေတီတော်ကြီးနှင့် အရုံခံ အုတ်တိုက် တန်ဆောင်း ကြီးကို ခမ်းနားစွာတွေ့မြင်နိုင်၏။ ယင်း အရုံခံအတွင်း၌ လျောင်းတော်မူဂဂ-တောင်ခန့်ရှိ ဆင်းတုတော်ကြီး, မတ်ရပ်တော် ဆင်းတု, တင်ပလ္လင်ခွေ သမာပတ် ဝင်စားတော်မူပုံ ဆင်းတုတော်များနှင့် အရှင်မဟာဗုဒ္ဓဃောသ ဝိသုဒ္ဓိမဂ် ကျမ်းကြီးရေးပြီး၍ မဟာဝိဟာရ ကျောင်းတိုက် သံဃာတော်များအား ပြသ နေပုံ ပန်းချီစသည်တို့ကို စိတ်ဝင်စားဖွယ်ရာ ဖူးမြော် တွေ့ရှိနိုင်လေသည်။ စေတီ တော်အနီး၌ ဗောဓိပင်, သိမ်, ကလျာဏီ ကျောင်းတိုက် စသည်တို့ကိုလည်း တွေ့ ရှိလေသည်။

ဗောဓိတော အဋ္ဌမေ ဝယေ၊ ဝသံ ဇေတဝနေ ဇိနော။
နာထော ပဥ္စဟိ ဘိက္ခူနံ၊ သတေဟိ ပရိဝါရိတော ။

ဟူသည်နှင့်အညီ ဘုရားရှင်သည် ဘုရားဖြစ်ပြီး၍ ရှစ်ဝါအရှိတွင် သီဟိုဠ် ကျွန်း ကလျာဏီအရပ်၌ နေထိုင်သော မဏိအက္ခိက နဂါးမင်း လာရောက်ပင့် သဖြင့် ရဟန်း ၅၀၀-နှင့် သီဟိုဠ်ကျွန်းသို့ ကြွတော်မူ၍ ကလျာဏီ မြစ်ကမ်းအနီး မဏိအက္ခိက နဂါးမင်း၏ မဏ္ဍပ်ရှိ ပလ္လင်ပေါ်၌ သီတင်းသုံးတော်မူ၍ ဆွမ်းဘုဉ်း ပေးပြီး တရားဟောတော်မူသည်။ ၎င်းနောက် သုမန (သမန္တကူဋ) တောင် ကြုံခြေတော်ရာ ချတော်မူပြီး ယင်းတောင်ခြေ လိုဏ်ဂူတခု၌ နေ့သန့်တော် မူသည်။ ၎င်းနောက် ဒီဃဝါပိ စေတီတည်မည့်နေရာ, သံဃမိတ္တာ ဗောဓိပင်တည်

၁။ သီဟိုဠ်ဓမ္မဒီပနီ ဝန္ဒနာဂါထာ-၁၆။
၂။ စွယ်တော်သဏ္ဌာန်နှင့်စပ်၍ သိမှတ်ဖွယ် ထေရဝုတ္တန္တဒီပနီ-၁၃၇-ကြည့်။
၃။ မဟာဝံသ-၁။ ၇၂။

မည့်နေရာ, မဟာစေတီတည်မည့်နေရာ, ထူပါရာမနေရာ, သေလစေတီတည်ရာ စသည်တို့၌ သမာပတ်ဝင်စားတော်မူခဲ့လေသည်။

မဏိအက္ခိက နဂါးမင်းသည် ဘုရားရှင် သီတင်းသုံးတော်မူသည့် ပလ္လင်ကို ဋ္ဌာပနာ၍ ဘုရားရှင် သီတင်းသုံးရာ မဏ္ဍပ်နေရာ၌ စေတီတည်ထား ကိုးကွယ်ခဲ့လေသည်။ နောက် သီဟိုဠ် တချို့မင်းများ, ဒါယကာ, ဒါယိကာမများ ပြင်ဆင်ကြကုန်၏။ ယင်းကလျာဏီစေတီတော်ကို သီဟိုဠ်တို့က—

အာယာစနာယ မဏိအက္ခိမဟောရဂဿ၊
ယသ္မိံ နိသီဒိ ဘဂဝါ မဏိမဏ္ဍပသ္မိံ။
တဿောပရိ ဋ္ဌတမဏိပီဌယုတ္တံ။
ကလျာဏီစေတိယမဟံ သိရသာ နမာမိ။

ဟူသော ဝန္ဒနာဂါထာဖြင့် ရှိခိုးဖူးမြော်ကြကုန်၏။

ဆရာတော် ကလျာဏီစေတီဖူးမြော်

ဆရာတော်ဘုရားကြီးသည် ဖော်ပြပါ ထင်ရှားသည့် ကလျာဏီ စေတီတော်ကြီးကိုလည်း ၁၂၉၁-ခုနှစ်၊ ပြာသိုလဆန်း ၇-ရက်နေ့တွင် သဒ္ဓါဇောရှင်ရှင်ဖြင့် ဖူးမြင်တော်မူခဲ့လေသည်။ ဆရာတော်ကား စေတီပုထိုး ရှိခိုးဖူးမြော်မှု၌ ရောင့်ရဲခြင်း အလျှင်းရှိတော်မမူပါချေ။

ကလျာဏီ ထူပဿာပိ၊ ကလျာဏကုဏသံယုတော။
နမော ကတ္တာ ကတညုလိ၊ သဗ္ဗယိ ကုသလံ ဗဟုံ။

ဆရာတော်သည် ယခု ဆောင်ပြခဲ့သည့်အတိုင်း သီဟိုဠ် သမိုင်းဝင် ကျောင်းတိုက်ကြီးများနှင့် ဘုရားပုထိုးများစွာတို့ကို ရှိခိုးဦးတင် ဖူးမြင်တော်မူခဲ့လေသည်။ သို့ရာတွင် ဆရာဘော်မရောက်ခဲ့ မဖူးမြင်ခဲ့သော စေတီပုထိုး တချို့ကျန်ရှိသေး၏။ ၎င်းတို့၏သမိုင်းကို အလိုရှိလျှင် သိဖို့, ကြည့်ဖို့, ရရှိဖို့ မလွယ်ပါ။ သို့ဖြစ်၍ အကျဉ်းချုပ် ဖော်ပြလိုသေး၏။

နာဂဒီပကျွန်း နာဂဒီပစေတီ

ယခု နာဂဒီပဟုတွင်သော ကျွန်းကို ကိုလံဘိုမှ မိုင် ၂၀၀-ကျော်ဝေးသော ဂျပွနား (ယာပန) မြို့သို့ မီးရထားဖြင့်သော်၎င်း, ကားဖြင့်သော်၎င်း,

သွားနိုင်သည်။ ၎င်းမှ ကာရေတိဝုက္ကန်းသို့ ကားဖြင့် သွားနိုင်၏။ တဖန် ၎င်းမှ ကူးတို့ဖြင့် ဖြတ်ကူးလျှင် ကိုက်ကျန်းသို့ ရောက်သည်။ ၎င်းမှတဖန် မော်တော်စီးသွားလျှင် နာဂဒီပကျန်းသို့ရောက်၏။ ယင်း နာဂဒီပကျန်း၌ လူဦးရေ ၅၀၀၀-ပတ်ဝန်းကျင် ခန့်ရှိ၏။ ဟိန္ဒူလူမျိုးတို့ များကုန်၏။ ယင်း နာဂဒီပ၌ ဟိန္ဒူနတ်ကွန်း, ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း, နာဂဒီပစေတီ စသည်တို့ တည်ရှိကုန်၏။ ယခုစေတီကား နောက်တည်စေတီသစ် ဖြစ်၏။

မဟာကာရုဏိကော သတ္ထာ၊ သဗ္ဗလောကဟိတေ ရတော၊
ဗောဓိတော ပဉ္စမေ မာသေ၊ ဝသံ ဇေတဝနေ ဇိနော။

မဟောဒရဿ နာဂဿ၊ တဿာ စူဠောဒရဿ စ။
မာတုလ ဘာဂိနေယျာနံ၊ မဏိပလ္လင်္ကဟေတုကံ။

ဒိသွာ သပါရိသဇ္ဇာနံ၊ သင်္ဂါမံ ပစ္စုပဋ္ဌိတံ။
သမ္မုဒ္ဓေါ စိတ္တမာသဿ၊ ကာဠပက္ခေ ဥပေါသထေ။

ပါဋေတာယေဝ သမာဒါယ၊ ပဝရံ ပတ္တစီဝရံ၊
အနုကမ္ပာယ နာဂါနံ၊ နာဂဒီပမုပါဂမိ[၁]။

ဟူသည်နှင့်အညီ ဘုရားရှင်သည် ၅-ဝါမြောက် တန်ခူးလကွယ်နေ့တွင် နာဂဒီပ၌ ပတ္တမြားပလ္လင် အကြောင်းပြု၍ စစ်တိုက်ကြမည့် ဦးရီးနှင့် တူများဖြစ်ကြသော မဟောဒရနဂါးမင်းနှင့် စူဠောဒရနဂါးမင်း အခြံအရံ ပရိသတ်တို့အား စစ်မတိုက်ရေး တရားဟောရန် ကြွတော်မူသည်။ တရားဟောအပြီး ပတ္တမြား ပလ္လင်ကို ဘုရားရှင်အား လှူဒါန်းကြကုန်၏။ ဘုရားရှင်သည် ပတ္တမြားပလ္လင်ထက် သီတင်းသုံးတော်မူပြီး ပရိဘောဂ စေတီတည်ထားကိုးကွယ်ရန် ပေးအပ်ပြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်သို့ ပြန်ကြွတော်မူသည်။ နဂါးတို့သည် ပတ္တမြားပလ္လင်ကို ဌာပနာ၍ စေတီ တည်ထားကိုးကွယ်ကြကုန်၏။ ယင်း နာဂဒီပကျန်းရှိ စေတီကို သီဟိုဠ်တို့က—

ဘဂိနီသုတမာတုလေဟိ ဒိန္နေ၊
မဏိပလ္လင်္ကဝရေ ယတိံ နိသိန္နော။
မုနိဓမ္မမဒေသယိ မုနိနံ၊
သိရသာတံ ပဏမာမိ နာဂဒီပံ။

ဟူသော ဂါထာဖြင့် ရှိခိုးဖူးမြော်ကြကုန်၏[၂]။

၁။ မဟာဝံသ-၁။၄၄၊၄၅၊၄၆၊၄၇။
၂။ သီဟိုဠ်ဓမ္မဒီပနီကျမ်း-၁၇၊သီရိလင်္ကာ ဗောဒ္ဓိဠဒ္ဓဘာနသမိုင်း-၂၂။

သေရုဝါဝီလမဂ်လာ မဟာစေတီ

ယင်း စေတီတော်သည် လုံးပတ်ပေ ၂၈၀, အမြင့်ပေ ၁၀၀-ခန့်ရှိ၏။ သာသနာ သက္ကရာဇ် ၃၇၅-ခုနှစ် ခန့်တွင် ဒုဋ္ဌဂါမဏိနှင့် သဒ္ဓါတိဿ တို့၏ ဘခင် ကာကဝဏ္ဏတိဿမင်းသည် ဘုရားရှင်၏ နဖူး သင်းကျစ်တော်ဓာတ်ကို ဌာပနာ၍ တည်ထားခဲ့လေသည်။ ယင်းစေတီသည် ပုလတ္ထိမြို့မှ ၇၂-မိုင်, တရိန်ကော်မာလီမြို့မှ ၂၈-မိုင် အကွာတွင် တည်ရှိသည်။ သီဟိုဠ်တို့သည် ယင်း မဂ်လာမဟာစေတီကို--

သေရုနာမဝါပိယာ သမီပဘူမိယံ။
ကာကဝဏ္ဏတိဿဘူဘုဇေန ကာရိတံ၊
သတ္ထုနော လလာဋ္ဌဓာတုသန္နိဓာပိတံ၊
တံ နုမာမိ မဂ်လဝံ သုစေတိယံ။
ဟူသော ဂါထာဖြင့် ရှိခိုးဖူးမြော်ကြကုန်၏။

သောမာဝတီစေတီ

ယင်းစေတီသည် လုံးပတ် ၂၂၅-ပေ, အမြင့်ပေ ၁၅၀-ရှိ၏။ သာသနာ သက္ကရာဇ် ၃၃၉-ခုနှစ်တွင် သီဟိုဠ်ကျွန်း နိုင်ငံငယ် တစိတ်၏ ပဒေသရာဇ် ဘုရင် ဖြစ်သော ဂီရိအဗာ (သေလာဘယ) မင်းသည် မဟိန္ဒထေရ်ထံမှ ရရှိသော ဘုရားရှင်၏ လက်ျာစွယ်တော်ကို ဌာပနာ၍ မိမိ၏ မိဖုရား သောမာဝတီ အမည်ကိုယူ၍ သောမာဝတီ စေတီဟု မှည့်ခေါ်သည်။ ယင်းစေတီသည် ပုလတ္ထိ မြို့မြောက် ၁၄-မိုင်ခန့် အကွာတွင်တည်ရှိသည်။ ယင်းစေတီကို သီဟိုဠ်တို့က—

သေလာဘယဝှယေန ပဒေသရညာ၊
သမ္မညူနော ဒက္ခိဏဒါဌာဓာတုံ။
အန္တော ဌပေတ္ဝာ ကတပုဗ္ဗဋ္ဌံဝ၊
သောမာဝတီစေတိယမဟံ ဝန္ဒာမိ။
ဟူသော ဂါထာဖြင့် ရှိခိုးဖူးမြော်ကြကုန်၏။

မုတိယဂ်ဏစေတီ

မုတိယဂ်ဏ စေတီသည် ကိုလံဘိုမြို့မှ ၁၃၆-မိုင် ကွာလှမ်းသည့် ဘဒ္ဒုလမြို့၌ တည်ရှိသည်။ ဘုရားရှင် ဂ-ဝါမြောက် တတိယဒါဌာခေါက် ကြွတော်မူစဉ်က ယင်း

မုတိယင်္ကာ စေတီ တည်မည့်နေရာ၌ နိဂြောဓသမာပတ် ဝင်စားတော်မူခဲ့သည်ဒေါ။ B.E. ၂၃၆-ဒေဝါနံ ပိယတိဿမင်းသည် ဘုရား ရှင် သမာပတ် ဝင်စားတော်မူရာ မြေမြတ်၌ စေတီတော် တည်ထား ကိုးကွယ်တော်မူခဲ့လေသည်။ ယင်း စေတီသည် မုတိယင်္ကာ စေတီဟု ယခုတိုင် ထင်ရှားသည်။ ဇေဋ္ဌတိဿ စသောမင်းများ မှူမ်းမံတည်ဆောက်သေး၏။ စေတီတော်၏အနီး ကြီးမားသော ဗောဓိပင်ပွါး တပင်လည်း တည်ရှိ၏။ ယင်းစေတီကို သီဟိုဠ်တို့က —

သတ္ထုနော ဓိဝုသိတမ္မိ သမာဓိနာ၊
ဓာတုယုတ္တမိဟ ဗောဓိဝိရာဇိတံ။
ဇေဋ္ဌတိဿ နရဝါရဏကာရိတံ၊
တံ နမာမိ မုတိယင်္ကစေတိယံ။

ဟူသော ဂါထာဖြင့် ရှိခိုးကြကုန်၏။

မဟိယင်္ကစေတီ

မဟိယင်္ကစေတီသည် သီဟိုဠ်ကျွန်း၌ ပဌမဆုံး စေတီဖြစ်သည်။ ကန္ဒီမြို့မှ ၄၄-မိုင် အကွာတွင် တည်ရှိ၏။ ထပ်မံပြင်ဆင် တည်ဆောက်ထားရာ ကြည်ညိုစဖွယ် ဖူးမြင်နိုင်လေသည်။

ဗောဓိတော နဝမေ မာသေ၊ ဖုဿပုဏ္ဏမိယာ ဇိနော။
လံကာဒီပံ ဝိသောဓေတုံ၊ လံကာဒီပမုပါဂမိ၂။

ဟူသည်နှင့်အညီ ဘုရားရှင် ကိုးဝါမြောက် ကြွတော်မူစဉ် ဘိလူးတို့အား ဆုံးမတော်မူပြီး သောဘာပန် သုမနနတ်မင်း လျှောက်ထားတောင်းပန်သဖြင့် ဆံတော်တဆုပ် ချီးမြှင့်တော် မူခဲ့လေသည်။ ယင်းဆံတော်များ ဌာပနာ၍ စေတီတည်ထားခဲ့ကြကုန်၏။ ဘုရားရှင် ပရိနိဗ္ဗာန်စံ၍ အလောင်းတော်ကို မီးသင်္ဂြိဟ်စဉ် သရဘူမကေရ်သည် လည်ရိုးဓာတ်တော်ကို တန်းခိုးဖြင့် ပင့်ယူ၍ ဤမဟိယင်္ကစေတီ၌ ဌာပနာတော် မူခဲ့သည်။ ၎င်း စေတီကို ဥဒ္ဓစူဠာဘယ, ဒုဋ္ဌဂါမဏိ-အဘရှိသော မင်းများ ဒါယကာများ အခါအားလျော်စွာ ပြုပြင်ခဲ့ကြကုန်၏။ ယင်းစေတီကို သီဟိုဠ်တို့က —

၁။ ထိုစဉ်က ဘုရားရှင်သည် မဟာစေတီ ဟည်မည့်နေရာ, ထူပါရာမစေတီ တည်မည့်နေရာ, ဒက္ခိဏာသာခါ မဟာဗောဓိဘည်ရာ, မဟိယင်္ကာ စေတီတော် တည်မည့်နေရာ, မုတိယင်္ကစေတီတော် တည်မည့်နေရာ, ဒီဃဝါပိစေတီ တည်မည့်နေရာ, ကလျာဏီစေတီ တည်မည့် နေရာတို့၌ နိဂြောဓသမာပတ် စိတ်ဝင်စားတော်မူခဲ့သည်။ ဝိ၊ဋ္ဌ၊၁။ ၆၆။

၂။ မဟာဝံသ-၁။၁၉။

လံကာယ ယတ္ထ ပဌမံ ဘဂဝါ နိသဇ္ဇ၊
ယက္ခေ ဒမေသိ ကတမိဒ္ဓိဗလေန တသ္မိံ။
ဂိဝါယမာတုနိဟိတံ စတုဝါရဗဒ္ဓံ၊
ဝန္ဒာမိ သာဓု မဟိယင်္ဂဏထူပရာဇံ။
ဟူသော ဂါထာဖြင့် ရှိခိုးဖူးမြော်ကြကုန်၏။

ဒီဃဝါပိစေတီ

သီဟိုဠ်ကျွန်း ပေါတုဝိလမြို့မှ ၄၈-မိုင်အကွာတွင် ဒီဃဝါပိ စေတီတော်ကြီး တည်ရှိသည်။ သာသနာသက္ကရာဇ် ၄၀၇-၄၂၅-တွင် မင်းပြုသော သဒ္ဓါတိသ မင်းသည် ဘုရားရှင် ရဟန်း ၅၁၀-နှင့်တကွ သမာပတ် ဝင်စားတော်မူရာ မြေမြတ်၌ တည်ထားကိုယ်းကွယ်ခဲ့သည်။ ယင်းစေတီတော်ကို သီဟိုဠ်တို့က—

နိသဇ္ဇ ယသ္မိံ ဘဂဝါ သသာဝကော၊
ခဏံ သမာပတ္တိသုခံ သမပ္ပယိ။
တဟိံ မုနိဓာတု နိဓာယ ကာရိတံ၊
နမာမဟံ့ စေတိယ ဒီဃဝါပိကံ။
ဟူသော ဂါထာဖြင့် ရှိခိုးဖူးမြော်ကြကုန်၏။

ယင်းစေတီကို အာဏ်တော်လိမ်းကျံစဉ် သူငယ်တယောက် စေတီထိပ်မှ လိမ့်ကျလေရာ“ ဓဇဂ္ဂသုတ္တံ မံ ရက္ခတု”ဆိုသဖြင့် ရုတ်တရက် အုတ် ၂-ချပ် ငြမ်းကွဲသို့ ထူးဆန်းစွာ ခံလာသဖြင့် အသက်ဘေးမှ လွတ်လေသည်[၁]။

တိသမဟာရာမစေတီ

တိသမဟာရာမ စေတီတော်ကြီးသည်လည်း ကြီးမားသော စေတီတော်ကြီးဖြစ်၏။ ကိုလံဘိုမြို့မှ ၁၆၇-မိုင်ကွာလှမ်းသော တိသမဟာရာမမြို့၌ တည်ရှိ၏။ လုံးပတ် ၅၁၄-ပေရှိပြီး ဒေမြင့်ပေ ၁၈၀-ခန့်ရှိ၏။ ယင်း စေတီကြီး၏ ပတ်ဝန်းကျင်အရပ်၌ အဓိကရ တိသမဟာရာမကျောင်းတိုက်ကြီး ရှိဘူးသည်။ (ဗြာဟ္မဏတိဿ) (ဗြာဟ္မဏတိယ) သူပုန်ဘေးထစဉ် ယင်း ကျောင်းတိုက်ကြီး၌ သံဃာတသောင်း နှစ်ထောင် (၁၂၀၀၀) ရှိဃည်ဟုဆိုသည်[၂]။ ဒုဋ္ဌဂါမဏိ, သဒ္ဓါတိဿတို့၏ ဘခင် သာသနာသက္ကရာဇ် ၃၁၅-ခုနှစ်တွင် မဟာဂါမ (မာဂမ်ပုရ) ၌ မင်းပြုသော ကာဂဝဏ္ဏတိဿမင်း နဖူးသင်းကျစ်တော် ဓာတ်ကို ဌာပနာ၍ တည်ထားကိုးကွယ်ခဲ့လေသည်။ ယင်း စေတီကြီးကို သီဟိုဠ်တို့က—

၁။ သံဋ္ဌ-၁-၃၁၂။ ၂။ အဘိဋ္ဌ-၂-၄၂၆။

နိစာယ သမ္ပုဏ္ဏသသက်ဗိမ္ဗ –
ပုဏ္ဏိန္ဒုသံကာသလလာဋ္ဌခေတုံ။
အကာရယိ တိသနရိသရောယံ၊
ထူပံ နမေ တိသမဟာဝိဟာရေ။
ဟူသော ဂါထာဖြင့် ရှိခိုးဖူးမြော်ကြကုန်၏။

စိတ္တလတောင်

စိတ္တလတောင်သည် သီဟိုဠ်ကျွန်း တောင်ပိုင်းကျွန်း၏ အစွန်းပိုင်းဒေသ၌ တည်ရှိလေသည်။ ယင်း တောင်ကား လွန်စွာထူးခြားသည့် တောင်တည်း။ ရဟန္တာပုဂ္ဂိုလ်ပေါင်း သိန်း, သောင်း ဖြစ်ဘူးရာ, သီတင်းသုံးဘူးရာ ဌာနမှန် ဖြစ်၏။ ရဟန္တာပုဂ္ဂိုလ်တို့ သီတင်းသုံးတော်မူရာ ဂူများ အများအပြားကို တွေ့ရှိနိုင်၏။ ကြည်နူးဖွယ် စေတီတော်မြတ် တဆူလည်း တည်ရှိ၏။

ဂါမေ ဝါ ယဒိ ဝါ ရညေ၊ နိန္နေ ဝါ ယဒိ ဝါ ထလေ။
ယတ္ထ အရဟန္တော ဝိဟရန္တိ၊ တံ ဘူမိ ရာမဏေယကံ။

ဟူသော ဒေသနာအတိုင်း တာဂယ်ပင် တရားခင်မင် သူတော်စင်တို့ ပျော်ရွှင်ရာဌာနမှန်သာတည်း။ သီဟိုဠ်ကျွန်း ဗြာဟ္မဏတိဿ (ဗြာဟ္မဏတီယ) သူပုန် ဘေးထစဉ် အခိုက်အတံ့မှာပင် ရဟန္တာပုဂ္ဂိုလ်ပေါင်း တသောင်း နှစ်ထောင် (၁၂၀၀၀) သီတင်းသုံးရာ တောင်ဟု ဆိုသည်ဒီ။

ယင်း စိတ္တလတောင်နေ ရဟန်းတော်များနှင့်စပ်၍ ဖြစ်စဉ် ဖြစ်ရပ် အထူးအဆန်းများကို ဒီဃနိကာယ် အဋ္ဌကထာ, မဇ္ဈိမနိကာယ် အဋ္ဌကထာ, သံယုတ္တနိကာယ် အဋ္ဌကထာ, အင်္ဂုတ္တရနိကာယ် အဋ္ဌကထာ, သမ္မောဟဝိနောဒနီ အဋ္ဌကထာ, ဝိသုဒ္ဓိမဂ် အဋ္ဌကထာများ၌ မကြာ မကြာတွေ့ရသည်၂။ ယင်း စိတ္တလတောင်သည် တိဿမဟာရာမမှ ၁၈-မိုင်ခန့်အကွာတွင် တည်ရှိ၏။ ယင်း စိတ္တလတောင်ပေါ်ရှိ စေတီတော်နှင့် ဆင်းတုတော်တို့ကို သီဟိုဠ်တို့က—

ခိဏာသဝယောဂီ ဘိက္ခုရာသိဟိ၊
အဋ္ဌာဝသိတေဟိ လေဏပန္တိဟိ။
ရမေ ဂိရိစိတ္တလေသခေတုကေ၊
ထူပေ ပဋိမာ နမာမိ သာဒရံ။
ဟူသော ဂါထာဖြင့် ရှိခိုးဦးတင်ကြကုန်၏။

၁။ အဘိ၊ဋ္ဌ၊၂-၄၂၆။
၂။ ဒီ၊ဋ္ဌ၊၂-၃၆၄။ မ၊ဋ္ဌ၊၁-၁၂၁၉၊၂၇၉။ မ၊ဋ္ဌ၊၄။၂၄၆။ သံ၊ဋ္ဌ၊၂-၁၅၅။ အံ၊ဋ္ဌ၊၁-၃၄။ အံ၊ဋ္ဌ၊၂-၁၃၅။ အဘိ၊ဋ္ဌ၊၂-၂၅၁။ ဝိသုဒ္ဓိ၊၁-၁၆၁။ ဝိသုဒ္ဓိ၊၂-၂၇၀။

ကတ္တရဂါမစေတီ

တိသမဟာရာမမြို့မှ ၁၂-မိုင်ခန့် သွားလိုက်လျှင် ကတ္တရဂါမစေတီသို့ ရောက်၏။ ဘုရားရှင် ရှစ်ဝါမြောက် ကြွတော်မူစဉ် ကတ္တရဂါမ၌ သမာပတ် ဝင်စား တော်မူသည်။ ထိုစဉ်က ကတ္တရဂါမအရပ်၌ မဟာသေနမည်သော ပဒေသရာဇ် မင်း မင်းပြုလျက်ရှိ၏။ ယင်း မဟာသေနမင်းသည် ဘုရားရှင်၏ ဆံတော်, ရှေ သလွန်တော်တို့ကို ဌာပနာ၍ စေတီတည်ထား ကိုးကွယ်ခဲ့လေသည်။ စေတီကြီး မှာ ပြင်ဆင်ဆဲဖြစ်၍ လုံးပတ်ပေသာ ၃၀၀-ခန့်ရှိကြောင်း သိရ၏။ ပြီးလျှင် အမြင့်ပေ ၁၆၀-ခန့် ရှိနိုင်၏။

ယင်း ကတ္တရဂါမစေတီကြီးကို သီဟိုဠ်တို့က —

ယဟိ ံ သမာဓိ ံ ဘဂဝါ တဟိ ံ မုနိ၊
နိသိန္နေ သောဏ္ဍာသန ကေသဓာတုကံ။
လဒ္ဓါ မဟာသေန နရိန္ဒကာရိတံ၊
နမာမဟံ ကတရဂါမ စေတိယံ။

ဟူသော ဂါထာဖြင့် ရှိခိုးဦးတင် ဖူးမြော်ကြကုန်၏။

သမန္တကူဋတောင်မှ ဘုရားရှင်ခြေတော်ရာ

ကိုလံဘိုမြို့မှ မိုင် ၃၃-မိုင်ခန့်အကွာတွင် ဘုရားရှင်ခြေတော်ရာ ချတော်မူခဲ့ ရာ သမန္တကူဋတောင် တည်ရှိ၏။ သုမနကူဋတောင်ဟုလည်း ခေါ်ကြသည်။ သမုဒ္ဒရာမြေပြင်မှ တိုင်းလျှင် ပေပေါင်း ၇၆၃၀-အမြင့်ရှိကြောင်း သိဟိုဠ်သမိုင်း ဋ္ဌ ဆို၏။

"မြတ်စွာလူ့ဘ ပဉ္စင်တော်စက ကိုးလတခါ ငါးဝါတခေါက် ရှစ်ဝါ မြောက်၌ ကြွရောက်သုံးကြိမ် မွေသိမ်ဖလ ဖန်ဖန်မျှလျက် နင်းချရတနာ ရွှစက်ရာနှင့် လက်ာဒီပ သီဟဠဌေ တကျန်းမြေသို့"—

ဟူသည်နှင့်အညီ ဘုရားရှင် သီဟိုဠ်သို့ ဂ-ဝါမြောက် တတိယအခေါက် အကြွတွင် ဖော်ပြပါ သမန္တကူဋ (သုမန)တောင်ထိပ် လက်ဝဲခြေတော်ရာကို ချတော်မူခဲ့ လေသည်။ ယင်းတောင်ခြေ လိုဏ်ဂူတခု၌ ရဟန္တာ ၅၀၀-နှင့်တကွ နေ့သန့်တော် မူခဲ့လေသည်။

တတ္ထ ဓမ္မံ ဒေသယိတ္ဝာ၊ သတ္ထာ လောကာနုကမ္ပကော။
ဥဂ္ဂန္တွာ သုမနေ ကူဋေ၊ ပဒံ ဒဿေသိ နာယကော။

တသ္မိ ံ ပဗ္ဗတပါဒမ္ပိ၊ သဟသ်ံဃော ယထာသုခံ။
ဒိဝါဝိဟာရံ် ကတ္ဝာန၊ ဒီဃဝါပိ မုပါဂမိ ံ။

ယင်း ခြေတော်ရာကို သီဟိုဠ်တို့က——

လကာမဟဝရ မခုကကုဋ္ဌာယ မာနကေ၊
အသ္မိ ံ သမန္တကိရိမုဒ္ဓနိ ဓမ္မသာမိနာ။
အဇ္ဇေသနာယ သုမနဝ့ ဒေဝရာဇိနော၊
ဝန္ဒာမိ ဒဿိတမဟံ သိရိပါဒလဉ္ဆနံ။

ဟူသော ဂါထာဖြင့် ရှိခိုးဦးတင် ဖူးမြင်ကြကုန်၏၂။

သီဓေလိုသော စေတနာတွေ့ ပိုလွန်း၍ ဖော်ပြခဲ့

နာဂဒီပစေတီအစ, သမန္တကူဋတောင် ခြေတော်ရာများကို ဆရာတော်ကြီး ရောက်ရှိတော် မမူရကား ဖော်ပြရန်မလိုဟု တွေးထင်စရာရှိ၏။ သို့ရာတွင် တကယ်သိလိုလျှင် သိဖို့ရန်ကား မလွယ်ကူခေ့။ ဤစာပြုသူသည် သီဟိုဠ်ကျွန်း၌ ၅-နှစ်ရာသီမျှ နေထိုင်ပညာသင်ကြားခဲ့ရာ ယင်း သီဟိုဠ် စေတီပုထိုး အများ အပြားကို ရောက်ခဲ့သည်ပြင် သီဟိုဠ် ဘာသာရေး ကျမ်းစာများကို လေ့လာရာ၌ တာဝန်လည်းပေါ်သည်။ မိမိလေ့လာ သိရှိသည့် အချက်အလက်များကို တကယ် သိလိုသည့် ပုဂ္ဂိုလ်တို့ကို သီဓေလိုသော စေတနာမှာ မိမိကား ကဲပိုလှပါ၏။ သို့ဖြစ်၍ ဤဠ် ဂန္ဆဂရု မမြော်မရှုပဲ သီဟိုဠ်ဘုရား ပုထိုးများကို အကျဉ်းချုပ် ဖော်ပြပါသည်။

သုတေသီနံ ဟိတတ္ထာယ၊ ထူပုပ္ပတ္တိ သမုဒ္ဓတာ။
သာဓဝေါ သဒ္ဒဟိတ္ဝာန၊ ဥဒိက္ခန္တု နိရန္တရံ။

ကိုလံဘို ဝိသုဒ္ဓါရုံတိုက် တည်ကျိန်း

မန္တလေးမြို့ အနောက်ပြင် ဝိသုဒ္ဓါရုံတိုက်သစ် ရွှေကျင်နိကာယ ဗဟို ဌာနချုပ်မှ စည်ရှင်ဆရာတော် ဦးကောသလ္လသည် ထိုစဉ်က သီဟိုဠ်ကျွန်း ကိုလံဘိုမြို့ ဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်သို့ ရောက်ရှိ သီတင်းသုံးတော်မူလျက် ရှိ၏။ ဝိသုဒ္ဓါရုံတိုက် အာရာမသမုဋ္ဌာပက ဦးသီရိဓမ္မ ပြန်လှန်တော်မူသဖြင့် ခေတ္တလာရောက် စောင့်ရှောက်ခြင်းဖြစ်၏။ စည်ရှင်ဆရာတော် ဦးကောသလ္ဟ သည် ၁၂၅၀-ပြည့် ဖွားတည်း။ ဆရာတော် အရှင်ပညာ ထေရ်အောက် ၁၀-နှစ်ခန့် ငယ်သူဖြစ်၏။ ဆရာတော် အရှင်ပညာအား လွန်စွာလေးမြတ်သည်။

၁။ မဟာဝံသ-၂-၇၇၊၇၈။ ၂။ ထေရဝုတ္တန္တဒီပနီ-၁၀-၁၁-လည်း ကြည့်။

ဆရာတော်သည် စည်ရှင်ဆရာတော်၏ စေတနာကို လေးစားသမှု ပြု၍ ဆရာတော် အရှင်နန္ဒဝံသနှင့်အတူ ဝိသုဒ္ဓါရုံ တိုက်သစ်သို့ ကြွတော်မူ၍ တညကျိန်းစက်တော်မူသည်။ ဆရာတော်တို့သည် သီဟိုဠ်သာသနာရေး အခြေအနေကိုလည်း ဆွေးနွေးတော်မူကြသည်။

ဝိသုဒ္ဓါရာမမိ သော ဂန္ဓာ၊　ဇကရတ္တိ ဝသီ သုခီ။
သာသနံ ပဋ္ဌိစ္စ ထေရေန၊ သဒ္ဓိံ သမ္မန္တနံ ကရီ။

အမိပြန်မာပြည်သို့

၁၂၉၁-ခု ပြာသိုလဆန်း ဂ-ရက်နေ့ည ၇-နာရီတွင် ကိုလံဘိုမြို့မှ ခြောက်ရာ့ခြောက်ဆယ့်ငါးမိုင် (၆၆၅)မိုင် ကွာလှမ်းသော အိန္ဒိယနိုင်ငံ မဒရပ်သို့ ရထားဖြင့် ပြန်ကြွတော်မူခဲ့သည်။ ၉-ရက်နေ့ နံနက် ၆-နာရီ မိနစ် ၄၀-တွင် တလိုင်းမင်းနား ဘူတာရောက်၍ ၇-နာရီ ၁၀-မိနစ်တွင် ပင်လယ်ကူး သဘော်ထွက်ရာ ၉-နာရီ ၁၀-မိနစ်တွင် မာရဘန်ရှိုး ဘူတာသို့ ဆိုက်၏။ ၎င်းမှ မီးရထားဖြင့် ဆက်လက်၍ ကြွတော်မူရာ ပြာသိုလဆန်း ၁၀-ရက်နေ့ နံနက် ၇-နာရီအချိန် မဒရပ်မြို့ အက္ကမိုး ဘူတာသို့ ရထားဆိုက်ရောက်၏။ ၎င်းမှ တည်းခိုရာတိုက်သို့ ကြွတော်မူသည်။ ပြာသိုလဆန်း ၁၂-ရက်နေ့တွင် ပင်လယ်ကူး သဘော်ဖြင့် ပြန်ကြွတော် မူခဲ့လေသည်။ ၁၂၉၁-ခုနှစ် ပြာသိုလဆန်း ၁၅-ရက်နေ့တွင် ရန်ကုန်မြို့ ခေမာသီဝံ ကျောင်းတိုက်သို့ ချမောစွာ ရောက်တော်မူသည်။

ဘာရတသီဟဠေသုပိ၊　ဝိစရိတ္ဝာ မဟာမတိ။
ဝန္ဒိတဠေ ဝန္ဒိတ္ဝာန၊ ပစ္စာဂမိ နိဇံ ပုရံ။

ရန်ကုန်၌ အနည်းငယ် အပန်းဖြေတော်မူပြီး ပခုက္ကူ၊ မဟာဝိသုတာရုံမသို့ ပြန်ကြွတော်မူခဲ့လေသည်။

စာပေပို့ချရင်း အိန္ဒိယ, သီဟိုဠ် အတွေ့အကြုံများ မိန့်ကြား

ဆရာတော်ဘုရားကြီးသည် ပခုက္ကူ၊ ပြန်ရောက်၍ စာပေချပို့စဉ် အိန္ဒိယနိုင်ငံ၌ တွေ့ခဲ့သော အတွေ့အကြုံ, သီဟိုဠ်ကျွန်း၌ တွေ့မြင်ခဲ့သော အတွေ့အကြုံများကို မကြာမကြာ မိန့်ကြားတော်မူသည်။ ရံခါ ဘုရားဝတ်တက်ပြီး သံဃာ့ပရိသတ်အားလည်း မိန့်ကြားတော်မူတတ်လေသည်။

စတ္တာလိသမဗိုင်း

တန်းဆာအမျိုးမျိုး ပြုကြမြဲ

ကဝိ ဟေရညကာ ကတ္ဝာ၊ သုတ္တတ္တံ သတ္ထကဉ္ဇနံ။
ဂဇ္ဇပဇ္ဇာဒျာလင်္ကာရံ၊ ကရောန္တိဓ မနောရမံ[၁]။

ဣဓ=ဤလူတို့ပြော်ကြ လူ့လောက၌။ ကဝိဟေရညကာ=ပညာရှိ ကဝိ ကဝိန် ဧရှပန်းထိမ်သည်တို့သည်။ သတ္ထကဉ္ဇနံ=ကျမ်းဂန်အလိလိ ရှေထည်ကို။ သုတ္တတ္တံ=ဝိရိယထန်သည်း ကောင်းစွာလှော်ပြီး ဥပြီးသည်ကို။ ကတ္ဝာ=ပြုကြ ကုန်၍။ မနောရမံ=စိတ်ဓာတ်ကြည်ပျော် မွေ့လျော်ဖွယ် ကောင်းသော။ ဂဇ္ဇပဇ္ဇာဒျာလင်္ကာရံ=စုဏ္ဏိယ, ဂါထာ အစဖြာသည့် တန်းဆာအမျိုးမျိုးကို။ ကရောန္တိ=ရေးသား တည်ထင် စီရင်ပြုလုပ်ကြကုန်၏။

သဗ္ဗတ္ထ သတ္ထတောယေဝ၊ ဂုဏဒေါသ ဝိဝေစနံ။
ယံ ကရောတိ ဝိနာ သတ္ထံ၊ သာဟသံ ကိမတောဓိကံ[၂]။

သဗ္ဗတ္ထ=ခပ်သိမ်းဉာဏ် အလုံးစုံသောအရာ၌။ သတ္ထတောယေဝ= ပါဠိ, အဋ္ဌကထာ, ဋီကာ, ဂဏ္ဌိ, နိဿယ, ဒီပနီ, ဥပဒေ, ရာဇဝင်, ဆေးကျမ်း, နက္ခတ်ကျမ်း, ဗေဒင်ကျမ်း, နီတိကျမ်း, ဆန်းကျမ်း, အလင်္ကာကျမ်း အစရှိသောကျမ်းဂန်ဖြင့်သာလျှင်။ ဂုဏဒေါသ ဝိဝေစနံ= ဂုဏ်နှင့် အပြစ် စိစစ် ခွဲခြမ်းနိုင်ခြင်းသည်။ဟောတိ=ဖြစ်၏။ သတ္ထံ= ကျမ်းဂန်ကို။ ဝိနာ=ကြဉ်၍။ ယံ ဂုဏ ဒေါသဝိဝေစနံ=အကြင်ဂုဏ်နှင့်အပြစ်ကို စိစစ်ခြင်းကို။ ကရောတိ=ပြု၏။ အတော ဂုဏ ဒေါသဝိဝေစနတော=ထိုသို့ကျမ်းဂန်မပါ ဘလာသက်လက် ဂုဏ်နှင့် အပြစ် စိစစ်မှုကို ပြုခြင်းထက်။ အဓိကံ သာဟသံ=လွန်လွန်ကဲကဲ ဆောဆောလျှင်လျှင် မဆင် မခြင် ပြုအပ်သော အမှုသည်။ ကိံ အတ္ထိ=အဘယ်မှာ ရှိပါအံ့နည်း။

ကျမ်းဂန်များ ပြုစုခြင်း

ဆရာတော်ဘုရားကြီးသည် အထက်ဖော်ပြပါ မဟာရဟန်တိကျမ်း အလာနှင့် ကာဗျဒါသကျမ်း စကားကို ငယ်စဉ်ကပင် သဘောပေါက်ခဲ့ သည်။ သို့ဖြစ်၍ စာပေချပို့မှု တိုက်တာ, ဂိုဏ်းဂဏကို ကုပ်ကဲရခြင်း စသည့် အလုပ်ကြားမှ ကျမ်းဂန်များကို ရေးသား စီရင်တော်မူခဲ့လေသည်။

၁။ မဟာရဟန်တိ-၅-ဂါထာ
၂။ ကာဗျဒါသ- ၁-ဂ။ သုဗောဓာလင်္ကာရဋီကာ- ၁၃။

ၵၢင်းတိုမှာ—

၁။ သီမာဝိနီစ္ဆယကျမ်း၊

၂။ မဂ်လသုတ္တ နိဿယသစ်ကျမ်း၊

၃။ မဂ်လာဒိဝိနီစ္ဆယကျမ်း၊

၄။ ဋီကာကျော် နိဿယသစ်ကျမ်း၊

၅။ သမ္မောဟဝိနောဒနီအဋ္ဌကထာ နိဿယသစ်ကျမ်း၊

၆။ ကခ်ီဋီကာသစ် နိဿယသစ်ကျမ်း၊

၇။ ဝိနီစ္ဆယ မျိုးစုံ–စသည် တိုဖြစ်ကုန်၏။

သီမာဝိနီစ္ဆယကျမ်း

ဖော်ပြပါ ကျမ်းများအနက် သီမာဝိနီစ္ဆယကျမ်းမှာ မော်လမြိုင်မြို မြေတဲဆရာတော်, ကျိုက်ထိုမြို မယ်ဇယ်ဆရာတော်ဘုရားကြီးတို့၏ ဝိုက်တွန်းတောင်းပန်ချက်အရ ၁၃၀၀–ပြည့်နှစ်က ဆုံးဖြတ်ရေးသား ခဲ့သော "အညဂါမအန္တောကရဏာ ဝိသုဂါမဒ္ဒိတ သမ္မတသီမာဝိနိစ္ဆယ စာတမ်း" ဖြစ်သည်။ ယင်းကျမ်းသည် ဝိနည်းဆိုင်ရာ ပါဠို, အဋ္ဌကထာ,ဋီကာကျမ်းများစွာတို့မှ ချဉ်းနင်း၍ ရေးသားထားသော ကျမ်းဖြစ်ရာ အဖိုးတန် ကျမ်းစာ ဖြစ်လေသည်။ဆရာတော် သီမာဝိနိစ္ဆယကျမ်းဦး၌ "ဗုဒ္ဓံ,ဓံ,သံ,နမေ,တေန,အဲ့,နမ–"ဟူသော တိုတောင်းလှသော စကားရပ်ဖြင့် ဘုရား တရား သံဃာ ဟူသော ရတနာ ၃–ပါးကို ရှိခိုးဦးတင်တော်မူ၍ ရတနတ္တယ ပဏာမကြောင့် အန္တရာယ် ကင်းပျောက်ရန် တောင့်တကြောင်းကို သိစေလေသည်။ ဆရာတော်သည် ပဋိညာဉ်ကို—

ဗုဒ္ဓဘာသာ သာသနာ အယူဝါဒ ရှိကြကုန်သော ရဟန်း,ရှင်,လူ ခပ်သိမ်းသူတို့မှာ မိမိတို့ ဗဟုသုတဉာဏ်,ပညာ, သဒ္ဓါစိတ်မ်း ရှိသလောက် သာသနာတော်၏ မဆုတ် မယုတ် တိုးတက်ပြန့်ပွါးရေး လုပ်ငန်းတာဝန်ကို အသီးသီး ကိုယ်စီကိုယ်ငှ ဆောင်ရွက်ကြရာ၌—

၁–အချက် ပါဠိတော် ပမာဏ၊

၂–အချက် အဋ္ဌကထာ ပမာဏ၊

၃–အချက် ဋီကာ,ယောဇနာ ဂဏ္ဌိ ပမာဏ–

များကို ထိုက်သည့်အားလျော်စွာ ယုံကြည်အားထား လိုသူတို့ အကျိုးငှါ သီမာဝိနီစ္ဆယ အကျဉ်းမျှ ရေးသားစေလိုသည်ဟု ပဋိညာဉ်ခံ၍ ရေးသားတော်မူခဲ့သည်။ ယင်းကျမ်းကို ၁၃၀၀–ပြည့်နှစ် တန်ဆောင်မုန်းလတွင် ရန်ကုန်မြို

ဇမ္မူ့မိတ်ဆွေ ပိဋကတ်ပုံနှိပ်တိုက်၌ ရိုက်နှိပ်၍ ထုတ်ဝေခဲ့သည်။ကရောင်း ၁၆-ချိုးဆိုက် စာမျက်နှာ ၃၉-ရှိလေသည်။

သီမာ ဝိနိစ္ဆယာဝှယ-ဂန္ဆမိ ကဝိသေခရော။
ရစ္ယ မိတိမာ ထေရော၊ ယတိနံ သုဟိတာဝဟံ။

မင်္ဂလသုတ္တနိဿယသစ်, မင်္ဂလာဒိဝိနိစ္ဆယကျမ်း

ဆရာတော်ဘုရားကြီးသည် မင်္ဂလသုတ်လာ အနက် အဓိပ္ပါယ် သဘောသကန်, အမှန်နှင့် မင်္ဂလာဆိုင်ရာ အဆုံးအဖြတ်တို့ကို သေချာဂန သိလိုကြသော ရဟန်းရှင် လူ များထူ ထောင်, သောင်းပုဂ္ဂိုလ်အပေါင်းတို့ အကျိုးများစိမ့်သောငှါ မင်္ဂလသုတ္တနိဿယကျမ်းနှင့် မင်္ဂလာဒီဝိနိစ္ဆယကျမ်းကိုလည်း ရေးသားစီရင်တော်မူခဲ့လေသည်။ ယင်း ကျမ်းကို ရေးသားရန် တောင်းပန် လျှောက်ထား သူမှာ ပခုက္ကူမြို့ လယ်ပြင်တိုက် ကျောင်းဒကာ ဝင်းမြမှာ ယက်ကန်းစက်များ ပိုင်ရှင် ဦးဝင်း[1] ဖြစ်လေသည်။ ကျမ်းဦး၌—

ဗုဒ္ဓံ ဓမ္မဉ္စ သံဃဉ္စ၊ နတ္ဝာ အာစေရ မာဒရံ။
သုမင်္ဂလ ဝိဘာဂဉ္စ၊ မင်္ဂလသုတ္တနိဿယံ။
ယာစိတောဟံ ကရိဿာမိ၊ ပခုက္ကူတိ ပုရတ္ထတော။
ဝင်းမြမှာ တျာဘိဓာနေန၊ ဥပါသကေန အာဒရံ။
ဝိနိစ္ဆယံ ဝိဘာဝေန္တော၊ သာဓိပ္ပါယ မဟာပယံ။
ပုဗ္ဗာစရိယသီဟာနံ၊ နယံ နိဿာယ သာဓုကံ။
သဗ္ဗမင်္ဂလမိစ္ဆန္တော၊ တံ မေ သုဏာထ သာဓဝေါတိ။

ပခုက္ကူတိ ပုရတ္ထတော=ပခုက္ကူဟူ၍ အထူးသဖြင့် ကျော်စောသော မြို့၌။ ဝသန္တေန=သီလ, သမာ, ဉာဏ်ပညာဖြင့် ကောင်းစွာ မသွေ နေထိုင်ပေသော။ ဝင်းမြမှာ တျာဘိဓာနေန=ဝင်း မြမှာဟု ထင်စွာ တည်ဘိ အမည်ရှိသော။ ဥပါသကေန = ဥပါသကာသည်။ အာဒရံ=ရှိသေ လေးမြတ်စွာ။ ယာစိတော=အာဘိယာစိတော=ရှေးရှုပျှပ်ဝပ် တောင်းပန်အပ်သော။ အဟံ=ခန္ဓာပဉ္စက သမူဟာ၌ နာမတ္တင်မည် ငါမထေရ်သည်။ သုမင်္ဂလဝိဘာဂံ=ကောင်းစွာစင်ကြယ် တင့်တယ်ကျစ်လစ် သုံးဆယ့်ရှစ်မင်္ဂလာ အဖြာဖြာကို ကရုဏာဇောသန် ဝေဘန်တော်မူတတ်သော။ ဗုဒ္ဓဉ္စ=မြတ်စွာဘုရားကိုဂုဏ်း။ သုမင်္ဂလဝိဘာဂံ=သဗ္ဗညူ မြတ်စွာ ကရုဏာဇောသန်၍ ဝေဘန်တော်မူအပ်သော ကောင်းမြတ်စင်ကြယ် တင့်တယ်သော မင်္ဂလာဖြစ်သော။ ဓမ္မဉ္စ=တရား

၁။ ဦးဝင်းသည် ၁၃၃၃-ခုနှစ် တော်သလင်းလတွင် ကွယ်လွန်သည်။

တော်ကိုဂုဏ်း။ သုမင်္ဂလဝိဘာဂံ=သဗ္ဗညုမြတ်စွာ ကရုဏာဇောသန်၍ ဝေဘန်တော်မူအပ်သော ကောင်းမြတ်စင်ကြယ် တင့်တယ်သော မင်္ဂလာရှိတော်မူကြသော။ သံဃဥ္ဇ=သံဃာတော် အပေါင်းကိုဂုဏ်း။ သုမင်္ဂလဝိဘာဂံ=သဗ္ဗညုမြတ်စွာ ကရုဏာဇောသန်၍ ဝေဘန်တော်မူအပ်သော ကောင်းမြတ်စင်ကြယ် တင့်တယ်သော မင်္ဂလာထိုက်သည်အား‌လျော်စွာ ရှိတော်မူကြသော။ အာစေ‌ရဥ္ဇ=ကျေးဇူးသခင် ကျေးဇူးရှင် ဖြစ်တော်မူကြသော ဆရာတော် အပေါင်းကိုဂုဏ်း။ အာဒရံ=ရိုသေလေးမြတ်စွာ။ နတ္ထာ=ရှိခိုးပါ၏။ ရှိခိုးပြီး၍။

ပဗ္ဗာစရိယ သီဟာနံ=တောသုံးထောင်ပိုင် ဦးကိုင်ချုပ်ခြာ ကောသရာခြသော်မှင်းကဲ့သို့ ပရိသတ်၌ ရဲတင်းတော်မူကြကုန်သော ရှေးဆရာတို့၏။ နယံ=သဒ္ဒ, အတ္ထ, ဝိနိစ္ဆယနည်းကို။ သာဓုကံ=ကောင်းမွန်စွာ။ နိဿာယ=မှီငြမ်းပြု၍။ သာဓိပ္ပါယံ=အဓိပ္ပါယ်နှင့်တကွ ဖြစ်သော။ ဝိနိစ္ဆယံ=အဆုံးအဖြတ်ကို။ အဟာပယံ=အဟာပယန္တော=မယုတ်မလျော့စေပဲ။ ဝိဘာဝေန္တော=နံပါတ်စဉ်ဖြင့် ထင်အောင် ပြလတ္တံ့ဖြစ်၍။ မင်္ဂလသုတ္တနိဿယံ=မင်္ဂလသုတ်ပါဠိတော်၏ မှီရာ မြန်မာသိပ်သည်း နိဿယည်း ဘာသာကျမ်းကို။ ကရိဿာမိ=ရေးသားပြုပြင် စီရင်ပေအံ့။

သဗ္ဗမင်္ဂလံ=ခပ်သိမ်းဥဿုံ အလုံးစုံသော မင်္ဂလာကို။ ဣစ္ဆန္တော=အလိုရှိကြကုန်သော။ တုမ္ဟေ သာဓဝေါ=ကြည်ဖြူဇောဖြာ သဒ္ဓါနှစ်ထောင်း သင်သူတော်ကောင်းတို့သည်။ မေ=ငါ၏။ တံ မင်္ဂလသုတ္တနိဿယံ=ထိုမင်္ဂလသုတ် ပါဠိတော်၏ မှီရာ မြန်မာသိပ်သည်း နိဿယည်း ဘာသာကျမ်းကို။ သုဏာထ=ကြေးမုံအပြင် မျက်နှာယှဉ်သို့ အစဉ်အမြဲ သုံးစွဲသမှု အာရုံပြု၍ ကြည့်ရှုနာယူကြကုန်လော့။ ဝါ=ကြည့်ရှုနာယူကြစေကုန်သတည်း။ ဣတိ=ဤသည်လျှင် ရတနတ္တယပဏာမ အစ ဥယျောဇဉ်အဆုံး ရှိသော နိဿယ ဂန္ထာရမ္ဘကို ဆိုရာ စကားတရပ် အပြီးသတ်သတည်း။

[1] ဟူသော ၃-ဂါထာခွဲ ပါဠိနိဿယဖြင့် ရတနတ္တယပဏာမ, အဘိယာစက, ကရဏပုကာရ, နိဿယ, ပဋိညာဉ်, ဥယျောဇဉ်တို့ကို ပြတော်မူခဲ့လေသည်။

ဆရာတော် အရှင်ပညာ၏ ဧဝံ မေ သုတံ စသော ပုဒ်ဝါကျများ၏အနက်

ဆရာတော် အရှင်ပညာ၏ ဧဝံ မေ သုတံ စသော ပုဒ်ဝါကျများ၏ အနက်ပေးပုံကို ပိဋကစာပေပို့ချရာ၌ နည်းယူနိုင်ရန် ဖော်ပြအပ်ပါသည်။

အာဝုသော အာနန္ဒ=ငါ့ရှင် အာနန္ဒာ။ ဣဒံ သုတ်ံ=ဤမဟာမင်္ဂလသုတ်တော်ကို။ ကတ္ထ ကာလေ=အဘယ် အခါ၌။ ကတ္ထ နဂရေ=အဘယ်မြို့၌။ ဘဂဝတာ=မြတ်စွာဘုရားသည်။ ဒေသိတံ=ဟောတော်မူအပ်သနည်း။ ဣတိ

=ကျွိသို့။ အာယသ္မတာ မဟာကဿပေန=အရှင်မဟာကဿပသည်။ ပဌမ သံဂီတိကာလေ=ရဟန္တာ ငါးရာ ပဌမသံဂါယနာ တင်ရာအခါ၌။ ပုဋ္ဌော= မေးအပ်သော။ ဝါ=အမေးခံရသော။ အာယသ္မာ အာနန္ဒော=အရှင် အာနန္ဒာ သည်။ ဝိဿဇ္ဇေသိ=ဖြေဆိုတော်မူလေပြီ၊ ကိံ ဝိဿဇ္ဇေသိ=အဘယ်သို့ ဖြေဆို တော်မူသနည်း။ ဘန္တေ=သာသနာ့ကြိုးကိုင် စိုးပိုင်အာဏာ တည်ရှိပါသဖြင့် မဟာထေရ ပါမောက္ခ ဖြစ်တော်မူပေသော အရှင်မဟာကဿပ။ ဣဒံ သုတ္တံ= ကျွ် မဟာမင်္ဂလသုတ်တော်ကို။ မေ မယာ=မေးအပ်သမျှ ပြဿနာ အဖြာဖြာ ကို မနေသာ ဖြေရပါမည် အမှန်ဖြစ်သော တပည့်တော် အာနန္ဒာသည်။ ဧဝံ=ကျွိသို့ ယခု လျှောက်ထား ဖြေဆိုအပ်လတ္တံ့ဖြစ်သော စကားအစဉ် အတိုင်း။ ဝါ=ကျွိသို့ မမြိဿရ ဒေသိတ အားကာရ အမျိုးမျိုးတို့တွင် တခုသော အခြင်းအရာ အား ဖြင့်။ ဝါ=ကျွိသို့ အနက်သဒ္ဒါအား ဖြင့် ယုတ်လွန်မရှိ တိတိ ပြတ်ပြတ် ရှင်တော်ဘုရား ဟောကြား တော်မူအပ်သည့် အတိုင်းသာလျှင်။ သုတံ =သောတဒ္ဓါရသို့ အစဉ်သွား သဖြင့် နာကြား မှတ်သား အပ်ပါ၏။ ကိံ သုတံ= ....သနည်း။ ဧကံ=အတ္တဟိတ, ပရဟိတ, ပဋိပတ္တိသမယတို့တွင် တပါး သော။ သမယံ=ပရဟိတပဋိပတ်အခါ၌။ ....ဣတိ ဝိဿဇ္ဇေသိ[1]။

ဝိဟရတိ

ဝိဟရတိ=ယာပထလေးဘော် စံပျော်ရှင်ပြုံး သီတင်း သုံးတော်မူ၏။ ဝါ= တပါးဣရိယာကြောင့် ဖြစ်လာသော အာဗာဓမှု ကျင်နာမှုကို တခု ဣရိယာ ဖြတ်တောက်ကာဖြင့် ခန္ဓာသမူဟာ အတ္တဘောကို လိုက်လျောကြည်ဖြူ ဆောင် တော်မူ၏[2]။

အဘိက္ကန္တာယ ရတ္တိယာ

ရတ္တိယာ=ညဉ့်သန်းခေါင်ဗဟိုယာမ်သည်။အဘိက္ကန္တာယ=ကုန်လွန်ပြီးသည် ရှိသော်။ တဒနန္တရံ=ထိုမတ္ထိမယာမ်၏ အခြားမဲ့ သန်းခေါင်ကျော် အခါ၌[3]။

ကေဝလကပ္ပံ ဧတဝနံ ဩဘာသေတ္ဝာ

ကေဝလကပ္ပံ=ထက်ဝန်းကျင်မှ အကြွင်းအကျန် မရှိသော။ ဝါ=ဝန်းကျင် ဥဿုံ အလုံးစုံသော။ (ဝါ=အလုံးစုံ နီးပါးသော ဟုလည်း ပေး) ဧတဝနံ= မူလပိုင်ရှင် ဧတမင်းသား၏ ဥယျာဉ်တော်ကို။ ဝါ=ဧတဝန် ကျောင်းတော်

၁။ မင်္ဂလသုတ္တနိဿယသစ်-၃၃။
၂။ မင်္ဂလသုတ္တနိဿယသစ်-၃၄။

ကို။ ဩဘာသေတ္တာ=အဝတ်တန်းဆာ ကိုယ်ရောင်ကိုယ်ဝါဖြင့် ပမာမယ္ဒင်း နေလမင်းကဲ့သို့ တပြိုင်နက်ချင်း ထွန်းလင်းတောက်ပစေ၍ ၁။

ကေမန္ဆံ အဒ္ဒါသိ

ကေမန္ဆံ=ဝေး, နီး, လည်ာ, မြင့်မူရာနှင့် မျက်နှာချင်းအပ် နောက်ကျောရပ်ဟု ခြောက်ထပ်ပြစ်ကုဒ ကင်းစင်ရာညွှန်း အရပ်စွန်းတခု၌။ ဝါ=သင့်တင့် လျောက်ပတ် ခြောက်ထပ်ပြစ်ကုဒ ကင်းစင်ရာညွှန်း အရပ်စွန်းတခုကြိုက်အောင်။ အဒ္ဒါသိ=ရပ်တည်လေပြီ၂။

ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ

ဘဂဝန္တံ=မြတ်စွာဘုရားကို။ ဂါထာယ=ဂါထာဖြင့်။ အဇ္ဈဘာသိ=အဓိ အာဘာသိ=လိုရင်းတရား ရည်ရွယ်ထား၍ လျောက်ကြားတောင်းပန်လေပြီ၂။

မင်္ဂလာနိ အဘိဿယုံ

မင်္ဂလာနိ=ပြည့်စုံကြိုင်းထွား လောကီလောကုတ္တရာ နှစ်ဖြာလုံး၌ သတ္တဝါတို့၏ တိုးပွါးကြီးမြင့်ခြင်းသို့ရောက်ကြောင်း ကောင်းမြတ်သော မင်္ဂလာတို့ကို။ အဘိဿယုံ=သောင်းလောကဓာတ် အရပ်ရပ်၌ အပတ်တကုတ် ကြိုးအားထုတ်၍ ကြံစည်ကြပါကုန်ပြီ၃။

ဥတ္တမံ မင်္ဂလံ ဗြူဟိ

တုံ=ဓမ္မိသရ ဓမ္မသာမိ ဖြစ်တော်မူသော ရှင်တော်ဘုရားသည်။ ဥတ္တမံ=စီးပွါးချမ်းသာ ဆောင်တတ်ပါသဖြင့် လွန်စွာမြတ်သော။ မင်္ဂလံ=ပြည့်စုံကြိုင်းထွား လောကီလောကုတ္တရာ အဖြာဖြာ၌ တိုးပွါးကြီးမြင့်ခြင်းသို့ ရောက်ကြောင်းဖြစ်သော မင်္ဂလာတရားတော်ကို။ ဝါ=မင်္ဂလသုတ် တရားတော်ကို ထင်ရှားပြတတ် ထင်ရှားပြကြောင်းဖြစ်သော မင်္ဂလသုတ် ပါဠိတော်ကို။ ဗြူဟိ=ဟောပြပြောကြား ဖွင့်သောအားဖြင့် ထင်ရှားဖေဘန်တော်မူသည့်ပြင် သတ္တဝါတို့၏ စိတ်အစဉ်၌ ပေါ်ထင်အောင် ပြုတော်မူပါဘုရား၄။

၁။ မင်္ဂလသုတ် နိဿယသစ်-၃၅-ကြည့်။
၂။ မင်္ဂလသုတ် နိဿယသစ်-၃၆-ကြည့်။
၃။ မင်္ဂလသုတ် နိဿယသစ်-၃၇-ကြည့်။

ဗာလာနံ ပဏ္ဍိတာနံ

ဗာလာနံ=ပညာမဖက် ရွဲရွဲရိုက်သက်မျှဖြင့် အသက်ရှင်တတ်ကုန်သည်၏ အဖြစ်ကြောင့် ဗာလဟူ၍ ခေါ်ဆိုပညတ် သမုတ်အပ်ကုန်သော သူမိုက်တို့ကို။ (ယာ အဌေဝနာ စ) ပဏ္ဍိတာနံ=သန္ဒိဋ္ဌိက, သမ္ပရာယိက အကျိုးတို့ဋ္ဌာ ဉာဏဂတိ ဖြင့် ဖြောင့်တန်း လမ်းမှန်စွာ သွားတတ်ကုန်သည်၏အဖြစ်ကြောင့် ပဏ္ဍိတဟူ၍ ခေါ်ဆို ပညတ် သမုတ်အပ်ကုန်သော ပညာရှိပုဂ္ဂိုလ်တို့ကို။ (ယာ ဌေဝနာ စ)[၁]။

လောကဓမ္မဟိ ဖုဋ္ဌဿ

လောကဓမ္မဟိ=လာဘ, အလာဘ, ယသ, အယသ၊ နိန္ဒ, ပသံသ၊ သုခ, ဒုက္ခ၊ မုချနိယံ လောကဖြစ်သလောက် နောက်မဆုတ်တန်း ဒလကြမ်းလိုက်လံ လောကခံတို့သည်။ ဖုဋ္ဌဿ=လွှမ်းမိုးဘိုးညှပ် တွေ့ထိနှိပ်စက်အပ်သော[၂]။

အသောကံ, ဝိရဇံ, ခေမံ

အသောကံ=ဒေါမနဿ ဝေဒနာဟူသော စိုးရိမ်ပူပန်ခြင်းလည်း မရှိ။ ဝိရဇံ=ရာဂ, ဒေါသ, မောဟမြူမွှား ညစ်ကြေးလည်း မရှိ။ ခေမံ=ဇေယျဂလေးခဏ်း ဘေးဘျမ်းလည်း မရှိ[၂]။

ဤသို့စသည်ဖြင့် ဆရာတော်အရှင်ပညာ၏ ပုဒ်နက်, ဝါကျနက်တို့မှာ ထာဝစဉ် မရိုးပဲ ဆန်းသစ်လျက်ရှိပေသည်။ ယင်း မင်္ဂလသုတ္တနိဿယသစ်မှာ ကရောင်း ၁၆-ချို့ စာမျက်နှာ ၂၂-မျက်နှာခန့် ရှိ၏။

မင်္ဂလဥယသုတ္တဿ၊ နိဿယံ သာဓု ထောမိတံ။
ရစယိ ရမဏီယာယ၊ ဘာသာယ ထေရကုဉ္ဇရော။

ကေစတ္တာလိသတိမပိုင်း

မင်္ဂလာဒိဝိနိစ္ဆယကျမ်း

မင်္ဂလာဒိဝိနိစ္ဆယကျမ်းကား လူပုဂ္ဂိုလ်သာမန်, ရဟန်းပုဂ္ဂိုလ် သာမန် တို့ထက် စာချပုဂ္ဂိုလ်များအတွက် ပို၍ ကျေးဇူးများ၏။ ယင်းသို့ဖြစ်ကြောင်း ယင်းကျမ်း၌ ပါဝင်သော အချက်အလက်တို့က ပြောနေသည်။

၁။ မင်္ဂလသုတ် နိဿယသစ် ၃၈-ကြည့်။
၂။ မင်္ဂလသုတ် နိဿယသစ် ၄၇-ကြည့်။

ဝါကျ ၄-မျိုး

စတုဗ္ဗိဓမ္မိ ယံ ဝါကျံ၊ ပဒတောဃေဝ လဗ္ဘတိ။
ဂဠံ ပဇ္ဇဉ္စ ဂေယျဉ္စ၊ ကစ္ဆဉ္စာတိ တဒီရယေ။

ယံ ဝါကျံ=အကြင်အတ္ထဇောတကပုဒ်အပေါင်းဟု ဆိုအပ်သော ဝါကျကို။ ပဒတောဃေဝ=ပုဒ်အားဖြင့်သာလျှင်။ လဗ္ဘတိ=ရအပ်၏။ တံ ဝါကျံ=ထိုပုဒ်အားဖြင့်သာလျှင် ရအပ်သော အတ္ထဇောတက ပုဒ်အပေါင်းဟု ဆိုအပ်သော ဝါကျကို။ ဂဠဉ္စ=ဂဠဝါကျဌင်း။ ပဇ္ဇဉ္စ =ပဇ္ဇဝါကျဌင်း။ ဂေယျဉ္စ=ဂေယျဝါကျဌင်း။ ကစ္ဆဉ္စ=ကစ္ဆဝါကျဌင်း။ ဣတိ=ဤသို့။ စတုဗ္ဗိဓမ္မိ=လေးမျိုးလေးစား အပြားရှိ၏ဟူ၍လည်း။ ဝါကျဝိဒူ=ဝါကျမြင်သိ ပညာရှိသည်။ ဤရယေ= မိန့်ဆိုရာ၏—ဟူသောဂါထာဖြင့် ဝါကျ ၄-မျိုး သရုပ်ကိုဌင်း။

တတြာယံ စုဏ္ဏိယေဟေဝ၊ ပဒေဟိ မဘိသင်္ခတံ။
ဝေယျာကရဏသင်္ခါတံ၊ တံ ဂဠန္တိ ပဝုစ္စတိ။

ဟူသော ဂါထာဖြင့် ဂဠအရကိုဌင်း။

ဂါထာပဒေနု ဗန္ဓေန၊ ယံ ဝါကျမဘိသင်္ခတံ။
သုဒ္ဓိကဂါထာ မယိကံ၊ တံ ပဇ္ဇန္တိ ကထီယတိ။

ဟူသော ဂါထာဖြင့် ပဇ္ဇဝါကျအရကိုဌင်း။

ဂါထာဟိ စုဏ္ဏိယေဟေဝ၊ ပဒေဟိပိ စ သင်္ခတံ။
မိဿိတ္ဝာ ယံ သဂါထတ္ထာ၊ တံ ဂေယျန္တိ ပဝုစ္စတိ။

ဟူသော ဂါထာဖြင့် ဂေယျအရကိုဌင်း။

ဂဠာဒီဟိ တု ယံ တီဟိ၊ ဝိမုတ္တန္တံ သုမေဓသော။
အဒ္ဓကထာဒိကံ သတ္ထ-ဝစနံ ကစ္ဆမဇြဝုံ။

ဟူသော ဂါထာဖြင့် ကစ္ဆအရကိုဌင်း ဖော်ပြတော်မူခဲ့သည်၂။

လိင်မတူသော ယ တ-သဒ္ဒါ

အနိယတ် နိယတ် ယှဉ်စုံနဲ့လျက် ရှိကုန်သော်လည်း ပုဒ်တပါးကို ငဲ့သည်၏ အစွမ်းအားဖြင့် လိင်မတူသော အနိယတ်, နိယတ် ယ,တ သဒ္ဒါတို့ ရှိကုန်သေး၏ ဟုမတ်။

၁။ ဝေယျာကရဏသင်္ခါတံ=ပုစ္ဆာဝိဿဇ္ဇနာဖြင့် ဆိုအပ်သော။ ဝါ = ဂါထာမပါ အမေးအဖြေမျှသာ ဟု ဆိုအပ်သော။ ယံ ဝါကျံ=အကြင်အတ္ထဇောတကပဒ-သမူဟဝါကျကို။

၂။ မင်္ဂလဒီပနီစ္ဆယ- ၅၀-၅၂။ နိတိ၊ သုတ္တ- ၁၀၊၁၁-လည်းကြည့်။

ထို့ကြောင့် ၎င်း (သဒ္ဒနီတိ) ဋ္ဌီကာဌ်ပင် "အနိယတနိယဘာနံ ကတ္ထစိ ပရပဒါပေက္ခဝသေန ဝိသမလိင်္ဂတ္တံ ဒိဿတိ" ဟု မိန့်ဆို၏။

စာရေါ ယော ဘိက္ခုဘာဝဿ၊ သာ ပါရာဇိကဒေသနာ- စသည်ကို ဥဒါဟ ရဏ်းထုတ် ။

တ- ၃-မျိုး အဆုံးအဖြတ်

မင်္ဂလာဒီဝိနိစ္ဆယဋ္ဌ ပက္ကန္တဝိသယ-တ, ပသိဒ္ဓဝိသယ-တ, အနုဘူတ ဝိသယ-တ- ဟူသော တ- ၃ မျိုး အဆုံးအဖြတ်ကိုလည်း တွေ့ရ၏။

ပက္ကန္တဝိသယော စေဝ၊ ပသိဒ္ဓဝိသယော တထာ။
အနုဘူတဝိသယော စေတိ၊ တံ-သဒ္ဒါ ယံ နု ပေက္ခတေ၂။

ပက္ကန္တဝိသယော စေဝ=အတိတ်ဝါကျဋ္ဌ လွန်ခဲ့ပြီးသော ကာရကဗြဟ်လျှင် စွဲရာအနက်ရှိသော တ-သဒ္ဒါဝင်း။ ပသိဒ္ဓဝိသယော တထာ=ပသိဒ္ဓဝိသဒယော စ= တိုက်ရိုက်မယှင်း ထင်လင်းစွဲရာ ဗြဟ်ရှိသော တ-သဒ္ဒါဝင်း။ အနုဘူတဝိသယော စ=တခုတည်းသော ဝါကျဋ္ဌတည်သော အတိတ်ကြိယာအနက်လျှင် စွဲရာရှိသော တ-သဒ္ဒါဝင်း။ ဣတိ=ဤသို့။ တိဝိဓော=သုံးမျိုးသုံးစား အပြားရှိသော။ တံ-သဒ္ဒါ=တသဒ္ဒါသည်။ ယံ=အနိယမ ယ-သဒ္ဒါကို။ နု ပေက္ခတေ=စပ်ဟပ်ရှုငဲ့ တော့သည် မဟုတ်။

သဒ္ဒနီတိဋ္ဌီကာဌ်လည်း—

> တေသု စ ပက္ကန္တဝိသယော နာမ ဝါကျန္တရေ ဋ္ဌိတတ္တံ ပစ္စာမသတိ၊ အနုဘူတဝိသယော နာမ ကေဝါကျေ ဋ္ဌိတတ္တံ၊ ပသိဒ္ဓဝိသယော နာမ အပုဗ္ဗမတ္တံ—ဟု မိန့်၏။

ပက္ကန္တော အတီတော ဝိသယော အဿာတိ ပက္ကန္တဝိသယော။

အဿ=ထို တ-သဒ္ဒါအား။ ပက္ကန္တော အတီတော= လွန်ပြီးသော။ ဝိသ-ယော=စွဲရာဗြဟ်သည်။ အတ္ထိ=ရှိ၏။ ဣတိ=ကြောင့်။ သော တ-သဒ္ဒါ= သည်။ ပက္ကန္တဝိသယော=ပက္ကန္တဝိသယမည်၏။

အထ မဟာသတ္တော တဿာ ဝစနံ သုတ္ဝာ "အဇ္ဇ မေ သတ္တ-မော ဒိဝသော သမုဒ္ဒံ တရန္တဿ၊ နမေ ဒုတိယော သတ္တော ဒိဋ္ဌပု-ဗ္ဗော ကောနု မံ ဝဒတီ" တိ အာကာသံ သြလောကေန္တော တံ

၁။ ခုဒ္ဒသိက္ခာ-ဥဂ္ဂ-ဂါထာ။ ၂။ ဇာလိနီ။

ဒိသ္မာ ဒုတိယံ ဂါထမာဟ ၌ တဿာနုဉ် တံသည် ပက္ကန္တဝိသေယ်တာ-တည်း။

ပဆိဒ္ဓါ ပါကဋ္ဌော ဝိသယော အဿာတိ ပသိဒ္ဓဝိသယော။

ပသိဒ္ဓါ ပါကဋ္ဌော=ထင်ရှားသော။ ဝိသယော = စွဲရာဖြစ်သည်။ အတ္ထိ=ရှိ၏။ ဣတိ=ကြောင့်။ သော တ-သဒ္ဒါ=သည်။ ပသိဒ္ဓဝိသယော= ပသိဒ္ဓဝိသယမည်၏။

ဥဒါဟရဏ်—နမော တဿ ဘဂဝတော-စသည်ထုတ်။

ကာရဏဖလာဒီနံ အနုရူပံ ဘူတံ ဘဝနံ ဝိသယော အဿာတိ အနုဘူတဝိသယော။

အဿ တဿဒ္ဓဿ=အား။ ကာရဏဖလာဒီနံ=အကြောင်းအကျိုးအစရှိသည်တို့အား။ အနုရူပံ=လျော်စွာ။ ဘူတံ ဘဝနံ=ထင်ရှားရှိခြင်း. ဖြစ်ခြင်း ကြိယာဟူသော။ဝိသယော=စွဲရာသည်။ အတ္ထိ=ရှိ၏။ ဣတိ=ကြောင့်။ သော တ-သဒ္ဒါ=သည်။ အနုဘူတဝိသယော=အနုဘူတဝိသယမည်၏။

ဥဒါဟရဏ်—အတိတံ နာနုသောစာမိ၊ နပုဗ္ဗပုါမိ နာဂတံ။
ပစ္စုပ္ပန္နေန ယာပေမိ၊ တေန ဝဏ္ဏော ပသီဒတိ ။

စသည်ကို ထုတ်။

မဟာရာဇ=ခမည်းတော် မင်းမြတ်။ အဟံ=ခန္ဓာသမူဟ တေမိယဟု နာမသမုတ် အကျွန်ုပ်သည်။ အတီတံ=ဖြစ်ပျက်သမျှဥဿုံ ရှေးအတိတ်အာရုံဟူသမျှကို။ နာနုသောစာမိ=အဘန်တလဲလဲ စိတ်မှာစွဲလျက် အသဲနှလုံး ကြိမ်မီးအုံးသို့ လုံးလုံးကြီး မစိုးရိမ် မပူပန်မိပါ။ အနာဂတံ=နောင်ဖြစ်ဖို့ရာ သညာစွဲမှတ် အနာဂတ်အာရုံ ဟူသမျှကိုလည်း။ နပုဗ္ဗပုါမိ=တင်ကြိုစွဲစွဲ စိတ်ကိုလွှင့်၍ မမြော်လင့် မတောင့်တမိပါ။ ပစ္စုပ္ပန္နေန=အကြောင်းမလစ် လက်ငင်းဖြစ်သော ပစ္စုပ္ပန်ဝတ္ထုဖြင့်သာ။ ယာပေမိ=ယထာလာဘ သန္တောသဖြင့် မျှတစိတ်စွဲ အာရုံမြဲလျက် ရောင့်ရဲနိုင်ပါ၏။ တေန=ထိုသို့ အတိတ်ကိုလည်း မစိုးရိမ်,အနာဂတ်ကိုလည်း မတောင့်တ, ပစ္စုပ္ပန်အာရုံဖြင့်သာ မျှတခြင်းကြောင့်။ မေ=ခန္ဓာသမူဟ တေမိယဟု နာမသမုတ် အကျွန်ုပ်၏။ ဝဏ္ဏော=အဆင်းရုပ်ရေသည်။ ပသီဒတိ=ကြည်လင်ပါ၏?။

၁။ ဇောဠ္ဍဖြ-၎၄။
၂။ ဇော၂-၁၅၆။ (မူဂပက္ခဇာတ်)
၃။ မဇ်္ဈိမဝိဝိနိစ္ဆယ- ၅၇-ဖြ-ကြည့်။

မူလသံဝဏ္ဏနာ, အနုသံဝဏ္ဏနာ, အာဒါသသံဝဏ္ဏနာ, အာဒါသိကသံဝဏ္ဏနာ

မင်္ဂိ ဣမေဟိ သတ္တာတိ မင်္ဂလာနိ၊ ဣဒ္ဓိ ဝုဗ္ဘိဉ္ဉ ပါပုဏန္တီတိ အတ္ထော ဟု ဗဟုဝစနန္တ မင်္ဂလာနိဟူသောပုဒ်ကို ဝိဂ္ဂဟတ္ထသံဝဏ္ဏနာ နည်းဖွင့်၍ မင်္ဂလန္တိ ဣဒ္ဓိကာရဏံ ဝုဗ္ဘိကာရဏံ သဗ္ဗသမ္ပတ္တိကာရဏံ–ဟု အဓိပ္ပါယတ္ထသံဝဏ္ဏနာ နည်းဖွင့်ပြတော်မူ၏။

ထိုတွင် မင်္ဂိ ဣမေဟိ သတ္တာတိ မင်္ဂလာနိ-သည် မူလသံဝဏ္ဏနာ။ ဣဒ္ဓိံ ဝုဗ္ဘိဉ္ဉ ပါပုဏန္တိ–ဟူသော ပုဒ်စုသည် မူလသံဝဏ္ဏနာပုဒ်၏ တိမ်မြုပ်ကွယ်ဝှက်သော အနက်ကို ပေါ်ထင်စေရန် နောက်ထပ် ဖွင့်ကြောင်း သံဝဏ္ဏနာပုဒ်ဖြစ်သည့်အတွက် အနုပစ္ဆာ သံဝဏ္ဏနာ အနုသံဝဏ္ဏနာဟူသည်နှင့်အညီ အနုသံဝဏ္ဏနာပုဒ်စုမည်၏၊

တနည်း မင်္ဂိန္တိဟူသော ပုဒ်ကို အနုသံဝဏ္ဏနာ ပုဒ်တို့၏ အနက်အရိပ်ထင်ရာ ကြေးမုံမှန်ပြင်သဖွယ် ဖြစ်သောကြောင့် "အာဒိဿတေ အသ္မိန္တိ အာဒါ-သော၊ အာဒါသော ဝိယာတိ အာဒါသော၊ အာဒါသော စသော သံဝဏ္ဏနာစာတိ အာဒါသသံဝဏ္ဏနာ"ဟူသည်နှင့်၏အညီ အာဒါသသံဝဏ္ဏနာမည်၏။

အနုသံဝဏ္ဏနာပုဒ်တို့ကို မိမိတို့၏ အနက်အရိပ်ထင်ရာ မူလဟူသော သံဝဏ္ဏနာ အာဒါသရှိသည့်အတွက် "အာဒါသော အဿ အတ္ထိတိ အာဒါသိကော" ဟူသည်နှင့်အညီ အာဒါသိကသံဝဏ္ဏနာဟူ၍ မှတ်ရာ၏[၁]။

ဝိနာသယတိဂါထာ အနက်ပေးပုံ နည်းယူရန်

ဝိနာသယတိ အဿဒ္ဓံ၊ သဒ္ဓံ ဝဓေ့တိ သာသနေ။
ဧဝံ မေ သုတမိစ္ဆေဝံ၊ ဝဒံ ဂေါတမသာဝကော။

သာသနေ=မြတ်စွာဘုရား၏ သာသနာ တော်၌။ ဂေါတမသာဝကော=ဂေါတမ နွယ်တော် ထင်ပေါ် ကျော်ကြား စောဘုရား၏တပည့်သားဖြစ်တော်မူသော အရှင်အာနန္ဒာသည်၊ ဧဝံ မေ သုတန္တိ=ဧဝံ မေ သုဘံ ဟူသော။ ဧဝံ ဣမံ အာကာရဝန္တ စုဒ္ဒဝါကျံ=ဤအာကာရဝန္တ စုဒ္ဒဝါကျကို။ ဝဒံ=ဝဒေန္တော=ဖြေကြားရှုတ်ဆိုတော်မူလျက်။ အဿဒ္ဓံ=မဟာမင်္ဂလသုတ် ပါဠိဓမ္မ ပုဒ်ဝါကျတို့၌ နှတ်လူတို့၏ မယုံကြည်ခြင်း ဟူသော အာသဒ္ဓိယတရားကို။ ဝိနာသယတိ=ပယ်ဖျောက် ဖျက်ဆီးတတ်၏။ သဒ္ဓံ=မဟာမင်္ဂလသုတ် ပါဠိဓမ္မပုဒ် ဝါကျတို့၌ နှတ်လူတို့၏သက်ဝင်ယုံကြည်ကြောင်း သဒ္ဓါကောင်းကို။ ဝဓေ့တိ=တိုးပွါးစေတော်မူတတ်၏[၂]။

၁။ မင်္ဂလာဒိဝိနိစ္ဆယ-၆၉-၇၀-ကြည့်။
၂။ မင်္ဂလာဒိဝိနိစ္ဆယ-၀၂-၀၂-ကြည့်။ ဤဂါထာ-ဒီဃဝေ-၃၂။ မဇ္ဈဝေ-၉။ သံယုတ္တဝေ-၀။ အံဂုတ္တရဝေ-၀။ ခုဒ္ဒကနိကာယ-၀၉-စသည်တို့၌လည်း လာရှိ၏။

ယံ ဗုဒ္ဓေါ ဘာသတိ ဝါစံ ဂါထာအနက်ပေးပုံ နည်းယူရန်

ယံ ဗုဒ္ဓေါ ဘာသတိ ဝါစံ၊ ခေမံ နိဗ္ဗာနပတ္တိယာ။
ဒုက္ခဿန္တ ကြိယာယ၊ သာ ဝေ ဝါစာန မုတ္တမာ။

ဗုဒ္ဓေါ=မဟာကရုဏာ ပစ္စယ သဗ္ဗညုတဉာဏ်ရှင် ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ယံ ဝါစံ=အကြင်စကားတော်ကို။ခေမံ=လေးပါးကုန်သောယောဂဘို့ဖြင့် ဘေးမဲ့ရာဖြစ်သော။ နိဗ္ဗာနံ=နိဗ္ဗာန်သို့။ ပတ္တိယာ=သတ္တဝါတို့၏ ရောက်ခြင်းငှါ။ ဒုက္ခဿ=တဘူမကဝဋ်ဒုက္ခ၏။ အန္တကိရိယာယ=အဆုံးကိုပြုခြင်းငှါ။ ဘာသတိ=ပြောဟောတော်မူ၏။ သာ ဝါစာ=ထိုနိဗ္ဗာန်သို့ ရောက်ခြင်းငှါ မြတ်စွာဘုရား ဟောပြောတော်မူအပ်သော စကားတော်သည်။ ဝေ=စင်စစ်။ ဝါစာနံ=တပါးတခြားကုန်သော စကားဟူသမျှတို့ထက်။ ဥတ္တမာ=ဥဘယလောကဟိတ, နိဗ္ဗာနကို ရခြင်း၏ အကြောင်းဖြစ်သည့်အတွက် မွန်မြတ်လှပေသတည်း, ။

သိကြားမင်း၏ ဂဟဋ္ဌဝန္ဒနာဂါထာ အနက်ပေးပုံ

ယေ ဂဟဋ္ဌာ ပုညကရာ၊ သီလဝန္တော ဥပါသကာ။
ဓမ္မေန ဒါရံ ပေါသေန္တိ၊ တေ နမဿာမိ မာတလိ[၂]။

မာတလိ=မာတလိနတ်သား။ ယေ ဂဟဋ္ဌာ=အကြင်လူတို့သည်။ ပုညကရာ=ကုသိုလ်ကောင်းမှု ပြုလေ့ ရှိကြကုန်သည်။ သီလဝန္တော=သီလရှိကြကုန်သည်။ဥပါသကာ=ရတနာသုံးပါးကို ဆည်းကပ်တတ်ကြကုန်သည်။ ဟုတ္ဝာ=ဖြစ်ကြကုန်၍။ ဓမ္မေန=တရားသဖြင့်။ ဒါရံ=သားမယားကို။ ပေါသေန္တိ=လုပ်ကျွေး မွေးမြူကြကုန်၏။ တေ ဂဟဋ္ဌေ=ထိုကောင်းမှုပြုကာ မကွာသီလ သုံးဝရတနာ ကောင်းစွာဆည်းကပ် တရားမြတ်ဖြင့် လျောက်ပတ်စွာထား သားမယားကို မမှားကြည်ဖြူ လုပ်ကျွေးသူတို့ကို။ အဟံ=သက္ကရာဇာ ဒေဝါနမိန်ဂုဏ်သိရှိပို့ပွါး ငါသိကြားသည်။ နမဿာမိ=ရှိခိုးပါ၏[၃]။

ပါထိကဝဂ်, သီဂံလသုတ် နှစ်ဂါထာ အနက်ပေးပုံ

အတိသီတံ အတိဥဏှံ၊ အတိသာယမိဒံ အဟု။
ကုတော ဝိဿဋ္ဌကမ္မန္တော၊ အတ္ထာ အစ္စေန္တိ မာဏဝေ။

၁။ မဂ််လာဒိဝိနိစ္ဆယ-၁၅၆-၁၅၇။
၂။ သံ၊ဝ-၂၃၆။
၃။ မဂ််လာဒိဝိနိစ္ဆယ-၁၆၄။

ယော စ သီတဉ္စ ဉကၡဉ္စ၊ တိဏာဘိယျော န မညတိ။
ကရံ ပုရိသကိစ္စာနိ၊ သော သုခါ န ဝိဟာယတိ ။

ဣဒံ=ဤအချိန် ဤအခါကား။ အတိသီတံ=အလွန်ချမ်းအေးသော အခါသည်။ ဝါ=ချမ်းအေးလွန်းသည်။ ဝါ=ချမ်းလွန်း အေးလွန်းသည်။အဟု=ဖြစ်၏။ ဣဒံ=ဤအချိန် ဤအခါကား။ အတိဥကၡံ=အလွန်ပူသော အခါသည်။ ဝါ=အပူလွန်သည်။ ဝါ=ပူလွန်းသေးသည်။ အဟု=ဖြစ်၏။ ဣဒံ=ဤအချိန် ဤအခါကား။ အတိသာယံ=အလွန်မိုးချုပ်သည်။ ဝါ=မိုးအချုပ်လွန်သည်။ ဝါ=မိုးချုပ်လွန်းသည်။ အဟု=ဖြစ်၏။ ဣတိ=ဤသို့ အေးလွန်းခြင်း, ပူလွန်းခြင်း အစရှိသော အမြဲက်ဖြင့်။ ဝိဃဋ္ဌကမ္မန္တေ=မပြုမလုပ်ပဲ စွန့်လွှတ်ပစ်ထား အပ်သော အမှုလုပ်ငန်းကိစ္စရှိကုန်သော။ မာဏဝေ=သတ္တဝါတို့ကို။ အတ္ထာ=မပျင်းမရိ ပြုလုပ်ကြိုးစားကြပါက ကေန္တ ရထိုက်သောအကျိုးတို့သည်။ အစ္စန္တိ=လွန်သွားဘတ်ကုန်၏။ ပုရိသကိစ္စာနိ=ယောကျ်းတို့သည် ပြုအပ် ပြုသင့် ပြုထိုက်ကုန်သော ကိစ္စဟူသမျှတို့ကို။ ကရံ ကရောန္တော=ပြုလုပ်လိုသော။

ယော စ ပုဂ္ဂလော=အကြင်ပုဂ္ဂိုလ်သည်ကား။ သီတဉ္စ=အချမ်းကိုလည်း။ ဉကၡဉ္စ=အပူကိုလည်း။ တိဏာဘိယျော န မညတိ=လွန်စွာပိုမောက် အထက် ရောက်လျက် မြက်လောက်ကမှ မအောက်မေ့ မမှတ်ထင် မရေတွက်။ သော ပုဂ္ဂလော=ထိုအချမ်း အပူကို လွန်စွာပိုမောက် အထက်ရောက်လျက် မြက်လောက်ကမှ မအောက်မေ့ မမှတ်ထင် မရေတွက်သော ပုဂ္ဂိုလ်သည်။ သုခါ=လူချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာမှ။ ဝါ=ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းမှ။ န ဝိဟာယတိ=မဆုတ်ယုတ်၂။

ဤသို့ဖြင့် ဆရာတော်၏ အနက်ယောဇနာပုံ တမျိုးသစ်ဆန်းပုံကို ဖတ်ရှုနိုင်လေသည်။

ဓမ္မပဒ သက္ကပဉ္ဉဝတ္ထုဂါထာ အနက်ပေးပုံ

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊ သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။
သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ၊ တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ၂။

ဓမ္မဒါနံ=တရား အလှူသည်။ သဗ္ဗဒါနံ=ခပ်သိမ်းဥဿုံ အလုံးစုံသော အလှူဟူသမျှကို။ ဇိနာတိ=လွှမ်းမိုးအောင်မြင်နိုင်၏။ သဗ္ဗရသံ=ခပ်သိမ်းသော

၁။ ဒီဃ-၁၅၊၁၅၉။ယော စ သီတဉ္စ-၌ ဆဋ္ဌမ္မ၌ ယောဓ ဟုရှိ၏။သို့ရာတွင် ဆရာတော် မူအာတိုင်း ဖော်ပြသည်။
၂။ မဂ်လာဒီဝိနိစ္ဆယ-၁၆၆-၁၆၇။
၃။ ဓမ္မပဒ-၆၄။(သက္ကပဉ္ဉဝတ္ထု)

အရသာဟူသမျှကို။ ဓမ္မရသော=ဓမ္မရသသည်။ ဝါ=တရားတည်းဟူသော အရသာသည်။ ဝါ=တရားကြောင့်ဖြစ်သော သာယာခံစားအပ်သော ပီတိ, သောမနဿ, သုခ ဝေဒနာသည်။ ဇီနာတိ=လွှမ်းမိုးအောင်မြင်နိုင်၏။ သဗ္ဗ-ရတိ•=ခပ်သိမ်းသော မွေ့လျော်ခြင်း ဟူသမျှကို။ ဓမ္မရတိ=တရားဌ မွေ့လျော်ခြင်းသည်။ ဇီနာတိ=လွှမ်းမိုးအောင်မြင်နိုင်၏။ တဏှက္ခယော=တဏှာ၏ကုန်ခန်းရုပ်သိမ်း ချုပ်ငြိမ်းချမ်းသာယာ မဟာအသခ်္ခတဓာတ် နိဗ္ဗာန်တည်းဟူသော တရားမြတ်သည်။ သဗ္ဗဒုက္ခံ=ခပ်သိမ်းဥဿုံအလုံးစုံသော ဒုက္ခဟူသမျှကို။ဇီနာတိ=လွှမ်းမိုးအောင်မြင်နိုင်၏ ၁။

ဤသို့ဖြင့် ဆရာတော် အနက်ပေးပုံသည် ထိမိလှပေ၏။

ကာယဿ ဘေဒါ ပရံ မရဏာ....ဥပပဇ္ဇန္တိ

ကာယဿ=ဥပါဒိန္နကဖြစ်သော ခန္ဓာကိုယ်၏။ ဘေဒါ=ပျက်ရာဖြစ်သော။ မရဏာ=သေရာအခါမှ။ ဝါ=အသက်ကို စွန့်ကြောင်းဖြစ်သော စုတိစိတ္တက္ခဏမှ။ ပရံ=နောက်၌။ ဝါ=နောက်ဖြစ်သော ပဋိသန္ဓေစိတ္တက္ခဏ၌။ သုဂတိ•=ကောင်းမွန်တင့်တယ်စွာ လားရောက်ထိုက်သော။ ဝါ=သူတော်ကောင်းတို့၏ လားရောက်ရာ ဖြစ်သော။ သဂ္ဂံ=ရူပါရုံအစရှိသော ဆယ်ပါးသော ကျေးဇူးဂုဏ်တို့ဖြင့် လွှန်စွာမြတ်သော။ လောကံ=နတ်ပြည်သို့။ ဝါ=နတ်ပြည်၌။ ဥပ-ပဇ္ဇန္တိ=ကပ်၍ ရောက်ရကုန်၏။ ဝါ=ဖြစ်ရကုန်၏ ၂။

ဤသို့ဖြင့် ဆရာတော်၏ အနက်ပေးပုံကို နည်းယူကြ ကုန်ရာ၏။

စကားပျိုး (ကျမ်းတက်) ပုံ နည်းယူရန်

လောကမှာ ကျောင်းဆောက် အိမ်ဆောက် လက်သမားအလုပ်၌ ကျမ်းကျင်လိမ်မာလှစွာသော လက်သမား ဆရာကြီးသည် ပြာသာဒ် ကျောင်းဆောင်တခု ဆောက်လုပ်ရာ ရှေးဦးအစ ပဌမ သည်တိုင်, ထုတ် လျှောက်, အခြင်ရနယ်, ဒိုင်း, မြှား စသော အစိတ်အစိတ်သော အဆောက်အဦးတို့ကို တမျိုးစီ တမျိုးစီ စီစဉ် လုပ်ကိုင်ပြီးမှ မားမား မတ်မတ် ပြာသာဒ်ဆောင် ထူထောင်တပ်ဆင်ပြီး ထီးတင်၍ ပြဘိသကဲ့သို့ ထို့အတူ လက်သမားဆရာကြီးနှင့် တူတော်မူသော အရှင်ဗုဒ္ဓဃောသ ဆရာသည်လည်း ဗာလအသေဝနာ အစရှိသော မင်္ကလာတရား သရုပ် အဓိပ္ပါယ် အဆုံးအဖြတ်တို့ကို အစိတ်အစိတ် တမျိုးစီ တမျိုးစီ ဖွင့်ပြတော်မူပြီးလျှင် အရင်းမှစ၍ အဆုံးတိုင်အောင် အရ-ဟတ္တဖိုလ်တည်းဟူသော ထီးကိုတင်လျက် အကျိုးဆက် ဖြစ်သော အဋ္ဌ-

---

၁။ မင်္ကလာဒီဝိနီစ္ဆယ- ၁၇၅-၁၇၆။ ၂။ မင်္ကလာဒီဝိနီစ္ဆယ- ၁၇၇။

လောကဓမ္မ အကမ္ပိတစိတ် အစရှိသော အာနိသံသမဂ်လာတို့ကို စီစဉ်ပေါင်းစပ် အပြီးသတ် ပြတော်မူခြင်းငှါ—

ဣဒါနိ ဧတေသ္မဝ မဂ်လေသု ဉာဏပရိစယပါဋ္ဌဝတ္ထုံ အယမာဒိတော ပဘုတိ ယောဇနာ....ဟူသော ပါဠိတို့ကို မိန့်ဆိုတော်မူသည်ဘုရား။ ဤသို့ဖြင့် ဆရာတော်၏ အနုသန္ဓေတက်ပုံမှာ သစ်လွင် ကောင်းမွန်လှပေ၏။

လက်ံကဗျာ နိုင်နင်းသော ဆရာတော်

ဆရာတော် အရှင်ပညာသည် လက်ံကဗျာ ဖွဲ့ဆိုမူဌာန်လည်း နိုင်နင်းတော်မူသည်။ စာချရင်း ရုတ်တရက် ထွက်ပေါ်လာသော လက်ံနက်ရှည်ကြီးများမှာ စာလိုက်သံဃာ ရာပေါင်းများစွာတို့အတွက် ရှင်ဆေးဖြစ်တော့သည်။ မဂ်လာဒီဝိနီစ္ဆယကျမ်းဌာ် ကောလာဟလ ၅-ပါး ဆောင်ပုဒ်ကို ဖတ်ရှု အရဆောင်၍ ဆရာတော်၏ ကဗျာဉာဏ်ကို ရိပ်စားမိနိုင်၏။

ကောလာဟလငါးပါး ဆောင်ပုဒ်

(၁) မိုးပေါ်အာကာ၊ ဗျူဟာလောက၊ နတ်ကာမတို့၊ မလှမျက်နှာ၊ ဆင်းသက်လာ၍၊ ခုခါက နောက်၊ ကာလထောက်မြောင်၊ တသိန်းကျော်က မလျော်လှစွာ၊ ကြုံရမှာကား၊ ကမ္ဘာလောက၊ ပျက်စီးရလိမ့် မုချကောန်၊ မေတ္တံကရု၊ မုဒုပေကွာ၊ ဘာဝနာကို၊ မကွာကြိုးကုတ်၊ လုံလထုတ်ဟု၊ အဟုတ်မှန်လှ၊ ကြွေးကြော်ကြသည်၊ ကပ္ပကောလာဟလတည်း။

(၂) လောကာယတ၊ တဝသက္ကရာဇ်၊ တွက်ရေစစ်သော်၊ အနှစ်တရာ၊ ကျော်လွန်ပါက၊ ရာဇာစက္ကဝတ်၊ မခွတ်မှန်စွာ၊ ဖြစ်ပေါ်လာလိမ့်၊ သံသာငြိမ့်လျက်၊ တုန်ဖိမ့်ပထဗျာ၊ လူ့ပြည်ရှာ၌၊ လှည့်ကာနတ်များ၊ ကြွေးကြော်ထားသည်၊ **မင်းဖျားစက္ကဝတ် ကောလာဟလတည်း**။

(၃) ထောမနတရ၊ ဗလဝ နှစ်ထောင်း၊ ရှာတုံရှောင်းသော်၊ နှစ်ပေါင်းတထောင်၊ ရောက်သည့် နောင်ဝယ်၊ ဂုဏ်ရောင်ထွန်းပ၊ မြတ်ဗုဒ္ဓသည်၊ မနုဿလူ့ရှာ၊ ဖြစ်ပေါ်လာလိမ့်၊ မြင်ဟမိန့်၍၊ နှစ်သိမ့် ကျေညာ၊ သုဒ္ဓါဝါသ၊ ကြွေးကြော်ပြသည်၊ **ကောလာဟလ ဗုဒ္ဓတည်း**။

(၄) ထုတ်ပြသေချာ၊ မဂ်လာတရား၊ ဆယ့်နှစ်လွှားက၊ ဘုရားကောန်၊ ဟောလိမ့်မှန်၏၊ နဘံ အာကာ၊ သုဒ္ဓါဝါသ၊ မိန့်မြွက်ဟသည်၊ **ကောလာဟလ မဂ်လတည်း**။

၁။ မဂ်လာဒီဝိနီစ္ဆယ- ၂၃၀-၂၃၃။

(၅) တင်ပြစရာ၊ ခုနစ်ဖြာ နှစ်ပေါင်း၊ လွန်တုံရှောင်းက၊ ထုံးဟောင်း စဉ်လာ၊ ဘဂဝါနှင့်၊ အညတရာဘိက္ခု၊ ပေါင်းဆုံပြု၍။ ကျင့်မှုခြင်းရာ၊ ဓမ္မတာ ကြောင့်၊ ပဋိပဒါ မောနေး၊ မချတ်မေးလိမ့်၊ နယ်ဝေးသုဒ္ဓါ၊ ဝါသာနတ်များ၊ လှည့်လည်ကြားသည်၊ မှတ်သား **ကောလာဟလ** မောနေ တည်း[1]။

ဤသို့ဖြင့် ဆရာတော်၏ ကဗျာလင်္ကာနိုင်နင်းပုံကိုလည်း သိသာသည်။

ဤသည်လျှင် ဆရာတော်ဘုရားကြီး၏ ထက်မြက်သည်းထန် ဉာဏ်စွမ်းရည်ကို ကြည်ညိုနိုင်ရန်၎င်း, သင့်သလို အသုံးပြုနိုင်ရန်၎င်း အမြွက်မျှ ထုတ်ဆောင် ပြချက်တည်း။ ကျမ်း၏ အဆုံး နိဂုံးဥလည်း—

ဇိနစက္ကေ ဓဇဝဝါရံ၊ သမ္ဗတ္တေ သာဓသမ္မယေ။
စုဒ္ဒသေ ကာလပက္ခဿ၊ နိဋ္ဌံ ဂတေသ နိဿယော။
သင်္ကပ္ပါနန္တရာယေန၊ နိဋ္ဌေဝံ ဇန္တု သင်္ဇနေ။

ဇိနစက္ကေ=မြတ်စွာဘုရား၏ သာသနာတော်နှစ် အပိုင်းအခြား ဖြစ်သော ဇိနစက်သည်။ ဓဇဝဝါရံ= (၂၄၈၉)သခ်္ဂါသို့။ သမ္ဗတ္တေ=ဆိုက်ရောက်သည် ရှိသော်။ သာဓသမ္မယေ=ဝိသာဓသမယေ= ဂိမှမဇ္ဈ ကဆုန်လ ချိန်အခါတွင်။ ကာလပက္ခဿ=လဆုတ်ပက္ခ၏။ စုဒ္ဒသေ=တဆယ့်လေးရက်တို့၏ ပြည့်ကြောင်း ဖြစ်သော ဗုဒ္ဓဟူးနေ့၌။ သေ ဇသော နိဿယော=ဤမင်္ဂလသုတ္တ သမ္မူလက-နိဿယသစ်သည်။ အနန္တရာယေန=အန္တရာယ်ကင်း ရန်ဘေးရှင်းသဖြင့်။ နိဋ္ဌံ= ပြီးဆုံး အောင်မြင်ခြင်းသို့။ ဂတော ယထာ=ရောက်သကဲ့သို့။ ဇဝံ တထာ= ထို့အတူ။ သင်္ဇနေ သင်္ဇနဿ=သူတော်ကောင်း အပေါင်း၏။ သင်္ကပ္ပါ= ကောင်းသော အကြံအစည် ဟူသမျှတို့သည်။ အနန္တရာယေန=အန္တရာယ်ကင်း ရန်ဘေးရှင်းသဖြင့်။ နိဋ္ဌံ=ပြီးဆုံးအောင်မြင်ခြင်းသို့။ ဇန္တု=ရောက်ပါစေကုန် သတည်း။

ဟူသော ဂါထာပါဠိ နိဿယဖြင့် နိဂုံးအုပ်တော်မူခဲ့လေသည်။ ဆရာတော် ကိုယ်တိုင် မင်္ဂလသုတ္တ သမ္မူလကနိဿယသစ်ဟု သုံးနှုန်းတော်မူသည်။ သို့ရာတွင် ကျမ်းစာ၌ စာမျက်နှာ ၁-မှ ၄-အထိ မင်္ဂလသုတ် ပါဠိတော်ဖြစ်၏။ စာမျက်နှာ ၅-မှ ၁၃-အထိ မင်္ဂလာဝိစာရဏာ အခန်းဖြစ်၏။ တဖန် စာမျက်နှာ ၁၃-မှ ၂၆-တိုင်အောင် မင်္ဂလသုတ္တဒေသနာသမုဋ္ဌာန်နိဒါန်းဖြစ်၏။ တဖန် စာမျက်နှာ ၂၆-မှ ၂၈-အထိ သမ္မူလကသာဓိပ္ပါယ မင်္ဂလသုတ္တ နိဿယသစ် ဖြစ်ပေါ်လာရခြင်း၏ အကြောင်း နိဒါန်းဖြစ်၏။ တဖန် ၂၈-မှ ၅၀-အထိ ဂန္ဆာရမ္ဘနှင့် မင်္ဂလသုတ္တ-

---

၁။ မင်္ဂလာဒိဝိနိစ္ဆယ- ၂၁-၂၂။

နိဿယသစ်ဖြစ်၏။ တဖန် စာမျက်နှာ ၅၀-မှ ၂၅၂-အထိ အဆုံး၂ အဖြတ်များ (မင်္ဂလာဒီပနီစွယ)နှင့် နိဂုံးဖြစ်သည်။

ဤသို့ဖြင့် ဆရာတော်သည် သာသနာတော်၌ ရနိုင်ခဲသည့် ကဝိတ္တ (ကျမ်းပြု စာဆို ကဝိဓိုရ်အဖြစ်) ဂုဏ်ကို ရရှိတော်မူခဲ့လေသည်။

မင်္ဂလာဒီနီစွယမ္မိ၊ ရစယီ ကဝိကုဉ္ဇရော။
တေန ကဝိတ္တပဒံ သော၊ အလဘိ ကဝိသေခရော။

ဒွါဒသတ္တာလိသမပိုင်း

ဋီကာကျော် နိဿယသစ်

ဆရာတော်ဘုရားကြီးသည် တောရပ် ပျော်ဘိ အာရညိက ထင်ရှားလှသော သူကောင်းတည် (တကောင်းနယ်) ဆရာတော် အရှင်အာလောက မထေရ်မြတ်၏ တောင်းပန် တိုက်တွန်းခြင်းကို အရင်းမူကာ စဉ်လာမပျက် အဆက်ဆက်သော ဆရာတော် ဘုရားကြီး အဆီးသီးတို့၏ အထံမှ လဒ္ဓါပဒေသနယဂ္ဂါဟအာစေရမုဋ္ဌ လက်ကိုင်ရှိသဖြင့် တိပိဋကနက်ကျယ် ကျမ်းသုံးသွယ်၌ လှည့်လည်သွားလာ ဝါကျသွား အဖြာဖြာတို့ကို အခါခါစက်လှည့်၍ ချသဖြင့် အနက်ရှိသမျှ မကျန်ကြွင်းပဲ ထင်လင်းစွာ သိရ၍ သောတုဇန များသိသာတို့ ဝါကျပါရဂူ မူကြရပေပြီဖြစ်ရာ ထိုထိုသော နည်းနာနယကို များစွာသော ရဟန်း, ရှင်, လူ ဆူဆူ သောင်းသောင်း နှောင်လာသူ အပေါင်းတို့အား လည်းကောင်းပါး နည်းရ ပုံစံပြဖြင့် ပိဋကအရာ ဝါကျသွား အဖြာဖြာ နမူနာကြီး တစောင် ထွန်းပြောင်ဖြန့်လှစ် တည်ရစ်ပါစေခြင်း အကျိုးငှါ မြတ်စွာလှသော ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသတို့နှင့် အမြဲထာဝစဉ် ယှဉ်တော်မူလျက် ရေးသားစီရင်တော် မူခဲ့လေသည်။ ကျမ်းဦး၌—

(၁) ယော စ အဘိဒ္ဓမ္မံ သုရပူရေ၊
ဒေသယိ ဂမ္ဘီရံ အမရာနံ။
ဝန္ဒိယ တံ ဗုဒ္ဓံ သုဝိသုဒ္ဓံ၊
ဓမ္မဝရံ သံဃံ သုပကာရံ[1]။

(၂) အာစရိယေ ယေ စာပိဓ သမ္မာ၊
နိဿယဘူတျာဟံ ထိရပတ္တော။
သုဋ္ဌုတရံ နိဿာယ သဒါဝေ၊
ဟန္တုန သုဋ္ဌုံ သဗ္ဗပသဂ္ဂေ[1]။

၁။ စမ္ဘကမာလာဂါထာ။

(၃) တဿာနုဘာဝေန အသေသဘာဝါ၊
အာရညကေနေဝ ဘဒန္တေအာလော-
ကတ္ထေရသီဟေန နိယျောဇိတတ္တာ၊
အာသီသမာနေန စိရဋ္ဌိတိ• ဝါ၌။

(၄) သဒ္ဓမ္မသင်္ခါတဝရဿ သဗ္ဗံ၊
ကာမံ ပုရာ သင်္ဂဟဝဏ္ဏနာယာ။
ဘူတာထခေါ တေဟိ ယတော နု သက္ကာ၊
ဝိညာတုမတ္ထော နဝ တေန ကဿ်ာ။

(၅) ဝိယောဇနာ နယနဝဋ္ဋ ယုဝါန ဉာဏံ၊
ဝေဓုတ္တ မာဝဟ မိမံ နဝနိဿယံ ဝါ။
သမ္မဒ္ဓ နိစ္ဆယကရဗ္ဗ ဝစနက္ကမံ ဝါ၊
တံ မေ နိသာမယထ သပ္ပုရိသာ သဗ္ဗေတိ၂။

အဟံ=ငါသည်။ ယော ဗုဒ္ဓေါ=အကြင်မြတ်စွာဘုရားသည်။ ဂမ္ဘီရံ=ဓမ္မ, အတ္ထ, ဒေသနာ, ပဋိဝေဓတို့ဖြင့် လွန်စွာခက်ခဲ နက်နဲလှစွာသော။ အဘိဓမ္မံ= အဘိဓမ္မာ ခုနစ်ကျမ်းကို။ ဝါ=သုတ္တန်ပါဋိတို့ထက် ကဲလွန် ပိုမောက်သော နယသာဂရပါဋိတော်ကို။ သုရပုရေ=တာဝတိ• သာ နတ်ပြည်၌။ အမရာနံ= မယ်တော်နတ်သား အမျူးထား၍ တရားနာရေး အာရုံပြေးလျက် စည်းဝေး ကြကုန်သော နတ်ပြဟ္မာတို့အား။ တဒါ=ဘုရားဖြစ်ပြီးနောက် ခုနစ်ဝါမြောက်ဆု ထိုစဉ်အခါ၌။ (ကာလာဓိဝါရထည့်) ဒေသယိ=ဟောတော်မူခဲ့ပြီ။ တဋ္ဌ ဗုဒ္ဓံ= ဘုရားဖြစ်ပြီးနောက် ခုနစ်ဝါမြောက်စဉ်အခါ အဘိဓမ္မာ ခုနစ်ကျမ်းကို ဟော တော်မူပေတတ်သော ထိုမြတ်စွာဘုရားကိုလည်း။ အဘိဝန္ဒိယ=အထူးသဖြင့် ရှိသေလေးမြတ်စွာ ရှိခိုးပြီး၍။ သုဝိသုဒ္ဓံ=ကိလေသာ အညစ်အကြေးတို့မှ လွန် စွာ အထူးသဖြင့် ကင်းဝေးစင်ကြယ်လှစွာသော။ ဓမ္မဝရဋ္ဌ=မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်, ပရိယတ်အားဖြင့် ဆယ်ပါးသော တရားတော်မြတ်ကို လည်း။ အဘိဝန္ဒိယ=၍။ သုပကာရံ=နောင်လာနောက်သား အဆက်ဆက် အာ-ဖြင့် လွန်စွာ ကျေးဇူးပြုတော်မူပေတတ်သော။ သံဃဋ္ဌ=မဂ္ဂဋ္ဌာန် လေး ယောက်, ဖလဋ္ဌာန်လေးယောက်အားဖြင့် ရှစ်ပါးကုန်သောအရိယာပုဂ္ဂိုလ်တို့၏ အပေါင်းဟုဆိုအပ်သော သံဃာတော်ကိုလည်း။ အဘိဝန္ဒိယ=၍။

ဣဓ=ဤမြတ်စွာဘုရား၏ သာသနာတော်၌။ နိဿယဘူတေ=မှီရာဖြစ်၍ ဖြစ်တော်မူခဲ့ကြကုန်သော။ ယေ အာစရိယေ=အကြင်ဆရာသခင် ကျေးဇူးရှင်

၁။ ဣဒ္ဓဝဇိရာဂါဇာ။　　၂။ _ဝသန္တတိလကဂါထာ။

ပဟာဇဋရ ၁၄=ပ-မ-သ-စ

တို့ကို။သုဋ္ဌုတရံ=အထူးသဖြင့် ကောင်းမွန်လှစွာ။ ဝေ=စင်စစ်။ သဒါ=အခါ ခပ်သိမ်း။ နိဿာယ=မှီရ၍။ ဝါ=မှီရခြင်းကြောင့်။ သမ္မာ=အသင့်အား ဖြင့်။ ထိရပတ္တော=မြဲမြံခိုင်ခဲ့ တည်တံ့သည်၏ အဖြစ်သို့ ရောက်ခဲ့ရပေ၏။ တေစာပိ အာစရိယေ=သာသနာတော်၌ မြဲမြံခိုင်ခဲ့တည်တံ့သည်၏ အဖြစ်သို့ ရောက်နိုင် လောက်အောင် မှီအပ်ကုန်သော ထိုဆရာသခင်ကျေးဇူးရှင်တို့ကိုလည်း။ အဘိ-ဝန္ဒိယ=၍။

တဿာ အဘိဝန္ဒနာယ=ထိုရတနာသုံးပါး ဆရာသမား တို့အား အထူးသဖြင့် ရိုသေလေးမြတ်စွာ ရှိခိုးကြောင်း ဖြစ်သော စေတနာ၏။ အာနုဘာဝေန= အာဃု, ဝဏ္ဏ အစရှိသော အကျိုးထူးတရား တို့ကို အဖန်တလဲလဲ တိုးပွါးစေတတ် သော အစွမ်းသတ္တိဖြင့်။ သဗ္ဗညုပသင်္ဂ=ကိုယ်ဝယ်ကပ်ငြိတတ်ကုန်သော အလုံး စုံသော ဘေးရန် ဟူသမျှတို့ကို။ အသေသ ဘာဝါ=အသေသဘာဝေန= အကြွင်းအကျန် မရှိသည်၏အဖြစ်ဖြင့်။ သုဋ္ဌုံ=ကောင်စွာ။ ဟန္တုန=ပယ် ဖျောက် ဖျက်ဆီးပြီး၍။

အရညကေနဝ=တော၌ နေခြင်း အလေ့ရှိသည်သာလျှင် ဖြစ်သော။ ဘဒန္တအာလောကတ္ထရသီဟေန=အရှင်အာလောက မဟာထေရ် မြတ်သည်။ သဗ္ဗံ=သဗ္ဗဿ = လုံးစုံသော။ သဒ္ဓမ္မသခ်ါတဝရဿ=ပရိယတ္တိသဒ္ဓမ္မ, ပဋိပတ္တိ သဒ္ဓမ္မ, ပဋိဝေဓသဒ္ဓမ္မဟုဆိုအပ်သော သုံးပါးသော သာသနာတော်မြတ်၏။ စိရဋ္ဌိတိံ ဝါ=စိရံဋ္ဌိတိံ ဧဝ=မြင့်ရှည်မြားမြောင် ငါးထောင်ကာလ သမယ ပတ်လုံး မလျော့မပျက် ထွန်းတက်တည်တံ့ခြင်းကိုသာလျှင်။ အာသီသမာ-နေန=လိုလားတောင့်တတော်မူသဖြင့်။ နိယောဇိတာ=အမြဲမပြတ် ယှဉ်စေ အပ်သည်၏အဖြစ်ကြောင့်။ သင်္ဃဝဏ္ဏနာယ=အာဘိဓမ္မတ္ထသင်္ဂဟကျမ်း၏အဖွင့် ဖြစ်သော အာဘိဓမ္မတ္ထဝိဘာဝိနီဋီကာကျမ်း၏။ပုရာ=ရှေး၌ဖြစ်ကုန်သော နိဿယ ဟောင်းတို့သည်။ကာမံ ဘူတာ=အကယ်၍ကား ထင်ရှားဖြစ်ထွန်းရှိနေခဲ့ပေ ကုန်၏။ အထ ခေါ=ထို့ပြင် ထင်ရှား ဖြစ်ထွန်းရှိနေပါကုန်သော်လည်း။ တေဟိ=ထို ရှေးနိဿယဟောင်းတို့ဖြင့်။ နဝေါ=အသစ်ဖြစ်သော။ အတ္ထော= အတ္ထ ယောဇနာနည်း အထူးသည်။ ဝါ=ကို။ အသုတမယဉာဏေန=ပြန့်ကျယ် သော သုဘမယဉာဏ် မရှိကြသေးသော ပျိုပျစ်နုနယ် စာသင်ငယ်အပေါင်း သည်။ (အဝုတ္တကတ္တား ထည့်)ဝိညာတုံ=သိခြင်းငှါ။ ယတော ယသ္မာ=အကြင့် ကြောင့်။ နာ သက္ကာ=မတတ်ကောင်း။ တေန တသ္မာ=ဆို့ကြောင့်။

၁။ ဝါ-သဒ္ဒါ အဋ္ဌသာလိနီ ရူပကဏ္ဍ အဖွင့်၌ ကဋ္ဌမုခေန ဝါ-ပုဒ်၌ ဝါသဒ္ဒါကဲ့သို့ အဝမာရဏအနက်ရှိ၏။

ဝိယောဇနာ နယနဝဠ္ဆ=အသစ်အသစ်သော အထူးထူး အပြားပြားသော ယောဇနာနည်း ရှိသည်လည်းဖြစ်သော။ ယုဝါနံ=စာသင်ပျိုနှုံ အခြေပြုတို့၏။ ဉာဏံ=ပရိယတ္တိသုတမယဉာဏ်ကို။ ဝမ္ဖုန္တံ=တိုးပွါးစေသည်ဖြင့်၍။ အာဝဟံ ဝါ=လွန်စွာဆောင်တတ်သည်လည်း ဖြစ်သော။ သမ္မန္ဒနိစ္ဆယကရဗ္ဘဝစနက္ကမံ ဝါ=စာစပ်ခေါ် သမ္မန္ဒနည်းနှင့် စပ်လျဉ်းသော အဆုံးအဖြတ်ကို ပြုကြောင်းဖြစ်သော စကားအစဉ်ရှိသည်လည်း ဖြစ်သော။ ဣမံ နဝ နိဿယံ=အဘိဓမ္မတ္ထဝိဘာဝနီဋီကာကျမ်း၏ အသစ်ဖြစ်သော ဤနိဿယကို။ကဿံ=ရေးသားပြုပြင်စီရင်ပေအံ့။ မေ=ငါ၏။ တံ နဝ နိဿယံ = ထိုအဘိဓမ္မတ္ထဝိဘာဝနီဋီကာကျမ်း၏ အသစ်ဖြစ်သော နိဿယကို။ သဗ္ဗေ ဇဝေ=အလုံးစုံသောလျှင် ဖြစ်ကုန်သော။ သပ္ပုရိသာ=သူတော်ကောင်းဖြစ်ကြကုန်သော။ တုမှေ=သင်တို့သည်။ နိသာမယထ=နာကြကုန်လော့။ သိုမှိုး သိမ်းသွင်း ကြည့်ရှုနားထောင်ခြင်းကိုပြုကြကုန်လော့။ ဣတိ=ဤသည်လျှင် ရတနတ္တယပဏာမအစဉ်ယျောဇဉ် အဆုံးရှိသော နိဿယဂန္ထာရမ္ဘကိုဆိုရာ စကားတရပ် အပြီးသတ်တည်း။

ဟူသော ၅-ဂါထာ ပါဠိနိဿယဖြင့် နိဿယာရမ္ဘပဏာမ, အဘိယာစက, ပဋိညာဉ်, ဉေယျာဇဉ်တို့ကို ပြုတော်မူခဲ့လေသည်။

ဆရာတော်ကိုယ်စား အဖိုးတန်နည်းပြကျမ်းကြီး

ဤဋီကာကျော် နိဿယကျမ်းသည် ဆရာတော် မရှိလင့်ကစား ဆရာတော်ကိုယ်စား ပခုက္ကူစာချနည်းကို ပေးနေသည့် ကျမ်းဖြစ်ပေသည်။ သို့ဖြစ်၍ ဤ၌ ဆရာတော်ပေးခဲ့သည့် နည်းတချို့ထုတ်ပြဦးအံ့။

ကတ္တားငါးတန် ထုတ်နည်း

အရှင်ပညာဆရာတော် ဘုရားကြီးသည် ကတ္တားငါးတန် ထုတ်နည်းကို ဤ၌ အောက်ပါအတိုင်း နည်းပေးတော်မူသည်။

အရှင် သုမင်္ဂလသာမိဋီကာဆရာသည် "ဝိသုဒ္ဓကရဏာဉာဏံ" အစရှိသော ပဌမဂါထာပါဠိဖြင့် ရတနတ္တယ ပဏာမစေတနာကို မုချအားဖြင့် ပြတော်မူ၏။ရတနတ္တယပဏာမ စေတနာကို ဖြစ်စေတတ်သော ယောနိသောမနသိကာရကို ဖလူပစာရတ္ထအားဖြင့် ပြတော်မူ၏။ ရဘာနတ္တယပဏာမ စေတနာကြောင့် ပဏာမက ဂန္ထကာရက၏အန္တရာယ်ကင်းပျောက်ခြင်းကို ကာရကူပစာရတ္ထအားဖြင့် ထင်ရှားပြတော်မူ၏။ အန္တရာယ်ကင်း ပျောက်ခြင်းကြောင့် ပဏာမက ဂန္ထကာရကပုဂ္ဂိုလ်၏ သန္တာန်၌ အာယု, ဝဏ္ဏ, သုခ, ဗလ, ပဋိဘာန အကျိုးတရားတို့၏ တိုးပွါးတတ်ခြင်းကို ဒုတိယ ကာရကူပစာရတ္ထအားဖြင့် အထူးပြ

တော်မူ၏။ အာယု, ဝဏ္ဏ, သုခ, ဗလ, ပဋိဘာန အကျိုးတရားတို့၏ တိုးပွါးလာခြင်းကြောင့် ပဏာမက ဂန္ဆကာရက ပုဂ္ဂိုလ်ပြုအပ်သော ကျမ်း၏ပြီးဆုံးခြင်းဟူသော ကာရိယသန္နိဋ္ဌာန်အကဲ့သို့, သောတုဇနတို့၏ တဒင်္ဂဟပရိပုစ္ဆာဒိအကျိုးပရမတ္ထ သရူပါဝဗောဓ တံမူလကဒိဋ္ဌဓမ္မိက သမ္ပတ္တိယအကျိုး, လောကုတ္တရာအကျိုးကို တတိယကာရဏူပစာရတ္ထအားဖြင့် အစဉ်လျှောက်၍ ပြတော်မူသည်ဟူ၍ မှတ်ရမည်။

ပါဋိဘာသာအားဖြင့် ထုတ်ပြဟန်

အယမာယသ္မာ သုမင်္ဂလသာမိနာမကော ဋီကာကာရော ဝိသုဒ္ဓ ကရဏာ-ညာဏန္တိအာဒိဂါဆာပဒေန ရတနတ္တယပဏာမံ ဒဿေတိ၊တံဒဿနေန ပဏာမကသခ်ါဘဿ ဂန္ထကာရကဿ တဒုပ္ပါဒက ယောနိသော မနသိကာရံ ဒီပေတိ၊ တံဒဿနေန တဒ္ဒိပဒနန စ၊ တဿန္တရာယ ဝိဃာတနံ ပကာသေတိ၊ တံဒဿနေန တဒ္ဒိပနေန တပ္ပကာသနေန စ တဿာယု ဝဏ္ဏ သုခ ဗလ ပဋိဘာနဝုဒ္ဓိ ဝိဘာဝေတိ၊ တံဒဿနေန တဒ္ဒိပနေန တပ္ပကာသနေန တဗ္ဗိဘာဝေန စ တဿ ကာရိယသန္နိဋ္ဌာနာဒိံ အနုဘာဝေတိ။

ယင်းကို ရည်ရွယ်တော်မူကြကုန်၍ –

*ဒဿေတိပုဒ် ပြ၍ထုတ် မုခ္ဂအမှန်ပေ။
ဒီပေတိသာ ပုဒ်ပါဠ်လာ ဥပစာမှတ်လေ။
ဒဿနကျိုးယူ ကာရကူ ပြုမူပကာသေ။
ကာရကူကျိုး တဆင့်မိုး ပြရိုးဝိဘာဝေ။
ဝိဘာဝကျိုး တဆင့်မိုး ပြရှုံးနုဘာဝေ။

ဟူ၍ နိယ်ဟောင်းသစ်တို့ကို စပ်ဆိုတော်မူကြသည်[၁]။

ဒဿနာဒိပဥ္စကဿ၊ သမုဒ္ဓါရံ မဟာဝိဒူ။
သောတူနံ ဉာဏဝုဒ္ဓိယာ၊ ဒဿေသိ ဒဿနေ ဝိဒူ။

ဟောတိ စေတ္ထ

"ကာမော' ဝစရတိတိ တျတ္ထ၊ ကာမေ' ဝစရတိတိ ဝါ။
ဌာနူပစာရတော ဝါပိ၊ တံ ကာမာဝစရံ ဘဝေ" တိ[၂]။

စ=အကျယ်စုကိုယ အတ္ထသံဝဏ္ဏနာမှတပါး အကျဉ်းသင်္ဂဟ ဂါထာကို ဆိုဦးအံ့။ ဝါ=ဝိပဉ္စိတည်ူ ကြည်ဖြူတင့်ဆန်း အကျယ်လမ်းမှတပါး ဥဿဋ္ဌိ

၁။ ဋီကာကျော်နိဿယ- ၁- ၆-၇။ ၂။ ဋီကာကျော်- ၇၆။

တည္ဟူ ကြည်ဖြူတင့်ဆန်း အကျဉ်းလမ်းကို ဆိုဦးအံ့။ ဇတ္ထ ဇေတိသဲ့ အတ္ထသံဝဏ္ဏနာယံ=၌။ သုခဂဟဏတ္ထံ=ချမ်းသာလွယ်ကူ မှတ်ယူနိုင်ရန် အကျိုးငှါ။ ကာမောဝစရတီ....ဘဝေတိ=ဟူ၍။ ဝါ=ဟူသော။ အယံ သင်္ဂဟဂါထာ=ဤ အကျဉ်း ၃ပါဒ်း၍ယူကြောင်းဖြစ်သော သင်္ဂဟဂါထာသည်။ ဟောတိ=၏[1]။

နနု စ ဝေဒနာဘေဒေါ တာဝ ယုတ္တော....န ဇတ္ထ ကောစိ ဝိရောဓောတိ[2]။

ဘဒြမုခ=ကောင်းသော မျက်နှာရှိသော အရှင်ဋီကာဆရာ။ နနုစ ဘဝန္တံ စောဒေမိ=အရှင်ဋီကာဆရာကို အကျွန်ုပ် စောဒနာပါ၏။ ကိံ=သို့။ နနုစ ဘဝန္တံ စောဒေမိ=နည်း။ တာသံ သောမနဿုပေက္ခာဝေဒနာနံ-တို့၏။ ဘိန္နသဘာဝတ္တာ=ကြောင့်။ ဝေဒနာ ဘေဒေါ=ဝေဒနာတို့၏ အပြားသည်။ တာဝ ယုဒ္ဓတ္တာ=သင့် တန်ပါ၏စ။ ဉာဏသမ်ပယုတ္တံ=တို့၏။ လက္ခဏတော=အားဖြင့်။ ကေတ္ထာ=ကြောင့်၊ ဉာဏသမ်ပယုတ္တဘေဒေါ ပန=သည်ကား။ ကထံ=ကြောင့်။ ယုတ္တော=သင့်သည်။ သိယာ=ဖြစ်နိုင်ရာပါအံ့နည်း။ ဣတိ=သို့။ နနု စ ဘဝန္တံ စောဒေမိ=ပါ၏။

ဘဒြမုခ=ကောင်းသော မျက်နှာရှိသော စောဒက ဆရာ။ ယသ္မာ=ကြောင့်။ သုဘိဓဉ္စာ=သည်၎င်း။ ဝါ=သည်၎င်း။ ဒုဿ္ဘိဓဉ္စာ=သည်၎င်း။ ဝါ=သည်၎င်း။ ဝဿကတော= မိုးသည်ပြုအပ်သည်။ ဝါ=မိုး၏ရှိခြင်း မရှိခြင်းသည် ပြုအပ်သည်။ ဝါ=မိုး၏ရွာခြင်း မရွာခြင်းသည် ပြုအပ်သည်။ ဟောတိ ယထာ=ကဲ့သို့။ တထာ=တူ။ ဉာဏသမ်ပယုတ္တံ=တို့၏။ ဘာဝါဘာဝကတော=ရှိခြင်း မရှိခြင်းသည် ပြုအပ်သော။ ဘေဒေါပိ= သည်လည်း။ ဉာဏသမ်ပယုတ္တကတော= သည်သာလျှင်။ ဟောတိ=၏။ ဣတိ တသ္မာ=ကြောင့်။ ဉာဏသမ်ပယုတ္တဘေဒေါပိ=သည်လည်း။ ဉာဏသမ်ပယုတ္တကတော= သည်သာလျှင်။ ဟောတိ=၏။ ဣတိ တသ္မာ=ကြောင့်။ ဉာဏသမ်ပယုတ္တဘေဒေါပိ=သည်လည်း။ ယုတ္တော= သင့်သည်သာလျှင်။ သိယာ=၏။ ဣတိ အယံ=ကား။ ပရိဟာရော=တည်း။

တနည်း—ဣတိ ဣမံ တဝ စောဒနံ သောဓေမိ=ဤ သင်စောဒကဆရာ၏ စောဒနာခြင်းကို အကျွန်ုပ်က ဖြေရှင်းသုတ်သင်ပါ၏။ တသ္မာ=ကြောင့်။ ဉာဏသမ်ပယုတ္တကတော=သော။ ဝါ=သော။ ဘေဒေါ=သည်။ ဉာဏသမ်ပယုတ္တဘေဒေါ=မည်၏။ ဣတိ တသ္မာ=ကြောင့်။ ဇတ္ထ တေသဲ့ ဉာဏသမ်ပယုတ္တဘေဒေနာတိ ပါဌေ=၌။ ကောစိ=သော။ ဝိရောဓော=ဆန့်ကျင်ခြင်းသည်။ န အတ္ထိ=မရှိ။ တနည်း —ဇတ္ထ တေသဲ့ ဉာဏသမ်ပယုတ္တဘေဒေ=၌။ အလဗ္ဘ-

---

၁။ ဋီကာကျော်နီဿယ- ၁။ ၉၁-၉၂။ ၂။ ဋီကာကျော်- ၉၀။

မာနဘာဝသဒ်ါတော=သော။ ကောစိ=သော။ ဝိရောဓေဝ=အပြစ်သည်။ နု အတ္ထိ=မရှိ။ ဣတိ ဣဒံ ပရိသမာပနံ=ကို။ ဒဋ္ဌဗ္ဗံ=အပ်၏။

ကေစိ ပန ဣမမတ္ထံ...အညာဏမေဝ ကာရဏံ

ပန=ယင်းသို့ စောဒကစကား မသင့်ပါဘဲလျက်။ ကေစိ=အချို့ကုန်သော၊ အာစရိယာ=လေ-ပုံ-ဆရာတို့သည်။ ဣမံ အတ္ထံ=ဤ...ဟု ဆိုထားအပ်သော အနက်သဘောကို။ အသလ္လက္ခေတ္ဝာဝ=ယထာဘူတ နည်းလမ်းကျအောင် ကောင်းစွာ မမှတ်နိုင်ကြကုန်မူ၍သာလျှင်။ ဝါ=ယထာဘူတ....ကြခြင်းကြောင့်သာလျှင်။ သဗ္ဗထာပီတိ ဣဒံ ဝစနံ=ကို။ အတိရိတ္တန္တိ=ပုဒ်ပို့ ပုဒ်လွန်ဟူ၍။ ဝဒန္တိ=တောမီးလေမြောက် ရှုးပုံမြောက်သို့ အထောက်ကင်းဘိလျှင်းမရှိပဲ နင်းဖိပြောဆိုကြကုန်ဘိ၏။ တတ္ထ တသ္မိံ ဝစနေ=ထိုသို့ပြောဆိုခြင်း၌။ တေသံ ကေသဉ္စိ=ထိုအချို့ကုန်သော လေ-ပုံ-ဆရာတို့၏။ အညာဏမေဝ=နည်းလမ်းကျအောင် မသိတတ်ခြင်းသည်သာလျှင်။ ကာရဏံ=ထောက်ထားကင်းဘိ လျှင်းမရှိဘဲ နင်းဖိပြောဆိုခြင်း၏ အကြောင်းပေတည်း[၃]။

ဤသို့ စသည်ဖြင့် ဋီကာကျော်နိဿယ၌ ဝါကျများ အမျိုးမျိုး အဖုံဖုံလှည့်၍ တောက်ပြောင်မြင့်မား သစ်လွင်သော စကားတို့ဖြင့် အနက်ယောဇနာပုံတို့ကို တွေ့ရှိနိုင်လေသည်။ ယခု ထုတ်ပြခြင်းကား အမြွက်မျှသာတည်း။ အသင်မဟာဃေရလလိတ စာတော်ဖတ်သည် ဤမျှဖြင့် တင်းတိမ်မှုမပြုပဲ ဆရာတော်ဘုရားကြီး၏ ဋီကာကျော်နိဿယကိုလည်း ရှာဖွေကြည့်ရှု လေ့လာရာ၏။

ပါဝင်သည့် အချက်အလက်များ

ယင်း ဋီကာကျော်နိဿယ၌—

ပုဗ္ဗာပရာနုသန္ဓေ,ကျမ်းရိုးတက်နည်း ထွက်နည်း, ကျမ်းရိုးငါးတန် ပြန်လှန်ထုတ်ဖော်နည်း,ပုစ္ဆာဝါကျ ဝိဿဇ္ဇနာဝါကျခင်းနည်း, ထုတ်နည်း, စောဒကာဘောဂ, ပရိဟာရာ ဘောဂထုတ်နည်း, ဥပမာဂဗ္ဘ, ဥပမာပိဋ္ဌယောဇနာနည်း, ဟေတုဂဗ္ဘ ဟေတုပိဋ္ဌယောဇနာနည်း,သမ္ဘာဝနာဝါကျ ဂရဟာဝါကျခင်းနည်း, အန္ဓယသာရှိရာ၌ ဗျတိရိဂ်ဝါကျလှန်နည်း, နိဂဂ္ဃ,နေယျတ္ထ,ဥဇုဥတ်, ဝင်္ကဥတ်, အဥပ်အပေါ်ဖွင့်ဖော် ပြန်လှန်ခြင်း,စောဒ၊ဟသဆရာ၏ ပြစ်တင်စောဒနာပုံ, ပရိ

၁။ ဋီကာကျော်နိဿယ-၁။၁ဖွဲ့-၄။
၂။ ဋီဂဟာဒကျော်-၁၁၅—၁၈ဖွဲ့။
၃။ ဋီကာကျော် နိဿယ- ၃၁ဖွဲ့—ကြည့်။

ဟာရ် ဆရာ၏ ပယ်ရှားဖြေဆိုပုံ, ဟိ-စ-ပန၊ စ ပနနှင့် အုပ်စု, အထု, အထဝါ နနုစ, ကာမဥ္စ, ယဒိစနှင့်ဝေဥ္စ ယဒိပိ ကိဥ္စိ ကိဥ္စာပိ, သစေပိဟု စရှိပေါ်ယယ် အာသွယ်သွယ်သော နိပါတတ္ထတို့ကို ကျနစ္စာ ယောဇနာခြင်း။

ဟောတိ စေတ္ထ, ယံ ပန ဝုတ္တံ, ဝုတ္တ ဥ္ဉတံ, ဝုတ္တဥ္စ, အယံ ပ နေတ္ထ သဂ််ဟော, တေနာဟု ပေါရာဏာ, ယောဇနာ, သမ္ဗန္ဓော, အဓိပ္ပါယော နှင့် ဧသေဝ နယော, ယထာဝ, ဝေဥ္စ သတိ, တထာ ဟိ ဝဒန္တိ - အစရှိသော များစ္စာသော ပုဒ်ပဒ ဝါကျတို့၌ ပါဌသေသ စစမကြွင်း ထည့်သွင်းယောဇနာပုံ အနုဝတ္တာဒ္ဗ လိုက် သင့်လှ လိုက်သင့်ထိုက်သော ဝါကျပဒတို့ကို အလိုက်ခံ၍စပ်ခြင်း၊ ဝိဘတ္တန္တ မပျက် အနက်ထင်စ္စာ ဖွင့်ပြလာသော သံဝဏ္ဏနာပုဒ်ပဒတို့ကို မူလသံဝဏ္ဏော တဒ္ဓဝါကျသို့ ဝင်၍ စပ်ခြင်း၊ သမာသ်ပုဒ်, တဒ္ဓိတ်ပုဒ်စသော ပုဒ်ပဒဝါကျ အရပ်ရပ်တို့၌ ဆားခပ်ထားသော ဟင်းကဲ့သို့ မယှင်းမလျော့ မပျက် ဝိဘတ် နက်မကွာ လေးနက်စွာ အနက်သမ္မန်ခြင်း၊ ဖြစ်သင့်သော ဝိဂြိုဟ် ဝစနတ် ဝိကပ်နက်တို့ကို ပြက်ပြက်ထင်ထင် ပေါ်လွင်အောင် ယောဇနာခြင်း။

အတ္ထဝသာဝိဘတ္တိဝိပရိဏာမော - ဟူသော ပရိဘာသာအရ ပါဌသေသ ကတ္တား စသည်၏ ထူးခြားသော ဝိသေသနအနက်ဖြစ်ချက်သင့်သော ပါဌ်တို့၌ ဟိတ်စသည်တို့၏ အန္တတ်ကိုသော်လည်း ဝိဘတ်ပြန်ကာ ကတ္တားစသည်၏ ဝိသေသန ဖြစ်လာပုံ ဘာဝသမ္မန် တာသမ္မန် ဘို့ကို မကျန်စေ့ဂု ကြည့်ရှုထည့်သွင်းပုံ, အလိုက်ခံငြား ကတ္တားနှင့်ကံ သမ္မန်ကြိယာ ဟိတဲပါဌ်လာတို့ကို စေ့စုံစွာ လိုက်စွက်လျက် အနက်ယောဇနာခြင်း, ဝါကျ အမျိုးအစားတို့ကို ပုံစံနှင့်တကွ ပြဆိုခြင်း, ဝါကျ ပဒအတ္ထာဓိပ္ပါယ အဆုံးအဖြတ်တို့နှင့်တကွ စာသင်စာချ နည်းနာနယ ရရှိဖို့ရန် စာစပ်ပုံ အဝဝကို ပြဆိုချက်စသည်တို့ကို တွေ့ရှိ ရပါလိမ့်မည်။

ခဲယဉ်းစွာရိုက်နှိပ်ခဲ့ရ

ယင်း ဋီကာကျော် နိဿယကို ရန်ကုန်မြို့ ဟံသာဝတီ ပိဋကတ်ပုံနှိပ် တိုက်၌ ဂျပန်ခေတ်အတွင်း ၁၃၀၅-ခုနှစ် တပို့တွဲလတွင် စိတ်ပိုင်း, စေတသိက်ပိုင်း, ပကိဏ်းပိုင်း, ဝီထိပိုင်း ၄-ပိုင်း ပဌမအုပ်ကို ခဲယဉ်းစွာ ရိုက်နှိပ်ခဲ့ရသည်။ ယင်း ပဌမအုပ်မှာ ရှိုင်ဆိုက် စာမျက်နှာ ၄၈၉-ရှိလေသည်။ ဒုတိယအုပ်မှာ ယခုတိုင် စာအုပ်အဖြစ် မရောက်သေးချေ။ ကျမ်းစာအုပ် တအုပ် ဖြစ်မြောက်ဖို့ကား မလွယ်ကူပါချေတကား။

ဝိဘာဝိနီဋီကာယာပိ၊ နိဿယံ ဝိဒုမာနိတံ။
နာနာနယေဟိ ဘူသေတ္ဝာ၊အကာသိ ကဝိသေခရော။

တေစတ္တာလီသမပိုင်း

သမ္မောဟဝိနောဒနီအဋ္ဌကထာ နိဿယသစ်

သမ္မောဟဝိနောဒနီ၌ အဋ္ဌကထာသည် အဘိဓမ္မာပိဋကတ္တိုင် ခန္ဓကဝိဘင်း အစရှိသော ၁၈-ဝိဘင်းတို့ဖြင့် တန်းဆာဆင်အပ်သော အဘိဓမ္မာပိဋကတ္တိုင် ဒုတိယ ကျမ်းဖြစ်သော ဝိဘင်းပါဠိတော်၏ အဖွင့်ဖြစ်သည်။ ကျယ်လည်း ကျယ်ဝန်း၏၊ နက်လည်းနက်နဲ၏၊ ဘာဏဝါရ ၄၀-ရှိ၏၊ စာမျက်နှာ ၅၀၀-ရှိ၏ ခက်ခဲသော အဘိဓမ္မာ အဆုံးအဖြတ်တို့ဖြင့် ပြည့်လျှမ်းနေ၏။ ဝိဘင်း အဋ္ဌကထာ ဖြစ်သော်လည်း ဤကျမ်းဆိုင်ရာ အနက်အဓိပ္ပါယ် အဆုံးအဖြတ် နှင့်စပ် ယုံမှားသံသယ ဒွေဋ္ဌကကို ပယ်ဖျောက်တတ် ပယ်ဖျောက် ကြောင်း ပယ်ခဖျောက်ရာဖြစ်၍ သမ္မောဟဝိနောဒနီ အဋ္ဌကထာ မည်ကြောင်း—

"သမ္မောဟဝိနောဒနတော၊ သမ္မောဟဝိနောဒနီ နာမ"

ဟူသော နိဂုံးစကားဖြင့် သိသာသည်။ ဆရာတော်သည် ယင်း သမ္မောဟဝိနောဒနီ အဋ္ဌကထာ၏ မှီရာ နိဿယကိုလည်း စီရင် ပြုစုတော်မူခဲ့လေသည်။ ယင်း နိဿယမှာလည်း လက်ရေးမူဖြင့်သာ တည်ရှိသည်ဟု သိရ၏။ ပုံနှိပ်မူ ကျမ်းစာအဖြစ် မရောက်ပါချေ၊ အလုပ်တခု အောင်မြင်ဖို့ကား လွယ်ကူသည် မဟုတ်ပါချေတကား။

သမ္မောဟဝိနောဒနီယာ၊ ဋ္ဌကထာယ သုနိဿယံ။
သမ္မသောကာသိ ထေရိဒန္ဒာ၊ ဗုဓော နိဿယလေခနေ။

စတုစတ္တာလီသမပိုင်း

ကခ်ီဋီကာသစ်ပါဠ်

ကခ်ီဋီကာသစ်ပါဠ်ဟု လွယ်လွယ် ခေါ်ကြ၏၊ နာမည် အပြည့် အစုံမှာ "ကခ်ီဝိတရဏီ အဘိနဝဋီကာ" ဖြစ်သည်၊ စာသမား အရင့် အမာပုဂ္ဂိုလ်မှ ဤနာမည်ကို မှတ်မိနိုင်မည်။ ယင်း ကခ်ီဋီကာသစ်ကို သီဟိုဠ်ကျန်း ပုလတ္ထိပုရ ခေတ် သာသနာသင်္ဂရာဇ် ၁၇၀၀-ကျော် လောက်တုံ့ပေါ်ထွန်းသည့် ဝိနယသင်္ဂဟ အဋ္ဌကထာ, သာရတ္ထဒီပနီဋီကာ, အင်္ဂုတ္တိရဋီကာ စသည်ကျမ်း ဂန်များကို ပြုစုတော်မူသော အရှင်သာရိပုတ္တရာ၏ တပည့် တပါးအဖြစ် ထင်ရှားသော အရှင်ဗုဒ္ဓနာဂထေရ်ဖွင့်ဆို စီရင်တော်မူခဲ့သည်[၁]။

၁။ ဆကျယ် မဟာဝိသုတာရာမနိကာယ သာသနာဝင်- ၉၈-၉၉-ကြည့်။

ယင်း ကဒ်ဋ္ဌီကာ၏ မှိရာ နိဿယဋ္ဌီကာ တဆူကို ဒေးဒရဲမြို့ ဒေးဒရဲ ချောင်းဝကျောင်းနှင့် ဒေးဒရဲချောင်းဖျား ကျောင်းတို့၌ လှည့်လည် သီတင်းသုံးတော်မူသော ဂဏပါမောက္ခ ထေရ်ကြီးဖြစ်တော်မူသော ၅၂-ဝါရ လွန်းတောင် ဆရာတော်ဘုရားကြီးသည် ၁၂၆၆-ခုနှစ် တန်ခူးလဆန်း ၇-ရက်နေ့တွင် အပြီးသတ် ရေးသားတော်မူခဲ့လေသည်။ နိဿယ ကျမ်းဦး၌—

ဗုဒ္ဓံ ဓမ္မဉ္စ သံဃဉ္စ၊ ဝိပ္ပသန္နေန စေတသာ။
ဝန္ဒိတ္ဝာ ဝန္ဒနာမာန၊ ပူဇာသက္ကာရဘာဇနံ။
ယေ စ နိဿာယ ပတ္တောမ့ိ၊ ပရိယတ္တိဝိသာရဒေ။
ဗုဒ္ဓဿ သာသနေ ဆေကံ၊ ဂရဝေါ တေပိ သိရသာ။

စသော ၅-ဂါထာဖြင့် ဂန္ထာရမ္ဘ ပြုတော်မူခဲ့သည်။ ယင်း နိဿယကြီးကို ၁၂၇၂-ခုနှစ် တော်သလင်းလအတွင်းက ရန်ကုန်မြို့ စဉ့်အိုးတန်း အောက်လမ်း သာသနာလင်္ကာရ ပိဋကပုံနှိပ်တိုက်၌ ရိုက်နှိပ်ပြီးစီး ထုတ်ဝေခဲ့သည်။ စာမျက်နှာ ရှိုင်ဆိုက် ၇၆၅-ရှိ၏။

ဆရာတော်၏ ကဒ်ဋ္ဌီကာသစ် နိဿယသစ်

ဆရာတော် အရှင်ပညာ မဟာထေရ်သည် လက်ရှိ ကဒ်ဋ္ဌီကာသစ် နိဿယကို အားရတော်မမူချေ။ သို့ဖြစ်၍ ကဒ်ဋ္ဌီကာသစ်နိဿယသစ် တစောင်ရေးဖို့ စိတ်စောတော်မူလျက် ကဒ်ဂိဝိတရဏီအဋ္ဌကထာ ချစဉ်တိုင်းလိုလို ကဒ်ဋ္ဌီကာသစ်နှင့် တွဲချ၍ နောက်ဆုံးအခေါက်တွင် ပါဠိစာပေလည်း တော်တော်တန်တန် ကျွမ်းကျင် မြန်မာစာပေ အရာဌ်လည်း လိမ္မာချက်ချာသည့် တပည့်များကို ဆိုစေတော်မူ၍ ချနက်ကို ရေးသားစေတော် မူခဲ့လေသည်။ ချ၍လည်းပြီး ရေးသားစေ၍လည်း ပြီးဆုံး၏။ သို့ရာတွင် ခေတ်ဆိုးအမျိုးမျိုး ကြုံတော်မူခဲ့ရသည်။ ဒုတိယကမ္ဘာစစ်အတွင်း ဟိုဠ္လေသည်ပြောင်းနှင့် အခြောသတ်ပြင်ဆင်မှု, အမှာအထားထည့်မှု စသည်တို့ပင် မလုပ်ရသေးခေျ။ ယခုမှာ မူကား မူရင်းစာမူပင် မတွေ့ရတော့ပဲ အဆင့်ဆင့် ရေးကူးထားသည့် လက်ရေးမူများကိုသာ ကြည့်ရှုခွင့်ရတော့သည်။ ဆရာတော် ကဒ်ဋ္ဌီကာသစ်ချစဉ် နမော တဿ အနက်ကို ကြည့်ရှုလေ့လာခွင့်ရ၏၊ မဟာထေရလိတ စာတော် ဖတ်တို့လည်း အောက်ပါ အတိုင်း ကြည့်ရှုလေ့လာ ကြည့်ညိုရ၏။

ဆရာတော် အရှင်ပညာ က ဒ်ဋ္ဌီကာသစ်ချစဉ်က နမော တဿ အနက်

ကပ္ပသတသဟဿာဓိကာနိ= ကမ္ဘာတသိန်း အလွန်ရှိကုန်သော။ စတ္တာရိအသင်္ခေယျာနိ= လေးအသင်္ခေတို့ ကာလပတ်လုံး။ ပါရမိယော=ဘုရားဖြစ်ကြောင်း ကောင်းမြက်သော ပါရမီတော်တို့ကို။ ပူရေတ္ဝာ= ဖြည့်ကျင့်တော်မူပြီး၍။ ဗောဓိမဏ္ဍေ=ဗောဓိမဏ္ဍိုင်၌။ ဗောဓိရုက္ခမူလေ=ဗောဓိပင်အောက်၌။

မာရဘဥ္ဇနသခ်ိတေ=မာရ်ငါးပါးကို ချိုးဖဲ့ဖျက်ဆီးရာ၏ အဖြစ်ကြောင့် မာရဘင်ဟု ခေါ်ဆိုထိုက်သော။ အပ္ပရာဇိတပလ္လင်္ကေ်=အပ္ပရာဇိတ ပလ္လင်၌။ ပဥ္စမာရေ= ငါးပါးကုန်သော မာရ်တို့ကို။ ဇိနိတ္ဝာ=အောင်တော်မူပြီး၍။ သမ္မာသမ္ဗုဒ္ဓါ= မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် မိမိအလိုလို ကိုယ်တော်တိုင်သာလျှင် အလုံးစုံသော သခ်ၤတ, အသခ်ၤတ တရားတို့ကို သိတော်မူသည်။ ငါ=မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် မိမိအလိုလို ကိုယ်တော်တိုင် သစ္စာလေးပါး တရားတို့ကို သိတော်မူကတ်သော အရဟတ္တ မဂ်ဉာဏ်လျှင် နီးစ့ဘသော အကြောင်းရှိသော သဗ္ဗညုတဉာဏ် ရှိတော်မူသည်။ ဟုတ္ဝာ=ဖြစ်၍။ အရဟံ=ဗြဟ္မာနတ်လူ သုံးဘုံသူတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော။ ယောဘဂဝါ=အကြင်မြတ်စ့ဘုရားသည်။ မဟာကာရုဏိကော=ကြီးကျယ် မြင့်မြတ်သော ကရုဏာ ရှိတော်မူသည်။ ဟုတ္ဝာ=ဖြစ်၍။ ဘိက္ခုဘိက္ခုနိနံ= ရဟန်းယောကျ်ား ရဟန်းမိန်းမတို့အား။ ယထာပရာဓံ= အပြစ်အားလျော်စ့ဘ။ ဝိနယံ=ဝိနည်း ပိဋကကို။ ပညာပေသိ=အပြားအာ ဖြင့် သိစေတော်မူပြီ။ ဝါ=ဟောကြားတော်မူပြီ။ ဝါ=ပညတ်တော်မူပြီ။ ဝါ=ထားတော်မူပြီ။

ကပ္ပသတသဿာဓိကာနိ=ကုန်သော။ စတ္တာရိ အသင်္ခ်ေယျာနိ=တို့ပတ်လုံး။ပါရမိယော=တို့ကို။ ပူရေတ္ဝာ=၍။ဗောဓိမဏ္ဍေ=၌။ဗောဓိရုက္ခမူလေ=၌။ မာရဘဥ္ဇန သခ်ိတေ=ကုန်သော။ အပ္ပရာဇိတပလ္လင်္ကေ်=၌။ ပဥ္စမာရေ=တို့ကို။ ဇိနိတ္ဝာ=၍။ သမ္မာသမ္ဗုဒ္ဓဿ=မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် မိမိအလိုလို ကိုယ်တော်တိုင်သာလျှင် အလုံးစုံသော သခ်ၤတ အသခ်ၤတ တရားတို့ကို သိတော်မူသော။ ဝါ=သော။ အရဟတော=ဗြဟ္မာ နတ်လူ သုံးဘုံသူတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော။ မဟာကာရုဏိကဿ=ကြီးကျယ်မြင့်မြတ်သော ကရုဏာရှိတော်မူသည်ဖြစ်၍။ ဘိက္ခု ဘိက္ခုနိနံ=တို့အား။ ယထာပရာဓံ=စ့ဘ။ ဝိနယပညာပကဿ= ဝိနည်း ပိဋကကို အပြားအားဖြင့် သိစေတော်မူတတ်သော။ ဝါ=ဝိနည်းပိဋကကို ဟောတော်မူတတ်သော။ ဝါ=ဝိနည်း ပိဋကကို ပညတ်တော်မူတတ်သော။ တဿ ဘဂဝတော=အား။ အဟံ= ငါသည်။ နမော=ရှိခိုးခြင်းကို။ ကရောမိ=ပြု၏။ တေန=ထို ရှိခိုးကြောင်း ပဏာမစေတနာကြောင့်။ သဗ္ဗေ=ခပ်သိမ်းကုန်သော။ အန္တရာယာ=အဇ္ဈတ္တ ဗဟိဒ္ဓဖြစ်သော အန္တရာယ်တို့သည်။ အသေသတော=အကြွင်းအကျန် မရှိသောအားဖြင့်။ ဝိနဿန္တု=ပျောက်ပျက်စေကုန်သတည်း။

ဤကား ဝိနည်းကျမ်းစာနှင့် လျော်ညီအောင် မဟာကာရုဏိကဿ–စသော ထည့်သင့်သော ပုဒ်တို့ကို ထည့်၍ နမော တဿ အနက်ယောဇနာ ချက်တည်း။ ဆရာတော်ကား ကေန္တဠာနာဠာန ကောသလ္လ ပညာရှင်ကြီးလည်း ဖြစ်တော်တော်မူပါပေ၏။

ဌာနာဌာနေသု နေပုညော၊ ပုညော ပုညေန သံယုတော။
သံယုတော ဂန္ဆကိစ္စေသု၊ သုဓီ ဓီရော ဝိစက္ခဏော။

ဆရာတော်သည်—

တိလောကတိလကံ ဗုဒ္ဓံ၊ ဝန္ဒေ သုဒ္ဓဂုဏာကရံ။
ကရုဏာသီတလီဘူတ-ဟဒယ မဟိတောဒယံ။

ဟူသော ဂန္ထာရမ္ဘ အစအဦး ဂါထာကို—

အဟံ= ငါသည်။ တိလောကတိလကံ=လူ နတ် ဗြဟ္မာ သတ္တဝါ ၃-ဦးတို့၏ မှန်ကူသဖွယ် ဖြစ်တော်မူသော။ဝါ=သုံးလောကမှန်ကူ သဖွယ်မူ။ဖြစ်တော်မူသော။ သုဒ္ဓဂုဏာကရံ=လောဘ, ဒေါသ, မောဟ အစရှိသော ကိလေသာ အညစ်အကြေးတို့မှ ကင်းဝေး စင်ကြယ်တော်မူသော အရဟတ္တမဂ်ဉာဏ်, သမ္မာညုတဉာဏ် အစရှိသော ဂုဏ်တော်တို့၏ တည်ရာဖြစ်တော်မူသော။ ကရုဏာသီတလီဘူတဟဒယံ=ကရုဏာတော်ဖြင့် ချမ်းမြအေးကြည်သော ရေချမ်း အိုးမဟုတ်သော်လည်း ရေချမ်းအိုးကဲ့သို့ ဖြစ်၍ဖြစ်သော ချမ်းမြအေးကြည် သော စိတ်ရှိသည်လည်း ဖြစ်သော။ ဝါ = ချမ်းမြ အေးကြည်သည်၏ အဖြာဖြာသို့ ရောက်သော ကရုဏာနှင့် ယှဉ်သော စိတ်လည်း ရှိတော်မူ ထသော။ မဟိတောဒယံ=လူနတ်ဗြာဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကိုခံထိုက် သော သမ္မာညုတဉာဏ်တည်းဟူသော နေမင်း၏ထွက်ပေါ်ရာ အရုဏတ္တမဂ်ဉာဏ် တည်းဟူသော ဥဒယ်တောင် ရှိတော်မူသော။ ဗုဒ္ဓံ=မြတ်စွာဘုရားကို။ ဝန္ဒေ= ရှိခိုးပါ၏။ ဟူ၍ အနက်ယောဇနာတော်မူသည်။

ကိဉ္စေတ္ထဝါကျ

ကိဉ္စေတ္ထဝါကျ အပါရှိဆုံး ကျမ်းတကျမ်း ပြောပါဆိုလျှင် ဝဇီရဗုဒ္ဓိဋီကာကို ပြောပါလေ။ ဝဇီရဗုဒ္ဓိဋီကာ၌ ကိဉ္စေတ္ထဝါကျ ၄-နေရာခန့် ပါသည်[၁]။ ကျမ်းဂန် များ၌ ကိဉ္စေတ္ထ ထားရမည့်အစား ကိ ပနေတ္ထ ထားသည်ကို တွေ့ရ၏။

ကိ ပနေတ္ထ၊ ယဒိ တာဝ ဧကော၀၊ ဧကကာရဏဝါဒေါ အာပဇ္ဇတိ[၂]။ အာဘိ၊ ဌ၊၂။၁၃၉ နှင့် တိုက်ဆိုင်၍ ကြည့်ရှု၏။ အဋ္ဌသာလိနီ အဋ္ဌကထာ ကုသလတိက် အဖွင့်[၃]။ ကခ်ီဋီကာသစ် သုက္ကဝိဿဇ္ဇီ သိက္ခာပုဒ်အဖွင့်[၄]။ ပါရာဇိကာက် အဋ္ဌကထာ သုက္ကဝိဿဇ္ဇီသိက္ခာပုဒ်[၅] တို့၌လည်း လာရှိ၏။

၁။ ဝဇီရ ၁၃၇၊ ၂၁၇၊ ၂၃၄၊၄၅၉-ကြည့်။
၂။ အဘိ၊ဌ၊၁။၀၂။
၃။ ဝိ၊ဋ၊၂-၁၀၀။ပခုက္ကဋ္ဌ။ စာချုပ်လည်း-ကြည့်။
၄။ ဝိသုဒ္ဓိ- ၂၁၇၃။
၅။ ကခ်ီဋီ၊သစ်- ၂၂၇။

စောဒကပုဂ္ဂိုလ်သည် မူလဝါကျစကား၌ အပြစ်ဖော်ထုတ်လို၍ မိမိအာဘော်ကို မပြပဲ အမေးသက်သက်ဖြင့် လေ့လာခဲ့လျှင် မပြည့်စုံ အသိခက်နေသေး၍ စောဒကအာဒေါဘ် ထင်ရှားလာဖို့ရန် ထုတ်လှန်မေးလိုသဖြင့် ကိဉ္စေတ္ထကို ဆရာတို့ ထားတော်မူကြသည်။

(ဆောင်) အပြစ်ထုတ်ဆို ပြလို၍သာ သူမေးလာသော် အာဘော်ဝှက်ရေး ပြန်၍မေး ထုတ်ရေး ကိဉ္စေတ္ထ။ (ဧရေးဆောင်နိယ်)

ဘုရားကြီးဆရာတော် အရှင်ဇာဂရာဘိဝံသပုဂ္ဂိုလ်ကျော်က ကိဉ္စေတ္ထတွေ့လျှင် အနက်ပေးရန်နည်းကို—

(ဆောင်) "ကိဉ္စေတ္ထပုဒ် ထုတ်၍ရှိမူ ကိဉ္စိနောက်မှ အဝသိဋ္ဌံ ယံ အတ္ထိနှင့် တံ ဗြူဟိကို ဆို၍ထည့်ငြား ဧရှနားကမှာ တဝ စောဒနာ အသမတ္တာကို ဆောင်ကာစွက်၍ အနက်သမ္မန်မြဲ" ဟူသော နိယံဖြင့် နည်းပေးတော်မူသည်။

ဆရာတော် အရှင်ပညာ၏ ကိဉ္စေတ္ထဝါကျ အနက်ယောဇနာပုံ

ကိဉ္စေတ္ထ—

ယဒိ တာဝ သုတ္တော ပဿတိ၊ အဘိဓမ္မဝိဇောဓော အာပဇ္ဇတိ.... ဝေဠုသတိ သုပိနဿ အဘာဝေါဝ အာပဇ္ဇတီတိ။

(ကင်္ခါ၊ဋ္ဌ၊သစ်။ ၂၂၀။)

ဘဒြမုခ=ကောင်းသောမျက်နှာရှိသော အရှင်စောဒကဆရာ။ ကိံ ပနေတံ ပဿန္တော သုတ္တော ပဿတိ၊ ပဋိဗုဒ္ဓါ၊ ဥဒါဟု နေဝ သုတ္တော နု ပဋိဗုဒ္ဓါတိ= ဟူ၍။ ဝါ=သော်။ ယံ ဝစနံ=ကို။ တယာ=သင် စောဒကဆရာသည်။ဝုတ္တံ= ဆိုအပ်ခဲ့လေပြီ။တ္ထေ တေသ္မိံ ဝစနေ=၌။ တဝ=သင်စောဒကဆရာ၏။ စောဒနာ=စောဒနာခြင်းသည်။ ဝါ=အပြစ်တင်ခြင်းသည်။ ဝါ=အပြစ်တင်ချက်သည်။ အပရိပုဏ္ဏာ=မပြည့်စုံ မလုံလောက်သေး။ ကိန္တု=စိုးစဉ်းအနည်းငယ် ဆိုဖွယ်စကားသည်။အဝသိဋ္ဌံ=ကြွင်းကျန်သေး၏။ တံ ဝစနံ=ထို ကြွင်းကျန်လစ်လပ် စကားရပ်ကို။ တုံ=သင် စောဒကဆရာသည်။ တာဝ ဗြူဟိ=ပွင့်ပွင့်လင်းလင်း ဆိုစမ်းပါဦးလော့။ ဣတိ=ဤသို့။ ပရိဟာရာစရိယော=ပရိဟာရ်ဆရာသည်။စောဒကံ=စောဒကပုဂ္ဂိုလ်ကို။ ပဋိစောဒေတုံ=တဖန်ပြန်၍ စောဒနာစိမ့်သောငှါ။ ဥယျောဇေတိ=တိုက်တွန်း၏။

ကိဉ္စေတ္ထာတိ ပဒေန=ကို ဥဒ္ဒေတ္ထဟူသောပုဒ်ဖြင့်။ ပရိဟာရာစရိယေန=ပရိဟာရ်ဆရာသည်။ ပဋိစောဒေတုံ=ငှါ။ ဥယျောဇိတော=တိုက်တွန်းအပ်သော။

စောဒကော=သည်။ပဋိစောဒေတိ=တဖန်ပြန်၍ စောဒနာ၏။ ကိ˙=သို့။ ပဋိ-စောဒေတိ=နည်း။

ဘဒ္ဒမုခ=ကောင်းသော မျက်နှာရှိသော အရှင်ပရိဟာရ်ဆရာ။ အဟံ=သည်။ တံ အဝသိဋ္ဌဝစနံ=ကို။ ဖြူ့ခံ=ပွင့်ပွင့်လင်းလင်း ဆိုပါဦးအံ့။ တုံ့=သင် ပရိဘာရ်ဆရာသည်။သာဓုကံ=ကောင်းစွာ။ သုဏောဟိ=နားထောင်ပါလော့။ ဇတံ သုပိနံ=ကို။ပဿန္တော=သော။ ပဂ္ဂလော=သည်။ တာဝ=ရှေးဦးစွာ။ သုတ္တော=အိပ်ပျော်ခိုက်။ ယဒိ ပဿတိ=အကယ်၍ မြင်မက်အံ့။ဧဝံ သတိ=သော်။ အာဘိဓမ္မဝိရောဓော=အာဘိဓမ္မာနှင့် ဆန့်ကျင်ခြင်းသည်။ အာပဇ္ဇတိ=ဖြစ်ရာ၏။ ကသ္မာ=ကြောင့်။ အာဘိဓမ္မဝိရောဓော=သည်။ အာပဇ္ဇတိ=နည်း။ ဟိ ယသ္မာ=ကြောင့်။ သုတ္တော=အိပ်ပျော်သော ပုဂ္ဂိုလ်သည်။ဘဝင်္ဂစိတ္တောနေ=ဖြင့်။ သုပတိ=၏။တံ ဘဝင်္ဂစိတ္တံ=သည်။ရူပနိမိတ္တာဒိအာရမ္မဏံ ဝါ=ရူပနိမိတ် အစရှိသည်လျှင် အာရုံရှိသည်လည်း။ နု ဟောတိ=မဖြစ်။ သုပိနံ=ကို။ ပဿန္တော-သော စ=မြင်မက်သော ပုဂ္ဂိုလ်အားလည်း။ ဤဒိသာနိ=ကုန်သော။ စိတ္တာနိ=ရူပနိမိတ် အစရှိသည်လျှင် အာရုံရှိသော စိတ်,ရာဂ အစရှိသည်တို့နှင့် ယှဉ်သော စိတ်တို့သည်။ဥပပဇ္ဇန္တိ=ဖြစ်တတ်ကုန်၏။ တသ္မာ=ကြောင့်။အာဘိဓမ္မဝိရောဓော=သည်။အာပဇ္ဇတိ=၏။

အထ=ယင်းသို့မဟုတ်၎။ ဧတံ သုပိနံ=ကို။ပဿန္တော=သည်။ပဋိဗုဒ္ဓါ=နိုးကြားခိုက်။အထ ပဿတိ=အံ့။ဧဝံ သတိ=သော်။ ဝိနယဝိရောဓော=သည်။ အာပဇ္ဇတိ = ဖြစ်ရာပါ၏။ ကသ္မာ = ကြောင့်။ ဝိနယဝိရောဓောသည်။ အာပဇ္ဇတိ=နည်း။ ဟိ ယသ္မာ=ကြောင့်။ ယံ သုပိနံ=ကို။ ပဋိဗုဒ္ဓါ=ခိုက်။ ပဿတိ=၏။တံ သုပိနံ=ကို။ သဗ္ဗေဟာရိကစိတ္တေနေ=အာပတ်၏အကြောင်းဟု ခေါ်ဝေါ် ပြောပလောက်သောစိတ်ဖြင့်။ ပဿတိ=၏။ သဗ္ဗေဟာရိက-စိတ္တေန စ=ဖြင့်လည်း။ ဝိတိက္ကမေ=ကျူးလွန်ကျော်နင်းခြင်းကို။ ကတေ= ပြုအပ်သည်ရှိသော်။ အနာပတ္တိနာမ=သည်။ နတ္ထိ=မရှိ။ ပန=စင်စစ်သော် ကား။ သုပိနံ=ကို။ ပဿန္တေန=သည်။ ဝိတိက္ကမေ=ကို။ ကတေ=သော်။ ဧကန္တံ=စင်စစ်။ အနာပတ္တိ ဧဝ=သည်သာလျှင်။ ဟောတိ=၏။ တသ္မာ= ကြောင့်။ ဝိနယဝိရောဓော=သည်။ အာပဇ္ဇတိ=၏။

အထ=ယင်းသို့ မဟုတ်ပဲ။ ဧတံ သုပိနံ=ကို။ ပဿန္တော=သည်။ နေဝ သုတ္တော နု ပဋိဗုဒ္ဓါ=ပျော်ခိုက်လည်းမဟုတ်, နိုးကြာ.ခိုက်လည်း မဟုတ်ပဲ။ အထ ပဿတိ=အံ့။ ဧဝံ သတိ=သော်။ ကော နာမ=အဘယ်မည်သော ပုဂ္ဂိုလ်အမျိုးအစားသည်။ ပဿတိ=မြင်မက်ပါတော့အံ့နည်း။ နု ပဿတိ ဧဝ= မမြင်မက်နိုင်တော့သည်သာလျှင်တည်း။ ဧဝံ=ဤသို့ အိပ်မက်ကို မမြင်မက် နိုင်ခြင်းသည်။ သတိ စ=ရှိခဲ့သော်ကား။ သုပိနသ=၏။ အဘာဝေါဝ=မရှိ

ခြင်းသည်သာလျှင်။ အာပဇ္ဇတိ=ဖြစ်ခဲ့ရာ၏။ ဣတိ=ဤသို့။ ပဋိစောဒေတိ=၏။

ဘဒြမုခ=ကောင်းသော မျက်နှာရှိသော စောဒကဆရာ။ သုပိနဿ=၏။ အဘာဝေါ=သည်။ နအာပဇ္ဇတိ=မဖြစ်နိုင်။ ဣတိ အယံ=ကား။ သောဓနာ=တည်း။ ကဿမာ=ကြောင့်။ သုပိနဿ=၏။ အဘာဝေါ=သည်။ နအာပဇ္ဇတိ=နည်း။ ဣတိ အယံ=ကား။ ပုစ္ဆာ=တည်း။ ယသ္မာ=ကြောင့်။ ကပိမိဒ္ဓပရေတော=မျောက်၏အိပ်ခြင်းနှင့်တူသော အိပ်ခြင်းမျိုးသည် နှိပ်စက်အပ်သော ပုဂ္ဂိုလ်သည်။ ဝါ=မျောက်၏အိပ်ခြင်းနှင့်တူသော အိပ်ခြင်းဖြင့် အိပ်သော ပုဂ္ဂိုလ်သည်။ ဝါ=မျောက်မြီး အိပ်စဉ် အိပ်ခသော ပုဂ္ဂိုလ်သည်။ သုပိနံ=ကို။ ပဿတိ=၏။ တသ္မာ=ကြောင့်။ သုပိနဿ=၏။ အဘာဝေါ=သည်။ နအာပဇ္ဇတိ=မဖြစ်။ ဣတိ အယံ=ကား။ ပရိဟာရော=တည်း။

ဤသည်လျှင် ဆရာတော် အရှင်ပညာ မဟာထေရ်မြတ်၏ ကခ်ါ ဋီကာသစ်လာ ကိုဠေတ္ထဝါကျ ယောဇနာပုံတည်း။

ယင်း ကခ်ါဋီကာသစ် နိဿယကျမ်းကြီး ပုံနှိပ်စာမူအဖြစ် မရောက်ခြင်းသည် ပရိယတ္တိသာသနာအတွက် ဟာကွက်တခု ဖြစ်ပေသည်။

ကခ်ါဘိနဝဋီကာယ၊ နိဿယမို့ သုဓီတိမာ။
အကာ သမ္မုဒ္ဓစက္ကဿ၊ ဝေပုလ္လာယ ဝိရုဠှိယာ။

ပဥ္စစတ္တာလီသမပိုင်း

ဝိနီဆ္ဆယမျိုးစုံ

ဆရာတော်သည် ဂိုဏ်းဂဏဦးစီး, စာသင်ကျောင်းတိုက်ကြီး၏ ဦးစီးမဟာနာယကကြီးဖြစ်ရာ အနယ်နယ် အစို့စို့ အမြို့မြို့အရွာရွာရှိ တပည့်တပန်းတို့ထံမှ သက်ဆိုင်ရာ အဆုံးအဖြတ်များ ရလိုကြောင်း လျှောက်ထားကြကုန်၏။ သို့ဖြစ်၍ အဆုံးအဖြတ်များစွာကို ဆုံးဖြတ်စီရင်တော်မူခဲ့လေသည်။ ၎င်းအဆုံးအဖြတ်တို့မှာ—

(၁) ပါဒဝိနီဆ္ဆယ

(၂) သတ္တာဟကရဏီယဝိနီဆ္ဆယ

(၃) သာမဏေဖြစ်၍ ပုရိမဝါဆို၍ ပစ္ဆိမဝါတွင် ရဟန်းခံသော ပုဂ္ဂိုလ်၏ ဂဏပူရကလည်းဖြစ်, ပဝါရဏာပြုခွင့်လည်း ရ ကထိန်အာနိသင်လည်း ရကြောင်း အဆုံးအဖြတ်

(၄) ပဝါရဏာ ဝိဝါဒဝိနိစ္ဆယစသောတမ်း

(၅) ဝိသုံဂါမဝိနိစ္ဆယ

(၆) ဂါမသီမာဝိနိစ္ဆယ

"ရာဇဂဟံ ဟိ ပရိက္ခိပိတ္ဝာ အင်္ဂဒါရဿ မဟာဝိဟာရာ သဗ္ဗေ ဧကသီမာ၊ ဓမ္မသေနာပတိနာ နေသံ သီမာ ဗဒ္ဓါ" ဟူသော အင်္ဂကထာပါဠိအရ ရာဇဂြိုဟ်ပြည်ဟူသော နဂရသိမ်၌ ဗဒ္ဓသိမ် ရှေးဦးစွာ သမုတ်ဘူးကြောင်း အလွန်ထင်ရှားပေ၏။ သို့ဖြစ်၍ ရာဇဂြိုဟ်ပြည်မှ တပါးသော အရပ်တို့၌ မြတ်စွာဘုရား လက်ထက်တော်အခါက အလုံးစုံသော သံဃာတော်များသည် ဂါမ, နိဂမ, နဂရသိမ်တို့၌ သံဃာ့ကံ ပြုကြရကြောင်း ထင်ရှား၏။

မြန်မာပြည် အထက်ပိုင်း သာသနာပြု အာဒိကမ္မိက အနော်ရထာမင်းလက်ထက် တနိုင်ငံလုံး၏ ကျေးဇူးရှင် အရှင်အရဟံမဟာထေရ်အစရှိသော သံဃာအပေါင်းတို့သည်လည်း တယူဇနာတွင် သိမ်တလုံးသမုတ်စဉ်အခါ ဂါမ, နဂရ, နိဂမသိမ်တို့၌သာ သမုတ်ပုံရ၏။ ကျေးဇူးရှင် ရေစကြိုဆရာတော် ဘုရားကြီးသည်လည်း ပဒုက္ကာမြို့ အရှေ့ပန်းစွာတိုက်ဟောင်း အလယ်ကျောင်းကို ခဏ္ဍသိမ်ကို အစပြု၍ ပဒုက္ကာ ဒီစတြိတ်၌ သိမ်ပေါင်းများစွာကို ဂါမသိမ်၌သာ သမုတ်တော်မူခဲ့၏။

ဤကား ဘုရားရှင် ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် ဂါမသိမ်စသည်တို့၌ သိမ်သမုတ်ပုံ ထုံးသက်သေတည်း။ ဆောင်ပြခဲ့ပြီးသော သက်သေသာဓကတို့ကို ထောက်၍ ဝိသုံဂါမ, ပကတိဂါမ, နဂရ, နိဂမသိမ်တို့၌ အပလောကနကံ စသော လေးပါးသောကံတို့ကို ထိုက်သည်အားလျော်စွာ အလိုရှိတိုင်း ပြုအပ် ပြုသင့် ပြုကောင်း၏ဟု နိဿံသယအားဖြင့် ယုံကြည်မှတ်သားအပ်၏။

[ဤမျှလောက်သော စကားအစဉ်ဖြင့် ဂါမသိမ် သမုတ်ကောင်းပြီဟု ယုံကြည်စိတ်ချလောက်ပေပြီ။ ဤမှတပါးသော သာဓကများ အလိုရှိပါမူကား မဟာဝါ ဥပေါသထက္ခန္ဓက အင်္ဂကထာနှင့် တေရသကဏ် (သာရတ္ထ)ဋီကာ, ဝိမတိဝိနောဒနီဋီကာ, ဝင်္ဂီရဗုဒ္ဓိဋီကာ, ဝိနယသင်္ဂဟ

၁။ ဝိ၊ဋ္ဌ၊၃။၃၃၁။ (မဟာဝါ၊အင်္ဂကထာ၊ ဥပေါသထက္ခန္ဓက၊ အဝိပ္ပဝါသသီမာနုဇာနနကထာ)

သိမဝိနိစ္ဆယကထာ, ၎င်းအဖွင့် ဝိနယာလင်္ကာရဋီကာတို့ကို ကြည့်ရှု ပါလျှင် ပကတိဂါမသိမ်၌ သိမ်သမုတ်သင့်ကြောင်း သိရပါလိမ့်လတ့ံ။]

(၇) ဒေသနာကြားပုံ ဝိနိစ္ဆယ

(၈) ပဋိညာယ ကာရေတဗ္ဗော ဝိနိစ္ဆယ

(၉) ကောဘာဇန ဝိနိစ္ဆယ

(၁၀) နိဿယ နိဿိတသိမ်များ သမ္ဘေဒအဇ္ဈောတ္ထရဏဖြစ် မဖြစ် ဝိနိစ္ဆယ

(၁၁) သိမ်ကူးနည်း ဝိနိစ္ဆယ

[မိမိနေထိုင်သော ကျောင်းနှင့် သိမ်ရှိရာဌာန ဝေးကွာသဖြင့် သိမ်သို့မသွားပဲ မိမိကျောင်းမှနေ၍ ကံဆောင်လိုလျှင် ၎င်းသိမ်တွင်းရှိ တိုင်ကို ကြိုးဖြင့်ချည်၍ ထိုကြိုးကို မိမိနေထိုင်သော ကျောင်းတိုင်ကို ချည်ထား၍ ကံဆောင်လျှင် ၎င်းကျောင်းတကျောင်းလုံး သိမ်ချည်းဖြစ်၏ ဟု ညောင်လွှင့်ဆရာတော်ဘုရားကြီး မိန့်ဘော်မူသည်။ ဆရာတော် ဦးပညာ]

(၁၂) ဆောင်း နွေ ရေမရှိသောမြစ်ကို ရေနိမိတ်ကြားလျှင် အပ် မအပ် ဝိနိစ္ဆယ

(၁၃) မင်းပြောင်း နယ်ပြောင်းလျှင် ဝိသုံဂါမ မပျက်ကြောင်း အဆုံးအဖြတ်

[ဝိသုံဂါမသည် မင်းတမင်း ပြောင်းသော်ငှ်း, အခြားသော နယ် တပါးနှင့် ပေါင်းသော်ငှ်း ကမ္မဝါစာဖြင့် မသမုတ်ရသေးလျှင် ပျက် သည်။ သမုတ်၍ပြီးလျှင် မင်းပြောင်း နယ်ပြောင်းသော်လည်း ဗဒ္ဓ သိမ်ကား မပျက်၊ ဝိသုံဂါမကား ပျက်သည်ဟု ဆုံးဖြတ်တော်မူသည်။]

(၁၄) သူကြီးက ဝိသုံဂါမပေးလျှင် မအပ်ကြောင်း ဝိနိစ္ဆယ

[မိမိပိုင်ဆိုင်သော နယ်ထည်းတွင် သူကြီးကိုယ်တိုင် ဝိသုံဂါမ အမိန့် ခံရသောမြေသည် အခြို့က "ယဿ ကဿစိ"ဟု သာမည မိန့်သော ကြောင့် ရ၏ဟု ဆိုကြ၏။ ထိုစကားကို ငါတို့သဘောမကျ၊ အာဘယ် ကြောင့်နည်း ရေထဲတွင် အရုပ်ရေးသကဲ့သို့ နယ်ခဲ့သီးခြား မရနိုင်၊ သူကြီးမှ တပါးသော တစုံတယောက်သူကိုသာ "ယဿ ကဿစိ"အရ ယူရမည်။ သူကြီးကို ဂါမဘောဇကအဖြစ်ဖြင့် မယူရဟု ဆရာတော် မိန့်တော်မူသည်။]

(၁၅) အခွန်မကောက်ရသောမြေ ဂါမခေတ် မည် မမည် အဆုံးအဖြတ်

(၁၆) ကျောင်းတိုက်အလယ်၌ သိမ်သမုတ်ထိုက် မထိုက် အဆုံးအဖြတ်

["ဝိဟာရမဇ္ဈေ ဗဟူနံ သမောသရဏဘာဝေန အဗန္ဓိတ္ဘာ ဝိဟာရ-ပစ္စန္တေ ဝိဝိတ္တောကာသေ ဗန္ဓိတဗ္ဗာ" ဟူသော ပါဠိဋ္ဌ ကျောင်းတိုက် အလယ်၌ ခဏ္ဍသိမ် မသမုတ်မူ၍ ဆိတ်ငြိမ်ရာ တခုတည်းသော ကျောင်းစွန်၌ ခဏ္ဍသိမ်သမုတ်ရမည် ဆိုသည်မှာ ရှေးက များသော အားဖြင့် မဟာသိမ်၌ ဥပုသ်ပဝါရဏာ စသော ကံကြီးများကို ဂါမ ခေတ်အတွင်းရှိ ရဟန်းသံဃာတို့ကို အကုန်စုပေါင်း၍ ပြုပြီးလျှင် ပဗ္ဗဇ္ဇ မုဏ္ဍကရဏစသော ကံသေး ကံငယ်ကို အလွယ်တကူ ဂါမခေတ် မဟာ သိမ်၌ တည်သော သံဃာကို မပန်ကြားရစေရန် ခဏ္ဍသိမ်၌ ပြုကြ ကုန်သည်။ ယခုကာလ၌ကား ထိုသို့မဟုတ် တိုက်တွင်းရှိ သိမ်သီးခြား ခဏ္ဍသိမ်၌ အသီးသီး ကံကြီး ကံငယ် ပြုကြကုန်၍ ကျောင်းတိုက် အလယ်တွင် သမုတ်ကြသည်၊ သမုတ်သော်လည်း အပြစ်မရှိ။ ဦးပညာ]

(၁၇) မဟာသိမ် ခန္ဓသိမ် သမုတ်ပုံ အဆုံးအဖြတ်

[မဟာသိမ် ခဏ္ဍသိမ် သမုတ်လိုလျှင် ရှေးဦးစွာ ခဏ္ဍသိမ်ကို သမုတ်၍ နောက် ခဏ္ဍသိမ်မှထွက်၍ မဟာသိမ်၌တည်လျက် ခဏ္ဍသိမ်၏ သီမန္တ ရိုက်တို့ အကွာအခြား မည်၍မည်မျှ ကျယ်ကြောင်းနှင့်တကွ ကြားပြီး၍ မဟာသိမ်နိမိတ်ကို ကြားရမည်၊ ထို့နောက် မဟာသိမ်၌ တည်လျက် သမုတ်အပ်၏။

မဟာသိမ် ခဏ္ဍသိမ်တို့ကို တပြိုင်နက် နိမိတ်ကြား၍ သမုတ်လိုလျှင် ရှေးဦးစွာ ခဏ္ဍသိမ်၏ နိမိတ်ကိုကြား၊ ထို့နောက် ၎င်းခဏ္ဍသိမ်၏ သီမန္တရိုက်ကိုကြား၊ ထို့နောက် မဟာသိမ် နိမိတ်ကို ကြားပြီးလျှင် ခဏ္ဍသိမ်ကို ရှေးဦးစွာသမုတ်၊ ထို့နောက် ခဏ္ဍသိမ်မှထွက်၍ မဟာသိမ်၌တည်လျက် သမုတ်အပ်၏။ တွင်းတူး ရေထည့်၍ နိမိတ်ဖြင့် သိမ်သမုတ်ရာ သမာနသံဝါသကသိမ် သမုတ်ပြီး၍ အဝိပ္ပဝါသကမ္မဝါစာ ဖတ်မည်ဟု ပြင်နေခိုက် ရေခန်းသွားရာ အဝိပ္ပဝါသသိမ်သမုတ်သော အခါ နိမိတ်ပင် မရှိသော်လည်း ကိစ္စမရှိ၊ သမာနသံဝါသက သမုတ်စဉ်က သမာနသံဝါသကသိမ် ထမြောက်အောင်မြင်လျှင် အဝိပ္ပဝါသသိမ် အောင်တော့သည်သာ နိမိတ်အတွက် လင်းပါးရန်မရှိ။ ဦးပညာ]

(၁၈) သီမာသမ္ဘေဒ ဝိနိစ္ဆယ

(၁၉) သမာနသံဝါသကမ္မဝါစာနိဂုံး၌ သာ ပါသင့် မပါသင့် ဝိနိစ္ဆယ

[သမာနသံဝါသက သိမ်သမုတ်ရာ ကမ္မဝါစာများတွင် မန္တလေး တမာကုန်း ကမ္မဝါစာနိဂုံး၌ "သမ္မတာ သာ သီမာ" ဟု သဗ္ဗနာမ်

ဖြစ်သော သာ-သဒ္ဒါ ပါလျက်ရှိ၏။ ထိုသို့ ပါရာတွင် ကမ္မဝါစာမှာ ပိုသည့်အတွက် အပြစ်မရှိ၊ ယုတ်လျော့ခြင်းသာ အပြစ်ရှိသည်ဖြစ်၍ သာ-သဒ္ဒါ ပါသော်လည်း ကိစ္စမရှိဟု ကင်းပွန်းတောင် ဆရာတော် ဆုံးဖြတ်တော်မူသည်။ ထို အဆုံးအဖြတ်ကို ပခုက္ကူဆရာတော်ဘုရားကြီး အရှင်ပညာ နှစ်သက်တော်မမူ။ အကြောင်းကား ကမ္မဝါစာဆိုသည်မှာ မြတ်စွာဘုရား ဟောတော်မူသည့်အတိုင်း ရှိရမည်၊ အပိုအလို မရှိရဖြစ်သည် တကြောင်း၊ ကမ္မဝါစာ၏ အာဒိကလျာဏ ဟူသောညာတ်, မဇ္ဈေကလျာဏ ဟူသော ကမ္မဝါ, ပရိယောသာနကလျာဏ ဟူသော နိဂုံး၊ ဤသုံးပါးသော ကလျာဏတို့တွင် အာဒိကလျာဏညာတ်, မဇ္ဈေကလျာဏ ဟူသော ကမ္မဝါစာတို့၌ "ယ တသဒ္ဒါ နိစ္စသမ္ဗန္ဓပေက္ခာ" ဟူသည်နှင့်အညီ အနိယတ် ယ-သဒ္ဒါ မပါပဲလျက် အဆုံးမှာ တ၏ကာရိယ သာ-ပါ၍ နေသဖြင့် ထိုအဆုံး၌ သာ သဒ္ဒါနိယတ်၏ စဲဖို့ရန် အနိယတ် ရှာ၍မရသောကြောင့်ငင်း မပါသင့်ဟု ဆုံးဖြတ်တော်မူသည်။]

(၂၀) ရေနိမိတ်ဝိနိစ္ဆယ

[တွင်းထဲသို့ ရေလောင်း၍ ရေနိမိတ်ကြားရာ၌ တွင်းသည် ရေလွန်စွာ စုပ်လှသဖြင့် ရေမစုပ်စေရန် အတွင်းမှ ရုံညှန်စေးတို့ဖြင့် လိမ်းကျံ၍ လောင်းခြင်းဖြင့်ငင်း, တွင်းထဲ၌ ပွေးတွင်း ထူးပေါက်များတွေ့၍ငင်း, အပေါက်တို့ကို မြေဖြင့် ပိတ်ဆို့ကာ ရေလောင်းခြင်းဖြင့်ငင်း ရေနိမိတ်ကြားလျှင် ဘာဇနဂတိကဖြစ်၍ ဝိနယဂရုက ပုဂ္ဂိုလ်တို့ မပြုကြသောကြောင့် သတိထားရာ၏။

ငင်းပြင် ကမ္မဝါစာ ဖတ်ရာတွင် နှစ်ပါးက အဖတ်မှားလျှင် မတားမြစ်အပ်၊ ၃-ပါးဖတ်မှ ကံမြောက်သည်ဟု စာမရှိ၍ တပါးမှန်လျှင် ကံမြောက်၏။ ဦးပညာ]

(၂၁) ပိုအဆုံးအဖြတ်

ဆရာတော်၏ ပိုအဆုံးအဖြတ်၌ ရှေးဦးစွာ ပိုအယူအဆများတောင်တောင်များများကို ထုတ်ပြတော်မူ၏။ ဆရာတော် အကြိုက်ကို လုံးပတ်အားဖြင့် ထွေးခံလုံးမျှ ပမာဏရှိ၍ အရှည် တတောင်ခန့် ရှိလျှင် ကျောက်နိမိတ် လျောက်ပတ်၏-ဟု မိန့်တော်မူသည်။

(၂၂) ပခုက္ကူ။ ဆင်လမ်း မြောက်ကျောင်းအရုံနှင့်စပ် ဝိဝါဒါဓိကရုဏ်း အဆုံးအဖြတ်

ဤသို့ စသည်ဖြင့် ဆရာတော် ဆုံးဖြတ်အပ်သော ဝိနိစ္ဆယတို့ကား များစွာ ရှိကုန်၏။ ယခု ဖော်ပြသော အဆုံးအဖြတ် များကား မိမိတွေ့ရှိသမျှ ဖော်ပြခြင်း ဖြစ်သည်။ မိမိ မတွေ့ရှိသော အဆုံးအဖြတ်တို့ အများအပြား ရှိကုန်သေး၏။

ရစယီ ဝိနိစ္ဆယေပိ၊ ဝိနိစ္ဆယေ သုကောဝိဒေါ။
ယတီနံ ဝိနိစ္ဆယေသု၊ ကောသလ္လာယ ဟိတာယ စ။

ကျမ်းဂန်ရေးသား စာပေပညာရှင်၏ ပင်ပန်းမှု

ဆရာတော်ကား လွန်စွာ ဝိရိယ ကြီးမားသည့် ပုဂ္ဂိုလ်တည်း။ ဉာဏ်ပညာလည်း လွန်စွာ ထက်မြက် ထူးချွန်တော်မူသည်။ သာသနာတော်၌ လုပ်အား အချိန်ပြည့် ပေးတော်မူသည်။ သံဃာ ၉၀၀, ၁၀၀၀-ခန့် ရှိသည့် တိုက်တာ အုပ်ချုပ်မှုကိုလည်း လုံလ စိုက်သည်၊ သံဃာတော် အပေါင်း သောင်းချီရှိသည့် မဟာဝိသုတာရုမိက ဂဏဝါစကနိကာယ ကြီးကိုလည်း ဦးစီး ဦးကိုင် ပြုတော်မူရသည်။ တနေ့စာဝါ ၂-ဝါသော်၎င်း, ၃-ဝါသော်၎င်း, ၄-ဝါသော်၎င်း ချပို့တော်မူသေးသည်။ သည်ကြားထဲတွင် ကျမ်းဂန်များစွာတို့ကိုလည်း အပင်ပန်းခံ၍ ပြုစုတော်မူသေးသည်။ ကျမ်းပြုဆရာ စာပေ ပညာရှိ ကဝိဓိုရပုဂ္ဂိုလ်၏ ပင်ပန်းမှုကို ကျမ်းပြုနိုင်လောက်အောင် တတ်သိသည့် ပညာရှိ ပုဂ္ဂိုလ်တို့ သည်သာလျှင် သိကုန်၏။စျာန်၏ အရသာကို စျာန်ဝင်စားနိုင်သော စျာန်ရသူတို့သာ သိနိုင်သကဲ့သို့ စျာန်မရသူတို့ တဆင့်ကြားဖြင့် မသိနိုင်သကဲ့သို့ တည်း။

စျာယီဝ စျာနသုခမဂ္ဂရသံ ဝိဒန္တိ၊
ဇာနန္တိ ကိန္တု သုတိမဂ္ဂရသံ ဒုဝိညေ။
ဧဝံ ဂန္ထကာရကဿ ပရိဿမဉ္ဉ၊
ဇာနန္တိ သာဓုကဝယော ကဝိတ္တနဉ္ဉ[၁]။

ဆစတ္တာလီသမပိုင်း

ရွှေစက်တော်ဘုရားဖူး ကြွတော်မူခြင်း

ဆရာတော်သည် ၁၂၉၅-ခုနှစ်လောက်တွင် မင်းဘူးခရိုင် နမ္မဒါမြစ်ကမ်း အနီးရှိ ဘုရားဘုန်းမော် ခြေတော်ရာနှင့် သစ္စဗန္ဓတောင်ထိပ်ရှိ ဘုရားမြတ်စွာ၏

၁။ သာသနာဝံသဒီပ-၂-ဂါထာ။

ခြေတော်ရာတို့ကို ကြွရောက်ဖူးမြင်တော်မူခဲ့လေသည်။ ယင်းသို့ ကြွတော်မူစဉ် မကွေး မင်းဘူးနယ်ပယ်ရှိ တပည့်တပန်းတို့က မျှားစွာ ကူညီကြကုန်၏။ ဆရာတော်သည် မိမိတပည့်မျှားဖြစ်ကြသော မဟာဝိသုတာရာမတိုက်ထွက် တပည့်မျှားကို ပရိယတ္တိ ကန်ပေါင်ကန်သင်းကြီး ခိုင်ခိုင်ဖွဲ့ဖို့လည်း ဩဝါဒပေးတော်မူခဲ့သည်။

သစ္စဗန္ဓမို သော ဂန္ဆာ၊ ပါဒကေ် ဒဘိပူဇယိ။
နာထဿ လောကဇေဋ္ဌဿ၊ သမ္မုဒ္ဓဿ သိရိမတော။

ပခုက္ကူပခန်းကြီးနယ် ဒုတိယဂိုဏ်းချုပ်

ဆရာတော်သည် သက်တော် ၄၇-နှစ် သိက္ခာဝါ ၂၇-ဝါ အရတွင် ဝိသုဒ္ဓသီလာစာရ ကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်, ဝိသုဒ္ဓသီလာစာရဂေဿိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်, ဝိသုဒ္ဓသီလာစာရသီရိပဝရ ဓမ္မသေနာပတိမဟာဒသံဃရာဇာ ဘွဲ့တံဆိပ်တော်နှင့် ဒီလစ် (D - Litt) ဘွဲ့တံဆိပ်တော်ရ တောင်ခွင်သာသနာပိုင် ဆရာတော်ဘုရားကြီး၏ ပဒုက္ကူပခန်းကြီးနယ် ဂိုဏ်းချုပ်ဆရာတော်အဖြစ် ခန့်အပ်ခြင်းကိုလည်း ခံယူတော်မူရလေသည်။

မဟာသံဃရာဇာ သာသနာပိုင်ဆရာတော် အမိန့်တော်

ယင်းသို့ ဂိုဏ်းချုပ်ခန့်အပ်ကြောင်း သာသနာပိုင်၏ အမိန့်တော်ကို သက္ကရာဇ် ၁၂၄၇-ခု နယုန်လဆုတ် ၁၀-ရက် နေ့စွဲဖြင့် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် အရှင်ပညာမဟာထေရ်ထံ ပို့တော်မူခဲ့လေသည်။ သာသနာပိုင် ဆရာတော်အမိန့်ကို မူရင်းအတိုင်း ဖော်ပြအပ်ပါသည်။

ဝိသုဒ္ဓသီလာစာရ သိရိပဝရဓမ္မသေနာပတိ မဟာသံဃရာဇာ
မဟာသံဃရာဇာ သာသနာပိုင်အမိန့်တော်

ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော အနာဝရဏ မဟာဝဇိရစသော ဉာဏ်တို့ဖြင့် ခြုံရုံအပ်သော သဗ္ဗညုတဉာဏ်ရှင်ဖြစ်တော်မူသော မြတ်စွာဘုရား၏ သာဝကြီး သြရသ တတိယ မဟာသာဝက အရှင်မဟာကဿပ စသော ရဟန္တာ အရှင်မြတ်တို့၏ သိဿာနုသိဿ ဖြစ်တော်မူကြသော ရှေးရှေးသော မဟာသံဃရာဇာ သာသနာပိုင် ဆရာတော်ကြီးတို့ကဲ့သို့ သာသနာပိုင် ဌာနန္တရကွာသရိယပိုင် ပဂ္ဂိုလ်အဖြစ်ကို နိုင်ငံရှင်အစိုးရမင်းတို့ အမှတ်ပြုခြင်း အမိန့်တော်နှင့်တကွ "ဝိသုဒ္ဓသီလာစာရ သိရိပဝရ ဓမ္မသေနာပတိ မဟာသံဃရာဇာ" ဟူသော တံဆိပ်တော်အပ်နှင်းခြင်းမျှားကို ခံရသော မဟာသံဃရာဇာ သာသနာ

ပိုင်ဆရာတော် အမိန့်တော်ရှိသည်။ ပစ္စိမခရိုင်အဝင် ပခုက္ကူဒိစတြိက်နယ်အပါ ပခုက္ကူမြို့ မင်္ဂလာမဟာဝိသုတာရုံမ ကျောင်းတိုက်နေ အသက် ၄၇၊ သိက္ခာဝါ ၂၇ ရှိသော အရှင်ပညာကို ပခုက္ကူ။ ပခန်းကြီးနယ်အတွင်း သီတင်းသုံးနေကြကုန်သော ဂိုဏ်းအုပ်, ဂိုဏ်းထောက်, ဂိုဏ်းဝင် သံဃာတော်ဘို့ အပေါ်၌ဝိနည်း ဓမ္မကံကြောင်းအရ ပြဋ္ဌာန်းပိုင်းခြား ထုတ်ဆင့်သော ဥပဒေစည်းကမ်းနှင့်အညီ အုပ်ချုပ်ဆင့်ဆို ဆုံးမစရင်စမ့်မည်။ အရှင်ပညာကို ဒုတိယဂုဏ်းချုပ် ခန့်တော်မူသည်။

သို့ခန့်တော်မူကြောင်းလည်း မင်္ဂလာ မဟာဝိသုတာရုံမတိုက် အရှင်ပညာသည် လဇ္ဇီပေသလ သိက္ခာကာမ ပရိယတ္တိဝိသာရဒ စသော ဂုဏ်, အကြီးအကဲအထိန်းအအုပ်တို့ ပြည့်စုံစေရာသော ဂုဏ်ကျေးဇူးတို့နှင့် ညီညွတ်ပြည့်စုံသော ပုဂ္ဂိုလ်ဖြစ်သည်နှင့်အညီ ချုပ်စုပါ ဂိုဏ်းအုပ်, ဂိုဏ်းထောက်, ဂိုဏ်းဝင် သံဃာတော်နှင့်တကွ အစိုးရမင်း ရုံးတော်များက ဤ ခန့်ထားတော်မူသည့် အရာကို ထင်ရှားစိမ့်သောငှါ ဂိုဏ်းချုပ်ခန့် အမိန့်တော်ကို ပေးအပ်တော်မူသည်။

သို့ ပေးအပ်ခန့်ထားတော်မူသည့်အတိုင်း ချုပ်စုပါ ဂိုဏ်းအုပ်, ဂိုဏ်းထောက်, ဂိုဏ်းဝင် သံဃာတော်တို့အပေါ်၌ ဝိနည်းပညတ် ပရိယတ္တိဓမ္မ စသော သာသနာရေးနှင့် စပ်၍ ချုပ်အုပ်စောင့်ရှောက် ဆင့်ဆိုစီရင်ရန် အရေးကိစ္စများကို ဝိနည်းဒေသနာတော်လာသည့်အတိုင်း ညီညွတ်ကျန မှန်ကန်အောင် အစိုးရမင်းတို့ တရားမဥပဒေ ရာဇဝတ်ဥပဒေများနှင့် မဆန့်ကျင်စေရ။ သုဓမ္မာတော်က ထုတ်ဆင့်ပေးအပ်သော ဥပဒေစည်းကမ်းများနှင့်လည်း ညီညွတ်အောင် ချုပ်အုပ်စောင့်ရှောက် ဆင့်ဆိုစီရင်စေ။ ဤခန့်စာ အမိန့်တော်ရရှိသော ပုဂ္ဂိုလ်၏ ချုပ်စုပါ ဂိုဏ်းအုပ်, ဂိုဏ်းထောက်, ဂိုဏ်းဝင် သံဃာတော်အပေါင်းတို့မှာ ဂိုဏ်းချုပ် အရှင်ပညာ ဆင့်ဆိုရာ နာခံ၍ ဂန္ထဓုရ ဝိပဿနာဓုရ စသော ရဟန်း သံဃာတော်တို့ ကျင့်ဝတ်တရားများကို အားထုတ်စောင့်ရှောက် ကျင့်သုံးနေထိုင်ကြစေ။

မန္တလေးမြို့တော်

သာသနာတော် ၂၄၆၉၊

သင်္ကြာင် ၁၂၀၇-ခု၊ နယုန်လဆုတ် ၁၀-ရက်။

၁၉၂၅-ခု၊ ဇွန်လ ၅-ရက်။

မဟာသံဃရာဇာ သာသနာပိုင်ဆရာတော်

ဒုတိယဂိုဏ်းချုပ် တံဆိပ်အပ်နှင်း စာချုပ်တော်

ဒုတိယဂိုဏ်းချုပ် တံဆိပ်အပ်နှင်းစာကိုလည်း ဆရာတော် အရှင်ပညာထံသို့ တောင်ခွင်သာသနာပိုင် ဆရာတော်ဘုရားကြီးက ၁၂၈၇-ခု၊ ဝါဆိုလဆန်း ၄-ရက်နေ့တွင် ပေးပို့တော်မူရာ အောက်ပါအတိုင်း ဖြစ်၏။

ဝိသုဒ္ဓသီလာစာရ သီရိပဝရဓမ္မသေနာပတိ မဟာသံဃရာဇာ မဟာသံဃရာဇာ သာသနာပိုင်ဆရာတော်ကြီး အမိန့်တော်

ဘုန်းတော်အာလုန် ကြီးမြတ်တော်မူလှသော အနာဝရဏ မဟာဝင်္ဍရစသော ဉာဏ်တို့ဖြင့် ခြံရုံအပ်သော သဗ္ဗညုတဉာဏ်ရှင် ဖြစ်တော်မူသော မြတ်စွာဘုရား၏ သာဝကြီးသြရသ တတိယ မဟာသာဝက အရှင်မဟာကဿပ စသော ရဟန္တာအရှင်မြတ်တို့၏ သိဿာနုသိဿ ဖြစ်တော်မူကြသော ရှေးရှေးသော မဟာသံဃရာဇာ သာသနာပိုင်ဆရာတော်ကြီးတို့ကဲ့သို့ သာသနာပိုင် ဌာနန္တရ ဣဿရိယပိုင် ပုဂ္ဂိုလ်အဖြစ်ကို နိုင်ငံရှင် အစိုးရမင်းတို့ အမှတ်ပြုခြင်း အမိန့်တော်နှင့်တကွ "ဝိသုဒ္ဓသီလာစာရသီရိပဝရ ဓမ္မသေနာပတိ မဟာသံဃရာဇာ" ဟူသော တံဆိပ်တော် အပ်နှင်းခြင်းများကို ခံရသော မဟာသံဃရာဇာ သာသနာပိုင်ဆရာတော် အမိန့်တော်ရှိသည်။

"ပခုက္ကူ ပခန်းကြီး ဒုတိယဂိုဏ်းချုပ်ဆရာတော်" နိုင်ငံရှင် အစိုးရမင်းတို့က ဆရာတော်ကို အပ်နှင်းတော်မူသော စွန်နတ်အမိန့်တော်ပြန်တမ်းပါ ပုဒ်မ (၇) အရ အသီးသီးသော ဌာနန္တရအာဇာလျော်စွာ ခက်နှိပ်ရန် တံဆိပ်များကိုလည်း မြန်မာနိုင်ငံတော်အလုံးကို အုပ်ချုပ်စီရင်တော်မူသော ဘုရင်ခံမင်းမြတ်သဘော ကြိုက်ညီတော်မူခြင်း ရှိသည့်အတိုင်း ပခုက္ကူမြို့ မင်္ဂလာ မဟာဂိသုတာရာမတိုက် ဒုတိယဂိုဏ်းချုပ် ဆရာတော် အရှင်ပညာအာဇာ ဒုတိယဂိုဏ်းချုပ် ဌာနန္တရနှင့် လျော်သော ဤတံဆိပ်ကို အပ်နှင်းတော်မူသည်။

သာသနာတော်ရေးနှင့်စပ်၍ ဆောင်ရွက်ထိုက်သော ဝတ္တရားအရ လျှောက်စာ, သွင်းစာ, အမိန့်စာ, ဆုံးဖြတ်ချက်, ပေးစာ, မှာစာ, စာတမ်း, စာရင်း စသော ဌာနန္တရနှင့် ဆိုင်သင့်သမျှသော အရာရာမျိုးတို့ဝင့် ခက်နှိပ်အသုံးပြုနိုင်သည်။ ဒုတိယဂိုဏ်းချုပ် ဌာနန္တရ၌ တည်သမျှ ကာလပတ်လုံး ယခု အပ်နှင်းတော်မူသော တံဆိပ်ကို ခက်နှိပ်အသုံးပြုစေ။

မန္တလေးမြို့တော်
သာသနာတော် ၂၄၆၉၊
သင်္ကြာဇ် ၁၂၀၇-ခု၊ ဝါဆိုလဆန်း ၄-ရက်၊
။ ၁၉၂၅-ခု၊ ဇွန်လ ၂၃-ရက်၊
မဟာသံဃရာဇာ သာသနာပိုင်ဆရာတော်

သတ္တစတ္တာလီသမပိုင်း

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းသမိုင်း

ပဉ္စမမြောက် ဂျော့ဘုရင် ကေရာဇ်မင်းမြတ်သည် ခမည်းတော် သတ္တမမြောက် ဧဒ္ဒက်ဘုရင်၏ အရိုက်အရာကို ခံယူပြီးလျှင် ၁၂၇၃-ခုနှစ်၊ နတ်တော်လအတွင်း အိန္ဒိယနိုင်ငံ ဒေလီမြို့၌ အဘိသိက်သဘင် ဆင်ယင်ဆဲအခါ ပုဂံပြည် နန္ဒာဂူဒါယကာ ကျန်စစ်မင်းတရားလက်ထက် သံဃသေန မဟာထေရ်အား သံဃသေနဝရပဏ္ဍိတ ဘွဲ့တံဆိပ်, မြေးတော် ရွှေဂူကြီးဘုရားဒါယကာ အလောင်းစည်သူလက်ထက် ဓာတုတ္ထသာရကျမ်းပြု မဟာထေရ်အား မဟာအဂ္ဂပဏ္ဍိတ ဘွဲ့တံဆိပ်တော်, မြေးတော် စူဠဝမ္သီ စေတီတော် ဒါယကာ နရပတိစည်သူမင်းလက်ထက် ပဌမ မဟာအဂ္ဂ ပဏ္ဍိတမထေရ်၏တပည့် လောကုပ္ပတ္တိပကာသနီကျမ်းပြုမထေရ်အား အဂ္ဂပဏ္ဍိတဘွဲ့တံဆိပ်တော်, မြေးတော်ကျစ္စာမင်းလက်ထက် ဒုတိယ အဂ္ဂပဏ္ဍိတမထေရ်၏ တပည့်တူဖြစ်သော သဒ္ဒနီတိကျမ်းပြု အရှင်အဂ္ဂဝံသမထေရ်အား အဂ္ဂပဏ္ဍိတဘွဲ့တံဆိပ်, နရသီဟပတေ့မင်းလက်ထက် နိရုတ္တိနယပါရဂူ ဥိးကျည်ပွေ့အား ဒီသာပါမောက္ခဘွဲ့, မြင်းစိုင်း, ပင်းယ, စစ်ကိုင်း, အင်းဝ, အမရပူရ, မန္တလေး ရတနာပုံနေပြည်တော်တိုင်အောင် "ရာဇဂုရု, ရာဇာဓိရာဇဂုရု, ဓမ္မဝေသနာပတိ" စသော ဘွဲ့တံဆိပ်, ပင်းယမြို့ ဆင်ဖြူတော်လေးစီးရှင် မင်းတရားလက်ထက် အဘိဓာနပဒီပိကာဋီကာကျမ်းပြု ပညာရှိ အမတ်ကြီးအား "သိရိစတုရင်္ဂလ" ဘွဲ့တံဆိပ်, အမရပူရ မြို့တည် နန်းတည် ဘိုးတော်မင်းတရားလက်ထက် နေတိဋီကာ, သိလက္ခန်ဋီကာသစ် စသည်ကျမ်းဂန်ပြု မောင်းထောင်ပညာရှိ မင်းတိုင်ပင် အမတ်ကြီးအား "မဟာဓမ္မသင်္ဂဏီ" ဘွဲ့တံဆိပ်, သင်္ကာတကျမ်းတတ် ဗာရာဏသီဇာတိ ပုဏ္ဏားပညာရှိအား "ဂေါဝိန္ဒ မဟာရာဇိန္ဒ အဂ္ဂမဟာဓမ္မ ရာဇဂုရု" ဘွဲ့တံဆိပ်, ရတနာပုံမြို့တည်နန်းတည် ပဉ္စမ သံဂါယနာတင် မင်းတရားလက်ထက် ဝိသုဒ္ဓိမဂ် မဟာဋီကာနိဿယကျမ်းပြု ပညာရှိအမတ်အား "နေမျိုးဓမ္မကျော်သူ" ဘွဲ့တံဆိပ်များ ကပ်လှူ ချီးမြှင့်သောထုံးကို နှလုံးမူ၍ နိုင်ငံတော်အတွင်း ပိဋကတ်ကျမ်းဂန်တို့၌ ထူးထူးခြန်ခြန် တတ်မြောက်တော်မူကြသော ရဟန်းပညာရှိ, လူပုဂ္ဂိုလ်တို့အား သာသနာပိုင် တောင်ခွင်ဆရာတော်ဘုရားကြီး အကြံပေးသည့်အတိုင်း ဆက်ကပ်လှူဒါန်းရန် အမိန့်ရှိ သတ်မှတ်ထုတ်ပြန်ခဲ့လေသည်။

ယင်းသို့ ထုတ်ပြန်အမိန့်ရှိသဖြင့် ဘုရင်မင်းမြတ်ကိုယ်စား အိန္ဒိယဘုရင်ခံချုပ်က အောက်ဖော်ပြပါ ဂုဏ်အင်္ဂါအရည်အချင်းနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့အား စွန်နတ်အမိန့်နှင့်တကွ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ချီးမြှင့်ကပ်လှူတော်မူသည်။

အဂ္ဂမဟာပဏ္ဍိတ ကပ်လှူထိုက်သော အရည်အချင်းများ

[က] "တိပိဋကဓရ ဂန္ဆန္တရကောဝိဒ ပရိယတ္တိဝိသာရဒ ပဋိပတ္တိ-မာမက" ဟူသော ဂုဏ်ထူး ဝိသေသနှင့်ပြည့်စုံလျက် အဆက်ဆက် ဆောင်အပ်သော ပရမ္မရာဘတ ဝိနိစ္ဆယ အဆုံးအဖြတ်များကို နားလည်ကျမ်းကျင်ခြင်း။

[ခ] ပါဠိဘာသာဖက်ဆိုင်ရာ ပိဋကတ်ကျမ်းစာပေများကို သင်ကြားအားထုတ်ရာဖြစ်သော စာသင်ကျောင်းတိုက်ကြီး ဟည်ထောင်ပြီးလျှင် ခိုဝင်ဆည်းကပ် ရောက်ရှိလာသော ဟပည့်တပန်း ရဟန်းသံဃာများစွာတို့အား ဆုံးမ သြဝါဒပေး၍ ပညာ သင်ကြားပေးရန် မေ့မြို့စောင့်ရှောက် ထိန်းသိမ်းအုပ်ချုပ်ရသော ဣဿရိယနာယကဂုဏ်ရှိခြင်း။

[ဂ] အာစရိယ လဒ္ဓါပဒေသ စသော ဂုဏ်ကျေးဇူးအထူးရှိသဖြင့် အာစရိယပရမ္မရာသိဿာနုသိဿ ဝံသမပျက်အဆက်အနွယ်မပြယ်အောင် တပည့်တပန်း ရဟန်း သာမဏေတို့အား စာပေကျမ်းဂန် သင်ကြားချပို့ခြင်း။

[ဃ] ဆန်း, အလင်္ကာ, အဘိဓာန်, ဗျာကရဏ်း စသော ကျမ်းဂန်တို့၌ မွေလှန်ပြမ်းတီး တတ်မြောက်ကျမ်းကျင်ပြီး၍ သာသနာတော်၏ အကျိုးစီးပွါး ထွန်းကား ဖြိုးစည် မြင့်ရှည်စွာ တည်ကြောင်း ကောင်းမြတ်သော ရှေးရှေ့သော ဆရာကြီးတို့၏ သမာနဝါဒနိဿယကို ကျန စေ့ငုံ အမှီပြု၍ ကျမ်းဂန်အသစ်ပြုစုရေးသားနိုင်ခြင်း။

[င] လိမ္မာယဉ်ကျေးစေခြင်းနှင့် သဂ္ဂမောက္ခပရာယဏ အကျိုးငှါ ရဟန်း ရှင်လူတို့အား တရားဓမ္မဟောပြဆုံးမနိုင်ခြင်း။

[စ] ပရိသတ်အလယ် ကြီးခန့်ထယ်၍ ရိုသေ လေးမြတ်ဖွယ်သော အာဒ္ဓယ်ဝုစ္စိဒ္ဓ တည်ရှိခြင်း။

[ဆ] ပါတိ မောက္ခသံဝရသီလနှင့် ပြည့်စုံခြင်း ဟူသော သီလဝန္တဂုဏ်, သမာဓိဂုဏ်, ကျမ်းဂန်များကို ရေးသားနိုင်ခြင်း စသော ပညာဂုဏ် စသည် ဂုဏ်အင်္ဂါ အရည်အချင်းနှင့် ပြည့်စုံတော်မူသော သံဃထေရ်ရဟန်းတို့အား အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်လှူဒါန်းရန်ဟူသော သာသနာပိုင် ဆရာတော်သည် သုဓမ္မာဝင့် ဆရာတော် စသည်တို့နှင့် သတ်မှတ်တော်မူသည်။

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ပုဂ္ဂိုလ်များ

ယင်းသို့ သာသနာတော်ပိုင် ဆရာတော်ဘုရားကြီး၏ စိမံ့ခပ်းချက်အရ ဂျော့ဘုရင်မင်းမြတ်ကိုယ်စား အိန္ဒိယဘုရင်ခံချုပ်သည် ဖော်ပြခဲ့ပြီး ဂုဏ်အင်္ဂါညီ ကျမ်းဂန်တတ် ရဟန်းပုဂ္ဂိုလ်နှင့် ကျမ်းဂန်တတ် လူပုဂ္ဂိုလ်တို့ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ၁၂၇၆-ခုနှစ် အနေဖြင့် စတင် ဆက်ဘပ် လှူဒါန်းခဲ့လေသည်။ ငွေဒင်္ဂါးကျပ် ၁၀၀-တန် နဝကမ္မကိုလည်း နှစ်စဉ် လှူဒါန်းလေသည်။ ပခုက္ကူမြို့ မဟာဝိသုတာရုံမ တိပိဋကာ စာသင်ကျောင်းတိုက်ကြီး၏ အဓိပတိ မဟာနာယက ဖြစ်တော်မူသော ဆရာတော် အရှင်ပညာမဟာဆေရှ်မြတ်သည် ၁၂၉၇-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့ ဆက်ကပ်ခြင်းကို ခံယူတော်မူရလေသည်။ (နောက်တွင် အကျယ်ဖော်ပြလတ္တံ့)

အင်္ဂလိပ်မင်းလက်ထက် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များ, လူပုဂ္ဂိုလ်များနှင့် လွှတ်လပ်ရေး ရပြီးနောက် မြန်မာပြည်ပိုင် မင်းတို့လက်ထက် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်များကို ဤ၌ နှစ်နှင့်တကွ ဖော်ပြအပ်ပါသည်။

၁။ ဆရာတော် ဦးဝိသုဒ္ဓ၊ ဝိသုဒ္ဓါရုံတိုက်သစ်၊ အနောက်ပြင်၊ မန္တလေး (၁၂၇၆-ခု)

၂။ သုဓမ္မာဝင် မင်္ဂလာစံကျောင်းဆရာတော်၊ (၁၂၇၆-ခု)

၃။ သံဃနာယက မောက်ကြို့ဆရာတော် ဦးပညာ၊တိုက်တော်၊ အနောက်ပြင် မန္တလေး၊ (၁၂၇၆-ခု)

၄။ ဆရာတော် ဦးဇောတ၊ စိန်ပန်းကျောင်းသစ်၊အနောက်ပြင်၊မန္တလေး၊ (၁၂၇၆-ခု)

၅။ ဆရာတော် ဦးဂုဏ၊ ကျောက်ပန်းတောင်းကျောင်းဆရာတော်၊ တိုက်တော်၊ အရှေ့ပြင် မန္တလေး၊ (၁၂၇၆-ခု)

၆။ ဆရာတော် ဦးအာသဘ၊ ဂိုဏ်းအုပ်ဆရာတော်၊ ငါးထပ်ကြီးကျောင်းတိုက်၊ ရန်ကုန်၊ (၁၂၇၆-ခု)

၇။ ဆရာတော် ဦးသီဟ၊ စလင်းတိုက်၊ ရန်ကုန်၊ (၁၂၇၆-ခု)

၈။ ဆရာတော် ဦးဉာဏ၊ လယ်ဘီဆရာဒတော်၊ မုံရွာမြို့၊ (၁၂၇၆-ခု)

၁။ အဂ္ဂမဟာပဏ္ဍိတ ဆုန္ဒင်းသဘင်ကို ၁၂၇၇-ခုနှစ်တွင် ကျင်းပ၍ ဆက်ကပ်သော်လည်း ပဌမဆုံး အလှူခံရသော ဆရာတော်များ၏ တံဆိပ်များနှင့် ဆရာဦးဖြူ၏ တံဆိပ်တုံးတို့မှာ ၁၂၇၆-ခုနှစ် ဟု ပါရှိ၏။

၉။ ဆရာတော် ဦးကုမာရာဘိဝံသ၊ သံယုတ်ဆရာတော်၊ သံယုတ်ကျောင်း တိုက်၊ ရန်ကုန်။ (၁၂၇၆-ခု)

၁၀။ ဆရာတော် ဦးကောသလ္လ ဂိုဏ်းထောက်ဆရာတော်၊ အလယ်တောရ ကျောင်းတိုက်၊ ရန်ကုန်။ (၁၂၇၆-ခု)

၁၁။ ဆရာဦးဖြေ (ပါဠိဆရာ) (၁၂၇၆-ခု)

၁၂။ ဆရာတော်ဦးဝိလာသ၊ခင်မကန်တိုက်၊အရှေ့ပြင်၊မန္တလေး (၁၂၇၇-ခု)

၁၃။ ဆရာတော် ဦးပညာ၊ နော်မန်ကျောင်းကြီး၊ ပုဇွန်တောင်၊ ရန်ကုန် (၁၂၇၇-ခု)

၁၄။ ဆရာတော်ဦးဉာဏာ၊ အဘုမ္ဒိတိုက်၊ အရှေ့ပြင် မန္တလေး (၁၂၇၇-ခု)

၁၅။ ဆရာတော်ဦးခန္တီ၊ မကုဋဆရာမ ဆရာတော် မန္တလေး (၁၂၇၇-ခု)

၁၆။ ဆရာတော်ဦးဇဝန(မန်လည်ဆရာတော်ဘုရားကြီး)ပြာသာဒ်ကျောင်း မန်လည်မြို့။ (၁၂၇၈-ခု)

၁၇။ ဆရာတော် ဦးဝိစာရ၊ မင်းကျောင်း၊ မြင်းခြံမြို့။ (၁၂၇၈-ခု)

၁၈။ ဆရာတော် ဦးကလျာဏ၊တောင်သမန်တိုက်၊ အနောက်ပြင်၊မန္တလေး (၁၂၇၈-ခု)

၁၉။ ဆရာတော် ဦးဝါယာမ၊ ကူကြီးတိုက်သစ်၊ အနောက်ပြင်၊ မန္တလေး (၁၂၇၈-ခု)

၂၀။ ဆရာတော် ဦးအဂ္ဂဝံသ၊ ခေမာသီဝံတိုက်၊ အနောက်ပြင်၊ မန္တလေး (၁၂၇၈-ခု)

၂၁။ သုဓမ္မာဝင် တပယင်းဆရာတော် (၁၂၇၉-ခု)

၂၂။ ထရုံကာဆရာကြီး ဦးအုန်းညွန့်။ (၁၂၇၉-ခု)

၂၃။ ဆရာတော် ဦးဥေယျ၊ နတ်ထောင့်ဂိုဏ်း သံဃနာယက ရွှေစေတီ ကျောင်းတိုက်၊ ညောင်ဦး။ (၁၂၈၀-ခု)

၂၄။ ဆရာတော်ဦးရေဝတ၊ဘေးမဲ့တိုက်၊အနောက်ပြင်မန္တလေး (၁၂၈၁-ခု)

၂၅။ ဆရာတော် ဦးပဒုမ၊ ရွှေဘိုမြို့။ (၁၂၈၄-ခု)

၂၆။ ဆရာတော် ဦးကောသလ္လ၊ ဓနုဖြူမြို့။ (၁၂၈၄-ခု)

၂၇။ ဆရာတော် ဦးဇာဂရ၊ မိုးကောင်းတိုက်၊ အနောက်ပြင်၊မန္တလေး (၁၂၈၄-ခု)

၂၇။ ဆရာတော်ဦးပဏ္ဍိစ္စ၊ သစ်ဆိမ့်တိုက် မြောက်ပြင် မန္တလေး(၁၂၈၄-ခု)

၂၉။ ဆရာတော် ဦးသီလဝံသ၊ သထုံမြို့။ (၁၂၈၄-ခု)

၃၀။ ဆရာတော် ဦးဝေပုလ္လ၊ ကိုးဆောင်တိုက်၊ မြင်းခြံ၊ (၁၂၀၄-ခု)
၃၁။ ဆရာတော် ဦးကလျာဏာဘိဝံသ၊ ယသဇေယျ၂ ကျောင်းတိုက်၊ ဗဟန်း၊ ရန်ကုန်၊ (၁၂၀၅-ခု)
၃၂။ ဆရာတော် ဦးဝါသဝ၊ ဘုရားကြီးတိုက်၊ တောင်ပြင်၊ မန္တလေး၊ (၁၂၀၅-ခန့်)
၃၃။ ရွှေဂူကြီးဆရာတော်၊ အမရပူရမြို့၊ (၁၂၀၅-ခန့်)
၃၄။ ပိဋကတ်တိုက်ကျောင်းဆရာတော်....၊ (၁၂၀၅-ခန့်)
၃၅။ ဆရာတော် ဦးဒီပမာလာ၊ ဓမ္မာရုံတိုက်၊ ချောင်းဦးမြို့ (၁၂၀၆-ခု)
၃၆။ ဆရာတော် ဦးစန္ဒိမာ၊ အောင်မြေဘုံစံတိုက်၊ ရန်ကုန် (၁၂၀၇-ခု)
၃၇။ ဆရာကြီး ဦးလင်း (ဒေါက်တာဆရာလင်း) (၁၂၀၇-ခု)
၃၈။ ဆရာတော် ဦးပဏ္ဍာဝ၊ ချမ်းသာကြီး တိုက် အနောက်ပြင်၊ မန္တလေး (၁၂၀၈-ခု)
၃၉၊ ဆရာဇော် ဦးကဝိန္ဒ၊ ငွေတောင်တိုက်၊ အနောက်ပြင်၊ မန္တလေး (၁၂၀၈-ခု)
၄၀။ ဆရာဇော်ဦးအာဒိစ္စ၊ဝေဠုဝန်တိုက်၊မြောက်ပြင်၊မန္တလေး(၁၂၀၈-ခု)
၄၁။ ဆရာတော် ဦးကေတုမာလာ (ပဌမဆုံး ပဌမကျော်) ရတနာဘုံမြင့် ဆရာတော်၊ မော်လမြိုင်မြို့၊ (၁)
၄၂။ ဆရာဇော် ဦးဝိသုဒ္ဓ၊ ဘောင်လုံးပျဆရာတော် ရန်ကုန်၊ (၁)
၄၃။ ဆရာဇော် ဦးဝိလာသ၊ ပန်းအိုင် သရက်ဗောဘုံကျောင်း၊ (၁၂၀၉-ခု)
၄၄။ ဆရာဇော် ဦးဇဝန၊ မဟာဝိဇယာရာမတိုက်၊ ပခုက္ကူမြို့ (၁၂၀၉-ခု)
၄၅။ ဆရာတော် ဦးဇဋိလ၊ ငါးထပ်ကြီးကျောင်းတိုက် ရန်ကုန် (၁၂၀၉-ခု)
၄၆။ ဆရာဇော် ဦးဥက္ကံသ၊ သပြေကန်ရွာ၊ သံလျင်မြို့၊ (၁)
၄၇။ ဆရာတော် ဦးဝိသုဒ္ဓါစာရ (ပါဠိဆရာတော်) တောင်လုံးပြန်တိုက်၊ ပုဇွန်ဇောင်း ရန်ကုန်၊ (၁)
၄၈။ ဆရာတော် ဦးဥက္ကံသမာလာ (ဦးငြိမ်း) ဘုရားကြီးတိုက်၊ မန္တလေး၊ (၁)
၄၉။ ဆရာတော် ဦးခန္တိ၊ပင်းသာဆရာဇော်၊ ဘုရားကြီးတိုက်၊ တောင်ပြင် မန္တလေး၊ (၁)

၁။ ၎င်းဆရာတော်သည် ၁၃၁၈-ခုနှစ်တွင် အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် လက်ခံရရှိတော်မူသည်။

၅၀။ ဆရာတော် ဦးဂန္ဓမာ၊ သုံးထပ်ကျောင်းတိုက်၊ ရန်ကုန်၊ (၁)
၅၁။ ဆရာတော် ဦးသုမင်္ဂလ၊ မင်္ဂလာဇေယျကုံကျောင်း၊ ပုဇွန်တောင် ရန်ကုန်၊ (၁)
၅၂။ ဆရာတော် ဦးဇဉ္ဇာယ၊ မြို့ဓတိုက်၊ သမိုင်း ရန်ကုန်၊ (၁)
၅၃။ ရစ်ကန်ကြီးဆရာတော်၊ ပြာသာဒ်ကျောင်း၊ ခရမ်းမြို့။ (၁)
၅၄။ ဆရာတော် ဦးသူရိယ၊ စံကျောင်းတိုက်၊ တောင်ပြင် မန္တလေး၊ (၁၂၉၁-ခု)၊
၅၅။ ဆရာတော် ဦးဇဂဂရ မိုးထိတိုက်၊ မြောက်ပြင် မန္တလေး(၁၂၉၁-ခု)၊
၅၆။ ဆရာတော် ဦးဂန္ဓမာ၊ မဟာဇေဝခိုဂိုဏ်းချုပ်၀န်းသို့မြို့၊ ကသာခချိုင်၊ (၁၂၉၁-ခု)
၅၇။ ဆရာတော် ဦးအာစာရ၊ ရွှေဆကျောင်းဆရာဘော်၊ ဗန်းမော်မြို့ (၁၂၉၁-ခု)၊
၅၈။ ဆရာတော် ဦးပညာသီဟ၊ ကမ္မဋ္ဌာန်းကျောင်း၊ ပဲခူးမြို့၊(၁၂၉၁-ခု)၊
၅၉။ ဆရာတော် ဦးစာရိန္ဒ၊ ဘုရားကြီးတိုက်၊ ဟင်္သာဝတီမြို့၊ (၁၂၉၁-ခု)
၆၀။ ဆရာတော် ဦးသူရိယ၊ မစိုးရိမ်ဆရာတော်၊ မန္တလေးမြို့၂၊ (၁၂၉၁-ခု)
၆၁။ ဆရာတော် ဦးအဂ္ဂဝံသ၊ ကျွန်းရွာတောရဆရာတော်၊ တောင်သာမြို့ (၁၂၉၂-ခု)
၆၂။ ဆရာတော် ဦးအာစာရ၊ ရွှေဆကျောင်းဆရာဘော်၊ ဗန်းမော်မြို့ (၁၂၉၂-ခု)၊
၆၃။ ဆရာတော် ဦးဇာဂရ မိုးထိတိုက်၊ မြောက်ပြင် မန္တလေး(၁၂၉၂-ခု)၊
၆၄။ ဆရာတော် ဦးဂန္ဓမာ၊ မဟာဇေဝခိုဂိုဏ်းချုပ်၀န်းသို့မြို့၊ ကသာခချိုင်၊ (၁၂၉၂-ခု)
၆၅။ ဆရာတော် ဦးရာဇိန္ဒ၊ လယ်ဘီဘိုက်၊ ဟင်္သာတမြို့၊ (၁၂၉၂-ခု)၊
၆၆။ လယ်ဘီဆရာမြို့ (လယ်ဘီဦးဝါယာမ) (၁၂၉၂-ခု)
၆၇။ ဆရာတော် ဦးဣန္ဒြိယ၊ မဟာဒဓမာဘယ ဆင်တဲတိုက်သစ် အနောက်ပြင် မန္တလေး၊ (၁၂၉၃-ခု)
၆၈။ ဆရာတော် ဦးတိသာသန၊ ဇေရေးကျောင်း၊ မဟာဝိသုတာရာမ တိုက်တော်၊ အရှေ့ပြင် မန္တလေး၊ (၁၂၉၄-ခု)
၆၉။ ဆရာတော် ဦးအဂ္ဂဓမ္မာဘိဝံသ၊ အဘယာရာမတိုက်၊ အနောက်ပြင် မန္တလေး၊ (၁၂၉၅-ခု)

၁။ တံဆိပ်ကပ်ပုံ့ မကျင်းပခင်ပြန်လှန်တော်မူသည်။
၂။ ၎င်းဆရာတော် ၁၃၁၇-ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူသည်။

၆၇။ ဆရာတော် ဦးမွေ့က၊ ငလေသာဆရာတော်၊ ဗားကရာတိုက်၊ ကြည့်မြင်တိုင်၊ ရန်ကုန်၊ (၁၂၉၅-ခု)

၆၈။ ဆရာတော် ဦးရေဝတ (ညောင်ရမ်းဆရာတော်) မိုးကောင်းတိုက်၊ အနောက်ပြင် မန္တလေး၁၊ (၁၂၉၆-ခု)

၆၉။ ဆရာဒဘာ် ဦးသူရိယ သစ်ဆိမ့်တိုက်၊ မြောက်ပြင် မန္တလေး၊ (၁၂၉၇-ခု)

၇၀။ ဆရာတော် ဦးဉာဏ၊ မစိုးရိမ်တိုက်၊ အနောက်ပြင် မန္တလေး၊ (၁၂၉၇-ခု)

၇၁။ ဆရာတော် ဦးသိရိန္ဒာဘိဇေယ၊ ဒက္ခိဏာရာမ ပိုးစာတောတိုက်၊ ဟသ်ာတ၊ (၁၂၉၇-ခု)

၇၂။ ဆရာတော် ဦးပညာ၊ မဟာဝိသုတာရာမတိုက်၊ ပခုက္ကူ။မြို့(၁၂၉၇-ခု)

၇၃။ ဆရာတော် ဦးစက္ကပါလ၊ တောင်ပေါက်ကျောင်းတိုက်၊ မော်လမြိုင်၊ (၁၂၉၇-ခု)

၇၄။ ဆရာတော် ဦးပဏ္ဍိတ၊ ပုဂံအုတ်ဒင်းဝန်တိုက်၊ အနောက်ပြင် မန္တလေး၂၊ (၁၂၉၇-ခု ခန့်)

၇၅။ ဆရာတော် ဦးရေဝတ၊ သူဌေးကျောင်း၊ ခင်မကန်တိုက်၊ အနောက်ပြင် မန္တလေး၊ (၁၂၉၈-ခု)

၇၆။ ကန်တင်းဆရာတော်၊ ပြည်မြို့ (ဒုဂရုနိကာယဝင်)၊ (၁)

၇၇။ ပန်းတောင်းဆရာတော် ပန်းတောင်းမြို့၊ ပြည်ရွိုင်(ဒုဂရုနိကာယဝင်) (၁)

၇၈။ ဆရာတော် ဦးလက္ခဏာ၊ ကိုးဆောင်တိုက်၊ ပဉ္စမမြောက် နာယကဆရာတော်၊ မြင်းခြံမြို့၊ (၁)

၇၉။ ဆရာတော် ဦးဝါယာမ (စံကျောင်းဆရာတော်) ရွှေဟသ်ာတောရတိုက်၊ ညောင်တုန်း၊ (၁၂၉၉-ခု)

၈၀။ ဆရာတော် ဦးနန္ဒိမာ (စံကျောင်းဆရာတော်)၊ ခင်မန်တိုက်၊ အနောက်ပြင် မန္တလေး၊ (၁၃၀၀-ပြည့်)

၈၁။ ဆရာတော် ဦးရာဇိန္ဒ၊ ဘုရားဖြူတိုက်၊ ပုဇွန်တောင် ရန်ကုန်မြို့၊ (၁၃၀၀-ပြည့်)

၁။ ၎င်းဆရာတော် ၁၃၁၅-ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။

၂။ ၎င်းဆရာတော် တံဆိပ် အလှူမခံမီတွင် ပြန်လွှန်တော်မူသည်။

၈၂။ ဆရာတော် ဦးသုန္ဒရာဘိဝံသ၊ ဝိဇ္ဇာလင်္ကာရတိုက်၊ အနောက်ပြင် မန္တလေး၊ (၁၃၀၀-ပြည့်)

၈၃။ ဆရာတော် ဦးသောမ၊ မစိုးရိမ်တိုက်၊ (နောက်စစ်ကိုင်းကြွ သီတင်းသုံး) မန္တလေး၊ (၁၃၀၁-ခု)

၈၄။ ဆရာတော် ဦးကုမာရ၊ ပန်းမလယ်ပြင် ကျောင်းတိုက်၊ ကျပ်ပြင်၊ မိုးကုတ်၊ (၁၃၀၁-ခု)

၈၅။ ဆရာတော် ဦးကောသလ္လ၊ စည်ရှင်ကျောင်း၊ ဝိသုဒ္ဓါရုံတိုက်၊ အနောက်ပြင်၊ မန္တလေး၊ (၁၃၀၁-ခု)

၈၆။ ဆရာတော် ဦးနာဂိန္ဒသာမိ၊ ဝေဇယန္တာ ကျောင်းတိုက်၊ မိုးညိုမြို့၊ သာယာဝတီခရိုင်၊ (၁၃၀၁-ခု)

၈၇။ ဆရာတော် ဦးသုမန (မိုးညှင်း ဆရာတော်ဘုရားကြီး) မုံရွာမြို့၊ (၁၃၀၂-ခု)

၈၈။ ဆရာတော် ဦးခေမိန္ဒ၊ပုဗ္ဗာရုံကျောင်းတိုက်၊ မိုးမိတ်မြို့၊ (၁၃၀၂-ခု)

၈၉။ ဆရာတော် ဦးပညာ (ဦးပညာဝံသာဘိ ကဝိဓဇ) သာသနာ့တံခွန်၊ ရေနံချောင်း၊ (၁၃၀၂-ခု)

၉၀။ ဆရာတော် ဦးဥတ္တမ၊ စကုမော်၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့၊ (၁၃၀၂-ခု)

၉၁။ ဆရာတော် ဦးဇာဂရ၊ ပတ္တမြားတိုက်၊ အနောက်ပြင်၊ မန္တလေး၊ (၁၃၁၂-ခု)

၉၂။ ဆရာတော် ဦးကောသလ္လ၊ ပိဋကတ်တိုက်ကျောင်း၊ မုဒွန်းရွာ၊ ချောင်းဆုံမြို့နယ်၊ ကျိုက္ခမီခရိုင်။ (၁၃၁၂-ခု)

၉၃။ ဆရာတော် ဦးဇနကာဘိဝံသ၊ ဂန္ဓာရုံကျောင်းတိုက်၊ အမရပူရမြို့၊ (၁၃၁၂-ခု)

၉၄။ ဆရာတော် ဦးသုန္ဒရ၊ မဟာဝိသုတာရာမတိုက်၊ ပခုက္ကူမြို့၊ (၁၃၁၃-ခု)

၉၅။ ဆရာတော် ဦးနန္ဒဝံသ၊ မဟာဝိသုတာရာမ တိုက်၊ ပခုက္ကူမြို့၊ (၁၃၁၃-ခု)

၉၆။ ဆရာတော် ဦးနာရဒ၊ ဘုရားကြီးတိုက်၊ တောင်ပြင်၊ မန္တလေး၊ (၁၃၁၃-ခု)

၁။ ၎င်းဆရာတော် ၁၃၂၂-ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။

၉၇။ ဆရာတော် ဦးအရိယ၊ တောရကျောင်းတိုက်၊ ညောင်လေးပင်မြို့၊ (၁၃၁၃-ခု)

၉၈။ ဆရာတော် ဦးဇောတိပါလ၊ အတိသုဒ္ဓါရုံချောင်၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့၊ (၁၃၁၃-ခု)

၉၉။ ဆရာတော် ဦးသောဘန (မဟာစည်ဆရာတော်)၊သာသနာ့ရိပ်သာ၊ ရန်ကုန်၊ (၁၃၁၃-ခု)

၁၀၀။ ဆရာတော် ဦးကောဏ္ဍည၊ ခြောက်ထပ်ကြီး ဘုရားကြီးတိုက်၊ ရန်ကုန်၊ (၁၃၁၄-ခု)

၁၀၁။ ဆရာတော် ဦးဣန္ဒဝံသဘဒ္ဒန္တဝိဇိတဝံသ၊ ဘုရားကြီးတိုက်၊ မန္တလေး၊ (၁၃၁၄-ခု)

၁၀၂။ ဆရာတော် ဦးဉာဏာဘိဝံသ၊ ဝိသုဒ္ဓါရုံတိုက်သစ်၊ အနောက်ပြင်၊ မန္တလေး၊ (၁၃၁၄-ခု)

၁၀၄။ ဆရာတော် ဦးအာဋဋရ၊ ကျောက်ကုန်းတောရမေဒိနီ ကျောင်းတိုက်၊ ရန်ကုန်၊ (၁၃၁၄-ခု)

၁၀၅။ ဆရာတော်ဦးသူရိယ၊ဓမ္မမေဒနီကျောင်းတိုက်၊သထုံမြို့၊ (၁၃၁၅-ခု)

၁၀၆။ ဆရာတော် ဦးပုညာဘိဓဇ၊ သဒ္ဓမ္မဇောတိကာရုံ၊ ဘုရားကြီးတိုက်၊ ပေါင်းတည်မြို့၊ (၁၃၁၅-ခု)

၁၀၇။ ဆရာတော် ဦးသောဘန၊ သပြေပင်ကျောင်းတိုက်၊ ဟင်္သာတမြို့၊ (၁၃၁၅ခု-)

၁၀၈။ ဆရာတော် ဦးကောသလ္လ၊ မစိုးရိမ်တိုက်၊ အနောက်ပြင်၊ မန္တလေး၊ (၁၃၁၅-ခု)

၁၀၉။ ဆရာတော် ဦးသုဝဏ္ဏ၊ မောင်းထောင်ကျောင်းတိုက်၊ ပုသိမ်မြို့၊ (၁၃၁၅-ခု)

၁၁၀။ ဆရာတော် ဦးဗုဒ္ဓဒတ္တ၊ အမွှလံဂေါမြို့၊ သီဟိုဠ်ကျွန်း၊ (၁၃၁၅-ခု)

၁၁၁။ ဆရာတော် ဦးဝိမလဓမ္မ၊ ဝပ်မဟာဓာတုကျောင်းတိုက်၊ ဘန်ကောက်မြို့၊ ယိုးဒယားနိုင်ငံ၊ (၁၃၁၅-ခု)

၁၁၂။ ဆရာတော် ဦးပညာလောက (စစ်တကောင်း ဗုဒ္ဓသာသနကျောင်းဆရာတော်) အထက်ပန်းဆိုးတန်း၊ ဓမ္မဒူတကျောင်းတိုက်၊ ရန်ကုန်မြို့၊ (၁၃၁၆-ခု)

၁၁၃။ ဆရာတော် ဦးရေဝတ၊ ဒေဝသာဂရသိမ်ကုန်း ဓမ္မိကာရာမ ကျောင်း တိုက်၊ရန်ကုန်မြို့၊ (၁၃၁၆-ခု)

၁၁၄။ ဆရာတော် ဦးနန္ဒမာလာ၊ ရွှေတောင်ကျောင်းတိုက်၊ ရေနံချောင်းမြို့၊ (၁၃၁၆-ခု)

၁၁၅။ ဆရာတော် ဦးတေဇနိယ၊ ဇောတိကာရုံ ကျောင်းတိုက်၊ ပြည်မြို့၊ (၁၃၁၆-ခု)

၁၁၆။ ဆရာတော် ဦးကလျာဏာဘိဝံသ၊ ဝေယံဘုံသာတိုက်၊ မန္တလေး။ အနောက်ပြင်၊ (၁၃၁၆-ခု)

၁၁၇။ ဆရာတော် ဦးဇောတညာဏ၊ ဝပ်ဥဏ္ဏာလောမာရာမတိုက်၊ ဖနုံပင်မြို့၊ ကမ္မောဒီးယားနိုင်ငံ (၁၃၁၆-ခု)

၁၁၈။ ဆရာတော် ဦးဝိလာသ၊ သောဘဝတီအုတ်ကျောင်း၊ ခေမာ သီဝံတိုက်၊ အနောက်ပြင် မန္တလေး (၁၃၁၇-ခု)

၁၁၉။ ဆရာတော် ဦးသေကာဘိဝံသ၊ ရွှေစေတီတိုက်၊ ရေနံချောင်းမြို့၊ (၁၃၁၇-ခု)

၁၂၀။ ဆရာတော် ဦးသေဋ္ဌိလ (ရန်ကုန်တက္ကသိုလ်) သေဋ္ဌိလဗိမာန် ရန်ကုန်၊ (၁၃၁၇-ခု)

၁၂၁။ ဆရာတော် ဦးခမ္မသေန၊ ညောင်ကုန်းကျောင်းတိုက်၊ ဗဟန်း ရန်ကုန်မြို့၊ (၁၃၁၇-ခု)

၁၂၂။ ဆရာတော် ဦးသောဘိတ၊ လေးကျွန်း ချမ်းသာချောင်၊ စစ်ကိုင်းတောင်ရိုး စစ်ကိုင်းမြို့၊ (၁၃၁၈-ခု)

၁၂၃။ ဆရာတော် ဦးအာစာရ၊ အဖျောက်ဆရာတော်၊ ရွှေဂုံတိုင် ကျောင်းတိုက်၊ ရန်ကုန် (၁၃၁၈-ခု)

၁၂၄။ ဆရာတော် ဦးပဏ္ဍိစ္စ၊ ပန်းဘဲတန်း မင်းကျောင်း၊ မော်လမြိုင်၊ (၁၃၁၈-ခု)

၁၂၅။ ဆရာတော် ဦးအရိန္ဒမ၊ အရိယမဂ္ဂင်ချောင်၊ မင်းကွန်း (၁၃၁၈-ခု)

၁၂၆။ ဆရာတော် ဦးနန္ဒိယ၊ ငါဖယ်တူဘောင်ကျောင်း ဟသ်ာတမြို့နယ်၊ (၁၃၁၈-ခု)

၁၂၇။ ဆရာတော် ဦးနာဂဝံသ၊ ဗဟုကရာတောရ ကျောင်းတိုက်၊ ရန်ကုန် (၁၃၁၈-ခု)

၁။ ၎င်း ဆရာတော်မှာ ၁၃၁၈-ခုနှစ်တွင် အဘိဓမဟာရဇဂုရု ဘွဲ့တံဆိပ်တော်ကို အလှူခံရှိတော်မူသည်။

၁၂၀။ ဆရာတော် ဦးနန္ဒိသေန၊ နန္ဒိသေနာရာမတိုက်၊ တောင်ပြင် မန္တလေးမြို့။ (၁၃၁၀-ခု)

၁၂၉။ ဆရာတော် ဦးပဏ္ဍိတ၊ အနီးစခန်းချောင်၊ စစ်ကိုင်းတောင်ရိုး စစ်ကိုင်းမြို့။ (၁၃၁၀-ခု)

၁၃၀။ ဆရာတော် ဦးဉာဏဇုတ္တရ၊ သာသနရိပ်သာ၊ ပဲခူးမြို့။ (၁၃၁၀-ခု)

၁၃၁။ ဆရာတော် ဦးဝိသဒ္ဓာဏ၊ သဒ္ဓမ္မောဒယ ကျောင်းတိုက်၊ လက်ပန်တန်းမြို့။ (၁၃၁၀-ခု)

၁၃၂။ ဆရာတော် ဦးဝိသုဒ္ဓါဘိဝံသ၊ ဝိဇ္ဇာလင်္ကာရကျောင်းတိုက်၊ အနောက်ပြင် မန္တလေး။ (၁၃၁၀-ခု)

၁၃၃။ ဆရာတော် ဦးသူရိယ၊ ရွှေပိဋ္ဌကတ်တိုက်၊ဗဟန်း ရန်ကုန်။ (၁၃၁၀-ခု)

၁၃၄။ ဆရာတော် ဦးကောသရ၊ ရွှေမန်းအုတ်ကျောင်း၊ စကုတိုက်၊ အနောက်ပြင် မန္တလေး။၂ (၁၃၁၀-ခု)

၁၃၅။ ဆရာတော် ဦးဇောတိက၊ ထီးလင်းတိုက်၊တောင်ပြင် မန္တလေး။ (၁၃၁၀-ခု)

၁၃၆ ဆရာတော် ဦးဉာဏိက၊ နှစ်ကျိပ်ရှစ်ဆူကျောင်း၊သရက်တောတိုက်။ (၁၃၁၀-ခု)

၁၃၇။ ဆရာတော် ဦးအာနန္ဒာ မေတ္တာယျ၊ သိရိဓမ္မာနန္ဒပရိဝေဏ ဗဟွန်ဂေါခ၊ သီဟိုဠ်ကျွန်း။ (၁၃၁၀-ခု)

၁၃၈။ဆရာတော် ဦးဓမ္မရတန၊ အဿဂိရိကျောင်းတိုက်၊ကန္ဒီမြို့၊ သီဟိုဠ်ကျွန်း။ (၁၃၁၀-ခု)

၁၃၉။ ဆရာတော် ဦးသီရိနိဝါသ၊ ပုလိနတလာရာမကျောင်းတိုက်၊ ကာလူတရမြို့၊ သီဟိုဠ်ကျွန်း။ (၁၃၁၀-ခု)

၁၄၀။ ဆရာတော် ဦးဉာဏောဒယ၊တရဿတီပရိဝေဏ၊ဗလဂလ္လမြို့၊ သီဟိုဠ်ကျွန်း။ (၁၃၁၀-ခု)

၁၄၁။ ဆရာတော် ဦးသံဃဝုဟု၊ ဝပ်ဝိဇယာရာမ၊ ဗီယံရှ်၊လာအိုနိုင်ငံ။ (၁၃၁၀-ခု)

၁၄၂။ ဆရာတော် ဦးကိတ္တိသောဘန၊ ဝပ်ပဉ္စမဘောဝစစ်ကျောင်းတိုက်၊ ဘန်ကောက်မြို့၊ ယိုးဒယားနိုင်ငံ။ (၁၃၁၀-ခု)

၁၄၃။ ဆရာတော် ဦးဝိမလ၊ ရွှေဟင်္သာတောရကျောင်းတိုက်၊ ညောင်တုန်းမြို့။ (၁၃၁၀-ခု)

၁၄၄။ ဆရာတော် ဦးသူရိယာဘိဝံသ၊ အလယ်တောရစာချကျောင်း၊ ရန်ကုန်။ (၁၃၁၈-ခု)

၁၄၅။ ဆရာတော် ဦးအာစိဏ္ဏ၊ စန္ဒာရုံ ကျောင်းတိုက်၊ သထုံမြို့။ (၁၃၁၉-ခု)

၁၄၆။ ဆရာတော် ဦးခေမာစာရ၊ ဝဠုဝန် ကျောင်းတိုက်၊ ဗဟန်း ရန်ကုန်။ (၁၃၁၉-ခု)

၁၄၇။ ဆရာတော် ဦးသုဒဿန၊ ကိုင်းကုန်းကျောင်းတိုက်၊ ခရမ်းမြို့။ (၁၃၁၉-ခု)

၁၄၈။ ဆရာတော် ဦးဥတ္တမသာရ၊ မဟာဇေတိကာရာမတိုက်၊ မုံရွာမြို့။ (၁၃၁၉-ခု)

၁၄၉။ ဆရာတော် ဦးဂုဏဝါ၊ ယပ်လဲကျောင်းတိုက်၊ ကျောက်ဖြူမြို့။ (၁၃၁၉-ခု)

၁၅၀။ ဆရာတော် ဦးစာရိန္ဒာဿဘ၊ အောင်မြေသာယာ သူဌေးတိုက်၊ ရေစကြိုမြို့။ (၁၃၂၀-ခု)

၁၅၁။ ဆရာတော် ဦးနာဂိန္ဒာဘိဝံသ၊ ဇီးဖြူကုန်းကျောင်းတိုက်၊ ဒါးပိန်မြို့။ (၁၃၂၀-ခု)

၁၅၂။ ဆရာတော် ဦးဝိမလဗုဒ္ဓိဘိဝံသ၊ ဓမ္မာစရိယကျောင်းတိုက်၊ စစ်ကိုင်း တောင်ရိုး။ (၁၃၂၀-ခု)

၁၅၃။ ဆရာတော် ဦးနန္ဒမဠ္ဠ၊ ချမ်းသာကြီးတိုက်၊ အနောက်ပြင်၊ မန္တလေး။ (၁၃၂၀-ခု)

၁၅၄။ ဆရာတော် ဦးဥတ္တမ၊ သဒ္ဓမ္မဝံသာရုံကမ်းနားတိုက်၊ မိတ္ထိလာမြို့။ (၁၃၂၁-ခု)

၁၅၅။ ဆရာတော် ဦးဇောတိက၊ မဟာဝိဇယာရာမတိုက်၊ ပခုက္ကူမြို့။ (၁၃၂၁-ခု)

၁၅၆။ ဆရာတော် ဦးအာလောက၊ မင်္ဂလာရုံမြို့လယ်ကျောင်းတိုက်၊ သိန္နီမြို့။ (၁၃၂၁-ခု)

၁၅၇။ ဆရာတော် ဦးသောဘိတ၊ မဟာဝိသုတာရာမိက ပခုက္ကူကျောင်း သစ်၊ မြင်းခြံမြို့။ (၁၃၂၁-ခု)

၁၅၈။ ဆရာတော် ဦးပဒုမ၊ တောကျောင်းတိုက်၊ မြိတ်မြို့။ (၁၃၂၂-ခု)

၁၅၉။ ဆရာတော် ဦးနန္ဒိယ၊ ခင်မကန်တိုက်၊ အနောက်ပြင်၊ မန္တလေး။ (၁၃၂၂-ခု)

၁၆၀။ ဆရာတော် ဦးဂုဏုတ္တရ၊ ရွာကလေးရွာ၊ သာရဝေါတိုက်နယ်၊ သာယာဝတီခရိုင်။ (၁၃၂၂ ခု)

၁၆၁။ ဆရာတော် ဦးဥတ္တရာဇီဝ၊ ဒီပါရုံဘုရားကြီးတိုက်၊ ရေကြည်မြို့၊ ပုသိမ်ခရိုင်။ (၁၃၂၂-ခု)

၁၆၂။ ဆရာတော် ဦးပဏ္ဍိတသီရိ၊ ရွှေဟင်္သာတိုက်သစ်၊ စစ်ကိုင်းတောင်ရိုး။ (၁၃၂၂-ခု)

၁၆၃။ ဆရာတော် ဦးဓမ္မိကဗဒ္ဓ၊ မဟာရာဇိကာရုံတိုက်၊ ကြည့်မြင်တိုင်၊ ရန်ကုန်။ (၁၃၂၂-ခု)

၁၆၄။ ဆရာတော် ဦးနန္ဒိယ၊ အောင်မြေသာစည်ကျောင်းတိုက်၊ တောင်ကြီး။ (၁၃၂၂-ခု)

၁၆၅။ ဆရာတော်ဦးအာစိဏ္ဏ၊ ခြောက်ထပ်ကြီးဘုရားကြီးတိုက်၊ ရန်ကုန်။ (၁၃၂၂-ခု)

၁၆၆။ ဆရာတော် ဦးသာသန၊ သာသနဝိပုလာရာမတိုက်၊ ပခုက္ကူမြို့။ (၁၃၂၂-ခု)

၁၆၇။ ဆရာတော် ဦးဝိသုဒ္ဓ၊ မစိုးရိမ်တိုက်၊ အနောက်ပြင် မန္တလေး။ (၁၃၂၂-ခု)

၁၆၈။ ဆရာတော် ဦးလက္ခဏ၊ ညောင်ရမ်းကျောင်း၊ မိုးကောင်းတိုက်၊ အနောက်ပြင်၊ မန္တလေး။ (၁၃၂၂-ခု)

၁၆၉။ ဆရာတော် ဦးနန္ဒာဘိရိယ၊ စကုတိုက်၊ အနောက်ပြင်၊ မန္တလေး။ (၁၃၂၂-ခု)

၁၇၀။ ဆရာတော် ဦးဇဝန၊ မြို့ထောင့်ကျောင်းတိုက်၊ ဖြူးမြို့။ (၁၃၂၃-ခု)

၁၇၁။ ဆရာတော် ဦးဝိသုဒ္ဓ၊ လမ်းသစ်ကျောင်း၊ ဥတိုရွာ၊ တိုက်ကြီးမြို့နယ်။ (၁၃၂၃-ခု)

၁၇၂။ ဆရာတော် ဦးနေမိန္ဒ၊ ဝပ်တမအိုကျောင်း၊ လန်းပန်းမြို့၊ ယိုးဒယားနိုင်ငံ။ (၁၃၂၃-ခု)

၁၇၃။ ဆရာတော် ဦးကုသလာဘိဝံသ၊ မော်လမြိုင်ကျောင်းတိုက်၊ သည်သည်ရွာ၊ စဉ့်ကူးမြို့နယ်။ (၁၃၂၃-ခု)

၁၇၄။ ဆရာတော် ဦးကုဝေရ၊ အရွှေကျောင်းကြီး၊ ဟိုပင်မြို့၊ ကချင်ပြည်နယ်။ (၁၃၂၃-ခု)

၁၇၅။ ဆရာတော် ဦးပညာ၊ ဣစ္ဆာသယဓချောင်၊ လောကမှန်ကူတိုက်၊ စစ်ကိုင်းတောင်ရိုး။ (၁၃၂၃-ခု)

၁၇၆။ ဆရာတော် ဦးတိက္ခ၊ ပွင့်လှသိမ်ကုန်းတိုက်၊ ပြည်မြို့။ (၁၃၂၃-ခု)

၁၇၇။ ဆရာတော် ဦးဉာဏိန္ဒ၊ သာသနသောဘဏိကာရုံတိုက်၊ ပြွန်တန်ဆာမြို့။ (၁၃၂၃-ခု)

၁၇၈။ ဆရာတော် ဦးအာစိကွဏ၊ မြို့လယ်ကျောင်းတိုက်၊ မအူပင်မြို့။ (၁၃၂၃-ခု)

၁၇၉။ ဆရာတော်ဦးရေဝတ၊ အလယ်တောရကျောင်းတိုက်၊ ရန်ကုန်။ (၁၃၂၃-ခု)

၁၈၀။ ဆရာတော်ဦးဥက္ကံသ၊ ဇေယျဝတီကျောင်းတိုက်၊ ကြည့်မြင်တိုင်၊ ရန်ကုန်။ (၁၃၂၃-ခု)

၁၈၁။ ဆရာတော်ဦးဉာနုတ္တရ၊ ဗားကဆုတိုက်၊ အမရပူရမြို့။ (၁၃၂၃-ခု)

၁၈၂။ ဆရာတော် ဦးသောဘိတ၊ ဂြစ်ဘက်ကျောင်းတိုက်၊ စစ်တွေမြို့။ (၁၃၂၃-ခု)

၁၈၃။ ဆရာတော် ဦးပညာဝံသ၊ ဘုရားဖြူကျောင်းတိုက်၊ ပုဇွန်တောင်၊ ရန်ကုန်။ (၁၃၂၃-ခု)

၁၈၄။ ဆရာတော် ဦးအရိယဝံသ၊ မာလိကါဝတ္တသုဓမ္မာရာမ၊ ကိုလံဘိုမြို့၊ သီဟိုဠ်ကျွန်း။ (၁၃၂၃-ခု)

၁၈၅။ ဆရာတော် ဦးသုဇန၊ ခန္ဓီးစာသင်တိုက်၊ ဝန်းသိုမြို့။ (၁၃၂၃-ခု)

၁၈၆။ ဆရာတော် ဦးဣန္ဒဝဿနီ၊ ရတနာဂူချောင်၊ မင်းကွန်း။ (၁၃၂၃-ခု)

၁၈၇။ ဆရာတော် ဦးဓမ္မာနန္ဒ၊ မြောင်းမြကျောင်းတိုက်၊ ပုသိမ်မြို့။ (၁၃၂၃-ခု)

၁၈၈။ ဆရာတော် ဦးဥတ္တမဗုဒ္ဓိ၊ မုံရွေးမဟာဇေတဝန်ကျောင်းတိုက်၊ မုံရွာခရိုင်။ (၁၃၂၃-ခု)

၁၈၉။ ဆရာတော် ဦးသုန္ဒရ၊ ဧရွစေတီသာသနာ့ရိပ်သာ၊ စစ်ကိုင်းမြို့။ (၁၃၂၃-ခု)

၁၉၀။ ဆရာတော်ဦးဝိမလ၊ မင်္ဂလာတိုက်၊ အမရပူရမြို့။ (၁၃၂၃-ခု)

၁၉၁။ ဆရာတော်ဦးပဏ္ဍိတ၊ ဇေယျမေဒနီကျောင်းတိုက်၊ မြောင်းမြမြို့။ (၁၃၂၃-ခု)

၁၉၂။ ဆရာတော် ဦးဝိမလဓမ္မ၊ ဝိဇ္ဇောဒယပရိဝေဏ၊ ကိုလံဘိုမြို့၊ သီဟိုဠ်ကျွန်း။ (၁၃၂၃-ခု)

၁၉၃။ ဆရာတော် ဦးစန္ဒရံသီ၊ သဒ္ဓမ္မဇောတိကာရာမ တောင်ပေါ်ကျောင်းတိုက်၊ ဓနုဖြူမြို့။ (၁၃၂၃-ခု)

၁၉၄။ ဆရာတော် ဦးကုန္ဒြိယ၊ မိုးညှင်း ဝိပဿနာတိုက်သစ်၊ ရန်ကုန်။ (၁၃၂၃-ခု)

၁၉၅။ ဆရာတော် ဦးကုန္ဒြိယ၊ ဧရာဂူကျောင်းတိုက်၊ အရှေ့ပြင်၊ မန္တလေး။ (၁၃၂၃-ခု)

၁၉၆။ ဆရာဒေတော် ဦးဘိဒလာကာဘိဝံသ၊ တိဒလာကာရုံကျောင်း၊ ဗာဒကရာတိုက်၊ ရန်ကုန်။ (၁၃၂၃-ခု)

၁၉၇။ ဆရာတော် ဦးသုဇာတာလင်္ကာရ၊ စံဝတီတိုက်ကျောင်း၊ ဥယျာဉ်တိုက်၊ ရန်ကုန်။ (၁၃၂၃-ခု)

ဤသည်လျှင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များနှင့် လူပဂ္ဂိုလ်၄-ဦးတို့ကို ထုတ်ပြချက်တည်း ။

အဌစတ္တာလီသမပိုင်း

ဆရာတော် အရှင်ပညာ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူခြင်း

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် သက်တော် ၅၇-နှစ်၊ ဝါတော်၃၇-ဝါ ရရှိတော်မူရာ ၁၂၉၇-ခုနှစ်တွင် ဂျော့ဘုရင်မင်းမြတ်၏ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူလေသည်။

တံဆိပ်တော်ဆက်ကပ်ပဲ့ အစီအစဉ်

သက္ကရာဇ် ၁၂၉၇-ခု၊ တပေါင်းလဆုတ် ၂-ရက်၊ ၁၉၁၆-ခု၊ မတ်လ ဂ-ရက်၊ တနင်္ဂနွေမနှဲ့ မွန်းလွဲ ၃-နာရီအချိန် မန္တလေးမြို့ အနောက်ပြင် ၄၁-လမ်းတောင်ဖက် သံလျက်မော်ရှိ သာသနဇောတိကာရာမတိုက်တော်အတွင်း အထူးလှုပတင့်တယ် သိုက်မြိုက်စွာ ဆောက်လုပ်ထားအပ်သော မင်္ဂလာမဏ္ဍပ်ကြီး၌ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်နှင့် (စွန်နတ်) အမိန့်တော်များကို အစိုးရမင်းတို့လွှဲအပ်တော်မူချက်အရ မဟာသံဃရာဇာ သာသနာပိုင် ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် အဌာရသမ ၁၈-ကြိမ်မြောက် ကျင်းပ ကပ်လှူအပ်နှင်းတော်မူသည့် အခမ်းအနားတွင်—

(၁) ထိုနေ့ မွန်းလွဲ ၂-နာရီအချိန်တွင် ဘွဲ့တံဆိပ်တော် ခံယူတော်မူကြမည့်—

(က) မန္တလေးမြို့ မြောက်ပြင် သစ်ဆိမ့်တိုက် သံဃနာယက ဆရာတော် ဦးသူရိယ၊

(ခ) မန္တလေးမြို့ အနောက်ပြင် မစိုးရိမ်တိုက် ဆရာတော်ဦးဉာဏ၊

၁။ မိမိလေ့လာ စုဆောင်း ရှာဖွေတွေ့ရှိသမျှ ဖော်ပြခြင်း ဖြစ်သည်။ အနည်းငယ် ကျန်ရှိကောင်း ကျန်ရှိနိုင်ပါသည်။

(ဂ) ဟသ်ာတမြို့ ပိုးစာတောတို့က် ဒကို့ဏာရာမ ဆရာတော်ဦးသိရိန္ဒာ-ဘိဝေယ၊

(ဃ) ပခုက္ကူမြို့ မဟာဝိသုတာရာမတို့က် ဆရာတော် ဦးပညာတို့သည် မန္တလေးမြို့ အနောက်ပြင် ၄၁-လမ်း တောင်ဖက် သံလျက်မော်ရပ်ရှိ သာသန ဇောတိကရာမတို့က်တော်အတွင်း အထူးလှုပတင့်တယ် သိုက်မြို့က်စ့ာ ဆောက် လုပ်ထားအပ်သော မဂ်လာမဏ္ဍပ်ကြီးသို့ အသင့် ရောက်ရှိတော်မူကြပြီးလျင် အထူးခင်းကျင်းထားသော နေရာစဉ်၌ အသီးအသီး သီတင်းသုံး နေထိုင်တော်မူကြသည်။

ဘွဲ့တံဆိပ်တော် ခံယူတော်မူကြသည့် ဆရာတော် လေးပါးတို့ကို အထူး ခင်းကျင်းထားသော ဝဲယာ နေရာစဉ်၌ သီတင်းသုံးတော်မူကြရန်၊

မဟာမုနိဘုရား ဘဏ္ဍာတော်ထိန်းအဖွဲ့ဝင် အလှည့်ကျ အမှုဆောင်လူကြီး ဦးဘ (T. P. S.) နှင့် အထွေထွေဌာန စာရေးကြီးချုပ် ဦးသင်, စာရင်းကိုင် စာရေးကြီး ဆရာသော့တို့က ပင့်ဆောင်လျှောက်ထား၍ နေရာချထားကြသည်။

(၂) ထိုနေ့ မွန်းလွဲ ၂-နာရီအချိန် ရဟန်းပရိသတ်အဖြစ် ပင့်ဖိတ်ခြင်း ခံတော်မူရသော မန္တလေးမြို့ သံဃနာယက ဆရာတော်, သုဓမ္မာဝင်ဆရာတော်, အပြင် ဌာနချုပ် ဆရာတော်, ဌာနအုပ်ဆရာတော်, အနုဝိဇ္ဇက ဆရာတော်တို့မှ စ၍ လေးပြင်ရှိ ၁၀-တိုက်အုပ်, တိုက်အုပ် တိုက်ကြပ် ဆရာတော် သံဃာတော် အရှင်မြတ်များသည်ဌင်း, ထို့အပြင် လူပရိသတ်အဖြစ် ဖိတ်ကြားခြင်း ခံရ သော မန္တလေးခရိုင် ဝန်ရှင်တော်မင်းကြီး, မန္တလေးအရေးပိုင်မင်း, ရာဇဝတ် မင်း, ကဗျည်းကျောက်စာဝန်ထောက်မင်း စသော အစိုးရအရာရှိမင်းများနှင့် မင်းဆွေစိုးမျိုး ဝန်စုမှူးစု မြို့ရွာလူကြီးလူကောင်း မင်းယောကျ်ား မင်းမိန်းမ အပေါင်းတို့သည်ဌင်း အာဆက်ဖော်ပြပါ မဂ်လာမဏ္ဍပ်ကြီးသို့ အသင့်ရောက်ရှိ ကြကုန်၏။

(ရဟန်းပရိသတ် လူပရိသတ်တို့အား အစီအစဉ်အလိုက် နေရာ ချထားရန်များကို မဟာမုနိဘုရား ဘဏ္ဍာတော်ထိန်းလူကြီးများနှင့် ဆိုင်ရာ စာရေးကြီးမျာက ဆောင်ရွက်သည်။)

(၃) ထိုနေ့ မွန်းလွဲ ၃-နာရီအချိန် မဟာသံဃရာဇာသာသနာပိုင် ဆရာတော်ဘုရားကြီးသည် နောက်တော်က ရဟန်းသံဃာတော်တို့ ခြံရံ၍

အထက်အဆိုပါ မင်္ဂလာမင်္ဂျပ်ကြီးသို့ ထုတ်ကြွဆိုက်ရောက်တော် မူသည်နှင့် တပြိုင်နက် မင်္ဂလာစည်တော်ကြီး တီးရွှမ်းစဉ် သီးသန့်ခင်းကျင်းထားသော အထူးနေရာ၌ သီတင်းသုံးတော်မူသည်။

(သံဃဥိးကိုင် သာသနာပိုင် ဆရာတော်ဘုရားကြီးကို မင်္ဂလာမင်္ဂျပ်ကြီးသို့ ပင့်ဆောင်သောအခါ မဟာမုနိဘုရား ဘဏ္ဍာတော်ထိန်းလူကြီးတို့ နောက်ပါလာကြသည်။)

(၄) မဟာသံဃရာဇာ သာသနာပိုင် ဆရာတော်ဘုရားကြီး အထူးခင်းကျင်းထားသော နေရာ၌ သီတင်းသုံးတော်မူသည်နှင့် တပြိုင်နက် မဟာမုနိဘုရား ဘဏ္ဍာတော်ထိန်း အဖွဲဝင် မြို့ဝန်မင်း ဥိးတာရဲက ဤအခမ်းအနားသို့ ရဟန်းပရိသတ်, လူပရိသတ်တို့ စုံလင်စွာ ရောက်ကြပြီဖြစ်၍ ဤဘွဲ့တံဆိပ်တော် ကပ်လှူမည့် အခမ်းအနားကို စတင်ဖွင့်လှစ်တော်မူပါမည့်အကြောင်း သာသနာပိုင်ဆရာတော်ဘုရားကြီးအား ရှိသေစွာမတ်ရပ်ထ၍ ဖတ်လျောက်လေသည်။

(၅) "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်နှင့် စွန်နတ်အမိန့်တော်များကို အစိုးဂေဇက်တွင် အထက်ဖော်ပြပါ ဆရာတော် ၄-ပါးတို့အား အစိုးရမင်းတို့ လွှဲအပ်တော်မူချက်အရ ကပ်လှူတော်မူသည့်စာတမ်း ၄-စောင်ကို မဟာမုနိဘုရားဘဏ္ဍာတော်ထိန်းလူကြီး သမာဓိမြို့ဝန် ဥိးညွှန့် (M.B.E.A.T.M.)က ရှိသေစွာမတ်ရပ်ထလျက် လျောက်ထားလေသည်။

(၆) မန္တလေးမြို့ မဟာမုနိဘုရား ဘဏ္ဍာတော်ထိန်း အဖွဲဝင် လူကြီးတို့က အခမ်းအနားကို ကျင်းပဖွင့်လှစ်ပြီးလျှင် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်နှင့် စွန်နတ်အမိန့်တော်များကို နိုင်ငံတော် အစိုးရမင်းတို့ လွှဲအပ်တော်မူချက်အရ မဟာသံဃရာဇာ သာသနာပိုင် ဆရာတော်ဘုရားကြီးက လက်ရောက် အပ်နှင်းတော်မူသည့်အရာ သာသနာ, ပညာ ၂-ဖြာအကျိုးတိုးပွါး မြင့်မြတ်သည့်အကြောင်း စုပေါင်းရေးသားထားသော သုတိမင်္ဂလာဩဘာစာကို သာသနာပိုင်ဆရာတော်ဘုရားကြီးအား မဟာမုနိဘုရား ဘဏ္ဍာတော်ထိန်းလူကြီး မြို့ဝန်မင်းဥိးဘ (T.P.S) က ရှိသေစွာ မတ်ရပ်ထ၍ ဖတ်လျောက်တင်သွင်း ဆက်ကပ်လေသည်။

(၇) သံဃဥိးကိုင် သာသနာပိုင် ဆရာတော်ဘုရားကြီး၏ အမိန့်တော်ကို မဟာမုနိဘုရား ဘဏ္ဍာတော်ထိန်း လူကြီး မြန်မာပညာရှိ ဝန်ထောက်မင်းဥိးကျော်ရန်က ဖတ်လေသည်။

(၈) အဋ္ဌာရသမ (=၁၈-ကြိမ်မြောက်) ဘွဲ့တံဆိပ်တော်ကို ကပ်လှူတော်မူသည့် အခမ်းအနာကြီးကို ရုပ်သိမ်းတော်မူရန် သင့်ပြီဖြစ်ကြောင်း

မဟာသံဃရာဇ သာသနာပိုင် ဆရာတော်ဘုရားကြီးအား မဟာမုနိဘုရား ဘဏ္ဍာတော်ထိန်းလူကြီး ပိုက်ကျုံး လှစက်ပိုင်ရှင် ပဲခူးကြီး ဦးကြွယ်က ဖတ်လျှောက်လေသည်။

(၉) အခမ်းအနား ရုပ်သိမ်းသော စာတမ်းကို ဖတ်လျှောက်ပြီးသည် နှင့်တပြိုင်နက် မင်္ဂလာစည်တော်ကို တီးခွမ်း၍ ရုပ်သိမ်းလေသည်။

(၆) နံပါတ် အစီအစဉ်အရ ဖြစ်သည့် ဦးဘ (T. P. S.) ၏ ဃောပနာစာတမ်းကို မူရင်းအတိုင်း ဤ၌ ဖော်ပြအပ်ပါသည်။

မန္တလေးမြို့

မဟာမုနိဘုရား ဘဏ္ဍာတော်ထိန်း လူကြီးတို့က သံဃိဿရ သံဃသာမိ ဓိပတိဦးကိုင် မဟာသံဃရာဇာ သာသနာပိုင်ဆရာတော်ဘုရားကြီးထံ ဘတ်လျှောက်ဆက်ကပ်အပ်သော

ထောမနာစာတမ်းဘုရား

ဘုရားတပည့်တော် မန္တလေးမြို့ မဟာမုနိဘုရား ဘဏ္ဍာတော်ထိန်း လူကြီးတို့က မြောက်ခြီးဂါရဝ ပူဇနေယျမင်္ဂလာ ရှိညွတ်ခါဖြင့် ထောမနာစာ ဆက်သွင်းပါသည်ဘုရား။

သုံးလောကမျက်နှစ် ဓမ္မရာဇ်ထွဋ်ဒင် မြတ်ရှင်ပင်သည် အသခ််တခေတု နိရူပဓိနိဗ္ဗာန် စံလွန်တော်မူသည့်နောက် သာသနာတော် ၂၃၅-နှစ်မြောက်၌ သီရိဓမ္မာသောကမင်း၏ အာဏာစက်ကိုမှီ၍ ဝသီဘော်မျိုး စျာန်ပုံမြေလျှိုး တန်းခိုးမဟိဒ္ဓိ ဖိတ်ဖိတ်ညိသော ပဋိသမ္ဘိဒါပတ္တာနှင်နှင် ရဟန္တာအရှင်မြတ် (၁၀၀၀)တို့ ပေါင်းစပ်၍ သဟဿိက တတိယအဇ်ကြိမ်မြောက် သင်္ဂါယနာ သုံးတန်တင်ပြီးအဆုံးတွင် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်သည် မိမိ၏ အန္တေဝါသိက ယောနက ဓမ္မရက္ခိတမထေရ်ကို အရံသဃ်ာတော် ၄-ပါးနှင့် တကွ ပဉ္စဝဂ်သဃ်ာမြောက်စေ၍ ဥပသမ္ပဒကံဆောင်လောက်အောင် အပရန္တ တိုင်းသို့ သာသနာပြုစေလွှတ်တော်မူသည်ကစ၍ ဤမြန်မာပြည်၌ ဗုဒ္ဓသာသနာတော် စည်ပင်ပြန့်ပွါးလာခဲ့ရာ ကောဇာသက္ကရာဇ် ၃၇၉-ခုနှစ်တွင် မင်းအဖြစ်သို့ ရောက်တော်မူသော အနော်ရထာမင်းစောလက်ထက် သုဓမ္မဝတီ သထုံပြည်မှ ပုဂံပြည်သို့ ရှင်အရဟံ ကြွလာတော်မူသည်ကစ၍ သာသနာတော်ထမ်း ရဟန်းသဃ်ာတော်တို့အပေါ်၌ ဝိနည်းတရားတော်နှင့်အညီ စီရင်ဆုံးမ ဩဝါဒပေးရန် အလို့ငှါ နော်ရထာမင်းစောသည် ရှင်အရဟံကို သာသနာပြု သာသနာပိုင်ဆရာတော်အဖြစ်ဖြင့် ခြီးမြှင့်ခန့်အပ် တင်မြောက်ခဲ့သည်က အစပြု၍ ရှေးမင်းကောင်း မင်းမြတ်တို့အဆက်ဆက် လက်ထက်တော်အခါကာလမျှးက သာသနာပြု သာသနာတော်ပိုင်ဆရာတော် မျှးကို ရွှေးချယ်တင်မြှောက် ခန့်ထားခဲ့ကြသည့် ရှေးထုံးစဉ်ဆက် မပျက်နှုန်းဆောင် ကုန်းဘောင်ရဝိန် (၁၁)ကြိမ်မြောက် ထွန်းတောက်ပြုမွေး မန္တလေး ရတနာပုံ ဒုတိယနန်းစံ မာရ်အောင်ရတနာစေတီတော် ဒါယကာ သီပေါမင်းတရားလက်ထက်တွင် တင်မြှောက်ခဲ့

သော တံဆိပ်တော်ရ တောင်ဇေတ်သာသနာပိုင် ဆရာတော်ဘုရားကြီးကို မြန်ထီးခရိုင် ယိမ်းယိုင်ပျက်စီးသည်မှ ကောဇာသက္ကရာဇ် ၁၂၄၇-ခုနှစ် အခါက မန္တလေးမြို့တော်နှင့်တကွ အထက်မြန်မာနိုင်ငံတော်ကို သိမ်းပိုက်အုပ်ချုပ်သော အင်္ဂလိပ်အစိုးရမင်းတို့က သံဃဦးကိုင် သာသနာပိုင်ရာထူးဌာ ခြီးကြူးတပ်အပ် အသိအမှတ် ပြုခြင်းအားဖြင့် သာသနာတော်ရေး သာသနာတော်မှုများကို ကြည့်ရှုစောင့်ရှောက်တော်မူရာတွင် သခ်ါဂမမှကို မလွန်မြောက်နိုင်သဖြင့် ဘဝ သစ်ချုန် ပြန်လွန်တော်မူရာဌာ ကျေးဇူးရှင် တောင်ခွင်သာသနာပိုင် ဆရာတော် ဘုရားကြီးအား သာသနာတော်ထမ်း ရဟန်းသင်္ဃာတော်များက သံဃိဿရ ဌာနန္တရတင့်ကဲ့ မဲဆန္ဒဖြင့် ခေတ်ကာလအလျောက် ရွေးကောက်တင်မြှောက်ခဲ့ သည့်အရ ၁၂၆၉-ခုနှစ်ကစ၍ (ဝိသုဒ္ဓသီလာစာရ သီရိပဝရ ဓမ္မသေနာပတိ) သီရိလင်္ကာဖြာ မဟာသံဃရာဇာဟူသော ဘွဲ့တံဆိပ်တော်နှင့်တကွ ဣဿရိယပိုင် ပဂ္ဂိုလ်အဖြစ် နိုင်ငံရှင် အစိုးရမင်းတို့က စွန့်နှတ်အမိန့်တော်နှင့်တကွ အာသိ အမှတ်ပြုခဲ့သည့်အတိုင်း ကျေးဇူးရှင် သာသနာပိုင် ဆရာတော်ဘုရားကြီးက ဝိနယဓမ္မနှင့်အညီ စီရင်ထုံးဖွဲ့အပ်သော သာသနာတော်ဆိုင်ရာ ဥပဒေအရ သုဓမ္မာဝင်ဆရာတော် စသော ဂဏာစရိယ ဂဏပါမောက္ခ ဌာနန္တရရှင် များဖြင့် သမုတ် ဂိုဏ်းချုပ် ဂိုဏ်းအုပ် ဂိုဏ်းထောက် ဆရာတော်များကို အထက်မြန်မာ နိုင်ငံတော်အတွင်းရှိ မြို့ကြီး နယ်ကြီးများဌ ဆိုင်သင့်ရာရာ မြောက်မြားစွာ ခန့်ထား၍ ရဟန်းသင်္ဃာတော်များ အချင်းချင်း အငြင်းအခုံ ဖြစ်ပွါးသော ဂရုဘဏ် လဟုဘဏ် ကျောင်းကန် အရာမိတ်တာမူ စသည်များကို လွန်ခဲ့ သော ၃၂-နှစ်ကျော် အခါကာလကစ၍ အကြိမ်ကြိမ် ဝိနည်းတရားတော်နှင့် အညီ စီရင်ဆုံးဖြတ်ခဲ့ရာ သက်ဆိုင်ရာ တရားလို စောဒက တရားခံ စုတိဒက သမဏဇောတ်တို့ ကျေနပ်နှစ်သက်ကြလျက် အချို့ အစွန်းထွက်ခြင်းအားဖြင့် အစိုးရ တရားမရုံးတော်များသို့ တက်ရောက် ကန့်ကွက်ကြပါသော်လည်း မြန်မာပြည်ဌ တရားဌာနချုပ် ဝန်ကြီးများအဖြစ် အဆက်ဆက် ဆောင်ရွက် သွားကြသော မစ္စတာ ဘားဂျက်, မစ္စတာ ကိုဂလက်စတန်, ဆာသာကော့ဂ်ရက်, ဆာ ဟာဘီအာဒမ္မဆင်, ဆာ ဂျော့ရှောလ်, မစ္စတာမကွော်တို့နှင့် ဟိုက်ကုတ် လွှတ်ဇတော် တည်ဘွင့်စ တရားဝန်ကြီးများ လက်ထက်တိုင် သာသနာပိုင် ဆရာတော်ကြီး၏ စီရင်ချက်ကို တစုံတရာ ပယ်ဖျက်ခြင်း မရှိခဲ့သည့်ပြင် မှတ်တမ်းတင်လောက်သော ဝိနိစ္ဆယများဖြစ်ကြောင်းကို ကျိုးကြောင်း ဘေဘ်ပြ၍ အမြင့်ဆုံး လွှတ်ရုံးကြီးက အတည်ပြုဌာန်း ဆုံးဖြတ်ကြသည့်အရ လောကဓမ္မ နှစ်ဌာနတို့ဌ အနဿအကျိုးဆိုက်ရောက်ခဲ့သည့်အရာ ထင်ရှားစွာ ဖြစ်ပါကြောင်း။

သို့ရာတွင် မကြာမီက ပခုက္ကူမြို့မှ ရဟန်းတော် ဦးဥတ္တမနှင့် ဦးပညာသီဟတို့ အငြင်းအခုံဖြစ်ပွါးသော ကျောင်းမြေမှုနှင့် စပ်သော သာသနာပိုင် ဆရာတော်

ဘုရားကြီး၏ စီရင်ချက်ကို ၁၂၉၇-ခု၊ ဝါခေါင် လပြည့်ကျော် ၆-ရက်နေ့က ရန်ကုန်မြို့ဟိုက်ကုတ်လှတ်တော် တရားဝန်ကြီး ၅-ဦးတို့ အစုံအညီ စီရင်ဆုံးဖြတ်ရာ၌ သဘောအယူအဆ သီရိတိမ်းပါးကြသဖြင့် မူလချမှတ်သော ဝိနိစ္ဆယကို ပယ်ဖျက်ရုံမျှမက သာသနာပိုင်ဆရာတော်ဘုရားကြီး၏ စီရင်ဆုံးဖြတ်ချက်များကို တရားရုံးတော်များက အတည်မပြုနိုင်ဟု ပိုင်ပိုင်ကြီး အမိန့်ချမှတ်လိုက်ရုံပြည်တန်သော ပတ္တမြားရာနာတင် ဂေါအနာကပ်ငြိသကဲ့သို့ မြန်မာပြည်၏ နိုင်ငံ့ထုံးစံများကို မှောက်လှန်ဖျက်ဆီးလိုက်ခြင်းအားဖြင့် အထက်မြန်မာနိုင်ငံတော်အတွင်းရှိ ရှင်ကြီးလူကြီးတို့မှာ ပူဆာညှိုးချုံး နှလုံးစိတ်ဝမ်း မချမ်းမသာဖြစ်ကြရပါကြောင်း။

ဤကိစ္စကို မန္တလေးမြို့ သာသနရက္ခိတအသင်းက အပေါ်သူကွ ကြောင့်ကြမဲ့ မပြုပဲ အသင်းအစည်းအဝေး အကြိမ်ကြိမ်ဘိတ်ခေါ်၍ မြော်ခေါ် စဉ်းစားကြပြီးလျှင် မြန်မာနိုင်ငံ၏ ဓလေ့ထုံးစံနှင့်တကွ ဟိုက်ကုတ်လှတ်တော်မှ သာသနာပိုင်ဆရာတော်ဘုရားကြီး၏ နှစ်ကာလ အရှည်တည်မြဲခဲ့သော တရားစီရင်ရေး အခွင့်အာဏာကို တခါတည်း ပယ်ဖျက်လိုက်ခြင်း အလျှင်းမသင့်လျော်သည့်အရာ ကျိုးကြောင်းမြောက်များစွာ ဖော်ပြ၍ မြန်မာနိုင်ငံ ဘုရင်ခံမင်းကြီး ဆာ-ဟုလင်စဒေါင်းစတီဖင်ဆင်နှင့် ဝန်ကြီးချုပ်များ တရားဝန်ကြီးများ ခရိုင်ဝန်ရှင်တော်မင်းကြီးများ စသည်တို့ထံ အင်္ဂလိပ်ဘာသာဖြင့် ပုံနှိပ်လုပ်ဆောင်သော စာတမ်းများကို ကမ်းလှမ်းပေးပို့လိုက်ရာ စတုလောကပါလ သာသနာတော်စောင့် သမ္မာဒေဝ နတ်ကောင်း နတ်မြတ်တို့ စောင့်ကြပ်နိစ္စ မှသော အားဖြင့် အစိုးရပြန်ကြားရေးဌာနမှ ၁၂၉၇-ခု၊ နတ်တော်လဆန်း (၁၁) ရက် ၁၉၃၅-ခု၊ ဒီဇင်ဘာလ (၅) ရက်နေ့စွဲနှင့် ထုတ်ပြန်သော အစိုးရကြေညာချက်တွင် များမကြာမီက ဟိုက်ကုတ်လှတ်တော်မှ ချမှတ်သည့် ရဟန်းကျောင်းပစ္စည်းမှုနှင့် စပ်လျဉ်းသည့် အငြင်းအခုံမှုများကို သာသနာပိုင်ဆရာတော်က စီရင်ဆုံးဖြတ်ခွင့် အာဏာနှင့် သက်ဆိုင်သော စီရင်ဆုံးဖြတ်ချက်တရပ်ကို တိုင်းသူပြည်သား အချို့တို့ အထင်အမြင် လွဲမှားခဲ့ကြကြောင်း။ ထို့ပြင် ၁၉၀၃-ခုနှစ်၌ မြန်မာနိုင်ငံတော်ကို စီရင်အုပ်ချုပ်တော်မူသော ဘုရင်ခံမင်း ပေးအပ်သည့် စွန်နတ် အမိန့်တော်တွင် ဘုရင်ခံမင်း အသိအမှတ်ပြုတော်မူသော သာသနာပိုင် ရာထူးကို ၎င်းဟိုက်ကုတ်လှတ်တော်စီရင် ဆုံးဖြတ်ချက်က ဖျက်သိမ်းစေသည် ဟူ၍ ကောလာဟလ ဖြစ်ပွါးလျက်ရှိသော အကြောင်းတရပ်ကို နိုင်ငံတော်အစိုးရမင်းတို့ထံ တင်သွင်းသည် ဖြစ်ကြောင်း။

ထို့ပြင် ၎င်းအစိုးကြော်ငြာချက် အပိုဒ်(၂)တွင် သာသနာပိုင်ဆရာတော်၏ စီရင်ဆုံးဖြတ်ချက်များကို တရားရုံးတော်တို့က လိုက်နာသမျှကာလပတ်လုံး ဤမှုခင်းကိစ္စများတွင် သာသနာပိုင်ဆရာတော်သည် အာဏာပိုင်အဖြစ် ဆက်လက်တည်ရှိလေသည် ဟူ၍ဖြင့်၊ ထို့ပြင် အပိုဒ်(၃)၌ ဦးပညာသီဟနှင့် ဦးဥတ္တမတို့

အမှုတွင် ဟိုက်ကုတ်လွှတ်တော်က စီရပ်ဆုံးဖြတ်ချက်သည် တရားဥပဒေနှင့် ဆိုင်သော အခြေအနေကို ပြောင်းလဲစေခဲ့သည်ဖြစ်၍ တရားရုံးတော်တို့က ယခုအခါ ရဟန်းကျောင်း ပစ္စည်းပိုင်ဆိုင်မှုကိစ္စ မှုခင်းမျှားကို တရားရုံးတော်က စီရင်ခွင့်ရသည်ဟု ဆုံးဖြတ်ကြလေသည်။ ဤသို့ ဆုံးဖြတ်ခြင်းကြောင့် စွန်နတ် အမိန့်တော်အရဖြစ်သော သာသနာပိုင်ဆရာတော်၏ အခြေအနေပြောင်းလဲ သွားသော်လည်း စွန်နတ်အမိန့်တော်မှာမူကား ထိခိုက်ခြင်းမရှိချေ။

ထို့ပြင် အပိုဒ်(၄)၌ လွန်ခဲ့သည့်နှစ်ပေါင်း ၄၀-ခန့်အတွင်း ဤသို့သော မှုခင်း ကိစ္စမျှား၌ သာသနာပိုင်ဆရာတော် ရွက်ဆောင်ကြီးကြပ်ခြင်းဖြင့် အရှုပ်အထွေး မျှားသော်၎င်း အခက်အခဲမျှားသော်၎င်း ဖြစ်ပွါးပေါ် ပေါက်ခြင်း မရှိခဲ့ဖြစ်၍ မြန်မာနိုင်ငံတော်ကို စီရင်အုပ်ချုပ်တော်မူသော ဘုရင်ခံမင်းကြီးသည် ထိုအခွင့် အာဏာမျှားကို ရှိမြဲတိုင်း ရှိရန် ကိစ္စ၌ ဆီးတားပိတ်ပင်ခြင်း တစုံတရာပြုတော် မူလိမ့်မည် မဟုတ်ချေ။ သို့ရာတွင် ထိုသို့ ရှိမြဲ ရှိစေရန် ကိစ္စအတွက် ဥပဒေပြု အာစည်းအဝေးမှ အက်ဥပဒေတခုပြုလုပ်ရန် လိုလိမ့်မည်ဖြစ်၍ ထိုသို့သော အက် ဥပဒေတစုံတရာကို အကြမ်းစိမ်ရေးသားရန် ဗုဒ္ဓဘာသာဝင်တို့ ကိုယ်တိုင် တာဝန်ယူလျက် လုပ်ရိုးလုပ်စဉ် နည်းစံနစ်အရ စဉ်းစားဆွေးနွေးရန် အလို့ငှါ ဥပဒေပြု အာစည်းအဝေးသို့ တင်သွင်းကြရမည် ဖြစ်ကြောင်းနှင့် ဖော်ပြပါရှိ သည့်အရာ သေချာစွာ ပြန့်နှံ့ထင်ရှား တိုင်းသားပြည်သူ ရှင်လူအမျှားတို့ မျက်ဝါးထင်ထင် တွေ့မြင်သိရှိကြရသည့်အတွက် လွန်မင်းစွာ နှစ်သက် ဝမ်း မြောက်ခြင်းနှင့်တကွ မြန်မာနိုင်ငံ ဂေါဝါနာဘုရင်ခံသည် တရားနည်းလမ်း ဖြောင့်မှန်အောင် ဆောလျင်စွာ ဆောင်ရွက်သည့်အတွက် ဘုန်းတော်ကြီး၍ သက်တော်ရာကျော် ရှည်စေကြောင်းကို ဆုတောင်းပတ္ထနာ မျှားစွာ ပြုပို့ကြ ပါကြောင်း။

ဤ သာသနရက္ခိတအသင်းမှလည်း မြန်မာပြည် ဘုရင်ခံမင်းကြီး၏ ထို အရေးကိစ္စနှင့် စပ်သော ဆန္ဒရိုးရင်း နှလုံးသွင်းကို ထင်လင်း သိရှိကြသည့် အရာ မန္တလေးမြို့မှ တရားဥပဒေအရာ ကျမ်းကျင် လိမ္မာသော ဝတ်လုံ တော်ရ ရှေနေကြီးတို့အား အထူးဘိတ်ကြား၍ အသင်းဥက္ကဋ္ဌ ပြီစိတင်ပြင် ရှေ့မြင်နောက်သိ မြော်မြင်ခြင်းရှိကြသော အသင်းအမှုဆောင် အချို့တို့နှင့် ပေါင်းစပ်၍ ဥပဒေထုံးဖွဲ့ခြင်းဆိုင်ရာ အထူးအဖွဲ့ တခုကို ဖွဲ့စည်းပြီးလျှင် သာသနာပိုင်ဆရာတော်ဘုရားကြီးက လွှဲအပ်ထားသော သုဓမ္မာဝင် ဆရာတော် ကြီးမျှားနှင့် ခရီးရောက်စေရန် အတန်တန် သုံးသပ်ဆင်ခြင်ကြပြီးကာလ၊ လွန်ခဲ့သော ကောဇာသက္ကရာဇ် ၁၂၆၇-ခု၊ ဝါခေါင်လဆန်း (၇) ရက်နေ့က ကင်းဝန်မင်းကြီး အမှူးရှိသော မှူးတော် မတ်တော်ကြီးတို့ တင်သွင်းချက်အရ သာသနာပိုင် တောင်ခွင်ဆရာတော်ဘုရားကြီးက အတည်ပြုတော်မူပြီးဖြစ်သော

ဝိနည်းတရားတော်နှင့်အညီ စီရင်ရေးသားထားသော ဥပဒေကို အခြေခံပြု၍ ခေတ်ကာလကို ထောက်ရှုလျက် မည်သည့် သံဃကိုဏ်းဂဏတို့နှင့်မှ မဆန့်ကျင် စေရအောင် ဥပဒေကြမ်းတစောင်ကို ကြံဆောင်ရေးသားပြီးနောက် မြန်မာပြည် တရားဥပဒေပြုအဖွဲ့ လွှတ်တော်အစည်းအဝေးသို့ ရောက်အောင် တင်သွင်းမည် ဖြစ်ပါကြောင်း။

အထူးလျှောက်ထားရန်မှာ ယနေ့ကျင်းပသော အဋ္ဌာရသမ (၁၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင်—

(၁) မန္တလေးမြို့ မြောက်ပြင် သစ်ဆိမ့်တိုက် သံဃနာယကဆရာတော် ဦးသူရိယ၊

(၂) ၎င်းမြို့ အနောက်ပြင် မစိုးရိမ်တိုက် ဆရာတော် ဦးဉာဏ၊

(၃) ဟင်္သာတမြို့ ဒက္ခိဏာရုမ ပိုးစာတောတိုက် ဆရာတော် ဦးသီရိန္ဒာဘိဓေယ၊

(၄) ပခုက္ကူမြို့ မဟာဝိသုတာရုမတိုက် ဆရာတော် ဦးပညာ အရှင်မြတ် ၄-ပါးတို့အား အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်နှင့် စွန်နတ် အမိန့်တော်မျှား ချီးမြှင့် အပ်နှင်းသည်ကို ခံယူတော် မူကြမည် ဖြစ်ပါကြောင်း။

လွန်ခဲ့သော မြန်မာသက္ကရာဇ် ၁၂၇၇-ခုနှစ်ကစ၍ ယခုကြိမ် ရောက်ဆဲ ၁၂၉၇-ခုနှစ် အဋ္ဌာရသမ (၁၈)ကြိမ်မြောက်တိုင်အောင် နိုင်ငံအစိုးရမင်းတို့ လွှဲအပ်ချက်အရ မဟာသံဃရာဇာ သာသနာပိုင် ဆရာတော်ဘုရားကြီးကိုယ်တိုင် ဘွဲ့နှင်းသဘင် ကျင်းပသော အခမ်းအနားသို့ ထွက်ကြွတော်မူ၍ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းတော်မူပြီး ယခုအကြိမ်တိုင် ဆရာတော်ပါးရေ (၈၀)၊ လူပုဂ္ဂိုလ် (၄)ဦးအား ဖြင့် ၂-စု ဦးရေပေါင်း (၈၄)အထိ တိုးပွါးလာသည့်အရာ ဗုဒ္ဓသာသနာတော်၏ ဂုဏ်ကျက်သရေ မြုတောဆင့်ဆင့် တိုးမြင့်လျက်ရှိသည့်အရာ ဗုဒ္ဓဘာသာဝင် ရှင်လူအပေါင်းတို့က ကောင်းချီးနုမော် သာဓုခေါ်ကြပြီးလျှင် ဘုန်းအင်တေဇ ကြီးမြတ်လှသော အဋ္ဌမမြောက် ဒဋ္ဌက်ဘုရင် ကောဇ်မင်းမြတ်၏ တိုင်းပြည်နိုင်ငံ အုပ်ချုပ်ရေးသည် ရှေးရှေးသော ဘေးလောင်းတော် ဘိုးလောင်းတော် ခမည်းတော် ပဋ္ဌမမြောက် ဂျေ့ဘုရင် မင်းတရားကြီးတို့ကဲ့သို့ ရှင်လူမျှားစွာ ရေတွေ့ကြာတမျှ အေးမြချမ်းသာကြစေရန် အဖန်ဖန်ဆုတောင်း မေတ္တာပို့သလျက် ရှိကြသည့် အရာထောပနာစာ ဆက်သွင်းပါသည်ဘုရား။

မဟာမုနိဘုရား ဘဏ္ဍာတော်ထိန်း လူကြီးများ

၁–မြန်မာပညာရှိ အငြိမ်းစား ပညာဝန်ထောက် ဦးကျော်ရန်။

၂–သမာဓိမြို့ဝန် ဦးညွန့် M.B.E.,A.T.M.။

၃–သမာဓိမြို့ဝန် ပဲ့စားကြီး ဦးဘ T.P.S.။

၄–သမာဓိမြို့ဝန် ပဲ့စားကြီး ဦးကြီး T.P.S.။

၅–ပိုက်ကျုံး လှစက်ရှင် ဦးကြွယ်။

၆–သမာဓိမြို့ဝန် ဦးတာရဲ။

၇–မြူနီစီပါယ်လူကြီး လေ့သင်းမောင်မောင်။

မန္တလေးမြို့တော်။
သာသနာတော်–၂၄၇၉။
၁၂၉၇–ခု၊ တပေါင်းလဆုတ် (၂)ရက်နေ့။
၁၉၃၆–ခု၊ မတ်လ (၈)ရက်နေ့။

(၇) နံပါတ် အစီအစဉ်အရ ဦးကျော်ရန် ဖတ်သည့် သာသနာပိုင် ဆရာတော်ဘုရားကြီး၏ အမိန့်တော်ကိုလည်း ဤ၌ မူရင်းအတိုင်း ဖော်ပြအပ်ပါသည်။

မဟာသံဃရာဇာ သာသနာပိုင်ဆရာတော် အမိန့်တော်

မဟာသံဃရာဇာ သာသနာပိုင် ဆရာတော် အမိန့်တော်ရှိသည်။ မြန်မာနိုင်ငံတော် အထက်ပိုင်းရှိ သာသနာတော်ထမ်း ရဟန်းသံဃာတော်အပေါင်းတို့။

နိုင်ငံအစိုးရမင်းတို့သည် လောကဋ္ဌ အသိအလိမ္မာ တိုးပွါးမည်ဖြစ်လျှင် အယူဝါဒမရှေး ကျမ်းဂန်စာပေကို တတ်မြောက်အောင် သင်ကြားမှုဌာန် အားပေးခြီးမြှောက်လေ့ရှိသည့်အတိုင်း ဗုဒ္ဓသာသနာတော် ကျမ်းဂန်များကို သင်ကြားတတ်မြောက်လျှင် အသိအလိမ္မာ တိုးပွါးခြင်း၊ ကမ္ဘာဦးသား ဘုရား ရဟန္တာ နတ်ဗြဟ္မာတို့ ဟောကြားပြောဆိုမြွက်ဖြစ်သော မဂဓဘာသာကို ကြီးပွါးပြန့်နှံ့စေခြင်း စသော ဂုဏ်ကျေးဇူးများကို မြော်လင့်၍ ပဌမပြန်သဘင် ဆင်ယင်ကျင်းပခြင်း။ ပါဠိအဋ္ဌကထာတို့၌ ဝိသာရဒဂုဏ်နှင့် ပြည့်စုံ၍ ကျမ်းဂန် အသစ် ရေးသားနိုင်ခြင်း စသော ဂုဏ်တို့နှင့်ပြည့်စုံသော ပဋိဝိုလ်များကို (အဂ္ဂမဟာပဏ္ဍိတ) ဘွဲ့တံဆိပ်အပ်နှင်းခြင်းသည် ယခုအကြိမ်တိုင် အဋ္ဌာရသမ (၁၈)ကြိမ်မြောက် ဖြစ်သည်။

ယင်းသို့ (အင်္ဂမဟာပဏ္ဏိတ) ဘွဲ့တံဆိပ် အပ်နှင်းခြင်းကို ထောက်၍ အစိုးရ မင်းတို့သည် ဗုဒ္ဓသာသနာတော်ထမ်း ရဟန်းသံဃာတော်တို့ ပရိယတ် ပဋိပတ် မှတပါး ဂီဟိကမှ လူမှုကိစ္စများ ဆောင်ရွက်ရသည်ကို နှစ်သက်ခြင်း မရှိသည့် အရာ သိသာထင်ရှားသည်။ လူတို့ အကုသိုလ်ကမ္မပထ အားကြီး၍ အသက် ဆယ်နှစ်တမ်း၌ ပျက်စီးဆုံးပါး၍ အနည်းငယ်ကျန်ရှိသော လူတို့သည် အချင်း ချင်း ဗြဟ္မဝိဟာရ ကုသိုလ်တရား ပွါးများကြသောကြောင့် အသက် အသင်္ခ် ယျတန်းတိုင်အောင် တိုးတက်ကြီးပွါးကြောင်း ပါထေယျဝဂ် စက္ကဝတ္တိသုတ် ဒေသနာတော် လာရှိသည်။ ဗုဒ္ဓဘာသာ အမျိုးသားတို့ ကြီးပွါးမြင့်မြတ် စေလိုသော ရဟန်းသံဃာတော်တို့မှာ လူတို့အကုသိုလ် ကမ္မပထတရား နည်း ပါး၍ ကုသိုလ် ကမ္မပထတရား တိုးပွါး အချင်းချင်း ဗြဟ္မဝိဟာရတရားဖြင့် စောင့်ရှောက်ခြင်းသည်သာ ဒေသနာတော်နှင့် ညီညွတ်၍ အမျိုးသားတို့၏ ကြီးပွါးမြင့်မြတ်ကြောင်း အစစ်အမှန်ဖြစ်သည်။

လေးကျန်းလုံးကို အစိုးရသော စကြာမင်းတို့သည် တရားဥပဒေ အခြား မရှိ။ ငါးပါးသီလကို စောင့်ထိန်းရမည့် အာဏာထား၍ စက္ကဝါတတိုက်လုံးကို အုပ်ချုပ်သည့်ထုံးကို ထောက်လျက် ရဟန်းသံဃာတော်တို့၏ (၂၂၇)ပါးသော သိက္ခာပုဒ်များကို စောင့်ထိန်းလျှင် ဆိုဘွယ်မရှိ။ လူဒါယကာမျှားမှာလည်း ဂရုမမူ ပဉ္စသီလနှင့် ပြည့်စုံလျှင် မည်သည့် တရားဥပဒေကိုမဆို ကျူးလွန်ခြင်း မရှိနိုင်ဖြစ်သည်။

ဆရာတော်မှာ အစိုးရမင်းတို့ ပညတ်ပိုင်းခြားအပ်သော တရားဥပဒေများ ကို မကျူးမလွန် ရဟန်းရှင်လူတို့ကုသိုလ်တရား ပွါးများ အမျိုးသားတို့ကြီးပွါး မြင့်မြတ်ခြင်းအကြောင်းဖြစ်သော ပရိယတ် ပဋိပတ်နှင့် ပြည့်စုံကုန်သော ပုဂ္ဂိုလ် တို့အား ချီးမြှောက်ခြင်း၏ အကျင့်စာရိတ္တဖြစ်သော ဝိနည်းပါဠိ အဋ္ဌကထာ များကို နူတ်တက်ဆောင်ရွက်သော ဝိနယဓရပုဂ္ဂိုလ် အဘိဓမ္မာကို ဆောင်ရွက် သော အာဘိဓမ္မိကပုဂ္ဂိုလ်၊ သုတ္တန်ကိုဆောင်ရွက်သော သုတ္တန္တိကပုဂ္ဂိုလ်များ ကို ရွေးချယ်၍ သုဓမ္မာတော်၌ စာပြန်သဘင် ကျင်းပခြင်း အထိုက်အလျောက် ပူဇော်ချီးမြှောက်ခြင်း ဂုဏ်ထူးဆောင်တံဆိပ်များ လှူဒါန်းခြင်း အဆက်ဆက် ဆောင်သော ဝိနိစ္ဆယ ဝိနိစ္ဆယညူ ဖြစ်တော်မူကုန်သော ပုဗ္ဗာစရိယ ဆရာမြတ် တို့၏ နည်းကို အမှီပြု၍ စီရင်အပ်သော သုတ္တန္တာဒိဂုဠ္ဍတ္ထပဒမတဲ့ ဝိနယဂုဠ္ဍတ္ထ ဒုတိယတဲ့များကို ပုံနှိပ်စာအုပ် ပြုလုပ်လှူဒါန်းခြင်းစသော အလုပ်များ အား ထုတ်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် သာသနအာယု တည်မြဲမှုလျှင် ရှင်ပင်မြတ်ဖြား ဘုရားအဆုံးအမ တော်ဖြစ်သော ဝိနယဓမ္မကို ဇီနောရသ သာသနမှုထမ်း ရဟန်းသံဃာတော် တို့ လိမ္မာပြွမ်းတည်းခြင်းအားဖြင့် သာသနာတော်သုံးပါး စည်ပင်ပြန့်ပွါး

များမြတ်စိမ့်သောဌါ ပြုစုစီရင်အပ်သော ဝိနိစ္ဆယ ကျမ်းစာအုပ်နှင့်တကွ သုခ ပွါးတက် အသက်ရှည်ကြာ အနာကင်းပလျက် ဓုရန္ဒစ်ပါးအလုပ် အထူးအားဖြင့် ပဓာနအလုပ်တို့ကို အားထုတ်ဆောင်ရွက်နိုင်ကြမည့် အရေးများကို လိုလား ခြင်းအားဖြင့် ဘုရားရှင်ကိုယ်ဓာတ်တိုင် ဆေးဝါးဘေသဇ္ဇ အမျိုးမျိုးတို့ကို ဘေသဇ္ဇကွန္ဓကစသည်တို့၌ ခွင့်ပြုတော်မူခဲ့သည်နှင့်အညီ နောင်လာအများ ကုလပုတ္တ အမျိုးကောင်းသားတို့သည် အဖျားအနာစသော ရောဂါအမျိုးမျိုး တို့မှ ကင်းပကြလျက် ဓုရန္ဒစ်ပါးအလုပ် ပဓာနအလုပ်များကို ကောင်းမွန်စွာ ကြိုးစားအားထုတ်နိုင်ကြစေရန်အတွက် လေ့ကျက်ကြည့်ရှုကြဘို့ရာ သမ္မာဆန္ဒ ပတ္ထနာအာသီသ ရွှေထားပြီးလျှင် ဗုဒ္ဓတိကိစ္ဆာပဒေသကဏ္ဍမှစ၍ ငါးပိုင်း ငါးကဏ္ဍတို့ဖြင့် စီမံရေးသားအပ်သော ဘေသဇ္ဇကပ္ပဒုမမည်သော သြသဓက်ဟ ကျမ်းကို စာအုပ်ပုံနှိပ်လုပ်ဆောင်၍ ဇီဝိတဒါန အဘယဒါနအလှိုဌါ ကမ်းလှမ်း ဝေငှ လှူဒါန်းဆဲရှိသည်ဖြစ်ရာ များစွာ အကျိုးဆိုက် ရောက်ရှိသည်။

သို့ဖြစ်ရကား တိုင်းပြည်နိုင်ငံအကျိုးငှါ ယထာ ရကွဲ့သု ပေါရာဏာ၊ သုရာ-ဇာနော တထေဝိမံ စသည်တို့နှင့်အညီ ရှေးရှေးသော ဘုရားအလောင်း မင်း ကောင်း မင်းမြတ်တို့သည် တိုင်းနိုင်ငံသူ ရှင်လူရဟန်းတို့အား ရင်ဝယ်သားကဲ့ သို့ စောင့်ရှောက်တော်မူသကဲ့သို့ တိုင်းပြည်သော်နှင်း မင်းဧကရာဇ်သည် အုပ်ချုပ်စောင့်ရှောက်တော် မူပါစေသတည်း။ တိုင်းနိုင်ငံသူ ရှင်လူရဟန်းတို့က လည်း ကောဇ်မင်းမြတ်၏ ကျေးဇူးသစ္စာတော်ကို စောင့်သိရှိသေစွာ နိုင်ငံ ဥပဒေကို ကျူးလွန်မရှိ ကုသိုလ်ကောင်းမှု အနဝဇ္ဇ အတတ်ပညာများကို တိုးတက်အောင် ဆောင်ရွက်ကြပါစေသတည်း ဟူ၍ ဆရာတော် ဆုတောင်း မေတ္တာပို့သလျက်ရှိကြောင်း အမိန့်တော်ရှိသည်။

ဝိသုဒ္ဓသီလာစာရ သိရိပဝရမမ္မသေနာပတိ မဟာသံဃရာဇာ
သာသနာပိုင်ဆရာတော်၊ မန္တလေးမြို့တော်။

သာသနာတော်-၂၄၇၉။ ၁၂၄၇-ခု။ တပေါင်းလဆုတ် (၂)ရက်နေ့။
၁၉၃၆-ခု။ မတ်လ (၈) ရက်နေ့။

တန္ဒစ် နှစ်ကြိမ်ကျ

ဤသို့ဖြင့် သာသနာပိုင် တောင်ခွင်ဆရာတော် ဘုရားကြီးသည် တန္ဒစ်လျှင် ၂-ကြိမ်ကျ ဂျော့ဘုရင်မင်းကိုယ်စား အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်ကို ပိဋကတ် ကျမ်းဂန်တတ် ပဂ္ဂိုလ်တို့အား လှူဒါန်းချီးမြှင့်တော်မူခဲ့လေသည်။

မဟာပဏ္ဍိတ လဉ္ဆာနို၊ ယတိန္ဒြန ဒိန္နာနိ စ။
ပတင်္ဂလိသရာဇူနံ၊ ဓရတံ ပိဋကတ္တယံ။
(တောင်ခွင်သာသနာပိုင် ဆေရုပွတ္တိ -၁၀၉-ဂါထာ)

ကျေနပဉာသမပိုင်း

မကွေးခရိုင် ဒုတိယသုဓမ္မာဝင်

ဆရာတော်အရှင်ပဉာသည် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံတော်မူပြီး နောက်နှစ်တွင် တောင်ခွင် သာသနာပိုင် ဆရာတော်ဘုရားကြီး၏ မကွေးခရိုင် ဒုတိယသုဓမ္မာဝင် ဆရာတော်အဖြစ် ခန့်အပ်ခြင်းကိုလည်း ခံတော်မူရလေသည်။ တောင်ခွင်သာသနာပိုင် ဆရာတော်ဘုရားကြီး၏ မကွေးခရိုင် ဒုတိယသုဓမ္မာဝင် ခန့်အပ်လွှာမှာ အောက်ပါအတိုင်း ဖြစ်၏။

မဟာသံဃရာဇာ သာသနာပိုင်ဆရာတော် အမိန့်တော်

ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော အနာဝရဏ မဟာဝဇိရစသော ဉာဏ်တို့ဖြင့် ခြံရုံအပ်သော သဗ္ဗညုတဉာဏ်ရှင် ဖြစ်တော်မူသော မြတ်စွာဘုရား၏ သားကြီးဩရသ တတိယ မဟာသာဝက အရှင်မဟာကဿပစသော ရဟန္တာ အရှင်မြတ်တို့၏ သိဿာနုသိဿ ဖြစ်တော်မူကြသော ရှေးရှေး မဟာသံဃရာဇာ သာသနာပိုင် ဆရာတော်ဘုရားကြီးတို့ကဲ့သို့ သာသနာပိုင် ဌာနန္တရ ဣဿရိယပိုင် ပုဂ္ဂိုလ်အဖြစ်ကို နိုင်ငံရှင် အစိုးရမင်းတို့ အမှတ်ပြုခြင်း အမိန့်တော်နှင့်တကွ "ဝိသုဒ္ဓ သီလာစာရ သီရိပဝရ ဓမ္မသေနာပတိ မဟာသံဃရာဇာ" ဟူသော တံဆိပ်တော် အပ်နှင်းခြင်းမျှားကို ခံရသော မဟာသံဃရာဇာ သာသနာပိုင် ဆရာတော် အမိန့်တော်ရှိသည်။ သာသနာတော်ရေးဆိုသည့် အရာသည် သာသနာတော်ထမ်း ရဟန်း သံဃာတော်တို့၏ ကျင့်ဝတ်သိက္ခာပုဒ်နှင့် စပ်၍ အရွဲ့အထွေး အရေးကိစ္စမျှားကို မြတ်စွာဘုရား ဟောကြားပညတ်တော်မူသော ဝိနည်းတရားတော် လာရှိသည့်အတိုင်း ဆောင်ရွက်ရခြင်း၌ အလွန် နက်နဲသိမ်မွေ့မျှားပြားလှလေသည်။ ရှေးရှေးသော သာသနာပိုင် အဆက်ဆက်တို့သည်လည်း သာသနာတော်၏ အရေးအရာ အခင့်ကိစ္စမျှားကို သိလသိက္ခာ ပညာ အမြော်အမြင်စသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကျော် မထေရ်မြတ်တို့နှင့် ညှိနှိုင်းတိုင်ပင် စီရင်ဆောင်ရွက် အုပ်ချုပ်တော်မူကြမြဲ ဖြစ်သည်။ သို့ဖြစ်၍ သာသနာတော်ထမ်း ရဟန်း သံဃာတော်တို့၏ အရွဲ့အထွေး အရေးကိစ္စမျှားကို စည်းဝေးညှိနှိုင်း တိုင်ပင် စီရင်ဆောင်ရွက်စိမ့်သောငှါ သုဓမ္မာဆရာတော် ဂ-ပါး ထားရန် ပြဋ္ဌာန်းပိုင်းခြားရင်း ရှိသည့်အတိုင်း အသက် ၅၀ သိက္ခာတော် ၃၀ ရှိသော ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် ဦးပညာကို ဒုတိယသုဓမ္မာ ခန့်အပ်တော်မူသည်။

ထိုသို့ ခန့်တော်မူကြောင်းလည်း ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဦးပညာသည် လင်္ကာပေသလ သိက္ခာကာမ ပရိယတ္တိဝိသာရဒ ဝိနယဓရစသော ဂုဏ်

ကျေးဇူးအပေါင်းနှင့် ပြည့်စုံသောပုဂ္ဂိုလ်ဖြစ်သည်နှင့်အညီ သာသနာတော်ထမ်း ရဟန်း သံဃာတော်အပေါင်းတို့နှင့်တကွ အစိုးရမင်းရုံးတော်များက ဤသို့သော ဆရာတော်ကို သုဓမ္မာဆရာတော် ခန့်တော်မူသည့်အဖြစ်ကို ထင်ရှားစိမ့်သောဌါ ဤခန့်စာ အမိန့်တော်ကို ပေးအပ်တော်မူသည်။ သို့ပေးအပ် ခန့်ထားတော်မူ သည့်အတိုင်း သာသနာတော်ထမ်း ရဟန်း သံဃာတော်တို့၏ ကျင့်ဝတ်သိက္ခာ ပုဒ်နှင့်စပ်၍ သာပတ္တိက, အနာပတ္တိကအားဖြင့် ဖြစ်ပွါးပေါ် ပေါက်လာသော အာပတ္တာဓိကရဏ၊ကျောင်းအရာမ် သစ်သီးပန်းမာလ်အရာမ် ဂရုဘဏ် လဟုဘဏ် ပရိဘောဂစသော အမွေပစ္စည်းနှင့်စပ်၍ ဖြစ်ပွါးပေါ် ပေါက်လာသော ဝိဝါဒါ ဓိကရဏစသော အမှုများ၌ ဝိနည်းဒေသနာတော် လာရှိသည့်အတိုင်း ညီညွတ် ကျန မှန်ကန်အောင် အစိုးရမင်းတို့၏ တရားမဥပဒေများနှင့် မဆန့်ကျင်စေရ၊ အစုံအညီ ပြဋ္ဌာန်းပိုင်းခြားထားသော ဥပဒေစည်းကမ်းများနှင့်လည်း ညီညွတ် အောင် သုဓမ္မာဆရာတော်တို့နှင့် စည်းဝေးညှိနှိုင်း ဆင့်ဆိုစီရင်စေ။

မန္တလေးမြို့တော်
သာသနာတော် ၂၄၈၀-ခုနှစ်
သင်္ကြာဇ် ၁၂၄၂-ခု၊ ဝါဆိုလဆန်း ၇-ရက်
ခရစ်သင်္ကြာဇ် ၁၉၁၆-ခု၊ ဇွန်လ ၂၄-ရက်

မဟာသံဃရာဇာ သာသနာပိုင်ဆရာတော်

ဤသို့ဖြင့် ဆရာတော်သည် သုဓမ္မာဝင် ဆရာတော်ဖြစ်၍လည်း ဘုန်းမီးနေလ လွန်တောက်ပသည့် ဘုရားရှင် သာသနာကို စည်ပင်အောင် ဆောင်ရွက်တော် မူခဲ့လေသည်။

သုဓမ္မာစေရာဘာဝေန၊ မဟာဘာဂေါ မဟာယတီ။
တိလောကဂ္ဃာ စက္ကံ သော၊ စိရံ ဇောတယိတုံ အကာ။

ပညာသမပိုင်း

မဟာဝိသုတာရာမိက ဂဏဝါစက နိကာယကြီး ပေါ်လာပြီ

မကွေးမြို့ မဟာဝိသုတာရာမတိုက်တည် ဆရာတော် အရှင်နာရဒသည် တွေးခေါ်မြော်မြင်ဉာဏ်နှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်မြတ် ဖြစ်လေသည်။ ပခုက္ကူ သံဃာ့ အဖွဲ့အစည်းခေါ် မဟာဝိသုတာရာမိက ဂဏဝါစက နိကာယကြီး ပေါ်လာခဲ့သည်မှာ ဖော်ပြပါ မကွေးဆရာတော် အရှင်နာရဒ၏ လှုံ့လှည့်ဆာဟ ကြောင့်ဖြစ်သည်။

ကြိုးပမ်းသော်လည်း မအောင်မြင်

ဆရာတော် အရှင်နာဂဒသည် မဟာဝိသုတာရာမိက ဂဏဝါစက နိကာယ ကြီး ပေါ်ပေါက်ရန် ကြိုးပမ်းခဲ့သည်မှာ ၁၂၀၁-၁၂၀၂-ခုနှစ် လောက်က ဖြစ်၏။ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် အလယ်သိမ်ကျောင်းတော်ကြီး အောက်ထပ်၌ ရန်ကုန်မြို့ ဘုရားကြီးတိုက်ဆရာတော် ဦးကောဏ္ဍည (အဂ္ဂ မဟာပဏ္ဍိတ ဆရာတော် ဦးကောဏ္ဍည)နှင့် မဟာဝိသုတာရာမိက ဂဏဝါစက နိကာယ တည်ထောင်ဖို့ စတင်ဆွေးနွေးတော်မူခဲ့သည်။ သို့ရာတွင် အကြောင်း အမျိုးမျိုး အခက်အခဲ အမျိုးမျိုးကြောင့် မအောင်မြင်ခဲ့ချေ။

ဤသို့ဖြင့် မအောင်မြင်ပဲ နှစ်ပေါင်း ၇-နှစ်ခန့် ကြာညောင်း ခဲ့လေရာ ၁၂၉၇-ခုနှစ်သို့ ရောက်သောအခါ အရေးကြီးသော သာသနာရေးကိစ္စ တခုနှင့် တွေ့ကြုံရလေရာ အဖွဲ့အစည်း မရှိသဖြင့် သာသနာရေးကိစ္စ ပြုလုပ်၍ မတွင် ကျယ်ပုံကို တွေ့ရသည့်ပြင် အဖွဲ့အစည်း ရှိပါက သာသနာရေးကိစ္စ ပြုလုပ်၍ တွင်ကျယ်မည် အလုပ်ဖြစ်မည်ကို တွေးမိသောကြောင့် ထို ၁၂၉၇-ခုနှစ် သီတင်း ကျွတ်လဆုတ် ၅-ရက်နေ့တွင် ဤမည်သော မဟာဝိသုတာရာမိက ဂဏဝါစက နိကာယကြီးကို အောင်မြင်စွာ စတင်ဖွဲ့စည်း တည်ထောင်နိုင်ခဲ့လေသည်ဘ။

သို့ဖြစ်၍ ကလိယုဂ် သက္ကရာဇ် ၅၀၃၇-ခု၊ ကောဇာသက္ကရာဇ် ၁၂၉၇-ခု သီတင်းကျွတ်လဆုတ် ၅-ရက်နေ့ ၃-ချက်တီးကျော် အချိန်တွင် သာသနာတော်အကျိုး သည်ပိုးရွက်ဆောင်ရန် အတွက် ဤမည်သော မဟာဝိသုတာရာမ ဂဏဝါစက နိကာယ အဖွဲ့ကြီး ပါ=ပခုက္ကူ၊ သံဃာ့ အဖွဲ့အစည်းကြီး ပေါ်ပေါက်မွေးဖွားသည်ဟု မှတ်သားရာ၏။

အဋ္ဌနဝုတိကေ ဝဿေ၊ ဒ္ဝိသတေကသဟဿကေ။
ကတ္တိကေ ပဌမေ မာသေ၊ ကာဠပက္ခေဝ ပဥ္စမေ။
ဒိနေဟိ ဝိသုတာရာမ-နိကာယော ယံ သမုဗ္ဘဝိ၂။

ရည်ရွယ်ချက် ၃-ခု

(၁) ပရိယတ်, ပဋိပတ်နှင့် ဆိုင်သော စည်းမျဉ်းများ ပြုလုပ်ပြီးလျှင် ထိုစည်းမျဉ်းအတိုင်း အဖွဲ့ဝင် သံဃာတို့ လိုက်နာကြသဖြင့် ဤ မဟာဝိသုတာ

၁။ ကျောက်ဆည်မြို့ မဟာဝိသုတာရာမတိုက် ဆရာတော် ဦးဇောတ၏ မဟာဝိသုတာရာမ ဂဏဝါစကနိကာယကြီးသို့ ဝင်ပါသည် ဟူသော စာကို ဦးစွာ ရရှိသည့် နေ့စွဲကို အကြောင်းပြု၍ ယင်း ၁၂၉၇-ခု သီတင်းကျွတ်လဆုတ် ၅-ရက်နေ့တွင် နိကာယကြီး စတင်သည်ဟု သတ်မှတ်တော်မူခဲ့လေသည်။
၂။ မဟာဝိသုတာရာမနိကာယ သာသနာဝင်-၂၃၀။

ဏာမိက ဂဏဝါစက နိကာယသည် သာသနာ ငါးထောင် ကုန်ဆုံးသည့် တိုင် အောင် သဒ္ဓမ္မ ၃-ပါးတို့ကို တပည့်စဉ်ဆက် စောင့်ရှောက်ရန်။

(၂) အဖွဲ့ဝင် မဟာထေရ် ကြီးများနှင့် အနုထေရ်များသည် ပခုက္ကူမြို့မှာ ဖြစ်စေ, အခြားသင့်လျော်သော မြို့မှာဖြစ်စေ မကြာမကြာ စည်းဝေးပေါင်းဆုံ ကြသဖြင့် အဖွဲ့ဝင် သံဃာချင်း ရှေးကထက်ပို၍ တပါးအပေါ် တပါး ကြည်ညို ကျမ်းဝင် ခင်မင်ခြင်း ဖြစ်ကြစေရန်။

(၃) အရေးကြီးသော သာသနာရေးကိစ္စ ပေါ်ပေါက်ခဲ့သော် နိကာယဝင် သံဃာတို့ တလုံးတစည်းတည်း အားပေး ချီးမြှောက်သင့်က အားပေး ချီးမြှောက်ရန်၊ နှိမ်နင်းသင့်က နှိမ်နင်းရန် ဟူသော ရည်ရွယ်ချက် ၃-ခုဖြင့် ဤမည်သော မဟာဝိသုတာရုမ ဂဏဝါစက နိကာယကြီးကို ဖွဲ့စည်းတည် ထောင်တော် မူခဲ့ကြကုန်၏။

ဤမေဟိ တီဟိ အတ္ထေဟိ၊ နိကာယော ဟိ ပဝတ္တိတော။
ဒီဃဒဿီဟိ ထေရေဟိ၊ ကဝိကုဉ္ဇရဉာဏိဘိ။

နိကာယသို့ ဝင်နိုင်ရန် စည်းကမ်းချက် ၂-ခု

နိကာယသို့ ဝင်နိုင်ရန် စည်းကမ်းချက်မှာ ၂-ချက်သာ ဖြစ်၏။ ၎င်း၂-ချက်မှာ–

(၁) ပခုက္ကူမြို့ မဟာဝိသုတာရုမ တိုက် ဆရာတော် (ဆရာတော် အရှင်ပညာ အဂ္ဂမဟာ ပဏ္ဍိတ), ဆရာတော် အရှင်သုန္ဒရ, (ဆရာတော် အရှင်သုန္ဒရ အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု) ညောင်ဦးမြို့ မဟာဝိသုတာရုမတိုက် ဆရာတော် အရှင်နန္ဒဝံသ (အရှင်နန္ဒဝံသ အဂ္ဂမဟာပဏ္ဍိတ) ဟူသော ဆရာတော်ဘုရားကြီး ၃-ပါးအပေါ် ၌ ကြည်ညိုလေးမြတ်ခြင်းရှိပြီးလျှင် ထို ဆရာတော်ဘုရား ကြီး ၃-ပါး၏ အဆုံးအမ ဩဝါဒကို တိတိကျကျ လိုက်နာနိုင်ခြင်း။

(၂) တိုက်သံဃာဖြစ်စေ, တကျောင်းတည်း သံဃာဖြစ်စေ အနည်းဆုံး ၂၁-ပါး အရေအတွက်ရှိသော သံဃာများကို အုပ်ချုပ်ထိန်းသိမ်း ကွပ်ကဲသော ဂဏဝါစကဖြစ်ခြင်း ဖြစ်လေသည်။

ဤစည်းကမ်းချက် ၂-ချက်ကို အဖွဲ့ဝင်နိုင်ရန် စည်းကမ်းဟု ကန့်သတ်ပြီးလျှင် အရည်အချင်း စည်းကမ်းချက်ကို ထည့်သွင်း မစဉ်းစားပဲ တပါးပါးသော ရဟန်းကို နိကာယသို့ သွင်းရန်လိုသည်ဟု ဆရာတော်ဘုရားကြီး ၃-ပါး စိတ်၌ ထင်မြင်ချက်ရခဲ့သော် ထိုထင်မြင်ချက်အတိုင်း ထည့်သွင်းနိုင်သော အာဏာကို ဆရာတော်ဘုရားကြီး ၃-ပါးလက်ဝယ် ထားရှိရန်ဖြစ်လေသည်။

မဟာဝိသုတာရာမိက ဂဏဝါစကနိကာယကြီး စတင်စည်းဝေးခြင်း

မကွေးဆရာတော် ဦးနာရဒသည် ကျွေးဇူးရှင် ဆရာတော်ဘုရားကြီးများ၏ အမိန့်ကို ခံယူ၍ မဟာဝိသုတာရာမိက ဂဏဝါစက နိကာယဝင်အဖြစ် စာရင်းတင်သွင်းတော်မူကြသော ပခုက္ကူ မဟာဝိသုတာရာမတိုက် ဆရာတော်ဘုရားကြီးများ၏ တပည့်များဖြစ်ကြသော—

ဆရာတော် ဦးဝိသုတ၊ မဟာဝိသုတာရာမတိုက်၊ ရွှေဘိုမြို့။

ဆရာတော်ဦးနန္ဒ၊ မြို့အုပ်ကျောင်း၊ ချမ်းသာတိုက်၊ အနောက်ပြင် မန္တလေး။

ဆရာတော်ဦးကလျာဏ၊ အောင်နန်းရိပ်သာကျောင်း၊ မဟာဝေယံဘုံသာတိုက်၊ မန္တလေး။

ဆရာတော်ဦးဝိစိတ္တာ၊ တိုက်သစ်၊ စဉ့်ကိုင်။

ဆရာတော်ဦးဇောတ၊ မဟာဝိသုတာရာမတိုက်၊ ကျောက်ဆည်။

ဆရာတော်ဦးနာရဒ၊ မဟာဝိသုတာရာမတိုက်၊ ဆီမီးခုံ။

ဆရာတော်ဦးသာသန၊ မဟာဝိသုတာရာမတိုက်၊ ငမြောကြီး။

ဆရာတော်ဦးပညာသာမိ၊ မဟာဝိသုတာရာမတိုက်၊ မြင်းခြံ။

ဆရာတော်ဦးသောဘိတ၊ ကိုးဆောင်တိုက်၊ မြင်းခြံ။

ဆရာတော်ဦးနန္ဒ၊ ရေလည်ဘိုက်၊ တောင်သာ။

ဆရာတော်ဦးပဒုမ၊ ရွှေကူတိုက်၊ ပခုက္ကူမြို့။

ဆရာတော်ဦးဣန္ဒက၊ သာသနပရိယတ္တိကာရီတိုက်၊ ညောင်ဝင်း၊ ပခုက္ကူ။

ဆရာတော်ဦးသံဝရ၊ မဟာဝိသုတာရုံတိုက်၊ စဉ့်ကူ။

ဆရာတော်ဦးဥယျ၊ မဟာဝိသုတာရာမတိုက်၊ စဉ့်ကူ။

ဆရာတော်ဦးဇဝန၊ ပုဗ္ဗာရုံတိုက်၊ တွင်းကုန်း၊ ရေနံချောင်း။

ဆရာတော်ဦးဝါယာမ၊ အာဘယဂိရိတိုက်၊ ဘေးမဲ့-ရေနံချောင်း။

ဆရာတော်ဦးပဏ္ဍိစ္စ၊ မြို့မတိုက်၊ နတ်မောက်။

ဆရာတော်ဦးပညာသာမိ၊ မဟာဝိသုတာရာမတိုက်၊ မကွေးမြို့။

ဆရာတော်ဦးကောဝိဒ၊ မဟာဝိသုတာရာမတိုက်၊ သရက်။

ဆရာတော်ဦးဓမ္မိက၊ ဇာတ်ငါးရာတိုက်သစ်၊ ပြည်။

ဆရာတော်ဦးဣန္ဒဝံသ၊ မဟာသုဒဿနာရာမတိုက်၊ ပြည်။

ဆရာတော်ဦးပညောဘာသ၊ တက္ကသိုလ်တိုက်၊ ပြည်။

ဆရာတော်ဦးတိလောက၊ ဂန္ဓာရုံတိုက်၊ ရွှေတောင်။
ဆရာတော်ဦးနန္ဒိယ၊ ဓမ္မာရုံတိုက်၊ ဇီးကုန်း။
ဆရာတော်ဦးရေဝတ၊ မဟာဝိသုတာရာမတိုက်၊ ညောင်တုန်း။
ဆရာတော်ဦးသီဟ၊ တောကျောင်း၊ ဒေးဒရဲ။
ဆရာတော်ဦးကောဏ္ဍည၊ ဘုရားကြီးတိုက်၊ ရန်ကုန်။
ဆရာတော်ဦးသံဝရ၊ ရေလည်ကျောင်း၊ သရက်တောတိုက်၊ ရန်ကုန်။
ဆရာတော်ဦးခန္တီစာရ၊ ဇရပ်ကြီးကျောင်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်။
ဆရာတော်ဦးရေဝတ၊ ကြာပို့ရွာကျောင်း၊ ကြာပို့ရွာ၊ မြင်းခြံခရိုင်။
ဆရာတော်ဦးကောဿလ္လ၊ မင်္ဂလာမှန်ကျောင်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။
ဆရာတော်ဦးရေဝတ၊ ကျောက်တိုင်ကျောင်း၊ ပုဇွန်တောင်၊ ရန်ကုန်။
ဆရာတော်ဦးအာစိဏ္ဏ၊ ဘုရားသုံးဆူတိုက်၊ ဘားကူး။
ဆရာတော်ဦးသုဒဿန၊ ကိုင်းကုန်းတိုက်၊ ခရမ်းမြို့။
ဆရာတော်ဦးဇဝန၊ သာသနဇောတိပါလကျောင်း၊ သထုံမြို့။
ဆရာတော်ဦးဝိစာရ၊ ဇေယျဝတီတိုက်၊ မင်းလှ။
ဆရာတော်ဦးဝိသုတ၊ အောင်မြေဘုံသာတိုက်၊ ပုသိမ်။
ဆရာတော်ဦးစန္ဒိမာ၊ ဓမ္မတောတိုက်၊ ရွှေဘို။
ဆရာတော်ဦးဝါယာမ၊ ကျောက်မြောင်းကျောင်းတိုက်၊ ရန်ကုန်။
ဆရာတော်ဦးဣန္ဒဝရ၊ သီရိမင်္ဂလာတိုက်သစ်၊ တောင်တွင်းကြီး။
ဆရာတော်ဦးခေမိန္ဒ၊ အသောကာရုံတိုက်၊ တောင်တွင်းကြီး။
ဆရာတော်ဦးခန္တီပါလ၊ လောကမှန်ကူတိုက်၊ မြောက်ပြင်၊ တောင်တွင်းကြီး–

စသည်တို့သည် ပခုက္ကူမြို့ မဟာဝိသုတာရာမ တိုက်ကြီး၌ ပဌမဆုံးအကြိမ် မဟာဝိသုတာရာမဂဏဝါစကနိကာယအဖွဲ့ကြီး စည်းဝေးရန် ပင့်လျှောက်ချက်အရ ၁၃၀၀-ပြည့်နှစ် တန်ဆောင်မုန်းလဆုတ် ဂ-ရက်နေ့ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်သို့ ကြွရောက်တော်မူကြကုန်၏။

အလယ်သိမ်ကျောင်းတော်ကြီး အောက်ထပ်မြင်ကွင်း

ထိုသည့် ၁၃၀၀-ပြည့်နှစ် တန်ဆောင်မုန်းလဆုတ် ဂ-ရက်နေ့တွင် မဟာမဟာဝိသုတာရာမတိုက် ၁၅-ခန်း, ၇-ခန်း ကျယ်ပြောသော အလယ်သိမ်

ကျောင်းတော်ကြီး အောက်ထပ်၌ ရဟန်းပရိသတ်, လူပရိသတ် ကြိတ်ကြိတ်တိုး စည်ကားလှ၏။ အစည်းအဝေးခန်းမကြီး၏ အရှေ့ထိပ် စင်မြင့်ပေါ်တွင် တိပိဋကဘုရင် အရှင်ဂန္ဆသာရ ဒီဃသီ ရေစကြို ဆရာတော်ဘုရားကြီး၏ ဓာတ်ပုံတော်ဖြင့် လှန်စ္ဓာ ကျက်သရေရှိလှ၏။ လျှပ်စစ်မီး ရောင်စုံတို့ဖြင့် လှန်စ္ဓာလှန်စ္ဓ ပဏာရလှ၏။ ပန်ကာကြီးတွေကလည်း စည်းဝေးညီမူနေသည့် ရဟန်းပရိသတ်, လူပရိသတ်တို့အား လေပြေလေညင်းကို တိုက်ခတ်ပေးနေကုန်၏။ ဝါဝင်းထိန်ပြေ ကျက်သရေလျှမ်းသည့် သင်္ဃန်းတော် ဆင်မြန်း ရဟန်းတော်တို့ကို ဖူးမြင်ကြရသော ဒကာ,ဒကာမတို့မှာ ဝမ်းမြောက်မဆုံး ရှိနေကြကုန်၏။

ဆရာတော်ကြီး ၃-ပါးအား သံဃာ့အဖွဲ့အစည်းကို ဦးဆောင်ရန် လျှောက်ထားခြင်း

ရဟန်းပရိသတ်, လူပရိသတ် စုံစုံညီညီရှိခါနီးတွင် အားလုံးသော သံဃာတော်များကိုယ်စား,ဂဏဝါစက ဆရာတော်များကိုယ်စား မကွေးဆရာတော် ဦးနာရဒက ဆရာတော်ဘုရားကြီး ၃-ပါးတို့အား အောက်ဖော်ပြပါ လျှောက်လှာဖြင့် လျှောက်ထား၍ မဟာဝိသုတာရာမ ဂဏဝါစက နိကာယအဖွဲ့ကြီးကို ဦးစီးဦးကိုင် ပြုလုပ်အုပ်ချုပ်တော်မူရန် လျှောက်ထားလေသည်။

မကွေးဆရာတော် ဦးနာရဒ၏ လျှောက်လှာစာတမ်း

မြန်မာနိုင်ငံတော်အတွင်းရှိ အမြိုမြိုသော ကျောင်းတိုက်တို့မှ ဆောက်ရှိလာကြသော တပည့်အပေါင်းတို့ ခြေတော်စုံ ဦးတိုက်၍ ရိုသေလေးမြတ်စွာ လျှောက်ထားဝံ့ပါသည် ဆရာတော် အရှင်သူမြတ်ကြီး သုံးပါးတို့ဘုရား။

လျှောက်ထားအပ်ပြီးသော ရည်ရွယ်ချက် ၃-ခုအရ တပည့်တော်များသည် အဖွဲ့အစည်းတခု ဖွဲ့စည်း ထားရှိပါသည်ဘုရား။ ယင်းသို့ တပည့်တော်များ သဘောတူ ဖွဲ့စည်းထားအပ်သော အဖွဲ့အစည်း၌ အထက်မှနေ၍ အုပ်ချုပ်ရန် နာယက,ဝိနာယက,ဇေဋ္ဌက,ပါမောက္ခပုဂ္ဂိုလ်များ မရှိသေးပါဘုရား။

"နိန္နာယကာ ဝိနဿန္တိ၊ နဿန္တိ ဗဟုနာယကာ" ဟူသော ပါဠိအတိုင်း နာယကပုဂ္ဂိုလ် မရှိပါက ၎င်းအဖွဲ့သည် ကြာရှည်လေးမြင့် မတည်နိုင်ပဲ မကြာမီ ပျက်ပြားရန်အကြောင်း ရှိပါသည်ဘုရား။ သို့ဖြစ်ပါသောကြောင့် အရှင်သူမြတ်ကြီးများအား တပည့်တော်တို့၏ အဖွဲ့ကြီးကို ပိုင်ပိုင်နိုင်နိုင် အထက်မှနေ၍ အုပ်ချုပ်တော်မူပါမည့်အကြောင်း ရှိသေ လေးမြတ်စွာ လျှောက်ထားဝံ့ပါသည်ဘုရား။

၁။　ယခု ၁၃-ခန်း ၆-ခန်းရှိ သာသနဇောတိပါလကျောင်းကြီး၌ ထိုစဉ်က ၁၅-ခန်း ၇-ခန်း ရှိသည်။

ယင်းသို့ လျှောက်ထားလေရာ အရှင်ပညာဆရာတော်ဘုရားကြီး, အရှင်သုန္ဒရ ဆရာတော်ဘုရားကြီး, အရှင်နန္ဒဝံသ ဆရာတော်ဘုရားကြီး ၃-ပါးတို့သည် အဓိဝါသနခန္တီဖြင့် တုဏှီဘာဝေ ဆိတ်ဆိတ်နေတော်မူကြကုန်၏။

အာရောစိတာ မဟာထေရာ၊ ဝိဿုတာ သုတကဉ္စုရာ။
တုဏှီဘူတာဓိဝါသေသုံ၊ သမ္မုဒ္ဒစက္ကဝုဒ္ဓိယာ။

ဒုတိယနေ့ ဆက်လက်စည်းဝေး မဟာဝိနာယက ဆရာတော်ကြီး ၃-ပါး

၁၃၀၀-ပြည့်နှစ် တန်ဆောင်မုန်းလဆုတ် ၉-ရက်နေ့ဟူသော ဒုတိယမြောက်နောက်နေ့ နေ့လယ် ၂-နာရီအချိန် အလယ်သိမ် ကျောင်းတော်ကြီး အောက်ထပ်မှာပင် ဂဏဝါစက ဆရာတော်များ၏ အစည်းအဝေးကို ပြုလုပ်၍ အောက်ပါအချက်အလက်များကို ဆုံးဖြတ် အတည်ပြုတော်မူကြသည်။

(၁) ၁၂၉၈-ခုနှစ်မှ စတင်တည်ထောင်၍ ယနေ့အထိ ၄၀-တိတိ ရှိပြီးသော ကျောင်းတိုက် စာချဆရာတော်တို့၏ အဖွဲ့အစည်းကြီးကို မဟာဝိသုတာရာမိက ဂဏဝါစက နိကာယ – ဟူ၍ ခေါ်တွင်စေသည်။

(၂) အဖွဲ့ဝင် ရဟန်းတော်များတွင် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ပဌမဆရာတော်ဘုရားကြီး, မဟာဝိသုတာရာမတိုက် ဒုတိယ ဆရာတော်ဘုရားကြီး, ညောင်ဦးမြို့ မဟာဝိသုတာရာမတိုက် ဆရာတော်ဘုရားကြီးများကို အဖွဲ့ပေါ်၌ အလိုရှိသလို ဆုံးမနိုင်, အာဏာထားနိုင်သော ဂဏမဟာဝိနာယက ဌာနတန်း၌ ထားရှိကြပြီးလျှင်၊ ကျန်စာချဆရာတော် အားလုံးကို ဂဏဝါစက အတန်း၌ ထားရှိ၍ တိုက်ပေါင်း ၄၀-အတွင်းရှိ ရဟန်း သာမဏေအားလုံးကို ဂဏန္ဌေဝဂ အတန်း၌ ထားရှိသည်။

(၃) အဖွဲ့ကြီး၏ ကြီးလေးသောတာဝန်ကို ကျုံး၍ ဆောင်ရွက်မည့် ဂဏဘာဝနိတ္ထာရက အဖြစ်ဖြင့် ပခုက္ကူမြို့ ရွှေကူတိုက်ဆရာတော် အရှင်ပဒုမကို ရွေးချယ်သည့်အပြင် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီးကို အဖွဲ့တည်ရာ ဌာနချုပ်ဟု ပိုင်းခြားသတ်မှတ်သည်။

(၄) အဖွဲ့ဝင် ကျောင်းတိုက်တိုင်းမှ အကြီးဆုံး ဂဏဝါစက တပါးကျစီကို အဖွဲ့၏အကျိုး သည်ပိုးဆောင်ရွက်မည့် ဂဏဟိတာဝဟ ရဟန်းတော်များဟု ရွေးချယ် ကန့်သတ်သည်။ ၎င်း ဂဏဟိတာဝဟ ဆရာတော်များ၏ လုပ်ငန်းမှာ အရည်အချင်း စည်းကမ်းချက်နှင့် ညီညွတ်သည် ဖြစ်ဖါလျက် အဖွဲ့သို့ မဝင်ရသေးသော ဂဏဝါစက ဆရာတော်များ ကျန်ရှိနေသေးသည်ကို တွေ့မြင်ကြားသိခဲ့သော် ထိုကျန်နေသော ဆရာတော်များ အဖွဲ့ကြီးသို့ ဝင်ချင်အောင် အကျိုးအကြောင်း ပြောပြသောအားဖြင့် ထိုဂဏဝါစကဆရာတော်ကို အဖွဲ့သို့ ပါဝင်

စေ၍ အဖွဲ့၏ အကျိုးကို ဆောင်ရွက်ရန် ဖြစ်ပါသည်။ နောက်နောင်အခါ စာသင်တိုက်များအပြင် ပါဠိပုဂ္ဂလဓိဋ္ဌာန်ထိုင် ပုဂ္ဂိုလ်များကို အဖွဲ့သို့ဝင်ရန် ခွင့်ပြုသောအခါ ဂဏဟိတာဝဟ ရဟန်းတော်များ၏ အလုပ်မှာ ယခုထက် ပိုမို၍ များပြားလာမည်ကိုလည်း ယခုက တင်ကြိုသတိပြုရန် ဖြစ်ပါသည်။

(၅) အဖွဲ့၏ အစည်းအဝေးကို နှစ်ဆက် သဘောမျိုးဖြင့် လာမည့် နှစ်မှာ ဆက်လက် စည်းဝေးပြီးလျှင် နောက်နောင်အခါမှာ ၂-နှစ်ခြား, ၃-နှစ်လျှင် တကြိမ်ကျ စည်းဝေးမည်ဟု ဆုံးဖြတ်၍ လာမည့်နှစ် အစည်း အဝေးကို ပခုက္ကူမြို့ မဟာဝိသုတာရုံတိုက်မှာပင် စည်းဝေးရန် ဆုံးဖြတ်သည်။

မှတ်ချက်။ ။အားလုံး အဆုံးအဖြတ်များကို ဂဏဝါစက ဆရာတော်များက အကြံဉာဏ်ပေး၍ ဆရာတော်ဘုရားကြီး ၃-ပါးတို့၏ သဘော အတိုင်း ဆုံးဖြတ် အတည်ပြုသည်။

ဤသည်လျှင် ဒုတိယနေ့ အစည်းအဝေး ဆုံးဖြတ်ချက်တည်း။

ထို့နောက် တတိယမြောက်နေ့ဖြစ်သော ၁၃၀၀-ပြည့်နှစ် တန်ဆောင်မုန်းလဆုတ် ၁၀-ရက်နေ့ နေ့လယ် ၁-နာရီအချိန် စည်းဝေးပြန်၍ အောက်ပါအတိုင်း ဆုံးဖြတ်တော်မူသည်။

(၁) ကျောင်းတိုက်တိုင်း ကျောင်းတိုက်တိုင်း၌ ပညာအရည်အချင်းနှင့် အကျင့်စာရိတ္တ ကောင်းမွန်သည်ဟု ထင်မြင်အပ်သော ရဟန်း သာမဏေတို့ကို တွေ့ရှိခဲ့သော် ထိုကျောင်းတိုက်ကို အုပ်စီးသော ဂဏဝါစကဆရာတော်များက သာသနာတော်၏ အကျိုးကို မြော်ကိုး၍ ထိုရဟန်းသာမဏေများကို အထူး ချီးမြှောက်ပြီးလျှင် ထိုကျောင်းတိုက်မှ တပါး တခြားသော ကျောင်းတိုက်သို့ ပြောင်းရွှေ့သွားရာ အခါမှာလည်း ထိုပုဂ္ဂိုလ်၏ အရည်အချင်းကို ရေးပေးလိုက်လျက် ထိုသို့သော အရည်အချင်းနှင့် ပြည့်စုံသော ရဟန်းသာမဏေများသည် အဖွဲ့ဝင်ဆိုင်ရာ ကျောင်းတိုက်များသို့ ရောက်လာခဲ့သော် ရောက်ရာ ကျောင်းတိုက်ရှိ ဂဏဝါစကများကလည်း ထိုရဟန်း သာမဏေများကို တပါး ပုဂ္ဂိုလ်များထက် ပိုမို၍ ဂရုစိုက်သင့်သမျှ ဂရုစိုက်နိုင်သမျှ ဂရုစိုက်ရန်။

(၂) မကင်းနိုင်သော ဒုမင်္ဂလကိစ္စ ပေါ်ပေါက်ခဲ့သော် စာသင်သားများကို ၃-ရက်ထားရှိ၍ သာမန် ဂဏဝါစကကို ၅-ရက်ထားရှိပြီးလျှင် အကြီး အကဲ ဂဏဝါစကကို ၇-ရက်ထားရှိလျက် မဟာဝိနာယက ဆရာတော်ကြီးများကို ၁၅-ရက်ထားရှိရန်။ (ဤအမှတ် ၂-ကို နောက်နှစ်မှ ဆုံးဖြတ်ရန် ရွှေ့ဆိုင်းထားလိုက်သည်။)

(၃) အသီးသီးသော ဂဏဝါစကများသည် အစည်းအဝေးပြီး၍ မိမိတို့ မြို့ရွာသို့ ပြန်ရောက်တော်မူကြသောအခါ မိမိတို့ လက်ရှိ ဥပဒေစာအုပ်များကို ကြည့်ရှု၍ ထိုဥပဒေစာအုပ်များ၌ ပြင်ဆင်သင့်သည်ဟု ထင်မြင်သည်ကိုငင်း, ထည့်သွင်းသင့်သည်ဟု ထင်မြင်သည်ကိုငင်း, ပယ်နှုတ်သင့်သည်ဟု ထင်မြင်သည်ကိုငင်း ဖော်ပြလျက် ထင်မြင်ချက်ရေးသားပြီးလျှင် ထိုထင်မြင်ချက်ကို ၆-လ အတွင်း အဖွဲ့ချုပ်တည်ရာ ဌာနသို့ ပေးပို့ကြရန်။

(၄) အဖွဲ့ချုပ်သို့ ပေးပို့သောအခါ ဆရာတော် ဦးပဒုမ္မ၊ ရွှေကူတိုက်၊ ပခုက္ကူမြို့-ဟု လိပ်တပ်ရန်ဖြစ်သည်။

(၅) ၁၃၀၁-ခုနှစ် အစည်း အဝေးအတွက် နတ်တော်လဆန်း ဂ-ရက်နေ့ ပခုက္ကူမြို့သို့ အစုံအညီ ရောက်ရှိကြပြီးလျှင် ၉-ရက်နေ့၌ စည်းဝေး ဆုံးဖြတ်ကြ၍ ၁၀-ရက်နေ့ မိမိတို့ မြို့ရွာသို့ ပြန်ကြွရန်ဖြစ်ပါသည်။

မဟာဝိသုတာရာမိက ဂဏဝါစက နိကာယာဓိပတိဖြစ်ခြင်း

ဖော်ပြပါ ပဌမဆုံးအကြိမ် ကျင်းပသော မဟာဝိသုတာရာမိက ဂဏဝါစက-နိကာယ သံဃာ့အစည်း အဝေးကြီး ကျင်းပရာ အစနေ့ဖြစ်သော ၁၃၀၀-ပြည့် နှစ် တန်ဆောင်မုန်းလဆုတ် ဂ-ရက်တွင် မဟာဝိသုတာရာမိက ဂဏဝါစက-နိကာယကြီး၏ ဂဏမဟာဝိနာယက (နိကာယာဓိပတိ) တာဝန်ကို ဆရာတော် အရှင်သုနန္ဒရ, ဆရာတော် အရှင်နန္ဒဝံသတို့နှင့် အတူတကွ လက်ခံတော်မူပြီး လျှင် "သည်းခံ, နှိုးကြား, သနား, ထက်ဋ္ဌ, နိစ္စမသွေ ခွဲဝေ, ရှုတတ် သူမြတ်ဂုဏ်" နှင့် ကုံလုံလောက်ငှစွာ သက်ဆုံးတိုင် ကျင့်ဆောင်တော်မူခဲ့လေသည်။

နိကာယပါရသမွတ္တော၊ နိကာယမှိ ဝိနာယကော။
ဝိနာယကဿ စက္ကဿ၊ ဝုဒ္ဓိယာ သတတံ အကာ၊

မိန့်ခွန်းတော် အကျဉ်း

ဆရာတော်ဘုရားကြီးသည် စကား နည်း၏၊ ပြောမိလျှင် လွဲသည်မရှိ၊ ဆရာတော်ခိုင်းလျှင် မလုပ်သူမရှိ၊ ခဏ ခဏလည်း မခိုင်း၊ ဆရာတော်ဘုရားကြီး ငေါက်ငန်းလျှင် လွန်စွာ ကြောက်ကြသည်၊ တော်တော်နှင့် မငေါက်။ သြဝါဒ ပေးလျှင်လည်း ရှည်ရှည် မျောမျောကြီး ပေးတော်မမူ၊ တိုတိုနှင့် လိုရင်းသာ မိန့်ကြားတော်မူလေ့ရှိ၏။ နိကာယ် စည်းဝေးအပြီး နိကာယ်ဝင် သံဃာတော်တို့အား——

ကိုယ်တော်တို့—

သီလမေဝ ဣဓ အာဂုံ၊ ပညဝါ ပန ဥတ္တမော။
မနုဿေသု စ ဒေဝေသု၊ သီလပညာကတော ဇယံ။

ဣဓ=ဤလောကဌာ။ သီလမေဝ=သီလသည်သာလျှင်။ အာဂုံ=အမြတ်ဆုံးတည်း။ ပညဝါ ပန=ပညာရှိသောသူသည်ကား။ ဥတ္တမော=ချီးမွမ်းအပ်မြတ်၏။ မနုဿေသု စ=လူတို့ဌာနင်း။ ဒေဝေသု စ=နတ်တို့ဌာနင်း။ သီလပညာကတော=သီလနှင့်ပညာကြောင့်။ ဇယံ=ဇယော=အောင်နိုင်သည်။ အဟု=ဖြစ်၏။

ဟူသည်နှင့်အညီ ရည်မှန်းချက်တွေ့ အောင်မြင်ချင်လျှင် သီလရှိအောင်လုပ်ကြ၊ စတုပါရိသုဒ္ဓိသီလနှင့် ပြည့်စုံအောင် ကြိုးစားကြ၊ ပညာရှိအောင် လုပ်ကြ၊ မင်္ဂလာ, ဖိုလ်ပညာတွေ့ရှိအောင် မလုပ်နိုင်လျှင် ပိဋကတ် ၃-ပုံ ပါဠိ, အဋ္ဌကထာ, ဋီကာ နိုင်နင်းအောင် တတ်မြောက်အောင်, ပိဋကတ်ပညာရှိ ဖြစ်အောင် လုပ်ကြ၊ အဲဒီ သီလနှင့်ပညာ ပြည့်စုံလျှင် ကိုယ်တော်တို့ ရည်မှန်းတာတွေ့ ဆုံးဖြတ်တာတွေ့ အောင်မြင်မှာပဲ။ ၎င်းပြင် ပြောချင်သေးတယ်—

သတ္ထကာပိ ဗဟူ ဝါစာ၊ နာဒရာ ဗဟုဘာဏိနော။
သောပကာရမုဒါသိနံ၊ နနု ဒိဋ္ဌံ နဒီဇလံ[၂]။

ဗဟုဘာဏိနော=စကားများသူ၏။ ဗဟုဝါစာ=များသောစကားတို့သည်။ များသောစကားတို့ကို။ သတ္ထကာပိ=အကျိုးရှိကုန်သော်လည်း။ နာဒရာ=လူမရိုသေကုန်။ မလိုက်နာကြကုန်။ နဒီဇလံ=မြစ်ရေသည်။ မြစ်ရေကို။ သောပကာရမိ=အကျိုးကျေးဇူးရှိပါသော်လည်း။ ဥဒါသိနံ=လျစ်လျူရှုသူကို။ ဒိဋ္ဌံ နနု=မြင်အပ်သည် မဟုတ်လော့။

ဟူသည့်အတိုင်းပဲ အကျိုးရှိပေမဲ့ စကားသိပ်မပြောရဘူး။ စကားနဲ့နဲ့ပြောပြီး များများအလုပ်လုပ်ရမယ်။ များများပြောပြီး အလုပ် မလုပ်လျှင် လေထဲတိုက်တည်တာပဲ။ ဒါကြောင့် လုပ်မှာကိုသာ ပြောကြပါ၊မလုပ်မှာကို လူကြားကောင်းအောင် မဆပြောကြနဲ့။ ရေဟာ မရှိမဖြစ် အသုံးဝင်ပေမဲ့ များလွန်းတော့ ဒုက္ခပဲ၊ မိုးများလွန်း ရေကြီးလွန်းလျှင် အလွန်ဒုက္ခရောက်ကြသည်။

ယဉ္စိ ကယိရာ တဉ္စိ ဝဒေ၊ ယံ န ကယိရာ န တံ ဝဒေ။
အကရောန္တံ ဘာသမာနံ၊ ပရိဇာနန္တိ ပဏ္ဍိတာ[၃]။

ယံ ဟိ=အကြင်အမှုကိုကား။ ကယိရာ=ပြုရာ၏။ တံ ဟိ=ထိုပြုမည့်အမှုကို သာလျှင်။ ဝဒေ=ပြုမည်ဟုပြောရာ၏။ ယံ=အကြင်အမှုကို။ န ကယိရာ=မပြု

၁။ ထေရ-၃၀၉။ (သီလာတ္ထေရဂါထာ)　　၂။ မဟာရဟ နီတိ-၁၁-ဂါထာ။
၃။ ထေရ-၂၆၂။ (ဗာကုလတ္ထေရဂါထာ)

လုပ်။ တံ=ထို မပြုမည့် အမှုလုပ်ငန်းကို။ နဝဒေ=ပြုလုပ်မည်ဟု မပြောရာ။ ဝန်မခံရာ။ အကရောန္တံ=မပြုလုပ်ပဲ။ဘာသမာနံ=ပြုမည်ဟု ပြောသူကို။ ပဏ္ဍိတာ=ပညာရှိတို့သည်။ ပရိဇာနန္တိ=ခဲခြား၍ သိကြကုန်၏။ မယုံကြည်ကြကုန်။

ဟူသည့်အတိုင်း ပြောတဲ့ဟာကို လုပ်၊ မလုပ်မဲ့ဟာကို မပြောနဲ့။ မလုပ်ပဲပြုတဲ့ ပြောတဲ့ပုဂ္ဂိုလ်ကို အပြောသမားကို ပညာရှိများက မယုံကြည်ဘူး၊ အလေးအမြတ် မပြုကြဘူး။

ကိုယ်တော်တို့ အဲဒီသြဝါဒကို သက်ဆုံးတိုင် လိုက်နာပြီး သာသနာပြုကြကုန်ရာ၏။ (သာဓု, သာဓု, သာဓု)

ပဌမအကြိမ် နိကာယ်အစည်းအဝေး ညှော်ဝတ်ကျေပုံ

ဆရာတော်ဦးနာရဒ မှတ်တမ်း

ထို ၁၃၀၀-ပြည့်နှစ် ပဌမကြိမ် နိကာယ်အစည်းအဝေးတွင် ညှော်ခံအဖွဲ့၏ ညှော်ဝတ်ကျေပြန်ပုံနှင့် စပ်၍ မကွေးဆရာတော် ဦးနာရဒ၏ မှတ်တမ်းကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

ပခုက္ကူမြို့ ရှေကူတိုက် အရှင်ပဒုမနှင့် ၎င်းမြို့မဟာဝိသုတာရာမတိုက် အရှင် ဂန္ဓမာတို့ ကြီးမှူးသော ညှော်ခံအဖွဲ့နှင့် ထိုထိုအလှူ.ရှင် ဒကာ, ဒကာမတို့၏ ပြုစုညှော်ခံပုံမှာ "အန္ဓဿ ပဗ္ဗတာရောဟာဏံ ဝိယ အစ္ဆရာယောဂဉ္ဇံ အစ္ဆရိယံ" ဟူဘိ၏သို့ လက်ဖျစ်တီး၍ အံ့ချီးဖွယ်ရာပင် ဖြစ်ပါကြောင်း။

အရှင်ပဏ္ဍိတ, အရှင်နန္ဒဝံသ အမှူးရှိသော ဂဏဝါစက ဒဟရဘိက္ခု ညှော်ခံအဖွဲ့ ရဟန်းတော်များ၏ အလုပ်ဖြစ်သော သေနာသနပညာပန ဘတ္တုဒ္ဒေသ အလုပ်မှာလည်း လိုသည်မရှိ၊ ပိုသည်ကိုသာ တွေ့ရပါကြောင်း။ ညှော်ခံအဖွဲ့ လူဒါယကာများဖက်က ဆိုပြန်လျှင်လည်း လာလာသမျှ ရဟန်းပရိသတ်တို့ကို ကားပေါင်းများစွာဖြင့် ကြိုဆိုခြင်း, ပြန်ပို့ခြင်းအလုပ်အပြင် စည်းဝေးရာ ခန်းမကြီး၏ အတွင်း၌ ဆရာတော်ဘုရားကြီးများ သီတင်းသုံးရန် ပြုလုပ်ထားသော ခုံမြင့်တခုတည်းကိုပင်လျှင် ရာပေါင်းများစွာ အကုန်အကျခံ၍ ပြုလုပ်ထားသည်ကို တွေ့ရှိရပါကြောင်း။

ခန်းမကြီး၏ ကျက်သရေဆောင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ဓာတ်ပုံနှင့်တကွ ခုံမြင့်ကြီးတို့ဖြင့် တန်းဆာဆင်အပ်သော ထိုအစည်းအဝေး ခန်းမကြီးဝယ် ပမာဏမျှိုးစုံ, အဆင်းအရောင်မျှိုးစုံ ဖြစ်သော ဓာတ်မီးလုံးတွေကို နေ့နေ့ညည ထွန်းလင်းစေသည့်ပြင် ပန်ကာကြီးတွေက တလှဲလှဲခပ်သည့် အောက်၌ စည်းဝေးတော်မူကြသော ဝင်းဝင်းထိန်သည့် သံဃာတော်

အပေါင်းကို ဖူးမြင်ရသောအခါ အတန္တုအားဖြင့် ဆိုသည်ရှိသော် ကပိလဝတ်ပြည်၏ အနီး သယံဇာတ အာဏာပိမဖြစ်၍ သီးပွင့်များစုံ မဟာဝုန် ဝံတောဝယ် မဟာသမယသုတ်ဒေသနာကို ဟောကြားတော်မူရာ နေ့၌ တသောင်းသော လောကဓာတ်မှ စည်းဝေးရောက်လာကြကုန်သော နတ်ဗြဟ္မာ အပေါင်းတို့၏ အလယ်၌ ဘုရားရှင်ကို ခြံရုံလျက် ငြိမ်သက်စွာ တည်နေကြသော သာကီယ နွယ်ဖွား ရဟန်းသံဃာတော် အရှင်မြတ်များနှင့် အလားတူလှပါကြောင်း။

ဤမျှ ပြုလုပ် ဆောင်ရွက်ခြင်းသည် ဒကာ, ဒကာမတို့၏ စိတ်တိုင်းကျသဘောရှိ ခွဲထွင် ပြုလုပ်ခြင်း မဟုတ်သေးပဲ၊ အကြီးအကျယ် ခွဲထွင်ပြုလုပ်ခြင်းကို နှစ်သက်တော် မမူကြသော ဆရာတော် ဘုရားကြီးများ၏ တားမြစ်ကန့်ကွက်ချက်ကြောင့် သင့်ရုံ တော်ရုံမျှသာ ပြုလုပ်ည့်ခံခြင်း ဖြစ်ပေသည်။

အကျေး အမွေး ဘက်ဆိုင်ရာမှာလည်း တိုက်ရှိ သံဃာနှင့် အာဂန္တုက ဆရာတော်တို့အပြင် ကပ္ပိယများပါ နေ့စဉ် တထောင် (၁၀၀၀) ကျော် ပရိသတ်ကို လေးရက်တိုင်တိုင် ဆွမ်းရိုးရိုး, ထောပတ်ဆွမ်း, ဒန်ပေါက်ဆွမ်း, အချိုပွဲ, အချဉ်ပွဲ စသည်ဖြင့် ကျေးမွေးလှူဒါန်းကြသော ပခုက္ကူမြို့နေ ဒကာ, ဒကာမတို့၏ စေတနာသဒ္ဓါတရားမှာ ရင်ခတ်စည်တီး အံ့ချီးဖွယ်ရာကြီး တခု ဖြစ်ပါကြောင်း။

ပခုက္ကူမှာ မရနိုင်သော စားသောက်ဖွယ်တို့ကို မန္တလေး ရတနာပုံ နေပြည်တော်သို့ မှာသူကမှာ၊ ရန်ကုန်သို့ မှာသူကမှာ၊ အိန္ဒိယနိုင်ငံ ဒေလီမြို့သို့ မှာသူကမှာ ကြသည်ကို ထောက်သဖြင့်ပင်လျှင် မည်မျှ စိတ်အားထက်သန်သည်ကို ချင့်ချိန် နိုင်ပေကြောင်း။

အစည်းအဝေးသို့ ကြွလာကြသော ဆရာတော်များမှာ နံနက်ချိန် အမျိုးစုံ ဘုဉ်းပေးရုံနှင့်မပြီးရသေးပဲ ဝိကာလခေါ် မွန်းလွဲအခါမှာလည်း ဘိလပ်ရည် ကတမျိုး၊ စတုမဓုကတဖုံ ဂျင်းသုတ်ကတဝ အမျိုးပေါင်း စုံလှအောင် စား သောက်ကြရပြန်ခြင်းကြောင့် လောကူပမာ ဆိုသည်ရှိသော် ထီးတင်ပွဲကြီး တွေ့သည်နှင့် တူလှပေကြောင်း၊ သို့နှင့်မတန်သေးပဲ ရပ်ဝေး အာဂန္တုက ဆရာတော်များနှင့်တကွ ဆရာဘော် ၄၀ ကျော်တို့သည် တပါး တပါး လျှင် အပ်သော ပစ္စည်း ၂၀-တန်စီပင် အပိုသက်သက် ရရှိတော်မူကြသေးကြောင်း။ ဤကဲ့သို့သော ညှဉ်ခံပွဲကို နာရေးကိစ္စများမှလွဲ၍ တပါး တခြားသော ကိစ္စ တို့၌ မြင်ဘူးမည်ဝေးစွ ကြားမျှပင် မကြားဘူးချေတကား။

ဤကဲ့သို့ ကြီးကျယ်ခမ်းနားသော ညှဉ်ခံပွဲကြီးကို သူတော်ကောင်း သူမြတ်လောင်းတို့သည် ဝမ်းမြောက်နုမော် သာဓု ခေါ်နိုင်ကြပါစေ ကုန်သော်၁။

ဤသို့ စသည်ဖြင့် ပခုက္ကူမြို့သူ မြို့သားတို့သည် ဆရာတော်အရှင်ပညာမဟာဇေရ စသည့် သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်မြတ်တို့ကို အမှီပြု၍ ကုသိုလ်ပုညတိုးပွါးကြကုန်၏။

ပခုက္ကူပုရဒေသဋ္ဌေဟိ၊ ဝသန္တော သောဂတော ဗဟူ။
မဟာဇေရေ သုနိဿာယ၊ထိရပုညမကံသု တေ။

သံဃာ့ အစည်းအဝေးကြီး ပြီးဆုံးသည်နှင့် တပြိုင်နက် ကျွန်းမွေး ညှဉ်ခံပြုစု ကြသော ဒကာ, ဒကာမတို့၏ ကိုယ်စား ပခုက္ကူမြို့ ပေါင်လောင်ရှင်ရပ်ဦးမြမောင် ကိုယ်တိုင်ရေးသား၍ ကိုယ်တိုင် ဖတ်ကြားအပ်သော အနုမောဒနာကထာ ထုတိမဂ်လာ သြဘာစာတမ်းကိုလည်း ဖော်ပြအပ်ပါသည်။

မဟာဝိသုတော ရာမိက ဂဏဝါစကနိကာယ အစည်း အဝေးအပြီး ဦးမြမောင် ဖတ်လျှောက်အပ်သော သြဘာစာတမ်း

အောင်သူတကာတို့၏ ပဝရာဘိသုဓ ဓမ္မသာမိမုနိအထွတ် တမ္ဗတ် ဥသျှောင် အောင်သူများဘ သိရိန္ဒဖျား လူသုံးပါးတို့၏ ပတ္တမြားဝဇီရာ နီလာ မြသား ပြရိုးယား အစစ် ပြည်တန်မြက်အနှစ် အတုလဓမ္မရုင် ကာမ, ရူပ, အရူပကျုံးသုံးဘုံလုံး၌ မင်းဆုံးဓမ္မရုင် ဖြစ်တော်မူသော ဒေဝါတိဒေဝ, ဗြဟ္မာတိဗြဟ္မ ပဝရပြဘင် မာရ်နှင့် ပရမေ စောဘုန်း ဝေသည် သခ်ျိုလေးထပ် ကပ်တသိန်းပါး ဘုရား လောင်းတို့ တံထွာ ပါရမီစာဂ, စရိယသုံးအင် အကိုင်းညွှန့်ခက် အရွက်ဖူးငုံ အာကုန်လှတင့် မြင့်ထက် မြင့်၍ ရင့်လေရကား ငါးပါးတ့ပြင် မာရ်သေနင်္ကို အောင်တံခွန်ဆောက် အောင်ရေသောက်ရာ အပရာဇိတ ဘူမျာ့ဦးကင် ပလ္လင်ရှေနန်း သိမ်းမြန်းချုပ်ခြာ လေးသစ္စာကို ဆရာမရှိ ကိုယ်တိုင်သိ၍ ဓိပတိမှန်ချက် အရဟတ္တမဂ်လွှတ်ကျွန်း ဖြူဝန်းဖြန့်ကြက်တော်မူသဖြင့် ငါးဆင့်ဥယျ အနန္တသာဂရ အနာဝရဏ သဗ္ဗညုတဉာဏ်ကို ပန်ဆင်တော်မူပြီးမှ မဏ္ဍာသုံးလီ ကြွချီဒေသစာ ဝေနေယျကြာ သတ္တဝါတို့ ဒေသနာရေအား တိုက်ကြွေးဝေ့ ကောဏ္ဍည သုဘဒ် စဆုံးသတ်သား လူနတ်တရုံ အလုံးစုံကို ဘုံခေမာသောင် နိဗ္ဗာန်ခေါင်သို့ ကျင်းဆောင်သယ်ငယ် ကယ်တင်ကူးတို့ ပို့ယူနှုတ်၍ ထုတ်သည်အနန္တ ဗုဒ္ဓကိစ္စ သဗ္ဗညောဘဒြ ပြီးကုံငသဖြင့် အမတရွှဘုံ ရိပ်မြုံတင့်ဆန်း သာကြင့်နှင်းကို နန်းသိမ်းသဘင် ခံယင်ရိုက်တီး ပြည်

၁။ နိကာယပွဘဝ်ဒီပိကာ-ဂ-၁၁။

ကြီး နိဗ္ဗာန် ဝင်စံတော်မမူမီ ထို့ကျိမျှားစ္စာ သတ္တဝါကို မဟာကရုဏာ နှိုး ဆော်တိုက်တွန်းလေရကား ကိုယ်စားတော်ဟား မှတ်ရည်ထား၍ ဘုရားငါနှင့် အသင့်အာရုံ မကြုံမကြိုက် မတွေ့လိုက်လည်း အမြိုက်ကိုးပါး ငါ့တရားကို ကြားနာရ၍ တကွငါနှင့် အသင့်ကြုံကြိုက် ငါ့စရိုက်ကို လိုက်ကြပစေ မဂ္ဂ ဖလ နိဗ္ဗာန်ကို ရပစေဟု စေ့ရေပိုင်းခြား ယုဂဖလ ဓမ္မအပြား ငါးထောင် အားဖြင့် ထားတော်မူခဲ့သော်သာသနာကို ဝိနယဓရတေဒဂ်ရ မဟာသာဝက ဥပါလိအရှင်မြတ်မှစ၍ သိဿာနုသိဿအားဖြင့် ယနေ့ယခု အချိန်သို့ကျအောင် ထမ်းဆောင် လေ့လာ အရိယဝံသ သခေါ်ပသည်—

ပဌမဝိနယဓရ တေဒဂ်အရာ ထောမနာချီးကျူး အထူးမြှောက်စားခြင်း ကို ခံတော်မူရသော အရှင်ဥပါလိမထေရ်, ထို အရှင်ဥပါလိ၏ တပည့် အရှင် ဒါသက, ၎င်း၏တပည့် သောဏက, ၎င်း၏တပည့် အရှင်သိဂ္ဂဝ, ၎င်း၏ တပည့် အရှင်မောဂ္ဂလိပုတ္တတိဿ, ၎င်း၏တပည့် သဏ္ဌံ သာသနာပြု အရှင် သောဏ,အရှင်ဥတ္တရနှစ်ပါး, ၎င်းတို့၏တပည့် အရှင်သောဘိတ, ၎င်း၏တပည့် အရှင်သောမဒတ္တ, ၎င်း၏တပည့် အရှင်အနောမဒဿီ, ၎င်း၏တပည့် အရှင် အဓိသီလ, ၎င်း၏တပည့် အရှင်ပြာဏဒဿီ, ၎င်း၏တပည့် အရှင်သီလဗုဒ္ဓိ, အရှင်မဟာကာလ, ၎င်းတို့၏တပည့် ပုဂံ သာသနာပြု အရှင်အရဟံ, ၎င်း၏ တပည့် အရှင်ဂုဏသာရ, ၎င်း၏တပည့် အရှင်အဂ္ဂပဏ္ဍိတ, ၎င်း၏တပည့် အဂ္ဂဝံသ, ၎င်း၏တပည့် အရှင်ဥတ္တရာဇီဝ, ၎င်း၏တပည့် ပဌမဆပ္ပဒ္ဒ (အရှင် သဒ္ဓမ္မဉာဏ), ၎င်း၏တပည့် ဒုတိယဆပ္ပဒ္ဒ (အရှင်သဒ္ဓမ္မဉာဏ), ၎င်း၏တပည့် တတိယဆပ္ပဒ္ဒ (အရှင်သဒ္ဓမ္မသီရိ), ၎င်း၏တပည့် အရှင်သုဓမ္မစာရီ, ၎င်း၏ တပည့် အရှင်အဂ္ဂဓမ္မာလင်္ကာရ, ၎င်း၏တပည့် အရှင်ဓမ္မနန္ဒ, ၎င်း၏တပည့် အရှင်ပုညဝါသီ, ၎င်း၏တပည့် အရှင်ကလျာဏဓဇ, ၎င်း၏တပည့် အရှင်သူရိ ယဘိဝံသ, ၎င်း၏တပည့် ရာဇဂုရု, ဓမ္မ သေနာပတိ ဘွဲ့တံဆိပ်တော် ၃-ထပ်ရ မောင်းထောင်သာသနာပိုင်, နတ်ရဲတောင်သာသနာပိုင်ဆရာတော်ဟု ထင်ရှားသော အရှင်ဥယျဓမ္မ, ၎င်း၏တပည့် ပဥ္စနိကာယဏ္ဏဝ ပါရဂူ ရေစကြိုမြို့ အောင်မြေသာယာတိုက်ကြီး, ပခုက္ကူမြို့ မဟာဝိသုတာရာမ တိုက်ကြီးတို့၏အရှင် ကိုးဂိုဏ်းချုပ် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး, ထို ရေစကြို ဆရာတော်ဘုရားကြီး၏တပည့် သက်တော်ထင်ရှား ရှိတော်မူကြသော ပခုက္ကူ မဟာဝိသုတာရာမတိုက် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးများ, ညောင်ဦးမြို့ မဟာဝိသုတာရာမတိုက် ကျေးဇူးရှင်ဆရာတော်ဘုရားကြီး, ထို ဆရာတော်ဘုရားကြီးများ၏တပည့် အမြိုမြိုမှ ကြွရောက်တော်မူကြ၍ ယခု ဂဏဝါစကနိကာယ ပဌမသန္နိပါတအာစရိယ ပဏ္ဏာဝ သြဝါဒပဋိဂ္ဂဟဏမင်္ဂလာ

ပဲ့ဆဘင်ကို ဆင်ယင်ကျင်းပတော်မူကြသော မဟာဝိသုတာရာမတိုက်ခဲ့ဆိုင်ရာ အရှင်မြတ်အပေါင်းတို့ပင် ဖြစ်ပါတော့သည်ဘုရား။

ဤသို့ အာစရိယပရမ္ပရ, အာစရိယပါစရိယ, သိဿာနုသိဿ အဆက်မပြတ် မလစ်လပ်ရအောင် ထမ်းဆောင်တော်မူကြခြင်းကြောင့် ယခုအခါ သာသနာသည် နေဝါလဝန်း အရောင်ရှန်းဘိသကဲ့သို့ သီဟိုဠ်ကျွန်း, အိန္ဒိယ, ရာမည သုနာပရံ ကမ္ဘောဇ မချင်းချန်ပဲ ဝင်းလျံထိန်ပြောင် သက်နှံးရောင်တို့ဖြင့် တန်ဆောင်ဆီမီး တောက်လောင်ညီးမျှ အံ့ချီးလို့ပင် မကုန်အောင် ရှိပါတော့သည်ဘုရား။

ထို့သို့ပင် သာသနာအရောင် မီးတန်ဆောင်မျှ ဝင်းပြောင်ထိန်လင်းငြားသော်လည်း နောက်သားနောက်လာ နောင်အခါမှာ ကောင်းရာကောင်းကြောင်း နှလုံးကောင်းအာသာတော် အကြံဟောင်းပေါ်လာ၍ မကွေးဆရာတော် ဦးနာရဒ ထက်သန်သောလှုံ့လဖြင့် မဟာဝိသုတာရာမဆိုင်ရာ ဂဏဝါစက သမဂ္ဂကိစ္စကြီးကို သန္ဓာယသုံးချက်ဖြင့် သာသနာအရောင်ထွက်အောင် ဆောင်ရွက်တော်မူခြင်းကြောင့် လင်းသည်ထက်လင်း ပြောင်သည်ထက်ပြောင် အရောင်မမှိန်သော သာသနာတော်ကြီးကို ခိုမှီးအားပြုကြရသော တပည့်ဒကာ, ဒကာမတို့မှာ အားရဝမ်းသာလှိုမဆုံး ရှင်ပြုံးကြည်လင် ပသန္နစိတ်အစဉ်သည် အလွန်ပင် အရောင်ထွက်၍ တလက်လက် ရှိလှပါတော့သည်ဘုရား။

ထို့သို့ ဂဏဝါစက ဂဏာစရိယ သာသနာ့ကိစ္စမှစ၍ ဆရာတော်များ၏ ဆောင်ရွက်တော်မူချက်ကို နှစ်သက် ကြည်ညိုလှပါသောကြောင့် နောင်ရေးနောင်ရာ နောင်အခါ၌ သာသနာ့ကိစ္စ ဆောင်ရွက်တော်မူကြ၍ တပည့်များအပေါ်မှာ တာဝန်ချပါလျှင် ညီညာဖျဖျ စေတနာ ပသန္နဖြင့် ကျေသမျှ တာဝန်ကို ငြိုငြင်ခြင်းမရှိပဲ အားခဲ၍ ထမ်းဆောင်လိုပါကြောင်း။

ထို့ပြင်တဝ သမဂ္ဂနန္ဒီ သမဂ္ဂရတော သမဂ္ဂါရာမော သမဂ္ဂါနံ အနုပ္ပဒါတာဒေသနာအရ သဘောတော်ကျလျက် ကာယစိတ္တ နှစ်ဝသော သမဂ္ဂတို့ကို ဆရာတော်များမှာ ရရာရကြောင်း ဆုပတ္ထနာတောင်း ကြကြောင်းကို ရုံးပေါင်း၍ လျောက်ထားပါသည် သာကီနွယ်ဝင် အရှင်သူမြတ်တို့ဘုရား။

စာသင်တိုက်ခဲ့ ၁၅၀-ကျော် ကျောင်းခဲ့ပေါင်း ၃၀၀၀-ကျော်

ဤ မဟာဝိသုတ္တာရာမိက ဂဏဝါစက နိကာယ (ပခုက္ကူကိုဏ်းကြီး) အရှိန်ပြင်းစွာ တိုးတက်စည်ကားလေရာ ယခုမူ စာသင်တိုက်ခဲ့ပေါင်း ၁၅၀-ခန့်, ကျောင်းခဲ့ပေါင်း ၃၀၀၀-ခန့် ရှိသည်ဟု သိရ၏။

ကေပညာသမပိုင်း

ပဌမပြန် စုံစမ်းရေးအဖွဲ့ဝင်ဖြစ်၍ ဆောင်ရွက်ခြင်း

၁၂၉၉-ခုနှစ်တွင် ပဌမပြန် စုံစမ်းရေး ကော်မိတီ၌ ပါဝင်၍ ဆောင်ရွက်တော် မူခဲ့သည်။ ဆရာတော် ယင်းကော်မိတီတွင် ပါရှိသည့်အတွက် လွန်စွာ ကျေးဇူးများသည်။ ကော်မိတီဝင် တော်တော်များများက ဓမ္မာစရိယစာချတန်းတွင် ပါရာဇိကဏ် အဋ္ဌကထာ, သီလက္ခန် အဋ္ဌကထာ, အဋ္ဌသာလိနီ အဋ္ဌကထာ ဟူသော ကျမ်းရင်း ၃-ကျမ်းတို့ကို ပြဓာန်း၍ အထွက်, အတက်, စုဒ်, စောဒနာ, နေတ္တိကောက်, ဉာဿကောက်စသည်တို့ဖြင့် မေးမြန်းလိုကြသည်။ သို့ရာတွင် နိကာယ် ၅-ရပ်ကို ထည့်သွင်း ပြဓာန်း မေးမြန်းဖို့အဆိုကို သွင်းခဲ့ရာ ဆရာတော် တင်သွင်းသည့်အတိုင်း ၉-ကျမ်းဖြစ်နှစ် တွင်ကျယ်ခဲ့လေသည်။

နိယောဂိမတ္ထလေစေ၊ ပရိက္ခကသဘာယ စ။
ကိစ္စံ သော'ကာသိ မုနိန္ဒ-သာသနဿာဘိဝုဒ္ဓိယာ [၁]။

တောင်တန်းဒေသ သာသနာပြန့်ပွါးအောင် ပြုတော်မူကြ

မြန်မာပြည်၌ ကျော်စောထင်ရှားတော်မူကြသော ဆရာတော်ကြီးများ၏ လုံးပမ်းကြိုးကုတ် အားထုတ်မှုကြောင့် တောင်တန်းဒေသ အနှံ့အပြား ဘုရားမြတ်စွာ သာသနာတော်, ထွန်းလင်း ပြန့်ပွါးလျက် လာချေပြီ။ ယခင်က ဗုဒ္ဓဘာသာဝင် အလွန်နည်းပါးသော ကန်ပက်လက်, ပလက်ဝ, ချင်းတောင် မြောက်ပိုင်းဖလန်းမြို့နယ်, ကချင်ပြည်နယ် မြစ်ကြီးနားခရိုင်, ရှမ်းပြည်မြောက်ပိုင်း ဝနယ်, ကိုးခန်းနယ်, ကယားပြည်နယ် စသည်တို့၌ ဗုဒ္ဓသာသနာကို ယုံကြည် လေးမြတ်သူ ဦးရေပေါင်း ၃-သိန်းကျော် ၄-သိန်းခန့် ရှိနေပြီ ဖြစ်ကြောင်း သိရ၏။

တောင်တန်းသာသနာပြု ဘုရားရှင်

အသာခရဏ ကရဏာတော်သခင် ဘုရားရှင် ကိုယ်တော် မြတ်ကြီးသည် နှောင်းခေတ် တပည့်သာဝက သာသနာ့ ဝန်ဆောင်တို့ တော တောင်အထပ်ထပ် သွားလာရန် ခက်ခဲသော အရပ်တို့၌ သာသနာပြုချင်အောင် စံနမူနာ အဖြစ်ဖြင့် ကိုယ်တော်မြတ်သည်လည်း တော တောင်ထူထပ်သော အရပ်ဒေသ တို့သို့ကြွတော်မူ၍ သာသနာပြုတော်မူခဲ့သည်။ ဘုရားရှင်သည် ၅-ဝါမြောက်

၁။ မဟာဝိသုတာရာမ နိကာယသာသနာဂင်-၂၃၀။

၁၃-ဝါမြောက်တို့တွင် စာလိယတောင်၌ သီတင်းသုံးတော်မူ၍ တောင်တန်း သာသနာပြု လုပ်ငန်းကို နည်းပေးတော် မူခဲ့လေသည်။ တဖန် ဂ-ဝါမြောက်တွင် သီဟိုဠ်ကျွန်း(ယခု သီရိလင်္ကာနိုင်ငံ)သို့ကြွတော်မူ၍ ဝေးမြင့်သီးခေါင် သမန္တကူဋ တောင်ထိပ်သို့ ကြွတော်မူ၍ ခြေတော်ရာ ချတော်မူခဲ့လေသည်။

ၚင်းပြင် ယင်း သမန္တကူဋတောင်ခြေ လိုဏ်ဂူတခု၌ ရဟန္တာ ၅၀၀-နှင့်အတူ သမာပတ်ဝင်စားတော်မူခဲ့လေသည်။ ရာဇဂြိုဟ် ဂိဇ္ဈကူဋ်တောင်ပေါ် ကျောင်း၌လည်း ကြာမြင့်စွာ သီတင်းသုံးတော်မူ၍ တောင်တန်း သာသနာပြုပုံပြုနည်းကို လမ်းညွှန်ပြတော် မူခဲ့လေသည်။ ဤသို့စသည်ဖြင့် ဘုရားရှင်သည် တောတောင်ပေါင်း မြောက်မြားစွာတို့သို့ ကြွရောက်သာသနာပြုတော် မူခဲ့လေသည်။ ယင်းသို့ ကြွရောက်သာသနာပြုတော် မူခြင်းကပင်လျှင် ချစ်သား ရဟန်းတို့-ချစ်သားရဟန်းတို့လဲ ငါဘုရားလို ခက်ခက်ခဲခဲ တောင်တန်းဒေသသို့လည်း ကြ၍ သာသနာပြုရစ်ကြရမည်ဟု သွန်သင်တော်မူခြင်းဖြစ်လေသည်။

ပဗ္ဗတာဝလိဒေသေသု၊ သဗ္ဗညူ မုနိကုဉ္ဇရော။
လောကဟိတာယ ဂန္ဓာနု၊ ဝသီ ဝသီ မဟာမတီ။

တောင်တန်းသာသနာပြု အရှင်မဇ္ဈန္တိကထေရ်

သာသနာသက္ကရာဇ် ၂၃၆-ခုနှစ်တွင် အရှင်မဟာမောဂ္ဂလိ ပုတ္တတိဿထေရ်၏ စေခိုင်းချက် စီစဉ်တော်မူချက်အရ အရှင်မဇ္ဈန္တိကထေရ်သည် တောတောင် ထူထပ်ပြီး ဥတုရာသီလည်း လွန်စွာအေးချမ်းလှသော ကသ္မီရ ဂန္ဓာရ အရပ်သို့ ကြွရောက်တော်မူ၍ သာသနာပြုတော်မူခဲ့သည်။ ဝေနေယျပေါင်း ကုဋ္ဌေကုဋ္ဌာ များစွာတို့ကို ချွေချွတ်တော်မူခဲ့လေသည်။ သာသနာ့ ဝန်ထမ်းများစွာတို့ ပေါ်ထွန်းစေတော် မူခဲ့လေသည်။

မဇ္ဈန္တိကာဝှ ထေရောပိ၊ သမ္မုဒ္ဒါနုယာယီ သုဓီ။
ဂိရိသံယုတ္တကသ္မိရ-ဂန္ဓာရေသု သုဇောတယီ။

တောင်တန်းသာသနာပြု အရှင်မဇ္ဈိမထေရ်

ယင်း သာသနာသက္ကရာဇ် ၂၃၆- ခုနှစ်၌ပင် အရှင်မဇ္ဈိမထေရ်သည်လည်း အရှင်ကဿပဂေါတ္တထေရ်, အရှင်အင်္ဂကဒေဝထေရ်, အရှင်ဒုန္ဒုဘိဿရထေရ်, အရှင်မဟာဒေဝထေရ်တို့နှင့်အတူ တောတောင်အထပ်ထပ်တို့ဖြင့် ခက်ခဲစွာသွား ရောက်အပ်သော ဟိမဝန္တာတောင်အရပ်သို့ ကြွတော်မူ၍ သာသနာပြုတော်မူခဲ့သည်။ ယင်းသို့ သာသနာပြုတော်မူခြင်းကြောင့် ထိုဒေသ၌ ထိုစဉ်က ဘုရားမြတ်စွာ သာသနာရောင် တောက်ပြောင်ထိန်ဝင်း လင်းလက်ခဲ့လေသည်။

မဇ္ဈိမမဟာထေရောပိ၊ ဆဋ္ဌဘိညော မဟာယတိ။
ဟိမ၀န္တံ ပသာဒေတ္၀ာ၊ ဇိနစက္ကံ ပသာရယိ။

မြန်မာ့တောင်တန်းသာသနာပြု အာဇာနည်များ

မြန်မာပြည်၌ တောင်တန်းသာသနာပြုကို ပုဂံခေတ်ကပင် စတင်ခဲ့၏။ ပေါင်လောင် အရှင်ကဿပသည် တောင်တန်းသာသနာပြုကြွရင်း ယခု အလောင်းတော်ကဿပတည်ရာအရပ်၌ ပြန်လွန်တော်မူခဲ့သည်။ အလောင်းတော်ကဿပရုပ်တုတော်သည်ပင်လျှင် ပေါင်လောင်ရှင်ကဿပဖြစ်၏။ ဟံသာ၀တီခေတ် ဘုရင့်နောင်ခေါ် ဆင်ဖြူများရှင် မင်းတရားလက်ထက်တွင်လည်း တောင်တန်းသာသနာပြုအလုပ် ထိရောက်စွာ ပြုလုပ်ခဲ့ကြောင်း သိရ၏။ ဘိုးတော်ဘုရားလက်ထက်တွင် ဥိးဥတ္တမာစာရ ဥိးစီးသော ရဟန်းတော်၅-ပါး သာသနာပြုအဖွဲ့၏ ကြိုးပမ်းမှုကြောင့် တောင်တန်းဒေသမှာ နတ်ကိုးကွယ်သူတွေ့ ပွဲကျောင်း ယွန်းကျောင်း ကိုးကွယ်သူတွေ ဗုဒ္ဓဘာသာဖြစ် ကူးပြောင်းကြကုန်၏။ ဟုမွလင်းဖက်ဆိမှာ ဆရာတော် ဥိးဥတ္တမာစာရ အဆက်အနွယ် ရဟန်းတော်များ ယခုတိုင် အဆက်မပြတ် ရှိကုန်၏။

အင်္ဂလိပ်ခေတ် တောင်တန်းသာသနာပြု ဆရာတော်များ

အင်္ဂလိပ်ခေတ်တွင် ရေပေါ်ကျွန်းသား ဆရာတော်ဥိးဉာဏ, ရခိုင်ပြည် တောင်ကုတ်ဆရာတော်ဘုရား, ပုသိမ်ဥိးဝိမလဆရာတော်, ဆရာတော်ဥိးဥတ္တမသာရစသည့် ပုဂ္ဂိုလ်မြတ်တို့သည်လည်း ကျေးဇူးတင်ဖွယ်ကောင်းသည့် တောင်တန်းသာသနာပြု ပုဂ္ဂိုလ်မြတ်တို့ ဖြစ်ကုန်၏။

ဉာဏော ဥတ္တမသာရော စ၊ ကုသိမ ဝိမလာဒယော။
လောကဂ္ဂသာသနဝုဒ္ဓိ-ကာမာ ပဗ္ဗတဒုဂ္ဂမေ။

လ၀ ဥိးစိန္ဒာဘမဏိနှင့် ဥိးဥက္ကံသမာလာ

၁၂၉၀-ခုနှစ်တွင် လ၀ ဥိးစိန္ဒာဘမဏိနှင့် မန္တလေးမြို့ ဘုရားကြီးတိုက် သံဃနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်ဥက္ကံသမာလာ (ဥိးငြိမ်း) တို့ ခေါင်းဆောင် ဖွဲ့စည်းစေလွှတ်သည့် ချင်းတောင်သာသနာပြု လုပ်ငန်းမှာလည်း များစွာ ထိရောက်လေသည်။ ၎င်းပြင် ယောနယ်ရှိ ဆရာတော်ကြီးများ, မင်းဘူးခရိုင် စေတုတ္တရာမြို့ရှိ ဆရာတော်ကြီးများ၏ ကျေးဇူးကြောင့်လည်း တောင်တန်းဒေသ၌ သာသနာစွဲမြဲစွာ တည်ရှိလေသည်။ သဲကန္တာရထဲ ခရီးသွားစဉ် ရေတပေါက်သည် လွန်စွာ တန်ဘိုးရှိသကဲ့သို့ သာသနာ မပြန့်ပွါးသေးသော

နယ်ပယ်၌ သာသနာရောင်ရှိခြင်း, ယင်းဒေသရှိ ပုဂ္ဂိုလ်တို့ သရဏဂုံတည်ခြင်း, ရတနာ ၃-ပါးကို ဝတ်ပြုရခြင်းသည် အဟိုင်းမသိ အကျိုးများလှ၍။
ကန္တာရေ အတိအပ္ပမို့၊ ဒကံ မဟပ္ဖလံ ဘဝေ။
ဝေပ်ဝံ သမ္မဒ္ဓကိရာ၊ အပ္ပကာပိ မဟပ္ဖလာ။

ဆရာတော် ဦးဥတ္တမသာရ

ဆရာတော် ဦးဥတ္တမသာရသည် စွန့်စားလိုစိတ် များစွာရှိသည့် ပုဂ္ဂိုလ်မြတ်ဖြစ်၏။ သူ့အသက်ကို စားသောက်ခြင်းမှ လုံးဝရှောင်ကြဉ်၍ သာသနာပြုတော်မူ၏။ ရှဘိုခရိုင် ငဒုတ္ထင်းကုန်းရွာ၌ ၁၂၇၃-ခုနှစ်လောက်တွင် ဖွားမြင်သည်။ မန္တလေးမြို့၌လည်း ပညာသင်ကြားခဲ့သည်။ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီး၌ ကြာမြင့်စွာ သီတင်းသုံး၍ ဤ မဟာဃောသလိတ သခင် အရှင်ပညာဆရာတော်ဘုရားကြီး၏ အထံ၌ ပိဋကတ်ကျမ်းစာများကို သင်ယူတော်မူခဲ့သည်။ ဆရာတော်အရှင်ပညာသည် ဦးဥတ္တမသာရအား တောင်တန်းသာသနာပြုရေးကို များစွာအားပေးတော်မူခဲ့သည်။ ဦးဥတ္တမသာရ၏ စိတ်ဓာတ်နှင့် ဇဝဓိရိယကိုလည်း ချီးကျူးတော်မူလေ့ရှိသည်။ ဦးဥတ္တမသာရ ယခုအခါ ချင်းတောင်ဖလမ်းမြို့နယ် လုံရန်းဂေါ်ရခါးရွာအနီး ခန္တီန်တောင်၌ သီတင်းသုံး၍ သာသနာပြုလျက်ရှိ၏။ ဆရာတော်အရှင်ပညာ၏ အားပေးမှုကြောင့် ပေါ်လာသည့် တောင်တန်းသာသနာပြု ပုဂ္ဂိုလ်ဟု ဆိုထိုက်၏။

ပခုက္ကူ မဟာဝိသုတာရာမတိုက် ချင်း ၇-ဦး ရှင်ပြုပဲ့ကြီး

၁၂၉၈-ခုနှစ်တွင် လဝ ဦးစိန္တာမဏိနှင့် ဦးတိသဿတို့သည် ချင်းအမျိုးသား ၇-ဦးတို့ကို ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် အဂ္ဂမဟာပဏ္ဍိတဆရာတော် အရှင်ပညာမဟာထေရ်ထံ ဖခေါ်ဆောင်ခဲ့ကြကုန်၍ ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက်ကြီးအတွင်း ရှင်ပြုပွဲကျင်းပကြ၍ သာမဏေဝတ်စေကြပြီး ဘုရားအဆုံးအမတော်များကို သင်ယူစေကြကုန်၏။ ထိုစဉ်က ပခုက္ကူမြို့ပေါ်မှ ဒကာ, ဒကာမတို့သည် သင်္ကန်း သပိတ် ပရိက္ခရာစသည် လှူဒါန်းကြကုန်၍ ရှင်ဒကာ, ရှင်အမအဖြစ် ခံယူကြကုန်၏။ ဆရာတော် အရှင်ပညာသည် ချင်းအမျိုးသား သာမဏေတို့၏ ဥပဇ္ဈာယ်ဆရာတော်ဖြစ်၍ များစွာအကူအညီပေးတော်မူသည်။

ဆရာတော်ဦးပညာကြောင့် တောင်တန်းသာသနာပြု အဖွဲ့ကြီးပေါ်ခဲ့

၁၃၈၀-ခုနှစ် နယုန်လတွင် ရန်ကုန်မြို့ ဒွိုက်တိုင်လမ်း ခြောက်ထပ်ကြီး ကျောင်းတိုက်၌ ကျင်းပသော ဂိုဏ်းပေါင်းစုံ မဟာသံဃအဖွဲ့ချုပ် အစည်းအဝေး တွင် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်ပညာမဟာထေရ်သည် တောင်တန်း သာသနာပြုလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် ထိရောက်စွာ ပြုလုပ်သင့်ကြောင်း, အစိုးရနှင့် ပြည်သူလူထုကပါ တက်တက်ကြွကြွ ထောက်ပံ့ လှူဒါန်းခြင်း, ရဟန်း သံဃာတော်များ ဖက်ကလည်း တောင်တန်းဒေသသို့ ကြွရောက်သာသနာပြု ကြခြင်း, တိုက်တာဦးစီး ဆရာတော်ကြီးများက တောင်တန်းသား ချင်းအမျိုး သားများကို လက်ခံထောက်ပံ့၍ ပညာသင်ကြားပေးခြင်း စသည်ဖြင့် တောင် တန်းဒေသ၌ သာသနာပြုရေး ကူညီကြစေလိုကြောင်း မိန့်ကြားတော်မူခဲ့ လေသည်။ယင်းသို့ မိန့်ကြားတော်မူချက်ကိုလိုက်နာကြကုန်သော ဆာဦးသွင်နှင့် ဒေါက်တာဦးသိမ်းမောင် စသော သာသနာစိတ်ဓာတ် ပြင်းပြကြသော သူတော် စဉ် ဥပါသကာကြီးတို့သည် နောင်ဗုဒ္ဓသာသနာအဖွဲ့ တည်ဆောင်ဖွဲ့စည်းသော အခါ တောင်တန်းသာသနာပြု အဖွဲ့ကြီးကို ပူးတွဲဖွဲ့စည်းစေကြကုန်၏။

ပဗ္ဘတာဝလိ ဒေသေသု၊ မုနိသာသန ဝုဒ္ဓိယာ။
ပညာဝုဏ္ဍော ထေရသေဋ္ဌော၊ သဗ္ဗဒါ ဗျာဝဋော ဝိဒ္ဒါ။

တပည့်များ ချင်းတောင် သိမ်သမုတ် စေလွှတ်ခြင်း

ချင်းတောင်ဒေသ၌ ဆင်းရဲစွာ သီတင်းသုံး၍ သာသနာပြုတော်မူကြသော ဆရာတော် ဦးဥတ္တမသာရ စသော မထေရ်မြတ်တို့သည် သက်ဆိုင်ရာ ဒကာ, ဒကာမတို့၏ အကူအညီဖြင့် ချင်းတောင်၌ ခဏ္ဍသိမ်တလုံး သမုတ်ရန် စီမံကြ ကုန်၏။ ဦးဥတ္တမသာရ စသော မထေရ်မြတ်တို့သည် ပခုက္ကူမြို့ မဟာဝိသုတာ ရာမတိုက် ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်ပညာထံ သိမ်သမုတ် ရန် ရဟန်းတော်များ အဖွဲ့တဖွဲ့ စေလွှတ်ဖို့ လျှောက်ထားကြကုန်၏။ ယင်းသို့ လျှောက်ထားချက်အရ ဆရာတော် အရှင်ပညာသည်—

(၁) ဆရာတော် ဦးနန္ဒိယ၊
(၂) ဆရာတော် ဦးမာယိန္ဒ၊
(၃) ဆရာတော် ဦးဣန္ဒက၊
(၄) ဆရာတော် ဦးအရိယ—

ဟူသော ဂဏဝါစက စာချဆရာတော် ၄-ပါးတို့ကို ဦးကုသလ, ဦးဥတ္တမ, ဦးသံယုတ္တ, ဒါယကာ ကိုစိန်ရိုး, ကိုတင်, ကိုချစ်တို့နှင့်အတူ ၁၃၀၁-ခုနှစ်

တပို့တဲ့လတ္ဒင် စေလ္ဒတ်တော်မူသည်။ ဆရာတော် ဦးနန္ဒိယ, ဦးမာဃိန္ဒတို့ ဦးစီးသော သိမ်သမုဂ်အဖွဲ့သည် ဆရာတော်ဘုရားကြီး၏ အမိန့်အတိုင်း တပို့တဲ့လဆုတ် ၁-ရက်နေ့တွင် ချင်းဝိသေသတိုင်း ငမ်းမသူရွာ၌ ခဏ္ဍသိမ်သမုတ်တော်မူခဲ့ကြကုန်၏။ ယင်းသို့ဖြင့် ဆရာတော်သည် သာသနာပြုရေး၌ လွန်စွာမှ စိတ်ညွတ်တော်မူလေသည်။

နန္ဒိယာဒိယတယောပိ၊ ပါဟေတ္ဝာ ဃေရကုဋ္ဌရော။
ချင်းဝိသေသသုရဋ္ဌေပိ၊ ခဏ္ဍသိမံ ပဝတ္တယိ။

ဒိဝိပညာသမပိုင်း

နေတ္တိပါဋိတော် နှင့် အခြံအရံကျမ်းများ

နေတ္တိပါဋိတော်သည် လွန်စွာ ခက်ခဲသော ကျမ်းဖြစ်သည်။စာသင်သားတိုင်းလည်း နေတ္တိ မတက်ဘူး မသင်ဘူးကြချေ။ အနည်းငယ်သော စာသင်သားတို့သည်သာနေတ္တိကို တက်ဘူး သင်ဘူးကြသည်။ စာချဆရာတော်တိုင်းလည်း မချဘူး၊တချို့တလေ စာချဆရာတော်များသာ ချဘူးကုန်၏။ နေတ္တိပါဋိကား အရှင်ကစ္စည်းဃရ ပေးသော ကျမ်းဖြစ်သည်။ နေတ္တိကျမ်းကို သင်ဟဝါရ, ဥဒ္ဒေသဝါရ, ပဋိနိဒ္ဒေသဝါရ, ဟာရသမွာတ, နယသမုဋ္ဌာန, သာသနပဋ္ဌာန၄်ဖြင့် တန်းဆာဆင်၍ အရှင် ကစ္စည်းဃရ ပေးတော်မူခဲ့သည်။ ယင်းနေတ္တိပါဋိတော်မှာ ဆဋ္ဌသံဂါယနာစာတော်မူ ၁၆၆-မျက်နှာ ရှိလေသည်။ ယင်း နေတ္တိပါဋိတော်၏ မြိုရာ အတ္ထ-နိဿပ ကို ရေရင်း ပုဗ္ဗာရုံဆရာတော် အရှင်သာရဒဿီဃရ ရေးသားတော်မူခဲ့သည်။ယင်းနိဿယမှာ ပေဖြင့်သာ ရှိခဲ့သည်။ဂန္ထာရမ္ဘ၌ ဆရာသမားတို့ကို—

ယေ နိဿာယ ဝသန္တောဝ၊ ဝုဒ္ဓိပ္ပတ္တောသ္မိ သာသနေ။
သဗ္ဗဓိ ဟေသု တာဝ မေ၊ မေရုရာဇ်ဝ ဓာတုယ်။
နာနာဒေသိနိဝါသိနံ၊ သာရတ္ထိကာန သောတူနံ။
ကာဏာ လေဏာ ပရာယဏာ၊ ပရိယတ္တိသဗ္ဗရော။
သဒ္ဒသတ္ထေ ဥပစိဏ္ဏာ၊ နျာဓေသ ပရမဂ်ကာဝိဒါ။
ဆန္ဒောဘေဒေ ကတဉာဏာ၊ အလင်္ကာရေ ဝိသာရဒါ။
ဝါစဂုတာ အဘိဓာနေ၊ နေတ္တိယံ အတိဓကာဝိဒါ။
ဇေတသဥ္ဇာစရိယသဗ္ဗာနံ၊ အဘိဝါဒိယ သိရသာ။

ဟူသော ၄-ဂါထာဖြင့် ဂုဏ်တော်ဖော်ပြ၍ မှီခိုးဦးချ ပဏာမမှု ပြုတော်မူခဲ့သည်။မဟာဝိသုတာရာမာ ဓိပတိ ဇကျးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ ဆရာတော်ဘုရားကြီး၏ ချနက်နိဿယလည်း ရှိ၏။

ယင်း နေတ္တိပါဠိတော်ကို နာမည်ကျော် ပဒရတိတ္ထဝိဟာရဝါသီ သမယ, သမယန္တရပါရဂါမီ အရှင်ဓမ္မပါလထေရ်သည် အရှင်ဓမ္မရက္ခိတထေရ် တောင်းပန်သဖြင့် ရေးသားစီရင်တော်မူခဲ့ရာ ဆဋ္ဌသံဂါယနာစာတော်မူ စာမျက်နှာ ၂၇၆ ရှိလေသည်။

ကျမ်းဦးဌ်—

မဟာကာရုဏိကံ နာထံ၊ ဥယျသာဂရပါရဂုံ။
ဝန္ဒေ နိပုဏာဂမ္ဘီရ–ဝိစိတြနယ ဒေသနံ။

စသော ၁၅-ဂါထာဖြင့် ပဏာမစသည် ပြုခဲ့သည်။ ယင်း နေတ္တိအဋ္ဌကထာ နိဿယတဆူကို ချောင်းကောက် ဆရာတော် အရှင်သဒ္ဓမ္မနန္ဒီ ပြုစီရင်တော်မူခဲ့သည်။ ဋီကာကိုလည်း အရှင်ဓမ္မပါလပင် ပြုစီရင်တော်မူသည်။ ၎င်းပြင် မောင်းထောင် သာသနာပိုင် စီရင်တော်မူခဲ့သော ပေဋ္ဌကာလင်္ကာရဋီကာသစ်လည်း ရှိသည်။ ၎င်းမှာလည်း ပေဖြင့်သာ ရှိလေသည်။ နေတ္တိဝိဘာဝိနီကို အင်းဝခေတ် ရွှေနန်းကြွေဘုရင် လက်ထက်တွင် အရှင်သဒ္ဓမ္မပါလထေရ် စီရင်တော်မူခဲ့သည်။ နေတ္တိကို ကျယ်ဝန်းသဖြင့် ကူးခပ်သင်ယူဖို့ မလွယ်ကူသဖြင့် ညောင်ကန် ဆရာတော် ဦးဗုဒ်သည် နေတ္တိဟာရတ္ထဒီပနီ အမည်ဖြင့် နေတ္တိအရကောက်ကို စီရင်တော်မူခဲ့သည်။ ဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးသည်လည်း နေတ္တိအရကောက် အကျဉ်းကို စီရင်တော်မူခဲ့သည်။

တိပညာသမပိုင်း

ဆရာတော် အရှင်ပညာထေရ် နေတ္တိကျမ်း ချပို့တော်မူခြင်း

ကျေးဇူးရှင်ဆရာတော်ဘုရားကြီးကား မနိုင်သည့် ကျမ်းဟူ၍ မရှိ၊ ပိဋကတ် ၃-ပုံ ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းများ၌ တောသုံးထောင်ပိုင် ဦးကိုင်ချုပ်ချာ ကေသရာဇာ ခြသေ့မင်းကဲ့သို့ ရဲရင့်၏။ စာပြောစရာ သဒ္ဒါငယ်, အဘိဓာန်, မောဂ္ဂလ္လာန်, ရျာသ, သဒ္ဒနီတိစသည်မှ ဂါထာတွေ, ပရိဘာသာတွေနှင့် နိယံတွေ ကရားရေလွှတ် တတွတ်တွတ် နှုတ်တက်ရ၏။ နေတ္တိကျမ်း ချဖို့ရန်လည်း တာဝန်ပေါ်၏။ သို့ဖြစ်၍ ၁၂၉၈-ခုနှစ်လောက်က စ၍ စာသင်ရဟန်း သာမဏေများ ဆွမ်းခံကြွချိန် ဂဏဝါစက စာချဆရာတော်များအား အထူး စာဝါ (ဝိသေသ ဝါစန ဝါရ) အဖြစ်ဖြင့် ပို့ချနည်းပေးတော်မူသည်။ ထိုစဉ်က နေတ္တိအဋ္ဌကထာကို ဆိုရသူမှာ ယခု သက်တော် ၇၅-နှစ်ခန့်ရှိ သီဟိုဠ်ရှင်ဆရာတော်ဘုရားကြီး အရှင်နန္ဒဝံသမဟာထေရ် ဖြစ်တော်မူသည်။ အရှင်နန္ဒဝံသကား ဉာဏ်လည်းကောင်း၏၊ နှုတ်ကောင်း အသံကောင်း ပုဂ္ဂိုလ်ထူးတည်း။ ၁၂၉၉-ခု နယုန်လဆန်း ၃-ရက် နေ့တွင် ပြီးဆုံးလေသည်။

ဆရာတော် နေတ္တိပို့ချစဉ်က အနက်ယောဇနာခဲ့သည့် ပါဠိဂါထာတချို့နှင့် ဝါကျတချို့ကို နယဂ္ဂါဟ ပြုစိမ့်သောဌ ဂန္ဆဂရု မရှုမမြော်ပဲ ဖော်ပြပါသည်။ လေးလေးမြတ်မြတ် ဖတ်ရှုရာ၏။ စာချရင်းလည်း အသုံးပြုရာ၏။

မဟာကာရုဏိကံ နာထံ၊ ဥယျသာဂရပါရဂုံ။
ဝန္ဒေ နိပုဏကမ္မိရ-ဝိစိတြနယ ဒေသနံ။

အဟံ=ငါသည်။ မဟာကာရုဏိကံ=မဟာကရုဏာတော်၌ ယှဉ်တော်မူသော။ ဝါ=ကြီးမြတ်သော ကရုဏာတော်၌ ယှဉ်တော်မူသော။ ဥယျ-သာဂရပါရဂုံ=သိအပ် သိသင့် သိထိုက်သော သဒ်ါရ, ဝိကာရ, လက္ခဏ, နိဗ္ဗာန်, ပညတ်အားဖြင့် ငါးပါးသော ဥယျဓမ်တည်းဟူသော မဟာသမုဒ္ဒရာ၏ တဖက်ကမ်းသို့ ဆိုက်ရောက်တော်မူပြီးသော။ ဝါ=သိအပ်....ဥယျဓမ်နှင့် တူသော မဟာသမုဒ္ဒရာ တဖက်ကမ်းသို့ ဆိုက်ရောက်တော်မူပြီးသော။ ဝါ=....ကဲ့သို့သော မဟာသမုဒ္ဒရာ တဖက်ကမ်းသို့ ဆိုက်ရောက်တော်မူပြီးသော။ ဝါ=သိအပ်.... ဥယျဓမ် မဟာသမုဒ္ဒရာ တဖက်ကမ်းသို့ ဆိုက်ရောက်တော်မူပြီးသော။ (ပရပက္ခ ၄-နက်)

[တည်းဟူသော ရှုပ.ကံ ဥယျ၊ တူသောတိ သဒိသော မတော။
ကဲ့သို့တိ ဥပမာ ဥယျာ၊ သမုပေက္ခာတိ ပြုင်မတာ။]

ဝါ=မဟာသမုဒ္ဒရာတည်းဟူသော သိအပ် သိသင့် သိထိုက်သော သဒ်ါရ, ဝိကာရ, လက္ခဏ, နိဗ္ဗာန်, ပညတ်အားဖြင့် ငါးပါးသော ဥယျဓမ်၏ တဖက်ကမ်းတည်းဟူသော အဆုံးသို့ ရောက်တော်မူပြီးသော။ ဝါ=သော။ ဝါ=သော။ ဝါ=မဟာသမုဒ္ဒရာ သိအပ် သိသင့် သိထိုက်သော သဒ်ါရ....ပညတ်အားဖြင့် ငါးပါးသော ဥယျဓမ်တဖက်ကမ်းတည်းဟူသော အဆုံးသို့ ရောက်တော်မူပြီးသော။ (သကပက္ခ ၄-နက်)

နိပုဏကမ္မိရ ဝိစိတြနယ ဒေသနံ=သိမ်မွေ့နက်နဲခက်ခဲ ဆန်းကြယ်သော နည်းရှိသော ဒေသနာ ရှိတော်မူသော။ ဝါ=သိမ်မွေ့နက်နဲ ခက်ခဲ ဆန်းကြယ်သော နည်းတို့ဖြင့် ဒေသေတဗ္ဗဓမ္မကို ဟောပြတော်မူပေတတ်သော။ ဝါ=ဆန်း ကြယ်သော နည်းတို့ဖြင့် ဟောပြအပ်သော သိမ်မွေ့နက်နဲ ခက်ခဲသော ဒေသေ-တဗ္ဗဓမ္မ ရှိတော်မူသော။ နာထံ=မြတ်စွာဘုရားဆို။ဝန္ဒေ=ရှိခိုးပါ၏။ ဝန္ဒိတ္ဝာ= ရှိခိုးပြီး၍။

(၁) ဝိဇ္ဇာစရဏသမ္ပန္နာ၊ ယေန နိယျန္တိ လောကတော။
ဝန္ဒေ တမုတ္တမံ ဓမ္မံ၊ သမ္မာသမ္ဗုဒ္ဓ ပူဇိတံ။

ဝိဇ္ဇာစရဏသမ္ပန္နာ=ဝိဇ္ဇာ ၃-ပါး, ဝိဇ္ဇာ ၈-ပါး, စရဏ ၁၅-ပါးနှင့် ပြည့်စုံတော်မူကြကုန်သော ဘုရားရှင်တို့သည်။ ယေန ဓမ္မေန=အကြင်ဆယ်ပါးသော တရားတော်ဖြင့်။ ဝါ=ကြောင့်။ လောကတော=ခန္ဓလောက အစရှိသော လောကဥဿုံ အလုံးစုံမှာ။ နိယျန္တိ=ထွက်မြောက်တော်မူကြလေကုန်၏။ သမ္မာသမ္ဗုဒ္ဓပုဇိတံ=မြတ်စွာဘုရားရှင်တို့သည် ဂေါစရာသေဝနာ, ဘာဝနာသေဝနာအားဖြင့် ပူဇော်တော်မူအပ်သော။ ဥတ္တမံ=မြတ်တော်မူသော။ တံ ဓမ္မံ=ကို။ ဝန္ဒေ=ပါ၏။ ဝန္ဒိတ္ဝာ=၍။

(၂) သီလာဒိဂုဏသမ္ပန္နော၊ ဌိတော မဂ္ဂဖလေသု ယော။
ဝန္ဒေ အရိယသံဃံ တံ၊ ပုညက္ခေတ္တံ အနုတ္တရံ။

သီလာဒိဂုဏသမ္ပန္နော=သီလ အစရှိသော ကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံလုံလောက်တော်မူသော။ယော အရိယသံဃော=အကြင်မဂ္ဂဋ္ဌာန် လေးယောက် ဖလဋ္ဌာန် လေးယောက်အားဖြင့် ၈-ယောက်သော အရိယသံဃာတော်မြတ်, အပေါင်းသည်။ ဖဂ္ဂဖလေသု=မင်္ဂ လေးတန်, ဖိုလ် လေးတန်တို့၌။ ဌိတော=ထိုက်သည်အားလျော်စွာ တည်ကော်မူပြီ။

တနည်း—ယော အရိယသံဃော=သည်။ သီလာဒိဂုဏသမ္ပန္နော=....မူသည်၏။ ဟုတ္ဝာဘာဝတော=ဖြစ်ခြင်းကြောင့်။ မဂ္ဂဖလေသု=တို့၌။ ဌိတော=တည်တော်မူပြီ။

တနည်း—ယော　အရိယံဃော=သည်။　သီလာဒိဂုဏသမ္ပန္နော=ခြင်းကြောင့်။ မဂ္ဂဖလေသု=တို့၌။　ဌိတော=တည်တော်မူပြီ။　ပုညက္ခေတ္တံ=ကုသိုလ်ကောင်းမှု တည်းဟူသော မျိုးစေ့၏ စိုက်ပျိုးကြဲချရာ လယ်တာမြေကောင်းနှင့် တူတော်မူသော။ ဝါ=လယ်တာ မြေကောင်းသဖွယ်-နှယ်-ကဲ့သို့-လို-ဖြစ်တော်မူသော။ အနုတ္တရံ=သီလအစရှိသော ကျေးဇူးဂုဏ်တို့ကြောင့် မိမိတို့ထက် ထူးကဲလွန်မြတ်သော တစုံတယောက်သောသူ ရှိတော့သည် မဟုတ်သော။ တံ အရိယသံဃံ=ကို။ ဝန္ဒေ=၏။ ဝန္ဒိတ္ဝာ=၍။

(၃) သီလာဒိဂုဏသမ္ပန္နော၊ ဌိတော မဂ္ဂဖလေသု ယော။
ဝန္ဒေ အရိယသံဃံ တံ၊ ပုညက္ခေတ္တံ အနုတ္တရံ။

သီလာဒိဂုဏသမ္ပန္နော=သော။ ယော အရိယသံဃော=သည်။ မဂ္ဂဖလေသု=တို့၌။ ဌိတော=ပြီ။ ပုညက္ခေတ္တံ=သော။ အနုတ္တရံ=သော။ တံ အရိယ-

---

၁။ (၁) (၂) ဂါထာအနက်မျှား တနည်း ကျယ်ဝန်းစွာ ယောဇနာချက်ကို ချန်ထားခဲ့သည်။

သံဃံ=ထိုကိလေသာတို့မှ လွန်စ့ဘဝေးသည်၏ အဖြစ်ကြောင့် အရိယဟူ၍ ရအပ်သော အမည်ရှိသော မဂ္ဂဉာန် လေးယောက်, ဖလဋ္ဌာန် လေးယောက် အားဖြင့်ဂ-ယောက်သော ပုဂ္ဂိုလ်အပေါင်းကို။ဝန္ဒေ=၏။ ဝန္ဒိတွာ=၍။

(၄) ဝန္ဒနာဇနိတပုညံ၊ ဣတိ ယံ ရတနတ္တယေ။
ဟတန္တရာယော သမ္ပတ္ထ၊ ဟုတွာဟံ တဿ ဘေဇသာ။

ဣတိ ဧဝံ ဣမိနာ ယထာဝုတ္တပကာရေန=ဤဆိုအပ်ခဲ့ပြီးသော အပြားရှိသော မဟာကာရုဏိကံ အစရှိသော ဂါထာတို့၏ အပေါင်းဖြင့်။ အဟံ=သည်။ ရတနတ္တယေ=၌။ ဝန္ဒနာဇနိတံ=ရှိခိုးခြင်းအမှုအရာအားဖြင့် ဖြစ်စေအပ်ပြီးသော။ ယံ ပုညံ=အကြင်ပဏာမကုသိုလ်သည်။ အတ္ထိ=ရှိ၏။ ဣတိ ဧဝံ ဣမိနာ ယထာဝုတ္တပကာရေန=ဖြင့်။ ရတနတ္တယေ=၌။ ဝန္ဒနာဇနိ-တဿ=သော။ အဿ ပုညဿ=၏။ (ပြင်လိုက်) ဘေဇသာ=တန်းခိုးရှိန်စော်အာနုဘော် အစ့မ်းသတ်တိအားဖြင့်။ သမ္ပတ္ထ=အလုံးစုံသော ကိုယ်တင်းကိုယ်ပ ဒါဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ဝသောသန္တာန်တို့၌။ ဝါ=အလုံးစုံသော အဇ္ဈတ္တိကဝတ္ထု, ဗာဟိရဝတ္ထုတို့၌။ ဝါ=သံဝဏ္ဏေတဗ္ဗအဋ္ဌကထာ၏ အစ အလယ် အဆုံး ဟု ဆိုအပ်သော အလုံးစုံသော ကာလတို့၌။ ဟတန္တရာယော = ပယ်ဖျောက်ဖျက်ဆီးအပ်ပြီးသော ဥပပီဠက, ဥပစ္ဆေဒကဟု ဆိုအပ်သော အန္တရာယ်ရှိသည်။ ဟုတွာ=ဖြစ်၍။

(၅) ဒ္ဝိတိ ံ အာကခ်ံမာနေန၊ စိရံ သဒ္ဓမ္မ နေတ္တိယာ။
ဓမ္မရက္ခိတနာမေန၊ ထေရေန အဘိယာစိတော။

သဒ္ဓမ္မနေတ္တိယာ=သတ္တဝါတို့ကို လူ, နတ်, နိဗ္ဗာန် ၃-တန်သော ချမ်းသာသို့ ပို့ဆောင်တော်မူတတ်သည်၏ အဖြစ်ကြောင့် နေတ္တိဟူ၍ ရအပ်သော အမည်ရှိသော သူတော်ကောင်းတရား၏။ ဝါ=လူ, နတ်, ဗြဟ္မာ သတ္တဝါတို့ကို လူ, နတ်, နိဗ္ဗာန် ၃-တန်သော ချမ်းသာသို့ ပို့ဆောင်ကြောင်း၏ အဖြစ်ကြောင့် နေတ္တိဟူ၍ ရအပ်သော အမည်ရှိသော ပရိယတ္တိသဒ္ဓမ္မ, ပဋိပတ္တိသဒ္ဓမ္မ, ပဋိဝေဓသဒ္ဓမ္မဟု ဆိုအပ်သော သဒ္ဓမ္မ၏။ စိရံ=မြင့်ရှည်မြားမြောင်နှစ်ငါးထောင်လုံး။ ဒ္ဝိတိ ံ=မလျှော့ မပျက် ထွန်းတက်တည်တန့်ခြင်းကို။ အာကခ်ံမာနေန = အလိုရှိသော။ ဓမ္မရက္ခိတနာမေန=သော။ ထေရေန=သည်။ အဘိယာစိတော=ရိုသေလေးမြတ် တောင်းပန်အပ်သည်၏။ ဟုတွာ=ကြောင့်။

(၆) ပဒုမုတ္တရ နာထဿ၊ ပါဒမူလေ ပဏတ္တိတံ။
ပဿတာ အဘိနီဟာရံ၊ သမ္ပတ္တံ ယဿ မတ္ထကံ။

ယဿ ထေရဿာ=၏။ ဝါ=သည်။ ပဒုမုတ္တရနာထဿ=ပဒုမုတ္တရမြတ်စွာဘုရား၏။ ဝါ=ပဒုမုတ္တိုရ် မြတ်စွာဘုရား၏။ ပါဒမူလေ=ခြေတော်ရင်း၌။ ပဝတ္တိတံ=ဖြစ်စေအပ်ပြီးသည် ဖြစ်၍။ မတ္ထကံ=အထွတ်အထိပ် အပြီးအဆုံးသို့။ သမ္ပတ္တံ=ကောင်းစွာ ရောက်တော်မူပြီးသော။ အဘိနီဟာရံ=ဆုတောင်းခြင်းကို။ ဝါ=မဟာသာဝကပေါဓိဉာဏ်သို့ ရှေးရှုဆောင်ကြောင်း ဖြစ်သော သဒ္ဓါတရားကို။ ပဿတာ=သဗ္ဗညုတဉာဏ်ဖြင့် မြင်တော်မူသော။

(၇) သံခိတ္တံ ဝိဘဇန္တောနံ၊ ယော အဂ္ဂေါတိ တာဒိနာ။
ဌပိတော တေဒဂ္ဂသ္မိံ၊ ယော မဟာသာဝကုတ္တမော။

(၈) ဆဠဘိညော ဝသိပ္ပတ္တော၊ ပဘိန္နပဋိသမ္ဘိဒေါ။
မဟာကစ္စာယနော ထေရော၊ သမ္မုဒ္ဒေန ပသံသိတော။

တာဒိနာ=တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော။ ဝါ=လာဘ, အလာဘ အစရှိသော ရှစ်ပါးသော လောကဓံတို့၌ ထိုဝိပက္ခိ အစရှိသော ရှေးဘုရားရှင်တို့ကဲ့သို့ ရှုအပ်တော်မူသော။ ဝါ=ဣဋ္ဌာရုံ, အနိဋ္ဌာရုံ စသည်တို့၌ ထိုဝိပက္ခိ အစရှိသော ရှေးဘုရားရှင်တို့ကဲ့သို့ ရှုအပ်တော်မူသော။ သမ္မာသမ္မုဒ္ဒေန=သည်။ သံခိတ္တံ=အကျဉ်းချုံးအပ်သော တရားတော်ကို။ ဝိဘဇန္တောနံ=အသီးအသီး ခွဲစိတ်ဝေဘန်ဘတ်သောပုဂ္ဂိုလ်တို့တွင်။ ဧသော=ဤအရှင်မဟာကစ္စည်းထေရ်သည်။ အဂ္ဂေါ=ထူးကဲမှန်မြတ်လှ၏။ ဣတိ=ဤသို့။ တေဒဂ္ဂသ္မိံ=၌။ ဌပိတော=ထားတော်မူအပ်သော။ ပသံသိတော=ချီးမွမ်းတော်မူအပ်သော။ ဆဠဘိညော=ခြောက်ပါးသော အဘိညာဉ်ရှိတော်မူသော။ ဝသိပ္ပတ္တော=အာဝဇ္ဇနဝသီဘော် အစရှိသော ဝသီဘော် ၅-ပါးသို့ ရောက်တော်မူသော။ ပဘိန္နပဋိသမ္ဘိဒေါ=ထူးပြားသော ပဋိသမ္ဘိဒါဉာဏ်ရှိတော်မူသော။ မဟာသာဝကုတ္တမော=အသီတိမဟာသာဝကတို့တွင် ဝိဘဇ္ဇနအရာ၌ မြတ်ဖတော်မူသော။ မဟာကစ္စာယနော=မဟာကစ္စည်း အမည်ရှိသော။ ယော ထေရော=သည်။ ပါကဋော=သာသနာတွင် ထင်ရှားပေါ်လွင်၏။

(၉) တေန ယာ ဘာသိတာ နေတ္တိ၊ သတ္ထာရာ အနုမောဒိတာ။
သာသနဿ သဒါယတ္တာ၊ နဝင်္ဂဿတ္ထဝဏ္ဏနာ။

တေန ထေရေန=ထိုဂုဏ်ပေါင်းများစွာ ပြည့်စုံပါသဖြင့် သာသနာဝယ် ထင်ရှားသော ထေရ်သည်။ ဘာသိတာ=ဟောတော်မူအပ်သော။ သတ္ထာရာ=ဆရာဖြစ်တော်မူသော ဘုရားရှင်သည်။ အနုမောဒိတာ=အရှင်မဟာကစ္စည်းထေရ် ဟောပြီးသည်မှနောက်၌ သဘောတူ ဝမ်းမြောက်တော်မူအပ်သော။ သာသနဿ=၏။ ဝါ=နှင့်။ သဒါယတ္တာ=အခါခပ်သိမ်း စပ်လျက်နေသော။

နဝင်္သ=သုတ္တ, ဂေယျ အစရှိသော ၉-ပါးသော အင်္ဂါရှိသော ပိဋကဒ္ဝ-ပုံ၏။ အတ္ထဝဏ္ဏနာ=အနက်၏အဖွင့်ဖြစ်သော။ ဝါ=အနက်ကို ဖွင့်ဆိုရာ ဖွင့်ဆိုကြောင်း ဖြစ်သော အဋ္ဌကထာဟု ဆိုအပ်သော။ယာ နေတ္တိ=အကြင် နေတ္တိကျမ်းသည်။ ဝါ=အကြင်နေတ္တိပါဠိတော်သည်။ အတ္ထိ=ရှိ၏။

တနည်း—ပဒုမုတ္တရနာထသာ=၏။ ပါဒမူလေ=၌။ ပဝတ္တိတံ=၍။ မတ္ထကံ=သို့။ သမ္ပတ္တံ=သော။ အဘိနီဟာရံ=ကို။ ဝါ=ကို။ ပဿတာ ပဿန္တေန=ပုဗ္ဗနိ-ဝါသာနုဿတိဉာဏ်ဖြင့် မြင်တော်မူသော။ ဝါ=သမန္တစက္ခု သဗ္ဗညုတဉာဏ် တော်ဖြင့် မြင်တော်မူသော။ သမ္ပဒ္ဒေန=သည်။ သံခိတ္တေန ဝိဘဇန္တောနံ အဂ္ဂါ-ဓိ=ဟူ၍။ တေဒဂ္ဂသို့ံ=၌။ ဌပိတေန=အပ်သော။ (ပ်ဘတ်ပြင်လိုက်) ပသံ-သိတေန=မဟာကစ္စာယနော ဘိက္ခဝေ ပဏ္ဍိတော အစရှိသည်ဖြင့် ချီးမွမ်း တော်မူအပ်သော။ ဆဋ္ဌဘိညေန=သော။ ဝသိပ္ပတ္တေန=သော။ မဟာကစ္စာ-ယနေန=သော။ ထေရေန=သည်။ (ပေါ်ပြူ) ဘာသိတာ=ဟောတော်မူအပ် သော။ သာသနဿ=နှင့်။ သဒါယတ္တာ=အခါခပ်သိမ်း စပ်လျက်ရှိနေသော။ နဝင်္သ=သုတ္တ, ဂေယျ အစရှိသော ၉-ပါးသော အင်္ဂါရှိသော ပိဋကဒ္ဝ-ပုံ၏။ အတ္ထဝဏ္ဏနာ=သော၊ ဝါ=သော။ ယာ နေတ္တိ=ကို။ ဝါ=ကို။ သတ္ထာရာ=သည်။ အနုမောဒိတာ=နောက်အဖို့၌ သာဓု သာဓုဟု ပမ်းမြောက်တော်မူအပ်၏။

(၁၀) တဿာ ဂမ္ဘီရဉာဏေဟိ၊ သြဂါဟေတဗ္ဗဘာဝတော။
ကိဉ္စာပိ ဒုက္ကရာ ကာတုံ၊ အတ္ထသံဝဏ္ဏနာ မယာ။

တေန ထေရေန=သည်။ ဘာသိတာယ=သော။ သတ္ထာရာ=သည်။ အနု-မောဒိတာယ=သော။သာဓုသဒ္ဒါ=နှင့်။ သဒါယတ္တာယ=သော။နဝင်္သ=၏။ အတ္ထဝဏ္ဏနာယ=သော (ပြင်လိုက်)။ တဿာ နေတ္တိယာ=အရိယာတို့၏ ကျေး ဇူးဂုဏ်တို့ကို ဝေနေယျသတ္တဝါတို့၏ သန္တာန်တို့၌ ပို့ဆောင်တော်မူတတ်သော ထိုနေတ္တိကျမ်း၏။ အတ္ထသံဝဏ္ဏနာ=ကို။ ဝါ=ကို။ ဂမ္ဘီရဉာဏေဟိ=နက်နဲသော ဉာဏ်တို့ဖြင့်။ ဝါ=နက်နဲသော ဉာဏ်ရှိကုန်သော မဟာပညာ အရိယာပုဂ္ဂိုလ်တို့ သည်။ သြဂါဟေတဗ္ဗဘာဝတော=သက်ဝင်အပ်သည်၏ အဖြစ်ဖြင့်။ ဝါ=ကြောင့်။ မယာ=ငါသည်။ ကာတုံ=ပြုစီရင်ခြင်းငှါ။ ကိဉ္စာပိ ဒုက္ကရာ=အကယ်၍ကား ဆင်းရဲခြင်္ဂေဇင်သဖြင့် ပြုအပ်ပါ၏။ ဝါ=အကယ်၍ကား ခဲယဉ်းလှ၏။ ဝါ=အကယ်၍ပင် ခဲယဉ်းစေဦးတော့။

(၁၁) သဟ သံဝဏ္ဏနံ ယသ္မာ၊ ဓရတေ သတ္ထုသာသနံ။
ပဗ္ဗာစရိယသီဟာနံ၊ တိဋ္ဌတေဝ ဝိနိစ္ဆယော။

သဟ သံဝဏ္ဏနံ=အနက်၏ အဖွင့်နှင့်တကွဖြစ်သော။ ဝါ=အနက်ကို ဖွင့်ဆိုရာ အဋ္ဌကထာနှင့်တကွဖြစ်သော။ သတ္ထုသာသနံ = မြတ်စွာဘုရား၏ ပရိယတ္တိသာသနာတော်သည်။ ဓရတေ=ထင်ရှား ရှိတော်မူ၏။ ဝါ=ထင်ရှားတည်သေး၏။ ပုဗ္ဗာစရိယသီဟာနံ= ရှေးဆရာမြတ်တို့၏။ ဝါ= တောသုံးထောင်ပိုင် ဦးကိုင်းချုပ်ချာ ကေသရာခြသေ့မင်းနှင့် တူတော်မူကြကုန်သော ရှေးဆရာတို့၏။ ဝိနိစ္ဆယော=အဆုံးအဖြတ်သည်။ ဝါ=ဆုံးဖြတ်ကြောင်းဖြစ်သော သဒ္ဒါအစဉ်သည်။ ယသ္မာ=ကြောင့်။ တိဋ္ဌတေဝ=တည်သေးသည်သာလျှင်တည်း။

(၁၂) တသ္မာ တမ္ဘပနိဿာယ၊ ဩဂါဟေတ္ဝာန ပဥ္ဆပိ။
နိကာယေ ပေဋကေနာပိ၊ သံသန္ဒိတ္ဝာ ယထာဗလံ။

(၁၃) သုဝိသုဒ္ဓမသံကိဏ္ဏံ၊ နိပုဏတ္ထ ဝိနိစ္ဆယံ။
မဟာဝိဟာရဝါသိနံ၊ သမယံ အဝိလောမယံ။

(၁၄) ပမာဒလေခံ ဝဇ္ဇေတ္ဝာ၊ ပါဋိံ သမ္မာ နိယောဇယံ။
ဥပဒေသံ ဝိဘာဝေန္တော၊ ကရိဿာမတ္ထဝဏ္ဏနံ။

တသ္မာ=ထို့ကြောင့်။ တံ သဟသံဝဏ္ဏနသတ္ထုသာသနပုဗ္ဗာစရိယ သီဟဝိနိစ္ဆယံ=ကို။ ဥပနိဿာယ=မှီငြမ်းပြု၍။ ပဥ္ဆပိ=ငါးကျမ်းလုံးလည်း ဖြစ်ကုန်သော။ နိကာယေ=တို့သို့၊ ဩဂါဟေတ္ဝာန=ဉာဏ်ဖြင့် သက်ဝင်၍။ ပေဋကေနာပိ=အရှင်မဟာကစ္စည်းထေရ်သည်ပင် စီရင်ဟောပြအပ်သော ပေဋကောပဒေသပါဋိတော်နှင့်လည်း။ သံသန္ဒိတ္ဝာ=နှိုးနှောတိုက်ဆိုင်၍။

သုဝိသုဒ္ဓံ=ဇေတဝနဝါသီ, အဘယဂိရိဝါသီဂိုဏ်းဟု ဆိုအပ်သော နိကာယ်တပါးတို့၏ အယူဟူသော အဖြစ်ဒေါသတို့မှ လွန်စွာ ကင်းစင် ကြည်လင်သန့်ရှင်းသော။ အသံကိဏ္ဏံ=ကိုယ့်နိကာယ်၌သော်လည်း အပိုင်းအခန်းတို့ဖြင့် ကောင်းစွာ ပိုင်းခြားအပ်သည်ဖြစ်၍ ပဒတ္ထဇ္ဈတ္တ, ပရိကပ္ပနာ အစရှိသောအားဖြင့် ရောပြွမ်း ရှုပ်ထွေးခြင်းမှ ကင်းသော။ နိပုဏတ္ထဝိနိစ္ဆယံ=သိမ်မွေ့သော အနက်တို့ကို ဆုံးဖြတ်တတ်သော ဓကားအစဉ် ဉာဏ်အစဉ်ရှိသော။ မဟာဝိဟာရဝါသိနံ=ဒက္ခိဏာသာခါ မဟာဗောဓိဖြင့် တန်းဆာဆင်အပ်သော မဟာဝိဟာရကျောင်းတိုက်ကြီး၌ သီတင်းသုံးစံပျော် မွေ့လျော်လေ့ ရှိကြကုန်သော မထေရ်မြတ်တို့၏။ သမယံ=အယူကို။ အဝိလောမယံ=မဆန့်ကျင်စေပဲ။ ဝါ=မဆန့်ကျင်စေလိုသည်။

ဥပဒေသံ=နေတ္တိကျမ်း၏ အားကြီးသော မှီရာအကြောင်း နှလုံးသည်းပုတ်သဖွယ် ညွှန်ပြကြောင်းဖြစ်သော နည်းဥပဒေကို။ ဝိဘာဝေန္တော=ထင်စွာပြလျက်။ ဝါ=ထင်စွာပြလိုသည်။ ဟုတ္ဝာ=၍။ ပမာဒလေခံ=ပေထက်အကွာထူ

တင်စဉ်အခါ၌ သဟိချုတ်ယှင်း မေ့လျော့ခြင်းကြောင့် ရေးသားမိသော ပါဠိချော်ပါဠိလွဲ ပါဠိမွဲ ပါဠိပျက်ကို။ ဝဇ္ဇေတွာ=ဖယ်ရှားကြဉ်ရှောင်၍။ ပါဋိ=ကို။ ဝါ=ထိုထိုအရာ၌ ဉဒါဟရဏ်အဖြစ်ဖြင့် ဆောင်ပြအပ်သော ပါဋိကို။ သမ္မာ=ကောင်းစွာ။ နိဒယာဇယံ=နိယောဇေန္တော=ယှဉ်စေလျက်။ အတ္ထ-ဝဏ္ဏနံ=ကို။ ဝါ=ကို။ ယထာဗလံ=အစွမ်းသတ္တိအား လျော်စွာ။ ဝါ= အစွမ်းသတ္တိရှိသလောက်။ ကရိဿာမိ=ရေးသားပြုပြင် စီရင်ပေတော့အံ့။

(၁၅) ဣတိ ဒဿိတံ အသံကိဏ္ဏံ၊ နေတ္တိပ္ပကရဏာဿ မေ။
ဝိဘင်္ဂဿ သက္ကစ္စံ၊ နိဿာမယထ သာဓဝေါ။

ဣတိ ဝေံ=ဤသို့ ဤပုံ။ နေတ္တိပ္ပကရဏာဿ=၏။ အသံကိဏ္ဏံ=သော။ အတ္ထံ=ကို။ ဝိဘင်္ဂဿ=အသီးအသီး ခွဲခြမ်းဝေဘန် လတံ့သော။ ဝါ=ဝေဘန်တော့မည် ဖြစ်သော။ မေ=၏။ သန္တိကာ=မှ။ (ထည့်) သက္ကစ္စံ=စွာ။ သာဓဝေါ=ကုန်သော။ တုမှေ=သောတုဇန ဓမ္မပဋိဂ္ဂါဟကအပေါင်း ဖြစ်ကုန်သော သင်တို့သည်။ နိဿာမယထ=နာကြကုန်လော့။ ဣတိ=ဤသည်သာလျှင် ရတနတ္တယပဏာမ အစ, ဥယျောဇဉ်အဆုံး ရှိသော အစီ အစဉ်ကို ဆိုရာစကားတရပ် အပြီးသတ်တည်း။

တထာ ဟိ

နိယန္တိ ဝါ ဇတ္ထ ဇေသို့ ပကရဏာ အဓိဋ္ဌာနဘူတေ ပတိဋ္ဌာပေတွာ ဝေနေယျာ နိဗ္ဗာနသမ္ပာပိယန္တိတိ နေတ္တိ၊ နု ဟိ နေတ္တိ ဉပဒေသသန္နိဿယေန ဝိနာ အဝိပရီတသုတ္တတ္ထာဝဗောဓော သမ္ဘဝတိ။ တထာ ဟိ ဝုတ္တံ။ တသ္မာ "နိဗ္ဗာယိတုကာမေနာ" တိ အာဒိ။

တထာ ဟိ=တတော ဇဝ=ထို့ကြောင့်သာလျှင်။ တသ္မာ နိဗ္ဗာယိတုကာမေနာတိအာဒိ=....ကို။ ထေရေန=သည်။ ဝုတ္တံ=အပ်ပြီ။

တနည်း—နိယန္တိ ဝါ ဇတ္ထ.... နေတ္တိတိ=ဟူ၍။ ယံ ဉာပျဝစနံ=ကို။ မယာ=သည်။ ဝုတ္တံ။ တထာ တံ ဉာပျဝစနံ=ကို။ ဣမိနာ ဝုစ္စမာနဉာပကဝစနေန=ဖြင့်။ ဟိ ဉာပေဿာမိ=သိစေအံ့။

တနည်း—ယေန ကာရဏေန=ဖြင့်။ နိယန္တိ ဝါ ဇတ္ထ... နေတ္တိတိ မယာ ဝုတ္တံ။ တထာ ဟိ တေန ဓဝ ကာရဏေန=ဖြင့်သာလျှင်။

၁။ နေတ္တိဋ္ဌ-၂။

တနည်း—နိယန္တိ ဝါ ဇတ္ထ....နေတ္တိတိ ယံ သကဝစနံ ဝုတ္တံ။ တထာ တဿ သကဝစနဿ အာဒေး။ အနုရူပံ=သော။ ပရဝစနံ=ကို။ ဝါ=သူမျှား စကားကို။ ဟိ အာဟရိတ္ဝာ ဒဿယိဿာမိ=အံ့။

တနည်း—နိယန္တိ ဝါ ဇတ္ထ....နေတ္တိတိ=ဟူ၍။ ယသ္မာ=ကြောင့်။ မယာ ဝုတ္တံ=၏။ တထာ ဟိ တသ္မာ ဇဝ=ထို့ကြောင့်သာလျှင်။

တနည်း—နိယန္တိဝါ ဇတ္ထ ... နေတ္တိတိ=ဟူ၍။ ဝါ=သော။ ယံ သုတ္တံ=ကို။ မယာ=သည်။ ဌပိတံ=တည်ထားအပ်ခဲ့ပြီ။ တထာ တဿ သုတ္တဿ=၏။ ဥဒါဟရဏပယောဂံ=ကို။ ဟိ ဥဒ္ဓရိတ္ဝာ ဒဿယိမိ=အံ့။

တနည်း—နိယ ဝါ ဇတ္ထ....နေတ္တိတိ=ဟူ၍။ ယံ နိဒဿေတဗ္ဗဝစနံ=ကို။ မယာ=သည်။ ဝုတ္တံ=ပြီ။ တထာ တသ္မိံ နိဒဿိတဗ္ဗဝစနေ=၌။ နိဒဿနဘာဝေန=ဖြင့်။ အာဃတ္တံ=စပ်သော။ ဝစနံ=ကို။ ဟိ ဥဒ္ဓရိတ္ဝာ ဒဿယိမိ=အံ့။

(ဆောင်) တထာ ဟိဟု ရှိသည့်ပုဒ်ဆုံး ခုနစ်လုံး ကျသုံး ဝိဘတ္တိ။ ဟူသည်နှင့်အညီ ဆရာတော် အရှင်ပညာ နေတ္တိချစဉ် ယောဇနာချက်တည်း။

နနု

နနုစေတ္ထ ပဋ္ဌာနံ အသင်္ကိတန္တိ နယိဒမေဝံ ဒဋ္ဌဗ္ဗံ။ မူလပဒဂ္ဂဟဏေန ပဋ္ဌာနဿ သင်္ကိတတ္တာ[1]။

ဘဒြမုခ=ကောင်းသော မျက်နှာရှိသော အဋ္ဌကထာဆရာ။ စ စောဒေမိ =ကျိအရာ၌ အကျွန်ုပ် စောဒနာလိုပါ၏။ ကိံ=သို့။ စ စောဒေမိ=နည်း။ ဇေတေသု ပဋ္ဌသု ဂါထာသု=တို့၌။ ပဋ္ဌာနံ=သာသနပဋ္ဌာနကို။ ထေရေန=သည်။ အသင်္ကိတံ နနု=မသင်္ကြိုဟ် မရေတွက်အပ်သည် မဟုတ်ပါလော့။ ဝါ=တကွ ပေါင်း၍ မယူအပ်သည် မဟုတ်ပါလော့။ ဣတိ=သို့။ စ စောဒေမိ=၏။ ဣတိ အယံ=ကား။ စောဒနာ=တည်း။

ဘဒြမုခ=ကောင်းသော မျက်နှာရှိသော စောဒကဆရာ။ ဣဒံ ဝစနံ= ကျိနနုစေတ္ထ ပဋ္ဌာနံ အသင်္ကိတံ–ဟူသော စကားရပ်ကို။ ဧဝံ=ကျိသို့ သင်စော ဒက ဆိုသည့်အတိုင်း။ န ဒဋ္ဌဗ္ဗံ=မမှတ်အပ်။ ဝါ=မမှတ်သင့်။ ဝါ=မမှတ်ထိုက်။ ဣတိ အယံ=ကား။ သောဓနာ=တည်း။

ကသ္မာ ဣဒံ ဝစနံ ဧဝံ န ဒဋ္ဌဗ္ဗံ ဣတိ အယံ ပုစ္ဆာ။

မူလပဒဂ္ဂဟဏေန=ဖြင့်။ ပဋ္ဌာနဿ=၏။ ဝါ=ကို။ သင်္ကိတတ္တာ= ကြောင့်။ ဝါ=ကြောင့်....န ဒဋ္ဌဗ္ဗံ။ ဣတိအယံ ပရိဟာရော။

၁။ နေတ္တိ၊ဌ။၃။

(ဆောင်) နနုအာတက်၊ စတည်းထုတ်မူ၊ နှစ်ချက်မရှာ၊ စောဒနာလည်း ရ၊အာဘော်ပြသည်၊ မြှက်ဟ တကြိမ်သာ။

ဟူသည်နှင့်အညီ စောဒနာ, အာဘော် ၂-ချက်ရသော နနုစ ဝါကျကို ဤဖော်ပြခဲ့သည့်အတိုင်း နေတ္တိချစဉ် ယောဇနာတော်မူသည်။

ဇေတ္ထဝဟ

ဇေတ္ထဝဟ ဟာရဝိဘင်္ဂ် ဟာရသမ္မာတဝါရာနံ ကိ ံ နာနာကရဏန္တိ ဝုစ္စတေ ၁။

ဇေတ္ထ ဇေတသိ် ံ ဌာနေ=၌။ ဌတ္ဝာ=တန့်ရပ်၍။ ကောစိ=တစုံတယောက်သော။ စောဒကော=သည်။ အာဟ=၏။ ကိ ံ =သို့။ အာဟ=နည်း။ ဟာရဝိဘင်္ဂ်ဟာရသမ္မာတဝါရာနံ=တို့၏။ နာနာကရဏံ=အထူးသည်။(ကရဏ အနက် မဲ့) ဝါ=အထူးပြုခြင်းသည်။ ဝါပြုအပ်သော အထူးသည်။ကိ ံ =အဘယ်နည်း။ နာနာကရဏံ=သည်။ ဝါ=သည်။ ဝါ=သည်၊ အတ္ထိ ကိ ံ =ရှိသလော့။ ဣတိ အာဟ။ ဣတိ အယံ=ကား။ စောဒနာ=တည်း။

ဟာရဝိဘင်္ဂ် ဟာရသမ္မာတဝါရာနံ ကိ ံ နာနာကရဏန္တိ=ဟူ၍။ ယာပုစ္ဆာ=အကြင်မေးခွန်းပုစ္ဆာ ပြဿနာကို။ စောဒကေန=သည်။ ဥဒ္ဓဋာ=ထုတ်ဆိုအပ်ပြီ။တဿာ ပုစ္ဆာယ=ထိုစောဒကပုဂ္ဂိုလ်ထုတ်ဆိုအပ်သော မေးခွန်းပုစ္ဆာပြဿနာ၏။ ပရိဟာရော=ကို။ မယာ=ငါပရိဟာရ်ဆရာသည်။ ဝုစ္စတေ=အပ်၏။ ဝါ=ဦးအံ့။ ဝါ=လတ့ံ။....ဣတိ အယံ=ကား။ ပရိဟာရော=စောဒကပုဂ္ဂိုလ်သည် ထုတ်ဆိုအပ်သော ပုစ္ဆာပြဿနာ၏အဖြေတည်း။

(ဒေဆာင်) ဇေတ္ထဝဟမှာ ကြိယာဝိသေသန ကတ္တုမျှနှင့် ကမ္မနှစ်ချက် ထည့်ကာစုက်၍ အနက်သမ္မန်မြဲ။

ဟူသည်နှင့်အညီ မဟုတ်တတ်ပဲ ကံ ၂-ချက် မထည့်ပဲ ကြိယာဝိသေသန, ကတ္တား ၂-ချက်သာ ထည့်၍ ဆရာကော်သည် ရံခါကျဉ်းကျဉ်း ယောဇနာတော်မူသည်။ ယင်းသို့ ကြိယာဝိသေသနနှင့် ကတ္တားမျှထည့်၍ ကျဉ်းကျဉ်းယောဇနာလိုသူတို့ အတွက်—

(ဆောင်) ဇေတ္ထဝဟမှာ ကြိယာဝိသေသန,ကတ္တုမျှသာ ထည့်ကာသွင်း ကျဉ်းကျဉ်း ယောဇနာ။

ဟူသော နိယံကို အာကျွန်ုပ် စပ်ဆိုပါသည်။

၁။ နေတ္တိ၊ ဌ။၃။

သေသံ သုဝိညေယျန္တိ နှ ပပဇ္ဇိတံ[၁]

သေသံ=ကြွင်းကျန်လစ်လပ် စကားရပ်သည်။ သုဝိညေယျန္တိ=သိလွယ်လောက်သည်၏အဖြစ်ကြောင့်။မယာ=သည်။ နှ ပပဇ္ဇိတံ=မခဲ့ချထွင်အပ်တော့ပြီ။

တနည်း——သေသံ=ကြွင်းကျန်လစ်လပ် အရပ်ရပ်သော ပုဒ်အပေါင်းကို။ ယသ္မာ=ကြောင့်။ သုဝိညေယ္ယံ=လွယ်လင့်တကူ သိအပ်၏။ ဣတိ တသ္မာ=ကြောင့်။ နှ ပပဇ္ဇိတံ=ငါသည် မခဲ့ မဖွင့်အပ်တော့ပြီ။

ပဌမနည်းတွင် ဣတိ၏သဒ္ဒါကို တသ္မာ မဖွင့်ပဲ တိုက်ရိုက် ဟိတ် အနက် (အကြောင်းပြအနက်) ပေးတော်မူသည်။ နောက်နည်း ဣတိကို ဟိတ်ပေါ်အောင် ဖွင့်၍ ပေးတော်မူသည်။

ဣတိ ဟေတုပကာရေသု၊ အာဒိမှိ စာဝဓာရဏေ။
နိဒဿနေ ပဒတ္ထသ္မိ၊ ဝိပလ္လာသေ သမာပနေ[၂]။

ဆရာတော်ကား ဉာဏ်ကြီးတော်မူလှပါ၏။ အနက်ဆန် စကားလုံးမျှားမှာလည်း အမြဲထာဝစဉ် သစ်လွင်၍ နေ၏။

မဟာထေရော မဟာဉာဏီ၊ ဝစနေ ကုသလော ဝိဒ္ဒါ။
သဗ္ဗဒါ'ဘိနဝါယော၊ ထေရဿ အတ္ထယောဇနာ။

ဣတိ အတ္ထော

လောကိယန္တိ ဧတ္ထ ပုညာပုညာနိ တဗ္ဗိပါကော စာတိ လောကော၊ ပဇာ၊ သတ္တာနိကာယောတိ အတ္ထော[၃]။

ဧတ္ထ ဧတိသဒ် ပဇာယံ=၌။ တနည်း—ဧတ္ထ ဧတသ္မိံ သတ္တာနိကာယေ=ဤသတ္တာနိကာယ်၌။ ဝါ=ဤ သတ္တဝါအပေါင်း၌။ ပုညာပုညာနိ=ကုသိုလ်ကံ, အကုသိုလ်ကံတို့သည်ထင်း။ တဗ္ဗိပါကော စ=ထို ကုသိုလ်ကံ, အကုသိုလ်ကံတို့၏ အကျိုးဝိပါက်သည်ထင်း။ လောကိယန္တိ=တည်တတ်ကုန်၏။ ဣတိ တသ္မာ=ကြောင့်။ ဧတ္ထာတိ ပဇေန=ဖြင့်။နိဒ္ဒိဋ္ဌာ=သော။သာ ပဇာ=သည်။

တနည်း—နိဒ္ဒိဋ္ဌေ=သော။ သော သတ္တာနိကာယော=သည်။လောကော=လောကမည်၏။ ပဇာ=ကို။ လဇ္ဇတိ=ရအပ်၏။ သတ္တာနိကာယော=ကို။ လဇ္ဇတိ=ရအပ်၏။ဣတိ အယံ=ဤသည်ကား။ အတ္ထော=ပဇာဟူသောပုဒ်၏ တိမ်မြုပ်ကွယ်ဝှက်သော အနက်တည်း။

၁။ နေတ္တိ၊ဋ္ဌ-၅။　　၂။ အဘိဓာန်-၁၁၈၈။　　၃။ နေတ္တိ၊ဋ္ဌ-၆။

တနည်း— ဣတိ အယံ သဒ္ဒါ=ဤသတ္တနိကာယော ဟူသော သဒ္ဒါသည်။ ပဇာသဒ္ဒဿ=၏။ အတ္ထော=အတ္ထဝါ=အနက်ရှိသော သဒ္ဒါတည်း။

တနည်း—ဣတိ အယံ သဒ္ဒါ=သည်။ အတ္ထော=အတ္ထဝါစကော=တည်း။ ဝါ=အတ္ထော အတ္ထပကာသကော=တည်း။ဝါ=အတ္ထော အတ္ထဒီပကော=တည်း။ ဝါ=အတ္ထော အတ္ထဝိဘာဝကော=တည်း။ဝါ=အတ္ထော အတ္ထဉာပကော=တည်း။

(ဆောင်) အဓိပ္ပါယော အတ္ထောရှိက ဂုဇ္ဇတ်ဖော်ပြ စကားကျ—

ဟူသည်နှင့်အညီ ပိုင်နိုင်ပေါ်လွင်စွာ ပေးတော်မူသည်။ ယင်းသို့ စာပေ နိုင်နင်းတော်မူသဖြင့် လွန်စွာကျေးကြဉ်းခြင်း ဖြစ်လေသည်။

ကိဉ္စာပ်

....ကိဉ္စာပိ ဟိ လောကသဒ္ဒါ သခ်ါရဘာဇနေသုပိ ဒိဋ္ဌပုဗ္ဗော ဂေါ၊ ပုဇနကိရိယာ ယောဂျဘူတတာဝသေန ပန သတ္တလောကဝစနော ဧဝ ဣဓ ဂဟိတောတိ ဒဋ္ဌဗ္ဗံ[1]။

ဟိ=ဆိုခဲ့ပြီးသော နိရဝ သေသတော သတ္တော သင်္ကာတိ–ဟူသော စကား သည် လျော်ကန် လျောက်ပတ် သင့်မြတ်မှန်ကန်၏။ လောကသဒ္ဒါ=သည်။ သခ်ါရဘာဇနေသုပိ=သတ္တလောကဌ်မဟုတ် သခ်ါရလောက, သကာသလောက တို့ဌ်ဒ္ဓလည်း။ ဒိဋ္ဌပုဗ္ဗော ဂေါ=မြင်အပ်သော ပြယုဂ်ရှိသည်။ ဝါ=ထင်သော ပြယုဂ်ရှိသည်။ ကိဉ္စာပိ ဟောတိ=၏။ ပန=ထို့သို့ပင် ဖြစ်ပါသော်လည်း။ ပုဇနကိရိယာ ယောဂျဘူတတာဝသေန= ပုဇနကြိယာအား လျောက်ပတ် လျော်ကန် သင့်မြတ်သည် ဖြစ်၍ဖြစ်သော သဒ္ဒါအဖြစ်ကြောင့်=၏ အစွမ်း အားဖြင့်။ သတ္တလောကဝစနော ဧဝ=ဟူ၍သာလျှင်။ ဣဓ=ဤ ဂါထာဌ်။ ဂဟိတော=မှတ်ယူအပ်၏။ ဣတိ ဣဒံ သန္နိဌာနံ=ဤသို့သော ဆုံးဖြတ်ချက်ကို၊ ဒဋ္ဌဗ္ဗံ=ဉာဏ်စက္ခုဖြင့် ရှုအပ်၏။ ဝါ=မှတ်အပ်၏။

တနည်း—ဘဒ္ဒမုခ=ကောင်းသော မျက်နှာရှိသော ပရိဟာရ်ဆရာ။ လောကသဒ္ဒေါ=သည်။ သခ်ါရဘာဇနေသုပိ= တို့ဌ်ဒ္ဓလည်း။ ဟောတိ နနု=လော့။ အထ=ထို့သို့ဖြစ်ပါလျက်။ ကသ္မာ=ကြောင့်။ သတ္တလောကဝစနော ဧဝ= ဟူ၍သာလျှင်။ ဣဓ=ဌ်။ ဂဟိတော=ယူအပ်ပါသနည်း။ ဣတိ အယံ စောဒနာ =တည်း။ ဘဒ္ဒမုခ=ကောင်းသော မျက်နှာရှိသော စောဒကဆရာ။ လောကသဒ္ဒေါ=သည်။ သခ်ါရဘာဇနေသုပိ=တို့ဌ်ဒ္ဓလည်း။ ဒိဋ္ဌပုဗ္ဗော ဂေါ=သည်။ ကိဉ္စာပိ ဟောတိ=၏။ ပန တထာပိ=ဖသော်လည်း။ ပုဇနကိရိယာ ယောဂျ-

---

၁။ နေတ္တိဒ္ဒ-ဖ။

ဘူတတာဝသေန=ကြောင့်။ သတ္တလောကဝစနော ဧဝ=ဟူ၍ သာလျှင်။ ဣဓ=၌။ ဂဟိတော=အပ်ပြီ။ ဣတိ အယံ သောဓနာ=တည်း။ ဣတိ ဣဒံ သန္နိဋ္ဌာနံ=ကို။ ဒဋ္ဌဗ္ဗံ=အပ်၏။

တနည်း - ဘဒြဲမုခ လောကသဒ္ဒါ သခ်ါရဘာဇနေသုပိ ဒိဋ္ဌပုဗ္ဗယောဂေါ နာနု။ တသ္မာ သတ္တလောကဝစနောဧဝ ဣဓ နု ဂဟိတော။ ဣတိ အယံ စောဒနာ။ ဘဒြဲမုခ လောကသဒ္ဒါ သခ်ါရဘာဇနေသုပိ ဒိဋ္ဌပုဗ္ဗယောဂေါ ကိဉ္စာပိ ဟောတိ။ ပန တဆာပိ ပုဂ္ဂနကိရိယာယောဂျဘူတတာဝသေန သတ္တလောကဝစနော ဧဝ ဣဓ ဂဟိတော။ ဣတိ အယံ သောဓနာ=တည်း။ ဣတိ ဣဒံ သန္နိဋ္ဌာနံ=ကို။ ဒဋ္ဌဗ္ဗံ=အပ်၏။ ဝါ=အပ်၏။

ဆရာတော်သည် ယင်းကိဉ္စာပိဝါကျကို အကျဉ်း, မကျဉ်းမကျယ် အလယ်အလတ်, အကျယ် နည်း၃-မျိုးတို့ဖြင့် နည်းပေး၍ ချပို့တော်မူသည်။ စာချဂဏ္ဌိစက သုတေသီတို့သည် ကိဉ္စာပိ စသည် ငုံသောဝါကျ၌—

ကိဉ္စာပိ ယဒိပိ ယတ္ထ၊ ကာမဉ္စာပိ ယတော ဘဝေ။
ပုဗ္ဗာ စ စောဒကာဘောဂေါ၊ ဇာနိတဗ္ဗော တဟိံ သဒါ်။
ဌပနာ စ အာဘောဂေါ စ၊ အာဘောဟေတု ပုနာဝဓံ။
ပဋိက္ခေပေါ စ စောဒနာ၊ ပဉ္စဓာပိ ကရေ ဗုဓော။

ဟူသည်နှင့်အညီ ပုဗ္ဗာ, စောဒကာဘောဂကိုဇင်း, သို့မဟုတ် ဌပနာ, အာဘော်, အာဘောဂဟိတ်, ပဋိက္ခေပ, စောဒနာ-ဟူသော ဌပနာပဉ္စက ကိုဇင်း ထုတ်ရာ၏။

ယထာဟ

ယဿာဟ ဘဂဝါ သုခုမခဘူခဘာ-

ဒိပက်ရော လောကဝိဒူ၊ အာဟုတိနံ ပဋိဂ္ဂဟော။
မမ ကမ္မံ ပကိတ္တေတွာ၊ ဒက္ခိဏံ ပါဒမုဒ္ဓရိ။
ယေ တတ္ထာသုံ ဇိနပုတ္တာ၊ ပဒက္ခိဏာ်မကံသုမံ။
ဒေဝါ မနုဿာ အသုရာ စ၊ အဘိဝါဒေတွာန ပက္ကမုန္တိ၂။

ယထာဟ=အဘယ်ပုဂ္ဂိုလ် အဘယ်ကဲ့သို့ မိန့်ဆိုသေးသနည်း။ (ဂါထာအနက်) အာဟုတိနံ=ရှေးရှုဆောင်၍ ပေးလှူအပ်သော ဒေယျဓမ္မဒါတဗ္ဗဝတ္ထုတို့ကို။ ပဋိဂ္ဂဟော=အလှူခံတော်မူတတ်သော။ ဝါ=အလှူခံ

၁။ ဂန္ဆဝံသရဏ-၆၁။　　၂။ နေတ္တိဋီ-၆-၇။

တော်မူနိုင်သော။ လောကဝိဒူ=လောက ၃-ပါးကို အကြင်းမရှိ သိတော်မူသော။ ဒီပင်္ကရော=ဒီပင်္ကရော် ငါ့နောင်တော်သည်။ မမ=ငါသုမေဓာအား။ ကမ္မံ=ဗျာကရဏအမှုကို။ ပကိတ္တေတ္ဝာ=ပြောကြားတော်မူပြီး၍။ ဒက္ခိဏ်ပါဒံ=လက်ျာခြေတော်ကို။ ဥဒ္ဓရိ=ကြွချီတော်မူလေပြီ။

တတ္ထ တသ္မိ ဌာနေ=ထို ကြွချီတော်မူရာ အရပ်၌။ ယေ ဇိနပုတ္တာ=အကြင် မြတ်စွာဘုရားသားတော် ရဟန်းတော်တို့သည်။ အာသုံ=ရှိသည် ဖြစ်ကြလေကုန်ပြီ။ သဗ္ဗေ=ကုန်သော။ တေ ဇိနပုတ္တာ=တို့သည်။ မံ=ဘုရားအလောင်းတော် မြတ်ဖြစ်သောငါ့ကို။ ပဒက္ခိဏ်ံ=လက်ျာရစ် လည်သည်ကို။ ဝါ=အမြတ်တနိုးကို။ အကံသု=ပြုကြလေကုန်ပြီ။ ဒေဝါ စ=တို့သည်၎င်း။ မနုဿာစ=တို့သည်၎င်း။ အသုရာစ=တို့သည်၎င်း။ အဘိဝါဒေတ္ဝာန=ရှိခိုးကြကုန်ပြီး၍။ ပက္ကမုံ=ဖဲကြလေကုန်ပြီ။ ဣတိ=သို့။ သုမေဓဘူတော=သော။ ဘဂဝါ=သည်။ အာဟ=ဟောကြားတော်မူပြီ။

တနည်း-ယထာ ယေန ပကာရေန=ဖြင့်။ (ရှေဝါကျကို အနက်ပေးပါ) တထာ တေန ပကာရေန=ဖြင့်။ ဒီပင်္ကရော....ပက္ကမုန္တိ=မုံဟူ၍။ သုမေဓဘူတော ဘဂဝါ အာဟ။

တနည်း-မဟာဘိနီဟာရတောတိ....ဟောန္တီတိ= ဟူ၍။ ယံ သာဓျဝစနံ မယာ ဝုတ္တံ၊တာဿ သာဓျဝစနဿ=၏။သာဓကဘူတံ=သော။ယထာကိံ ဝစနံ=ကို။ပစ္စေတပ္ပဝစနော=သော။ကော=သည်။ အာဟ=မိန့်ဆိုသေးသနည်း။ဣတိ အယံ ပုစ္ဆာ။....တာဿ သာဓျဝစနဿ=၏။ သာဓကံ=သော။ ဒီပင်္ကရော.... ပက္ကမုန္တိ=မုံဟူ၍။ ဝါ=ဟူသော။ ဣဒံ ဝစနံ ပစ္စေတပ္ပဝစနော သုမေဓဘူတော ဘဂဝါ အာဟ။ ဣတိ အယံ ပရိဟာရော။

တနည်း-ကဿာ=ကြောင့်။ (ရှေဝါကျအနက်ပေး) ....ဟောန္တိ=ဖြစ်ကုန်၏။ဣတိ ဝိညာယန္တိ=သိအပ်ကုန်သနည်း။ဣတိ အယံ ပုစ္ဆာ။ ယထာ=ယသ္မာ=ကြောင့်။ ဒီပင်္ကရော....ပက္ကမုန္တိ=မုံဟူ၍။ သုမေဓဘူတော ဘဂဝါ အာဟ။ တထာ တသ္မာ=ကြောင့်။ (ရှေဝါကျ ပြန်အနက်ပေး) ....ဟောန္တိ = ကုန်၏။ ဣတိ ဝိညာယန္တိ၊ ဣတိ အယံ ပရိဟာရော=တည်း။

တနည်း-မဟာဘိနီဟာရတော....ဟောန္တီတိ ဣမိနာ ပါဌေန=ဖြင့်။ မဟာဘိနီဟာရတော=မှ။ ပဋ္ဌာယ=၍။ ဗောဓိယာ=၌။ နိယတတာယ=ကြောင့်။ ဗုဒ္ဓကံ်ရဘူတာနံ=ကုန်သော။ (ဝိဘတ်ပြင်လိုက်) မဟာဗောဓိသတ္တာနံ=တို့၏။ သဒေဝကဿ လောကဿ=၏။ ပုဇနီယဝန္ဒနီယဘာဝံ=ကို။ အာဟ=ဖြူမိယထာ။တထာ တေန ပါဌေန=ဖြင့်။ကော=အဘယ်ပုဂ္ဂိုလ်သည်။ အာဟ=ဆိုပါသေးသနည်း။ဣတိ အယံ ပုစ္ဆာ=တည်း။

မဟာဘိနီဟာရတော ပဌာယ ဗောဓိယာ နိယတတာယ ဗုဒ္ဓကုံရ ဘူဓာနံ မဟာဗောဓိသတ္တာနံ သဒေဝကဿ ပူဇနီယ ဝန္ဒနီယဘာဝံ ဒီပက်ရော....ပက္ကမုန္တိ ဣမိနာ ပါဋိဂုန သုမေဓဘူတော ဘဂဝါ အာဟ။ ဣတိ အယံ ပရိဟာရော=တည်း။

ဤကား ဆရာတော် အရှင်ပညာမဟာထေရ်မြတ်၏ နေတ္တိဓျစဉ် ယထာဟ ဝါကျ ယောဇနာပုံတည်း[1]။

ယန္နူနာဟံ

ယန္နူနာဟံ ယဉ်ဿယံ ဓမ္မော မယာ အဘိသမ္မုဒ္ဓါ တမေဝ ဓမ္မံ သက္က-တ္ဝာ ဂရုံ ကတ္ဝာ ဥပနိဿာယ ဝိဟရေယ္ယံ[2]။

....ဥပနိဿာယ=မှီငြမ်းပြု၍။ ယန္နူနယဒိ ပန ဝိဟရေယ္ယံ=အကယ်၍မျှား နေရငြားအံ့။ ဧဝံ သဲတိ=ဤသို့ ငါသည် တရားကိုသာ ရှိရှိသေသေ လေး လေးမြတ်မြတ် မြတ်နိုးပူဇော် မှီငြမ်းပြု၍ နေရသည်ရှိသော်။ တံ ဝိဟရဏံ= သည်။ အဿ=ဖြစ်ပေရာ၏။

တနည်း။....အဟံ=ငါသည်။ တံ ဓမ္မံယေဝ=ကိုသာလျှင်။ ....ဥပနိဿာယ= ၍။ ဝိဟရေယ္ယံ=နေရပါမူကား။ ယန္နူန= ကောင်းလေစ့။ (လိုရင်း အနက် ပေးသည်)

ဩဝါဒပါတိမောက်လာ ဂါထာနက်

သဗ္ဗပါဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ။
သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ[3]။

သဗ္ဗပါပဿ=အလုံးစုံသော အကုသိုလ်ဟူသမျှကို။ ယံ အကရဏံ=အကြင် မပြုမကျင့်ခြင်းသည်။ ကုသလဿ=ကုသိုလ်ဟူသမျှ၏။ ဝါ=ကို။ ယာ ဥပ-သမ္ပဒါ=အကြင် ပြည့်စုံခြင်းသည်။ ဝါ=အကြင် ရခြင်းသည်။ ယံ သစိတ္တ-ပရိယောဒပနံ=အကြင် မိမိစိတ်ကို ထက်ဝန်းကျင်မှ သန့်ရှင်း ဖြူစင်စေခြင်း သည်။ အတ္ထိ=ရှိ၏။ ဧတံ=ဤအလုံးစုံသော အကုသိုလ်ဟူသမျှကို မပြုမကျင့် ခြင်း၊ ကုသိုလ်ဟူသမျှကို ရခြင်း, မိမိစိတ်ကို ထက်ဝန်းကျင်မှ သန့်ရှင်း ဖြူစင် စေခြင်းသည်။ ဗုဒ္ဓါနံ= မြတ်စွာဘုရားရှင်တို့၏။ သာသနံ=သာသနာ မည်၏။ ဝါ=အဆုံးအမတော်မည်၏။

ဤကား နေတ္တိ အဋ္ဌကထာ၌ သာဓကပြုသည့် ဩဝါဒ ပါတိမောက်လာ ဂါထာ၏ အနက်တည်း။

၁။ ပခုက္ကာ။ စာချုနည်းလည်း ကြည့်။　　၂။ နေတ္တိ၊ဋ္ဌ-ဂ။
၃။ ဒီ၊ ၂။၄၂။　　ဓမ္မပဒ။၄၁။

ဂဏနပရိစ္ဆေဒါ

တတ္ထ ဒ္ဝါဒသာတိ ဂဏနပရိစ္ဆေဒါ[1]။

တတ္ထ တိသဒ် ဂါထာယံ=၌။ အဝယဝဘာဝေန=ဖြင့်။ သဏ္ဌိတော=သော။ ဒ္ဝါဒသာတိ ဧသော သဒ္ဒေါ=သည်။ ဂဏန ပရိစ္ဆေဒေါ=ပုဒ်တို့ကို ရေတွက်ကြောင်း ပိုင်းခြားကြောင်းဖြစ်သော သဒ္ဒါတည်း။

ဝါ=ပုဒ်တို့ကို ရေတွက်သဖြင့် ပိုင်းခြားကြောင်းဖြစ်သော သဒ္ဒါတည်း။
ဝါ=ပုဒ်တို့ကို ပိုင်းခြားသဖြင့် ရေတွက်ကြောင်းဖြစ်သော သဒ္ဒါတည်း။
ဝါ=ရေတွက်အပ်သော ပုဒ်တို့ကို ပိုင်းခြားကြောင်းဖြစ်သော သဒ္ဒါတည်း။
ဝါ=ပိုင်းခြားအပ်သော ပုဒ်တို့ကို ရေတွက်ကြောင်းဖြစ်သော သဒ္ဒါတည်း။
ဤသည်လျှင် ဆရာတော်၏ အနက်ဂျော် ဆန်းကြယ်ပုံကို ထုတ်ပြချက် ပုံစံ တခုတည်း။

ဝုတ္တဥ္စေတံ သင်္ဃသု[2]

ကသ္မာ... ဝိညာယတိ။ ဟိ ယသ္မာ=ကြောင့်။ သင်္ဃသု= အဋ္ဌကထာတို့၌။ အတ္ထာနံ သူစနတော....အက္ခာတန္တိ=ဟူ၍။ ဝါ=သော။ ဧတံ ဂါထာပဒံ=ကို။သင်္ဃကာရေန=မဟာအဋ္ဌကထာကို အကျဉ်းချုံး၍ ယူရာယူကြောင်းဖြစ်သော သုတ် ဝိနည်း အာဘိဓမ္မာ၏ အဋ္ဌကထာကို ပြုစီရင်သည်၏ အဖြစ်ကြောင့် သင်္ဃကာရ အမည်ရသော အရှင်မဟာဗုဒ္ဓဃောသ ဆရာသည်။ ဝုတ္တံ=အပ်ပြီ။ တသ္မာ....ဝိညာယတိ=အပ်၏။

ဤ၌ သင်္ဃကာရေန အနက်ပေးပုံမှာ ဆရာတော်၏ ပိဋကတ် ကျမ်းဂန် တို့၌ အုံဩလောက်အောင် သဘောပေါက်သည်ကို ကြည့်ညို၍ အားမရအောင် ဖြစ်၏။

ပေဋကေ ကောဝိဒေါ ထေရ၊ သင်္ဃသု ဋီကာသု စ။
တဝ ကောဝိဒဘာဝံ တု၊ အနုဇ္ဈပသာဒါ ဟိ ဓေါ။

ထေရ=ဦးထိပ်ခေါင်တင် ဆရာတော် အရှင်သူမြတ်ကြီးဘုရား။ တုံ= အရှင် ဆရာတော်ဘုရားကြီးသည်။ ပေဋကေ စ=ပိဋကတ်သုံးပုံ ပါဠိတော် အကုန်လုံး၌ဂျင်း။ သင်္ဃသု စ= အဋ္ဌကထာ ကျမ်းစာဟူသမျှတို့၌ဂျင်း။ ဋီကာသု စ=သံဝဏ္ဏနာဋီကာ ကျမ်းဂန်များစွာတို့၌ဂျင်း။ ကောဝိဒေါ=စံတင် လောက်အောင် လိမ္မာ ကျွမ်းကျင်တော်မူလှပါ၏။ တု= ဟုတ်တိုင်းမှန်ရာ

၁။ နေတ္တိဝဋ္ဌ-၁၀။ ၂။ နေတ္တိဝဋ္ဌ-၁၀။

လျောက်ထားပါရစေဘုရား။ တဝ= ဦးထိပ်ခေါင်တင် အရှင်ဆရာတော်ဘုရားကြီး၏။ ကောဝိဒဘာဝံ=ပိဋကတ်သုံးဖြာ နက်နဲစွာဌ် လိမ္မာတတ်မြောက်တော်မူသည်၏ အဖြစ်ကို။ အနန္တပသာဒါ ဟိ ခေါ=အမှန်တကယ်ကို ကြည်ညိုလို့ မဆုံးနိုင်ကြပါကုန်ဘုရား။

ဧသေဝ နယော

ပဠု နယာ အဋ္ဌာရသမူလပဒါတိ ဧတ္ထာပိ ဧသေဝ နယော[1]။

ပဠု နယာ အဋ္ဌာရသမူလပဒါတိ ဧတ္ထာပိ= ပဠုနယာ အဋ္ဌာရသမူလပဒါဟူသော ပုဒ်တို့ဌ်လည်း။ ဧသေဝ=ဧသော ဣဝ=ဤနည်း ကဲ့သို့သော။ နယော=နည်းကို။ ဝေဒိတဗ္ဗော=သိအပ်၏။

တနည်း—ဧသေဝ=ဧသော ဧဝ=ဤဆိုအပ်ခဲ့ပြီးသော အစီရင်သည် ပင်လျင်။ နယော=သိကြောင်းဖြစ်သော နည်းတည်း။

တနည်း—သောဋ္ဌသဟာရာ ဧတိသာတိ=ဟူ၍။ (ရှေဝါကျ) ယော သမာသနယော= အကြင်ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထနည်းကို။ မယာ=သည်။ ဝုတ္တော=တိုက်ရိုက်အားဖြင့် ဆိုအပ်ခဲ့ပြီ။ ဧသေဝ ဧသော ဧဝ နယော=ကိုသာလျင်။ ပဠု နယာ အဋ္ဌာရသမူလပဒါတိ ဧတ္ထာပိ=တို့ဌ်လည်း။ ဝေဒိတဗ္ဗော= ပဠုနယာ ဧတိသာ ဟူ၍ဌင်း, အဋ္ဌာရသမူလပဒါနိ ဧတိသာ ဟူ၍ဌင်း ဝေဘန်၍ သိအပ်၏။

သုတ္တန္တီ သာမညဝိဓိ၊ ဝိသေသဝိဓယော ပရေ။
သနိမိတ္တာနိရုဇ္ဈတ္တာ၊ သဟတာညေန နာညတော[2]။

သုတ္တန္တီ အယံ ဝိဓိ=သုတ်ဟူသော ဤအစီရင်သည်။ ယသ္မာ=ကြောင့်။ သာမညဝိဓိ=သာမညအစီရင်သည်။ ဟောတိ=၏။ တသ္မာ=ကြောင့်။ ဂေယျဂ်ါဒိနံ=ဂေယျအဂ်ါ အစရှိသည်တို့၏။ သုတ္တဘာဝေါ=သုတ်မည်ကုန်သည်တို့၏အဖြစ်သည်။ သိယာ=ဖြစ်နိုင်ပေရာ၏။ သနိမိတ္တာ=ဂါထာရှိသည်၏ အဖြစ် အစရှိသော အကြောင်းနှင့်တကွ ဖြစ်ကုန်သော။ အပရေ=သုတ်တဂ်မှ တပါးကုန်သော ဂေယျဂ်အစရှိသည်တို့သည်။ ယသ္မာ=ကြောင့်။ ဝိသေသဝိဓယော =ထူးသော အစီရင်တို့သည်။ ဟောန္တီ=ကုန်၏။ တသ္မာ=ကြောင့်။သာသနဿ =၏။ နဝဂ်ဘာဝေါ=ကိုးပါးသော အင်္ဂါရှိသည်၏ အဖြစ်သည်ဌင်း။ သုတ္တဂ်ဥ =သုတ်အင်္ဂါ၏ အဖြစ်သည်ဌင်း။ သိယာ=ဖြစ်နိုင်ပေရာ၏။ နိရုဇ္ဈတ္တာ=မင်္ဂလသုတ် အစရှိသည်တို့ဌ် သုတ္တဘာဝ ထင်သည်၏ အဖြစ်ကြောင့်။ မင်္ဂလသုတ္တာ-

---

၁။ နေတ္တိဝဋ္ဌ-၁၁။　　၂။ နေတ္တိဝဋ္ဌ-၁၃။

ဒိနံ=တို့ကို။ သုတ္တင်္သင်္ဂဟော=သုတ္တအင်္ဂါ၌ သင်္ဂြိုဟ်ရေတွက်ခြင်းသည်။ ဝါ=သုတ္တအင်္ဂါ အဖြစ်ဖြင့် သင်္ဂြိုဟ်ရေတွက် ခြင်းသည်။ သိယာ=ဖြစ်နိုင်ပေရာ၏။ အညေန=စုဏ္ဏိယမှ တပါးသော ဂါထာနှင့်။ သဟတာ=တကွဖြစ်သည်၏ အဖြစ်သည်။ ယသ္မာ=ကြောင့်။ ဟောတိ=၏။တသ္မာ=ကြောင့်။ မင်္ဂလသုတ္တာ-ဒိနံ=တို့ကို။ ဂေယျင်္သင်္ဂဟော=သည်။ န သိယာ=မဖြစ်နိုင်ပေ။ အညတော=ဉာဘတောဝိဘင်း အစရှိသည်တို့၌လာသော ဂါထာတို့၏ ဂေယျင်္အဖြစ်ဖြင့် သင်္ဂြိုဟ်ရေတွက်အပ်သော ဂါထာတို့မှ တမျိုးတခြား တပါးသော ဂါထာဖြစ်သည်၏ အဖြစ်ကြောင့်။ ဉာဘတောဝိဘင်္ဂါဒိသု=တို့၌။ သဂါထကပဒေသာနံ=ဂါထာရှိရာဖြစ်သော ပါဠိရပ်ကွက်တို့ကို။ ဂေယျင်္သင်္ဂဟော=သည်။ န သိယာ=မဖြစ်နိုင်ပေ။

ဤဂါထာ အနက်ပေးပုံကို အထူးသတိပြုရာ၏။ နယဂ္ဂါဟ ပြုစိမ့်သောငှါ ဖော်ပြပါသည်။

နေတ္တိပါဠိတော်လာဂါထာနက်

သုခေါ ဝိပါကော ပုညာနံ၊ အဓိပ္ပါယော စ ကိတ္တိတော။
ခိပ္ပဉ္စ ပရမံ သန္တိံ၊ နိဗ္ဗာန မဓိဂစ္ဆတိ[၁]။

ပုညာနံ=ကောင်းမှုကုသိုလ်တို့၏။ သုခေါ=ချမ်းသာသော။ ဝါ=အလိုရှိအပ်သော။ ဝိပါကော စ=အကျိုးသည်ရင်း။ အဓိပ္ပါယော စ=အလိုသည်ရင်း။ ကိတ္တိတော=ပြည့်စုံ၏။ခိပ္ပဉ္စ=လျင်မြန်စွာလည်း။ ပရမံ=မြတ်သော။ ဝါ=ငြိမ်သက်သော။ ဝါ=ကိလေသာတို့မှ ငြိမ်းအေးသော။ နိဗ္ဗာနံ=နိဗ္ဗာန်သို့။ ဝါ=နိဗ္ဗာန်ကို။ အဓိဂစ္ဆတိ=ရောက်၏။ ဝါ=ရ၏။

မင်္ဂလမပဏ္ဏာသ ရဋ္ဌပါလသုတ်လာ ဂါထာနက်

ကာမာဟိ စိတြာ မဓုရော မနောရမာ၊
ဝိရူပရူပေန မထေန္တိ စိတ္တံ။
တသ္မာ အဟံ ပဗ္ဗဇိတောမှိ ရာဇ၊
အပဏ္ဏကံ သာမညမေဝ သေယျော[၂]။

ရာဇ=မင်းမြတ်။ စိတြာ=ဆန်းကြယ်ကုန်သော။ မဓုရာ=သာယာအပ်ကုန်သော။ မနောရမာ=ပုထုဇဉ်လူမိုက်တို့၏ စိတ်နှလုံးကို မွေ့လျော် စေတတ်ကုန်သော။ ကာမာ=ဝတ္ထုကာမ, ကိလေသာကာမတို့သည်။ ဟိ ယသ္မာ=

၁။ နေတ္တိပါဠိ-၁၉၉။ ၂။ မ၊၂-၂၆၀။ (၂-ဂါထာ ပါဒချင်းရောနေသည်။ နေတ္တိ၊၌။ ၄၈-၌ အားလုံးတူ၏။)

အကြင်ကြောင့်။ ဝိရူပရူပေန=ဖောက်ပြန်သော သဘောအားဖြင့်။ စိတ္တံ=စိတ်ကို။ မထေန္တိ=လုံးထွေး နှိပ်စက်တတ်ကုန်၏။ တသ္မာ=ထို့ကြောင့်။ အဟံ=ငါသည်။ ပဗ္ဗဇိတော=ရဟန်းအဖြစ်သို့ ကပ်ရောက်သည်။ အမှိ=ဖြစ်၏။

ဥဒါန်း ပါဠို ကုမာရကသုတ်လာ ဂါထာနက်

သစေ ဘာယထ ဒုက္ခဿ၊ သစေ ဝေါ ဒုက္ခမပ္ပိယံ။
မာ 'ကတ္ထ ပါပကံ ကမ္မံ၊ အာဝိ ဝါ ယဒိ ဝါ ရဟော'။

ဝေါ=သင်တို့သည်။ဒုက္ခဿ=ဒုက္ခမှ။သစေ ဘာယထ=အကယ်၍ကြောက်ကုန်ငြားအံ့။ ဝေါ=သင်တို့သည်။ ဒုက္ခံ=ဒုက္ခကို။ သစေ အပ္ပိယံ=အကယ်၍မချစ်ခင်မန္ဒစ်သက်အပ်သည်ဖြစ်အံ့။ဝေံသတိ=ဤသို့ဆင်းရဲဒုက္ခမှကြောက်,ဆင်းရဲဒုက္ခကို မချစ်ခင်ခဲ့သည်ရှိသော်။ အာဝိ ဝါ=မျက်မှောက်၌ဖြစ်စေ။ ယဒိ ဝါ ရဟော=မျက်ကွယ်၌ဖြစ်စေ။ ပါပကံ=မကောင်းစုတ်ချာ ယုတ်မာသော။ကမ္မံ=အကုသိုလ်အမှုကို။ မာ အကတ္ထ=မပြုကြကုန်ရာ။

ကိဉ္ဆဘိယျော အနက်ယောဇနာပုံ

ကိဉ္ဆဘိယျော ကေဝလဿ မရဏဿ ဒိဋ္ဌတ္တာ....၂။

ကိဉ္ဆ=စိုးစဉ်းအနည်း ဆိုး၍ပြီးပြီ။ ဘိယျော=ဆိုဖွယ် ဆိုရေး ရှိချေသေး၏။

တနည်း – ဘိယျော=ဆိုအပ်ပြီးသည်ထက် အပိုတဖန် ဆိုရန်အကြောင်းကား။ ကိဉ္ဆ=အဘယ်နည်း။

တနည်း – ကိဉ္ဆဘိယျော=စိုးစဉ်းအနည်းငယ် ဆိုဖွယ်ရှိသေး၏။

တနည်း–ဝုတ္တ ကာရဏတော=ဆိုအပ်ပြီးခဲ့သော အကြောင်းထက်။ ဘိယျော=အပိုအလွန်ဖြစ်သော။ ယံ ကာရဏံ=အကြင်အကြောင်းသည်။ အတ္ထိ=ရှိ၏။ တံ ကာရဏံ=ထိုအကြောင်းသည်။ ကိဉ္ဆ=အဘယ်နည်း။

သိစေလိုသည့် စေတနာပို၍ ဖော်ပြခဲ့

ကျေးဇူးရှင် အရှင်ပညာ ဆရာတော်ဘုရားကြီး၏နေတ္တိကျမ်းချပို့စဉ်ကစာဆိုတော်မူခဲ့သော ဆရာတော် အရှင်နန္ဒဝံသ (သီဟိုဠ်ရှင် ဘုရားကြီးတိုက်

၁။ ဥဒါနပါဠိ- ၁၃၇။ ကုမာရကသုတ်။ နေတ္တိ၊ ဌ- ၄၉။ (နေတ္တိချစဉ် ပေးသော အနက်)
၂။ နေတ္တိ၊ဌ-၈၄။

ဆရာတော်) ခဲ့ဖြင့် ရေးမှတ်ခဲ့သော နေတို့ အဋ္ဌကထာ မှတ်စုမှ ခဲခက်စာ ကြည့်ရှုရှင်း, နေတို့ပါဠိတော်, အဋ္ဌကထာ စသည်များကို ကြည့်ရှုရှင်း မဟာထေရ လလိတစာတော်ဖတ်တို့ သိစေလိုသော ဇောစေတနာတော့ ပိုလွန်း၍ ဖော်ပြခြင်းဖြစ်ပါသည်။

စတုပညာသမပိုင်း

ပါရာဇိကဏ် ပါဠို,အဋ္ဌကထာ,ဋီကာကို ချပို့တော်မူခြင်း

ဆရာတော် ဘုရားကြီးသည် ဝိနည်း ပိဋကကို အထပ်ထပ် အခေါက်ခေါက် ချပို့တော်မူခဲ့သည်။ သက္ကရာဇ် ၁၃၀၃-ခုနှစ် ဒုတိယဝါဆိုလဆုတ် ၄-ရက် နေ့တွင် စ၍ ဝိနည်း ပိဋကကို စတင်ပို့ချတော်မူသည်။ ယင်းသို့ ချပို့တော်မူခြင်းသည် နောက်ဆုံး ချပို့တော်မူခြင်းပင်ဖြစ်သည်။ ရှေးဦးစွာ ပါရာဇိကဏ် ပါဠိတော်ကို အဋ္ဌကထာနှင့် သာရတ္ထဒီပနီဋီကာတို့ တဲ့၍ ချပို့တော်မူခဲ့သည်။ ဝိနည်း ပိဋကကို အောက်ဖော်ပြပါ နမော တဿ အနက်ဖြင့် ဘုရားရှင်အား ဦးစွာ ဖူးမြော်ကန်တော့ ဦးချ၍ ချပို့တော်မူခြင်းဖြစ်သည်။

နမော တဿ အနက်

ယော ဘဂဝါ=အကြင် မြတ်စွာဘုရားသည်။ ကပ္ပသတ သဟဿာဓိကာနိ=ကမ္ဘာတသိန်း အလွန်ရှိကုန်သော။ စတ္တာရိ အသင်္ခ်ေယျာနိ=လေးအသင်္ခ်ေတို့ ကာလပတ်လုံး။ ပါရမိယော=ပါရမီတော်တို့ကို။ ပူရေတ္ဝာ=ဖြည့်ကျင့်တော်မူ၍။ ဝါ=ခကြောင့်။ မာရဘင်္သဒါတေ=မာရဘင်ဟု ဆိုအပ်သော။ အပရာဇိတပလ္လင်္ကေ=အပရာဇိတပလ္လင်တော်၌။အရယော=တထောင့် ငါးရာ ကိလေသာစက် ရဲရန်မက်တို့ကို။ ဟနိတ္ဝာ=ချိုးဖဲ့ ဖျက်ဆီးတော်မူပြီး၍။ သမ္မာ=မဖောက်မပြန်။ ဗုဇ္ဈိ=သယမ္ဘူဉာဏ်ဖြင့် မိမိအလိုလို ကိုယ်တော်တိုင် သာလျှင် အလုံးစုံသော သင်္ခ်တ,အသင်္ခ်တ တရားတို့ကို သိတော်မူပြီ။ အရဟတော=သော။သမ္မာသမ္ဗုဒ္ဓဿ=သော။ တဿ ဘဂဝတော=အား။။မေ=၏။။ နမော=သည်။ အတ္ထု=ဖြစ်ပါစေသတည်း။

တနည်း - အဟံ=သည်။ နမော=ကို။ ကရောမိ=ပြုပါ၏။။ တေန=ထို အရဟံဂုဏ်, သမ္မာသမ္ဗုဒ္ဓဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား ရှိခိုးကြောင်းဖြစ်သော ဇစတနာကြောင့်။ သဗ္ဗန္တရာယာ=အလုံးစုံသော ကိုယ်တွင်းကိုယ်ပ အန္တရာယ်ဟူသမျှတို့သည်။ အသေသတော=အကြွင်းအကျန် မရှိသော အားဖြင့်။ ဝိနသန္တု=ကင်းစင်လွင့်ပျောက်ပါစေကုန်သတည်း။

ဤသည်လျှင် နောက်ဆုံးအခေါက် ပါရာဇိကဏ် ပါဠို ချပို့စဉ်က နမော တဿ အနက်ဖြစ်လေသည်။

ဆရာတော်၏ ဘုရားဂုဏ်တော် ၉-ပါးအနက်

ဆရာတော်ဘုရားကြီးသည် ပါရာဇိကဏ်ပါဠို ချပို့တော်မူစဉ် ဘုရားရှင်၏ ဂုဏ်တော် ၉-ပါးတို့ကို ကျနစ္စာ အနက်ယောဇနာတော်မူ၍ ဘုရားရှင်အား ပူဇော်တော်မူခဲ့ရာ မလာထေရလိတ စာတော်ဖတ်တို့ ဖတ်ရှုကြည်ညိုရာ၏။ စွမ်းနိုင်လျှင် နှုတ်ရဆောင်၍ ပွါးများရာ၏။

အရဟံဂုဏ်တော်

ယော ဘဂဝါ=အကြင်မြတ်စွာဘုရားသည်။ ကပ္ပသတသဟဿာဓိကာနိ=ကမ္ဘာတသိန်း အလွန်ရှိကုန်သော။ စတ္တာရိ အသင်္ခ်ေယျာနိ=လေးအသင်္ခ်ေတို့ ကာလပတ်လုံး။ ပါရမိယော=ဘုရားဖြစ်ကြောင်း ကောင်းမြတ်သော ပါရမီတော်တို့ကို။ ပူရေတ္ဝာ=ဖြည့်ကျင့်တော်မူပြီး၍။ ဗောဓိမဏ္ဍေ=ဗောဓိမဏ္ဍိုင်၌။ ဗောဓိရုက္ခမူလေ=ဗောဓိပင်၏ အနီး၌။ ဝါ=ဗောဓိပင်အောက်၌။ မာရဘဉ်-သခ်ါတေ=မာရဘင်ဟု ခေါ်ဆိုပညတ် သမုတ်အပ်သော။ အပရာဇိတပလ္လင်ကေ်=အပရာဇိတပလ္လင်တော်၌။ ပဉ္စ=ကိလေသမာရ်, အဘိသခ်ါရမာရ်, ခန္ဓမာရ်, မစ္စုမာရ်, ဒေဝပုတ္တမာရ်အားဖြင့် ငါးပါးကုန်သော။ မာရေ=မာရ်တို့ကို။ ဘိဇ္ဇိတ္ဝာ=ချိုးဖဲ့ ဖျက်ဆီးတော်မူပြီး၍။ သမ္မာသမ္ဗောဓိ ံ=အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ဧတော်သို့။ ပတ္ဝာ=ရောက်တော်မူ၍။ မဂ္ဂေန=လေးပါးသောမဂ်ဖြင့်။ ဝါ=အရဟတ္တမဂ်ဖြင့်။ သဝါသနေ=ဝါသနာနှင့်တကွ ဖြစ်ကုန်သော။ ကိလေသေ=ကိလေသာတို့ကို။ ဝိဒ္ဓံသေတ္ဝာ=ချိုးဖဲ့ ဖျက်ဆီးတော်မူပြီး၍။ ဝါ=ချိုးဖဲ့ ဖျက်ဆီးတော်မူခြင်းကြောင့်။ သဗ္ဗ ကိလေသေဟိ=အလုံးစုံသော ကိလေသာတို့မှ။ ယသ္မာ=အကြင်ကြောင့်။ အာရကာ=ဝေးတော်မူ၏။ ဝါ=လွန်စွာ ဝေးသည်ထက်ဝေးသော စခန်း၌ တည်တော်မူ၏။ ဣတိ တသ္မာ=အာရကတ္တာပိ=ထို့သို့ အလုံးစုံသော ကိလေသာတို့မှ ဝေးတော်မူသည်၏အဖြစ်တည်းဟူသော အကြောင်းကြောင့်လည်း။ ဝါ=ထို့သို့အလုံးစုံသော ကိလေသာတို့မှ လွန်စွာ ဝေးသည်ထက်ဝေးသော စခန်း၌ တည်တော်မူသည်၏အဖြစ်တည်းဟူသော အကြောင်းကြောင့်လည်း။ သော ဘဂဝါ=သည်။ အရဟံ=မည်တော်မူ၏။

တနည်း—ယော ဘဂဝါ=သည်။ ကပ္ပသတသဟဿာဓိကာနိ စတ္တာရိ အသင်္ခ်ေယျာနိ ပါရမိယော ပူရေတ္ဝာ ဗောဓိမဏ္ဍေ ဗောဓိရုက္ခမူလေ မာရဘဉ်-သခ်ါတေ အပရာဇိတပလ္လင်ကေ် ပဉ္စမာရေ ဘဇ္ဇိတ္ဝာ သမ္မာသမ္ဗောဓိ ံ ပတ္ဝာ=

မူ၍။ ကိလေသာရယော=တထောင့်ငါးရာ ကိလေသာစက် ရဲရန်မက်တို့ကို။ မဂ္ဂေန=အရဟတ္တမက် ခေးသံလျက်ဖြင့်။ ယသ္မာ=အကြင်ကြောင့်။ ဟနိ=ချိုးဖျက်ခုတ်ထွင် ငုတ်မထင်အောင် သုတ်သင်ရှင်းလင်းတော်မူပြီ။ ဣတိ တသ္မာ အရီနံ ဟတတ္တာ=ထို့သို့ တထောင့်ငါးရာ ကိလေသာစက် ရဲရန်မက်တို့ကို အရဟတ္တမက် ခေးသံလျက်ဖြင့် ချိုးဖျက်ခုတ်ထွင် ငုတ်မထင်အောင် သုတ်သင် ရှင်းလင်းတော်မူပြီးသည်၏ အဖြစ်ကြောင့်လည်း။ သော ဘဂဝါ=သည်။ အရဟံ=မူ၏။

တနည်း—ယော ဘဂဝါ=....ပတ္တာ=၍။ ဗောဓိမဏ္ဍေ=ဗောဓိမဏ္ဍိုင်၌။ ဝီရိယပါဒေဟိ=ဝီရိယတည်းဟူသော ခြေကော်တို့ဖြင့်။ သီလပထဝိယံ=သီလတည်းဟူသော မြေအပြင်၌။ ပတိဋ္ဌာယ=တည့်မတ်စွာ ရပ်တည်တော်မူ၍။ သဒ္ဓါဟတ္ထေန=သဒ္ဓါတရားတည်းဟူသော လက်ဖြင့်။ ကမ္မက္ခယကရံ=လောကီကုသိုလ်ကံ, အကုသိုလ်ကံတို့၏ ကုန်ခြင်းကိုပြုတတ်သော။ ဉာဏဖရသုံ=အရဟတ္တမဂ်ဉာဏ်တည်းဟူသော ပေါက်ဆိန်ကို။ ဂဟေတွာ=မြဲမြံစွာ စွဲကိုင်တော်မူ၍။ သံသာရစက္ကဿ =အစမထင်သော ကာလပတ်လုံး မပြတ်မစဲ ဖြစ်၍နေသော သံသရာစက်၏။ သဗ္ဗေ=အလုံးစုံကုန်သော။ အရေ=အကန့်တို့ကို။ ယသ္မာ=ကြောင့်။ ဟနိ=ချိုးဖဲ့ ဖျက်ဆီးတော်မူပြီ။ ဣတိ တသ္မာ ဟတတ္တာ=ထို့သို့ အရဟတ္တ မဂ်ဉာဏ်တည်းဟူသော ပေါက်ဆိန်ဖြင့် သံသရာစက်၏ အကန့်ဒေါက်ဆန့်တို့ကို ချိုးဖဲ့ ဖျက်ဆီးတော်မူပြီးသည်၏ အဖြစ်တည်းဟူသော အကြောင်းကြောင့်လည်း။ ဝါ=အရဟတ္တမဂ်ဉာဏ်တည်းဟူသော ပေါက်ဆိန်ကို မြဲမြံစွာ ကိုင်၍ သံသရာစက်၏ အကန့်ဒေါက်ဆန့်တို့ကို ဖျက်ဆီးတော်မူပြီးသည်၏ အဖြစ်တည်းဟူသော အကြောင်းကြောင့်လည်း။ အရဟံ=မူ၏။

တနည်း—ယော ဘဂဝါ=သည်။....ပတ္တာ=၍။ အဂ္ဂဒက္ခိဏေယျတ္တာ=အလှူခံထိုက်သော ပုဂ္ဂိုလ်တို့တွင် အထွတ်အမြတ်ပုဂ္ဂိုလ်၏ အဖြစ်ကြောင့်။ စီဝရာဒိပစ္စယေ စ=သင်္ကန်း အစရှိသော ပစ္စည်းလေးပါးတို့ကိုလည်း။ ပူဇာဝိသေသဉ္စ=ပူဇော်အထူးကိုလည်း။ ယသ္မာ=အကြောင်ကြောင့်။ ပဋိဂ္ဂဟေတုံ=ခံယူတော်မူခြင်းငှါ။ အရဟတိ=ထိုက်တော်မူ၏။ ဣတိ တသ္မာ စီဝရာဒိပစ္စယပူဇာဝိသေသာရဟတ္တာပိ=ကြောင့်လည်း။ အရဟံ=မူ၏။

တနည်း—ယော ဘဂဝါ=သည်။....ပတ္တာ=၍။ လောကေ=လောက၌။ ကေစိ=အချို့ကုန်သော။ ပဏ္ဍိတမာနိနော=ငါသာလျှင် ပညာရှိ၏ဟု ဧအာက်မေ့မှတ်ထင်လေ့ ရှိကြကုန်သော။ ဗာလာ=လူမိုက်တို့သည်။ အသိလောကဘယေန=အကျော်အစော မဲ့အံ့သည်မှ ကြောက်သည့်အတွက်။ ရဟော=ဆိတ်ကွယ်ရာအရပ်၌။ ပါပံ=မကောင်းမှုကို။ ကရောန္တိယထာ=ပြုကြကုန်သကဲ့သို့။ ဧဝံ တထာ=ထို့အတူ။ ယသ္မာ=ကြောင့်။ ကဒါစိ=တရံတဆစ်၌။ အသိလောက-

ဘယေန=အကျော်အစော မဲ့အံ့သည်မှ ကြောက်သည့်အတွက်။ ရဟော=၌။ ပါပံ=ကို။ နှ ကရောတိ=ပြုတော်မမူတတ်။ ပါပကရဏေ=မကောင်းမှုကို ပြုရာ၌။ ဣတိ တသ္မာ ရဟာဘာဝတောပိ=ထို့သို့ ဆိတ်ကွယ်ရာအရပ် ရှိတော်မမူသည်၏ အဖြစ်တည်းဟူသော အကြောင်းကြောင့်လည်း။ သော ဘဂဝါ=သည်။ အရဟံ=မူ၏။

သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်

ယော ဘဂဝါ....ပတ္တော=မူ၍။ သဗ္ဗဓမ္မေ=အာဘိညေယျ, ပရိညေယျ, ပဟာတဗ္ဗ, သစ္ဆိကာတဗ္ဗ, ဘာဝေတဗ္ဗဟု ဆိုအပ်ကုန်သော အလုံးစုံ ကုန်သော စတုသစ္စ, သခ်ၤတ, အသခ်ၤတ တရားတို့ကို။ သမ္မာ=မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ။ သာမဉ္စ=သာမံ ဧဝ=ကိုယ်တော်တိုင်သာလျှင်။ ယသ္မာ=ကြောင့်။ ဗုဇ္ဈိ=သိတော်မူပြီ။ ဣတိ တသ္မာ သမ္မာ သမ္ဗုဒ္ဓတ္တာပိ=ထို့သို့ အာဘိညေယျ, ပရိညေယျ, ပဟာတဗ္ဗ, သစ္ဆိကာတဗ္ဗ, ဘာဝေတဗ္ဗဟု ဆိုအပ်ကုန်သော အလုံးစုံသော စတုသစ္စ, သခ်ၤတ, အသခ်ၤတ တရားတို့ကို မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ ကိုယ်တော်တိုင်သာလျှင် သိတော်မူသည်၏ အဖြစ်တည်းဟူသော အကြောင်းကြောင့်လည်း။ သော ဘဂဝါ=သည်။ သမ္မာသမ္ဗုဒ္ဓေါ=မူ၏။

ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်

ယော ဘဂဝါ=သည်။ ပတ္တော=မူ၍။ ဝိဇ္ဇာဟိ စ=သုံးပါးသော ဝိဇ္ဇာ, ရှစ်ပါးသော ဝိဇ္ဇာတို့နှင့်ဂုဏ်း။ စရဏေန စ=စရဏ တဆဲ့ငါးပါးနှင့်ဂုဏ်း။ ယသ္မာ=ကြောင့်။ သမန္နာဂတော=ပြည့်စုံတော်မူ၏။ ဣတိ တသ္မာ ဝိဇ္ဇာ-စရဏသမန္နာဂတတ္တာပိ=ကြောင့်လည်း။ သော ဘဂဝါ=သည်။ ဝိဇ္ဇာစရဏသမ္ပန္နော=မူ၏။

သုဂတ ဂုဏ်တော်

ကပ္ပသတသဟဿာဓိကာနိ=ကုန်သော။ စတ္တာရိ အသင်္ချေယျာနိ=ပတ်လုံး။ ပါရမိယော=တို့ကို။ ပေါဓိမဏ္ဍေ=၌။ ပေါဓိရုက္ခမူလေ=၌။ မာရဘင်္သခါဒေ=၌။ အပရာဇိတပလ္လင်္ကေ=၌။ ပဉ္စ=ကုန်သော။ မာရေ=တို့ကို။ ဘဉ္ဇိတ္ဝာ=၍။ သမ္မာသမ္ဗောဓိံ=သို့။ သမ္ပတ္တာသ=ကောင်းစွာရောက်တော်မူပြီးသော။ ယာသ ဘဂဝတော=အာ။ သောဘနံ=ထက်ဝန်းကျင်မှ သန့်ရှင်းစင်ကြယ်သည်ဖြစ်၍ အပြစ်မရှိ တင့်တယ်သော။ ဂတံ=နိဗ္ဗာန်ရောက်ကြောင်း အရိယာမဂ်တည်းဟူသော တရားကောင်းသည်။ ယသ္မာ=ကြောင့်။ အတ္ထိ=ရှိတော်မူ၏။ ဣတိ တသ္မာ သောဘနဂမနတ္တာပိ=ထို့သို့

ထက် ဝန်းကျင်မှ သန့်ရှင်းစင်ကြယ်သည်ဖြစ်၍ အပြစ်မရှိတင့်တယ်သော နိဗ္ဗာန်ရောက်ကြောင်း အရိယာမဂ်တည်းဟူသော တရားကောင်း ရှိတော်မူသည်၏ အဖြစ်တည်းဟူသော အကြောင်းကြောင့်လည်း။ သော ဘဂဝါ=သည်။ သုဂတော=သုဂတ မည်တော်မူ၏။

တနည်း - ယော ဘဂဝါ=သည်။....ပတ္တော=မူ၍။ သုန္ဒရံ=သေခြင်း ကင်းရာကောင်းမှန်စွာသော။ ဌာနံ=နိဗ္ဗာန်တည်းဟူသော အရပ်သို့။ ယသ္မာ=ကြောင့်။ ဂတော=ကြွသွားတော်မူတတ်၏။ ဣတိ တသ္မာ သုန္ဒရဂတတ္တာပိ=ကြောင့်လည်း။သော ဘဂဝါ=သည်။သုဂတော=မူ၏။

တနည်း - ယော ဘဂဝါသည်။ ....ပတ္တော=မူ၍။ သမ္မာ=မဂ်ထိုထိုဖြင့် ပယ်အပ်ကုန်ပြီးသော ကိလေသာတို့ကို မိမိသန္တာန်သို့ တဖန် မပြန်လာစေသောအားဖြင့် ကောင်းမှန်စွာ။ ယသ္မာ=ကြောင့်။ ဂတော=ကြွသွားတော်မူတတ်၏။ ဣတိ တသ္မာ သမ္မာ ဂတတ္တာပိ=ထိုသို့ မဂ်ထိုထိုဖြင့် ပယ်အပ်ကုန်ပြီးသော ကိလေသာတို့ကို မိမိသန္တာန်သို့ တဖန် ပြန်မလာစေသောအားဖြင့် ကောင်းမှန်စွာ ကြွသွားတော်မူတတ်သည်၏ အဖြစ်တည်းဟူသော အကြောင်း ကြောင့်လည်း။သော ဘဂဝါ=သည်။သုဂတော=မူ၏။

တနည်း - ယော ဘဂါ=သည်။ ....ပတ္တော=မူ၍။ သမ္မာ=ဒီပင်္ကရာ မြတ်စွာဘုရား၏ ခြေတော်ရင်းမှ ဗောဓိမဏ္ဍိုင်တိုင်အောင် အမျှ သုံးဆယ်သော ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူပြီးသည့် အတွက် မဖောက်မပြန် ဟုတ်မှန်ကောင်းမှန်သော အကျင့်ဖြင့် အလုံးစုံသော သတ္တဝါတို့၏ စီးပွါးချမ်းသာ ကို သာ ပြုတော်မူလျက် အယုတ်တရား နှစ်ပါးတို့သို့ မကပ်ရောက်ပဲ ကောင်းမှန်စွာ။ ယသ္မာ=ကြောင့်။ အာဂတော=ကြွလာခဲ့တော်မူတတ်၏။ ဣတိ တသ္မာ သမ္မာဂတတ္တာပိ=ထိုသို့ ဒီပင်္ကရာမြတ်စွာဘုရား၏ ခြေတော်ရင်းမှစ၍ ဗောဓိမဏ္ဍိုင်တိုင်အောင် အမျှသုံးဆယ်သော ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူပြီးသည့်အတွက် မဖောက်မပြန် ဟုတ်မှန်ကောင်းမှန်သော အကျင့်ဖြင့် အလုံးစုံသော သတ္တဝါတို့၏ စီးပွါးချမ်းသာကိုသာ ပြုတော်မူလျက် အယုတ်တရား နှစ်ပါးတို့သို့ မကပ်မရောက်ပဲ ကောင်းစွာကြွလာတော်မူတတ်ဘည်၏ အဖြစ်တည်းဟူသော အကြောင်းကြောင့်လည်း။ သော ဘဂဝါ=သည်။ သုဂတော=မ၏။

တနည်း - သော ဘဂဝါ သည်။ ....ပတ္တော=၍။ ယုတ္တဉာနေန=သင့်သော အရာဌာန၌။ ယုတ္တမေဝ=သင့်သည်သာလျှင် ဖြစ်သော။ ဝါစံ=စကားကို။ သမ္မာ=ကောင်းစွာ။ ယသ္မာ=ကြောင့်။ ဂဒတိ ဘာသတိ=ပြောဆိုတော်မူတတ်၏။ ဣတိ တသ္မာ သမ္မာဂဒတ္တာပိ=သင့်သော အရာဌာန၌ သင့်သော

စကားကိုသာ ကောင်းစွာ ပြောဆိုတော်မူ ကာ်သည်၏ အဖြစ်တည်းဟူသော ထိုအကြောင်းကြောင့်လည်း။ သော ဘဂဝါ=သည်။ သုဂတော=မူ၏။

တနည်း—ယော ဘဂဝါ=သည်။ ....ပတွာ=မူ၍။ အတစ္ဆာနတ္ထာ ပိယဥ္ဇ =မဟုတ်မမှန်သည်ဖြစ်၍ အကျိုးမဲ့ နှင့် စပ်ယှဉ်,အများ မချစ်ခင်အပ်သော စကားငင်း။ အပ္ပိယဘူတာနတ္ထဥ္ဇ= အများ မချစ်ခင် အပ်သည်ဖြစ်၍ ဟုတ်မှန်လျက် အကျိုးမဲ့နှင့် စပ်လျဉ်းသော စကားငင်း။ ဘူတတ္ထာပိယဥ္ဇ= ဟုတ်မှန်လျက် အကျိုးနှင့် စပ်လျဉ်းသော်လည်း အများ မချစ်ခင်အပ်သော စကားငင်း။ မနာပါဘူတာနတ္ထဥ္ဇ= သတ္တဝါများ၏ စိတ်နှလုံးကို တိုးပွါးစေတတ်သော်လည်း မဟုတ်မမှန်သည်ဖြစ်၍ အကျိုးမဲ့နှင့် စပ်လျဉ်းသောစကားငင်း။ ဘူတာနတ္ထမနာပဥ္ဇ= ဟုတ်မှန်သည်ဖြစ်၍ အကျိုးမဲ့နှင့် စပ်လျဉ်းသော်လည်း သတ္တဝါအများ၏ စိတ်နှလုံးကို တိုးပွါးစေတတ်သော စကားငင်း။ ဘူတတ္ထပိယဥ္ဇ=ဟုတ်မှန်ကျိုးစပ် ချစ်ခင်အပ်သော စကားငင်း။

ကွတိ=ကျိသို့။ ဆသု=ခြောက်ခွန်းကုန်သော။ ကွမာသု ဝါစာသု=ကျိ စကားတို့တင်။ စတသော=လေးပါးကုန်သော။ ဝါစာယော=တို့ကို။ ပဟာယ=ပယ်စွန့်၍။ ကာလံ= ပြောသင့်သော အခါန်ကာလကို။ ဥတ္တာ= ထောက်ချင့်သိမြင်တော်မူ၍။ ဒေ့ယေ့ဝ=နှစ်ခွန်းသော စကားတို့ကိုသာလျင်။ သမ္မာ၊ ကောင်းစွာ။ ဝါ အသင့်အားဖြင့်။ ယသ္မာ၊ ကြောင့်။ ဂဒတိ ဘာသ-တိ=ပြောဆိုတော်မူတတ်၏။ ကွတိ တသ္မာ သမ္မာဂဒတ္တာပိ= မမှန်ကျိုးကွယ် အချစ်ပြယ်လျက် ချစ်ဖွယ်ကင်းပ ဘူတကျိုးကင်း မယှင်းကျိုးယှဉ် ချစ်ခင် မဖက် နှစ်သက်ယှင်းပေါက် ကျိုးမရောက်ပဲ မဖောက်ကျိုးကွာ မနာပါနှင့် မှန်စွာကျိုးကပ် ချစ်ခင်အပ်သား ဤခြောက်ပါးတွင် လေးပါးပယ်လျင်း နှစ် ခွန်းချင့်၍ အသင့် ပြောဆိုတော်မူတတ်သည်၏ အဖြစ်တည်းဟူသော ထို အကြောင်းကြောင့်လည်း။ သော ဘဂဝါ=သည်။ သုဂတော=မူ၏။

လောကဝိဒူဂုဏ်တော်

ယော ဘဂဝါ=သည်။....ပတွာ=မူ၍။ သဒ်္ဓါရလောကဥ္ဇ=သဒ်္ဓါရလောက ကိုငင်း။ သတ္တလောကဥ္ဇ=သတ္တလောကကိုငင်း။ ဩကာသလောကဥ္ဇ=ဩကာ သ လောကကိုငင်း။ ကွတိ=ဤသို့။ တယော=ကုန်သော။ လောကေ=တို့ကို။ ယသ္မာ=ကြောင့်။ ဝိဒတိ ဇာနာတိ=သိတော်မူတတ်၏။ ကွတိ တသ္မာ သဗ္ဗ-ထာဝိဒိတလောကတ္တာပိ=သတ္တ, သဒ်္ဓါ, ဩကာသာဟု သုံးဖြာလောက ဟူသမျှ ကို တစမကျန် ကိုယ်တော်ဉာဏ်ဖြင့် ဝေဘန်ပိုင်းဖြတ် ကြင်းမလပ်အောင် သိအပ်ပြီးသည်၏ အဖြစ်တည်းဟူသော ထိုအကြောင်းကြောင့်လည်း။ သော ဘဂဝါ=သည်။ လောကဝိဒူ=လောကဝိဒူ မည်တော်မူ၏။

အနုတ္တရဂုဏ်တော်

ကပ္ပသဘ သဟာဿာခိကာနိ....ပတ္တဿ=သော။ ယဿ ဘဂဝတော=အား။ ဂုဏော်ဟိ=သိလ အစရှိသော ဂုဏ်ခတော်တို့ဖြင့်။ အတ္တနာ= ကိုယ်တော်ထက်။ ဝိသိဋ္ဌတရော=အထူးသဖြင့် ထူးကဲလွန်မြတ်သော။ ကောစိ=တစုံတယောက်သော သူသည်။ ယသ္မာ=ကြောင့်။ နတ္ထိ=မရှိ။ ဣတိ တသ္မာ အနုတ္တရတ္တာပိ= သိလ အစရှိသော ဂုဏ်တို့ဖြင့် ကိုယ်တော်ထက် အထူးသဖြင့် ထူးကဲလွန်မြတ်သော တစုံတယောက်သောသူ ရှိတော်မမူသည်၏ အဖြစ်တည်းဟူသော ထို အကြောင်းကြောင့်လည်း။ သော ဘဂဝါ=သည်။ အနုတ္တရော၊ အနုတ္တရ မည်တော်မူ၏။

ပုရိသဒမ္မသာရထိဂုဏ်တော်

ယော ဘဂဝါ=သည်။....ပတ္တော=မူ၍။ ဝါ=ရှိသော်။ ပုရိသဒမ္မေ=မယဉ်ကျေးကုန်သေးသည်ဖြစ်၍ ယဉ်ကျေးအောင် ဆုံးမတော်မူခြင်းငှါ သင့်ကုန်သော တိရစ္ဆာန်ယောကျ်ား, လူယောကျ်ား, နတ်ယောကျ်းတို့ကို။ ယသ္မာ=ကြောင့်။ သာရေတိ ဒမ္မေတိ ဝိနေတိ=ယဉ်ကျေးအောင် ဆုံးမတော်မူတတ်၏။ ဣတိ တသ္မာ ပုရိသဒမ္မသာရကတ္တာပိ = မယဉ်ကျေးကုန်ခသေးသည်ဖြစ်၍ ယဉ်ခကျေးအောင် ဆုံးမခြင်းငှါ သင့်ကုန်သော တိရစ္ဆာန်ယောကျ်ား, လူယောကျ်ား, နတ်ယောကျ်းတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သည်၏ အဖြစ်တည်းဟူသော ထို အကြောင်းခကြောင့်လည်း။ သော ဘဂဝါ=သည်။ ပုရိသဒမ္မသာရထိ=ပုရိသဒမ္မသာရထိ မည်တော်မူ၏။

တနည်း——ယော ဘဂဝါသည်။....ပတ္တော=မူပြီး၍။ ပုရိသဒမ္မေ=ဆုံးမအပ်ကုန်ပြီးသည်ဖြစ်၍ ယဉ်ကျေးပြီး ဖြစ်ကုန်သော တိရစ္ဆာန်ယောကျ်ား, လူယောကျ်ား, နတ်ယောကျ်းတို့ကိုသော်လည်း။ ယသ္မာ=ကြောင့်။ သာရေတိ ဒမ္မေတိ ဝိနေတိ= ယဉ်ကျေးသည်ထက် ယဉ်ကျေးအောင် စင်ကြယ်သော သီလရှိသူ အစရှိသည်တို့ ပဌမစျာန် အစရှိသည်တို့ကို, သောတာပန် အစရှိသည်တို့အား အထက်မဂ်၏ အကြောင်းဖြစ်သော အကျင့်ကို ဟောကြား ညွှန်ပြတော်မူလျက် ဆုံးမတော်မူတတ်၏။ ဣတိ တသ္မာ ပုရိသဒမ္မသာရကတ္တာပိ၊ ဆုံးမအပ်ပြီးကုန်သည်ဖြစ်၍ ယဉ်ကျေးပြီးဖြစ်ကုန်သော တိရစ္ဆာန်ယောကျ်ား, လူယောကျ်ား, နတ်ယောကျ်းတို့ကိုသော်လည်း ယဉ်ကျေးသည်ထက် ယဉ်ကျေး စင်ကြယ်သော သီလရှိသူအစရှိသည်တို့အား ပဌမစျာန် အစရှိသည်တို့ကို, သောတာပန် အစရှိသည်တို့အား အထက်မဂ်၏ အကြောင်းဖြစ်သော အကျင့်ကို ဟောကြား ညွှန်ပြတော်မူလျက် ဆုံးမတော်မူတတ်သည်၏ အဖြစ်

တည်းဟူသော ထိုအကြောင်းကြောင့်လည်း။ သော ဘဂဝါ=သည်။ ပုရိသဒမ္မသာရထိ၊ မူ၏။

အနုတ္တရောပုရိသဒမ္မသာရထိ ဂုဏ်တော်

ယော ဘဂဝါ=သည်။.... ပတ္တော=၍။ အနုတ္တရော= သိလ အစရှိသော ဂုဏ်ကျေးဇူးတော်တို့ဖြင့် ကိုယ်တော်ထက် အထူးသဖြင့် ထူးကဲလွန်မြတ်သော တစုံတယောက်သောသူ ရှိတော်မမူသည်။ ဟုတ္တော=၍။ ပုရိသဒမ္မော=မယဉ်ကျေးကုန်သေးသည် ဖြစ်၍ ယဉ်ကျေးအောင် ဆုံးမသင့်ကုန်သော တိရစ္ဆာန်ယောကျ်ား, လူယောကျ်ား, နတ်ယောကျ်းတို့ကို။ ယသ္မာ=ကြောင့်။ သာရေတိ=တင်ပလ္လင် တခွေတည်းဖြင့်ပင်လျှင် ထိုင်ကုန်လျက် အရပ်ရှစ်မျက်နှာတို့သို့ မကပ်မငြိပဲ ပြေးသွားနိုင်လောက်အောင် ဆုံးမတော်မူတတ်၏။ ဣတိတသ္မာ အနုတ္တရပုရိသဒမ္မသာရကတ္တာပိ=သိလ အစရှိသော ဂုဏ်ကျေးဇူးတော်တို့ဖြင့် ကိုယ်တော်ထက် အထူးသဖြင့် ထူးကဲလွန်မြတ်သော တစုံတယောက်သောသူ ရှိတော်မမူသည်ဖြစ်၍ မယဉ်ကျေးကုန်သေးသည်ဖြစ်၍ ယဉ်ကျေးအောင် ဆုံးမခြင်းငှါ သင့်ကုန်သော တိရစ္ဆာန်ယောကျ်း, လူယောကျ်း, နတ်ယောကျ်းတို့ကို တင်ပလ္လင် တခွေတည်းဖြင့်ပင်လျှင် ထိုင်ကုန်လျက် အရပ်ရှစ်မျက်နှာတို့ကို မကပ်ငြိကုန်ပဲ ပြေးသွားနိုင်လောက်အောင် ဆုံးမတော်မူတတ်သည်၏ အဖြစ်တည်းဟူသော ထိုအကြောင်း ကြောင့်လည်း။ သော ဘဂဝါ=သည်။ အနုတ္တရောပုရိသ ဒမ္မသာရထိ=အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူ၏။

သတ္ထာဒေဝမနုဿာနံ ဂုဏ်တော်

ယော ဘဂဝါ=သည်။ ....ပတ္တော=မူ၍။ ဒိဋ္ဌဓမ္မိကသမ္ပရာယိကပရမတ္ထေဟိ= မျက်မှောက်ထင်ထင် ရှုမြင်အပ်သော ပစ္စုပ္ပန်အတ္တဘောဌ် ဖြစ်သောအကျိုး, ကောင်းစွာ ရှေးရှုရောက်အပ်လတ္တံသော တမလွန်ဘဝဌ်ဖြစ်သော အကျိုး, ဒိဋ္ဌဓမ္မိကအကျိုး သမ္ပရာယိကအကျိုးတို့ထက် ကဲလွန် မွန်မြတ်သော နိဗ္ဗာန်တည်းဟူသော အကျိုးတို့ဖြင့် ။ ယဒထာရဟံ = ထိုက်သည်အား လျော်စွာ။ ဝါ=အကြင်အကြင်သူသည် အကြင်အကြင် အကျိုးကို ထိုက်၏၊ ထိုထိုအကျိုးကို ထိုက်သော ထိုထိုသူအား လျော်စွာ။ ဒေဝမနုဿေ=နတ်လူတို့ကို။ ယသ္မာ=ကြောင့်။ အနုသာသတိ=ဆုံးမတော်မူတတ်၏။ ဣတိ တသ္မာ ဒေဝ-မနုဿာနံ အနုသာသကတ္တာပိ=ဒိဋ္ဌဓမ္မိက သမ္ပရာယိက အကျိုး, ဒိဋ္ဌဓမ္မိက သမ္ပရာယိက အကျိုးတို့ထက် ကဲလွန် မွန်မြတ်သော နိဗ္ဗာန်တည်းဟူသော အကျိုးတို့ဖြင့် ထိုက်သည် အားလျော်စွာ နတ်လူတို့ကို ဆုံးမတော် မူတတ်သည်၏ အဖြစ်တည်းဟူသော ထိုအကြောင်းကြောင့်လည်း။ သော ဘဂဝါ=သည်။ သတ္ထာ ဒေဝ မနုဿာနံ=သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏။

တနည်း—ယော ဘဂဝါ=သည်။....ပတ္ဝာ=မူ၍။ ဒေဝမနုဿာနံ=လှည်း ကုန်သည်တည်းဟူသော နတ်လူတို့၏။ ဝါ=လှည်းကုန်သည်နှင့် တူသော နတ်လူတို့၏။ သတ္ထာ ဝိယ=လှည်းကုန်သည် မှူးကဲ့သို့။ ဝါ=....မှူးတရထည်။ ဝါ=....မှူးသဖွယ်။ ဝါ=....မှူးနွယ်။ ဝါ=....မှူးလို့။ ဝါ=....မှူးတန္တု့။ ယသ္မာ=ကြောင့်။ ဝတ္တာတိ=ဖြစ်တော်မူတတ်၏။ ဣတိ တသ္မာ ဒေဝမနုဿာနံ သတ္ထုဘာဝတော-ပိ=လှည်းကုန်သည်တည်းဟူသော နတ်လူတို့၏ လှည်းမှူးကဲ့သို့,....တရထည်, သဖွယ်,နွယ်,လို့,တန္တု့ ပုံစံပြုအပ်သည်၏ အဖြစ်တည်းဟူသော ထိုအကြောင်း ကြောင့်လည်း။ သော ဘဂဝါ=သည်။ သတ္ထာဒေဝမနုဿာနံ=နံမည်တော်မူ၏။

ဗုဒ္ဓါဂုဏ်တော်

ယော ဘဂဝါ=သည်။....ပတ္ဝာ=မူ၍။ သဗ္ဗဓမ္မေ=သခ်ၤါရ, ဝိကာရ, လက္ခဏ, နိဗ္ဗာန်, ပညတ်အားဖြင့် အလုံးစုံသော ဥယျတရား ၅-ပါးတို့ကို။ ဝိမောက္ခန္တိ-ကဉ္စာဏဝသေန=ဝိမောက္ခန္တိကဉာဏ်၏ အစုမ်းအားဖြင့်။ဝါ=အရဟတ္တဖိုလ်၏ အနိုးဥ် ဖြစ်သော သဗ္ဗညုတဉာဏ်၏ အစုမ်းအားဖြင့်။ ယသ္မာ=ကြောင့်။ ဗုဇ္ဈိ=သိတော်မူပြီ။ ဣတိ တသ္မာ သဗ္ဗဥေ ယျဗုဒ္ဓတ္တာပိ=သခ်ၤါရ,ဝိကာရ,လက္ခဏ, နိဗ္ဗာန်, ပညတ်အားဖြင့် အလုံးစုံသော ဥယျတရား ငါးပါးတို့ကို ဝိမောက္ခ ဉာဏ်၏ အစုမ်းအားဖြင့် သိတော်မူပြီးသည်၏ အဖြစ်တည်းဟူသော ထို အကြောင်းကြောင့်လည်း။ သော ဘဂဝါ=သည်။ ဗုဒ္ဓေါ=ဗုဒ္ဓမည်တော်မူ၏။

တနည်း—ယော ဘဂဝါ=သည်။....ပတ္ဝာ=မူ၍။ စတ္တာရိ=ကုန်သော။ သစ္စာနိ=တို့ကို။ အရဟတ္တမဂ္ဂဉာဏေန=အရဟတ္တမဂ်ဉာဏ်ဖြင့်။ အတ္တနာပိ= ကိုယ်တော်တိုင်လည်း။ ယသ္မာ=ကြောင့်။ ဗုဇ္ဈိ=သိတော်မူပြီ။ အညေ=တပါး ကုန်သော။ သတ္တေပိ=ဝေနေယျသတ္တဝါတို့ကိုလည်း။ ဒေသနာဉာဏေန= ဒေသနာဉာဏ်ဖြင့်။ ယသ္မာ=ကြောင့်။ ဗောဓေသိ=သိစေတော်မူပြီ။ ဣတိ တသ္မာ စတုသစ္စဗုဒ္ဓတ္တာပိ = သစ္စာလေးပါးတို့ကို အရဟတ္တမဂ်ဉာဏ်ဖြင့် ကိုယ်တော်တိုင်လည်းသိ တပါးသော ဝေနေယျသတ္တဝါတို့ကိုလည်း ဒေသနာ ဉာဏ်ဖြင့် သိစေတော်မူတတ်သည်၏ အဖြစ်တည်းဟူသော ထိုအကြောင်း ကြောင့်လည်း။ သော ဘဂဝါ=သည်။ ဗုဒ္ဓေါ=ဗုဒ္ဓမည်တော်မူ၏။

ဘဂဝါ ဂဏ်တော်

ကပ္ပသတသဟဿာဓိကာနိ=လုံး။ ....ပတ္တာဿ=သော။ ယဿ ဘဂဝတော =အား။ လောကိယ လောကုတ္တရသုခါဘိနိဗ္ဗတ္တာကံ=လောကီ လောကုတ္တရာ ချမ်းသာကို ဖြစ်စေတတ်သော။ ဒါနသီလာဒိ ံ=ဒါနသီလ အစရှိသော။ ပါရ-ပတ္တံ=အဆုံးသို့ ရောက်ပြီးသော။ ဝါ=ပါရမီ၏ အဖြစ်သို့ ရောက်ပြီးသော။ ဘာဂျ

=ကုသိုလ်ကောင်းမှုတော်သည်။ ယသ္မာ=ကြောင့်။ အတ္ထိ=ရှိတော်မူ၏။ ဣတိ တသ္မာ ဘဂျဝန္တံတ္တာပိ=လောကီလောကုတ္တရာ ချမ်းသာကို ဖြစ်စေတတ်သော ဒါန, သီလအစရှိသော ဆုံးခမ်းတိုင်ရောက်တော်မူသော ကုသိုလ်ကောင်းမှုတော် ရှိတော်မူသည်၏အဖြစ်တည်းဟူသော ထိုအကြောင်းကြောင့်လည်း။သော ဘဂ-ဝါ=သည်။ ဘဂျဝါဟူ၍။ ဝတ္တေဗ္ဗေ=ဆိုအပ်ဆိုသင့်ဆိုထိုက်ပါလျက်။ နိရုတ္တိနယေန=ဝဏ္ဏနာသနိရုတ္တိ, ဝဏ္ဏာဂမနိရုတ္တိနည်းအားဖြင့်။ ဘဂဝါ=ဘဂဝါမည်တော်မူ၏။

တနည်း–ကပွသတသဟဿာဓိကာနိ=ပတ်လုံး။....ပတ္တဿ=သော။ ယဿ ဘဂဝတော=အား။ ဣဿရိယ ဓမ္မ ယသ သီရိ ကာမ ပယတ္တသဒ်္ဒါတာ=ဣဿရိယ, ဓမ္မ, ယသ, သီရိ, ကာမ, ပယတ္တဟုဆိုအပ်ကုန်သော။ ဆ=ခြောက်ပါးကုန်သော။ ဘဂါ=ဘဂတရားတို့သည်။ ဝါ=ဘုန်းတော်တို့သည်။ ယသ္မာ=ကြောင့်။အတ္ထိ=ရှိကုန်၏။ ဣတိ တသ္မာ ဘဂဝန္တံတ္တာပိ=ဣဿရိယ,ဓမ္မ,ယသ, သီရိ, ကာမ, ပယတ္တမည် ဘုန်းခြောက်လိန့်ဂ် ပြည့်စုံတော်မူသည်၏အဖြစ်တည်းဟူသော ထိုအကြောင်းကြောင့်လည်း။ သော ဘဂဝါ=သည်။ဘဂဝါ=ဘဂဝါမည်တော်မူ၏။

ဤသည်သျှင် ကျေးဇူးရှင်ဆရာတော် အရှင်ပညာမဟာထေရ်မြတ် ပါဆုဇီကဏ် နောက်ဆုံးပိတ် ချပို့စဉ် ဘုရားကုဏ်တော် အနက်ဖယာဇနာချက်အကျယ်တည်း။ သုတေသီတို့အကျိုးငှါ ထုတ်ပြခြင်းဖြစ်၏။

သုတေသိနံ ဟိတတ္ထာယ၊ ဥဒ္ဓဋော ဂုဏဝဏ္ဏနော။
သာဓဝေါ နိသာမယန္တု၊ မဟာထေရေ သဂါရဝါ။

ဘုရားကုဏ်တော်အကျဉ်း

ယော ဘဂဝါ=အကြင်မြတ်စွာဘုရားသည်။ ကပွသတသဟဿာဓိကာနိ=ကမ္ဘာတသိန်း အလွန်ရှိကုန်သော။ စတ္တာရိ အသင်္ခ်ေယျာနိ=လေးအသင်္ခ်ေတို့ ကာလပတ်လုံး။ ပါရမိယော=ပါရမီတော်တို့ကို။ ပူရေတ္ဝာ=ဖြည့်ကျင့်တော်မူပြီး၍။ ဗောဓိမဏ္ဍေ=ဗောဓိမဏ္ဍိုင်၌။ ဗောဓိရုက္ခမူလေ=ဗောဓိပင်ရင်း၌။ မာရဘဉ်သင်္ခ်ါတေ=မာရဘောင်ဟုဆိုအပ်သော။ အပရာဇိတပလ္လင်္ကေ=အပရာဇိကပလ္လင်တော်၌။ ဗဟူ=ကိလေသမာရ်, အဘိသင်္ခ်ါရမာရ်, ခန္ဓမာရ်, မစ္စုမာရ်, ဒေဝပုတ္တမာရ်အားဖြင့် ငါးမါးကုန်သော။ မာရေ=မာရ်တို့ကို။ ဘဉ္ဇိတ္ဝာ=ချိုးဖဲ့ဖျက်ဆီးတော်မူပြီး၍။ သမ္မာသမ္ဗောဓိ=အရဟတ္တ မဂ်ဉာဏ် သမ္ပဇညစဉာဏ်တော်သို့။ ပတ္ဝာ=ရောက်တော်မူ၍။ ယေန ကာရဏေန=အကြင်အကြောင်းကြောင့်။ မဂ္ဂေန=အရဟတ္တမဂ်ဖြင့်။ သဝါသနေ=ဝါသနာနှင့်တကွ

ဖြစ်ကုန်သော။ ကိလေသေ—ကိလေသာတို့ကို။ ဝိဒ္ဓံသေတွာ=ဖျက်ဆီးတော်မူပြီး၍။ သဗ္ဗကိလေသေဟိ=တို့မှ။ အာရကာ=ဝေးကွာတော်မူ၏။ သောဘဂဝါ=သည်။ ဣတိပိ ဣမိနာ စ ကာရဏေန=အလုံးစုံသော ကိလေသာတို့မှ ဝေးကွာတော်မူသည်၏ အဖြစ်တည်းဟူသော ဤအကြောင်းကြောင့်လည်း။ အရဟံ=အရဟံမည်တော်မူ၏။

သော ဘဂဝါ=သည်။ ဣတိပိ ဣမိနာ စ ကာရဏေန=အဘိညေယျ, ပရိညေယျ, ပဟာတဗ္ဗ, သစ္ဆိကာတဗ္ဗ, ဘာဝေတဗ္ဗဟုဆိုအပ်သော အလုံးစုံသော သင်္ခတ, အသင်္ခတ တရားတို့ကို မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ ကိုယ်တော်တိုင် သာလျှင် သိတော်မူပြီးသည်၏အဖြစ်တည်းဟူသော ဤအကြောင်းကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ=သမ္မာသမ္ဗုဒ္ဓမည်တော်မူ၏။

သော ဘဂဝါ=သည်။ ဣတိပိ ဣမိနာ စ ကာရဏေန=ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏတဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူသည်၏အဖြစ်တည်းဟူသော ဤအကြောင်းကြောင့်လည်း။ ဝိဇ္ဇာစရဏသမ္ပန္နော=ဝိဇ္ဇာစရဏသမ္ပန္နမည်တော်မူ၏။

သော ဘဂဝါ=သည်။ ဣတိပိ ဣမိနာ စ ကာရဏေန=ထက်ဝန်းကျင်မှသဲနုရင်းစင်ကြယ်သည်ဖြစ်၍ အပြစ်မရှိ တင့်တယ်သော နိဗ္ဗာန်ရောက်ကြောင်းအရိယာမဂ် တည်းဟူသော တရားကောင်း ရှိတော်မူသည်၏အဖြစ်တည်းဟူသော ဤအကြောင်းကြောင့်လည်း။သုဂတော=သုဂတမည်တော်မူ၏။

သော ဘဂဝါ=သည်။ ဣတိပိ ဣမိနာ စ ကာရဏေန=သတ္တ, သင်္ခါရ, ဩကာသနှင့် သုံးဖြာလောက ဟူသမျှ၏ တစမကျန် ကိုယ်တော် ဉာဏ်ဖြင့် ဝေဖန်ပိုင်းဖြတ် ကြွင်းမလပ်အောင် သိပြီးသော လောကရှိတော်မူသည်၏အဖြစ်တည်းဟူသော ဤအကြောင်းကြောင့်လည်း။ လောကဝိဒူ=လောကဝိဒူမည်တော်မူ၏။

သော ဘဂဝါ=သည်။ ဣတိပိ ဣမိနာ စ ကာရဏေန=သီလ အစရှိသော ဂုဏ်ကျေးဇူးတို့ဖြင့် ကိုယ်တော့်ထက် အထူးသဖြင့် ထူးကဲလွန်မြတ်သော တစုံတယောက်သောပုဂ္ဂိုလ် ရှိတော်မမူသည်၏ အဖြစ်တည်းဟူသော ဤအကြောင်းကြောင့်လည်း။ အနုတ္တရော=အနုတ္တရမည်တော်မူ၏။

သော ဘဂဝါ=သည်။ ဣတိပိ ဣမိနာ စ ကာရဏေန=မယဉ်ကျေးသည်ဖြစ်၍ ယဉ်ကျေးအောင် ဆုံးမခြင်းငှါ ထိုက်ကုန်သော တိရစ္ဆာန်ယောကျ်ား, လူယောကျ်ား, နတ်ယောကျ်ားတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သည်၏ အဖြစ်တည်းဟူသော ဤအကြောင်းကြောင့်လည်း။ ပုရိသဒမ္မသာရထိ=ပုရိသဒမ္မသာရထိ မည်တော်မူ၏။

သော ဘဂဝါ=သည်။ ကွတိပိ ကွမိနာ စ ကာရဏေန = မျက်မှောက်ထင်ထင် ရှုမြင်အပ်သော ပစ္စုပ္ပန်အတ္တဘောဒ္ဒြဖြစ်သောအကျိုး, ကောင်းစွာရှေးရှုရောက်အပ်လာဘံသော တမလွန်ဘဝဒ္ဒြဖြစ်သောအကျိုး, ထိုဒိဋ္ဌမ္မိက, သမ္ပရာယိက အကျိုးတို့ထက် ကဲလွန်မွန်မြတ်သော နိဗ္ဗာန်တည်းဟူသောအကျိုးတို့ဖြင့် ထိုက်သည့်အားလျော်စွာ ဆုံးမတော်မူတတ်သည်၏ အဖြစ်တည်းဟူသော ဤအကြောင်းကြောင့်လည်း။ သတ္ထာဒေဝမနုဿာနံ=သတ္ထာဒေဝမနုဿာနံမည်တော်မူ၏။

သော ဘဂဝါ=သည်။ ကွတိပိ ကွမိနာ စ ကာရဏေန=သဒ္ဓါရုဝိကာရ, လက္ခဏာ, နိဗ္ဗာန်, ပညတ် အားဖြင့် အလုံးစုံသော ဥယျတရား တို့ကို ဝိမောက္ခန္တိကညာဏ်၏ အစုမ်းအားဖြင့် သိတော်မူပြီးသည်၏ အဖြစ်တည်းဟူသော ဤအကြောင်းကြောင့်လည်း။ ဗုဒ္ဓေါ=ဗုဒ္ဓမည်တော်မူ၏။

သော ဘဂဝါ=သည်။ကွတိပိ ကွမိနာ စ ကာရဏေန=လောကီ လောကုတ္တရာ ချမ်းသာကို ဖြစ်စေတတ်သော ဒါန, သီလ အစရှိသော အဆုံးသို့ရောက်သော ကုသိုလ်ကောင်းမှုတော် ရှိတော်မူသည်၏ အဖြစ်တည်းဟူသော ဤအကြောင်းကြောင့်လည်း။ ဘဂဝါ=ဘဂဝါ မည်တော်မူ၏။

ဤသည်ကား ဆရာတော် အရှင်ပညာ ပါရာဇိကဏ် ချပို့တော်မူစဉ် ယောဇနာ၍ ဘုရားဇီနော်အား ပူဇော်သော ဘုရားဂုဏ်တော်အနက် အကျဉ်းတည်း။

သခ်ိမ ယောဇနာယာပိ၊ ဇိနသ ဂုဏတန္တိယာ။
ပူဇံ သောကာသိ သော ထေရော၊ ဂန္ဆသာ ဝါစနေ သုဓိ။

ပါရာဇိကဏ်ဈစဉ် အနက်တချို့.

ဆရာတော် ပါရာဇိကဏ် ချပို့စဉ်က ပြန်ဆိုသော အနက်တချို့ကို ဤ၌ ဖော်ပြအပ်ပါသည်။

ဘဂဝါ=မာရဘင်ခေါ် ပလ္လင်တော်၌ ငါးဘော်မာရ်စုတ် တရားယုတ်ကို ဖျက်ဖြုတ်ချိုးဖဲ့တော်မူတတ်သော။ ဗုဒ္ဓေါ=မြတ်စွာဘုရားသည်။

တနည်း—ဗုဒ္ဓေါ=အတ္တကိလမထာနုယောဂ, ကာမသုခလ္လိကာနု ယောဂ အားဖြင့် နှစ်ပါးသော အယုတ်တရားတို့ကို ပယ်ထုတ်တော်မူတတ်သော။ ဘဂဝါ=သည်။

ဘော=အိုအချင်းတို့။ ဝါ=အိုလူရောနှတ်ပါ သတ္တဝါအပေါင်းတို့။

ဂါတမော=ဂေါတမအနွယ်ရှိတော်မူသော။ ဝါ=ဂေါတမ အနွယ်၌ဖြစ်တော်မူသော။

ကိတ္တိသဒ္ဒါ=ချီးပွဲအံ့သြ ကျော်စော သံသည်။ ဝါ=လူနတ် ဗြဟ္မာသတ္တဝါတို့အား ပြောကြားသိစေအပ်သောအသံသည်။**ဝံ**=သို့။**အဗ္ဘုဂ္ဂတော**=ဘဝင်မဆန့် ပို့နှံ့လှမ်း၍ တက်ပြီ။

ကေမန္တံ=သင့်တင့်လျောက်ပတ်စွာ။ ဝါ=ဝေး,နီး,လေညာ,မြင့်မူထာနှင့် မျက်နှာချင်းအပ် နောက်ကျောရပ်ဟု ခြောက်ထပ်ဖြစ်ကွာ သင့်တင့်ထာညှန်း တခုသော အရပ်အစွန်းရှိအောင်။

ဇင်္ဃော=ပမာသစ်သီး ကြွလုနီးသို့ ရင့်ယော်ယိုယွင်း အိုမင်းလှကုန်ပြီးသော။

ဝယောအနုပ္ပတ္တော=အာယုကပ်သတ် သုံးစုဝက်၍ အထက်ပစ္ဆိမအရွယ်သို့ ရောက်ကျကုန်ပြီးသော။

တဇ္ဇဝ=တဆံ **ဧဝ**=ယခုလက်ငင်း ပက်ပင်း မြင်ရသည်နှင့် မထူးကြားဘူးသည့်အတိုင်း မှန်ပေသည်သာလျှင်။ ဟောတိ=ဖြစ်၏။

ပါပကာနံ=ယုတ်မာကုန်သော။ ဝါ=မိမိကိန်းရာ သတ္တဝါကို အပါယ်လေးဝသို့ ကျရောက်စေတတ်ကုန်သော။

ဘဂဝါ=ဓမ္မိဿရ ဓမ္မရာဇ ဓမ္မသာမိ တထာဂတ ဘေဂဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်။

ပါဏုပေတံ=နှစ်ပါးကုန်သော ရုပ်သက် နာမ်သက်တို့နှင့် ပြည့်စုံသရွေ့ကာလပတ်လုံး။

ဒုဇ္ဇီကွာ=ရခဲသော ထမင်းရှိသည်။ ဝါ=ငတ်မွတ်ခေါင်းပါး အစာရှားသည်။

ဒီဃိတိကာ=ရကုန်အံ့လော မရကုန်အံ့လောဟု နှစ်ဖြာကဲ့သော စိတ်၏ဖြစ်ခြင်းရှိသည်။ ဝါ=ဆင်းရဲငြိုငြင်သဖြင့် အသက်မွေးရခြင်းရှိသည်။

သေတဋ္ဌိကာ=ဖွေးဖွေးဖြူသော လူရိုးရှိသည်။ တနည်း—**သေတဋ္ဌိကာ**=ဖလံဖြူခေါ်ယော ကောက်ရောဂါရှိသည်။

သာလာကာဝုတ္တာ=စိုက်ပျိုးအပ်သောကောက်ရိုးပင်တန်မျှသာရှိသည်။ ဝါ=စာရေးတန်ဖြင့် အသက်မွေးရရှာသည်။

နသုကရာ ဥဇ္ဇုနပဂ္ဂဟနယာပေတုံ[1]

ဥဇ္ဇုန=ဆွမ်းကို ရှာမှီးကြောင်း ဖြစ်သော **ပဂ္ဂဟန**=ပွေ့ပိုက်အပ်သော သပိတ်ဖြင့်။

၁။ ပါထုဇ်က ပါဠိ-၇။

တနည်း—ပဂ္ဂဟေန=လက်ဖြင့် ပွေ့ပိုက်အပ်သော။ **ဥဩဒန**=ဆွမ်းကို ရှာမှီးကြောင်းဖြစ်သော သပိတ်ဖြင့်။

တနည်း–ဥဩဒန ပဂ္ဂဟေန=သပိတ်ကိုလက်စွဲ၍ ဆွမ်းခံသဖြင့်။

ယာပေတုံ=မျှတခြင်းငှါ။ (တထပ်စာမျှ မျှတခြင်းငှါ) နှ သုကရာ= မလွယ်သည်။ ဟောတိ=၏။

"ကိံနုခေါ သော အာနန္ဒ ဥဒုက္ခလသဒ္ဒါ"တိ

အာနန္ဒ=အာနန္ဒာ (ညီဘွားလိမ္မာ အာနန္ဒာ)။ **သော ဥဒုက္ခလသဒ္ဒါ**= ထိုဆုံငယ်သံသည်။ **ကိံ**=အဘယ်အကြောင်းကြောင့်။ ဟောတိ **နုခေါ**=ဖြစ်ရ လေဘိသနည်း။

တနည်း—အာနန္ဒ=အာနန္ဒာ။ **ယော ဥဒုက္ခလသဒ္ဒါ**=အကြင်ဆုံငယ်သံကို။ **မယာ**=ငါဘုရားသည်။ **သုယျတိ**=ကြားတော်မူအပ်၏။ **သော ဥဒုက္ခလ-သဒ္ဒါ**=ထို ငါဘုရား ကြားတော်မူအပ်သော ဆုံငယ်သံသည်။ **ကိံ**=အဘယ် ကြောင့်။ဟောတိ **နုခေါ**=ဖြစ်သနည်း။ ဣတိ=ဤသို့။ **အာမေန္တသိ**=ပြီ။

"ပစ္ဆိမာ ဇနတာ သာလိမံသောဒနံ အတိမညိဿတီ"တိ

ပစ္ဆိမာ=နောက်ဖြစ်လတ္တံ့သော။ **ဝါ**=နောက်ပေါ်လတ္တံ့သော။ **ဇနတာ**= သင်္ဃာ၏ သီတင်းသုံးဘော်ဖြစ်ကြသော ရဟန်းအပေါင်းသည်။

တနည်း— ပစ္ဆိမာ ဇနတာ=သင်္ဃာ၏ သီတင်းသုံးဘော်ဖြစ်ကြသော နောက်ဆက်တဲ့ ရဟန်းအပေါင်းသည်။ **သာလိမံသောဒနံ**=သလေးဆန်နှင့် အသား ရောချက်အပ်သောဆွမ်းကို။ **ဝါ**=သလေးသားပြွမ်း ဆွမ်းကို။ **ဝါ**= သလေးဆန်နှင့် အသားရော၍ ချက်ပြုပ်အပ်သော ဒန်ပေါက်ဆွမ်းကို။ **အတိမ-ညိဿတိ**=ဒုတိုင်းဒုရွာကိုလွန်၍ အောက်မေ့မှတ်ထင်ကြလတ္တံ့။ **ဝါ**=မထီမဲ့မြင် ပြုကြတော့လတ္တံ့။ **ဝါ**=အယုတ်အားဖြင့် သိကြတော့လတ္တံ့။ ဣတိ = ဤသို့။ **အဝေါစ**=ပြီ။

ကေမန္တံ နိသီဒိ[၂]

ကေမန္တံ=သင့်တင့်လျောက်ပတ် ပြစ်ခြောက်ရပ်မှ ကင်းလွတ်စင်ကွာ သင့် တင့်ချမြစ်သော အရပ်စွန်းတခုဌ်။ **နိသီဒိ**=ထိုင်နေပြီ။

၁။ ပါရာဇိကပါဠိ-၇။　　၂။ ပါရာဇိကပါဠိ-၈။

ဤသည်လျှင် ဆရာတော်ဘုရားကြီး ပါရာဇိကဏ် ချစဉ်က အနက်ယောင် နာတော် မူခဲ့ပုံ အမြွက်တည်း။ သာမညနည်းရ ရိပ်မိရုံ ဖော်ပြခြင်း ဖြစ်၏။ ပြည့်စုံစွာ ဖော်ပြရန်လည်း အခွင့်အခါ အရာမဟုတ်ပါချေ။

အတ္ထယုတ္တိပိ ထေရဿ၊ ဉဒ္ဒဠာ သာဓုထောမိတာ။
သာဓဝေါ သမုဒိက္ခန္တု၊ အဋ္ဌိံ ကတ္ဝာန ပဏ္ဍိတာ။

ပဥ္စပညာသမပိုင်း (က)

အဘိဓမ္မာပိဋကကို ထပ်မံ၍ နောက်ဆုံး ချပို့တော်မူခြင်း

ဆရာတော်သည် အဘိဓမ္မာ ပိဋကကိုလည်း ၁၃၀၀-ပြည့်နှစ် ဝါဆိုလဆုတ် ၄-ရက်နေ့မှစ၍ ထပ်မံချပို့တော်မူသည်။ ပဌမဦးစွာ ဓမ္မသင်္ဂဏိပါဠိတော်ကို အဋ္ဌသာလိနီအဋ္ဌကထာ, မူလဋီကာနှင့်တွဲ၍ ချပို့ရာ တိုက်တွင်းရှိ ရာပေါင်း များစွာသော သံဃာတော်တို့ လိုက်နာသင်ယူကြကုန်၏။ သာသန ဇောတိပါလ ကျောင်းကြီး ပြည့်လုနီးပါး စာလိုက်သံဃာတော်တို့ များပြားကြကုန်၏။

အဋ္ဌသာလိနီ ချပို့စဉ် အနက်ပေးပုံ နည်းအမြွက်

အဋ္ဌသာလိနီချတော်မူစဉ်က ဆရာတော် အနက်ယောင်နာပုံတချို့ကိုလည်း စာပေသမား သုတေသီတို့အတွက် ထုတ်ပြဦးအံ့။ ဘုရားရှင် သာသနာတော်ကိုဌင်း, ဆရာတော်ဘုရားကြီးကိုဌင်း ကြည်ညိုယိုဖိတ် သဒ္ဓါပသန္နစိတ္တုပ္ပါဒ်ဖြင့် ကြည့်ရှုရာ၏။

သော... ဉဒါနံ ဉဒါနေသိ—
အတ္ထေဝ ဂမ္ဘီရဂတံ သုဒုဒ္ဒသံ၊
သဃံ အာဘိညာယ သဟေတုသမ္ဘဝံ။
ယထာနုပုဗ္ဗံ နိခိလေန ဒေသိတံ၊
မဟေသိနာ ရူပဂတံဝ ပဿတိတိ[၁]။

သော ထေရော=ထိုမဟာဂတိဂမိယတိဿထေရ်သည်။ အတ္ထေဝ ဂမ္ဘီရဂတံ သုဒုဒ္ဒသံ....ရူပဂတံဝ ပဿတိတိ=....ဟူ၍။ ဝါ=သော။ ဣဒံ ဉဒါနံ = ဤဝမ်းမြောက်နှစ်သက် ပီတိစက်ကြောင့် စိတ်နှလုံးမှ ပိုလို့၍ ထွက်သော အမြွက်စကားကို။ ဉဒါနေသိ=မြွက်ဆို ကျူးရင့်တော်မူပြီ။ စက္ခုမာ=မျက်စိအမြင် ရှိသောသူသည်။ ဝါ=မျက်လုံး မျက်ဖန် အမြင် သန်သောသူသည်။ ရူပဂတံ=

၁။ အဘိ၊ဋ္ဌ၊၁-၁၃။(အဋ္ဌသာလိနီ အဋ္ဌကထာ နိဒါနကထာ)

ဟတ္ထဂတရူပံ=လက်ဝယ်တင်ထား အညစ်အကျေး ကင်းခဲသာ ပတ္တမြားကို။ စက္ခုနှာ=ပကတိပသာဒစက္ခုဖြင့်။ ပဿတိဂ္ဂဝ=မြင်ဘိသကဲ့သို့။ တထာ=ထို့အတူ။ နိခိလေန=အကြွင်းအကျန် မရှိသောအားဖြင့်။ ဝါ=စိတ်၏ တံသင်းငြောင့်ငါးစင်းမှ ကင်းတော်မူပြီးသော။ မဟောသိနာ=သီလကွန်ရှစ်သည်ကျေးဇူးဂုဏ်အထူးကို ရှင်မြူးဝမ်းသာ ရွှာမှီးတော်မူဘတ်သော မြတ်စွာဘုရားသည်။ သဟေတုသမ္ဘဝံ=ဟေတုပစ္စည်း အစရှိသော ၂၄-ပစ္စည်းဟု ဆိုအပ်သော အကြောင်းတရားတို့နှင့် တကွဖြစ်၍ ထိုဟေတုပစ္စည်း အစရှိသော ၂၄-ပစ္စည်း ဆိုအပ်သော အကြောင်းတရားတို့ကြောင့်ဖြစ်သော သဟိတ်စိတ် ဧကသတ္တတိ မောဟမူဒ္ဒေးခြို့ မောဟကြဉ်သော စေတသိက် ဒွဒ္ဒပညာသ, သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ် အစရှိသော အကျိုးပစ္စယုပ္ပန် တရားကို။ သယံ=ကိုယ်တော်တိုင်။ အဘိညာယ=ထူးသော သဗ္ဗညုတ ဉာဏ်ဖြင့်သိတော်မူ၍။ ယထာနုပုဗ္ဗံ=အနုလောမအစရှိသည့်, တိက အစရှိသည့်, ပဋိစ္စဝါရ အစရှိသည့်, ပစ္စယာနုလောမ အစရှိသည့်, ဟေတုမူလက အစရှိသည်ဟုဆိုအပ်သော နည်းတို့၏ အကြင်အကြင်သို့သော အစဉ်အားဖြင့်။ ဒေသိတံ = ဟောတော်မူအပ်သော။ သုဒုဗ္ဗုခံ= လွန်စွာဆင်းရဲခြိုခြင်း ခိုဝင်မရ ပင်ပန်းလှသဖြင့် သိအပ်သော။ ဝါ=လွန်စွာ သိနိုင်ခဲသော။ ဝါ=လွန်စွာ အသိခက်သော။ ဂမ္ဘီရဂတံ= နက်နဲသော။ ဝါ=နက်နဲသော ဖြစ်ခြင်းရှိသော။ ဝါ= နက်နဲသည်၏ အဖြစ်သို့ ရောက်သော။ စတုဝီသတိဟေဒံ=၂၄-ပါး အပြားရှိသော။ သမန္တပဋ္ဌာနံ=အနန္တနယ သမန္တပဋ္ဌာန်း ကျမ်းတော်ကြီးကို။ ယော ဗုဒ္ဓသာဝကော=အကြင် မြတ်စွာဘုရား၏ တပည့်သား သာဝကသည်။ ပဋိဝေဓဉာဏေန=ပဋိဝေဓဉာဏ်ဖြင့်။ ပဿတိ=မြင်နိုင်၏။ သော ဗုဒ္ဓသာဝကော= ထို၂၄-ပါး အပြားရှိသော အနန္တနယသမန္တ ပဋ္ဌာန်းကျမ်းကြီးကို ပဋိဝေဓဉာဏ်ဖြင့် မြင်နိုင်သော မြတ်စွာဘုရား၏ တပည့်သား သာဝကသည်။ ဣမသ္မိံ သာသနေ=ဤ မြတ်စွာဘုရား၏ သာသနာတော်၌။ အတ္ထေဝ=အတ္ထိ ဧဝ= ထင်ရှား ရှိပေသည်သာလျှင် တည်း။ နော နတ္ထိ=ထင်ရှား မရှိသည်မဟုတ်။

ယဒါဟဝေ သုံးဂါထာပါဠိတော်နိဿယ

(၁) ယဒါ ဟဝေ ပါတုဘာဒန္တိ ဓမ္မာ၊
အာတာပိနော စျာယတော ပြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ပဇာနာတိ သဟေတုဓမ္မံ။

(၂) ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော စျာယတော ပြာဟ္မဏဿ။

အထဿ ကခ်ိ ဝပယန္တိ သဗ္ဗာ၊
ယတော ခယံ ပစ္စယာနံ အဓေဒိ။

(၃) ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော စျာယတော ဗြာဟ္မဏဿ။
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊
သူရိယောဝ ဩဘာသယမန္တလိက္ခံ[1]။

(၁) အာတာပိနော=လွန်မင်းပြင်းထန်စွာ ကိလေသာတို့ကို ပူပန် စေတတ်သော သမ္မပ္ပဓာန်လုံလ ဝီရိယရှိသော။ စျာယတော=စျာယန္တဿ= အာရမ္မဏူပနိဇ္ဈာန် လက္ခဏူပနိဇ္ဈာန်တို့ဖြင့် ကသိဏ်း အစရှိသော အာရုံ, အနိစ္စ အစရှိသော လက္ခဏာတို့ကို ကပ်၍ ရှုတတ်သော။ ဗြာဟ္မဏဿ= အပပ္ပြုအပ်ပြီးသော မကောင်းမှု အကုသိုလ်ရှိသော။ ဝါ=မကောင်းမှု အကု သိုလ်ကို အပပ္ပြုပြီးသော။ ယဿ ခီဏာသဝဿ=အကြင် ရဟန္တာပုဂ္ဂိုလ်အား ယဒါ=အကြင်အခါ၌။ ဟဝေ=စင်စစ်။ ဓမ္မာ=သုံးဆယ့်ခုနစ်ပါးသော ဗောဓိ ပက္ခိယတရားတို့သည်။ ဝါ=သစ္စာလေးပါး တရားတို့သည်။ ပါတုဘဝန္တိ= ထင်ရှားဖြစ်ပေါ်လာကုန်၏။

အထ တသ္မိံ ကာလေ=သုံးဆယ့်ခုနစ်ပါးသော ဗောဓိပက္ခိယ တရား သစ္စာလေးပါး တရားတို့ ထင်ရှားဖြစ်ပေါ်လာရာ ထိုအခါ၌။ အာတာပိနော= လွန်မင်းပြင်းထန်စွာ ကိလေသာတို့ကို ပူပန်စေတတ်သော သမ္မပ္ပဓာန်လုံလ ဝီရိယ ရှိသည်ဖြစ်၍။ စျာယတော=စျာယန္တဿ=အာရမ္မဏူပနိဇ္ဈာန် လက္ခဏူပနိဇ္ဈာန်တို့ဖြင့် ကသိဏ်းအစရှိသော အာရုံ, အနိစ္စအစရှိသော လက္ခ ဏာတို့ကို ရှုသည်ဖြစ်၍။ ဗြာဟ္မဏဿ=အပ ပ္ပြုအပ်ပြီးသော မကောင်းမှု အကု သိုလ် ရှိသည်ဖြစ်၍။ပါတုဘူတဓမ္မဿ=ထင်ရှား ဖြစ်ပေါ်လာပြီးသော သုံးဆယ့် ခုနစ်ပါးသော ဗောဓိပက္ခိယ တရားရှိသော။ ဝါ=ထင်ရှားဖြစ်ပေါ်လာပြီးသော သစ္စာလေးပါး တရားရှိသော။ အဿ ခီဏာ သဝဿ=ထို ရဟန္တာ ပုဂ္ဂိုလ်အား။ သဗ္ဗာ=တခုမကြွင်း ခပင်းဥဿုံ အလုံးစုံကုန်သော။ ကခ်ိ=ရှစ်ပါးသော ယုံမှားခြင်း တဆယ့်ခြောက်ပါးသော ယုံမှားခြင်းတို့သည်။ ဝပယန္တိ=ဝိအပ ယန္တိ=ကင်းချုပ်ကုန်၏။ ကဿ=ကြောင့်။ အာတာပိနော=သည်ဖြစ်၍။ စျာယတော=စျာယန္တဿ=၍။ ဗြာဟ္မဏဿ=၍။ ဝါ=၍။ ပါတုဘူတဓမ္မဿ =သော။ ဝါ=သော။ အဿ ခီဏာသဝဿ=အား။ သဗ္ဗာ=ကုန်သော။ ကခ်ိ=တို့သည်။ ဝပယန္တိ=ဝိအပယန္တိ=ကုန်သနည်း။ ဣတိ အယံ=သည် ကား။ ပုစ္ဆာ=တည်း။

၁။ ဝိ၁-၂။ဥဒါနပါဠိ-၃၈-၃၉။

အတာ၁ပီ=လွန်မင်း ပြင်းထန်စွာ ကိလေသာတို့ကို ပူပန်စေတတ်သော သမ္မပ္ပဓာန် လုံ့လဝီရိယရှိသည်။ စျာ:ယန္တော = မကောင်းမှုကို ရှိ့မြိုက်ပြီး သည်။ ဝါ=အာရမ္မဏူပနိဇ္ဈာန် လက္ခဏူပနိဇ္ဈာန် တို့ဖြင့် ကသိုဏ်း အစရှိသော အာရုံ, အနိစ္စအစရှိသော လက္ခဏာတို့ကို ကပ်၍ ရှုတတ်သည်။ ဗြာဟ္မဏော= အပပြုအပ်ပြီးသော မကောင်းမှု အကုသိုလ်ရှိသည်။ ဝါ=မကောင်းမှု အကုသိုလ်ကို အပပြုပြီးသည်။ ဟုတ္ဝာ=၍။ ပါတုဘူတဓမ္မော=ထင်ရှား ဖြစ်ပေါ်လာပြီးသော သုံးဆယ့်ခုနစ်ပါးသော ဗောဓိပက္ခိယ တရားရှိသော။ ဝါ= ထင်ရှား ဖြစ်ပေါ်လာပြီးသော သစ္စာလေးပါး တရားရှိသော။ ဒိဏ္ဏာသဝေါ= ရဟန္တာ ပုဂ္ဂိုလ်သည်။ ယတော ယသ္မာ=အကြောင်းကြောင့်။ သဟေတုဓမ္မံ= အဝိဇ္ဇာ အစရှိသော အကြောင်း ပဋိစ္စသမုပ္ပါဒ် တရားတို့နှင့်တကွဖြစ်သော သခါရ အစရှိသော အကျိုး ပဋိစ္စသမုပ္ပါဒ်တရားကို။ ဝါ=ဟေတု ပစ္စည်း အစရှိသော ၂၄-ပစ္စည်းဟု ဆိုအပ်သော အကြောင်း တရားတို့နှင့် တကွ ဖြစ်သော သဟိစိတ် ဧကသတ္တတို့, မောဟမူဒ္ဓေ၌ မောဟကြဉ်သော စေတ သိတ် ဒ္ဒေပညာသ, သဟိတ်စိတ္တဇရုပ်, သဟိတ် ပဋိသန္ဓေကမ္မဇရုပ် အစရှိသော အကျိုးပစ္စယုပ္ပန်တရားကို။ ပဇာနာတိ=အပြားအားဖြင့် သိနိုင်၏။ တသ္မာ= ထိုသို့ အာတာ၁ပီ, စျာယန္တ, ဗြာဟ္မဏ, ပါတုဘူတဓမ္မဖြစ်သော ရဟန္တာပုဂ္ဂိုလ်၏ ပဋိစ္စသမုပ္ပါဒ်, ပစ္စည်း ပစ္စယုပ္ပန် တရားကို အပြားအားဖြင့် သိနိုင်သည်၏အဖြစ် ကြောင့်။ အာတာ၁ပီနော=သည်ဖြစ်၍။စျာယတော=စျာယန္တသ=၍။ ဗြာဟ္မ-ဏသ=၍ ။ဝါ=၍။ ပါတုဘူတဓမ္မသ=သော။ ဝါ=သော။ အသ ခီဏာသဝ-သ=အား။ သဗ္ဗာ=ကုန်သော။ ကခ်ါ=တို့သည်။ ဝပယန္တိ=ဝိအပယန္တိ=ကင်း ချုပ်ကုန်၏။ ဣတိ အယံ=ဤသည်ကား။ ပရိဟာရော=အဖြေတည်း။

(၂) အာတာ၁ပီနော စျာယတော = စျာယန္တသ ဗြာဟ္မဏသ ယသ ခီဏာသဝသ=အား။ ယဒါ=၌။ ဟဝေ=စင်စစ်။ ဓမ္မာ=တို့သည်။ ဝါ=တို့ သည်။ ပါတုဘဝန္တိ=ကုန်၏။ အထ တသ္မိံ ကာလေ=၌။ အာတာ၁ပီနော=ဖြစ် ၍။ စျာယတော=စျာယန္တသ=၍။ ဗြာဟ္မဏသ=အား။ သဗ္ဗာ=ကုန်သော။ ကခ်ါ=တို့သည်။ ဝပယန္တိ ဝိအပယန္တိ=ကုန်၏။ တသ္မာ=ကြောင့်။ အာတာ၁ပီ-နော စျာယတော=စျာယန္တသ ဗြာဟ္မဏသ ပါတုဘူတဓမ္မသ အသ ခီ-ဏာသဝသ သဗ္ဗာ ကခ်ါ ဝပယန္တိ=ဝိအပယန္တိ=နည်း။ ဣတိ အယံ ပုစ္ဆာ= တည်း။

အာတာ၁ပီ=သည်။စျာယန္တော=သည်။ဗြာဟ္မဏော=ဟုတ္ဝာ=၍။ပါတုဘူတ ဓမ္မော=သော။ ဝါ=သော။ ခီဏာသဝေါ=သည်။ ယတော ယသ္မာ=ကြောင့်။ ပစ္စယာနံ=အဝိဇ္ဇာ အစရှိကုန်သော အကြောင်းတို့၏။ ခယံ= ကုန်ရာကုန် ကြောင်းဖြစ်သော နိဗ္ဗာန်ကို။ အဝေဒိ=ထိုးထွင်း၍ သိပြီ။ တသ္မာ=ထိုသို့ အာ

တာပီ စျာယန္တ ဗြာဟ္မဏ ပါတုဘူတဓမ္မဖြစ်သော ရဟန္တာပုဂ္ဂိုလ်၏အဝိဇ္ဇာအစ ရှိကုန်သော အကြောင်းတရားတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော နိဗ္ဗာန်ကို ထိုးထွင်း၍ သိပြီးသည်၏ အဖြစ်ကြောင့်။ အာတာပီနော....ဝယန္တိ=ဝိအပယန္တိ=ကင်းချုပ်ကုန်၏။ ဣတိ အယံ=ဤသည်ကား။ ပရိဟာရော=အဖြတည်း။

(၃) အာတာပီနော စျာယတော=စျာယန္တသာ ဗြာဟ္မဏသာ ယသာ ခီဏာသဝဿ=အား။ယဒါ=၌။ဟဝေ=စင်စစ်။ ဓမ္မာ=တို့သည်။ ဝါ=တို့သည်။ ပါတုဘဝန္တိ=ကုန်၏။ တဒါ=သုံးဆယ့် ခုနစ်ပါးသော ဗောဓိပက္ခိယတရား သစ္စာလေးပါး တရားတို့ ထင်ရှားဖြစ်ပေါ်လာရာ ထိုအခါ၌။ သူရိယော=နေမင်းသည်။ တမံ=အမိုက်မှောင်ကို။ ဝိဓူပယံ=ဝိဓူပယန္တော= ခါတုံက်ဖျက်ဆီးလျက်။ အန္တလိက္ခံ = ကောင်းကင်ကို။ ဩဘာသယံ=ဩဘာသယန္တော= ထွန်းလင်းတောက်ပစေလျက်။ တိဋ္ဌတိ ဣဝ=တည်ဘိသကဲ့သို့။ တထာ=တူ။ အာတာပီ=သည်။ စျာယန္တော=သည်။ ဗြာဟ္မဏော=သည်။ ဟုတ္ဝာ=၍။ ပါတုဘူတဓမ္မော=သော။ ဝါ=သော။ သော ခီဏာသဝေါ=သည်။ မာရသေနံ=မာရ်မင်း မာရ်မင်း၏ စစ်သည်ကို။ ဝိဓူပယံ=ဝိဓူပယန္တော=ခါတုံက်ဖျက်ဆီးလျက်။ လောကံ=သတ္တလောကကို။ ဝါ=သတ္တဝါ အဖေါင်းကို။ ဝါ= သတ္တဝါတွေကို။ ဩဘာသယံ=ဩဘာသယန္တော= စေလျက်။ တိဋ္ဌတိ= တည်၏။

ဤသည်လျှင် ဆရာတော်ဘုရားကြီး အဋ္ဌသာလိနီ အဋ္ဌကထာ ချစဉ်က ယောဇနာခဲ့သော ယဒါ ဟဝေ သုံးဂါထာ အနက်တည်း။ နှုတ်ရဆောင်၍ ပူဇော်ရာသတည်း။

ယဒါ ဟဝေတိ ဂါထာနံ၊ ယောဇနာ ဒဿိတာ မယာ။
ဝါစိတာ ထေရသေဋ္ဌေန၊ ယထာ ပဿန္တု သာဓဝေါ။

ၚင်းပြင် အနေကဇာတိသံသာရံ အစရှိသော မြတ်စွာဘုရား၏ ဥဒါန်း ဂါထာကြီးကိုလည်း မတိုမရှည် အနက် ယောဇနာခဲ့ရာ အောက်ပါအတိုင်း ဖတ်ရှုလေ့လာ ကြည်ညိုရာ၏။

အနေကဇာတိသံသာရံ ဥဒါန်းပါဠိဂါထာ နိဿယ

အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။
ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ။

သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋ္ဌံ ဝိသခ်ံတံ။
ဝိသခ်ါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ[1]။

ဇရာ ဗျာဓိ မရဏ မိဿာ=အိုခြင်း, နာခြင်း, သေခြင်းဘေးနှင့် လုံးထွေး ရောနှောသော်ဘ။ သော ဇာတိ=ဤ ပဋိသန္ဓေနေရခြင်းတည်း ဟူသော ဇာတိသည်။ တေသာ ဇာတိယာ=ဤ ဇာတိ၏။ ဇရာဗျာဓိမရဏမိဿတာယ= ဇရာ ဗျာဓိ မရဏတို့နှင့် ရောနှော၍ နေသည်၏ အဖြစ်ကြောင့်၊ ပုနပ္ပုနံ= ထပ်ပြန်တလဲလဲ။ဝါ=တတောက်ပတ်ပတ်။ဝါ=ခဏ ခဏ။ ဥပဂန္တုံ=ကပ်ရောက် ခြင်းငှါ။ ယသ္မာ= အကြောင်းကြောင့်။ ဒုက္ခာ=ဆင်းရဲသည်။ ဟောတိ= ဖြစ်၏။ တသ္မာ စ=ထို့သို့ ဇရာ ဗျာဓိ မရဏ မိဿဖြစ်သော ဇာတိ၏ ထပ်ပြန်တလဲလဲ တတောက်ပတ်ပတ် ခဏ ခဏ ကပ်ရောက်ခြင်းငှါ ဆင်းရဲသည်၏ အဖြစ် ကြောင့်ဌင်း။ တသ္မိံ ဂဟကာရေ=ထို အတ္တဘောတည်းဟူသော ခန္ဓာအိမ်ကို ကြိမ်ဖန်မလပ် ပြုပြင် စီရင်တတ်သော တဏှာယောက်ျား ပဓာန်သမားကို။ အဒိဋ္ဌေ=မမြင်အပ်သေးသည်ရှိသော်။ ဝါ=မမြင်အပ်သေးသဖြင့်။ ဝါ=မမြင် အပ်သေးသမျှ။ သာ ဇာတိ= ထို့ဇရာဗျာဓိ မရဏမိဿဖြစ်သော ပဋိသန္ဓေနေ ခြင်းတည်းဟူသော ဇာတိသည်။ ယသ္မာ=အကြောင်ကြောင့်။ နနိဝတ္တတိ= မဆုတ်မနစ်ခဲ့။ တသ္မာ=စ=ထို့သို့ အတ္တဘော တည်းဟူသော ခန္ဓာအိမ်ကို ကြိမ်ဖန်မလပ် ပြုပြင်စီရင်တတ်သော တဏှာယောက်ျား ပဓာန်သမားကို မမြင် အပ်သေးသည်ရှိသော် မမြင်အပ်သေးသဖြင့် မမြင်အပ်သေးသမျှ ထို့ဇရာ ဗျာဓိမရဏမိဿ ဖြစ်သောဇာတိ၏ မဆုတ်မနစ် ခဲ့သည်၏ အဖြစ်ကြောင့်ဌင်း။ ဧဝံ ဥဘယကာရဏာ=ဤနှစ်ပါးစုံသော အကြောင်းကြောင့်။ ဂဟကာရံ= အတ္တဘော တည်းဟူသော ခန္ဓာအိမ်ကို ကြိမ်ဖန်မလပ် ပြုပြင်စီရင်တတ်သော တဏှာယောက်ျား ပဓာန်သမားကို။ ဂဝေသန္တော=မရမမချေ ငါမနေဟု ရှာဖွေ စုံစမ်းတော်မူခဲ့ရသော။ အဟံ=ငါဘုရားသည်။ ယေန ဗောဓိဉာဏေန= အကြောင်ဥေ ယျတရား ငါးပါးကိုသိခြင်းငှါ စွမ်းနိုင်လောက်သော သဗ္ဗညုတဉာဏ် တော်ဖြင့်။ တံ=ထိုအတ္တဘောတည်းဟူသော ခန္ဓာအိမ်ကို ကြိမ်ဖန်မလပ် ပြုပြင် စီရင်တတ်သော တဏှာယောက်ျား ပဓာန်သမားကို။ ဒဋ္ဌုံ=မြင်ခြင်းငှါ။ သက္ကာ=တတ်ကောင်းလောက်ပြီ။

တဿ ဗောဓိဉာဏဿ=ထိုအတ္တဘောတည်း ဟူသော ခန္ဓာအိမ်ကို ကြိမ်ဖန်မ လပ် ပြုပြင်စီရင်တတ်သော တဏှာယောက်ျားပဓာန်သမားကို မြင်ခြင်းငှါ စွမ်းနိုင် လောက်သော သဗ္ဗညုတဉာဏ်တော်၏။ အတ္ထာယ=အကျိုးငှါ။ ဒီပင်္ကရပါဒမူလေ =ဒီပင်္ကရာ ထွက်ချာ မှန်ကင်း တရားမင်း၏ခြေတော်ရင်း၌။ ကတာဘိနီဟာရော =ပြုအပ်ခဲ့ပြီးသော ဆုတောင်းခြင်း ရှိသည်။ ဝါ=ဘုရားဖြစ်လို တောင်းဆုဆို

၁။ ဓမ္မပဒ-၃၆။ (ဥဒါန ဝတ္ထု)

သည်။ ဟုတ္ဝာ=ဖြစ်၍။ တွေ့ကံ=ဤသို့တွက်ရေ အသခ်ဳံ့လေးမြွာ သိန်းကမ္ဘာ ပမာဏာ ကာလပတ်လုံး။ အနေကဇာတိသံသာရံ=တပါးမက များလှစွာသော ဘဝရှိသော သံသရာ၌။ ဝါ=ဘဝများစွာ သံသရာဝဋ်ဘုံ ကရွတ်မြုံထဲ၌။ တံ ဗောဓိဉာဏံ=ထိုဥေယျတရား ငါးပါးကို သိခြင်းငှါ စွမ်းနိုင်သော သဗ္ဗညုတဉာဏ်တော်ကို။ အနိဗ္ဗိသံ=အဝိန္ဒန္တော=သေချာကျန် မရခဲ့သည်။ ဟုတ္ဝာ=ဖြစ်၍။ သန္ဓာဝိဿံ=ဆုံလည်းသောနှား ရဟတ်ချားသို့ မရပ်မနား ပြေးသွားကြဉ်လည်ခဲ့ရလှလေပြီ။

ဂဟာကာရကာ=အတ္တဘောတည်းဟူသော ခန္ဓာအိမ်ကို ကြိမ်ဖန်မလပ် ပြုပြင်စီရင်တတ်သော တဏှာယောကျွဲး ပဲခွပ်သမား။ မယာ=ငါဘုရားသည်။ တုံ=သင်တဏှာယောကျွဲး ပဲခွပ်သမားသည်။ ဝါ=ကို။ ဒိဋ္ဌော=မြင်အပ်သည်။ အသိ=ဖြစ်၏။ ဝါ=ဖြစ်ကပြီ။ တသ္မာ=ထို့ကြောင့်။ မယာ=ငါဘုရားသည်။ ဒိဋ္ဌော=မြင်အပ်ပြီးသော။ တုံ=သင်တဏှာယောကျွဲး ပဲခွပ်သမားသည်။ မေ=ငါ၏။ ဂေဟံ=အတ္တဘော တည်းဟူသော ခန္ဓာအိမ်ကို။ ပုန=နောက်ထပ်တဖန်။ နကာဟသိ=ယခုကစ ဘယ်တော့မှ မပြုပြင်မစီရင်ရတော့လတ့ံ။ ဝါ=ယခုကစ ဘယ်တော့မှ ပြုပြင်စီရင်ရတော့မည်မဟုတ်။ မယာ=ငါဘုရားသည်။ တေ=သင်တဏှာယောကျွဲး ပဲခွပ်သမား၏။ သဗ္ဗာ=တခုမကြွင်း ခပင်းဥသုံ အလုံးစုံကုန်သော။ ဖာသုကာ=ကိလေသာတည်းဟူသော အချင်းယနယ်တို့ကို။ အရဟတ္တမဂ္ဂဟတ္ထေန= အရဟတ္တမဂ်တည်းဟူသော လက်ဖြင့်။ ဘဂ္ဂါ=ချိုးဖဲ့ဖျက်ဆီးတော်မူအပ်ကုန်ပြီ။ မယာ=ငါဘုရားသည်။ တေ=သင်တဏှာယောကျွဲး ပဲခွပ်သမား၏။ ဂဟကူဋံ=အတ္တဘောတည်းဟူသော ခန္ဓာအိမ်၏ အဝိဇ္ဇာတည်းဟူသော အထွတ်ကို။ ဝိသင်္ခတံ=ဖျက်ဆီးတော်မူအပ်ပြီ။ ဝါ=ကင်းအောင်ပြုတော်မူအပ်ပြီ။ မေ=ငါဘုရား၏။ စိတ္တံ=စိတ်တော်သည်။ ဝိသင်္ခါရဂတံ=သင်္ခါရတို့မှ ကင်းရာ နိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် ရောက်တော်မူပြီ။ အဟံ=ငါဘုရားသည်။ တဏှာနံ=တဏှာတို့၏။ ခယံ=ကုန်ရာ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်ကို။ အဇ္ဈဂါ=ရတော်မူပြီ။ ဝါ=သိတော်မူပြီ။

ဤသို့ဖြင့် ဆရာတော်သည် အနေကဇာတင် ဥဒါန်းဂါထာတော်ကြီးကို လည်း ပါဠိသေဿများ ထည့်စွက်၍ ကွင်းကွင်းကွက်ကွက် သိသာအောင် အနက်ယောဇနာတော် မူခဲ့လေသည်။

အနေကဇာတိဂါထာယ၊ ယောဇနာ ဆဗ္ဗဓုထောမိတာ။
ကတာ ပညာဝုထေရေန၊ မဟာဝိသုတ ကေတုနာ။

ပစ္ဆိမ ဗုဒ္ဓဝစနအနက်

ပစ္ဆိမဗုဒ္ဓဝစန ပါဠိကိုလည်း အောက်ပါအတိုင်း အနက် ယောဇနာတော် မူခဲ့သည်။

ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ[1]။

ဘိက္ခဝေ=ရဟန်းတို့။ (ဖဘုရား ဘုန်းထိပ်ပန်ကို နောက်ဆုံးပိတ် ဖူးမြော် အိုချစ်သား ရဟန်းတော်များတို့[2])ဟန္ဒ=ရွှေပြည်နိဗ္ဗာန် စိုးစံ ခိုလှုံတော်မူတော့ မည်ဟု ငါဘုရားဆုံးဖြတ်တော်မူပြီ။ ဝါ=နိဗ္ဗာန်တိုက်ခန်း ကြာတိုက်နန်းသို့ စံမြန်းတော် မူတော့မည်ဟု ငါဘုရားဆုံးဖြတ်တော်မူပြီ။ ဒါနိ=ကျွန်အခါ၌။ ဝါ= ယခုအခါ၌။ အဟံ=ငါဘုရားသည်။ (သုံးလောက ဆရာဘုရားငါသည်[2]) ဝေါ= သင် ချစ်သားတို့အား။ (နောက်ဆုံးကြုံရတွေ့ရ သင်တပည့်သား သာဝကတို့ အား[2]) အာမန္တယာမိ=အမိန့်ထားသိစေတော်မူခဲ့မည်။ ဝါ=ဒို့စိန္တေ မှာစကား ရယ်လို့ စိတ်ထားအရှေ(ရှည်) မှန်းရအောင် သေတမ်းစာ တခုအနေဖြင့် လှစ် ကြားသိစေတော်မူခဲ့မည်။ ယသ္မာ=အကြောင်ကြောင့်။ သင်္ခါရာ=ရုပ်နာမ်ဓမ္မ သင်္ခါ ရဟူသမျှတို့သည်။ ဝယဓမ္မာ=ချုပ်ပျောက် ပျက်စီးခြင်း သဘောရှိကုန်၏။ တသ္မာ သင်္ခါရာနံ ဝယဓမ္မတ္တာ=ထိုသို့ရုပ်နာမ်ဓမ္မ သင်္ခါရဟူသမျှတို့၏ ချုပ် ပျောက်ပျက်စီးခြင်းသဘောရှိကုန်သည်၏ အဖြစ်ကြောင့်။တုမှေ=သင်ချစ်သား တို့သည်။ (ငါဘုရားဖုန်းဝေအား နောက်ဆုံးအနေဖြင့် ဖူးမြော် သင်ချစ်သား ရဟန်းတော်တို့သည်) အပ္ပမာဒေန=မမေ့မလျော့ မပေါ့မတန်ခြင်း တည်းဟူ သော အပ္ပမာဒတရားနှင့်။ သမ္ပာဒေထ=ပြည့်စုံစေရစ်ကြကုန်လော့။ (ကိုယ်စီ ကိုယ်ငှ ပြည့်စုံစေရစ်ကြကုန်လော့)။

တနည်း — တုမှေ = သင်ချစ်သားတို့သည်။ အပ္ပမာဒေန = မေ့လျော့ ပေါ့တန်ခြင်းဟု ဆိုအပ်သော ပမာဒတရား၏ ဆန့်ကျင်ဖက်ဖြစ်သော သတိ တရားဖြင့်။ သမ္ပာဒေထ=သိကျွှာသုံးပါးနှင့် ပြည့်စုံစေရစ်ကြကုန်လော့။

ကျွန်သည်လျှင် ဆရာတော်ဘုရားကြီး၏ ပစ္ဆိမဗုဒ္ဓဝစနကို အနက်ယောဇနာပုံ တည်း။ ဆရာတော်ကား ပါဠိစာပေနှင့် မြန်မာ့ဝေါဟာရမှုစသည်၌ ထူးထူး ခြားခြားလိမ္မာတတ်မြောက် တစ်ခေါ်လောက်သည့် ပုဂ္ဂိုလ်သာတည်း။

မာဂဓိပါဠိယာ စေဝ၊ နိရုတ္တိသု သုကောဝိဒေါ။
မြန်မာ့ဝေါဟာရကမ္မေ စ၊ သုဆေကော သုဝိစက္ခဏော။

၁။ ဒီ၊၂-၁၂၈။ (မဟာပရိဗ္ဗာနသုတ်)
၂။ လက်သည်းကွင်း အတွင်းရှိ အနက်များမှာ ကျွန်စာပြုသူ၏ အနက်ဖြစ်၏။

ဆရာတော် အရှင်ပညာ၏ ဘာသာဝိလာသာကာရ

ဆရာတော် အရှင်ပညာ မဟာထေရ်၏ ပါဠိဘာသာ၌ မြန်မာပြန်ဆို၍ မြန်မာ့ဘာသာ၌ တင့်တယ်ပုံ ဘာသာဝိလာသာကာရကို အမြှောက်မျှ ထုတ်ပြဦးအံ့။ မဟာထေရလိတ စာတော်ဖတ်တို့သည် ငါတို့အရတော်စဉ့်ဟု သဘောပိုက်၍ ဖတ်ရှုနည်းယူကြကုန်ရာ၏။

ဒုက္ခော ပုနုဇ္ဇဝေါ နာမ၊ သရီရဿစ ဘေဒနံ ။

သံသာရေ=သံသရာ၌ (ထည့်) ။ပုနုဇ္ဇဝေါ နာမ=အဖန်တလဲလဲ ဖြစ်ရခြင်းမည်သည်။ ဒုက္ခော=ချမ်းသာမဖက် သက်သက်ဒုက္ခ ဆင်းရဲလှချေ၏။ သရီရဿ=ကရဇကာယဟုဆိုအပ်သော ခန္ဓာကိုယ်၏။ ဘေဒနံစ=စုတေပျက်စီးခြင်းသည်လည်း။ ဒုက္ခံ=ချမ်းသာမဖက် သက်သက်ဒုက္ခ ဆင်းရဲလှချေ၏။

ယံနူနိမံ ပူတိကာယံ၊ နာနာကုဏပပူရိတံ။
ဆဋ္ဌယိတ္ဝာန ဂစ္ဆေယ်္ယ၊ အနပေက္ခော အနတ္ထိကော[၂]။

အဟံ=ငါသည်။ နာနာကုဏပပူရိတံ=ကျင်ကြီးကျင်ငယ် အစရှိသော အထူးထူး အမျိုးမျိုးသော အပုပ်အသိုး ကောဋ္ဌာသတို့ဖြင့် တင်းကျမ်း[?] ပြည့်သော။ ဣမံ ပူတိကာယံ=ဤကိုယ်ကောင်ပုပ်ကို။ အနပေက္ခော=ရှုငဲ့ခြင်းမရှိပဲ။ အနတ္ထိကော=အလိုမရှိပဲ။ ဆဋ္ဌယိတ္ဝာန=မငဲ့မညှာ စွန့်ပစ်ခဲ့၍။ ယံနူနယဒိ ပနဂစ္ဆေယ်္ယ=အကယ်၍မျှား သွားရငြားအံ့။ဝံ သတိ=သော်။ တံ ဂမနံ=သည်။ သာဓု ဝတ=ကောင်းလေစ့။

ယထာ' ပိ ပါပေ ဝိဇ္ဇန္တေ၊ ကလျာဏမပိ ဝိဇ္ဇတိ။
ဧဝမေဝ ဇာတိဝိဇ္ဇန္တေ၊ အဇာတိပိစ္ဆိတပ္ပကံ[၃]။

အပိ=ဖြစ်သင့်ဖြစ်ရာ ဥပမာတနဲ့ လဲ၍ပြဦးအံ့။ ပါပေ=ယုတ်မာညစ်ငြမ်းဆိုးသွမ်းသော မကောင်းမှု အကုသိုလ်သည်။ဝိဇ္ဇန္တေ=ရှိသည်ရှိသော်။ကလျာဏံ အပိ=ကုသိုလ်ကောင်းမှုသည်လည်း။ ဝိဇ္ဇတိ ယထာ=ရှိသကဲ့သို့။ ဧဝမေဝ=ဤအတူသာလျှင်။ဇာတိ=ဇာတိဓမ္မော=ပဋိသန္ဓေ နေခြင်းသဘောတရားသည်။ ဝိဇ္ဇန္တေ=ရှိသည်ရှိသော်။အဇာတိပိ=ပဋိသန္ဓေနေခြင်း မရှိသောသဘောတရား

၁။ ဗုဒ္ဓဝံ- ၃၀၇။ အဘိ၊ ဋ္ဌ၊၁၊၃၄။
၂။ ဗုဒ္ဓဝံ-၃၀၇။ အဘိ၊ဋ္ဌ၊၁၊၃၄။
၃။ မာကျော့ကြမ်းမူ၊တင်းကျမ်း ရေကြည်း။(ပုလိပ်စားချင်း)
၄။ ဗုဒ္ဓဝံ- ၃၀၇။ အဘိ၊ဋ္ဌ၊၁၊၃၄။

ကိုလည်း။ ဝိဇ္ဇမာနာ=ထင်ရှားကေန် အမှန်ရှိ၏ဟူ၍။ ဣစ္ဆိတပ္ပကံ=ဣစ္ဆိ-တပ္ပကာ=အလိုရှိအပ်၏။

ယထာပိ ကုဏပံ ပုရိသော၊ ကဏ္ဌေ ဗဒ္ဓံ ဇိဂုစ္ဆိယာ[1]။
မောစယိတ္ဝာန ဂစ္ဆေယ္ယ၊ သုခီ သေရံ သယံဝသီ[2]။

အပိ=ဖြစ်သင့်ဖြစ်ရာ ဥပမာတနဲ့ လဲ၍ပြဦးအံ့။ ပုရိသော=တန်းဆာဆင်ခြင်းအလေ့ရှိသော လုလင်တန်စို လူပျိုယောကျား ကာလသားသည်။ ကဏ္ဌေ=လည်၌။ ဗဒ္ဓံ=ဖွဲ့ချည်အပ်သော။ ဇိဂုစ္ဆိယံ=စက်ဆုပ်ခံရှာဖွယ်ရှိသော။ ကုဏပံ=ခွေးသေကောင်ပုပ် မြွေသေကောင်ပုပ်ကို။ မောစယိတ္ဝာန=လွတ်၍။ ဝါ=ဖြေစေ၍။ သုခီ=ချမ်းသာခြင်းရှိသည်။ ဟုတ္ဝာ=ဖြစ်၍။ သေရီ=နေလေ့ရှိသည်။ သယံဝသီ=မိမိအလိုအာဏာလျှင် အာဏာရှိသည်။ ဟုတ္ဝာ=ဖြစ်၍။ ဂစ္ဆေယ္ယ ယထာ=သို့။....

ယထာပိ ဇဋေရံ နာဝံ၊ ပလုဂ္ဂံ ဥဒဝါဟိနိံ။
သာမီ ဆဋ္ဌေတ္ဝာ ဂစ္ဆန္တိ၊ အနပေက္ခာ အနတ္ထိကာ။
ဧဝ မေဝါဟံ ဣမံ ကာယံ၊ နဝစ္ဆိဒ္ဒံ ဓုဝဿဝံ။
ဆဋ္ဌယိတ္ဝာန ဂစ္ဆိဿံ၊ ဇိဏ္ဏနာဝံဝ သာမိကာ[3]။

သာမီ=လှေပိုင်ရှင်တို့သည်။ ဇဋေရံ=ဆွေးမြေ့ဟောင်းမြင်းသော။ ပလုဂ္ဂံ=ပျက်စီးသော။ ဥဒဝါဟိနိံ=ရေကို ယူတတ်သော။ ဝါ=တဖြင်းဖြင်း စပ်ကြားတို့က ယိုထွက်သော။ နာဝံ=လှေအိုကြီးကို။ အနပေက္ခာ=ငဲ့ကွက်ခြင်း အလျှင်းမရှိကုန်သည်။ အနတ္ထိကာ= အမှန်တကယ်ကို အလိုမရှိကုန်သည်။ ဟုတ္ဝာ=ဖြစ်ကုန်၍။ ဆဋ္ဌေတ္ဝာ=မခင်မတွယ် စွန့်ပယ်ကြကုန်၍။ ဂစ္ဆန္တိ ယထာ=သွားကြကုန်သကဲ့သို့။ ဧဝမေဝ=ပမာပုံခိုင်း ဤ အတိုင်းသာလျှင်။ အဟံ=ငါသည်။ နဝစ္ဆိဒ္ဒံ=ဒဋ္ဌရ ကိုးပေါက်ရှိသော။ ဓုဝဿဝံ=အမြဲမပြတ် ယိုစီးသော ကျင်ကြီးကျင်ငယ် အစရှိသော ကောင်္ဘသရှိသော။ ဣမံ ကာယံ=ကို။ ဆဋ္ဌယိတ္ဝာန=၍။ သာမိကာ=လှေပိုင်ရှင်တို့သည်။ ဇိဏ္ဏနာဝံ= လှေအိုကြီးကို။ အနပေက္ခာ အနတ္ထိကာ ဟုတ္ဝာ ဂစ္ဆန္တိ ဣဝ။ တထာ ဂစ္ဆိဿံ=အံ့။

သင်္ကော ဒေဝါနမိန္ဒေါ[4]

ဒေဝါနံ=နတ်တို့၏။ ဣန္ဒေါ=အရှင်ဖြစ်သော။ တနည်း။ ဒေဝါန-မိန္ဒေါ၊ စတုမဟာ, ဝတိံသာနှင့် ဒေဝါစုံတင့် ဘုံနှစ်ဆင့်ကို ဂုဏ်ဖြင့် လွှမ်းမိုး

၁။ ဆထုတော်ကား ဇိဂုစ္ဆိယံ—ကြိုက်ဟန်တူ၏။ ၂။ ဗဒ္ဓဝံ-၃၀၈။ အဘိ၊ဋ္ဌ၊၁၇၅။
၃။ အဘိ၊ဋ္ဌ၊၁၉၆။ (ပါ၊ဋ္ဌ၊ဋီ၊တို့၌ မျက်လုံး)

ပမာဒဋ္ဌာန ၂၀—ပမာဏလေး ၀

ပိုင်အုပ်စိုးသော။ သက္ကော= သခွတ်နန်းစံ သုရာရန်ကို ပယ်လှန်နှိပ်နင်း သိကြားမင်းသည်။ ဝါ= သိကြားမင်းက။ ....အာမန္တေသိ။

ကိ ံ မေ အညာတဝေဒသန—ဂါထာနှင့်အနက် ယောဇနာပုံ

ကိ ံမေ အညာတဝေသေန၊ ဓမ္မံ သစ္ဆိကတေနိဓ။
သဗ္ဗညုတံ ပါပုဏိဘ္ဘာ၊ ဗုဒ္ဓါ ဟောဿံ သဒေဝကေါ။

ဣဓ=ဤဒိဿကံဆာ သာသနာတော်၌။ အညာတဝေသေန= မထင်ရှားသော အသွင်ဖြင့် (မထင်မရှား သာဝကတပါး အသွင်ဖြင့်)။ ဓမ္မံ=သစ္စာလေးပါး တရားကို။ သစ္ဆိကတေန= မျက်မှောက်ပြုသဖြင့်၊ မေ=ငါ့အား။ ကိ ံ ပယောဇနံ=အဘယ်အကျိုးသည်း။ အဟံ=သည်။ သဗ္ဗညုတံ=သို့၊ ဝါ=အလုံးစုံသော ဥယျဓမ်ကို အလေ့အားဖြင့် သိတော်မူတတ်သော ဘုရားဒြပ်ကို ဟော ပြတတ်သော သဗ္ဗညုသဒ္ဒါ၏ ဖြစ်ကြောင်း ဖြစ်ရာ ဖြစ်သော အနာဝရဏ, သမန္တစက္ခုဉာဏ်တော်သို့။ ပါပုဏိတ္ဘာ=ရောက်တော်မူပြီး၍။ သဒေဝကေ= သော။ လောကေ=၌။ ဗုဒ္ဓါ=သည်။ ဟောဿံ= ဖြစ်ရတော့အံ့။

ပဿထ ဣမံ တာပသံ - ဂါထာနှင့် အနက်ယောဇနာပုံ

ပဿထ ဣမံ တာပသံ၊ ဇဋိလံ ဥဂ္ဂတာပနံ။
ပရိဒေဝယေ ဣတော ကပ္ပေ၊ ဗုဒ္ဓါ လောကေ ဘဝိဿတိ၂။

ဇဋိလံ=ထုံးအပ်သော ဆံကျစ်လည်း ရှိသော။ ဥဂ္ဂတာပနံ=ထက်သော သီလလည်းရှိသော။ ဝါ=ထင်ရှားသော သီလလည်းရှိသော။ ဣမံ တာပသံ= ကို။ တုမှေ=တို့သည်။ ပဿထ=ကြည့်ရှုလိုက်ကြကုန်လော့။ ဇဋိဒေလာ= သော။ ဥဂ္ဂဘာပနော= သော။ အယံ တာပသော=သည်။ ဣတော=ဤသာရမတ္ထ ကမ္ဘာမှ။ အပရိမေယျေ = ကုဋေတို့ဖြင့် မရေတွက်အပ် မနှိုင်းယှဉ်အပ်ကုန်သော။ ကပ္ပေ=လေးအသင်္ချေနှင့် ကမ္ဘာတသိန်းတို့ကို။ အတိက္က-မိတ္ဘာ=၍။ ကပ္ပသတသဟဿာဓိကာနံ= ကုန်သော။ စတုန္နံ= ကုန်သော။ အသင်္ချေယျာနံ=တို့၏။ မတ္ထကေ=သော။ ကပ္ပေ=၌၊ ဝါ=ကပ်၌။ လောကေ= ၌။ ဗုဒ္ဓါ=ငါနှင့်ရည်ဘူ သုံးပါးလူကို ကယ်ယူဆောင်ပို့ ကူးတို့သူကြီး တသီး တခြား ဘုရားတဆူသည်။ ဘဝိဿတိ= ဖြစ်လိမ့်လတ့ံ။ ဝါ=ဖြစ်လိမ့်မည်။

၁။ ဗုဒ္ဓဝံ-၃၁၀။ အာဘိဓာ၁-၄၃။ ၂။ ဗုဒ္ဓဝံ။၃၁၁။ အာဘိဓာ-၄၅။

နဟိ ဓမ္မော အဓမ္မော စ—ကိထာနှင့် အနက်ယောဇနာပုံ

နဟိ ဓမ္မော အဓမ္မော စ၊ ဥဘော သမဝိပါကိနော။
အဓမ္မော နိရယံ နေတိ၊ ဓမ္မော ပါပေတိ သုဂ္ဂတိ[၁]။

ဓမ္မော စ=ဂုဏ်ကျေးဇူးဖြစ်၍ ဖြစ်သော ကုသိုလ် သုစရိုက်တရားငင်း။ အဓမ္မော စ=ဂုဏ်ကျေးဇူး၏ ဆန့်ကျင်ဖက်ဖြစ်၍ ဖြစ်သော အကုသိုလ် ဒုစရိုက်တရားငင်း။ ဣတိ=ဤသို့။ ဥဘော=တရားနှစ်ဖုံ နှစ်ပါးစုံတို့သည်။ သမဝိပါကိနော ဟိ=သမဝိပါကိနော ဇဝ=တူပြိုင်ညီမျှသော အကျိုးရှိကုန်သည်သာလျှင်။ န ဟောန္တိ=မဖြစ်ကုန်။ ကဿော=ကြောင့်။ ဓမ္မော စ=ငင်း။ အဓမ္မော စ=ငင်း။ ဣတိ=သို့။ ဥဘော=တို့သည်။ သမဝိပါကိနော ဟိ = သမဝိပါကိနော ဇဝ=ကုန်သည်သာလျှင်။ န ဟောန္တိ=နည်း။ ဣတိ အယံ ပုစ္ဆာ=တည်း။ ယသ္မာ=ကြောင့်။ အဓမ္မော=သည်။ သနိဿယံ=မိမိ ကိန်းရာ သတ္တဝါကို။ နိရယံ=ငရဲဘုံသို့။ နေတိ=ပို့ဆောင်တတ်၏။ ဓမ္မော=သည်။ သနိဿယံ=ကို။ သုဂတိ=သို့။ ပါပေတိ=ရောက်စေတတ်၏။ ဣတိ တသ္မာ= ထို့သို့ အဓမ္မ၏ မိမိ ကိန်းရာ သတ္တဝါကို ငရဲဘုံသို့ ပို့ဆောင်တတ်သည်၏ အဖြစ်၊ ဓမ္မ၏ မိမိ ကိန်းရာ သတ္တဝါကို သုဂတိဘဝသို့ ရောက်စေတတ်သည်၏ အဖြစ်ကြောင့်။ ဓမ္မော စ=ငင်း။ အဓမ္မော စ=ငင်း။ ဣတိ=သို့။ ဥဘော=တို့သည်။ သမဝိပါကိနော ဟိ=သမဝိပါကိနော ဇဝ=ကုန်သည်သာလျှင်။ န ဟောန္တိ=မဖြစ်ကုန်။ ဣတိအယံ=ဤသည်ကား။ ပရိဟာရော=တည်း။

အရှင်မဟာဗုဒ္ဓဃောသ ဆုတောင်း ၄-ကိထာနှင့် အနက်ယောဇနာပုံ

(၁) ယံ ပတ္တံ ကုသလံ တဿ၊ အာနုဘာဝေန ပါဏိနော။
သဗ္ဗေ သဒ္ဓမ္မရာဇဿ၊ ဉာတွာ ဓမ္မံ သုခါဝဟံ။

(၂) ပါပုဏန္တု ဝိသုဒ္ဓါယ၊ သုခါယ ပဋိပတ္တိယာ။
အသောကမနုပါယာသံ၊ နိဗ္ဗာန သုခမုတ္တမံ။

(၃) စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ဓမ္မေ ဟောန္တု သဂါရဝါ။
သဗ္ဗေပိ သတ္တာ ကာလေန၊ သမ္မာ ဒေဝေါ ပဝဿတု။

(၄) ယထာ ရက္ခိ သု ပေါရာဏာ၊ သုရာဇာနော တထေဝိမံ။
ရာဇာ ရက္ခတု ဓမ္မေန၊ အတ္တနောဝ ပဇံ ပဇံ။

(၁) မ'ဿာ=ဗုဒ္ဓဃောသ နာမသမုတ် အကျွန်ုပ်သည်။ ယံ ကုသလံ= အကြင်တိဟိဘ်ဥက္ကင့် ကုသိုလ်မြတ်သို့။ ဝါ=အကြင်တိဟိတ်ဥက္ကင့် ကုသိုလ်မြတ်ကို။ ပတ္တံ=ရအပ် ရောက်အပ်ပြီ။ တဿ ကုသလဿ=ထို အဋ္ဌသာလိနီ

၁။ ထေရ-၂၇၂။ (ဓမ္မကစ္ဆရဂါထာ) အဘိဓ ၁-၈၁။
၂။ အဘိဓ၊ ၁-၈၃။

အဌကထာကို ရေးသားပြုပြင် စီရင်ကြိုးကုတ် အားထုတ်ပြီးဆုံးစေခြင်းကြောင့် ရအပ်သော တိဟိတ်ဥက္ကဋ္ဌ ကုသိုလ်မြတ်၏။ အာနုဘာဝေန=သတ္တိရှိန်စော် အာနုဘော်တော်ကြောင့်။ သဗ္ဗေ=တယောက်မကြွင်း ခပင်းဥဿုံ အလုံးစုံ ကုန်သော။ ပါဏိနော=သတ္တဝါဟူသမျှတို့သည်။ သဒ္ဓမ္မရာဇဿ=သီလ, သမာဓိ အစရှိသော သူတော်ကောင်းတရားဖြင့် လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ မင်းဖြစ်တော်မူသော မြတ်စွာဘုရား၏။ သုခါဝဟံ=လူ, နတ်, နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရွက်ဆောင်တတ်သော။ ဓမ္မံ=တရားကို။ ဥ တွာ=သိကြကုန်၍။

(၂) ဝိသုဒ္ဓါယ=အထူးသဖြင့် သန့်ရှင်းစင်ကြယ်သော။ သုခါဟာ=လွယ်လင့် ချမ်းသာသော။ ပဋိပတ္တိယာ=အကျင့်ဖြင့်။ အသောကံ=စိုးရိမ်ခြင်း မရှိသော။ အနုပါယာသံ=ဥပါယာသမရှိသော။ ဥတ္တမံ=မြတ်လှစွာသော။ သုခံ=အေးမြသာယာ ချမ်းသာစွာသော။ နိဗ္ဗာနံ=နိဗ္ဗာန်မြို့က်နန်း ကြာတိုက်ခန်းသို့။ ပါပုဏန္တု=လျင်မြန်ဆောစွာ ရောက်ကြပါစေကုန်သတည်း။

(၃) သဒ္ဓမ္မော=သူတော်ကောင်းတရားသည်။ ဝါ=သဒ္ဓမ္မမည် ဘုရားရှင် သာသနာတော်သည်။ စိရံ=မြင့်ရှည်မြားမြောင် နှစ်ငါးထောင် ကာလပတ်လုံး။ တိဋ္ဌတု=မလျော့မပျက် ထွန်းတက်တည်ရစ်ပါစေသတည်း။ သဗ္ဗေပိ=ကုန်သော။ သတ္တာ=သတ္တဝါတို့သည်။ ဓမ္မေ=ပရိယတ္တိ ဓမ္မ၌။ ဝါ=ပါဋိဓမ္မ၌။ သဂါရဝါ=ရိုသေခြင်း ရှိကြကုန်သည်။ ဟောန္တု=မုချပုံသေ ဖြစ်ကြပါစေကုန်သတည်း။ ဒေဝေါ=မိုးသည်။ ဝါ=ဝလဟက မည်ရထင်ရှား မိုးနတ်သားသည်။ (မိုးသီကြားသည်) ကာလေန=စိုက်သင့် ပျိုးသင့်သော လျောက်ပတ်သော ကာလ၌။ သမ္မာ=သည်းထန်စွာ။ ပဝဿတု=ခြိမ်းခြိမ်းထက်ကြိုး ရွာဖြိုးပါစေသတည်း။ ဝါ=ရွာဖြိုးပါစေသား။ ဝါ=ရွာဖြိုးပါစေခလို။ ဝါ=ရွာဖြိုးစေချင်၏။

(၄) ပေါရာဏာ=ရှေးဦးဖြစ်ကုန်သော။ သုရာဇာနော=ရေ မြေ ထိန်းကြောင်း မင်းခေကာင်း မင်းမြတ်တို့သည်။ ဝါ=ဘုရားလောင်းမြတ် ဗောဓိသတ်တို့သည်။ပဇံ=ဝေနေသောင်းပြောင်း သတ္တဝါအပေါင်းကို။ ရက္ခိ သု ယထာ=ဘေးမသန်း ရန်မနှောင့်အောင် စောင့်ရှောက်ကြကုန်သကဲ့သို့။ တထေဝ=ထို့အတူသာလျှင်။ ရာဇာ=သီကြား သုရာ သာသနာစောင့်တတ် သိရိနတ်ဟူ လေးမြတ်ကိုးစား ဒို့မင်းဖျားသည်။ ဓမ္မေန=တရားသဖြင့်။ အတ္တောနော၀ ပဇံ=မိမိရင်သွေးတော်စစ် သားတော်ချစ်ကဲ့သို့။ ဥမံ ပဇံ=လောက ပျော်အောင်း ဤသတ္တဝါ အပေါင်းကို။ ရက္ခတု=စောင့်ရှောက်တော်မူနိုင်ပါစေသတည်း။

ဤသည်လျှင် ဆရာတော် အရှင်ပညာ၏ အဋ္ဌသာလိနီချတော်မူစဉ် အနက်ပေးပုံ ပေးနည်း အမြွက်တည်း၊ ဘာသာဝိလာသာကာရတည်း။

ပရိယတ္တိ သုတေသိနံ၊ ဟိတာယ စ သုခါယ စ။
မဟတာ အဋ္ဌာသယေန၊ ဒီပိတာ အပ္ပမတ္တိကာ။

ပဥ္စပညာသမပိုင်း (ခ)

မူလဋီကာကို နိုင်နင်းစွာချပိုခြင်း

ဆရာတော် ဘုရားကြီးသည် ၁၃၀၀-ပြည့်နှစ်က ဓမ္မသင်္ဂဏီပါဠိတော်ကို ချပို့တော်မူစဉ်, အဋ္ဌသာလိနီနှင့် သာမကပဲ မူလဋီကာနှင့်လည်း တွဲ၍ ချပို့တော်မူသည်။ ယင်းသို့ ချပို့စဉ်က မူလဋီကာလာ အဋ္ဌသာလိနီအဋ္ဌကထာ၏ အစီအစဉ် အဆစ်အပိုင်းပြ သန္နိဝေသ ၅-ဂါထာကို အောက် ၂၂အတိုင်း ယောဇနာတော် မူခဲ့လေသည်။

သန္နိဝေသ ၅-ဂါထာ ပါဠိနိဿယ

(၁) ဝစနတ္ထော ပရိစ္ဆေဒေါ၊ သန္နိဝေသော စ ပါဠိယာ။
သာဂရေဟိ တထာ စိန္တာ၊ ဒေသနာဟိ ဂမ္ဘီရတာ။

(၂) ဒေသနာယ သရီရဿ၊ ပဝတ္တိဂုဟာဏံ တဿာ။
ထေရဿ ဝါစနာမဂ္ဂ–တပ္ပဘာဝိတတာပိ စ။

(၃) ပဋိဝေဓော တထာ ဗုဒ္ဓ–ဝစနာဒီဟိ အာဒိတော။
အာဘိဓမ္မိကဘာဝဿ၊ သာဓနံ သဗ္ဗဒဿိနော။

(၄) ဝိနယေနာထ ဂေါသိင်္ဂ–သုတ္တေန စ မဟေသိနော။
ဘာသိတတ္ထဿ သံသိဒ္ဓိ၊ နိဒါနေန စ ဒီပိတာ။

(၅) ပကာသေတ္ဝာ ဣမံ သဇ္ဇံ၊ ပဋိညာတကထာ ကတာ။
အဋ္ဌသာလိနိယံဝ ေတံ၊ သန္နိဝေသံ ဝိဘာဝယေ[1]။

ဝစနတ္ထော စ=ဝစနတ္ထသည်၎င်း။ ဝါ=အဘိဓမ္မသဒ္ဒါ၏ အနက်သည်၎င်း။ ပရိစ္ဆေဒေါ စ=ပကရဏပရိစ္ဆေဒသည်၎င်း။ ဝါ=ခုနစ်ကျမ်းအတိုင်း အရှည်ရှိသော အဘိဓမ္မာပါဠိတော်ဟု ဆိုအပ်သော ကျမ်း၏ အပိုင်းအခြားသည်၎င်း။ ပါဠိယာ=ပကရဏပရိစ္ဆေဒအားဖြင့် ခုနစ်ကျမ်းအတိုင်း အရှည်ရှိသော အဘိဓမ္မာပါဠိတော်၏။ ဝါ=ကျမ်းအပိုင်းအခြားအားဖြင့် ခုနစ်ကျမ်းအတိုင်း အရှည်ရှိသော ပါဠိတော်၏။ သန္နိဝေသော စ= အစီအစဉ် အဆစ်အပိုင်းသည်၎င်း။ သာဂရေဟိ=သုံးပါးသော သာဂရတို့နှင့်ဟု ကို့။ စိန္တာ တထာ=စိန္တာစ=နယသာဂရကို ကြံစည်ခြင်းသည်၎င်း။ ဒေသနာဟိ=ဓမ္မ, အတ္ထ, ဒေသနာ ပဋိဝေဓတို့ဖြင့်။ အဘိဓမ္မဿ=အဘိဓမ္မာ၏။ ဂမ္ဘီရတာ စ=နက်နဲသည်၏ အဖြစ်သည်၎င်း။

၁။ မူလဋီ-၁။ ၁၁၁၂။

ဒေသနာယ=တာ့ဝတိ သာနတ်ပြည် အဘိဓမ္မာတရားကို ဟော်တော်မူရာကာလ၌။ သရီမသ ပဝတ္တိဂုဟာဏံ တထာ=သရီရသ ပဝတ္တိဂုဟာဏံ စ= အနဝတတ်အိုင်၏ အနီး၌ ဒန်ပူဘုဉ်းပေးတော်မူခြင်း, မျက်နှာသစ်တော်မူခြင်း, ရေချိုးတော်မူခြင်း, မြောက်ကျန်းသို့ ဆုမ်းခံကြွတော်မူ၍ ဆုမ်းဘုဉ်းပေးတော်မူခြင်းအားဖြင့် ဥပါဒိန္နကကိုယ်တော်၏ ကြာမြင့်စွာ မျှတခြင်းကို ယူစေခြင်းသည်၎င်း။ ထေရသ=အရှင်သာရိပုတ္တရာထေရ်၏။ ဝါစနာမဂ္ဂတပ္ပဘာဝိတတာပိ စ=ပို့ချတော်မူအပ်သော ပါဠိတော်၏ အဋ္ဌကထာ၏အဖြစ်, ထို အရှင်သာရိပုတ္တရာထေရ်သည် ထင်စွာ ပြတော်မူအပ်သည်၏ အဖြစ်သည်၎င်း။

ပဋိဝေဓော တထာ=ပဋိဝေဓော စ=အဘိဓမ္မာတရားကို ထိုးထွင်း၍ သိခြင်းသည်၎င်း။ ဗုဒ္ဓဝစနာဒီဟိ=ပဌမဗုဒ္ဓဝစန အစရှိသည်တို့ဖြင့်။ အာဒိတော= ရှေးဦးအစ ပဌမကာလ၌။ သဗ္ဗဒဿိနော=ခပ်သိမ်းဉာဏ်အလုံးစုံသော တရား တို့ကို မြင်တော်မူလေ့ရှိတတ်သော။ ဘဂဝတော=မြတ်စွာဘုရား၏။ အာဘိ-ဓမ္မိကဘာဝဿ=အဘိဓမ္မာကို တတ်တော်မူသည်၏အဖြစ်ကို။ ဝါ=အဘိဓမ္မာကို သိကျွမ်း နားလည်တော်မူသည်၏ အဖြစ်ကို။ သာဓနံ စ=ပြီးစေခြင်းသည်၎င်း။

ဝိနယေနာထ=ဝိနယေန စ=ဝိနည်းအားဖြင့်၎င်း။ ဂေါသိင်္ဂသုတ္တေန စ= ဂေါသိင် သုတ်အားဖြင့်၎င်း။ နိဒါနေန စ=နိဒါန်းအားဖြင့်၎င်း။ ဒီပိတာ= ပြအပ်သော။ မဟာသိနာ=မြတ်စွာဘုရားသည်။ ဘာသိတတ္ထဿ=ဟောတော်မူအပ်သည်၏ အဖြစ်၏။ သံသိဒ္ဓိ စ=ပြီးစီးခြင်းသည်၎င်း။ အတ္ထိ=ရှိ၏။

ဣမံ သဇ္ဈံ=ဤတခုမကြွင်း ခပင်းဉာဏ်အလုံးစုံသော ဝစနတ္ထ, ပရိစ္ဆေဒ အစရှိသည်ကို။ ပကာသေတုာ=ထင်ရှားပြတော်မူ၍။ ပဋိညာတကထာ=ပဋိ ညာတကထာကို။ ဝါ=ဝန်ခံအပ်ပြီးသော အဘိဓမ္မကထာကို။ ကတာ=ပြုတော် မူအပ်၏။ အဋ္ဌသာလိနိယာ=အဋ္ဌသာလိနီအဋ္ဌကထာ၏။ ဧတံ သန္နိဝေသံ=ဤ ဆိုအပ်ခဲ့ပြီးသော အစီအစဉ် အဆစ်အပိုင်းကို။ ဝိဘာဝိ=ပညာရှိသည်။ ဝိဘာ- ဝယေ=ထင်စွာပြရာ၏။

ဤသည်လျှင် ဆရာတော်ဘုရားကြီး၏ သန္နိဝေသ ၅-ဂါထာ အနက်ဖြစ် လေသည်။ ဤ၌ တထာနိပါတ်ပုဒ်, အထနိပါတ်ပုဒ်မျှားကို စ အဖြစ်ဖြင့် ပေး တော်မူသည်။ ဤဂါထာ အနက်ဖြင့်ပင်လျှင် အဋ္ဌသာလိနီ အဋ္ဌကထာ၏ ဆိုလို ရင်း စာပေတန်ဖိုး, အဓိပ္ပါယ်, စာပေယဉ်ကျေးမှုကို သဘောပေါက်လောက် အောင် ယောဇနာတော်မူသည်။ အနက်ဉာဏ်ကား အံ့သြလောက်အောင် ထက်သန် တတ်မြောက်တော်မူလှပေသည်။

ပါဠိယာ အတ္ထဒီပနေ၊ ကုသလော တိတိက္ခော ဝိဒ္ဒါ။
ဝင်္ဂီရပမညာဏီ စ၊ အဟော ထေရဿ ညာဏိတာ။

ဆပညာသမပိုင်း

နမော တဿအနက်များ

ပခုက္ကူစာချဆရာတော်များသည် ကျမ်းစာကို စတင်ချပို့တိုင်း "နမော တဿ" မဟာနမက္ကာရကြီးကို အမျိုးမျိုးအဖုံဖုံ အနက်ယောဇနာတော်မူလေ့ရှိကြ၏။ ဤအဋ္ဌပပ္ပကိသခင် အရှင်ပညာ ဆရာတော်ဘုရားကြီးသည်လည်း "နမော တဿ" မဟာနမက္ကာရကြီးကို အနည်းနည်း အဖုံဖုံ တန်းဆာဆင်၍ အနက်ယောဇနာတော်မူလေ ရှိရာ ဤ မဟာထေရလလိတတည်းဟူသော ပြတိုက်၌ မခိုမကပ် ဖော်ပြလိုက်ပါသည်။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ[၁]

ယော ဘဂဝါ=အကြင်မြတ်စွာဘုရားသည်။ အရဟံ=ငြဟ္မာနတ်လူ သုံးဘုံသူတို့၏ ကြည်ဖြူကော်ရော် ပူဇော်အထူးကို ခံတော်မူထိုက်၏။ ဝါ=သံသရာစက်ကန့်အကွက်ကို ဖျက်ဆီးတော်မူတတ်၏။ ဝါ=ဆိပ်ကွယ်ရာ၌ မကောင်းမှုကို ပြုခြင်းရှိတော်မမူ။ ဝါ=ထောင့်ငါးရာရန် ကိလေသာရ်ကို လေးတန်မဂ်ပေါင်းလက်နက်ကောင်းဖြင့် ထောင်းထောင်းကျည်က် အကုန်ပျက်အောင် ချိုးဖျက်တော်မူတတ်၏။ သမ္မာသမ္ဗုဒ္ဓါ=သစ္စာလေးပါး မြတ်တရားကို ထင်ရှားပိုင်ပိုင်ကိုယ်တော်တိုင် သိတော်မူတတ်၏။ အရဟာတော=သော။ ဝါ=သော။ ဝါ=သော။ ဝါ=သော။ ဝါ=သော။ သမ္မာသမ္ဗုဒ္ဓဿ=သော။ တဿ ဘဂဝတော=အား။ နမ=၏။ နဒမာ=ရှိခိုးကြောင်း ဖြစ်သော ရတနတ္တယပဏာမစေတနာသည်။ အတ္ထု=ဖြစ်ပါစေသား။

တနည်း ဆရာတော်ဘုရားကြီး၏ နမော တဿ အနက်

ယော ဘဂဝါ=သည်။ ဒီပင်္ကရာပါဒမူလေ=ဒီပင်္ကရာ မြတ်စွာသနင်း ခြေတော်ရင်း၌။ နိယတလဒ္ဓံ=နိယတဗျာဒိဘ် ပန်းတံဆိပ်တော်ကို။ ပိဋ္ဌိတ္တာ=ပန်ဆင်တော်မူပြီး၍။ ဗုဒ္ဓတ္တကရေ=ဘုရားဒေ့ဖြစ်ကို ပြုတတ်ကုန်သော။ဒါနာဒိဓမ္မေ=ဒါနစသား ပါရမီတရားတို့ကို။ ပူရတ္တာ=ဖြည့်ကျင့်တော်မူပြီး၍။ အန္တိမဘဝေ=အဆုံးဘဝဖြစ်သော။ သိဒ္ဓတ္ထဘဝေ=သိဒ္ဓတ္ထ မင်းသား၏ ဘဝ၌။ သဗ္ဗလောကသုခံ=အလုံးစုံသော လောကဖွယ်ရာ ချမ်းသာများကို။ စဇိတ္တာ=တံထွေးပေါက်သဖွယ် စွန့်ပယ်တော်မူ၍။ ဆဗ္ဘဿာနိ=ခြောက်နှစ်တို့ ပတ်လုံး။

၁။ ဒီ၂-၂၃၀။ မဂ-၂၃၅။ မ၂-၃၁၄။၃၄၁-၂၀။ သံ၁-၁၆၂။ အံ၁-၆၈။ အံ၂-၂၀၈။

အတိဒုက္ကရာနိ=အလွန်ပြုနိုင်ခဲကုန်သော အကျင့်တို့ကို။ စရိတ္ဝာ=ကျင့်တော်မူ၍။ အရေ=သံသရာစက်၏ အကန့် ဒေါက်ဆန်တို့ကို။ ဟနိတ္ဝာ=ချိုးဖဲ့ဖျက်ဆီးတော်မူပြီး၍။ သာမဉ္ဉ=သာလျှင်။ သဗ္ဗဓမ္မေ=တို့ကို။ ဗုဇ္ဈိ=ပြီ။ သမ္မာဗောဓိံ=အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်သို့။ ပတ္တောဒ=ရောက်တော်မူပြီ။ အရဟာတေဝ=သော။ သမ္မာသမ္ဗုဒ္ဓဿ=သော။ တဿ ဘဂဝတော=အား။မေ=၏။ နမော=ရှိခိုးခြင်းသည်။ အတ္ထု=ဖြစ်ပါစေသတည်း။

တနည်း ဆရာတော်ဘုရားကြီး၏ နမော တဿ အနက်

ဝိနယဓရာနံ=ဝိနည်းကို ဆောင်နိုင်ကုန်သော ပုဂ္ဂိုလ်တို့ထက်။ အတိဝိယ=အတိုင်းထက်အလွန်သာလျှင်။ ဝိနယဓရော=ဝိနည်းကို ဆောင်နိုင်တော်မူသော။ ဝိနယပညတ္တိကုသလော=ဝိနည်းကို ပညတ်ခြင်း၌ လိမ္မာတော်မူသော။ ယော သော ဘဂဝါ=သည်။ သမတိံသပါရမိယော=တို့ကို။ ပတ္တောဒ=ရောက်တော်မူပြီ။ အရဟာတေဝ=သော။ သမ္မာသမ္ဗုဒ္ဓဿ=သော။ တဿ ဘဂဝတော=အား။ မေ=၏။ နမော=ရှိခိုးခြင်းသည်။ အတ္ထု=ဖြစ်ပါစေသတည်း[1]။

တနည်း ဆရာတော်ဘုရားကြီး၏ နမော တဿ အနက်

ယော ဘဂဝါ=သည်။ ပဏိဓာနတော=မှ။ ပဋ္ဌာယ=၍။ ကပ္ပသတသဟဿာဓိကာနိ=ကုန်သော။ စတ္တာရိ အသင်္ချေယျာနိ=ပတ်လုံး။ ဒသပါရမိယော=တို့၎င်း။ ဒသဥပပါရမိယော=တို့၎င်း။ ဒသပရမတ္ထပါရမိယော=တို့၎င်း။ ပူတိ=ကျိုးသို့။ သမတိံသပါရမိယော=တို့ကို။ ပူရေတ္ဝာ=၍။ ပဉ္စမဟာပရိစ္စာဂေ=တို့ကို။ ပရိစ္စဇိတ္ဝာ=၍။ လောကတ္ထစရိယံ=ကိုဂျင်း။ ဉာတတ္ထစရိယံ=ကိုဂျင်း။ ဗုဒ္ဓတ္ထစရိယံ=ကိုဂျင်း။ ပူတိ=သို့။တိဿော=ကုန်သော။ စရိယာယော=တို့ကို။ ပစ္ဆိမဘဝေ=၌။ ဂဗ္ဘံ=မယ်တော် ဝမ်းကြောတိုက်သို့။ သြက္ကမိတ္ဝာ=၍။ ဒသမေ မာသေ ဝိဇာယိတ္ဝာ=၍။ သောဠသဝဿာနိ=လုံး။ တီသု=ကုန်သော။ သုဝဏ္ဏမန္ဒိရေသု=တို့၌။ ဒေဝသိရိံ=ဝယ်=သော။ ရဇ္ဇသိရိံ=ကို။ အနုဘဝိတ္ဝာ=၍။ အဘိနိက္ခမိတ္ဝာ=၍။ ဆဗ္ဘဿာနိ=တို့ပတ်လုံး။ ပဓာနစရိယံ

၁။ ဝိနည်းကျမ်းဦးဖြစ်၍ ဝိနည်းနှင့် လျော်အောင် ဝိနယဓရာနံ-စသည်ထည့်၍ ယောဇနာတော်မူသည်။

=ကို။ စရိတ္ဝာ=၍။ ဗောဓိမဏ္ဍော=၌။ ဗောဓိရုက္ခမူလေ=၌။ မာရဘဉ္ဇနသခ်ီ-
တေ=သော။ ပလ္လင်ကော=၌။ပဉ္စမာရေ=တို့ကို။ ဇိနိတ္ဝာ=၍။ ဒိယဓုသဟဿ-
ကိလေသာရယော=တို့ကို။ အရဟတ္တမဂ္ဂဉာဏသတ္ထေန=ဖြင့်။ ဟနိတ္ဝာ=၍။
သမ္မာ=စွာ။ သာမံ=တိုင်။ စတ္တာရိ=ကုန်သော။သစ္စာနိ=တို့ကို။ဗုဇ္ဈိ=ပြီ။

အရဟတော=သော။ သမ္မာသမ္ဗုဒ္ဓဿ=သော။ တဿ ဘဂဝတော=
အား။ အဟံ=သည်။ နမော=ကို။ ကရောမိ=ပါ၏။ တေန နမက္ကာရေန=
ကြောင့်။ သဗ္ဗေ=ကုန်သော။ အန္တရာယာ=တို့သည်။ အသေသတော=
အားဖြင့်။ ဝိနဿန္တု=ပျောက်ပျက်ပါစေ ကုန်သတည်း[1]။

တနည်း ဆရာတော်ဘုရားကြီး၏ နမော တဿ အနက်

ယော ဘဂဝါ=သည်။ ကပ္ပသတသဟဿာဓိကာနိ=ကုန်သော။ စတ္တာရိ-
အသင်္ခ်ေယျာနိ=တို့ပတ်လုံး။ ဗုဒ္ဓတ္တကရေ=ဘုရားအဖြစ်ကို ပြုတတ်ကုန်သော။
ဓမ္မေ=ပါရမီဆယ်ပါး, စွန့်ခြင်းကြီးငါးပါး, စရိယသုံးပါး မြတ်တရားတို့ကို။
သမ္မာဒေတ္ဝာ=ပြည့်စုံစေတော်မူပြီး၍။ ဝါ=ဖြည့်ကျင့်တော်မူပြီး၍။ ပဉ္စမာရေ
=တို့ကို။ ဟနိတ္ဝာ=သံလျက်မင်္ဂလာ ဝင်ရစ်နှင်ဖြင့် ပယ်နှိမ်ခုတ်သတ် တော်မူ
မူပြီး၍။ သမ္မာသမ္ဗောဓိ=ပစ္စဝေက္ခဏာဉာဏ်ဖြင့် ကောင်းစွာ သိတော်မူ
အပ်သော အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်တော်သို့။ သမ္ဗုဇ္ဈတော=ပြီ။
အရဟတော=သော။ သမ္မာသမ္ဗုဒ္ဓဿ=သော။ တဿ ဘဂဝတော=အား။
နမော=ပါ၏။ တေန=ကြောင့်။ မေ=၏။ သန္တာနေ=၌။ သဗ္ဗန္တရာယာ=
တို့သည်။ အသေသတော=အားဖြင့်။ ဝိနာသံ=သို့။ ပတ္ဝာ=ကုန်၍။ မနော
ရထာ=စိတ်နှလုံးအလိုတို့သည်။ ပူရေန္တု=ပြည့်စုံ ပါစေကုန်သတည်း။

တနည်း ဆရာတော်ဘုရားကြီး၏ နမော တဿ အနက်

ယော ဘဂဝါ=သည်။ အပရိမေယျသု=ဤဿေ ဤမျှ ဂဏန်းချ၍
နှိုင်းဆ ပိုင်ပိုင် မတတ်နိုင်ကုန်သော။ ဝါ=ဤဿေ. ဤမျှ ဂဏန်းချ၍ နှိုင်းဆ
ချင့်ပေါင်း မတတ်ကောင်းကုန်သော။ အတ္တဘာဝေသု=အတ္တဘောတော်တို့၌။
ဝါ=ကိုယ်တော်မြတ်၏ အဖြစ်တော်တို့၌။ ကပ္ပသတသဟဿာဓိကာနိ=ကုန်
သော။ စတ္တာရိ အသင်္ခ်ေယျာနိ=ပတ်လုံး။ သမတိ ံသပါရမိယော=တို့ကို။
ပူရေတ္ဝာ=၍။ သဗ္ဗကိလေသေ=ဗျည်း သတ္တတိ နာမ်လက်နိုကို သံကိမြောက်
ပွါး ငါးထုတထောင် မြားမြောင် ပြောဟုန် အလုံးစုံသော ကိလေသာတို့ကို။
ဘဉ္ဇိတ္ဝာ=လေးတန်ဉာဏ်မင် စိန်သံလျက်ဖြင့် ချိုးဖျက်ခုတ်ထွင် သုတ်သင်
ရှင်းလင်းတော်မူပြီး၍။ ဒဿသဟဿိ လောကဓာတုံ = ဝန်းကျင်တိုက်ပေါင်း

၁။ ဤနေမာတဿ အနက်ကား-၁၃၀၀-ပြည့်နှစ် ဝါဆိုလဆုတ် ၄-ရက်နေ့ မူလဋီကာ ချစဉ်က ချပို့ တော်မူသော အနက်တည်း။

တသောင်းပညတ် လောကဓာတ်ကို။ ကမ္မဇန္တော=သံဟီရိုက်လျက် သိမ့်သိမ့်တက်အောင် ထက်အောက်ဝှန့်ဝေ တုန်လှုပ်စေလျက်။ အနုတ္တရံ=သော။ သမ္မာသမ္ဗောဓိ=မဖောက် မပြုန် အမှန်ကိုယ်တိုင် သိစွမ်းနိုင်သော မဏ္ဍိုင်ဥက္ကဋ္ဌမဂ်ဉာဏ်မြတ်ကို။ အဘိသမ္ဗုဒ္ဓါ=ပစ္စဝေက္ခဏာ ဇောခြောကာဖြင့် မကြာခဏ ရတော်မူပြီ။

အရဟတော=သော။ သမ္မာသမ္ဗုဒ္ဓဿ=သော။ တဿ ဘဂဝတော=အား။ အဟံ=သည်။ နမော=ရှိခိုးပါ၏။ တေန နမနေန=ကြောင့်။ မေ=၏။ ဇယမင်္ဂလံ=သည်။ ဘဝတု=ဖြစ်ပါစေသတည်း။ ဂန္ဓာ စ=သည်လည်း။ အနန္တရာယေန=သဖြင့်။ နိဋ္ဌံ=သို့။ တေ= ရောက်ပါစေသတည်း။

တနည်း ဆရာတော်ဘုရားကြီး၏ နမော တဿ အနက်

ဇီနော=ဒေဝပုတ္တ စသည်မျှားဖြင့် မာရ်ငါးအင်ကို အောင်မြင်တော်မူပြီးသော။ ယော ဘဂဝါ=သည်။ သံသာရပင်္ကတော=မှ။ နိမုဂ္ဂါနံ=နစ်မြုပ်တည်နေကြကုန်သော သတ္တဝါတို့ကို။ သမုဒ္ဓရဏတ္ထံ=ကောင်းစွာ ထုတ်ဆယ်ကယ်တင်ရန် အကျိုးငှါ။ ကတာဘိနီဟာရော=ပြုအပ်ပြီးသော ဆုတောင်းခြင်းရှိသည်။ ဟုတ္ဝာ=၍။ ဗောဓိသမ္ဘာရေ=အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်တို့ကို ရင့်သန်ကြီးပွါးစေတတ်သော ပါရမီတော်တို့ကို။ ဝါ=အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်၏ ရင့်သန်ကြောင်း အဆောက်အဦးဖြစ်သော ပါရမီတော်တို့ကို။ ပူရေတ္ဝာ=၍။ ဗုဒ္ဓဓမ္မေ=ဘုရားဖြစ်ကြောင်း ဖြစ်သော တရားတို့ကို။ ဉာဏေန=ဖြင့်။ ဂဝေသန္တော=ရှာတော်မူသည်ရှိသော်။ ဗောဓိမဏ္ဍံ=သို့။ ပတ္ဝာ=၍။ တမံ မောဟံ=သတ္တဝါတို့၏ ပညာမျက်စိကို ကာကွယ်ပိတ်ဆို့တတ်သော အဝိဇ္ဇာအမိုက်အမှောင်ကို။ သဒ္ဓမ္မရံသိဟိ=တို့ဖြင့်။ ဟန္တွာ=ပယ်လွှင့် ဖျောက်ဖျက်တော်မူပြီး၍။ ပင်္ဇံ ဇနံ=ဝေနေယျသတ္တဝါတည်းဟူသော ကြာကို။ ဗောဓေသိ=သစ္စာလေးပါးကို သိစေသောအား ဖြင့် ပွင့်စေတော်မူပြီ။

အရဟတော=သော။ သမ္မာသမ္ဗုဒ္ဓဿ=သော။ တဿ ဘဂဝတော=အား။ အဟံ=သည်။ နမော=ပါ၏။ တေန နမနေန=ကြောင့်။ မေ=၏။ ဇယမင်္ဂလံ=သည်။ ဘဝတု=တည်း။ ဂန္ဓာ စ=သည်လည်း။ အနန္တရာယေန=သဖြင့်။ နိဋ္ဌံ ပါပုဏာတု=ရောက်ပါစေသတည်း။

ဤသည်တို့ကား ဆရာတော် အရှင်ပညာမဟာထေရ် ကျမ်းဦးယောဇနာချက် နမော တဿ အနက်တို့ဘည်း။ ကြည့်ရှုသုံးစွဲ ကြည်ညိုကြကုန်ရာ၏။

နမော တဿာတိ ပါဌမို့၊ နာနာကာရေန ယောဇယိ။
သုဓီရဘာဝေါ ထေရဿ၊ သဗ္ဗတ္ထ ပါကဋော ဘဝိ။

၁။ နမော တဿနှင့်စပ်၍ အခြားမှတ်ဖွယ်မျှား ထေရဝုတ္တန္တဒီပနီ-၂၁၉-ကြည့်။

သတ္တပညာသမပိုင်း

ရေကန်ကြီး ဦးစီး ဆည်ဖို့တော်မူခြင်း

ဆရာတော်၏ မွေးရပ်ဌာနီဖြစ်သည့် ခွေပြုတ်ရွာသည် မိုးခေါင်ရေရှား အရပ်တွင် ပါဝင်သည်။ ရေအတွက် အဝေး အလံသွား၍ လှည်းရေတိုက်ကြရသည်။ ဆရာတော်သည် ယင်းသို့ ရွာသူ ရွာသားများ ရေအတွက် အခက်အခဲမှ ကင်းဝေးရန် ၁၂၉၅-ခုနှစ်လောက်မှ စ၍ ခွေးပြုတ်ရွာတောင်ဖက် ရွာ၏အနီးဌ ရေကန်ကြီးကို ဦးစီး၍ တည်ဆောက်တော်မူသည်။ ရံခါ ပခုက္ကူမှ ကြွတော်မူ၍ ၁-ပတ်, ၂-ပတ် စသည် သင့်သလို သီတင်းသုံးတော်မူ၍ ရေကန်ကြီး အပြီးတိုင် တူးဖော်ရေး ဟောပြောစီမံတော်မူသည်။ ကန်ကြီး၏ အနီး ယာယီတဲထိုး၍ ရံခါကြိုးကြား သီတင်းသုံးတော်မူသည်။ ပတ်ဝန်းကျင်ရှာ ၁၀ ရွာခန့် ဤကန်ကို မှီကြရကုန်၏။ ဆရာတော်၏ ကြိုးပမ်းမှုကြောင့် သတ္တဝါတို့ ယခုတိုင် ရေအတွက် များစွာ ချမ်းသာကြကုန်၏။

တဋ္ဌာကဗန္ဓနေ စာပိ၊ ဗလဒါယီ မဟာသုဓီ။
ပါဏီနံ သုခဘာဝါယ၊ သဒါ နိန္နော မဟာယတီ။

နန္ဒသားရှောင်ကြဉ်ရေး တရား ဟောတော်မူခြင်း

ဆရာတော်သည် တိုင်းပြည်၌ မကြာမကြာ ကြုံတွေ့ရသော ရေဘေး,မီးဘေး, ပုလိပ်ကပ်ရောဂါ, ကျောက်ကြီးရောဂါ စသည့် ရောဂါဘေးဆိုး ကြုံတွေ့ရသည်မှာ ရဟန်းရှင်လူတို့ နန္ဒသားကို စားကြခြင်းကြောင့် ဖြစ်သည်ဟု ယုံကြည်တော်မူသည်။ နန္ဒသားကို စားသဖြင့် သမ္မာဒေဝနတ်များက တိုင်းကား ပြည်ရွာကို စောင့်ရှောက်ဖို့ လျစ်လျူရှုခိုက် မိစ္ဆာနတ်များ အခွင့်ရကြသည်။ ယင်းမိစ္ဆာနတ်တို့၏ လှုံ့ဆော်မှုကြောင့် တိုင်းပြည်၌ဘေးဆိုး တွေ့ကြုံရသည်ဟုလည်း သတိပြုတော်မူမိသည်။ ၎င်းပြင် နန္ဒသားတော်သော ပုဂ္ဂိုလ်များ အပါယ်ဝင်ရဲ့ ကျခံကြရမည် ဒုက္ခခံရမည်ကိုလည်း များစွာမှ သနားကျင်နာတော်မူလှသည်။ သို့ဖြစ်၍ ၁၃၀၇ ခုနှစ်မှ စ၍ ပြန်လှန်တော်မူသည်အထိ အခွင့်သင့်တိုင်း နန္ဒသားမစားရန် ပခုက္ကူပတ်ဝန်းကျင်တဝိုက်, ညောင်ဦးတဝိုက်နှင့် ဆရာတော်ဘုရားကြီး၏ ဇောက်လေထုတို့၌ နန္ဒသားရှောင်ကြဉ်ရေးကို လတ်တီဆရာတော် ဘုရားကြီးကဲ့သို့ ဟောတော်မူခဲ့လေသည်။

ယထာ မာတာ ပိတာ ဘာတာ၊ အညေဝါပိ စ ဉာတကာ။
ဂါဝေါ နော ပရမာ မိတ္တာ၊ ယာသု ဇာယန္တိ ဿဒါ။

ဂါဝေါ=နွားတို့သည်။ နော=ငါတို့၏။ မာတာ ယထာ=မိခင်တို့ကဲ့သို့ဌင်း။ ဝါ=အမိနှင့် တူကုန်သည်ဌင်း။ ပိတာ ယထာ စ=အဖတို့ကဲ့သို့ဌင်း။ ဝါ=အဖနှင့် တူကုန်သည်ဌင်း။ ဘာတာ ယထာ စ=မောင်ကြီး မောင်ငယ်တို့ကဲ့သို့ဌင်း။ ဝါ=မောင်ကြီးမောင်ငယ်နှင့် တူကုန်သည်ဌင်း။ အညေဝါပိ=တပါး တခြားလည်းဖြစ်ကုန်သော။ ဉာတကာ ယထာ=ဆွေမျိုးတို့ ကဲ့သို့ဌင်း။ ဝါ=ဆွေမျိုးတို့နှင့် တူကုန်သည်ဌင်း။ နော=ငါတို့၏။ပရမာ=လွန်မြတ်ကုန်သော။ မိတ္တာ=သက်ဆုံးချစ်ခင် ကျင်နာကဲလွန် မိတ်ကောင်း ဆွေမှန်တို့ပေတည်း။ ယာသု=ယင်းနွားတို့၌။ ဿဒါ= အနာကင်းကြောင်း ဆေးကောင်း ဆေးမြတ်တို့သည်။ ဇာယန္တိ=ဖြစ်ပေကုန်၏။

(ဆောင်) ကဲ့ရဲ့နွားတို့မှာ မိမာတာနှင့် ပိတာအဖ မောင်တမျှတည်း တဝ ထို့ပြင် လွန်ချစ်ကျင်သည့် ခင်မင်လေးစား ဆွေမျိုးမျှားနှင့် မခြားပုံသေ တူလှပေ၏၊ တို့တတွေကား ယင်းအသားကို မစား ထိုက်ရှိး ကေန်တည်း။

ဟူသော အဓိပ္ပါယ်ရှိသော စကားလုံးတို့ဖြင့်ဌင်း,

အန္နဒါ ဗလဒါ စေတာ၊ ဝဏ္ဏဒါ သုခဒါတထာ။
တေမတ္ထဝသံ ဥတ္တာ၊ နာသု ဂါဝေါ ဟနိံသု တေ။

စေတာ=ထိုနွားတို့သည်။ နော=ငါတို့အား။ အန္နဒါ စ=ထမင်းအစာကိုလည်း ပေးတတ်ကြကုန်၏။ ဗလဒါ စ=အားခွန်ဗလ စွမ်းထားမကိုလည်း ပေးတတ်ကြကုန်၏။ ဝဏ္ဏဒါ စ=ကိုယ်ရေအဆင်းလှပခြင်းကိုလည်း ပေးတတ်ကြကုန်၏။ သုခဒါတထာ=သုခဒါ စ=ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသုခကိုလည်း ပေးတတ်ကြကုန်၏။ စေတံ အတ္ထဝသံ=ဤသို့သော နွားတို့၏ အကျိုးကျေးဇူး အထူးကို။ ဥတ္တာ=အမှန်တိုင်း သိရှိကြကုန်ခြင်းကြောင့်။ တေ=ထို ရှေးသူတော်ကောင်းအပေါင်းတို့သည်။ ဂါဝေါ=နွားတို့ကို။ နဟနိံသု=မသတ်ဖြတ်ကြကုန်။ ဝါ=သတ်ဖြတ်၍ မစားကြကုန်။

၁။ သုတ္တနိပါတပါဠိ။ ၃၂၃။ (ပြာဟ္မဏဓမ္မိကသုတ်) ဂါဝေါနှင့် ညီအောင် ပိတာ စသည်ကို ဗဟုဝုစ် ယောဇနာလိုက်သည်။

(ဆောင်)　ရသာချိုမွေ့ သြဇာဆေး ပေးရှာ နွားတို့သာ။
အစားအစာ ပေးကြရှာ မှတ်ပါ နွားတို့သာ့။
အားခွန်ဗလ ပေးကုန်ကြ မုချ နွားတို့ပါ။
အဆင်းလှပ ပြုကုန်ကြ မှတ်ကြ နွားတို့ပါ။
ကာယစိတ္တ နှစ်ဝချမ်းသာ ပြုကြရှာ မှန်စွာ နွားတို့ပါ။

စသည် အဓိပ္ပါယ် ပါရှိသော စကားလုံးတို့ဖြင့်ဂုဏ်း နွားသား ရှောင်ကြဉ်ရေး တရားကို ဟော်တော်မူခဲ့လေသည်။

ဂုဏ်းပြင်—

ဂေါဏာ ဟိ သဗ္ဗဂိဟီနံ၊ ပေါသကာ ဘောဂဒါယကာ။
တသ္မာ ဟိ မာတာပိတူဝ၊ မာနယေ သက္ကရေယျ စ။
ယေ စ ခါဒန္တိ ဂေါမံသံ၊ မာတုမံသံဝ ခါဒယေ။
မတေသု တေသု ဂိဇ္ဈာနံ၊ ဒဒေ သောတေ စ ဝါဟယေ[1]။

ဂေါဏာ=နွားတို့သည်။ သဗ္ဗဂိဟီနံ=လောကမှိတင်း လူခပင်းတို့အား။ ဟိ ယသ္မာ=အကြောင်းကြောင့်။ ပေါသကာ=ကျေးမွေးတတ်ကုန်၏။ ဘောဂဒါယကာ=စည်းစိမ်ကို ပေးတတ်ကုန်၏။ တသ္မာ ဟိ=တသ္မာ ဧဝ=ထို့ကြောင့် သာလျှင်။ မာတာပိတူဝ=အမိအဖတို့ကိုကဲ့သို့။ တေ=ထိုနွားတို့ကို (ထည့်)။ မာနယေ=ချစ်ခင်မြတ်နိုးရာ၏။ သက္ကရေယျ စ=ကောင်းစွာ ကျေးမွေးပြုစုထု၏။

ယေ စ ပုဂ္ဂလာ=အကြင်ပုဂ္ဂိုလ်တို့သည်ကား။ ဂေါမံသံ=နွားတို့၏ အသားကို။ ခါဒန္တိ=စားကြကုန်၏။ တေ စ ပုဂ္ဂလာ=ထိုပုဂ္ဂိုလ်တို့သည်ကား။ မာတုမံသံဝ=အမိ၏ အသားကိုသာလျှင်။ ခါဒယေ=စားကြသည် မည်ကုန်၏။ တေသု ဂေါဏေသု=ထိုနွားတို့သည်။ မတေသု=သေလွန်ကုန်သည်ရှိသော်။ ဂိဇ္ဈာနံ=လင်းတတို့အား။ ဒဒေ=ပေးရာ၏။ သောတေ စ=ရေအလျဉ်၌သော်လည်း။ ဝါဟယေ=မျှောလိုက်ရာ၏။

(ဆောင်)　လောကမှိဖြား လူအများ စားစာပေးတာ နွားတို့ပါ။
စည် စိမ်ဓန ပေးကုန်ကြ မုချမှတ်ပါ နွားတို့သာ။
မင်းတို့ကိုးကွယ် ဘုရားတယ် (တည်) အုဒ္ဒ်သယ်သိုက်ရှာ
နွားတို့ပါ။

၁။　ဓလောကနီတိ-၁၅၁-၁၅၂။

ထို့ကြောင့်သာပ မိတမျှ မုချမြတ်နိုးရာ။
ထို့ကြောင့်သာပ ဖတမျှ မုချမြတ်နိုးရာ။
ကျွန်ုးအသွား စားလေဘိကား အမိအသား စားသည်မည်
သတည်း။
ကျွန်ုးသေက လင်းတတို့အား ပေးငြားပါလေ။
ရေတွင်သော်လည်း အသီးသီး အပြီးမျှောကြလေ။

စသည် အဓိပ္ပါယ်ပါရှိသော တရားဒေသနာစကားတို့ဖြင့် နွားသား ရှောင်ကြဉ်ရေးကို ဟောတော်မူခဲ့လေသည်။ နွားသားမစားပဲ ရှောင်ကြဉ်ရန် လက်ံသံပေါက်မျှား ရိုက်နှိပ်၍လည်း ဖြန့်ဝေတော်မူခဲ့သည်။

ဂေါဏေသုပိ ဒယာယုတ္တော၊ မဟာတပေါဓနော သုဓီ။
ဂေါမံသဝိရတိယာပိ၊ ဓမ္မကထံ ပဝတ္တယိ။

အဌပညာသမပိုင်း

ဦးတေဇိန္ဒကို ခွေးပြုတ်ရှာ၌ ကျောင်းထိုင် သာသနာပြုစေခြင်း

ဆရာတော်ဘုရားကြီးသည် ပခုက္ကူမဟာဝိသုတာရာမ စာသင်တိုက်ကြီးကို အုပ်ချုပ်ရင်း, နိကာယ်ဝင်ကျောင်းတိုက်မျှား နိကာယ်ကျမ်းစာမျှား ပို့ချမှု မလစ်ဟင်းအောင် လုံးပမ်းကြိုးကုတ် လုပ်ဆောင်တော်မူသည်သာမက **မိမိ၏** ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သော ခွေးပြုတ်ကျောင်း၌လည်း သာသနာရေးဆိုင်ရာ အလုပ်ကိစ္စဖြစ်မြောက်ရေးကို ဝါယာမ စိုက်တော်မူသည်။ ၁၃၀၄-ခုနှစ်တွင် ခွေးပြုတ်ကျောင်း ကျောင်းထိုင်ပဓာန နာယကဘုန်းကြီးဦးကလျာဏ လူဘဝကူးပြောင်းသဖြင့် မိမိ၏တပည့်လည်းဖြစ် တူလည်းဖြစ်သော ဦးတေဇိန္ဒကို ခွေးပြုတ်ရှာကျောင်း၌ နေထိုင်စေ၍ သာသနာပြုစေတော်မူခဲ့သည်။

ဦးတေဇိန္ဒသည် ၁၂၇၃-ခုနှစ် နတ်တော်လဆုတ် ၅-ရက်နေ့တွင် ဖွားမြင်သော ပနီတွင်းရွာ ဦးခါး, ဒေါ်အေးမြတို့၏ တတိယမြောက် သားဖြစ်သည်။ အရွယ်ရောက်သော် ရှင်ရဟန်းပြု၍ သာသနာ့တာဝန်ကို ထမ်းဆောင်ခဲ့သည်။ ၁၂၉၃-ခုနှစ်တွင် ရဟန်းဖြစ်၏။ ဥပဇ္ဈာယ်ဆရာတော်ကား ဝိနည်းပါဠိတော်များနှင့် ဝိနည်း အဋ္ဌကထာနိဿယကျမ်းတို့ကို ပြုစုတော်မူခဲ့သော မအူဆရာတော် ဘုရားကြီး အရှင်နာရဒမဟာထေရ်ဖြစ်သည်။ ပခုက္ကူ မဟာဝိသုတာရာမတိုက်ကြီး၌ ကိုရင်ဝတ်နှင့် ၅-ဝါ, ရဟန်းဝတ်နှင့် ၁၀-နှစ်ကျော် သီတင်းသုံးခဲ့သည်။

၁၃၀၄-ခုနှစ်တွင် ဆရာတော် အရှင်ပညာက မောင်တေဇိန္ဒ ခွေးပြုတ်မှာ မောင်ကလျာဏ လူထွက်သွားသည်။မင်း ခွေးပြုတ်မှာ ကျောင်းထိုင်အဖြစ် နေထိုင်၍ သာသနာကောင်းကျိုး, နယ်သူနယ်သား‌တို့၏ ကောင်းကျိုးကို သည်ပိုးရွက်ဆောင်ရမည်ဟု မိန့်ဘော်မူသဖြင့် ဦးတေဇိန္ဒသည် ခွေးပြုတ်ရွာ၌ ၁၃၀၄-ခုနှစ်ကစ၍ သက်ဆုံးတိုင် သီတင်းသုံးတော်မူ၍ သာသနာပြုတော်မူခဲ့သည်။

ဦးတေဇိန္ဒ၏ လုံ့လကြောင့် ခွေးပြုတ် ပနီတွင်း စသည်မှ အမျိုးသားပေါင်းများစွာတို့ ရှင်ရဟန်းပြုကြကုန်၏။ ၎င်းပြင် ဦးတေဇိန္ဒသည် ဆရာတော် အရှင်ပညာ ဆည်ဖို့ခဲ့သော ကန်ကြီးကို ပြုပြင်ခြင်း, ငွေပင်အိုင်ဆည်, ရေလာများ တူးမြောင်းများ, ပနီတွင်းဆည်, ကံကြဲဆည် စသည်တို့ကို ပြုလုပ်၍ နယ်မြေကောင်းကျိုးကိုလည်း သည်ပိုးတော်မူခဲ့လေသည်။ ဆရာတော်ဘုရားကြီး၏ ရုပ်တုတော်နှင့် ယင်းရုပ်တုတော် သီတင်းသုံးရာ သာသနာ ဇောတိကအုပ်တိုက်ကြီးကိုလည်း စီမံပြုလုပ်တော်မူခဲ့သည်။ သက်တော် ၆၂-နှစ် သီကျွတ်တော် ၄၂ ဝါ ရရှိရာ ၁၃၃၄-ခု ပြာသိုလဆုတ် ၇-ရက်နေ့ ည ဂ-နာရီ ၂၅-မိနစ်တွင် ပြန်လွန်တော်မူသည်။ ဦးတေဇိန္ဒ ပြန်လွန်တော်မူပြီးနောက် ခွေးပြုတ်ရွာ ကျောင်း၌ ဆရာတော်ဦးဝိလာသ ဆက်လက်၍ သီတင်းသုံး သာသနာပြုတော်မူ၏။

တေဇိန္ဒော တေဇသမ္ပန္နော၊ သဒါ ဉယျုတ္တမာနသော။
ကလျာဏံ သော ကရိတ္ဝာန၊ ဂတော ဒေဝသဟဗျတံ။

ကျေနသဋ္ဌမပိုင်း

အနယ်နယ် အိုးစိုး အမြိုမြို အရှာရှာတို့၌ သိမ်သမုတ်တော်မူခြင်း

ဆရာတော်ဘုရားကြီးသည် သက်ဆိုင်ရာ ကျောင်းတိုက်ပိုင် ဆရာတော်များ, ဒကာ, ဒကာမတို့၏ လျှောက်ထားချက်အရ သာသနာတော်၌ လွန်စွာအရေးကြီးသော သိမ်များကိုလည်း အနယ်နယ် အစိုးစို အမြိုမြို အရှာရှာတို့၌ သမုတ်တော်မူခဲ့သည်။

၎င်းတို့မှာ ရန်ကုန်မြို ခေမာသီဝံတိုက်သိမ်, မော်လမြိုင်မြို မြေတဲတိုက်သိမ်, အင်္ဂပူမြို၌ သိမ်တလုံး, အိမ်မဲမြို၌ သိမ်ဘလုံး, ဆင်ဖြူကျွန်းမြို မဟာဝိသုတာရုမတိုက်သိမ်, ဆင်ဖြူကျွန်း မြောက်ဖက် ကန်တော်သင်္မ, မကွေးမြို မဟာဝိသုတာရုမတိုက်သိမ်, မြင်းခြံမြို မဟာဝိသုတာရုမတိုက်သစ်သိမ်, မြင်းခြံခရိုင် ငောင်ချမ်းရွာ ဦးဥေ ယျကျောင်းသိမ်, မြင်းခြံခရိုင် ချောင်းဆုံရွာ ဦးဝါသဝကျောင်းသိမ်, ချောက်မြို ချင်တောင်မသိမ်, မန္တလေးမြို အနောက်ပြင် စကုတိုက် အလယ်တိုက်ကြီးသိမ်, ညောင်ဦးမြို ရှစ်မျက်နှာကျောင်းတိုက်သိမ်, ညောင်ဦးမြို မဟာ

ဝိသုတာရာမတိုက်သိမ်, အင်းတိုင်ကန်ကျောင်းသိမ်,ကြိုပင်သာသိမ်, ဆင်လူးအိုင်သိမ်, နှောင်းဘရွာသိမ်, လက်ပန်ကျန်းသိမ်, သူကောင်းတည်သိမ်, ဆီးတောသိမ်, လက်လှတ်တောဘုရားကလေးတောကျောင်းသိမ်,ပခုက္ကူမြို့မဟာဝိဇယာရာမတိုက်သိမ်, ပခုက္ကူမြို့ သာသနဝိပုလာရာမ မန္တလေးတိုက် သိမ်, ပခုက္ကူမြို့ စိတ္တာသုခတောင်ပေါ် သိမ်, ပခုက္ကူ ကန်တော်ရွာ အနောက်ကျောင်း သိမ်, ကန်သစ်ကျောင်းသိမ်, ဒဟတ်စည်း သိမ် စသည်တို့ ဖြစ်ကုန်၏။

ဆရာတော်သည် သိမ်သမုတ်တော်မူရာ၌ သိမ်နှင့်စပ်၍ မှတ်သားဖွယ်တို့ကို သံဃာ့ ပရိသတ်အား မိန့်ကြားတော်မူတတ်၏။ သိမ် နိမိတ် အဆုံးအဖြတ်, သိမ်ကမ္မဝါနှင့် စပ်, မှတ်သားဖွယ် စသည်တို့ကို ပါဠို, အဋ္ဌကထာ, ဋီကာ, အာစရိယဝါဒ အဆိုအမိန့်တို့ကို လိုလေသေးမရှိအောင် မိန့်ကြားတော်မူလေ့ရှိသည်။ ဆရာတော်ကား လွန်စွာ နှိုင်နင်းသည်။ ဝိနည်းကြောင်းပြောလျှင် ဝိနည်းနှိုင်လှချို၊ အဘိဓမ္မာကြောင်းပြောလျှင် အဘိဓမ္မာတတ်လှချို၊ သုတ္တန်ကြောင်းပြောလျှင် သုတ္တန်ပိုင်လှချိဟု ချီးကျူးကြသည်။ အမှန်မှာ ဆရာတော် ဝိနည်း, သုတ္တန်, အဘိဓမ္မာ ပါရဂူ ပုဂ္ဂိုလ်မြတ်ကြီးပေတည်း။

ဝိနယေ စာပိ ဗျတ္တော စ၊ သုတ္တန္တေသု သုကောဝိဒေါ။
ဘိဓမ္မေ ပါရမိပတ္တော၊ တီသု ဆေကော မဟာဝိဒူ။

သင်္ဃိမပိုင်း

ထောင်ပေါင်းများစွာသော ပညာရှိတပည့်တွေ

ဆရာတော်ဘုရားကြီး၏ ကြိုးပမ်းမှုကြောင့် ပညာရှိ တပည့်တွေ လွန်စွာပေါ်ထွန်းခဲ့ကုန်၏။ အနီးဖြစ်သော အတိတ်သမယနှင့် ယခုအခါ သာသနာတွင် ထင်ရှားမျက်မြင် ပညာရှင်တို့ကား ယေဘုယျအားဖြင့် ဆရာတော် အရှင် ပညာ မဟာဃေရိမြတ်၏ တပည့်ရင်း, တပည့်ဖျားတို့သာ များကုန်၏။ အမြွက်မျှ ထုတ်ပြရပါမူကား—

၁။ အဘိဓဇမဟာရဋ္ဌဂုရု, အဂ္ဂမဟာပဏ္ဍိတ အရှင်သုန္ဒရ ဆရာတော် ဘုရားကြီး၊ မဟာဝိသုတာရာမတိုက်၊ ပခုက္ကူမြို့။

၂။ အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ ဆရာတော်ဘုရားကြီး၊ မဟာဝိသုတာရာမတိုက်၊ ပခုက္ကူမြို့။

၃။ အရှင်ဂန္ဓမာ မဟာဃေရိ၊ မဟာဝိသုတာရာမတိုက်၊ ပခုက္ကူမြို့။

၄။ တိုက်အုပ်ဆရာတော် အရှင်နန္ဒိယ မဟာဃေရိ၊ မဟာဝိသုတာရာမတိုက်၊ ပခုက္ကူမြို့။

၅။ တိုက်အုပ်ဆရာတော် အရှင်မာဃိန္ဒ မဟာထေရ်၊ မဟာဝိသုတာရုမ တိုက်၊ ပခုက္ကူမြို့။

၆။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မဟာဝိသုတာရုမတိုက်၊ မဟာ နာယကဆရာတော် အရှင်နေမိန္ဒ၊ ပခုက္ကူမြို့။

၇။ ဆရာတော် အရှင်နာယက ပရိယတ္တိ ပဌမကျော်, သာသနဇော သီရိပဝရမဟာစရိယ, ဂဏဝါစက, ဂိုဏ်းဝန်ဆောင်ဆရာတော်။

၈။ အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာဝံသမဟာထေရ်၊ ဘုရားဖြူဆရာတော်၊ ရန်ကုန်မြို့။

၉။ အဂ္ဂမဟာပဏ္ဍိတ အရှင်ဉာဏိက မဟာထေရ် သရက်တောတိုက်၊ ရန်ကုန်မြို့။

၁၀။ အဂ္ဂမဟာပဏ္ဍိတ အရှင်ကောဏ္ဍညမဟာထေရ်၊ ခြောက်ထပ်ကြီး ဘုရားကြီးတိုက်၊ ရန်ကုန်မြို့။

၁၁။ အဂ္ဂမဟာပဏ္ဍိတ အရှင်အာစိဏ္ဏ မဟာထေရ်၊ ခြောက်ထပ်ကြီး ဘုရားကြီးတိုက်၊ ရန်ကုန်မြို့။

၁၂။ အဂ္ဂမဟာပဏ္ဍိတ အရှင်ရေဝတခမ္မမဟာထေရ်၊ ဒေဝသာဂရ သိမ် ကုန်းတိုက်၊ ရန်ကုန်မြို့။

၁၃။ အရှင်ဣန္ဒောဘာသ၊ မြသိန်းတန်ကျောင်းဆရာတော်၊ ရန်ကုန်မြို့။

၁၄။ တိပိဋကဓရစာမေးပွဲ နာယက အရှင်ပညာသာမိ၊ ဘုံပျံဆရာတော်၊ ကျောင်းကြီးတိုက်၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။

၁၅။ သုတေသန အဘိဓာန်ကျမ်းပြု အရှင်ဩဘာသာဘိဝံသ၊ သရက် တောတိုက်၊ ရန်ကုန်မြို့။

၁၆။ တိပိဋကဓရ စာမေးပွဲ ပုစ္ဆကနာယက ဆရာတော် အရှင်အရိယ ဝံသ၊ သုံးထပ်တိုက်၊ ပုဇွန်တောင်၊ ရန်ကုန်မြို့။

၁၇။ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးဥယျ၊ သမိုင်းမြို့မ ဆရာတော် ရန်ကုန်မြို့။

၁၈။ ဘာသာဋီကာ, အဓိဓာန်ကျမ်းပြု အရှင်ဩဘာသာဘိဝံသ၊ သရက် တောတိုက်၊ ရန်ကုန်မြို့။

၁၉။ တိပိဋကဓရ စာမေးပွဲ ပုစ္ဆကနာယက ဆရာတော် အရှင်အရိယ ဝံသ၊ သုံးထပ်တိုက်၊ ပုဇွန်တောင်၊ ရန်ကုန်မြို့။

၂၀။ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးဥယျ၊ သမိုင်းမြို့မ ဆရာတော် ရန်ကုန်မြို့။

၂၁။ ဘာသာဋီကာ, အဓိဓာန်ကျမ်းဂန်ပေါင်း များစွာတို့ကို ပြုစုရင်တော်မူသော အဂ္ဂမဟာပဏ္ဍိတ အရှင်ဇနကာဘိဝံသ၊ မဟာဂန္ဓာရုံတိုက်၊ အမရပူရမြို့။

၂၂။ အဂ္ဂမဟာပဏ္ဍိတ အရှင် ကလျာဏာဘိဝံသ၊ မဟာဝေယံဘုံသာ တိုက်၊ မန္တလေးမြို့။

၂၀။ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်နန္ဒမဠ္ဠာဘိဝံသ၊ ချမ်းသာကြီး တိုက်၊ အနောက်ပြင်၊ မန္တလေးမြို့။

၂၁။ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်ဣန္ဒိယ၊ ဣန္ဒြိယဘာရာမ (ဧရှဂု) တိုက်၊ အရှေ့ပြင်၊ မန္တလေးမြို့။

၂၂။ အရှင်ဟိလောက၊ မဟာဝိသုတာရာမတိုက်သစ်တည်၊ မဟာဝိသုတာရာမတိုက်၊ မြင်းခြံမြို့။

၂၃။ အဂ္ဂမဟာပဏ္ဍိတ အရှင်သောဘိတ၊ ကိုးဆောင်တိုက်၊ မြင်းခြံမြို့။

၂၄။ အရှင်ဝါယာမ၊ မဟာဝိသုတာရာမတိုက် (ဒုတိယမြောက် ဆရာတော်)၊ ညောင်ဦးမြို့။

၂၅။ ဆရာတော် အရှင်ဥယျ၊ မဟာဝိသုတာရာမတိုက်၊ စဉ့်ကူမြို့။

၂၆။ ဆရာတော် အရှင်နာရဒ၊မဟာဝိသုတာရာမတိုက်၊မကွေးမြို့။

၂၇။ ဆရာတော် အရှင်ကိတ္တိ၊မဟာဝိသုတာရာမတိုက်၊စလင်းမြို့။

၂၈။ ဆရာတော် အရှင်ခေမိန္ဒ၊ အသောကာရုံတိုက်၊ တောင်တွင် ကြီးမြို့။

၂၉။ ဆရာတော် အရှင်ပညာသီဟ၊ မဟာဝိသုတာရာမတိုက်၊ ဆင်ဖြူကျွန်းမြို့။

၃၀။ ဆရာတော် အရှင်ရာဇိန္ဒ၊သီရိမင်္ဂလာတိုက်သစ်၊ တောင်တွင်းကြီးမြို့။

၃၁။ လယ်တီ အရှင်ပရမ၊ဇမ္ဗုပတိချောင်၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့။

၃၂။ ဆရာတော် အရှင်နာရဒ၊ မဟာဝိသုတာရာမတိုက်၊ ဆီမီးခုံမြို့။

၃၃။ ဆရာတော် အရှင်ဇောတ၊ မဟာဝိသုတာရာမတိုက်၊ ကျောက်ဆည်မြို့။

၃၄။ ဆရာတော် အရှင်ဥတ္တမ၊ ရွှေကျောင်း၊မိတ္ထိလာမြို့။

၃၅။ ဆရာတော် အရှင်တိလောကာဘိဝံသ (သကျသီဟဓမ္မာစရိယ)၊ ဒီပဲရင်း ရွှေဘိုမြို့။

၃၆။ ဆရာတော် အရှင်ဉာဏိန္ဒ၊ ဝေဠုဝန်ကျောင်းတိုက်၊ ရွှေဘိုမြို့။

၃၇။ ဆရာတော် အရှင်မာဃိန္ဒ၊ဝါဆိုကျောင်းတိုက်၊ရေဦးမြို့။

၃၈။ ဆရာတော် အရှင်ကောသရ၊ ဗောဓာရုံကျောင်းတိုက်၊ လားရှိုးမြို့၊ ရှမ်းပြည်မြောက်ပိုင်း။

၃၉။ ဆရာတော် အရှင်ကောသလ္လ၊မဟာဝိသုတာရာမတိုက် (စေ့းကုန်း)၊ ပျဉ်းမနား မြို့။

၄၀။ ဆရာတော် အရှင်ဝိစာရ၊ ဗိုလ်ရုံကျောင်းတိုက်၊ရွှေတောင်မြို့။

၄၁။ ဆရာတော် အရှင်စန္ဒောဘာသ၊ မဟာဝိသုတာရာမတိုက်၊ ပေါင်းတည်မြို့။

၄၂။ ဆရာတော် အရှင်ဝိသုဒ္ဓ၊ ခါတော်မှီကျောင်းတိုက်၊မြောင်းမြမြို့။

၄၃။ ဆရာတော် အရှင်ဣန္ဒဝံသ၊ ဗုဒ္ဓသာသနဝိနယဓရ ဝိနယကောဝိဒ၊ ရွှေကျင်မြို့။

၄၄။ ဆရာတော် အရှင်ကလျာဏ (မုံညင်းဂိုဏ်း သံဃနာယက)၊ ကျောက်ဖူးရွာ၊မြို့ငြိမ်းနယ်။

၄၅။ ဆရာတော် အရှင်ဂန္ဓမာ၊လေသာတိုက်၊စွန်သိုက်ရပ်၊ ပခုက္ကူမြို့။

၄၆။ ဆရာတော် အရှင်နန္ဒဝံသ၊ သီဟိုဠ်ရှင်ဘုရားကြီးတိုက်၊ ပခုက္ကူမြို့။

၄၇။ ဆရာတော် အရှင်ဣန္ဒက၊ သာသနဟိတကာရီ စာချတိုက်၊ ညောင်ဝန်းရွာ၊ ပေါက်မြို့နယ်။

၄၈။ ဆရာတော် အရှင်ရေဝတ၊ ဗျဥ္ဇနဗုဒ္ဓါဒိဝိသောဓနီ ကျမ်းပြု၊ ကျပို့ကန်တော်၊မြင်းခြံခရိုင်။

၄၉။ ဆရာတော် အရှင်ကုမာရ (စာချဆရာတော်)၊ မဟာဝိသုတာရာမတိုက်၊ ပခုက္ကူမြို့။

၅၀။ ဆရာတော် အရှင်အဂ္ဂဝံသ (ဒေသနာစိန်မြကုံး တရားစာများ ပြုစုသူ)၊ ဂဏဝါစက၊ မဟာဝိသုဘာရာမဘိုက်၊ ပခုက္ကူမြို့။

၅၁။ ဆရာတော် အရှင်အဂ္ဂဝံသ (ဂဏဝါစက) (ဆရာကြီးဦးအောင်တင်)။

၅၂။ အဂ္ဂမဟာပဏ္ဍိတ အရှင်ဉတ္တရာဇီဝ (ဒွါရနိကာယ)၊ဒီပါရုံ ဘုရားကြီးတိုက်၊ ရေကြည်မြို့။

၅၃။ အဂ္ဂမဟာပဏ္ဍိတ အရှင်ဉက္ကံသ၊ ဇေယျဝတီတိုက်၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။

၅၄။ အဂ္ဂမဟာပဏ္ဍိတ အရှင်သောဘိတ၊ ဂြစ်ဘက်ကျောင်းတိုက်၊ စစ်တွေမြို့၊ ရခိုင်ပြည်။

၅၅။ အဂ္ဂမဟာပဏ္ဍိတ အရှင်ရေဝတ၊ အလယ်တောရ ကျောင်းတိုက်၊ ရန်ကုန်မြို့။

၅၆။ ဆရာတော် အရှင်ပညာဝန္တ (ဝိဇ္ဇောဒယဆရာတော်) နိုင်ငံကျော် ဓမ္မကထိက၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့။

၅၇။ ဆရာတော် အရှင်နန္ဒိယ (ပုထိုးတိုက်ဆရာတော်)၊ ပုထိုးတိုက်၊ ပခုက္ကူမြို့။

၅၈။ ဆရာတော် အရှင်ဥတ္တမ၊ သုံးထပ်တိုက်၊ ပခုက္ကူမြို့။

၅၉။ အဂ္ဂမဟာပဏ္ဍိတ ငါးဖယ်တူဆရာတော်၊ ဟသ်ာတမြို့။

၆၀။ အဂ္ဂမဟာပဏ္ဍိတ ရှမ်းပြည်မြောက်ပိုင်း ဂိုဏ်းချုပ် ဆရာတော်၊ မင်္ဂလာရုံတိုက်၊ သိန္နီမြို့။

၆၁။ အဂ္ဂမဟာပဏ္ဍိတ အရှင်တေဇနိယ၊ ဇောတိကာရုံ ဆရာတော်၊ ပြည်မြို့။

၆၂။ အဂ္ဂမဟာပဏ္ဍိတ အရှင်ပဒ္ဓဝန်းဆရာတော်၊ မစိုးရိမ်တိုက်၊ အနောက်ပြင်၊ မန္တလေးမြို့။

၆၃။ အဂ္ဂမဟာပဏ္ဍိတ အရှင်ဝိသုဒ္ဓါဘိဝံသ၊ (ဆဋ္ဌသံဂါယနာ အကျိုး ဆောင် ဆရာတော်၊ ဝိဇ္ဇာလင်္ကာရတိုက်၊ အနောက်ပြင်၊ မန္တလေးမြို့။

၆၄။ အဂ္ဂမဟာပဏ္ဍိတ အနီးစခန်းဆရာတော် ဦးပဏ္ဍိဘ၊ အနီးစခန်း ချောင်၊ စစ်ကိုင်းတောင်ရိုး၊ စဉ်ကိုင်းမြို့။

၆၅။ အဂ္ဂမဟာပဏ္ဍိတ အရှင်ပဏ္ဍိတ၊ ဇေယျမေဒနီတိုက်၊ မြောင်းမြမြို့။

၆၆။ ဆရာတော် အရှင်ဉေယျ၊ (ဧရှကျင်နိကာယ)၊ ဓမ္မိကာရာမတိုက်၊ ခရမ်းမြို့။

၆၇။ ပဌမကျော်အရွေလယ်တီတိုက်ဆရာတော် အရှင်ဝါယာမ၊ မုံရွာမြို့။

၆၈။ ပဌမကျော် လယ်တီကောဝိဒဆရာတော် (ပုပ္ပါးဦးကျော်ရင်)၊ မုံရွာမြို့။

၆၉။ ဆရာတော် အရှင်စန္ဒောဘာသ၊ ဇောတိကာရာမတိုက်၊ မုံရွာမြို့။

၇၀။ ဆရာတော် အရှင်နိဂြောဓာဘိမင်္ဂလ၊ နိဂြောဓာရုံတိုက်၊ မုံရွာမြို့။

၇၁။ ဆရာတော် အရှင်မဟိန္ဒ (လယ်တီဦးလှပိုင်)၊ မုံရွာမြို့။

၇၂။ ဆရာတော် အရှင်ရောတ၊ ကသစ်ဝိုင်ဆရာတော်။

၇၃။ အဂ္ဂမဟာပဏ္ဍိတဆရာတော် အရှင်ဥက္ကံသ (ဦးကြယ် သံဃနာယက)၊ ဘုရားကြီးတိုက်၊ မန္တလေးမြို့။

၂၄။ ဆရာတော် အရှင်ဥက္ကံသ၊ သံဃနာယက (အ-ဝဂ် အဘိဓာန်နှင့် ကျမ်းညွှန်းအဖွဲ့) ဥက္ကဋ္ဌ၊ ဘုရားကြီးတိုက်၊ မန္တလေးမြို့။

၂၅။ ဆရာတော် အရှင်အရိယဝံသ (တိပိဋကဓရစာမေးပွဲနာယက)၊ သုံးထပ်တိုက်၊ ပုဇွန်တောင်၊ ရန်ကုန်မြို့။

၂၆။ ဆရာတော် အရှင်ဓမ္မစာရီ၊ ပဲခူး။

၂၇။ ဆရာတော် အရှင်စိန္တိတ (စထိန်း ပုပ္ပါး)။

၂၈။ ဆရာတော် အရှင်တေဇနိယ (မြက်ရှူ)၊ နွားထိုးကြီးမြို့။

စသည်တို့ ဖြစ်ကုန်၏။ စင်စစ် ဆရာတော်ထံ၌ စာဆို စာလိုက် တပည့်တို့ကား ထောင်ပေါင်းများစွာ ပေါ်ထွန်းကုန်၏။ သံဃာတော် ၉၀၀ ကျော် ၁၀၀၀-ခန့်ရှိ၍ မဟာဝိသုတာရုမ စာသင်တိုက်ကြီး၌ နှစ်ပေါင်း ၃၀-ကျော် နိကာယ်ငါးရပ် မပြတ် ချပို့ခဲ့သော ဆရာတော်၌ တပည့် ထောင်ပေါင်းများစွာ ထွန်းကားခဲ့သည်မှာ ပိုမို၍ ပြောဆိုခြင်းမဟုတ်။ အမှန်ပြောဆိုချက်သာတည်း။

ပဋိစ္စ ဝါယမံယေဝ၊ ပညာထေရ ဓိတိမတော၁။
ပဆောသဟဿသိဿာ စ၊ ပဏ္ဍိတာ သတ္ထကော၀ိဒါ။

ဧကသင်္ဂီမပိုင်း

ဂိုဏ်းပေါင်းစုံ မဟာသံဃာ့အစည်းအဝေးကြီး

သက္ကရာဇ် ၁၃၀၈-ခုနှစ် နယုန်လတွင် ရန်ကုန်မြို့ ခြောက်ထပ်ကြီး ဘုရားကြီး ကျောင်းတိုက်၌ သုဓမ္မာ, ဇေရကျင်, ဒဠှရ ဟူသော ဂိုဏ်းကြီးသုံးဂိုဏ်းမှ ဂိုဏ်း ဂဏဦးစီး, တိုက်တာဦးစီး ဆရာတော်ဘုရားကြီးများတို့ ညီညာတသွေး စည်းဝေး မိကြကုန်၏။ ယင်းအစည်းအဝေးကြီးကား အခြားမဟုတ်၊ ဂိုဏ်းပေါင်းစုံ မဟာသံဃာ့ အစည်းအဝေးကြီး ဖြစ်လေသည်။ ဒုတိယကမ္ဘာစစ်အပြီး ပဌမဆုံး အကြိမ်စည်းဝေးသော သံဃာ့အစည်းအဝေးကြီး ဖြစ်လေသည်။

ဝေရိကွယေ အဂ္ဂပုရေ၊ မဟာသန္နိပါတော အဟု။
တီဟိ မဟာနိကာယေဟိ၊ ထေရာနံ ထိရသီလိနံ။

အစည်းအဝေးဖြစ်မြောက်အောင် ကြိုးပမ်းသူများ

ယင်း သံဃာ့အစည်းအဝေး ဖြစ်မြောက်ရန် ဗဟန်း ဝေဠုဝန်ဆရာတော် ဦးဓမ္မာစာရ, အလယ်တောရဆရာတော် ဦးရေဝတ, ရတနာပုံ ဦးဇာဂရ အစ

ရှိသော ရဟန်းပုဂ္ဂိုလ်များနှင့် ဥက္ကဋ္ဌကြီး ဆာဦးသွင်, ဒုတိယဥက္ကဋ္ဌ တရုးဝန်ကြီးဦးသိမ်းမောင်, ဒုတိယဥက္ကဋ္ဌ ဗြိတိသျှဘားမား သူဋ္ဌေးဦးညွှန့် စသော လူပုဂ္ဂိုလ်များ၂-ရပ်ပေါင်း ရဟန်းပုဂ္ဂိုလ်, လူပုဂ္ဂိုလ် (၂၃)ဦးတို့ သံဃာ့အစည်းအဝေးကြီးဖြစ်အောင် ကြိုးပမ်းကြကုန်၏။

အစည်းအဝေးအတွက် ဝတ္ထုငွေ အလှူ၊ရှင်များ

ယင်း သံဃာ့အစည်းအဝေးကြီး ဖြစ်မြောက်ရေးအတွက် ဗုဒ္ဓဘာသာအဖွဲ့ချုပ်ကြီး ဥက္ကဋ္ဌ ဆာဦးသွင်, ဗြိတိသျှဘားမား ဦးညွှန့် စသော စေတနာရှင် ပုဂ္ဂိုလ် ၅၆-ဦးတို့၏ လှူဒါန်းငွေ တသောင်းသုံးထောင် နှစ်ရာ့ခြောက်ဆယ် (၁၃၂၆၀) ကျော်ကို အစည်းအဝေးစရိတ်အဖြစ် အသုံးပြု၍ သံဃာ့အစည်းအဝေးကြီးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့လေသည်။

အစည်းအဝေးတွင် ပါဝင်သော ဆရာတော်များ

ယင်း သံဃာ့အစည်းအဝေးကြီးသို့ သထုံမြို့ စန္ဒာရုံဆရာတော်၊ သက်တော် (၈၁)၊ သိက္ခာတော် (၆၂)။

ပြည်ခရိုင်၊ ပေါင်းတည်မြို့၊ ဘုရားကြီးတိုက်ဆရာတော်၊ သက်တော် (၇၇) သိက္ခာတော် (၅၇)။

မန္တလေးမြို့၊ ဘုရားကြီးတိုက်၊ ပင်းသာဆရာတော် သက်တော် (၇၆)၊ သိက္ခာတော် (၅၆)။

ဟသ်တခရိုင်၊မြန်အောင်မြို့၊ ဝဋ္ဋဝန်ဆရာတော်၊ သက်တော် (၇၅)၊ သိက္ခာတော် (၅၆)။

ရန်ကုန်မြို့၊ သရက်တောတိုက်၊ မြို့မိဆရာတော်၊ သက်တော် (၇၅)၊ သိက္ခာတော် (၅၅)။

သရက်ခရိုင်၊ အောင်လံမြို့၊ ကဲ့ခြံဆရာတော်၊ သက်တော် (၇၃)၊ သိက္ခာတော် (၅၄)။

ရန်ကုန်မြို့၊ ပုဇွန်တောင် တောင်ပေါ်ကျောင်းဆရာတော်၊သက်တော်(၇၁) သိက္ခာတော် (၅၁)။

မန္တလေးမြို့၊ မိုးကောင်းတိုက်၊ ညောင်ရမ်း ဆရာတော်၊ သက်တော်(၇၃) သိက္ခာတော် (၅၃)။

ရှေဘိုခရိုင် ဝက်လက်မြို့ သစ်ဆိပ်ကြီး မြသိန်းတန် ဆရာတော်၊ သက်တော် (၇၁) သိက္ခာတော် (၅၁)။

မကွေးခရိုင် ချောက်မြို့ ပခန်းငယ် ဆရာတော်၊ သက်တော် (၇၀) သိက္ခာတော် (၄၉)။

ပခုက္ကူမြို့ မဟာဝိဇယာရုံမတိုက် ဆရာတော်၊ သက်တော် (၆၉) သိက္ခာတော် (၄၉)။

မော်လမြိုင်မြို့ တောင်ပေါက် ဆရာကော်၊ သက်တော် (၆၉) သိက္ခာတော် (၄၉)။

မုံရွာခရိုင် ဗုဓလင်းမြို့ ညောင်ကန် ရွှေဂူကြီးတောရ ဆရာတော်၊ သက်တော် (၆၉) သိက္ခာတော် (၄၈)။

ပခုက္ကူမြို့ မဟာဝိသုဝါရုံမတိုက်ဆရာတော်၊သက်တော်(၆၈)သိက္ခာတော် (၄၈)။

ရန်ကုန်မြို့ ဗဟန်း ဝဋ္ဋဥဒယာန်ဆရာတော်၊သက်တော်(၆၅)သိက္ခာတော် (၄၆)။

မအူပင်ခရိုင် ညောင်တုန်းဆရာတော်၊ သက်တော် (၆၄) သိက္ခာတော် (၄၄)။

စစ်ကိုင်းခရိုင် မြို့သာမြို့ ကျောင်းသစ်ကြီး ဆရာတော်၊ သက်တော် (၆၂) သိက္ခာတော် (၄၂)။

ရမည်းသင်းခရိုင် ပျဉ်းမနားမြို့ ဇေယျသိန် ဆရာတော်၊ သက်တော် (၆၁) သိက္ခာတော်(၄၁)။

ရန်ကုန်မြို့ ဘုရားကြီးတိုက် ဆရာတော်၊ သက်တော် (၆၀) သိက္ခာတော် (၄၀)။

မန္တလေးမြို့ ဘုရားကြီးတိုက် ဦးဥက္ကံသ (ဦးကြယ်)၊ သက်တော် (၅၇) သိက္ခာတော် (၃၇)-အားဖြင့် ဆရာတော်ဘုရားကြီး အပါး-၂၀-ကိုယ်တိုင် တက်ရောက်တော်မူကြသည်။

သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့ နိုင်ငံတော် ဩဝါဒါစရိယ မဟာ ဗောဓိရုက္ခာရုံမ ဆရာတော် ဦးဒီပ၊ သက်တော် (၉၈) သိက္ခာတော် (၇၉)။

ပဲခူးမြို့ ပဲခူးဆရာတော် ဦးဓမ္မစာရီ၊ သက်တော် (၉၀) သိက္ခာတော်(၇၁)။

ဟံသာဝတီခရိုင် ကျောက်တန်းမြို့ မင်္ဂလာရုံး ဆရာတော် ဦးရာဇိန္ဒ၊ သက်တော် (၈၇) သိက္ခာတော် (၆၄)။

ဟင်္သာတခရိုင် အင်ပူမြို့ ပန်းတောင်း ဆရာတော် ဦးဝါသဝ၊ သက်တော် (၇၂) သိက္ခာတော် (၅၃)။

မအူပင်မြို့ မဟာဗောဓိတိုက် ဆရာတော် ဦးနန္ဒိယ၊ သက်တော် (၆၉) သိက္ခာတော်(၅၀)။

မန္တလေးခရိုင် အမရာပုရမြို့ ဓမ္မရွှေကြီး ဆရာတော် ဦးဇာဂရ၊ သက်တော် (၈၄) သိက္ခာတော်(၆၅)။

မန္တလေးမြို့ ခင်မကန်တိုက် သူဌေးကျောင်း ဆရာတော်၊ ဦးရေဝတ သက်၃တော် (၆၉) သီကျွာတော် (၅၀)။

မန္တလေးမြို့ ဝိသုဒ္ဓါရုံ စည်ရှင်ကျောင်းဆရာတော် ဦးကောသလ္လ၊ သက်တော် (၅၈) သီကျွာတော် (၃၉)။

ပုသိမ်ခရိုင် ကျုံပျော်မြို့ ဝေဠုဝန်ဆရာတော် ဦးပညာဗလ၊ သက်တော် (၆၅) သီကျွာတော် (၄၆)။

မင်းဘူးခရိုင် ပွင့်ဖြူမြို့ ကျောင်းတော်ရာဆရာတော် ဦးဂုဏဒဿ၊ သက်တော် (၇၅) သီကျွာတော် (၅၆)-အားဖြင့် ဆရာတော်ကြီး ၁၀-ပါးတို့သည် ဆန္ဒပေး၍ သဘောတူတော်မူကြကုန်၏။

မိတ္ထီလာခရိုင် မလှိုင်မြို့ ဝါးခွဆရာတော် ဦးပဏ္ဍဝ၊ သက်တော် (၈၂) သီကျွာတော် (၆၃)။

ဟသ်ာတမြို့ ဘုရားကြီးတိုက် ဆရာတော် ဦးစာရိန္ဒာသဘ၊ သက်တော် (၇၈) သီကျွာတော်(၅၉)။

မအူပင်ခရိုင် ဓနုဖြူမြို့ တောင်ပေါ်ကျောင်း ဆရာတော်၊ ဦးဂုဏစံသ သက်တော် (၇၃) သီကျွာတော် (၅၄)။

ဖျာပုံခရိုင် ကျိုက်လတ်မြို့ ပစ္စိမာရုံ ဆရာတော်၊ ဦးကေလာသ သက်တော် (၈၂) သီကျွာတော် (၆၃)။

တောင်ငူမြို့ ပွတ်စုဆရာတော် ဦးသောဘန၊ သက်တော် (၈၂) သီကျွာတော် (၆၃)။

မြင်းခြံခရိုင် တောင်သာမြို့ ရုံးစဉ်ကြီး ဆရာတော် ဦးဉာဏဝံသ၊ သက်တော် (၈၁) သီကျွာတော်(၆၂)-အားဖြင့် ဆရာတော် ၆-ပါးတို့သည် ကိုယ်စားလှယ် စေလွှတ်တော်မူကြကုန်၏။

အထူးအမှုဆောင် ဆရာတော်များ

မန္တလေးခရိုင် အမရပူရမြို့ မဂ်လာရုမတိုက်သစ် ဆရာတော် ဦးဓမ္မသာမိ, မန္တလေးမြို့ ညောင်ကန်တိုက် အောင်မဂ်လာကျောင်း ဆရာတော် ဦးကော-သလ္လ, ဓမ္မိကာရာမတိုက် ဇေတဝန်ကျောင်း ဆရာတော် ဦးပဏ္ဍိစ္စ, မဟာနန္ဒိ သေနာရာမတိုက် ဆရာတော် ဦးနန္ဒိသေန, မြင်းဝန်တိုက် မိတ္ထီလာကျောင်း ဆရာတော် ဦးစန္ဒိမာ, ဘုရားကြီးတိုက် တမ္ဗဝတီကျောင်း ဆရာတော် ဦးအရိယ-ဝံသ, ဓမ္မိကာရာမတိုက် မိတ္ထီလာကျောင်း ဦးကောသလ္လ, ငွေတောင်တိုက် စစ်ကိုင်းကျောင်း ဦးဝါယာမ, မန္တလေးခရိုင် မတ္တရာမြို့ ထီးတော်မိုးကျောင်း ဦးတိဿ-ဟူသော အထက်ပိုင်း အထူး အမှုဆောင် ဆရာတော် ၉-ပါးတို့လည်း

တက်ရောက်တော် မူကြကုန်၏။ မန္တလေးမြို့ ညောင်ကန်တိုက် ဘုံဘိုင်ကျောင်း ဆရာတော် ဦးဝိဇယသည် ဆန္ဒပေးတော်မူ၏။

ရန်ကုန်မြို့ ဗဟန်း ဝဋ္ဋဥဝန် ဆရာတော် ဦးဓမ္မာစာရ, အလယ်တောရကျောင်းတိုက် ဆရာတော် ဦးရေဝတ, ဗဟန်း ဓမ္မသုခတိုက် ဦးပုညကျောင်း ပန်းဆွဲဆရာတော် ဦးဝိလာသ, ဗဟန်းသုံးထပ်ကျောင်း ဆရာတော် ဦးဝိမလ, မအူပင်မြို့ စစ်ချောင်းဆရာတော် ဦးကေတုမာလာ, လက်ပန်တန်းမြို့ သဒ္ဓမ္မောဒယတိုက် ဆရာတော် ဦးဝိသဒ္ဓာဇာ, ရန်ကုန်မြို့ ကြည့်မြင်တိုင် သာဓုတိုက် ဦးဝိသုဒ္ဓ, ဦးကိတ္တိသာရ, ပုဇွန်တောင် ဆားလင်းတိုက် ဦးပညာဝံသ, ဗဟန်း အုတ်လှေကား (ခါး) ကျောင်း ဦးသုဇာတ, တရုပ်ပိဋကတ်တိုက် ရတနာပုံ ဦးဇာဂရ, ကျားကူးတိုက် ဦးသူရိယ, ပဲခူးမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် ဦးဓမ္မစာရီ–ဟူသော အောက်ပိုင်း ဆိုင်ရာ အထူးအမှုဆောင် ဆရာတော် ၁၃ ပါးတို့သည် ကိုယ်တိုင် ကြွရောက်တော်မူ၍ ကာယ, စိတ္တသာ-
မဂ္ဂိဒ္ဓေး ပေးကြကုန်၏။

ဆရာတော်ဘုရားကြီး သာသနာစည်ပင်အောင်ပြု
အကြံပေးစကားမြွက်ခြင်း

ယင်းကိုဏ်းပေါင်းစုံ မဟာသံဃာ့အစည်းအဝေးကြီးကို ရန်ကုန်မြို့ ခြောက်ထပ်ကြီး ဘုရားကြီးတိုက်၌ နယုန်လဆန်း ၁-ရက် နေ့မှစ၍ -၄-ရက်နေ့တိုင်အောင် ၄-ရက်တိတိ စည်းဝေးတော်မူကြသည်။ ပဌမနေ့ အစည်းအဝေးဖွင့် သြဘာစာကို မကွေးမြို့ မဟာဝိသုတာရာမတိုက် ခရိုင်နာယက ဆရာတော် ဦးနာဂဒ
က ဖတ်ကြား၍ မဟာသံဃာ့အဖွဲ့ကြီး အစည်းအဝေးကို ဖွင့်တော်မူသည်။ ယင်း အစည်းအဝေးကြီး၌ ပြည်ခရိုင် ပေါင်းတည်မြို့ ဘုရားကြီးတိုက် ဆရာတော်က သဘာပတိအဖြစ် ဆောင်ရွက်တော်မူ၍ အကျိုးဆောင်အဖြစ် စစ်ကိုင်းခရိုင် မြို့သာမြို့ဆရာတော် ဦးအာလောက ဆောင်ရွက်တော်မူသည်။ သက်ဆိုင်ရာ ဆရာတော်များ မိန့်ခွန်းပြောကြ, သြဝါဒပေးကြ, အကြံဉာဏ်ပေးတော်မူကြ၏။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည်လည်း ဖော်ပြပါ သံဃာ့အစည်းအဝေးကြီး၌—

(၁) အကြံပေးချက်
(၂) ကမ္ဘာ့ငြိမ်းချမ်းရေး ဖြည့်စွက်ချက်
(၃) တိုက်တွန်းနှိုးဆော်ချက်

စာတမ်းတို့ကို တင်သွင်းဆွေးနွေးတော်မူခဲ့လေသည်။ ဆရာတော်ဘုရားကြီး၏ နံပါတ် (၁) အကြံပေးချက်ကို ပျဉ်းမနားမြို့ ဇေယျသိန်ဆရာတော်က ဖတ်ကြား လျှောက်ထား တင်သွင်းလေသည်။ နံပါတ် (၂) ကမ္ဘာ့ငြိမ်းချမ်းရေး ဖြည့်စွက်ချက် ထောက်ခံချက်များကိုလည်း အားလုံးဆရာတော်များက သဘောတူ အတည်ပြုတော်မူကြသည်။ ၎င်းပြင် နံပါတ် (၃) တိုက်တွန်းနှိုးဆော်ချက် စာတမ်းတွင် သာသနာ ဘာသာ ပညာရေးနှင့် စပ်လျဉ်း၍ ကလေးသူငယ်များကို ရှေးဦးစွာ ဘာသာရေး သွေးဝင်အောင် ဗုဒ္ဓဘာသာဆိုင်ရာ ကျမ်းစာများကို ဦးစားပေး၍ ပညာသင်ကြားပေးရေး, တောင်တန်းသာသနာပြု အဖွဲ့တဖွဲ့ဖွဲ့စည်း၍ တောင်တန်းနယ်ဒေသ သာသနာပြုရေး စသည်တို့ ပါရှိရာ၊ နောက်တွင် နိဂုံးတော် ဗုဒ္ဓသာသနာ အဖွဲ့၏ ဥက္ကဋ္ဌကြီးဖြစ်မည့် ဆာဦးသွင်နှင့် ဒေါက်တာဦးသိမ်းမောင် စသူတို့ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်၍ ဝန်ခံကြကုန်၏။ နောက်တွင် ဆရာတော်ဘုရားကြီး၏ အဆိုပြုချက် အကြံပေးချက် အတိုင်း ဆာဦးသွင်နှင့် ဦးသိမ်းမောင် စသည့် လူကြီးမင်းတို့သည် တောင်တန်း သာသနာပြု အဖွဲ့ကြီးကို ဖွဲ့စည်းကြကုန်၏။

ပစ္စန္တေ ဂိရိဒုဂ္ဂေပိ၊ သာသနောဘာသကာရကော။
သာသနဝုဒ္ဓိကာမော သော၊ လက္ခိတပ္ပော ဟိ သာသနေ[1]။

နှုတ်ဆက်သည်နှင့်တူ

ဆရာတော်၏ ဖော်ပြပါ မဟာသံဃသာမဂ္ဂီ အစည်းအဝေးသို့ ကြွတော်မူခြင်းသည် သာသနာ ပြုဖော်ပြုဖက် ဂိုဏ်းပေါင်းစုံ သံဃာတော်များအားတွေ့ဆုံ၍ နောက်ဆုံးနှုတ်ဆက်ခြင်းနှင့် တူလေသည်။ အလွန်ခင်မင် ရင်းနှီးလှသော အဂ္ဂမဟာပဏ္ဍိတ မော်လမြိုင် တောင်ပေါက်ဆရာတော် စသည်တို့နှင့် နောက်ဆုံးပိတ် ဝမ်းမြောက်ဝမ်းသာ တွေ့ရခြင်း ဖြစ်၏။ တပည့်ဖြစ်သူ အဂ္ဂမဟာပဏ္ဍိတ ဘုရားကြီးဆရာတော် အရှင်ကောဏ္ဍည၏ ယုယုယယ ပြုစုခြင်းကိုလည်း နောက်ဆုံးပိတ် ခံယူသည်နှင့် တူလေသည်။ မဟာသံဃာ့အစည်းအဝေးပြီး ၂-လခွဲ ကျော်ကျော်သာ သက်တော်ရှင်ချိန် ရှိလေသည်။

သမဂ္ဂထေရသေဒ္ဌဟိ၊ ပစ္ဆိမံ ဒဿနံ ဘဝိ။
ဝေရိကွယပါပုဏာနမ္ပိ၊ ပစ္ဆိမံ ပါပနံ ဘဝိ။

၁။ မဟာဝိသုတာဆာမ နိကာယသာသနာဝင်-၂၃၆။

ဒုါသဒ္ဓိမပိုင်း

မြတ်ဘုရား ရွှေတိုဂုံ ဆရာတော်မျှားဖူးမြော်ခြင်း

ယင်းသည့် ၁၃၀၈-ခုနှစ် နယုန်လဆန်း ၄-ရက်နေ့ နံနက်တွင် ဂိုဏ်းပေါင်းစုံ မဟာသံဃာအဖွဲ့ကြီး၏ ဦးစီးခေါင်းဆောင် နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ဘုရားကြီးနှင့် နိုင်ငံတော် မဟာနာယက ဆရာတော်ဘုရားကြီးတို့သည် နောက်လိုက် နောက်ပါ သံဃာတော် အပါး ၁၀၀-ကျော်တို့နှင့်အတူ လေးဆူဓာတ်ပုံ မြတ်ဘုရား ရွှေတိုဂုံ စေတီတော်ကြီးသို့ ကြွရောက် ဖူးမြော်ကြကုန်၏။ ဆရာတော်ကြီးမျှားအား ဘဏ္ဍာတော်ထိမ်းအဖွဲ့, ရွှေတိုဂုံ ကျန်းမာသန့်ရှင်းရေးအဖွဲ့, ရွှေတိုဂုံဥပါသကာအဖွဲ့, စေတီယင်္ကာပရိယတ္တိအသင်း, ရွှေတိုဂုံ ရေကြည်တော်ဝတ်အသင်း, အရဟံအဖွဲ့, ကန်တိုမင်ပြည်သူရဲဘော်တပ်အဖွဲ့, ရွှေတိုဂုံ တောင်ဖက်စောင်းတန်း စျေးသူ စျေးသား ဒါယကာ ဒါယိကာမအပေါင်းတို့ ကြိုဆို၍ ပန်း ဖရောင်းတိုင်မျှား လှူဒါန်းကြကုန်၏။

ရွှေရောင်အောက်က သက်နှံးရောင်တို့ဖြင့် လွန်စွာကျက်သရေရှိ

ဆရာတော်ဘုရားကြီးတို့သည် မြတ်ဘုရား ရွှေတိုဂုံရင်ပြင် စေတီတော်မြတ်၏ ရွှေရောင်အောက်တွင် နံနက်ခင်း တက်သစ်စ နေလုလင်ရောင်ဖြင့် အရောင်ဟပ်နေသော သက်နှံးရောင်တို့ကား ရွှေတိုဂုံရင်ပြင်ရှိ ဒကာ, ဒကာမတို့ကို နှုတ်ဆက်သကဲ့သို့ ဖြစ်ကုန်၏။ ဖဘုရား၏ ဆံတော်ဓာတ် ကိန်းဝပ်ရာ စေတီရင်းခဲ့သားတော်မျှား ဖြစ်ကြသော ရဟန်းတော်မျှားတို့, ဖူးမြော်နေပုံ ရွှေကြးမုံတို့မှာ လွန်စွာတင့်တယ်လှပကုန်၏။

ရံသိယာ ထူပသေဋ္ဌဿ၊ ဟေဋ္ဌာ မဟာတပေါဓနာ။
ထူပသေဋ္ဌံ ဘိဝန္ဒန္တိ၊ ဧတံ အတိဝ သောဘနံ။

ဆရာတော်ဘုရားကြီး မြတ်ဘုရားရွှေတိုဂုံ နောက်ဆုံးဖူးမြော်

ဆရာတော်ဘုရားကြီးသည်လည်း အခြား ဆရာတော်မျှားနည်းတူ ရွှေတိုဂုံ စေတီတော်မြတ်ကြီးကို နောက်ဆုံး ဖူးမြော်တော်မူခဲ့လေသည်၊ လက်ျာရစ် လှည့်ပတ်၍ လက်အုပ်ချီ ဦးနှိမ်လျက် အကြိမ်ကြိမ် ဖူးမြော်တော်မူခဲ့လေသည်။

အရဟံ ဝတ သော ဘဂဝါ။　။သော ဘဂဝါ=ငါတို့ကိုးစား ထိုမြတ်စွာဘုရားသည်။ အရဟံ ဝတ=ဗြဟ္မာ နတ်လူ သုံးဘုံသူတို့ ကြည်ဖြူဦးခိုက် ပူဇော်ဖွယ်ကို ခံထိုက်သော ဘုရားရှင်ပါတည်း။

သမ္မာသမ္မုဒ္ဒါ ဝတ ဿာ ဘဂဝါ။ ။ဿာ ဘဂဝါ=ငါတို့ကိုးစား ထိုမြတ်စွာဘုရားသည်။ သမ္မာသမ္မုဒ္ဒါ ဝတ=သစ္စာလေးဆိုင် ကြာညိုခိုင်ကို ကိုယ်တိုင်ဆုတ်ခူး ညာဏ်တော်စူးသည့် လူမှူးသခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီး ပါတည်း။

စသည်ဖြင့် နှလုံးသွင်း ပါးများတော်မူ၍ ဘုရားရှင်အား ဗုဒ္ဓါနုဿတိ ဂုဏ်တော်ဖြင့် ပူဇော်၍ နောက်ဆုံး ဖူးမြော်တော်မူခဲ့လေသည်။

ရွှေတိဂုံဥ စေတိယမိပိ၊ စေတိယေ ပသန္နော သုဓီ။
ပဒက္ခိဏံ သ ကတ္တာန၊ အန္တိမဝန္ဒနံ အကာ။

ဗိုလ်ချုပ်အောင်ဆန်းအား ဩဝါဒ ပေးတော်မူခြင်း

ဆရာတော်ဘုရားကြီးသည် မဟာသံဃာ့ အစည်းအဝေး ပြီး ပြီးချင်း ပခုက္ကူ ပြန်ကြွတော်မမူသေးပဲ ခေတ္တ ခြောက်ထပ်ကြီး ဘုရားကြီးကျောင်းတိုက်၌ သီတင်းသုံးတော်မူ၍ ရန်ကုန်ရောက် ပခုက္ကူထွက် မိမိ၏တပည့်များနှင့် ဆွေးနွေးညှိနှိုင်းတော်မူရင်း အနားယူတော်မူလျက် ရှိလေသည်။

ထိုအခါ တိုင်းပြည် လွတ်လပ်ရေးအတွက် အလွန် အလုပ်ရှုပ် အလုပ်များ နေသော လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းသည် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးထံ ရောက်လာ၍ ဝတ်ပြုပြီး ဆရာတော်နှင့် သာသနာရေး ဘာသာရေးကိစ္စကို လျှောက်ထားသည်။ ထိုအခါ ဆရာတော်က အခွင့်သင့်တုန်း မောင်အောင်ဆန်းအား စကားနဲ့နဲ့ ပြောချင်ဘယ်ဟု အစချီကာ မောင်အောင်ဆန်းတို့ လွတ်လပ်ရေးရပြီးနောက် တိုင်းပြည်စည်ပင်အောင် လုပ်သာတော့ ဒို့က နားမလည်ဘူး။ သာသနာစည်ပင်အောင် လုပ်သာတော့ ဒို့နားလည်တယ်။ အဲသည်တော့ လွတ်လပ်ရေးရပြီးလျှင် သာသနာရေးကိစ္စလဲ ပစ်မထားနဲ့။ အဲဒီ အခါကျတော့ သာသနာ့ခေါင်းဆောင် ဆရာတော်ကြီးများနှင့် တိုင်ပင်ပြီး သာသနာရေးကိစ္စ လုပ်သင့်တာတွေ့ လုပ်ရလိမ့်မယ်လို့ စိတ်ထဲမှာ ထားပါလေ။

ဂုင်းပြင် အထူးပြောချင်တာကတော့—

"သည်းခံ, နိုးကြား, သနား, ထက်, နိစ္စမသွေ, ခဲ့ဝေရွှတတ် သူမြတ်တို့ဂုဏ်"—

ဆိုတဲ့အတိုင်း အကြီးအကဲတို့ ရှိရမဲ့ဂုဏ် လိုက်နာပြုကျင့်ရမဲ့ ဂုဏ်ခြောက်ပါး အနက်က အထူးသဖြင့် နိုးနိုးကြားကြား သတိဝိရိယရှိဖို့ကို အထူးသတိပြုရမယ်။

စားသတိ, သွားသတိ, လာသတိ, စည်းဝေးလျှင်လဲ သတိရှိရမယ် စသည်ဖြင့် ဗိုလ်ချုပ်အောင်ဆန်းအား ဩဝါဒ ပေးတော်မူခဲ့လေသည်။

အောင်ဆန်းဝှ သေနာဓိပဿ၊ ဘိက္ခုဂဏာဓိပေါ ဝိဒ္ဒါ။
အနုရူပါဘိလာပေန၊ ဩဝါဒ မဒဒီ တဒါ။

ပခုက္ကူ ပြန်ကြွတော်မူခြင်း

ရန်ကုန်၌ တပည့် ခြောက်ဆပ်ကြီးဆရာတော် အရှင်ကောဏ္ဍည ကျေနပ်လောက်အောင် သီဟဠဝါဒသုံးတော်မူပြီး ပခုက္ကူသို့ ပြန်ကြွဘော်မူခဲ့ရာ နယုန်လကုန်ခါနီးလောက်တွင် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်သို့ ပြန်လည်ရောက်ရှိတော်မူလေသည်။

တိသဒ္ဒိမပိုင်း

ထင်ရှားသော ဆရာတော်များနှင့် သာသနာရေးကိစ္စ ဆွေးနွေးခြင်း

ဆရာတော် အရှင်ပညာသည် မဟာဝိသုတာရာမိက ဂဏဝါစက နိကာယကြီး၏ မဟာဝိနာယက ဆရာတော်လည်းဖြစ် ပခုက္ကူမြို့ မဟာဝိသုတာရာမနိကာယ စာသင်တိုက်ကြီး၏ အဓိပတိ မဟာနာယက ဆရာတော်လည်းဖြစ်ရာထိုစဉ်က မြန်မာ့သာသနာ၌ ထင်ရှားသော ဆရာတော်များသည် ဆရာတော် အရှင်ပညာထံ ကိုယ်တိုင် ကြွရောက်တော်မူကြ၍ဖြင့်, ဆုံမိအောင် စီစဉ်ကြ၍ဖြင့် မရအရ ပင့်ဆောင်ကြ၍ဖြင့် သာသနာ့ရေးကိစ္စများကို ဆွေးနွေးတော်မူကြကုန်၏။

ဖက်ပင်အိုင့်ဆရာတော်နှင့် သာသနာရေးကိစ္စဆွေးနွေး

၁၂၉၄-ခုနှစ်လောက်တွင် လက္ခဏတ္တယဒီပနီကျမ်းစသည့် ကျမ်းဂန်များစွာတို့ကို ပြုစုရေးတော်မူခဲ့သော မြင်းခြံခရိုင် ဖက်ပင်အိုင့်ဆရာတော်ဘုရားကြီး ဦးဒီပသည်[1] ပခုက္ကူမြို့ မဟာဝိသုဘာရာမတိုက်ကြီးသို့ ကြွလာတော်မူသည်။ ဖက်ပင်အိုင့်ဆရာတော်ကြီး ဦးဒီပသည် ပခုက္ကူ မဟာဝိသုတာရာမ စာသင်တိုက်ကြီး လွန်စွာကျော်ကြားသဖြင့် ရောက်ရှိ ကြည်ညိုလိုခြင်း, ဆရာတော်

၁။ ဦးဒီပသည် ဆရာတော် အရှင်ပညာ၏ ဆရာတပါးဖြစ်သည်။ ရွှေရေးဆောင် ဆရာတော်ထံ ပညာသင်ကြားပြီးနောက် ဖက်ပင်အိုင် ဆယ်တော်ထံ ပညာသင်သည်။
(ဖော်ပြခဲ့ပြီး)

အရှင်ပညာနှင့် သာသနာရေးကိစ္စများကို ဆွေးနွေးလိုခြင်းတို့ကြောင့် ကြွလာတော်မူခြင်း ဖြစ်သည်။ ဆရာတော် အရှင်ပညာသည် တိုက်တာသံဃာများနှင့် တကွ ကန်တော့ပြီး ဩဝါဒ ခံယူတော်မူသည်။

ဆရာကော် ၂-ပါး သာသနာရေးကိစ္စကို ဆွေးနွေးတော် မူကြသည်။ ဖက်ပင်အိုင့် ဆရာတော်ကြီးက ဦးပညာ ကိုယ်တော်တို့ စာချနည်း စာသင်နည်း အလွန်ကောင်းသည်။ သည်နည်းအတိုင်း မူမပျက်အောင် အဆက်ဆက် ချပို့နိုင်လျှင် သာသနာတော် ၅စ်ငါးထောင်တိုင် မယိုယွင်းပဲ တည်နိုင်သည်။ ထိုစဉ်က ပါရာဇိကဏ်အဋ္ဌကထာနိဿယ စသည့် ကျမ်းဂန်ပြု မအူဆရာတော် ဘုရားကြီး ဦးနာရဒလည်း ရောက်ရှိ သီတင်းသုံးခိုက် ကြုံသဖြင့် ဆရာတော် ဦးဒီပသည် မအူဆရာတော်နှင့်လည်း သာသနာရေး ဆွေးနွေးတော်မူသည်။

ဒီပေန သဒ္ဒိ ထေရေန၊ ပညာထေရော သုပညဝါ။
သာကစ္ဆံ အကရီ ဓီရော၊ သုဓီရ ဇိနသာသနေ။

အရှင်ပညာထေရ် နှင့် အရှင်နာရဒ

မအူမူ ပါရာဇိကဏ်အဋ္ဌကထာနိဿယစသည့် ဝိနည်းနိဿယကျမ်းဂန်များကို ပြုစုစီရင်တော်မူခဲ့သော မအူလေးရွာ မဟာဝိဇိတာရုံမ ဆရာတော်ဘုရားကြီး အရှင်နာရဒသည် ၁၂၉၃-ခုနှစ် ၁၂၉၄-ခုနှစ်များတွင် ပခုက္ကူ မဟာဝိသုတာရုံမ တိုက်၌ သီတင်းသုံးတော်မူသည်၊ မပြီးမပြတ်သေးသော ပါရာဇိကဏ် အဋ္ဌကထာ နိဿယကို ပခုက္ကူမှာ စာပေချပို့ သီတင်းသုံးခိုက်တွင် ရေးသားတော်မူသည်။ ဆရာတော် အရှင်ပညာသည် မအူဆရာတော်ဘုရားကြီးနှင့်လည်း စာပေရေးရာများ ဝိနည်းအဆုံးအဖြတ်များ စသည့်ကိစ္စများကို မကြာမကြာ တွေ့ဆုံ ဆွေးနွေးတော်မူသည်။ ဆရာတော် အရှင်ပညာသည် မအူဆရာတော် ဘုရားကြီးကို သာသန ဇောတိပါလ ကျောင်းကြီး အထက်ထပ် စနုဆောင်မှာ စာချစေတော်မူသည်။ မိမိကိုယ်တိုင်မူကား သာသနဇောတိပါလ ကျောင်းကြီး အောက်ထပ်မှာ စာချတော်မူဘည်။ မအူဆရာတော်ကား စာဆိုတာဉာဏ်တို့ကို ငါကလေအော်လေ့မရှိ၊ ဆရာတော် အရှင်ပညာကား စာဆိုတပည့်တို့ကို ငါကတတ်အော်တတ်သည်။ သို့ဖြစ်၍ မအူဆရာတော်က ဦးပညာ စာချတာ ကုသိုလ်ရအောင် ချတာ၊ မငါကပါနဲ့ မအော်ပါနဲ့ စိတ်ရှည်ရှည် ချပို့ပါဟု မိန့်ကြားတော်မူသည်။ မအူဆရာတော်ကား အရှင်ပညာထက် ၁၁-နှစ်ခန့် သက်တော်ကြီးသည်။

နာရဒဒါ ပညာထေရော စ၊ တေ ဥဘော ဝိသုတာလယေ။
သမစိတ္တာ သမစ္ဆန္ဒာ၊ မန္တယိံသု သုသညုတာ။

အရှင်ပညာနှင့် အရှင်အဂ္ဂဓမ္မာဘိဝံသ

အရှင်အဂ္ဂဓမ္မာဘိဝံသသည် ရွှေကျင်ဂိုဏ်းကြီး၏ ဓမ္မသေနာပတိ ဥပနာယကဖြစ်တော်မူသည်။ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံ ရရှိတော်မူသည့် ပုဂ္ဂိုလ်မြတ်ဖြစ်၏။ အဘိဓာန်နိဿယသစ်စသည့် ကျမ်းဂန်ပေါင်း ၁၅-ခန်ကို ပြုစီရင်တော် မူခဲ့သည်။ ပခုက္ကူမြို့ ရေစကြို ဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရထံ ရဟန်း ၁-ဝါရမှစ၍ ရောက်ရှိကာ ၉-ဝါအရတွင် မန္တလေးရောက်ရှိတော်မူ၍ သာသနာပြုတော်မူရာ အဘယာရာမ ဆရာတော် ဟု ထင်ရှားလေသည်။ ဆရာတော် အရှင်ပညာသည် မန္တလေးမြို့ အဘယာရာမ ကျောင်းတိုက်၌ငင်း, ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်၌ငင်း, ရန်ကုန်မြို့ ပဌမပြန်စာမေးပွဲ ကိစ္စအတွက် ကြွစဉ် ဆုံမိရာ အခါ၌ငင်း, သာသနာရေးကိစ္စများကို ဆွေးနွေးတော်မူသည်။ အထူးအားဖြင့် ပါဠို, အဋ္ဌကထာ, ဋီကာများကို ပြင်ဆင်ရေးတို့ကိုလည်း ဝမ်းမြောက်ဝမ်းသာ ဆွေးနွေး တိုင်ပင်တော်မူကြသည်။

ပညာ'ထေရော စ အဂ္ဂေါ စ၊ ဥဘော သာသနမာမကာ။
သုဘာသိတံ စ အညောညံ၊ ဧတေ သမနုမောဒိသုံ။

အရှင်ပညာနှင့် အရှင်နန္ဒဝံသ

အရှင်နန္ဒဝံသသည် ဒီဃနိကာယ်နိဿယ စသည့် ကျမ်းပေါင်း ၅၀-ကျော်တို့ကို ပြုစုတော်မူခဲ့သည့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မဟာထေရ်မြတ်ဖြစ်တော်မူသည်။ ရေစကြို ဆရာတော်ဘုရားကြီး တပည့်ရင်းလည်း ဖြစ်တော်မူသည်။ အရှင်ပညာမဟာထေရ်နှင့် နှစ်ပေါင်းများစွာ အတူတကွ သီတင်းသုံးဘော်မူ၍ သာသနာပြုဖက် ဖြစ်တော်မူသည်။ အရှင်ပညာထေရ်သည် ဖော်ပြပါ အရှင်နန္ဒဝံသနှင့်လည်း နိကာယ်သာသနာ ထွန်းကားရေးကို မကြာ မကြာ ဆွေးနွေးတော်မူခဲ့လေသည်။ အရှင်နန္ဒဝံသထေရ် ညောင်ဦးနေစဉ် ညောင်ဦးသို့ ကြွရောက်တော်မူဆုံ၍ငင်း, ညောင်တုန်းနေစဉ် ညောင်တုန်းသို့ ကြွရောက်တော်မူဆုံ၍ငင်း သာသနာရေးကို ဆွေးနွေးတော်မူခဲ့လေသည်။ အရှင်နန္ဒဝံသထေရ် ပခုက္ကူကြွရောက်စဉ်လည်း စာပေကိစ္စ, သာသနာ့ကိစ္စကို ဆွေးနွေးကောင်းမူသည်။ ယင်းဆရာတော် ၂-ပါးတို့၏ တိုင်ပင်ဆွေးနွေးမှုကြောင့် မဟာဝိသုတာရာမ ဂဏဝါစကနိကာယ်ကြီး တိုးတက်စည်ပင်ခဲ့ရေးနည်းလမ်းတို့ များစွာ ပေါ်ထွက်ခဲ့ကုန်၏။

နန္ဒဝံသော စ ပညော စ၊ ဥဘော တေ ယတိပုင်္ဂဝါ။
သဟာယာ ဧစဝ ဒဋ္ဌာ စ၊ မိတ္ထာ သာသနမာမကာ။

အရှင်ပညာနှင့် အရှင်စက္ကပါလ

အဂ္ဂမဟာပဏ္ဍိတ ဘဲ့တံဆိပ်ခတော်ရ မော်လမြိုင်မြို့ တောင်ပေါက်ကျောင်းတိုက် မဟာနာယက ဆရာတော် ဦးစက္ကပါလသည် အဘိဓာန် နိဿယသစ်, ဗာလာဝတာရဂဏ္ဌိစသည့် ကျမ်းဂန်ပေါင်း ၅၀ ကျော်ကို ပြုစုတော်မူခဲ့သည့် ဂန္ထကာရက ကျမ်းဂန်တတ် ပဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။ ဆရာတော်အရှင်ပညာသည် ဖော်ပြပါ တောင်ပေါက် ဆရာတော် အရှင်စက္ကပါလ နှင့်လည်း သာသနာရေး ကိစ္စများ တိုင်ပင် ဆွေးနွေးတော်မူခဲ့သည်။ တောင်ပေါက် ဆရာတော်သည် ပခုက္ကူမြို့ မဟာဝိသုဒ္ဓာရာမတိုက်သို့လည်း ကြွရောက်တော်မူဘူးသည့် "သူတော်ချင်းချင်း သတင်းလွှဲလွှဲ" ဟူသကဲ့သို့ သူတော်သူမြတ်တို့ ဝမ်းမြောက် ရွှင်ကြည် ဆွေးနွေးတော်မူ တွေ့ဆုံတော်မူခဲ့သည်မှာ မြင်,ကြား သူတို့ ဝမ်းမြောက်ရွှင်ပြို့ဖွယ် စင်စစ်သာတည်း။

စက္ကပါလော စ ပညော စ၊ ဥဘောသာသန ဿောဓကာ။
မန္တေတွာ သာသနကိစ္စာနိ၊ သာသနံ ဇောတယိ သု တေ။

အရှင်ပညာနှင့်အရှင်သုန္ဒရမဟာထေရ်

အဘိဓဇမဟာရဋ္ဌဂုရု, အဂ္ဂမဟာပဏ္ဍိဘဘဲ့ဘံဆိုပ်တော်များကို အလှူခံရရှိတော်မူခဲ့သော အရှင်သုန္ဒရမဟာထေရ်သည် အရှင်ပညာထေရ်၏ တပည့်လည်း ဖြစ်သည်။ အရှင်ပညာထေရ်အောက် တနှစ်ခန့်သာ ငယ်သည်။ လွန်စွာဘုန်းကံကြီးမားတော်မူသည်။ အမြော်အမြင်လည်း ကြီးမားတော်မူသည်။ အရှင်ပညာသည် ဖော်ပြပါ အရှင်သုန္ဒရထေရ်ကို လွန်စွာမှ အားထားတော်မူသည်။ သာသနာရေးရာများ, တိုက်တာရေးရာများကို မကြာမကြာ တွေ့ဆုံဆွေးနွေးတော်မူခဲ့လေသည်။ နှစ်ကိုယ်ဘစိတ် တအိတ်တည်းငှေ့ပမာ လွန်စွာလည်း ညီညွတ်တော်မူကြကုန်၏။ နောင်လာနောက်သားတို့ အတုယူဖွယ်ပါတကား။

ပညော စ သုန္ဒရော စေဝ၊ ဥဘော ပေဋ္ဌကကောဝိဒါ။
သစ္ဆန္ဒာ တေ ဟုတ္ဝာန၊ သာသနံ ဇောတယုံ တဒါ။

အရှင်ပညာနှင့်ရတနာဘုံပျံဆရာတော် အရှင်ကေတုမာလာ

ရာဇနာဘုံပျံဆရာတော် ဦးကေတုမာလာသည် မြန်မာပြည်၌ ပဌမဆုံး ပဌမကျော်ဟု ထင်ရှား၏။ အဂ္ဂမဟာပဏ္ဍိတဘဲ့တံဆိပ်တော်ရ ဒါဌာဝံသပကာသိနီစသည့်ကျမ်းဂန်ပြု ပုဂ္ဂိုလ်တည်း။ ဆရာကော် အရှင်ပညာသည် ဖော်ပြပါ ပဌမကျော် အဂ္ဂမဟာပဏ္ဍိတဘဲ့တံဆိပ်တော်ရ ရာဇနာဘုံပျံဆရာတော် ဦးကေတုမာလာနှင့်လည်း ၁၂၉၉-ခု တပေါင်းလဆုတ် ၉-ရက် နေ့တွင် မော်လမြိုင်မြို့

ကျိုက်သံလန်တောင်ခြေ မြေထဲကျောင်းတိုက် သိမ်သမုတ်ကံကို အကြောင်းပြု၍ မော်လမြိုင်ရောက်ရှိခိုက် အချိန်နာရီ ကြာမြင့်စွာ သာသနာရေးကိစ္စများ, ဝိနည်းကံအကြောင်းအရာ စသည်တို့ကို ဆွေးနွေးတော်မူခဲ့လေသည်။ ဆရာတော် ဦးကေတုမာလာသည် ဆရာတော်· အရှင်ပညာအား များစွာ အလေးဂရုပြုတော်မူသည်။ အဖုအထစ် မပါသော သာရဏီယ, သမ္မောဒနီယ ကထာများပြောကြသည်မှာ နှောင်းခေတ် ရဟန်းတော်တို့ အတုယူဖွယ်ဖြစ်၏။

ကေတုမာလာ သပညော စ၊ ပညာဝုဏေရ သေခရော။
ဥဘော သမနုမောဒိ ံသု၊ သဒ္ဓမ္မသံကထာယ စ။

အရှင်ပညာနှင့် အရှင်စက္ကိန္ဒ

ကွမ်းရွာ မင်းကျောင်း ဆရာတော် အရှင်စက္ကိန္ဒသည် ရေစကြို ဆရာတော် ဘုရားကြီး အရှင်ဂန္ဆသာရ၏ တပည့်ဖြစ်တော်မူသည်။ ၁၂၂၆-ခုနှစ်ခန့်တွင် ဖွားမြင်၍ သက်တော် ၉၄-နှစ် ဝါတော် ၇၄-ဝါရရှိရာ ၁၃၂၀-ခုနှစ် ကဆုန်လဆန်း ဂ-ရက်နေ့တွင် ပြန်လွန်တော်မူသည်။ပိဋကတ်ကျမ်းဂန်များ ချပို့၍ သာသနာပြုတော်မူသည်။ ဆရာတော်အရှင်ပညာသည် ဖေဘြပါ ကွမ်းရွာမင်းကျောင်းဆရာတော် အရှင်စက္ကိန္ဒမဟာထေရ်နှင့်လည်း ရံဖန်ရံခါ တွေ့ဆုံ၍ သာသနရေးရာများကို ဆွေးနွေးတော်မူသည်။ မိမိထက်လည်း ၁၄-နှစ်ခန့်ကြီးရာ များစွာလည်း အလေးအမြတ်ပြုတော်မူသည်။

ပညာဝုယော မဟာထေရော၊ စက္ကိန္ဒေနာပိ ဓီမတာ။
သမ္မန္တနံ အကာ သုဓီ၊ တသ္မိ သတတာဒရော။

အရှင်ပညာနှင့် ပေါင်လောင်ဆရာတော် ဦးကေသရ

ပခန်းနယ် ပေါင်လောင်ကျောင်းဆရာတော်ကြီး ဦးကေသရသည် ဆရာတော်အရှင်ပညာနှင့် လွန်စွာရင်းနှီးသည်။ ဆရာတော်အရှင်ပညာထက် သက်တော် ဝါတော်ကြီး၏။ ရေစကြိုဆရာတော်ကြီး အရှင်ဂန္ဆသာရထံ ရေစကြိုနေစဉ်က ရောက်ရှိပညာသင်ဘူးသူ ဖြစ်၏။ ပရိယတ္တိသာသနာ ကြီးပွါးရေးကို များစွာ အားပေးကူညီသည့် မထေရ်မြတ် ဖြစ်တော်မူသည်။ ဆရာတော်အရှင်ပညာသည် ဖေဘြပါ ပေါင်လောင်ဆရာတော်ကြီးနှင့်လည်း တိုက်တာအရေးကိစ္စ, သာသနာရေးကိစ္စများကို တိုင်ပင်ဆွေးနွေးတော်မူသည်။ ပေါင်လောင်ဆရာတော် ဦးကေသရသည် အတွေ့အကြုံရှိသည့် ဆရာတော်ကြီး ဖြစ်တော်မူသည်။

ပညာထေရော ကေသရော စ၊ ဥဘော သဒ္ဓမ္မမာမကာ။
သမသီလာ သမစ္ဆန္ဒာ၊ ဇီနသာသန ဇောတကာ။

အရှင်ပညာနှင့် အရှင်အာလောက

ဆရာတော် အရှင်အာလောကသည် ညောင်ဦးမြို့နယ် သူကောင်းတည် (တကောင်းနယ်) တောရကျောင်း၌ သီတင်းသုံးတော်မူ၍ ဓုတင်ကျင့်ဝတ်များကို ဖြည့်ကျင့်တော်မူ၏။ ရေစကြို ဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရ၏ တပည့်ရင်းတပါး ဖြစ်တော်မူသည်။ ပခုက္ကူမဟာဝိသုတာရာမတိုက်ကြီးသို့လည်း မကြာမကြာ ကြွတော်မူလေ့ရှိ၏။ ဆရာတော်အရှင်ပညာသည်လည်း သူကောင်းတည် တောရကျောင်းသို့ ရံခါ ကြွတော်မူ၍ ပရိယတ္တိ, ပဋိပတ္တိဓုရများ အကြောင်းကို ဆွေးနွေးတော်မူသည်။ ဆရာတော်ကြီးကား အရှင်နန္ဒိယ, အရှင်ကိမိလ, အရှင်အနုရုဒ္ဓါတို့ပမာ လွန်စွာ သင့်တင့်ကြကုန်၏။

ပညာထေရော စ အာလောကော၊ ဥဘော သာသနဘာရဓာ။
ဝိစက္ခဏာ မိတိမန္တာ၊ သာသနေ သတတာဒရာ။

မာန်မာန နှိမ့်ချသောဆရာတော်

ဆရာတော် အရှင်ပညာကား သံဃာတော် ၁၀၀၀-ခန့်ရှိ ကျောင်းတိုက်ကြီးနှင့် သံဃာတော်ထောင်ပေါင်းများစွာရှိ မဟာဝိသုတာရာမိက ဂဏဝါစကနိကာယကြီး (ပခုက္ကူကိုဏ်းကြီး) ၏ ဦးစီးဦးကိုင် ဖြစ်သော်လည်း ဟိတ်ဟန်ကြီးတော် မမူပါချေ။ သို့ဖြစ်၍ မိမိထက် အသက်သိက္ခာ ကြီးမားသော ဆရာတော်များနှင့် သာသနာရေးရာများကို ဆွေးနွေးတော် မူ၍လည်း သာသနာရေးကို အောင်မြင်တော် မူခဲ့လေသည်။ မန်လည်ဆရာတော် ဘုရားကြီး, လယ်တီဆရာတော်ဘုရားကြီး, မိုးညှင်း ဆရာတော်ဘုရားကြီးတို့ ပခုက္ကူကြွတော်မူစဉ်ကလည်း ရှိသေကျိုးနှံစွာ တွေ့ဆုံ၍ သာသနာရေး ဆွေးနွေး၍ သာသနာ့အတွေ့အကြုံကို ဆည်းပူးတော် မူခဲ့လေသည်။

ပညာဝုယော မဟာထေရော၊ ထေရေသု သဏ္ဌိတော ဝိဒူ။
ဝိဒူ ပဥ္စနိကာယေသု၊ သုတော သမ္မဒ္ဓသာသနေ။

စတုသင်္ဂီမပိုင်း

နောက်ဆုံးစာဝါများ ချပို့တော်မူခြင်း

၁၃၀၃-ခုနှစ် ဒုတိယဝါဆိုလဆုတ် ၄-ရက်နေ့မှ စတင်၍ ချပို့ခဲ့သော ပါရာဇိကဏ် ပါဠို, အဋ္ဌကထာ, ဋီကာ (သာရတ္ထဒီပနီဋီကာ) စာဝါကြီးမှာ မပြီးဆုံးပဲ ရှိလေ၏။ ဒုတိယကမ္မာဝစ်အတွင်း ပခုက္ကူ၌ နေမဖြစ်တော့သဖြင့် ညောင်

ဦးအနီး ပလင်းရာဌ် ၂-လ ၃-လခန့် သီတင်းသုံး၍ ဆက်လက် စာပေပို့ချတော်မူသည်။ ဦးဉာဏိန္ဒ (ရွှေဘို) စသူတို့ စာဆိုတို့ဖြစ်ကုန်၏။ ၎င်းမှတဖန် သူကောင်းတည်(တကောင်းနယ်) တောရကျောင်း (ဘုရားကလေးကျောင်း) ၌ ပြောင်းရွှေ သီတင်းသုံးတော်မူသည်။ ယင်း သူကောင်းတည် တောရကျောင်း၌ စာပေချပို့မြဲ ချပို့တော်မူသည်။ ၎င်းမှတဖန် ဇာတိချက်ကျေဖြစ်သည့် ခွေးပြုတ်ရာဌ် ဆက်လက်၍ သီတင်းသုံးတော်မူသည်။ ယင်း ခွေးပြုတ်၌လည်း မိမိချပို့လက်စ စာဝါကို ချပို့တော်မူသည်။ ယင်းသို့ တိုင်းပြည် လှုပ်ချားနေသည့် အတောအတွင်းမှာပင် ဆရာတော်ကား ပိဋကတ်ကို မေ့နှောက်ချောက်ချား ချဉ်းနင်းတော်မူခဲ့လေသည်။ တကယ့် ပရိယတ္တိဝန်ဆောင် ပုဂ္ဂိုလ်ထူးပါတည်း။

ရဋ္ဌာကုလေ သမာနေပိ၊ အာလောလေသိ မဟာယတိ။
ယတိသေဋ္ဌဿ စက္ကဿ၊ စိရကာလာဘိဝုဒ္ဓိယာ။

တိုင်းပြည်ပြန်လည် ကောင်းမွန်ငြိမ်သက်ပြီ ဖြစ်သဖြင့် ၁၃၀၇-ခုနှစ် ဝါဆို ဦးတွင် ပခုက္ကူသို့ အပြီးကြွတော်မူ၍ ပခုက္ကူ မဟာဝိသုတာရုံမ တိုက်ကြီး ပြန်လည်ဖွင့်လှစ်ပြီဟု သတင်းစာများမှ အသိပေးတော်မူပြီး ပြန်ကြွတော်မူ၍ ချလက်စ စာဝါများကို အပတ်တကုတ် ချပို့တော်မူခဲ့လေသည်။ ရန်ကုန်မြို့ မဟာသံဃာ့ အစည်းအဝေးမှအပြန် ဝါဆိုပြီး ဆက်တိုက် စာဝါများ ချပို့တော်မူ၏။ ယင်းသို့ချပို့ရာ နွေလယ် ၂-နာရီ စာဝါဖြစ်သည့် ပါရာဇိကဏ် စာဝါကုန်ခါနီး နိဿဂ်ိယပါစိတ် ကယဝိက္ကယသိက္ခာပုဒ်သို့ ရောက်လေပြီ။ ၁၃၀၀-ပြည့်နှစ် ဝါဆိုလဆုတ် ၄-ရက်နေ့ ညနေက ဆက်လက်ချပို့သည့် ၄-နာရီ ဓမ္မသင်္ဂဏီ, အဋ္ဌသာလိနီ, မူလဋီကာ စာဝါမှာ ပြီးဆုံးပြီ ဖြစ်သဖြင့် ဝိဘင်းပါဠိ, သမ္မောဟဝိနောဒနီ အဋ္ဌကထာ, မူလဋီကာတို့ကို ဆက်လက်ချပို့ရာ ပဋိစ္စသမုပ္ပါဒ်ဝိဘင်း ရောက်လေပြီ။

စာဝါများ ရပ်ရပြီ

တော်သလင်း လဆန်းကစ၍ ဆရာတော်မှာ အူရောင်ငန်းဖျား ရောဂသည် မည်မျှမထောက် စွဲကပ်ရောက်ရှိလာသဖြင့် စာဝါအားလုံး အပြီးတိုင် ရပ်စဲလိုက်ရလေပြီ။ ဆရာတော် စာဝါမချနိုင်တော့ကြောင်း ကြားလိုက်ရသော တိုက်တာသံဃာ အားလုံးတို့မှာ တပြိုင်နက် စိတ်မကောင်းခြင်းဝမ်းနည်းခြင်းတို့ ဖြစ်ကုန်၏။

ဓုရဋ္ဌယေ ကရီယမာနေ၊ ထေရဿ ထိရသီလိနော။
ဇရဏ္ဏောဂေန ပီဋိတော၊ ထေရော ထိရေသု သဏ္ဌိတော။

ပဥ္စသင်္ဘီမပိုင်း

သီဟိုဠ်ရှင်ဘုရားကြီး ကောလာဟလဖြစ်

ဆရာတော် ဘုရားကြီး အသဲအသန် မကျန်းမမာစဉ် ပခုက္ကူမြို့ မြစ်ကိုင်းရပ်ရှိ သီဟိုဠ်ရှင် မြတ်စွာဘုရားကြီး ရောင်ခြည်တော် လွှတ်သည်ဟု သတင်းဖြစ်ပြီး တမြို့လုံး အုတ်အုတ် ကျက်ကျက် ဖြစ်၍နေလေ၏။ ယောကျ်ား မိန်းမများ၊စွာတို့ ဘုရားတန်ဆောင်းထဲ စုရုံးမိကြပြီး ရောင်ခြည်တော်လွှတ်ပြီ စသည်ဖြင့် ဆူဆူညံညံကောလာဟလဖြစ်နေသည်။ ရောင်ခြည်တော် လွှတ်သာ မမြင်လျှင် မမြင်ထိုက်လို့ ဟူ၍၎င်း, ပုဉ်းကံရှိသော ပုဂ္ဂိုလ်များမှ မြင်ထိုက်သည်ဟူ၍၎င်း စသည်ဖြင့် သူတမျိုး ငါတဖုံ ပြောဆိုဝါဒလွှင့်ကြသဖြင့် မြို့ပေါ် အနှံ့ အပြား ညိုးညံနေသည်၊ အုန်းအုန်းသဲသဲ ဖြစ်နေသည်၊ ကြွက်ကြွက် ရိုက်နေသည်။

သက်ကြီးရွယ်အိုတို့ ပြောကြ

ဘုရားကြီး ရောင်ခြည်တော် မလွှတ်ပဲနှင့် ရောင်ခြည်တော် လွှတ်တယ်လို့ သတင်းဖြစ်သာ မကောင်းဘူး။ အလယ်တိုက် ဆရာတော်ကြီးလဲ အသဲအသန် နေမကောင်းနေတာ ဆရာတော်အတွက် မဟုတ်တရုတ် အုတ်အုတ်ကျက်ကျက် ဖြစ်သာနှင့်တူ၏ စသည်ဖြင့် အတွေ့အကြုံရှိသော သက်ကြီးရွယ်အို လူပုဂ္ဂိုလ်တို့ ပြောဆိုကြကုန်၏။

ဂိလာနေ ထေရသေဋ္ဌမို့၊ ကောလာဟလော သမာဂမိ။
ပဋိစ္စ ပုညဝန္တာနံ၊ ဤဒိသာ ဓမ္မတာ ဘဝိ။

မြို့ပေါ်က ဒကာ, ဒကာမတွေ နှားစွင့်နေကြ

ပခုက္ကူမြို့ပေါ်က ဒကာ, ဒကာမတို့သည် ပခုက္ကူ မဟာဝိသုတာရုံမတိုက်ကြီးကို အထူး အာရုံစိုက်ကြကုန်၏။ ပခုက္ကူ သာသနာရဲ့ ပင်မတိုက်ကြီး မယိမ်းမယိုင်မှ ဖြစ်မယ်။ ဒို့က ပစ္စည်း ၄-ပါး မငြိုငြင်စေရဘူး။ တိုက်တာသံဃာများ, အထူးသဖြင့် တိုက်တာ၏ အထွတ်အထိပ်များ ကျန်းမာ ချမ်းသာစွာ ပရိယတ်အလုပ် ကြိုးကုတ်နိုင်မှ ဖြစ်မည် စသည်ဖြင့် ပြောပြောဆိုဆိုနှင့် ဂရုစိုက်ကြ, လှူကြ ဒါန်း(တန်း)ကြကုန်၏။ ဆရာတော်ဘုရားကြီး အသဲအသန် နေမကောင်းဘူးဟု ကြားသည်မှစ၍ စိတ်မကောင်းကြရှာကုန်ပဲ ရင်တမမနှင့် နှားစွင့်နေကြ၏။

ပခုက္ကူသုပုရေ သန္တာ၊ မနုဿာ သောကသံယုတာ။
ကဏ္ဏေ အဘိမုခေ ကတ္တာ၊ ပဝတ္တိံ ပဋိမာနယုံ။

တော်သလင်းလဆုတ် ၂-ရက်နေ့ ငလျင်လှုပ်

ဆရာတော်ဘုရားကြီး နေမကောင်းသဖြင့် ဆရာတော်ဘုရားကြီး သီတင်းသုံးရာ သာသနဇောတိမါလ ကျောင်းကြီးပေါ် အထက်ထပ် ဆရာတော်စံရာမန်းမကြီး၌ ရဟန်းရှင်လူ ပုဂ္ဂိုလ်တို့ ပျားပန်းခတ်မျှ စည်ကားရောက်ရှိ ဝင်ထွက်သွားလာ ဖူးမြော်ကြကုန်၏။ အရပ်ဆေးဆရာ, သမားတော်, အစိုးရဆရာဝန်စသည့် သမားဟူးရုးတို့သည်လည်း အလစ်မပေး စောင့်ရှောက်ကြကုန်၏။ ဤကျောင်းတိုက်ကြီးအတွင်း ဟိုကျောင်း သည်ကျောင်းရှိ ရဟန်းသံဃာ, သာမဏေတို့လဲ စာမအံ စာမတက်ကြပဲ စုမိစုရာ ဆရာတော်ကြီးအကြောင်းကို ပြောဆို၍ ဂမ်းပန်းနည်းလျက် ရှိကြကုန်၏။ မြို့ပေါ် စေ့ား, ကားဆိပ်, အလုပ်ရုံ, အစိုးရရုံးစသည်တို့၌လည်း စုမိစုရာ ဆရာတော်ဘုရားကြီးအကြောင်းကိုသာ ပြောဆိုကြကုန်၏။ အဲသည် အတောတွင်း နေ့ခင်းတွင် ယူဇနာပေါင်း နှစ်သိန်းလေးသောင်းအထုရှိသော မဟာပထဝီမြေကြီးသည် အိုးထိန်းစက်ပမာ သွက်သွက်ခါ တုန်လှုပ်လေ၏။ ထိုအခါ တမြို့လုံးရှိ ရဟန်းရှင်လူ များစွာတို့မှာ ဟက်လို ဖြစ်မှဖြစ်ရလေ ဆရာတော်ကြီးအတွက် လှုပ်သာဖြစ်မှာပါ စသည်ဖြင့် ပြောဆိုကြကုန်၏။

ဂိလာနေ ထေရသေဋ္ဌမို့၊ မေဒနီ သမ္ပကမ္ပတိ။
တေလယန္တေ ယထာ စက္ကံ၊ ဥစ္ဆုယန္တံဝ ပဋိဋ္ဌတံ။

ဆသဋ္ဌမပိုင်း

ပြန်လွန်တော်မူခါနီး ပဋ္ဌိစ္စသမုပ္ပါဒ်ကို ကိုယ်တိုင်ရှုတ်

ဆရာတော်ဘုရားကြီးသည် အူရောင်ငန်းဖျားရောဂါ ကပ်ရောက်စတွင် စာဝါ ချပို့တော်မူသေးသည်။ ညနေ.အဘိဓမ္မာစာဝါ ချပို့ရင်း ဝမ်းလျှောခတ်သက်တော်မူသည့်နေ့မှ စ၍ စာဝါကို ရပ်ဆိုင်းခြင်းဖြစ်ရာ မနက်ခင်း စာဝါမှာ ပါရာဇိကဏ် ပါဠိတော်နှင့် အဋ္ဌကထာ, သာရတ္ထဒီပနီဋီကာ ကုန်လုနီး ဖြစ်၏။ ညနေစာဝါမှာ အဘိဓမ္မာဝိဘင်း ပါဠိတော်နှင့် သမ္မောဟဝိနောဒနီ အဋ္ဌကထာ, မူလဋီကာ ဖြစ်၏။ ယင်း အဘိဓမ္မာ ဝိဘင်းစာဝါ ပဋ္ဌိစ္စသမုပ္ပါဒဝိဘင်း ရောက်နေချိန်ဖြစ်၏။ မကျန်းမာစဉ် ဆရာတော်ဘုရားကြီးသည် ပဋ္ဌိစ္စသမုပ္ပါဒဝိဘင်းကို မပီတပီရှုတ်ကော်မူလျက် ရှိ၏။ မည်သူမျှ လျှောက်ထား၍ မရချေ။ ပဋ္ဌိစ္စသမုပ္ပါဒ်ဝိဘင်းပါဠိတော်ကိုသာ မပြတ်ရှုတ်ခါ နေတော်မူ၏။ သို့ရာတွင် ခန္ဓာကိုယ်ကား အလွန်တရာမှ အားနည်းချိနဲ့လှလေပြီ။

အဓိမတ္တဂိလာနောပိ၊ ဓိတိမာ သံဃနာယကော။
ပစ္စယာကာရံ သဗ္ဗာယိ၊ လောကဂ္ဂဘာသိတံ သုဘံ။

နတ်သား နတ်သမီးတို့ ကြိုဆိုမြှောက်လင့်ကြ

ကမ္ဘာ လောကဓာတ်အတွင်း၌ အသင်းပုံ့ အကြိုင်လှိုင်နှိုင်ဆုံး အမေ့မနိုင် ဆုံးဟု ဆိုရသော မလယစန္ဒကူး တောင်ဇလပ်ပန်း အထူးတို့၏ ချီးကျူးဖွယ် ရန္ဒုမျိုးသည် လေညာဖက်သို့ ဆန်တက်၍ ကြိုင်လှိုင်ခြင်းငှါ မစွမ်းနိုင်သည်ဖြစ် ရကား မပြောလောက်ဖွယ် အနည်းငယ် အနုမျိုး စင်စစ်သာတည်း။

မဟာထေရ်မြတ်ကြီး၏ သီလ,သမာဓိ,ပညာဂုဏ်ကျေးဇူး ထူးမြတ်သော ရန္ဒု သည်ကား ထက်အောက်မကျန် နတ်ထံတိုင်ရောက် ထွန်းတက် ပေါက်သဖြင့် ဖော်ပြပါ မလယစန္ဒကူး, တောင်ဇလပ်ပန်းတို့ထက် အဆ ရာထောင်မက ထူးဆန်းသော ရန္ဒုဖြစ်ပေ၏။ ဂုဏ်တော်ရန္ဒုတို့ဖြင့် သင်းပုံ့ မွှေးကြိုင် လှိုင်၍ နေကုန်သော နတ်များစွာတို့သည် ဘယ်ချိန်ဘယ်သမယတွင် ထက်နတ်ပြည် ဌာနသို့ ဆရာတော်ဘုရားကြီး ကွဲတော်မူပါအံ့နည်းဟု ဆိုင်းငံ့ မြှော်လင့်ကြိုဆို ပင့်ရအောင် အသင့် စောင့်ရှာ၍ နေကြကုန်၏။

အပပမတ္တော အယံ ဂန္ဓော၊ ယ္ဝယံ တဂရစန္ဒနံ။
ယော ထေရဿ ဂုဏဂ္ဂန္ဓော၊ ဝါတိ ဒေဝေသု ဥတ္တမော။

ဂုဏဂန္ဓေန ဂန္ဓိတာ၊ သဗ္ဗေ ဒေဝါ အစိန္တိယုံ။
ထေရော နော ဒေဝလောကမ္ပိ၊ ကဒါနုခေါ နိဗ္ဗတ္တယေ။

မပြတ်သြဝါဒ ဓမ္မရေအေး တိုက်ကျွေးခဲ့

ရံခါ ပဋိစ္စသမုပ္ပါဒ် ဝိဘင်းကို နှုတ်တက်ရွတ်ရာမှ တန့်ရပ်၍ အနီးထံပါး ရောက်ရှိသော တိုက်အုပ်, စာချ, စာသင်သား ရဟန်းတို့အား ကိုယ်တော်တို့ ဒှိုလုပ်တဲ့ လက်စအတိုင်း ပရိယတ္တိသာသနာ့ဝန်တမ်းကို ရွှတ်ရွတ်ခွဲခွဲထမ်းဆောင် ရစ်ကြမည်။ မိမိကား နေရမည် မဟုတ်၊ သေရမည် ဖြစ်၏။ သို့ရာတွင် သေမှာ မကြောက်ပါ၊ ဇာတိနှင့် စခဲ့သူသည် မရဏဖြင့် ဆုံးရမည်မှာ ဓမ္မတာပဲ၊ စသည်ဖြင့် အဆုံးအမ သြဝါဒတရားရေအေး တိုက်ကျွေးတော်မူခဲ့လေသည်။

အာရမ္ဘထ သဒါ တုမ္ဟေ၊ သာသနေတိဝ ဒုလ္လဘော။
ပရိယတ္တိ ဝါစယိတ္ဝာ၊ သိက္ခိတ္ဝာ ဒိဝါနိသံ။
ဣတိ အနေကဓာ ထေရော၊ သြဝါဒမဒဒီ တဒါ။

ဘုရားသဗ္ဗညူ ကျေးဇူး ဆပ်ရစ်ကြ

ကိုယ်တော်တို့-တပည့်တော်တို့တတွေ့,ကိုယ်တော်တို့တတွေ့ဟာ ဘုရားပေးတဲ့ ကျောင်း,သင်္ကန်း,ဆွမ်း,ဆေးစသည့် ပစ္စည်းလေးပါးကို နိစ္စထာဝရ သုံးဆောင်

မှီဝဲကြရတယ်။ အဲဒီကျေးဇူးတော်တွေကို ပရိယတ်, ပဋိပတ်တာဝန် နှစ်ရပ်ကို ထမ်းဆောင်၍ ကျေးဇူးဆပ်ခြင်းမှာပါး တခြားမရှိချေ။ သို့ဖြစ်၍ ကိုယ်တော်တို့ ပရိယတ်,ပဋိပတ်လုပ်ငန်းနှစ်ရပ် အာဇာနည်ဖွား မဟာပုရိသယောကျ်းမြတ်တို့၏ ဇဲလုံလဖြင့် ကြိုးကုတ်ရစ်ကြပါလေ။

ပရိယတ္တိ ပဋိပတ္တိဉ္စ၊ ယူဇ္ဇဝ့ေါ ဇိနသာသနေ။
ဘဝထ ကတဝေဒိနော၊ သမ္မဒ္ဒဿ သိရီမတော။

ကိုရင်တော့ စိတ်ရှည်ရှည်မွေးကြ

ကိုယ်တော်တို့ ကိုရင်တော့ဆိုတာ သာသနာ့အညွှန့်အညောက်တော့ ဖြစ်တယ်။ သာသနာ့ဘောင် မရောက်သေးတဲ့ သာသနာတော်အား ထိုက်တန်တဲ့ ရှုပ်ရည်, ဉာဏ်စွမ်းရည်နှင့် ပြည့်စုံတဲ့ကလေးငယ်တွေကို သာသနာ့ဘောင် ရောက်အောင် ဆွဲဆောင်ကြရမယ်။ သာသနာ့ဘောင်ရောက်ပြီးတဲ့ ကိုရင်တွေကိုလဲ မပျက်စီးအောင် ထိန်းသိမ်းရမယ်။ ဒါမှ သာသနာကြာရှည်တည်မယ် စသည်ဖြင့်လည်း အနာဂတ်သာသနာတွက် စိုးရိမ်တကြီး မှာတော်မူခဲ့လေသည်။

ပဗ္ဗဇ္ဇတ္ထာယ စက္ကမ့ို၊ ဒါရကေ ဘဗ္ဗရူပကေ။
ယူဇ္ဇဝ့ေါ သာမဏေရေပ့ို၊ ထိရဘာဝယ သာသနေ။

သံဃကိစ္စ မမေ.ကြနဲ့. စာဝါတွေ လွယ်လွယ်နဲ့. မဖျက်ကြနဲ့.

ကိုယ်တော်တို့ မိမိကား သေရဖို့ အချိန်အနည်းငယ်သာ လိုတော့သည်။ မိမိ မရှိတဲ့နောက် တိုက်တာ သံဃကိစ္စ ဂိုဏ်းဂဏကိစ္စ စသည်တို့ကို မမေ့မလျော့ မပေါ့မဆ ဆောင်ရွက်ကြရမယ်။ နေရေး ထိုင်ရေး စာရေး သောက်ရေးမှ စ၍ အတတ်နိုင်ဆုံး ကူညီကြရမယ်။ စာဝါတွေကိုလဲ လွယ်လွယ်နှင့် မဖျက်ကြပဲ ကြိုးစား ချုပ်ိုကြပါ။ ကိုယ်တော်တို့အပေါ် တာဝန်တွေ ကျတော့မယ် – စသည်ဖြင့်လည်း သြဝါဒပေးတော်မူခဲ့လေသည်။

အာဝုသော သံဃကိစ္စေသု၊ မာ ပမဇ္ဇထ သဗ္ဗဒါ။
ဂန္ထဝါစနကိစ္စေသု၊ သဒါ နိန္နာ ဘဝထ ဓေါ။

မိမိလုပ်နေကြ ကျင့်ဝတ်တွေအတိုင်း ပြုလုပ်ကြ

ကိုယ်တော်တို့ မိမိတသက်လုံး လုပ်ခဲ့တာတွေ မြင်ကြမှာပဲ။ ရဟန်းခံ, သိမ်သမုတ်မှလွဲ၍ သာရေးနာရေးလိုက်ဖို့ အာရုံမစိုက်ခဲ့ဘူး၊ စာဝါကြိုးစားချခဲ့တယ်။ သို့ဖြစ်၍ ပခုက္ကူသာသနာ ပင်လုံးကျတ် ပွင့်နေတယ်။ တိုက်တာထဲ မနက်ခင်း,

ညနေ အခါရောက်လျှင် လှည့်ပတ်ကြည့်ရှုဘယ်။ ယင်းသို့ လှည့်ပတ်ကြည့်ရှုခြင်းဖြင့် မတော်မတည့်သောတို့, ချွတ်ယွင်းသောတို့တွေ့လျှင် ပြင်နိုင်တယ်။ ညနံနက် ကိုယ်တိုင်လဲ ဝတ်တက်ကြပြီး တပည့်စာသင်သားတွေကိုလဲ ညနံနက် မပျက်အောင် ဝတ်တက်စေရမယ်။ မိမိ တည်ခင်းထောင် လက်စနိကာယ်စာသင်တုံးက်တွေကိုလဲ ဆက်လက် တည်ထောင်ရမဲယ် စသည်ဖြင့် ကိုယ်တော်မြတ်၏ လက်စတာဝဝန်များး ဆက်လုပ်ဖို့ မှာတော်မူခဲ့လေသည်။

မယာ ကတာနိ ကိစ္စာနိ၊ သမ္မာသမ္ဗုဒ္ဓသာသနေ။
သဗ္ဗာနိ အပရိဟာပေတွာ၊ ကရောထ နိန္ဒမာနသာ။
ဣတိ အနေကဓာ ထေရော၊ သာသနေ လဂ္ဂမာနသော။

မမေ့ မလျော့ကြနဲ့

ကိုယ်တော်တို့ မမေ့ မလျော့ကြနဲ့၊ နေချင်ပေမဲ့ မနေရဘူး၊ မသေချင်ပေမဲ့လဲ သေရတာပဲ။ မိမိက သာသနာပြုလို့ကောင်းတုန်း နေချင်ပေမဲ့ အခြေအနေက မပေးဘူး၊ အသိတရား လက်ကုံထေားကြ၊ ရုပ်နာမ်တို့၏ ဖြစ်ချုပ်ကို ရှုမှတ်ကြ–စသည်ဖြင့် မှာတော်မူခဲ့လေသည်။

အာဗာဓေ မေ သမုပ္ပန္နေ၊ သတိ မေ ဥဒပဇ္ဇထ။
အာဗာဓော မေ သမုပ္ပန္နော၊ ကာလော မေ အပ္ပမဇ္ဇိတုံ။

ဟူသော အရှင်ဥတ္တိယထေရ် ကျူးရင့်တော်မူသည့်အတိုင်း ဆရာတော်သည် မမေ့ မလျော့ပဲ ရုပ်နာမ် ၂-ချုပ် ရှုမှတ်ကာ ငြိမ်သက်တော်မူလေသည်။

သဒါ သတော သမ္ပဇာနော၊ ဝေဒနံ အဓိဝါသယိ။
ဗဟူ သိသော ဥပဇ္ဈာကော၊ ဇီနော၀ါဒေန သြဝဒိ။
သဒတ္ထေ ဝါယမေယျာထ၊ ရတ္တိန္ဒိဝ မတန္ဒိတာ။
မာခေါ ပမတ္တာ အဟုတ္ထ၊ ခဏော ဝေါ ပဋိပါဒိတော။

သတ္တသဋ္ဌိမပိုင်း

မဟာဝိသုတာရုမ နေတဆူ လတစင်း ကွယ်ဝင်ခဲ့ပြီ

အချိန်ကား သက္ကရာဇ် ၁၃၀၈-ခုနှစ် တော်သလင်းလဆုတ် ၆-ရက်နေ့ နံနက် ၂-နာရီ မိနစ် ၄၀-ဖြစ်ချိန် ဖြစ်၏။ တလောကလုံးလည်း အိပ်မောကျနေချိန်

၃။ ထေရ ၂၂၆။

ဖြစ်၏။ ပခုက္ကူတမြို့လုံးလည်း မြို့လူထုတွေ့ အိပ်မောကျ တိတ်ဆိတ်နေကြ၏။ ထိုအချိန်တွင် မဟာဝိသုတာရုမ ဝိဇ္ဇာယတနကြီး၏ အဓိပတိ သံဃမဟာနာယက, နိုင်ငံတော် မဟာနာယက, မဟာဝိသုတာရုမ ဂဏဝါစကနိကာယကြီး၏ မဟာဝိနာယက, အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီးသည် တုသိတာနတ်ပြည်မှ ဒေဝါဒေဝီ အလီလီတို့၏ အဥ္ဇလိညွတ်ပျော်း တောင်းပန် လျှောက်ထားချက်ကို လက်ခံတော်မူကာ တုသိတာနတ်ပြည်သို့ ကြွရောက် စံပျော်တော်မူခဲ့လေသတည်း။ မဟာဝိသုတာရုမ နေ-တဆူ လ-တစင်း မလင်း တော့ပဲ ကွယ်ဝင်ခဲ့လေပြီတကား။

ခေါင်းလောင်းသံ, ထိုးစည်သံ, ကြေးစည်သံ, တုန်းသံတွေ့

ဆရာတော်ဘုရားကြီး ဘဝနတ်ထံ စံလွှန်တော်မူသည်နှင့်တပြိုင်နက် အချိန်မဲ့ အခါမဲ့ ရဟန်းသံဃာတော်တို့ ထိုးခတ် ခေါက်တီးသဖြင့် ခေါင်းလောင်းသံ, ထိုးစည်သံ, ကြေးစည်သံ, တုန်းသံတွေ့ ပေါ်ထွက်လာကုန်၏။ သာယာငြိမ့်ညောင်း ခေါင်းလောင်းသံကား အခြား အခါသမယမျှားလို စာဝါချိန်, ဘုရားဝတ်တက်ချိန် အချက်ပေးသည့် ခေါင်းလောင်းသံကား မဟုတ်ပါချေ။ မဟာထေရ်မြတ် ထက်ရပ်နတ်ခွင်ကြွသည့် အထိမ်းအမှတ် ခေါင်းလောင်းသာတည်း။ သာယာပြောစည် ထိုးစည်သံလည်း ရဟန်းသံဃာများ ဝမ်းနည်းသည့် အထိမ်းအမှတ်အနေနှင့် ပေါ်ထွက်လာသော အသံစင်စစ်တည်း။ ချာလည် ချာလည် ရွှေကြေးစည်လည်း မထေရ်မြတ်ဖျား နတ်ရွာလားသဖြင့် ရဟန်းသံဃာတို့ မရှင်အားနိုင်သည့် အမှတ်နိမိတ်အလား ထူးခြားစွာ ပေါ်လာခဲ့လေသည်။ ညိုးညိုးညဉ့်ညံ တုန်းသံတို့သည်လည်း သုံးလီပိဋကတ် ပရိယတ်ပင်လယ်ကူး မထေရ်မူး၏ နတ်ပြည်အကြွထူးသဖြင့် ရဟန်းသံဃာတော်တို့ 'မရှင်မြူးနိုင်သည့်အနေနှင့် ပေါ်ထွက်လာသော တုန်းသံတို့ ဖြစ်ကုန်၏။ စင်စစ်ကား ငိုကျွေးသံတို့သာတည်း။

မဟာနိကေတနေ လဂ္ဂါ၊ လောဟဿဏ္ဍာဒိဘေရိယော။
မဓုရေန သရေနေဝ၊ ရဝိ သု ကလူနံ ရဝံ။

ငိုပွဲယိုပွဲ ပြိုလဲဆူညံ

ခေါင်းလောင်းသံ, ထိုးစည်သံ, ကြေးစည်သံ,တုန်းသံများကို ကြားကြရကုန်သော မြို့သူ မြို့သားတို့သည် ကဗျာကရာ အိပ်ရာမှ ထကြကာ ဟက်လို ဖြစ်မှ ဖြစ်ရပလေ,ရှိမှရှိရပလေ,ကြုံမှကြုံရပလေ ဒို့ဆရာတော်ကြီး ပြန်လွန်ပါပြီကော။ ငါတို့၏ (ရဲ့)ကိုးကွယ်ရာကြီး လဲခဲ့ပြီ၊ နေနှင့်လ ကွယ်ပြီ၊ ရွှေမြင်းမိုရ် ပြိုပါပြီကော၊ ပဒေသာကွယ်ပါပြီ စသည်ဖြင့် တောင်တောင်ကျိကျိ ပြောဆိုမြည်တမ်း

ကြ၍ ဆရာတော်စံရာ သာသနဇောတိပါလကျောင်းကြီး၁ပေါ်သို့ ရွတ်တရက် တက်လာကြကာ ရင်ပတ်စည်တီး ငိုညည်းကြကုန်၏။ လူးလှိမ့်ပစ်လဲ ငိုပွဲယိုပွဲ ဆင်နွဲကြကုန်ရာ ဆူညံသွားလေတော့သည်။

ပရေတာ သောကသလ္လေန၊ ဗဟူ နာဂရိကာ ဇနာ။
ကရေဟိ ဥရုံ ပဟန္တွာ၊ ဝိက္ကန္ဒိံ သု သမာဂတာ။

ရဟန်းသံဃာတော်တို့ သံဝေဂဖြစ်ကြ

ရဟန်းသံဃာတော်တို့ကား သံဝေဂ ဖြစ်ကြကုန်၏။ သံဃာ့ထုတ်ထိုး ဆရာတော်ကြီးသော်မှ ပြန်လွှန်ရသေး၏။ ငါတို့မှာကား မြေကြီးလက်ခတ် မလွဲသေကြရမည်သာတည်း။ သုံးထောင်ဝက် ကိုလေသာ ရန်သူပုန်ကို မအောင်မြင်သေးသရွေ့ တသေထဲ သေကြရမည်သာတည်း၌ စသည်ဖြင့် သံဝေဂ ဖြစ်ကြကုန်၏၊ ရှုမှတ်ဆင်ခြင်ကြကုန်၏။

ထေရာ နဝါ မဇ္ဈိမာ စ၊ ဘိက္ခဝေါ သုဂတောရသာ။
သခ်ါရာ ဝယဓမ္မာတိ၊ သံဝေဂံ ဘာဝယုံ တဒါ။

ပထဝီမြေကြီး တုန်လှုပ်ခဲ့

ဤကဲ့သို့ ဆရာတော်ဘုရားကြီး စုတိ ကမ္မဇရုပ် ချုပ်တော်မူ၍ တအောင့်အကြာ ခေါင်းလောင်းသံ, ထိုးစည်သံ, ကြေးစည်သံ, တုန်းသံတို့ အစဲ့ မဟာပထဝီမြေကြီးသည်လည်း သံဃာ့ထုတ်ထိုး မထေရ်မြတ်ကြီး ပြန်လွှန်တော်မူသည်ကို မခံမရပ်နိုင်သည့် အနေဖြင့် ဝဲယာရွေ့နောက် ထက်အောက်ခြောက်ထွေ့ တုန်လှုပ်ပြန်လေပြီ။

ဒိဝင်္ဂတေ ထေရိန္ဒဿ၊ ဝိသုတသံဃ ကေတုနော။
မဟန္တိ အယံ မေဒနီ၊ သံကမ္ပိ ဥစ္စနာဒိနီ။

ရင်သပ်ရှုမော အံ့သြကြ

ယင်းသို့ ဝမ်းနည်းပူဆွေး စိတ်မအေး ဖြစ်ကြစဉ်မှာပင် မဟာပထဝီမြေကြီး သွက်သွက်ခါ လှုပ်မှုကြောင့် ရဟန်းသံဃာတော်များနှင့် လူပုဂ္ဂိုလ်များမှာ လွန်စွာရင်သပ်ရှုမော အံ့သြခြင်း ဖြစ်ကြကုန်၏။ ဆရာတော် ဘုရား

၁။ ယခု ဤစာပြုသူနေထိုင်ရာ ဤမဟာဃေရလိတကျမ်းကြီး စသည့်ကျမ်းဂန်များစွာ ပေါ်ထွန်းရာ ကျောင်းကြီးတည်း။

ကြီးကား လွန်စွာထူးခြားသည့် ပေါက်သားဇာနည် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ကြီးဖြစ်လေသည်။ ဖွားမြင်တော် မူစဉ်ကလည်း ငလျင်လှုပ်သည်။ မကျန်း မမာစဉ်ကလည်း ငလျင်လှုပ်သည်။ ပြန်လွန်တော်မူရာ အခါ၌လည်း ငလျင် လှုပ်သည်။

ဝိဇာယနေ ဂိလာနေ စ၊ အန္တိမေပိ ဒိဝင်္ဂတေ။
ဣတိ ဟိ တိသု ကာလေသု၊ ပုထဝီ သမ္မကမ္ပတိ။

အဋ္ဌသင်္ဂီမပိုင်း

သံဝေဂယူရဏ်

အစ္ဆယန္တိ အဟောရတ္တာ၊ ဇီဝိတံ ဥပရုဇ္ဈတိ။
အာယု ခီယတိ မစ္စာနံ၊ ကုန္နဒီနံဝ သြဒကံ[1]။

မိန်သံပါဠို လာရှိသည်နှင့်အညီ ဆုံလည်သော နှား ရဟတ်ခြားပမာ သံသရာ တွင် စုံဆန်ကျဉ်၍ တဖြင်လူဖြစ်, တစ်နတ်ထံ တဖန်တိရစ္ဆာန် အတန်တန် ဖြင့် ဖြစ်ပြန်ပျက်ကာ ကြောက်ဖွယ်ရာတည်း၊ နေ့ခါညဉ့်ပုံ ကုန်လွန်ကုန်ကြ၊ ဇီဝိတမည် အသက်သည်လည်း ကြာရှည်မတည် ချုပ်ပျက်ပြိုတည်း၊ နဒီငယ်များ ရေမခြားတည်း၊ ရှည်လျားမတည် အလိုလိုဖြင့် သေချိဆုံးချို သေဆုံးချိန်နှင့် ဤသည်လောက သုခဘယ်မျှ ရှာမရတည်း။ မရဏာရာဇာ လာမည့်နေ့ကို စောင့်ကြိုဆိုရ ပုံတမျှသို့ ဤလူလောက နေထိုင်ရ၏။ မဟာဝိသုတာရာမ ပါကဋ် ဖြင့် စံပြတက္ကသိုလ် ဗဟိုတိုက်ကြီး စိုးအုပ်စီးသည့် ထုတ်ထိုးသံဃ ပုဂ္ဂလဇာ နည် ကဝိပီသည့် သုံးလီပိဋ္ဌက, ဋ္ဌကထာ, ဋီကာ ဉာဏ်ပထျာစုံညီ ဂုဏ်ရည် ပေါက်ပြ အဂ္ဂမဟာပဏ္ဍိ ဘွဲ့ထူးရှိသည့် ကဝိအမော် ဒဋ္ဌထေရ်ကျော်လည်း လွှဲသော်မရ မရဏမင်း ပင့်ဆောင်လျင်းသည် ခပင်းသံဝေ ပွါးစေသော်။

တနည်း သံဝေဂယူရန်

ယမေကရတ္တိံ ပဌမံ၊ ဂဗ္ဘေ ဝသတိ မာဏဝေါ။
အဇ္ဇာဠိတော ဝ သော ယာတိ၊ သ ဂစ္ဆံ နနိဝတ္တတိ[2]။

ဟူသည်နှင့်အညီ သုံးလီကောလ ဖြစ်ရကြုံလာ သတ္တဝါကား ဦးစွာပဌမ ညဉ့် ကာလဆီ သန္ဓေတည်၍ နှစ်လည်နာမ်ရုပ် ချုပ်ပျက်ဖို့ရေး သေဘေးဖက်သာ ဆက်ကာမပျက် သူချီတက်သည် လက်ခတ်မလွဲ သေလမ်းတည်း။

၁။ ထေရ- ၂၅၀။ (ဟေရညိကာနိတ္ထေရဂါထာ)
၂။ ဇာ၊ဝ- ၃၅၃။ ဝိသုဒ္ဓိ၊ဝ။ ၂၂၃။

တနည်း သံဝေဂယူရန်

ဖလာနမိဝ ပက္ကာနံ၊ ပါတော ပပတော ဘယံ။
ဧဝံ ဇာတာန မစ္စာနံ၊ နိစ္စံ မရဏတော ဘယံ။

ဟူသည်နှင့်အညီ ရင့်ရော်မှည့်ပြီး သစ်သီးပေါင်းတို့ ကျွေကျဖို့သာ နံနက် ခါ၌ လွန်စ္စာထန်သည်း စိုးရိမ်ကြီးသို့ သေဖို့အပြီး ဘေးဆိုးကြီးကား အများ သတ္တဝါ ကိန်းသေပါသည် လွန်စ္စာ ကြောက်စရာပါတကား။

တနည်း သံဝေဂယူရန်

မိရတ္ထု ဝတ ဘော ဇာတိ၊ ယတြ ဟိ နာမ ဇာတဿ မရဏံ ပညာ-ယိဿတိ။

ဘော=ရှင်လူအပေါင်း အိုသူတော်ကောင်းတို့။ ယတြ ဟိ ယာယ ဇာတိ-ယာ=အကြင်စဲ့လာသန္ဓေ တည်နေခြင်းသည်။ သတိ=ကမ္မဘဝ အကြောင်း ဆုံလစ် ဖြစ်သည်ရှိသော်။ ဇာတဿ=သံသရာ့ ဇာတ်ခုံ၌ ကျုံလာဖြစ်ခြင်း သတ္တဝါအား။ မရဏံ= ဇီဝိန်ပျက်ပြုန်း သေဆုံးရခြင်းသည်။ ပညာယိဿတိ နာမ=အမြင်အားဖြင့် ထင်ရှားရတုံဘိ၏။ သာ ဇာတိ= ထိုပဋိသန္ဓေ စဲ့ကပ် တည်နေရခြင်းသည်။ မိရတ္ထု ဝတ=အာ့နှလုံးဝယ် ထိုစဖွယ်ဖြစ်လေစ့တကား။ မိရတ္ထု ဝတ=အတက်မဟုတ် အပျက်ဟုတ်သဖြင့် တကယ့် စက်ဆုပ်ဖွယ်ပါတ ကား။

ကျေနသတ္တတိမပိုင်း

ဝမ်းနည်းကြောင်း သဝဏ်လွှာတွေ့

ဆရာတော်ဘုရားကြီး ပြန်လွန်တော်မူကြောင်း ရေဒီယို, သတင်းစာ စသည်များမှ တဆင့်သိကြကုန်သော ဂိုဏ်းအသီးသီးမှ ခေါင်းဆောင် ဆရာတော်များထံမှငင်း, အစိုရး အဖွဲ့အစည်းအသီးသီးမှငင်း, မဟာဝိသုတာရုမ ဂဏဝါစက နိကာယဝင် သံဃာများထံမှငင်း ဝမ်းနည်းကြောင်း သံကြိုးစာ, သဝဏ်လွှာ တို့ ပို့ကြကုန်၏။ ဤဖော်ပြပါ ဝမ်းနည်းကြောင်း သဝဏ်လွှာများအနက် ဆရာတော် ဘုရားကြီးကိုယ်တိုင် ဦးဆောင်ပါဝင် ဆောင်ရွက်ခဲ့သော ထိုစဉ်က ရှိခဲ့သော ဂိုဏ်းပေါင်းစုံ မဟာသံဃာ့ အဖွဲ့ကြီး၏ တာဝန်ခံ အထူးအမှုဆောင် အဖွဲ့မှ ပေးပို့သည့် သဝဏ်လွှာမှာ စိုစိုစက်စက် ဆရာတော် ဘုရားကြီး၏ ဆောင်ရွက်ချက်တို့ကို ဖော်ပြပါရှိရာ သမိုင်းအတွက် အထောက်အကူ ပြုနိုင်သဖြင့် အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

၁၃၀၈-ခု တန်ဆောင်မုန်းလဆန်း ၆-ရက်နေ့။

ဂိုဏ်းပေါင်းစုံ မဟာသံဃ အဖွဲ့ချုပ်ကြီး၏ တာဝန်ခံ အထူး အမှုတော်ဆောင်အဖွဲ့မှ

ပခုက္ကူမြို့ မဟာဝိသုတာရုံတိုက်ကြီး၏ အရှင်ဆရာတော်ဘုရားကြီး ပြန်လွန်တော်မူရာ

သာဓုကီဠနစျာပနတာဝန်ခံအဖွဲ့သို့ ဝမ်းနည်း ကြေကွဲကြောင်း

ဆက်ကပ်လွှာ

စာအားဖြင့် လျှောက်ထားအပ်ပါသည်။ ပခုက္ကူမြို့ အလယ်တိုက် ဆရာတော်ဘုရားကြီး ပြန်လွန်တော်မူရာ သာဓုကီဠနစျာပနတာဝန်ခံ ဆရာတော် အရှင်သူမြတ်တို့ဘုရား။

အကြောင်းသော်ကား ပခုက္ကူမြို့ မဟာဝိသုတာရုံမ အမည်ရှိသော အလယ်တိုက်ကြီး၏ ဦးစီးနာယက လင်္ကာပေသလ- သိက္ခာကာမ-ဝိနယဂရုက- သီလဝန္တ-ဂန္ထန္တရ-ဗဟုဿုတ-ဂန္ထကာရက- ပရိယတ္တိဝိသာရဒ- ဂဏာစရိယ-ဂဏပါမောက္ခ-စသော ဂုဏ်အပေါင်းတို့နှင့် ပြည့်စုံတော်မူ၍ ဂိုဏ်းပေါင်းစုံ မဟာသံဃအဖွဲ့ချုပ်ကြီး၏ နိုင်ငံတော် မဟာနာယကဖြစ်တော်မူသော သက်တော် (၆၉) သိက္ခာတော် (၄၉)ဝါရှိ ပခုက္ကူအလယ်တိုက် ဆရာတော်ဘုရားကြီးသည် ၁၃၀၈-ခု၊ တော်သလင်းလဆုတ် (၆)ရက်နေ့တွင် နိုင်ငံတော်အတွင်းရှိ သာသနာ့ဝန်ထမ်း ရှင်ရဟန်းများနှင့် ဗုဒ္ဓဘာသာ ဒါယကာ-ဒါယိကာမ များလှသောင်းသောင်း တပည့်အပေါင်းတို့အား နည်းကောင်းညွှန်ပြ ဆိုဆုံးမလျက် သြဝါဒကထာ ဒေသနာရေအား ဖြင့် တိုက်ကျေးတော် မမူနိုင်တော့ပဲ မရဏာဝမင်း သွားခံတင်းသို့ သက်ဆင်းကျရောက်ကာ ဘဝနတ်ဆံ စံလွန်တော်မူကြောင်းကို ကြားသိကြရသဖြင့် အောက်ဗမာပြည် ဂိုဏ်းပေါင်းစုံ မဟာသံဃအဖွဲ့ချုပ်ကြီး၏ နိုင်ငံတော် တာဝန်ခံ မဟာနာယက ဘုရားကြီးဆရာတော် အမှူးရှိသော ဗဟိုတာဝန်ခံ အထူးအမှုဆောင်အဖွဲ့နှင့်တကွ ဗုဒ္ဓဘာသာ အဖွဲ့ချုပ်ကြီးဝင် ဒါယကာကြီးငယ် အပေါင်းတို့ကပါ များစွာ လှိုက်လှိုက်လှဲလှဲ ကြည်ကွဲ ဝမ်းနည်းကြပါကြောင်း။

အထက်အဆိုပါ ဆရာတော်ဘုရားကြီးသည် ဂိုဏ်းပေါင်းစုံ မဟာသံဃအဖွဲ့ချုပ်ကြီး၏ နိုင်ငံတော် မဟာနာယက ဖြစ်တော်မူသည့် အားလျော်စွာ သာသနာတော်၏အရေး သံဃအရေးကိစ္စ ဟူသမျှတို့၌ ကေသရာဇာခြင်္သေ့မင်း၏ ရဲရင့်သော သတ္တိအလားကဲ့သို့ တရားနှင့်လျော်သော အရာတို့ကို ညွှာတာထောက်ထားခြင်းမရှိ ပကတိ ရဲရင့်တည်ကြည်သော သမာဓိတော် ပညာတော်

ဖြင့် မြော်ခေါ်ပိုင်းခြား တရားအခ့ျက် ဓမ္မစက်ကို သ့ဒက်သ့ဒက်ကြီး သြဝါဒကထာ စကားဖြင့် ပြောကြားဆိုးမတော်မူတတ်သော သတ္တိထူး ရှိတော်မူသည်လည်း တကြောင်း။

ဘုရားရှင်ကိုယ်တော်မြတ်သည် နိဗ္ဗာန်ရပ် ရှေဘုံနန်းသို့ စံမြန်းတော်မူကာနီးတ့ဒင် ကြီးလှသော ကရုဏာဖြင့် သံသရာနယ်တခ့ဒင်တ့ဒင် ကျင်လည်မည့် သတ္တဝါအများတို့အား သနားတော်မူလ့ျ၍ ဟန္ဒဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ ဝယဓမ္မာ သခါရာ အပ္ပမာဒေန သမ္ပာဒေထ–ဟု မိန့်ဟ ဟောမ့ဒက်တော်မူခဲ့သည့်အလား ယခု ဘဝနတ်ထံသို့ ဝင်စံကြ့ဒသွားတော်မူရရှာသော ဆရာတော်ဘုရားကြီးသည် အတိရှေးကျ နယုန်လက ကျင်းပပြုလုပ်ခဲ့သော ဂိုဏ်းပေါင်းစုံ မဟာသံဃ နိုင်ငံတော် သြဝါဒါစရိယ နိုင်ငံတော် မဟာနာယက ဆရာတော်ဘုရားကြီးများ၏ နှစ်ပတ်လည် မျက်နှာစုံညီ အစည်းအဝေးကြီး၏ ဆုံးဖြတ်ချက် နံပါတ် ၁၂(က)အပိုဒ်တ့ဒင် ကမ္ဘာ့ဘာသာပေါင်းစုံ ကွန်ဂရက်ကြီး၏ တောင်းပန်ချက်အရ ကမ္ဘာ့ငြိမ်းချမ်းရေးစာတမ်းကို ပြဋ္ဌာန်းပေးပို့ရန် တင်သ့ဒင်းဆုံးဖြတ်တော်မူခြင်းတဝ။ ဆရာတော်ဘုရားကြီး၏ အသိဉာဏ် စိတ်ဆန္ဒက ခုကာလ ချိန်အခါ မြတ်ဗုဒ္ဓသာသနာကို မသမာသော စိတ်ယုတ်ဖြင့် ပုတ်ခတ်ကာ ဖျက်ဆီးမည့် အရိုးကြီးကိုဏ်းအပါ စိတ်ထားချက် လွန်ယုတ်မာသော ဉာဏ်ပညာကင်းဝေး နောက်ပေါက်သည့် လူရွှပ်ကလေးတို့သည် ယဉ်ကျေးသည့် ဘာသာဘဘုရား သာသနာကို မသမာရုပ်ဝါဒ အနုပဒ့ဒီလောမဖြင့် နှိမ်ချ ဖျက်ဆီးမည့် အရေးတို့ကို စိတ်လေးတော်မူလ့ျ၍ သာသနာ့ခံတပ်သဖွယ် ခုရှိကြကလေးလူမမယ်တို့ကို အသ့ဒယ်သ့ဒယ်နည်းပေး၍ ဘာသာသေ့ဒး ဝင်ရောက်ကာ အကျင့်ယုတ် လူမိစ္ဆာတို့အဖြာဖြာ ဖျက်ပါကြားလည်း ပျက်ပြားယိမ်းယိုင်ခြင်းမရှိ၊ မိမိ၏ အသိဉာဏ်ဖြင့် ဝေဘန်ကာ ကာကွယ်နိုင်စေခြင်းကို စိတ်အရင်းမူလ သဘောတော်ရသောကြော့ဒင့် ဆဲ့သုံးအရ ဆုံးဖြတ်ချက်၌ မိန့်မြွက်ကာ အဆိုတရပ်ဖြင့် ဆုံးဖြတ်တင်သ့ဒင်းတော်မူခဲ့ခြင်းလည်း တဖြာ။

ဆိုခဲ့သော ဂုဏ်အင်္ဂါတို့နှင့် အရာရာပြည့်စုံတော်မူသော ဆရာတော်ဘုရားကြီး ဖြစ်တော်မူသည့်အတ့ဒက် အထူးပင် နှမြောတ သ ကြေကွဲဝမ်းနည်းလှပါကြောင်း။

ဂုဏ်ပြင်တပါး ပြန်လွန်တော်မူသော ဆရာတော်ဘုရားကြီးအား တပည့်သံဃာ ဒါယကာ, ဒါယိကာမအပေါင်းတို့က နှစ်ထောင်းအားရ နှစ်လရှည်ကြာ ဖူးမြော်ကာဖြင့် အဖြာဖြာသော သြဝါဒဆုံးမဘို့ အရေးတို့ကို ခ့ဒင့်ပေးခြင်းမပြုဘဲ မရဏာဝရှင်သေမင်းက အတင်းပင် ပင့်ဆောင်သ့ဒားသဖြင့် ကျန်ရစ်သူ တပည့်အများတို့မှာ စိတ်အားတေ့ဒပျော့ အားမာန်လျော့၍ ဖြော့တော့ခနဲ ကြိမ်မီးအုံးသို့ ယူကြုံးမရ ဖြစ်ကြရပါကြောင်း။

ဂင်းပြင်တရပ် အခါသစ် ဗမာသစ်တွင် သာသနာသစ်တည်ထောင်လျက် အောင်မြင်ထမြောက်ဘို့ အားခဲပြီးလျှင် ကြိုးစားအားထုတ်ကြံစည်နေဆဲအခါ တွင် ဘဝန္တတ်ထံ ဝင်စံကြွသွားတော်မူရရှာသောကြောင့် ဆက်လက်ကာ တပည့် အမျှားတို့ အားထုတ်သည့် သာသနာအရေးတို့ကို ရပ်အဝေး တုသိနန်းက ကြွ လှမ်း၍ အားပေးစောင့်ရှောက်တော်မူပါမည့်, အကြောင်းကို စျာပနအဖွဲ့ဝင် ဆရာတော်များမှတဆင့် အဆိုပါတပည့်အပေါင်းတို့က ခွင့်တောင်း လျှောက် ထားဝံ့ပါတော့သည် ထေရ်မြတ်သခင် ကျေးဇူးရှင်ဆရာတော်ကြီး အရှင်သူမြတ် ဘုရား။

ရတနာပုံ-ဦးဇာဂရ
အကျိုးတော်ဆောင်ချုပ်။

သုဓမ္မဝတီစာပုံနှိပ်တိုက်။ ရန်ကုန်မြို့။ နံပါတ်-၅၉၃။
အမှတ် ၂၉၊ တရုပ်ပိဋကတ်တိုက်၊ ရေတာရှည်လမ်း၊ ဗဟန်း၊ ရန်ကုန်။

သတ္တတိမပိုင်း

သာဓုကီဠနံသဘင် ဆင်ယင်ကျင်းပ,အရိုးဌာပနာ

ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်ကို ဆရာတော်ဘုရားကြီး ကိုယ်တိုင် မိန့်ကြားခဲ့သော မဟာဝိသုတာရာမိက ဂဏဝါစက နိကာယစည်းမျဉ်း နှင့်အညီ ၂၁-ရက်ထား၍ ညစဉ်လိုလို တရားပွဲတို့ဖြင့်ဂင်း, သံဝေဂဂါထာများ ရွတ်ဖတ်ပူဇော်ခြင်းဖြင့်ဂင်း ပူဇော်ကြပြီ။

သီတင်းကျွတ်လဆန်း ၁၀-ရက်နေ့ မွန်းတည့် ၁၂-နာရီတွင် ဆရာတော်ဘုရား ကြီးရုပ်ကလာပ်တော်ကို စံတော်မူရာ သာသနဇောတိပါလ ကျောင်းကြီးပေါ်မှ ထီးဖြူရုံတော်သို့ပင့်၍ သီတင်းကျွတ်လဆန်း ၁၃-ရက်နေ့ ၁၂-နာရီအထိ ဆိုင်ရာ ပွဲလမ်းသဘင်တို့ဖြင့် အပူဇော်ခံတော်မူသည်။

သီတင်းကျွတ်လဆန်း ၁၃-ရက်နေ့ နေ့လယ် ၁၂-နာရီအချိန်တွင် အလောင်း တော်ကို ကျောင်းတိုက်တွင်း ထီးဖြူရုံတော်မှ ခန်တောသုသာန်သို့ ပင့်ဆောင်၍ ပင့်သံဃာ ၃၀၀-တို့အား လှူဒါန်းပြီး နံ့သာထင်းပုံထက်သို့ ပင့်ဆောင်၍ အဂ္ဂိ စျာပနကိစ္စ ပြုလုပ်ကြပြီး အရိုးတော်ကို ပခုက္ကူမြို့ မြောက်ဖက်ရှိ ဂန္ဆသာရ စေတီ၌ ဖောက်ထွင်း၍ ဌာပနာကြကုန်၏။

နာနာကာရေန ပူဇေတွာ၊ ထေရဉတုဇရူပကံ။
စျာပေတွာန စေတိယမ္ဩ၊ အဋ္ဌိနိ ဌပယိ သု တေ။

ကေသတ္တတိမပိုင်း

ဆရာတော်ဘုရားကြီး၏ သြဝါဒမျှား

ဆရာတော်သည် နိကာယဇ္ဈောပါရဂူကြီး ဖြစ်တော်မူသည့်အလျောက် နိကာယ် ၅-ရပ်ကို အခေါက်ခေါက်အခါခါ ချပို့တော်မူ၍ သာသနာတော် ပြုခဲ့သည့် ထိပ်တန်း ပရိယတ္တိဝန်ဆောင်ကြီး ဖြစ်တော်မူသည်။ စာချရင်း သြဝါဒပေး, ဘုရားဝတ်တက်ပြီးတိုင်းလိုလို သြဝါဒပေးတော်မူခဲ့ရာ နိကာယ် ၅-ရပ်၌ သြဝါဒနှင့်စပ်သည့် ဒေသနာမျှားဖြင့် သြဝါဒ မပေးဘူးသည်မှာ မရှိဟု ဆိုချင်ပါသည်။

ဤမဟာထေရလလိတကျမ်းကြီး၌ သြဝါဒအခန်း လစ်လပ်နေမည်ကို စိုးရွံ့မိသဖြင့် အနည်းငယ် အမြွက်မျှ ဖော်ပြပါသည်။ ပြည့်ပြည့်စုံစုံ ပြရမည်ဆိုလျှင် နိကာယ် ၅-ရပ်ကို မီးမောင်းထိုးပြရဖို့ ရှိ၏။

ဒေသိတာ ထေရသေဋ္ဌေန၊ သြဝါဒသုလပါ ဗဟူ။
တထာပိ ဣမ သတ္ထမ္မိ၊ မမ ဗီဇောပဒဿနံ။

သီလ, သုတ စွယ်စုံလှအောင် နေကြ

ကိုယ်တော်တို့ ဘုရားရှင်သာသနာတော်မှာ သီလ, သုတ စွယ်စုံလှသူ ဖြစ်အောင် ကြိုးပမ်း၍ နေကြရမယ်။

ဗဟုဿုတောပိ စေ ဟောတိ၊ သီလေသု သုသမာဟိတော။
ဥဘယေန နံ ပသံသန္တိ၊ သီလတော စ သုတေန စ[၁]။

ဗဟုဿုတောပိ=သုတ္တ, ဂေယျ စသည့် ကိုးတန် နာခံမှတ်သားအပ်သော အတွေ့အကြုံ သုတမျှားသူသည်ဌင်း။ သီလေသု=ပါတိမောက္ခ, ဣန္ဒြိယနှင့် ပစ္စယ, အာဇီ လေးလိသော သီလတို့၌။ သုသမာဟိတောပိ=ကျိုးပြစ်လျော့ပါး ပြောက်ကြားကင်းကွာ ကောင်းစွာတည်သည်ဌင်း။ စေ ဟောတိ=ဖြစ်အံ့။ (စေ–နိပါတ်မျှသာ) သီလတော စ=သုဒ္ဓိလေးပုံ သီလဂုဏ်ကြောင့်ဌင်း။ သုတေန စ=သုတ္တ, ဂေယျ စသည့် မျှားလှ သုတကြောင့်ဌင်း။ ဣတိ=ဤသို့။ ဥဘယေန=သီလ သုတ ၂-ပါးစုံကြောင့်။ ဝါ=သီလ သုတ စွယ်စုံလှမြင်းကြောင့်။ နံ ပုဂ္ဂလံ=သီလ သုတ နှစ်ဝပိုမို ထိုပုဂ္ဂိုလ်ကို။ ပသံသန္တိ=ဗြဟ္မာ နတ်လူ ကြည်ဖြူလွန်ကဲ ချီးဝဲ့ကြကုန်၏။

၁။ အာဝေဒဖ။ဝိသုဒ္ဓိမဂ်ပေ ဌမ။၄၅။

ဟူသည့်အတိုင်းပဲ သူတ္တ, ဂေယျ, ဝေယျာကရဏ စတဲ့ အင်္ဂါကိုးပါး ဘုရား စကားတွေ သဘောပေါက် ရရှိ မှတ်မိနေရမယ်။ ပါတိမောက္ခ-သံဝရသီလ, ဣန္ဒြိယသံဝရသီလ, ပစ္စယသန္နိဿိတသီလ, အာဇီဝပါရိသုဒ္ဓိသီလ ခေါ်တဲ့ စတုပါရိသုဒ္ဓိသီလနဲ့လဲ ပြည့်စုံအောင် နေရမယ်။ တိုတိုတောဲ့ ကိုယ်တော်တို့ သီလ, သုတ စွယ်စုံလှအောင် နေကြပါ။ အဲဒီလို သီလ သုတ စွယ်စုံလှလျှင် ထက်ခွင်ပျော်အောင်း နတ်ပြဟ္မာအပေါင်းတွေကလဲ နှစ်ထောင်း ဝမ်းသာ ထောမနာကြမှာပဲ။ လူ့ ရွာဌာန လူလောကနေ လူတွေကလဲ ချီးဝဲ့ ကြမှာပဲ။

(ဆောင်) သီလ, သုတ စွယ်စုံလှအောင် ဒေဝပြဟ္မာ လူတကာတို့ လွန်စွာ ကြည်နူး ချီးကျူးကြ၏၊ ဘဝဆုံးက သဂ္ဂနတ်ပြည် ရောက်ရ မည်တည်း၊ မီးဆယ်တတန် ငြိမ်းရာမှန်သည့် နိဗ္ဗာန်ပြည်လည်း နီးထက်နီးသည် သီလ, သုတ စွယ်စုံလှအောင် အမောင်တို့ မုချ ကြိုးပမ်းကြ။

ပရိယတ်, ပဋိပတ် နှစ်ရပ်စုရ မယွင်းကြနဲ့

ကိုယ်တော်တို့ ရဟန်းသာမဏေတို့အလုပ်ဟာ ပရိယတ်, ပဋိပတ်ပဲ။ ဤ(ဒီ) ၂-ရပ် မလုပ်ရင်တော့ ရဟန်းကောင်း မဖြစ်တော့ဘူး။ စာချတွေ့ တနေ့ အနည်းဆုံး စာဝါ ၂-ဝါ ၃-ဝါ ချကြ။ စာသင်သားတွေလဲ အနည်းဆုံး စာဝါ ၂-ဝါ, ၃-ဝါ ဆိုကြ လိုက်ကြ။ အဲဒီလို ဝတ္တရားမပျက် ချပို့ဆိုလိုက်နေလျှင် ပရိ-ယတ်စုရ မယွင်းတဲ့ ရဟန်းရှင်ဖြစ်တော့တာပဲ။ ပရိယတ်လာတဲ့အတိုင်း ဘာဝနာ ကမ္မဋ္ဌာန်း ကြိုးပမ်းအားထုတ်သာ ပဋိပတ်ပဲ။ ဒီဏိုက်မှာ ဝတ်ရွတ်စဉ်ရှိတယ်။ အဲဒီဝတ်ရွတ်စဉ်အတိုင်း ည, နံနက် ဘုရားဝတ်တက်တိုင်း ပရိတ်, မေတ္တာဘာဝနာ ပွါးများပြီး သီကွာသီလ စောင့်ထိန်းလို့ရှိလျှင်, ကိလေသာတွေ အဝင်မခံပဲ အသုဘကမ္မဋ္ဌာန်း စသည်ကို ပွါးများလို့ရှိလျှင် ပဋိပတ်စုရ ကျင့်ဆောင်သည် မည်သာပဲ။ အဲဒီတော့ ကိုယ်တော်တို့ ရဟန်းကောင်းဖြစ်အောင် ပြောခဲ့တဲ့ ပရိယတ်, ပဋိပတ် နှစ်ရပ်စုရ မယွင်းအောင် နေထိုင်ကြ။

(ဆောင်) ပရိယတ်, ပဋိပတ် နှစ်ရပ်စုရ လုံလအားသစ် ကျင့်တုံလစ် စင်စစ်ရဟန်းကောင်း မည်တော့သည်။

လမင်းအသွင် ကျင့်ကြ, ထာဝစဉ် လူသစ်ဖြစ်အောင်နေကြ

ကိုယ်တော်တို့ မိုးဝကောင်းကင်ထက်က လမင်းဟာ ဘယ်အရပ် ဘယ်ဌာန ကိုမှ မကပ်ငြိဘူး။ အဲဒီ လမင်းမြင်ရတဲ့ ပုဂ္ဂိုလ်တွေလဲ စိတ်စက်အေးချမ်းကြ

တယ်။ အဲဒီတော့ ကိုယ်တော်ဘိုလဲ အဲဒီလို ကျင့်ကြရမယ်။ ဘယ်အရပ်မှာ ငါ့ကြည်ညိုနေတဲ့ ဒကာတွေရှိတယ်၊ သွားအုံးမှပဲဆိုပြီး သွားတဲ့ရဟန်း, ငါတို့ ဒကာ, ဒကာမတွေ ဘယ်လိုမျှားနေကြပါလိမ့် စသည်ဖြင့် စိတ်တစောစော နေတဲ့ ရဟန်း အဲဒီကိုယ်တော်တွေဟာ လန့်တူတဲ့ ကိုယ်တော်တွေ မဟုတ်ဘူး။ ထို့ကြောင့် လန့်တူအောင် အိမ်မလည်ချင်ကြနဲ့၊ ဒကာ, ဒကာမတွေဆီ စိတ် မရောက်ကြနဲ့၊ ကျောင်းဒကာ,ဒကာမတွေ လာလို့ရှိလျှင်လဲ ကြာရှည်ကြာမျော စကားပြောမနေကြနဲ့၊ ကိစ္စပြီး ပြန်လှတ်ကြ။ အဲဒီလိုမှ ကိုယ်တော်တို့လဲ ထာဝစဉ် လူသစ်ဖြစ်မယ်၊ စိတ်ချမ်းသာမယ်။ ကိုယ်တော်တို့ ဤဘဝတွင်လဲ စိတ်ချမ်းသာ နောင်သံသရာလဲ ကောင်းအောင် လမင်းအသွင် ကျင့်ကြံကြ၊ ထာဝစဉ် လူသစ် ဖြစ်အောင် ကျင့်ကြ။

စန္ဒူပမာနိစ္စံ နဝါ၊ မစ္ဆေရဝိဂတာ သဒါ။
ကုလေဟိ စ အသံသဋ္ဌာ၊ ရမထ ဗုဒ္ဓသာသနေ။

ရန်ရန်ချင်း မတုံ့လျှင်းနဲ့

စာသင်တိုက်ကြီး၌ ရဟန်းသာမဏေများသည် မ-များစုံ ပေါက်ဖွားသည့် အများသားတို့ချည်းသာတည်း။အများနဲ့ဆိုတော့ ပြဿနာများစုံကြုံရတတ်သည်။ ငါ့ဆဲလို့ သူ့ဆဲ၊ သူ့ဆိုလို့ ငါ့ဆဲတာများ, သူ့ရိုက်လို့ ငါပုတ်၊ ငါပုတ်လို့ သူ့ရိုက် ဆိုတာများ စသည်တို့ ကြုံတတ်သည်။ သို့ဖြစ်၍ အောက်ပါဩဝါဒကိုလည်း ပေး တော်မူခဲ့သည်။

အက္ကောစ္ဆိ မံ အဝဓိ မံ၊ အဇိနိ မံ အဟာသိ မေ။
ယေ စ တံ ဥပနယ္ဟန္တိ၊ ဝေရံ တေသံ န သမ္မတိ။

အကောစ္ဆိ မံ အဝဓိ မံ၊ အဇိနိ မံ အဟာသိ မေ။
ယေ စ တံ နုပနယ္ဟန္တိ၊ ဝေရံ တေသူပသမ္မတိ[၁]။

ဤပုဂ္ဂိုလ်ဟာ ငါ့ကို ဆဲရေးတိုင်းထွာပြီ၊ ဤပုဂ္ဂိုလ်က ငါ့ကို ညှဉ်းဆဲ နှိပ်စက်ပြီ၊ ဤပုဂ္ဂိုလ်ဟာ ငါ့ကို အောင်နိုင်ပြီ၊ ဤပုဂ္ဂိုလ်ဟာ ငါ့ဥစ္စာ ခိုးယူပြီ။ အဲဒီလိုနဲ့ အမျက်ကို သိုသိပ်ထား, ရန်ငြိုးမဲ့ထားတဲ့ ပုဂ္ဂိုလ်တို့ဟာ ဘယ် တော့မှ ရန်မငြိမ်း မစဲဘူး၊ သံသရာ သူတပြန် ကိုယ်တလှည့် မဆုံးတော့ ဘူး၊ ဤ ပုဂ္ဂိုလ်ဟာ ငါ့ကို ဆဲရေး တိုင်းထွာတယ်၊ ငါ့ကို သတ်ပုတ်တယ်၊ ငါ့ကို လက်ဝါးကြီးအုပ် အနိုင်စီးတယ်၊ ငါ့ဥစ္စာကို ခိုးယူတယ် စသည်ဖြင့် စိတ်ထဲ စွဲမြဲစွာမထား ရန်ငြိုးမထားမှ ရန်ငြိမ်းတယ်။ ကိုယ်တော်တို့

၁။ ဓမ္မပဒ-၁။(တိသင်္ဃတ္ထရဝတ္ထု)

ရန်ရန်ချင်း မတုန့်လျှင်းကြနဲ့၊ ရန်လိုလျှင် ရန်ပိုတတ်တယ်၊ ရန်မလိုမှ ရန်ပြုတယ် ကိုယ်တော်တို့။

သိကြားမင်းဖြစ်ကြောင်း ၇-ပါး

ဆရာတော်သည် လူပုဂ္ဂိုလ်တို့အား အလှန် မလွဲသာမှ တရားတိုတို ဟော တော်မူလေ့ရှိသည်၊ အလွန်ဟောခဲ့၏။ ဟောပြန်လျှင်လဲ ဝတ္ထုဇာတ်လမ်းတွေ ခဲ့ပြီး ဟောလေ့ မရှိ။ မကြာမကြာ လူရွယ် လူလတ်များး ဆီလျော်သော လူ ပုဂ္ဂိုလ်များကို ဟောတတ်သော တရားကား သိကြား ဖြစ်ကြောင်း တရားဖြစ်၏။

ဒကာတို့ သိကြားမင်း ဖြစ်ကြောင်း ၇-ပါးရှိတယ်။ အဲဒီ ၇-ပါးကား——

၁။ အမိအဖကို လုပ်ကျွေးရခြင်း

၂။ အသက်သိက္ခာ ဂုဏ်ဝါကြီးဆူတို့ကို ရိုသေလေးစားခြင်း

၃။ ပြေပြေ ပြစ်ပြစ် သိမ်သိမ် မွေ့မွေ့ စကားပြောခြင်း

၄။ ကုံးတိုက်စကား မပြောကြားပဲ ပယ်ရှားခြင်း

၅။ သစ္စာဆိုခြင်း

၆။ ဝန်တိုမှု မရှိခြင်း

၇။ အမျက်ဒေါသကို နှိမ်နင်းခြင်းအားဖြင့် ၇-ပါးပဲ။

အဲဒီ ကျင့်ဝတ် ၇-ပါးနဲ့ ပြည့်စုံလျှင် သိကြားမင်း ဖြစ်မှာပဲ။ အဲဒီ ၇-ပါးနဲ့ ပြည့်စုံအောင် ကျင့်ကြံကြ၊ ဒို့ အခု သိကြားဟာ အဲဒီ ၇-ပါးနဲ့ အမြဲထာဝရ မမေ့ မလျော့ မပေါ့မဆ ကျင့်တဲ့အတွက် သိကြားမင်း ဖြစ်တာပဲ။

ဒါ့ကြောင့်——

အပွမာဒေန မဃဝါ၊ ဒေဝါနံ သေဋ္ဌတံ ဂတော။
အပွမာဒံ ပသံသန္တိ၊ ပမာဒေါ ဂရဟိတော သဒါ[၁]။

အပွမာဒေန=မမေ့မလျော့ မပေါ့မဆခြင်းကြောင့်။ မဃဝါ=သိကြားမင်း သည်။ ဒေဝါနံ=နတ်အပေါင်းတို့ထက်။ သေဋ္ဌတံ=အချီးမွမ်းအပ်ဆုံး အမြတ်ဆုံး၏ အဖြစ်သို့။ ဂတော=ရောက်ရသူဖြစ်ပေ၏။ အပွမာဒံ=မမေ့မလျော့ မပေါ့ ဆမှုကို။ ပသံသန္တိ=ပညာရှိများ ချီးမွမ်းကြကုန်၏။ ပမာဒေါ=မေ့လျော့ ပေါ့ဆမှုကို။ သဒါ=အမြဲနိစ္စ ထာဝရ။ ဂရဟိတော=ကဲ့ရဲ့အပ်၏လို့ ဓမ္မပဒမှာ ဘုရားဟောတော်မူတယ်။

၁။ ဓမ္မပဒ-၁၇။ (မဃဝတ္ထု)

လူမိုက် ကဲ့ရဲ့မှာလဲ မကြောက်နဲ့ လူမိုက် ချီးမွမ်းလို့လဲ ဝမ်းမမြောက်နဲ့

ကိုယ်တော်တို့ လူ့လောကဆိုတာ တယောက်တပေါက်နဲ့ အလွန်ဆိုး၏၊ ကိုယ်က ဘယ်လောက်ကောင်းလို့ ဘယ်လောက်မှန်တဲ့ ပုဂ္ဂိုလ်ဖြစ်နေပေမဲ့ အကဲ့ရဲ့ကတော့ မလွတ်ဘူး၊ ပုဂ္ဂိုလ်အားလုံးက ကျေနပ်ပါတယ်၊ ကြိုက်ပါတယ်လို့ မရှိဘူး၊ လူမိုက်တွေ့ လူနည်းတွေက ကဲ့ရဲ့တာပဲ၊ အဲဒီ လူမိုက်ကဲ့ရဲ့လို့လဲ စိတ်မပျက်ကြနဲ့။ ပညာရှိ ကဲ့ရဲ့မှာတော့ ကြောက်ရမယ်၊ ၎င်းပြင် လူမိုက် ချီးမွမ်းလို့လဲ ဝမ်းမမြောက်နဲ့၊ လူမိုက်က ပညာရှိကို ချီးမွမ်းတာလဲ ဒဏ်တပ်တယ် ဒဏ်ထားတယ်လို့ ခေါ်တယ်၊ အမှန်တော့ ပညာရှိများ အချီးမွမ်းခံရသော် သာလျှင် ဂုဏ်မြောက်၏၊ ကောင်းစွာ ချီးမွမ်းရာ ရောက်၏။ ထို့ကြောင့် ရှေးဆရာတို့က—

ပဏ္ဍိတဿ ပသံသာယ၊ ဒဏ္ဍော ဗာလေန ဒိယတေ။
ပဏ္ဍိတော ပဏ္ဍိတေနေဝ၊ ဝဏ္ဏိတော၀ သုဝဏ္ဏိတော[1]။

ဟု ဆိုကြကုန်၏။

သဒ္ဓမ္မ, အဿဒ္ဓမ္မ သြဝါဒတော်

ဆရာတော် မကြာ ခဏ မိန့်ကြားတော်မူလေ့ ရှိသည့် **သဒ္ဓမ္မ, အဿဒ္ဓမ္မ** သြဝါဒမှာ အောက်ပါအတိုင်းဖြစ်၏။

သတ္တိမေ ဘိက္ခဝေ သဒ္ဓမ္မာ။

ဘိက္ခဝေ=ရဟန်းတို့။ သဒ္ဓမ္မာ=သူတော်ကောင်းတို့၏ တရားတို့သည်။ ဣမေ သတ္တ=ဤ ခုနစ်ပါးတို့ပင်တည်း။ ကတမေ သတ္တ=အဘယ်ခုနစ်ပါးတို့လေနည်း။

(၁) သဒ္ဓါ=ရတနာသုံးပါး ကံ,ကံ၏အကျိုးဌာ ယုံကြည်ခြင်းရှိသူ။

(၂) ဟိရိမာ=ဒုစရိုက်တရားတို့ကို ပြုကျင့်ခြင်းမှ ရှက်ခြင်းရှိသူ။

(၃) သြတ္တပ္ပီ=ဒုစရိုက်တရားတို့ကို ပြုကျင့်ခြင်းမှ လန့်ခြင်းရှိသူ။

(၄) ဗဟုဿုတော=ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓတို့ဌာ များစွာ အကြားအမြင် ရှိသည်ဖြစ်၍ စာတတ် စာပို့ချတတ်သူ။

(၅) အာရဒ္ဓဝီရိယော=ကောင်းသော တရားတို့ဌာ အားထုတ်အပ်ပြီးသော လုံ့လရှိသူ။

၁။ မဟာရဟန်တိ-၁၆။

(၆) သတိမာ=မမေ့မလျော့သော သတိအမြဲရှိသူ။

(၇) ပညဝါ=အပြားအားဖြင့် ဟုတ်တိုင်းမှန်စွာ သိတတ်သော ပညာရှိသူ။

သတိမေ ဘိက္ခဝေ အာသဒ္ဓမာ။

ဘိက္ခဝေ=ရဟန်းတို့။ အာသဒ္ဓမာ=သူတော်မဟုတ် သူယုတ်တို့၏ တရားတို့သည်။ ဣမေ သတ္တာ=ဤ ခုနစ်ပါးတို့ပင်တည်း။ ကတမေ သတ္တာ=အဘယ် ခုနစ်ပါးတို့ လေနည်း။

(၁) အာသဒ္ဓါ=ရတနာသုံးပါး ကံ, ကံ၏အကျိုးဌ် ယုံကြည်ခြင်း မရှိသူ။

(၂) အဟိရိကော=ဒုစရိုက် တရားတို့ကို ပြုကျင့်ခြင်းမှ ရှက်ခြင်း မရှိသူ။

(၃) အနောတ္တပ္ပီ=ဒုစရိုက်တရားတို့ကို ပြုကျင့်ခြင်းမှ လန့်ခြင်း မရှိသူ။

(၄) အပ္ပဿုတော=ပရိယတ္တိ ပဋိ၊ာတ္တိ ပဋိဝေဓတို့ဌ် များစွာ အကြားအမြင်မရှိသည်ဖြစ်၍ စာမတတ်သူ။

(၅) ကုသီတော=အမှုကိစ္စတို့ဌ် တပိန်ပိန် တလိန်လိန် အိပ်နေ၍သာ ပျင်းရိသူ။

(၆) မုဋ္ဌဿတိ=သတိစွန့်လွှတ် ရူးသွပ်သူနှင့် တူသူ။

(၇) ဒုပ္ပညော=ဟုတ်မဟုတ် မှန်မမှန် နှိုင်းချိန် စဉ်းစားတတ်သော ဉာဏ် မရှိသူ။

မြတ်စွာဘုရား၏ သာသနာတော်၌ ထမ်းဆောင်လာကြသော ရဟန်းဟူသမုတ် ခံရသောသူတို့သည် ဘုရား တရား သံဃာ ရတနာသုံးပါး ကံ, ကံ၏အကျိုးတို့ကို ယုံကြည်လေးစားလျက် အကုသိုလ် တရားတို့ကို ပြုလုပ်ရမှာ ရှက်ကြောက်ပြီး မိမိကိုယ်တိုင် စတုပါရိသုဒ္ဓိသီလ ရှိအောင် နေရမည်၊ သီလရှိအောင်နေပြီး နောက် လုံလကြိုးကုတ် အားထုတ်၍ ပရိယတ္တိကိုသင်ယူ ပဋိပတ္တိ ပဋိဝေဓ အသိဉာဏ်တွေ့ များလာပြီးလျှင် လောကမှာ ပညာရှင်ကြီးတဆူဖြစ်အောင် စိတ်ခဘတ် မြင့်မြင့်မြတ်မြတ် ထား၍ ပြုလုပ်ကြရမည်။

ဘုရားတရားသံဃာတော်၌ မကြည်ညိုစာပေပရိယတ္တိကို မသင်ယူဘဲ လူပျက်လူသွမ်း လူရူးတို့ကဲ့သို့ အကုသိုလ် ဒုစရိုက်အမှုကို ပြုရမှာ မရှက် မကြောက်ပဲ သာသနအမှိုက် သာသနသစ်ဥတ် သာသနယောက်သွဲးပုပ် လုပ်မနေရာ။ ဤသို့ ပြုလုပ်လျှင် သာသနာတော်ကို ဖျက်ဆီးသော ပုဂ္ဂိုလ်သည် သူတပါးမဟုတ် ဤသူပင်တည်း။ သာသနာဂုဏ်ယုတ်အောင် လုပ်သောသူသည်

သူတပါးမဟုတ် ဤသူပင်တည်း။ သာသနာအမှိုက်ဆိုတာ ဤသူပင်တည်း။ သာသနာသစ်ငုတ်ဆိုတာ ဤသူပင်တည်း။ သာသနာယောက်သွားပုပ် ဆိုတာ ဤသူပင်တည်း။ သာသနာဒုဿီလဆိုတာ ဤသူပင်တည်း။ သာသနာ အလင်္ဂီဆိုတာ ဤသူပင်တည်း။ ဤသို့ သူက ငါက မျက်စောင်းထိုး လက်ညှိုးလေး တထိုးထိုးနဲ့ ပစ္စက္ခဂုဏ်ယုတ် မျက်နှာ ပုပ်သိုးသိုးနှင့် နေရ၏။ သေလျှင်လည်း အပါယ်လေးရွာထိုက်ပုလေ ရာ၏။

ဆရာသမား ရတနာသုံးပါးတို့၌ ကြည်ညိုလေးစား၍ ဆရာ့ အဆုံးအမကို တသွေမလွန် နာခံယူပြီး သီလ စောင့်စည်းလျက် ပရိယတ္တိ အပြီးတိုင် ရောက်အောင် လုံးပမ်းကြိုးကုတ် အားထုတ်သင်ယူသူ ပညာရှိတဆူ ဖြစ်လာ၍ ချပို့နေပါမူ ဤသူကား ဆရာသမား ရတနာသုံးပါး၌ ကြည်ညိုလေးစား လေစ့ာ။ ဤသူကား ဆရာ့စကားကို မြေဝယ်မကျ နားထောင်လေစ့ာ။ ဤသူကား သီလရှိပါပေစ့ာ။ ဤသူကား ပရိယတ္တိပိဋကတ် တတ်မြောက်အောင် သင်ယူ၍ ချပို့နိုင်ပါပေစ့ာ။ ဤသူကား ပြည်သူအများ အားထား မှီခိုရာ ပညာရှိကြီးတဆူ ဖြစ်ပါပေစ့ာ။ ဤသို့ ပစ္စက္ခဂုဏ်သတင်းကြ ချီးမွမ်း လာကြ၏။ ဘာတပါး ရွေရှားသွားရပါမူ နှုတ်ပြည် ဗြဟ္မာပြည် နိဗ္ဗာန်ထိုက်ရာ စံမြန်းရာ၏။

ထို့ကြောင့် သင်သောတုဇနတို့သည်လည်း ဆရာ့ဆုံးမစကားကို တသွေ မတိမ်းလိုက်နာလျက် အစ္ဆဉ္ဘ ဗဟိဒ္ဓ နှစ်ဖြာ ရောဂါကင်းကွာ၍ သာသနာတော်၏ အခြေခံ ပရိယတ္တိဗိမာန်ကြီး မားမားမတ်မတ် ကြီးပွါးထွန်းကား လာအောင် အင်တိုက်အားတိုက် အားသွန်လိုက်၍ ပစ္စုပ္ပန်သံသရာ နှစ်ဖြာ အကျိုး ဆထက်ထမ်းပိုး တိုးပွါးအောင် အားထုတ် နိုင်ကြပါစေကုန်သတည်း။

အဂ္ဂမဟာပဏ္ဍိတ ဆရာတော်အရှင်ပညာ မဟာထေရ်၏
(ပခုက္ကူ၊ စာသင်နည်း နိဿယညွှန်း) ဩဝါဒမိန့်ခွန်း

အခန်း (၁)

စာပေပရိယတ္တိ သင်ယူကျွမ်းကျင်မှုလိုအပ်ခြင်းဖြစ်သော သဒ္ဒါဘက်၌ သဒ္ဒါ,ဗာလာဝတာရ,ရူပသိဒ္ဓိ,သုတ်စဉ် ပုဒ်စစ်စသည် မသင်ယူရသေးသူ ဖြစ်အံ့—

(က) ရှေးဦးစွာ နေ့ဘက် သဒ္ဒါ,ဗာလာဝတာရ, ရူပသိဒ္ဓိ တက်ဆို။

(ခ) ညဘက် သုတ်စဉ် သုတ်နက် ရုပ်ဘွက်၊သို့မဟုတ် ပုဒ်စစ် သဒ္ဒါစစ် သုတ်စစ်ဆို၊ ရုပ်ဘွက် သဒ္ဒါဘက်ဆိုင်ရာ နိယံမျှားဆို ဂိုဏ်းပြေး။

(၈) စာဝါကြီးဘက်က ဝိနည်းပါဠိတော်နှင့် အဋ္ဌကထာတဲ့တက်၊ နေ့စဉ်စာစပ်ပေး၊စာစပ်နိယံလည်း အရကျက်ဆောင်ထား၊ ဤသို့တဲ့ဘက်ပြုလုပ်အားထုတ်ခဲ့ပါလျှင် သဒ္ဒါလည်းမြင်၊ ပါဠိတော် အဋ္ဌကထာတို့၏ မြန်မာအနက် အဓိပ္ပါယ်လည်း လျင်လျင်မြန်မြန် ကျမ်းကျင်လာနိုင်သည်။

အခက်း (၂)

နာမ်ရုပ်နှင့်စပ်သော အဘိဓမ္မာဘို့၌ မသင်ယူ မကျမ်းကျင်သေးသော သူဖြစ်မူ–

(က) နေ့ဝါ သင်္ဂြိဟ် တက်ဆို သရုပ်ခဲ့။

(ခ) ညဘက်၌လည်း သရုပ်ခဲ့ မာတိကာ ဓာတုကထာ ဝိထိလက်ရိုး ပဋ္ဌာန်းသုံးချက်စုနှင့် အဘိဓမ္မာဘက်ဆိုင်ရာ အကျဉ်းမှတ်စု လက်ဝှေ့ အရကျက်ထား။

(၈) စာကြီးဘက်၌ ဒီဃနိကာယ အာဝါအာင် သီလက္ခန္ဓဝဂ္ဂ မဟာဝဂ္ဂ ပါထေယျဝဂ္ဂ ပါဠိတော်နှင့် အဋ္ဌကထာ ကျမ်းအစဉ်လိုက် တက်ဆို။

(ဃ) သို့မဟုတ် အဘိဓမ္မာ ခုနစ်ကျမ်း ပါဠိတော်နှင့် အဋ္ဌကထာဖြစ်ကြသော အဋ္ဌသာလိနီ, သမ္မောဟဝိနောဒနီ, ပဥ္စပကရဏတို့ကို ကျမ်းစဉ်လိုက် တက်ဆို စာစပ်၊ ဤသို့ တဲ့က်ဖက် စပ်ဆိုင်ရာ ပြုလုပ်အားတိုက် သင်ယူခဲ့ပါလျှင် အဘိဓမ္မာ သုတ္တန်ဘက်ဆိုင်ရာ နာမ်ရုပ် ခန္ဓာ အာယတန ဓာတ် သစ္စာ ပဋိစ္စသမုပ္ပါဒ် ဗောဓိပက္ခိယ တရားစသည်တို့နှင့် ပဋ္ဌာန်း နှစ်ဆယ့်လေးပစ္စည်း အကျဉ်းအဓိပ္ပါယ်နှင့် ပါဠိတော် အဋ္ဌကထာ ပါဠ်အနက်ကို လွယ်လွယ်ကူကူ ကွက်ကွက်ကွင်းကွင်း မြင်နိုင်သည်။

အခက်း (၃)

ပဒတ္ထ ဝစနတ္ထ ပုဒ်၏အနက် ဝိဂြိုဟ်၏အနက် အမျိုးမျိုး သံဝဏ္ဏတမ္မ သံဝဏ္ဏနာ စောဒနာ သောဓနာ သခေါပ ဝိတ္ထာရ သာမည ဝိသေသ ဒဋ္ဌိယ ဒဋ္ဌိကရဏ စသော ဝါကျတို့ကို ကွင်းကွင်းကွက်ကွက် မြင်အောင် ချပို့ပြုလုပ်နည်းမှာ–

(က) ဆရာက ပို့ချစဉ်ကပင်လျှင် အတ္ထသံဝဏ္ဏနာဆိုတဲ့ ဖွင့်ပြအပ်သောအနက် သို့မဟုတ် အနက်ကို ဖွင့်ပြကြောင်းဖြစ်သော စကားရပ်သည် သံဝဏ္ဏတမ္မဖြစ်သော ပုဒ်ပါဠိ,ဝစန၏ အနက်ပင်ကြီးဟု ပြောဆို၍ အဖွင့်အတိုင်း အနက်နည်း အမျိုးမျိုးသွင်း၍ ချပို့ပေးရသည်။ သဘောမကျ

လျှင် အနည်းငယ် ရှင်းပြရသည်၊ ဉာဏ်ထက်သူမှာ အနက်ရလျှင် အဓိပ္ပါယ်သဘောကျသွားသည်။ ရှည်ရှည်လျားလျားကြီး ရှင်းပြစရာ မလိုတော့ပေ။

(ခ) စောဒနာ သောဓနာ နည်းပြုရာ၌ အဋ္ဌကထာတွင် ပါတိုင်းသော်၎င်း၊ သို့မဟုတ် လိုရာဖြည့်စွက်၍သော်၎င်း ထုတ်ဆောင်ချပို့ ပေးရသည်။ သို့မဟုတ် စောဒနာလုံးလုံးမပါလျှင် ဌပနာပုစ္ဆာအာဘော်အကြောင်း စောဒနာ တိက စတုက ပဉ္စက စသည့်နည်းကို ထုတ်ဆောင်၍ ချပို့ပြီး သောဓနာဟု ဆိုအပ်သောအဖြစ် အဋ္ဌကထာရှိတိုင်းသော်၎င်း၊လိုရာဖြည့်စွက်၍သော်၎င်း စုံလင်စွာ ချပို့ပေးရသည်။ ဉာဏ်ထက်သူမှာ အနက်ရလျှင် ဤသည်ကား စောဒက ဆရာစကား၊ ဤသည်ကား အဖြေပရိဟာရသောဓနာ ဆရာစကားဟု သဘောပေါက်သွားသည်။ ဉာဏ်မလိုက်သူမှာ သာမည ၅-မိနစ် ၁၀-၂၀-၃၀-မိနစ်လောက် ရှင်းပြ လိုက်လျှင် သဘောကျသွားသည်။ ၁ နာရီ ၂-နာရီ ရှည်လျားစွာ ပြောစရာမလို။

(ဂ) သခ်ၤပ ဝိတ္ထာရ စသည် ဝါကျနည်းပြုရာတို့၌လည်း—

(ဟိ) ထိုအကျဉ်းကို အကျယ်ခဲ့၍ ဆိုလိုက်ဦးအံ့။

(ပန) သာမညမှတပါး ဝိသေသကို ဆိုဦးအံ့။

(စ သစ္ဆံ) ငါဆိုအပ်ခဲ့ပြီးသော ဒဋ္ဌဳယစကားရပ်သည် ဆိုအပ်လက်သော ဤ ဒဋ္ဌိကရဏစကားရပ်ဖြင့် မှန်ကန်ပေ၏။

ဤသို့ အနက်ချစဉ် ဥပင်လျှင် တိတိကျကျ မိမိရရ ထည့်သွင်းချပေးလိုက်သောကြောင့် ဉာဏ်ထက်သူဖြစ်လျှင်—

(ပဌမနည်း) ရွှေဝါကျ စကားရပ်ကား အကျဉ်းသခ်ၤပစကား၊ နောက် ဝါကျ စကားရပ်သည်ကား ဝိတ္ထာရစကား၊

(ဒုတိယနည်း) ရွှေဝါကျ စကားရပ်ကား သာမည၊ နောက်ဝါကျ စကား ရပ်ကား ဝိသေသ၊

(တတိယနည်း) ရွှေဝါကျ၊ စကားရပ်ကား ဒဋ္ဌဳယ၊ နောက်ဝါကျ စကားရပ်ကား ဒဋ္ဌိကရဏ၊ ဤသို့ ဝါကျစုံတဲ့ ထိထိမိမိ သိရှိလာသည်။ သဘောမပေါက်၍ မသိသေးလျှင် စဉ်းငယ်အတန် ရှင်းလင်းလိုက်က သဘောပေါက်သွားတော့သည်။ အချိန်ကုန်ခံ၍ ရှည်ရှည်လျားလျားကြီး ပြောနေစရာ မလို။

(ဃ) သံဝဏ္ဏနာ နည်းဘက်ဆိုင်ရာ ကျမ်းငယ်မျှားမှာမူ သံဝဏ္ဏနာဖွင့် စကားပြေနှင့် နည်းလေးဆယ်ကို ညဝါလုပ်ဆို၊ သို့မဟုတ် အရကျက်ထား၊ စုဒ်စောဒနာနှင့် ဝါကျဘက် ဆိုင်ရာမှာမူ ဂန္ထာဘရဏပါဠိနှင့် ဋီကာဂဏ္ဌိတို့ကို တက်ကျက်၊ စံကျောင်းနိယံ ဘုရားကြီးနိယံဝါကျဆိုရိုးစသည်တို့ကို ညဝါဆို၊ ဤသို့ ဆိုအပ်ခဲ့ပြီးသော သူအခက်းနှင့်သူအခက်းလျော်ညီစွာ ကိုက်ညီအောင် သင်ယူသွားခဲ့ပါမူ ပိဋကတ်ကျမ်းဂန်အာဂုံမခက်ခဲဘဲ လွယ်ကူစွာ မုချ ဆတ်ဆတ် တတ်မြောက်ကျမ်းကျင်လာပါလိမ့်မည်။

အမှာစကားချုပ်—

(၃) အခက်းကို (၁) အခက်းနှင့်လည်း တွဲနိုင်သည်၊ (၂) အခက်းနှင့်လည်း တွဲနိုင်သည်၊ ဥပုသ်နေ့ စာဝါပိတ်သော်လည်း သဒ္ဒါငယ်ဘက်ဆိုင်ရာ စာလေးမျှားနှင့် ဓမ္မပဒ အဋ္ဌကထာ စသည်တို့ကိုလော့ ဟဝါစိ ချုပ်ပိုကြွေးသည်။

အခက်း (၇)

သဒ္ဒါဘက် အခြေခံ၊ အဘိဓမ္မာဘက် အခြေခံ ရှိထားသူမျှားမှာ—

(က) ဝိနည်း,သုတ္တန်,အဘိဓမ္မာ ပိဋကတ်သုံးပုံ နိကာယ်ကြီး ငါးရပ်,ပါဠိတော် အဋ္ဌကထာ,ဋီကာကျမ်းဖြတ်မျှားကို တနေ့သုံးဝါ စုံတွဲလျက်ဆိုနိုင်သည်။ စာအခြေခံရှိသူမှာ ၃-နှစ်လောက် ထိထိမိမိ အားထုတ်သင်ယူခြင်းနှင့်—

(ခ) အချို့လွယ်ကူသော ပါဠိတော်နှင့် အဋ္ဌကထာမျှားအကြား ညှပ်၍ ချုပ်လိုက်ပါမူ စာချတဆူဖြစ်၍ တိုက်တာဝတည်ထောင် အုပ်ချုပ်လျက် မြို့နယ်သာသနာပြု ဘေရ်မွန်တာဂါး ဖြစ်နိုင်ပေသည်။

ဒုဿတ္တတိမပိုင်း

ဆရာတော်ဘုရားကြီး၏ ရုပ်တုတော်

ဆရာတော်ဘုရားကြီး၏ တူဖြစ်တော်မူသော ဆရာတော် ဦးတေဇိန္ဒသည် ခွေးပြုတ်ရွာ, ပနီတွင်းရွာ, ကန်ကဲ့ရွာစသော တောင်ဆင်းနယ် ဒါယကာ, ဒါယိကာမတို့၏ အကူအညီဖြင့် ဆရာတော်ဘုရားကြီး၏ ဇာတိချက်မြုပ်

၁။ ဆရာတော် ဦးတေဇိန္ဒသည် ၁၃၃၄-ခု ပြာသိုလဆုတ် ၇-ရက်နေ့ ည ဂ-နာရီ ၂၅-မိနစ်တွင် ပြန်လွန်တော်မူသည်။ ဦးတေဇိန္ဒကို ခွေးပြုတ်ရွာ၌ ကျောင်းထိုင် သာသနာပြုစေခြင်းလည်းကြည့်။

ခေးပြုတ်ရွာ ကျောင်းတိုက်ကြီးအတွင်း၌ ခြောက်သောင်းငါးထောင်(၆၅၀၀၀) ခန့် အကုန်အကျခံ၍ သာသနဇောတ်က ဗိမာန်တိုက်ကျောင်းတော်ကြီးကို တည်ဆောက်စေတော်မူ၍ အရှင်ပညာ ဆရာတော်ဘုရားကြီး၏ ရုပ်တုတော်ကို ယင်း သာသနဇောတိက တိုက်ကျောင်းတော်ကြီး၌ အမျှားရှင်လူတို့ ကြည်ညို ဖူးမြော်နိုင်ရန် ကိန်းဝပ်စေတော် မူခဲ့လေသည်။ ဖော်ပြပါ သာသနဇောတိက တိုက်ကျောင်းကြီး ရေစက်ချပဲ့နှင့် ဆရာတော်ဘုရားကြီး၏ ရုပ်ပုံတော် ဖွင့်ပဲ့ကို သက္ကရာဇ် ၁၃၂၇-ခု နတ်တော်လဆုတ် ၂-ရက်နေ့တွင် ခမ်းနားစွာ ကျင်းပ ပြုလုပ်စေတော်မူခဲ့လေသည်။

ထေရဿ ပဋိဗိမ္ဗမိဗ်၊ မနုညံ စာရုဒဿနံ။
ပတိဋ္ဌာပေတ္ဝာန ပူဇေသုံ၊ ထေရမ့ိ နိန္နမာနသာ။

တိသတ္တတိမပိုင်း

မဟာထေရလင်္ကာကျမ်း အပြီးသတ်ခြင်း

ပခုက္ကူမြို့ သီဟိုဠ်ရှင်ဘုရားကြီး ဂေါပကအဖွဲ့ကြီး၏ ဥက္ကဋ္ဌနှင့် မဟာဝိသုတာရုမ ကျောင်းတိုက်ကြီး၏ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ အငြိမ်းစား တိုင်းပညာဝန် ဒါယကာကြီး ဦးတင်ဦး၏ လျှောက်ထားချက်အရ ပခုက္ကူမြို့ မဟာဝိသုတာရုမ တိုက်ကြီး၏ ဒုတိယမြောက် အဓိပတိ သံဃမဟာနာယက, နိုင်ငံတော် မဟာ နာယက, မဟာဝိသုတာရုမ ဂဏဝါစက နိကာယကြီး၏ ဂဏမဟာဝိနာယက, အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်ပညာမဟာထေရ်မြတ်၏ အဖြစ်တော်စဉ်, ဘုရားရှင်သာသနာတော်၌ စမ္ပယ်ကွန်မြူးတော်မူခဲ့ပုံကို စုံလင်စွာ ပြဆိုရာ "မဟာထေရလင်္ကာ" ကျမ်းကို တိပိဋကဓရ ပါဠိမြန်မာ အဘိဓာန် (တ–ဝဂ်)ကျမ်းကြီးနှင့် တိပိဋကဓရ ပါဠိပဒ ကျမ်းညွှန်း (တ–ဝဂ်) ကျမ်းတို့ကို ဦးဆောင်ရေးသား ပြုစုခြင်း, စာသင်သား သံဃာတော်တို့အား မဇ္ဈိမ နိကာယ် အပါအဝင် မူလပဏ္ဏာသ ပါဠိတော်ကို အဋ္ဌကထာ တဲ့ဖက်၍ ချပို့ခြင်း, သာမဏေ များအား စာငယ်များကို ချပို့ခြင်း ကိစ္စများအကြားတွင် အများသူတော်သီတို့အတွက် ၁၃၇၀-ခု ဝါဆိုလဆုတ် ၆-ရက်နေ့တွင် စတင်ရေးသား ပြုစုခဲ့ရာ ၁၃၇၀-ခု တော်သလင်းလဆန်း ၁၄-ရက်နေ့ ညနေ ၆-နာရီ ၁၅-မိနစ် အချိန်တွင် အောင်လံစိုက်ဆောက် ပြီးမြောက်ပါသည်။

ဗဟုသုတဖြစ်စရာတွေနှင့် အတုယူစရာတွေ

ဤ မဟာထေရလင်္ကာကျမ်းကြီး၌ ပုဂ္ဂံသမိုင်းအကျဉ်းနှင့် ပုဂံနယ်မြေထွက် ပညာရှိများကိုလည်း အကျဉ်းချုပ် ဖော်ပြထားရာ သမိုင်းသုတေသီတို့အဖို့ ရတနာသိုက် ဖြစ်၏။

ဆရာဟော်၏ အဖြစ်တော်စဉ်ကို ဖော်ပြရာ၌လည်း အကွက်ဆိုက်တိုင်း ယေဘုယျအားဖြင့် သမိုင်းအကျဉ်းချုပ် ဖော်ပြ၍ ရေးသားထားရာ သာသနာ့ သမိုင်းပညာရှင်တို့ ကျေးဇူးများပါလိမ့်မည်။ သို့ရာတွင် သမိုင်းဟူသည် ပြည့်စုံလှပြီဟူ၍ မရှိရိုးအတိုင်း လုံးဝဥဿုံကား မပြည့်စုံသေးပါ။ သို့တစေ ဆရာတော်ဘုရားကြီး၏ အဖြစ်တော်စဉ်နှင့် စပ်၍ကား ဤမျှဖြင့် လုံလောက်ပြီဟူ၍ သဘောရပါသဖြင့် ဤနေရာတွင် ရပ်နား၍ အောက်ပါဂါထာ စကားပြေတို့ကို အထွတ်တပ် စိန်ဖူးတင်၍ လက်စသတ်လိုက်ပါပြီ။

မဟာဆေရလလိတ နိဂုံး

(၁) ပခုက္ကူပုရသေဋ္ဌဿ၊ ပစ္ဆိမေ အာသိ ဝိဿုတော။
စတုဂါဝုတဒေဿမှိ၊ ကန်ရပ်ဂါမော သုသောဘနော။

ဘုရားမြတ်စွာ သာသနာရောင် တောက်ပြောင်ထိန်ဝင်း လင်းလက်ရာဖြစ်သဖြင့် မြို့မှန်မြို့မြတ်ဖြစ်သော ပခုက္ကူမြို့၏ အနောက်ဖက် ၄-ဂါဝုတ် ပမာဏ ဝေးကွာသော အရပ်၌ ပခုက္ကူခရိုင်အတွင်း ကျော်စောခြင်းရှိသော ရွာ၏ လေးဖက်လေးတန်၌ ကျောင်းကန်ဘုရား စေတီပုထိုး အမျိုးမျိုးတို့ဖြင့် တင့်တယ်သာယာလှသည့် ကန်ရပ်ရွာကြီး တည်ရှိလေသည်။

(၂) ဒိုနော ဒိဝေကသာကမှိ၊ တမှိ ဇာတေန ဇာတိယာ။
လင်္ကာဘာရတအာဒီသု၊ ဝုဋ္ဌပုဗ္ဗသုတေသိနာ။

ထို ကန်ရပ်ရွာကြီး၌ မူလချက်မြုပ် အနေအားဖြင့် ၁၂၉၂-ခု၌ မွေးဖွားသော သီဟိုဠ်နိုင်ငံ (သီရိလင်္ကာနိုင်ငံ) ဘာရတခေါ်သည့် အိန္ဒိယနိုင်ငံ အစရှိသော နိုင်ငံရပ်ခြား တိုင်းတပါးတို့၌ ကြာမြင့်စွာ နေခဲ့ဘူး၍ သင်္ကတ, ပရာကရိတ်, အင်္ဂလိပ်, သီဟိုဠ် အစရှိသော ထိုထို ဘာသာစကား စာပေဗဟုသုတ သမိုင်းရာဇဝင် အမျိုးမျိုးတို့ကို ရှာမှီး လေ့လာ သင်ယူလေ့ရှိသော—

(၃) ဝိသုတာရာမ သီဟာနံ၊ သိက္ခိတေန တိပေဋကံ။
သန္တိကေ နဝဝဿာနိ၊ သံဂီတိကိစ္စကာရိနာ။

ပခုက္ကူမြို့ မဟာဝိသုတာရာမ ဝိဇ္ဇာယတနကြီး၌ တိုက်အုပ်ဆရာတော် အရှင်နန္ဒိယ မဟာထေရ် အစရှိကုန်သော မဟာဝိသုတာရာမဝါသီ ပညာရှင် မထေရ်မြတ်တို့၏ အထံ၌ ကိုးနှစ်တိုင် ပိဋကတ်သုံးပုံကို သင်ယူခဲ့သော ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး၌ စာပေလုပ်ငန်း အဝဝကို ပြုလုပ်လေ့ရှိသော—

(၄) ဒက္ခိဏာရာမဝါသီနံ၊ သန္တိကေပိ သုဝိညုနံ။
သိက္ခိတေန ဆဗ္ဗိသတိ–ဝသိကေန ယသဿိနာ။

ရတနာပုံ မန္တလေးမြို့ တောင်ပြင် ဒက္ခိဏာရာမဘုရားကြီးတိုက် အမရပူရ ကျောင်း ဆရာတော် အရှင်ဥက္ကံသာဘိဝံသ အစရှိသော ပညာရှင်မထေရ်မြတ်တို့၏ အထံ၌လည်း သင်ယူအပ်သော နည်းနာနယ အတတ်ပညာအဝဝရှိသော ရဟန်းသိက္ခာ ၂၆-ဝါရပြီး တပည့်တပန်း အခြံအရံနှင့်လည်း ပြည့်စုံသော—

(၅) သုဒ္ဓရေ ပုရသေဋ္ဌမိ၊ သုဒ္ဓရေ ဝိသုတေ သုတေ။
သုဒ္ဓရေ ဇေဝတိပါလမိ၊ ဝသတာ ဂဏဝါစိနာ။

ကောင်းမြတ်တင့်တယ် နေချင့်စဖွယ် ကောင်းလှသော ပခုက္ကူ ပိဋ္ဌကတ် အတတ်မြို့တော်၌ တင့်တယ်သာမော ကျော်စော်ထင်ရှားလှသော မဟာဝိသုတာရာမ ဝိဇ္ဇာယတနကြီး အတွင်းရှိ တိပိဋ္ဌကဘုရင် ကျေးဇူးရှင် ရေစက်ကြီး ဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရ မဟာထေရ်, ဤ အဋ္ဌပတ္တိသခင် အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ မဟာထေရ်တို့ သီတင်းသုံး၍ ဓုရန္ဒစ်ပါး ပို့ချားအားသစ်ရာ ဌာနမဋ္ဌန်ဖြစ်သဖြင့် တင့်တယ်သာယာ နေချင်စရာ ကောင်းလှသော သာသနဇေဝတိပါလ ကျောင်းကြီး၌ နေထိုင်လျက် ဒီဃနိကာယ်, မဇ္ဈိမနိကာယ်, သံယုတ္တနိကာယ် အစရှိသော နိကာယ်ကျမ်းများ စသည့် မာဂဓနှင့် မုဒ္ဓဗောဓ, အမရကောသ စသည့် သက္ကတ အစရှိသော ဘာသာကျမ်းဂန် အမျိုးမျိုးတို့ကို ချပို့လေ့ရှိသော အကျွန်ုပ်သည်—

(၆) နိဿာယ ဣတိဟာသေ စ၊ မဟာထေရေန သခ်ဳတော။
ဗဟုလေ ဂန္ထသေဋ္ဌေပိ၊ ကတောယံ ဝိဒုမာနိတော။

သမိုင်းရာဇဝင် သာသနာဝင် ကျမ်းဂန်မှတ်တမ်း အမျိုးမျိုးတို့ကိုငင်း, ဆရာတော်ဘုရားကြီး ပြုစီရင်တော်မူခဲ့သော ကျမ်းဂန်မြတ် အမျိုးမျိုးတို့ကိုငင်း မှီငြမ်းပြု၍ ပညာရှင်အပေါင်းတို့ နှစ်ထောင်းဝမ်းသာ ထောမနာအပ်သော ဤ မဟာထေရလလိတကျမ်းကြီးကို ကြိုးပမ်းရေးသားအပ်ပါသတည်း။

(၇) တိဋ္ဌတံ အယံ မေ ဂန္ထော၊ သုသာရော ယာဝ သာသနံ။
တိဋ္ဌတေဝ သုတေသိနံ၊ သုဝံသံ သုပကာသယံ။

အကျွန်ုပ် များလှထွေပြား အလုပ်ကိစ္စတွေကြားမှ စိတ်အားထက်သန်စွာ မကြာမတင် ပြုစီရင်အပ်သော ဤ မဟာထေရလလိတကျမ်းကြီးသည် ဘုရားမြတ်စွာ သာသနာတည်သရွေ့ ကာလပတ်လုံး သာသနာ့သမိုင်း အဋ္ဌပ္ပတ်

သမိုင်းရာဇဝင် သုတေသီတို့အား ကောင်းမြတ်သော အနှယ်အဆက်ကိုပြလျက် တည်ထွန်းပါစေသတည်း။

(၈)　အနေန ပုညကမ္မေန၊ ပုညေနညေန ကမ္မုနာ။
မနီသိဘိ ဂုရုဟေဝ၊ ဂစ္ဆေယျ အမတံ သိဝံ။

ဤ မဟာဃေရလလိတ ကျမ်းကြီးကို ကြိုးပမ်းရေးသားရသော ကောင်းမှုထူးနှင့် အခြားကျမ်းဂန်များစွာတို့ကို ရေးသားပြုစုရသောကောင်းမှု, စာပေပို့ချရသောကောင်းမှု အစုစုကြောင့် ပညာရှင်ချည်းများသာ ဖြစ်တော်မူကြသော ကျေးဇူးရှင်မဟာဃေရ်မြတ်ကြီးတို့နှင့်အတူ အမတကျွန်းဋ္ဌ သိဝနန်းသို့ စံမြန်းရပါစေသတည်း။

မဟာဃေရလလိတကျမ်း အလုံးစုံ ပြီး၏။

မဟာဝိသုတာရာမိက ဂဏဝါစက နိကာယကြီး၏

ဂဏမဟာဝိနာယက နိကာယာဓိပတိ

ပခုက္ကူမြို့ မဟာဝိသုတာရာမ ကျောင်းတိုက်ကြီး၏

အဓိပတိ မဟာနာယက

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ

အရှင်ပညာဆရာတော်ဘုရားကြီး၏

ဘုန်းတော်ဘွဲ့ ဂါထာကိုးဆယ်

ပါဠိနိဿယ

အရှင်ကေလာသ ဓမ္မာစရိယ, ဂဏဝါစက

B,A Hons =ဝိဇ္ဇာဂုဏ်ထူး (သီရိလံကာ)

ရေးသားဖွဲ့ဆိုသည်။

ဘုန်းတော်ဘွဲ့ ဂါထာကိုးဆယ် ပါဠိနိဿယနိဒါန်း

ထူးမြတ်သော ဆရာတော်ဘုရားကြီး

အရှင်ပညာ ဆရာတော်ဘုရားကြီးသည် သက်တော် ၆၉-နှစ်တိုင် သက်တော်ရှည်၍ ဘုရားမြတ်စွာ သာသနာကို ရှုပ်ရှုပ်ခိုခို ဆောင်ရွက်တော်မူခဲ့သည့် ထူးမြတ်သော ဆရာတော်ကြီး ဖြစ်တော်မူသည်။ မြန်မာ့စွယ်စုံကျမ်းကြီးအတွဲ ၄၊ နှာ ၁၂၂-၌ ဆရာတော် အရှင်ပညာနှင့်စပ်၍ အောက်ပါအတိုင်း ဖော်ပြပါရှိလေသည်။

ပခုက္ကူဆရာတော်

ပခုက္ကူဆရာတော်သည် မြင်းခြံခရိုင် ပုပွါးတောင်အနီး တောင်ဆင်းနယ် ခွေးပြုတ်ရွာ၌ ဦးပျော့, ဒေါ်မင်းဂုဏ်တို့မှ သက္ကရာဇ် ၁၂၄၀-ပြည့်နှစ် ကဆုန်လဆန်း ၂-ရက် ကြာသပတေးနေ့တွင် ဖွားမြင်သည်။ ငယ်မည် ဦးပေါ်ဉာဏ် ဖြစ်သည်။ ၁၄-နှစ်သားအရွယ်တွင် နဂါးရာဇ်ဆရာတော် ဦးဉာဏထံ၌ ရှင်သာမဏေဖြစ်သည်။ သာမဏေဘွဲ့ ရှင်မေဓာဖြစ်သည်။ ထို့နောက် ငမြာကြီးရွာ ဆရာတော် အရှင်မေဓာထံ စာပေသင်ကြားရာ ဆရာတော်၏ဘွဲ့နှင့် တူနေသဖြင့် ရှင်ပညာဟု ဘွဲ့အမည်ပြောင်း၏။ ၁၆-နှစ်သားအရွယ်တွင် ပခုက္ကူမြို့ ရေစကြို့ဆရာတော်ကြီးထံသို့ ရောက်၍ အသက် ၂၀-ပြည့်သော အခါ ၁၂၅၉-ခုနှစ် တပေါင်းလပြည့်ကျော် ၅-ရက်နေ့၌ နဂါးရာဇ်ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်သည်။ ရဟန်းဘွဲ့ ဦးပညာဖြစ်သည်။

ပခုက္ကူမြို့ ရေစကြို့ဆရာတော်ကြီးထံ၌ စာပေသင်ကြား၍ ရဟန်း၀ါ ၄-၀ါ ရသောအခါ စာချပုဂ္ဂိုလ်မြောက်ခြင်းကို ခံရသည်။ ၇-၀ါ ရသောအခါ မန္တလေးမြို့သို့ ကြွရောက်၍ ခင်မကန်တိုက်, ရွှေရေးဆောင်တိုက်တို့၌ နည်းနာခံယူပြီး ၁၂၇၆ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၂-ရက်နေ့တွင် ရေစကြို့ဆရာတော်ကြီး ပြန်လွန်တော်မူသဖြင့် ပခုက္ကူသို့ ပြန်ကြွ၍ မဟာဝိသုဒ္ဓာရုံမ စာသင်တိုက်ကြီးကို ဦးစီးအုပ်ချုပ်လျက် စာပေပို့ချတော်မူသည်။ ထိုအခါမှစ၍ ပခုက္ကူဆရာတော် ဦးပညာဟု ကျော်စောထင်ရှားလျက် မြန်မာနိုင်ငံတွင် ဆရာတော် ဦးပညာထံ နည်းမခံဘူးသော စာချပုဂ္ဂိုလ်ဟူ၍ မရှိသလောက်ပင် ဖြစ်သည်။ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ် ဆက်ကပ်ခံရသည်။ သက်တော် ၆၉-နှစ်၊ ၀ါတော် ၅၀၊ သက္ကရာဇ် ၁၃၀၈-ခုနှစ်၊တော်သလင်းလပြည့်ကျော် ၆-ရက်နေ့တွင် ပြန်လွန်

တော်မူသည်။ ပြုစုသော ကျမ်းများမှာ (၁) ဋ္ဌီကာကျော်နိဿယ၊ (၂)မင်္ဂလတ္ထ ဒီပနီတို့ ဖြစ်သည်[၁]။

ဆရာတော် အရှင်ပညာထံ ၃-လခန့် မှီခိုရ

ဤစာပြုသူသည် သာမဏေဘဝ ၁၅-နှစ်ခန့်အရွယ်ရှိစဉ် ဖခင်ကြီး ဦးဘရှန်, မိခင်ကြီး ဒေါ်လှပိုတို့က ၁၃၀၈-ခု ဝါဆိုဦးတွင် သာသနာနုဂ္ဂဟ ဆွမ်းလောင်း အသင်းမှ ပခုက္ကူမြို့လုံးကျတ်မျှ သံဃာတော်တို့အား ဆွမ်း, ဆွမ်းဟင်းလျှာများ လောင်းလှူပြီး ဆရာတော် အရှင်ပညာထံ အပ်နှံသဖြင့် ပခုက္ကူမဟာဝိသုတာရာမတိုက်ကြီးသို့ ရောက်ရှိခဲ့လေသည်။ မဟာဝိသုတာရာမတိုက်ကြီး အတွင်း ဓမ္မောဒယကျောင်း၌ နေထိုင်၍ ပညာသင်ကြားခဲ့လေသည်။ ဆရာတော်ဘုရား ကြီးမှာ ယင်းသည့် ၁၃၀၈-ခုနှစ် တော်သလင်းလဆုတ် ၆-ရက်နေ့တွင် ပြန်လွန် တော်မူရာ ၃-လခန့်လောက်သာ ဆရာတော်ထံ ဥပုသ်နေ့ သီလယူခြင်း, ဩဝါဒ ခံယူခြင်းတို့ဖြင့်သာ တပည့်တော်စပ်လိုက်ရသည်။ ပြန်လွန်တော်မူခါနီး တော် သလင်း လဆုတ် ၅-ရက်နေ့ ညနေ မိုးချုပ်တွင် ဆရာတော်ကို နောက်ဆုံး ဖူးမြင် လိုက်ရသည်။

ဆရာတော်သီတင်းသုံးသည့်ကျောင်း နေထိုင်၍ သာသနာပြုခွင့်ရ

ဤ စာပြုသူသည် သီဟိုဠ်ကျွန်း၌ ၅-နှစ်ရာသီကြာမျှ ပညာသင်နေစဉ် ပြန် လွန်တော်မူကြပြီဖြစ်သော ကျေးဇူးရှင် အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘုရား ကြီး အရှင်သုန္ဒရ, တိုက်အုပ်ဆရာတော် အရှင်နန္ဒိယတို့၏ မှာယူချက်အရ ပခုက္ကူ မဟာဝိသုတာရာမတိုက်သို့ ၁၃၂၀-ခုနှစ်တွင် ပြန်ရောက်ရှိလေရာ ကျေး ဇူးရှင်ဆရာတော်ဘုရား ၂-ပါးတို့၏ အမိန့်အရ ဆရာတော်အရှင်ပညာ သီတင်း သုံးတော်မူရာ သာသနဇောတိပါလကျောင်းကြီး၌ နေထိုင်၍ သင်္ကတကျမ်း များနှင့်တကွ, ဒီဃနိကာယ်, မဇ္ဈိမနိကာယ်, သံယုတ္တနိကာယ်စသော နိကာယ် ကြီးများ ချပို့ခြင်း, ကျမ်းစာများရေးသားပြုစုခြင်း, မဟာဝိသုတာရာမ ဂဏဝါ စက တိပိဋကပါဠိမြန်မာအဘိဓာန်ကျမ်းကြီးများ, ပါဠိပဒကျမ်းညွှန်းကျမ်းကြီး များကို ဦးဆောင်ရေးသားခြင်းတို့ဖြင့် သာသနာပြုခွင့်ကိုရရှိလေသည်။

ဘုန်းတော်ဘွဲ့ ဂါထာကိုးဆယ် ပါဠိနိဿယကျမ်း ရေးသားခြင်း

မိမိသည် ဆရာတော်ဘုရားကြီးတို့၏ အရိပ်အာဝါသ၌ နေထိုင်ပြီး ဆရာတော် ဘုရားကြီးတို့၏ လုပ်လက်စတို့ကို ဆက်လက်ပြုလုပ်ရင်း ဆရာတော်ဘုရားကြီး တို့၏ ကျေးဇူးတော် အနန္တတို့ကို အမှတ်တရ ရ-ရှိနေသဖြင့် ပခုက္ကူ မဟာဝိ-

---

၁။ ဤကား မြန်မာ့စွယ်စုံကျမ်းလာသည်ကို မူရင်းအတိုင်း စွယ်စုံကျမ်း၌ပါရှိကြောင်း သိစေလိုသဖြင့် ပေးပြခြင်းဖြစ်၏။

မဟာဓဇရ ၂၅—ပ-မ-သ-စ

သုတာရာမ ဆရာတော်ဘုရားကြီး အားလုံးတို့ကို ထေရုပ္ပတ္တိမျှား ရေးသားပူဇော်ခြင်း, ဘုန်းတော်ဘွဲ့ဂါထာ ပါဠိနိဿယမျှား ရေးသား၍ ပူဇော်ခြင်းတို့ဖြင့်လည်း ကျေးဇူးဆပ်ရပေသည်။ ယခုတဖန် ဆရာတော် အရှင်ပညာမဟာထေရ်မြတ်၏ အဖြစ်တော်စဉ် ထေရုပ္ပတ္တိ မဟာထေရလိတ ရေးသားပြီး,မဟာထေရလိတပန်းကုံ ဖြင့် ပူဇော်ပြီး ဘုန်းတော်ဘွဲ့တို့ဖြင့်လည်း ပူဇော်လိုသဖြင့် ဤမည်သော ဘုန်းတော်ဘွဲ့ ဂါထာကိုးဆယ် ပါဠိနိဿယကို ရေးသားဖွဲ့ဆိုခြင်း ဖြစ်လေသည်။

အို ဘုန်းတော်ဘွဲ့ စာတော်ဖတ်....အသင်ဘုန်းတော်ဘွဲ့ စာတော်ဖတ်သည် ဆရာတော် ဘုရားကြီးကဲ့သို့ သာသနာပြု ပုဂ္ဂိုလ်မှန်ကြီး ဖြစ်အောင် ကြိုးပမ်းပါလေ။ လောကအကျိုး, သာသနာ့အကျိုးကို သည်ပိုးထမ်းဆောင် နိုင်ပါစေ၊ မိမိအကျိုးထက် သူတပါးအကျိုးကို ပို၍ဦးစားပေး ထမ်းဆောင်ပါလေ၊ သူတပါးအကျိုးကို မသည်ပိုး မဆောင်ရွက်သူမှာ မိမိအကျိုး မပြီးနိုင်ပါချေ။ ထို့ကြောင့်—

သစ္စံ ပုနပိ သစ္စန္တိ၊ ဘုဇမုက္ခိပ္ပမုစ္စတေ။
သကတ္ထော နတ္ထိ နတ္ထော၀၊ ပရဿတ္ထမကုဗ္ဗတော ၁။

ဟူသော ဂါထာကို ပညာရှင်တို့ ဖွဲ့ဆိုခဲ့ကြကုန်၏။

လောကေ ဧကေ ပသီဒန္တိ၊ ပရကိစ္စေ ဝိသေသတော။
ကေစိ တတြ ဥဿူယန္တိ၊ သဘာ၀ေါ ဒုရတိက္ကမော။

အရှင်ကေလာသ
မမ္မာစရိယ, ဂဏ၀ါစက, ဝိဇ္ဇာ (ဂုဏ်ထူး)
သာသနဇောတိပါလကျောင်း
မဟာဝိသုတာရာမတိုက်
ပခုက္ကူမြို့။
၁၃၃၈-ခု၊ တော်သလင်း လကွယ်နေ့။

၁။ ပရဿ=သူတပါး၏။ အတ္ထံ=အကျိုးစီးပွါးကို။ အကုဗ္ဗတော=မပြုသူအား။ သကတ္ထော=မိမိအကျိုးသည်။ နတ္ထိ နတ္ထော=မရှိတကယ် မရှိရိုး ကောန်တည်း။ သစ္စံ ပုနပိ သစ္စန္တိ=ထိုစကား မမှားပုံသေ မှန်လှပေ၏ဟူ၍။ ဘုဇံ ဥက္ခိပ္ပ=လက်ရုံးမြောက်၍။ ဝုစ္စတေ=ရဲရဲရင့်ရင့် ဆိုခြင်း။

ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် မဟာသံဃနာယက
အဂ္ဂမဟာပဏ္ဍိတအရှင်ပညာ ဆရာတော် ဘုရားကြီး၏

ဘုန်းတော်ဘွဲ့ ဂါထာကိုးဆယ် ပါဠိနိဿယ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

အရှင်ပညာမဟာထေရ် သာသနာ့ဝန် ဆောင်ရွက်ခြင်း

(၁) ပညာဝှယော မဟာထေရော၊ ပညော ပညဿ သာသနေ။
ကိစ္စံ ပညာယ သော ကတ္ဝာ၊ သမ္မုဒ္ဓသာသနဿရော။

ဘောဇန္တော=ရှင်လူအပေါင်း အိုသူတော်ကောင်းတို့။ ပညာဝှယော=အရှင်ပညာ အမည်ရှိတော်မူသော။ မဟာထေရော=မဟာဝိသုတာရာမ သံဃပိမာန် အရံထွတ်ထိုး မဟာထေရ်မြတ်ကြီးသည်။ ပဇ္ဇဿ=တုဖက်မမြင် ပညာရှင် ဖြစ်တော်မူသော မြတ်စွာဘုရား၏။ သာသနေ=ထူးတင့်လှစွာ သာသနာတော်မြတ်ကြီး၌။ ပဇော=ပိဋကသုံးဖြာ ပါရင်္ဂတ ကြီးကျယ်စွာဘိ ပညာရှိကြီး ဖြစ်တော်မူပါပေ၏။ သော မဟာထေရော=ထိုအရှင်ပညာ မဟာထေရ်မြတ်ကြီးသည်။ ပညာယ=အာရာဏတွင် ဆင်ခြင်နိုင်းဆ ဝိသေသညာဏ်ဖြင့် အဟန် ပညာဉာဏ်ဖြင့်။ ကိစ္စံ ကတ္ဝာ=ပရိယတ္တိပိမာန် မြဲမြံစွာ တည်ဆောက်မှုကိစ္စ အလုပ်ကို မဟုဿာဟ ဇဲ့လှဲ့လဖြင့် ပြုတော်မူ၍။ သမ္မုဒ္ဓသာသနဿရော =ဘုရားဘုန်းခေါင် စက်ရောင်သာသနာ နှစ်ငါးထောင်ကာလ ကြာအောင် ဆောင်ရွက်တော် မူခဲ့လေပြီ။

ပညာဖြင့် လမ်းကောင်းညွှန်ခဲ့

(၂) ပညာထေရော ပညတ္တေသု၊ ဆေကော ပါရင်္ဂတော ဝိဒ္ဒါ။
ပညာဝါဒေါ မဟာပညော၊ ပညာယ မဂ္ဂဒေသကော။

ပညာထေရော= အရှင်ပညာ မဟာထေရ်မြတ်ကြီးသည်။ ပညတ္တေသု= ဘုရားမြတ်စွာထားအပ် ပိဋကသုံးပုံတို့၌။ ဆေကော=ဖုဆစ်မထင် ကျမ်းကျင်လိမ္မာ တတ်မြောက်စေတော် မူပါပေ၏။ ပါရင်္ဂတော=ဖက်ကမ်းတိုင်ရောက် သဘောပေါက် တတ်မြောက်တော်မူပါပေ၏။ ဝိဒ္ဒါ=ပိဋကတ်လာ သိစရာတို့ကို စေ့စေ့စုံလင် သိမြင်တတ်မြောက်တော် မူပါပေ၏။ပညာဝါဒေါ=အသိပညာ စာပေ နှင့်စပ် ထူးမြတ်သော ပညာစကားကိုသာ ထာဝရနိစ္စ ပြောတတ်တော်မူတတ် ပါပေ၏။ မဟာပညော=မြေကြီးအသွင် ကောင်းကင်သဖွယ် ကြီးကျယ်သော ပညာလည်း ရှိတော်မူပါပေ၏။ ပညာယ=ရွှေနောက်တိုင်းထွာ အသိပညာဖြင့်။

မဂ္ဂဒေသကော=တပည့်သံဃာ မြားမြောက်စွာတို့အား မမှားမစောင်းရအောင် လမ်းကောင်းကို ညွှန်ပြတော်မူတတ်ပါပေ၏။

ပုဂံမြို့တော်နှင့် ပုပ္ပါးတောင်အကြား ခွေးပြုတ်ရွာကြီး

(၃) ပုဂါမပုပ္ဖသေလာနံ၊ အန္တရေ ရာမဏေယကော။
ခွေးပြုတ်ဝှယော မဟာဂါမော၊ မနုညော သောဘနော ဘဝိ။

ပုဂါမပုပ္ဖသေလာနံ= သာယာပြေးစည် ပုဂံရွှေပြည်နှင့် ဝေးမြင့်သီးခေါင် ပုပ္ပါးတောင်တို့၏။ အန္တရေ=ပုဂံပြည်နှင့်ကား အနည်းငယ်ကွာခြား ပုပ္ပါးတောင်နှင့်ကား ပို၍နီးကပ်သော အလယ်အကြားအရပ်၌။ ရာမဏေယကော= စိတ်ခေတ်ကြည်ပျော် မွေ့လျော်ဖွယ်ကောင်းလှသော။ မနုညော=ရောက်ရှိခိုဝင်သူတို့၏ စိတ်အစဉ်ကို ကြည်ရွှင်နှစ်သက်စေတတ်သော။ သောဘနော= လေးဘက်လေးတန်က သစ်ပင်ငယ်ကြီး အသီးသီးတို့ဖြင့် အုံ၍မပြီး ချို၍မကုန် အမျိုးစုံ တင့်တယ်လှပေသော။ ခွေးပြုတ်ဝှယော မဟာဂါမော=မူလပထမ ရွာတည်စက ခွေးတောက်ပြုတ်ရွာတဲ့ ကာလသမယ ကြာညောင်းသမှု အစဲ့ပြု၍ ယခုအခါ ခွေးပြုတ်ရွာဟု သုတိသညာ အမည်သာသော ရွာကြီးသည်။ ဘဝိ= မဟာဝိသုတာရာမိက ဂဏဝါစက နိကာယာဓိပတိ, အဂ္ဂမဟာပဏ္ဍိတ ထေရ လောင်းလျာကို ကြွတော်မူပါ စံလှည့်ပါဟု သာယာချေဆံ ဖိတ်ခေါ်သည့် အဟန်ဖြင့် မှန်စွာ တည်ရှိခဲ့လေပြီ။

ဆရာတော်လောင်းလျာ သန္ဓေတည်

(၄) ဒေါ်မင်းဂုဏ်သုန္ဒရိကာယ၊ သုဝဏ္ဏကုစ္ဆိဝါရိဇေ။
ထေရက်ုရော မဟာသတ္တော၊ ဥပပဇ္ဇိ စက္ကဇောတကော။

မဟာသတ္တော=အဇ္ဈာသယဓာတ် မြင့်မြတ်ထူးချွန် ပုဂ္ဂိုလ်သတ္တဝါအမှန် ဖြစ်တော်မူသော။ စက္ကဇောတကော=ဘုရားဘုန်းခေါင် စက်သာသနာရောင်ကို တောက်ပြောင်ထိန်ဝင်း လင်းလက်အောင် ဆောင်ရွက်မည့်သူ ဖြစ်တော်မူသော။ ထေရက်ုရော=မဟာဝိသုတာရာမ စံပြဘက္ကသိုလ်ဦးစီး မဟာထေရ်မြတ်ကြီး လောင်းလျာသည်။ ဒေါ်မင်းဂုဏ်သုန္ဒရိကာယ=တောင်ဆင်းနယ် ခွေးပြုတ်ရွာ ဦးပျော့၏ ဇနီးဒေါ်မင်းဂုဏ်မည်သော အမျိုးသမီး၏။ သုဝဏ္ဏကုစ္ဆိဝါရိဇေ= ရွှေရတနာကြုတ်တန္တု စံပြုခိုင်းဆိုက် ဝမ်းကြာတိုက်၌။ ဥပပဇ္ဇိ=စံလာသန္ဓေ တည်နေတော်မူခဲ့လေပြီ။

ဖွဲ့ဆိုပုံ

(၅) ကေဒိုစတုသုညမို့၊ သာကေ ဇာတော သုဇာတိမာ။
ဝေသာခေ ရုစိရေ မာသေ၊ ဒုတိယမို့ သုဓိတိမာ။

သုဇာတိမာ=လွန်စွာထူးတင့် မြင့်မြတ်ကောင်းမွန်သော ဇာတ်လည်းရှိတော်မူသော။ သုဓိတိမာ=အလောင်းတော်ဇနကအလား ကြီးမားသော ဝီရိယလည်းရှိတော်မူသော မထေရ်မြတ်လောင်းလျာသည်။ ကေဒိုစတုသုညမို့ သာကေ=သက္ကရာဇ်ကောဇာ ၁၂၄၀-ပြည့်နှစ်၌။ ရုစိရ=ပြာစင်ညက်ဖြူ ရှေ့ပြည့်သူတို့ သင်းကြူကြိုင်စွာ ရေနှံသာဝယ် ရင်းမာကွမ်းဘူး စကားဦးနှင့် ထွန်းမြူးလှုံမောင်း မွေ့တော်ပေါင်းကို ရေလောင်းလှူရာ လွန်စွာတင့်တယ် သာယာလှပသော။ ဝေသာခေ မာသေ=ဝိသာခနက္ခတ်နှင့် စန်းမြတ်ယှဉ်တုံ လကဆုန်၌။ ဒုတိယမို့=လဦးအစ ဆန်းစခေါ်မှန်း လဆန်း ၂-ရက်နေ့၌။ ဇာတော=မီးရှူးသန့်စင် ဖွဲ့မြင်တော်မူခဲ့လေပြီ။

မြေလျင်လှုပ်, လျှပ်စီးလက်, မိုးတွန်ရာ

(၆) မေဒနီ စာပိ သံကမို့၊ ဝိဇုလ္လတာ သုဇောတယီ။
ပဝဿိ စ မဟာမေဃော၊ ဇာတေ ထေရက်ံရေ ဝရေ။

ဝရေ ထေရက်ံရေ=သာသနာတွင် အလွန်လျင် အလိုရှိအပ် ထူးမြတ်ဘိတောင်း မထေရ်မြတ်လောင်းလျာသည်။ ဇာတေ=ဘေးမခ ရန်မသီ ဖွဲ့မြင်တော်မူသည်ရှိသော်။ မေဒနီ စာပိ=ယူဇနာဒပါင်း နှစ်သိန်းလေးသောင်းအထူရှိသော မဟာပထဝီမြေကြီးသည်လည်း။ သံကမို့=ရေမြေပါခုန် တုန်လှုပ်လေပြီ။ ဝါ=အိုးထိန်းစက်ပုံ တုန်လှုပ်သမှု ဂုဏ်ပြုလေပြီ။ ဝိဇုလ္လတာ=မိုးလုံးနီမြန်း လျှပ်စီးလျှပ်ပန်းနွယ်သည်လည်း။ သုဇောတယီ=လွန်စွာလင်းလက်တောက်ပထိန်ညီးလေပြီ။ ဝါ=လွန်စွာလင်းလက် တောက်ပထိန်ညီး၍ အလေးအမြတ်ပြုပြီ။ မဟာမေဃော စ=အရည်ထန်စွာ ရွာချသွန်းဖြိုး မိုးကြီးသည်လည်း။ ပဝဿိ=ရုတ်တရက် ချက်တဖြုတ် ရွာချပြီ။ ဝါ=ရုတ်တရက် ချက်တဖြုတ် ရွာချ၍ ကြိုဆိုပြီ။

ကျက်သရေမင်္ဂလာနှင့်ပြည့်စုံ, သာသနာ့ဝန်ဆောင်ဖြစ်မည်

(၇) ဇာတော သော သိဒ္ဓိသမ္ဘဝေန၊ သုဘလက္ခဏလက်ံတော။
ပုဂ္ဂိတာ ပုညသမ္ဘာရော၊ ကုမာရော သာသနဿ ရှိ။

ဇာတော=ဘေးမသီရန်မခ ချမ်းမြေ့ကြည်လင် ဖွဲ့မြင်တော်မူခဲ့သော။ သော ကုမာရော=နိကာယဏ္ဍဝ ပါရဂူလောင်းလျာ ထိုသတို့သားရတနာသည်။

ဝါ=နိကာယဏ္ဍာပ ပါရဂူလောင်းလျှာ ထိုသတို့သားရတနာကို။ သိရိသမ္ဘဒ္ဓေါ= ဘုန်းကျက်သရေ အထွဋ်ထွဋ်နှင့် လက်လက်ဝေထိန်တောက် ပြည့်စုံလုံလောက် တော်မူပါပေ၏။ သုဘလက္ခဏလက််တော=သူတော်သူကောင်း သူမြတ်အပေါင်း တို့၏ ကောင်းမြတ်သော လက္ခဏာအမှတ်အသားတို့ဖြင့် တန်းဆာဆင်တော်မူ အပ်ပါပေ၏။ ပူရိတပုညသမ္ဘာရော=ကမ္ဘာ့ကမ္ဘာ ကြာချည်းကြာက ကောင်း စွာဖြည့်ဆည်းပူးအပ်သော ဘုန်းတော် ကံတော် သမ္ဘာတော်လည်း ရှိတော်မူ ပါပေ၏။ သာသနဒ္ဓရီ=ကြုံခဲလှစွာ ဘုရားမြတ်စွာ သာသနာ၏ တာဝန်မျှားကို ထူးထူးခြားခြား ဆောင်စွမ်းနိုင်မည့် ပုဂ္ဂိုလ်မြတ်လည်း ဖြစ်တော်မူပါပေ၏။

မိဖမျှားဖြစ်ကြသော ဦးပျော့, ဒေါ်မင်းဂုဏ်တို့ ဝမ်းမြောက်ကြ

(၈) မာတာပိတရော မောဒန္တိ၊ ဇာတေ ထေရကုံရေ ဝရေ။
သိဒ္ဓတ္ထေ လုမ္ဗိနိဒါယေ၊ ရာဇာ သုဒ္ဓါဒနော ဝိယ။

လုမ္ဗိနိဒါယေ=ဖူးခက်ဆုံစည် လုမ္ဗိနီဂနိုင် တောရပ်မြို့ဝင်၌။ သိဒ္ဓတ္ထော=လောင်း တော်သိဒ္ဓတ် ဗေဒင်ဟောဆရာသည်။ ဇာတေ=ကပိလဝတ္ထု နိုင်ငံတော်၏ ကောင်း ဘုရင်သုဒ္ဓေါဒန၏ အဂ္ဂမဟေသီ မိဖုရားခေါင်ကြီး မဟာမာယာဒေဝီ၏ ဝမ်း ကြာတိုက်တော်မှမီးရှူးသန့်စင် ဖွားမြင်တော်မူသည်ရှိသော်။ ရာဇာ=ကပိလဝတ် ပြည်ကြီး၏ ဘုန်းမီးသျှံပ သုဒ္ဓေါဒန မင်းကောင်းသည်။ မောဒတိ ဝိယ= အား၊ရရှင်လမ်း ဝမ်းမြောက်သကဲ့သို့။တထာ=အလောင်းတော် ဖွားမြင်ကြောင်း သတင်းကောင်းကြား.ရသော သုဒ္ဓေါဒနမင်းတရားနှင့် မခြားတမူ အလားတူ စွာ။ ထေရကုံရေ ဝရေ=နိကာယာဓိပတိ, နိကာယဝိဇ္ဇာလယာဓိပတိ, နိကာယ ပါရဂါမီ ထေရလောင်းလျှာ သတို့သားရတနာမြတ်သည်။ ဇာတေ=ချမ်းမြေ သာကြည် ဖွားသန့်စင်တော်မူသည်ရှိသော်။ မာတာပိတရော=အမိဒေါ်မင်းဂုဏ် အဖဦးပျော့တို့သည်။ မောဒန္တိ =က တော့်မလို ခုန်တော့ မလောက် လွန်စွာ ဝမ်းမြောက်ကြကုန်၏။

မောင်ပေါ်ဉာဏ်ဟု နာမည်မှည့်ခေါ်ကြ

(၉) မာတာပိတရော ပဿန္တော၊ သောဘိတံ ကုမာရံ ဝရံ။
နာမမကံသု မောဒန္တော၊ သမယေ မဂ်လေ သုဘေ။

သောဘိတံ=ရုပ်ရည် ရူပကာယ လှပချောသွယ် တင့်တယ်ခြင်းသို့ ရောက် တော်မူသော။ ကုမာရံ ဝရံ=ပခုက္ကူမြို့ မဟာဝိသုတာရာမ နိကာယတက္ကသိုလ် ဗဟိုစာချု ဝိဇ္ဇာလယ၏ ဒုတိယမြောက် ထွတ်ထိုး မဟာနာယက ဆရာတော် ဘုရားကြီး လောင်းလျှာ သတို့သားသူငယ် ရတနာမြတ်ကို။ ပဿန္တော=ဝမ်း

မြောက်ကြည်လင် တွေ့မြင်ကြရကုန်သော့။ မာတာပိတရော=အမိဒေါ်မင်းဂုဏ် အဖဦးပျော့တို့သည်။ သုဘေ မင်္ဂလေ သဓေယေ=တင့်တယ်ဖွယ်ရာ ကျက်သရေ မင်္ဂလာနှင့် ပြည့်စုံသော ခါသမယဌ်။ နာမံ=မောင်ပေါ်ဉာဏ်ဟု သုတိသာလှ မည်နာမကို။ အကံသု=မှည့်ခေါ် သမုတ်ကြကုန်လေပြီ။

ဆရာတော်ဦးနန္ဒမာလာနှင့် ဦးဉာဏထံ၌ ပညာသင်

(၁၀) ကောဒသဝစ္ဆရမ္ပိ၊ နန္ဒထေရဿ သန္တိကေ။
ပစ္ဆာ သော ဉာဏထေရဿ၊ သိက္ခိတ္ဝာန ဒက္ခော အဟု။

သော ကုမာရော=အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာထေရ်လောင်းလျာ ထို သတို့သားရတနာ မောင်ပေါ်ဉာဏ်သည်။ ကောဒသဝစ္ဆရမ္ပိ = တဆယ့်တန္ခစ် အရွယ်တော်ခေတ်၌။ နန္ဒထေရဿ=ခွေးပြုတ်ရွာကျောင်း ဆရာတော် ဝမ်းကွဲ နောင်တော် အရှင်နန္ဒမာလာဒေထရ်မြတ်၏။ သန္တိကေ=အထံတော်၌။ သိက္ခိ-တ္ဝာန=သူငယ်ဘာဝ သင်ထိုက်သမျှ အတတ်ပညာအဝဝကို လအနည်းငယ် သင်ယူပြီး၍။ ပစ္ဆာ=မကြာမြင့်မီ နောက်အခါ၌။ ဉာဏထေရဿ=ထနောင်းစု ရွာ နဂါးရာဇ်ကျောင်း ဆရာတော်အရှင်ဉာဏဓေထရ်၏။ သန္တိကေ=အထံတော်၌။ သိက္ခိတ္ဝာန=ညီညာထက္ခြ ဆုံးမနာယူ လာမူကြိုဆီး ထံနီးလုပ်ကျွေး သင်တွေး အံရွတ် တပည့်ဝတ်နှင့်မချွတ်စုံလင် သင်ယူတော်မူခဲ့၍။ ဒက္ခော အဟု=ကလေး နှင့် မဟပ်မိအောင်ပင် တတ်မြောက်ကျွမ်းကျင်တော်မူခဲ့လေပြီ။

သာမဏေဝတ်ခြင်း

(၁၁) စုဒ္ဒသဝဿိကော သော ဟိ၊ ပတ္တော သာမဏေရတံ ဝရံ။
ဓိတိမာ သီလဝါ ဆေကော၊ ပရိယတ္ဘာဘိရုမကော။

သော = ထို တိပိဋကသာဂရ ပါရဂ်တ အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာ လောင်းလျာ သတို့သားရတနာသည်။ စုဒ္ဒသဝဿိကော = တဆယ့်လေးနှစ် အရွယ်တော်ခေတ်သို့ ချဉ်းနင်းဝင်ရောက်လတ်သည်ရှိသော်။ ဝရံ=ပဒေသရာဇ် မင်း, ကေရာဇ်မင်း, စက္ကဝတ်မင်း အဖြစ်တို့ထက် ဆတက်လွန်ကြူး ထူးမြတ်လှ ပေသော။ သာမဏေရတံ=ဘုရားမြတ်စွာ သာသနာဝန် အားသွန်ရွက်ဆောင် သာမဏေဘောင်သို့။ ပတ္တော = ရှင်မဟာဟု သညာရှင်ကြည် ဘွဲ့နာမည်ဖြင့် ဘုန်းပင့်ကဲ့ထောက် ရောက်ရှိတော်မူခဲ့လေပြီ။ ဓိတိမာ=မကျိုင်ဗဟို မြင်းမိုရ် ပမာ လွန်စွာတည်ကြည် ခိုင်ခံ့သော သမာဓိလည်း ရှိတော်မူပါ၏။ သီလဝါ= ဆယ်ဖြာခမ္မ ကျင့်သီလနှင့် လောက်ငှကုံလုံ ပြည့်စုံတော်မူပါပေ၏။ ဆေကော= အဆုဆုတွင် လိမ္မာကျွမ်းကျင် သွက်လက်ချက်ချာတော်မူပါပေ၏။ ပရိယတ္ဘာ-

ဘိရာမကော=သင်ယူအပ်သော ပရိယတ်ကျမ်းဂန်၌ သင်အံဓလေ့ လွန်စွာ မွေ့လျော် ပျော်ပိုက်ဘော်မူပါပေ၏။

ဆရာတော် ဥးဉာဏထ ပညာသင

(၁၂) သန္တိကေ ဉာဏထေရဿ၊ ဉာဏထာမေန သံယုတော။
သိက္ခိတ္တာ ဉာဏဂန္ထေပိ၊ ဉာဏသာသန ဘာရဓောဳ။

ဉာဏထာမေန သံယုတော=ဉာဏ်ရည်ဉာဏ်အား စွမ်းပကားနှင့် မခြားအစဉ် အမြဲယှဉ်တော်မူသော ဆရာတော်လောင်းလျာ ရှင်မဓာသည်။ ဉာဏထေရဿ=ဥပဇ္ဈာယ်သခင် အရှင်ဉာဏမဟာထေရ်မြတ်၏။ သန္တိကေ=အထံတော်၌။ ဉာဏဂန္ထေပိ= ဉာဏ်ရည်စွမ်းပကား တိုးပွါးကြောင်း ကျမ်းဂန်တို့ကိုလည်း။ သိက္ခိတ္တာ=မအားနေစဉ် သင်ယူတော်မူ၍။ ဉာဏသာသနဘာရဓောဳ=လုံးစုံညေ့ယျ တစမကြွင်း ထိုးထွင်းမြင်သိ အဆုံးမရှိသော ဉာဏ်ရှိတော်မူသော ဘုရားသဗ္ဗညူ၏ သာသနာ့ဝန်ဆောင် သာမဏေ ဖြစ်တော်မူပါပေသတည်း။

ဆရာတော်ဦးအာစာရထံ ပညာသင်ခဲ့ခြင်း

(၁၃) အာစာရထေရ သေဋ္ဌဿ၊ သမ္မာစာရဘိကာမိနော။
အာစာရသံယုတေ ဂန္ထေ၊ သွာစာရေ အာဇဉော ဝိဒ္ဒါ။

သွာစာရော=သာမဏေအကျင့် ထူးတင့်ကုံလုံကောင်းစွာပြည့်စုံတော်မူသော။ အာဇဉော ဝိဒ္ဒါ=သာသနာ့အာဇာနည် ဂုဏ်ရည်ကဲအင် ပညာရှင်ဆရာတော် ဘုရားကြီး လောင်းလျာ ရှင်မဓာသည်။ သမ္မာစာရဘိကာမိနော=အကျင့်ကောင်း အကျင့်မှန်ကို ကေန်အမြဲပင် လိုလား ခင်မင်တော်မူသော။ အာစာရဿေဋ္ဌဿ=အရှင်အာစာရ မည် ဘွဲ့ထူးခြီသော မထေရ်မြတ်၏လည်း။ သန္တိကေ=အထံတော်၌။ အာစာရသံယုတေ ဂန္ထေ=အကျင့်ပဋိပတ်နှင့်စပ်ယှဉ်ကုန်သော ကျမ်းဂန်တို့ကို။ သိက္ခိ=သဒ္ဓါကြည်ဖြူ သင်ယူတော်မူခဲ့လေသည်၂။

၁။ ဆရာတော်ဘုရားကြီး၏ ဥပဇ္ဈာယ် အရှင်ဉာဏကိုလည်း ပူဇော်လိုသဖြင့် ဉာဏပုဒ်ကို ပါဒတိုင်း၌ အသုံးပြု၍ ရေးဖွဲ့သည်။

၂။ ၁၂-ဂါထာမှ သန္တိကေပုဒ်လိုက်သည်။ သိက္ခိတ္တာ ကိုလည်း သိ ဒ္ဓိဟုပြင်၍ လိုက်စေသည်။ နဂါးရာဇ်ကျောင်းမှာထိုစဉ်က ဆရာတော်ဦးဉာဏ (လူမည် ဦးစံဝ) အောက်က ဦးအာစာရ (လူမည် ဦးပြု)ရှိသည်။ ဦးအာစာရအထံ၌လည်း စာပေယ်တချို့ သင်ယူခဲ့သည်။

ဆင်ဖြူကျွန်း စေတီလှကျောင်းတိုက် ဦးသီရိဓမ္မထံ ပညာသင်

(၁၄) ဆင်ဖြူကျွန်းပုရေ စေတီလှ–အာရာမေ စိတ္တတောသနေ။
ဓမ္မေန အတ္ထိကော ဓီရော၊ အသိက္ခိ သိက္ခနေ ဝိဒူ။

သိက္ခနေ=သင်ယူဘွယ်ကျမ်းဂန်အရပ်ရပ်၌။ ဝိဒူ=သိမြင်ကျွမ်းကျင်တော်မူသော။ ဓမ္မေန=သင်ယူမှတ်အပ် ပရိယတ်ဖြင့်။ အတ္ထိကော=ဆန္ဒကဲပို အလိုရှိတော်မူသော။ ဓီရော=ရွှေခွက်၌တည် ခြသော့်ဆီပမာဆောင်ဟတ် မှတ်တတ်သော ပညာရှိတော်မူသော မထေရ်မြတ်လောင်းလျှာသည်။ ဆင်ဖြူကျွန်းပုရေ=ရှေးယခင်က ဆင်ဖြူများရရှိရာ ဗျုပ္ပတ်အလာကြောင့် သညာပြောင်ထွန်း ဆင်ဖြူကျွန်းမြို့၌။ စိတ္တတောသနေ=ရောက်ရှိ ခိုဝင်သူတို့ စိတ်ကြည်လင်ရာ စိတ်ပျော်ရွှင်ရာဖြစ်သော။ စေတီလှအာရာမေ=စေတီလှ ဟု သုတိသာသော ကျောင်းတိုက်အရံ၌။ ထေရဿ = စေတီလှအရံ သံဃာ့ဗိမာန်အဓိပတိ သီရိဓမ္မထေရ်၏။ သန္တိကေ=အထံတော်၌။ အသိက္ခိ=သဒ္ဓါ,သင်္ဃ စသည် ထွပြား ကျမ်းဂန်များကို သင်ကြားတော်မူခဲ့လေပြီ။

ငမြောကြီးရွာ ဝန်စာရေးတိုက် ဦးမေဓာထံ ပညာသင်

(၁၅) ငမြောကြီး မဟာဂါမေပိ၊ ဇောတိနဒီဿိတေ။
ဝန်စာရေး အာရာမေ စာပိ၊ ဥဂ္ဂဏှိ ဥဂ္ဂဟေ ဝိဒူ။

ဥဂ္ဂဟေ=သင်ယူစရာမှန်သမျှ ကျမ်းဂန်အဝဝ်၌။ ဝိဒူ=ကျွမ်းကျင်တတ်သိတော်မူသော'ဆရာတော်လောင်းလျှာ ရှင်မေဓာသည်။ ဇောတိနဒီဿိတေ=စီးတသွင်သွင် ရေယဉ်ညီရစ် ဇောတီမြစ်နဒီ အနီးမှီ၍ တည်သော။ ငမြောကြီး မဟာဂါမေပိ=ငမြောကြီးအမည်ရှိသော ရွာကြီး၌လည်း။ ဝန်စာရေးအာရာမေပိ=ဝန်စာရေးကျောင်းတိုက်၌လည်း။ ထေရဿ=အရှင်မေဓာ အမည်ရှိသော မထေရ်မြတ်၏။ သန္တိကေ=အထံတော်၌။ ဥဂ္ဂဏှိ=ကဝိကဝိန် သုခမိန်ဖြစ်ရေး ကြံတွေးဆင်ခြင် သင်ယူတော်မူခဲ့လေပြီ။

ရှင်မေဓာမှ ရှင်ပညာ ပြောင်းလဲမှုည့်ခေါ်ခြင်း

(၁၆) မေဓာဝုယော မဟာထေရော၊ မေဓာဝုသကသိဿကံ။
သနာမေန သမာနတ္တာ၊ ပညောတိ နာမမဂ္ဂဟီ။

မေဓာဝုယော မဟာထေရော=အရှင်မေဓာအမည်ရှိသော ငမြောကြီးရွာ ဝန်စာရေးကျောင်းဆရာတော်ဘုရားကြီးသည်။မေဓာဝုသကသိဿကံ=ရှင်မေဓာအမည်ရှိသော မိမိ၏တပည့် မဟာဝိသုတာရာမ ဝိဇ္ဇာပီဋကလောင်းလျှာ သာမဏေကို။ သနာမေန သမာနတ္တာ=မိမိနာမည်နှင့် တူနေသည်၏ အဖြစ်ကြောင့်။

ပညောတိ နာမံ=ရှင်ပညာဟူသော အမည်ပညတ်ကို။ အဂ္ဂဘိ=ခေါ်ယူပညတ် သတ်မှတ်တော်မူလေပြီ။

ရေစကြိုဆရာတော်ဘုရားကြီး ပခုက္ကူ၌စာချ

(၁၇) ပခုက္ကူပုရသေဋ္ဌမှိ၊ ပန်းစ္ဓာရာမေ မနောဟရေ။
ဂန္ဆသာဓရ ဂန္ဆဆေကော၊ ဝါစယီ ပေဋကေ ဝိဒူ။

ပေဋကေ=ဝိနယ, သုတ္တ, ဘိဓမ္မဟု သုံးဝကဲ့လုံ ပိဋကတ်သုံးပုံ၌။ ဝိဒူ= လွန်စွာတတ်သိ ကျမ်းကျင်တော်မူပါပေသော။ဂန္ဆဆေကော=ဗျာကရဏ်းကျမ်း အလုံး၌လည်း ထုံးကဲ့သို့မ္ဘ ရေကဲ့သို့နှောက် တတ်မြောက် ကျမ်းကျင်တော်မူသော။ ဂန္ဆသာရော=ဒီဃဒသီ ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ဆသာရသည်။ ပခုက္ကူပုရသေဋ္ဌမှိ=လောကီ လောကုတ္တရာ ရတနာတို့ လွန်စွာစုံလတ် ပခုက္ကူမြို့တော်မြတ်၌။ မနောဟရေ=စိတ်နှလုံး၏ ရှင်ပြုံးမွေ့လျော်ပျော်ဖွယ်ဖြစ်သော။ ပန်းစ္ဓာရာမေ=ပန်းစ္ဓာသမိုက် ကျောင်းတိုက်တော်၌။ဝါစယီ= သီတင်းသုံး၍ ပိဋကစာပေ အဝဝကို ချပို့တော်မူခဲ့လေပြီ။

ရှင်ပညာ ရေစကြိုဆရာတော်ဘုရားကြီးထံ ရောက်ပြီ

(၁၈) ဂန္ဆသာရဿ သမ္ပတ္တော၊ ဂန္ဆသာရသုဝိညူနော။
သိက္ခိတုံ ဂန္ဆသာရေ သော ဂန္ဆေသု လဂ္ဂမာနသော။

ဂန္ဆေသု=ပါဠိ, အဋ္ဌကထာ, ဋီကာတန်တန် ကျမ်းဂန်တို့၌။လဂ္ဂမာနသော =တတ်လိုသင်လို ကြည်ညိုကပ်ငြိသော စိတ်ရှိတော်မူသော။ သော=ထိုမဟာဝိသုတာရာမ နာမသမိုက် စာချတက္ကသိုလ် ကျောင်းတိုက်ကြီး၏ အဓိပတိ မဟာနာယက လောင်းလျာ ရှင်ပညာသည်။ ဂန္ဆသာရသုဝိညူနော=နိကာယ် ငါးတန် ကျမ်းဂန် အရပ်ရပ်တို့၌ လွန်စွာတတ်သိ ကျမ်းကျင်တော်မူသော။ဂန္ဆ-သာရဿ=ရေစကြိုဘုန်းမော် အရှင်ဂန္ဆသာရ ဆရာတော်ဘုရားကြီး၏။ သန္တိကံ =အထံတော်သို့။ ဂန္ဆသာရေ=သုံးပုံပိဋကတ် ကျမ်းဂန် အမြတ်တို့ကို။ သိက္ခိတုံ =ပါရဂူပေါက် တတ်မြောက်အောင် သင်ယူခြင်းငှါ။ သမ္ပတ္တော=ပုဗ္ဗကတ ပုညပင့်ထောက် ဆိုက်ရောက်တော်မူခဲ့လေပြီ။

အရှင်ဂန္ဆသာရထံ ကျမ်းဂန်များစွာသင်ယူ

(၁၉) သန္တိကေ ဂန္ဆသာရဿ၊ ဂန္ဆေ သော သဋ္ဌယီ ဗဟူ။
သဗ္ဗညူ မုနိစက္ကဿ၊ ဝုစ္စိယာ ဝါယာမံ အကာ။

သော=ထိုအဂ္ဂမဟာပဏ္ဍိတ မဟာနာယက လောင်းလျာသာမဏေရှင်ပညာ သည်။ ဂန္ဆသာရဿ= တိပိဋကဘုရင်ဟု တိုင်းခွင်မဆန့် ပျံနှံ့ကျော်ကြား

အရှင်ဂန္ဆသာရ ဆရာတော်ဘုရား၏။ သန္တိကေ=အထံတော်၌။ ဗဟူဂန္ဆေ=ဘုရားဓမ္မကွန် ကျမ်းဂန်များစွာတို့ကို။သဉ္ဇယီ=ဆည်းပူးစုဆောင်း သင်ယူတော်မူခဲ့လေပြီ။ သဗ္ဗညုမုနိစက္ကဿ=ဘုရားသဗ္ဗညု မုနိဥက္ကဋ္ဌ သုံးရပ်သော သာသနာစက်၏။ဝုစ္စိယာ=စည်ပင်ပွင့်လင်းခြင်းငှါ။ စည်ပင်ပွင့်လင်းအောင်ပြုခြင်းအကျိုးငှါ။ ဝါယာမံ အကာ=ဆန္ဒာဓိပတိ ဝီရိယပြဓာန်း ကြိုးပမ်းတော်မူခဲ့လေပြီ။

ရဟန်းဘဝ ဒုလ္လဘသို့ရောက်ခြင်း

(၂၀) ဝီသတိဝဿသမ္မုဏ္ဏော၊ သုဒ္ဓါ သဗ္ဗဉ္ဉုရာယတော။
ပဂ္ဂဏှိတော ဟိ သံဃေန၊ ဥပသမ္ပဒကမ္မုနာ။

သော=ထိုမဟာ ဝိသုတာရာမ ဝိဇ္ဇာလယာ ဓိပတိလောင်းလျှာ သာမဏေရှင်ပညာသည်။ ဝါ=သာမဏေ ရှင်ပညာကို။ ဝီသတိဝဿသမ္မုဏ္ဏော=သန္ဓေယူလစ် အနှစ်နှစ်ဆယ် ပြည့်ဖြိုးကြွယ်လတ်သည်ရှိသော်။ သဗ္ဗဉ္ဉုရာယတော=ပဗ္ဗဇ္ဇာဒေါသ အာဇ္ဉာရုယ် သွယ်သွယ် ဥဿုံ အလုံးစုံမှု။ သုဒ္ဓါ=ကင်းရှင်းပကွယ် စင်ကြယ်သန့်ရှင်းသည်ဖြစ်၍။ သံဃေန=သာကီယဇာတ် သံဃာတော် အရှင်မြတ်အပေါင်းသည်။ဥပသမ္ပဒကမ္မုနာ=လောကိယ သမ္ပဒါတို့ထက် ဆထက်လွန်ကြူး ထူးမြတ်လှသော ဥပသမ္ပဒကံဖြင့်။ ပဂ္ဂဏှိတော ဟိ=သာသနာ နေဝန်းထွန်းဆတာက်ဖို့ရေး မြော်တွေးပုံထောက် ချီးမြှောက်တော်မူအပ်လေပြီ။

ဥပဇ္ဈာယ်ဆရာတော် အရှင်ဉာဏထေရ်

(၂၁) တဒါ တဿ ဥပဇ္ဈာယော၊ နဂါးရာဇ် ဉာဏကုဥ္ဇရော။
မဟာမဟိန္ဒထေရဿ၊ မောဂ္ဂလိပုတ္တော၁'ဝ သော ဘဝိ။

မဟာမဟိန္ဒထေရဿ=သီဟိုဠ်သာသနာ့(သီရိလံကာသာသနာ့)ဖခင် ဒီပပွဲ.သာဒက အရှင်မဟာမဟိန္ဒထေရ်၏။ ဥပဇ္ဈာယော=ဝိဇ္ဇာ၁'ငဲ့ ဟူသမျှကို နိစ္စဝန်ပြု မြဲကပ်ရှလျက် နုသာသန ဩဝါဒဖြင့် စောင်မပေတတ် ဥပဇ္ဈာယ် ဆရာတော် မထေရ်မြတ်သည်။ မောဂ္ဂလိပုတ္တော=တတိယသံဂါယနာ မဟာဓမ္မသဘင်တွင် သံဃမဟာနာယက အရှင် မဟာမောဂ္ဂလိ ပုတ္တတိဿ မဟာထေရ်သည်။ ဘဝိဇ္ဇဝ=ဖြစ်တော်မူလေသကဲ့သို့။ တထာ=ထို့အတူ။ တဒါ=အရှင်ပညာ၏ ရဟန်းဘဝဒုလ္လဘကို ရရှိလေရာ ထို့အခါ၌။ နဂါးရာဇ်ထေရကုဥ္ဇရော=ထနောင်းစုရွာ နဂါးရာဇ်ကျောင်းဝိဟာ၌ လေးဖြာဇ္ဈရိယာပထ မျှတရှင်ပျော် ဆရာတော် အရှင်ဉာဏမဟာထေရ်သည်။ တဿ=နိကာယဇ္ဈဝဟရဂူလင်းယာဉ်ထူမည့် ကဝိဥက္ကဋ္ဌ အရှင်ပညာရဟန်းတော်မြတ်၏။ ဥပဇ္ဈာယော=

ဝဇ္ဇာဝဇ္ဇ ဟူသမျှကို နိစ္စဝန်ပြု မြဲကပ်ရှုလျက် နုသာသန ဩဝါဒဖြင့် စောင်မ ပေတတ် ဥပဇ္ဈာယ် ဆရာတော်မြတ်သည်။ ဘဝိ=မုခ္ဂစင်စစ် ဖြစ်တော်မူလေပြီ။

ရဟန်းဒါယကာနှင့် ရဟန်းဒါယိကာမ

(၂၂) ဦးချုပ်တိဂဟပတိ စ၊ ဒေါလှဖူး ဃရသာမိနီ။
ပညာသေဋ္ဌံ နုဂ္ဂဟေသုံ၊ လောကဇေဋ္ဌဿ သာသနေ။

ဦးချုပ်တိဂဟပတိ စ = သဒ္ဓါတရား မျှားပြားပွါးစီး ဆင်လူးအိုင်ရွာ ဒါယကာကြီး ဦးချုပ်သည်ထင်း။ ဒေါလှဖူး ဃရသာမိနီ စ=ရတနာသုံးဖြာ လွန်စွာကြည်နူး ဒါယိကာမကြီး ဒေါလှဖူးသည်ထင်း။ လောကဇေဋ္ဌဿ=သုံး လောက၏ ပဓာနအုပ်စီး ဒေါကြီးအချုပ်ဖြစ်တော်မူသော မြတ်စွာဘုရား၏။ သာသနေ=သာသနာတော်၌။ ပညာသေဋ္ဌံ=နိကာယ်ငါးရပ် ပိဋကတ်လမ်းကူး လင်းယာဉ်မူးလောင်းလျှာ အရှင်ပညာ သာမဏေမြတ်ကို။ အနုဂ္ဂဟေသုံ= ပရိက္ခရာရှစ်ဖြာ လှူဒါန်းကာဖြင့် ရဟန်းဒါယကာ ရဟန်းဒါယိကာမအဖြစ်ဖြင့် ချီးမြှောက်ထောက်ပံ့ကြလေကုန်ပြီ။

သာသနာပြု ပုဂ္ဂိုလ်ထူး ပြုလုပ်ရန်ကြံစည်

(၂၃) မာဠကေ သော ဝိစိန္တေသိ၊ ဝါစေတ္ဝာန ဇိနဘဂမေ။
သာသနံ သုဝိရုဠှာယ၊ ကရိဿန္တိ ပုနပ္ပုနံ။

သော=ထို စတုပါရိသုဒ္ဓိ သီလရောင်လျှမ်း ရဟန်းတော်ဖြစ်ခါစ အရှင် ပညာသည်။ အဟံ=ဘုရားမြတ်စွာ သာသနာ၁န် အားသွန်ကြိုးပမ်း ထမ်းခွင့် ကြုံလာ ရဟန်းတော် ငါပညာသည်။ ဇိနဘဂမေ=ဘုရားဟောညွှန် ငါးတန်သော နိကာယ်ကျမ်းဂန်တို့ကို။ ဝါစေတ္ဝာန=မဟုဿာဟ ဇဲလှုံလဖြင့် ပို့ချ၍။ သာသနံ =ဘုရားဘုန်းခေါင် တည်ထောင်ဖန်တီး သာသနာတော်မြတ်ကြီးကို။ သုဝိရု-ဠှာယ=နေလရာထောင် ပြောင်ဝန်းသကဲ့သို့ ထွန်းတောက်စည်ပင်ခြင်းအကျိုးငှါ။ ကရိဿံ=ငါ၏ ကျေးဇူးတော်ရှင် တိပိဋကဘုရင် အရှင်ဂန္ဓသာရတို့တန်ဆူ ပြုရပေလိမ့်အံ့။ ဣတိ=ဤသို့ဤပုံ။ ပုနပ္ပုနံ=အကြိမ်ကြိမ် အဖန်ဖန်။ မာဠကေ= ရဟန်းခံရာ ထနောင်းစုရှာ နဂါးရာဇ်ကျောင်း သိမ်တန်ဆောင်းဝန်း၌။ဝိစိန္တေ-သိ=ကြံစည် ဆုံးဖြတ်တော်မူခဲ့လေပြီ။

အရှင်ဂန္ဓသာရထံ ဆက်လက်ပညာသင်

(၂၄) အထ ထေရကုံရော ဂန္ဓ-သာရဿ သာရဝိညုနော။
သန္တိကေ ဗဟဝေါ ဂန္ဓေ၊ သမုဂ္ဂဏှိ ဒိဝါနိသံ။

အဿ ပစ္ဆာ=ရဟန်းခံပြီးရာ ချိန်ခါသမယ ကာလမှနောက်၌။ ထေရကုံရော =မဟာဝိသုတာရုမ နိကာယတက္ကသိုလ် ဗဟိုစံပြ ဗိမာန်ကြီး၏ အဓိပတိ

မဟာနာယက လောင်းလျာ ရဟန်းသစ် အရှင်ပညာသည်။ သာရဝိညူနော= ထူးမြတ်သော တိပိဋကကျမ်းတတ် ပညာရှင်ကြီးဖြစ်တော်မူသော။ ဂန္ဆသာ-ရဿ=ရေစကြိုဘုန်းမော် အရှင်ဂန္ဆသာရ ဆရာတော်၏။ သန္တိကော=အနီး အနား ထံတော်ပါး၌။ ဒိဝါနိသံ=နေ့ညဉ့်ပတ်လုံး။ ဗဟဝေါ ဂန္ဆေ=ပါဠိ, အဋ္ဌကထာ, ဋီကာခန်းခန်း ကျမ်းဂန်များစွာတို့ကို။ သမုဂ္ဂဏှိ=ကဝိကဝိန် သုခမိန်လုပ်ရန် စိတ်ရည်သန်၍ ပြင်းတန်သုံသ ဝီရိယ စွမ်းအင်ဖြင့် သင်ယူတော်မူခဲ့လေပြီ။

တိပိဋကကျမ်းတတ် ပညာရှင်ကြီးဖြစ်ပြီ

(၂၅) ဣစ္စေဝံ ဥဂ္ဂဟံ ထေရော၊ ကောဝိဒေါ ပေဋကေ ဝိဒူ။
တိပေဋကဝိညူ အာသိ၊ ဇိနသာသန မုတ္တမေ။

ဣစ္စေဝံ=ဤ ဆိုခဲ့ပြီးနည်း သည်းထန်သော ဝီရိယဖြင့်။ ဥဂ္ဂဟံ=မြန်မြန်လည်းသင် များများလည်း ကျက်မှတ်နာယူသော။ ထေရော=သီလ, သမာ, ပညာခိုင်ကျည် ရဟန်းတော် အရှင်ပညာသည်။ ပေဋကေ=ဝိနယ, သုတ္တ, ဘိမွေဟု သုံးဝသော ပိဋကကျမ်းဂန်၌။ ကောဝိဒေါ=ပါရင် ပေါက်ရောက် တတ်မြောက်ကျမ်းကျင်သူသည်ဂုဏ်း။ ဝိဒူ= ကြွေင် ပုဇ္ဇန် စား ကျတ်ကျတ် ဝါးသို့ နှုတ်ဖျားသို့ရောက် တတ်မြောက်သိရှိသူသည်ဂုဏ်း။ ဟုတ္ဝာ=ဖြစ်၍။ ဇိန-သာသနမုတ္တမေ=ငါးပါးမာရ်ယုတ် ပယ်ဖြုတဲ့အောင်မြင် ဘုရားရှင် သာသနာတော်မြတ်၌။ တိပေဋကဝိညူ=တိပိဋကကျမ်းဂန်တတ် ပညာရှိသည်။ အာသိ= အမှန်စင်စစ် ဖြစ်တော်မူခဲ့လေပြီ။

အရှင်ဂန္ဆသာရ၏ သတ္တိနှင့် ဗျတ္တိတို့ အရှင်ပညာ နှလုံးအိမ်ရောက်

(၂၆) ဂန္ဆသာရမှိ ယာ သတ္တိ၊ အတိဃယ ဗျတ္တိပိ စ။
ဋီတာ ဟဒယကောသမှိ၊ ပညာထေရသုဝိညူနော။

ဂန္ဆသာရမှိ=ရေစကြိုဘုန်းမော် အရှင်ဂန္ဆသာရ ဆရာတော်၌။ ယာ သတ္တိ စ=ပိဋကတ်သုံးအင် ပါရင်ပေါက်ရောက် ကူးမြောက်နိုင်ကြောင်း အကြင် အစွမ်းသတ္တိ ကောင်းသည်ဂုဏ်း။ ယာ အတိဃယ ဗျတ္တိပိ စ=လွန်ကဲလွန်စွာ ငါးဖြာသော ကျမ်းနိကာယ်၌ ပိတ်ကွယ်ကင်းကွာ အကြင် လိမ္မာကျမ်းကျင်မှု ဗျတ္တိသည်ဂုဏ်း။ အတ္ထိ=အများပြည်သိ ထင်ရှားရှိလေ၏။ သာ သတ္တိ အတိ-ဃယ ဗျတ္တိပိ စ = ထို ရေစကြိုဆရာတော်ဘုရားကြီး၏ ပိဋကတ်ကူး သတ္တိထူးနှင့် လွန်ကဲသော ဗျတ္တိသည်လည်း။ ပညာထေရသုဝိညူနော=အရှင်ပညာ ပညာရှင်မထေရ်မြတ်ကြီး၏။ ဟဒယကောသမှိ=လွန်စွာတည်ငြိမ် ရှေ့နှလုံးအိမ်၌။ ဋီတာ=ရှေ့ခွက်၌တည် ခြေသုံ့ဆီသို့ ရောက်ရှိတည်နေခဲ့လေပြီ တကား။

အရှင်ဂန္ဆသာရထေရ်လေလား

အရှင်ပညာထေရ်လေလား လွန်ယုံမှား

(၂၇) ဓမ္မာသနေ သုဝါစေန္တော၊ ဂန္ဆော ဝါ ပညော ဝါ ကိန္နု။
သောတူ ဒေါဋ္ဌာယတေ စိတ္တံ၊ ဗျတ္တတံ အစ္ဆရံ ဘဝေ။

ဓမ္မာသနေ=ပခုက္ကူမြို့ မဟာဝိသုတရာမ စာချနေရာ ဓမ္မာသနပလ္လင်တော်၌။ သုဝါစေန္တော=စာပေကျမ်းဂန် ချပို့တော်မူနေသည်ရှိသော်။ ဂန္ဆော ဝါ ကိန္နု=ရေစကြိုဘုန်းမော် ဆရာဟော် အရှင်ဂန္ဆသာရ ဖြစ်လေရော့သလား။ ပညော ဝါ ကိန္နု=သို့မဟုတ်ပါ အရှင်ပညာထေရ် လေလော့။ ဣတိ= ဤသို့ ဤပုံ အမျိုးမျိုး အဖုံဖုံ။ သောတူ=သောတုနံ=အရှင်ပညာထံ သုံးတန် ပိဋကလိုက်နာသင်ယူကြသော တပည့်တို့၏။ စိတ္တံ=စိတ်သည်။ ဒေါဋ္ဌာယတေ=ပုခက်အေးယာဉ်ပုံလို ဟိုဖက်သည်ဖက် သွားလျက် ယုံမှားနေပါ၏။ ဗျတ္တတံ=အရှင်ပညာမဟာထေရ်၏ နိကာယ်ငါးဖြာ ချပို့မှုဌ် လိမ္မာကျမ်းကျင်တော်မူသည်၏ အဖြစ်သည်။အစ္ဆရံ ဘဝေ=အစ္ဆရိယံ ဘဝေ=လက်ဖျစ်ခိုက်တီး မဟာမဟီတုန်၍ ဟည်းအောင် အံ့ချီးဖွယ်ဖြစ်ပါပေစ့တကား။

ဂဏဝါစက စာချဌာနန္တရသို့ ရောက်ပြီ

(၂၈) နဝကော သမာနောယေဝ၊ ဂဏသ္မ ဝါစကော ဘဝိ။
ဂန္ဆေ သော ဝါစယီ ဓီရော၊ ဗဟုလေ ဗဟူနံ ဝိဒူ။

နဝကော=ငါးဝါမကြွယ် သက်တော် သိက္ခာတော် အရွယ်တော်နုသေးလေးဝါမျှ ရှိသူသည်။ သမာနော ယေဝ=ဖြစ်လျက်သာလျှင်။ ဂဏသ=တွက် ရေမျှားစွာ ဂိုဏ်းသံဃာအား ကျမ်းစာပို့ချ ဂဏဝါစက စာတော်ချသည်။ ဘဝိ=ရေစကြိုဘုန်းမော် ထေရ်ကျော်ချီးမြောက် ဖြစ်ရောက်တော်မူခဲ့လေပြီ။ ဝိဒူ=နိကာယ်ငါးရပ်လာ အခဲအကတ် ဒုန္နယတ်ကို တတ်သိကျမ်းကျင် ပညာရှင်လည်း ဖြစ်တော်မူသော။ ဓီရော=သင်ယူအပ်သမျှ ပျောက်ရှမခို့ မှတ်မိလည်း မှတ်မိတော်မူနိုင်သော။ သော= ထို ဂဏဝါစီ ဘွဲ့ထူးခံသည့် ဂုဏ်ရည်သျှမ်းဖြာ ရဟန်းတော် အရှင်ပညာသည်။ ဗဟုလေ ဂန္ဆေ=သင်္ချာ ချင့်ထောက် မြားမြောက်လှစွာကုန်သော ကျမ်းဂန်တို့ကို။ ဗဟူနံ=ကိုယ်တော့်ထံပါး ခစားမှီခို များစွာသော စာသင်ပျိုတို့အား။ ဝါစယီ=အံ့ဟို ရှေးခါကျန်းလင်္ကာ မဟာဝိဟာရက တိပိဋကစူဠနာဂဏထေရ်တို့ အလား ကြိုးစားချပို့တော်မူခဲ့လေပြီ။

၁။ ဘူ, ဟူ, ကရ, ဓာတ်အာသ ဓာတ်တကာ့ ရုဇာ— နိယံကို သတိပြုပါ၏။

မန္တလေးရွှေမြို့တော်

(၂၉) မန္တလာစလသာမန္တေ၊ ရတနာပုဏ္ဏနာမကံ။
ဣန္ဒာလယံ ဝဟာသန္တိ၊ ပုရံ သုရာဇမာပိတံ။

မန္တလာစလသာမန္တေ= ရောက်ရှိလာသူ များရှင်လူတို့၏ နှလုံးချမ်းအေး မန္တလေးတောင်တော်မြတ်၏ အနီးရပ်၌။ ဣန္ဒာလယံ ဝဟာသန္တိ=သိကြားပျော်စံ ဝေဇယန္တာ နန်းဗိမာန်ကို ပြောင်ဟန်ကျစယ် ပြက်ရယ်ပြုလျက်။ သုရာဇမာပိတံ=ပဉ္စမသံဂါယနာတင် ဓမ္မရာဇ် မင်းတုန်းဘုရင်သည် ကောင်းစွာ ဖန်ဆင်းတည်ထောင်အပ်သော။ ရတနာပုဏ္ဏနာမကံ=ရတနာပုဏ် ဘွဲ့မည်ထုံသော။ ပုရံ=ဘုရင့်စံပျော် နန်းရွှေမြို့တော်သည်။ အတ္ထိ=လွန်စွာပြောစည် တည်ရှိပေ၏။

မန္တလေးအရှေ့ပြင် ခင်မကန်တိုက်၌ အဘိဓမ္မာညဝါသင်ယူ

(၃၀) တမှိ ခင်မကန်နာမမှိ၊ အရိယဝံသသန္တိကေ။
ဝသိတ္ဝာ ရဇနီ ဂန္ဆေ၊ အသိက္ခိ သော မဟာယတီ။

မဟာယတီ=စာပေဂုဏ်နှင့်လည်း ပြည့်စုံ, သီလဂုဏ်နှင့်ကုံလုံ အစုံစုံ အဖုံဖုံ မွန်မြတ်သော ရဟန်းတော် ဖြစ်တော်မူသော။ သော=ထို ၃-ဝါရ ရဟန်းတော် အရှင်ပညာသည်။ တမှိ=ထို ရတနာပုဏ် ဘွဲ့မည်ထုံသာ သာသနာတည်ထွန်းရာ မန္တလေး ရွှေမြို့တော်၌။ ခင်မကန်နာမမှိ=အရှေ့ပြင် မဟာဝိဇယာရာမ ခင်မကန် အမည်ရှိသော စာသင်ကျောင်းတိုက်တော်ကြီး၌။ ဝသိတ္ဝာ=ယာပထလေးလိမျည်စံပျော်သီတင်းသုံးတော်မူ၍။ အရိယဝံသသန္တိကေ=ပဋ္ဌာန်းအာဂုံပြန် ဂုဏ်ရည်လှိုသည့် အရှင်အရိယဝံသထေရ်ထံတော်၌။ ရဇနီဂန္ဆေ=မာတိကာ, ဓာတုကထာ, ယမိုက်, ပဋ္ဌာန်း, အဘိဓမ္မာ ညဝါကျမ်းဂန် အမျိုးမျိုးတို့ကို။ အသိက္ခိ=ကျားရေလွှတ် နှုတ်လွှတ်အာဂုံ ရွတ်ဆိုသင်ယူတော်မူခဲ့လေပြီ။

မဟာမြတ်မုနိဘုရားအနီး ရွှေရေးဆောင်ကျောင်းတိုက်ကြီး

(၃၁) အာသန္နေဝ မဟာမုနိ-ပဋိမာယ ပတိဋ္ဌိတော။
ရွေးရေးဆောင်နာမ အာရာမော၊ ယတိဂဏနိသေဝိတော။

မဟာမုနိ ပဋိမာယ=နတ်လူအားလုံး ညွှတ်ရှိုးဆည်းကပ် မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီး၏။ အာသန္နေဝ =အနောက်မြောက်ဖက်စပ် အနီးအရပ်ဒေသ၌သာလျှင်။ ယတိဂဏနိသေဝိတော=များစွာ တွက်ရေ ရဟန်းသာမဏေအပေါင်းတို့ မှီဝဲသောထွေ နေထိုင်သီတင်းသုံးရာ ဖြစ်ပေသော။ ရွှေရေးဆောင်

နာမ အာရာမော=အမရပူရ မြို့ဘည် နန်းတည် ဘိုးတော် မင်းတရားကြီး၏ ဇနီး ကြင်ရာ တောင်ခရှရေးဆောင် မိဖုရားကြီး ရတနာမြတ်သည် တည်ဆောက် လှူဒါန်းအပ်ပေရကား ရှေရေးဆောင် ဟူသည့် အမည်ရှိသော ကျောင်းတိုက် အရံ သံဃဗိမာန်သည်။ ပတိဋ္ဌိတော=တံတိုင်း မဟာရံ သံဃာပျော်အောင်း ကျောင်းကြီး ကျောင်းငယ် အသွယ်သွယ်ဖြင့် တင့်တယ် ပျော်စည် တည်ရှိလေ၏။

ရှေရေးဆောင်ဆရာတော်ဦးကြည်ထံ ပညာသင်

(၃၂) ဦးကြည်ဘိကဝိသေဋ္ဌဿ၊ထေရဿာပိ ယဿသိနော။
ဂန္ဆေ သော ဗဟဝေါ သိက္ခိ၊တေသု ဆေကော ဝိဒူ အဟု။

ယဿသိနော=စာလိုက် သံဃာ တပည့်တပန်း ရဟန်း သာမဏေ ပရိသတ် အခြံအရံများစွာရှိပေသော။ ဦးကြည်တိ ကဝိသေဋ္ဌဿ ထေရဿာပိ=ဦးကြည် ဟူ၍ ကျော်စောကိတ္တိ ရှိသော ပညာရှိ စာချု မထေရ်မြတ်၏လည်း။ သန္တိကေ =အထံတော်၌။ ဗဟဝေါ ဂန္ဆေ=မူလဋ္ဌီကာ စသည်ထွေပြား ကျမ်းဂန်များ တို့ကိုလည်း။ သိက္ခိ=မဟုဿာဟ လုံလ စွမ်းပကားဖြင့် တတ်မြောက်အောင် ထပ်ဆင့် သင်ကြားတော်မူခဲ့လေပြီ။ တေသု=သင်ယူအပ်သမျှ ကျမ်းဂန် အဝဝ တို့၌။ ဆေကော=ကျွမ်းကျင်လိမ္မာ တတ်မြောက်သူသည်ရင်း။ ဝိဒူ=ယုံမှား မရှိ တတ်သိဆူသည်ရင်း။ အဟု=မုချစင်စစ်ဖြစ်တော်မူခဲ့လေပြီ။

ဖက်ပင်အိုင့် ဆရာတော်ထံ ရောက်ရှိ ဝိနိစ္ဆယစုဆောင်း

(၃၃) ဖက်ပင်အိုင့်ဂါမသေဋ္ဌေပိ၊ဒီဃထေရ သုဝိညေနာ။
ဒ္ဝိဘိမာသံ ဝသိတ္ဝာန၊ သဋ္ဌိနိ နိစ္ဆယံ ဗဟုံ။

ဖက်ပင်အိုင့် ဂါမသေဋ္ဌေပိ=မြင်းခြံခရိုင် ဖက်ပင်အိုင့် ရွာမြတ်ဌာလည်း။ ဒီပ ထေရသုဝိညေနာ=အချင်ဒီပခေါ်တွင် ပညာရှင် မထေရ်မြတ်ကြီး၏ အထံ၌ လည်း။ ဒ္ဝိဘိမာသံ=နှစ်လ သုံးလ ကာလပတ်လုံး။ ဝသိတ္ဝာန=သီတင်းသုံး စံပျော် နေထိုင်တော်မူ၍။ နိစ္ဆယံ ဗဟုံ=ရဟန်းတော်၏လက်သုံး ဝါကျ အဆုံး အဖြတ် စသည့် အဆုံးအဖြတ်များကို။ သဋ္ဌိနိ=ဆည်းပူးစုဆောင်း လေ့လာ တော်မူခဲ့လေပြီ။

ထိပ်တန်း ပညာရှိအဖြစ်သို့ရောက်ခြင်း

(၃၄) ဣစ္စေဝံ မဟုဿာဟေန၊ ထေရာနံ တိက္ခဉာဏိနံ။
သန္တိကေ ဥဂ္ဂဟေတ္ဝာန၊ ပဏ္ဍိစ္စမဂမီ ယတိ။

ဣစ္စေဝံ=ဤသို့ ဆောင်ပြခဲ့သည့် အခြင်းအရာအားဖြင့်။ ဝါ=ဤသို့ မုချ ထုတ်ပြခဲ့သည့်အတိုင်း။ ယတိ=မဟာဝိသုတာရာမ တိပိဋကဓိဿ ဝိဇ္ဇာလယ

ဦးစီးရဟန်းတော် အရှင်မြတ်ကြီး အရှင်ပညာသည်။ မဟုဿာဟေန=ဘုရား ညွှန်ဖူး ထူးမြတ်သော ပုဂ္ဂလ အလောင်းတော် ဇနက အလား ကြီးမားလှသော ဝီရိယဖြင့်။ တိက္ခဉာဏိန်=ဝဇိရဉာဏိန် ထိန်တလက်လက် ထက်မြက်သော ဉာဏ်ရည် ဉာဏ်သွား ရှိတော်မူကြကုန်သော။ ထေရုန်=နန်, ဉ, အာစာရ, ဓမ္မသီရိ, တလှည့်မေဓာ, တဖြာရေစကြို, ထိုပြင်အရိယ, တဝ-ဦးကြည့်, ဒီပ ဟူငြား ကျမ်းဂန်တတ် ဆရာတော် ကိုးပါးတို့၏။ သန္တိကေ=ထံတော်ပါး၌။ ဥဂ္ဂဟေတုဝန=ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံ လေးတန်ရှုးရှု သင်ယူတော်မူခဲ့၍။ ဝါ=ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံ လေးတန်ရှုးရှု သင်ယူတော်မူခဲ့ခြင်းကြောင့်။ ပဏ္ဍိစ္စံ=ဖက်စုံကျမ်းကျင်ပညာရှင်ကြီး၏အဖြစ်သို့။ဝါ=ပိဋကတ်ကျမ်း ဖက်ကမ်း ပေါက်ရောက် မုံသောက်မာတင် ထိပ်တန်းပညာရှင်ကြီး၏ အဖြစ်သို့။ အဂမီ= သပ္ပုရိသူပနိဿယစက် ထက်ကြပ်မကွာ လွန်စွာလုံလောက် ရောက်တော်မူခဲ့လေပြီ။

မဟာဝိသုတာရုမ နိကာယ တက္ကသိုလ်၌ သီတင်းသုံး စာချ

(၃၅) ပါဒန္တေ ဂန္ဆသာရဿ၊ ဝိသုတေ ဝိသုတာလယေ။
ဝသိတ္ဝာန နိကာယေ သော၊ ဝါစယီ ယတိပုင်္ဂဝေါ။

ယတိပုင်္ဂဝေါ=သာသနာ့ ဝန်ထမ်း ရဟန်းသာမဏေ ရာထောင်တို့၏ ဖွဲ့ဆောင် ဦးစီး ရဟန်းမြတ်ကြီး ဖြစ်တော်မူသော။ သော=ထို အရှင်ပညာသည်။ ဝိသုတေ=သီဟိုဠ်နိုင်ငံ, ယိုးဒယားနိုင်ငံ စသည်တိုင်အောင် ပျံ့လွှင်ကျော်ကြား လွန်ထင်ရှားသော်။ ဝိသုတာလယေ=မဟာဝိသုတာရုမ စာချဗိမာန် နိကာယတက္ကသိုလ် အရံကျောင်းတိုက်ကြီး၌။ ဂန္ဆသာရဿ=တိပိဋကဘုရင် အရှင်ဂန္ဆသာရ မဟာထေရ်မြတ်ကြီး၏။ ပါဒန္တေ=ခြေတော်ရင်းအနီး၌။ ဝသိ-တ္ဝာန=ရေစကြိုဘုန်းမော် ဗန်းသော်တာရောင်ခြည်ဦး၌ ကြည်နူးစွာသီတင်းသုံး နေထိုင်တော်မူ၍။ နိကာယေ=ဒီဃ, မဇ္ဈိမ, သံယုတ္တနှင့် အင်္ဂုတ္တရ, ခုဒ္ဒကမည် နိကာယ် ကျမ်းဂန်ကို့ကို။ ဝါစယီ=ရွေး ယခင်အခါ သီဟိုဠ်ကျန်းက မဟာသုမထေရ်, မဟာပဒုမထေရ်, တိပိဋကစူဠနာဂထေရ်, တိပိဋကစူဠာဘယထေရ် စသည်တို့ ပမာ သမ္မာဆန္ဒ ဇဲ့လှုံလဖြင့် ချပို့တော်မူခဲ့လေပြီ။

၁။ သီဟိုဠ်နိုင်ငံမှ အရှင်ဉာဏာလောက စသော ရဟန်းတော်များ, ယိုးဒယားနိုင်ငံမှ ရဟန်းတော်များစွာ ပခုက္ကူ မဟာဝိသုတာရုမတိုက်၌ နေထိုင်ပညာသင်ဘူးကုန်၏။ သို့ဖြစ်၍ မဟာဝိသုတာရုမတိုက်ကြီးကား သီဟိုဠ်,ယိုးဒယား စသည်တို့ တိုင်အောင် ကျော်စော၏။

ကျော်စောသံ တနိုင်ငံလုံးနှံ့

(၃၆) ကိတ္တိသဒ္ဒါ ဟိ ထေရဿ၊ အဗ္ဘုဂ္ဂတော ဝိဘာဝိနော။
ထေရဿ ပဏ္ဍိတတ္တံ ဟိ၊ ကာမံ အစ္ဆရိယံ ဘဝေ။

ဝိဘာဝိနော=နိကာယ်ငါးရပ် ကျမ်းတတ်ပါရင် ပညာရှင်ကြီးဖြစ်တော်မူသော။ ထေရဿ=အရှင်ပညာ မဟာထေရ်မြတ်ကြီး၏။ ကိတ္တိသဒ္ဒါ=သီလရှိသည့်,သမာဓိရှိသည့်,နိကာယ်ငါးခန်း ကျမ်းစုံတတ်သည့် စသည်ဖြင့် ဆင့်ကာဆင့်ကာ ပေါ်လာတက်လို့ ကျော်စောသံသည်။ အဗ္ဘုဂ္ဂတော=သာသနာတခုလုံး အုပ်ဖုံးကျော်တက်ခဲ့လေပြီတကား။ ထေရဿ=မဟာဝိသုတာရာမစာချအကျော် ဆရာတော်အရှင်ပညာထေရ်၏။ ပဏ္ဍိတတ္တံ ဟိ=ကျမ်းကျင်တတ်သိပညာရှိပုဂ္ဂိုလ်၏ အဖြစ်သည်ကား။ ကာမံ အစ္ဆရိယံ ဘဝေ=အမှန်စင်စစ်လက်ဖျစ်ရိုက်တီး ချီးမွမ်းထိုက်ပါပေစွတကား။

မဟာဝိသုတာရာမတိုက်ကြီး၏ အဓိပတိဖြစ်

(၃၇) ထေရာဒီစ္စေ နိရုဒ္ဓမ္ပိ၊ ဝိသုတနာယကော ဘဝိ။
ပညော ပညာယ ပညာတော၊ ကောသာရက္ခေ့ မဟေသိနော။

မဟေသိနော=သီလ, သမာဓိ စသည့် ကျေးဇူး ဂုဏ်အထူးကို ရှင်မြှုံးဝမ်းသာ ရှာမှီးတော်မူတတ်သော မြတ်စွာဘုရား၏။ ကောသာရက္ခော=နိကာယ်ငါးဖြာ တရားဒေသနာ ဘဏ္ဍာတိုက်စိုးကြီး ဖြစ်တော်မူသော။ ပညာယ=အရာရာတွင် ဆင်ခြင်တိုင်းထွာ ပညာဉာဏ်ကြောင့်။ ပညာတော=နိုင်ငံအဝှမ်းလှမ်းတက်ထင်ပေါ် ကျော်စောကီတ္တိ ရှိတော်မူသော။ ပညော=အရှင်ပညာမထေရ်မြတ်သည်။ ထေရာဒီစ္စေ=တိပိဋကဘုရင် အရှင်ဂန္ဓသာရဟူသည့် စင်ဖြူပဝင်း ရေစကြိုဆရာတော် နေမင်းကြီးသည်။ နိရုဒ္ဓမ္ပိ=စုတိကမ္မဇရုပ် ချုပ်ကွယ်ပြန်လွန်တော်မူသည်ရှိတော်။ ဝိသုတနာယကော ဘဝိ=မဟာဝိသုတာရာမ သံဃအရံ ဗိမာန်တော်ကြီး၏ ထွတ်ထိပ်ပဓာန မဟာနာယက ဖြစ်တော်မူခဲ့လေပြီ။

နေညဉ့်မပြတ် ဇဲလုံ့လဖြင့် စာပေဖွဲ့ပို့

(၃၈) ဂမ္ဘီရပညော မေဓာဝီ၊ ရတ္တိန္ဒိဝံ မတန္ဒိတော။
မဟာထာမေန ဝါစေသိ၊ ပေဋကံ ပေသလော ဝိဒူ။

ဂမ္ဘီရပညော=မြင်းမိုရ်တောင်ခြေ သမုဒ်ရေအလား ထူးခြားနက်နဲသော ပညာဉာဏ်ရှိတော်မူသော။ မေဓာဝီ=အာခက်အခဲ ခွဲဖျက်ဖောက်ထွင်း လင်း

၁။ ၁၂၇၆-ခုနှစ် သီတင်းကျွတ်လဆုတ်၂-ရက်နေ့တွင် ရေစကြိုဆရာတော်ဘုရားကြီး ပြန်လွန်တော်မူသဖြင့် ဆရာတော် အရှင်ပညာ မဟာဝိသုတာရာမတိုက်ကြီး၏ မဟာနာယကအဓိပတိဖြစ်သည်ဟူ၏။

လင်းသိမြင် ပညာရှင်ကြီးဖြစ်တော်မူသော။ ပေသလော=ပါတိမောက္ခ, ဣန္ဒြိ-ယနှင့် ပစ္စယ, အာဇီ လေးလီသော သီလဂုဏ်ကို စုံမက်ခင်မင်တော်မူသော။ ဝိဒ္ဒါ=ပိဋကတ်သုံးဖြာ ဘုရားမြတ်စွာ စကားတော်၌ ရှိရှုံးမရှိ တတ်သိကျမ်းကျင် ပညာရှင်ဖြစ်တော်မူသော အရှင်ပညာသည်။ ရတ္တိန္ဒိဝံ=ညဉ့်နေ့တို့ပတ်လုံး (ညဉ့်နေ့မပြတ်)။ အတန္ဒိတော=ပျင်းရိငြီးငွေ့ခြင်း အလျင်း ရှိတော်မမူပဲ။ မဟာထာမေန=မြင်းမိုရ်တန္တ၂ ဝိရိယအထုဖြင့်။ ပေဋကံ=ပိဋကတ်သုံးပုံ ပါဠိတော်, အဋ္ဌကထာ, ဋီကာ ကျမ်းဂန်များစွာကို။ ဝါစေသိ=ချပို့တော်မူခဲ့လေပြီ။

ရဟန်းသာမဏေများစွာတို့ တပည့်ခံလာ ပညာသင်ကြ

(၃၉) ပါဒန္တေ ထေရသေဋ္ဌဿ၊ ဗဟုကာဝ တပေါဓနာ။
အာဂန္ဆွာန ဥဂ္ဂဏှန္တိ၊ ဒကဿ ပဝါဟော ယထာ။

ဒကဿ ပဝါဟော ယထာ=အဟုန်ဒီးဒီး စီးဆင်းလာသော ရေအယဉ်ပမာ။ ဗဟုကာဝ=ရာထောင်သန်းချာ မြားမြောင်လှသည်သာလျှင် ဖြစ်ကုန်သော။ တပေါဓနာ=အကျင့်သီကွာ ကိုယ်မှာပြည့်လျှမ်း ရဟန်းသာမဏေတို့သည်။ ထေရသေဋ္ဌဿ =တခေတ်တခါ ထူးခြားလှစွာ ပေါ်ထွန်းလာသော အရှင်ပညာမဟာထေရ်မြတ်၏။ ပါဒန္တေ=ခြေတော်ရင်း၌။ အာဂန္ဆွာန=ပျပ်ဝပ်ရိုကြိုးရှိခိုးဆောက်ရှိကြကုန်၍။ ဥဂ္ဂဏှန္တိ=ပိဋကတ်ကျမ်းဂန် အရပ်ရပ်ကို အပတ်တကုတ် အားထုတ် သင်ယူကြကုန်၏။

ပျော်ရွှင်ကြ, နှစ်သက်ကြ, အေးချမ်းကြ, ချမ်းသာကြ

(၄၀) သောတာရော ဘိက္ခဝေါ တေန၊ သမ္မမောဒန္တိနေကဓာ။
ထေရံ နိဿာယ တုဿန္တိ၊ သီတာယန္တိ သုခန္တိ စ။

ထေရံ=ပဒေသာပင်လို, ရှေ့မြင်းမိုရ်ပမာ, ဥဒေသော်တာတန္တ၂, စံပြုထိုက်သည့် ဝိသုဘာတို့က် မကိုင်ဆုတ်ထိုး အရှင်ပညာ ဆရာတော်ဘုရားကြီးကို။ နိဿာယ= မှီရုဘခု အားကိုးပြုကြကုန်၍။ တေန=ထိုသို့ ကျမ်းဂန်ထိုထို အလိုဆန္ဒအလျောက် သင်ယူတတ်မြောက်ကြခြင်းကြောင့်။ သောတာရော ဘိက္ခဝေါ= စာသင်သား ရဟန်းသာမဏေများတို့သည်။ အနေကဓာ=အမျိုးမျိုး အဖုံဖုံ။ သမ္မမောဒန္တိ စ=အလိုပြည့်လျှမ်း ဝမ်းမြောက်လည်း ဝမ်းမြောက်ကြကုန်၏။ တုဿန္တိ စ=စာသံကျေးဟစ် နှစ်သက်ရွှင်လန်းလည်း နှစ်သက်ရွှင်လန်းကြကုန်၏။ သီတာယန္တိ စ=ဒုက္ခကင်းဝေး ချမ်းအေးလည်း ချမ်းအေးကြကုန်၏။ သုခန္တိ စ=စိတ်စက်ရွှင်လန်း ချမ်းသာလည်း ချမ်းသာကြကုန်၏။

တိုက်တာဉီးစီး, ကျမ်းဂန်ပြု, စာချပညာရှင် များစွာတို့ပါရှိ

(၄၁) အာဂါမိကာလေ သိဿေသု၊ အာရာမာဓိပတီ ဗဟူ။
ဂန္ထသမ္မာဒကာ စာပိ၊ ဝါစကာ တိက္ခဉာဏိနော။

သိဿေသု=ကိုယ်တော့်ထံတွင် ပညာသင်ကြား တပည့်များတို့တွင်။ အာဂါမိကာလေ=မဝေးကွာလှ အနာဂတ်ခါသမယဌ်။ အာရာမာဓိပတီ=စာသင်ကျောင်းတိုက်ကြီးများ၏ ဉီးစီး နာယက အဓိပတိ ဖြစ်ကြမည်လည်း ဖြစ်ကုန်သော။ ဂန္ထသမ္မာဒကာ စာပိ=ကျမ်းဂန်ရေးသား ဘုရားသာသနာ စည်ပင်အောင် ပြုမည်လည်း ဖြစ်ကြကုန်သော။ တိက္ခဉာဏိနော=ထက်မြက်သော ဉာဏ်ပညာရှိကုန်သော။ ဝါစကာ=ဂဏ်ဝါစက စာချအာကျော် ဖြစ်ကြမည်လည်း ဖြစ်ကြကုန်သော။ ဘိက္ခု=သာသနာ့ အာဇာနည် ရဟန်းတော်တို့သည်။ ဗဟူ=သခ်္ခါချင့်ထောက် များများလှကုန်၏[၁]။

ဝိနည်း မိဋ္ဌကမိုး ရွာသွန်းပေးခဲ့

(၄၂) သုပညာထေရပဇ္ဇုန္နော၊ တေမေသိ စ အာနေကခေါ။
ဝိနယဝုဋ္ဌိယာ စေဝ၊ သုဝိနယပိပါသိတော။

သုပညာထေရပဇ္ဇုန္နော=ဝိနယပိဋ္ဌက ပါရင် အရှင်ပညာထေရ်တည်းဟူသော မိုးနတ်မင်းကြီးသည်။ သုဝိနယ ပိပါသိတော=ဝိနည်းဒေသနာမိုးရေ ဆာလောင်၍ နေကြကုန်သော တပည့်တပန်း ရဟန်းသာမဏေတို့ကို။ ဝိနယဝုဋ္ဌိယာစေဝ=ဝိနည်း ပိဋ္ဌကတော်မိုးကြီး ရွာချသွန်းဖြိုးပေးတော်မူခြင်းဖြင့်လည်း။ အာနေကခေါ=အမျိုးမျိုး အဖုံဖုံ။ တေမေသိ စ=စိုစွတ်စေလည်း စိုစွတ်စေတော်မူခဲ့လေပြီ။

၁။ ရန်ကုန်မြို့ ဘုရားကြီးတိုက် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အရှင်ကောဏ္ဍည, ပြည်မြို့ ဇောတိကာရုံတိုက် အဂ္ဂမဟာပဏ္ဍိတ ပါဠိတက္ကသိုလ်ဥက္ကဋ္ဌ အရှင်တေဇနိယ မန္တလေး ဝေယံဘုံသာတိုက် အဂ္ဂမဟာပဏ္ဍိတ အရှင်ကလျာဏ, မန္တလေးမြို့ မစိုးရိမ်တိုက် နာယက အဂ္ဂမဟာပဏ္ဍိတ အရှင်ကောသလ္လ, အဂ္ဂမဟာပဏ္ဍိတ ပဒ္ဓဇန်းဆရာတော် အရှင်ဝိသုဒ္ဓ, အမရပူရမြို့ အဂ္ဂမဟာပဏ္ဍိတ အရှင်ဇနကာဘိဝံသ, မန္တလေးမြို့ ဘုရားကြီးတိုက် ဆရာတော် အရှင်ဥက္ကံသာဘိဝံသ, လယ်တီကောဝိဒ စသည်တို့ဖြစ်ကုန်၏။

သုတ္တန်ပိဋကမိုးရေဖြင့် အေးမြ ချမ်းကြည်စေခဲ့

(၄၃) သုပညာထေရပဇ္ဇုန္နော၊ ဟိလာဒေတိ ဗဟူ ဇနေ။
သုတ္တန္တဝုဋ္ဌိယာ စေဝ၊ သုတ္တန္တေန ပိပါသိတော။

သုပညာထေရပဇ္ဇုန္နော = သုတ္တန်ပိဋကပါရင် အရှင်ပညာထေရ်တည်းဟူသော မိုးနတ်သားကြီးသည်။ သုတ္တန္တေန=သုတ္တန်မည်ထ ပိဋကမိုးရေဖြင့်။ ပိပါသိတေ=ဆာလောင် မွတ်သိပ်ရှာကြကုန်သော။ ဗဟူ ဇနေ=သန်းချီတွက်ရေများလှစွာပေကုန်သော ရဟန်းသာမဏေတို့ကို။ သုတ္တန္တဝုဋ္ဌိယာ စေဝ=သုတ္တန်ပိဋကမိုး စွေဖြိုးရွာသွန်းပေးတော်မူခြင်းဖြင့်လည်း။ ဟိလာဒေတိ=ဆာလောင်မှုဟူ အပူကင်းပ အေးမြစေတော်မူလေ၏။

အဘိဓမ္မာမိုးရေ တိုက်ကျွေး နှစ်သက်စေခဲ့

(၄၄) သုပညာထေရပဇ္ဇုန္နော၊ တောသာပေတိ ဗဟူ ဇနေ။
အဘိဓမ္မသုဝဿေန၊ အဘိဓမ္မပိပါသိတော။

သုပညာထေရပဇ္ဇုန္နော = အဘိဓမ္မာပိဋကပါရင် အရှင်ပညာထေရ်တည်းဟူသော မိုးနတ်မင်းကြီးသည်။ အဘိဓမ္မပိပါသိတော=ဓမ္မသင်္ဂဏီ, ဝိဘင်း, ဓာတုကထာ,ပုဂ္ဂလပညတ်, ကထာဝတ္ထု, ယမိုက်,ပဋ္ဌာန်း အဘိဓမ္မာကျမ်းစာခုနစ်ဆောင် ဆာလောင် မွတ်သိပ်ကြကုန်သော။ ဗဟူ ဇနေ=ကိုယ်တော်ထံမှောက် ချဉ်းကပ် ရောက်ရှိကြကုန်သော တပည့်တပန်း ရဟန်းသာမဏေများစွာတို့ကို။ အဘိဓမ္မသုဝဿေန= အဘိဓမ္မာ ခုနစ်ကျမ်းတည်းဟူသော မိုးရေ မိုးပေါက်ဖြင့်။ တောသာပေတိ=တိုက်ကျွေး နှစ်သက်စေတော်မူလေ၏။

ပိဋကတ်သုံးပုံ တတ်မြောက်လွန်းလှပါ၏

(၄၅) ကုသလော တိသု ဥတ္တိသု၊ သမုဂ္ဂံသော မဟာမုနေ။
သိဟဠေ အဘယော ထေရော၊ ယထာ ဝိဟာရပုဂ်ဂေါ။

မဟာမုနေ=မဟာဝိသုတာရာမ သံဃဗိမာန် အလံတံခွန် ပုံပြုညွှန်သားထူးချွန်စောမီး အိုရဟန်းတော်မြတ်ကြီးဘုရား။ တဝ=အရှင်သူမြတ်ဘုရားကြီး၏။ တိသု ဥတ္တိသု=ဝိနယ, သုတ္တ, အဘိဓမ္မဟု သုံးဝသော ဘုရားစကားတော်တို့၌။ ကုသလော=လိမ္မာကျမ်းကျင် တတ်မြောက်တော်မူခြင်းကား။ သမုဂ္ဂံသော=ထူးထူးချွန်ချွန် ကဲလွန်တော်မူလှပါ၏ဘုရား။ ယထာ=နှိုင်းခိုင်းဖွယ်ပမာ ရှာပြုရပါမူ။ သိဟဠေ=လင်္ကာခေါ်ဆို သီဟိုဠ်ကျွန်း၌။ ဝိဟာရပုဂ်ဂေါ=မဟာဝိဟာရ စာချကျောင်းတိုက်ကြီး၏ စာချခေါင်းဆောင် ဖြစ်တော်မူသော အဘယော ထေရော ယထာ=အရှင်တိပိဋကစူဠဘယထေရ်နှင့် တူလှပါ၏ဘုရား။

ဒီဃနိကာယ် နတ်သုဓာ ကျေးတော်မူခဲ့

(၄၆) သုပညာထေရ ဒေဝိန္ဒော၊ ဘောဇေတိ စ ဗဟူဇနေ။
ဒီဃနိကာယသုဓာယ၊ ဒီဃသုဓာပိပါသိတော။

သုပညာထေရ ဒေဝိန္ဒော=နိကာယ်ငါးဖြာ ဒေသနာကမ်းကူး ပုဂ္ဂိုလ်ထူးဖြစ်တော်မူသော အရှင်ပညာထေရ် တည်းဟူသော မိုးနတ်မင်းကြီးသည်။ ဒီဃသုဓာပိပါသိတော=ဒီဃနိကာယ် အမြိုက်သုဓာဖြင့် လွန်စွာဆာလောင်မွတ်သိပ်ကြကုန်သော။ ဗဟူဇနေ=တပည့်တပန်း ရဟန်းသာမဏေ မျှားစ့ာတို့ကို။ ဒီဃနိကာယ သုဓာယ=ဒီဃနိကာယ် တင့်တယ်ထူးအင် သုဓာဘုတ် နတ်သြဇာဘောဇဉ်ကို။ ဘောဇေတိ စ=သဒ္ဓါရွှေထား စားလည်း စားစေတော်မူ၏။ ဝါ=ကရွှဏာရှေး ကျေးလည်း ကျေးတော်မူ၏။

မဇ္ဈိမနိကာယ် နတ်သြဇာ ကျေးတော်မူခဲ့

(၄၇) ပညာထေရသုဓာသီဟိ၊ သန္တပ္ပေသိ ဗဟူ ဇနေ။
မဇ္ဈိမအမတေနာပိ၊သုမဇ္ဈိမပိပါသိတော။

ပညာထေရသုဓာသီဟိ=နိကာယ်ငါးဖြာ ဒေသနာတံကဲ့ အမြဲမှီနေ အရှင်ပညာထေရ် တည်းဟူသော နတ်သားကြီးသည်ကား။ သုမဇ္ဈိမပိပါသိတော=မဇ္ဈိမနိကာယ် ကျမ်းပင်လယ်ဘည်းဟူသော သုဓာဘုတ်ဖြင့် မွတ်သိပ် ဆာလောင်၍ နေကြကုန်သော။ ဗဟူဇနေ=တပည့်တပန်း မျှားစ့ာတို့ကို။ မဇ္ဈိမအမတေနာပိ=မဇ္ဈိမနိကာယ် ကျမ်းပင်လယ် အမြိုက်သုဓာဘုတ်ဖြင့်လည်း။ သန္တပ္ပေသိ=အားရဝလင် အင်စေတော်မူခဲ့လေပြီ။ ဝါ=အားရဝလင် အင်လောက်အောင် ချပို့ကျေးမွေးတော် မူခဲ့လေပြီ။

သံယုတ္တနိကာယ် နတ်သြဇာကျေးမွေးခဲ့

(၄၈) သုပညာ ထေရသုဒေဝေါ၊ ဗဟဝေါ သကသိဿကေ။
သံယုတ္တပိယူသေနာပိ၊ သမ္ပဝါရေသိ နေကဓာ။

သုပညာထေရသုဒေဝေါ=အရှင်ပညာထေရ် တည်းဟူသော နတ်မင်းကြီးသည်။ ဗဟဝေါ= ရေတွက်သခ်ျာ များလှစ့ာကုန်သော။ သကသိဿကေ=ကိုယ်တော်ထံမှောက် ခိုရောက်ဝင်ရှိ ကိုယ့် တပည့်တပန်းတို့ကို။ အနေကဓာ=မနေမနား အထွေထွေအားဖြင့်။ သံယုတ္တပိယူသေနာပိ=သံယုတ္တနိကာယ် တည်းဟူသော နတ်သြဇာ နတ်ထမင်းဖြင့်လည်း။ သမ္ပဝါရေသိ=တော်ပါပြီ တန်ပါပြီဟု ပယ်မြစ်ရလောက်အောင် ဝဝလင်လင် ကျေးမွေးတော်မူခဲ့လေပြီ။

အင်္ဂုတ္တရနိကာယ် ဩဇာဖြင့် ရွှင်လန်းစေခဲ့

(၄၉) သုပညာထေရသုမရှု၊ တောသာပေသိ ဗဟူ ဇနေ။
အင်္ဂုတ္တရာဂမနောပိ၊ အင်္ဂုတ္တရပိပါသိတေ။

သုပညာထေရသုမရှု=အရှင်ပညာဟူသည် ရောင်ခြည်ပဝင်း နတ်မင်းကြီးသည်။ အင်္ဂုတ္တရာဂမနောပိ=အင်္ဂုတ္တရနိကာယ် ကျမ်းစာသုခဘုတ်ဖြင့်လည်း။ အင်္ဂုတ္တရပိပါသိတေ ဗဟူဇနေ=မိမိထံမှောက် ရောက်ရှိချဉ်းလာ အင်္ဂုတ္တရနိကာယ်ဖြင့် ဆောလောင်ကြသည့် တပည့်တပန်းများစွာတို့ကို။ တောသာပေသိ=နှစ်သက်အားရမ်း ဝမ်းသာစေတော် မူခဲ့လေပြီ။

ခုဒ္ဒကနိကာယ်အပါအဝင် ကျမ်းစာများချပို့သာသနာပြု

(၅၀) ခုဒ္ဒကာဂမပါရဂေါ၊ ပညာထေရော ယတိဿရော။
ခုဒ္ဒကမ္ပိ ဝါစယိတ္ဝာ၊ ဇိနသာသနကာရကော။

ခုဒ္ဒကာဂမပါရဂေါ=ခုဒ္ဒကနိကာယ် ကျမ်းပင်လယ် အနက်အစောက်၌ လည်း အထပ်ထပ် ကူးမြောက်ပေါက်ရောက် တတ်မြောက်တော်မူပါ၊ပေသော။ ယတိဿရော ပညာထေရော=ရဟန်းသံဃာ ထောင်ပေါင်းများစွာတို့၏ ဆရာသခင် အစိုးရ အာသျှင်ကြီး ဖြစ်တော်မူသော အရှင်ပညာထေရ်သည်။ ခုဒ္ဒကမ္ပိ=ခုဒ္ဒကနိကာယ်ဝင် ကျမ်းဂန်များ ကိုလည်း။ ဝါစယိတ္ဝာ=ဝီရိယထန်သည်းနည်းပေးချပို့တော်မူ၍။ ဇိနသာသနကာရကော=ငါးမာရ်အောင်မြင် ဘုရားရှင် သာသနာ စည်ပင်ရေးကို အားပေးပြုလုပ်တော် မူခဲ့လေပြီ။

အံ့ဩဖွယ်ရာကြက်သီးကောင်းလှပါဘိ အရှင်ဘုရားပညာတော်

(၅၁) ဝေရမ္ဘဝါတ ဝေဂေါဝ၊ နိကာယေ ဇာနနာ တဝ။
အစ္ဆရိယာ စ အဗ္ဘုတာ၊ အစ္ဆန္တံ လောမဟံသိယာ။

ဘန္တေ=ထိပ်တန်း ပရိယတ္တိ ဝန်ဆောင်ကြီး ဖြစ်တော်မူသော အရှင်သူမြတ်ကြီး၏။ နိကာယေ=နိကာယ်ငါးတန် ဒေသနာကျမ်းဂန်၌။ ဇာနနာ=ခဲခက်ပယ်နှင့် သိမြင်တတ်သော ဉာဏ်ရည်ဉာဏ်သွား ဉာဏ်စွမ်းပကားသည်။ ဝေရမ္ဘ-ဝါတဝေဂေါဝ=တယူဇနာကျော်ရုပ် အရှိန်ယူလတ်၍ တိုက်ခက်လာလို့င်း လေမုန်တိုင်းအဟုန်တမူ တူလှုပါ၏။ အစ္ဆရိယာ စ=လစ်ဖျစ်ရိုက်တီး မြေတုန်ဟီးအောင် အံ့ချီးထိုက်ပါလှုပါ၏။ အဗ္ဘုတာ စ= မကြုံစဘူး ယခုကျမှ အထူးအသစ် ဖြစ်ရပါ၏။ အစ္ဆန္တံ လောမဟံသိယာ=စင်စစ်ကေန္တ မွေးညှင်းရွှင်ပျကြက်သီးထလောက်ပါ၏။

သီမာဝိနိစ္ဆယကျမ်းပြုစု

(၅၂) ဝိနိစ္ဆယမ္ပိ သီမာယ၊ ဝိနိစ္ဆယသုကောဝိဒေါ။
ရစယီ မြန်မာ့ဘာသာယ၊ သုတေသိနံ ဟိတာဝဟံ။

ဝိနိစ္ဆယသုကောဝိဒေါ=အဆုံးအဖြတ် အတန်တန်၌ လွန်စွာလိမ္မာကျမ်းကျင်တော်မူသော အရှင်ပညာ ဆရာတော်ဘုရားကြီးသည်။ သုတေသိနံ=သိမ်နှင့်စပ်သမျှ သုတအဝဝကို ရလိုပွါးစီး ရှာမှီးလေ့ရှိကုန်သော ရဟန်းတော်တို့၏။ ဟိတာဝဟံ=အကျိုးစီးပွါးကို ရွက်ဆောင်တတ်သော။ သီမာယ ဝိနိစ္ဆယမ္ပိ=သီမာ ဝိနိစ္ဆယ အမည်ရှိသော ကျမ်းကိုလည်း။ မြန်မာ့ဘာသာယ=မြန်မာလူမျိုးတို့၏ ဘာသာစကားဖြင့်။ ရစယီ=ရေးသားစီရင်တော်မူခဲ့လေပြီ။

မင်္ဂလသုတ္တ နိဿယသစ် ပြုစီရင်တော်မူခြင်း

(၅၃) မင်္ဂလသုတ္တနိဿယံ၊ ဝိဒူဟိ အာဘိမာနိတံ။
ရစယီ သုဝိသုဒ္ဓါယ၊ ဘာသာယ ယတိကုဉ္ဇရော။

ယတိကုဉ္ဇရော=ရဟန်းဥက္ကင့် ရဟန်းမြတ်ကြီးဖြစ်တော်မူသော အရှင်ပညာမဟာဃဏရ်သည်။ ဝိဒူဟိ အာဘိမာနိတံ=ပညာရှိတို့ လွန်စွာနှစ်လို မြတ်နိုးအပ်သော။ မင်္ဂလသုတ္တနိဿယံ=မင်္ဂလသုတ် ပါဠိတော်၏မှီရာ အဋ္ဌနိဿယကျမ်းဂန်ကိုလည်း။ သုဝိသုဒ္ဓါယ ဘာသာယ=အလွန်လျင် သစ်လွင်သန့်ရှင်းသော ဘာသာစကားလုံးဖြင့်။ ရစယီ=သဒ္ဓါလုလု ပြုစီရင်တော်မူခဲ့လေပြီ။

မင်္ဂလာဒီဝိနိစ္ဆယကျမ်း ကြိုးပမ်းစီရင်တော်မူခြင်း

(၅၄) မင်္ဂလာဒိနိစ္ဆယမ္ပိ၊ ကဝိသေဋ္ဌော မဟာယတီ။
ရစယီ ဝိနိစ္ဆယေန၊ ဣစ္ဆန္တာနံ ဟိတာဝဟံ။

ကဝိသေဋ္ဌော မဟာယတီ=ပညာရှိဥက္ကင့် ရဟန်းတော်မြတ်ကြီး ဖြစ်တော်မူသော အရှင်ပညာ မဟာဃဏရ်သည်။ ဝိနိစ္ဆယေန ဣစ္ဆန္တာနံ=မင်္ဂလာဒီဝိနိစ္ဆယကို တောင့်တခင်မင် လိုချင်ကြကုန်သော ပဂ်ိုလ်တို့၏။ ဟိတာဝဟံ=အစီးအပွါးကို ရွက်ဆောင်တတ်သော။ မင်္ဂလာဒိနိစ္ဆယမ္ပိ=မင်္ဂလာဒီဝိနိစ္ဆယကျမ်းကိုလည်း။ ရစယီ=ကြိုးပမ်းအားသစ် စီရင်တော်မူခဲ့လေပြီ။

ဋ္ဌီကာကျော် နိဿယကျမ်းကြိုးပမ်းစီရင်တော်မူခြင်း

(၅၅) ဝိဘာဝိနီဘိဓေယျာယ၊ ဋ္ဌီကာယ နိဿယမ္မိ စ။
အကာသိ သုနိပုဏော်ဟိ၊ နယေဟိပိ သုမင္ဂိုတံ။

ကဝိသေဋ္ဌော မဟာယတီ=ပညာရှိဉာဏ်ကြီး ရဟန်းတော်မြတ်ကြီး ဖြစ်တော်မူသော အရှင်ပညာ မဟာသေဋ္ဌသည်။ သုနိပုဏော်ဟိ=အလွန်လျင် လျှို့ဝှက်ခက်ခဲသိမ်မွေ့ကုန်သော။ နယေဟိပိ=ပခုက္ကူစာချုနည်း နိဿယည်းတို့ဖြင့်လည်း။ သုမင္ဂိုတံ=ကောင်းစွာ တန်းဆာဆောင်အပ်သော။ ဝိဘာဝိနီဘိဓေယျာယ ဋ္ဌီကာယ=အဘိဓမ္မတ္ထ ဝိဘာဝိနီ သညီတင့်ဆန်း ဋ္ဌီကာကျော်ကျမ်း၏။ နိဿယမ္မိ စ=နိဿယကျမ်းကြီးကိုလည်း။ အကာသိ=ရေးသားပြုပြင် စီရင်တော်မူခဲ့လေပြီ။

သမ္မောဟဝိနောဒနီ အဋ္ဌကထာနိဿယ ပြုစီရင်ခြင်း

(၅၆) သမ္မောဟဝိနောဒနိယာ၊ နိဿယံ နိဿယာရဟံ။
နိမ္မာသိ သော မဟာထေရော၊ နိဿယနိမ္မာနေ ဝိဒူ။

နိဿယနိမ္မာနေ=နိဿယကျမ်းဂန်များ ရေးသားဖန်တီးမှု၌။ ဝိဒူ=ကျမ်းကျင်တတ်သိတော်မူသော။ သော မဟာထေရော=ထို ဆရာတော် အရှင်ပညာမဟာထေရ်မြတ်ကြီးသည်။ နိဿယာရဟံ=စာသင်, စာချ သုတေသီတို့ အမှီပြုလောက်သော။ သမ္မောဟဝိနောဒနိယာ နိဿယံ=သမ္မောဟဝိနောဒနီ အဋ္ဌကထာ နိဿယကျမ်းဂန်ကိုလည်း။ နိမ္မာသိ=ပြုစီရင်တော်မူခဲ့လေပြီ။

ကခ်ီဋ္ဌီကာသစ်နိဿယ ပြုစုတော်မူခြင်း

(၅၇) ကခ်ီဋ္ဌီကာနိဿယမ္ပိ၊ ကခ်ိဂန္ထဝိသာရဒေါ။
ကခ်ိန္တာနံ နိက္ကခ်ိယ၊ ကာရယီ ထိရစေတသာ။

ကခ်ိဂန္ထဝိသာရဒေါ=ကခ်ိအဋ္ဌကထာ, ကခ်ိဋ္ဌီကာကျမ်းများ၌လည်း ရှုရှာခြင်းကင်း ရဲတင်းသောစိတ် ရှိတော်မူသော အရှင်ပညာ ဆရာတော်ဘုရားကြီးသည်။ ကခ်ိန္တာနံ=ကခ်ိဋ္ဌီကာ၌ ယုံမှားလျှို့ နေကြကုန်သော စာသင်သားရဟန်းသာမဏေတို့၏။ နိက္ကခ်ိယ=ယုံမှားကင်းပျောက် တတ်မြောက်ပါစေခြင်းအကျိုးငှါ။ ထိရစေတသာ=မြဲမြံခိုင်ကျည်သော စိတ်ဖြင့်။ ကခ်ိဋ္ဌီကာ နိဿယမ္ပိ=ကခ်ိဋ္ဌီကာသစ် နိဿယကိုလည်း။ ကာရယီ=ပြုစီရင်တော်မူခဲ့လေပြီ။

ဝိနိစ္ဆယမျိုးစုံ ပြုစီရင်ခြင်း

(၅၈) နာနာနိစ္ဆယရာသိမို့၊ နာနာနိစ္ဆယကောဝိဒေါ။
သမွာဒေသိ မဟာထေရော၊ သာသနေ ပေက္ခမာနသော။

သာသနေ ပေက္ခမာနသော=သာသနာဟော်၌ ငဲ့ကွက် သံသနာကျိုးကို မြော်ကိုးလိုလားသော စိတ်ရှိတော်မူသော။ နာနာနိစ္ဆယကောဝိဒေါ=အထူးထူးသော အဆုံးအဖြတ်၌ လိမ္မာတတ်မြောက်တော်မူသော။ မဟာထေရော=အရှင်ပညာမဟာထေရ်မြတ်ကြီးဘည်။ နာနာနိစ္ဆယရာသိမို့=အထူးထူး အပြားပြား အမျိုးမျိုး အစားစားသော အဆုံးအဖြတ်ကိုလည်း။ သမွာဒေသိ=ပြုစုဆုံးဖြတ်ပြည့်စုံစေတော်မူခဲ့လေပြီ။

ပခုက္ကူ၊ ပခန်းကြီးဂိုဏ်းချုပ်

(၅၉) ဒွိန္နံ ပဒေသဝါသိနံ၊ ဘိက္ခူနံ အဂ္ဂပုဂ်ဂေါ။
ဟုတ္ဝာန လောကနာထသ္မ၊ အဂ္ဂသာသနဘာရဓောဿ။

မဟာထေရော=အရှင်ပညာ ဆရာတော်ဘုရားကြီးသည်။ ဒွိန္နံပဒေသဝါသိနံ=ပခုက္ကူ၊ ပခန်းကြီးဒေသ၌ သီတင်းသုံးတော် မူကြကုန်သော။ ဘိက္ခူနံ=ရဟန်းတော်တို့၏။ အဂ္ဂပုဂ်ဂေါ=(ဒုတိယ)ဂိုဏ်းချုပ်ပုဂ္ဂိုလ်မြတ်သည်။ ဟုတ္ဝာန=ဝိသုဒ္ဓသီလာစာရ သီရိဃ၀ရ ဓမ္မသေနာပတိ မဟာသံဃရာဇာ တောင်ခွင်သာသနာပိုင် အပ်နှင်းသဖြင့် ဖြစ်တော်မူ၍။ လောကနာထသ္မ=သုံးလောကသားတို့၏ အားထားကိုးကွယ်ရာ ဓမ္မရာဇ်မှန်ကူ သယမ္ဘူသုံးလူ့ဘ၏။ အဂ္ဂသာသနဘာရဓောဿ=သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်မြတ်ကြီး စစ်မှန်လှပါပေ၏။

သုဓမ္မာဆရာတော် တာဝန်ကိုထမ်းဆောင်

(၆၀) သုဓမ္မာ စေရဘာဝေန၊ သုဓမ္မော သုဓမ္မသာသနေ။
ကိစ္စာကိစ္စံ ကရိတ္ဝာန၊ သမ္မဒ္ဒသာသနဒ္ဓရော။

သုဓမ္မသာသနေ=အထူးမြတ်ဆုံး ပညာရှင်ကြီးဖြစ်တော်မူသော ဘုရားသဗ္ဗညုသာသနာတော်၌။ သုဓမ္မော=ကောင်းမြတ်သော အသိပညာရှိတော်မူသော အရှင်ပညာမဟာထေရ်သည်။ သုဓမ္မာစေရဘာဝေန=(ဒုတိယ) သုဓမ္မာ ဆရာတော်အဖြစ်ဖြင့်လည်း။ ကိစ္စာကိစ္စံ=သာသနာနှင့်စပ် ကိစ္စကြီးငယ် အရပ်ရပ်ကို။ ကရိတ္ဝာန=ပြုလုပ်ကျင့်ဆောင်တော်မူ၍။ သမ္မဒ္ဒသာသနဒ္ဓရော=ဘုရားမြတ်စွာ

၁။ ပခုက္ကူ၊ပခန်းကြီး (ဒုတိယ)ဂိုဏ်းချုပ်ခန့်အပ်ခံရသည်မှာ ၁၂၀၇-ခုနှစ်ကဖြစ်၏။ မဟာထေရလလိတ၌ ပြည့်စုံစွာပါရှိပြီးဖြစ်သည်။

သာသနာဝန်ကို အားသွန်ခွန်စိုက် ဆောင်ရွက်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် စစ်မှန်လှပါပေ၏။

အဂ္ဂမဟာပဏ္ဍိတဘွဲ့ဆိပ်တော် အလှူခံရရှိခြင်း

(၆၁) အဂ္ဂမဟာပဏ္ဍိတောတိ၊ ဂရုပါဓိဝရေန တံ။
ပူဇနီယတရံ ထေရံ၊ ပူဇယုံ ရဋ္ဌပါလကာ။

ရဋ္ဌပါလကာ=ဆိုစဉ်အခါ သမယက မြန်မာပြည်ကို စိုးအုပ် မင်းပြုလုပ်ကြကုန်သော အစိုးရမင်းတို့သည်။ ပူဇနီယတရံ=ထူးထူးခြွန်ခြွန် ပူဇော်ခြင်းငှါ ထိုက်တန်တော်မူသော။ တံ ထေရံ=ထိုပခုက္ကူ မဟာဝိသုတာရာမ သံဃအရံ ဦးစီး အရှင်ပညာဆရာတော်ဘုရားကြီးကို။ အဂ္ဂမဟာပဏ္ဍိတောတိ ဂရုပါဓိဝရေန=အဂ္ဂမဟာပဏ္ဍိတဟူသော လေးစားမြင့်မြတ် သွန်းထုခတ်နှိပ် ဘွဲ့တံဆိပ်တော်ဖြင့်။ ပူဇယုံ=လေးမြတ်ကြည်ဖြူ ပူဇော်ကြလေကုန်ပြီ။

ဂဏမဟာဝိနာယကဖြစ်၍ သာသနာပြုခြင်း

(၆၂) ဝိနာယကဓုရေနာပိ၊ ဓုရေသု သံယုတော သုဓီ။
သာသနံ သုဝိရုဠှာယ၊ ရတ္တိန္ဒိဝမကာရယိ။

ဓုရေသု=ပရိယတ္တိတာဝန်, ပဋိပတ္တိတာဝန်တို့၌။ သံယုတော=အမြဲထာဝစဉ်ယှဉ်တော်မူသော။ သုဓီ=ဘုရားသာသနာတွင် ပညာရှင်ကြီး ဖြစ်တော်မူသော အရှင်ပညာထေရ်သည်။ သာသနံ=ဘုရားဘုန်းခေါင် တည်ထောင်ဖန်တီး သာသနာတော်မြတ်ကြီးကို။ သုဝိရုဠှာယ=လွန်စွာစည်ပင်ခြင်း အကျိုးငှါ။ ဝိနာယကဓုရေနာပိ=မဟာဝိသုတာရာမိက ဂဏဝါစက နိကာယကြီး၏ ဂဏမဟာဝိနာယကတာဝန်ဖြင့်လည်း။ ရတ္တိန္ဒိဝံ=ညဉ့်နေ့ပတ်လုံး။ အကာရယိ=သာသနာ့လုပ်ငန်း အခန်းခန်းကို ကြိုးပမ်းအားသစ်တော် မူခဲ့လေပြီ။

ဗောဓိမဏ္ဍိုင်, ရာဇဂြိုဟ်,ကုသိနာရုံစသည် ကြ ကုသိုလ်ဆည်းပူး

(၆၃) ဗောဓိမဏ္ဍံ ရာဇဂဟံ၊ ကုသိနာရဉ္ဉ ကာသိကံ။
သာဝတ္ထိဉ္စာပိ ဂန္ဓာန၊ သဉ္ဇယိ ကုသလံ ဗဟုံ။

သုဓီ=ပညာရှင်ကြီးဖြစ်တော်မူသော ဆရာတော် အရှင်ပညာ ဆရာတော် ဘုရားကြီးသည်။ ဗောဓိမဏ္ဍံ စ=ဗောဓိမဏ္ဍိုင် မြေဦးကိုင်သို့ရင်း။ ရာဇဂဟံ စ=

၁။ ဒုဘိက္ခသုဓမ္မာ အဖြစ်ကိုလည်း တောင်ခွင်သာသနာပိုင် ခန့်အပ်တော်မူသည်။ မဟာထေရလလိတ၌ဖော်ပြပြီး။

ဘုရားဇနေဒ် စံပျော်ဝါဆို ရာဇဂြိုဟ်မြို့တော်သို့ဌင်း။ ကုသိနာရဇ္ဇ=နိဗ္ဗု။စံရာမလ္လာနဂိုရ် အင်ကြင်းပျိုစုံ ကုသိနာရုံမြို့တော်သို့ဌင်း[၁]။ ကာသိကဇ္ဇ=ကာသိတိုင်း ဗာရာဏသီမြို့တော်သို့ဌင်း။ သာဝတ္ထိဥ္စာပိ=ကောသလတိုင်း သမိုင်းထင်ပေါ် သာဝတ္ထိ နန်းမြို့တော်သို့ဌင်း။ဂန္ဓာရ=မဟုဿာဟ ဇဲလုံလဖြင့် ကြွချိလှည့်လည် တော်မူ၍။ ကုသလံ ဗဟုံ=သံဃဇနိယ, ဒဿနိယ ဌာနတို့ကို ကြည်ညိုဖူးမြော် ကုသိုလ်တော်များစွာကို။ သဇ္ဇယိ=ဆည်းပူး စုဆောင်းတော်မူခဲ့လေပြီ။

လုမ္ဗိနီဥယျာဉ်သို့လည်းကြွရောက်သံဃဂယူခဲ့

(၆၄) နေပါလေ၂လုမ္ဗိနီဒါယံ၊ သမ္မုဒ္ဓဇာတမုတ္တမံ။
ဂန္ဓာရ မဟာဃဏော၊ သံဃဂဇနနံ အကာ။

နေပါလေ=နေပါလမည် နိပေါနိုင်ငံအတွင်း၌။ ဥတ္တမံ=မြေများ ဥကြင့် မြေမွန်မြေမြတ်ဖြစ်သော။ သမ္မုဒ္ဓဇာတံ=ငါတို့ဘုရား ဖွားသန့်စင်ရာဖြစ်သော။ လုမ္ဗိနီဒါယံ=ဖူးခက်စုံစည် လုမ္ဗိနီဥယျာဉ်တော်သို့လည်း။ ဂန္ဓာရ=သဒ္ဓါရွှေထား သွားရောက်ကြွမြန်းတော်မူ၍။ သံဃဂဇနနံ=တရားသံဃာဖြစ်တော်မူခြင်းကို။ အကာ=ပြုတော်မူခဲ့လေပြီ။

သီဟိုဠ်ကျွန်းသို့ ကြွတော်မူခြင်း

(၆၅) လင်္ကာဒီပမှိ သော ဂဠ်ဆ၊ ဂိရိဝနာဒိမဏ္ဍိတံ။
သေဝိတံ စတုဗုဒ္ဓေဟိ၊ ထူပါဒိရာမဏီယကံ။

သုဓိ=နိကာယ်ငါးရပ် ကျမ်းတတ်ပါရင် ပညာရှင်ကြီး ဖြစ်တော်မူသော အရှင်ပညာ မဟာထေရ်သည်။ စတုဗုဒ္ဓေဟိ=သံ, ဂုံ, ပ, မ-လောကထုတ်တင် လေးဆူသော ဘုရားရှင်တို့သည်။ သေဝိတံ=မြန်းကြွကွန့်ချီ မှီဝဲအပ်ရာဖြစ် သော။ ထူပါဒိရာမဏီယကံ=ထူပါရာမ, မဟာစေတီ စသည်သီးသီး ကြီးကျယ် သော စေတီပုထိုး သာသနိက အဆောက်အဦတို့ဖြင့် ကြည်နူးဖွယ် မွေ့လျော်ဖွယ် ကောင်းလှပေသော။ ဂိရိဝနာဒိမဏ္ဍိတံ=တောင်တောဂနိုင် လျှိုမြို့ငိစိမ့်စမ်း အစရှိသည်တို့ဖြင့်လည်း တန်းဆာဆင်အပ်သော။ လင်္ကာဒီပမှိ=သြဇ, ဝရ, မဏ္ဍ-စသည် ဘွဲ့မည်သာဆန်း လင်္ကာခေါ်ဆို သီဟိုဠ်ကျွန်းသို့လည်း။ ဂဠ်ဆ= ကွန့်ချီကြွမြန်းတော် မူခဲ့လေပြီ။

၁။ ကုသိနာရုံကား မလ္လတိုင်း၏ မြို့တော်ဖြစ်ဘူး၏။
၂။ ပြာကရိတ်အခေါ် ကေပါလ, ကေဝါလ-ဖြစ်၏။

အနုရာဓမ္မိုတော်ဟောင်းကြွေ စေတီ ပုထိုးများ ဖူးမြော်

(၆၆) နဂရံ အနုရာဓမ္မိ၊ ဂန္ဓာဝန ယတိကုဥ္ဇရော။
ဗဟဝေါ ဓာတုထူပေပိ၊ ဝန္ဒနံ ပူဇနံ အကာ။

ယတိကုဥ္ဇရော=ပခုက္ကူသံဃာ့အဖွဲ့အစည်း၏ အကြီးအချုပ် ဂဏ္ဌကွဋ္ဌ ဂဏဦးကဉ် ဆရာတော် အရှင်ပညာမဟာထေရ်သည်။ အနုရာဓံ နဂရမ္ဗိ=သီဟိုဠ်ဒေသ ဘုရင်ပေါင်း ကိုးဆယ်ကျော်တို့ နန်းစိုက်ခဲ့ရာ အနုရာဓ နန်းမြို့တော်သို့လည်း။ ဂန္ဓာဝန=ကွန့်ချို ကြွမြန်းတော်မူ၍။ ဗဟဝေါ ဓာတုထူပေပိ=ထူပါရာမ စေတီ, မဟာစေတီ, အာဘယဂိရိစေတီ, ဇေတဝနစေတီ, မရိစဝဋ္ဋိစေတီ စသည့် ဓာတ်တော် ကိန်းတည် များစွာသော စေတီတော်တို့ကိုလည်း။ ဝန္ဒနံ အကာ=သဒ္ဓါရိုကျိုး ရှိခိုးဖူးမြော်တော်မူခဲ့လေပြီ။ ပူဇနံ အကာ=မြတ်နိုးကော်ရော် ပူဇော်တော်မူခဲ့လေပြီ။

ပုလတ္ထိုမြို့ကြွ စေတီပုထိုးများ ဖူးမြော်

(၆၇) ဂန္ဓာ သော မဟာထေရော၊ ပုလတ္ထိပုရမုတ္တမံ။
စေတိယေ စ ဝိဟာရေ စ၊ ဝန္ဒနံ ဒဿနံ အကာ။

သော မဟာထေရော=နိကာယ်ဒေသနာ စာပေဖြင့်ပျော် အရှင်ပညာဆရာတော် ဘုရားကြီးသည်။ ဥတ္တမံ ပုလတ္ထိပုရံ=သီဟိုဠ်မင်းဆက်ပေါင်း သုံးဆယ်ကျော်တို့ ရှင်ပျော်ပြို့ရ ပုလတ္ထိမြို့တော်မြတ်သို့လည်း။ ဂန္ဓာ=ကွန့်ချို ကြွမြန်းတော်မူ၍။ စေတိယေ စ=ပဝါလစေတီ, မဏိစေတီ စသည် သီးသီး စေတီတော်မြတ်ကြီးတို့ကိုဂုဏ်း။ ဝိဟာရေ စ=လံကာတိလက ဘုရားကျောင်းတော်, မဟာဇေတဝန ကျောင်းတိုက်တော်ကြီး အစရှိသော ကျောင်းတိုက်တော်ကြီးတို့ကိုဂုဏ်း။ ဝန္ဒနံ ဒဿနံ အကာ=ဖူးမြော်လေ့လာ ကြည့်ရှုခြင်းကို ပြုတော်မူခဲ့လေပြီ[၂]။

စတုတ္ထ သံဂါယနာတင်ရာ အာလောကလိုဏ် ဖူးမြော်ပူဇော်သံဝေဂဖြစ်

(၆၈) ဂန္ဓာ အာလောကလေဏမ္ဗိ၊ ပညာလောက ဂဝေသကော။
ဝန္ဒိတ္ဝာ ပူဇယိတ္ဝာန၊ သံဝေဂံ ဇနယံ သုဓီ။

ပညာလောက ဂဝေသကော=ထိန်လင်း တောက်ပြောင် ပညာအရောင်အလင်းကို ရှာမှီးတော်မူတတ်သော။သုဓီ=ပါဠိဘာသာကျမ်းစာအလုံး ထုံးကဲ့သို့

၂။ ယထာက္ကမ စပ်၍ သိ လေ။ ဤစာပြုသူသည်လည်း ၅-နှစ်ထာသီ ကြာမျှ သီဟိုဠ်၌ နေခဲ့စဉ် ပုလတ္ထိမြို့သို့ ၂-ခေါက်ထောက်ခဲ့သည်။

မွေ့ရေကဲ့သို့နှောက် မုံသောက်မာတင် ပညာရှင်ကြီး ဖြစ်တော်မူသော အရှင် ပညာဆရာတော် ဘုရားကြီးသည်။ အာလောက လေဏမို့=သာသနာခု၅-ရာစုက ငါးရာသခ်္ဂါ ရဟန္တာပရမေတ္တိ သုံးထွေပိဋကတ် ပေထက်အက္ခရာ ရေးမှတ် တင်ကာ စတုတ္ထသံဂါယနာတင်ရာ အာလောက လိုဏ်တော်သို့လည်း။ ဂန္ဆာ= သဒ္ဒါပန်းဖြင့် မြန်းကြွတော်မူ၍။ ဝန္ဒိတ္ဝာ=လိုဏ်ဂူတွင်းရှိ ဆင်းတုတော်တို့ကို ကြည်ညိုမြတ်နိုး ရှိခိုးတော်မူ၍ငင်း။ ပူဇယိတ္ဝာန=မြတ်နိုးကော်ရော် ပူဇော် တော်မူ၍ငင်း။ သံဝဂံ=သံဝဂဉာဏ် တိုးပွါးမှုကို။ ဇနယီ=ဖြစ်စေတော်မူခဲ့ လေပြီ။

ကန္ဒီမြို့ဘုရားစွယ်တော်ဖူးမြော်

(၆၉) ကန္တံ ကန္ဒိနဂရမ္ပိ၊ ဆာဇဓာနိံ ပုရုတ္တမံ။
ဂန္ဆာန မုနိနောဒါဠ့၊ သုပူဇံ ဝန္ဒနံ အကာ။

ပုရုတ္တမံ=ဘုရားဘုန်းခေါင် စက်ဆောင်သာသနာ လွန်စွာပြောစည် မြတ် သောပြည်ဖြစ်သော။ ဆာဇဓာနိံ= အဟိုရွေးခါ သီဟိုဠ်မင်း များစွာတို့ ပျော် စံရာ မင်းနေပြည်ဟောင်းဖြစ်သော။ ကန္တံ=ဥယျာဉ်ရေကန် အစားစား ဘုရား ကျောင်းအရပ်ရပ်တို့ဖြင့် နှစ်သက်အပ်ရာဖြစ်ပေသော။ ကန္ဒိနဂရမ္ပိ=သူတော်စင် တို့ရှင်ပျော်မြို့ရ ကန္ဒီမြို့သို့လည်း။ ဂန္ဆာ=ကြွမြန်းတော်မူ၍။ မုနိနော=အာဂါ ရိက စသည် အပြား မုနိများ၏ ဦးဖျားပရမေ သုံးလူ့ဆွေ ဖြစ်တော်မူသော မြတ်စွာဘုရား၏။ ဒါဠ့=ကာလိင်္ဂတိုင်း သမိုင်းပါကဋ္ဌ ဒန္တပုရမြို့မှ ကြွလာ ထောက်ရှိ မုနိဇနော် လက်ဝဲအောက်စွယ်တော်ကို။ သုပူဇံ ဝန္ဒနံ=လေးမြတ် ကော်ရော် ပူဇော်ဦးချမှုကို။ အကာ=သဒ္ဒါလုလု ပြုတော်မူခဲ့လေပြီ။

ရွှေစက်တော် ဘုရားဖူး ကြွတော်မူခြင်း

(၇၀) သစ္စဗန္ဓသုသေလမ္ပိ၊နမ္မဒါယ တီရမ္ပိ စ။
ဂန္ဆာန လောကနာထဿ၊ ပါဒကေ် ဝန္ဒနံ အကာ။

သုဓီ=ဘုရား ဘလ္လာ ဒေသနာများဖျင် အစဉ်စောင့်တတ် ပညာရှိ မထေရ် မြတ်ကြီး ဖြစ်တော်မူသော အရှင်ပညာ ဆရာတော်ဘုရားကြီးသည်။ သစ္စဗန္ဓ သုသေလမ္ပိ=မင်းဘူးခရိုင် သစ္စဗန္ဓတောင်တော်သို့ငင်း။ နမ္မဒါယ တီရမ္ပိ စ= နမ္မဒါမြစ်ကမ်း အနီးသို့ငင်း။ ဂန္ဆာန=သဒ္ဒါပုဗ္ဗင်္ဂမ စိတ္တုပ္ပါဒ်ဖြင့် ကြွတော်

၁။ ယင်းစွယ်တော်သည် သာသနာသက္ကရာဇ် ၁၄၇-တွင် သီဟိုဠ်၌ နန်းတက်သည့် ကိတ္တိသီရိ မေဃဝဏ္ဏမင်းလက်ထက်တွင် သီဟိုဠ်သို့ ရောက်ရှိတော်မူသည်။

မူ၍။ လောကနာထဿ=လောကသားတို့၏ အားထား ကိုးကွယ်ရာအစစ် မမှောင်မှန်ကူ သယမ္ဘူစောနေနတ်၏။ ပါဒကေ်=တရာ့ရှစ်ကွက် လက္ခဏာ စက်ပန်းတို့ဖြင့် ဆန်းကြယ်လှစွာ ခြေတော်ရာနှစ်ဆူတို့ကို။ ဝန္ဒနံ အကာ=ရှိသေ မြတ်နိုး ရှိခိုးဦးချ ပူဇော်မှုကို ပြုတော်မူခဲ့လေပြီ။

နိကာယ် စာသင်တိုက်ကြီးများ တည်ထောင်ခြင်း

(၇၁) မြန်မာ့ရင္ဘေ ဟိ သဗ္ဗတ္ထ၊ ဝံဇ္ဇာလယေ ပတိဋ္ဌဟိ။
အနာဂတေပိ သမ္မဒ္ဓ-သာသနဿာဘိဝုဒ္ဓိယာ။

အနာဂတေပိ=မိမိ မရှိသည့်နောက် အချိန်ကာလ ခါသမယဌ်လည်း။ သမ္မဒ္ဓ-သာသနဿ=ဘုရားမြတ်စွာ ပရိယတ္တိသာသနာတော်၏။ အဘိဝုဒ္ဓိယာ=တိုးတက်စည်ကား ပွါးများပါစေခြင်း အကျိုးငှါ။ မြန်မာ့ရင္ဘေ=အပြောကျယ်စွာ မြန်မာနိုင်ငံတော်၌။ သဗ္ဗတ္ထ=အထက်ပိုင်း, အောက်ပိုင်း, အလယ်ပိုင်း ဟူသော အားလုံးသောအရပ်၌။ ဝိဇ္ဇာလယေ=မဟာဝိသုတာရာမတိုက်ခဲ့ နိကာယ်စာသင်တိုက်ကြီးတို့ကို။ ပတိဋ္ဌဟိ=ကိုယ်တိုင်ကိုယ်ကျ ကြွရောက်တည်ထောင်တော်မူခဲ့လေပြီ။

အနယ်နယ် အစိုးစို အမြိုမြို အရွာရွာ သိမ်များ သမုတ်ခြင်း

(၇၂) အဗန္ဓိ ခဏ္ဍသီမာယေဝ၊ လောကဂ္ဂစက္ကဝုဿိယာ။
သကလေ မြန်မာ့ပဒေသေ၊ ဂါမေသု နဂရေသု စ။

သုမိ=နိကာယပါရင်် ပညာရှင်ကြီး ဖြစ်တော်မူသော အရှင်ပညာ မဟာထေရ်မြတ်ကြီးသည်။ သကလေ မြန်မာ့ပဒေသေ=မြန်မာတပြည်လုံး၌။ ဂါမေသု စ=ပင်လျှောက်ရာ များစွာသော ရွာတို့၌ဌင်း။ နဂရေသု စ=ပင်ဖိတ်လျှောက်ထားရာ မန္တလေး, ရန်ကုန်, မော်လမြိုင်, အင်းပူ, ပခုက္ကူ, ညောင်ဦး, အိမ်မဲ, မြင်းခြံ အစရှိသော မြို့တို့၌ဌင်း။ လောကဂ္ဂစက္ကဝုဿိယာ=သုံးလောကဥက္ကဋ္ဌ အမြတ်ထုတ်ထား ဘုရားစကားရောင် တောက်ပြောင် စည်ပင်ပါစေခြင်း အကျိုးငှါ။ ခဏ္ဍသီမာယေဝ=ကမ္မာကမ္မ ပြုရလွယ်ရန် ခဏ္ဍသီမ်တော်တို့ကို။ အဗန္ဓိ=ဥတ္တိဒုတိယကမ္မဝါ ဖတ်ရှတ်ကာဖြင့် ကောင်းစွာ သမုတ်တော်မူခဲ့လေပြီ။

ပဌမပြန် စာမေးပွဲ စီစစ်ရေးအဖွဲ့၌ ပါဝင် ဥပဒေ ရေးဆွဲခြင်း

(၇၃) ပရိက္ခကသုဝိစာရ-မဏ္ဍလေ ထေရကုဥ္ဇရော။
သာမာဇိကော စ ဟုတ္ဝာန၊ ဥပဒေသမကာရယိ။

ထေရကုဥ္ဇရော=အရှင်ပညာ မဟာထေရ်မြတ်ကြီးသည်။ ပရိက္ခက သုဝိစာရ-မဏ္ဍလေ=ပဌမပြန်စာမေးပွဲ စီစစ်ရေးအဖွဲ့၌။ သာမာဇိကော စ=ပဓာနဝန်

ဆောင် အဖွဲဝင်ဆရာဟော်သည်လည်း။ ဟုတ္ဝာန=အစိုးရမင်းတို့၏ လေးမြတ်ကော်ရော် လျှောက်ထားချက်ကို လက်ခံတော်မူသဖြင့် ဖြစ်တော်မူ၍။ ဥပဒေသံ=စည်းကမ်းဥပဒေကို။ အကာရယိ=ရေးဆွဲစီရင်တော်မူခဲ့လေပြီ။

နွားသား မစားရေး တရားဟောတော်မူခြင်း

(၂၄) ဂေါမံသဝိရတိယာပိ၊ ကရုဏာယုတ္တမာနသော။
ပရိယာယေဟိ နေကေဟိ၊ ဇနာနံ ဓမ္မဒေသကော။

ကရုဏာယုတ္တမာနသော=အမိဖ,လား ကျေးဇူးမျှားသည့် နွားသတ္တဝါတို့၌ ကရုဏာနှင့် မကွေ့ကွဲယှဉ်သော စိတ်ရှိတော်မူသော ဆရာတော် အရှင်ပညာ မထေရ်မြတ်ကြီးသည်။ ဇနာနံ=ရဟန်းရှင်လူတို့၏။ ဂေါမံသ ဝိရတိယာပိ=နွားသားစားခြင်းမှ ရှောင်ကြဉ်ခြင်း အကျိုးငှါ။ အနေကေဟိ ပရိယာယေဟိ=များစွာသော အကြောင်း ပရိယာယ်တို့ဖြင့်။ ဓမ္မဒေသကော = အနယ်နယ် အစုံစုံ အမြှုံမြှုံ လှည့်လည်၍ တရားစည် ယှဉ်းတော်မူသည့် ပုဂ္ဂိုလ်မြတ်လည်း ဖြစ်တော်မူ၏။

ရန်ကုန်မြို့ မဟာသံဃာ့သာမဂ္ဂီ အစည်းအဝေးကြွသြဝါဒပေး

(၂၅) သာမဂ္ဂီသန္နိပါတေပိ၊ ဝတ္တမာနေ ပုရတ္ထိမေ။
တမှိ ဂန္ဒွာ မဟာထေရော၊ သြဝါဒမဒဒိ တဒါ။

ပုရတ္ထိမေ=မြန်မာလူမျိုးတို့ နေထိုင်ရာ မြန်မာနိုင်ငံတော်၏ မြို့မြတ်ဖြစ်သော ရန်ကုန်မြို့တော်၌။ (ရန်ကုန်မြို့ ခြောက်ထပ်ကြီးဘုရားကြီးတိုက်၌) သာမဂ္ဂိသန္နိပါတေပိ=မဟာသံဃသာမဂ္ဂီ အစည်းအဝေးကြီးသည်။ ဝတ္တမာနေ=ဖြစ်သည်ရှိသော်။ တဒါ=မဟာသံဃသာမဂ္ဂီ အစည်းအဝေးကြီး ကျင်းပရာ ထိုအခါ၌ တမှိ=ထို မဟာသံဃသာမဂ္ဂီ အစည်းအဝေးကြီးသို့။ ဂန္ဒွာ = ချီးမြှောက်ကြွရောက်တော်မူ၍။ တမှိ=ထို မဟာသံဃသာမဂ္ဂီအစည်းအဝေးကြီး၌[1]။ သြဝါဒံ=သြဝါဒ မိန့်ခွန်းတော်ကို။ အဒဒိ=ပြောကြားငြိမ့်လေး ပေးတော်မူခဲ့လေပြီ။

တောင်တန်းသာသနာပြု ရှေဆောင်ခရီးညွှန်ပုဂ္ဂိုလ်

(၂၆) ပဗ္ဗတာဝလိ ဒေသေသု၊ သဗ္ဗညုစက္ခု ဇောတနေ။
မဟာထေရော မဟာဉာဏီ၊ ပုရေစာရီ သုဒေသကော။

မဟာဉာဏီ=သမုဒ္ဒရာအသွင် ကောင်းကင်သဖွယ် ကြီးကျယ်သော ဉာဏ် ပညာရှိတော်မူသော။ မဟာထေရော=မဟာဝံသုတာရာမ ဝိဇ္ဇာယတန သံဃာ့

၁။ တမှိ-ကို ၂၅-ချက်ပေးသည်။

ထုတ်ထိုး အရှင်ပညာ ဆရာတော်ဘုရားကြီးသည်။ ပဗ္ဗတာဝလိ ဒေသသူ=တိုင်းစွန်ပြည်နား တောင်တန်းဒေသ အရပ်များတို့၌။ သဗ္ဗညုစက္က ဇောတနေ=သဗ္ဗညုဘုန်းခေါင် သာသနာစက်ရောင် လင်းလက်အောင် ပြုလုပ်ထု၌။ ပုရေစာရီ=ရှေသွားရှေဆောင် သမိုင်းပြောင်သည့် စံပြခေါင်းဆောင်ဖြစ်တော်မူပါပေ၏။ သုဒေသကော=နည်းကောင်းပြည့်နှဲ့ လှနှစ်စာထူးမြတ်သည့် သာသနာပြုခေါင်းဆောင် ပုဂ္ဂိုလ်မှန်ကြီး ဖြစ်တော်မူပါပေ၏။

ဘုရားရှင် တမန်တော်ဖြစ်၍ ပရိယတ္တိသာသနာပြု

(၇၇) သဗ္ဗညူ မေသိတော ဒူတော၊ သက္ကပုတ္တိယကုဋ္ဌရော။
နိကာယေ ဝါစယံ သော ဟိ၊ သမ္မဒ္ဒစက္ကဇောတကော။

သဗ္ဗညူပေသိတော=သိစရာရှိသမျှ တစမကျန် ကေန်သိတတ် ဘုရားသဗ္ဗညူသည် စေခိုင်းတိုက်တွန်းတော်မူအပ်သော။ ဝါ=ဘုရားသဗ္ဗညူ၏ ကိုယ်စားလှယ်တော် သံတမန် သံတော်ဆင့်ကြီး ဖြစ်တော်မူသော။ သက္ကပုတ္တိယကုဋ္ဌရော=သုဒ္ဓါဒန, မဟာမာယာဒေဝီ သာကီဝင်မျိုးမှ ပေါက်ဖွားဘုရားရှင်၏ သားတော်မြတ်ကြီး ဖြစ်တော်မူသော။ သော ဟိ=ထို အရှင်ပညာ မဟာထေရ်မြတ်ကြီးသည်ကား။ နိကာယေ=ဒီဃ, မဇ္ဈိမ, သံယုတ္တနှင့် အင်္ဂုတ္တရ, ခုဒ္ဒကမည် ငါးနိကာယ်ကျမ်းဂန်တို့ကို။ ဝါစယံ=မဟာပရက္ကမ ဇဝလုံလဖြင့် ချပို့တော်မူ၍။ သမ္မဒ္ဒစက္ကဇောတကော=ဘုရားမြတ်စွာ သာသနာစက်ကို လင်းလက်တောက်ပြောင်စေတတ်သည့် ပုဂ္ဂိုလ်မြတ်ကြီးပါပေတည်း။

ရဟန်းရှင်လူတို့၏ အကျိုး သည်ပိုးကျင့်ဆောင်တော်မူခဲ့

(၇၈) ဣတိ သော နေကဓာ ထေရော၊ဇနာနံ သုဟိတာဝဟံ။
ကမ္မံ သန္တေဟိ ကတ္တုဗ္ဗံ၊ အကာ ဒဋ္ဌပရက္ကမံ။

ဣတိ=ဤ အာကျွန်ုပ် ဉာဏ်မှီသမျှ ထုတ်ဆောင်၍ ပြခဲ့သော အခြင်းအရာအားဖြင့်။ သော ထေရော=ထို ငါတို့ကိုယ်စား အရှင်ပညာ ဆရာတော်ဘုရားကြီးသည်။ အနေကာဓာ=မနေမနား အထွေထွေအားဖြင့်။ ဇနာနံ=ရဟန်းရှင်လူအပေါင်းတို့၏။ သုဟိတာဝဟံ=လှနှစ်စာ အစီးအပွါးကို ရွက်ဆောင်နိုင်သော။ သန္တေဟိ=သူတော်ကောင်း သူမြတ်လောင်း အပေါင်းတို့သည်။ ကတ္တုဗ္ဗံ=ပြုအပ်ပြုသင့် ပြုထိုက်သော။ ကမ္မံ=ပါရမီအရှင် အာဇာနည်တို့၏ အမှုကိစ္စ လုပ်ငန်းအမျိုးမျိုးကို။ ဒဋ္ဌပရက္ကမံ=ဒဋ္ဌပရက္ကမေန=ပြင်းစွာကြိုးကုတ် အားထုတ်ခြင်းများဖြင့်။ အကာ=မနေမနား အားကုန်လွှတ်ကြဲ အားခဲကြိုးပမ်း ပြုလုပ်တော်မူခဲ့လေပြီ။

ဝိသုတစိန္တာမဏိ, ဝိသုတမြင်းမိုရ်

(၇၉) စိန္တာမဏိ ဝိသုတဿ၊ ဒေဝတ္တာ ဝိသုတေ မဟာ။
သိရိပိဏ္ဍော ဝိသုတဿ၊ ဟေမဒ္ဒိ ဝိသုတေ သုဘေ။

မဟာထေရော = အရှင်ပညာ ဆရာတော်ဘုရားကြီးသည်။ ဝိသုတဿ = ကျော်စောလှစွာ ဘုရားရှင် သာသနာတော်မြတ်ကြီး၏။ ဝိသုတဿ=မဟာဝိသုတာရာမိက ဂဏဝါစက နိကာယဂိုဏ်းကြီး၏။ ဝိသုတဿ=မဟာဝိသုတာရာမ စာချတိုက်ကြီး၏။ စိန္တာမဏိ=ကြံတိုင်းအောင်၍ ဆောင်တိုင်းမြောက်စေနိုင်သည့် စိန္တာမဏိ ပတ္တမြားကြီးပါတည်း။ ဝိသုတေ=မဟာဝိသုတာရာမ ဘာရတတိုင်းကြီး၌။ မဟာ=ကြီးလည်း ကြီးကျယ်လှပေသော။ ဒေဝတ္တာ=ဒေဝတာတမ အမည်ရသော ဟိမဝန္တာ တောင်မင်းကြီးပါတည်း။ ဝိသုတဿ=မဟာဝိသုတာရာမ နိကာယတက္ကသိုလ်ကြီး၏။ သိရိပိဏ္ဍော=အဖိုးတန်ပညာ အရပ်ရပ်တို့၏ စုဝေးစည်းလုံးရာ ကျက်သရေတုံးကြီးပါတည်း။ သုဘေ ဝိသုတေ=ရောက်လာသူ သောတုဇဉ်တို့၏ ပျော်ရွှင်စွဲငြိ တင့်တယ်ခြင်းဂုဏ် ရှိရာဖြစ်သော မဟာဝိသုတာရာမ စကြဝဠာတိုက်ကြီး၌။ ဟေမဒ္ဒိ=မကွိုင်ဗဟို လေးရောင်စိုသည့် ရွှေမြင်းမိုရ်တောင် မင်းကြီးပါတည်း။

မြန်မာ့သာသနာ့ကောင်းကင်တွင် လမင်းအသွင် ထင်ရှားခဲ့

(၈၀) မြန်မာ့သာသန ဝေဟာသေ၊ ပညာထေရော ယတိဿရော။
စန္ဒော'ဝ ပါကဋော အာသိ၊ ဒဋ္ဌယေဟိ သုဓုရေဟိပိ။

ယတိဿရော=ရဟန်းအပေါင်း များထောင်သောင်းတို့၏ ထိပ်ဆောင်းဦးစီး ရဟန်းဘုရင်ကြီး ဖြစ်တော်မူသော။ ပညာထေရော=အရှင်ပညာ မဟာထေရ်မြတ်ကြီးသည်။ ဒဋ္ဌယေဟိ သုဓုရေဟိပိ=နေ့ညဉ့်အားထုတ် ပရိယတ်, ပဋိပတ် နှစ်ရမ်းသော တာဝန်ကိစ္စ အလုပ်တို့ဖြင့်လည်း။ မြန်မာ့သာသန ဝေဟာသေ= မြန်မာပြည်ခွင် သာသနာ့ကောင်းကင်၌။ စန္ဒော၀=ကမ္ဘာဦးက တောင့်တထွန်းပေါ် ဝေသော်တာလမင်းကဲ့သို့။ ပါကဋော အာသိ=ကျော်စောထင်ရှားတော်မူခဲ့လေပြီ။

မြန်မာ့သာသနာ့ကောင်းကင်တွင် နေမင်းအသွင် ထင်ရှားခဲ့

(၈၁) မြန်မာ့သာသန ဝေဟာသေ၊ ပညော ပညာယတိဿရော။
သူရော'ဝ ပသိဒ္ဓေါ အာသိ၊ ကိစ္စေဟိ ဝိဝိဓေဟိပိ။

ပညော=တိပိဋကပညာရှင်ကြီး ဖြစ်တော်မူသော။ ပညာယတိဿရော= အရှင်ပညာအမည် ဘွဲ့ထူးခြီသော ရဟန်းမင်းကြီးသည်။ ဝိဝိဓေဟိ ကိစ္စေ-

ဟိပိ=အထူးထူး အပြားပြား လွန်များလှကုန် ပရိယတ် ပဋိပတ် ကိစ္စညွှန်း တို့ကြောင့်လည်း။ မြန်မာ့သာသန ဝေဟာသေ=မြန်မာပြည်ခွင် သာသနာ့ ကောင်းကင်၌။ သူရော၀=ကောင်းကင်ပြင်သွား ရထားယာဉ်သာ နေစကြာ ကဲ့သို့။ ပသိဒ္ဓါ အာသိ=လွန်စွာထင်ရှားတော်မူလှပါပေ၏။

တိပိဋကစူဠဝဘယထေရ်အသွင် ထင်ရှားခဲ့

(၈၂) သြဇဒီပေ တိပေဋကာ–စူဠဝေါ ဝိဿုတော သုတော။
တိပေဋကစူဠဝဘယော၊ အဟော အစ္ဆရိယော ဟိ ခေါ။

သြဇဒီပေ=သြဇဟူသည် တမည်သာဆန်း သီဟိုဠ်ကျွန်း၌။ သုတော= မြတ်ဘုရား၏ ရှေရှင်တော်နှစ် သားတော်စစ် ဖြစ်တော်မူသော။ တိပေဋက-စူဠဝေါ ဣ၀=သီဟိုဠ်ကျွန်း မဟာဝိဟာရ စာချခေါင်းဆောင် အရှင်တိပိဋက-စူဠနာဂထေရ်ကဲ့သို့ဌင်း။ တိပေဋကစူဠဝဘယော ဣ၀=မဟာဝိဟာရ နိကာ-ယတက္ကသိုလ် ဗဟိုစာချတိုက်ကြီး၏ စာချခေါင်းဆောင် အရှင်တိပိဋကစူဠဝ-ဘယထေရ်ကဲ့သို့ဌင်း။ ဝိဿုတော=ငါတို့ကိုးစား မဟာဝိသုတာရာမ ဆရာတော် ဘုရားကြီးသည်။ ဝိဿုတော=ထေရ၀ါဒ သာသနာ့ဂိုဏ်း သမိုင်းတော်တွင် အလွန်လျှင် ကျော်ကြား ထင်ရှားတော်မူလှပါပေ၏။ ဝိဿုတော=မဟာ ဝိသုတာရာမ ဆရာတော်ဘုရားကြီး အရှင်ပညာသည်။ အဟော အစ္ဆရိယော ခေါ=ရင်သပ်ရှုမော အံ့သြခြီးကျူးထိုက်သည့် ပုဂ္ဂိုလ်မြတ်ကြီး စစ်မှန်လှပေ သတည်း။

ပါတိမောက္ခသံဝရ သီလနှင့်ပြည့်စုံ

(၈၃) အာဂတေ ပါတိမောက္ခေပိ၊ အညာနိပိ အနေကဓာ။
ရက္ခိတ္ဝာ သီလဝါ ဓီရော၊ သက္ကပုတ္တော သိရိန္ဒရော။

ဓီရော=ပညာရှိ သူတော်ကောင်းကြီး ဖြစ်တော်မူသော အရှင်ပညာ ဆရာတော်ဘုရားကြီးသည်။ ပါတိမောက္ခေ=ဘုရားဇီနေဝ် ကိုယ်တော်တိုင် မိန့်ဖော်ထုတ်ဆဲ့ ပါတိမောက်ခေါ် ဥပဒေတော်ကျမ်း အနက်အနဲ၌။ အာဂ-တေပိ=တိုက်ရိုက်လာသည့် နှစ်ရာ့နှစ်ဆယ် ခုနစ်သွယ်သော သိက္ခာပုဒ် ဥပဒေ တော်တို့ကိုဌင်း။ အညာနိပိ=တပါးတခြားလည်း ဖြစ်ကုန်သော။ အနေကဓာ= သခ်္ဂါတုက်ရေ ကုဋ္ဌေကိုးထောင် တရာ့ရှစ်ဆယ် ငါးသန်းသုံးသောင်း ခြောက် ထောင်ရှိသဖြင့် မြားမြောင်လှစွာကုန်သော သိက္ခာပုဒ် ဥပဒေတော်တို့ကိုဌင်း။ ရက္ခိတ္ဝာ=မြီးဆံခင်မင် စာမရိသားကောင် (တိဗက်ယက်နွား)အသွင်ကဲ့သို့ ထာ၀စဉ် စောင့်ရှောက်တော်မူ၍။ သီလ၀ါ=ပါတိမောက္ခ သံဝရသီလ စုံလင်

ပြည့်ဝသည့် စံပြ ပုဂ္ဂိုလ်ကြီး မှန်လှပါပေသော။ သိရိန္ဒရော=ဘုန်းဟော့မြတ်စွာဘုရား သာသနာတော် ကျက်သရေကို ဆောင်တော်မူသော။ သကျပုတ္တော=သာကီဝင်မင်းသား ဘုရားဇီနော်၏ သားတော်ကြီး မှန်လှပါပေ၏။

ဂ္ဂန္ဒြိယသံဝရ သီလနှင့် ပြည့်စုံ

(၈၄) ဂ္ဂန္ဒြိယာနိ စ သုရက္ခိ၊ သတိယာ သံဝရော သုဓိ။
တေနာပိ သီလဝါ ထေရော၊ တိသော ဩဝိယေ ဝိယ။

သုဓိ = နိကာယ်ငါးဖြာ ပညာရှင်ကြီး ဖြစ်တော်မူသော အရှင်ပညာဆရာတော်ဘုရားကြီးသည်။ ဂ္ဂန္ဒြိယာနိ စ=စက္ခု၊ သောတ, ဃာန, ဇိဝှါ, ကာယ, မနော မချောမပြေ ဂ္ဂန္ဒြေ ခြောက်ပါးတို့ကိုလည်း။ သတိယာ=သတိတည်းဟူသော တံခါးရွက်ဖြင့်။ သုရက္ခိ=ကိလေသာသူပုန် မလာမရောက်အောင် ပိတ်ပင် စောင့်ရှောက်တော်မူခဲ့လေပြီ။ တေနာပိ=ဂ္ဂန္ဒြေ ခြောက်ပါးတို့၌ ကိလေသာ သူပုန် မလာမရောက်အောင် ပိတ်ပင်စောင့်ရှောက် မြစ်တားတော်မူတတ်သည်၏ အဖြစ်ကြောင့်လည်း။ ထေရော=အရှင်ပညာ ဆရာတော်ဘုရားကြီးသည်။ သံဝရော သီလဝါ=ဂ္ဂန္ဒြိယသံဝရသီလ လောက်ငှကုံလုံ ပြည့်စုံသည့် ပုဂ္ဂိုလ်မြတ်ကြီး မှန်လှပါပေ၏။ ဩဝိယေ=ပမာဏိုင်းဆွယ် အာဘယ်မထေရ်မြတ်ကဲ့သို့နည်းဟူမူ။ ဩဝိယေ=ဩဝိပ မည်ရသာဆန်း သိဟိုဠ်ကျွန်း၌။ တိသော ဝိယ=ဂ္ဂန္ဒြိယသံဝရအရာ လွန်စွာထင်ရှား မဟာတိဿထေရ်အလားကဲ့သို့တည်း။

အာဇီဝပါရိသုဒ္ဓိသီလနှင့်လည်းပြည့်စုံ

(၈၅) အနေသနာယ စိတ္တမ္ပိ၊ အဇနေသိ မဟာယတီ။
တေနာပိ အာဇီဝသုဒ္ဓိ-သီလဝါ သော ဝိစက္ခဏော။

မဟာယတီ=ထူးမြတ်တင့်လျမ်း ရဟန်းမြတ်ကြီး ဖြစ်တော်မူသော အရှင်ပညာ ဆရာတော်ဘုရားကြီးသည်။ အနေသနာယ=ဘုရားစက်ဆုပ် လွန်သေးနုပ်သည့် ယုတ်ယုတ်မာမာ လေးဖြာပစ္စည်း ရှာမှီးနည်း၌။ စိတ္တမ္ပိ= ပြုကျင့်ဖို့ရန် စိတ်အကြံမျှကိုလည်း။ အဇနေသိ= ကောန်စင်စစ် ဖြစ်စေတော်မမူပါချေ။ တေနာပိ=အနေသန လုပ်ငန်း မသန်းကင်းစင်တော်မူသည်၏ အဖြစ်ကြောင့်လည်း။ သော=မဟာဝိသုတာရာမ စာချဖိမာန်ကြီးကို ဒုတိယမြောက်ဆက်ခံ စိုးစံ ဦးစီး ဆရာတော်ဘုရားအကြီး ရှင်ပညာသည်။ အာဇီဝ-သုဒ္ဓိသီလဝါ=အာဇီဝပါရိသုဒ္ဓိ သီလနှင့်လည်း လောက်ငှကုံလုံ ပြည့်စုံတော်မူသော။ ဝိစက္ခဏော=ဘုရားပရမေ ဌေမျက်နှာ သာသနာနှင့် ကိုယ်မှာနောင်ရေး မြော်တွေးဆင်ခြင် ပညာရှင်ကြီး ဖြစ်တော်မူပါပေ၏။

ပစ္စယသန္နိဿိတသီလနှင့်လည်း ပြည့်စုံ

(၁၆) ပစ္စယေ သမ္မဇ္ဈညေန၊ ပရိဘုဥ္ဇ မဟာသုဓီ။
ပစ္စဝေက္ခိတ္တာ သော ထေရော၊ တေနာပိ သီလဝါ ဘဝိ။

မဟာသုဓီ=တိပိဋကတ် ကျမ်းတတ် ပါရင် ပညာရှင်ကြီး ဖြစ်တော်မူသော အရှင်ပညာ ဆရာတော် ဘုရားကြီးသည်။ ပစ္စယေ=ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး လေးပါးသော ပစ္စည်းတို့ကို။ သမ္မဇ္ဈညေန=မကွာအစဉ် ကာယာနုပဿနာ သမ္မဇဉ်ဖြင့်။ ပစ္စဝေက္ခိတ္တာ=အသင်္ခရွည်စွာ အနာမကပ် ပရိယတ် ပဋိပတ်တို့ကို မပြတ်ကြိုးကုတ် အားထုတ် နိုင်အောင်သာ သုံးဆောင်ပါသတည်း စသည်ဖြင့် အာဒိနဝဖန်ရှုဆင်ခြင် တော်မူ၍။ ပရိဘုဥ္ဇ=သုံးဆောင်တော်မူလေပြီ။ တေနာပိ=ထိုသို့ သမ္မဇဉ် အမြဲယှဉ်၍ ဆင်ခြင်တော်မူကာ လေးဖြာသော ပစ္စည်းတို့ကို သုံးဆောင်တော်မူလေ ရှိသည်၏ အဖြစ်ကြောင့်လည်း။ သီလဝါ ဘဝိ=ပစ္စယသန္နိဿိတ သီလနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်မြတ်ကြီးလည်း စစ်မှန်တော်မူပါပေ၏။

သမာဓိဂုဏ်နှင့်လည်းပြည့်စုံ

(၁၇) သမာဟိတော သကိစ္စေဟိ၊ အဝိက္ခေပေါ မဟာမတိ။
သမာဓိဂုဏသံယုတ္တော၊ သမ္မုဒ္ဓသာသနဿရော။

မဟာမတိ=ကြီးကျယ်မြင့်မြတ် ကျမ်းတတ် ပုဂ္ဂိုလ် ပညာရှိကြီး ဖြစ်တော်မူသော အရှင်ပညာ ဆရာတော် ဘုရားကြီးသည်။ သကိစ္စေဟိ=မိမိနေစဉ် ထားဝစဉ်ပြုအပ် ပရိယတ်, ပဋိပတ် ကိစ္စနှစ်ရပ်၌သာလျှင်။ သမာဟိတော=တည်ကြည်ငြိမ်သက်တော်မူသော။ အဝိက္ခေပေါ=အာရုံအခြားလွှင့်ပါးခြင်း အလျှင်း ရှိတော်မမူသော။ သမာဓိဂုဏ သံယုတ္တော=သမာဓိဂုဏ်နှင့်လည်း ယှဉ်တော်မူသော။ သမ္မုဒ္ဓသာသနဿရော=ဘုရားဘုန်းခေါင် သာသနာ့ဝန် ဆောင် ပုဂ္ဂိုလ်ကြီးလည်း ဖြစ်တော်မူပါပေ၏။

ပညာဂုဏ်နှင့်လည်းပြည့်စုံ

(၁၈) တိက္ခပညော စ သောအာသိ၊ ဒီဃဒဿီ မဟာဝဓိ။
ဘူရိပညော စ မေဓာဝီ၊ ဝိဘာဝီ စ မဟာသုဓီ။

သော=ထို မဟာဝိသုတာရုမ ဆရာတော်ဘုရားကြီး အရှင်ပညာ မဟာထေရ်သည်။ တိက္ခပညော စ=ဝဇိရစိန်ပမာ မြမြထက်သော ပညာလည်း ရှိတော်မူသည်ရင်း။ ဒီဃဒဿီ စ=နောက်နောင် အနာဂတ် အရှည်အဝေးကို မှန်းဆတွေးထင် သိမြင်လေ့ရှိသော ပညာရှိ မထေရ်မြတ်ကြီးသည်ရင်း။

မဟာကဝီ စ=နိကာယ်ငါးရပ် ပါဠိ, အဋ္ဌကထာ, ဋီကာလာ စကားဝါကျ အဖြာဖြာတို့ကို လက်ဗွဲစပ် စာပေချပို့ ရေးသားတော် မူတတ်သည့် ပညာရှိကြီးသည်ဌင်း။ ဘူရိပညော စ=မဟာပထဝီမမြကြီး အထူသဖွယ် ကြီးကျယ်သော ပညာရှိပုဂ္ဂိုလ်သည်ဌင်း။ မေဓာဝီ စ=အနက်အနက် အခက်အခက်ကို ဖျက်ခဲ့ဖြို့ခွင်း ဖောက်ထွင်း သိမြင်နိုင်သော အသိပညာ ရှိတော်မူသည်ဌင်း။ ဝိဘာဝီ စ=လက်ပေါ်မှာတင် ပတ္တမြားသွင်သို့ ထင်ရှား ပြတတ်သော ပညာရှိ ပုဂ္ဂိုလ်မြတ်သည်ဌင်း။မဟာသုဓီ စ=တင့်တယ် လျောက်ပတ် ကောင်းမြတ်သော အနက်အဓိပ္ပါယ် သဘော သကန်ကို ကြံစည်မှတ်သား တော်မူနိုင်သော ပညာရှိ ပုဂ္ဂိုလ်မြတ်ကြီးသည်ဌင်း။ အာသီ=စင်စစ်မသွေ ဖြစ်တော်မူပါပေ၏။

ပြန်လွန်တော်မူပြီ, လောကဓမ္မတာမမြဲ

(၇၉) ဧဝံ ပညော ဂုဏ္ဍုပေတော၊ နာတီတော လောကဓမ္မတံ။
သိဿေ ဟိတ္ဝာ ပလုဇ္ဇိတ္ထ၊ ဟာ' နိစ္စာ လောကဓမ္မတာ။

ဧဝံ=ဤသို့ ဖော်ပြ ထုတ်ဆိုခဲ့သည့်အတိုင်း။ ဂုဏ္ဍုပေတော = ကျေးဇူးတော် ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော။ ပညော=မဟာဝိသုတာရာမိက ဂဏဝါစက နိကာယ ဦးစီး အရှင်ပညာ ဆရာတော်ဘုရားကြီးသည်။ လောကဓမ္မတံ=ဖြစ်လျှင်ပျက်ရ သုံးလောက၏ ဓမ္မတာလမ်းစဉ်ကို။ နာတီတော= မတော်လှန် မပုန်ကန် မလွန်ဆန် နိုင်သည်ဖြစ်ပါ၍။ သိဿေ=ရာထောင် သခ်ျာတပည့်တပန်း ရဟန်းသာမဏေများစွာတို့ကို။ ဟိတ္ဝာ=မင့်မတွယ်စွန့် ပယ်တော်မူ၍။ ပလုဇ္ဇိတ္ထ=နာမ်နှင့်ရုပ်ချုပ်ပျက် ပြန်လွန်တော်မူခဲ့လေပြီ။ လောကဓမ္မတာ =ဖြစ်လျှင်ပျက်ရ သုံးလောက၏ ဓမ္မတာလမ်းစဉ်သည်။ ဟာ အနိစ္စာ= ဟင် တကယ်ပင် အရှည်အစဲ့ မမြဲပါချေတကား။

ကြည်ညိုဖို့ သံဝေဂရဖို့, ဤကျမ်း ဖွဲ့ဆိုရေးသား

(၉၀) သုဇနာနံ ပသာဒါယ၊ သံဝေဂတ္ထာယ ဂန္ထိတော။
ဂန္ထောယံ ဂန္ထကာရေန၊ ဝိသုတဂဏဝါစိနာ။

သုဇနာနံ=တရား သက်ဝင် သူတော်စင် သူတော်ကောင်းတို့၏။ ပသာဒါယ =သဒ္ဓါရှန်းစို ကြည်ညိုနိုင်ရန် အကျိုးငှါငင်း။ သံဝေဂတ္ထာယ=သံဝေဂဉာဏ် ရင့်သန် ပွါးတိုး ပါစေခြင်းအကျိုးငှါငင်း။ ဂန္ထကာရေန=ပဓိုက်က။ သာသနာဝင်, မဟာဝိသုတာရာမနိကာယ သာသနာဝင်, မန္တလေး သာသနာဝင်,ပုဂံသာသနာဝင်, ပင်းယသာသနာဝင်, စစ်ကိုင်းသာသနာဝင်,အင်းဝသာသနာဝင် အာမရပူရ သာသနာဝင် ထို့ပြင် တဖြာ မဟာထေရစရိတ, မဟာထေရဝုတ္တန္တ

ဒီပနီ, မဟာထေရဝုတ္တန္တပ္ပဒီပိကာ အစဖြာသည့် ကျမ်းဂန်ပေါင်း များများစားစားတို့ကို ပြုစုရေးသားသော။ ဝိသုတဂဏ္ဌဝါစိနာ=ပခုက္ကူမြို့ မဟာဝိသုတာရာမ ဝိဇ္ဇာယတနတွင် ဂဏ္ဌဝါစိဘွဲ့ထူးခံသော။ မယာ=အရှင်ကေလာသခေါ်ဝေါ်ကြသား နှစ်ပါးနာမ်ရုပ် အာကျန့်ပ်သည်။ အယံ ဂန္ထော=မဟာဝိသုတာရာမိက ဂဏ္ဌဝါစက နိကာယာဓိပတိ, အဂ္ဂမဟာပဏ္ဍိတ, ပခုက္ကူမြို့ မဟာဝိသုတာရာမ ဝိဇ္ဇာယတနကြီး၏ ထုတ်ထိုးဦးကင် အရှင်ပညာ ဆရာတော်ဘုရားကြီး၏ ဘုန်းဘော် ဂုဏ်တော်အရပ်ရပ်ကို ဖွဲ့ဆိုရာ ဘုန်းတော်ဘွဲ့ ဂါထာကိုးဆယ်ပါဠိနိဿယကို။ ဂန္ထိတော=ဖွဲ့ဆိုသီကုံး ရေးသားအပ်လေပြီ။

ဘုန်းတော်ဘွဲ့ ဂါထာကိုးဆယ်ပါဠိနိဿယကျမ်း အလုံးစုံပြီး၏။

၁၃၃၈-ခု၊ တော်သလင်းလဆုတ် ၁၄-ရက်။
ညနေ ၆-နာရီ မိနစ် ၃၀-အချိန်တွင် ပြီးသည်။

အရှင်ကေလာသ ပြုစုသော် ကျမ်းစာများ

၁။ အဘိဓမ္မာဝတာရ်ရည်

၂။ တိပိဋကအတ္ထုဒ္ဒါရသူစိ

၃။ တိပိဋကသုတ္တသူစိ

၄။ အင်္ဂလိပ် ပါဠိ အဘိဓာန်

၅။ ပါဠိ အင်္ဂလိပ် အဘိဓာန်

၆။ သင်္ကတ မြန်မာ အဘိဓာန်။

၇။ ပခုက္ကူသာသနာဝင်။

၈။ မဟာဝိသုတာရာမ နိကာယ သာသနာဝင်။

၉။ မန္တလေး သာသနာဝင် (ပထမတဲ့မှ ၃သမတဲ့ထိ)။

၁၀။ ပုဂံသာသနာဝင်။

၁၁။ ပင်းယ သာသနာဝင်။

၁၂။ အင်းဝ သာသနာဝင်။

၁၃။ စစ်ကိုင်း သာသနာဝင်။

၁၄။ အမရပူရ သာသနာဝင်။

၁၅။ စွန်းလွန်း ပဋိပတ္တိ သာသနာဝင်။

၁၆။ သီဟိုဠ် သာသနာဝင်။

၁၇။ သီဟိုဠ် ရဟန္တဲာများ။

၁၈။ သီဟိုဠ် ဘုရားစုံသမိုင်း။

၁၉။ စေတီယုပွတ္တိဒီပနီ။

၂၀။ ပခုက္ကူ ဘုရားသုံးဆူသမိုင်း။

၂၁။ ပခုက္ကူဘုရားစုံ။

၂၂။ ပခုက္ကူ ရှင်ကျင့်ဝတ်။

၂၃။ ပခုက္ကူ။ စာချုနည်း။

၂၄။ ပခုက္ကူ။ ရေစက်ချကျမ်း။

၂၅။ ပခုက္ကူ။ သဒ္ဒါသုတ်နက်။

၂၆။ ပခုက္ကူ။ ဂုဏ်တော်ဖွင့်။

၂၇။ ပခုက္ကူ။ ဘုရားရှိခိုးကျမ်း။

၂၈။ ပခုက္ကူ။ စာစပ်ကျမ်း။

၂၉။ ပခုက္ကူ။ နိပါတ်နက်များ။

၃၀။ ပါဠိပါဌမဥ္ဇရီ ပါဠိဖတ်စာ။

၃၁။ ဥပုသ်သည်များ လက်စွဲ။

၃၂။ တိုက်အုပ်ဆရာတော် အရှင်နန္ဒိယ၏ ထေရပ္ပတ္တိဒီပနီနှင့် အဖိုးတန် စာပေများ။

၃၃။ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်အရှင်သုန္ဒရ ဆရာတော်ဘုရားကြီး၏ မဟာထေရစရိတ။

၃၄။ အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ၏ ထေရဝုတ္တန္တဒီပနီ။

၃၅။ ကလျာဏထေရုပဒါန်။

၃၆။ ဝါးကန် ထေရဂုဏ်ရည်။

၃၇။ အရိယ ထေရဂုဏ်ရည်။

၃၈။ မဟာဝံဇိတာရုမ ထေရုပဒါန်။

၃၉။ ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရ၏ မဟာထေရဝုတ္တန္တပ္ပဒီပိကာ။

၄၀။ အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာ ဆရာတော်ဘုရားကြီး၏ မဟာထေရလလိတ။

၄၁။ သာသနာပိုင် ဆရာတော် ဦးဥေယျအဋ္ဌပ္ပတ္တိ။

၄၂။ အရှင်သုန္ဒရဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာ ခြောက်ဆယ် ပါဠိနိဿယ။

၄၃။ အရှင်နန္ဒဝံသဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာ ရှစ်ဆယ် ပါဠိနိဿယ။

၄၄။ အရှင်ပညာဆရာတော်ဘုရားကြီး ဘုန်းတော်ဘွဲ့ ဂါထာကိုးဆယ် ပါဠိနိဿယ။

၄၅။ ရေစကြို ဆရာတော်ဘုရားကြီး အရှင်ဂန္ဆသာရ၏ ဘုန်းတော်ဘွဲ့ ဂါထာတရာ ပါဠိနိဿယ။

၄၆။ ကျန်းဦးဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာသုံးဆယ် ပါဠိနိဿယ။

၄၇။ လက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါး ဘုရားရှိခိုး ဆယ်ဂါထာ ပါဠိနိဿယ။

၄၈။ လက္ခဏာတော်ငယ် ရှစ်ဆယ် ဘုရားရှိခိုး ဂါထာ ပါဠိနိဿယ။

၄၉။ တရုဉ်ရှစ်ကွက် စက်လက္ခဏာ ဘုရားရှိခိုး ဂါထာ ပါဠိနိဿယ။

၅၀။ နမက္ကာရ ပါဠိနိဿယ။

၅၁။ ရှင်ဦးပဂုတ်ရှိခိုး ဆယ့်နှစ်ဂါထာ ပါဠိနိဿယ။

၅၂။ ဒက္ခိဏာသာခါ ဘုရားရှိခိုး ဆယ်ဂါထာ ပါဠိနိဿယ။

၅၃။ ပဋ္ဌသိခစောင်းသီချင်း ဂါထာ ပါဠိနိဿယ။

၅၄။ မြစ်ခြေမြို့ အဘယာရုမတိုက် သောဘနာလင်္ကာရသိမ် မော်ကွန်း ပါဠိနိဿယ။

၅၅။ မရဏာဿတဘာဝနာ။

၅၆။ မူလပဏ္ဏာသအဋ္ဌကထာဂဏ္ဌိ။

(ſ) ıı0o0oſ—2ζ6-ʒ-ʊ-ϛ2ȣoc—ɵ-œ-ɐ-ȣ